
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



အောင်စေပိုင် စီစဉ်ဖန်တီးသည်

# ရှုမဝ

မဂ္ဂဇင်း

၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ
အတွဲ(၉)၊ အမှတ်(၅)

ကျေးဇူးရှင်မိဘနှစ်ပါးအား ရိုသေမြတ်နိုး
လက်ဆယ်ဖြာထိပ်မှာမိုး၍
ရှိခိုးပူဇော်ကန်တော့ပါ၏။

**သက်တော်မြဲဂါထာ**

အဋ္ဌာနမေတံ ဘိက္ခဝေ အနဝကာသော၊
ယံ ပရူပက္ကမေန တထာဂတံ ဇီဝိတာ ဝေါရောပေယျ။
အနုပက္ကမေန ဘိက္ခဝေ တထာဂတာ ပရိနိဗ္ဗာယန္တိ။
ဧတေန သစ္စဝဇ္ဇေန သောတ္ထိ မေ ဟောတု သဗ္ဗဒါ။

### ဒို့တာဝန်အရေးသုံးပါး

| | | |
|---|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ... | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ... | ဒို့အရေး |
| အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေး | ... | ဒို့အရေး |

### ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်တစ်ရပ် ပေါ်ပေါက်ရေး
ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက် (၄) ရပ်

စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်ကိုယ်ကျင့်စာရိတ္တမြင့်မားရေး
အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

www.burmeseclassic.com

www.burmeseclassic.com






# မာတိကာ

## ဘာသာရေးဘုရားသမိုင်း


- မြသိန်းတန်စေတီဦးမှသည် ..... (၂) ... လက်ရုံးညီ ၇
- ပြည်မြို့က ဆံတောင်ရှင် ပုညစေတီတော် ... မောင်တင်ကြွယ်(ပြည်) ၃၆
- မင်းလှမြို့ ရွှေဘုန်းသာဘုရားနှင့်..... ... စိုးစိုး ၅၀
- သမိုင်းဝင် အောင်တော်မှုဧေယျမြသိန်းတန်..... ... ခင်ခင်ဝင်း(မောရဝတီ) ၇၈
- ကျိုက်တမော်မြို့တော်အနီးမှ..... ... မင်းမဟာ(ကျောင်းကုန်း) ၁၂၄
- ပဲခူးမြို့မှ ရွှေပေါင်းသမိုင်းဝင် မောစေတီတော်.... ... မြမဥ္ဇူဝေ(ကျုံမငေး) ၂၁၀


## ဘာသာရေးသုတ/ရသဆောင်းပါး


- ဗုဒ္ဓါတောင်မကြီး ဆူပါရုံစေတီတော် ... ဂမ္ဘီရဆရာလှမျိုး ၁၉
- ဝရွှေတ ဘုရှမ်းနိဒါန်း ... ဒီပဲယင်းမောင်နိုး ၂၅
- ရွှေပေါင်းတောင်သို့ရောက်ရှိခြင်း ... ဗေဒသုတေသီဆရာမျိုး ၅၇
- ငွေ့စားကြည့်သော ပဒေသာတစ်ပုဒ် ... ခရာကေတ ၆၅
- သစ်ဆိမ့်ကြီးရွာမှ ဘီလူးဘုန်းကြီးနှင့်..... ... မေတ္တာရှင်ရွှေပြည်သာ ၈၈
- ထူးခြားသော အခေါင်စံရာ သီတာစေတီတော် ... ဆရာကြီးဦးအောင်မြိုင် ၉၆
- သမာဓိစခန်း.....(၁) ... ဓမ္မာစရိယဦးဌေးလှိုင် ၉၈
- သဒ္ဓါကြည်လင် ဒါနစင်၍ ... အရှင်ပညာဩဘာသ ၁၁၄
- မြစ်ခြေမြို့မှ ဘုန်းတော်ကြီးသင်ပညာရေး..... ... ကျော်လင်း(မြစ်ခြေ) ၁၈၈


## မန္တန်၊ ဂါထာ၊ ကျင့်စဉ်


- အဋ္ဌရာယ်ကင်းဂါထာ ... အောင်ဘုန်းမြင့်(ကချင်မြေ)၄၂
- ရသေ့ကြီး ဦးခန္တီ၏..... ... အေးခင်ခင်လှိုင်(အညာမြေ) ၉၇
- နှလုံးလှသူတိုင်း သိစေချင် ... နိယာမဆရာအောင်ကျော်မင်း ၁၄၅
- ကျေးဇူးရှင် အုတ်ဖိုဆရာတော်ဘုရားကြီး ... ရဲလေး(ဟသ်ာတ) ၁၄၇
- လောကီဝိဇ္ဇာစခန်း အမြန်လှမ်းလိုလျှင် ... မောင်အေးနှစ်(ပညာရေး) ၁၄၉
- ပုဏ္ဏားတော်ပြောတဲ့ ဘုရားရှိခိုး ... မျိုးသက်နိုင်(ရွှေပြည်သာ) ၂၅၇


## တိုင်းရင်းဆေး


- ချောင်းဆိုးရောဂါဟူသမျှ ... ရဲရဲထွန်း(ဟသ်ာတ) ၁၄၄
- ဆီးချိုသွေးချို စိတ်ပူစရာမလိုပါ ... ဝင်းဇော်(သုံးဆယ်) ၂၂၀
- ရေစီးကမ်းပြိုအတွက် ဆေးတစ်နည်း ... သင်းနေနွယ်ဦး(ဘီးလင်း)၂၃၆
- မသိသူကျော်သွား သိသူဖော်စား ဆေးတစ်ပါး ... မိုးဟိန်းကျော်(လပွတ္တာ) ၂၇၇
- ဥသျှစ်တစ်ပင်လုံး လိုရာသုံး ... တင့်ပွင့်(ဇေယျဝတီ) ၂၇၉
- ကြက်ဆီတစ်စက် ကလေးတစ်သက် ... ဦးကိုတိုးအေး(ကြို့ပင်ကောက်)၃၀၆

www.burmeseclassic.com

30 SEP 2014

# မာတိကာ

## ဗုဒ္ဓဝင်ရသ


ဘုတ္တုမ္မေနှင့်ရူပဝတီ ... ယောဂီတိုးအောင် ၁၅
မာယာစက်ကွင်း ... မောင်မြင့်ဦး(သန်လျင်) ၂၉
ဘာဝရကုသိုလ် ... သက်နှင်းဆွေ(ပုပ္ပါး) ၆၇
ဘမာငွေးတောက်ရောယှက်နှောက်၍..... ... နေဝန်းနီ ၇၄


## အထွေထွေသုတ၊ ရသဆောင်းပါး


သတင်းပုံရိပ်များ ... မောင်ဝေအေး ၁၆၀
ဘွန်တော်လူကြီးလား..... ... ကျော်လင်းထွန်း ၁၇၀
ဆုံးဆန်းထွေလာ၍ကမ္ဘာ ... မောင်ထင်းအောင် ၁၉၂
အမည်မှည့်လျှင် သတိပြုရန်..... ... ညွှန့်ခိုင်မာ(ကျောက်ဆည်) ၂၀၀
စာအုပ်စင် ... သုတအံ့ ၂၆၇
ဘုရားကိုးဆူပူဇော်ခြင်းဓလေ့ ... ကိုအေးမြင့်(ရွှေ/သု) ၂၇၅


## ဂမ္ဘီရဆန်းကြယ်ဝတ္ထုများ


ကြိုးမိန့် ... ရန်အောင် ၄၄
ဘဲတူအကျိုးပေး ... ဝင်းမောင်ကျော် ၅၃
ဝန္ဒာရီဆရာမြနှင့်..... ... နန္ဒာမိုးကြယ် ၁၀၂
ရွှေလှေရှင်ကြီးနှင့်..... ... လှစံ(ပညာရေး) ၁၁၉
နတ်ဖွက်တဲ့စိန်တစ်ပွင့် ... တိုးထက် ၁၂၈
အပမှီခဲ့သောအရုပ်ကလေး ... ဂါဦးနွန်းကို ၁၃၇
အချစ်စမ်းမှု ထိုတစ်ခုကြောင့် ... စန်းငယ်သွေး(ပုတီးကုန်း) ၁၅၂
အကျဉ်းသားပေးတဲ့ ဆေးမြီးတို ... အငြိမ်းစားထောင်အရာရှိတစ်ဦး ၁၆၂
သတ္တိခဲမလေး ခင်သန်းကြည် ... မင်းဟိန်းထိဝ် ၁၇၄
ဇတ်ကလိတောင်ပြို ကလေးငိုတောင်..... ... မြင့်မိုရ်ဆွေ(ရာမည) ၂၀၂
ဝမ္ဘီရလောကနှင့်သိပ္ပံဆရာ ... ပန်းတနော်နောင်လတ် ၂၁၅
မိုးတစ်ည၏ ဖားအော်သံ ... ဧရာမြေထွန်းထွန်း ၂၂၂
လူကိုခုတုံးလုပ်တဲ့ တစ္ဆေ ... ဝေး(ဧရာဝတီ) ၂၂၆
သည်းထိတ်ရင်ဖိုဖွယ်ညတစ်ည ... ညီလေးငယ်(လယ်တော်) ၂၄၁
ဖျာမြို့ဟောင်း လူရိုးတစ်ချောင်းနှင့်.... ... ဝင်းကိုဇော် ၂၄၇
ချောက်ချားဖွယ်ကြောင်အိမ် ... မြသိန်း ၂၅၅
သာခုခေါ်သံ ... စိုးယဉ်ထွန်း ၂၆၉
မာယာသားကောင် ... ဇလွန်ကျော်ဦး ၂၈၃












www.burmeseclassic.com

www.burmeseclassic.com

# ပဥ္စဂုဏ် အပယ် ဝန္ဒာမိ



**အယ်ဒီတာချုပ်**
မောင်ညိုအေး (ပန်းတော)
**တာဝန်ခံအယ်ဒီတာ**
မြည်စိုး (10 D)
**မျက်နှာဖုံးနှင့် အတွင်းဒီဇိုင်း**
ဟိန်းမင်းဇော်
**ကွန်ပျူတာစာစီ**
စန်းစန်းထွေး၊ A7 Group
**ကြော်ငြာနှင့် ဖြန့်ချိရေး** - မိမိလေး၊ ယုန်လေး
**ပြင်ပဆက်သွယ်ရေး** - ယဉ်မင်းဆု
**မျက်နှာဖုံးစာလုံးဒီဇိုင်း** - ကျော်မင်းမောင်
**မျက်နှာဖုံးပန်းချီ** - မောင်မြင့်ဌေး
**အတွင်းသရုပ်ဖော်ပန်းချီ**
ဝင်းသိန်း၊ မောင်မြင့်ဌေး၊ ရန်နိုင်ဦး၊ သန့်စင်၊ ရဲရင့်နိုင်၊ အောင်နိုင်လတ်၊ ကျော်ဦး၊ စတ္တု၊ ကျော်စိုးညိန်း၊ ဆုထက်အောင်၊ ပညတ်၊
**တန်ဖိုး** - (၂၂၀၀)ကျပ်
**အုပ်ရေ** - (၅၀၀)

**ထုတ်ဝေသူ**
ဦးညီဇော်ထွန်း (၀၄၃၃၇)
**အယ်ဒီတာအဖွဲ့ ရုံးခန်းနှင့် ဖြန့်ချိရေး**
အမှတ်-၁၇၉၊ တတိယထပ်(ဝဲ)၊ (၃၁)လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၇၃၀၅၀၄၇၁။
**အတွင်းဖလင်** - ကိုမျိုးညွန့် (A7 Group)
**စာအုပ်ချုပ်** - ဦးတင်လှ
**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်**
ဒေါ်ကျင်ယုံ(ကောင်းစံပုံနှိပ်တိုက်)၊ အမှတ်(၂၇၉/ခ)၊ ၄၀-လမ်း၊ အမှတ်(၉)ရပ်ကွက်၊ ကျောက်တံတား။

| | |
|---|---|
| မန္တလေး | ထွန်းဦးစာပေ<br>နဂါးစာပေ |
| ရှမ်းတောင်၊ ကယား | မီးလျှံနှာစာပေ |
| မော်လမြိုင် | ကျော်ကျော် |
| ပြည် | သုခ၊ နေဈေး |
| နေပြည်တော် | မြတ်ရွှေတောင်စာပေ |
| နေပြည်တော်ပျဉ်းမနား | ဖြိုးဝေလွင်စာပေ |
| ဝဲခုံး | သဇင် |
| ထားဝယ် | တာလေးမောင် |









## အဆောင်၊ အစီအရင်၊ ယတြာ

- ယှဉ်ပြိုင်သူဆေး ရှန်ဒေးရှန်တာ ... နတ်မောက်မှတ်ကျောက် ၇၂
- ရန်အတိုက်နိုင်ယတြာ ... ဦးကိုကိုအေး(ကြို့ပင်ကျောက်) ၁၃၃
- အတြံပြုစာမျက်နှာ ... ခေတ္တရာဆရာကျော် ၁၃၅
- ခေါင်ဦးတိုက်၊ ကြမ်းဦးတိုက် ... အဂ္ဂမျိုး ၁၅၈
- တံပွင့် လာဘ်ပွင့်စေသော..... ... ကိုရွှေမြသန်း(သမိုင်း) ၂၇၉
- ယပ်တော်ယတြာ ... အောင်ဘုန်းမြင့်(ကချင်မြေ) ၃၀၃

## အသုံးချပညာရပ်များ

- ၂၀၁၄၊ နိုဝင်ဘာလ၊ ၁၂ ရာသီခွင်နှင့် သင့်ကံတရား ... တက္ကသိုလ်စိုးမိုးနိုင် ၁၀၉
- နာမက္ခရဆန်း ... ဂမ္ဘီရဆရာလှမျိုး ၁၅၆
- ၂၀၁၄၊ နိုဝင်ဘာလအတွက် လိုအင်ဆန္ဒပြည့်ဝ
အောင်မြင်စေမည့် (ကာ၊ကုဖွင့်)နဝင်းယတြာအစီအရင်များ... ဆရာမြတ်ထွန်းခေါင် ၁၈၃
- ဘဝပုစ္ဆာအဖြေရှာ ကဏ္ဍ ... ဆရာတက္ကသိုလ်စိုးမိုးနိုင် ၂[illegible]
- ၂၀၁၄၊ နိုဝင်ဘာလ၊ ကောင်းကင်ဂြိုဟ် ရပ်တည်မှု
၁၂ ရာသီ လက်ပိုင်ရှင်တို့၏ နက္ခတ်ကံကြမ္မာ ... ဦးဇေယျာ[illegible] ၂၅၈
- ခုနစ်ရက်သားသမီး ကံကြမ္မာဟောစာတမ်း ... သင်္ချိုင်းဆွေ(ပုပ္ပါး) ၃၀၇

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




ပုထိုးတော်ကြီးအတွင်းရှိရုပ်ပွားတော်
မင်းကွန်း

www.burmeseclassic.com

www.burmeseclassic.com

# မြသိန်းတန်စေတီဦးမှသည် မင်းကွန်းခေါင်းလောင်းနှင့် ပုထိုးတော်ကြီးဆီသို့ (၂)


လက်ရုံးညီ



မြသိန်းတန်စေတီ ပရဝဏ်မှ ထွက်ခွာလာကြသည်။ မင်းကွန်းဒေသ၏ ကြီးကျယ်မြင့်မြတ်သော ရဟန်းအာဇာနည်၊ ကမ္ဘာ့မှတ်ဉာဏ်အကောင်းဆုံး မင်းကွန်းဆရာတော်ကြီး၏ မီးမွိတ်ကုန်းမြေဆီ ဝင်ရောက်ဖူးမြော်ကြသည်။

မင်းကွန်းဒေသမှာ ကမ္ဘာကျော် ရဟန်းအာဇာနည် မင်းကွန်းဆရာတော်ကြီးသာမက၊ မျိုးချစ်စိတ်၊ သာသနာချစ်စိတ် ပြင်းထန်လွန်းသည့် အမျိုးသမီး ဒေါ်ဦးငွန်းလည်း ထွက်ပေါ်၏။ ဒေါ်ဦးငွန်း တည်ထောင်ခဲ့သော မင်းကွန်းဘိုးဘွားရိပ်သာကိုတော့ အချိန်မရ၍ သွားခွင့်မသာခဲ့ပေ။


စစ်ကိုင်းတောင်ခြေအတက်မှာ အတူပါလာသော ဘုရားဖူးတစ်ဝက်က ကျွန်တော်တို့အပြန်ကို စောင့်နေကြသည်။ ကျွန်တော်တို့လူစု ပြန်ရောက်မှ ခရီးဆက်ထွက်နိုင်မည်။ မင်းကွန်းမှအပြန် စစ်ကိုင်းတောင်ရိုးဘုရားများကို ဝင်ဖူးဖို့အချိန်က ရှိသေး၏။ အချိန်ဂုဒိုက်လေးမှာပင် မင်းကွန်းဒေသကို အလုအယက် နှံ့အောင်သွားရမည်။





www.burmeseclassic.com

www.burmeseclassic.com




မင်းကွန်းမှာ တစ်ညလောက်နေပြီး အေးအေးလူလူ နေချင်ပါသော်လည်း အများနှင့်မို့ စိတ်သွားတိုင်း ကိုယ်မပါ သလိုဖြစ်ခဲ့ရ၏။

◈◈◈

မင်းကွန်းပုထိုးတော်ကြီး ပြီးစီးခဲ့ပါက ကပ်လှူ ပူဇော်ဖို့ မင်းကွန်းခေါင်းလောင်းကြီးအား ဘိုးတော်မင်းတရားကြီး စီမံသွန်းလုပ်ခဲ့၏။ ပန်းတဉ်းဝန် နန္ဒာကျော်သူက ကြီးကြပ်ပြီး ရေးခေတ်အခေါ် သွန်းလွန်းရွာ၊ ယခုခေတ်မှာတော့ စွန်းလွန်း ရွာဟုခေါ်သည့် နေရာတွင် ၁၁၇၀ ပြည့်နှစ်၊ ကဆုန်လဆန်း ၅ရက်နေ့၌ စတင်သွန်းလုပ်တော်မူခဲ့၏။,

"မင်းဖြူ မှန်မှန်ပြော"ဆိုသည့် စကားထာအတိုင်း ခေါင်းလောင်းကြီးမှာ ကြေးပိဿာချိန်ပေါင်း (၅၅၅၅၅)ပိဿာ ရှိ၏။ ကမ္ဘာပေါ်ရှိ ခေါင်းလောင်းကြီးများတွင် တတိယအကြီး ဆုံးစာရင်းဝင် ခေါင်းလောင်းကြီးဖြစ်သလို၊ ယနေ့ထက်တိုင် မပျက်စီးသေးဘဲ မူလ ပကတိ အကောင်းတိုင်းရှိကာ၊ ထို ခေတ်၌ရှိသော အသံမြည်သည့် ခေါင်းလောင်းကြီးတစ်လုံး လည်း ဖြစ်သည်။


မင်းကွန်းခေါင်းလောင်းကြီးနှင့် ပတ်သက်ပြီး ရေးလူ များ၏ ချန်ထားခဲ့သော စကားများက စိတ်ဝင်စားစရာပင်။



www.burmeseclassic.com









www.burmeseclassic.com

www.burmeseclassic.com



**ယခင် ရှေးလူ သမိုင်းထူ၊ နောင်းလူ သမိုင်းစောင့်ရမည်၊**

**မင်းကွန်းခေါင်းလောင်း၊ နှစ်ထောင်သောင်း၊ ကြာညောင်းရှည်ရစေလိမ့်မည်။**

**ခေါင်းလောင်းကို ထိုး၊ ဆုပန်မျိုး၊ အကျိုးရှိရာဆောင်ရွက်မည်။**

ကျွန်တော်တို့တစ်တွေ ခေါင်းငုံ့ပြီး မင်းကွန်းခေါင်းလောင်းကြီးထဲ ဝင်ကြည့်ကြသည်။ ငယ်ငယ်တုန်းကတော့ သူများတွေ ဝင်တာကို ဓာတ်ပုံတွေ၊ ရုပ်ရှင်တွေမှာ ကြည့်ရင်းက ပြုတ်ကျပြီး ပိတ်လှောင်မိလေမလားဟု စိုးရိမ်ခဲ့ဖူးတာကို ပြေးပြီး သတိရမိပြန်သည်။

ခေါင်းလောင်းကြီးကို ထိုးကြည့်သည်။ ထွက်ပေါ်လာသော ခေါင်းလောင်းသံက ကျွန်တော့်နှလုံးသားကို လှုပ်ခတ်သွားစေရုံမက၊ ကြည်နူးသော ပီတိများက အလျဉ်မပြတ်ဖြစ်ပေါ်စေ၏။

ကျွန်တော်တို့ ပြည်တွင်းခရီးသွားများသာမက၊ နိုင်ငံခြား ခရီးသွားများက ခေါင်းလောင်းကြီးနှင့်အတူ အမှတ်တရဓာတ်ပုံတွေ ရိုက်ကြသည်။


ခေါင်းလောင်းကြီးသည် ကျွန်တော်တို့ တိုင်းပြည်၊ ကျွန်တော်တို့ လူမျိုးများ၏ အမျိုးသားရေးပြယုဂ်၊ ရှေးဟောင်းအမွေအနှစ် အနုပညာလက်ရာပင်။ ခေါင်းလောင်းကြီး၏ အတွင်းအပြင် မျက်နှာစာများတွင် ရောက်ခဲ့သူများက အမှတ်တရအဖြစ် ထင်သလို ရေးခြစ်သော စာသားတွေကမြင်လို့ မကောင်း။ ခေါင်းလောင်းကြီးပေါ်တွင် ဒီလို စာရေးခွင့်မျိုး ပေးထားတာကို မနှစ်မြို့ချင်။ ဆိုင်ရာက ကြပ်ကြပ်မတ်မတ် ပိတ်ပင်တားမြစ်သင့်သည် ထင်၏။

ခေါင်းလောင်းအဝမှာ ၁၆ပေ၊ ၉လက်မ၊ လုံးပတ်အဝန်းမှာ ၅၁ပေ ၃လက်မ၊ စောက်မှာ ၂၀ပေ ၃လက်မရှိပြီး အမြင့်မှာ ၂၇ပေ ၈လက်မ ရှိကာ၊ ၁ပေ ၇လက်မထုသည်။

◈◈◈

ရင်သပ်ရှုမောဖွယ်ကောင်းလောက်အောင် ကောင်းကင်သို့ ပျံလွှင့်တက်တော့မယောင် ထုထည်ကြီးမားလွန်းသည့် ပုထိုးတော်ကြီးမှာ အနားသို့ ရောက်လာလေ စိတ်အာရုံကိုဖမ်းစားထားနိုင်လေပါပဲ။

ကျွန်တော်အပါအဝင် ဘုရားဖူးများက ပုထိုးတော်ကြီးအား အနီးအဝေး ထောင့်ပေါင်းစုံကနေ ဓာတ်ပုံတွေ တဖျတ်ဖျတ်ရိုက်ကြ၏။



www.burmeseclassic.com

ကျွန်တော့်လက်တွေ လက်အံ့သလောက်အောင် အချက်ပေါင်းများစွာ ကျွန်တော်ရိုက်ဖြစ်သည်။

ကျွန်တော့်ကင်မရာ ဘက်ထရီပင် အားကုန်သွားခဲ့၏။

မင်းကွန်းပုထိုးတော်ကြီး၏ မူလ ဒါယကာ ဘိုးတော်မင်းတရားက ၁၁၅၂ ခုနှစ်၊ တပို့တွဲလဆန်း ၅ရက်၊ ကြာသပတေးနေ့မှာ စတင် အုတ်မြစ်ချခဲ့သည်။ မူလ ပထမ ပေ ၅၀၀ အထိ အမြင့်ရှိအောင် ရည်ရွယ်ခဲ့ပေမယ့် ဆက်မဆောက်ဖြစ်ဟု သမိုင်းမှတ်တမ်းအရ သိရသည်။ ပုထိုးတော်ကြီးကို တည်ဆဲမှာပင် "ဘုရားကြီးလည်း ပြီး၊ ပြည်ကြီးလည်း ပျက်၊ မင်းကွန်းဘုရားကြီး အပြီးသတ်၊ မုဆိုး သုညကပ်" ဆိုသည့် တဘောင် ပေါ်ထွက်လာ၏။ မုဆိုးမင်းဆက်လို့ ခေါ်တဲ့ ကုန်းဘောင်မင်းဆက်တွေ အဆက်ပြတ်မယ့် နိမိတ်တဘောင်ကြောင့် ပြီးပြတ်အောင် မဆောက်နိုင်ခဲ့လို့ အခု ကျွန်တော်တို့မျက်မြင် ၁၆၂ပေအမြင့်မှာသာ ရပ်တန့်ခဲ့ရခြင်းဖြစ်၏။

BURMESE CLASSIC





လျှောင်လှုပ်ခတ်တဲ့ ဒဏ်တွေ၊ နှစ်ပေါင်း ရာချီပြီး တည်တံ့ခဲ့တဲ့အလျောက် အမျိုးမျိုးသော ဒဏ်ရာဒဏ်ချက်တွေ ထိပါးလို့ ပုထိုးတော်ကြီးမှာ အက်ကြောင်းတွေ အပြိုင်းပြိုင်း။ ဒီမြင်ကွင်းကိုက မျက်မြင် သဘာဝ ပန်းချီကားကြီး တစ်ချပ်လို ရင်သပ်ရှုမောစရာကောင်းလွန်းနေ၏။

အရင်တုန်းကတော့ အပေါ်အထိ အုတ်လှေကားထစ်များအတိုင်း တက်လို့ရပေမယ့် ကျွန်တော်တို့ ရောက်သွားချိန်မှာတော့ မည်သူ့ကိုမျှ တက်ခွင့်မပေးတော့ပေ။ လူများစွာ ဥဒဟိုတက်ဖို့လည်း မသင့်တော့ပေ။ စာတွေထဲမှာ ဖတ်ခဲ့ရဖူးသလို ပုထိုးတော်ကြီးပေါ် တက်ကာ ဧရာဝတီ၏ အလှတရားများကို မြင်ခွင့်မရခဲ့ပေ။


ပုထိုးတော်ကြီးအတွင်းမှာ ရှိသော ရုပ်ပွားတော်မြတ်အား ကျွန်တော်တို့ ဝင်ဖူးကြသည်။ ပန်း၊ ဆီမီး ကပ်လှူပူဇော်ကာ ဆုတွေ တောင်းကြသည်။ ပုထိုးတော်ကြီး၏ ကြီးကျယ်ခမ်းနားမှုက ကျွန်တော်တို့ကိုသာမက၊ နိုင်ငံရပ်ခြားခရီးသွားဧည့်သည်များကိုပါ ဖမ်းစားနိုင်၏။ မြန်မာပြည်သို့ ရောက်ခဲ့သူတိုင်း ပုထိုးတော်ကြီးဆီသို့ အရောက်လာတတ်ကြ၏။ ရှေးဟောင်းလက်ရာ အမွေအနှစ်များ စုဝေးတည်ရှိနေသော မင်းကွန်းဒေသကြောင့် မြန်မာမှာ ကမ္ဘာကျော်၏။

ပုထိုးတော်ကြီးမှ ပြန်ဆင်းလာတော့ နောက်ခံ တစ်နေရာကိုသာ သွားဖို့ ကျွန်တော့ကြောင်း ဘုရား...ကား



www.burmeseclassic.com

www.burmeseclassic.com





၏ ခရီးစဉ်ကို ဦးဆောင်ရှင်းပြသူက ပြော၏။


ဒါဆို ဧရာဝတီကမ်းနဖူးမှာ အတုံးအရုံးပြိုလဲပျက်စီးနေတဲ့ ခြင်္သေ့ကြီးနှစ်ကောင်ဆီကိုပေါ့။

မူလ ရည်မှန်းထားသည့် ပေ ၅၀၀အမြင့် ပုထိုးတော်ကြီးနှင့် လိုက်ဖက်အောင် ခြင်္သေ့ကြီးနှစ်ကောင်ကို ဘိုးတော်မင်းတရားက ဆောက်လုပ်လှူဒါန်းခဲ့သည်။ ၁၁၅၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ရက်နေ့မှာ စတင်တည်ဆောက်ခဲ့ပြီး ခြင်္သေ့ကြီးများမှာ ၉၅ပေ အမြင့်ရှိကြပါသည်။

ပကတိ ခြင်္သေ့ကြီးများကို ရှေးဟောင်း ဓာတ်ပုံများ၌သာ ရှားရှားပါးပါးတွေ့ခဲ့ဖူး၏။ အခုမျက်မြင်မှာတော့ ပြိုလဲပျက်စီးနေပြီ။

မျက်မြင် တွေ့ခဲ့၊ မြင်ခဲ့ဖူးသော ဗြိတိသျှ သံအမတ်တစ်ဦး၏ မှတ်တမ်းအရ ခြင်္သေ့ကြီးတွေမှာ တပ်မည့် ကျောက်မျက်လုံးများမှာ လုံးပတ်အဝန်း ၁၃ပေရှိကြောင်း သိမှတ်ဖူးသည်။ စက်ကိရိယာမပါဘဲ ၉၅ ပေမြင့်တဲ့ ခြင်္သေ့ မျက်လုံးအပေါက်ထဲကို ဘယ်လို တပ်ဆင်မလဲဆိုတာ မြင်လိုကြောင်း တအံ့တသြ ရေးသားခဲ့၏။


စတင် တည်ဆောက်ပြီးကတည်းက ၄၅နှစ်လုံးလုံး အကောင်းပကတိရှိခဲ့သည်ဟု ဆို၏။ ဧရာဝတီမြစ်ကြီးကို





www.burmeseclassic.com


www.burmeseclassic.com



ခုနှစ်ကျော်မယောင် အသက်ဝင်လွန်းလှသည့် ခြသေ့်ကြီးနှစ်ကောင်မှာ သက္ကရာဇ် ၁၂၀၀ ပြည့်နှစ်တွင် လှုပ်ခတ်သွားခဲ့သော ငလျင်ဒဏ်ကြောင့် စတင်ပျက်စီးခဲ့ရ၏။

နှစ်များစွာ၏ တိုက်စား ပျက်စီးမှု၊ ထိန်းသိမ်းစောင့်ရှောက်မှု နည်းပါးခြင်းများကြောင့် ကျွန်တော်တို့ အစိတ်အပိုင်းအချို့ကိုသာ ဖရိုဖရဲတွေ့နေရသည်။ ဒါတောင်မှ အလွန်ကြီး မားလွန်းနေသေး၏။

ကျွန်တော်တို့အလွန် နောက်မျိုးဆက်များ မြင်ခွင့်ရရန် ထိန်းသိမ်းစောင့်ရှောက်ထားသင့်သည် ထင်၏။ ဒီအတိုင်းသာ ပစ်ထားပါက တဖြည်းဖြည်းပျောက်ကွယ်သွားဖို့ရာသာ ရှိတော့၏။



ခြသေ့်ကြီးနှစ်ကောင်အတွက် စိုးရိမ်မကင်းစိတ်ကို ရောဝတီ၏ အလှတရားက အာရုံပြောင်းသွားစေပြန်သည်။ နိုင်ငံခြားသား ခရီးသွားများမှာလည်း ရောဝတီအလှကို ခံစားရန် မြစ်ဆိပ်သို့ ဆင်းနေကြသည်။ မော်တော်စက်လှေများစီးပြီး မင်းကွန်းမြစ်ရိုးတစ်လျှောက်ကို သူတို့ ဓာတ်ပုံရိုက်ကြတော့မည်။

ကျွန်တော့်စိတ်အာရုံမှာလည်း မင်းကွန်းမြစ်ရိုးတစ်လျှောက်ကို စက်လှေစီးပြီး ခံစားချင်၏။ ကျွန်တော့်စိတ်အလိုမှာ ခဏချင်း ပျောက်ကွယ်သွားရသည်။

ကျွန်တော်တို့တစ်ဖွဲ့လုံး ကားပေါ် ရောက်နေကြပြီ။ ကျွန်တော်တစ်ဦးတည်းသာ မြစ်ဆိပ်တွင် ကျန်နေ၏။ ကားပြန်ထွက်တော့မည်မို့ ကျွန်တော့်အား အပြေးအလွှားသော







www.burmeseclassic.com

www.burmeseclassic.com







ခေါ်ကြသည်။

ရောဝတီကို ကျွန်တော် နှုတ်ဆက်သည်။ ခြင်္သေ့ကြီး နှစ်ကောင်အား ကျွန်တော် နှုတ်ဆက်သည်။

မြသိန်းတန်ကို ရော့ယမ်းကာ ဦးချသည်။ ပုထိုးတော်ကြီးကို [illegible]မြင်ကြည့်ရင်း ဦးချ ကန်တော့သည်။ [illegible]ငင်းကွန်းမှ ကျွန်တော် မပြန်ချင်သေး။ သို့သော် မကြာမီမှာပင် ဥမင်သုံးဆယ်သို့ ကားဆိုက်ရောက်ခဲ့ပါပြီကော ■

* * *

လက်ရုံးညီ



www.burmeseclassic.com

www.burmeseclassic.com

ရုပ်နာမ်ဓမ္မသင်္ခါရတွေနဲ့ ဖွဲ့စည်းထားတဲ့ ခန္ဓာဟူသည် အကြောင်းကြောင့် အကျိုးဖြစ်ကြလျက်၊ ဖြစ်ပြီး ပျက်၍ နေကြရပါသည်။

အလွန်ရခဲသော လူ့ဘဝကို ရှေးဘဝကုသိုလ်သင်္ခါရဖြင့် ရခဲ့ကြပါ၏။ လူ့ဘဝဟူသည် ကုသိုလ်နှင့် အကုသိုလ် တရားနှစ်ပါးမှ ကံတို့ဖြစ်ကြရပြီး စေတနာပါမှ ကံမြောက်ရပါသည်။

ယောဂီတိုးအောင်

# ကုက္ကုငွနှင့် ရုပဝတီ



www.burmeseclassic.com

အဝိဇ္ဇာနဲ့ တဏှာ၊ မူလနှစ်ဖြာ ခိုင်မြဲသွားခြင်းကို သံသရာစက် လည်သည်ဟု ခေါ်ပါ၏။ သံသရာ စက်ရဟတ်ကို သုတမယဉာဏ်၊ စိန္တာမယဉာဏ်၊ ဘာဝနာပယဉာဏ်ဖြင့် ကျော်ဖြတ်ကြမှသာ လူ့ဘဝ အရတော်ပါသည်။

◈◈◈

ကုက္ကုဋမိတ္တနှင့် ရူပဝတီတို့ မိသားစုသည် ရှေးကုသိုလ်သခါရကြောင့် လူ့ဘဝ ရခဲ့ကြပါ၏။ သူတို့မိသားစု ၁၆ ယောက်သည် ကဿပဘုရားဖြစ်၍ ဓာတ်တော်ကို ရွှေစေတီ၊ တည်ထားကိုးကွယ်ကြစဉ် ဦးစီးဦးဆောင်ပြု၍ တည်ထားကိုးကွယ်ကြသလို၊ စေတီကျွန်အဖြစ် ခံယူလျက် ဝေယျာဝစ္စများကို အသက်ထက်ဆုံး ဆောင်ရွက်ခဲ့ကြပါသည်။ ထိုကုသိုလ်၏ အကျိုးတရားအဖြစ် ထိုဘဝမှ စုတေပြီး ဘုရားနှစ်ဆူကြားတွင် နတ်ပြည်၌ နတ်စည်းစိမ်များ ခံစားခဲ့ကြရပါ၏။

ဂေါတမဗုဒ္ဓ ပွင့်တော်မူစဉ် ရူပဝတီသည် ရာဇဂြိုဟ်ပြည်မှ သူဌေးတစ်ဦး၏ ရှုမငြီးသော သမီးချောလေးဖြစ်ခဲ့သလို၊ ငယ်ရွယ်စဉ်မှာပင် သောတာပတ္တိဖိုလ်သို့ ရောက်ရှိခဲ့ပါသည်။

ကုက္ကုဋမိတ္တသည် ကံဆရာ၏ တစ်ပြောင်းပြန်ပြန်ကျင်လည်ချက်အရ ရာဇဂြိုဟ်နှင့် မနီးမဝေး တောအရပ်၌ တောလိုက် မုဆိုးဖြစ်ခဲ့ရပါသည်။

◈◈◈

မြတ်စွာဘုရားရှင် ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ်က ဖြစ်၏။

ရာဇဂြိုဟ်၏ သူဌေးသမီးလေး ရူပဝတီသည် သောတာပန်ဖြစ်သလို၊ မေတ္တာနည်းနေသူဖြစ်၏။ လုပယဉ်ကျေးကာ ရှုချင်စဖွယ်ဖြစ်၍ လူတိုင်းက ချစ်ခင်ကြပါသည်။

အသက် ၁၆နှစ်အရွယ်တွင် မိန်းမတို့၏ သဘာဝအရ အချစ်ကို စူးစမ်းလိုသော အရွယ်ဖြစ်သလို၊ ယောကျ်ားများကို အရူးအမူးစွဲမက်တတ်သော အရွယ်လည်း ဖြစ်၏။

မိဘတို့က သမီး၏ အချစ်စိတ်ကို ကာကွယ်တားဆီးနိုင်ရန် ဘုံခုနစ်ဆင့်၌ ထားလျက်၊ ယောကျ်ားများနှင့် မတွေ့နိုင်အောင် စီစဉ်ခဲ့ပါ၏။ အလုပ်အကျွေးအဖြစ် ကျွန်မတစ်ဦးကိုသာ ထားခဲ့ပါသည်။

ကုက္ကုဋမိတ္တကို ရာဇဂြိုဟ်ပြည်နှင့် အလှမ်းအဝေးဝေးသော တောရွာမှာ မွေးခဲ့ပါသည်။ အနေအထိုင်ကြမ်းတမ်းသဖြင့် လူကလည်း ကြမ်းတမ်း၏။ သန်မာထွားကြိုင်းပြီး ယောကျ်ားပီသသူလည်း ဖြစ်၏။ ငယ်စဉ်ကပင် မုဆိုးအတတ်တတ်မြောက်ခဲ့၍ သမင်၊ ဒရယ၊ ချေငယ်၊ စိုင်၊ ဆတ်စတဲ့ တောကောင်တို့၏ အသက်ကို သတ်၍ အသက်မွေးသူဖြစ်၏။

တစ်နေ့ ကုက္ကုဋမိတ္တသည် သားသမင်ဟင်းအမဲသားများကို လှည်းအပြည့်တင်လျက် ဈေးအမီရောင်းချရန် ရာဇဂြိုဟ်မြို့ထဲသို့ ဝင်ရောက်ခဲ့ပါသည်။

ညနေခင်းအချိန် လှည်းဦးမှ ထိုင်လျက် အပေါ်အင်္ကျီမပါ၊ အချိုးအဆစ်ကျကျ ယောကျ်ားပီသလှတဲ့ ကိုမုဆိုးကို လေသာပြတင်းမှ ရူပဝတီ အထင်းသား မြင်လိုက်ရတယ်ဆိုရင်ပဲ ရင်ထဲက တဆတ်ဆတ်ခုန်၊ ထိုင်ရမှန်း ထရမှန်း မသိ။ နေမထိ ထိုင်မသာ။ ရှေး၌ ဖြစ်သော ချစ်ခြင်းသည် လွှမ်းမိုးဖိစီးခဲ့ပါပြီ။

အချစ်စိတ်က တားမနိုင် ဆီးမရ။ ကာမပါဒါန်အစွဲရသွားပြီဖြစ်တဲ့ ရူပဝတီ။ မုဆိုးရဲ့ ရုပ်ကို အစွဲကြီး စွဲခဲ့ပါ၏။ ကာမတဏှာ၏ အလိုကျ ၁၅၀၀ ကိလေသာနဲ့ တဏှာအစစ်(၁၀၈)ကြောင့် အချစ်စိတ်များ ယိုဖိတ်လျက် တဏှာ၏ အနိုင်းခံဘဝ ရောက်ခဲ့ရပါသည်။

ဆုံးဖြတ်ချက်ခိုင်ခိုင်ချခဲ့ပါပြီ။ ကိုမုဆိုးကိုမှ မရရင် ငါသေရပေလိမ့်မည်။ ဒါကြောင့် ကိုမုဆိုးနဲ့ အတူလိုက်ပြီး ငါ့အလိုကျ ခိုးယူပေါင်းပါတော့အံ့။

◈◈◈

သူ့ကို ပြုစုလုပ်ကျွေးနေတဲ့ အစေခံမလေးအား ရင်းရင်းနှီးနှီးတိုင်ပင်၏။

"အစ်မရယ်··· သမီးတိုင်ပင်စရာရှိလို့ပါ"

"အမိန့်ရှိပါ သခင်မလေး။ ဘာလုပ်ပေးရမလဲ"

"ဒီလိုပါ အစ်မရယ်။ ကျွန်မလေ ကိုမုဆိုးကို မြင်ပြီးကတည်းက ရင်ထဲမှာ တလှပ်လှပ်နဲ့ အချစ်ရူးမလေး ဖြစ်ခဲ့ရပါပြီ။ ကံဝင့်ကြွေးထင်ပါ့ အစ်မရယ်။ သူ့ကိုမှ မပေါင်းရရင် ညီမ အသက်ရှင်ဖို့ မမြင်တော့ပါဘူး"

"သဘောပေါက်ပါတယ် သခင်မ။ အစ်မလုပ်နိုင်တာ ပြောပါ"

"ညီမရဲ့ ဟောဒီ ချစ်သဝဏ်လွှာကို ကိုမုဆိုးထံ ကိုယ်တိုင်သွားပို့ပေးပါ။ သူပြန်မယ့် အချိန်ကိုလည်း စုံစမ်းပေးပါ။ အဖေတို့၊ အမေတို့ လုံးဝ မရိပ်မိဖို့လည်း လိုပါတယ် အစ်မယ်ရယ်···နော်···နော်"

အချစ်စိတ် ထိပ်တက်လျက် ကိုမုဆိုးကို လင်လုပ်လို့ ဘဝဇာတ်မြှုပ်ဖို့အရေး စားမဝင် အိပ်မပျော်၊ တောင်တွေးမြောက်တွေးဖြင့် အထုပ်အပိုးပြင်ကာ စောင့်စားနေတဲ့ အချိန်



www.burmeseclassic.com

www.burmeseclassic.com

ဘာလည်း မကုန်နိုင်။

◈◈◈

ရူပဝတီဟာ နံနက်စောစော အိပ်ရာမှထ၊ သူ့ကို ဘယ်သူမှ မမှတ်မိစေရန် အစေခံတို့ ဝတ်တဲ့ အဝတ်အစားများဖြင့် ပြင်ဆင်ခဲ့၏။ ရေအိုးကို ခေါင်းမှာ ရွက်၊ ပုဆိုးကို ဆောင်းလျက် ကုဋ္ဌုမှုမှုဆိုးအလာကို စောင့်ကာ လုည်းနောက်မှ တကောက်ကောက်လိုက်ခဲ့ပါသည်။

မကြာပါဘူး၊ အထုပ်ကို လှည်းပေါ် တင်ပြီး လူပါ ကိုမှုဆိုးရဲ့ လှည်းပေါ် တက်ထိုင်လိုက်ပါသည်။

"အလို . . . နုနယ်လှပတဲ့ မိန်းကလေးပဲ"

"ချစ်နှမ . . . အသင်ဟာ သူဌေးသမီးဖြစ်သလို၊ ပြေပြစ်နုနယ်ငယ်ရွယ်ပြီး အဆင်းလှသူလေးပါ။ ငါ့လို ကြမ်းတမ်းပြီး သဘာဝချင်း မတူသူနှင့် မလိုက်ထိုက်ပါ။ နှမလေးရဲ့ မိဘများကိုလည်း ကျွန်ုပ် မသိ။ ငါ့နောက်လိုက်ပြီး ငါနဲ့ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခြင်းဖြင့် သင့်မှာ ဆင်းရဲဒုက္ခမှအပ ဘာတစ်ခုမျှ မရနိုင်။ ဘာအကျိုးမျှ မရှိ၊ နေရစ်ခဲ့ပါ နှမငယ်"

"မောင်ကြီးရယ်၊ အခုကိစ္စက နှမလေးကို မောင်ကြီးရဲ့ ဆန္ဒနဲ့ ဖွတ်အတင်းခေါ်ခဲ့တာလည်း မဟုတ်။ ခိုးယူပေါင်းသင်းတာလည်း မဟုတ်။ မောင်ကြီး နားလည်မလားမသိပေမယ့် ချစ်တယ်ဆိုတာ ပိုက်ဆံရှိတာ၊ ရုပ်ချောတာ၊ ရုပ်ဆိုးတာတွေနှင့် မဆိုင်ဘူးထင်ပါတယ်။ ဖူးစာဖက်ဆိုတာကိုတော့ ကျွန်မ လက်ခံလိုက်ပါပြီ ရှင်ရယ်။ ရေစက်ကြောင့် ရှင်နဲ့ ကျွန်မတို့ရဲ့ မပျက်နိုင်တဲ့ မေတ္တာလို့ ယုံလိုက်ပါ အရှင့်သား။ အရှင့်သား . . . ကျက်သရေမင်္ဂလာမည်သည် မိမိထံ ရောက်လာသည်ရှိသော် တားမြစ်ခြင်းငှာ မထိုက်"

တကယ်တော့ ကုဋ္ဌုကလည်း ပုထုဇဉ် လူသားပဲလေ။ ရူပဝတီကို မြင်စဉ်ကတည်းက ဝါဂွမ်းဆီထိ ပီတိဝမ်းလိုက်ဆိုသလို အကြိုက်တွေ့ပြီးသား။ အခုတော့ နှစ်ဦးသားစိတ်တူကိုယ်တူ ကြည်ဖြူကြလျက် တူနှစ်ဖြာ ရွှေလက်တွဲကာ ဘဝခရီးစ,နိုင်ဖို့ ရာဇဂြိုဟ်ကို နှုတ်ဆက်ခဲ့ကြပါပြီ။

◈◈◈

ရူပဝတီသည် မုဆိုးကို ဦးဆောင်၍ မုဆိုး၏ အိမ်သို့ ရောက်ခဲ့ပါ၏။ သူမဘဝအစ၏ အရာအားလုံးသည် သူဌေးသမီးဘဝနှင့်တော့ လုံးဝ ကွဲပြားခဲ့ပါ၏။ မုဆိုးကို ချစ်ခဲ့တဲ့ အချစ်၏ စွမ်းအားကြောင့် တုနှစ်ကိုယ် တဲအိုပျက်မှာ နေရဆိုသလို အရာရာအဆင်ပြေနေပါ၏။

မုဆိုး၏ အိမ်သူသက်ထား ဇနီးမယားအဖြစ် နေထိုင်



ရတာကိုလည်း ပျော်ရွှင်ကျေနပ် နှစ်သက်နေပါ၏။ လင်မုဆိုးစေနိုင်းတဲ့အတိုင်း တောလိုက် ထွက်နိုင်ဖို့အတွက် လေး၊ မြား၊ လက်နက်၊ ပိုက်ကွန် စသည်များကို အဆင်သင့်ထုပ်သိမ်းခြင်းနှင့် ရလာတဲ့ ဟင်းလျာများကိုလည်း ရောင်းချပေးရခြင်းများကို စေတနာမပါပေမယ့် လုပ်ရိုးလုပ်စဉ်အဖြစ် လုပ်နေရပါသည်။

တဈာစေရာ ဖွေရှာကြရင်း ပေမအရာ၊ ထိုတဈာမှ တဈာတွဲရင်၊ ထိုအချစ်ဖြင့် သား (၇)ယောက်မွေးခဲ့၍ ချွေးမ (၇)ယောက် ရခဲ့ကြပါ၏။ မိသားစု ၁၆ယောက်တို့ မုဆိုးအလုပ်ဖြင့် ခက်ထန်ကြမ်းတမ်းသည့်ဘဝကို ပျော်ရွှင်စွာ လျှောက်လှမ်းခဲ့ကြပါသည်။

◈◈◈

တစ်နေ့ မြတ်စွာဘုရားရှင်၏ ဉာဏ်တော်ကွန်ရက်၌ ကုဋ္ဌုမိတ္တတို့ မိသားစု (၁၅ယောက်)တို့၏ သောတာပတ္တိမဂ်ရကြောင်း ဥပနိဿယကို မြင်တော်မူပါ၏။ နံနက်စောစော ပင် သပိတ်၊ သင်္ကန်းလွယ်လျက် ကျော့ကွင်းထောင်ရာ အရပ်သို့ ရောက်ရှိခဲ့ပါ၏။ ကျော့ကွင်းများမှ သမင်များကို ပြန်လွှတ်ပြီး ခြေတော်ရာ ရွှေစက်ကို ပြထားခဲ့ကာ၊ ရွှေများမှ ချုံတစ်ခုအောက်တွင် သီတင်းသုံးနေခဲ့ပါသည်။

မုဆိုးကြီးသည် ကျော့ကွင်းများ၌ သမင်တစ်ကောင်မျှ မမိဘဲ မြတ်ဗုဒ္ဓ၏ ခြေရာတော် ရွှေစက်ကို မြင်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com

ဘုရားကို ပြင်ပြီး ဤသူသည် ငါ၏ သမင်များကို လှွတ်ပစ်လေခြင်းဟု ဒေါသထွက်ကာ လေးဖြင့် ပစ်သတ်ရန် ကြံစည်ပါသည်။

ဘုရားသမ္မာသည် ဂလားကို တင်နိုင်ပြီး ပစ်၍မရနိုင်အောင် တန်ခိုးဖြင့် ဖန်တီးထား၍ မုဆိုးကြီးသည် ပင်ပန်းကြီးစွာ ဒုက္ခခံစားလျက်နေစေပါသည်။

မုဆိုးကြီး၏ သားခုနစ်ယောက်ကလည်း ဖခင်ကို လိုက်ရှာကြရင်း ဖခင်၏ နံရိုးကျိုးပဲ့ ကွဲအက်မတတ် ဒုက္ခများကို မြင်တွေ့လျှင်၊ မြတ်ဗုဒ္ဓအား ရန်သူအမှတ်နှင့် လေးတင်ကြရာ ဖခင်ကြီးကဲ့သို့ တည်နေခဲ့ကြပါသည်။

ရူပဝတီကလည်း ချွေးမ ခုနစ်ယောက်ကို ခေါ်၍ အချင်းဖြစ်ရာသို့ ရောက်ရှိခဲ့ကြပါ၏။ မုဆိုးများက မြတ်စွာဘုရားအား လေးနဲ့ ပစ်ကြတော့မှာပဲဟုလည်း ထင်မြင်ပြီး အလွန့်အလွန်ထိတ်လန့် စိုးရိမ်ခဲ့ရ၏။ အသံကုန်အော်ဟစ်ခဲ့၏။

"ငါ့ဖခင်ဘုရားကို မသတ်ကြနှင့်၊ မှားမယ်၊ မှားကုန်ကြမယ်"

"အလို...ဖခင်ဆိုပါလား"

"ဒါဆို ငါ့ရဲ့ ယောက္ခမကြီးပဲ"

"ဖိုးသုံ တို့များရဲ့ အဘိုးပဲ"

မုဆိုးတို့သည် သူတို့၏ ချွတ်ချော်ပျက်စီး မှားယွင်းကြီး မှားယွင်းမှုများကို သိရှိကြကာ၊ စိတ်များ နူးညံ့ကြလျက် သံဝေဂများ ရရှိခဲ့ကြပါ၏။ လေးစားချစ်ခင် မြတ်နိုးတဲ့ စိတ်လည်း ဖြစ်ခဲ့ကြရပါသည်။

"ဟဲ့...ဟဲ့...ဘာလုပ်နေကြတာလဲ။ သင်တို့ရဲ့ လေးတွေကို ချက်ချင်းစွန့်ပစ်ကြ။ ငါ့ဖခင်ဘုရားကို ချက်ချင်း ရှိခိုးကန်တော့ကြ"

အသိတရားနဲ့ နူးညံ့တဲ့စိတ်များ ဖြစ်ပေါ်လာကြလျက် မိသားစု ၁၅ယောက်တို့သည် မြတ်စွာဘုရားအား ရိုသေမြတ်နိုး လက်စုံမိုးကြပါသည်။

"တပည့်တော်တို့အား သည်းခံတော်မူပါ ဘုရား"

ဟု လျှောက်ထားခဲ့ကြပါသည်။

မြတ်စွာဘုရားရှင်က စိတ်ဟူသည် မကောင်းမှု၌ ပျော်တတ်လို့ ကောင်းမှုကုသိုလ်များကို ထပ်ခါထပ်ခါပြုကြလျက် ကုသိုလ်စိတ်၊ ကုသိုလ်နာမ်များထားကြရန် အစဉ်အတိုင်း ဟောချွတ်တော်မူပါသည်။

အခုတော့ ကုက္ကုဋမိတ္တနှင့် ရူပဝတီတို့ မိသားစု တဈော (၁၆)ဖြင့် ဝမ်းမြောက်ဝမ်းသာ အလိုကြီးခဲ့ရကာ၊ ရာဂအစုန်၊ တဏှာဟုန်၌ အာရုံငြိ၍၊ မှုမမှန်တဲ့ အမှုဆန်းများကြောင့် ခြောက်ခွါရ၌ ယိုစီးတတ်တဲ့ သခါရတရားများကို မဂ်ဓားထက်ထက်ဖြင့် ဖြတ်နိုင်ကြလျက် သောတာပန်များ ဖြစ်ခဲ့ကြပါ၏။

အောက်မေ့တာသ၊ ရွှင်မြူးဝမ်းမြောက်စွာ၊ ကာမဂုဏ်အာရုံများကို ရှာဖွေစုဆောင်း၍ ပဋိသန္ဓေနေခြင်းသည် အိုနာသေ အဆုံးသာရှိကြောင်း သဘောပေါက်ခဲ့ကြပါသည်။

◈◈◈

မြတ်စွာဘုရားက...

"ရဟန်းတို့...မုဆိုးမိသားစုတို့သည် မတုန်လှုပ်သော ကြည်ညိုခြင်း၌ တည်၍ ရတနာမြတ်သုံးပါးကို ယုံမှားခြင်းမရှိ၊ သူ့အသက်သတ်ခြင်းကိုလည်း မပြုကြတော့။ သောတာပန် ရူပဝတီသည် လင်မုဆိုး၏ အလိုဆန္ဒအတိုင်း လိုက်နာ၍ လင်က ဆိုတိုင်း ပြုပေးခြင်းသာဖြစ်၏။ မကောင်းမှုစေတနာမပါလို့ ကံမထိုက်၊ အပြစ်မရှိ။

အသက်ရှည်စွာ နေလိုသူသည် အဆိပ်ကို ရှောင်သလို၊ ပညာရှိသည် အကုသိုလ်ကို ရှောင်၏။ စေတနာမပါသမျှ ကံမထိုက်။ ကံမထိုက်၊ ကံသခါရမဖြစ်၊ သောတာပန်တို့သည် အကုသိုလ်အမှုများကို ကံထိုက်အောင် မလုပ်။

ပါဏိမှိ စေ ဝဏော နာဿ၊ ဟရေယျ ပါဏိနာ ဝိသံ၊

နာဗ္ဗဏံ ဝိသ မန္ဝေတိ၊ နတ္ထိ ပါပံ အကုဗ္ဗတော။

လက်ဝါးပြင်၌ အနာသည် အကယ်၍ မရှိငြားအံ့၊ လက်ဖြင့် အဆိပ်ကို ကိုင်ယူနိုင်ရာ၏။ အနာမရှိသော လက်ကို အဆိပ်သည် အစဉ်မလိုက်နိုင်။ စေတနာပါဘဲ ပြုလုပ်ထားသူအား မကောင်းမှုကံသည် မနိုပ်စက်နိုင်"

ဟု ဟောကြားခဲ့ပါသည်။ ■

* * *

ယောဂီတိုးအောင်

မှီငြမ်း

- ဓမ္မပဒ၊ ပါဠိပဝင်။
- ကုက္ကုဋမိတ္တ-မုဆိုးဝတ္ထု။



www.burmeseclassic.com

www.burmeseclassic.com

## ပုပ္ပားတောင်မကြီး ထူပါရုံစေတီတော် ကွမ်းမန်းဆရာတော်၏ တပည့်များ ဦးဆောင်သော

# အလှူတော်မင်္ဂလာနှင့် ထူးခြားမှုအဖြာဖြာ

ဂမ္ဘီရဆရာလှမျိုး (B.Sc)



တစ်နေ့တွင် ကျွန်ုပ် စာရေးသူထံသို့ ကွမ်းမန်းဆရာတော်ဘုရားကြီး ဖုန်းဆက်လာသည်။ မိန့်ဆိုသည်ကတော့ ပုပ္ပားတောင်မကြီးအလှူပွဲသို့ လိုက်နိုင်, မလိုက်နိုင် မေးမြန်းခြင်းဖြစ်သည်။ စာရေးသူလည်း လိုက်ဖြစ်အောင် ကြိုးစားပါမည်ဟု ပြန်လည်လျှောက်ထားလိုက်သည်။

နောက်တစ်နေ့တွင် စာရေးသူလည်း ဂမ္ဘီရမိတ်ဆွေနှစ်ဦးထံ ဖုန်းဆက်ပြီး အဖြေပေးလိုက်ပါသည်။ ကွမ်းမန်းဆရာတော်သည် မည်သည့်ကိစ္စမဆို ဆုံးဖြတ်ချက် တိကျတာကိုပဲ လို...င်သည်။

ဤသို့ဖြင့် သောကြာနေ့ (၃၀-၅-၂၀၁၄) တွင် ဗဟန်းစမ္မာယ်ရုံကျောင်း(ကွမ်းမန်းဆရာတော်)ကျောင်းတွင် လူစုပြီး ဆရာတော်အား ဦးချ ကန်တော့၍ ဗိုလ်တာရာကားနှင့် ...ထွက်ခဲ့ကြသည်။ ကားမှာ တောင်းအေ့စ်ကားပုံစံဖြစ်သည်။ နေပြည်တော် အမြန်လမ်းမှ မောင်း၍ ဘုရားစာများ ရွတ်ဆိုသွားရသည်။ မိုးရွာတော့ သတိထား မောင်းရသည်။ လမ်းဘေးဝဲယာ ဘာမှမမြင်ရ။ လမ်းမီးမရှိ။ မည်းမှောင်နေ၏။ ကားက ဘေးအကာချ၍ မရ။ မိုးမသည်း၍ တော်သေးသည်။ ကားဆရာမှာ ကားမောင်းကျွမ်းကျင်သည်။


နောက်တစ်နေ့ နံနက်စောစောတွင် ကျောက်ပန်းတောင်းသို့ ရောက်သည်။ ကျောက်ပန်းတောင်းမှ ပုပ္ပားသို့ ခရီးဆက်ကြသည်။ ပုပ္ပားရွာသို့ ဆက်သွားကြသည်။ ကွမ်းမန်းဆရာတော်ကြီး၏ တပည့် ဦးပဥ္စင်းတစ်ပါးမှ ကြိုတင်စောင့်နေသည်။ အိမ်ရှင်မှ နံနက်စာ ပြင်ဆင်ကျွေးသည်။ အပင်မှ ပိန္နဲသီးတွေ ခွဲကျွေးသည်။ အညာဒေသ ရေးအိမ်ကြီးနှင့် တူသည်။ အပေါ်ထပ်တက်ပြီး ဘုရားကန်တော့သည်။ အဘထိန်၏ ဘုရားကျောင်းဆောင်ဟု သိရသည်။ အဘထိန်




www.burmeseclassic.com

www.burmeseclassic.com

မှာ အဘအောင်မင်းခေါင်၏ တပည့်တစ်ဦး (သို့မဟုတ်) ဝိဇ္ဇာလမ်းစဉ်လိုက်သူတစ်ဦးဖြစ်သည်။ အသက် ၉၉ နှစ်တွင် ဘဝတစ်ပါးကူးပြောင်းသွားသည်။



ရန်ကုန်မှ ပါသော ဆန်နီကားဖြင့်ပင် တောင်မကြီးပေါ် တက်ရန် ဆုံးဖြတ်လိုက်ကြသည်။ ပုပ္ပားတောင်ကလပ်သို့ ရောက်ဖူးသော်လည်း တောင်မကြီးသို့ တစ်ကြိမ်မှ မရောက်ဘူးပေ။ ဤကားဖြင့် ပထမဆုံး တက်ရောက်ခြင်းဖြစ်သည်။ ကားဆင်းတွန်းလိုက်၊ တက်စီးလိုက်နှင့် ပေလေးထောင်နီးပါးရှိ ရပ်ဟယ်ယာဉ်ကွင်းနေရာသို့ ရောက်သွား





ကြသည်။ ထိုနေရာတွင် ကားရပ်ပြီး ပစ္စည်းတွေ သယ်ကြသည်။ ပုပ္ပားတောင်မကြီးမှာ ပေငါးထောင်နီးပါး(၄၉၈၁ ပေ) ရှိသည်ဟု သိရသည်။ ခြေလျင်တက်ရသည့် ပေတစ်ထောင်နီးပါးခရီးမှာ မတ်စောက်လှပေသည်။ တောင်ကလပ်ကို လှမ်းကြည့်သောအခါ တောင်ကုန်းသေးသေးပုံစံ မြင်ရပြီး တိမ်လွှာ တိမ်ညွှန့်တွေက ဝါဂွမ်းပုံကြီးကဲ့သို့ ရွေ့လျားနေသည်။ လေတဖြူးဖြူးတိုက်နေပြီး အနွေးထည်မချွတ်နိုင်ကြပေ။ နားလိုက်၊ တက်လိုက်နှင့်ပင် တောင်မကြီးပေါ် ရောက်



www.burmeseclassic.com

www.burmeseclassic.com

သွားသည်။ သာသနာ့အလံတွေ ပတ်ပတ်လည် စိုက်ထားပြီး ရွှေရောင်ဝင်းနေသော စေတီတော်ကို ဖူးတွေ့ရသည်။ ထိုတောင်မှာ "စပါးပုံတောင်"ဟု ခေါ်သည်။ ထိုတောင်မကြီးတွင် မြင့်မားသော ဆက်သွယ်ရေးတိုင်၊ ကြီးမားသော ရုပ်မြင်သံကြားစက် မိုက်ကရိုဝေ့ဖ်တိုင်ကြီးများကိုလည်း တွေ့မြင်ရသည်။ စာရေးသူတို့လည်း ဘုရားကန်တော့၊ ဆရာတော်အား ဦးချပြီး တုံးလုံးလှဲချလိုက်ကြသည်။ ခဏအနားယူပြီးသောအခါ အပြင်ဘက်သို့ နေရာရွှေ့ပေးကြရသည်။

ထူးပါရုံစေတီတောင်ဘက်မုခ် တန်ဆောင်းတွင် ကွမ်းမန်းဆရာတော်ကြီး၏ တပည့် ဦးတေဇိန္ဒ ယာယီသီတင်းသုံးသည်။ ဘုရားရှေ့တွင် ရွှေငှက်ပျောသီးပွဲကြီး ထူထားသည်။ ဦးစွာပထမ ထွက်ရပ်ပေါက် ဆရာတော်ကြီးများနှင့် ဗိဇ္ဇာမိုရ်အရှင်မြတ်တို့အား ဆွမ်းနှစ်ပွဲကပ်လှူသည်။ သံဃာတော်ကို ဆွမ်းကပ်ပြီး စာရေးသူတို့ကို ထမင်းပွဲပြင်ကျွေးသည်။ သက်သတ်လွတ် ထမင်းဟင်း စားကောင်းမည်ဟု ထင်သော်လည်း မိမိမှာ အမောမပြေသေး၍ အားရပါးရ မစားနိုင်ပေ။ ဆရာ ဦးလုစံနှင့် ကျော်ဇောဟိန်း(နံ့သာ)တို့မှာ မိမိထက် ကျန်းမာရေးအခံကောင်း၍ ပိုမိုစားနိုင်ကြသည်။ ထမင်းစားပြီးသောအခါ ဆရာ ဦးလှစံနှင့် ဆရာကျော်ဇော်ဟိန်းတို့က ဓာတ်ပုံလှည့်ရိုက်ကြသည်။ စာရေးသူကတော့ ညနေမှ ရိုက်ဖြစ်သည်။ တန်ဆောင်းအဝင်ဝတွင် ရေးသားထားသည်မှာ -

"အနန္တော အနန္တငါးပါးကို ဦးထိပ်ထားလျက် မဟိဒ္ဓိရှင်ဗုဒ္ဓိရှင်ကြီးများဖြစ်ကြသော ထွက်ရပ်ပေါက် ဆရာတော်ကြီးများ ထွက်ရပ်ပေါက် လူသူတော်ကြီးများကို အမှူးပြု၍ ကွမ်းမန်းဆရာတော်ဘုရားကြီး၏ တပည့်ရင်းဖြစ်သော သာရတော် ဦးတေဇိန္ဒ၊ တပည့် ဆရာ ဦးဇော်သန်းထိုက်(ကွမ်းမန်း)တို့မှ ဦးဆောင်၍ ခုနစ်ရက်သားသမီးများကောင်းမှုပေါင်းစု၍ ပြန်လည်ပြုပြင်လှူဒါန်းပါသည်။ နတ်လူ သာဓုခေါ်စေသော်"

ဟု ကမ္ပည်းစာတမ်းရေးထိုးထားပါသည်။

ဤထူးပါရုံ စေတီတော်မြတ်ကြီးကို ရသေ့ကြီး ဦးခန္တီမှ (၂၈-၇-၁၉၃၀) ခုနစ်တွင် ပုပ္ပားတောင်သို့ ရောက်ပြီး တည်ထားကိုးကွယ်ခဲ့သည်ဟု မှတ်တမ်းအရ သိရသည်။ ပုပ္ပားမှ ရှေးလူကြီးတစ်ဦး၏ ပြောစကားမှာ ယခင် ထုံးဖြူဖြူ စေတီတော်လေးကို အပေါ်မှ ငုံ၍တည်သည်ဟု ဆိုသည်။ ထိုစေတီအနီး လှည့်ပတ်ကြည့်ရာ မည်သည့်မှတ်တမ်းမှ မတွေ့ရပေ။ မှဲလေးမှဲ ဂြိုဟ်ရှစ်ခွင်စေတီဖြစ်ပြီး တနင်္လာ



ထောင့်အထွက်တွင် မုခ်တစ်မုခ်တွင် ရုပ်ပွားတော်တစ်ဆူကို ဖူးတွေ့ရသည်။ စေတီအနီးတွင် သံထည့်ဖြင့် ပြုလုပ်ထားသော တန်ဆောင်းတစ်ခုရှိသည်။ အနောက်ဘက်မုခ်အနီးတွင်ဖြစ်သည်။ တစ်ခါက ထိုတန်ဆောင်းကို အချို့လူများက ဖျက်ပစ်ရန် ကြိ[illegible]ပ်ခဲ့သော်လည်း ပုဂ္ဂိုလ်တစ်ဦးမှ အိပ်မက်ပေး တားမြစ်ခဲ့သဖြင့် မဖျက်ဘဲ ထားခဲ့ကြောင်း ကြားသိရသည်။ တစ်ပိုင်းတစ်စ ပျက်စီးနေသော ထိုတန်ဆောင်းနှင့် ဗုဒ္ဓဟူးထောင့်မှ တန်ဆောင်းကို ကွမ်းမန်းဆရာတော်ကြီးမှ မွမ်းမံပြုပြင်စေသည်။ တောင်ဘက်မုခ် တန်ဆောင်းမှာ အမိုးအကာလုံခြုံစွာ စီမံပြုပြင်တည်ဆောက်ထား၍ ညအိပ်တည်းခိုရတာ အဆင်ပြေပါသည်။

ပုပ္ပားတောင်မကြီးထိပ်တွင် ရာသီဥတုဆိုးဝါးပြီး လေတိုက်နှုန်းကြမ်းသည်။ စာရေးသူတို့ ရောက်ရှိချိန်တွင် နေသာလျက်ရှိသည်။ အစောပိုင်းတွင် မိုးရွာသော်လည်း အလှူပွဲနီးချိန်တွင် ကွမ်းမန်းဆရာတော်၏ ဩဝါဒအတိုင်း ပွဲအနီးဖယောင်းတိုင်မီး အဆက်မပြတ် ပူဇော်သမျှ ရာသီဥတုသာယာလျက်ရှိသည်။

ညနေဘက်တွင် ဆရာတော် ဦးတေဇိန္ဒနှင့် ဆရာဇော်သန်းထိုက်တို့မှ မန်ပြတောင်ဘက်သို့ လိုက်ပို့သည်။ နာရီဝက်ခန့် လမ်းလျှောက်သွားရသည်။ ပထမ စေတီ[illegible]



www.burmeseclassic.com

www.burmeseclassic.com



တွေ့ရသော တောင်တွင် စေတီတော်တစ်ဆူတွေ့ရသည်။ ထိုပတ်ဝန်းကျင်မှ လူများက "ဦးနုဘုရား" ဟု ပြောပြသည်။ အမေကြီးတစ်ဦးက ဦးနုဘုရား၊ ဦးကျော်ငြိမ်ဘုရား စေတီနှစ်ဆူရှိတယ်ဟု ပြောသည်။ မည်သည့်စာမှ မတွေ့ရပေ။ စေတီအနီးတွင် အုတ်ဖြင့် ပြုလုပ်ထားသော ဇရပ်တစ်လုံး တွေ့မြင်ရသည်။ တစ်ဖက်တွင် မှန်ပြကောင်ကို မြင်နေရသည်။ ထိုတောင်တွင်လည်း စေတီတစ်ဆူ၊ တံခွန်တိုင်တစ်ခု၊ ဇရပ်တစ်ခုရှိသည်။ မှတ်တွင် "မြင့်မြတ်ထူးစေတီ" ဟု ရေးထားသည်။ မှန်ပြတောင်ထိပ်တွင် ထူးထူးခြားခြား အုတ်ခုံတစ်ခုနှင့် ကြေးပြားဝိုင်းကြီးတစ်ခုတွေ့ရသည်။ "မြန်မာနိုင်ငံတော် မြေတိုင်းဌာန၊ အခြေခံ မြေတိုင်းမှတ်တိုင်" ဟု ရေးထားသည်။ ဂေါပကလူကြီး ဦးသာတင်၏ မှတ်တမ်းတွင် ၁၃၂၁ ခု၊ တပို့တွဲလဆန်း ၁ဝရက်၊ တနင်္ဂနွေနေ့ နံနက် ၄နာရီအချိန် ပုပ္ပားတောင်ကြီး မှန်ပြတောင်ထိပ်တွင် နိုင်ငံတော်အစိုးရမှ အမြင့် ၇ပေ၊ ၁၄ပေစီ ပတ်လည်ကျယ်သော ကျောက်တိုင်ကြီး စိုက်ထူခဲ့သည်ဟု ရေးထားပါသည်။ ဤနေရာကို အမြင့်ဆုံးနေရာဟု သတ်မှတ်ထားသည်။

စာရေးသူတို့ နေမဝင်ခင် ပြန်လာကြသည်။ ပြန်ရောက်ပြီး မကြာမီ ညနေစာစားကြသည်။ ဆက်သွယ်ရေးနှင့် ရုပ်မြင်သံကြားဝန်ထမ်းများက ချက်ရေးပြုတ်ရေးမှာ ပိုင်းကူကြသည်။ ဤတောင်မကြီးပေါ်တွင် ရေရှားပါးရသည်။ မိုးတွင်း၌ ရွာသော မိုးရေကို ခံသားပြီး လှောင်ထားကြရသည်။ ကွမ်းမန်းဆရာတော်ကြီး၏ တပည့်များ ဦးဆောင်၍ ...ခဲ့သော ၂နှစ်မှစ၍ ရေကန်၊ လမ်းပြုပြင်မှုများ စတင်ဆောင်ရွက်သည်။ ၂ဝ၁၂ ခုနှစ်တွင် တန်ဆောင်းများ ဆောက်ပြင်သည်။ ၂ဝ၁၃ ခုနှစ်မှာ ရေကန်ပြုလုပ်သည်။ ၂ဝ၁၄ ခုနှစ်တွင် တောင်တက်လမ်းနှင့် ရင်ပြင်တော်ခင်းခြင်းလုပ်ငန်းများ ပြုလုပ်ဆောင်ရွက်ကြသည်။

စပါးပုံတောင် ထူပါရုံစေတီတော် ရင်ပြင်တော်ခင်းခြင်း အပြင် သိမ်နေရာ၊ သိမ်နိမိတ်တိုင်တစ်ခုတွေ့ရှိ၍ ယခင်က သိမ်ဟောင်းနေရာဟု ယူဆရသော နေရာအနီးတွင် ကြေး ပိဿာချိန် ၄ပိဿာရှိသော ကြေးစည်ကြီးတစ်ခုကို တွေ့ရသည်။ အလှူရှင်မှာ ဦးကျော်ပေါ်+ဒေါ်အမာမိသားစု ရေတာရှည်လမ်းသစ်၊ ဗဟန်း၊ ရန်ကုန်မှ ဖြစ်ကြောင်း သိရသည်။ ကြေးခေါင်းလောင်းကြီးအနီးတွင် ကမ္ပည်းမော်ကွန်းကျောက်စာတိုင်တစ်ခု စိုက်ထူနေသည်။

နှစ်ဖက်မိဘများကို အမှူးပြု၍ ကွမ်းမန်းဆရာတော်ဘုရားကြီး၏ ဆုံးမဩဝါဒညွှန်ကြားမှုကို ခံယူ၍ ပုပ္ပားတောင်မကြီးရှိ "ထူပါရုံစေတီတော်မြတ်ကြီး" ရင်ပြင်တော် ကြေးခင်း ကို ဦးရဲကျော်သူ+ဒေါ်နီနီထွေး၊ သား နေမျိုးလှိုင်၊ သမီး သွယ်နုထွေး မိသားစုတို့နှင့် ခုနစ်နေ့သားသမီးများ ကောင်းမှု ဟု ရေးထိုးထားပါသည်။ ကမ္ပည်းမော်ကွန်းကျောက်စာတိုင်

www.burmeseclassic.com

…ထိုရာတွင် နေ့စဉ်းလူများ မှတ်သားနိုင်ရန် ခုနှစ်သတ္တရာင် …ကွ်စွဲ)ထည့်ကြဖို့ အလှူရှင်နှင့် ဦးဆောင်သူအားလုံးကို …တီပေးလိုက်ရပါသည်။

(၁-၆- ၂၀၁၄) တနင်္ဂနွေနေ့နံနက်တွင် ထွက်ရပ်ပေါက် …ရာတော်ကြီးနှင့် ဝိဇ္ဇာမိုရ် ပုဂ္ဂိုလ်အပေါင်းကို ဆွမ်းကပ်လှူ …ကြသည်။ အလှူရှင်နှင့် ချက်ပြုတ်ရေးအဖွဲ့ ဦးချက်ကြီးတို့ … စေတနာပါပြီး ကူညီကြသည်။ စာရေးသူတို့လည်း ဘုရား …ပြင်သွားကာ ပဌာန်းရွတ်ဆို ပုတီးစိပ်ကြသည်။ လေပြင်း …ပြီး မိုးနှင်းများကျနေ၍ ခေါင်းစွပ် မိုးကာတွေ ဝတ်ပြီး …ကြရသည်။ ဒါတောင် ထူးထူးခြားခြား ယနေ့ ရာသီဥတု …ယာပြီး လေတိုက်နှုန်း လျော့နေသည်ဟု ဆိုသည်။ …ရေးသူတို့ ပြန်လာပြီး ညနေဘက်မှစ၍ မိုးများ ရွာသွန်း …တော့သည်။)

နံနက်ပိုင်း နေထွက်လာ၍ တောင်မကြီးပတ်ဝန်းကျင် …ခင်းကို ဓာတ်ပုံရိုက်ကြသည်။ ယခင်က ပုပ္ပားတောင်မကြီး …ဆို၍ တောင်မကြီးတစ်ခုသာရှိသည် ထင်မိခဲ့သော်လည်း …ရန်တောင်ပေါင်း များစွာရှိသည်။ တောင်ကိုးတောင် အောင် …သည် ထင်ရှား…သည်။

(၁) သီလတောင် အောင်မြေ၊

(၂) လွှမ်းတောင် (နွားပြာတောင်၊ နဂါးပတ်တောင်)၊

(၃) မျှော်တော်တောင်၊

(၄) ကျောက်တင်းတိမ်၊

(၅) ရသေ့တောင်၊

(၆) သမဲကျင်း၊

(၇) ရွှေလဝင်း၊

(၈) မုန်ကင်းတောင်၊

(၉) ဝေယျာသိမ်ကုန်းတို့ ဖြစ်သည်။

စာရေးသူတို့အနေဖြင့် တောင်သုံးတောင်သာ ရောက် …ခဲ့ပါသည်။ ပုပ္ပားတောင်မကြီး တည်ရှိနေသည်မှာ နှစ်ပေါင်း …များစွာရှိနေပါပြီ။ ခန့်မှန်းခြေ နှစ်ပေါင်း (၂၄၅၇)နှစ် ရှိနေပေ …ပြီ။ ပေါက်ကွဲပြီး မီးတောင်သေကြီးဟု သတ်မှတ်ကြသည်။ …ယခုအခါ အချို့တောင်မှ ကျောက်များကို ဖြိုခွဲ၍ ဘိလပ်မြေ …ပြုလုပ်နေကြပြီး စိုးရိမ်စရာကောင်းလှပေသည်။ ခရိုနီကြီး …တစ်ဦးမှလည်း ဧကပေါင်း ၉၀၀၀ ကျော် သိမ်းထားပြီးဖြစ် …သည်။ စိမ့်စမ်း၊ ရေတံခွန်၊ ရေထွက်တွေလည်း အသုံးပြုရန် …မလွယ်ကူတော့ပေ။ တစ်ဦးတည်း အပိုင်စီးပြီး ပိုက်တွေနှင့် …သွယ်တန်းယူထားလိုက်သည်ဟု ကြားသိရသည်။ ပုပ္ပားဒေသ …ပုပ္ပားရွာမှာ ရေတာန်းစီခပ်နေတာကို တွေ့ခဲ့ရသည်။


နံနက် ၉နာရီတွင် တောင်ခြေမှ ဆရာတော်နှစ်ပါး ဆိုင်ကယ်နှစ်စီးဖြင့် ကြွလာသည်။ ရေကာန်၊ လက်မ၊ ရင်ပြင်၊ ကြေးစည်၊ မောင်း၊ ခွမ်း စသည့် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချပွဲပြုလုပ်ကြသည်။ ပြည်အောင်စံကျောင်းဆရာတော်မှ ရေစက်ချ အနုမောဒနာတရားဟောကြားသည်။ အခက်အခဲအမျိုးမျိုးကို ကျော်လွှားပြီး ခက်ခဲနက်နဲသော အလှူကို ပြုလုပ်ခဲ့ခြင်းဖြစ်၍ အလှူရှင်များအား ထိုက်ထိုက်တန်တန် အကျိုးပေးမည်ဟု ဟောဆိုပါသည်။

စမွယ်ရုံကျောင်းတိုက်၊ ကွမ်းမန်းဆရာတော်ကြီးအား ဦးထိပ်ထား၍ သံဃာတော်အရှင်မြတ်တို့အား ဆွမ်း၊ သင်္ကန်း၊ ဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများ ကပ်လှူကြသည်။ ထိုနေ့က မိတ္ထီလာကောလိပ် တောင်တက်အသင်းမှ လူငယ်များ၊ ကြက်ခြေနီ လူငယ်များ၊ တောင်တက်အဖွဲ့များလည်း တရား ဝင်နာကြသည်။ ရေစက်ချ အမျှအတန်းပေးဝေပြီးသောအခါ ဆရာ…ဘာ် ဦးတေဇိန္ဒမှ ရွှေမိုးငွေမိုး ရွာသွန်းဖြိုးပေးပါသည်။ ထို့နောက် သံဃာတော်များအား ဆွမ်းကပ်ပြီး ဧည့်ပရိသတ် များအား ကျွေးမွေးဧည့်ခံပါသည်။

ထူးခြားမှုမှာ တောင်ခြေမှ သုံး…လေးရက်စာ ယူလာသော ဆန် (၁၀)ပြည်မှာ လူအများကို ကျွေးခြင်း၊ နေ့စဉ် အရုဏ်ဆွမ်း၊ နေ့ဆွမ်းကပ်၊ လုပ်အားပေးအဖွဲ့များအား ကျွေးနေရသော်လည်း ဆန်မှာ ကုန်မသွားပေ။ စားရေသောက်ရေ အခက်အခဲမရှိ အဆင်ပြေကြသည်။ သက်သတ်လွတ် ဟင်း မျိုးစုံလည်း စားကြရသည်။ ငှက်ပျော်သီး၊ မုန့်မျိုးစုံ၊ ကော်ဖီ မစ် စသည့် ပို…တာတွေအားလုံး ဝန်ထမ်းများအတွက် ထားခဲ့ကြသည်။

တစ်နေ့နေ့ တစ်ချိန်ချိန်တွင် ဇင်းကျိုက်တောင် ဗားမဲ့ ကုန်းကဲ့သို့ စည်ကားလာမည်ဟု မျှော်လင့်မိပါသည်။

တနင်္ဂနွေနေ့ ၁၂နာရီလောက်တွင် တောင်အောက် သို့ ပြန်ဆင်းလာခဲ့ကြသည်။ ပစ္စည်းနှင့် အသက်ကြီးသူ၊ ကျန်းမာရေးမကောင်းသူနှင့် ကလေးငယ်တွေကိုတော့





www.burmeseclassic.com

www.burmeseclassic.com



ကားဖြင့် ဆင်းစေသည်။ ဦးတေဇိန္ဒမှ...

"ဆရာ...ကားခေါင်းက လိုက်သွား၊ ဦးပဥ္စင်း လမ်းလျှောက်မယ်"

ဟု မိန့်ဆိုသည်။ စာရေးသူက...

"တပည့်တော် ခြေထောက်သက်သာပါတယ် ဘုရား။ တပည့်တော် လမ်းလျှောက်ပါမယ်။ ဆရာတော်ပဲ ကားခေါင်းက ကြွပါ"

ဟု ပြန်လည်လျှောက်ထားလိုက်ရသည်။ အတက်မောသလောက် အဆင်းမှာ ခြေထောက်တွေ အားစိုက်ဆင်းရသည်။ စာရေးသူနှင့် ကိုဇော်သန်းထိုက်တို့ တောလမ်း ဖြတ်လမ်းမှ ဆင်းကြသည်။ ခြေထောက်နာနေသော စာရေးသူအား ကိုဇော်သန်းထိုက်မှ စောင့်၍ခေါ်သည်။

◈◈◈

ပုပ္ပားရွာကို ဆက်သွားကြသည်။ စာရေးသူတို့ တည်းခိုသော အဘထိန် မိသားစုမှာ ညှော်ဝတ်ကျေကြသည်။ စေတနာ သဒ္ဓါကောင်းစွာ ကျွေးမွေးကြသည်၊ အဘထွက်ပွဲတွင်လည်း သူတို့အိမ်မှာ ညှော်သည်တွေ လာတည်းကြသည်ဟု သိရသည်။

ပုပ္ပားရွာရှိ အိမ်တစ်အိမ်တွင် အဘ အောင်မင်းခေါင်ရှိစဉ်က စမကျောက်ပြင်ကြီး ရှိသည်ဟု သတင်းကြား၍ ဓာတ်ပုံသွားရိုက်ကြသည်။ ရေလောင်းလိုက်လျှင် စမပုံတွေ ပို၍ထင်ရှားလာသည်။ ပုပ္ပားတောင်ကလပ်ကို သွားရောက်၍ ကုသိုလ်ကောင်းမှုများ ပြုလုပ်ကြသည်။ ယမန်နေ့ညက ပုဂံညောင်ဦးဘုရားစုံလည်း လိုက်ပို့ပေးသည်။ ပုပ္ပားမှ ပုဂံညောင်ဦးသို့ ဖျတ္တ ပန်းဆက်လမ်းမှာ ဖြောင့်ဖြူးလျက်ရှိသည်။ ပုဂံဘုရားများအား အချိန်တိုအတွင်းမှာ စုံအောင် လိုက်ပို့ပေးကြသည်။ စာရေးသူတို့အဖွဲ့အား စရိတ်ငြိမ်းခေါ်ဆောင်လာသူ၊ ပို့ပေးသူတွေကို ကျေးဇူးတင်မိပါသည်။ အားလုံးကို မေတ္တာပို့သပါသည်။

ပုပ္ပားတောင်မကြီးမရောက်မီ ကားရပ်နားသော ရဟတ်ယာဉ်ကွင်းအနီးတွင် ပျက်စီးနေသော အဆောက်အအုံနှစ်ခုမှာ ဝန်ကြီးချုပ်ဟောင်း ဦးနု ရှိစဉ်က အဓိဋ္ဌာန်လာဝင်သောနေရာဟု သိရသည်။ ပျက်စီးနေ၍ မိသားစုဝင်များမှ ပြန်လည်ပြုပြင်ပေးထားသင့်သည်။ တောင်ကြီး၊ တောင်ကုန်းတွေမှာ ယခုလို ဘုရား၊ စေတီ၊ ကျောင်း၊ သိမ်၊ ဇရပ်၊ တန်ဆောင်းများ များများတည်ကြပါ။ ကုသိုလ်ဒါန်တွေ ပါဝင်ကြပါဟု တိုက်တွန်းလိုပါသည်။

တော်သလင်းလတွင် တောင်မကြီးပေါ်၌ အဘဘိုးမင်းခေါင်ထွက်ပွဲ (ပူဇော်ပွဲ) ကျင်းပမည်ဟု သိရှိရသည်။ အနည်းငယ် ကျန်ရှိသောနေရာကိုလည်း ရင်ပြင်တော်ကျောက်ပြားခင်းကြမည်။ ထူပါရုံစေတီတော်ကိုလည်း ရွှေသင်္ကန်းကပ်မည်။ တောင်မကြီးတက်သောလမ်းကို ပြုပြင်လိုက်လျှင် ကားတွေတက်၍ရမည်။ စည်ကားလာလျှင်တော့ ကောင်းပါသည်။ သို့သော် အပျော်အပါး အရှုပ်အထွေးများ ရောက်လာလျှင်လည်း ဝိဇ္ဇာတွေက မကြိုက်ကြပေ။ ကျိုက်ထီးရိုးစေတီကို ကားဖြင့် တက်၍ရလာသဖြင့် အဆင်ပြေနေကြသည်။ သို့သော် အဓိဋ္ဌာန်လုပ်သူထက် အပျော်လာတက်သော လူငယ်တွေက များနေကြ၏။ ပုဂံညောင်ဦးတွင်လည်း ဘုရားစေတီထက် ဟိုတယ်၊ မိုတယ်တွေ ပို၍များလာ... ဘုရားစေတီမှာက မီးမှိန်မှိန်၊ ဟိုတယ်တွေမှာတော့ လင်းလက်လျက်ရှိသည်ကို တွေ့ရသဖြင့် စိတ်မကောင်းဖြစ်မိပါသည်။ ■

* * *

ဂမ္ဘီရဆရာလှမျိုး(B.Sc)



www.burmeseclassic.com

www.burmeseclassic.com



# ပဋ္ဌာန ဗုဒ္ဓဝင်နိဒါန်း

ဒီပဲယင်း မောင်နိုး

www.burmeseclassic.com

www.burmeseclassic.com

## ပစ္စေကဗုဒ္ဓဆိုင်ရာ ပုစ္ဆာ ၉ခုမျှကို အဖြေနှင့်တကွ

လေးပါးသစ္စာ၊ ပန်းခိုင်ကြာကို၊ ဆရာမရှိ ကိုယ်တိုင်သိသူ၊ မုန့်မှုန်စွာ ပစ္စေကာဝတ္ထိထက် ပါရမီထက်သန် ဆယ်ပါးဉာဏ်၌ ပြိုင်ရန်မရှိ မှန်ထွတ်တင်၊ သဗ္ဗညု ရှင်တော်မြတ်ဘုရားအား လည်းကောင်း။

တရားဟူသမျှတွင် ဂုဏ်အင်ကြီးမား ပြိုင်စံရှားလော့ကဲ၊ ဆယ်ပါးကိလေ၊ ညစ်ပေပေကို ရစ်ခြွေပယ်ဝေတတ်၊ ငြိမ်းပျောက်စေတတ်၊ ဓမ္မတရားမြတ်အား လည်းကောင်း။

သုပ္ပဋိပန္နော စသော ကိုး၀၊ ဂုဏ်မျိုးခသည့် မြတ်လှထေရ်ကျော်၊ ရှစ်ယောက်သော၊ အရိယာ သံဃာတော်အပေါင်းအား လည်းကောင်း၊ ဂုဏ်တော်အာရုံ စိတ်မှာ ထုံ၍ ကြည်ယုံ ညွှတ်ပျောင်း၊ မြတ်ဦးခေါင်းဖြင့် ကောင်းစွာရှိကျိုး ရှိခိုးပါ၏ အရှင်ဘုရား။

### ကဿံ ပစ္စေကဗုဒ္ဓါ၊ ဝံသံ ဂန္ဓတော ဥဒ္ဒရံ။

ရှိသေမြတ်နိုး ရှိခိုးပြီးနောက်တွင် ဂန္ဓတော ဗုဒ္ဓုကွပ်ငြိ-ထိုထိုကျမ်းဂန်အရပ်ရပ်တို့မှ ဥဒ္ဒရံဥဒ္ဒရဏ္ဍော - ပြန့်ကျဲများစွာ စာမျက်နှာတို့ကို ဖွေရှာပေါင်းပြု ထုတ်ဆောင်စုလျက်၊ ပစ္စေကဗုဒ္ဓဝံသံ- လေးတန်သစ္စာ မြတ်မဟာကို၊ ကိုယ်တိုင်သာလျှင်၊ မြင်လာသိတတ်၊ ပစ္စေကဗုဒ္ဓအရှင်မြတ်တို့၏ နှစ်သက်ဖွယ်ဂုဏ်အင် ပစ္စေကဗုဒ္ဓဝင်ကို၊ ကဿံ ကရိဿာမိ-သုတဖြစ်စေရန် စိတ်အကြံဖြင့် အမှန်ဝေငှ ရေးသားဖော်ပြအပ်ပါသတည်း။

စာရေးသူအနေဖြင့် ပစ္စေကဗုဒ္ဓဝင်ကို ထုတ်ဖော်တင်ပြရာတွင် အောက်ပါ အကြောင်းခြင်းရာ ပုစ္ဆာ ၉ခုမျှကို အဖြေနှင့်တကွ နားလည်သဘောပေါက်ကြပါစေဟု တတ်စွမ်းသမျှ ရှင်းလင်းပြရန် ရည်ရွယ်ထားပါ၏။

(၁) မည်သူက ပစ္စေက ဗောဓိဆုကို ပန်ဆင်နိုင်ပြီး မည်သူသည် နိယတ ဗျာဒိတ်ပေးတော်မူသနည်း။

(၂) ပစ္စေက ဗောဓိသတ္တာ၏ ပါရမီဖြည့်ကျင့်မှုကာလသည် မည်မျှရှည်ကြာသနည်း။

(၃) ပစ္စေကဗောဓိသတ္တာ၏ ပါရမီကျင့်စဉ်နှင့် ဖြည့်ကျင့်ပုံအထူးရှိပါသလား။

(၄) ပစ္စေက ဗောဓိသတ္တာ၏ ပစ္ဆိမဘဝမျိုးနွယ် သတ်မှတ်ချက်ရှိပါသလား။

(၅) ပစ္စေက ဗုဒ္ဓဖြစ်ပေါ်လာရန် သံဝေဂဉာဏ်ရရှိမှုသည် လိုအပ်ပါသလား။

(၆) မည်သည့်ဉာဏ်ကို ရရှိသောအခါမှ ပစ္စေကဗုဒ္ဓဖြစ်လာရပါသနည်း။

(၇) ပစ္စေက ဗုဒ္ဓသည် သူသိမြင်သော သစ္စာဓမ္မကို တစ်ပါးသူအား ဟောကြားနိုင်ပါသလား။

(၈) အရှင်ဒေဝဒတ်သည် ပစ္စေက ဗောဓိသတ္တာတစ်ဦး ဖြစ်ပါသလား။

(၉) အဇာတသတ်မင်းသည် ပစ္စေက ဗောဓိသတ္တာတစ်ဦးဖြစ်၏ဟု ဆိုလျှင် မှန်ပါသလား။

ပစ္စေကဗုဒ္ဓ အရှင်မြတ်တို့၏ အကြောင်းခြင်းရာတို့ကို ဖတ်ရှုလေ့လာကြည့်သောအခါတွင် စိတ်ဝင်စားဖွယ်ရာ အများအပြားကို တွေ့မြင်နိုင်ပါသည်။ ထိုအကြောင်းခြင်းရာများစွာထဲမှ လေးစားကြည်ညိုဖွယ်များ။ နမူနာယူသင့်ယူထိုက်သည်များကိုလည်း ကြည်ညိုရယူနိုင်ပါသည်။ ပစ္စေက ဗောဓိဆုကို ပန်ဆင်နိုင်ရန် စိတ်အားထက်သန်ကြသော သူတော်ကောင်းများအတွက်လည်း အထောက်အပံ့ ကျေးဇူးပြုမှုကို ရရှိနိုင်ကြပေမည်။

### မြတ်ဗုဒ္ဓက အရှင်အာနန္ဒာ မေးလျှောက်ချက်အပေါ်

ကောသလတိုင်း၏ နေပြည်တော် သာဝတ္ထိ၌ ကာလတစ်ခုတွင် ဤကဲ့သို့ အမေးအဖြေဖြစ်ခဲ့ဖူး၏။

ဇေတဝန်ကျောင်းတော်ကြီး၌ ကိန်းအောင်းစံနေတော်မူသော မြတ်ဗုဒ္ဓရှင်တော်ဘုရားသည် ဖြေဆိုသူဖြစ်၍ အရှင်အာနန္ဒာမထေရ်ကြီးသည် မေးလျှောက်သူပါတည်း။

"မြတ်စွာဘုရား ··· ပစ္စေက ဗုဒ္ဓအရှင်မြတ်ဟူ၍ လောက၌ ထင်ရှားပေါ်ပေါက်ခဲ့ဖူးကြပါ၏ ဘုရား။ ထိုအရှင်မြတ်များသည် အဘယ်ကဲ့သို့ သဘောရှိကြပါသနည်း။ အဘယ်တရားကို ဆည်းပူးဖြည့်ကျင့်ကြပြီး ပစ္စေကဗုဒ္ဓအဖြစ်သို့ ရောက်ကြရကြပါသနည်း အရှင်ဘုရား"

မြတ်ဗုဒ္ဓသည် အရှင်အာနန္ဒာမထေရ်အား ဤသို့ မိန့်ကြားတော်မူပါ၏။

"အာနန္ဒာ··· ပစ္စေက ဗောဓိလောင်းလျာတို့သည် ရှေးရှေးကာလတွင် ပွင့်ထွန်းတော်မူခဲ့ကြသော ဗုဒ္ဓဘုရားရှင်တစ်ပါးပါးထံ၌ ပစ္စေက ဗောဓိဆုကို တင်လျှောက်ပန်ဆင်ခဲ့ကြ၏။ ဒါန သီလ အစရှိသော ပါရမီတရားများကို အားထုတ်

www.burmeseclassic.com

ပြုကျင့်ခဲ့ကြပေ၏"

"သတ်မှတ်ထားသော ကာလအတိုင်းအတာနှင့်အညီ ဒါရမီဉာဏ် ရင့်သန်လာကြ၍ မစ္ဆိမဘဝသို့ ရောက်ရှိလာကြသောအခါ သံဝေဂဉာဏ်၊ ကိုယ်ပိုင်ဉာဏ်အားဖြင့် သစ္စာလေးပါးတရားကို ထိုးထွင်းမြင်သိကာ ပစ္စေကဗုဒ္ဓအဖြစ်သို့ ရောက်ကြရပေ၏"

"အာနန္ဒာ… ပစ္စေကဗုဒ္ဓအရှင်မြတ်တို့သည် သစ္စာလေးပါးနှင့် စပ်ဆိုင်သော ဓမ္မစကားကို ဟောပြောတော်မူသော သဗ္ဗညုဘုရားရှင်တို့၏ သာသနာတော်ကာလအတွင်း ဖြစ်ပေါ်ရိုးမရှိ။ ထိုသဗ္ဗညုဘုရားရှင်တို့ မပွင့်ထွန်းသော ကာလ၊ သာသနာပခေတ်တွင်သာ ဖြစ်ပေါ်လေ့ရှိကြပေ၏"

"ပစ္စေက ဗုဒ္ဓအရှင်မြတ်တို့သည် သဗ္ဗညုဘုရားရှင်များနည်းတူ အမှန်စင်စစ် မြင့်မြတ်တော်မူခြင်း မရှိပေ။ သို့ရာတွင် တခြားသူတို့ (သဗ္ဗညုဘုရားရှင်၏ တပည့် သာဝကတို့) ထက် ရဟန်း၊ သမဏ၊ ပြဗ္ဗဇာအားလုံးထက်မူ မြင့်မြတ်ခြင်း ရှိပေ၏ အာနန္ဒာ"

သဗ္ဗညုဘုရားရှင်များနှင့် တပည့် သာဝကများ၏ အကြောင်းခြင်းရာ စသည်တို့ကား သက်ဆိုင်ရာ ဇာတ်ဒိဆု အသီးသီးကို ပန်ဆင်ချိန်မှစ၍ ပရိနိဗ္ဗာန်ဝင်စံချိန်ကိုင်အောင် ထင်ရှားကြလေသည်။ သို့ရာတွင် ပစ္စေကဗုဒ္ဓအရှင်မြတ်များနှင့် သူတို့၏ ဘဝဖြစ်စဉ်တို့သည် ဟောပြသူမရှိ၍ အရှင်အာနန္ဒာပင်လျှင် အထင်အရှားမသိခဲ့ချေ။

ပစ္စေက ဗုဒ္ဓအရှင်မြတ်တို့သည် အကြောင်းခြင်းရာများကား ထင်ရှားမရှိအောင် မြုပ်ကွယ်လွန်းလှ၏။ မြုပ်ကွယ်လွန်း၍ မထင်မရှားရှိရခြင်း၏ အကြောင်းရင်းတို့ကို ဖွေရှာကြည့်လျှင် ဤအကြောင်းလေးချက်ကို တွေ့ရှိနိုင်ပေ၏။

ပစ္စေက ဗုဒ္ဓအရှင်မြတ်တို့သည် ကာလတစ်ခုတွင် မိမိတစ်ပါးတည်းမကအောင် နှစ်ဆူမှစ၍ ငါးရာ၊ တစ်ထောင် စသည်အထိ ပြိုင်တူ (သို့မဟုတ်) ရှေ့ဆင့်နောက်ဆင့် အစုအပေါင်းအနေဖြင့် ပွင့်ထွန်းတတ်ခြင်း တစ်ချက်။

ပွင့်ထွန်းသမျှသော ပစ္စေကဗုဒ္ဓအဆူဆူတို့သည် တစ်ချောင်းတည်းသာရှိသော ကြံ့၏ ဦးချိုနည်းတူ၊ အဖော်မမှီး တစ်ပါးတည်းသာလျှင် တောတောင်လိုဏ်ဂူအသီးသီးတို့၌ နေထိုင်လျက် လူသူနီးစပ်ရာ မြို့ရွာနိဂုံးသို့ ချဉ်းကပ်ဝင်ထွက် အသွားအလာနည်းပါးခြင်း တစ်ချက်။

ပွင့်ထွန်းသမျှသော ပစ္စေက ဗုဒ္ဓအဆူဆူတို့သည် သာသနာပခေတ်ကာလအတွင်း ဖြစ်ပေါ်လာကြ၍ ကြုံကြိုက် ဆုံတွေ့မှု ရှိလာကြသော ဒါယကာတို့အား ဒါန၊ သီလဆိုင်ရာ တရားစကားတို့နှင့်တကွ လူချမ်းသာ၊ နတ်ချမ်းသာ နှစ်မျိုးမျှကို ဟောပြပေးစွမ်းနိုင်ခြင်း တစ်ချက်။

ပစ္စေက ဗုဒ္ဓအရှင်မြတ်တို့သည် လောကသုံးပါး ဥဒ္ဒါဘဝများမှ ထွက်မြောက်ကြောင်းဖြစ်သော သစ္စာလေးပါးတရားတို့ကို ကိုယ်ပိုင်ဉာဏ်အားဖြင့် မြင်သိတော်မူကြစေကာမူ ဝေနေယျသတ္တဝါ တစ်ဦးတစ်ယောက်သော်မျှ သစ္စာလေးပါး မြင်သိနားလည်စေရန်၊ နိဗ္ဗာန်ချမ်းသာရရှိစေရန် မဟောပြ မပေးစွမ်းနိုင်ခြင်း တစ်ချက်။

ဤကဲ့သို့ မြုပ်ကွယ်၍ မထင်ရှားသော အကြောင်းခြင်းရာတို့ကို အရှင်အာနန္ဒာ ကြံတွေးမိပြီးနောက် မြတ်ဗုဒ္ဓထံပါး၌ လျှောက်ထားမေးမြန်းခဲ့လေသောကြောင့် ဤရွှေ့ ဤမျှ ဤသဘောတို့ကို သိရှိခွင့်ရကြပေသည်။

အကယ်၍သာ အရှင်အာနန္ဒာ၏ မေးလျှောက်မှု မရှိခဲ့ပါသော် မြတ်ဗုဒ္ဓသည်လည်း မဟောပြခဲ့တန်ရာ။ မြတ်ဗုဒ္ဓက အရှင်အာနန္ဒာ၏ မေးလျှောက်ချက်အပေါ် မဟာကရုဏာတော်ဖြင့် ဟောပြတော်မူသောကြောင့်သာလျှင် သိခွင့်ရကြ၍ မဟောပြဘဲ နှုတ်ဆိတ်တော်မူခဲ့ပါက ဤသဘောအချက်တို့ကို မြင်သိနိုင်ကြတော့မည်မဟုတ်ပေ။

## သမ္မာသမ္ဗုဒ္ဓ ပစ္စေကဗုဒ္ဓတို့အကြား အဓိကခြားနားချက်

သဗ္ဗညုဘုရားရှင်အသီးသီးသည် ပွင့်တော်မူရာ ကာလအတွင်း ဉာဏ်ရည်တူ၊ ဂုဏ်ရည်တူ ပြိုင်ဘက် ပုဂ္ဂိုလ်ဟူ၍ လုံးဝမရှိဘဲ မိမိတစ်ဆူတည်းသာ ပွင့်ရိုး ဖြစ်ရိုး ဓမ္မတာပါတည်း။ သို့ရာတွင် ပစ္စေကဗုဒ္ဓအရှင်မြတ်များမှာ ယင်းကဲ့သို့ မဟုတ်ကြဘဲ၊ အရေအတွက်အားဖြင့် ငါးဆယ်၊ ငါးရာမက ပြိုင်တူဖြစ်ကြ၊ ပွင့်တော်မူတတ်ကြပါ၏။ ယင်းကဲ့သို့ မတူကွဲပြားချက်များစွာအနက်မှ အဓိက ခြားနားချက်တချို့ကို နှိုင်းယှဉ်လေ့လာကြည့်စေချင်ပါသည်။

**နိယတ ဗျာဒိတ်ရရှိမှု** - သမ္မာသမ္ဗုဒ္ဓအလောင်းအလျာသည် သမ္မာသမ္ဗောဓိဆုကို တောင်းဆို ပန်ဆင်ရာတွင် အကြောင်းရှစ်ပါး ပြည့်စုံခိုင်မာမှ ဗျာဒိတ်ရရှိတော်မူသည်။ ပစ္စေက ဗုဒ္ဓအလောင်းအလျာသည် ပစ္စေက ဗောဓိဆုကို တောင်းဆိုပန်ဆင်ရာတွင် ဗျာဒိတ်ရရှိရန် အကြောင်းငါးပါးလောက် ပြည့်စုံခိုင်မာမှုကိုသာ လိုအပ်ပါ၏။

**ပါရမီကာလသက်တမ်း** - သမ္မာသမ္ဗုဒ္ဓအလောင်းအလျာသည် နိယတ ဗျာဒိတ်ရရှိချိန်မှစ၍ လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း၊ ရှစ်အသင်္ချေနှင့် ကမ္ဘာတစ်သိန်း၊ ဆယ့်



www.burmeseclassic.com

www.burmeseclassic.com

ဆယ့်ခြောက်အသင်္ချေနှင့် ကမ္ဘာတစ်သိန်းဟူသော ပါရမီ *ကာလ သက်တမ်းသုံးမျိုးအနက်မှ တစ်မျိုးကို* ဆုံးခန်းတိုင်ရောက်အောင် ဖြည့်ကျင့် ဖြည့်မြောက်စေတော်မူရသည်။ ပစ္စေကဗုဒ္ဓအလောင်းအလျာသည် အနည်းဆုံး နှစ်အသင်္ချေနှင့် ကမ္ဘာတစ်သိန်းမှ အများဆုံး သုံးအသင်္ချေမပြည့်မီအထိ ရှည်ကြာသော ပါရမီကာလသက်တမ်းတိုင်အောင် ဖြည့်ကျင့်ပြည့်စုံစေတော်မူရလေ၏။

**ပါရမီဖြည့်ကျင့်ပုံ** - သမ္မာသမ္ဗုဒ္ဓအလောင်းအလျာသည် ကိုယ်ပိုင်ဥစ္စာများ စွန့်လွှတ်မှု (ရိုးရိုးပါရမီ)၊ ကိုယ်ပိုင်အင်္ဂါကြီးငယ်များ စွန့်လွှတ်မှု (ဥပပါရမီ)၊ ကိုယ့်အသက်ခန္ဓာစွန့်လွှတ်မှု (ပရမတ္ထပါရမီ) တို့ကို ဖြည့်ကျင့် ပြည့်မြောက်စေရာတွင် ကရုဏာနှင့် ပညာ၊ ကရုဏာနှင့် သဒ္ဓါ၊ ကရုဏာနှင့် ဝီရိယဟူသော အတွဲအစပ်တစ်မျိုးမျိုးကို အဓိကပြု၍ အားထုတ်ကြိုးပမ်းတော်မူသည်။ ပစ္စေက ဗုဒ္ဓအလောင်းအလျာသည် ရိုးရိုးပါရမီ၊ ဥပပါရမီ၊ ပရမတ္ထပါရမီတို့ကို သစ္စာလေးပါးထင်ရှားသိမြင်သည်အထိ ထိုက်တန်စွာ ဖြည့်ကျင့် ပြည့်မြောက်စေရာတွင် ကရုဏာ၊ ပညာ၊ သဒ္ဓါ၊ ဝီရိယ အတွဲအစပ် စသည့် တစ်မျိုးမျိုးပါရှိ အားထုတ်ရန် မလိုအပ်ချေ။

**ပတ္ထမဘဝ၏ မျိုးနွယ်** - သမ္မာသမ္ဗုဒ္ဓအလောင်းအလျာသည် ပစ္ဆိမဘဝကို ရယူရာတွင် သူကြွယ်မျိုးကို ဖယ်ရှား၍ မင်းမျိုး၊ ဗြာဟ္မဏမျိုးတို့၌ သန္ဓေယူတော်မူသည်။ ပစ္စေကဗုဒ္ဓအလောင်းအလျာသည် မင်းမျိုး၊ ဗြာဟ္မဏမျိုးနှင့် သူကြွယ်မျိုးတို့၌ ပစ္ဆိမဘဝအတွက် သန္ဓေယူတော်မူလေ့ရှိပါ၏။

**သံဝေဂဉာဏ်ရရှိမှု** - သမ္မာသမ္ဗုဒ္ဓအလျောင်းအလျာသည် တောထွက် ရဟန်းပြု၍ ဘုရားအဖြစ်သို့ ကျင့်ကြံအားထုတ်နိုင်ရန် သံဝေဂဉာဏ်ကို ကိုယ်တိုင်အလိုအလျောက်ရရှိတတ်သကဲ့သို့ နတ်ဗြဟ္မာတို့က ဖန်ဆင်းပြသော နိမိတ်ကြီးလေးပါး (သူအို၊ သူနာ၊ သူသေ၊ ရဟန်း) ထင်မြင်ပါမှလည်း ရရှိတော်မူပါသည်။ ပစ္စေက ဗုဒ္ဓအလောင်းအလျာသည်လည်း မိမိစွဲယူသောအကြောင်း (လက္ခဏာ၊ သင်္ကေတ၊ အရုပ်၊ အသံ စသည့်) တစ်ခုခုကြောင့် လည်းကောင်း၊ တစ်ပါးသူ၏ အဆုံးအမ ဩဝါဒတစ်ခုခုကြောင့် လည်းကောင်း၊ သံဝေဂဉာဏ်ကို ရရှိတော်မူပါ၏။

**ဗုဒ္ဓအဖြစ်ရရှိမှု** - သမ္မာသမ္ဗုဒ္ဓအလောင်းအလျာသည် ဝေနေယျသတ္တဝါတို့အား လွန်စွာသနားတော်မူသော ကရုဏာသမာပတ္တိဉာဏ်၊ ဉေယျဓမ္မတို့ကို အကုန်အစင် ခွဲခြမ်းမြင်သိသော သဗ္ဗညုတဉာဏ်နှင့်တကွ အဝိတ်အပင် အဆီးအတားမရှိသော အနာဝရဏဉာဏ်တော် အစရှိသည်တို့ကို ကိုယ်တော်တိုင် ထိုးထွင်းမြင်သိလာချိန်တွင် သမ္မာသမ္ဗုဒ္ဓ ကောန်စင်စစ် အမှန်ဖြစ်ရှိတော်မူသည်။ ပစ္စေက ဗုဒ္ဓအလောင်းအလျာသည် သမ္မာသမ္ဗုဒ္ဓနည်းတူ သဗ္ဗညုတဉာဏ် စသည်တို့ကို မရရှိဘဲ သစ္စာလေးပါး မြင်သိရုံမျှသာဖြစ်သော ပစ္စေကဗောဓိဉာဏ်ကို ရရှိရုံမျှနှင့်ပင် ပစ္စေကဗုဒ္ဓအဖြစ်သို့ ရောက်ရှိရပါ၏။

**သစ္စာတရားဟောပြမှု** - သမ္မာသမ္ဗုဒ္ဓဖြစ်တော်မူချိန်မှစ၍ မြတ်ဗုဒ္ဓသည် ဝေနေယျသတ္တဝါတစ်ဦးချင်း၏ ဣန္ဒြေအရင့်အနုကို သိမြင်သော ဣန္ဒြိယ ပရောပရိယတ္တိဉာဏ်တော်၊ အနာဝရဏဉာဏ်တော်၊ သဗ္ဗညုတဉာဏ်တော်တို့ကို အသုံးပြုလျက် ဒါနကထာ၊ သီလကထာ၊ သဂ္ဂကထာ စသည့် တရားအစဉ်အတိုင်း သစ္စာဓမ္မကို ဟောပြတော်မူပါသည်။ ပစ္စေက ဗုဒ္ဓဟူ၍ ဖြစ်တော်မူသော်လည်း သစ္စာအနက်ကို သိ၍ ပါဠိဓမ္မကို မသိသောကြောင့် ပရမတ်ကို ပညတ်မတင်နိုင်၊ တစ်ပါးသူတစ်ယောက်အား သစ္စာတရားသဘောကို မဟောပြနိုင်ပေ။

**သုခချမ်းသာပေးစွမ်းမှု** - သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရား၏ သစ္စာဓမ္မဆိုင်ရာ တရားအစဉ်အတိုင်း ဟောပြမှုကြောင့် လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းအနက်မှ ကုဋေကုဋာမကသော ဝေနေယျ ကျွတ်ထိုက်သောသူအားလုံးသည် သန္တိသုခဟူသော နိဗ္ဗာန်ချမ်းသာကို ဒိဋ္ဌဓမ္မခံယူ ခံစားကြရပေသည်။ ပစ္စေကဗုဒ္ဓ၏ ဒါန၊ သီလဆိုင်ရာ တရားတော်များအတိုင်း ဟောပြနိုင်ခြင်းကြောင့် လူနတ်သတ္တဝါအမျိုးမျိုးအား လူ့နတ်ချမ်းသာစည်းစိမ်တို့ကို ပေးနိုင်စွမ်းရှိလေသည်။ ကိလေသာဆယ်ပါးမှ လွတ်မြောက်သော နိဗ္ဗာန်ချမ်းသာကိုမူ မပေးစွမ်းနိုင်ပေ။ ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့က တရားဟောပြရာတွင် သစ္စာလေးပါးကို သိမြင်သူ၊ မဂ်ဖိုလ်ရရှိသူဟူ၍ တစ်ဦးတစ်ယောက်မျှ မပေါ်ပေါက်ခဲ့ဖူးခြင်းကို သတိပြုသင့်ပေ၏ ■

* * *

ဒီပဲယင်းမောင်နိုး

ကျမ်းကိုး

- သုတ္တနိပါတ်၊ ခဂ္ဂဝိသာဏသုတ်။
- ဥပရိပဏ္ဏာသ၊ ဣသိဂိလိသုတ်။
- ပစ္စေကဗုဒ္ဓဝင် (အရှင်ဣန္ဒာဘိဝံသ-ပါဠိပါရဂူ)။



www.burmeseclassic.com

www.burmeseclassic.com

# မာယာစက်ကွင်း

မောင်မြင့်ဦး (သန်လျင်)




www.burmeseclassic.com

www.burmeseclassic.com

သူ့ရဲကောင်း ခြောက်ဖော်။

တောတွင်းလမ်းခရီးကြမ်းအတွက် ပြင်ဆင်ကြရလေပြီ။

ခရီးပြင်းနှင်နိုင်ရန်အတွက် ကိုယ်ကျပ်အင်္ကျီနှင့် ကြိုးချည် ဖိနပ်ကြမ်းများ ဝတ်ဆင်ထားကြရသည်။

ကျောပေါ်တွင် ဆောင်ထားကိုယ်စီလွယ်လျက် ခုနစ်ရက်စာ ရိက္ခာထုပ်ကိုယ်စီထမ်းပြီး...

"အချင်းတို့...သတိရှိပါစေ"

"မင်းသား...စိတ်ချပါ"

ဤတောအုပ်သည် အဖြောင့်သွားသော် ၅၀ ယူဇနာရှိ၏။ တောအုပ်ကို ပတ်၍သွားသော် ယူဇနာ ၁၂၀ ရှိ၏။ တောအုပ်၏ ဟိုမှာဘက်၌ တက္ကသိုလ်ပြည် တည်ရှိလေ၏။ ထိုတက္ကသိုလ်ပြည်သို့ ခုနစ်ရက်အတွင်း အရောက်သွားရပေမည်။ တောအုပ်ကို အဖြောင့်ဖြတ်၍သွားမှသာ အချိန်မီရောက်ပေမည်။

သို့သော် ဤတောအုပ်သည်ကား အန္တရာယ်ပြွမ်းသော တောအုပ်တည်း။

ဘီလူးတို့ပိုင်သော တောအုပ်တည်း။

ဘီလူးတို့ နေသော နယ်မြေတည်း။

ဘီလူးနယ်မြေကို ဖြတ်ကျော်အံ့သောသူသည်ကား ကြီးစွာသော ရည်မှန်းချက်၊ ပြတ်သားသော ဆုံးဖြတ်ချက်၊ ရဲရင့်သော စိတ်ဓာတ်၊ ပြင်းထန်သော လုံ့လနှင့် ထက်မြက်သော ဉာဏ်စွမ်းအားရှိသူ ဖြစ်ရပေမည်။

လူစည်း၊ ဘီလူးစည်းကား ခွဲခြားသတ်မှတ်ထားလေ၏။ တောအုပ်အတွင်း၌သာ ဖမ်းစားခွင့်ရှိလေ၏။ ဘီလူးမတို့ချည်းသာဖြစ်၍ အတင်းအကျပ်ဖမ်းစားခွင့်မရှိ။ မာယာကို သုံး၍ မြူဆွယ်စည်းရုံး၍ သတိဝေဝါး အင်အားချည့်နဲ့လေမှ ဖမ်းစားပိုင်ခွင့်ရှိလေ၏။

လူ့စည်းကမ်း ခိုင်မာသော် ဖမ်းစားခွင့်မရှိ။ လူ့အလိုမပါသော် စားခွင့်မရှိ။ ထို့ကြောင့် ဝီရိယအသိနှင့် သတိပညာသည်သာ လက်နက်တည်း။ စိတ်ကို ထိန်းချုပ်သည်းခံ၍ ရှောင်ကွင်းသွားနိုင်ရပေမည်။

"အချင်းတို့...သတိရှိပါစေ"

"အရှင့်သား...ကောင်းလှပါပြီ"

တောအုပ်လမ်းအဝသို့ ရောက်ပြီဖြစ်၍ သတိပေးစကားဆို၏။

လှမ်းအံ့သော ခြေလှမ်းများသည် တန်ခိုးစက်ကွင်းတစ်ခုထဲသို့ တိုးဝင်၍ သွားတော့ပေမည်။

လျို့ဝှက်ဆန်းကြယ်သော စက်ကွင်းတစ်ခုထဲသို့။

မာယာစက်ကွင်းထဲသို့။

မာယာစက်ကွင်း...။

◈◈◈

တောလမ်းခရီးကား လျှို့မြောင်ချိုင့်ဝှမ်းဆိုးဝါးသောလမ်း၊ တောကောင်များ ကျက်စား၍ ထိတ်လန့်ကြောက်ရွံ့စဖွယ် အန္တရာယ်ပြွမ်းသောလမ်းဟု ထင်မှတ်ထားခဲ့လေ၏။

ယခု လက်တွေ့တွင်မူကား လမ်းမကြီးသည် ညီညာဖြောင့်ဖြူးစွာ ချောမွတ်ပြေပြစ် ကျယ်ဝန်း၍ လျှောက်ချင်စဖွယ်အတိဖြစ်ပေ၏။

ရှုခင်းတို့သည်လည်း သာယာလှပ ငေးကြည့်ရပေ၏။ ကျေးငှက်သာရကာတို့၏ တေးသီချင်းသံတို့ကို သာယာဆွတ်ပျံ့ဖွယ် ကြားနေရပေ၏။

ဤတောအုပ်တွင်း ရောက်လာခြင်းသည်ပင် အလွန်လျှင် ကံကောင်းစွတကားဟု ခံစားမိကြပေ၏။

ကိုးယူဇနာခန့် ရောက်လေသော်လည်း ငယ်ရွယ်သူတို့ မမောပန်းသေး။ ထူးဆန်းဖွယ် မြင်ကွင်းတစ်ခု။

နန်းတော်တမျှ ခမ်းနားကြီးကျယ်သော လမ်းဘေး ဇရပ်ကြီးတစ်ခု။

ဖြိုးဖြိုးဖြက်ဖြက် ထင်းခနဲ လင်းလက်သော အဝတ်တန်ဆာများ။

လှပတင့်တယ် ချစ်ချင်စဖွယ်သော အလှပဂေးလေးများ။

ကြွရွတင့်တယ် ချစ်တုံ့လှယ်ချင်စရာ မိန်းမချောကလေးများ။

နတ်သမီးတမျှ လှလိုက်သမှ စက်စက်ယို၊ အသည်းအသက်ထက် ပိုသော တန်ဖိုးရှင်ကလေးများ။

အဆင်းအလှ ငြင်းမရအောင် တွယ်တာတပ်မက် နှစ်သက်စဖွယ်။

"မောင်ကြီးတို့... ခရီးပန်းလာကြပါသလား။ တည်းခို အနားယူ အိပ်စက်နိုင်ပါတယ်ရှင်၊ ဟင်းဟင်း..."

အသံလွင်လွင်၊ တမူချွဲ့ ကိုယ်ဟန်မှာ မူနွဲ့ကာ ဖိတ်ခေါ်လေသော အခိုက် အဆင်း၌ တပ်မက်လွန်းသော သူ့ရဲကောင်း တိုက်ပွဲကျလေပြီ။

"ခြေနာပြီ၊ ဇရပ်မှာ အတန်ငယ်နားပြီးမှ လိုက်လာပါမည်"

"အချင်း...သတိရှိပါစေ၊ မနားပါနှင့်"

"အရှင်...ဖြစ်လိုရာ ဖြစ်စေ။ မတောင့်တအံ့သောတာ မတတ်နိုင်"

"သင့်အလိုအတိုင်းသာ ဖြစ်စေ"

ဟု ဆိုကာ ခရီးဆက်ကြလေ၏။

မိန်းမမာယာ ဘာညာအတတ် ညို့ဓာတ်ဆွဲအားပြင်းပြင်းနှင့် တန်ခိုးအားချင်း ဝှပေါင်း၍ ညို့မျက်ဝန်းကလေးများဖြင့် ကာမ ပိုက်ကွန်အတွင်း ဌတ်အတင်းဆွဲသွင်းလေသော်...။

မိန်းမလှကလေးများနှင့်အတူ ကာမဂုဏ်၌ မွေ့လျော်ကြ၍ပြီးသော် သတိဝေဝါး အင်အားချိနဲ့ မိန်းမော အောင် မြူ၍ အသွေးအသား အကြော

www.burmeseclassic.com

အခြင်မျိုးစုံတို့ကို စားသောက်ကြတာ အရိုးပုံကျသည်အထိတိုင်ပင် ဖြစ်လေ၏။

မာယာစက်ကွင်း၌ အသက်ကာင်းသွားရပေတော့၏။

◈◈◈

မင်းသားသည် ကျွန် သူငယ်ချင်းလေးယောက်နှင့် ခရီးဆက်လေ၏။

နောက်ထပ် ကိုးယူဇနာပင် ခရီးပေါက်ခဲ့ပြီ။

ထိုနေရာအရောက် လမ်းဘေးရပ်ကြီးတစ်ဆောင်ကို တွေ့ရပြန်လေ၏။ နန်းတော်တမျှ ခန့်ညားထည်ဝါလှပေ၏။

လှပသော အမျိုးသမီးငယ်လေးတို့ဖြင့်သာ ဖွဲ့စည်းထားသော သံစုံတီးဝိုင်းကား မြိုင်ဆိုင်လှပေ၏။ နတ်သီချင်းသံအလား လွန်စွာ နားဝင်ချိုလှပေ၏။

"အသံချိုမြ×××နားအရသာ×××ကြားမဝပါ×××"

သံစဉ်ချိုမြ အနုအရွတို့ဖြင့် အဓိပ္ပာယ်စာသားအလှတို့ဖြင့် "ချစ်မဝနိုင်" သီချင်းကို သီဆိုတီးမှုတ်နေကြသည်ကို မြင်ရ ကြားရလေ၏။

"မောင်ကြီးရှင့် မောင်မောင်လေးရှင့် . . . ခရီးပန်းလာကြပါသလား။ သီချင်းနားထောင်ရင်း အပန်းဖြေ နားခိုအိပ်စက်နိုင်ပါတယ်ရှင်"

ဟု ဖိတ်ခေါ်သံကလေးဖြင့် ကလူချွဲ့ မူနွဲ့လေသောအခါ (ခေါင်းကိုက်သည် အကြောင်းပြရင်း) အသံ၌ လွန်စွာတပ်မက် စွဲချက်နေသော သူ့ရဲကောင်းတစ်ယောက် တိုက်ပွဲကျပြန်လေတော့၏။

အဆိုရှင်တော်ကလေးနှင့် ကာမဂုဏ်မွေ့လျော် ပျော်ပါးပြီးသော် အရိုးစုတိုင် စားသောက်ပြိုင်ကြရာ မာယာစက်ကွင်း အသက်ကာင်းရလေတော့၏။

◈◈◈

နောက်ထပ် ကိုးယူဇနာ ခရီးပေါက်ခဲ့ပြန်လေ၏။

တတိယရက် ညနေစောင်းအချိန်ဖြစ်ပေ၏။

မင်းသားစိတ်အတွင်း၌ အထပ်ထပ်ရွတ်ဆိုနေသည်ကား . . .

"မာယာစက်ကွင်း×××ပညာအလင်း ××× မာယာစက်ကွင်း ××× ပညာအလင်း ×××"

ဤခရီးခဲကို ဖြတ်ကျော်၍ တက္ကသိုလ်ပြည်သို့ ခုနစ်ရက်အတွင်း ရောက်လေမှသာ မင်းအဖြစ်ကို ရပေမည်။ ဤမာယာစက်ကွင်းတောအုပ်မှ ကျော်ဖြတ်နိုင်ရေးအတွက် သတိ ဝီရိယ ပညာအလင်းတို့သည်သာ လက်နက်ကောင်းဖြစ်ပေ၏။ သတိထားလေမှ။

"အချင်းတို့ . . . သတိရှိပါစေ"

"အရှင့်သား . . . ကောင်းလှပါပြီ"

မွှေးထုံကြိုင်သင်း၍ အားပါးတရ နမ်းရှိုက်ချင်စဖွယ် ရနံ့သည် အဝေးကပင် ဦးစွာ ဆီးကြိုလာပေ၏။

နံ့သာဈေး။

နံ့သာကြုတ်တို့အား နံ့သာဖြင့် ပြည့်စေ၍ နံ့သာဈေးခင်းနေကြလေ၏။

လှပ ညွတ်ပျောင်း နံ့သာရောင်းသူကလေး၏ ကိုယ်သင်းနံ့သည်လည်း ရောထွေး လွင့်ပျံ့လေမည်သာ။

ရနံ့မွှေးကြိုင် မပြေးနိုင်ဖွယ် ငြိတွယ်ဆဲနွ ထိန်းမရလေပြီ။

"မောင်ကြီးရှင့် . . . ပင်ပန်းလာပါသလား။ နမတော်တို့ နံ့သာဈေးမှာ နံ့သာအမျိုးမျိုးတို့ကို အားပါးတရ နမ်းရှိုက်ရင်း အပန်းဖြေနားနေ အိပ်စက်နိုင်ပါတယ် မောင်ကြီးရှင့်"

"ရှင့်"ဆိုသည် မိမိကိုပင် တည့်တည့်ဆိုလိုသည်ဟု ဖွတ်အတင်း တွေးထင်ကာ အနံ့ရသည၌ လွန်စွာတပ်မက်တတ်သော အပြုံးပိုင်ရှင်၏ ပီတိကား နလုံးတိုင် ခွေရစ်လေ၍ (မိုက်အောင့်သည်ဟု ရမယ်ရှာကာ) မရုန်းနိုင်နေရစ်ခဲ့ချေတကား။

မင်းသားသည်လည်း သင့်အလိုအတိုင်းဖြစ်စေဟု ဆို၍ ခရီးဆက်လေ၏။

သူ့ရဲကောင်းအချင်း မာယာစက်ကွင်း၌ အသက်ကာင်းရပြန်ချေ၏။

◈◈◈

စတုတ္ထရက်။

နောက်ထပ် ကိုးယူဇနာခရီး ပေါက်ခဲ့လေပြီ။

ညနေစောင်း ကျနေစောင်းခဲ့ပြီ။

မင်းသားသည် ပရိတ်ချည်၊ ပရိတ်သဲ၊ ပရိပ်ကြိုးထည့်ထားသော အိတ်ရှုံ့ကလေးအား လည်၌ ဆွဲထားလေ၏။ အရေးကြုံက အသုံးချရန်ဖြစ်လေ၏။ အရှင်ပစ္စေကဗုဒ္ဓါတို့ စွန့်ကြဲအပ်သော လက်ဆောင်တည်း။

မင်းသားသည် အရှင်ပစ္စေကဗုဒ္ဓါတို့အား လှူဒါန်းဆည်းကပ် လုပ်ကျွေးခြင်း၌ မြတ်နိုးစိတ်ရှိ၏။ မင်းသားကြီးတို့အလယ်၌ မိမိ၏ အသက်ငယ်သောအဖြစ်ကို သိရှိ၍ မိမိရှေ့ရေးကို မေးလျှောက်မိလေ၏။

"အရှင်တို့ . . . တပည့်တော်သည် မင်းအဖြစ်ကို ရနိုင်မည်လော"

"မင်းသားငယ် . . . ဤပြည်၌ကား မရနိုင်ပြီ။ ဤပြည်မှ အဖြောင့် ယူဇနာ ၅၀ ကွာဝေးသော တက္ကသိုလ်ပြည်သို့ ခုနစ်ရက်အတွင်းရောက်အောင် သွားနိုင်က မင်းအဖြစ်ကို ရလဲ့တွံ့"

"အရှင်ဘုရားတို့ . . . တပည့်တော် သွားနိုင်ပါအံ့"

"ထိုပြည်သို့သွားသော် အရှင်း ယူဇနာ ၅၀ ကျယ်သော ဘီလူးတို့



www.burmeseclassic.com

www.burmeseclassic.com



ပိုင်သော ဘောအုပ်တစ်ခုကို ဖြတ်သန်းရပေမည်။ ထိုဘီလူးမတို့က မိန်းမတို့ မာယာအတတ်ဖြင့် မြူဆွယ်စည်းရုံး၍ သတိဝေဝါး အင်အားချိနဲ့ မိန်းမောစေပြီး အသွေးအသားတို့ကို စားတတ်လေတကား"

ထိုအရပ်နယ် ကျော်ဖြတ်ဖွယ် အရေး မပြတ်တွေး ကြံစည်ခဲ့လေ၏။

အတူလိုက်လိုသော သူငယ်ချင်း အမတ်တို့၏ သားငါးယောက်နှင့်အတူ ထွက်လာခဲ့ခြင်းဖြစ်လေ၏။

အမြင်အာရုံ၌ ပေါ်လာသော မြင်ကွင်းတစ်ခု။

နန်းတော်သဖွယ် ထည်ဝါအမှတ်ရှိသော ဇရပ်ကြီးတစ်ခု။

ရသစုံ စားသောက်ဖွယ်တို့ဖြင့် တည်ခင်းကျွေးမွေးရာအရပ်။

စားပွဲခင်းအလယ်၌ အမြည်းဟင်း ဖွယ်ဖွယ်ရာရာ။

နှစ်သက်ဖွယ် အရောင်အဆင်း၊ အနံ့တို့နှင့် ပြည့်စုံသော ထမင်းဟင်းလျာ ဘောဇဉ်များ။

အရသာဆိမ့်၊ လျှာကြော်စိမ့်မျှ ချိုဆိမ့်စားမဝ၊ အားမရနိုင်၊ ကောင်းချင်းပြိုင်နေသော နတ်ဩဇာပမာ။ စား၍ အလွန်ကောင်းမည်ကို စိတ်က အလိုလိုသိကာ သွားရည်ယိုမိတကား။

ရေနွေးဘေး တစ်ဖက်တစ်ချက်မှ ယပ်ခတ်ပေးနေသူ၊ ပျူငှာစွာ အားပေးလေသူ၊ လောကွတ်ချော်တတ်သော ရှုမငြီးသည့် နတ်သမီးကလေးကလည်း ကြီးစွာသော အကြော[illegible]အရင်းတစ်ရပ် ဖြစ်လေမည်။

ရသ[illegible]ရုံ၌ လွန်စွာတပ်စွန်း စွဲငြိ လွန်းသော သူ့ရဲကောင်းကား ဝမ်းဟာဘိ ဟု ပရိယာဆင်သား စကားကောက်ဖြင့် နောက်ချန်ခဲ့ပြန်တကား။

မာယာစက်ကွင်း အသက်ကင်းရ ပြန်ချေ၏။

◈◈◈

ပဥ္စမရက်. . .

ကိုးယူဇနာခရီးပေါက်ခဲ့ပြန်လေပြီ။

မင်းသားတို့ ခရီးစဉ်ရှေ့တွင် ကြို[illegible]ာင်၍ ရွာ၊ ဇရပ်၊ ဖန်ဆင်း၍ စောင့်ဆိုင်းနေကြပြန်သည်။ ဤအကြောင်း အခြင်းအရာကိုလည်း သိနေကြသည်ပင်။

သို့ပါသော်လည်း ရသတဏှာ၏ ဆွဲငင်အားကို မတွန်းလှန်နိုင်ကြ။ ကိုယ့်အကြိုက်နှင့် မတွေ့သေးသော် ဆင်ခြင်ထိန်းချုပ်မှုစွမ်းအား ရှိသယောင်ထင်ရလေ၏။ ဘီလူးမတို့ ဖန်ဆင်းသော ကာမဂုဏ်အလိုက်သည် ကိုယ့်အကြိုက်နှင့် ဆုံတွေ့နိုက်၌ကား ကြွက်တွေ့သော ကြောင်ကဲ့သို့၊ ဖားတွေ့သော မြွေကဲ့သို့ ဣန္ဒြေပျက်ပြားကာ စိုက်စိုက်ငိုက်ငိုက် ပါသွားရလေတော့၏။

မင်းသားငယ်သည်လည်း လူသားပင်ဖြစ်၍ ကာမဂုဏ်တရားနှင့် မကင်းနိုင်သေး။ တပ်မက်လိုလား ခံစားချင်ပါ၏။ သို့သော် ဤမိန်းမများသည် လူသားမဟုတ်။ ဘီလူးမများသာတည်း။ ဖမ်းစားလို၍ လှည့်ဖြားခြင်းသာ ဖြစ်ပေ၏။ အသက်ကို ပေး၍ သေဆေးစားရသကဲ့သို့ မြင်၏။

တစ်ရှိန်ထိုး လှုပ်ရှားလာသော ကာမ စိတ်ဆင်ရိုင်းကို သတိပညာ လွန်းတုပ်၍ ချွန်းအုပ်ရလေ၏။ မလျော်စွတကားဟု နှလုံးသွင်းရလေ၏။ တိုင်းပြည်အုပ်ချုပ် မင်းလုပ်ရမည့်သူသည် မိမိ၏ မလျော်သော အတွင်းစိတ်ကို ထိန်းချုပ်နိုင်ရပေမည်တကား။

ကာမဂုဏ်တစ်ခု၌ လွန်ကဲစွာ တပ်မက်ခြင်း ဆိုးကျိုးကား ကြီးမားလှပေစွ။

တစ်ဖက်ကလည်း လှမက နတ်တမျှ လှယဉ်ကျေးမယ်တို့ ညို့ငင်အားအစွမ်းသည်လည်း အံ့မခန်း။ တန်ခိုးအစွမ်းဖြင့် ဖန်ဆင်းထားလေသောကြောင့် အဆန်းတကာ့ အဆန်းဆုံး တွေ့ပင်တည်း။

ရွှေကြယ်လေးများ စီရရီဖြင့် ဆန်းကြယ်စွာ ဇိတာန်ကြက်ထားသည့် ဆေးရောင်စုံ အဆင်ဆန်းတို့ဖြင့် ပြီးသော ပုဆိုးတင်းတိမ်တို့ဖြင့် ကာရံထားသည့် မြတ်သော နတ်အိမ်ရာကို မြင်သော် သူ့ရဲကောင်းခြေလှမ်း တန့်လေပြီတည်း။

"အချင်း. . .သတိရှိပါစေ"

ထိုစကားကို မကြားနိုင်လောက်အောင်ပင် စိတ်တို့က ရှေ့မြင်ကွင်းဝယ် စူးစိုက်ငေးကြည့်နေမိချေ၏။

ရှိုက်ဖိုကြီးငယ်အသွယ်သွယ်တို့ဖြင့် တင့်တယ်ပြည့်စုံသော အလှမယ်ကလေးများ၊ နွယ်ကဲ့သို့ နွဲ့လှုပ်ယမ်းပြ

www.burmeseclassic.com

နေကြလေ၏။ ဆင်နှာမောင်းသဖွယ် ခေါင်တံ ရှည်သွယ်သွယ်ကလေးများ။ အရုပ်အမောင်းကောင်းကောင်း နတ်မိ ယ် နတ်သမီးကလေးများ။

"အရှင့်သား… ချုပ်တည်းခြင်းဖုာ တတ်နိုင်ပြီ"

ဟု အထိအတွေ့၌ လွန်ကဲစွာ ဘပ်စွန်းလေ့ရှိသော သူ့ရဲကောင်းကား ဗိုလ်ချင်သေး၏ဟူသော အကြောင်းဖန် ၌ နောက်ချန်နေရစ်ခဲ့လေပြီတည်း။

မာယာစက်ကွင်း၌ အသက်ကင်း ပြန်ချေပြီ။

◈◈◈

ဆင္ဒမရက်…

နောက်ဆုံး တစ်ယောက်တည်း ရှိဆက်နေသည်က မင်းသား။

ဘီလူးမတစ်ယောက်သည် ငြင်းစားမိလေသည်ကား။

"ဤမင်းသားသည် ကာမဂုဏ် ၌ ချုပ်တည်းနိုင်စွမ်း၏။ ရသေ့ ဟန်းလည်း မဟုတ်။ ထူးဆန်း၍ ကား။ အချိန်မသင့်သေး၍ ဖြစ်လေ ည်။ ဒီလိုနှင့် လွတ်စတမ်းလား။ ငါ၏ တန်ခိုးမာယာကို အစွန်းကုန် သုံး၍ အသွေးအသားကို စားပြီးမှ ပြန်မည်"

မင်းသားသည်လည်း ဘီလူးမ တစ်ယောက် လိုက်လာသည်ကို သိ၏။

ယခု ၄၅ ယူဇနာခရီးကို ကျော် ခဲ့ပေပြီ။ နောက်ထပ် ၅ ယူဇနာခရီး သာ ကျန်ပေတော့၏။ ညနေမစောင်းမီ ဤတောအုပ်မှ လွတ်မြောက်ရန် အရေး ကြီးပေ၏။ ခြေလှမ်းအရှိန်ကို မြှင့်၍ သုတ်သုတ်လျှောက်နေမိ၏။

မင်းသားက ရှေ့မှ မြန်မြန် လျှောက်၊ ဘီလူးမက နောက်မှ ထက် ကြပ်မကွာ လိုက်၏။

မွန်းလွဲစ အချိန်ရောက်သော တောအုပ်မှ လွတ်မြောက်လေပြီတည်း။

မင်းသားသည် နှစ်သက် ရွှင်လန်း စွာ တောအုပ်အား နောက်ပြန်လှည့် ကြည့်လေသော် မိမိအား အနီးကပ် ပြုံးရယ်ကြည့်နေသော နတ်သမီး တစ်ပါးကို ဘွားခနဲတွေ့လိုက်ရလေ၏။

အလှကွန်ယက်တွင် ငြိသည့် အခိုက် ငေးစိုက်ကြည့်နေမိလေ၏။

"မောင်ကြီး"

"နှမ"

သူမ၏ မျက်လုံးသို့ အကြည့် ရောက်သော် နီသော မျက်လုံးကို တွေ့ သော်…

"အား…ဘီလူးမ…ဘီလူးမ"

တုန်လှုပ်ချောက်ချားခြင်း စိတ်မှာ ဖြစ်မိသော်လည်း ချုပ်ထိန်းကာ ဣန္ဒြေ မပျက် ခရီးဆက်ခဲ့လေ၏။

မင်းသားက ရှေ့မှ လျှောက်၊ ဘီလူးမက နောက်မှ တကောက် ကောက်။

တောအုပ်သို့ အမှုလုပ်ရန် သွား သောသူတို့နှင့် လမ်းဆုံ ဆုံသော်…

"အဘယ်သို့ တော်စပ်လေ သနည်း"

"ကျွန်မငယ်လင် အချစ်ဦး အသက်ဗူးကလေးပါရှင်"

"အချင်း… ဤသူတို့သမီးငယ် သည် လှပသိမ်မွေ့၏။ ပန်းဆိုင်းနှင့် တူ၏။ ရွှေအဆင်းနှင့် မယှမင်းတည်း။ မိဘတို့ရင်ကို စုံကန်ခွဲခွာ စွန့်လွှတ်၍ ချစ်လွန်းသူ ပိုင်ရှင်နောက် တကောက် ကောက်လိုက်လာရှာသူကလေးကို မပင်ပန်းပါစေလင့်။ အဘယ်အကြောင်း ကြောင့် ဆောင်ယူမသွားလေသနည်း ကံထူးရှင်ကလေးရယ်"

ဘီလူးမအား မကြည့်မူ၍…

"အချင်းတို့… ဤမိန်းမကား ငါ့မယားမဟုတ်။ လူသားမဟုတ်။ ဘီလူးမတည်း။ ငါ့လူ ငါးယောက်ကို စားပြီးဖြစ်သော ဘီလူးမတည်း"

"အမောင်တို့ရှင်…လင်တို့မည် သည်ကား အမျက်ထွက်သော ကာလ ၌ မိမိချစ်လှစွာသော မယားကိုပင် ဘီလူးမဟု ဆိုတတ်ကုန်၏။ ပြိတ္တာမ ဟူ၍လည်း ဆိုတတ်ကြကုန်သည် တကား"

"ဟုတ်ပ…ဟုတ်ပ"

အရည်မရ အဖတ်မရ ထောက်ခံ မဲပေးကြလေ၏။

ဘီလူးမ၏ အကြံကား အသိ ဉာဏ်အား ထက်လှသော မင်းသား အပေါ်၌ အခဲမကြေ အထူးကောက်စူး ရောက်နေချိန်ဖြစ်၍ အခြားလူတို့ကို ဂရုမထား၊ စိတ်မဝင်စား။

တစ်ဖန် ကိုယ်ဝန်ဆောင်အသွင်၊ တစ်ကြိမ်သားဖွားဖူးသော မိခင်အသွင် ဖန်ဆင်း၍ သားကို ရင်ခွင်ပိုက်ကာ မင်းသားနောက်မှ လိုက်မြဲ။

လမ်းသွားလမ်းလာများက စိတ် ဝင်တစား မေးပဲ မေးတတ်နိုင်လွန်းကြ လေ၏။

အတွဲညီ တစ်လွဲစီဖြစ်နေသည့် အဖြစ်ကို စိတ်ဝင်စားကြလေ၏။

ဘီလူးမကား မာယာတစ်သိန်း အပလိန်းအနန္တတို့ဖြင့် မတော်ရသေး သောလင်ကို မပစ်ယယ်၊ ချစ်စဖွယ်သော စကားတို့ဖြင့် ဆိုလေ၏။

ဘီလူးမတည်းဟူသော အဖြေ ဖြင့် ဖြေကာ မကြည့်မိစေရန်၊ ဘီလူးမ တည်းဟု အသိမှတ်၊ မိမိကိုယ်ကိုသာ သတိကပ် အာရုံပြု၍သွားလေ၏။

တက္ကသိုလ်ပြည် မြို့တံခါးသို့ နေဝင်ပြီးမှ ရောက်လေ၏။

မြို့တံခါးကား ပိတ်လေပြီ။

မင်းသားသည် ဇရပ်တစ်ဆောင် ၌ တည်းခိုလေ၏။

ဘီလူးမသည် ပရိတ်ချည်တန်း

www.burmeseclassic.com

ကြောင့် ဇရပ်ထဲ ဝင်ရန် မတတ်နိုင်၍ နတ်၌ ဖြစ်သောအဆင်းကို ဖန်ဆင်း၍ ဇရပ်တံခါးဝ၌ နေလေ၏။

ဇရပ်ထဲ၌ မင်းသားသည် ပဇ္ဇောက ဗုဒ္ဓါတို့ စွန့်ကြဲလိုက်သော ပရိတ်သဲကို ဦးခေါင်းထက်၌ ထား၏။ ပရိတ်ချည်ကို ကာရံ၍ သန်လျက်ကို ကိုင်ကာ မစ်မတ်ရပ်လျက်သာလျှင် အရဏ်ကို တက်စေလေ၏။

◈◈◈

ခုနစ်ရက်မြောက်နေ့ ရောက်ခဲ့လေပြီ။

နံနက်ခင်းအချိန်၌ တက္ကသိုလ်ပြည့်ရှင်မင်းကြီးသည် ဥယျာဉ်ကစားရန် ဥယျာဉ်သို့ သွားစဉ် ဇရပ်တံခါးမှ ထိုမိန်းမကို မြင်၍ တပ်စွန်းသောစိတ်ဖြစ်ကာ ပိုင်ရှင်ရှိ မရှိ စုံစမ်းစေသော် မင်းချင်းသည် ဘီလူးမနား ကပ်၍ မေးလေ၏။

"ပိုင်ရှင်လင် ရှိသလော"

"အမောင်…လင်ရှိပေ၏။ ဇရပ်၌ နေသော ယောက်ျားသည် အကျွန်ုပ်၏ လင်တည်း"

"အမောင်…ဟုတ်သလော"

"ဤမိန်းမသည် ငါ့မယားမဟုတ်။ လူသားမဟုတ်။ ဘီလူးမတည်း။ ငါ့လူငါးယောက်ကို စားခဲ့ပြီ"

"အမောင်တို့ လင်ယောက်ျားမည်သည်ကား အမျက်ထွက်သော အကြင်ကာလ၌ အကြင်စကားမျိုး ဆိုတတ်လေသည်သာ"

မင်းကြီးကား အရှင်မရှိသော ဥစ္စာသည်ကား မင်းဥစ္စာတည်းဟု ဆို၍ ရင်မှာ အပျော်ရောက်ကာ ဖွတ်အတင်းတော်ကောက်လေတော့၏။



လင်ပျောက်ဆုံးသူအား ဆင်ကျောက်ကုန်းပေါ် စီးစေ၍ မြို့ကို လက်ျာရစ် လှည့်ပြီးနောက် မင်းအိမ်ပြာသာဒ်သို့ တက်၍ မိဖုရားကြီးအရာ တန်းထားပြီး ချစ်စကားကို မပြီးစတမ်း ဆိုလေ၏။

ရေချိုး နံ့သာလိမ်း အဝတ်လဲ၊ ညစာစားပြီးနောက်သော် အဖိုးတန်တို့ဖြင့် တန်ဆာဆင်အပ်သော အသရေရှိသည့် အိပ်ရာထက် အရင်တက်နှင့်လေပြီ။

ဘီလူးမသည် တည်ခင်းသော အစာကို စားပြီး၍ မင်းနှင့်တကွ အပျော်ပန်းတစ်ပွေ့ နတ်အတွေ့တော်၌ မွေ့လျော် ပျော်ပိုက်လေ၏။

နတ်အစွမ်းဖြာ နှစ်ထပ်ကြမ္မာ ကာမချမ်းသာနှင့် ပြည့်စုံလေ၏။

အိပ်ပျော်လုချိန်၌ ဘီလူးမသည် နံပါးတစ်ဖက်စောင်း၍ ကျောခိုင်းကာ ငိုလေ၏။

မင်းကြီးလည်း ဇဝေဇဝါ စိုးရိမ်တကြီး မေးလေ၏။

"ရှင်မ… ဘာကြောင့်ငိုသနည်း"

"လင်တူ မိန်းမတို့အလယ်၌ မျက်နှာငယ်ရပေတော့မည်။ မိတအမျိုး အနွယ်မရှိသော လမ်းပေါ်မှာ ပေါက်ကြ တဲ့ ကျောက်ခဲကဲ့သို့ မိန်းမဖြစ်သည်ဟူ သော စကားသည် ဦးခေါင်းကို ကိုင်၍ ရိုက်ဘိသကဲ့သို့ ခံစားရပေတော့မည်။ မျက်နှာမသာမယာ ညှိုးငယ်စရာဖြစ် ပေတော့မည်။ အလုံးစုံသော တိုင်းပြည် ကို အစိုးရခြင်းဟူသော အာဏာကို ပေးပြားအံ့၊ မည်သူမျှ စိတ်ပျက်စရာ စကား မဆိုရဲတော့ပြီ"

မိန်းမလည်း သိန်းကြွယ်၏ အားမနာတမ်း ပြောဆိုသော စကားဖြစ် လေ၏။

"ရှင်မ…အပြစ်မရှိသော တိုင်းသူ ပြည်သားတို့၌ ငါသည် အစိုးမရ တစ်စုံတစ်ရာ အပြစ်ရှိသောသူမှသာ ငါပိုင်၏။ အာဏာကို ပေးခြင်းငှာ မတတ်နိုင်"

"မင်းကြီး . . . နန်းတွင်းသူ နန်းတွင်းသားတို့ကိုကား ကျွန်ုပ်အလို သို့ လိုက်စိမ့်သောငှာ အခွင့်တော့ ပေး ပါ"

တစ်သက်တာ မမေ့ရက်စရာ နတ်အတွေ့နှင့် မှတ်မွေ့ပြီးသည်ဖြစ်၍ နန်းတွင်းအာဏာကို ပေးလေပြီ။

ဘီလူးမြို့သို့သွား၍ ဘီလူးတို့ အား ခေါ်ပြီး မင်းအား အသက်ကုန်စေ လျက် အရိုးမျှ ကြွင်းစေကာ၊ အလုံးစုံ သော အကြောအရေ အသွေးအသား တို့ကို စားလေ၏။

ကျန် ဘီလူးများသည်လည်း ကြက်၊ ခွေးမှ စ၍ နန်းတွင်းသူအားလုံး အား တစ်ယောက်မကျန်၊ တစ်ယောက် မချန် စားလေ၏။

◈◈◈

နောက်တစ်နေ့နံနက်၌ တံခါး လှုပ်ရှားမှု မရှိ၊ ပကတိ ငြိမ်သက်နေ သော ပိတ်မြဲ ပိတ်ထားသည့် နန်းတော်

www.burmeseclassic.com

အား ပုဆိန်တို့ဖြင့် ချိုးဖျက်၍ ကြည့်လေသော် အဆိုးခေါင်ကို အရိုး တောင်လိုပုံခဲ့လေပြီ။

အမတ်တစ်ဦးက ဆိုလေ၏။

"မြို့ပြင် ဇရပ်၌ တွေ့သောသူ ဤမိန်းမကား လူသားမဟုတ်၊ လူမတည်းဟု ဆိုခဲ့လေ၏။ ထိုသူ၏ အား မှန်လေပြီ။ တို့တိုင်းပြည်၌ မင်း လေပြီ"

"ဤသို့ကား မဖြစ်။ ဘုရင်သစ် ရန် တိုင်ပင်ကြအံ့"

"ဇရပ်၌ တွေ့သောသူအား စုံစမ်း ထိုသူသည် ဘီလူးမဟူ၍ အတတ် သော ဉာဏ်ပညာရှိပေ၏။ ရပ် အခါလည်း နတ်သားတမျှ ခန့်ညား ပေ၏။ အသံသည်လည်း ဩဇာရှိ ထိုသူကို စုံစမ်းကြည့်အံ့"

အားလုံး သဘောတူ၍ မင်္ဂလာ ကို ဆင်ယင်ကာ မြို့ပြင်သို့ ကြလေ၏။

ပြဟ္မဒတ်မင်း၏ သားတော် သိလေသော် မင်းမျိုးမင်းနွယ် အထူးစုံစမ်းရန် မလိုသဖြင့် ရထားပေါ် တက်စေ၍ မင်းနန်း သို့ ခေါ်ပြီး မိဖုရားတို့ ရွေးချယ် မင်းအဖြစ် ဘိသိက်သွန်းကြလေ ၏။

မာယာစက်ကွင်းအား ပညာ ဖြင့် ဖြတ်ကျော်နိုင်ခဲ့၍ ပြည့်ရှင် ဟူသော အမြင့်ဆုံး ဆုလာဘ်ကို တော့သည်တကား။

◈◈◈

သိကြားနတ်၏ နန်းတော်ကဲ့သို့ များရပေ၏။

ထီးဖြူဆောင်းသော ရာဇပလ္လင်။ မင်းဝတ်တန်ဆာ ဆင်မြန်း၍ ကြားနတ်မင်း တင့်တယ်ခြင်းဖြင့် စံ

အမတ်၊ ပုဏ္ဏား၊ သူကြွယ်တို့ သည်လည်း အဝတ်တန်ဆာတို့ ဆင် ယင်ကုန်လျက် မင်းကြီးအား ခြံရံလျက် တည်ကုန်၏။

နတ်သမီးနှင့် တူကုန်သော၊ က, ဆို, တီးမှုတ်ခြင်း၌ လိမ္မာကျွမ်းကျင် သည့်၊ တင့်တယ်ခြင်းနှင့် ပြည့်စုံကုန် သော တစ်သောင်းခြောက်ထောင်ရှိ ကချေသည် မိန်းမတို့သည် သီဆို တီးမှုတ် က,ခုန်နေကြလေသော အသံ တို့ဖြင့် မင်းနန်းတော်သည် မိုးထစ်ချုန်း သဖြင့် ပြည့်သော သမုဒ္ဒရာအဝှမ်းကဲ့သို့ တစ်ပြိုင်နက် တစ်ချက်တည်း အုတ် အုတ်ကျက်ကျက်ဖြစ်လေ၏။

ဘုရားလောင်းသည် မိမိ၏ အသ ရေ တင့်တယ်ခြင်းကို ကြည့်၍...

"ငါသည် ဘီလူးမတို့ ဖန်ဆင်း အပ်သော အဆင်းကို ကြည့်ခြားအံ့၊ သာယာသဖြင့် သေခြင်းသို့ ရောက်သည် ဖြစ်ရာ၏။ ဤ တင့်တယ်သော အသ ရေကို မရရာ။ ပစ္စေကဗုဒ္ဓါတို့၏ အဆုံး အမ၌ တည်သည်၏ အဖြစ်ကြောင့် ငါသည် မင်းအဖြစ်ကို ရပေ၏။

အရှင်ပစ္စေကဗုဒ္ဓါတို့၏ အဆုံး အမ၌ မြဲသောကြောင့်ဖြစ်သော်လည်း လုံ့လပြုခြင်းအကြောင်းကြောင့် လည်း ကောင်း၊ စိတ်၏ ထိတ်လန့်ခြင်း ကိုယ် ၏ တုန်လှုပ်ခြင်းဖြင့် မဆုတ်မနစ်သည် ၏အဖြစ်ကြောင့် လည်းကောင်း၊ ဘီလူးမတို့၏ ကြီးစွာသော ဘေးမှ လွတ်ကင်း၍ ဤချမ်းသာကို ရပေ၏ တကား"

ကောင်းကျိုးတို့ တည်ရာဖြစ် သော သတိတရား လက်ကိုင်ထား၍ ဉာဏ်အားဖြည့်လေသော အကျိုးစီးပွား တို့ ကြီးမားစွာ ဖြစ်ထွန်းခဲ့လေတော့ သည်တကား။

လာဘ်(အကျိုးစီးပွား) ဟူရာ၌ အနာမရှိခြင်းဟု ဆိုအပ်သော မြတ် သော လာဘ်ကို အလိုရှိရာ၏။

အကျင့်သီလ၊ ပညာရှိတို့၏ ဩဝါဒ ဆုံးမစကား၊ အကြားအမြင် ဗဟုသုတ၊ သုစရိုက်တရား သုံးပါးကို အစဉ်ကျင့်ခြင်း၊ မပျင်းမရိသည့်အဖြစ် ဟူသော ခြောက်ပါးသော တရားတို့ သည် (လာဘ်) အကျိုးစီးပွားဖြစ်ခြင်း ၏ မြတ်သောအကြောင်းတို့ပေတည်း။

သီလ၊ သုတ၊ အာရောဂျာနှင့် ဆရာညွှန်ကြား ဓမ္မနသွား မပြင်းခြား စီးပွားဖြစ်ကြောင်းသာ။

◈◈◈

သတိ ဆိုရာ၌ နိဗ္ဗာန်လိုလား သော ယောဂီများတို့သည် နိဗ္ဗာန်သို့ သွားရာ တစ်ကြောင်းတည်းသော ခရီး လမ်းဖြစ်သည်။ သတိပဋ္ဌာန်လေးပါး တရားဖြင့် ဓာတ်တို့၏ သဘာဝ လက္ခဏာကို ရှုသိကာ သာမည လက္ခဏာဟူသော အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာရေးသုံးပါးသို့ တင်၍ ဖြစ်ပျက် မြင်ရာ ဝိပဿနာတရားအစဉ်ဖြင့် မဂ် ဖိုလ်စခန်းသို့ တက်လှမ်းနိုင်ခြင်းသည် သမ္မာသတိ၏ အကျိုးတန်ဖိုးပင်။ ကောင်းစွာမသွေ ဖြစ်ပါပေတော့ သတည်း ■

* * *

မောင်မြင့်ဦး(သန်လျင်)




www.burmeseclassic.com

www.burmeseclassic.com

၂၀၁၄ ခုနှစ်၊ မေလထဲတွင် ရေးဟောင်း သမိုင်းဝင် အံတော်ရှင် ပုညစေတီတော်သို့ စာရေးသူ အဖူးမြော်ရောက် ခဲ့သည်။ စေတီတော်မှာ ပြည်မြို့ ရွှာဘဲနယ်မြေအနောက် ပွင့်လှ သိမ်ကုန်းရပ်ကွက်၊ ပွင့်လှ သိမ်ကုန်း ပရိယတ္တိစာသင် တိုက်ကြီးအနီး သီရိဇေယျာ နာဂကုန်းတော်ပေါ်တွင် တည် ရှိပါသည်။

ကုန်းတော်မှာ အရှေ့ဘက်ခြမ်းက အတန်ငယ် မြင့်၍ အရှေ့ဘက် မုခ်ဦးအထိ အုတ်လှေကားဖြင့် တက်ရသည်၊ အနောက်ဘက်ခြမ်းက ဆင်ခြေလျှော ခပ်ပြေပြေဖြစ်၍ ကွန်ကရစ်လမ်းခင်းထားသည်။ ကားဖြင့် မုခ်ဦးအတိုင်းဝင်၍ ကုန်းတော်ပေါ်အထိ တက်ရောက်နိုင်သည်။ ကုန်းတော်ပေါ် အနောက်ဘက် မုခ်ဦးအနီးတွင် သီရိဇေယျာကျောင်းရှိသည်။

ကုန်းတော်၏ မြောက်ဘက်နှင့် အနောက်ဘက်ခြမ်း ကို နန်းမြို့ရိုးသဏ္ဌာန် မဟာရံတံတိုင်း ကာရံထားသည်။



ပြည်မြို့က

# အံတော်ရှင် ပုညစေတီတော်

မောင်တင်ကြွယ် (ပြည်)



မြောက်ဘက်မှ ဘုရားဖူးများ တက်ရောက်နိုင်သည့် တစ်ဆစ် ချိုး အုတ်လှေကားနှင့် မုခ်ဦးငယ်တစ်ခုလည်း တွေ့ရသည်။ လူသွားလူလာနည်း၍ ယာယီပိတ်ထားသည်။ ကုန်းတော်ပေါ် မြောက်ဘ်ခြမ်း မဟာရံတံတိုင်းအနီးတွင် တောင်ပိုင်ဘိုးဘိုး ကြီးနန်းကို အုတ်တိုက်ငယ်ဖြင့် တွေ့ရသည်။

အနောက်မြောက်ယွန်းယွန်း၌ နတ်မင်းကြီးလေးပါး ခြံရံထားသည့် အသွင်ဆန်းဆန်း ဘံခွန်တိုင်လည်း မြင်တွေ့ ရသည်။ မြောက်ဘက်ခြမ်းက သစ်ရိပ်ဝါးရိပ်များနှင့် အလှ ပန်းပင်များကြောင့် စိတ်ကြည်နူးဖွယ်ဖြစ်ရသည်။ အေးချမ်း ငြိမ်ဆိတ်မှုလည်း ရှိသဖြင့် တရားဘာဝနာပွားများလိုသူ၊ အဓိဋ္ဌာန်ပုတီးစိပ်လိုသူများအတွက် သင့်လျော်သည့် နေရာ ကောင်းလေးတစ်ခုဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com





စေတီတော်အောက်ခြေ ဖိနပ်တော်နေရာ၌ ရှစ်မြှောင့်ပုံ အုတ်ခုံအမြင့် တစ်ပေခွဲခန့် ခံထားသည်။ စေတီတော်မှာ အတွင်းလိုဏ်ရှိနေသဖြင့် အရှေ့ အနောက်တောင်မြောက် တို့ဘက်မှဝင်ရန် ဝင်ပေါက် တံခါးမကြီး လေးခုရှိသည်။ အလင်းရောင် ကောင်းစွာဝင်နိုင်သည့် ဖန်ဘာဂျားတံခါးများဖြင့် ဖန်တီးထားသည်။

စေတီတော်ပတ်လည် ပန်းတင်ခုံနေရာများတွင် ထောင့်လေးထောင့် ဘုရားရုပ်ပွားတော် လေးဆူ ပူဇော်ထား ရှိသည်။ ရုပ်ပွားတော်များတွင် သီးခြား ဘွဲ့တံဆိပ်တော်များ ကမ္ပည်းတပ်ထားခြင်း မတွေ့ခဲ့ရသော်လည်း ပွင့်ခဲ့ပြီးသော



ဘုရားလေးဆူအား ရည်ရွယ်ပူဇော်ထားခြင်းပင် ဖြစ်လိမ့်မည်ဟု ထင်မိသည်။

စေတီတော်၌ မြန်မာမှုအနုပညာ အင်္ဂတေပန်းများ၊ ပန်းနွယ် ပန်းကနုတ်များဖြင့် ပုံဖော်ကပ်လှူထားသည့် အနုစိတ်လက်ရာများလည်း မြင်တွေ့ရသည်။ စေတီတော်ဝမ်းခေါင်းအတွင်း လိုဏ်နှစ်ထပ်ရှိသည်။ အပြင်လိုဏ်က ပတ်လည် ခန်းမကျယ်ကြီးဖြစ်၍ အတွင်းနံရံကို ထွင်းကာ နံရံကပ် ဆေးရေးပန်းချီ (၁၂)ဖြင့် စေတီသမိုင်းအား ပုံဖော်ရေးဆွဲထားသည်။ သမိုင်းအကျဉ်းကိုလည်း ပုံများနှင့် ရေးပြထားသည်။

အတွင်းလိုဏ်မှာ ခန်းမကျယ်ကြီး၏ အလယ်ဗဟို၌





www.burmeseclassic.com


www.burmeseclassic.com

ရှိပြီး ဝင်ပေါက်၊ ထွက်ပေါက်နှစ်ခုသာ ရှိသည်။ အတက်လှေကား၊ အဆင်းလှေကားနှစ်စင်းက ကြောင်လိမ် ဖန်တီးထားသည်။ အတွင်းလှေကားဖြင့်ပင် အထက်ပစ္စယံသို့ တက်ရသည်။ အတွင်းလိုဏ်ဂူထဲမှာ မှောင်မည်းမနေ။ အင်္ဂတေဆန်ကာပေါက်တံခါးများမှ အလင်းရောင် ကောင်းစွာရသည်။ အထက်ပစ္စယံက စေတီတစ်ပတ်လည် ပတ်သွားလို့ ရသည်။ လူနှစ်ဦး ကောင်းစွာ ရှောင်နိုင်တိမ်းနိုင်သည့် အကျယ်အဝန်းရှိသည်။

ထိုနေရာများမှ စေတီတော်အောက်ခြေ ဘုရားပရဝုဏ်တစ်ဝိုက် မြေပြင်ကို အပေါ်စီးမှ လေ့လာကြည့်ရှုနိုင်သည်။










အတွင်းလိုဏ် ဝင်ပေါက်၊ ထွက်ပေါက်၌ သံဘာဂျာတံခါးများဖြင့်ပင် သော့ခတ်ပိတ်ထားသည်။ အတွင်းလိုဏ်အဝင်နေရာနှင့် အထွက်နေရာများတွင် ဘုရားကျောက်ဆင်းတုနှစ်ဆူ အပူဇော်ခံထားရှိသည်ကိုလည်း တွေ့ရသည်။

အပြင်လိုဏ်အရှေ့ဘက်ခြမ်း ဝင်ပေါက်တွင် အံတော်ရှင်ပုညစေတီတော်အား အသစ်တစ်ဖန် ပြန်လည်တည်ထားကိုးကွယ်သည့် ဆရာတော် ဘဒ္ဒန္တတိက္ခ၏ ပလာစတာရုပ်တုတော်ကိုလည်း ဖူးတွေ့နိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



စေတီတော်ပေါင်း သမိုင်းကြောင်း

ဤစေတီတော်ကြီး၏ မူလ ဘုရားတည် ဒါယကာမှာ ဗုဒ္ဓပေါင်မင်းတရားကြီးဖြစ်သည်။ သာသနာသက္ကရာဇ် ၁၀၁ ခုနှစ်တွင် ဣသိနာဂရတိုင်း၊ သရေခေတ္တရာပြည်ကြီးကို မင်းကြီး တည်ထောင်အပြီး ကိုး,ကိုးလီ စေတီဘုရား၊ ဂူ၊ သိမ်၊ ကန်၊ ကုန်း ကုသိုလ်များ ပြုခဲ့သည်။


ထိုပြုပြီးသမျှ ကုသိုလ်ကောင်းမှုအစုစုကို စုပေါင်း၍ ရေစက်သွန်းချ လှူဒါန်းမှု ပြုလိုသည်။ ကျင်းပပြုလုပ်မည့် နေ့ရာကို သားတော် အရှင်စန္ဒာဂရာဇ် သိတင်းသုံးရာ သိရိ



ဝေယျာနာဂကုန်းတော်အား ရွေးချယ်ခဲ့သည်။ သားတော် အရှင်စန္ဒာဂရာဇ်က ကောင်းမှုတော်များ၏ ရေစက်သွန်းချရာ အထိမ်းအမှတ်အဖြစ် စေတီတော်တစ်ဆူလည်း တည်ထား သင့်ကြောင်း တိုက်တွန်းသဖြင့် ဤစေတီတော်ကြီးအား တည်ထားခဲ့ခြင်းဖြစ်သည်။


စေတီတော်တွင် မွန်မြတ်သော ဌာပနာအဖြစ် မဇ္ဈိမဒေသ၊ ပါဠိပြည်၊ ပါဠိကျောင်းတော်အနီး စူဠသေဌေး၏ ဆရာအရှင် နန္ဒိယ ရဟန္တာအရှင်မြတ်ကြီး တည်ထားတော်မူသော စေတီတော်မှ မြတ်စွာဘုရားရှင်၏ အံတော်မြတ်ကို ထည့်သွင်းပူဇော်ရန် သားတော် ရဟန္တာက စီစဉ်ခဲ့သည်။

အံတော်ရှင်မြတ်အား သွားရောက် ပင့်ဆောင်ရန် အတွက်ကို အရှင်စန္ဒာဂရာဇ်၏ နိုင်းစေချက်အရ သူ၏ တပည့် ရှာန်ရ ရဟန္တာတစ်ပါးဖြစ်သော အရှင်ဣသိန္ဒက တာဝန်ယူရသည်။ ရရှိလာသောအခါ အရှင်ဣသိန္ဒက ဗုဒ္ဓပေါင်မင်းကြီးအား ပေးအပ်ခဲ့ပြီး သာသနာသက္ကရာဇ် ၁၃၂ ခုနှစ်တွင် ဤစေတီတော်ကြီး၌ ဌာပနာအဖြစ် အခြားသော ဘုရားဆင်းတုရုပ်ပွားတော်များနှင့်အတူ ထည့်သွင်းဌာပနာခဲ့သည်။



စေတီတော်ကြီးအပြီးတွင် ကုန်းတော်ထက်၌ မဏ္ဍပ်ကြီးတစ်ဆောင်ဆောက်လုပ်ရန် ရဟန္တာအရှင်မြတ် အပါးတစ်ထောင်တို့ကို ပင့်ဖိတ်ကာ အနေကဇာတင်ခဲ့သည်။ ဆွမ်း၊ ရေချမ်း ကပ်လှူ...ကို ခုနှစ်ရက်တိုင်တိုင် ဆက်ကပ်လှူဒါန်းခဲ့ပြီး ကုသိုလ်ကောင်းမှုအရပ်ရပ်တို့အတွက် ရေစက်ချ အမျှဝေ မင်္ဂလာပြုလုပ်ခဲ့သည်။

ထိုကဲ့သို့ ရေစ်ချက် အမျှဝေရာ ဌာနမွန်ဖြစ်ခြင်းကြောင့် စေတီတော်ကြီးအား ဗုဒ္ဓပေါင်မင်းကြီးက "ပုညစေတီတော်" ဟု မင်္ဂလာကမ္ပည်းသတ်မှတ်တော်မူခဲ့သည်။






www.burmeseclassic.com

www.burmeseclassic.com

## စေတီတော်ကြီး၏ ဒုတိယသမိုင်းကြောင်း


ဗုဒ္ဓပေါင်မင်းကြီး တည်ထား ကိုးကွယ်ခဲ့ပြီးနောက်၊ နှောင်း သာသနာပြုမင်းတို့ ကိုးကွယ်ပြုပြင် မွမ်းမံခြင်းများ ရှိခဲ့သော်လည်း နှစ်ပရိစ္ဆေဒကြာမြင့်ကာ သဘာဝဘေးဒဏ်၊ စစ်မက်ဘေးဒဏ်များကြောင့် စေတီတော်ကြီး ပျက်စီးသွားသည်။ လူသူများလည်း အရောက်အပေါက်နည်း၍ သစ်ပင်ကြီးငယ် ချုံနွယ်များက လွှမ်းခြုံသွားသည်။


စေတီတော်ကြီးမှာ စေတီပျက်ကြီးအဖြစ်ဖြင့်ပင် နှစ်အတန်ငယ် သစ်ပင် ချုံပုတ်များအတွင်း ကိန်းဝပ် စံပယ်



နေခဲ့ပြီးနောက် လွတ်လပ်ရေး ခေတ်ဦးပိုင်းတွင် ပွင့်လု သိမ်ကုန်းရွာနေ သဒ္ဓါထက်သန်သော လူတစ်စုက ချုံနွယ် ရှင်းလင်းခြင်း၊ ထုံးသင်္ကန်းကပ်လှူခြင်း၊ မီးထွန်း ပူဇော်ခြင်းတို့ကို ၁၃၁၄ ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့မှ စ၍ မီးထွန်းပွဲပြုလုပ်ခဲ့သည်။

ထိုနှစ်က ယခင်နှစ်များနှင့်မတူ၊ မိုး ... ၍ ချုံနွယ် ပေါင်းမြက်တို့ ရှင်းလင်းထားသည့် စေတီတော်ဥဘ်တိုကြီး အကွဲအအက်နေရာများမှ စေတီတော်အတွင်းပိုင်းသို့ မိုးရေများ စိမ့်ဝင်ကုန်တော့သည်။ မိုးရေများကြောင့် စေတီတော်ကြီး တစ်နေ့တခြား ကွဲအက်ပြိုကျကာ အမြင့်ဌာပနာများပင်






တစ်စွန်းတစ်စပေါ်ထွက်လာခဲ့သည်။

ဤသည်ကို စေတီကုန်းတော်အနီး ခြံလုပ်ကိုင်နေသော ခြံသမားတစ်ဦးက တက်ရောက်ကြည့်ရှုရာ အမြင့်ဌာပနာ တိုက် ပေါက်၍ ရုပ်ပွားဆင်းတုများ ထွက်ပေါ်နေသည်ကို ဖူးတွေ့ရသည်။ ထိုသူက ကြည်ညိုလွန်း၍ သဒ္ဓါတရားထက် သန်ကာ မိမိအိမ်သို့ ပင့်ဆောင်ကိုးကွယ်ရာမှ တစ်စတစ်စ လူအများ သိရှိကုန်ကြသည်။

ထို့နောက် စေတီတော်ကြီးအနီးနေ ပွင့်လု သိမ်ကုန်း ရပ်ကွက်သူ ရပ်ကွက်သားများလည်း ... သူစုရုံးကာ စေတီ



ဥဘ်တိုကြီးအား သန့်ရှင်း ... ရေးလုပ်ရင်း အုတ်ကျိုးအုတ်ပဲ့များ ရှင်းထုတ်ရာမှ အတွင်းဌာပနာတိုက်ကိုပါ မြင်တွေ့လာကြသည်။ အတွင်းဌာပနာတိုက် ပေါ်သည်ဆိုသော စကားက တောမီးပမာ သတင်းပြန့်သွားသည်။

၁၃၁၄ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၄ရက်နေ့ (၅-၁၁-၁၉၅၂) ခုနှစ်၊ ဗုဒ္ဓဟူးနေ့ နေ့လယ် ၂နာရီခန့်အချိန်မှ စ၍ တစ်ဆင့်စကား တစ်ဆင့်ကြားဖြင့် ပရိသတ်များ လာ ရောက် ဖူးမြော်ကြရာ ကုန်းတော်ပေါ်၌ တိုးမပေါက်အောင် စည်ကားသွားသည်။ မြို့နယ် အုပ်ချုပ်ရေးတာဝန်ရှိသူတို့



www.burmeseclassic.com

www.burmeseclassic.com

ည်း သတင်းစကားအရ လာရောက်ကြသည်။

မြို့နယ်တာဝန်ရှိသူတို့လည်း တတိယ ပွင့်လှ သိမ်ကုန်း ဆရာတော်ကြီး ဘဒ္ဒန္တတိက္ခထံ သွားရောက်၍ ဘုရားစေတီ သမိုင်းမေးလျှောက်ခြင်း၊ စေတီတော်ကြီး ပြန်လည်တည် ဆောက်ရန် ဩဝါဒခံယူခြင်းများ ပြုပြီး စေတီတော်တည် ဆောက်ရေးအဖွဲ့ကို ဖွဲ့စည်းသည်။ ထို့နောက် ရန်ကုန်မြို့ ဘုရားဝန်ကြီး သတိုးသီရိသုဓမ္မ ဒေါက်တာ ဦးအေးမောင်က ဦးစီး၍ အများစေတနာဖြင့် ၁၃၁၆ ခု (ခရစ်နှစ် ၁၉၅၅)တွင် ထည်အမာခံများဖြင့် ဖွဲ့စည်းတည်ဆောက်ခြင်းလုပ်ငန်း ခဲ့သည်။

စေတီတော် ပြန်လည်တည်ထားနေစဉ်အတွင်း ဝန်ကြီး ချုပ် ဦးနုက ရန်ကုန်မြို့ ကမ္ဘာအေးစေတီတွင် ယာယီ ပူဇော်ခံထားရှိရန် လျှောက်ထားသဖြင့် တတိယ ပွင့်လှ သိမ်ကုန်းဆရာတော်ဘုရားကြီးက ဝန်ကြီးချုပ်လက်သို့ အပ်ခွင့် ပြုတော်မူခဲ့သည်။

စေတီတော်ကြီး၌ အမာခံ သံတိုင်၊ သံယက်မကြီးများ ဖြင့် အခိုင်အခန့် တည်ဆောက်ပြီးစီးနေသော်လည်း အုတ် ကိုင်း အုတ်ညှပ်၊ အုတ်ကပ် ပန်းရံလုပ်ငန်းများ မစနိုင်သေးဘဲ အကြောင်းအမျိုးမျိုးကြောင့် တည်ဆောက်မှုလုပ်ငန်း ရပ်တန့် နေသေးသည်။ အချိန်ကာလအားဖြင့် ၁၄နှစ်မျှ ကြာသွား သည်။

၁၃၃၀ ခုနှစ် (ခရစ်နှစ် ၁၉၆၈) တွင် အခွင့်အခါသင့် ၍ ဝါဆိုလဆုတ် ၁၂ရက် (ဇူလိုင် ၂၁)၊ တနင်္ဂနွေနေ့မှစ၍ ဆရာတော်ဘုရားကြီး၏ အမိန့်အရ မရပ်မနား တည်ဆောက် ခြင်းဖြင့် အပြီးသတ်နိုင်ခဲ့သည်။ စေတီတော်ကြီး တည် ဆောက်မှုအတွက် ထိုစဉ်က ငွေကြေးအရ ဘဏ္ဍာတော်ငွေ လေးသိန်းခန့် ကုန်ကျခဲ့သည်ဟု မှတ်တမ်းများအရ သိရ သည်။

၁၃၃၁ ခုနှစ်၊ တပေါင်းလပြည့် (၂၂-၃-၁၉၇၀)၊ တနင်္ဂနွေနေ့ (ပွင့်လှ သိမ်ကုန်း ပရိယတ္တိစာသင်တိုက်ကြီး၊ တိုက်တည် နှစ် ၁၀၀ပြည့်) အခါသမယ၌ မြန်မာနိုင်ငံ ဝေဠုဝန် နိကာယ သာသနာပိုင် အဂ္ဂမဟာပဏ္ဍိတ၊ သံဃ မဟာနာယက၊ တတိယ ပွင့်လှ သိမ်ကုန်းဆရာတော်ဘုရား ကြီးက ထီးတော်၊ စိန်ဖူးတော်များ တင်လှူ ပူဇော်ခဲ့သည်။

ဤသို့အားဖြင့် ကြည်ညိုသပ္ပာယ်လှစွာသော "အံတော် ရှင် ပုညာစေတီတော်မြတ်ကြီး"မှာ မြန်မာမှု လက်ရာများနှင့် အတူ အသစ်တစ်ဖန် ဖူးတွေ့ခွင့်ကြုံခဲ့ရပြန်ပါတော့သည်■

* * *

ဇေယျာင်တင်ကြွယ်(ပြည်)

ကိုးကားမှု

- ပြည် အံတော်ရှင် ဓာတ်မြတ်သမိုင်း (သမိုင်း ပြန်ကြားရေးနှင့် ပုညစေတီစောင့်ရှောက်ရေးအဖွဲ့)။
- ပုညဓမ္မာရုံကျောင်းဆရာတော် ဦးသောဘိတနှင့် သီရိ ဇေယျာကျောင်းဆရာတော် ဦးအာလောကတို့၏ မိန့်ကြား ချက်။
- ကိုယ်တွေ့ လေ့လာမှုများ။



www.burmeseclassic.com

# အန္တရာယ်ကင်း ဂါထာ

အောင်ဘုန်းမြင့် (ကချင်မြေ)

ဘေးရန်အန္တရာယ်မည်သည် ချမ်းသာခြင်းရဲ့ ရာထူးကြီးငယ် အယုတ်အလတ် အမြတ်မရွေး တစ်ကြိမ်မဟုတ် တစ်ကြိမ် တွေ့ကြုံရင်ဆိုင် ဖြေရှင်းကြရတတ်သည်ချည်း ဖြစ်လေ၏။

သို့ဖြစ်၍ အကြင်သူသည် ကြီးမားသော အတိဒုက္ခ ဘေးအန္တရာယ် ရန်စွယ်အဖြစ်ဆိုးနှင့် ကြုံတွေ့နေရလျှင်၊ အတားအဆီး အခက်အခဲ အနှောင့်အယှက် အချုပ်အနှောင် တစ်မျိုးမျိုးနှင့် ရင်ဆိုင်နေရလျှင်၊ မကောင်းသော အတိတ်နိမိတ် အမှုအခင်း အပျက်အစီးများ၏ ဖိစီးမှုကြောင့် ကံမကောင်း အကြောင်းမလှဖြစ်နေလျှင် ဘေးအန္တရာယ်ကင်း ဂါထာကို ရွတ်ဆိုပေးခြင်းဖြင့် ကင်းငြိမ်းချမ်းသာရစေနိုင်သည်။ ထို့ပြင် မတရားသဖြင့် ပြုကျင့်ခံရသော အမှုအခင်း အနှောင်အဖွဲ့တို့မှလည်း လွတ်မြောက်စေနိုင်သည်။

### ဘေးအန္တရာယ်ကင်း ဂါထာတော်

ဇိနံဝန္ဒထ ဂေါတမံ၊
ဇိနံဝန္ဒမ ဂေါတမံ၊
ဝိဇ္ဇာစရဏ သမ္ပန္နံ
ဗုဒ္ဓံ ဝန္ဒာမိ ဂေါတမံ။

အထက်ပါ ဘေးအန္တရာယ်ကင်း ဂါထာကို နေ့စဉ်နံနက် အိပ်ရာထ ကိုးခေါက်၊ ညအိပ်ရာဝင် ကိုးခေါက်၊ တစ်နေ့ နှစ်ကြိမ် ယုံယုံကြည်ကြည် ရွတ်ပွားပူဇော်ပေးခြင်းဖြင့် ခပ်သိမ်းသော ဘေးရန်အန္တရာယ်များ ကင်းဝေးစေ၍ ချမ်းသာခြင်းအကျိုးကို ရရှိစေနိုင်သည်။

ကြီးမားခက်ခဲသော အတိဒုက္ခ ဘေးအန္တရာယ်မျိုးနှင့် လက်တွေ့ကြုံတွေ့နေရပြီး နာလန်မထူ ကံမကူနိုင်ဖြစ်ပြီး ရုပ်ဆင်းရဲ၊ စိတ်ဆင်းရဲ၊ ဘဝဆင်းရဲဖြစ်နေပါက ဂါထာကို အိမ်ရှိ ဘုရားတွင် မိမိတို့၏ အညွှန့်ပန်း ဇုပ္ပင့် (သို့မဟုတ်) ဇုညွှန့် ကပ်လှူ ပူဇော်ထားပြီး ဖယောင်းတိုင် ဇတိုင် ထွန်းညှိ၍ သက်စေ့ရွတ်ပွား ပူဇော်ပေးနိုင်သည်။ မိမိတို့၏ မွေးနေ့မှစ၍ အဓိဋ္ဌာန်ပြုပြီး ကိုးရက်ဆက်တိုက် ရွတ်ပွား ပူဇော်ပေးရမည်။

### အညွှန့်ပန်းများ

* တနင်္ဂနွေသားသမီးဖြစ်လျှင် ဂံ့ကော်၊ ခရေ ငွေပန်း။
* တနင်္လာသားသမီးဖြစ်လျှင် စိန်ခြယ်၊ စံပယ်၊ ဆီးညွှန့်။
* အင်္ဂါသားသမီးဖြစ်လျှင် ဝါးညွှန့်၊ ရှက်လှ၊ ရွှေပန်း။
* ဗုဒ္ဓဟူးသားသမီးဖြစ်လျှင် မေမြို့ ပိန်းပန်း၊ ပေါက်ပန်း။
* ကြာသပတေးသားသမီးဖြစ်လျှင် သစ္စာပန်း၊ သစ်ခွ၊ သပြေ။
* သောကြာသားသမီးဖြစ်လျှင် နှင်းပန်း၊ နှင်းဆီ၊ ဒန်ညွှန့် အစရှိသော ပန်းအပွင့်၊ အညွှန့်များကို နေ့နံအလိုက် ကပ်လှူ ပူဇော်ပေးရမည်ဖြစ်သည်။

သာယာချမ်းမြေ့ကြပါစေ…

* * *

အောင်ဘုန်းမြင့်(ကချင်မြေ)



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

■

တရားရုံးတစ်ရုံးလုံး အပ်ကျသံကိုပင် ကြားရလောက်အောင် တိတ်ဆိတ် ငြိမ်သက်နေသည်။ တရားရုံးခန်းအတွင်းရှိ လူအားလုံးတို့သည် စီရင်ချက်ကို ဖတ်ကြားမည့် တရားသူကြီးကိုသာ မျက်တောင်မခတ် ကြည့်နေကြ၏။

တရားရုံးအတွင်းရှိ လူအားလုံးတို့အနက် ကျွန်ုပ်တစ်ယောက်တည်းသာလျှင် အရေးကြီးသော ဇာတ်လိုက်ဖြစ်သည်။

ကျွန်ုပ်သည်လည်း တရားသူကြီးကို မျက်တောင်မခတ်ကြည့်ရင်း တရားသူကြီး ဖတ်ကြားမည့် စီရင်ချက်ကို နားစွင့်ထောင်နေသည်။

တရားသူကြီးသည် စီရင်ချက်ကို ဖတ်လေပြီ။

စီရင်ချက်တွင် ကျွန်ုပ်၏ အမည်ပါ၏။ ကျွန်ုပ်သည်ကား လူသတ်တရားခံတည်း။

တရားသူကြီး၏ စီရင်ချက်ကို အတိုချုပ် ဖော်ပြရလျှင်···

"သားအမိ သားအဖသုံးယောက်ကို ရက်စက်စွာ သတ်ဖြတ်မှုအတွက် မသေမချင်း ကြိုးပေးသတ်စေ"

စီရင်ချက်ကို ကျွန်ုပ် ကြားလိုက်ရသည်နှင့် တစ်ပြိုင်နက် မူးမိုက်ကာ သတိလစ်သွားသည်။

ရှက်ခြင်း၊ ကြောက်ခြင်း၊ ဝမ်းနည်းခြင်း၊ ပူပန်ခြင်း စသည့် မကောင်းစိတ်အားလုံးတို့ တစ်ခုပြီးတစ်ခုပေါ်လာကာ မျက်ရည်ကျမိသည်။

ကျွန်ုပ်သည် တရားရုံးမှ ပြန်ခဲ့ရပြီးနောက် ယခုအခါ ကြိုးတိုက်ထဲတွင် ရောက်နေပေပြီ။

ကျွန်ုပ် ကျူးလွန်မိခဲ့သည့် လူသတ်မှုအကြောင်းကို ပြန်လည် စဉ်းစားမိ၏။

◈◈◈

မိတ်ဆွေတစ်ယောက်၏ မွေးနေ့ အခမ်းအနားတွင်ဖြစ်သည်။ ထိုအခမ်းအနားသို့ လူတော်တော်များများတက်ရောက်ကြ၏။ သောက်တတ်၊ စားတတ်သူများအတွက် အရက်များလည်း တိုက်သဖြင့် သောက်စား မူးယစ်ကြကာ၊ စိတ်မချမ်းသာစရာ တွေ့ကြုံရသည်။

ထို့ထက်ပင် စိတ်မချမ်းသာစရာ ကြုံရသည်မှာကား အမူးသမားတစ်ယောက်သည် ကျွန်ုပ်၏အနီးတွင် လာ၍ထိုင်ပြီး ကျွန်ုပ်၏ အင်္ကျီလည်ပင်းကို တုပ်ဆွဲကာ ကျွန်ုပ်အား ဒေါသတကြီးကြည့်လျက်···

"ဘာလဲ၊ ခင်ဗျားက ဘာလဲ၊ ပြောစမ်း၊ ခင်ဗျား ဘာကောင်လဲ"

ဟု ရန်စလေတော့သည်။

အကြောင်းမဲ့သက်သက် စော်ကားခြင်း ခံရသဖြင့် ကျွန်ုပ် အပြင်းအထန် စိတ်ဆိုးကာ အသားများ တဆတ်ဆတ်တုန်နေသည်။

အနီးတွင် ရှိနေသူများသည် အံ့သြသော မျက်နှာထားဖြင့် ကြည့်နေကြ၏။ အမူးသမားများကမူကား ဟားတိုက်၍ ရယ်ကြလေသည်။

ကျွန်ုပ်သည် ဒေါသလည်း ထွက်၊ ရှက်လည်း ရှက်သဖြင့် အခမ်းအနားမှ ထွက်ခဲ့ကာ ကျွန်ုပ်၏ အိမ်သို့ ပြန်ခဲ့၏။

ထို့နောက် ကျွန်ုပ်၏ အိမ်မှ ပစ္စည်းတစ်ခုကို လျှို့ဝှက်ယူငင်ခဲ့ကာ ကျွန်ုပ်ကို ရက်ရက်စက်စက် စော်ကားသူ၏အိမ်သို့ လာခဲ့၏။

သူ့အိမ်တွင် သူ့ကို မတွေ့ရဘဲ သူ့မယားနှင့် သမီးကိုသာ တွေ့ရပြီး သူတို့က···

"ဘာကိစ္စလာသလဲ"

ဟု မေးကြ၏။ ကျွန်ုပ်က···

"ဒီအိမ်က အမျိုးသားနဲ့ ဆောင်ရွက်စရာ အရေးကြီးတဲ့ ကိစ္စရှိလို့ လာတာ။ သူပြန်လာအောင် စောင့်နေမယ်"

ဟု ပြောလိုက်သည်။

ကျွန်ုပ်သည် စော်ကားသူကို စောင့်နေရင်း သူ စော်ကားပုံကို ပြန်လည် စဉ်းစားကာ ဒေါသထွက်သည်ထက် ထွက်လာ၏။

ကျွန်ုပ်၏ မျက်နှာထားကို အကဲခတ်မိဟန်တူသော အိမ်ရှင်မက···

"ကိစ္စကို ပြောခဲ့ပါ။ ကျွန်မ ယောက်ျား ပြန်လာတော့ ပြောလိုက်ပါ့မယ်"

ဟု ဆို၏။

"ပြောလို့ဖြစ်တဲ့ ကိစ္စမဟုတ်လို့ပါ။ သူနဲ့မှ အေးအေးဆေးဆေး ပြောပါ့မယ်"

ဟု ကျွန်ုပ်က ပြုံးပြုံးရွှင်ရွှင် ပြောလိုက်၏။

သူကား တော်တော်နှင့် ပေါ်မလာ။ သူ အလာနောက်ကျလေလေ ကျွန်ုပ်၏ ဒေါသက ပြင်းထန်သည်ထက် ပြင်းထန်လေဖြစ်နေတော့၏။

"ဟော···သူလာပြီ"

သူ အိမ်ထဲသို့ ဝင်လာပြီး ကျွန်ုပ် အနီးတွင် ရပ်ကာ···

"ဘာလဲ···ခင်ဗျား ဘာ···"

သူ စကားဆုံးအောင် မပြောနိုင်တော့ပါ။ ကျွန်ုပ်က အချက်ပေါင်းများစွာ ထိုးသည့် ဓားချက်ကြောင့် လဲကျသွား၏။

သူ့မယားနှင့် သမီးတို့သည် ကျွန်ုပ်ကို အတင်းဆွဲငင်ကြရာ ကျွန်ုပ်၏ ဒေါသမှာ သူတို့ကိုပါ ကူးစက်သွားပြီး ဓားဒဏ်ရာများဖြင့် ကြမ်းပြင်ပေါ်

www.burmeseclassic.com

www.burmeseclassic.com

ချင် လဲကျသွားကြလေတော့သည်။

ကျွန်ုပ်သည် ဓားကို သူတို့အနီး ချပင် ချထားခဲ့ပြီး ရဲဌာနသို့ သွားကာ အပ်ခဲလိုက်တော့သည်။

ရဲအရာရှိများက စစ်ဆေးကြသော အခါ ကျွန်ုပ်သည် တစ်လုံးမကျန် သတ်တိုင်း မှန်ရာကို ပြောပြလိုက်၏။

ထို့ကြောင့် ကျွန်ုပ်ကို တရားသူကြီးက ကြိုးမိန့်ပေးလိုက်ခြင်းဖြစ်သည်။

◈◈◈

ကျွန်ုပ်၏ လုပ်ရပ်၊ တစ်နည်းပြောရလျှင် ကျွန်ုပ်သည် သားအမိ သားအဖ သုံးယောက်စလုံးကို ရက်စက်စွာ သတ်ဖြတ်ခဲ့ခြင်းမှာ မှန်သလော၊ မှားသလော ဟု ကျွန်ုပ် စဉ်းစားဆင်ခြင်၍ ကြည့်မိသည်။

ဒေါသအလျောက် စဉ်းစားလျှင် ဒေါသနှင့် အလိုတူ အလိုပါပြု၍ ကျွန်ုပ် သတ်ခဲ့ခြင်းမှာ မှန်သည်။ အဘယ့်ကြောင့်ဆိုသော် သေသူသည် ကျွန်ုပ်ကို အကြောင်းမဲ့ စော်ကားသောကြောင့် ဖြစ်၏။

ဤကား ဒေါသစိတ်ဖြင့် ဆုံးဖြတ်လိုက်ခြင်းဖြစ်၏။

ဒေါသဟူသည် ကောင်းသောစိတ်လော။ ဒေါသသည် ကောင်းကျိုးကို ပြုနိုင်သလော။ ဒေါသကို ယှဉ်မှီးသင့်သလော။ ရှောင်ကြဉ်သင့်သလော။

ဤသို့ တွေးလိုက်သောအခါ ဒေါသသည် မလိုလားအပ်သော စိတ်၊ မယှဉ်မှီးသင့်သော စိတ်ဖြစ်ရာ ဒေါသအလျောက် ပြုမိသောအလုပ်သည် အမှန်မဟုတ်နိုင်၊ အမှားသာ ဖြစ်ရာ၏။

အချုပ်ကို ဆိုရလျှင် ဒေါသ၏ အစွမ်းကြောင့် ဆင်ကန်းတောတိုး မိုက်အိုးကြီးစွာ ပြုလုပ်ခဲ့သော အမှု၊ လူသုံးယောက်ကို ရက်စက်စွာ သတ်ဖြတ်ခဲ့သော အမှုသည် အမှားစင်စစ်



သာလျှင် ဖြစ်သတည်း။

ကျွန်ုပ် နောင်တအကြီးအကျယ် ရပါပြီ။ နောင်တ ဟူသည် နောင်သောအခါမှ တ,ရခြင်းပင် ဖြစ်ပါ၏။

ဖြစ်ပြီးကိစ္စကိုကား ပြုပြင်၍ မရတော့။ ကျွန်ုပ်ကား ကြိုးပေးခြင်း ခံရကာ အမှန်ပင် သေရပေတော့မည်။ ကျွန်ုပ် မသေမီ အချိန်ပိုင်း၊ ရက်ပိုင်းကလေးအတွင်းတွင် ကျွန်ုပ်အတွက် အကောင်းဆုံးဖြစ်အောင် ဘာလုပ်ရမည်နည်း။

လောလောဆယ်တွင်ကား သေရမည်ကို ကြောက်သောစိတ်ကြောင့် သွေးလေချောက်ချား ဖောက်ပြန်ကာ အရူးသဖွယ်ဖြစ်နေ၏။

အိပ်၍လည်း မပျော်၊ အစာလည်း စားချင်စိတ်မရှိ။ ဤအတိုင်းဆိုလျှင် ကျွန်ုပ်ကို မည်သူကမှ သတ်ရန် မလိုတော့ဘဲ သောကစိတ်၊ ကြောက်စိတ်ကြောင့်ပင်လျှင် အလိုလိုသေရမည် မုချဖြစ်ပေသည်။

◈◈◈

ကျွန်ုပ်ကို ကြိုးမိန့်ချမှတ်သည်မှာ တနင်္လာနေ့ဖြစ်၏။ ထို့နောက် ခုနစ်ရက်တိတိအကြာ နောက် တနင်္လာတွင် ကျွန်ုပ်ကို ကြိုးပေး သတ်ဖြတ်လိမ့်မည်။

ကြိုးမိန့်ချမှတ်လိုက်သည့် တနင်္လာနေ့က ထမင်းမစားနိုင်တော့။ တစ်ရေးမှုလည်း အိပ်၍မပျော်။ မျက်စိကြောင်နေကာ တွေးတော ပူပန်ခြင်း၊ ကြောက်ရွံ့ခြင်းဖြင့်ပင် မိုးစင်စင်လင်းရလေတော့သည်။

အင်္ဂါနေ့သို့ ရောက်လာ၏။ သေရန် တစ်ရက်နီးကပ်လာချေပြီ၊ သေရက်နီးလေ ကြောက်ခြင်း ပြင်းထန်လေဖြစ်၏။ ကျွန်ုပ် ကြောက်စိတ် ပြင်းထန်နေချိန်တွင် မကြောက်မရွံ့သော ပုဂ္ဂိုလ်များအကြောင်း စဉ်းစားမိသည်။

ကျွန်ုပ် ငယ်စဉ်က ဘုန်းတော်ကြီးကျောင်းတွင် နေခဲ့ဖူးရာ မင်္ဂလသုတ်ကို သင်ကြားရ၏။ မင်္ဂလသုတ်တွင် မကြောက်ရွံ့သော ပုဂ္ဂိုလ်များ၊ လောကဓံတရားနှင့် တွေ့ကြုံလျှင် မတုန်လှုပ် မချောက်ချားသော ပုဂ္ဂိုလ်များအကြောင်း ပါလေသည်။

လောကဓမ္မေဟိ - လောကဓံတရားရှစ်ပါးတို့နှင့်၊ ဖုဋ္ဌဿ - တွေ့ထသော၊ ယဿ - အကြင်ရဟန္တာပုဂ္ဂိုလ်တို့၏၊ စိတ္တံ - စိတ်သည်၊ နကမ္ပတိ- မတုန်မလှုပ်၊ အသောကံ - စိုးရိမ်ခြင်းလည်း မရှိ၊ ဝိရဇံ - ရမ္မက်ဟူသော မြူလည်း မရှိ၊ ခေမံ - ဘေးလည်း မရှိ။

ယင်းသို့ မင်္ဂလသုတ်တွင် ပါလေရာ ရဟန္တာများသည် ကြောက်ရွံ့ခြင်း၊ တုန်လှုပ်ခြင်း၊ စိုးရိမ်သောကရောက်ခြင်းတို့ လုံးဝကင်းရှင်းတော်မူကြလေသည်။

အာသဝေါကင်းသည့် ရဟန္တာသူမြတ်တို့ကား ကြောက်စိတ် စိုးစဉ်းမျှ မရှိတော့ပေ။ အတ္တကင်းပြတ်မှု၊ ငါ၊ ငါ့ကိုယ်၊ ငါ့ရုပ်၊ ငါ့နာမ်ဟူသော စွဲလမ်း


www.burmeseclassic.com

www.burmeseclassic.com

မှ ပျောက်ကင်းသဖြင့် ကြောက်ခြင်း၊ လန့်ခြင်း၊ စိုးရိမ်ခြင်း၊ ပူပန်ခြင်း၊ လုံးဝ ကင်းငြိမ်းတော်မူကြရခြင်းဖြစ်ပေသည်။

ကျွန်ုပ်သည်ကား ပုထုဇဉ် လူသာမန်မျှသာဖြစ်သဖြင့် အတ္တစွဲ၊ ငါစွဲ ပြင်းထန်ကာ ငါနာမည်၊ ငါသေမည်ကို ကြောက်နေခြင်းဖြစ်သည်။

ထို့ပြင် ကျွန်ုပ်သည် ပုထုဇဉ်ဖြစ်သောကြောင့်သာလျှင် ဆိုးရွားယုတ်မာ မကောင်းစွာသော လူသတ်မှုကြီးကို ကျူးလွန်မိခဲ့ခြင်းဖြစ်သည်။

ကျူးလွန်ခဲ့စဉ်က ဒေါသ အလျောက် မောဟအစွမ်းဖြင့် သတ်ခဲ့ခြင်းဖြစ်၏။ သို့သော် ယခုမူကား နောင်တ တများရကာ စိတ်ကောင်း လူကောင်းဖြစ်နေပါပြီ။ သို့ပါ၍ ကျွန်ုပ် ပြုခဲ့မိသည့် မကောင်းမှု ဒုစရိုက် အာနိသင်ကြောင့် အကြီးအကျယ် စိတ်ညစ်ရ၊ စိတ်ပူရ သောကဗျာပါဒရောက်၍နေပါပြီ။

ဤမျှသာ မဟုတ်သေးပါ။ မကြာမီ ရက်အနည်းငယ်အတွင်းမှာပင် အသတ်ခံရဦးမည်။

ရှင်တော်မြတ်ဘုရား ဟောတော်မူ၏။

"မကောင်းမှု ဒုစရိုက်ပြုကျင့်သူတို့သည် လှည်းတွင် တပ်ဆင် မောင်းနှင်သော နွားဏ် ခြေရာကို လှည်းဘီးသည် တကော်နင်းဘိသကဲ့သို့ မကောင်းမှု ဒဏ်ကို ခံရမြဲတည်း"

သေရမည်ကို ကြောက်သည့် စိတ်ကြောင့် ရင်ဝ လှံစူး၊ ထိပ်ဦး မီးလောင်သကဲ့သို့ အတိုင်းမသိ ပူပန်သောကရောက်ရင်းပင် တစ်နေ့ကုန်ဆုံးကာ ဗုဒ္ဓဟူးနေ့သို့ ရောက်ခဲ့ပေပြီ။ သေဘက်သို့ တစ်ရက်နီးလာပြန်ပြီဖြစ်၏။ သေရန် ငါးရက်သာ လိုပေတော့သည်။

သေခါနီးလေ ပိုကြောက်လေဖြစ်နေသောအခါ ကြောက်ခြင်း၏ သဘော သဘာဝ အနက်အဓိပ္ပာယ်နှင့် အရင်းအမြစ်ကို တွေးတော ကြံဆမိသည်။

ကြောက်ခြင်း၊ ပူပန်ဆွေးမြည့်ခြင်း၊ စိတ်မချမ်းမသာဖြစ်ခြင်းတည်းဟူသော ဒေါမနဿ၏ အရင်းအမြစ်ကား ဒေါသစိတ်ပင် ဖြစ်၏။

ဒေါသစိတ်ကို ဖြေဖျောက်နည်း၊ ဒေါသပြေပျောက်စေသည့်နည်းမှာ အဒေါသစိတ် (ဝါ) မေတ္တာစိတ်ပွားများခြင်းပင်ဖြစ်၏။

ယင်းသို့တွေးရင်း ကျွန်ုပ်ငယ်စဉ်က ကျွန်ုပ်၏ ဘွားအေကြီး ရွတ်ဆိုသည့် မေတ္တာပို့အမွှမ်းကို နားထဲတွင် ကြားယောင်လာသည်။

"ချမ်းသာစွာ အိပ်ရခြင်း၊ ချမ်းသာစွာ နိုးရခြင်း၊ ဆိုးရွားယုတ်မာ မကောင်းစွာသော မင်္ဂလာပျက် အိပ်မက်နိမိတ်တို့ကို မမြင်မမက်ရခြင်း၊ ရှစ်ရုံမျက်နှာ ရောက်လေရာ၌ ကလျာဏမိတ္တ ဖြစ်ပြီး ကြာသကဲ့သို့ မြင်သမျှလူ ကြည်ဖြူစုံမက် နှစ်သက်လေးမြတ် နတ်လည်း နာလို အချစ်ပိုခြင်း၊ မတွေမဝေဘဲ သေလွန်စုတေရခြင်း၊ ဈာန်သမာပတ် ရတုံလတ်က အမြတ်ပြဟ္မာ ဆယ့်ခြောက်ရွာသို့ ကောင်းစွာ လားရခြင်း တည်းဟူသော အကျိုးအာနိသင် ဆယ့်တအင်ကို လျင်လျင်ကြီး ပေးစေတတ်သော၊ ဗုဒ္ဓတ္တပဋိပတ္တာ ပါရမီအဝင် မန္တရားအထွတ်တင် အောင်သိဒ္ဓိဘုရင်ကို ကြည်လင်ပြန့်ပြော သဒ္ဓါဇောဖြင့် ဘောသာစုဇနော အို..သူတော်ကောင်း အပေါင်းတို့၊ ဣဒါနိ - ယခုအခါ၌ ဘာဝနာမ - မေတ္တာပွားတော်မူကြပါကုန်လော့"

ကွယ်လွန်သွားလေပြီဖြစ်သည့် ကျွန်ုပ်၏ ဘွားအေကြီးသည် ကျွန်ုပ်နား အနီးတွင် ကပ်၍ ရွတ်ဆိုနေသကဲ့သို့ အကြိမ်ကြိမ်အထပ်ထပ် ကြားနေရသည်။

အထူးသဖြင့် "မေတ္တာပွားတော်မူကြပါကုန်လော့"ဟူသော အသံကို ကျယ်ကျယ်လောင်လောင် ကြားနေရသည်။

မေတ္တာ၏ တန်ခိုး၊ မေတ္တာစိတ်ထားသူ၊ မေတ္တာပို့သူတို့ ရသည့်အကျိုးမှာ (၁၁)ပါးဖြစ်၏။ ထို (၁၁)ပါးတို့တွင် "မတွေမဝေဘဲ သေလွန်ရခြင်း"ဟူသော အကျိုးတစ်ပါးလည်း ပါ၏။

မတွေမဝေဘဲ သေလွန်ခြင်းဟူသည်မှာ တွေဝေခြင်းမရှိ၊ မေ့လျော့ခြင်းမရှိ၊ တရားနှင့် ယှဉ်သောစိတ်၊ ကောင်းသောစိတ်ဖြင့် သေရခြင်းဖြစ်၏။

ကျွန်ုပ်သည်လည်း ထိုကဲ့သို့ပင် မတွေမဝေဘဲ ကောင်းသောစိတ်ဖြင့် သေရသော် ကောင်းလေစွဟု တွေးတော တောင့်တမိ၏။

ထို့ပြင် မေတ္တာ၏အကျိုး(၁၁)ပါးတွင် မေတ္တာကမ္မဋ္ဌာန်း၊ မေတ္တာဘာဝနာကို ပေါက်မြောက်အောင် အားထုတ်လျှင် ဗြဟ္မာ့ပြည်သို့ ရောက်နိုင်၏။

ထို့ကြောင့် သေခါနီးဖြစ်သော ကျွန်ုပ်အတွက် မေတ္တာကမ္မဋ္ဌာန်း၊ မေတ္တာဘာဝနာပွားခြင်း၊ မေတ္တာပို့ခြင်းသည် အကောင်းဆုံးသော အလုပ်ပင်ဖြစ်၏။

ဟုတ်ပြီ၊ အကောင်းဆုံးသော အလုပ်ကို ကျွန်ုပ်လုပ်တော့မည်။

ကျွန်ုပ်သည် တင်ပလ္လင်ခွေထိုင်လိုက်ပြီး လက်နှစ်ဖက်ကို ပက်လက်လှန်ကာ လက်တစ်ဖက်ပေါ်တွင် လက်တစ်ဖက်ကို တင်၍ ခါးသန့်ကာ ဖြောင့်မတ်စွာ ထား၏။ ဦးခေါင်းကိုလည်း မတ်မတ်ထားပြီး မျက်စိမှိတ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

ထိုနောက် စိတ်ကို တစ်လောက ပြန့်စေကာ စိတ်ဖြင့်ပင် ရွတ်ဆိုပြီး မေတ္တာပို့၏။

"သတ္တဝါအားလုံး ဆင်းရဲကင်းကြပါစေ၊ ချမ်းသာကြပါစေ"

"သတ္တဝါအားလုံး ဆင်းရဲကင်းကြပါစေ၊ ချမ်းသာကြပါစေ"

"သတ္တဝါအားလုံး ဆင်းရဲကင်းကြပါစေ၊ ချမ်းသာကြပါစေ"

တစ်ခေါက်မဟုတ် နှစ်ခေါက်မဟုတ် သုံးခေါက်မဟုတ်။ အခေါက်ပေါင်းများစွာ။ ထပ်ကာ ထပ်ကာ အကြိမ်ပေါင်း မရေမတွက်နိုင်အောင် တကယ့်မေတ္တာစိတ်ကို လွှတ်ကာ သတ္တဝါတွေ တကယ်ချမ်းသာစေလိုသော စေတနာဖြင့် မေတ္တာပို့နေ၏။ ယင်းသို့ မေတ္တာပို့ရင်းပို့ရင်း စိတ်သည် ကြည်လင်သည်ထက် ကြည်လင်လာ၏။ အေးချမ်းသည်ထက် အေးချမ်းလာ၏။

ယင်းသို့ မေတ္တာပို့ရင်း တစ်လောကလုံးသို့ မေတ္တာစေတ် လွှတ်ရင်းလွှတ်ရင်းဖြင့် စိတ်ကြည်လင်သည်ထက် ကြည်လင်၊ စိတ်အေးသည်ထက် အေးဖြစ်နေစဉ်တွင် အသိဉာဏ်တစ်ခု ဝင်လာရာ ထိုအသိ၊ ထိုအကြံအတိုင်း လုပ်လိုက်ပြန်သည်။

ကျွန်ုပ်သည် တင်ပလ္လင်ခွေထိုင်ကာ အထက်တွင် ဖော်ပြခဲ့သည့် အနေအထားမျိုးအတိုင်းပင် နေ၏။

ယင်းသို့ ထိုင်နေရင်း ဝင်သက်ကို ရှူသွင်းလိုက်သည်နှင့် တစ်ပြိုင်နက် "သတ္တဝါအားလုံး"ဟု စိတ်ထဲက ရွတ်ပြီး သတ္တဝါအားလုံးထံ စိတ်ဓာတ်လွှတ်လိုက်၏။

တစ်ဖန် ထွက်သက်ကို ထုတ်လွှတ်လိုက်သည်နှင့် တစ်ပြိုင်နက် "ချမ်းသာကြပါစေ"ဟု စိတ်က ရွတ်ကာ



တကယ်ချမ်းသာစေလိုသော စေတနာအဟုန်ကို သတ္တဝါအားလုံးထံ ပို့လွှတ်လေသည်။

ယင်းသို့ဖြင့် ဝင်သက်ရှူသွင်းချိန်တွင် "သတ္တဝါအားလုံး"ဟု စိတ်က ရွတ်ဆို အာရုံပြုပြီး ထွက်သက်ထုတ်လွှတ်ချိန်တွင် "ချမ်းသာကြပါစေ"ဟု စိတ်က ရွတ်ဆို အာရုံပြုခြင်းကို ဆက်ကာ ဆက်ကာ မရပ်မနားပြုမှုများလာသောအခါ ပြောပြခြင်းငှာ မတတ်သာသော စိတ်၏ ချမ်းသာခြင်းပီတိသုခကို ခံစားရ၏။

စိတ်ရော၊ ကိုယ်ပါ အတိုင်းမသိ ကြည်လင်အေးမြ ချမ်းသာလှ၏။

သန္တိသုခ ဟူသည် ဤသုခ၊ ဤအရသာမျိုးဖြစ်လိမ့်မည်ဟု ထင်မှတ်မိပါသတည်း။

◈◈◈

ကျွန်ုပ်အား သေဒဏ်အမိန့်ချပြီးနောက် နှစ်ရက်မြောက်ဖြစ်သော ဗုဒ္ဓဟူးနေ့တွင် ကြောက်ရွံ့စိတ်လန့်ခြင်းတည်းဟူသော ဒေါသစိတ်မှ ပြေပျောက်စေရန် နည်းလမ်းရှာကြံရာတွင် မကြောက်ရွံ့ခြင်းဟူသည့် အဒေါသစိတ်ဖြစ်သော မေတ္တာတရား၊ မေတ္တာဘာဝနာ၊ မေတ္တာပို့သည့်လုပ်ငန်းကို တွေ့ရှိ ကျင့်ကြံအားထုတ်ခြင်းဖြင့် စိတ်အေးချမ်းသာမှု ရသင့်သလောက် ရပေပြီ။

ထို့ကြောင့် မေတ္တာသမထအလုပ်ကို စတင် အားထုတ်သည့် ဗုဒ္ဓဟူးနေ့ညတွင် ကောင်းမွန်နှစ်ခြိုက်စွာ အိပ်ရပြီး ကြာသပတေးနေ့ နံနက်တွင် စိတ်ကြည်လင် ချမ်းမြေ့စွာဖြင့် နိုးလာ၏။

မေတ္တာ ဘာဝနာပွားခြင်းအတွက် ချမ်းသာစွာ အိပ်ရခြင်း၊ ချမ်းသာစွာ နိုးရခြင်း၊ ဆိုးရွားယုတ်မာ မကောင်းစွာသော မင်္ဂလာပျက် အိပ်မက်နိမိတ်တို့ကို မမြင်မမက်ရခြင်း၊ ရပ်ရပ်မျက်နှာရောက်လေရာ၌ ကလျာဏမိတ္တ ဖြစ်ပြီးကြသကဲ့သို့ မြင်သမျှလူ ကြည်ဖြူစုံမက် နှစ်သက်လေးမြတ် နတ်လည်းနာလို အချစ်ပိုခြင်းဟူသော အကျိုးများကိုလည်း ရနိုင်လေရာ ကျွန်ုပ် လူသတ်မှုဖြစ်ပြီးနောက် မည်သည့်ညတွင်မျှ ကောင်းစွာ အိပ်မပျော်ခဲ့ဖူးပါလျက် ယမန်နေ့ညကမှသာလျှင် အိပ်ပျော်ခြင်းမှာ မေတ္တာဘာဝနာ၏ လက်ငင်းအကျိုးပေးခြင်းပေတည်း။

မေတ္တာပို့ခြင်း၏ စွမ်းအင်သတ္တိကြောင့် စိတ်ကြည်ကြည်လင်လင်ဖြစ်လာသောအခါ အကြောင်းအကျိုးကို စိတ်အေးလက်အေးဖြင့် တွေးမိပေသည်။

ဤနေ့ကား ကြာသပတေးနေ့ဖြစ်၏။ နောက် လေးရက်အကြာ တနင်္လာနေ့တွင် ကျွန်ုပ်ကို ကြိုးပေးသတ်ပေလိမ့်မည်။

ရောဂါဘယဖြင့် သေရခြင်းမဟုတ်ဘဲ တစ်စုံတစ်ယောက်၏ ပယောဂကြောင့် သေရခြင်းဖြစ်၍ သေရမည်ကို ကြောက်နေခြင်းဖြစ်၏။

အကယ်၍ တစ်စုံတစ်ယောက်

www.burmeseclassic.com

က ကျွန်ုပ်ကို သတ်ဖြတ်ခြင်း၊ ကျွန်ုပ်ကို ကြိုးပေးခြင်း မပြုချင်ကော ကျွန်ုပ် မသေဘူးလော။

မည်သူကမျှ မသတ်သည့်တိုင်အောင် သေနေကျလျှင် သေရမည်သာ ဖြစ်၏။ တစ်နည်းပြောရလျှင် မသေဘဲ မည်သူမျှ မနေရ။ တစ်နေ့နေ့တွင် ကေန်မုချ သေကြရပေမည်။

သတ္တဝါတို့သည် ပဋိသန္ဓေတည်နေသည်နှင့် တစ်ပြိုင်နက် သေမင်းက (ဝါ) သေခြင်းသဘောတရားက သေမိန့်ပေးပြီးသားဖြစ်သည်။

သူတစ်ပါးသတ်၍ သေရမည်ကို ကြောက်သလို၊ သေမင်းသတ်၍၊ သေတတ်မြဲ သဘာဝက သတ်၍ သေရမည်ကို မကြောက်သင့်ပါလော။

သေခြင်းဟူသည် ပြင်းထန်လှသော ဝေဒနာဖြစ်၍ သေမင်းသတ်၍ သေခြင်း၊ သေတတ်မြဲ သဘာဝက သတ်၍ သေခြင်းကိုလည်း ကြောက်သင့်၏။ ကြောက်ထိုက်၏။

လူသတ္တဝါမှန်သမျှတို့သည် ဘဝတိုင်း ဘဝတိုင်း သေခဲ့ကြရသည် ချည်းတည်း။ မသေရသော ဘဝ၊ တည်မြဲသော ဘဝ၊ အမြဲတည်နေရသော ဘဝဟူ၍ ဘယ်အခါမျှ မရှိ ဘယ်မှာမျှ မရှိ။

ကျွန်ုပ်သည် ယခုဘဝတွင် ကြိုးပေးသတ်ဖြတ်ခြင်းခံ၍ သေရမည်။ နောင်ဘဝ နောင်ဘဝတွင်လည်း တစ်နည်းနည်းဖြင့် သေရမည်သာ ဖြစ်သည်။ အသေဆုံးမည်၊ အသေပြတ်မည် မဟုတ်။ သေပြီးရင်း သေ၊ သေပြီးရင်းသေဖြင့် သေ၍ချည်းသာ နေရပေလိမ့်မည်။

ထိုအတူပင် လွန်ခဲ့ပြီးသော အတိတ်ဘဝပေါင်းများစွာတို့ကလည်း မရေမတွက်နိုင်အောင် သေပြီးခဲ့ပြီ။ သတ္တဝါတစ်ဦးဦး သေခဲ့ဖူးသဖြင့် ကြွင်းကျန်သော အရိုးတို့ကို စုပုံထားလျှင် ဝေဘူတောင်မျှမက ရှိပေပြီဟု အဆိုရှိ၏။

ထိုအဆိုအတိုင်းပင် ကျွန်ုပ်သည် ယခုဘဝတွင် သေရမည်ကို ကြောက်သလို၊ နောင် လာလတ္တံ့သော ဘဝပေါင်းများစွာ မရေမတွက်နိုင်အောင် တစ်သေတည်း သေ၍ သေ၍နေရမည် ကိုလည်း ကြောက်လာ၏။

သေခြင်းရှိလျှင် မသေခြင်းလည်း ရှိရပေမည်။

အဘယ့်ကြောင့် သေရသနည်း။ ဘဝရှိ၍၊ ရုပ်နာမ် နှစ်ရပ်ရှိနေ၍ သေရခြင်းဖြစ်၏။ ဘဝမရှိတော့လျှင်၊ ရုပ်နာမ် နှစ်ရပ် ချုပ်ငြိမ်းသွားလျှင် သေရတော့မည်မဟုတ်။

ထို့ကြောင့် နောင်ဘဝအသစ် ဖြစ်ပေါ်မလာအောင် အားထုတ်ရမည်။

ဘဝအသစ်အသစ် ဘာကြောင့် ဖြစ်ပေါ်ရသနည်း။ သေလိုက်၊ ပြန်မွေးလိုက်၊ သေလိုက် သတ္တဝါတစ်မျိုးမျိုး ပြန်ဖြစ်လိုက်ဖြင့် အဘယ်ကြောင့် ဘဝသံသရာလည်နေရသနည်း။

"ဥပါဒါန ပစ္စယာ ဘဝေါ"ဟူသော တရားဒေသနာတော်အတိုင်း တွယ်တာ စွဲလမ်းမှု ဥပါဒါန်ကြောင့် ဘဝအသစ်အသစ် ဖြစ်ပေါ်ရခြင်းဖြစ်သည်။

ဘဝကို တွယ်တာ စွဲလမ်းသည်။ အာရုံငါးပါး ကာမဂုဏ်တရားတို့ကို တွယ်တာ စွဲလမ်းသည်။ ထိုထို အာရုံတို့ကို ခံစားတတ်သော၊ ရုပ်နှင့် နာမ်တို့ကို တွယ်တာ စွဲလမ်းသည်။ ရုပ်-နာမ်တို့ကို တွယ်တာစွဲလမ်းမှုကြောင့် ရုပ်နာမ်အသစ်အသစ်ဖြစ်ပေါ်ရ၏။ ဘဝတစ်ခုပြီးလျှင် တစ်ခုဖြစ်ပေါ်ရ၏။

ဘဝကို မတွယ်တာ၊ မစွဲလမ်း၊ မတောင့်တလျှင် ဘဝဖြစ်၍မလာတော့ပေ။ ဘဝဖြစ်မလာလျှင် အို၊ နာ၊ သေ ဒုက္ခတို့မှ ကင်းငြိမ်း လွတ်မြောက်မည်။

ဘဝကို မတွယ်တာအောင်၊ ဘဝမဖြစ်ချင်၊ မလိုချင်အောင်၊ ဘဝ၏ (ရုပ်-နာမ်)အပြစ်ကို မြင်အောင် ရှုရမည်။

ရုပ်-နာမ်ဟူသော ဘဝ၊ (ဝါ) သတ္တဝါကောင်သည် အမှန်ပင် မမြဲသော အနိစ္စသဘောဖြစ်၏။ အမှန်ပင် ဆင်းရဲသော ဒုက္ခသဘောဖြစ်၏။ အမှန်ပင် အစိုးမရ။ ငါမဟုတ်။ အတ္တမရှိသော အနတ္တသဘောဖြစ်၏။ ယင်းသည် မမြဲမှု၊ ဆင်းရဲမှု၊ ငါအတ္တမဟုတ်မှုကို ပြက်ပြက်ထင်ထင် ပိုင်ပိုင်သိမှသာလျှင် ဘဝကို တွယ်တာမှု ပြတ်သဖြင့် ဘဝလည်း ပြတ်ပေလိမ့်မည်။

◈◈◈

သောကြာနေ့သို့ ရောက်၍လာပေပြီ။ သေရမည့်နေ့သို့ ရောက်ရန် သုံးရက်မျှသာ လိုတော့၏။

ကျွန်ုပ်သည် ပုထုဇဉ်မျှသာ ဖြစ်ရာ၊ ဤဘဝမှ စုတေပြီးနောက် ဘယ်ဘဝသို့ ရောက်ရမည်ကို မပြောနိုင်။ သူတစ်ပါး၏ အသက်များကို သတ်ထားသည့် အကုသိုလ် ဒုစရိုက်အထုပ်အထည်ကြီးကလည်း ရှိနေ၏။

ကျွန်ုပ်သည် ဖြစ်ရပ်တစ်ခုကို စဉ်းစားမိ၏။ ထိုဖြစ်ရပ်မှာ မြတ်စွာဘုရားသခင်လက်ထက်တော်မှ အင်္ဂုလိမာလ၏ ဖြစ်ရပ်ဖြစ်သည်။

အင်္ဂုလိမာလသည် ပုထုဇဉ်ဘဝက လူတွေကို သတ်ကာ လက်ညှိုးများကို ဖြတ်ယူ၏။ နောက်ဆုံးတွင် မိခင်ကို တွေ့ရာ မိခင်၏ လက်ညှိုးကိုပင် ဖြတ်ရန် လိုက်၏။ ထိုအခိုက် ဘုရားရှင်သည် အင်္ဂုလိမာလ၏ အနီးတွင် ရပ်တော်မူရာ ဘုရားသခင်၏



www.burmeseclassic.com

www.burmeseclassic.com

သက်ညှိုးကိုပင်လျှင် ဖြတ်ရန် လိုက်၏။

နောက်ဆုံးတွင်ကား မြတ်စွာဘုရား၏ တရားတော်ကို နာရသဖြင့် အကျွတ်တရားရကာ ရဟန္တာဖြစ်လျက် ဘဝဇာတ်သိမ်းတော်မူသည်။

ကျွန်ုပ်သည် အင်္ဂုလိမာလကို အတုယူ အားကျမိသည်။ သက်တော်ထင်ရှား ရှင်တော်မြတ်ဘုရားကား ရှိတော်မမူတော့။ သို့သော် ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူခဲ့သည့် တရားဒေသနာတော်မြတ်များမှာကား အထင်အရှားပင် ရှိပါ၏။

သုံးလောကထွက်ထား ရှင်တော်မြတ်ဘုရား ဟောကြားတော်မူသည့် သစ္စာလေးပါး တရားဒေသနာတော်ကို ဆင်ခြင်သုံးသပ်ကြည့်မိပါ၏။

"အို၊ နာ၊ သေ" "အို၊ နာ၊ သေ" ဖြင့် အစဉ်မပြတ် ဖြစ်ချည်၊ ပျက်ချည် ဖြစ်ပျက်နေသော ဘဝအဆက်ဆက်မြ ပါသည့် သံသရာကြီး၏ ဆင်းရဲခြင်း ဒုက္ခအမှန်ကို ကျွန်ုပ် တော်တော်ကြီး သိနေပါပြီ။

ယင်းသို့ ဒုက္ခဖြစ်ကြောင်းတရားတွယ်တာမှု သမုဒယကိုလည်း သဘောပေါက်ပါပြီ။

ဒုက္ခချုပ်ငြိမ်းရာ နိဗ္ဗာန်၏ ချမ်းသာခြင်းအမှန်တရားကိုလည်း ဆင်ခြင်မိပါပြီ။

နိဗ္ဗာန်ရောက်ကြောင်း လမ်းစဉ်ရှစ်ပါးအနက် မှန်ကန် ကောင်းမြတ်သော စကား၊ မှန်ကန်ကောင်းမြတ်သော အလုပ်၊ မှန်ကန် ကောင်းမြတ်သော အသက်မွေးမှုတို့ဖြင့် ကျွန်ုပ် ယခု ပြည့်စုံနေပါပြီ။

မှန်ကန်သော အားထုတ်မှု၊ မှန်ကန်သော သတိ၊ မှန်ကန်သော သမာဓိတို့နှင့် ပြည့်စုံရန် ကျွန်ုပ်သည် အာနာပါနခေါ် ထွက်သက် ဝင်သက်ကို အမြဲ



နလုံးသွင်း ရှုမှတ်ကာ မမြဲမှု-အနိစ္စ၊ ဆင်းရဲမှု-ဒုက္ခ၊ မိမိ မပိုင်ဆိုင်မှု-အနတ္တတို့ကို ထင်မြင်သဘောပေါက်အောင် မီးပွတ်သော ယောက်ျားကဲ့သို့ မနေမနား ကြိုးစား အားထုတ်နေပါပြီ။

ယင်းသို့ သမထနှင့် ဝိပဿနာတို့ကို အားထုတ်ဖန်များသောအခါ၊ အဆက်မပြတ် အားထုတ်လာသော အခါ ငါစိုး၊ ငါပိုင်၊ ငါဆိုင်သော အတ္တဟူသည် မြူမျှ မရှိ။ ဓာတ်သဘာဝတို့ သည်သာလျှင် သူ့သဘောကို သူ ဆောင်နေခြင်းဖြစ်ကြောင်း သိရှိထင်မြင်သဘောပေါက်လာပါသည်။

◈◈◈

သမထ ဝိပဿနာအလုပ်ကို ကြိုးကြိုးကုတ်ကုတ် သုံးရက် အားထုတ်လိုက်သောအခါ စိတ်ကျေနပ်ဖွယ်ကောင်းလောက်အောင်ပင် ပေါက်မြောက်ပါ၏။ လူဖြစ်ကျိုးနပ်ပေပြီ။

ကျွန်ုပ်ကို ကြိုးပေး သတ်ဖြတ်မည့် တနင်္လာနေ့သို့ ရောက်လာ၏။

နံနက်စောစောတွင်ပင် ထောင်မှူးများသည် ကျွန်ုပ်ကို လာ၍ခေါ်ရာ ကျွန်ုပ်၏ ဝဲယာတွင် ထောင်မှူးတစ်ယောက်စီတွဲလျက် ကြိုးစင်သို့ လာခဲ့၏။

ကျွန်ုပ်သည် မျက်စိကို မှိတ်ရင်း အားထုတ်ထားသော ဝိပဿနာလုပ်ငန်းကိုပင် အားထုတ်မြဲ ထုတ်နေ၏။ ကျွန်ုပ်၏ ကိုယ်ကို ဆင်ခြင် သုံးသပ်ကြည့်လိုက်သောအခါ ကျွန်ုပ်ဟူ၍ မမြင်တော့။ ဓာတ်ကောင်၊ ဓာတ်ရုပ်ကြီးသဖွယ် ထင်မြင်နေ၏။

ကြိုးစင်ပေါ်သို့ ရောက်ပေပြီ။ ကျွန်ုပ်၏ လည်ပင်းကို ကြိုးကွင်းစွပ်ပြီး ကျွန်ုပ်၏ မျက်နှာကို မျက်နှာဖုံးစွပ်၏။

ကျွန်ုပ်သေရပေတော့မည်။

"သတ္တဝါအားလုံး ဆင်းရဲကင်းကြပါစေ၊ ချမ်းသာကြပါစေ၊ သတ္တဝါများ၏ ကိုယ်စား ငါသေရခြင်း ဖြစ်ပါစေသတည်း"

"သာဓု…သာဓု…သာဓု"

သာဓုခေါ်သံများ ကြားသဖြင့် မျက်စိဖွင့်ကြည့်လိုက်ရာ ကျွန်ုပ်အိပ်မက် မက်နေခြင်းဖြစ်ကြောင်း သိရ၏။

နတ်ကောင်း နတ်မြတ်များက ကျွန်ုပ်အား သတိပေးကာ တရားပြခြင်းပင် ဖြစ်လေသလောဟု တွေးတောမိပါသတည်း ■

* * *

ရန်အောင်





www.burmeseclassic.com


www.burmeseclassic.com


# မင်းလှမြို့ ရွှေဘုန်းသာဘုရားနှင့် အထက်မင်းလှခံတပ်

စိုးစိုး









မကွေးတိုင်း အထက်မင်းလှမြို့ကိုရောက်တော့ ရွှေဘုန်းသာဘုရားကိုဖူးမြော်ပြီး၊ နယ်ချဲ့ကိုခုခံခဲ့တဲ့ အထင်ကရ မြန်မာ့သမိုင်းဝင် မင်းလှခံတပ်ကိုရောက်ဖြစ်ခဲ့သည်။ မင်းလှခံတပ်ကို ရှေးဟောင်းယဥ်ကျေးမှုသုတေသနက ထိန်းသိမ်းထားရှိသည်။ ယင်းခံတပ်ကို လှည့်ပတ်ကြည့်ရှုပြီး မြန်မာတို့ သူ့ကျွန်မခံ ခုခံတွန်းလှန်ခဲ့ပုံများကို တွေးမြင် ယောင်နေမိ တော့သည်။ နယ်ချဲ့သည် မြန်မာပြည်အား လွယ်လွယ်နှင့်တော့ မသိမ်းပိုက်နိုင်ခဲ့သည်မှာ ဤမင်းလှခံတပ်က သက်သေခံ



www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com



လျက်ရှိပေသည်။ ရောဝတီမြစ်ကြောင်းတစ်လျှောက် အင်္ဂလိပ်စစ်သင်္ဘောများကို ခံတပ်များဖြင့်ခုခံခဲ့ကြသည့်တွင် သမြေတန်းခံတပ်နှင့် မင်းလှခံတပ်တို့မှာထင်ရှားပါသည်။ ယင်းခံတပ်များသည် ယခုဆိုလျှင် နှစ်ပေါင်းတစ်ရာ ကျော်သက်တမ်းရှိပြီး ရှေးမြန်မာတို့၏ သူ့ကျွန်မခံလိုသော ဇာတိသွေး ဇာတိမာန်ကိုပြသသော ရှေးဟောင်းအမွေအနှစ် သက်သေခံများပင်ဖြစ်တော့သည်။

ထို့ကြောင့် ရောက်တုန်းရောက်ခိုက် မင်းလှခံတပ်၏ အသွင်အပြင်များနှင့် ခံတပ်အတွင်းရေးထိုးထားရှိသော ကျောက်စာပါ သမိုင်းကြောင်းအား လေ့လာကြည့်မိသည်။

မင်းလှခံတပ်ကို ခရစ်နှစ် (၁၈၆၀ - ၆၁) ခုနှစ်တွင် မင်းတုန်းမင်း၏ညီတော် ကနောင်မင်းသားကြီး၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တည်ဆောက်ခဲ့ပါသည်။ ပြင်သစ်နှင့် အီတာလျံလူမျိုး အင်ဂျင်နီယာများဖြစ်ကြသည့် ကိုမိုတိုပယ်ရီနှင့် မိုလီနာရီတို့၏ အကူအညီဖြင့် နိုင်ငံခြားပညာတော်သင် မြန်မြန်မာအင်ဂျင်နီယာလူငယ်များ ပူးပေါင်းတည်ဆောက်ခဲ့ပါသည်။

ခံတပ်ကြီးမှာ အရှေ့အနောက် အလျား (၁၈၄) ပေနှင့် တောင်မြောက်အလျား (၁၇၁)ပေ၊ အမြင့်(၂၂)ပေရှိပြီး ဧရာဝတီမြစ်၏အနောက်ဘက်ကမ်းပါးတွင်တည်ဆောက်ထားခြင်းဖြစ်ပါသည်။ ခံတပ်ကြီး၏ ပန္နက်ဖွဲ့စည်းပုံအနေအထားမှာ အနောက်ဘက်တွင် ဝင်ပေါက်တစ်ခုရှိပြီး ခံတပ်၏အလယ်တွင် ကွက်လပ်ချန်လှပ်၍ နံရံလေးဘက်တွင် စစ်သည်တော်များနေထိုင်ရန်၊ ရိက္ခာသိုလှောင်ရန် စသည့်အခန်းများပါဝင်ဖွဲ့စည်းထားပါသည်။ အခန်းအရေအတွက်မှာ အရှေ့ဘက်ခြမ်းတွင် (၇)ခန်း၊ အနောက်ဘက်တွင် (၄)ခန်း၊ တောင်ဘက်တွင်(၆)ခန်း၊ မြောက်ဘက်တွင်(၄)ခန်း၊ စုစုပေါင်း (၂၁)ခန်းရှိသည်။ ခံတပ်၏ အတွင်းပိုင်းမှ အပေါ်သို့ တက်ရောက်ရန် တောင်ဘက်နံရံတွင် လှေကား (၂)စင်းနှင့် မြောက်ဘက်နံရံတွင် လှေကား(၂)စင်း တပ်ဆင်ထားသည်။

ထို့အတူ ခံတပ်၏ အနောက်ဘက်အဝင်ပေါက်ဝဲယာမှ ခံတပ်အပေါ် သို့ အမြောက်များတင်ရန်အတွက် ဆင်ခြေလျော လမ်းပြုလုပ်ထားပြီး အပေါ်ထပ်တွင် အဝင်ပေါက်ပြုလုပ် ပေးထားပါသည်။ အမြောက်ဒဏ်ကို ခံနိုင်ရည်ရှိစေရန်နံရံ ထုကြီးနှစ်ခုကြား၌မြေသားဖို့၍ တည်ဆောက်ထားရှိသည်။

၁၈၈၅ ခုနှစ်တွင် နယ်ချဲ့ဗြိတိသျှတပ်များ ဝင်ရောက်တိုက်ခိုက်စဉ် မင်းလှခံတပ်မှ မင်းထင်မင်းလှရဲခေါင်သူရိန်နှင့် တပ်သား(၅၀၀)ကျော်တို့က အမြောက်ကြီး (၃၅)လက်၊ ဓား၊ သေနတ်၊ မီးပေါက် စသည်တို့ဖြင့် ကြံ့ကြံ့ခံကာ ခုခံတိုက်ခိုက်ခဲ့ကြသည်။ ခံတပ်ကြီး၏ မြောက်ဘက်အနီးတွင် မြန်မာဘုရင်ခေတ် ကြေးနန်းရုံငယ်တစ်ခု ယနေ့တိုင်ကျန်ရှိ၍ ဤဦးစီးဌာနမှ ထိန်းသိမ်းစောင့်ရှောက်ထားပါသည်။ မင်းလှခံတပ်ကို ဗဟားဝင်အဆောက်အအုံအဖြစ် သတ်မှတ်၍ ၁၉၅၇ ခုနှစ်မှ ယခုအချိန်ထိ ရှေးဟောင်းသုတေသနအမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနက ပြုပြင်ထိန်းသိမ်း စောင့်ရှောက်လျက်ရှိပါသည်။

ဤသို့ဖြင့် ရှေ့ဘုန်းသာဘုရားကို ဖူးမြော်ကန်တော့ရင်း အင်္ဂလိပ်ကျူးကျော်စစ်ကို ရှုပ်ရှုပ်ချွန်ချွန်ခုခံကာ ကျဆုံးခဲ့ကြရသော သူရဲကောင်းများအား အမှုအတန်းပေးဝေ နေမိပါတော့သည်။

(ဓာတ်ပုံများကူညီပေးသော ညီမငယ်ဆုမြတ်ဝင်းထွန်းအားကျေးဇူးတင်လျက်။)

* * *

စိုးစိုး

www.burmeseclassic.com

## ဝင်းမောင်ကျော်

# ကံတူ အကျိုးပေး

"ကိုမောင်… ရှင့်အစ်ကိုကြီး ခုံးသွားပြီတဲ့"

ကိုဝင်းမောင် အလုပ်က ပြန်လာပြီး အိမ်ထဲသို့ ဝင်လိုက်ရုံရှိသေး၊ အမောဆို့စရာ စကားကို ကြားလိုက်ရသည်။ ထို့ကြောင့် ညှော့ခန်းရှိရာ ကုလားထိုင်တွင် စိတ်ပျက်လက်ပျက် ဝင်ထိုင်ရင်း ဇနီးသည်ကို လှမ်းခေါ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ကဲ··· ဒီကို လာပြီး အကျိုးအကြောင်း သေချာပြောစမ်းပါဦး"

ကိုဝင်းမောင်၏ ခေါ်သံကြောင့် ဇနီးသည်က သူ့အနီးရှိ ကုလားထိုင်အလွတ်တွင် သွားရောက်ထိုင်ပြီး ကိုဝင်းမောင်အခြေအနေကို အကဲခတ်၍ ဇာတ်လမ်းစ,ပြောတော့သည်။

"ညနေပိုင်းလောက်က ရွာက တယ်လီဖုန်းလာတယ်။ ကိုမောင့်အစ်ကိုကြီး ဦးဘဒွေး ဒီနေ့မနက်ကပဲ ဆုံးသွားတယ်လို့ ပြောတယ်။ အဲဒါ အသုဘချရက်အမီ ကိုမောင့်ကို လာခဲ့ဖို့ အကြောင်းကြားတာ။ သိသိချင်း အမြန်လာခဲ့ပါတဲ့။ အဲဒါ ကိုမောင် ဘယ်လိုလုပ်မလဲ"

ဇနီးသည်၏ စကားကို နားထောင်နေရင်းကပင် ကိုဝင်းမောင် သူ လုပ်ကိုင် ဆောင်ရွက်ရမည့် အစီအစဉ်များကို စိတ်ထဲမှာ ရေးဆွဲနေမိသည်။ ပြီးလျှင်···

"မိန်းမရေ···မင်းသားကြီးကို ခေါ်စမ်းကွာ။ ဒီကောင့်ကို ရွာကို အရင်သွားနှင့်ခိုင်းပြီး ငါက ရုံးမှာ ခွင့်ယူပြီးမှ နောက်က လိုက်သွားမယ်။ ရုံးမှာက လည်း စာရင်းစစ်တွေ ဝင်နေတော့ အလုပ်ပျက်လို့ မရဘူး။ ဒါပေမယ့်လည်း နာရေးကိစ္စဆိုတော့ ကိုယ်တိုင်သွားပြီး နားလည်အောင် ပြောရမှာပဲ။ ကဲ··· မင်းသား ဘယ်သွားလဲ၊ ခေါ်။ သူ့ကို ဒီညကားနဲ့ပဲ ရွာကို သွားခိုင်းလိုက်မယ်၊ မြန်မြန်လုပ်"

ကိုဝင်းမောင်စကားကြောင့် ဇနီးဖြစ်သူက သားကြီးကို ရှာဖွေရန် အိမ်အပြင်သို့ ထွက်သွားသည်။ မကြာမီ သားကြီးနဲ့ ဇနီးသည်တို့ ကိုဝင်းမောင်ရှေ့ ရောက်လာကြသည်။

"ကဲ··· သားကြီး၊ အဖေက မနက်ဖြန် ရုံးမှာ ခွင့်ရအောင် ပြောဆိုပြီးမှ နောက်က လိုက်ခဲ့မယ်။ မင်းက ခုချက်ချင်း မီရာကားနဲ့ ရွာကို လိုက်သွားပေတော့။ ဟိုရောက်ရင် လုပ်စရာရှိတာ ဝိုင်းပြီးလုပ်ကိုင်ပေးထား၊ ကြားလား။ အဖေ နောက်က အသုဘချအမီ လိုက်ခဲ့မယ်ဆိုတာလည်း ပြောပြ။ ဘာမှ စိတ်မပူနဲ့လို့၊ အဖေလာဖြစ်အောင် လာခဲ့မယ်လို့။ ကဲ···ကဲ···မင်းသွားဖို့ အမြန်လုပ်ပြီး သွားတော့"

ကိုဝင်းမောင် စကားဆုံးသည်နှင့် သားကြီးက ခရီးသွားရန် ပြင်ဆင်နေသဖြင့် ဇနီးသည်ကလည်း သားကြီးအတွက် လိုအပ်သည်များကို ဝိုင်းကူဆောင်ရွက်ပေးလျက်ရှိသည်။ မကြာမီ သားကြီး အထုပ်အပိုးများနှင့် အိမ်မှ ထွက်သွားသည်။

ကိုဝင်းမောင်က ရေချိုး အဝတ်အစားလဲ၍ ထမင်းစားသောက်ပြီးသည်နှင့် အိမ်ရှေ့ ဧည့်ခန်းရှိ ကုလားထိုင်တွင် တစ်ယောက်တည်း ထိုင်ရင်း အစ်ကိုကြီး ကိုဘဒွေးနှင့် သူ၏ မိသားစု အကြောင်းများကို စဉ်းစားမိကာ သူ၏ မျက်ဝန်းအစုံတွင် ပုံရိပ်များက အထင်းသားဖြစ်လာလေသည်။

◈◈◈

ကိုဝင်းမောင်တို့ မိသားစုတွင် မောင်နှမသုံးယောက်ရှိသည်။ ကိုဘဒွေးက အကြီးဆုံးသားဖြစ်၍ ကိုဝင်းမောင်က ဒုတိယသားဖြစ်သည်။ အငယ်ဆုံးမှာ မခင်လှဆိုသော သမီးမိန်းကလေးဖြစ်သည်။ မောင်နှမအားလုံး အိမ်ထောင်ရက်သားကျခဲ့ကြပြီး သားသမီးများ အစီအရီထွန်းကားခဲ့ကြရာ ကိုဘဒွေးက သားနှင့် သမီး နှစ်ယောက်၊ ကိုဝင်းမောင်က သားတစ်ယောက်၊ သမီးနှစ်ယောက်၊ ညီမ မခင်လှက မိန်းကလေးချည်း သုံးယောက် ထွန်းကားခဲ့ကြသည်။

ကိုဝင်းမောင်က သားသမီးများ ရပြီးသည်နှင့် ရွာမှ ပြောင်းကာ မြို့ပေါ်တွင် လုပ်ငန်းအခြေချ၍ နေထိုင်လာခဲ့သည်မှာ ဆယ်စုနှစ်တစ်စုကျော်ခဲ့လေပြီ။ ကိုဘဒွေးနှင့် ညီမ မခင်လှတို့ကမူ ရွာ၌ပင် လယ်ယာလုပ်ငန်းဖြင့် လုပ်ကိုင်ဆောင်ရွက်ရင်း မိသားစုနှင့် နေထိုင်ခဲ့ကြသည်။ ကိုဘဒွေးက လယ်ယာလုပ်ငန်းထက် ထန်းတက်သောအလုပ်ကို ပို၍နှစ်သက်သူဖြစ်သည်။

မိဘဘိုးဘွားများကလည်း ထန်းတောများကို ပိုင်ဆိုင်၍ အမွေခွဲပေးရာတွင် ကိုဘဒွေးက ထန်းတောကို အပိုင်ရရှိခဲ့သည်။ ထို့ကြောင့် ထန်းတက်၍ ထန်းရည်ရောင်းခြင်း၊ ထန်းလျက်ချက်ခြင်း စသည့်လုပ်ငန်းများကိုသာ တစ်စိုက်မတ်မတ် လုပ်ကိုင်ခဲ့သူဖြစ်သည်။ ထို့ကြောင့် ထန်းရည်ကို ကြိုက်နှစ်သက်စွာ နေ့စဉ် သောက်သုံးသူလည်း ဖြစ်သည်။

တစ်ခါတစ်ရံ ကိုဘဒွေး ထန်းရည်မူး၍ ရွာရိုးကိုးပေါက် လျှောက်ပတ်ကာ ဆဲရေးတိုင်းထွာမှုများ ပြုလေ့ရှိသဖြင့် ဖခင်ဖြစ်သူက ပြောဆိုဆုံးမသော်လည်း ကိုဘဒွေးက ထန်းရည်မူးအရှိန်ကြောင့် ဖခင်စကားကိုပင် နားမထောင်။ သူထင်ရာသူ ဇွတ်လုပ်လေ့ရှိသဖြင့် မိခင်၊ ဖခင်တို့မှာ အသက်အရွယ်ကြီးမှ ကိုဘဒွေးကြောင့် စိတ်သောကရောက်ရလေသည်။

တစ်ခါက ထန်းရည်အကြွေးသောက်သွားသူ ရွာထဲမှ ချက်ကြီးနှင့် ကိုဘဒွေးတို့ စကားများ ရန်ဖြစ်ကြကာ ဓားခွဲ၊ တုတ်ခွဲဖြင့် ရွာထဲတွင် ဝရုန်းသုန်းကားဖြစ်နေကြသည်။ ထိုအကြောင်းကို ကိုဘဒွေး၏ ဖခင်ကြီး ကြားသိရ၍ လိုက်ပြီးဖျန်ဖြေရာ ထန်းရည်အမူးလွန်နေသော ကိုဘဒွေး၏

www.burmeseclassic.com

...နေကာမှုကြောင့် ဖခင် ဦးငွေရမှာ ဦး...င်းတွင် ဒဏ်ရာရကာ သုံးလေး ...ချုပ်ရသည်အထိ ဖြစ်သွား၏။

သို့သော် ကိုဘငွေးကား မဆင်ခြင်၊ ဆက်၍ ထန်းရည်သောက်မြဲ ...ားများ ရန်ဖြစ်မြဲကြောင့် တစ်ရွာ ...က သူ့ကို အော့နှလုံးနာကြသည်။ ...ရာတွင် ကိုဘငွေးက တစ်ရွာလုံးကို ...မစိုက်။ လူမိုက်လုပ်၍သာ နေ၏။ ...စိတ်နှင့်ပင် ဖခင်ရော မိခင်ကြီးပါ ...မ်းပါးသွားခဲ့ကြရသည်။

သည့်လိုနှင့် ကိုဘငွေးအသက်အရွယ်က ၅၀ ကျော်လာသည်။ မွေးထားသည့် ထွန်းမြင့်ဆိုသည့် သားယောက်ျားလေးကလည်း တဖြည်းဖြည်း အရွယ်ရောက်လာသည်။

ထွန်းမြင့်ကလည်း ငယ်စဉ်ကတည်းက ကျောင်းပညာကို သင်ကြားရန် စိတ်မဝင်စား။ ဖခင် ဦးဘငွေး၏ လက်ငုတ်လက်ရင်းဖြစ်သည့် ထန်းတက်လုပ်ငန်းကိုသာ သဘောကျနှစ်ခြိုက်သောကြောင့် ဖခင်၊ မိခင်တို့နှင့် လက်ရေတစ်ပြင်တည်း ပါဝင်ကူညီလုပ်ကိုင်ပေးခဲ့သည်။ ထိုအခါ အတော့မြင် အတတ်သင်ဟူသော စကားအတိုင်း ခင်ကဲ့သို့ ထန်းရည်သောက်တတ်လာသည်။ ထိုမှတစ်ဆင့်တက်၍ ဖခင်ရိုက်အတိုင်း ထန်းရည်မူးပြီး ရွာထဲ၌ သောင်းကျန်း၍ ဖခင် ဦးဘငွေးမှ လိုက်ထိန်းခဲ့ရပေါင်း မနည်းတော့။

တစ်ခါတွင် ဦးဘငွေး၏ ထန်းရည်ဆိုင်၌ တစ်ရွာတည်းသား အောင်ကြီးတို့အုပ်စုနှင့် ထွန်းမြင့်တို့ စကားများရန်ဖြစ်ကြရာ တုတ်၊ ဓားကိုင်၍ ထိုးကြကြိတ်ကြသည်အထိ ဖြစ်ကြသည်။ ဦးဘငွေးက ဆိုင်ရှင်ပီပီ ကြားက ဝင်ရောက် ဟန့်တားဖြေရှင်းသော်လည်း ...၊ ထွန်းမြင့်ကိုယ်တိုင်က ထန်းရည်



မူးနေသည်။ အောင်ကြီးတို့အုပ်စုကလည်း ထန်းရည်မူးနေသည်။ နှစ်ဦးနှစ်ဖက် ရိုက်နှက်ကြရာတွင် ကြ...မှ ဖျန်ဖြေသော ဦးဘငွေးတစ်ယောက် တုတ်နှင့် အရိုက်ခံရပြီး လက်ကောက်ဝတ်တစ်ဖက် ကျိုးသွားရသည်။ သို့တိုင် ထွန်းမြင့်ကား ဖခင်ကို အာရုံမစိုက်၊ ခေါင်းငိုက်စိုက်ချ၍ ထန်းရည်မူးနေခဲ့သည်။

"အင်း…ငါကတော့ ခု ဒီလိုတွေဖြစ်တာ ငါ အဖေ့ကို လုပ်ခဲ့တဲ့ ဝဋ်တွေလည်တယ်လို့ ထင်တယ်။ အေးလေ၊ ဝဋ်မှာ အမြဲ ငရဲမှာ အပဆိုတဲ့ စကားလို ဝဋ်ရှိသမျှ ပေးဆပ်ရမှာပေါ့"

ကိုဘငွေးက သူ့အဖြစ်အပျက်ကို ကြည့်ကာ တရားရနေမိသည်။

◈◈◈

ထွန်းမြင့်က ဘာကိုမှ ဂရုမစိုက်၊ ဆက်၍ မိုက်တွင်းနက်နေသည်မှာ ယခုတိုင်ဖြစ်ကြောင်း ရွာမှ လာသည့်သူတို့ထံမှ သတင်းကြားရသည်။

ထို့ကြောင့် ကိုဝင်းမောင်စိတ်ထဲ အနည်းငယ် စိတ်ထင့်သွားမိသည်။

"အင်း…ငါ့သား ရွာရောက်ရင် အစ်ကိုကြီးအိမ်မှာ သွားတည်းရင်တော့ ဒုက္ခပဲ။ ထွန်းမြင့်က ညီအစ်ကိုဆိုပြီး ထန်းရည်တွေ ဘာတွေ စွတ်တိုက်နေရင် ဒုက္ခ။ ညီမ မခင်လုတို့အိမ်မှာ သွားတည်းလို့ မပြောလိုက်မိဘူး။ အင်း…ငါ့သားက လိမ္မာရေးခြားရှိပြီးသားပါ။ ပြီးတော့လည်း မနက်ဖြန် လိုက်သွားမှာပဲလေ"

ကိုဝင်းမောင် သူ၏ စိတ်အတွေးကို ဖြေရင်း တစ်ညတာ ကုန်ဆုံးသွားစေလိုက်သည်။

နံနက်မိုးလင်းသည်နှင့် အိမ်မှ အဝတ်အစားထုပ်ကို ယူကာ ရုံးသို့သွား၍ ခွင့်ယူလိုက်သည်။ ခွင့်ရသည်နှင့် အဝေးပြေးဂိတ်သို့ လာကာ ရွာသို့သွားရန်အတွက် ရွာရောက်သည့် ကားကို စီး၍ ထွက်လာခဲ့သည်။

◈◈◈

ရွာသို့ ကိုဝင်းမောင် ရောက်သည့်နေ့မှာပင် အသုဘချမည့်ဖြစ်၍ အချိန်မီရောက်သွားသည်ဆိုရုံလေးဖြစ်သည်။ ရွာ၏ ထုံးစံအတိုင်း အသုဘအိမ်မှ သင်္ချိုင်းကုန်းသို့ အလောင်းထမ်းစင်ကို ထမ်းသယ်၍ အသုဘ လိုက်ပို့သူများက ခြေလျင်လိုက်ပါ ပို့ဆောင်ကြရလေသည်။ အသုဘမှာ နှစ်ဖက်ဆွေမျိုး အသိုင်းအဝိုင်းအပြင် တစ်ရွာလုံးလိုလို လိုက်ပါပို့ဆောင်ကြသဖြင့် စည်ကားလှသည်။

ကိုဘငွေး၏ သား ထွန်းမြင့်ကား ထန်းရည်မူးကာ တစ်ခါတစ်ရံ ဟိုယိုင်ဒီယိုင်ဖြင့် အလောင်းသေတ္တာကို ဝင်ထမ်း၍ တရှုပ်ရှုပ်ဝိုရင်း အလောင်းသယ်ခြင်းကို ရပ်တန့်ခိုင်းသည်။ ပြီးလျှင် အလောင်းသေတ္တာကို ဖက်၍…

"အဖေ…သားကို ခွင့်မလွှတ်ပါနဲ့ဗျာ။ သားကြောင့် အဖေ့လက် ...

www.burmeseclassic.com

သွားရတာ။ အခု သားလက်ကို အဖေ လာပြီးချီလိုက်ပါ အဖေ။ အဖေ စိတ်တိုင်းကျ ထ,ပြီး ကျွန်တော့်ကို ရိုက်လိုက်စမ်းပါ"

ထွန်းမြင့်က သူ၏ ဦးခေါင်းဖြင့် အလောင်းသေတ္တာကို ပြေး၍ ပြေး၍ ဆောင့်နေ၏။ အလောင်းထမ်းသည့်သူများမှာ အလောင်း မြေသို့ မကျအောင် မနည်းထိန်းချုပ်၍ သယ်မ,နေကြရ၏။ ထွန်းမြင့်မှာ ထိုမျှနှင့်မကာ၊ အလောင်းထမ်းသွားရာ လမ်းတစ်လျှောက် ဘေးဘက်တွင် သူ၏ ကိုယ်ကို မြေပေါ်သို့ လှူးလှိမ့်ချကာ အော်၍ ငို၏။ တစ်ဖန် အလောင်းကို ပြေးဆွဲပြီးလုပ်နေသောကြောင့် အသုဘပို့လိုက်ကြသူများမှာ စိတ်ဆင်းရဲနေကြရလေသည်။

"အဖေ···ကျွန်တော့်ကို တစ်ယောက်တည်း ထားခဲ့ပြီလား အဖေရဲ့ ပေါဒီ သားဆိုးသားမိုက်ကို ဒီလိုပဲ စွန့်ပစ်ခဲ့တော့မှာလား။ ကျွန်တော်လည်း မနေဘူး။ အဖေနဲ့ အတူတူလိုက်မယ်။ အဖေ ကျွန်တော့်ကို တစ်ပါတည်း ခေါ်သွားပါ အဖေ၊ အဖေ···"

ထွန်းမြင့်မှာ မည်သူမျှ တားခီးမရ။ တားဆီးချုပ်နှောင်ထားသူများထံမှ အတင်းရုန်းထွက်ကာ အလောင်းကို ပွေ့ဖက်၍ ကားဆီးနေပြန်၏။ ထိုအခါ အလောင်းထမ်းသူအဖွဲ့မှ လူကြီးတစ်ဦးက စိတ်မရှည်ဟန်ဖြင့် မျက်နှာထားတင်းကာ ထွန်းမြင့်ကို ဟောက်ပြောပြောလိုက်သည်။

"ဒီမှာ ထွန်းမြင့်၊ မင်းအဖေက သေသွားပြီ။ အခုမှ လာပြီး မင်း တမ်းတ လွမ်းပြနေလို့လည်း မင်းအဖေက သိမှာ မဟုတ်ဘူး။ ပြီးတော့ ဒီအလောင်းဆိုတာ လမ်းမှာ ချထားခဲ့လို့ ရတာမဟုတ်ဘူး။ မင်း အေးအေးဆေးဆေးလိုက်ခဲ့ပါ။ ဒါမှမဟုတ်ဘူးဆိုရင် ငါတို့တွေ မင်းအဖေအလောင်းကို ပေါဒီလမ်းခုလတ်မှာပဲ ချထားခဲ့တော့မယ်။ မင်းဟာမင်း လုပ်ချင်ရာလုပ်၊ ဘယ်လိုလဲ"

စကားဆုံးတော့ ထွန်းမြင့် အသာငြိမ်ကုပ်သွားသည်။ သို့ရာတွင် အံကိုကြိတ်၍ မျက်ထောက်နီကြီးဖြင့် ကြည့်ကာ ဘေးတစ်ဖက် လူအုပ်ကြားထဲမှ ပြေးထွက်သွားလိုက်သည်။ ပြီးလျှင် လမ်းမပေါ်၌ အသင့်တွေ့ရသော အုတ်ခဲကျိုးဖြင့် သူ့ခေါင်းကို အားပါးတရ ထုလိုက်ရာ သွေးများ ဖြာခနဲ စီးဆင်းသွားသည်။ သူတစ်ကိုယ်လုံးလည်း သွေးများ ရဲရဲနီ ပေကျံနေသည်။ ထိုအတိုင်း သင်္ချိုင်းကုန်းသို့ လိုက်ပါလာသည်။

သင်္ချိုင်းကုန်းရောက်သည်နှင့် ပင့်သံဃာများရှေ့တွင် သရဏဂုံဆောက်တည်ကာ အမျှပေးဝေကြသည်။ ပြီးလျှင် အလောင်းကို မြေမြှုပ်ရန် နောက်ဆုံးအကြိမ် အလောင်းသေတ္တာ အဖုံးကို ဖွင့်၍ မိသားစုကို ပြသည်။ ထွန်းမြင့်က ဖခင်ကို ပြေးဖက်ရန် လူအုပ်ကြားမှ ရှေ့သို့ တိုးထွက်လာသည်။ ပြီးလျှင် ဖခင်အလောင်းကို ဖက်ရန် ဟန်ပြင်လိုက်စဉ် ထွက်လာသည့် အပုပ်နံ့ကြောင့် ထွန်းမြင့်၏ လက်များ အလိုအလျောက် နောက်တွန့်သွားသည်။ ချက်ချင်းပင် ထွန်းမြင့်သည် လူအုပ်ကြားထဲမှ နောက်သို့ ပြန်ထွက်ကာ အဝေးတစ်နေရာမှာ သွားထိုင်နေလိုက်သည်။

အသုဘအလောင်းအား မြေမြှုပ်ပြီး၍ လူအများ ပြန်သွားကြသည့်တိုင် ထွန်းမြင့်တစ်ယောက် သွေးအလူးလူး ပေကျံလျက်ဖြင့် ထန်းရည်အမူးလွန်ကာ သင်္ချိုင်းမှာ အိပ်ပျော် ကျန်ရစ်ခဲ့သည်။

ကိုဝင်းမောင်တို့ သားအဖ ကိုဘဌေးအိမ်သို့ သွားကာ မရှိမြဲ[illegible] ကို အားပေးစကားပြော၍ နှမ်သိမ့်ကြရသည်။ ထိုစဉ်···

"ဒေါ်လေးသား ထွန်းမြင့်၊ ရွာထဲမှာ အောင်ကြီးတို့နဲ့ ရန်ဖြစ်တာ အရိုက်ခံရလို့ အခု မြို့ဆေးရုံကို တင်ပို့လိုက်ပြီ။ အခြေအနေကတော့ နည်းနည်းဆိုးတယ်။ အဲဒါ လိုက်သွားကြည့်ဖို့ လာအကြောင်းကြားတာ"

ရွာသားတစ်ဦး လာအကြောင်းကြား၍ ထွန်းမြင့်၏ မိခင်မှာ ပျာပျာသလဲ ဆေးရုံသို့ လိုက်ပါသွားရသည်။ အိမ်မှာ ဖခင်၏ အသုဘဖြစ်နေစဉ် ထွန်းမြင့်၏ မဆင်ခြင်မှုကြောင့် မိသားစုများ စိတ်ဆင်းရဲကြရသည်ကို ကြည့်ကာ ကိုဝင်းမောင် သံဝေဂ ရသွားမိသည်။ ကိုဘဇွေးကိုလည်း ပြေး၍ မြင်ယောင်မိသည်။ ကိုဘဌေးတစ်ယောက် သူ၏ ဖခင်အပေါ် ဆိုးတေခဲ့သည်များမှာလည်း ယခု သူ၏ သားဖြစ်သူ ထွန်းမြင့်နှင့် မခြားဖြစ်ချေသည်။

ဤသို့ သူ၏ ဖခင်အပေါ် ဆိုးတေခဲ့ခြင်း ကံတရားများကပင် သူသေဆုံးသည်အထိ သူ့အပေါ် အကျိုးပေးသွားခဲ့သည်လား မပြောတတ်။ ဝင့်မှာ အမြဲ ငရဲမှာ အပယ်သော စကားကို ဆင်ခြင်မိသောအခါ ကံတူ အကျိုးပေးဆိုသည်ကို ကိုဝင်းမောင် လက်ခံယုံကြည်မိလေသည်။ ထို့ပြင် မိခင်၊ ဖခင်တို့အပေါ်၌ ပြစ်မှားကျူးလွန်သော သားသမီးတို့၏ ကံတူအကျိုးပေးကားမည်မျှအထိ နက်ရှိုင်း ထိရောက်သည်ကို ကိုဝင်းမောင် တွေးကြည့်ရင်းနှင့်ပင် ကြက်သီးများ တဖြန်းဖြန်းထရပါတော့သည်။ ■

* * *

ဝင်းမောင်ကျော်




www.burmeseclassic.com

www.burmeseclassic.com

# ရွှေဥဒေါင်းတောင်သို့ ရောက်ရှိခြင်း

**မေသုတေသီ ဆရာမျိုး**



### ဥဒေါင်းတောင် ခရီးသွား

စာရေးသူသည် ရှမ်းပြည်တောင်ပိုင်း၏ တီကျစ်မြို့တွင် ရှိသော စေတီအားလုံးအား မဂ္ဂဇင်း၊ ဂျာနယ်စာမျက်နှာ အသီးသီးပေါ်မှတစ်ဆင့် ပူဇော်ဆည်းပူးခဲ့ပါသည်။ ထိုအခါ တီကျစ်မြို့သားများမှ အင်းလေးဒေသအတွင်းရှိ ရွှေဥဒေါင်း တောင်သို့ သွားရောက်လေ့လာရန် အကြံပြုခဲ့ပါသည်။ ရွှေဥ ဒေါင်းတောင်သည် ရန်ကုန်မြို့နှင့် မိုင် (၄၀၀)ခန့်ကွာဝေး၍ တောင်ကြီးမြို့မှ ၃၄မိုင်အကွာအဝေးရှိသော ညောင်ရွှေမြို့ နယ်၊ အင်းလေးဒေသ အင်းလေးကန်၏ အနောက်တောင် အရပ်ရှိ ကျားတွန်ရွာ၏ အရှေ့ဘက် ၂မိုင်အကွာအဝေးတွင် တည်ရှိပါသည်။


ရွှေဥဒေါင်းတောင်သို့သွားရန် ကြိုးပမ်းခဲ့သော်လည်း အခက်အခဲအမျိုးမျိုးဖြင့် ကြန့်ကြာနေခဲ့ပါသည်။ တစ်နှစ် ကျော်ကြာသောအခါမှ တီကျစ်မြို့တွင် နေထိုင်သော စာရေး သူ၏ တပည့်လေးတစ်ဦးဖြစ်သူ ကိုစန်းလွင် (သားငယ်)၏ ခမ္မဒါန အကျိုးဆောင်ပေးမှုဖြင့် ရောက်ရှိခဲ့ရပါလေသည်။ စာရေးသူတို့သည် တီကျစ်မြို့မှ နံနက် ၁၁နာရီခွဲတွင် ဆိုင် ကယ်ဖြင့် ထွက်လာခဲ့ကြရာ မီးသွေးချောင်း၊ လွယ်မော၊ စိန်ပန်း၊ ကျားတွန်ရွာအသီးသီးကို ကြမ်းတမ်းသော တောင် တက်လမ်းတစ်လျှောက် မနားမနေ စီးနင်းခဲ့ကြရာမှ နေ့လယ် တစ်နာရီအချိန်တွင် ရွှေဥဒေါင်းတောင်ခြေသို့ ရောက်ရှိခဲ့ကြ ပါသည်။

ပထမဦးဆုံး စတင်တွေ့မြင်ရသည်မှာ အလွန်ခမ်းနား ထည်ဝါသော ရွှေဥဒေါင်းတောင်၏ ရိုးရာနတ်နန်းဖြစ်ပါသည်။




www.burmeseclassic.com

www.burmeseclassic.com



လျှက် ဖူးမြော်ရသည်မှာ လမ်းတစ်လျှောက် ခရီးပန်းခဲ့သမျှ
ကို ဗုဒ္ဓ၏ အရိပ်အဝါအောက်တွင် အေးမြရှင်လန်း
ဖြစ်စေခဲ့ရပါသည်။ ထို့နောက် ခုမ္မပလ္လင့်ပေါ်တွင် ထိုင်တော်မူ
လျက်ရှိသော ရွှေဥဒေါင်းဆရာတော်ကြီး၏ ဓာတ်ပုံကို ဖူးမြော်
ရချိန်တွင် ဆရာတော်ဘုရားကြီးအား သက်ရှိထင်ရှား ဖူးမြော်
ခွင့် မဆုံစည်းလိုက်ရလေခြင်းဟူ၍ ဝမ်းနည်းကြေကွဲခဲ့ရပါ
သည်။ လက်ယာဘက် ဘုရားခန်းတွင်လည်း မြတ်စွာဘုရား
နှင့် ရှင်သီဝလိ၊ ရှင်ဥပဂုတ္တ ရဟန္တာအရှင်မြတ်တို့ကို ပန်း




ထို့နောက် အနောက်ဘက် တောင်တက် မုခ်ဦးလှေကား
လမ်းတွင် အမှတ်တရဓာတ်ပုံ မှတ်တမ်းတင်ဖြစ်ပါသည်။
တောင်ပေါ်သို့ တက်ရာ လှေကားလမ်းတစ်လျှောက်တွင်
တစ်ပါးထိုင် ကမ္မဋ္ဌာန်းကျောင်းပေါင်း ၁၅ လုံးတိတိကို တွေ့
မြင်ရသည်။ လှေကားအဆုံး တောင်ထိပ်တွင် ဉာဏ်တော်
အမြင့် ပေ ၃၀ ရှိသော စေတီကို ဖူးမြင်ရပါသည်။ တောင်
ထိပ်အတွင်းမှတစ်ဆင့် တင့်တယ်သပ္ပာယ်စွာ စံမြန်းတော်မူ
သော ဗုဒ္ဓရုပ်ပွားတော်မြတ်ကို အဝင်မုခ်ဦး ပလ္လင်တံကဲ
နောက်ခံနှင့်တကွ ကြည်ညိုဖွယ်ရာ ရွှေအဆင်း ဝင်းလက်



www.burmeseclassic.com

www.burmeseclassic.com





...မ်း ဆီမီး၊ ရွှေထီး၊ ကနက္ကဒဏ် ထီးဖြူများ ကပ်လှူ...ထားရှိပုံကို ဖူးမြင်ရပါသည်။

ထို့နောက် သားငယ်မှ ဦးဆောင်လျက် ရွှေဥဒေါင်း...ဘင် တောရကျောင်းတွင် လက်ရှိ သီလကျင့်သုံးလျက်...သော ဆရာတော် ဦးပညာ သက်တော် ၆၇နှစ်၊ သိက္ခာ...တော် ၃၃ဝါအား သွားရောက်ဖူးမြော် ပူဇော်၍ သိလိုသည်...ကို မေးမြန်းလျှောက်ထားဖြစ်ပါသည်။

“၁၃၀၀ ပြည့်နှစ်၊ ဝါဆိုလပြည့်နေ့မှာ ဆရာတော်ကြီး...ကုမာရ ဒီကို ရောက်လာတယ်။ သက်တော်ထင်ရှား ၄၇နှစ်...သီတင်းသုံးခဲ့တယ်။ ဆရာတော် မကြွခင်က စေတီငယ်ရှိ...တယ်။ ဆရာတော် ကြွလာတော့မှ အခုလို ပြန်လည်မွမ်းမံ...ပြီး ၁၃၀၁ ခုမှာ ထီးတင်ခဲ့တယ်။ ဘုရားကို ဂေါပကဥက္ကဋ္ဌ...ဦးမောင်ကြီးနှင့် အဖွဲ့ဝင် ၄ဦးက စောင့်ရှောက်ပါတယ်။ ဆရာတော်ကြီးဟာ ဓုတင် ၇ပါးကို ဆောက်တည်ပြီး သတိ...ဋ္ဌာန်တရားကို ပွားများအားထုတ်ခဲ့တယ်။ သက်တော် ၉၄...နှစ် သိက္ခာတော် ၇၄ ဝါအရ ပျံလွန်တော်မူခဲ့တယ်။ ထူးခြား...ချက်ကတော့ ၁၃၄၆ ခု၊ ပြာသိုလဆန်း ၁၃ရက်နေ့ ည ၁၀နာရီခွဲမှာ ပျံလွန်တော်မူခဲ့တယ်။ ပျံလွန်တော်မူချိန်မှာ ဆရာတော်ဘုရားကြီးရဲ့ မွေးလ၊ မွေးရက် အတိအကျဖြစ်နေတယ်။ ကျုပ်တို့လည်း အဲဒီတုန်းက ငယ်သေးတော့ ဆရာတော်ကြီးအကြောင်းနဲ့ ဘုရားအကြောင်းကို ဒီ့ထက်ပိုပြီး ပြည့်စုံအောင် ပြောမပြတတ်ဘူး။ ယခုလက်ရှိ သီတင်းသုံးတာကတော့ သံ...ာနှစ်ပါးပဲ ရှိတယ်”

ကျောင်းနံရံကပ် ဆုံးမစာတွင်...

***စိတ်ကောင်းမှ လူကောင်းသည်။***
***လူကောင်းမှ ကံကောင်းသည်။***
***စိတ်ဆိုးက လူဆိုးသည်။***
***လူဆိုးက ကံဆိုးသည်။***


ဟူ၍ လိုတိုရှင်း ထိထိမိမိ ဖော်ပြထားပါသည်။

ထို့နောက် ဆရာတော် ဦးပညာမှ ရွှေဥဒေါင်းဆရာတော်ဘုရားကြီး စံကျောင်းတော်ကို ဖူးမြော် ပူဇော်ခွင့်ပေးခဲ့ပါသည်။ ရွှေဥဒေါင်းဆရာတော်ဘုရားကြီး ဘဒ္ဒန္တကုမာရ မဟာထေရ်မြတ်၏ စံကျောင်းဂူဗိမာန် ကောင်းမှုရှင်အဖြစ် နှစ်ဖက်သော မိဘများကို ရည်စူး အမှူးထား၍ ညောင်ရွှေမြို့နယ်၊ ကျေးပေါ်ခုံကျေးရွာအုပ်စု၊ ကျားတွန်ရွာ အမှတ်(၂) ရပ်ကွက်နေ ဆရာစိန် + ဒေါ်စာရီ မိသားစုမှ ၁၃၄၈ ခု တန်ခူးလဆန်း ၁ရက်၊ (၁၀-၃-၈၇)ရက်နေ့တွင် လှူဒါန်းထားခြင်းဖြစ်ပါသည်။ ဗိမာန်တော်ကြီးအတွင်း၌ ဆရာတော်ကြီး



www.burmeseclassic.com

www.burmeseclassic.com



၏ အရိုးစေတီကို ဖူးမြော်ရပါသည်။ ရုပ်ထု ဒါယကာမှာ ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်မှ ဦးအုန်းရွှေ + ဒေါ်သိန်းကြည် မိသားစုဖြစ်သည်။

"ဒီအနောက်ဘက်မှာ စာရေးဆရာကြီး မင်းသိခ် လှူထားတဲ့ အဆောင်ရှိတယ်။ ဒကာကြီး သွားလေ့လာလို့ ရတယ်"

အဆောင်တွင် "၁၃၄၅/၁၉၈၃၊ ရန်ကုန်မြို့ စာရေးဆရာ မင်းသိခ်နှင့် သူ၏ စာဖတ်ပရိသတ်များ ကောင်းမှု"ဟု ပါရှိပြီးလျှင် အဆောင်အထက် မျက်နှာစာတွင် မဂ္ဂင်ညာ ထတ်ရှစ်ပါးကို စာပေမှ အလင်းရောင်ပေးပုံအား သရုပ်ဖော်ထားပါသည်။ စာရေးသူငယ်စဉ် ဆရာကြီး မင်းသိခ်၏ စာအုပ်များကို ခွဲလမ်းနှစ်ခြိုက်စွာ ဖတ်ရှုခဲ့ရသည်ဖြစ်ပေရာ ဤအဆောင်၏ ကမ္ပည်းစာတန်းဖွဲ့ဆိုချက်အရ ဤအဆောင်တွင် စာရေးသူ ကုသိုလ်ပါဝင်ပေသည်ဟူ၍ ထင်မြင်ယူဆချက် ဖြစ်ပေါ်လာကာ ဝမ်းမြောက်ရွှင်လန်းခြင်းဖြစ်လျက် မရှိတော့ပြီဖြစ်သော ရွှေဥဒေါင်းတောင် ဆရာတော်ကြီးနှင့်တကွ ဆရာကြီး မင်းသိခ်၏ ဂုဏ်ကျေးဇူးတို့ကို ဦးထိပ်ပန်ဆင်မိရလေသည်။

"ဒီနောက်ဆုံးက ကမ္မဋ္ဌာန်းကျောင်းလေးဟာ သက်တမ်းအရင့်ဆုံးပဲ ဒကာကြီး။ နှစ် ၇၀ ကျော်ပြီလေ"

မင်းသိခ်ဆောင်၏ အနောက်ဘက်တွင် ရှိသော သ
တမ်း နှစ် (၇၀)ကျော် ကမ္မဋ္ဌာန်းကျောင်းလေးမှာ သဘာ
တောတောင်ရှုခင်းများ နောက်ခံဖြင့် အလွန်ပနံရလှ၍ ထွ
ဆွတ် ကြည်နူးဖွယ်ရာလည်း ကောင်းပေစွတကား။

အားလုံးပြီးပြည့်စုံစွာ လေ့လာပြီးချိန်တွင် ညနေစော
ခဲ့ပေပြီ။ သားငယ်၏ အိမ်သက်သက်ထားသည်လည်
လင်တော်မောင်အား ဖုန်းဘဂွမ်ဂွမ်ဆက်လျက်ရှိချေပြီ။ ဤ
ဖြင့် သားငယ်သည် နှစ်မိုင်အကွာအဝေးတွင် ရှိသော အ
တိမ်ရွာသို့ စာရေးသူအား လိုက်လံ ပို့ဆောင်ပေးပြီးလျှ
နှုတ်ဆက် ကန်တော့ကာ တီကျစ်မြို့တွင် ကျန်ရစ်ခဲ့သော
ဇနီးသည်ထံသို့ ပြန်သွားလေတော့သည်။"

## အတိတ်သမိုင်းကြောင်း

စာရေးသူသည် ရှမ်းပြည်မှ စာရေးဖော် မိတ်ဆွေမျာ
သိကျွမ်းသူများ၏ အကူအညီများကို တောင်းခံရယူ၍ ရွှေ
ဒေါင်းတောင် ဆရာတော်ကြီး၏ သမိုင်းကြောင်းကို ထုတ်ဖေ
နိုင်ရန် ကြိုးပမ်းခဲ့ပါသော်လည်း သိမ်းသူ မရှိသဖြင့် အ
မမြောက်ဘဲ နှနောက်ထပ် တစ်နှစ်ကျော်ခန့် ကြာမြင့်ခဲ့ရ
သည်။ ထို့နောက်တွင်မှ တောင်ကြီးမြို့ရှိ ရှမ်းပြည်န
ယဉ်ကျေးမှုဦးစီးဌာန စာကြည့်တိုက်မှူး ဒေါ်စိုးစိုးနှ
အညီကို ရယူ၍ ယဉ်ကျေးမှုဌာနဝန်ထမ်းနှစ်ဦးဖြစ်သော
ဒေါ်လယ်လယ်နှင့် ဒေါ်မွန်မွန်သန်းတို့၏ ဘက်ကြွစွာ ကြိုး






www.burmeseclassic.com

www.burmeseclassic.com

ဆောင်ရွက်ပေးမှုကြောင့် ဆရာ ဒါရိုက်တာ မောင်မြင့်မောင် ... "အင်းလေး ရွှေအိုင်းတောင်ဆရာတော်ကြီး ထေရုပ္ပတ္တိ" ... အောက်ပါအတိုင်း ကူးယူပူဇော်ခွင့် ရရှိပါလေ၏။

ဆရာတော်လောင်းလျာကို ၁၂၅၃ ခုနှစ်၊ ပြာသိုလ ... ၁၃ရက်၊ တနင်္လာနေ့အကူး ညဉ့်သန်းခေါင်လွန် ... တီးကျော်အချိန်၌ တီကျစ်မြို့အနောက်ဘက် ၅၆ ... ရှိ ပင်ခင်ကျေးရွာတွင် အဖ ဦးခိုင် (အောင်ပန်းမြို့ ... နောင်ရဲကျေးရွာဇာတိ၊ ရှမ်းအမျိုးသား) နှင့် မိခင် ... တ် (ပင်ခင်သူ ပအိုဝ်းအမျိုးသမီး)တို့မှ မီးရှူးသန့်စင် ... ခဲ့ပါသည်။ သားသမီး ၉ဦးတွင် အငယ်ဆုံးဖြစ်၍ ငယ် ... "မောင်ကြွာအောင်" ဖြစ်ပါသည်။ ဖွားမြင်စဉ်အခါက ... င်းတစ်ခုလုံး ဖြူဖွေးသော ဆံပင်များ ပါရှိလာခြင်း၊ ... နှစ်ဖက်စလုံးတွင် ထူးခြားသော ရေစီးကြောင်းအမှတ် ... ဖြင့် ကြာဖူးကြာပွင့်သဏ္ဌာန် ပါရှိခဲ့သည်ဟူ၍ သိ ... သည်။

၁၂၆၅ ခုနှစ်တွင် ပင်ခင်ကျောင်းဆရာတော် ဦးသာဂရ ... ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိသည်။ ... တော်မှာ "ရှင်ကုမာရ" ဖြစ်ပေသည်။ မွေးဖွားစဉ်က ပါ ... ဘ ဆံပင်ဖြူကို အကြောင်းပြု၍ ချစ်စနိုးနှင့် ကိုရင် ... မှု ခေါ်ကြသည်။ ပင်ခင်ကျောင်းဆရာတော် ဦးသာဂရ






ထံသို့ ရသေ့ကြီး ဦးခန္တီ အလည်ကြွရောက်လာချိန်တွင် ရှင်ကုမာရကလေးအား ချစ်ခင်သဖြင့် ရမည်းသင်း သိမ်ကုန်းကန်ထောင်ကျောင်းသို့ ခေါ်ဆောင်သွားခဲ့ကာ ဆရာတော် ဦးဇာရိန္ဒာဘိဝံသထံ အပ်နှံခဲ့သည်။ ရမည်းသင်း သိမ်ကုန်းကန်ထောင်ကျောင်းတွင် ၄နှစ် ပညာသင်ယူ၍ အုန်းတောသက်ကယ်ခြံကျောင်း စာသင်တိုက်ဆရာတော် ဦးပဏ္ဍိတထံသို့ ပရိယတ္တိစာပေများကို သုံးနှစ် ထပ်မံသင်ယူခဲ့လေသည်။ ထို့နောက် ပင်လောင်းနယ် ပင်မိုလယ်ကြား ဆရာတော် ဦးဂုဏထံတွင် တစ်ဝါနားခို၍ မွေးရပ် ပင်ခင်ကျောင်းသို့ ပြန်ကာ ၁၂၇၃ ခုနှစ်၊ အသက် ၂၀ ပြည့်ချိန်တွင် မိဘများ၏ ပစ္စယာနုဂ္ဂဟကို ခံယူပြီး ပင်ခင်တောရကျောင်း နန်းနိမ်ဆရာတော် ဦးနန္ဒိယမထေရ်အား ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိပါသည်။

ဦးကုမာရသည် တောင်ငူမြို့လယ် ကလေးစာသင်တိုက်ကျောင်း ဓမ္မာစရိယဆရာတော် ဦးဉာဏစရထံတွင် လည်းကောင်း၊ ပွေးလှမြို့ ကျောက်တောကျောင်းတိုက် စာချအကျော်ဆရာတော် ဦးဣန္ဒထံတွင် လည်းကောင်း ဆက်လက်၍ ပညာဆည်းပူးခဲ့ပါသည်။ ၁၂၇၅ ခုနှစ်တွင် တောင်ငူမှ မန္တလေးသို့သွား၍ တောင်ပြင် ဓက္ခိဏာရာမဘုံရားကြီးတိုက်သံဃနာယက အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဦးငြိမ်း၊ ဆရာတော် ဦးပိုင်၊ ဆရာတော် ဦးပုခန်၊ ဆရာတော် ဦးကြည်တို့ ထံတော်၌ ၅ဝါခန့် ပညာသင်ကြားခဲ့ပြန်သည်။ ၁၂...

www.burmeseclassic.com



ခုနှစ်တွင် ပင်ခင်ကျေးရွာသို့ ပြန်လည်ရောက်ရှိပြီး ကျောင်းတွင် စာချဆရာတော်အဖြစ် တစ်ဝါ သီတင်းသုံးခဲ့သည်။ ဆက်လက်၍ ဗန်းပြင်ကျောင်းတွင် စာဝါပို့ချနေစဉ် လုံးပိုးကျေးရွာမှ ဒကာများ ရောက်ရှိလာပြီး ကျားတွန်းကျောင်းတွင် ကျောင်းထိုင်ဆရာတော် လစ်လပ်သဖြင့် သာရောက် ပင့်ဆောင်ကြလေသည်။

ဆရာတော် ဦးကုမာရသည် ကျားတွန်းကျောင်းသို့ ရောက်သောအခါ ပထမ ရွာတွင်းမှ စာရိတ္တချို့ယွင်းနေသူများကို တရားပြ၍ သမ္မာအာဇီဝဖြင့် အသက်မွေးကြရန် တိုက်တွန်း ဆုံးမတော်မူသည်။ ဆရာတော်၏ ဒုတိယကြိုးပမ်းမှုမှာ စာသင်ကျောင်းတိုက် ဖွင့်လှစ်ခြင်းပင် ဖြစ်သည်။ တပည့် ရဟန်းတော်တို့အား ညောင်ရွှေမြို့၌ နှစ်စဉ် ကျင်းပပြုလုပ်သော ဝိနယာဒိနုဂ္ဂဟ စာပြန်ပွဲတော်ကြီးတွင် ဝင်ရောက်ဖြေဆိုစေသည်။

ဆရာတော်ကြီးသည်…

(၁) ၁၂၉၂ ခုနှစ်၊ နယုန်လမှစ၍ နှစ်စဉ် ကျင်းပပြုလုပ်သော ဝိနယာဒိနုဂ္ဂဟ စာပြန်ပွဲတော်ကြီး ထိန်းသိမ်းစောင့်ရှောက်ရေး သံဃမဟာနာယက အဖွဲ့ချုပ် မဟာနာယက ဆရာတော်ဘုရားကြီးအဖြစ် လည်းကောင်း၊

(၂) အင်းလေးဒေသဆိုင်ရာ ပရိယတ္တိ သဒ္ဓမ္မပ[illegible] စာမေးပွဲ မဟာနာယက ဆရာတော်ကြီးအ[illegible] လည်းကောင်း၊

(၃) လွယ်မောဂိုဏ်းအုပ် ဝိနည်းမိုရ်ဆရာတော်[illegible] အဖြစ် လည်းကောင်း၊

(၄) တောင်ကြီးခရိုင် ဝိနိစ္ဆယဌာန တာဝန်ခံ ဆ[illegible] တော်ကြီးအဖြစ် လည်းကောင်း…

သာသနာ့တာဝန်များကို ထမ်းဆောင်တော်မူခဲ့[illegible] သည်။

ကျောင်းထိုင် (၁၀) ဝါအရတွင် သမထ ဝိပဿ[illegible] အားထုတ်နည်းများနှင့် ပတ်သက်၍ ရဟန္တာဟု ထင်[illegible] သော ညောင်လွန်တောရ ဆရာတော် ဦးမေဓာဝီထံ[illegible] သင်ယူဆည်းပူးခဲ့ပြန်ပါသည်။ ဆရာတော်ကြီးသည် ကျားတ[illegible] ကျောင်းတွင် သီတင်းသုံးစဉ်ကပင် တပည့် ရဟန်းနှင့် ဒ[illegible] များကို အသိမပေးဘဲ တောတောင်များ၊ သုသာန်မျ[illegible] ကြွရောက်၍ ကမ္မဋ္ဌာန်းတရားများ အားထုတ်တော်မူခဲ့[illegible]

၁၃၀၀ ပြည့်နှစ်တွင် ပရိယတ္တိစာပေပို့ချခြင်းကို ယ[illegible] ပြတ် စွန့်လွှတ်၍ ပဋိပတ္တိကို ဇောက်ချလုပ်တော့မည်ဟု[illegible]

www.burmeseclassic.com

...ပိုင်းဖြတ်လျက် ကျားတွန်ရွာမှ တစ်ပါးတည်း တိတ်...တိတ် ထွက်ခွာ၍ ရွှေဥဒေါင်းတောင်ထိပ်သို့ ရောက်ရှိခဲ့...သည်။ ဆရာတော် ရွှေဥဒေါင်းတောင်ပေါ်သို့ ရောက်ရှိစ...အချိန်က တောင်ထိပ်ပေါ်တွင် ဘုရားငုတ်တိုတစ်ဆူနှင့် ယိမ်း...ယိုင်ကာ အမိုးအကာမရှိသော ကမ္မဋ္ဌာန်း တဲကျောင်းငယ်...တစ်ခုသာ ရှိလေသည်။

## ဆရာတော်၏ အမိဋ္ဌာန်

ငါသည် တရားကျင့်ကြံ အားထုတ်ရန် တောထွက်၍ ...ရွှေဥဒေါင်းတောင်ပေါ်သို့ ရောက်ခဲ့ပြီ။ ဤနေ့ ဤအချိန်မှ ...၍ တရားမရသရွေ့ နွေ၊ မိုး၊ ဆောင်း ဥတုသုံးပါးလုံး၌ ...ကြုံတွေ့ရမည့် ဘေးအန္တရာယ်တို့ကို ငါ၏ အသား၊ အသွေး၊ အကြော၊ အရိုး၊ အရေပြားဟူသမျှ ခန်းခြောက် စုတ်ပြဲပါစေ၊ ...ငါ၏ အသက်နှင့် ခန္ဓာကိုယ်တစ်ခုလုံး ကြေမွပျက်ပြုန်းပါ...စေ ညဥ့်နက်သန်းခေါင် အချိန်မရွေး ငါသေချင် သေပါစေ၊ ...ဉာဏ်ဝီရိယနှင့် သတိတရား အရင်းခံ၍ သမထ ဝိပဿနာ ...တရားကို ပွားများရှုမှတ်ပါမည်။ တရားမရသရွေ့ ဤတောင် ...ပေါ်မှ မခွာ၊ ဘယ်မှမသွား၊ ဘယ်မှ မရွှေ့ပြောင်းပါဟု သစ္စာ အဓိဋ္ဌာန်ပြုပါသည်။

ဆရာတော်သည် ဤရွှေဥဒေါင်းတောင်ပေါ်သို့ တရား ...အားထုတ်ရန် ထွက်ခွာလာခဲ့စဉ်က သပိတ်တစ်လုံးနှင့် သင်္ကန်းသုံးထည်သာ ယူဆောင်လာခဲ့ပါသည်။ ဆရာတော် သစ္စာအဓိဋ္ဌာန်ပြုလိုက်သော ဓုတင် ၇ပါးမှာ...

(၁) သင်္ကန်းသုံးထည်မှအပ အပိုမဆောင်၊ မသုံးစွဲရသော တိစီဝရိတ်ဓုတင်၊
(၂) ဆွမ်းခံ၍သာ စားသုံးရသော ပိဏ္ဍပါတ်ဓုတင်၊
(၃) အိမ်စဉ်အတိုင်းသာ ဆွမ်းခံရပ်ရသော သ-ပဒါနစာရိဓုတင်၊
(၄) တစ်နေ့ရာတည်းတွင် တစ်ထိုင်တည်းသာ စားသောက်ရသော ဧကာသနိက်ဓုတင်၊
(၅) ရသမျှ ဆွမ်းဟင်း သပိတ်ထဲတွင်သာ နယ်စားရသော ပတ္တပိဏ်ဓုတင်၊
(၆) ရွာကျောင်းကို ပယ်၊ တောကျောင်း၌သာ သီတင်းသုံးရသော အာရညကင်ဓုတင်၊
(၇) သုသာန်များ၌သာ တရားကျင့်ကြံ အားထုတ်ရသော သုသာန်ဓုတင်တို့ ဖြစ်ပါသည်။

ဆရာတော်သည် နံနက်တိုင်း မိမိသစ္စာပြု အဓိဋ္ဌာန်ထားသည့် ဆွမ်းအတွက် ဓုတင်များ ဆောင်ပြီးနောက် တောင်ပေါ်က ဘုရားငုတ်တိုအနီး၌ တွေ့ရသော အမိုးအကာမရှိသည့် သဲကျင်းဂူတစ်ခုအတွင်း၌ တရားရှုမှတ် ကျင့်ကြံ အားထုတ်တော်မူသည်။ သဲကျင်းဂူဆိုသည်မှာ တောင်ပေါ်၌ အလိုအလျောက်ဖြစ်ပေါ်နေသော တောင်လိုဏ်ဂူတစ်ခုဖြစ်






www.burmeseclassic.com

www.burmeseclassic.com

သည်။ ၁၂းလနှင့် ယ်ရက်တိတိ ကရေးကျင့်ကြံ အားထုတ်တော်မူခဲ့ပါသည်။ ယခုအခါ "မေ့မြရသဝိဟာရလိုဏ်ဂူ"အမည်နှင့် ရွှေဥဒေါင်းတောင်စေတီ၏ ရင်ပြင်တော်မြောက်ဘက်၌ ကပ်လျက်ရှိသော ဂူဖြစ်ပါသည်။

ဆရာတော် တရားထိုင်သည့်အခါတိုင်း မိုးနှင့် တိုးပြီး စို့ရွှဲနေသောအခါ ကျန်းမာရေးကို ငဲ့၍ မိုးတွင်းကာလတစ်လျှောက်လုံး တရားထိုင်နိုင်ရန် ဂိမိသက်နန်းအပြင်ပိုင်းကို တောင်ပံများကို ယှက်ဖြာ၍ အရိပ်သဖွယ် နေပြောက်မထိုးအောင် ကာကွယ်ပေးတတ်ကြသည်။ ယင်းအကြောင်းကို ဆရာတော်ဘုရားကြီးအား မေးလျှောက်ကြည့်သောအခါ "ဒေါင်းအေ့။ သူတို့ပျော်လို့ က,ကြတာပေါ့ကွယ်"ဟူ၍သာ အမိန့်ရှိတော်မူခဲ့ပါသည်။

ဤသည်ကို အစွဲပြု၍ "ရွှေဥဒေါင်းတောင်" ဟူ၍ တွင်ရစ်လေသတည်း ■



စစ်စီးများ သုပ်၍ တစ်ကိုယ်လုံး လွှမ်းခြုံပြီး တရားထိုင်ရလေသည်။ အဆိပ်ပြင်းသော မှက်၊ ခြင် အကောင်မျိုးစုံတို့ သဲသဲမဲမဲ ကိုက်တွယ်ထား၍ နာကျင်သည့်တိုင် မလှုပ်မပုတ် မခေါက်မလုန့်ဘဲ မိမိအဓိဋ္ဌာန် အပျက်မခံခဲ့ပေ။

ကျားရဲ၊ ကျားသစ်သတ္တဝါများလည်း ဆရာတော် တရားထိုင် မေတ္တာပွားချိန်မှစ၍ တောပြောင်းသွားခဲ့ကြသည်။ မိုးလေဝသ ကင်းစင်သောအချိန်များတွင် ဥဒေါင်းငှက်တို့သည် ဆရာတော်အနီးပတ်ဝန်းကျင်ပတ်လည်တွင် ပျော်ရွှင်စွာ က,ခုန်ကြသည်။ ဆရာတော်အနီးအနား သစ်ပင်နှင့် တောင်စောင်းများပေါ်မှ လုပသော သူတို့၏ အမြီးများ၊

( ဤဆောင်းပါးဖြစ်မြောက်ရေးအတွက် အဖက်ဖက်က ဝိုင်းဝန်းကူညီ ပံ့ပိုးပေးခဲ့ကြသော ကိုစန်းလွင်(သားငယ်)၊ ဒေါ်လေယ်လေယ်နှင့် ဒေါ်မွန်မွန်သန်းတို့အား အထူးပင် လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း ဂုဏ်ပြုမှတ်တမ်းတင် ဖော်ပြအပ်ပါသည်။ )

* * *

ဓမ္မဒူဓေတသီဆရာမျိုး



www.burmeseclassic.com

www.burmeseclassic.com



ခရ (ဧကတ)

# စဉ်းစားကြည့်သော ပဟေဠိတစ်ပုဒ်

"မနုဿတ္တ ဘာဝ ဒုလ္လဘော"

လူတိုင်း ကြားဖူးသော ပါဠိစကားစုတစ်စုဖြစ်သည်။ အနက်အဓိပ္ပာယ်ကို တိတိကျကျ မသိကြသော်လည်း "လူ့ဘဝအဖြစ်ကို ရခဲ့သည်" ဟူသော ဆိုလိုချက်ကိုတော့ နားလည်ကြသည်။ ပုတ္တာဝါတို့ ဟည်ရှိရာ သုံးဆယ့်တစ်ဘုံတွင် လူ့ဘုံသည် လွန်စွာမှ ထူးဆန်းအံ့ဩဖွယ်ကောင်းလှပေသည်။ လူ့ဘုံကို ဥပမာအဖြစ် ပြဆိုရလျှင် မြေအောက်ခန်းပါသော နှစ်ထပ်တိုက်၏ မြေညီထပ်နှင့် တူပေသည်။ မြေညီထပ်သည် မြေအောက်ခန်းသို့ ဆင်း၍ရသကဲ့သို့ အပေါ်ထပ်သို့လည်း တက်၍ရသော နေရာဖြစ်သည်။

ထို့အတူ လူ့ဘုံသည်လည်း အောက်ထပ်နှင့် တူသော အပါယ်လေးဘုံဖြစ်သည့် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် အစရှိသော အပါယ်လေးဘုံသို့ ဆင်းနိုင်သကဲ့သို့ အထက်ထပ်နှင့် တူသည့် စတုမဟာရာဇ် အစရှိသော သုဂတိဘုံများသို့လည်း ရောက်အောင် သွားနိုင်ပေသည်။

ထိုကဲ့သို့ အပေါ် သုဂတိဘုံနှင့် အောက် အပါယ်ဘုံများသို့ သွားနိုင်သော လူ့ဘုံ၊ လူ့ဘဝကို ရရှိရန်မှာ မလွယ်ကူလှပေ။ လွန်စွာမှ ခဲယဉ်းလှပေသည်။ ထိုကဲ့သို့ ခဲယဉ်းကြောင်းကိုလည်း မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီး ဟောကြားတော်မူခဲ့သည်ကို "ဥပရိပဏ္ဏာသ ပါဠိတော်၊ သုညတဝဂ်၊ ဗာလပဏ္ဍိတသုတ်" တွင် လေ့လာနိုင်ပေသည်။ ဟောကြားတော်မူခဲ့ပုံမှာ…

"ချစ်သား၊ ချစ်သမီးတို့…အပါယ်ဘုံသားများ လူ့ဘဝတစ်ခုရဖို့ ခဲယဉ်းပုံကို ငါဘုရား ဥပမာနှင့်တကွ ဟောကြားတော်မူမယ်။ ကျယ်ဝန်း နက်ရှိုင်းလှတဲ့ သမုဒ္ဒရာကြီးထဲမှာ အနှစ်တစ်ရာမှ ရေပေါ်ကို ခေါင်းလေး တစ်ခါပေါ်တဲ့ လိပ်ကန်းကြီးတစ်ကောင်ရှိတယ်။ အဲဒီ သမုဒ္ဒရာကြီးထဲကို အပေါက်တစ်ပေါက်သာ ဖောက်ရသေးတဲ့ နွားလှည်းက ထမ်းပိုးတစ်ချောင်းကို ပစ်ချလိုက်ရမယ်။

ထမ်းပိုးကလည်း လေတိုက်ရာ အရပ်လေးမျက်နှာ မျောချင်ရာ မျောနေရမယ်။ လိပ်ကန်းကြီးကလည်း အနှစ်တစ်ရာပြည့်ရင် သူပေါ်ချင်ရာ ပေါ်မယ်။ အရပ်လေးမျက်နှာ မျောနေတဲ့ ထမ်းပိုးကလည်း ပေါ်လာတဲ့ လိပ်ကန်းကြီးရဲ့ ဦးခေါင်းနဲ့ တည့်တည့်နေရာကို ရောက်နေရမယ်။ ပိုပြီး ခဲခဲယဉ်းယဉ်းဖြစ်ရမှာက တစ်ပေါက်တည်းသာ ဖောက်ထားတဲ့ ထမ်းပိုးအပေါက်ထဲကို လိပ်ကန်းကြီးရဲ့ ဦးခေါင်းဟာ တည့်တည့်မတ်မတ်ဝင်သွားဖို့ဆိုတဲ့ အရာဟာ လွယ်လွယ်ကူကူဖြစ်နိုင်ပါ့မလား ချစ်သား၊ ချစ်သမီးတို့"



www.burmeseclassic.com

www.burmeseclassic.com

"ဤသို့ ဖြစ်ဖို့ရန် အင်မတန်မှ ခဲယဉ်းလှပါတယ် ဘုရား"

"ချစ်သား၊ ချစ်သမီးတို့ . . . အပါယ်ဘုံသားများ လူ့ဘဝတစ်ခုရဖို့ရာကတော့ ငါဘုရား ယခုဟောကြားတဲ့ ဥပမာထက် အဆပေါင်းများစွာ ခဲယဉ်းလှတယ် ချစ်သား၊ ချစ်သမီးတို့"

မြတ်စွာဘုရား ဟောကြားတော်မူချက်အရ လူ့ဘဝ၊ လူ့အဖြစ်ကို ရရှိရန် လွန်စွာမှ ခဲယဉ်းကြောင်း သိသာနိုင်ပါသည်။ သတ္တဝါတို့သည် မိမိတို့ ပြုခဲ့သော ကံအကြောင်းတရားအရ လူ့ဘဝကို ရရှိလာကြသည်။ လူဖြစ်လာကြသောသတ္တဝါတို့မှာ ကံအမှုကို ထပ်ပြုကြပြန်သည်။ လူတို့ပြုသောကံမှာ ကုသိုလ်ကံနှင့် အကုသိုလ်ကံဟူ၍ နှစ်မျိုးဖြစ်လေရာ၊ ထိုကံတရားတို့ကပင် သုဂတိဘုံ (သို့မဟုတ်) ဒုဂ္ဂတိဘုံသို့ ရောက်စေပြန်သည်။ သို့သော် သုဂတိဘုံသို့ ရောက်သည့်အရေအတွက်ထက် ဒုဂ္ဂတိဘုံသို့ ရောက်သည့်အရေအတွက်က ပိုများလေသည်။ ထိုအကြောင်းနှင့် ပတ်သက်၍ သံယုတ်ပါဠိတော်၊ နခသိခူပမသုတ်တွင် အထင်အရှားတွေ့နိုင်ပေသည်။

ထိုသုတ်ကို အကျဉ်းချုပ် တင်ပြရလျှင် . . .

"ချစ်သား၊ ချစ်သမီးတို့ . . . ငါဘုရား၏ လက်သည်းပေါ်မှာ ရှိသော မြေမှုန့်နဲ့ ဟောဒီအောက်က ပထဝီမြေကြီးဘယ်ဟာက များသနည်း"

"အောက်မှာ ရှိတဲ့ မဟာပထဝီမြေကြီးက အဆမတန်အောင် များပြားလှပါသည် ဘုရား"

"ချစ်သား၊ ချစ်သမီးတို့ . . . ဟောဒီ ဥပမာအတိုင်းပဲ လူ့ဘဝကနေ သေပြီးတော့ လူ့ဘဝကို ပြန်ရောက်ရတဲ့ ပုဂ္ဂိုလ်ဆိုတာ ငါဘုရား လက်သည်းခွံပေါ်က မြေမှုန့်လောက်ပဲ ရှိတယ်။ လူ့ဘဝက သေပြီး အပါယ်လေးဘုံ ကျရောက်တဲ့ ပုဂ္ဂိုလ်များကတော့ ဟောဒီ မဟာပထဝီမြေကြီးအထုလောက် ရှိတယ်"

ဟူ၍ ဖြစ်ပါသည်။

◈◈◈

မြတ်စွာဘုရားသည် ဤအကြောင်းနှင့် ပတ်သက်၍ ထိုမျှသာ ဟောကြားထားသည်ကို တွေ့ရပါသည်။ အပါယ်ဘုံ၌ အဘယ်ကြောင့် ပို၍များရသည်ကို သီးခြား ရှင်းလင်းဟောကြားတော်မမူခဲ့ပေ။ လူသားတို့အတွက် ပဟေဠိထားခဲ့လေသလားဟုပင် တွေးမိပါသည်။ ထိုအတွေးနှင့်အတူ ထိုပဟေဠိကို စဉ်းစားကြည့်ချင်မိသည်။ တွေးမိသည်။ မြတ်စွာဘုရား၏ သဗ္ဗညုတ ဉာဏ်တော်အရာအား ပြိုင်ခြင်းမဟုတ်ဘဲ ပုထုဇဉ်ဉာဏ်ဖြင့်သာ စဉ်းစားခြင်းဖြစ်ပေရာ မှားကောင်းမှားနိုင်ပါသည်။

ကျွန်ုပ်တို့သည် အိပ်ရာမှ ထ၊ မျက်စိနှစ်လုံးပွင့်သည်နှင့် လိုချင်မှုဆန္ဒဖြင့် အစပြုတတ်ကြသည်။ ဥပမာအားဖြင့် ဆေးလိပ်သောက်ချင်ခြင်း၊ နံနက်စာစားချင်ခြင်း စသည်ဖြင့် လိုချင်မှုဖြင့် စတင်လေရာ၊ ထို လိုချင်မှုသည် အကုသိုလ်စိတ်ဖြစ်သောကြောင့် ကျွန်ုပ်တို့သည် နေ့တစ်နေ့၏ အစအား အကုသိုလ်စိတ်ဖြင့် စခဲ့သည်။ တစ်ခါတစ်ရံ "ရတာမလို၊ လိုတာ မရ" ဆိုသကဲ့သို့ မိမိလိုချင်တာကို မရသောအခါ ဒေါသစိတ်တို့ ဖြစ်ခဲ့ရပြန်သည်။ ဒေါသစိတ်တို့ ဖြစ်ပေါ်လာသော အမှားအမှန်၊ အကောင်းအဆိုး၊ အကြောင်းအကျိုးတို့ကို တွေးဆ ဆင်ခြင်မှု မရှိဘဲ၊ မောဟစိတ်ဖြစ်ပေါ်လာကာ မပြောသင့်သော စကား၊ မလုပ်သင့်သော အလုပ်တို့ကို လုပ်မိတတ်ကြသည်။

တစ်ရက်လျှင် နှစ်ဆယ့်လေးနာရီရှိသည့်အနက် အိပ်ချိန်ကို ဆယ်နာရီသတ်မှတ်၍ ဖယ်လိုက်ပါက ဆယ့်လေးနာရီကျန်ပေသည်။ ထိုဆယ့်လေးနာရီအနက် ကျွန်ုပ်တို့သည် ကုသိုလ်စိတ်နှင့် မည်မျှနေ၍၊ အကုသိုလ်စိတ်နှင့် မည်မျှနေခဲ့သနည်း။ တကယ်တမ်း ဆန်းစစ်မည်ဆိုလျှင် အကုသိုလ်စိတ်ဖြင့် နေသည်ကသာ များနေပေသည်။ အကုသိုလ်ထုပြောသူတို့၏ လားရာဂတိသည် အပါယ်လေးပါးသာ ဖြစ်သည်။

ထို့ကြောင့်ပင်လျှင် မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးက . . .

"ချစ်သား၊ ချစ်သမီးတို့ . . . လူ့ဘဝကနေ သေပြီးတော့ လူ့ဘဝကို ပြန်ရောက်ရတဲ့ ပုဂ္ဂိုလ်ဆိုတာ ငါဘုရား လက်သည်းခွံပေါ်က မြေမှုန့်လောက်ပဲ ရှိပြီး၊ အပါယ်လေးဘုံ ကျရောက်တဲ့ ပုဂ္ဂိုလ်များကတော့ ဟောဒီ မဟာပထဝီမြေကြီးအထုလောက် ရှိတယ်"

ဟု မိန့်တော်မူခဲ့ခြင်းဖြစ်သည်။

ဘဝတစ်လျှောက် ကုသိုလ်စိတ်ဖြင့် နေထိုင်နိုင်သူ အချို့သာ လူပြည်၊ နတ်ပြည် အစရှိသော သုဂတိဘုံသို့ ရောက်ရှိကြ၍ အကုသိုလ်စိတ်ဖြင့် လျှောက်လှမ်းကြသူ အများစုကတော့ အပါယ်လေးပါးသို့ ကျရောက်ကြလေရာ ကျွန်ုပ်တို့သည် မြတ်စွာဘုရားဟောကြားသည့် မဟာပထဝီမြေထုစာရင်းထဲ မဝင်ဘဲ၊ လက်သည်းခွံပေါ်မှ မြေမှုန်စာရင်းထဲသို့ ဝင်နိုင်ရန်အတွက် ဒါန၊ သီလ၊ ဘာဝနာ အစရှိသော ကုသိုလ်ကောင်းမှုတို့ကို ကြိုးစား၍ ပြုစု အားထုတ်ကြပါစို့ဟု တိုက်တွန်း တင်ပြလိုက်ရပါသည်။■

* * *

ခေ[illegible](ကေတ)

www.burmeseclassic.com




# ထာဝရကုသိုလ်

www.burmeseclassic.com

www.burmeseclassic.com

(၁)

ထီးဟောင်းလေးတစ်ချောင်းကို ဆောင်းလျက် အဘိုးအိုတစ်ယောက်သည် တောလမ်းခရီးတစ်ခုကို သွားနေခဲ့လေသည်။

အဘိုးအို၏ မျက်နှာမှာ ကြည်လင် လန်းဆန်းခြင်းမရှိ။ အားအင်မှန်သမျှ လုံးဝ မကျန်ရှိလောက်အောင် ပင်ပန်းနွမ်းနယ်နေ၏။ စိတ်ထောင်း ကိုယ်ကြေဖြစ်နေ၏။ သို့သော် စိတ်ကို တင်းကာ တရွေ့ရွေ့သွားနေရှာသည်။ အဘိုးအို၏ မျက်ဝန်းတို့က တစ်စုံတစ်ရာအတွက် ဆွေးမြည့်ကြေကွဲနေ၏။ အဘိုးဘို၏ ရင်က ပေါက်ထွက်မတတ် ပူလောင်နေ၏။ ကောင်းကင်ထက်မှ ပြင်းပြင်းရှရှ နေရှိန်ကိုပင် ဂရုမထားနိုင်ဘဲ တောထဲသို့ ရောက်လိုဇောဖြင့် ခြေလှမ်းတွေကို ကြိုးစားပမ်းစားလှမ်းနေ၏။ တဖြည်းဖြည်းနှင့် မြို့တွေ ရွာတွေမှ အလှမ်းဝေးသည့် တောထဲသို့ ရောက်လာလေသည်။

တောထဲတွင် သစ်ပင် ပန်းမလ်တို့က စိမ်းစိုသာယာနေ၏။ ကျေးငှက်တို့ဖြင့် ဝေဝေစည်စည်ရှိနေ၏။ အဘိုးအိုသည် တောတောင်သဘာဝအလှတွေကို မခံစားအားပါ။ တစ်နေရာရာသို့ ရောက်လိုဇောဖြင့် ဆက်လျှောက်လာရင်း တောလမ်းခရီးတစ်နေရာတွင် တောင်ကုန်းလေးတစ်ခုကို တွေ့ရလေသည်။ ထိုတောင်ကုန်းလေးပေါ်တွင် စေတီလေးတစ်ဆူကိုလည်း ထင်းခနဲတွေ့ရလေသည်။ စေတီလေးက ဟောင်းနွမ်းစ ပြုလေပြီ။ ခရီးသွား အဘိုးအိုသည် စေတီဟောင်းလေးကို တွေ့ချိန်တွင် မောပန်းနေပြီဖြစ်၏။ သို့သော် စေတီလေးကို အသေအချာလှမ်းပြီး ငေးမျှော်ကြည့်လိုက်ကာ တောင်ကုန်းအမြင့်ထက်သို့ အပြေးတစ်ပိုင်း တက်သွားရှာသည်။

စေတီတော်ရင်ပြင်ပေါ် ရောက်သည်နှင့် စေတီ၏ ကမ္ပည်းစာကို အမောတကော ဖတ်လိုက်မိ၏။ ထိုစေတီလေးသည် ပစ္စေက ဗုဒ္ဓါတစ်ပါး၏ ဓာတ်တော်တို့ကို ဌာပနာ၍ စေတီတည်ထားခဲ့ခြင်းဖြစ်ကြောင်း ဟိုးခပ်ဝေးဝေးရှိ မြို့လေးမှ မြို့သူမြို့သားတွေက ပြောပြလိုက်ပြီးဖြစ်၏။ ထိုပစ္စေကဗုဒ္ဓါ၏ ဘွဲ့တော်ကိုလည်း အတိအကျမှာကြားလိုက်ပြီးဖြစ်သည်။ ပြင်းပြလှသည့် သိလိုဇောတစ်ခုကြောင့်လေလား မသိ။ မှုန်မှိုင်းနေပြီဖြစ်သည့် မျက်လုံးအစုံက စေတီကမ္ပည်းစာတမ်းကိုတော့ သဲသဲကွဲကွဲ ဖတ်နိုင်လိုက်လေသည်။

ထိုကမ္ပည်းစာကို ဖတ်ပြီးသည့် ခဏမှာပင် အဘိုးအို၏ရင်မှ နှလုံးသည်းစိုင်တွေ ပြုတ်ကျကြေမွသွားသလို ခံစားလိုက်ရလေသည်။ မျက်ဝန်းအစုံမှ မျက်ရည်တွေက ဘယ်လိုမှ ထိန်းမရအောင် ပိုးပိုးပေါက်ပေါက်ကျလာ၏။ အဘိုးအို၏ ရင်ထဲမှ တစ်စုံတစ်ယောက်အား လွမ်းဆွတ် အောက်မေ့စိတ်တို့က ဘယ်လိုမှ ထိန်းမရအောင်ဖြစ်လာပြန်ကာ ရင်ဘတ်ကို လက်ဖြင့် ဖိထားလိုက်ရရှာလေသည်။

(၂)

အဘိုးအိုတွင် လုပ ခံ့ညားသည့် သားတစ်ယောက် ရှိခဲ့လေသည်။ သူသည် အရွယ်ကလည်း ပျိုမျစ်သစ်လွင်သူ ဖြစ်၏။ အသိဉာဏ်ပညာ ထက်မြက်ထူးချွန်သူတစ်ယောက်လည်းဖြစ်၏။ သည်တိုင်းပြည်၊ သည်နေရာနှင့် လွန်စွာဝေးကွာလှသည့် တိုင်းခြားပြည်ရွာတစ်ခုမှ မြို့ငယ်လေးတွင် သူတို့မိသားစုလေး အေးချမ်းစွာ နေထိုင်ခဲ့ကြလေသည်။ ဧ... တော်သည့် သားက ပညာလောဘကြီးသူလည်း ဖြစ်၏။ တက္ကသိုလ်ပြည်ကြီးတွင် ပညာဆက်သင်လို၏။ မိုင်ပေါင်းများစွာ ဝေးကွာလှသည့် ရေခြားမြေခြားဒေသ၊ တောတောင်တွေ များစွာကွာလှမ်းသည့် တက္ကသီလာမြို့ကြီးတွင် ပညာဆက်သင်လိုသဖြင့် မိဘနှစ်ပါးကို ပူဆာခဲ့၏။ မိဘနှစ်ပါးက သားနှင့် မခွဲလိုပေမယ့် ပြင်းပြလွန်းသည့် သား၏ ဆန္ဒကို လိုက်လျောခဲ့ကြရ၏။

လမ်းပန်းဆက်သွယ်ရေး မကောင်းသည့် ခေတ်ဖြစ်သည့်အတွက် ထမင်းထုပ်နှင့် နေ့ရက်များစွာသွားရသည့် ခရီးဖြစ်သည်။ သားငယ်ထွက်သွားပြီး လေးငါးနှစ်အထိ အလျဉ်းသင့်တိုင်း စာရေးခဲ့သေးသည်။ နောက်ပိုင်းနှစ်တွေမှာ စာမလာတော့ပေ။ သားငယ် ထွက်သွားစဉ်က အဘိုးအို ကိုယ်တိုင် အရွယ်ကောင်းတုန်း။ အခုတော့ သူလည်း အဘိုးအိုအရွယ်သို့ ရောက်ခဲ့ပြီ။ သား၏ အမေသည်လည်း အဘွားအိုအရွယ်တိုင်ခဲ့လေပြီ။ စပြီးခွဲသွားကတည်းက တစ်ကြိမ်မျှ ပြန်မလာသည့် သားကို အဘွားအိုက တွေ့ချင် မြင်ချင်လာသည်ဟု ပူဆာသည့်အတွက် အဘိုးအိုသည် အထုပ်လေး ထမ်းကာ လိုက်ခဲ့ရရှာ၏။

ထိုမြို့ကို ရောက်လာခဲ့ပေမယ့် သားကို ရှာမတွေ့တော့။ စုံစမ်းရင်း စုံစမ်းရင်းနှင့် သား၏အကြောင်းတို့ကို ကျကျနန သိလာရတော့၏။ မိဘနှစ်ပါးထံ စာရေး၍ အကြောင်းကြားထားသည့်အတိုင်းပင် သားသည် ပညာတ...



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ခဲ့လေ၏။ တက္ကသိုလ်ပြည်ကြီးတွင် သားသည် များလေးစားရသည့် ပညာရှိတစ်ယောက်ဖြစ်ခဲ့လေ၏။ တစ်ဆူဖြစ်ခဲ့လေ၏။ သို့သော် သူ၏သားသည် အတတ် သာမက၊ အသိပညာတို့ကို မွတ်သိပ်စွာ ဆက်ပြီးရှာ လေသည်။ သည်လိုနှင့် ရသေ့ ရဟန်းဝတ်ခဲ့သည်ဟု သည်။

ဆက်လက်စုံစမ်းပြန်ရာ သူ၏ သားသည် သာမန် သ ရဟန်း မဟုတ်။ လူအများ၏ ဆည်းကပ် ဦးတင်ရာ က ဗုဒ္ဓါအရှင်မြတ်ဘဝတိုင်အောင် ရောက်သွားခဲ့ခြင်း ကြောင်း သိလိုက်ရပြန်၏။ အသိပညာကို တန်ဖိုးထား သားက အသိပညာတို့၏ အထွဋ်အထိပ်ဆီသို့ ကျင့်လှမ်းသွားခဲ့လေသည်တဲ့။ ပစ္စေက ဗုဒ္ဓါဘုရား ဖြစ်တော်မူသွားလေသည်တဲ့။ ထိုစကားကို ကြား ရသည့်တစ်ခဏ အဘိုးအို၏ တစ်ကိုယ်လုံး ကြက် ညှင်းတွေ လွှမ်းခြုံသွားခဲ့ရတော့သည်။ သူ့သားကို ကတည်းက သာမန်မဟုတ်သည့် ထူးချွန်ထက်မြက် ဖြစ် ယုံကြည်ထားခဲ့၏။ အိမ်မှာ ကျန်ခဲ့သည့် သူ့အမေ သိလျှင် ဘယ်လောက် ပျော်သွားလိုက်မလဲ။ ပစ္စေက ရားတဲ့။ ထိုသို့ သိလိုက်ရသည့် အခိုက်အတန့်လေး တွင်း အဘိုးအို၏ ရင်တွင် အားရကျေနပ်သည့် ပီတိစိတ် ပြည့်လျှမ်းလာ၏။

သို့သော် ထိုအပျော်စိတ်က မိနစ်ပိုင်းမျှသာ။ သူ့သား က ဗုဒ္ဓါအရှင်မြတ်သည် အာယုသက်တမ်း ကြာရှည် တော်မမူခဲ့ရှာဘူးတဲ့။ စောစီးစွာ ပရိနိဗ္ဗာန်ပြုသွားခဲ့ ပြီတဲ့။ စိုးရိမ်ပူပန်စိတ်၊ ဝမ်းသာကြည်နူးစိတ်၊ ဝမ်းနည်း စိတ်တို့သည် အဘိုးအို၏ နှလုံးအိမ်ကို တစ်ဆင့်ပြီး ဆင့် တိုက်စားနေလေတော့သည်။ နောက်ဆုံးတွင် သူ့ ပစ္စေက ဗုဒ္ဓါအရှင်မြတ်နှင့် သက်ဆိုင်သည့် သက်သေ ာယအမှတ်အသားတစ်ခုခုကို တွေ့လို၊ သိလိုဇော ခုမှအပ ဘာမျှော်လင့်ချက်မှ မရှိတော့။

အဘိုးအို၏ နောက်ဆုံးမျှော်လင့်ချက်သည် ပစ္စေက အရှင်သူမြတ်၏ ဓာတုစေတီငယ်တစ်ဆူသာဖြစ်လေ သည်။ သည်တိုင်းဌာနေမှ မြို့သူမြို့သားတွေက သူတို့ ညို အားထားရသည့် ပစ္စေက ဗုဒ္ဓါအရှင်မြတ်၏ တော်တို့ကို ဌာပနာပြီး အရှင်မြတ် သီတင်းသုံးတော်မူ တောထဲမှ တောင်ပေါ်တွင် စေတီတစ်ဆူတည်ထားကာ ကွယ်ခဲ့ကြသည်တဲ့။

(၃)

အဘိုးအို၏ ရင်သည် ပွင့်ထွက်သွားမတတ် ပူလောင်နေ၏။ မျက်ရည်တွေကလည်း အတားအဆီးမဲ့ စီးယိုကျလာလေသည်။ အဘိုးအိုသည် ထိမ်းချုပ်ထားနိုင်စွမ်း မရှိတော့။ ရှိုက်ကြီးတငင် ငိုလိုက်မိလေပြီ။ အားရပါးရ ငိုလိုက်မိလေပြီ။

လူသူကင်းဆိတ်နေသည့် တောကြီးထဲမှ တောင်ပေါ် စေတီလေး၏ ခြေရင်းတွင် တစ်ယောက်တည်း သည်းသည်း သန်သန်ငိုနေသည့် အဘိုးအိုတစ်ယောက်၏ ရှိုက်သံတို့က ဆည်းလည်းသံတို့ကိုပင် လွှမ်းခြုံသွားသည် ထင်ရ၏။ထိုသို့ စိတ်ရှိလက်ရှိ ငိုလိုက်ပြီးသည့် တစ်ခဏအတွင်းမှာပင် အဘိုးအို၏ ရင်တွင် သိသိသာသာ ပေါ့ပါးလာ၏။

စေတီလေးမှ ဆည်းလည်းသံတို့က အဘိုးအို၏ ရင်မှ အပူသောကကို ဖြည်းဖြည်းချင်း အေးချမ်းလာစေ၏။တောရိပ် တောင်ရိပ်တို့ကလည်း အဘိုးအို၏ နှလုံးစိတ်ဝမ်းကို ညှို့ယူ ချော့မြူလာနိုင်၏။ ကျေးငှက်သာရကာတို့၏ ဘာသာဘာဝ တွန်ကျူးသံတွေသည် စေတီလေးအား ပူဇော်နေသည့် ဘုရားဝတ်ပြုသံတွေဟု ထင်မှတ်လာသည်။ ဒါဟာ လွန်စွာ ထွတ်မြတ်လှတဲ့ ပစ္စေက ဗုဒ္ဓါအရှင်မြတ်တစ်ပါး၏ ဓာတု စေတီတစ်ဆူပါလား။

ထိုပစ္စေက ဗုဒ္ဓါအရှင်မြတ်ကို သည်တိုင်းပြည်မှ လူ အများက တလေးတမြတ် ကိုးကွယ်ပူဇော်ခဲ့ကြတာပါလား။ လူတွေတင် ပူဇော်ကြတာတဲ့လား။ မဖြစ်နိုင်ပါ။ နတ်သိကြား တွေကလည်း ဆည်းကပ်ပူဇော်ကြမည် မလွဲပါ။ အဘိုးအို သည် ဖတ်မှတ်လေ့လာဖူးသည့် စာပေအသိဖြင့် ပစ္စေက ဗုဒ္ဓါအရှင်မြတ်တစ်ပါး၏ ပါရမီတော်တို့ကို ပြန်လည်တွေးဆ နိုင်လာပြီဖြစ်၏။ ခက်ခဲရှားပါးစွာ ပွင့်ထွန်းပေါ်ပေါက်ရသည့် ပစ္စေက ဗုဒ္ဓါအရှင်မြတ်ဘုရားတစ်ဆူ၏ ဂုဏ်ရည်တို့ကို စိတ်ဖြင့် ကြည်ညိုလာမိပြီဖြစ်၏။ ထို့ထက် ကြည်နူးမိတာ က သည်အရှင်မြတ်သည် အခြားသူမဟုတ်။ သူ တန်ဖိုးထား ရသည့် သူ၏ ချစ်သားမဟုတ်ပါလား။ ပျိုမျစ်ဆဲအရွယ်၊ တင့်တယ်သော ရုပ်ရည်တို့ဖြင့် ကြည်ညိုစရာကောင်းလွန်း နေမည့် ပစ္စေက ဗုဒ္ဓါအရှင်မြတ်၏ အသွင်အပြင်တို့ကို မှန်းဆ ကြည်ညိုနေမိပြန်၏။

အဘိုးအို၏ ရင်တွင် သောကတို့ ပါးလျ လွင့်ပြယ်လာ ကာ ပစ္စေက ဗုဒ္ဓါအရှင်မြတ်အပေါ် ကြည်ညိုသဒ္ဓါစိတ်တို့ နိုးကြားလာလေသည်။ ကြည်ညိုသဒ္ဓါတို့ ခြုံလွှမ်းလာ၏။ ထို့ကြောင့် စောစောက ဘောကဖြင့် ပစ်ချထားသည့်

www.burmeseclassic.com

www.burmeseclassic.com

ကလေးကို ကောက်ယူလိုက်၏။ စေတီအနီးသို့ ချဉ်းကပ်သွား၏။ ဖိနပ်လေးကို ချွတ်ကာ ထီးလေးကို ချပြီး စေတီပျက်လေးကို ဘုရိုတသေ ဦးတိုက် ကန်တော့မိရှာ၏။ အားရပါးရ ကန်တော့နေမိရှာ၏။ အတိတ်ဘဝမှ အကုသိုလ်ဖိစီးမှုကြောင့် သားအရင်းခေါက်ခေါက်က ပစ္စေက ဗုဒ္ဓါဘုရားစစ်စစ်ဖြစ်သွားခဲ့တာကိုပင် ကိုယ်တိုင်ကိုယ်ကျ ဖူးတွေ့ခွင့်မရပေမယ့်၊ သည်စေတီလေးကို ဖူးတွေ့ခွင့်ရနေပြီပဲဟု ဖြေဆည်နိုင်လာသည်။ အဘိုးအို၏ ရင်မှ ကြည်ညိုသဒ္ဒါစိတ်တို့က စေတီလေး၏ ဆည်းလည်းသံစဉ်တို့နှင့်အတူ ကြည်ကြည်လင်လင် ပျံဝဲနေလေပြီ။

ထို့နောက် တောင်ကုန်းလေးအနီးရှိ ရေအိုင်နံဘေးမှ ရွှံ့မြေတို့ကို တစ်နိုင်တစ်ပိုင် နည်းနည်းချင်းစီ သယ်ယူကာ ဟောင်းအိုပြိုပျက်စ ပြုနေသည့် စေတီလေးကို ပြုပြင်မွမ်းမံနေခဲ့လေ၏။ တောင်ကုန်းအနီးရှိ ရေအိုင်စပ် သောင်ပြင်မှ သဲဖြူဖြူတို့ကို သယ်ယူကာ စေတီရင်ပြင်တွင် ခင်းကျင်းထားလိုက်လေသည်။ ပြီးလျှင် တောင်ကုန်းအတက်လမ်းကလေးကိုလည်း လှေကားထစ်လေးများအဖြစ် ဟွာရွှပြုပြင်ပြန်လေသည်။

အဘိုးအိုသည် နေပူရှိန်ကိုလည်း သတိမပြုမိတော့။ ဆာလောင်မှု ပင်ပန်းမှုတို့ကိုသာမက၊ စိတ်မှ ပူဆွေးသောက စိတ်တို့ကိုလည်း သတိမပြုအားတော့။ လေပြည်ညင်းသုတ်ဖြူးလိုက်တိုင်း ချိုချိုလွင်လွင် လွင့်ပဲ့နေသည့် ဆည်းလည်းသံစဉ်နှင့်အတူ စေတီလေးကို လည်းကောင်း၊ စေတီအတက် တောလမ်းလေးကို လည်းကောင်း အားကြိုးမာန်တက် ပြင်ဆင် ပူဇော်နေမိ၏။ အလုံးစုံ ပြီးသောအခါ ဆောင်းလာသည့် ထီးဟောင်းကလေးကို စေတီတော်လေးအတွက် တင်လှူကာ ပူဇော်လိုက်ပြန်သည်။ ပြီးမှ တောပန်းလေးများကို ခူးကာ စေတီတော်၏ ခြေတော်ရင်းမှာ ကပ်လှူပူဇော်လျက် စေတီတော်လေးကို ဦးတိုက် ကန်တော့လေ၏။ ထိုအချိန်တွင် ညနေစောင်းအချိန်ဖြစ်နေလေပြီ။ ပစ္စေက ဗုဒ္ဓါအရှင်မြတ်၏ ဓာတ်တော်စေတီကလေးသည် ဖခင်အဘိုးအို၏ လုပ်အားဒါနဖြင့် ထိုက်သင့်သလောက် သပ္ပာယ်တင့်တယ်သွားခဲ့လေတော့သည်။

အဘိုးအိုသည် သူ့နှလုံးအိမ်မှ သဒ္ဓါတရားယက်သန်စွာဖြင့် တတ်စွမ်းသမျှ ဖြည့်ကျင့်လိုက်ရသည့် "လုပ်အားဒါန" အလှူကုသိုလ်အတွက် အားရ ကြည်နူးနေခဲ့လေသည်။ လွန်စွာ ကျေနပ်နေခဲ့လေသည်။ ကိုယ့်တိုင်းကိုယ့်ပြည်၊ ကိုယ်မြို့ကိုယ့်ရွာကို ပြန်ရောက်သည်နှင့် သားအတွက် ဂုဏ်ယူဝံ့ကြွားနိုင်ပြီ မဟုတ်ပါလား။ သူ့သားလိုပင် အသ ပညာမြင့်မားသည့် သား၏ မိခင်အိုသည်လည်း သူ့သာ အတွက် ဂုဏ်ယူပီတိဖြစ်သွားမည် အမှန်။ ပြီးတော့ သည်ကုသိုလ်တွေကိုလည်း ဝမ်းမြောက်စွာ မျှပေးနိုင်မည် မလွဲပေ။

◈◈◈

ထိုဖြစ်စဉ်သည် ရှေးလွန်လေပြီးသော နှစ်ပေါင်း ကုဋေကုဋာ မကသည့် အချိန်က ဖြစ်လေသည်။ ထိုအဘိုး အိုသည် ဂေါတမ ဗုဒ္ဓဘုရားရှင်၏ ငယ်နစဉ် ဘဝတစ်ခု ဘုရားအလောင်းလျာတစ်ယောက်ပင် ဖြစ်၏။ ဘဝပေါင်း များစွာ ပါရမီဖြည့်ဆည်းပြီးနောက် ဤဘဒ္ဒကမ္ဘာ၌ သုံးဆူ ထွက်ကာ ဂေါတမ ဘုရားရှင်အဖြစ် ပွင့်ထွန်းပေါ်ပေါက် တော်မူခဲ့ခြင်း ဖြစ်လေသည်။

(၄)

ဂေါတမ ဗုဒ္ဓဘုရားရှင်သည် တစ်ခါက ရာဇဂြိုဟ်ပြည် ဝေသာလီပြည်သို့ ၁၀ ယိုင်ခန့်ဝေးသော ခရီးကို ကြွချီတော် မူခဲ့လေသည်။ ဘုရားရှင် ကြွချီတော်မူရာ လမ်းတစ်လျှောက် တွင် ဘုရင်မင်းမြတ်နှင့်တကွ မှူးကြီးမတ်ရာ၊ သူဌေးသူကြွယ် ပြည်သူလူထုတို့သည် ရွှေထီး၊ ငွေထီး၊ ပတ္တမြားထီးများဖြ အထပ်ထပ်မိုးလျှ ပူဇော်ခဲ့ကြလေ၏။ ထီးအပေါ် မှာ ဆင့်ကာ ပူဇော်ကြခြင်းဖြစ်၏။ ထိုသို့ ကြီးကျယ်ခမ်းနား ပူဇော်ခြင်းကို အကြိမ်ကြိမ်ခံတော်မူခဲ့ရလေသည်။

ထို့နောက် ခုနစ်ဝါမြောက် ပါဆိုမည့် ဝါတွင်းကာလ တွင် ဘုရားရှင်သည် တာဝတိံသာ နတ်ပြည်သို့ တက်က ကြွတော်မူပြီးလျှင် နတ်ဘဝရောက်နေသည့် သိဒ္ဓ မင်းသားဘဝက မယ်တော် နတ်သားကို ကျေးဇူးဆပ်သည့် အနေဖြင့် အဘိဓမ္မာတရားတို့ကို ဟောတော်မူနေခဲ့ သည်။ ဝါတွင်းသုံးလ ပြီးမြောက်၍ ဝါကျွတ်ကာလတွင် လူ့ပြည်သို့ ပြန်လည်ကြွချီတော်မူခဲ့လေသည်။ ထိုနေ့သည် သီတင်းကျွတ်လပြည့်နေ့ ဖြစ်သည်။ ထို နတ်ပြည် လူ့ပြည်သို့ ပြန်လည်ဆင်းသက် ကြွချီတော်မူခဲ့စဉ် မရေမတွက်နိုင်လောက်အောင် များပြားလှသည့် လူပေါင်း များစွာတို့သည် သင်္ကဿနဂိုပြည်မှ စောင့်ကာ ဘုရား ကြိုဆို ဖူးမြော်နေခဲ့ကြ၏။ များပြားလှသော နတ်ဗြဟ္မာ သည် ဘုရားရှင်ကို လိုက်ပါ ပို့ဆောင်ခဲ့ကြလေသည်။ စောင်းတန်း၊ ငွေစောင်းတန်း၊ ပတ္တမြားစောင်းတန်း ဟူသော စောင်းတန်းသုံးသွယ်ကို ဖန်ဆင်းကာ ဘုရားရှင် ပူဇော်ခဲ့ကြလေသည်။ ရွှေစောင်းတန်းနှင့် ငွေစောင်းတ

www.burmeseclassic.com

က် ပတ္တမြားစောင်းတန်းမှ လှူပြည့်သို့ ပြန်လည်
ကြွချီတော်မူလာသည့် ဘုရားရှင်ကို မရေမတွက်နိုင်
သော နတ်ဗြဟ္မာတို့သည် အထူးထူးသော ပူဇော်သက္ကာရ
တို့ဖြင့် ပူဇော်ခဲ့ကြလေသည်။ ကောင်းကင်မှ ပန်းပွင့်
ကြဖြန့် ပူဇော်ကြသည်မှာ ပန်းမိုးများ ရွာချသကဲ့သို့
မြေပြင်တွင် ဒူးဆစ်မြုပ်လောက်အောင် ပန်းမွှေ့ရာ
ပြည့်လျှံသွားခဲ့လေသည်။ ကောင်းကင်တွင် နတ်ဗြဟ္မာ
မြေပြင်တွင် လူပရိသတ်များ ခြိမ့်ခြိမ့်သဲသဲ ပူဇော်
သတည်း။ ထိုသို့ မြတ်စွာဘုရား နတ်ပြည်မှ ကြွချီလာချိန်
နတ်ဗြဟ္မာများ၊ လူအများ အမျိုးမျိုးအဖုံဖုံ ပူဇော်ခဲ့သည့်
တွင်သည် အလွန်တရာ ထူးခြားအံ့မခန်းဖြစ်ပြီး ကြည်နူး
ကြည်ညိုစရာ၊ အားကျစရာကောင်းလွန်းလှ၏။ ဖူးမြင်
ကြသည့် သုံးယူဇနာအကျယ်အဝန်းမှ လူပရိသတ်များ
ဘုရားရှင်၏ အဖြစ်ကို အားကျ ကြည်ညိုလွန်းသည့်
ဘုရားဖြင့် အားလုံး ဘုရားအဖြစ်ကို ပန်ဆင်ကြသည်အထိ

ဖြစ်၏။ ထိုသို့ ကြွရောက်တော်မူသော ဘုရားရှင်အား
ပူဇော်ခဲ့ကြသည့် အထူးထူးသော ပူဇော်သက္ကာရများအနက် ...

ဖြစ်၏။ ထိုသို့ ကြေငြာတိုက်တစ်သောင်း ထွန်းလင်းရိုက်
ခတ်သွားစေအောင် ကြီးကျယ်ခမ်းနားစွာ အပူဇော်ခံတော်
မူခဲ့ရခြင်းတွင် ဘုရားအလောင်းအလျာ ယေနှစဉ်ဘဝတစ်ခု
ပစ္စေကာ ဗုဒ္ဓါ၏ (အရိုးအိုး) ဓာတ်တော်စေတီပျက်လေးကို
ပြုပြင်ပူဇော်ခဲ့သည့် ထာဝရကုသိုလ်သည် ကြီးစွာသော
အကြောင်းတရားတစ်ခုအဖြစ် အထောက်အပံ့ကြီးမားစွာ
ပြုနေခဲ့ကြောင်းကို ဘုရားရှင်က ပြန်လည် မိန့်ဟတော်မူခဲ့
လေသတည်း။

အားလုံးသတ္တဝါချမ်းသာပါစေ

* * *

သက်နှင်းဆွေ-မှုပွါး

ကျမ်းကိုး

- ဇိနတ္ထပကာသနီကျမ်း။ ဓမ္မပဒဝတ္ထုတော်ကြီး(ဒု)။
- နတ်ပြည်ရောက်ကြောင်း ကောင်းမှု (ဒေါက်တာ အရှင်
ဉာဏ်သရ)။


အတိတ်ကဘဝတစ်ခုမှာ

သင်နှင့်ကျွန်ုပ် ဆုံတွေ့ခဲ့ဖူးတယ်ဆိုရင်တော့...

ဒီဘဝမှာလည်း ပြန်ပြီးရေစက်ဆုံကြဦးမှာပါ။

ဆရာမြတ်ထွဋ်ခေါင်

( မြန်မာ့ရိုးရာဗေဒင်ပညာရှင် )

ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်း ပင်တိုင်ဆောင်းပါးရှင်

ဟောကြားချိန် - နေ့စဉ် မနက်(၉)နာရီမှ ညနေ(၄)နာရီထိ။
(တနင်္လာနေ့တိုင်း ဟောခန်းပိတ်သည်)

ဟောခန်းလိပ်စာ - ကျိုက္ကစံဘုရားအနောက်ဘက်မုခ်၊ ဘီလူးညီနောင်ဓာတ်ခန်းအနီး
သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၄၃၀ ၂၇၉၉၄

E-mail - myat htut 2009 @ gmail com,

သင်တန်းသား လက်ခံပြီ။

www.burmeseclassic.com

နတ်မောက် မှတ်ကျော်

# ယှဉ်ပြိုင်သူ ဝေး
# ရန်ဝေး ရန်ကာ
# အ ဆောင် အ စီ အ ရင်

လွန်ခဲ့သည့် ၅နှစ်ခန့်က ကျွန်ုပ်၏ မိတ်ဆွေ ဦးကျော်မင်းမှာ ကျွန်ုပ်ထံ အကူအညီတစ်ခု လာတောင်းဖူးသည်။ သူ လိုအပ်သော အကူအညီမှာ အခြားမဟုတ်ပါ။ သူ့ကို ယှဉ်ပြိုင်တိုက်ခိုက်နေသူများ ပေါ်များနေပြီး ရန်လိုနေကြသည်ကို အေးချမ်းစွာ ဖြေရှင်းပေးနိုင်သည့် အဆောင်လက်ဖွဲ့ အဆောင်ပစ္စည်းတစ်မျိုးမျိုး စီရင်ပေးရန်ဖြစ်ပါသည်။

ကျွန်ုပ်မှ ရွတ်ပွားရန် ဂါထာ မန္တန်များနှင့် ပုတီးစိပ်များ ပေးသောအခါ သူမှာ အရောင်းအဝယ်၊ ငွေရေးကြေးရေးများနှင့် နေ့စဉ်လို လုံးလည်လိုက် ခေါင်းရှုပ်နေရသဖြင့် အမိဋ္ဌာန်မဝင်နိုင်သေးကြောင်း ငြင်းဆန်ပါသည်။ နောက် သုံးလလောက်ရှိမှ ယခင်ကကဲ့သို့ မိသားစုအား အလုပ်ကိစ္စများ၊ အရောင်းအဝယ်ကိစ္စများ၊ ရရန်၊ ပေးရန် စာရင်းများ စုအပ်ပြီး အမိဋ္ဌာန်ဝင်နိုင်မည်ဖြစ်၍ ယခု သုံးလအတွင်း ဆောင်ထားရန် အစီအရင်အဆောင်တစ်ခုသာ စီရင်ပေးပါဟု တောင်းဆိုလာပါသည်။

ကျွန်ုပ် စဉ်းစားရပါသည်။ အင်းလက်ဖွဲ့အစီအရင်နှင့် အခြား အဆောင်လက်ဖွဲ့ အစီအရင်ကျမ်းများကို ဖတ်ရှုရှာဖွေပြီး အောက်ပါအစီအရင်ကို ပြုလုပ်စီရင်ပေးခဲ့ပါသည်။

မိတ်ဆွေက ရန်ဝေး၊ အေးချမ်း၊ အဆင်ပြေသည်ဟု ပြန်ကြားလာသဖြင့် လိုသူများကိုယ်တိုင် စီရင်ဆောင်ထားနိုင်ရန် တင်ပြအပ်ပါသည်။

◈◈◈

* ဤအစီအရင်ကို ပြုလုပ်ဆောင်ရွက်မည့်သူသည် ဆောင်ယူထားသည့် ကာလပတ်လုံး အမဲသား (နွားသား ... မစားရပါ။

* ဈေးမှ ဈေးမဆစ်ဘဲ လေးညှင်းပွင့်၊ ခြော ... ဝယ်ယူပါ။ မဆစ်လေးညှင်းပွင့် ခြောက်ပွင့် ရပါပြီ။

* ထို့နောက် ပိတ်ဖြူ သုံးလက်မနှင့် သေချာ ... လိပ်စည်း၍ လေးညှင်းပွင့်ကို ထုပ်ပါ။

* ဘုရားစင်တွင် လှူထားပြီး ငါးပါးသီလခံယူ ... "အနုတ္တရောပုရိသ ဓမ္မသာရထိ" ဂုဏ်တော်ကို သက် ... ပုတီးစိပ်ပါ။ သုံးရက်ဆက်တိုင် သီလခံယူ ပုတီးစိပ်ပြီး ... စွန့်ပါ။

* သင်၏ အကျီအိတ်၊ ငွေအိတ်၊ ရုံးအိတ်၊ သွား ... ရာတွင် ဆောင်ယူထားပါ။

* အတိုက်အခံ ယှဉ်ပြိုင်မည့်သူ၊ မလိုသူများ ... ရန်ဘေးကင်းဝေးစေပြီး အေးချမ်းသာယာစွာ အလုပ်လု ... ပါလိမ့်မည်။

လက်တွေ့ အကျိုးထူး အစွမ်းထက်စေသော ... အစီအရင်အဆောင်တစ်မျိုးဖြစ်၍ ယုံကြည်လေးနက် ... စီရင်ဆောင်ထားနိုင်ကြစေရန် တင်ပြလိုက်ရခြင်း ဖြစ်ပါသည်။

* * *

နတ်မောက်မှတ်ကျော်

www.burmeseclassic.com




လွန်လေပြီးသောအခါက ဗာရာဏသီပြည်တွင် ဗြဟ္မဒတ်မင်း မင်းပြုတော်မူစဉ် ကာသိကတိုင်းမှ ပုဏ္ဏား ညီနောင်လေးယောက်တို့သည် ရသေ့ ရဟန်းပြု၍ အစဉ်အတိုင်း ကျောင်းသင်္ခမ်းပြုပြီး တစ်ပါးစီသာ သီတင်းသုံး နေထိုင်ကြလေ၏။

ထိုလေးပါးသော ရသေ့တို့၌ အစ်ကိုကြီးဆုံးဖြစ်သော ရသေ့သည် တစ်နေ့သ၌ အနာရောဂါနှိပ်စက်သဖြင့် ရုတ်တရက် စုတေလေ၏။ ထိုရသေ့ကြီး စုတိစိတ်ကျသည်နှင့် တစ်ပြိုင်နက် နတ်ပြည်နှစ်ထပ်ကို အစိုးရသည့် သိကြားမင်းဖြစ်လေသည်။

နေဝန်းနီ

# တမာခွေးဟောက် ရောယှက်နှောက်၍



www.burmeseclassic.com

www.burmeseclassic.com

ထို သိကြားမင်းသည် အတိတ်ဘဝကို ပြန်ကြည့်ပြီး ကျွန်ခဲ့သော ညီနောင်သုံးပါးထံသို့ ခစားအံ့သောငှာ လာသ၏။ ထိုသို့ လာရာ၌ တတိယ အစ်ကိုအကြီးဆုံးမှ စ၍ အစဉ်အတိုင်း လာလေသည်။

တတိယ အစ်ကိုအကြီးဆုံး ရသေ့နှင့် တွေ့သည်နှင့် ရသေ့မှ ဖြစ်သော သိကြားမင်းက သူသည် အတိတ်ဘဝက ၎င်းတို့၏ အစ်ကိုအကြီးဆုံးဖြစ်ကြောင်း ပြော၍၊ မည်သည့် အရာများကို အလိုရှိပါသနည်းဟု မေးလေသည်။

ထိုအခါ ရသေ့ကြီးက…

"အသင် သိကြား၊ ငါ့တွင် ဖျော့တော့သော ရောဂါရှိ၏။ ထို့ကြောင့် မီးကို အလိုရှိပေသည်"

ဟု ဆို၏။

ရသေ့၏ စကားကို ကြားသည်နှင့် သိကြားသည် ပဲခွပ်ကို ပေးလေ၏။

"အသင် သိကြား… ငါ့အား ပဲခွပ်ဖြင့် အဘယ်အကျိုး ရှိမည်နည်း"

ဟု ရသေ့ကြီးက မေး၏။

"အရှင်ဘုရား…၊ အရှင်ဘုရားသည် မီးကို အလိုရှိအံ့၊ ဤပဲခွပ်ကို လက်ဖြင့် သုံးသပ်၍ ငါ့ကို ထင်းရှာပြီး မီးကို ဖြစ်လော့ဟု ဆိုလော့၊ ထိုရောအခါ ပဲခွပ်သည် အရှင်ရသေ့ အလိုရှိတိုင်း ထင်းနှင့်တကွ မီးကို ဖြစ်စေပါလိမ့်မည်"

ဟု သိကြားမင်းက လျှောက်ကြားပြီး ဒုတိယ ညီငယ်ရသေ့၏ ကျောင်းသခ်မ်းသို့ သွားလေသည်။

ဒုတိယ ညီငယ် ရသေ့နှင့် တွေ့သည်နှင့် သိကြားမင်းသည် လျှောက်ပတ်ရာအရပ်မှ နေ၍ ဤမိသည် အတိတ်ဘဝမှ အစ်ကိုကြီးဖြစ်ကြောင်း ပြောကာ…

"အရှင်ဘုရား…အဘယ်ဖြင့် အလိုရှိပါသနည်း"

ဟု အလက်ပါအတိုင်း လျှောက်ထားမေးမြန်းလေ၏။

ထိုရသေ့၏ ကျောင်းသခ်မ်းသည် ဆင်တို့၏ သွားလာရာ ခရီးလမ်းကြောင်းဖြစ်၍ ဆင်တို့ကြောင့် ကြောင့်ကြဆင်းရဲသည် ဖြစ်နေရသဖြင့် ရသေ့သည်…

"အသင် သိကြား… ငါသည် ဆင်တို့အား အရပ်တစ်ပါးသို့ ပြေးစေခြင်းကို အလိုရှိ၏"

ဟု ဆိုလေသည်။ ရသေ့၏ စကားကို ကြားသည်နှင့် သိကြားမင်းသည် အပြင်ညီသည့် စည်တစ်ခုကို ပေး၍…

"အရှင်ဘုရား… အရှင်ဘုရားသည် ရန်ကို အလိုမရှိသော် ဤအပြင်ကို တီးပါက ထောင်သောင်းမကသော ရန်သူတို့သည် ကြောက်လန့်ပြေးကုန်အံ့။ အကယ်၍ ဤအပြင်ကို တီးပါက မိမိအား ချစ်သဖြင့် အင်္ဂါလေးပါးရှိသော စစ်သည်တို့သည် လာကုန်လတ္တံ့။ မိမိအား ဝန်းရံကုန်လတ္တံ့။ အရှင်ဘုရား အလိုရှိတိုင်း ပြုလေ"

ဟု လျှောက်ထားကာ အငယ်ဆုံးဖြစ်သော ရသေ့ထံသို့ သွားပြန်လေသည်။

အငယ်ဆုံးဖြစ်သည့် ညီငယ် ရသေ့သည် ထိုစဉ်က ဝေဒနာရောဂါတစ်ခုကို ခံစားနေရ၏။ ထို့ကြောင့် သိကြားမင်း၏ "မည်သည့်အရာကို အလိုရှိပါသနည်း"ဟု မေးမြန်းရာ၌–

"ငါသည် ထောပတ်ကို အလိုရှိပါသည်"

ဟု ဖြေ၏။ သိကြားမင်းသည် ညီငယ် ရသေ့ အလိုရှိသည့် နို့ဓမ်း ထောပတ်အိုးတစ်လုံးကို ပေး၍…

"အရှင်ဘုရား အလိုရှိတိုင်း သုံးဆောင်ပါလော့၊ မည်သည့်အခါမျှ မကုန်ခန်းနိုင်သော နို့ဓမ်းအိုးဖြစ်ပါသည်။ အကယ်၍ အရှင်ဘုရားသည် ပြည်ကို အလိုရှိသည်ဖြစ်အံ့၊ ဤအိုးအား စောင်းပါလော့၊ ထိုရောအခါ အိုးမှ နို့ဓမ်းရည်သည် သည်းစွာသော မိုးအယဉ်ဖြင့် မြစ်ကြီးဖြစ်၍ အရှင့်အား ပြည်ကို ယူစေခြင်းငှာသော်လည်း စွမ်းနိုင်၏"

ဟု လျှောက်ကြားကာ နတ်ပြည်တော်သို့ ပြန်လေ၏။

◈ ◈ ◈

ထိုနေ့မှစ၍ ပဲခွပ်သည် အစ်ကိုကြီး ရသေ့အား အလိုရှိတိုင်း မီးကို ဖြစ်စေ၏။ ညီလတ် ရသေ့သည် စည်ကို တီး၍ ဆင်တို့ကို ပြေးစေ၏။ ညီငယ် ရသေ့သည်လည်း နို့ဓမ်းကို မပြတ်သုံးဆောင်ရ၍ ကျန်းမာလေသည်။

ထိုအချိန် "ဒမိဠဟာန"အလောင်းသည် ကာသိတိုင်း၌ ဖြစ်၏။ အရွယ်ရောက်သော် မိဘနှစ်ပါးက…

"ဤသူငယ်သည် အချည်းနှီးဖြစ်၏။ ငါတို့အား အကျိုးမပြု"

ဟု ဆိုကာ အိမ်မှ နှင်ထုတ်လိုက်လေသည်။

ဒမိဠဟာနသည် အိမ်မှ ထွက်လာပြီးသော် တစ်ခုသော သင်္ဘောဆိပ်သို့ သွား၍ သမုဒ္ဒရာတစ်ဖက်ကမ်းသို့ ကုန်စည်ကူးမည့် သင်္ဘောတွင် သင်္ဘောသားအဖြစ် ခံယူ၍ လိုက်ခဲ့၏။ သင်္ဘောသည် သမုဒ္ဒရာအလယ်၌ ပျက်လေသည်။ ဒမိဠဟာနသည် ပျဉ်ချပ်တစ်ခုကို တွယ်ပြီး မျှောခဲ့ရာမှ သမုဒ္ဒရာအလယ်ရှိ ကျွန်းလေးတစ်ကျွန်းသို့ ဆိုက်ခဲ့သည်။

ဆာလောင်မွတ်သိပ်သည်နှင့် ထိုကျွန်းပေါ်၌ စားစရာ သစ်သီး သစ်ဥကို ရှာရင်း တစ်နေရာတွင် အိပ်ပျော်နေသော ဝက်ကြီးတစ်ကောင်ကို မြင်လေ၏။ ဦးခေါင်းအနီး၌ ရဲရဲ ပြောင်ပြောင်နှင့် ပတ္တမြားတစ်လုံးကိုလည်း တွေ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုဝက်ကြီးမှာလည်း စင်စစ် ဤကျွန်းမှ မဟုတ်ပေ။ ...ရင်း ဝက်စားကျင်းတစ်ခုမှ ပတ္တမြားကို တွေ့ရှိသဖြင့် ထိုပတ္တမြား၏ အစွမ်းသတ္တိဖြင့် ကောင်းကင်ယံမှ ပျံသန်းရင်း ဤကျွန်းကလေးသို့ ရောက်လာခြင်းဖြစ်သည်။

ဒမိဠဟနသည် ဝက်ကြီး မနိုးခင် ပတ္တမြားကို ယူ၍ ကောင်းကင်သို့ ပျံတက်ကာ ရေသဖန်းပင်ပေါ်သို့ တက်၍ နေလေ၏။ ဝက်ကြီးသည် နိုးလာသည်ရှိသော် ပတ္တမြားကို တွေ့သည့်အတွက် ဟိုဟိုဒီဒီရှာလေသည်။ ဤသို့ ရှာရာမှ နောက်ဆုံး ရေသဖန်းပင်ပေါ်မှ ဒမိဠဟနကို မြင်သဖြင့် ဒေါသထွက်ကာ ရေသဖန်းပင်ကို ဦးခေါင်းနှင့် အထပ်ထပ် တိုက်လေ၏။ တိုက်ဖန်များသော် ထိုဝက်ကြီးသည် ဦးခေါင်း ကွဲ၍ သဖန်းပင်ရင်း၌ သေရလေသည်။ ထိုအခါ ဒမိဠဟနသည် သဖန်းပင်ပေါ်မှ ဆင်းလာပြီး ဝက်သားကို ချက်စားပြီး ကောင်းကင်မှ ပျံ၍ ဟိမဝန္တာသို့ သွားလေ၏။

ဟိမဝန္တာ၏ တစ်ခုသောတောင်၌ အဿမပိုင် သင်္ခမ်းနှင့် နေသော အကြီးဆုံး ရသေ့ကို တွေ့သဖြင့် ဒမိဠဟနသည် ထိုရသေ့၏ ကျောင်းသင်္ခမ်းတွင် ခေတ္တမျှ နေကာ ရသေ့ကြီးအား ကျိုးနွံစွာ လုပ်ကျွေးသမှုပြု၏။ ထိုစဉ် ရသေ့ကြီး၏ အစွမ်းထက်သော ပဲခွပ်ကို မြင်တွေ့ရသဖြင့် ၎င်း၏ ကောင်းကင်သို့ ပျံနိုင်သည့် ပတ္တမြားနှင့် လဲလေသည်။ ရသေ့ကြီးလည်း ကောင်းကင်သို့ ပျံလိုသောဆန္ဒရှိရကား ပဲခွပ်နှင့် ပတ္တမြားကို အလွယ်တကူပင် လဲလိုက်လေ၏။

ပဲခွပ်ကို ရသည်နှင့် ဒမိဠဟနသည် ပဲခွပ်အား…

"ရသေ့ကြီး၏ ဦးခေါင်းကို ဖြတ်၍ ပတ္တမြားကို ယူခဲ့လော့"

ဟု အမိန့်ပေးကာ လွှတ်လိုက်သည်။ ပဲခွပ်လည်း ဒမိဠဟန စေတိုင်း ရသေ့ကြီး ဦးခေါင်းကို ဖြတ်၍ ပတ္တမြားကို ပြန်ယူခဲ့လေသည်။

ဒမိဠဟနသည် ပဲခွပ်ကို ရသည်ရှိသော် ရှေ့ဆက်သွားပြန်၏။ ဒုတိယညီ ရသေ့ကျောင်းသို့ ရောက်ပြန်၏။ ထိုရသေ့၏ အနားဘော်ရှိသော စည်ကို မြင်သည်နှင့် အထက်နည်းအတိုင်း ပဲခွပ်၏ အစွမ်းဖြင့် ရသေ့ ဦးခေါင်းကို ဖြတ်ကာ စည်ကို ယူပြီး ခရီးဆက်ပြန်၏။ ထိုမှ ညီအငယ်ဆုံး ရသေ့ရှိရာ ကျောင်းသင်္ခမ်းသို့ ရောက်ပြီး အစွမ်းအာနုဘော်ရှိသော နို့ခမ်း ထောပတ်အိုးကို တွေ့ပြန်သည်။ ဒမိဠဟနသည် လောဘဇောကို မသတ်နိုင်ဘဲ ပဲခွပ်၏ အစွမ်းဖြင့်ပင် ထိုညီငယ် ရသေ့ကို သတ်ပြီး နို့ခမ်းကို ယူ၍ ကောင်းကင်ခရီးဖြင့် ဗာရာဏသီပြည်သို့ သွားလေ၏။

ဗာရာဏသီပြည်သို့ ရောက်သည်နှင့် ဗာရာဏသီမင်းအား ယောက်ျားတစ်ယောက်၏ လက်၌ "စစ်သော်လည်း ထိုးမည်လော၊ ပြည်သော်လည်း ပေးမည်လော" ဟူသော စာကမ္ပည်းရေးပေးလိုက်သည်။ မင်းလည်း ထိုစာကို ရသည်နှင့် ဒေါသအမျက်ထွက်ကာ ခိုးသူအား ဖမ်းမည်ဟု အင်္ဂါလေးပါးနှင့် ပြည့်စုံသော တပ်ကြီးဖြင့် ပြည်မှ ထွက်ခဲ့သည်။

ထိုအခါ ဒမိဠဟနသည် စည်တစ်ဖက်ကို တီး၍ လေးပါးသော စစ်သည်တော်တို့ကို ဖြစ်စေပြီး၊ နို့ခမ်းအိုးကို သွန်၍ ရေအလျဉ်နှင့် မြစ်ကြီးငါး ဖြစ်စေ၏။ ဗာရာဏသီမင်း၏ စစ်သည်တော်တို့သည် နို့ခမ်းမြစ်၌ နစ်ကြကုန်သည်။ ထို့နောက် ဒမိဠဟနသည် ပဲခွပ်၏ အစွမ်းဖြင့် ဗာရာဏသီမင်း၏ ဦးခေါင်းကို ယူကာ တစ်ယောက်သောသူမျှ လက်နက်ကို ချိန်ရွယ်သော်မှ မတတ်နိုင်စေရန်ပြုလျက် များစွာသော စစ်သည်ဗိုလ်ပါတို့ ခြံရံ၍ ပြည်တွင်းသို့ ဝင်ကာ ဒမိဠဟနမည်သော မင်းအဖြစ်နှင့် ဘိသိက်ခံကာ မင်းပြုလေ၏။

◈◈◈

ထို ဒမိဠဟနမင်းသည် ဂင်္ဂါမြစ်၌ ပိုက်ကွန်တို့ဖြင့် ရေစကားလေ့ရှိသည်။ တစ်နေ့ ထိုသို့ ရေကစားစဉ်တွင် ကဏ္ဍမုဏ္ဍအိုင်မှ မျောပါလာသည့် အိုးစရည်းအရွယ်ခန့်ရှိ ရွှေအဆင်းနှင့်တူသော နတ်တို့သာ သုံးဆောင်လေ့ရှိသည့် သရက်သီးတစ်လုံးသည် ပိုက်ကွန်၌ ညိ၍တင်လေ၏။

မှူးမတ်တို့သည် ထိုသရက်သီးကို မင်းအား ဆက်သကြသည်။ ဒမိဠဟနမင်းလည်း သရက်သီးကို သုံးဆောင်တော်မူရာ အကြောပေါင်း တစ်ထောင်ဆိမ့်အောင် ချိုမြိန်အရသာရှိလှသဖြင့် အမွှေးနံ့သာ၊ နို့ယနာတို့ သွန်းပြီး သရက်စေ့ကို စိုက်ပျိုး၍ သရက်ပင်ကို ဖြစ်စေလေသည်။ ထို့နောက် သရက်ပင်အား နံ့သာတို့ လိမ်းကျံ၍ ပန်းကုံး ပန်းဆိုင်တို့ဖြင့် ရံကုန်လျက် တင်းတင်တို့ ကာရံကာ၊ နံ့သာဆီတို့ဖြင့် ထွန်းညှိ ပူဇော်ကြကုန်၏။

ထိုသရက်ပင်သည် သုံးနှစ်မြောက်သော အသီးသီးလေ၏။ ထိုအသီးတို့သည် ရွှေရောင်အဆင်း ဝင်းပ၍ အလွန်ချိုမြိန်သော အရသာရှိကုန်၏။ အမွှေးနံ့သာတို့နှင့်လည်း ပြည့်စုံကြကုန်၏။

ဒမိဠဟနမင်းသည် ထိုသရက်သီးတို့ကို တစ်ပါးသော မင်းတို့သို့ လက်ဆောင်အဖြစ် ပို့စေ၏။ သို့သော် စိုက်ပျိုး၍ မရ၊ အပင်မပေါက်နိုင်စေရန် အညွန့် အညှောင့်ထွက်မည့် နေရာကို လိပ်ကျောက်ဆူးဖြင့် ထိုး၍ပေးစေသည်။

တစ်ပါးသော မင်းတို့သည်လည်း သရက်သီးကို စား



www.burmeseclassic.com

www.burmeseclassic.com

၍ အစေ့ကို စိုက်သည်ရှိသော် မပေါက်ကြရကား၊ အကြောင်း အသို့နည်းဟု စုံစမ်းကြကုန်၏။ အကြောင်းကို သိသည်နှင့် တစ်ပါးသောမင်းသည် ၎င်း၏ ဥယျာဉ်မှူးကို ခေါ်ကာ "ထိုချိုမြိန်မွှေးကြိုင်သော သရက်သီးကို ခါးသော အရသာဖြစ်အောင် ဖျက်ဆီးနိုင်သလား" ဟု မေးလေ၏။ ဥယျာဉ်မှူးကလည်း တတ်နိုင်ပါသည်ဟု လျှောက်သဖြင့် အသပြာ ထောင်ထုပ်ပေးပြီး ဖျက်ဆီးစေလေ၏။

ဥယျာဉ်မှူးသည်လည်း ဗာရာဏသီပြည်သို့ ရှေးရှုသွားလေ၏။ ရောက်သည်နှင့် ဒဓိဝါဟနမင်းထံ ခစား၍ ဥယျာဉ်မှူးဖြစ်ကြောင်း လျှောက်တင်လေ၏။ မင်းကြီးလည်း ထိုသူကအား ဥယျာဉ်မှူးခန့်လိုက်ပြီး မူလရှိနှင့်ပြီး ဥယျာဉ်မှူးနှင့် အတူတကွ နေစေကာ ဥယျာဉ်ကို စောင့်ရှောက်စေလေသည်။

တစ်ပါးသောမင်း၏ ဥယျာဉ်မှူးသည် ဥယျာဉ်ကို မွေ့လျော်ဖွယ်ရှိအောင် ပြုပြင်၍ အခါမဟုတ်ဘဲ ပန်းတို့ကို ပွင့်စေခြင်း၊ သစ်သီးတို့ကို သီးစေခြင်း ပြုလုပ်ပြ၏။ ထိုအခါ ဒဓိဝါဟနမင်းသည် ထိုသူအား ဥယျာဉ်ကို ပေး၍ ပထမလူကို ထုတ်လိုက်သည်။

တစ်ပါးသောမင်း၏ ဥယျာဉ်မှူးသည် ဥယျာဉ်ကို ပိုင်သည်နှင့် ချိုမြိန်မွှေးကြိုင်လှစွာသည့် ကဏ္ဍမုဏ္ဍအိုင်မှ မျှောပါလာသော နတ်သရက်သီး၏ မျိုးမှ ပေါက်သည့် သရက်ပင်အား တမာပင်၊ ခွေးတောက်ပင်တို့ဖြင့် ရံ၍ အခါးရည်များ ပက်ဖျန်းကာ စိုက်လေ၏။ အစဉ်သဖြင့် တမာခွေးတောက်တို့သည် ကြီးကုန်၍ အမြစ် အမြစ်ချင်း၊ အခက် အခက်ချင်း ရောနှောမြေးကုန်သည်ဖြစ်ကြသည်။

အလွန်ချိုမြိန်သော သရက်ပင်သည် တမာ၊ ခွေးတောက်တို့၏ ရောနှောမြေးယှက်မှုကြောင့် အရောင်အသွေးနှင့်တကွ အရွက်မှစ၍ ခါးသောအဖြစ်သို့ ရောက်ကြကုန်၏။ တစ်ပါးသောမင်း၏ ဥယျာဉ်မှူးလည်း သရက်၏ ခါးသော အဖြစ်ကို သိသည်နှင့် သူ့အရှင်ထံသို့ ပြန်ပြေးလေ၏။

ဒဓိဝါဟနမင်းကြီးသည် ဥယျာဉ်သို့ သွား၍ သရက်သီးကို စားသုံးအံ့သောဝှာ ခွဲစေ၏။ သရက်သီးစိတ်၏ ရန့်သည် ခါတိုင်းလို မမွှေးမူဘဲ တမာနံ့ ခွေးတောက်နံ့ပေါက်နေသည်။ ခံတွင်းသို့ သွင်းသောကာလ ခါးသော အရသာသည် စူးရှစွာဖြစ်သဖြင့် မျိုအံ့သောဝှာ မတတ်နိုင်သောကြောင့် ထွေး၍ ထုတ်ရလေ၏။

ဒဓိဝါဟနမင်းသည် ထိုအဖြစ်ကို သိစိမ့်သောဝှာ ပညာရှိ အမတ်ကြီးအား ခေါ်တော်မူ၍ . . .

"ပညာရှိ အမတ်ကြီး . . . ဤသရက်သီးသည် ကဏ္ဍမုဏ္ဍအိုင်မှ လာသော အကြောပေါင်းတစ်ထောင်တို့ကို ဖြိုအောင် စွမ်းဆောင်နိုင်သည့် ချိုမြိန်သော နတ်တို့သာ သုံးဆောင်ထိုက်သော သရက်သီးဖြစ်ပါလျက်၊ အရင်ကလည်း ချိုမြိန်ပါလျက် ယခု အဘယ်အတွက်ကြောင့် ခါးသည့်အနံ့ အသက်နှင့် ခါးသော အရသာတို့ ဖြစ်ရပါဘိသနည်း"

ဟု မေးလေသည်။ ထိုအခါ ပညာရှိ အမတ်ကြီးသည် အရာရာဖြစ်ကြောင်းကုန်စင်ကို ဆင်ခြင်သုံးသပ် စဉ်းစားပြီးသော် ဒဓိဝါဟနမင်းကြီးအား . . .

"မြတ်သော မင်းကြီး . . . မလျော်ကန်သည့် ပေါင်းဖော်ခြင်းသည် ယုတ်သည်၏အဖြစ်သာဖြစ်၍၊ အကျိုးမရှိနိုင်ဘဲ အကျိုးမဲ့ကိုသာ ဖြစ်စေတတ်ပါသည်။ ပျက်စီးသည်၏ အဖြစ်သာ ဖြစ်စေပါသည်။ ယခု အရှင်မင်းကြီး၏ နတ်၌ ဖြစ်ခဲ့သော မနိုင်းယှဉ်သာသည့် အဆင်းအနံ့ အရသာတို့နှင့် ပြည့်စုံသည့် ဤသရက်သီးသည် အစဉ်အလာအားဖြင့် ကောင်းခဲ့သော်လည်း၊ အကျိုးမဲ့ကိုသာ ဖြစ်စေတတ်သည့် မလျော်ကန်သော အပေါင်းအဖော်ဖြစ်သော တမာ၊ ခွေးတောက်တို့ဖြင့် အမြစ် အမြစ်ချင်း၊ အခက် အခက်ချင်း၊ အရွက် အရွက်ချင်း အချင်းချင်း ကူးလူးဆက်သွယ် ပတ်နွယ်မြေးယှက် ပေါင်းဖော်ဆက်စပ်ခဲ့ကြသဖြင့် မူလဇာတ်ပျက်၍ ခါးသက်သည့် အရသာဇာတ်တို့ဖြစ်ပြီး ပျက်စီးခဲ့ရပါသည်။

မြတ်သော မင်းကြီး . . . သရက်ပင်လျှင် သစ်ပင်ဖြစ်ပါလျက် မလျော်ကန်သော အပေါင်းအဖော်ကြောင့် ပျက်စီးရပါသေးလျှင်၊ သက်ရှိ လူသားတို့အတွက်ကား အဘယ်ကိုဆိုဖွယ်ရာရှိနိုင်ပါအံ့တော့မည်နည်း။ အကျိုးလိုသယောင်နှင့် ယုံအောင်ပြု၍ အတွင်းဝင် ဖျက်ဆီးခဲ့သဖြင့် ပျက်စီးခဲ့ကြရသည့် သာဓကပေါင်းလည်း များလှပါပြီ။

မြတ်သော မင်းကြီး . . . အကျိုးမဲ့၏ အဖြစ်လည်းကောင်း၊ အကျိုးရှိသည်၏ အဖြစ်လည်းကောင်း၊ သိတတ်သော၊ ဝေဖန်ပိုင်းခြားတတ်သော၊ စဉ်းစားတွေးခေါ်တတ်သော ပညာသည် အကယ်၍ ဤလောက၌ ရှိခဲ့မူ ကဏ္ဍမုဏ္ဍအိုင်မှ လာသည့် နတ်တို့သာ သုံးဆောင်မှီဝဲသည့် သရက်သီး၏ အဆင်း အနံ့ အရသာတို့သည် ပျက်စီးခြင်းသို့ မရောက်နိုင်ရာ" ဟူ၍ နားတော်လျှောက်လေ၏ ■

* * *

ဓနုနှင်းနီ


ကိုးကား - ဒုကနိပါတ်-ဒဓိဝါဟနဇာတ်၊

- သမန္တာစက္ခုဒီပနီကျမ်း-စတုတ္ထတွဲ၊



www.burmeseclassic.com

www.burmeseclassic.com




ရေဆန်ကျွန်းနက်ဘုရား
မံရွတ်ရွာ၊ ဗန်းမော်မြို့။

www.burmeseclassic.com

www.burmeseclassic.com

# သမိုင်းဝင် အောင်ကျော်ရေယျ မြသိန်းတန် နတ်ထိန်း
# ရေဆန်ကျွန်းနက်ဘုရားကြီး

—— ခင်ခင်ဝင်း (မောရဝတီ) ——






မြန်မာပြည်မြေပုံ၏ ပေါင်လုံးသဏ္ဌာန်နားတွင်ရှိသော မော်လမြိုင်မြို့(မွန်ပြည်နယ်)မှ မြန်မာပြည်မြေပုံ၏ လည်ပင်းသဏ္ဌာန်နားတွင် ရှိသော ဗန်းမော်မြို့(ကချင်ပြည်နယ်)သို့ သွားရောက်ရန် အကြောင်းဖန်လာ၏။

မြန်မာပြည်တစ်နံတစ်လျားရှိ ဘုရားစေတီများနှင့် ဆရာတော်ကြီးများအား အစုံအလင်ဖူးချင်သော ဆန္ဒရှိသဖြင့် ကျွန်မ၏ အိမ်ဘုရားစင်တွင် မြန်မာပြည်အရပ်ရပ်ရှိ စေတီပုံတော်များ၊ ဆရာတော်ကြီးများ၏ ပုံတော်များကို ကိုးကွယ်ထားပါသည်။ သွားရောက် ဖူးမြော်ရစေကြောင်းလည်း ဆုတောင်းထားပါသည်။ ကချင်ပြည်နယ်နှင့် ဆက်နွှယ်ပတ်သက်သော လူမှုရေးကိစ္စတစ်ခုအား ကူညီပေးရင် ကချင်ပြည်နယ် ဘိုးဘိုးကြီးများအား ကိုးကွယ် ဆုတောင် မေတ္တာပို့ခဲ့ပါသည်။

ထိုအကျိုးဆက်ကြောင့်ထင်သည်။ ကျွန်မ၏ မိသား မှ ဗန်းမော်မြို့သို့ ပြောင်းရွှေ့ရပါသည်။ ဗန်းမော်မြို့ လိုက်လာခဲ့ပါရန် လေယာဉ်ခနှင့်အတူ ဖိတ်ခေါ်လာပါသည် လေယာဉ်ခ တစ်သိန်းကျပ်ဖြင့် ရန်ကုန်မြို့မှ ဗန်းမော်မြို့ နှစ်နာရီမျှစီး၍ ရောက်နိုင်သော်လည်း ကျွန်မ၏ ဆန္ဒ ကားလမ်းခရီးနှင့် ပတ်ဝန်းကျင်အတွေ့အကြုံ တမ်း မက်မောမိပါသည်။ ထို့ကြောင့် မြန်မာပြည်မြေပုံကို ကြည့်

www.burmeseclassic.com



လမ်းခရီးကို ရှာဖွေလိုက်သည်။

မွန်ပြည်နယ်၊ မော်လမြိုင်မြို့မှ စထွက်ပြီး သံလွင်မြစ် ကို ကျော်၊ စစ်တောင်းမြစ်ကြီးကို ဖြတ်၍ ရန်ကုန်မြို့မှ လေးမြို့သို့ ရောက်မည်။ ထိုမှတစ်ဆင့် ဧရာဝတီမြစ်၏ ယ မြစ်ကျဉ်းနားတွင်ရှိသော ဗန်းမော်မြို့သို့ ရောက်မည်။ တွင် ကားလမ်းခရီးက ဖြောင့်ဖြူးနေသည်။ သွားဖူးသူ ကို မေးမြန်းစုံစမ်းရသည်။ ရန်ကုန်မှ မန္တလေးသို့ နံနက် ရီခန့် ရောက်မည်။ ဗန်းမော်ကားက ညနေ ၃နာရီမှ ကမည်။ မန္တလေးမြို့တွင် ဘုရားဖူးလေ့လာရန် အချိန် ာရီရမည်။ ရသည့်အချိန်ကို အကျိုးရှိရှိ အသုံးချရန် ွန်သဘောကျသဖြင့် ထိုခရီးစဉ်ကို ကားလမ်းဖြင့် သွား ရွေးချယ်လိုက်ရပါတော့သည်။

◈◈◈

သုံးလစာခန့် ဖတ်ရန် စာအုပ်များက အိတ်ကြီးတစ်လုံး ပြည့်။ မနိုင်မနင်းပင်။ စာရေးချင်သောစိတ်များကို ခေတ္တ ပျောက်ထားလိုက်သည်။ ခရီးစဉ်အတိုင်း ဆက်ထွက်၍ လေးမြို့သို့ ရောက်သောအခါ ဗန်းမော်-မန္တလေး ကားဝင်း သွားရောက် လက်မှတ်ဖြတ်ပြီး ပစ္စည်းများ အပ်ကာ ာမြတ်မုနိဘုရား၊ အိမ်တော်ရာဘုရားတို့ကို တစ်ဝကြီး က်ဖြစ်၊ ပူဇော်ဖြစ်ခဲ့သည်။ မန္တလေး ကျုံးပတ်လည်၊ မြို့ နှင့် ဈေးချိုတို့ကိုလည်း သွားဖြစ်ခဲ့သည်။ မရောက်တာ



www.burmeseclassic.com

ကြာပြီဖြစ်သော မန္တလေးမြို့၏ တိုးတက်ပြောင်းလဲ စည်ကားနေပုံကို အချိန်ရသလောက် လှေ့လာကြည့်ရှုရင်း ညနေ ၃နာရီတွင် မန္တလေးမှ ဗန်းမော်သို့ စတင် ခရီးထွက်ခဲ့ပါတော့သည်။

◈◈◈

မန္တလေး-ဗန်းမော် ကားလမ်းခရီးစဉ်ကား စိတ်ဝင်စားစရာကောင်းလှပါသည်။ လမ်းဘေးဝဲယာမှ စပါးစိုက်ခင်း လယ်ကွင်းပြင်များ၊ ပဲပြောင်းသီးနှံစိုက်ခင်းများ၊ ဘုရားစေတီများနှင့် ဟိုးအဝေး တောင်ကုန်းပေါ်များမှ စေတီပုထိုးများ၊ တောရိပ်တောင်ရိပ်တို့နှင့် တောင်တန်းကြီးများတို့၏ စိမ်းညို့ညို့ ဝါနီရောင်မှိုင်းမှိုင်းများမှာလည်း ကချင်ပြည်နယ်၏ အလှတရားများပင် ဖြစ်ပါတော့သည်။

တစ်ခါတစ်ရံ ကတ္တရာလမ်း၊ မြေညီလမ်းတို့နှင့်အတူ လမ်းပျက်၊ လမ်းလွှဲများနှင့် ကြုံရသော်လည်း ခရီးစဉ်က ချောမွေ့ပါသည်။ ဖြတ်ကျော်ခဲ့ရသော ရွာငယ်ကြီးငယ် မြို့များ၏ အမည်များကို မှတ်စုတွင် မှတ်သားရင်း ရှုမျှော်မဆုံးသော သစ်တောကြီးများ၊ သစ်တောဌာနတို့၏ စောင့်ရှောက် ပညာပေးစာတန်းဆိုင်းဘုတ်များ၊ ကျွန်းပင်စိုက်ခင်းများမှာ ကြည့်မဆုံး ရှုမဆုံးသော သဘာဝ ပန်းချီကားအလှတရားများပါပေတည်း။

၎င်းဒေသသည် မြန်မာပြည်၏ တန်ဖိုးကြီးမား ကျွန်းသစ်များ ထွက်ရာဒေသဖြစ်ပါသည်။ မင်းတုန်းမင်းတရားကြီးလက်ထက်နှင့် သီပေါမင်းလက်ထက်တို့တွင် မွန်ပြည်နယ်၊ မော်လမြိုင်မြို့မှ သစ်ကုန်သည်ကြီးများ...ည် ဘုရင်မင်းမြတ်ထံ အခွန်ဆက်၍ သစ်ထုတ်ရေးလုပ်ငန်းများကို လုပ်ကိုင်ခဲ့သော နေရာများဖြစ်ခဲ့ပါသည်။ ယခုအခါ သစ်ပင်ကြီးများ ပြုန်းတီးလာသောကြောင့် သစ်တောဌာနမှ ထိန်းသိမ်းစောင့်ရှောက် အစားထိုး ကျွန်းပင်များ စိုက်ပျိုးသည့် ကြိုးဝိုင်းများ ပညာပေး စာတန်းများဖြင့် နေရာယူထားသည်။

ပူပြင်း ပြောင်းလဲလာသော ရာသီဥတုဒဏ်ကို ကာကွယ်ရန် သစ်ပင် သစ်တောများ စည်ပင်ရှင်သန် စိမ်းလန်းစေဖို့ လူတိုင်းမှာ တာဝန်ရှိပေသည်။ သက်ငယ်၊ အင်ဖက်၊ ခနော်ဖက်နှင့် သစ်ကြိမ်ဝါး၊ ဆေးမြ...များကို သည်တောသည်တောင်များအား အမှီပြု အားထားရှာဖွေရပါသည်။ ထင်းအဖြစ် ခုတ်လှဲခြင်း၊ တောင်ယာမြေများ တိုးချဲ့စိုက်ပျိုးခြင်း၊ မီးသွေးဖုတ်၊ တောခုတ်၊ မီးရှို့ခြင်းများကြောင့် သစ်ကြီး ဝါးကြီးများ မရှိသလောက် ဖြစ်လာရသည်။ ထို့ကြောင့် ရာသီဥတုဖောက်ပြန်လာခြင်း၊ မိုးခေါင်၍ အပူဒဏ်လွန်ကဲခြင်း၊ ရေကောင်းရေသန့်များ ရှားလာခြင်းကို ဖြစ်ပေါ်...သည်။ ဆရာ ဇော်ဂျီ၏ သတိပေး ရေးခဲ့သည့် ကဗျာ...သတိရမိသည်။

*တောပင်ကို တော်တော်ခုတ်*
*တောပြုတ်လိမ့် နောက် နောင်*
*တောခုတ်လို့ တောပြောင်*
*မိုးခေါင်တော့မှာပဲ*
*မိုးခေါင်လို့ ရေမကြွယ်*
*သဲပင်လယ်ဖြစ်လိမ့်မလွဲ . . .တဲ့။*

မျက်စိကို အနားမပေးနိုင်လောက်အောင် လမ်း...ဝဲယာ မြင်ကွင်းများက ဆွဲဆောင်မှု ရှိလှသည်။ ရွှေကူ...ရောက်တော့လည်း ကားဆီဖြည့်ခြင်း ခဏသာ ရပ်နား...ရွှေကူမြေကို နင်းရင်း ရွှေကူမြို့နှင့် တွဲ၍သိရသော စာ...ဆရာမကြီး "ရွှေကူမေနှင်း" ၏ မြို့ပါလားဟု အမှတ်...ရေရွတ်မိသည်။

ရွှေကူမြို့မှ ထွက်ပြီး တစ်ညလုံး မောင်းနှင်လာ...ခရီးသည်တင် ကားကြီးကား မရပ်မနား မောင်းနှင်...အတူ တောတောင်ထဲမှ ပုရစ်ကလေးတွေ၏ တစီစီ...မြည်သံ တေးချင်းညံ့ညံ့ကို နားခံရင်း မေးပျော်ခဲ့ရပါတော့သ...


◈◈◈

နံနက်လင်းပါပြီ။

"ဒါ ဧရာဝတီမြစ်ရဲ့ ဒုတိယ မြစ်ကျဉ်းလေ"

ခရီးဖော်များက ပြပေးကြသည်။ ကားပေါ်မှ မြ...သလောက် ဓာတ်ပုံမှတ်တမ်းပြုရသည်။ သဘောဖြင့် ...လျှင် ဒုတိယမြစ်ကျဉ်းကို ထင်ထင်လင်းလင်း မြင်ရပေ...အပြန်ခရီးကို သင်္ဘောဖြင့် ပြန်၍ ဧရာဝတီမြစ်ကြီး၏ အ...ကို ကျကျနန ကြည့်ရှုခံစား မှတ်သားဦးမည်ဟု အားခဲထား...ရပါတော့သည်။

လမ်းတစ်လျှောက် ဖုန်းဆက်မရဘဲ ဗန်းမော်မြို့...



www.burmeseclassic.com

www.burmeseclassic.com



ဆက်၍ ရသည်။ ကားနှင့် လာမည်ဟု ပြောမထား
ကြသည်။ တစ်ခါတစ်ရံ လမ်းခရီးက စိတ်ပူရ
ပြောပါသည်။

ဘုရားတရား၏ ဂုဏ်တော်များကြောင့် လမ်းခရီးက
သာယာလှပါသည်။ ဖန်းမော်မြို့သည် ကချင်ပြည်
ဒုတိယမြို့တော်ဖြစ်ပြီး သီရိမင်္ဂလာသောကမင်းကြီး၏
ရှေးမြန်မာမင်းတို့၏ သာသနာများ ထွန်းကားခဲ့ရာ
ဖြစ်ပါသည်။ ယဉ်ကျေးသိမ်မွေ့ မြန်မာဆန်သော
ကို လေးစားသော ဒေသအဖြစ် ဘုရားတန်
ကျောင်းဇရပ်များက သက်သေထူလျက်ရှိပါသည်။
မော်မြို့ကို ရောက်လျှင် မဖြစ်မနေ သွားဖူးမည်ဟု
ထားသော ဘုရားတစ်ဆူရှိပါသည်။ ထိုဘုရားသည်
မော်မြို့၏ အရှေ့ပြင်ဘက် မံရွတ်ရွာတွင် ရှိသော
"အောင်-ကျော်-ဇေ-ယျ-မြ-သိန်း-တန် နတ်ထိန်း
နက် ဘုရားကြီး" ဖြစ်ပါသည်။ နယ်မြေအခြေ
အိမ်မှလည်း မသွားရန် တားမြစ်ထားပါသည်။
မော်မြို့သို့ ရောက်ပြီး နှစ်လကျော်ကျော်၊ တစ်နေ့
သောအဖိတ်နေ့တွင် သီမ်မဟာ သီလရှင် စာသင်
တိုက်အုပ်ဆရာကြီးထံ ခွင့်တောင်းပြီး စာချဆရာ
တော္တာယနီ"ကို အဖော်ခေါ်၍ ကားတစ်စီးကို အသွား
ကာ သွားလိုက်ပါသည်။ မိုးကလည်း သဲသဲမဲမဲ
ည်။ ဆွမ်းခံထွက်မည့် သီလရှင် ဆရာလေးများလည်း
မထွက်ဖြစ်ကြတော့သဖြင့် ဆွမ်းခံအတွက်ကို
လိုက်ပါသည်။

ဘုရားကြီး၏ တံခါးကို သော့ခတ်ထားတတ်တယ်"
ကာအပွဲ့က တစ်ခါတစ်ရံမှ ရှိတာ"
"သော့ခတ်ထားကာနှင့် ကြုံလျှင် အပြင်ကပဲ ဖူးပြီး
"
သည်ဖြင့် ပြောကြသည်။

ဖူးရပါစေကြောင်း စိတ်ဖြင့် ဆုတောင်းနေရသည်။ စွန့်စားပြီးလာရသော အခြေအနေကြောင့် မေတ္တာပို့ မေတ္တာသုတ်ရွတ်ရင်း လူအသွားအလာရှင်းနေသော ဒီ ခရီးကား စိုးထိတ်ရင်ခုန်ဖွယ်ဖြစ်နေရသည်။

◈◈◈

ရောက်ပါပြီ။ အောင်ကျော်ဇေယျ မြသိန်းတန်ဘုရားကြီးမုခ်ဝမှ စာလုံးများနှင့်အတူ စောင်းတန်းလှေကားလေး အတိုင်း တောင်ကုန်းလေးပေါ်သို့ တက်ရသည်။ အဆက်မပြတ် သဲသဲမဲမဲရွာနေသည့် မိုးကို မမှုဘဲ ထီးဆောင်း၍ မှတ်တမ်းပြု ဓာတ်ပုံရိုက်ရသည်။ နံနက်စောစောမို့ အလင်းရောင်က ဝါးတားတားဖြစ်နေသည်။ ဘုရားကုန်းတော်ပေါ် ရောက်ပြီး အဝေးက လှမ်းကြည့်လိုက်တော့ တံခါးပိတ်လျက် သော့ခလောက်ကို တွေ့ရသည်။

"သော့ခတ်ထားတယ် ထင်တယ်"


"သွားပါပြီ"

"ကိစ္စမရှိဘူး။ ဘုန်းကြီးကျောင်းဆရာတော်ကို သွားလျှောက်မယ်"

သုံးယောက်သား တစ်ယောက် တစ်ပေါက်ပြောကြရင်း ကားဆရာမှ သော့ကို ကိုင်ကြည့်ပြီး...

"သော့မခတ်ထားဘူး။ ချိတ်ထားတာ။ ဖွင့်ပြီး ဝင်လို့ရတယ်"

ဟု ပြောပြောဆိုဆိုဖြင့် ဘာဂျာတံခါးကို ဆွဲဖွင့်တာ တွေ့လိုက်ရသဖြင့် ဝမ်းသာရသည်။ အဆောက်အအုံသစ်ကြီးနှင့် တင့်တယ်စွာ စံနေတော်မူသော ဘုရားကြီးကို စိတ်တိုင်းကျ ဦးခိုက်ကြည်ညို ဆုတောင်း မှတ်တမ်းပြု ဓာတ်ပုံများ ရိုက်လိုက်ရပါသည်။ လူသူတစ်ဦးတစ်ယောက်မှ မတွေ့ရဘဲ ဆိတ်ငြိမ်နေမှုများက စိုးရိမ်စိတ်ကို ပိုကဲစေပါသည်။ နယ်မြေကျွမ်းကျင်သော သီလရှင်ဆရာလေးနှင့် ကားဆရာတို့ ပါလာလို့ တော်သေးသည်။ ကြိုတင် လေ့လာထားသော ဘုရားကြီးသမိုင်းကား အလွန်စိတ်ဝင်စားစရာကောင်းလှ





www.burmeseclassic.com

www.burmeseclassic.com


သဖြင့် ဘုရားကြီး၏ သမိုင်းကို အစုံအလင်ရေးသား တင်ပြလိုက်ရပါသည်။

◈◈◈

၁၃၃၃ ခုနှစ်၊ ကုန်းဘောင်မင်းဆက် ဆင်ဖြူရှင်မင်းတရားကြီးသည် သားတော် စဉ့်ကူးမင်းသားအား ထီးနန်းအမွေ ပေးအပ်လိုသည့်အတွက် ကျန်သားတော်များကို အခြေအောင်အယောင်များ ရုပ်သိမ်းပြီး အင်းဝတစ်ဖက်ကမ်း စစ်ကိုင်းတွင် အိမ်နိမ့်စံစေပါသည်။ ပဒုံမြို့စား ဘိုးတော်ဦးဝိုင်းသည် သားတော်၊ သမီးတော်များ၊ မောင်ကျော်ရွှေ၊ မောင်ပေါ်ဦး၊ မောင်မြတ်ထင်တို့ကို ခေါ်ယူကာ စစ်ကိုင်းရပ်တွင် အိမ်နိမ့်စံနေရရှာသည်။ အင်းဝထီးနန်းကို စဉ့်ကူးမင်း စိုးစံတော်မူပြီးမကြာမီ ဖောင်းကားစား မောင်မောင်မှ လုပ်ကြံပြီး ထီးနန်းကို သိမ်းပိုက်လိုက်လေသည်။

ပညာရှိများ၏ အကြံပေးချက်အရ နန်းသက်ရှည်စေလိုသော် အနောက်အရပ်ရှိ ကုက္ကိုပင်ကို ပယ်သတ်ပစ်ရမည်ဟု နိမိတ်စကား ပြောကြားသည့်အတွက် ပကတိ ကုက္ကိုပင်များကို ရှင်းလင်းစေခဲ့သည်။ အမှန်မှာ အနောက်ဘက် စစ်ကိုင်းရပ်တွင် အိမ်နိမ့်စံ ပဒုံမင်းသား(တနင်္လာသား)ကို ရှင်းလင်းရန် ဆိုလိုခြင်းဖြစ်ကြောင်း ပဒုံမင်းသား ကြားသိရသောအခါ စစ်ကိုင်းတွင် ဆက်မနေသင့်တော့ကြောင်း ဆုံးဖြတ်ပြီး မိမိနှင့် ပါလာသူများနှင့်အတူ ထီးချိုင့် မြတောင်အရပ်သို့ ပြောင်းရွှေ့ တိမ်းရှောင်လျက် ကိုယ်ယောင်ဖျောက်





ဆင်းရဲသားအသွင်ဖြင့် နေထိုင်ရရှာသည်။

ကိုယ်လုပ်တော်များကလည်း ပဒုံမင်းသား မဆင်းရဲ အောင် ကြိုးစားလုပ်ကိုင် ကျွေးမွေးစောင့်ရှောက်ကြပါသည်။ ဗန်းမော်ဘက်သို့ လှေထိုးလိုက်ခြင်း၊ အရှေ့ဘက် တော တောင်များသို့ ထွက်၍ သစ်ဝါးခုတ်လျက် လုပ်ကိုင်ခဲ့ သည်။ တောအုပ်တစ်နေရာတွင် လှပဖြောင့်ဖြူး အဖုအထ အနှာအဆာမပါ၊ အလွန်တင့်တယ်သော ကျွန်းပင်ကြီး တစ်ပင်ကို ထူးခြားစွာ တွေ့ကြရပါသည်။ အခြားအပင်များ ထက် မြင့်ပြီး တောအုပ်တစ်ခုလုံးကို စိုးမိုးနေဟန်၊ အခြား အပင်များက ဝိုင်းပတ် ဦးညွှတ်ထားနေသယောင်လည်း သည်။ အနီးကပ် လေ့လာကြည့်သောအခါ ရိုးရိုးကျွန်းမဟုတ် ဘဲ အလွန်ရှားပါး တန်ဖိုးကြီးသော ကျွန်းနက်ဖြစ်မှန်း ရပါသည်။ ဝမ်းသာအားရ ဝိုင်းဝန်းဖြတ်တောက်ကြပါသည်။ ထိုအခါ ကျွန်းပင်ကြီးမှာ အဖြတ်မခံဘဲ အမြစ်ပါမက ကျွတ်ထွက်ပြီး အသံကြီး မြည်ဟီးလျက် အရှေ့ဘက် ပျံတက် ထိုးဆင်းသွားပါတော့သည်။ တစ်တောလုံးလည်း ပဲ့တင်ထပ်မျှ တုန်လှုပ်သွားခဲ့သည်။

ထိုထူးကဲသော ဖြစ်ရပ်ဆန်းကို ပဒုံမင်းသားအား လျှောက်တင်ပြီး ထူးဆန်းစွာ ပျောက်ဆုံးသွားသော ကျွန်း ပင်ကြီးကို တောနင်းရှာဖွေကြရာ ထီးချိုင့်အနီး ရွာဝတ် အတွင်း၌ အကိုင်းအခက် အစုံအလင်နှင့် အထိအခိုက် အနာအဆာမရှိ အံ့ဩစွာ ပြန်တွေ့ကြရသည်။ နောက်ထ ပျောက်ဆုံးမသွားစေရန် ပါလာသော ကြိုးများ၊ ကြိမ်များ တုပ်နှောင်၍ အကိုင်းအခက်များကို ဖြတ်တောက်ကြ သည်။ ထိုသို့ ဖြတ်တောက်သည်နှင့် အသံများ မြည်ဟီး ပြီး လှိုင်းတံပိုးများ ထ,ကာ ချည်ထားသော ကြိုးများ တောက်ကုန်ပါတော့သည်။ ကျွန်းပင်ကြီးသည် မြည်ဟီး ဆန်တက်သွားပြီးနောက် ရေအောက်သို့ ငုပ်လျှိုးကာ ဆန်းစွာ ပျောက်ဆုံးသွားပြန်ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ပဒုံမင်းသားနှင့် အဖွဲ့တို့လည်း စိတ်လျှော့ပြီး မြတောင်သို့ ပြန်သွားကြပါတော့သည်။

◈◈◈

တစ်နေ့သော် ဗန်းမော်သို့ ကုန်ရောင်းတက်လာသော လှေအုပ်တွင် ပဒုံမင်းသားအဖွဲ့မှ မောင်မြတ်ထင်သည် လှေထိုးသားဘဝဖြင့် လိုက်ပါလာစဉ် ကုန်းကြီးရွာသို့ ရောက်လာသည်။ ထိုအခါ ထူးဆန်းသော ကျွန်းနက်ပင်ကြီးအကြောင်းကို ပြန်လည်ကြားသိရပြန်သည်။

ဧရာဝတီမြစ်ရေကျချိန် ကုန်းကြီးရွာအနီး သောင်စပ်တွင် လုပဖြောင့်ဖြူး အဖုအကစ် အနာအဆာမရှိသော ကျွန်းတုံးကြီးတစ်တုံးတင်နေသည်။ ကျွဲ၊ နွား၊ ဆင်တို့ဖြင့် ကြိုးစားဆွဲယူကြသော်လည်း မလှုပ်၊ မရွေ့သဖြင့် အနီးပတ်ဝန်းကျင်မှ ရေချိုး၊ အဝတ်လျှော်၊ တုံးပေါ်တက်ကစားလျှင် မွှေးကြိုင်သော ရနံ့ကို ပေး၍ တုံးကို လှုပ်ခါပြသဖြင့် ကြောက်လန့်ပြီး ညှိသူမျှ မကပ်ရဲကြတော့ပေ။

မောင်မြတ်ထင်တို့အဖွဲ့ သွားကြည့်ကြသောအခါ ထိုးနိုင်မှ ထူးဆန်းစွာ ပျောက်ဆုံးသွားသော ကျွန်းနက်ပင်ကြီးမှန်းသိရ၍ လှေထိုးသားဘဝမှ နုတ်ထွက်ကာ ကုန်းကြီးရွာတွင် နေရစ်ခဲ့ပါတော့သည်။ တတိယအကြိမ် မပျောက်ပျက်သွားအောင် ညှိနှိုင်းတိုင်ပင်ရန် ရွာဦးကျောင်းဆရာတော်ထံ ရောက်ရှိခဲ့ပါတော့သည်။

ရွာဦးကျောင်းဆရာတော် အရှင်သီဟစက္က ဆရာတော်ဘုရားမှ ညက အိပ်မက်တွင် ထိုသစ်နက်တုံးကြီးပေါ်၌ ရဟန္တာနှစ်ပါး သီတင်းသုံးနေသည်ကို မြင်မက်သည်အား ထောက်ရှုပြီး မိန့်တော်မူပါသည်။


* မြတောင်တွင် ခုတ်လှဲစဉ် ကောင်းကင်သို့ ပျံတက်ခြင်း၊ မြေပြင်သို့ လဲကျမခံခြင်း၊ ဧရာဝတီမြစ်အတွင်း ကျရောက်ခြင်းတို့သည် ဝါယောအကြောင်းနှင့် အာကာသ သိဒ္ဓိပြီးမြောက်ကြောင်း ထင်ရှားပါသည်။

* ဧရာဝတီမြစ်အတွင်း ကြိုးများဖြင့် တုပ်နှောင် ဖြတ်တောက်မခံဘဲ လှိုင်းတံပိုးကြီးစွာ အော်မြည်ဟီး၍ နှောင်ကြိုးများ ပြတ်တောက်ကာ အထက်အညာသို့ ဆန်တက်၊ ငုပ်လျှိုး ပျောက်ကွယ်ခြင်းတို့သည် အာပေါအကြောင်းနှင့် ပထဝီသိဒ္ဓိပြီးကြောင်း ထင်ရှားပါသည်။


* ရယူလိုသောသူများ ကျွဲ၊ နွား၊ ဆင်တို့ဖြင့် ဆွဲယူသော်လည်း မလိုက်ပါဘဲ ပကတိ တည်နေခြင်းသည် နတ်ဝိဇ္ဇာများ စောင့်ရှောက်ထားသော ကျွန်းနက်မြတ်သာ ကေန်ဖြစ်ရမည်။ ထို့ကြောင့် လောကီကိစ္စများတွင် မသုံးအပ်။ ဘုရားရှင်၏ ကိုယ်စား ထုလုပ်ကိုးကွယ်သင့်သည်။ ဒကာကြီး ပဒုံမင်းသားနှင့်အဖွဲ့လည်း အထွဋ်အထိပ်သို့ အမှန်ရောက်ပေမည်။

ထိုသို့ ဆရာတော်ဘုရားကြီး၏ လမ်းညွှန် ဩဝါဒကို ခံယူပြီး ကျွန်းနက်မြတ်အား ရာဇမတ်ကာ၊ သဲဖြူခင်း၊ ငှက်ပျောပင်၊ ကြံပင်စိုက်၊ တံခွန် ကုက္ကား မုလေးပွားတို့ဖြင့် အမွှေးနံ့သာ ပက်ဖျန်း၊ တရော်ကင်ပွန်းတို့ဖြင့် သန့်စင်ဆေးကြောကြပြီး သံဃာတော် ၉ပါးတို့မှ ပရိတ်တော်များ ရွတ်ဖတ်ကြပါသည်။ ဆရာတော်ဘုရားကြီးမှ ဝေနေယျတို့၏ အကျိုးကို မျှော်ကိုး၍ ဗုဒ္ဓဘုရားရှင်၏ နိမ္မိတကိုယ်စား ထုလုပ်ပူဇော်မည်ဖြစ်ပါသည်။ သမ္မာဒေဝနတ်အပေါင်းမှ ကူညီစောင့်ရှောက်ကြပါရန် ရှိသေစွာ လျှောက်ထား တောင်းပန်တော်မူလေသည်။ အတီးအမှုတ်များဖြင့် ပရိသတ်များ ပင့်ဆောင်ရာသို့ ကျွန်းနက်မြတ်သည် အလိုက်သင့် ပါသွားပါတော့သည်။

ရွာဦးကျောင်းဆရာတော်၏ မိတ်ဆွေ ဒကာ၊ ပြည်မြို့နေ ပန်းပုပန်းချီဆရာ ဦးအောင်သည် ဗန်းမော်မြို့သို့ ကိုယ်ရေးကိစ္စဖြင့် လာရောက်ရင်း ဆရာတော်ဘုရားကို ဝင်ဖူးသည်။ ထူးဆန်းသော တိုက်ဆိုင်မှုပင်။ ပန်းပုဆရာလည်း ရောက်၊ ပဒုံမင်းသားလည်း ရောက်၊ ကျွန်းနက်မြတ်လည်း ကုန်းပေါ်သို့ ရောက်လာပြီဖြစ်သည့်အတွက် ရုပ်ပွားတော်



www.burmeseclassic.com



ထုလုပ်ခြင်းကိစ္စကို အသေးစိတ် ညှိနှိုင်းတိုင်ပင်ကြသည်။ ကျွန်းနက်မြတ်၏ အံ့ဖွယ်များကို ကြားသိရသော် ရွာနီး ပတ်ဝန်းကျင်မှ အလှူရှင်များ ပေါ်လာပြီး ၁၁၄၃ ခုနှစ်၊ တန်ဆောင်မုန်းလတွင် သံဃာတော် (၂၈)ပါးကို့ဖြင့် ဗုဒ္ဓဘိသေသအနေကဇာတင်ပွဲ၊ မသိုးသင်္ကန်းဆက်ကပ်လှူဒါန်းပွဲများ ခြိမ့်ခြိမ့်သဲ ပွဲသဘင်ခံကြပါသည်။

ခုနစ်ရှေ့နံ့ "အောင်ကျော်ဇေယျ နတ်ထိန်း ရေဆန်ကျွန်းနက်ဘုရားကြီး"ကို ပူဇော်ခဲ့သော ပန်းမင်းသားသည် ဖောင်းကားစား မောင်မောင်ကို ပန်းမင်းသား၏ ညီတော် ပင်းတလဲမြို့စားမှ လုပ်ကြံပြီး ပန်းမင်းသားအား ထီးနန်းလွှဲအပ်ခြင်း ခံရပါတော့သည်။

ရွာဦးကျောင်းဆရာတော် မိန့်တော်မူခဲ့သည့်အတိုင်း ကျွန်းနက်မြတ်ဘုရားကြီးကို ကိုးကွယ်ခဲ့သော ပန်းမင်းသားနှင့် အဖွဲ့သည် အထွဋ်အထိပ်သို့ ရောက်တော်မူခဲ့လေတော့သည်။

◈◈◈

၁၂၄၇ ခုနှစ်သို့ ရောက်သောအခါ မြန်မာပြည်ကြီး မငြိမ်မသက်၊ တရားဥပဒေစိုးမိုးမှု ပျက်ပြီး ကုန်းကြီးရွာသားများ ထွက်ပြေးကြရလေတော့သည်။ ရေဆန်ကျွန်းနက်ဘုရားကြီးနှင့် ဂန္ဓကုဋိတိုက်သာ ကျန်ရစ်ခဲ့လေသည်။

အင်္ဂလိပ်နယ်ချဲ့လက်ထက် မြို့အုပ်၊ သူကြီးများ ခန့်အပ်စဉ် ကုန်းကြီးရွာသို့ ဗုဒ္ဓဘာသာဝင် (၁၀)အိမ်ခန့်၊ ဘာသာခြား ကျိန်းဖောလူမျိုး (၁၅)အိမ်ခန့် ပြန်ရောက်လာကြသည်။

သက္ကရာဇ် ၁၂၆၄ ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့မှ လပြည့်ကျော် ၂ရက်နေ့အထိ ရေဆန်ကျွန်းနက်ဘုရားကြီးမှ ရောင်ခြည်တော် ကွန့်မြူးပါသည်။ မတွေ့ဘူးသော ဘာသာခြား ကျိန်းဖောများက မကောင်းဆိုးဝါး ခြောက်လှန့်သည်ထင်ပြီး ဘုရားကြီးအား တုတ်၊ ဓားတို့ဖြင့် ရိုက်နှက်ဖျက်ဆီးကြလေသည်။ သို့သော် ဘုရားကြီးကား မပျက်မစီး မထိခိုက်ပါပေ။ ထိုအကြောင်းကို ဗန်းမော်မြို့အုပ် ဦး... မြတ် ကြားသိသောအခါ များစွာ စိတ်မကောင်းဖြစ်ရ...သည်။ ထို့ကြောင့် ဘုရားကြီးအား ဗန်းမော်သို့ ဖောင်တော်ဖြင့် ပင့်ဆောင်လာလေသည်။

ဘုရားပင့်လာသော ဖောင်တော်မှာ နှောင်ကားရွာရှေ့ ဝဲကတော့တွင် ပတ်ချာလည်ကာ မည်သို့မျှ ဆက်ပင့်၍ မရတော့ပါ။ သုံးရက်ကြာသည့်တိုင် ရပ်တန့်နေပါတော့သည်။ ဗေဒင်...တြာ ကျွမ်းကျင်သူများကို မေးမြန်းသောအခါ ဘုရားကြီးမှာ ဗန်းမော်မြို့တွင် ကိုးကွယ်ရန် မဟုတ်ဘဲ ကိုးနဝင်းဖြစ်သော မံရွှတ်ရွာတွင် သီတင်းသုံးလိုကြောင်း တွက်ချက်ကြ၍ ရွာသူရွာသားများက ပန်းကလပ်ကို ကိုင်ရေထဲသို့ ဆင်းပြီး ရိုရိုသေသေ ပင့်လျှောက်ကြသည်။

ဖောင်တော်သည် ဝဲကတော့မှ ထွက်၍ ပရိသတ်လေးပါးတို့ လက်လှမ်းမီရာသို့ ကြွရောက်လာပြီး ပင့်ဆောင်ဆွဲယူရာသို့ အလွယ်တကူ လိုက်ပါလာတော့သည်။ ဘုရားကြီးကို ဝေါတော်ဖြင့် တင်ဆောင်ပြီး ဘုရားကိန်းဝပ်မည့်နေရာကို ရှာကြသည်။ ထိုအချိန်တွင် သားအမိနှစ်ယောက်တို့သည် ကြက်ဖဖြူတစ်ကောင်ကို ပိုက်၍ရောက်လာသည်။ ထိုကြက်ဖဖြူသည် အိပ်တန်းမဆင်းသဖြင့် ကလေးကကြက်ဖ...အတူ ဘုရားကြီးဆီသို့ ခေါ်ဆောင်လာခြင်းဖြစ်သည်။

ဘုရားကြီး၏ ...လာဝေါ်တော်ပေါ်သို့ ကြက်ဖဖြူသည် ပျံတက်နားနေပြီး မံရွှတ်ရွာအပြင်ဘက်သို့ ဝေါ်တော်ကြီးရောက်သောအခါ ကြက်ဖသည် တွန်သံများ ဆက်ကာ ဆက်ကာ တွန်ကျူး၍ ကုန်းတော်ပေါ်သို့ ခုန်တက်စဉ် ကုန်းတော်ပေါ်မှ ကြက်ဖများကလည်း အဆက်မပြတ် တွန်သံများ ပေးကြလေသည်။ လူအများက ကုန်းတော်ပေါ်သို့ တက်ကြည့်သောအခါ အလွန်ညီညာပြန့်ပြူးသော မြေပြင်



www.burmeseclassic.com



ကြယ်ကြီးဖြစ်နေသည်ကို တွေ့ကြရပါသည်။ ပညာရှိများက ဤနေရာကို ဘုရားကြီး ကိန်းဝပ်ရန်နေရာအဖြစ် ရွေးချယ်၍ ဂန္ဓကုဋိတိုက်ကြီး ဆောက်လုပ်လှူဒါန်း ကိုးကွယ်ခဲ့ကြပါသည်။

၁၅-၈-၂၀၀၀ ခုနှစ်တွင် မံရွတ်ကျေးရွာ၌ ဆောက်လုပ်ခဲ့သော ဘုရားကြီး၏ ဂန္ဓကုဋီတိုက်ကြီး ကွဲအက်ပျိုကျပျက်စီးသွားပါတော့သည်။ ဘုရားကြီးကား လုံးဝ ထိခိုက်ပျက်စီးမှု မရှိခဲ့သည်ကို ထိုစဉ်က ရိုက်ထားသော ဓာတ်ပုံအတိုင်း မြင်ကြရမည်ဖြစ်ပါသည်။ ရွာသူရွာသားများနှင့် အသိုင်းရှင်အပေါင်းတို့က ဂန္ဓကုဋီတိုက်အသစ်ဆောက်လုပ်လှူဒါန်းထားသည်။ ကျွန်မတို့ သွားဖူးသည့်နေ့က မိုးသည်းထန်စွာ ရွာနေသဖြင့် ဓာတ်ပုံမှတ်တမ်းရိုက်ရ အလွန်ခက်ခဲနေသည်။ လူအသွားအလာလည်း ရှင်းနေသည်။ ဘုရားဝင်းကြီးတစ်ခုလုံး သာသနိက အဆောက်အအုံ အစုံအလင်နှင့် ဆောင်ပြောင်ပင်ကြီးမှာလည်း ဝေဝေဆာဆာ စိမ်းစိုနေသည်။

"အောင်ကျော်ဝေယျ မြသိန်းတန့်ဘုရားကြီး" သည် အံ့ဖွယ်ရှစ်ပါးရှိသည်ဟု သိရပါသည်။

(၁) မြတောင်တွင် တောအုပ်အလယ်၌ အခြားအပင်များက ဝန်းရံဦးညွှတ်နေဘိသကဲ့သို့ စိုးမိုးပေါက်နေခြင်း အံ့ဖွယ်တစ်ပါး။

(၂) တစ်ပင်လုံး အဖုအထစ် အနာအဆာကင်းနေခြင်း အံ့တစ်ပါး။

(၃) ဖြတ်တောက် ခုတ်လှဲခြင်း မခံ။ ပဲ့တင်တော်လဲ သံပေးပြီး တစ်ပင်လုံး အမြစ်ပါမကျန်ကျွတ်ထွက်၍ ကောင်းကင် ပျံတက်သွားပြီး ရောဝတီမြစ်အတွင်း ကျဆင်းခြင်း အံ့တစ်ပါး။

(၄) ရောဝတီမြစ်အတွင်း ကြိုးဖြင့် တုပ်နှောင် ဖြတ်တောက်သောအခါ လှိုင်းတံပိုးကြီးစွာထလျက် ကြိုးများ ပြတ်တောက်ကာ မြစ်ညာသို့ ဆန်တက် ငုပ်လျှိုးပျောက်ကွယ်သွားခြင်း အံ့တစ်ပါး။

(၅) သစ်တုံးကြီးပေါ် တက်ရောက်သောအခါ အဖွေ့နှံ့ပေး၍ တုန်ခါပြခြင်း အံ့တစ်ပါး။

(၆) ကျွဲ နွား၊ ဆင်တို့ဖြင့် မည်သို့ဆွဲသော်လည်း ရွေ့လျားခြင်းမရှိ ရပ်တည်နေခြင်း အံ့တစ်ပါး။

(၇) လောကီမင်းသားနှင့်အညီ တင့်တယ်စွာ စီမံပင့်ဆောင်ပြီး လူ့မရိုသတ်အားနှင့် ဆွဲယူပင့်ဆောင်ရာသို့ လွယ်လင့်တကူ လိုက်ပါခြင်းအံ့တစ်ပါး။

(၈) ဓားတ်၊ ဓား လက်နက်တို့ဖြင့် ဖျက်ဆီးသော်လည်း ပျက်စီးခြင်းမရှိ အံ့တစ်ပါး။

ထိုထူးခြားသော ဘုရားကြီးကို ပူဇော်ခြင်းဖြင့် အထက်ပါ အံ့ဖွယ်ရှစ်ပါးတို့၏ ဟိတ်များ သက်ဝင်ဓာတ်ကူး ခံစားရကြောင်း၊ ဗန်းမင်း၏ ကိုယ်တွေ့ကို နမူနာယူ၍ အထူးပြုကိုးကွယ်ကြကြောင်း၊ မိမိဘဝ လဲကျမသွားဘဲ ထက်မြက်သော၊ မြင့်မြတ်သော သိဒ္ဓိများ ရရှိစေကြောင်း သတင်းကောင်းပါးအပ်ပါသတည်း ■

(ရှေး...ဟောင်းဓာတ်ပုံမှတ်တမ်းများ ကူညီပေးကြသော မိတ်ဆွေများအား ကျေးဇူးတင် မှတ်တမ်းပြုပါသည်။)

* * *

ခင်ခင်ဝင်း(ဧမောရဝတီ)

မှီငြမ်း

- မဟာဘုံကျော်ဆရာတော်ဘုရားကြီး ရေးသားတော်မူသော ဘုရားကြီးသမိုင်း ပုရပိုက်။
- ကိုယ်တိုင်လေ့လာမှတ်သား ရှာဖွေဖူးမြော်ခြင်း။



www.burmeseclassic.com

www.burmeseclassic.com

မဂ္ဂဇင်း

ကြော်ငြာနှုန်းထားများ

| | | | | |
|---|---|---|---|---|
| နောက်ကျောဖုံး | (၄ - ရောင်) | - | ၇" × ၁၀" | ၁၅၀,၀၀၀ ကျပ် |
| အရှေ့မျက်နှာဖုံးအတွင်း | (၄ - ရောင်) | - | ၇" × ၁၀" | ၁၀၀,၀၀၀ ကျပ် |
| နောက်ကျောဖုံးအတွင်းဘက် | (၄ - ရောင်) | - | ၇" × ၁၀" | ၈၀,၀၀၀ ကျပ် |
| အတွင်းတစ်မျက်နှာ | (၄ - ရောင်) | - | ၇" × ၁၀" | ၆၀,၀၀၀ ကျပ် |
| အတွင်းဖြူ/ မဲ တစ်မျက်နှာ | (၁ - ရောင်) | - | ၇" × ၁၀" | ၁၅,၀၀၀ ကျပ် |
| အတွင်းဖြူ/ မဲ မျက်နှာဝက် | (၁ - ရောင်) | - | ၅ ‧ ၆" × ၄ ‧ ၅" | ၈,၀၀၀ ကျပ် |

ဒီဇိုင်းပေးပြီး ဖလင်ကူးလိုပါလျှင် ဖြူ/ မဲအတွက် ဖလင်ကူးခ ပေးစရာမလိုပါ။

၄ ရောင်အတွက် ဖလင်ကူးခ သီးသန့်ပေးရမည်။

**အယ်ဒီတာအဖွဲ့ ရုံးခန်းနှင့် ဖြန့်ချိရေး**
အမှတ်-၁၇၉၊ တတိယထပ်(ဝဲ)၊ (၃၁)လမ်း(အ
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၇၃၀၅၀၄၇၁။



www.burmeseclassic.com

www.burmeseclassic.com

၂၁ ရာစု

# ဆရာဦးအောင်မိုးဇော်

**EX-စာပေပဓိမာန်**

**အထက်တန်း လက္ခဏာ၊ နက္ခတ္တဗေဒပညာရှင်**

**သင်တန်းနည်းပြ**

စာရေးဆရာ ဆရာမ ဝေဝေအောင်ထံမှ စာတစ်စောင်-

Ph. 290046
09-51-38742

အမှတ် (၁၄)၊ ရွှေဘုန်းပွင့် ဘုရားဈေးတန်း၊ ပုဇွန်တောင်မြို့နယ်။ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၇၃၀၇၆၈၀၈
အလုပ်ချိန် -နံနက် (၈း၃၀) မှ ညနေ (၆း၀၀)

www.burmeseclassic.com

www.burmeseclassic.com

၁၁၉၃ မှ ၁၂၅၆ ခုနှစ်အတွင်းက ရွှေဘိုခရိုင် ဝက်လက်မြို့နယ်၊ ဟန်လင်းကြီး ပျူမြို့တော်အနီး သစ်ဆိမ့်ကြီးရွာမှ ဘုန်းကြီးတစ်ပါးသည် ဣဿသာမစ္ဆရိယကြောင့် ပျံလွန်တော်မူသောအခါ အောက်တန်းစား ဘီလူးတစ်ကောင်



မေတ္တာရှင် (ရွှေမြည်သာ)

# သစ်ဆိမ့်ကြီးရွာမှ ဘီလူးဘုန်းကြီးနှင့် ရန်ကုန်မြို့က ပြဿ

www.burmeseclassic.com

www.burmeseclassic.com

သွားရပုံမှာ သတိ သံဝေဂရစရာကောင်းလှသည်။ သစ်မြိုကြီးရွာသည် အညာပုဂံဟု ဆိုရလောက်အောင် ကျောင်း၊ ဘုရား၊ စေတီ ပေါ်များလှပါသည်။

ယခုအခါ နာမည်အတိအကျရထားသော ကျောင်းငါး (၃၈)ကျောင်း၊ သိမ်ပေါင်း (၂၁)သိမ်၊ ဂူဘုရား (၃၀)၊ စေတီ (၃၉)ဆူရှိသည်။ ဘွဲ့တော်အမည်နာမ မသိရသေးသော စေတီများကား ရာထောင်မက များပြားလှကြောင်းသည်။ ၎င်း သစ်ဆိမ့်ကြီးရွာအနောက်တောင်ထောင့်ရှိ ဇေတဝန်ကျောင်းတော်ကြီး၌ "အရှင်ဝိသုဒ္ဓါစာရ" အမည်ရှိသော မထေရ်မြတ်ကြီးတစ်ပါး သီတင်းသုံးနေထိုင်သည်။

ဇေတဝန်ကျောင်းတော်ဘက် ခပ်လှမ်းလှမ်း၊ ပြာသာဒ်ကျောင်း၌ "ဦးခေမိန္ဒ"မထေရ် သီတင်းသုံးသည်။

ဘုန်းကြီးချင်းတူသော်လည်း စိတ်ဓာတ်ရေး လုပ်ရပ်ကွာလှသည်။ ဦးဝိသုဒ္ဓက နေရာတကာ အနာခံပြီး သာစ်လေ့ မရှိ။ ယူရသော အရသာထက် ပေးရသော သာကို ပိုမိုနှစ်သက်သည်။ ပစ္စည်းလေးပါး လာဘ်လာဘ ဘက်သို့ မလိုက်။ သီလ၊ သမာဓိ၊ ပညာ၊ ကြီးပွားရေး ဘက်ကိုသာ လိုက်သည်။

ဦးခေမိန္ဒကား နေရာတကာ အသာစံသည်။ အနာခံ ရှိ။ ပေးရသော အရသာ၏ တန်ဖိုးကို သူ မသိ။ ယူရသော အရသာကိုသာ နှစ်သက်သည်။ သီလ၊ သမာဓိ၊ ကြီးပွားရေးနောက် မလိုက်ဘဲ ပစ္စည်းလေးပါးနောက် သာ သဲကြီးမဲကြီးလိုက်သည်။

ပစ္စည်းလေးပါး လာဘ်လာဘကား လိုက်လေ ဝေး လိုချင်လေ မရလေသော ဖြစ်ပါ၏။

သိက္ခာသုံးပါးကိုသာ ကြိုးစားအားထုတ်ပြီး လာဘ်လာဘက်သို့ မလိုက်လေ ရလေ၊ မလိုလေ ပေါ်များလေသော ကြောင်းကို သိက္ခာသုံးပါးဖြည့်ဆည်းသော ရဟန်းတော် သိနိုင်ပါ၏။ ဗုဒ္ဓ၏ သတ်မှတ်ချက်အရ ပစ္စည်းလေးပါး လာဘ်လာဘသည် သစ်ရွက်နှင့် တူ၏။

"စတုပါရိသုဒ္ဓိသီလ"သည် သစ်ပင်၏ အပွေးနှင့်တူ၏။ တ် ရှစ်ပါးသည် သစ်ခေါက်နှင့် တူ၏။ အဘိညာဉ်ငါး ည် အကာနှင့် တူ၏။ မဂ်ဖိုလ်သည်သာ အနှစ်အသား ဘဲဟူ၍ ပောကြားထားရာ အနှစ်အသားနှင့် တူသော ကို ရရန် ကြိုးစားအားထုတ်နေသော ရဟန်းသည် နှင့် တူသော ပစ္စည်းလေးပါးကို အဘယ်မှာ မက်မော ည်နည်း။

ထို့ကြောင့် အနှစ်အသားကို ရှာနေသော ဦးဝိသုဒ္ဓထံ တွင် ဒကာ၊ ဒကာမများ ပေါ်များလျက်ရှိရာ၊ ဦးခေမိန္ဒအား ဣသာမစ္ဆရိယက နှိပ်စက်ပါတော့သည်။

ပထမအနေဖြင့် ဦးဝိသုဒ္ဓကို လှူတန်းမည့်သူ မရှိအောင် မဟုတ်မဟတ် လုပ်ဇာတ်တွေ ခင်းပြီး အပုပ်ချ ကဲ့ရဲ့စွပ်စွဲသည်။ သို့သော် ဦးဝိသုဒ္ဓကို မည်သူမျှ အကြည်ညို မပျက်။ မဟုတ်တမ်းတရား စွပ်စွဲသော ဦးခေမိန္ဒကိုသာ ပို၍အကြည်ညိုပျက်သွားကြသဖြင့် အနည်းအကျဉ်းသာ ရှိသော ဒကာအချို့ပင် ဦးဝိသုဒ္ဓဘက် ရောက်သွားလေသည်။

ပက်လက်လှန်ပြီး တံတွေးထွေးလျှင် ထိုတံတွေးသည် ထွေးသူထံသို့ ပြန်ကျသကဲ့သို့ လည်းကောင်း၊ လေညာသို့ ဖွဲ့အမှိုက်ကို ပစ်လွှင့်ခဲ့လျှင် ထိုအမှိုက်သည် ပစ်လွှင့်သူထံ ပြန်လာသကဲ့သို့ လည်းကောင်း၊ ယခု ဦးဝိသုဒ္ဓအပေါ် စော်ကားသမျှသည် ဦးခေမိန္ဒဆီသို့သာ ပြန်ရောက်လျက်ရှိပေသည်။

ဘယ်လိုမှ မရတော့သည့်အဆုံး ဦးဝိသုဒ္ဓ ဆွမ်းခံကြွချိန်တွင် ဘုံခုနစ်ဆင့်ရှိ "သီလဝိသောဓနီသိမ်"တော်ကြီးကို မီးတင်ရှို့လိုက်ပါတော့သည်။

ဦးဝိသုဒ္ဓ သီတင်းသုံးသော ဇေတဝန်ကျောင်းမကြီးကား သီလဝိသောဓနီသိမ်တော်ကြီးနှင့် (၁၀) တောင်ခန့်မျှသာ ကွာသည်။ ကံတရားကား အံ့သြဖွယ်ကောင်းလေစွ။ သိမ်တော်ကြီးတစ်ဆောင်လုံး မီးလောင်သွားသော်လည်း ဇေတဝန်ကျောင်းတော်ကြီးသို့ မီးမကူးခဲ့ပေ။ ဦးခေမိန္ဒ ရှို့မှန်းသိသော်လည်း ဦးဝိသုဒ္ဓကား အပြစ်မပြော။ ဘာမှမဖြစ်သလိုပင် နေသည်။ တကယ့် သူတော်စင်များသည် သတ္တဝါများ ကောင်းကျိုးကို အချိန်ပြည့် ဆောင်ရွက်နေကြရသည်ဖြစ်၍ မိမိကို စော်ကားသူအပေါ်၌ပင် အပြစ်မြင်ရန်၊ အပြစ်ပြောရန် အချိန်ရှိကြသည် မဟုတ်ပေ။

◈◈◈

သူတော်စင်တို့၏ အမြင်ကား သာမန် သူလိုကိုယ်လို လူများအတွက် အံ့သြစရာသာ ဖြစ်ပါ၏။ စိတ်ချင်းမတူရာ အမြင်ခြင်းလည်း မတူနိုင်တော့ပေ။ သာမန်လူများသည် မြင်းမိုရ်တောင်လောက်ရှိသော မိမိအပြစ်ကို မမြင်သော်လည်း သူတစ်ပါး၏ ဆီးစေ့လောက်ရှိသော အပြစ်ကိုကား ဆီလို အပေါက်ရှာပြီး မြင်တတ်ကြသည်။

သူတော်စင်များကား မိမိ၏ ဆီးစေ့လောက်ရှိသော အပြစ်ကို မြင်အောင် ကြည့်နိုင်ကြသော်လည်း၊ သူတစ်ပါး၏ မြင်းမိုရ်တောင်လောက်ရှိသော အပြစ်ကိုကား မမြင်တတ်ကြပေ။ စင်စစ် မိမိအပြစ်ကို မြင်ပြီး ပြုပြင်မှုသာလျှင်



www.burmeseclassic.com

www.burmeseclassic.com



ပစ္စက္ခ သံသရာနှစ်ကြာလုံး ကောင်းကျိုးရနိုင်၍ သူတစ်ပါး အပြစ်ကို မြင်ခြင်းကား အကုသိုလ်တိုးပွားရုံမှတစ်ပါး ဘာမျှ မရှိပေ။

ယခုလည်း ကြည့်ပါ။ မိမိ၏ ကျောင်းကို မီးရှို့သည် အထိ စော်ကားလာသော ဦးခေမိန္ဒ၏ အပြစ်ကြီးကိုကား မမြင်။ ပစ္စည်းလေးပါး ဒကာ၊ ဒကာမ ပေါပေါများများနဲ့ နေလိုသာ ငါဟာ ဒီလိုအစော်ကားခံရတာ။ ပစ္စည်းလေးပါး ဒကာ၊ ဒကာမ ပေါပေါများများနှင့် နေလိုသော ငါ့အပြစ်သာ ဖြစ်သည်ဟူ၍ မိမိ၏ မပြောပလောက်သော အပြစ်ကလေး ကို မြင်ကာ ရွာကျောင်းကြီးကို စွန့်ပြီး သပိတ်တစ်လုံး၊ သင်္ကန်းသုံးထည်နှင့် တောထွက်တော်မူခဲ့လေသည်။

သို့သော် မလိုချင်မှသာ ရလေ့ရှိသော ဒကာ၊ ဒကာမ များနှင့် လာဘ်လာဘများသည် ဦးခေမိန္ဒ၏ ပြာသာဒ်လု ကျောင်းကို ကျော်ပြီး ဦးဝိသုဒ္ဓရှိရာ တောထဲထိ လိုက်ကြ ပြန်လေသည်။ ဦးဝိသုဒ္ဓ မရှိရင် ငါ ဘုန်းကြီးမှာပဲဟု ထင်ထား သော ဦးခေမိန္ဒ၏ အထင်ကား တက်တက်စင်အောင် လွဲ လေပြီ။

**သဘောထား သေးသိမ်သောသူသည် သူတစ်ပါး ၏ အပြစ်ကိုသာ မြင်လေ့ရှိသည်။**

**သဘောထားပြည့်ဝသောသူကား မိမိကိုယ်ကိုသာ အပြစ်မြင်တော့သည်။**

**သဘောထားအပြည့် အဝဆုံးသောသူသည်ကား မည်သူ့အပေါ်မှ အပြစ်မမြင်တော့ပေ . . .**

ဟူသော တရုတ်ပညာရှိကြီး ကွန်ဖြူးရှပ်၏ စကားအ ဦးခေမိန္ဒကား သဘောထား သေးသိမ်သောသူ ဖြစ်ပါ ထို့ကြောင့်ပင် ဦးဝိသုဒ္ဓ သူ့ကြောင့် တောထွက်သွားသည် အထိ သူ့အပြစ်ကို မမြင်သေးဘဲ၊ ဦးဝိသုဒ္ဓ၏ မရှိသေ အပြစ်ကိုသာ လုပ်ကြံ၍ မြင်လျက်ရှိသည်။

"ဒီကိုယ်တော်ဟာ လူကြည်ညိုများအောင် ဟန်ဆော တောထွက်တာ။ ဒါကြောင့် ဒကာ၊ ဒကာမတွေ လိုက်လာတ ကို လက်ခံ သာယာနေတာပဲ။ ဒီကိုယ်တော် လူ့လောက မရှိမှဖြစ်မှာပဲ" ဟု တွေးပြီး တစ်ညတွင် ဦးဝိသုဒ္ဓကို လုပ်ကြ သတ်ဖြတ်ရန် တောကျောင်းသို့ လိုက်လာပါတော့သည်။

သို့ပေမယ့် တောကျောင်းမရောက်ခင် လမ်းခုလတ် ပင် လူမမြင်ရဘဲ ကြိမ်လုံးတစ်လုံး အမှောင်ထဲမှ ပေါ်လာ ဦးခေမိန္ဒ၏ ကျောကို အားကုန်ရိုက်ပါတော့သည်။ ဦးခေ ကား ကိုယ့်အပြစ်နှင့် ကိုယ်မို့ ကြောက်လန့်တကြားပြ သူ့ကျောင်းရှိရာသို့ အရောက်ပြန်ပြေးရပါတော့သည်။

ထူးခြားသည်ကား ဦးခေမိန္ဒ ထိတ်လန့်တကြ အားကုန်ပြေးပါသော်လည်း ကြိမ်လုံးကား နောက်မှ က မနေရစ်ဘဲ ကျောကို တဖြန်းဖြန်းရိုက်လျက် ပါလာရာ ကျောင်းပေါက်ဝရောက်၍ ဟပ်ထိုးလဲကျ သတိလစ် သာလျှင် အရိုက်ရပ်ပါတော့သည်။

ဦးခေမိန္ဒသည် ၁၂၈၃ ခုနှစ်တွင် ပျံလွန်တော်မူ ဣဿမစ္ဆရိယ အကုသိုလ်ကံကြီးကြောင့် ဘီလူးကြ တစ်ကောင်ဖြစ်သွားခဲ့ရသည်။ ဘီလူးဘဝရောက်မှ မိမိအ ကို သိမြင်ပြီး ဆရာတော် ဦးဝိသုဒ္ဓဆီ သွား၍ ကန်တော ပါသည်။

သို့သော် သူ၏ နောင်တကား လွန်ခဲ့ပြီမဟုတ် လား။

◈◈◈

မစ္ဆရိယသည် သေးငယ်လျှင် မိမိပစ္စည်းကိုသာ ဝန် သည်။ ကြီးလာလျှင် သူတစ်ပါး၏ ပစ္စည်းကို ပါ လိုက်ပြ ဝန်တိုလာတတ်သည်။

ကျွန်ုပ်၏ တပည့်မလေးတစ်ယောက်မှ တစ်ဆင့်သိ သော အဘွားကြီးတစ်ယောက်၏ အဖြစ်သည်ကား သန စရာလည်း ကောင်း၊ သံဝေဂရစရာလည်း ကောင်းလှပါသ ထိုအဘွားကြီးသည် မစ္ဆရိယ၏ နှိပ်စက်မှုကြောင့် မ မကာမ်းနိုင် နမြောစေးနဲ ဝန်တိုလှသည်။

မစ္ဆရိယက ကြီးသထက် ကြီးလာသဖြင့် မိမိပစ္စည်း



www.burmeseclassic.com

www.burmeseclassic.com

ဝန်တိုရုံမကတော့ဘဲ အိမ်သားအားလုံး၏ ပစ္စည်းများကို ယိုက်ပြီး ဝန်တိုလာသည်။ အိမ့်သားများမှ မည်သူ ဒါန မပြုရန် သူက တားဆီးပိတ်ပင်တော့သည်။ ထိုသို့ ခြင်းကို စာပေ၌ "ပုညန္တရာယ်"ဟု ခေါ်သည်။ သူတစ်ပါး၏ သိုလ် ပျက်စီးအောင် အန္တရာယ်ပြုခြင်းဟု အဓိပ္ပာယ်ရ သည်။ အလွန်အကုသိုလ်ကြီးသောအမှုပါတည်း။

တစ်နေ့တွင် ထိုအဘွားကြီး သေဆုံးသွားလေရာ ဗုဒ္ဓ သာတို့၏ ထုံးစံအတိုင်း ရက်လည်ဆွမ်းကျွေးပြီး နောက် နေ့မှာပင် သူ၏ မြေးမလေးအား အိပ်မက်ပေးလေသည်။ အိပ်မက်ထဲတွင် အဘွားကြီးမှာ ပိန်လှီနေပြီး အရိုးပေါ် အရေ တင်သာရှိသည်။ အဝတ်အစားလည်း မရှိဘဲ ကိုယ်တုံးလုံး ဖြစ်နေသည်။ အိပ်မက်ထဲ၌ မြေးနှင့် အဘွားပြောနေသည် ···

"မြေးလေးရေ···အဘွားကို ကယ်ပါဦး။ အဘွားမှာ စားရာလည်း မရှိ၊ ဝတ်စရာလည်း မရှိဖြစ်နေပြီ။ မြေး မြင်ရတဲ့အတိုင်းပဲ"

"အဘွားရယ်···မြေးလေးတို့တစ်တွေ အဘွားဆုံးတဲ့ နေ့လည်း သက်ပျောက်ဆွမ်းကပ်တယ်။ သတ္တမတဲ့ နေ့ ညြီး မြေဆင်းဆွမ်းကပ်လှူတယ်။ ရက်လည်တဲ့ နေ့ကျ တော့လည်း အဘွားသက်စေ့ သံဃာတွေ ပင့်ပြီး ဆွမ်းတွေ ကပ်တွေ လှူခဲ့တာပဲ။ မြေးလေးတို့ အမျှပေးတာ အဘွား သာဓုမခေါ်ရဘူးလား"

"ခေါ်လို့ မရပါဘူး ငါ့မြေးရယ်"

"ဘာလို့လဲ အဘွားရဲ့"

"ကိုယ်ပြုတဲ့ ဒဏ်၊ ကိုယ်ပြန်ခံရတာပါပဲ ငါ့မြေးရယ်။ အဘွားမသေခင်တုန်းက ကိုယ်ကိုယ်တိုင် ဒါနမပြုခဲ့တဲ့အပြင် သူတစ်ပါးပြုတဲ့ ဒါနကို လိုက်ပြီး တားဆီးခဲ့တဲ့၊ သူတစ်ပါး ကုသိုလ်ကို ပိတ်ပင်တားဆီးခဲ့တဲ့ အကုသိုလ်ကံကြောင့် အဘွားမှာ သာဓုခေါ်စရာ ပါးစပ်ပေါက် ပါမလာဘူး မြေးလေးရယ်"

ဟု ပြောပြီး ပါးစပ်ပေါက်မပါသော သူ့မျက်နှာကို ညွှန်ပြသဖြင့် မြေးဖြစ်သူမှာ လန့်ပြီး အိပ်ရာမှ နိုးသွားခဲ့ရပါ သည်။

◈◈◈

ထိုအဘွားကြီးကား ပြိတ္တာဘုံဘဝမှ ကျွတ်လွတ်ရန် ခဲယဉ်းတော့ပါချေ။ ဣဿာမစ္ဆရိယသည် ထိုကဲ့သို့ လောကီ သားများ ဆုတ်ယုတ်အောင် လုပ်သည်သာမကသေး၊ ချမ်းသာ၊ ဖိုလ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာမရအောင်လည်း လုပ်ပါသေးသည်။ သုတ္တနိပါတ်ပါဠိတော်၌ အဇိတ ရသေ့က ဗုဒ္ဓအား···

**ကေနဿု နိဝုတောလောကော၊**

**ကေနဿု နပကာသတိ၊**

**ကိဿာ ဘိလေပနံ ဗြူသိ၊**

**ကိဿာမဿ - မဟာဗ္ဘယံ။**

(အနက်) "မြတ်စွာဘုရား··· ပရမတ်ရုပ်နာမ် သခါရ တွေ မမြင်အောင် (ဝါ) မဂ်ဖိုလ်မရအောင် အဘယ်တရား တွေက ပိတ်ဖုံးထားပါသလဲ ဘုရား"

ဟု မေးလျှောက်ရာ ဗုဒ္ဓက···

**ဝေဝိစ္ဆာ ပမာဒါ ညာ ထပကာသတိ ဇာရောတိ။**

"ဣဿာမစ္ဆရိယ တရားနှစ်ပါးနှင့် မေ့လျော့ခြင်း ပမာဒ တရားများက မဂ်ဖိုလ်မရအောင် တားဆီးတတ်ကြောင်း ဟောကြားထားရာ ဣဿာမစ္ဆရိယသည် သာမန် အကုသိုလ် မဟုတ်။ မဂ်ဖိုလ်မရအောင်ပင် တားတတ်သည့် အကုသိုလ် တရားကြီးဖြစ်ကြောင်း" ဟောကြားတော်မူခဲ့သည်ကို သတိပြု ကြရပါမည်။

◈◈◈

သက်ရှိ သတ္တဝါတွေကို ခန္ဓာ၊ အာယတန၊ ဓာတ်၊ ဒုက္ခသစ္စာ၊ ဝဋ်မီးစာ၌ အခါခါလောင်မြိုက်စေသောကြောင့် ကိလေသာမီးလည်းမည်သော၊ သံသရာဝဋ်ဒုက္ခနှောင်အိမ်မှ လွတ်မထွက်အောင် ချည်နှောင်ရစ်ပတ် ထုံးဖွဲ့ထားတတ် သောကြောင့် သံယောဇဉ်နှောင်ကြိုးလည်းမည်သော အကု သိုလ်တရားဆိုး (၁၀)မျိုး ရှိသည်။

ထို (၁၀)မျိုးကား···

(၁) အာရုံငါးပါး၌ တပ်မက်စွဲလမ်းခြင်း - ကာမရာဂ သံယောဇဉ်၊

(၂) ကာမ၊ ရူပ၊ အရူပ ဟူသော ဘဝသုံးပါးကို တပ်မက်စွဲလမ်းခြင်း - ဘဝရာဂ သံယောဇဉ်၊

(၃) စိတ်ဆိုးခြင်း၊ အမျက်ဒေါသထွက်ခြင်း - ပဋိဃ သံယောဇဉ်၊

(၄) ထောင်လွှားခြင်း - မာနသံယောဇဉ်၊

(၅) ရုပ်၊ နာမ်ကို သူ၊ ငါပဲဟု အယူအစွဲမှားခြင်း- ဒိဋ္ဌိသံယောဇဉ်၊

(၆) ရတနာသုံးပါး ကံတရား၌ ယုံမှားသံသယဖြစ် ခြင်း - ဝိစိကိစ္ဆာသံယောဇဉ်၊

(၇) ရှစ်ပါးမဂ္ဂင်၊ ကျင့်စဉ်မပါ၊ သစ္စာမမြင် အယူမှား ကြွယ်သော အကျင့်ကို ကျင့်ခြင်း၊

www.burmeseclassic.com

(၈) မနာလိုခြင်း - ဣဿာသံယောဇဉ်၊

(၉) ဝန်တိုကောက်ကျစ်ခြင်း - မစ္ဆရိယသံယောဇဉ်၊

(၁၀) သစ္စာလေးပါးကို အမှန်မသိခြင်း - အဝိဇ္ဇာ သံယောဇဉ်တို့ ဖြစ်ကြပေသည်။

ထိုတရားဆိုးများကို မဂ်လေးပါးက အစဉ်အတိုင်း ပယ်သတ်ပေးပုံမှာ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတ ပရာမာသ၊ ဣဿာ၊ မစ္ဆရိယမည်သော သံယောဇဉ်ငါးပါးကို သောတာ ပတ္တိမဂ်ဉာဏ်က ပယ်သတ်ပေးသည်။ ရုန့်ရင်းသော ကာမ ရာဂ သံယောဇဉ်နှင့် ပဋိဃသံယောဇဉ်တို့ကို သကဒါဂါမိမဂ် ဉာဏ်က ပယ်သတ်ပေးသည်။

သိမ်မွေ့သော ကာမရာဂ သံယောဇဉ်နှင့် ပဋိဃ သံယောဇဉ်ကို အနာဂါမိမဂ်ဉာဏ်က ပယ်သတ်ပေးသည်။ မာနသံယောဇဉ်၊ ဘဝရာဂ သံယောဇဉ်၊ အဝိဇ္ဇာ သံယောဇဉ် တို့ကို အရဟတ္တမဂ်ဉာဏ်က ပယ်သတ်ပေးသည်။

ဤရှင်းလင်းချက်ကို ရေးပြနေသည်မှာ စာရှုသူအနေ ဖြင့် ပုထုဇဉ်တိုင်းတွင် မနာလိုခြင်းဣဿာနှင့် ဝန်တိုခြင်း မစ္ဆရိယ ရှိနေသည်ဟု သိစေလိုခြင်းကြောင့်ပင်။

သို့သော် ပုထုဇဉ်တိုင်း ဣဿာမစ္ဆရိယ ရှိသည်ဟု ဆိုသည်နှင့် ငါလည်း ပုထုဇဉ်ပဲ၊ ဣဿာမစ္ဆရိယဖြစ်တာ ဘာမှမဆန်းဟုတော့ ဆုံးဖြတ်ချက် မချလိုက်ပါနှင့်။

အဘယ့်ကြောင့်နည်း။

စိတ်အစဉ်တွင် ကိန်းအောင်းနေသော အနုသယ အဆင့်အနေဖြင့် ပုထုဇဉ်မှာ ဣဿာမစ္ဆရိယ ရှိသည်မှ သော်လည်း စိတ်ထဲတွင် ထကြွ သောင်းကျန်းလာသော ပရိယုဋ္ဌာနအဆင့်၊ ကာယကံ, ဝစီကံဖြင့် ကျူးလွန်လာသော ဝီတိက္ကမအဆင့်သို့ မရောက်အောင်၊ ဖြစ်ပေါ်မလာအောင် အသိဉာဏ်ဟူသော ချွန်းဖြင့် ထိန်းချုပ်ထားနိုင်သောကြောင့် ပါတည်း ■

* * *

မေတ္တာရှင်(ရွှေပြည်သာ)

(မေတ္တာရှင် (ရွှေပြည်သာ)၏ "အတွင်းရန်သူ" စာအုပ် ပြန်လည်ကောက်နုတ် ဖော်ပြခြင်းဖြစ်ပါသည်။)


# ဆရာကြီးရာဇာဇော်ဝင်း (LL.B.)

**နာမည်ပေးတင်ပွန်းတပ် နက္ခတ္တဗေဒအကြားအမြင် လျှို့ဝှက်နက်နဲသောပညာဖြင့် အနာဂတ်ဟောကိန်း**



ရင်သွေးငယ်များနာမည်ပေးခြင်းကင်ပွန်းတပ်ရက်အခမဲ့ရွေးပေးခြင်းရွှေ
နာမည်လှလှလေးများရွေးချယ်ပေးခြင်းရင်သွေးငယ်များဘဝတစ်သက်တာ
စာတမ်းကုမ္ပဏီများနာမည်ရွေးခြင်းကုန်အမှတ်တံဆိပ်များအောက်ခံအရောင်
များကုမ္ပဏီဖွင့်ပွဲအချိန်၊နာရီ၊နေ့ရက်များမြန်မာဇာတာအင်္ဂလန်ဇာတာ
ဟောစာတမ်းအင်္ဂလိပ်ဟောစာတမ်းနိုင်ငံခြားမှမြန်မာများအတွက်နာမည်
စသည့်နာမည်ပေးပါရဂူဆရာကြီးတစ်ဦးဖြစ်ပါသည်(ဉာဏ်ပူဇော်ခ၇၀၀၀
သံတမန်ဝန်ထမ်းအင်္ဂလိပ်နာမည်နှင့်မိဘနာမည်တွဲဖက်၍ အထူးဆော
ပေးခြင်း ကိုယ်ဝန်ဆောင်မိခင်များခွဲစိတ်မွေးဖွားမည့်ရက်ကောင်းရက်
နာရီမိနစ်စက္ကန့်အပါအဝင်လိုအပ်သောယတြာများOGဆရာဝန်နှင့်တိုင်ပင်
ဆက်သွယ်နိုင်သည်လူကြီးများအတွက်ရက်လနှစ်ပိုင်းခြားထားသောဟော
များ လက္ခဏာဖြင့်ဟောခြင်း ဓါတ်ပုံဖြင့်ဟောခြင်း မွေးသက္ကရာဇ်ဖြင့်ဟော
အကြားအမြင်ဖြင့်ဟောခြင်းနိုင်ငံခြားသင်္ဘောသားများလိုင်းကောင်းကောင်း
နိုင်ငံခြားသွားသူများမိမိရောက်သည့်နိုင်ငံတွင်အဆင်ပြေစေရန်ချစ်သူမောင်
စုံတွဲဇာတာစစ်ဆေးခြင်းအကြွေးပြန်ရစေရန်အမှုနိုင်/မနိုင်ပညာရေးထူးချွ
မရှိအိမ်ထောင်ရေးတွင်အနှောင့်အယှက်များဖယ်ရှားပေးခြင်းရုပ်ရည်ချော
သော်လည်းအဆင်မပြေဖြစ်နေသည်လူပျိုကြီးအပျိုကြီးများကံပွင့်အောင်
ခြင်းအိမ်ခြံကားရောင်းထွက်စေရန်ဆောင်ရွက်ပေးခြင်းအင်းပညာဝိဇ္ဇာအင်
ပညာစာတ်ရိုက်ဓါတ်ဆင်ပညာများဖြင့်ဆရာထံရောက်လျှင်သင်အောင်မြ
မည်ဟုမှတ်ပါ(နှုတ်ဟောဉာဏ်ပူဇော်ခ၅၀၀၀ကျပ်)နာမည်ပေးခြင်းနှင့်ဟော
များ ဒီနေ့အပ်လျှင်မနက်ဖန်ရမည်နယ်သို့VPLဖြင့်လည်းကောင်းဘဏ်
လျှင်ချက်ချင်းပို့ပေးမည်နယ်မှမွေးသက္ကရာဇ်နေရပ်လိပ်စာဖော်ပြ၍ငွေပေး
သည်ရန်ကုန်မြို့အတွင်းနာမည်ပေးနှင့်ဟောစာတမ်းများကိုငွေကြိုပေးပို့မည်
ရည်ဖုန်းသာဆက်လိုက်ပါတိုက်(၃၅)မြေညီထပ်(၈၇)လမ်းမင်္ဂလာတောင်ညွန့်

ရန်ကုန်မြို့။(ပိတ်ရက်မရှိ) ☎ 01- 394727, 399426, 09-73009994, 09-73078260, 09-5152




www.burmeseclassic.com

www.burmeseclassic.com

# ရသေ့ကြီး ဦးခန္တီ၏
# အစွမ်းထက် အဆောင်ဂေါဏ်းဂါထာ

အေးခင်ခင်လှိုင်
(အညာမြေ)




www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်သည် လွန်ခဲ့သော ဌန်လအတွင်းက စာမူကိစ္စတစ်ခုဖြင့် ပုဇွန်တောင်မြို့နယ် စာရေးဆရာအသင်းမှ အတွင်းရေးမှူးဖြစ်သူ သီဟ(ရောဝတီ)ထံသို့ ရောက်ရှိခဲ့ပါသည်။ စာရေးဆရာ သီဟ(ရောဝတီ)နှင့် စာမူကိစ္စများ ပြောဆို ဆောင်ရွက်ပြီးသောအခါ အချိန်ရသေးသဖြင့် မရောက်တာ ကြာပြီဖြစ်သော ရွှေတုန်းပွင့်စေတီတော်သို့ ဝင်ရောက်ဖူးမြော်ကြည်ညိုဖြစ်ခဲ့ပါသည်။ ထိုစဉ် စေတီတော်ရင်ပြင်ပေါ်၌ အနှစ် (၃၀)မျှ ကွဲကွာနေသော သူငယ်ချင်းမို့ ဦးသန်းထွန်းအား အမှတ်မထင် ပြန်လည်တွေ့ဆုံခဲ့ရသည်။

ကျွန်တော်နှင့် ဦးသန်းထွန်းတို့မှာ ၁၉၇၅ ခုနှစ်က ဗိုလ်တထောင်လုပ်သားများ ကောလိပ်၌ ကျောင်းအတူတက်ခဲ့ကြသော ကျောင်းနေဖက် သူငယ်ချင်းများဖြစ်သည်။ ဦးသန်းထွန်းသည် စာကိုက်နှင့် ကြေးနန်းဝန်ကြီးဌာနတွင် ကြေးနန်းဆက်သွယ်ရေးသင်တန်းသို့ တက်ရောက်အောင်မြင်ခဲ့ပြီးနောက် အလုပ်မှထွက်၍ နိုင်ငံခြားသင်္ဘောလိုင်းတစ်ခုတွင် ရေဒီယိုဆက်သွယ်ရေးအရာရှိ (RO)အဖြစ် လိုက်ပါသွားခဲ့သည်။ ထိုအချိန်မှစ၍ သူနှင့် ကျွန်တော်တို့ ပြန်မတွေ့ရတော့ဘဲ အခုမှ မမျှော်လင့်ဘဲ ဦးသန်းထွန်းကို ပြန်တွေ့ရခြင်းဖြစ်သည်။

"ဟေး… ဦးသန်းထွန်းပါလား။ ခင်ဗျားနဲ့ မတွေ့ရတာ အတော်ကြာနေပြီ။ တွေ့ရတာ ဝမ်းသာတယ်ဗျာ။ အခု ဘယ်မှာနေကြလဲ။ သင်္ဘောလိုက်သေးလား"

"အေးဗျာ ကျွန်တော်လည်း ကိုမြင့်မောင်နဲ့ တွေ့ရတာ ဝမ်းသာတယ်။ မတွေ့ဆို ကျွန်တော်တို့ ကျောင်းမပြီးခင်မှာ ကွဲကွာသွားတာ အနှစ် (၃၀)တောင် ကျော်နေပြီ။ အခု ကျွန်တော် ပုဇွန်တောင်ပန်းခြံလမ်းထဲမှာ တိုက်ခန်းဝယ်လိုက်တယ်။ သင်္ဘောမလိုက်တော့ဘူး။ နားလိုက်တာ ၅နှစ်ကျော်ရှိပြီ။ ပုဇွန်တောင်ဈေးထဲမှာ အထည်ဆိုင်ဖွင့်ထားတယ်။ မိန်းမပဲ ဆိုင်ထွက်တယ်။ သမီးကတော့ စင်ကာပူမှာ အလုပ်ဝင်နေတယ်။ ကျွန်တော်ကတော့ ဘုရားသွား ကျောင်းတက်ပဲ လုပ်နေတာတယ်"

ဦးသန်းထွန်းက ကျောင်းသားဘဝတုန်းကလို ဝမ်းသာအားရ နှုတ်ဆက်ရင်း သူ၏ လက်ရှိ အခြေအနေကို ပွင့်ပွင့်လင်းလင်းပြောပြ၏။ သူ့ကို ကြည့်ရသည်မှာ အရွယ်ထောက်လာသည့်တိုင် ကျန်းမာဖြိုး၍ တက်ကြွလန်းဆန်းနေဆဲပင်။ သူ၏ မျက်နှာသည် သန့်စင်ကြည်လင်နေ၍ အေးချမ်းမှုအရိပ်များ လွှမ်းမိုးနေ၏။

"ဦးသန်းထွန်း…ဘုရားကို နေ့တိုင်းလာဖြစ်သလား"

"ဟုတ်ကဲ့ခင်ဗျ။ အမိဋ္ဌာန် ဇရက်ဝင်ထားလို့ နေ့တိုင်း ဘုရားလာပြီး ပုတီးစိပ်ဖြစ်ပါတယ်။ ဒီဘုရားမှာ ပုတီးစိပ်ရတာ သိပ်ပြီး အာရုံမိတယ်"

"ဦးသန်းထွန်း ပုတီးစိပ်တော့ ဘာကို အာရုံပြုပြီး စိပ်ပါသလဲ"

"အခု ကျွန်တော် ပုတီးစိပ်နေတာက ရသေ့ကြီး ဦးခန္တီရဲ့ အဆောင်ကောင်း ဘုရားရှိခိုးပါထာကို အာရုံယူပြီး စိပ်ပါတယ်"

"ရသေ့ကြီး ဦးခန္တီရဲ့ ပုတီးစိပ်နည်းဆိုတော့ ထူးခြားမှာပေါ့။ ပြောပြပါလား"

ကျွန်တော်လည်း ရသေ့ကြီး ဦးခန္တီ ပုတီးစိပ်နည်းဟု ဆိုသဖြင့် အတော်ပင် စိတ်ဝင်စားသွားပါသည်။ ရသေ့ကြီး ဦးခန္တီကား နယ်နယ်ရရ ပုဂ္ဂိုလ်မဟုတ်။ မြန်မာနိုင်ငံ သာသနာပြုသမိုင်းမှာ ထူးချွန်ထင်ရှားသော ပါရမီရှင် ပုဂ္ဂိုလ်ကြီးဖြစ်သည်။

"အင်း…ပြောရမယ်ဆိုရင်တော့ တစ်နေ့ ကျွန်တော် ဘုရားမှာ ဝတ်ပြုနေတုန်း ခမ္မမိတ်ဆွေနဲ့ စကားစပ်မိရာက အဲဒီမိတ်ဆွေက ဦးခန္တီ ပုတီးစိပ်နည်းကို ပေးခဲ့တာပဲဗျ။ ပုတီးစိပ်နည်းကိုလည်း အသေးအချာပြောပြခဲ့တယ်။ ရသေ့ကြီး ဦးခန္တီရဲ့ အဆောင်ကောင်း ပုတီးစိပ်နည်းက အစွမ်းလည်း ထက်တယ်။ အကျိုးထူးလည်း ရတယ်။ စိတ်ဝင်စားဖို့ အင်မတန်ကောင်းပါတယ်။ အဲဒီမိတ်ဆွေပြောပြသွားတာက ဒီလိုဗျ"

◈◈◈

အချိန်က ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီ ကာလ။

ထိုအချိန်က ရသေ့ကြီး ဦးခန္တီသည် မြန်မာနိုင်ငံတစ်နံတစ်လျားတွင် အံ့မခန်းသော သာသနာပြုလုပ်ငန်းကို လုပ်ဆောင်လျက်ရှိသည်။ ရသေ့ကြီး ဦးခန္တီ ပြုလုပ်သမျှသော သာသနာပြုလုပ်ငန်းများတွင် မည်သည့်အခက်အခဲကိုမှ မတွေ့ရဘဲ အလိုအလျောက် အလှူရှင်များ ပေါ်ပေါက်လာပြီး လုပ်ငန်းအားလုံး ပြီးမြောက် အောင်မြင်သွားသာဖြစ်သည်။ ပဋ္ဌာန်းဆက် ကောင်းလှသော ထူးခြားသည့် ပါရမီရှင် ပုဂ္ဂိုလ်ကြီးတစ်ဦးပင် ဖြစ်သည်။

တစ်နေ့မှာတော့ ရသေ့ကြီး ဦးခန္တီသည် စစ်ကိုင်းတောင်ရိုးသို့ ကိစ္စတစ်ခုဖြင့် သွားရောက်ခဲ့လေ၏။ ရသေ့ကြီး ဦးခန္တီသည် ယခင်က သိကျွမ်းရင်းနှီးခဲ့သော သင်္ဘောစာရုံ ကျောင်းဆရာတော်ကြီးထံသို့ ဝင်ရောက် နှုတ်ဆက် ဂါရဝ



www.burmeseclassic.com

www.burmeseclassic.com

ပြုလေ၏။ ဆရာတော်ကြီးသည် နိုင်ငံတစ်ခွင် သာသနာပြု ခရီးထွက်၍ ရသေ့ကြီး ဦးခန္တီအား တွေ့ရသောအခါ…

"ဒကာကြီး မောင်ခန္တီ မင်း သာသနာပြုနေသည်မှာ အံ့မခန်း အောင်မြင်ကျော်ကြားလှပေတယ်။ မင်း သာသနာ ပြုသမျှ ဒကာ၊ ဒကာမများက အရန်သင့် ပါဝင်လှူဒါန်းခဲ့ကြ တယ်။ မင်းမှာ အဆောင်ကောင်းများ ရှိလေသလား။ ရှိခဲ့ရင် အဲဒီအဆောင်ကို ဆရာတော်ကြီးလည်း သာသနာပြုချင်လို့ သျှုဒါန်းခဲ့ပါကွယ်"

ဟု မိန့်တော်မူသည်။

ထို့နောက် ရသေ့ကြီး ဦးခန္တီသည် သုဓောတာရုံဆရာ တော်ကြီးအား လက်အုပ်ချီမိုး၍ ဘုရားရှိခိုးဂါထာကို ၉ခေါက် တိတိ ရွတ်ဆိုပူဇော်ကန်တော့လေ၏။ ထိုသို့ ရွတ်ဆိုပူဇော် ပြီးသောအခါ ဝတ်ဖြူစင်ကြယ်နှင့် ပုဂ္ဂိုလ်တစ်ဦး ကျောင်း ပေါ်သို့ ရောက်ရှိလာပြီး ဝက်ဖြည့်ကာ ရသေ့ကြီး ဦးခန္တီအား ငွေ ၅၀၀ ကျပ်ကို လှူဒါန်းပြီးနောက် ကျောင်းပေါ်မှ ပြန် ဆင်းသွားခဲ့သည်။ ထိုဝတ်ဖြူစင်ကြယ်နှင့် ပုဂ္ဂိုလ်အား ဆရာ တော်ကြီးလည်း မသိ။ ရသေ့ကြီး ဦးခန္တီလည်း မသိဟု ဆို ပါသည်။

ရသေ့ကြီး ဦးခန္တီက…

"အခု ဘုရားရှိခိုးဂါထာဟာ တပည့်တော်ရဲ့ အဆောင် ကောင်းဖြစ်ပါတယ် ဘုရား"

ဟု လျှောက်ထားပြီး သုဓောတာရုံ ဆရာတော်ကြီးအား လှူဒါန်းခဲ့လေ၏။ သုဓောတာရုံ ဆရာတော်ကြီးသည်လည်း ရသေ့ကြီး ဦးခန္တီပေးခဲ့သော ဘုရားရှိခိုးဂါထာတော်ကြီးကို ယုံကြည်စွဲမြဲစွာ ရွတ်ဆိုပွားများခဲ့ရာ အလှူရှင်များပေါ်ပေါက် လာပြီး လှူဒါန်းမှုကြောင့် သုဓောတာရုံကျောင်းတော်ကြီးကို ခမ်းနားထည်ဝါစွာ မွမ်းမံပြုပြင်နိုင်ခဲ့လေ၏။

**ရသေ့ကြီး ဦးခန္တီ၏ အဆောင်ကောင်းဂါထာ**

အရဟံ ပေဒိ အဿယေ သုဂတံ၊
အ…ဘံ ဝိရဇံ ယေဝိတံ အတုလံ။
စရဏံ တိဘဂ္ဂပသာမံ ယမကံ၊
သုခဒံ သရဏံ ပဏာမာမိ ဇိနံ။

ယင်းဂါထာ၏ မြန်မာလို အနက်အဓိပ္ပာယ်ကို ဆောင်း ပါးရှည်မည်စိုး၍ ဖော်ပြတော့ပါ။

၂၀၀၂ ခုနှစ်ကွင် ပုဇွန်တောင်မြို့နယ်ရှိ ရွှေဘုန်းပွင့် ဘုရားကို သက်ဆိုင်ရာမှ ဘက်စုံပြုပြင်မွမ်းမံခဲ့ရာ ရွှေဘုန်းပွင့် ဘုရားပရဝဏ်အတွင်းရှိ သီရိမင်္ဂလာကျောင်းတိုက်၌ သီတင်း သုံးနေထိုင်သော ပဓာနဆရာတော် အရှင်ဉာဏိဿရသည် လည်း မိမိ၏ ကျောင်းဆောင်ကြီးကို သပ်ရပ်လျောက်ပတ်စွာ ပြုပြင် ရန် ကြိုးပမ်းရတော့သည်။ ဆရာတော်သည် ကျောင်းကြီး ပြုပြင်ရန်အတွက် ကြံဆနေစဉ်အချိန်တွင် သာသနာပြု ပုဂ္ဂိုလ်ကျော် ရသေ့ကြီး ဦးခန္တီ၏ အဆောင်ကောင်း ဘုရားရှိခိုး ဂါထာတော်ကြီးကို သဂၤဟရပြီး အဓိဋ္ဌာန် ဇရက်ဝင်၍ ပုတီး စိပ် ပွားများခဲ့သည်။ ဆရာတော်သည် ရွှေဘုန်းပွင့်ဘုရား၌ နံနက်အရုဏ်တက်တွင် ပုတီးတစ်ပတ်၊ နေ့လယ် မွန်းတည့် ချိန်တွင် ပုတီးတစ်ပတ်၊ ညနေသည်းဆာ၌ ပုတီးတစ်ပတ်၊ တစ်နေ့ ပုတီးသုံးပတ်။ ပုတီးတစ်လုံးလျှင် ဂါထာအစမှ အဆုံး တစ်ခေါက်ရွတ်ကာ အဓိဋ္ဌာန် ဇရက်တိတိ မပျက် မကွက် ပုတီးစိပ်ခဲ့သည်။

ထို ဦးခန္တီ၏ အဆောင်ကောင်း ဂါထာရွတ်၍ ပုတီးစိပ် ခဲ့သောကြောင့် သီရိမင်္ဂလာကျောင်းတော်ကြီးအတွက် အလှူ ရှင်များ အလိုအလျောက်ပေါ်ပေါက်လာပြီး ခမ်းနားဝင့်ထည် စွာ ပြုပြင်မွမ်းမံနိုင်ခဲ့လေသည်။ ဤကား ဦးခန္တီ၏ အဆောင် ကောင်း ဂါထာကို ယုံကြည်မှုသဒ္ဓါပြည့်ဝစွာဖြင့် ရွတ်ဆို ပွားများခဲ့ကြ၍ လက်တွေ့ အကျိုးတရားပင်ဖြစ်သည်။

◈ ◈ ◈

"ကဲ…ကိုမြင့်မောင်၊ အခုပြောပြခဲ့တဲ့ ဖြစ်ရပ်တွေဟာ ရသေ့ကြီး ဦးခန္တီရဲ့ အဆောင်ကောင်း ဂါထာတော်ရဲ့ အစွမ်း သတ္တိကြောင့် ရရှိအောင်မြင်ခဲ့ တကယ့်ဖြစ်ရပ်မှန်တွေပဲ ဖြစ်ပါတယ်"

ဟု ပြော၍ ဦးသန်းထွန်းက သူ၏ စကားကို ဖြတ် လိုက်ပါသည်။

အမှန်ဆိုရသော် ရသေ့ကြီး ဦးခန္တီ၏ အဆောင်ကောင်း ဂါထာသည်ကား ဗုဒ္ဓမြတ်စွာဘုရားရှင် ဟောကြားတော်မူခဲ့ သော မဟာသမယသုတ်ပေါင်း ရှစ်သောင်းလေးထောင်ထဲမှ ရွေးထုတ် ထားသော တရားအနှစ်သာရများပင် ဖြစ်သည်။

မည်သူမဆို သဒ္ဓါစိတ်သန့်သန့်ဖြင့် ယုံယုံကြည်ကြည် ပွားများပါက လိုအပ်သော ဆန္ဒများ အမှန်ပင် ပြည့်ဝ အောင်မြင်ပါလိမ့်မည်။ ထို့ကြောင့် စာရှုသူအပေါင်းတို့သည် ရသေ့ကြီး ဦးခန္တီ၏ အဆောင်ကောင်း ဘုရားရှိခိုးဂါထာကို ယုံကြည်မှုသဒ္ဓါပြင်းပြစွာ နေ့စဉ် ရွတ်ဆိုပွားများ ပူဇော်ကြခြင်း ဖြင့် လိုတိုင်း ရ၍ တောင့်တတိုင်း ပြည့်စုံမည်ဖြစ်ပါကြောင်း စေတနာကောင်းဖြင့် ရေးသားတင်ပြအပ်ပါသည်။ ■

* * *

ခေါင်းခင်ခင်လှိုင်(အညာ)



www.burmeseclassic.com

www.burmeseclassic.com

# ထူးခြားသော အခေါင်စံရာ
# မြသိတာစေတီတော်နှစ်ဆူအစိဗ္ဗာန်

ဆရာကြီး ဦးအောင်မြိုင်
(လက္ခဏာဗေဒင်သုတေသီ)



ရောဝတီတိုင်းဒေသကြီး၊ ကြံခင်းမြို့တွင် ထူးခြားသော ဘွဲ့အမည်တူ စေတီတော်နှစ်ဆူကို ဖူးမြင် အဓိဋ္ဌာန်ဝင်ခဲ့ရပါသည်။ ထိုစေတီတော်နှစ်ဆူမှာ ဘွဲ့တော်အားဖြင့် "အခေါင်စံရာ မြသိတာ" ဖြစ်ပါသည်။

အ - တနင်္ဂနွေနံ

ခေါင် - တနင်္လာနံ

စံ - အင်္ဂါနံ

ရာ - ဗုဒ္ဓဟူးနံ

မြ - ကြာသပတေးနံ

သိ - သောကြာနံ

တာ - စနေနံ

ထို့ကြောင့် ၇နေ့ ၇နံပါအောင် ထူးခြားစွာ ဘွဲ့မည်ပေး ထားခြင်းဖြစ်ပါသည်။ ကြံခင်းမြို့မှာ ရောဝတီမြစ်၏ အနောက် ဘက် ကမ်းနှဖူးကပ်လျက် တည်ရှိသောမြို့ ဖြစ်သည်။ ရောဝတီမြစ်မှာ မြောက်ဘက်မှ တောင်ဘက်သို့ စီးဆင်း သည်။ အခေါင်စံရာ မြသိတာစေတီတော်တစ်ဆူနှင့် တစ်ဆူ မှာ အရှေ့နှင့် အနောက် မျဉ်းဖြောင့်အကွာအဝေး တစ်မိုင်ခန့် ရှိမည်ဟု ခန့်မှန်းရသည်။

အရှေ့ဘက် ရောဝတီမြစ်နှင့် နီးသော နေရာမှာ အခေါင်စံရာ မြသိတာစေတီတော်တစ်ဆူရှိသည်။ ရွှေတော် ကျောင်းတိုက်နှင့် နီးကပ်သည်။ ရွှေပြည်အေး (၁၁)ထပ်ကြီး မြတ်စွာဘုရားရုပ်ပွားတော် အာတ်မြစ်ချသည့် မြသိုလဆန်း



www.burmeseclassic.com

www.burmeseclassic.com

နောက်၊ ၁၃၀၀ ပြည့်နှစ်၊ တနင်္ဂနွေသည့် သန်းခေါင်ယံအချိန်တွင် ထိုအခေါင်စံရာ မြသီတာစေတီတော်ရှိ ကြေးခေါင်းလောင်းတော်ကြီးမှာ မည်သူမှ မတီးခတ်ရဘဲ အလိုလို အသံမြည်ကြောင်း မှတ်တမ်းတင်ထားသည်။

ထို့ပြင် ၁၃၀၁ ခုနှစ်၊ တပို့တွဲလပြည့်၊ ကြာသပတေးနေ့တွင် (၁၁)ထပ်ကြီးဘုရားမှာ ဓာတ်တော် မွေတော်များနှင့် ရွှေငွေကျောက်မျက်ရတနာများ ဌာပနာ (၄)ဌာနထည့်သွင်းကြသည်။ ထိုည သန်းခေါင်ယံအချိန်တွင်လည်း အခေါင်စံရာ မြသီတာစေတီတော်ရှိ ကြေးခေါင်းလောင်းတော်ကြီးမှာ မည်သူမှမတီးခတ်ရဘဲ အလိုလိုအသံမြည်ကြောင်း မှတ်တမ်းတင်ထားပြန်သည်။

ထို့ကြောင့် ထိုအခေါင်စံရာ မြသီတာစေတီတော်မှာ သမာဒေဝ နတ်ကောင်းနတ်မြတ်များ စောင့်ကြပ်လျက် ဆောန်းရှင်လူများ ကုသိုလ်ပြုကြရန် နှိုးဆော်ခြင်းဖြစ်ကြောင်း ယုံကြည်ယူဆကြပါသည်။

အနောက်ဘက် အခေါင်စံရာ မြသီတာစေတီတော်မှာ ဒီပင်္ကရာမြတ်စွာဘုရားကြီး ပရိဂုဏ်နှင့် မျက်နှာချင်းဆိုင်ဖြစ်၍ အလယ်မှာ လမ်းတစ်လမ်းသာ ခြားသည်။ မူလ ဘုရားအမှာ ပန်းတောင်း၊ ကြံခင်း၊ ကနောင်၊ သာယာဝတီဆိုသည့် လေးမြို့ဝန်မင်း မဟာမင်းထင်နော်ရထာဘွဲ့ရ(ဦးသူ)ဖြစ်ပြီး မူလက ဘုရားဘွဲ့တော်မှာ "နေမင်းဆုတောင်းပြည့်စေတီ" ဖြစ်ကြောင်း သိရသည်။ သက္ကရာဇ် ၁၂၄၆ ခုနှစ်တွင် ဒေါ်လုံမ ဆိုသူက ပြန်လည်ပြုပြင်ခဲ့သဖြင့် "ဒေါ်လုံမဘုရား" ဟုလည်း လူအများခေါ်ကြသည်။

၁၃၀၀ ပြည့်နှစ်ခန့်တွင် ဆန်စက်သူဌေးကြီး ဂျေ-အမရစ်တလာသည် နံနက်စောစော မိမိနေအိမ် ပြတင်းမှ သုံးမျှော်ကြည့်လျှင် အရောင်အဆင်းကင်းမဲ့၍ ယိုယွင်းလျက်ရှိသော ဒေါ်လုံမဘုရား၏ ထီးတော်မှ လျှပ်စီးလက်သကဲ့သို့ ရောင်ခြည်တော်များ ပြိုးပြိုးပြက်ပြက် ကွန့်မြူးနေသည်ကို ဖူးတွေ့ရသဖြင့် သဒ္ဓါအဟုန် ပီတိဖြာလျက်၊ ထိုဘုရားစေတီကို ပြုပြင်မွမ်းမံရန် မြို့မရပ်ကွက် ဘုရားဂေါပကအဖွဲ့နှင့် ဆရာတော်ကြီးများကို ပန်ကြားပြီး ပြုပြင်မွမ်းမံ ဒကာခံခဲ့သည်။

ဤသို့ဖြင့် အနောက်ဘက်ရှိ အခေါင်စံရာ မြသီတာစေတီတော်မှာလည်း ရောင်ခြည်တော် ကွန့်မြူးသော ထူးခြားစေတီတော်ဖြစ်ကြောင်း သိရသည်။

ကျွန်ုပ်သည် အရှေ့ဘက် "အခေါင်စံရာ မြသီတာ" စေတီတော်တွင် ကျွန်ုပ်၏ မွေးနံ့ထောင့်အရပ်၌ အမွေးတိုင် ၇တိုင်၊ ဖယောင်းတိုင် ၇တိုင်ထွန်း၍ ဘုရားခုနစ်ဆူ စေတီတော်ကြီးကို ၇ခေါက်ရွတ်ပွားပူဇော် အဓိဋ္ဌာန်ဝင်ခဲ့သည်။ ထို့နောက်မှ အနောက်ဘက်သို့ မော်တော်ကားဖြင့် သွားရောက်ကာ ဒီပင်္ကရာမြတ်စွာဘုရားကြီးအနီးရှိ အခေါင်စံရာ မြသီတာစေတီတော်တွင်လည်း ယခင်အတိုင်း အဓိဋ္ဌာန်ထပ်ဝင်ခဲ့ပါသည်။

## ဘုရား (၇)ဆူ ဂါထာတော်

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(၁) နမောတဿ ဝိပဿိဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(၂) နမောတဿ သိခိဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(၃) နမောတဿ ဝေဿဘုဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(၄) နမောတဿ ကကုသန္ဓဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(၅) နမောတဿ ကောဏာဂမနဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(၆) နမောတဿ ကဿပဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(၇) နမောတဿ ဂေါတမဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(၈) နမောတဿ ဘဂဝတော နမေ သတ္တန္နံ သမ္မာသမ္ဗုဒ္ဓါနံ။

ဒီအဓိဋ္ဌာန်ရဲ့ အကျိုးကတော့ လူအပေါင်း၊ နတ်အပေါင်းတို့၏ အထူးချစ်ခင် ကူညီခြင်းခံရတတ်သည်။ လာဘ်လာဘ အထူးရှင်စေသည်။ ကြံတိုင်းအောင် ဆောင်တိုင်းမြောက်စေသည်။ မိမိတွေ့ကြုံရင်ဆိုင်နေရသော အခက်အခဲ အကျပ်အတည်းများမှ လွတ်မြောက်လျက် မကြောင့်မကြ မတောင့်မတ ချောင်လည်စေနိုင်ပါသည်။

(စာဖတ်သူများ ကြုံလျှင် အဓိဋ္ဌာန်ဝင်ကြည့်ပါ။) ■


* * *

ဆရာကြီးဦးအောင်မြိုင်
လက္ခဏာဗေဒင်သုတေသီ



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

### အခြေခံ သိမှတ်ဖွယ်များ

ဒါန၊ သီလ၊ ဘာဝနာ ဘာသာရေးကျင့်ဝတ်များအားလုံး ...လေသာကို သတ်ခြင်းဖြစ်ကြောင်း ပြခဲ့ပြီ။

(၁) **ဒါန** သည် ဗဟိဒ္ဓ(ပြင်ပ)ပစ္စည်းကို အရင်းအနှီး ...၏။ ထို့ကြောင့် လူတိုင်းလောက်နီးနီး ဒါနကို လုပ်နိုင် ...သည်။

(၂) **သီလ** သည် ကိုယ်၊ လက်၊ ခြေအင်္ဂါနှင့် နှုတ် ... အရင်းအနှီးပြုမှ ဖြစ်၏။ ထို့ကြောင့် သီလအဆင့်တွင် ...တိုင်း မလိုက်ပါနိုင်က တစ်ဝက်လောက် ကြွတ်ကျန်ခဲ့၏။ ...ပါသူ တစ်ဝက်လောက်တွင်လည်း စင်းလုံးချောသူကား ...ပေသည်။

(၃) **ဘာဝနာ** ကား စိတ်ကို အရင်းအနှီးပြုရသဖြင့် ...အဆင့်တွင် အရေအတွက် ပို၍နည်းလာ၏။ ခနစ်တာကျ ...ပ်တတ်သူနှင့် စွန့်လွှတ်စိတ်၊ လွတ်မြောက်လိုစိတ်နှင့် ...သူကား ပို၍ပို၍ရှားလှသည်။

ထို့ကြောင့် လူ့နတ်ချမ်းသာလောက်ကိုသာ ရကြ၍ ...က်ကမ်းသို့ ကူးမြောက်နိုင်သူကား လက်တစ်ဆုပ်စာ ...် မဟာပထဝီမြေကြီးလောက် ခြားနားရလေ၏။

သို့ရာတွင် ဒါန၊ သီလ၊ ဘာဝနာ သုံးမျိုးတွင် ဒါနထက် ...သည် အရင်းအနှီးနည်း၏။ ပို၍လွယ်ကူ၏။ ပို၍လည်း ...ကြီး၏။ ဘာဝနာကား ဒါန၊ သီလ နှစ်မျိုးထက် ပို၍ ...အရင်းအနှီးနည်း၏။ ပို၍လည်း အကျိုးကြီး၏။ အကျိုး ...ဆုံးဖြစ်ကြောင်း (ဝေလာမသုတ်၊ သောဏဒဏ္ဍသုတ် ...) ဟောတော်မူခဲ့သည်။

### လူ့တန်းစား သုံးရပ်

(၁) နေပူ မိုးရွာမရှောင် လမ်းခင်း၊ လမ်းပြင်နေကြ သော ကာယလုပ်သားများ။

(၂) ၎င်းတို့ကို ပါးစပ်ဖြင့် စီမံနေသော သစ်ပင်အောက် က အလုပ်သမားခေါင်း။

(၃) ၎င်းတို့ကို ခိုင်းစေလိုက်သော ရုံးခန်းထဲက အရာရှိ။

ထို လူ့တန်းစားသုံးမျိုး၏ အလုပ်သက်သာမှု၊ ငွေကြေး ...င်း ခြားနားပုံကိုလည်း စဉ်းစားသင့်၏။ ကိုယ်၊ နှုတ်၊ ...လုပ်ငန်းသုံးရပ်၏ အင်အား ခြားနားချက် ဥပမာတည်း။ အရင်းအနှီးသက်သာ၍ လုပ်ရ လွယ်ကူ၍ အမြတ် ...ရသော စိတ်အလုပ်ကို ခက်ခဲသည်ဟု ထင်ကာ၊ သာသနာနှင့် တွေ့ကြုံရကျိုးမနပ်ရှိကြလေ၏။ အခွင့်ကောင်း ကြီးများနှင့် မိမိကိုယ်ကို အကြောင်းအမျိုးမျိုးပြ၍ လွဲချော်နေ တတ်ကြသည်။

### ချည်ဝင်အူပေါက် အစရှာမရ

ကိလေသာသတ် အဆန်အလုပ်ကို လုပ်နေရင်းက အနုန်အောက်လမ်းကို လိုက်မှားနေမိတတ်သည်။ ဒါန၊ သီလ လုပ်ငန်းတွင် တစ်စုံတစ်ခုသော လောကီကျိုး မျှော်လင့်ချက် ဖြင့် လုပ်မိသော် မထောင်းတာလှ။ စိတ်အလုပ်ဖြစ်သော ဘာဝနာ၌ကား လောကီအကျိုးကို မျှော်ကိုး၍ လုပ်ပါလျှင် ချည်ဝင် အူပေါက်သကဲ့သို့ အစရှာမရအောင် ဒုက္ခရောက် စေတတ်သည်။

လောက မာယာသည် ဆန်းကြယ်သှ၏။ ဒါန သီလပြု ရာ၌ပင် မမြင်ရသော အကြောင်းတရားတို့၏ လှည့်စားခြင်း များ ရှိပေ၏။ (အလှူရဲသော အနာထပိဏ်သူဌေးအကြောင်း ပြခဲ့ပြီးဖြစ်၏။) မျှော်လင့်ချက်မထားဘဲ ဖြတ်ဖြတ်သားသား စွန့်စားကြည့်ပါလေ။

သီလဆောက်တည်ရာတွင်လည်း "ဒီကနေ့ မုသာဝါဒ ကိုတော့ နည်းနည်းကလေးမှ ပွန်းငြိမသွားအောင် အထူး စောင့်ကြည့်မယ်"ဟု အားခဲထား၏။ ထိုနေ့တွင်မှ လိမ်စရာ ကိစ္စတွေက ပို၍များလာတတ်သည်။

"ဘာပဲဖြစ်ဖြစ် ငါ့ကတိကိုတော့ ငါ မဖျက်ဘူး။ ကိုယ့် ဟာနှင့်ကိုယ် သ... ဖောက်တာလောက် ကြောက်စရာ ကောင်းတာ မရှိဘူး။ ဆုံးဖြတ်ထားတဲ့အတိုင်း လုပ်ကို လုပ် မယ်"

ဟု အဓိဋ္ဌာန်သံပတ်၍ ပေးနိုင်ပါမှ တော်ကာကျသည်။ သိနိုင်ခဲလှ၏။

စိတ်လုပ်ငန်းဖြစ်သော ဘာဝနာတွင်ကား လောက မာယာသည် အဘယ်မျှ ရှုပ်ထွေး မွှေနှောက်လာတတ်သည် ကို လုပ်စတွင် မည်သို့မျှ မသိနိုင်၊ မယုံနိုင်ချေ။ ဘယ်တုန်း ကမှ မကိုက်ဘူးသော ခြင်များ တဝီဝီ နှောင့်ယှက်လာတတ် ၏။ ထင်စားချက်ရှမ်မှု ဘစ်ခုဖြင့် လုပ်သူကို မဆိုထားဘိ၊ ရိုးသားစွာလုပ်သူကိုပင် "ဘယ်တော့ ဘာဖြစ်တော့မလိုလို" မျှော်လင့်ချက်တွေ ပ...ိသီကြီးကျဝင်လာတတ်သည်။

### နားမယောင်သင့်သော အရာ

သူများအပေါ် ဆရာလုပ်ချင်ရင် "သဗ္ဗာဒေဝ မနုဿာ နံ"ဂုဏ်တော်ကို ပုတီးစိပ်ပါ။ စီးပွားဥစ္စာတိုးတက်ချင်



www.burmeseclassic.com

www.burmeseclassic.com

"အရဟံ"အင်္ဂါကောင်းဆုံးပဲ စသော စကားများကို လည်းကောင်း၊ "ဂုဏ်တော်တစ်ထောင်ရလျှင် ဘာဖြစ်သည်"စသော စကားများကို လည်းကောင်း နားမယောင်သင့်ကြ။ အရေအတွက်သည် အရည်အချင်းမဟုတ်ချေ။

ဂုဏ်တော်ကို အချိန်များနိုင်သမျှ များများ ပွားထုံ အောက်မေ့ခြင်း၊ နှလုံးသွင်းခြင်း ပြုနိုင်လေ အင်အားတိုးတက် လေပင်တည်း။

## ပုတီးလေးလုံးသာ ရသေးသော ဆရာတော်

အင်းဝခေတ်က စစ်ကိုင်းတောင်ရိုးတွင် (စကားပြောလျှင် အပြစ်တွေသာ များလှသဖြင့်) စကားမပြောမိအောင် ရေငုံနေသော ဆရာတော်ကြီးတစ်ပါးရှိ၏။ "ရေငုံ ဆရာတော်" ဟု ခေါ်သည်။

တစ်နေ့သောအခါ သံဃာ့ပရိသတ်တွင် "မည်သည့်ပုဂ္ဂိုလ်က တစ်နေ့လျှင် ဂုဏ်တော်တစ်ထောင်ရသည်၊ တစ်သောင်းရသည်" စသည်ဖြင့် ပြောဆိုကြစဉ် ရေငုံဆရာတော်ကြီးက…

"တို့များအသက် ရှစ်ဆယ်ကျော်ပါပြီ။ တစ်သက်လုံး ပုတီးစိပ်ခဲ့ရတာ ခုထိမှ ပုတီးလေးလုံးပဲ ရသေးတယ်"

ဟု မိန့်တော်မူ၏။

## ပုဂံခေတ်နှောင်း ပုတီးအကြောင်း

"ဇင်းမယ် သံညွှတ် အရှည်ဝါသီ အရှင်ဥတ္တမရာမာ" ရေးသား၍ "ရာဇဂုရုကျောင်း ဆရာတော်" တည်းဖြတ်သော ဝိသုဒ္ဓိ ဒီပနီကျမ်း (၁၂၅၁ ခုနှစ်၊ မြန်မာသံတော်ဆင့် မီးစက်ပုံနှိပ်တိုက်ရိုက်) ပုဂံခေတ်နှောင်း ကမ္မဋ္ဌာန်းစာအုပ်၊ စာမျက်နှာ(၁၈၉)လာ အောက်ပါ စကားရပ်ကိုလည်း အထူးမှတ်ယူသင့်သည်။

ပုတီးကိုင်၍ စီးဖြန်းခြင်းသည်လည်း သတိသည် "အရဟံ"အစရှိသော ဗုဒ္ဓဂုဏ် အစရှိသည်ကိုသာ အာရုံပြုခြင်းဟု မဖြစ်မူ၍၊ ပုတီး၏ ဝဏ္ဏသဏ္ဌာန် အစရှိသည်တို့ကိုသော် လည်းကောင်း၊ ဆယ်, ရာ, ထောင် အစရှိသော ပညတ်ကိုသော် လည်းကောင်း အာရုံပြုခဲ့ရာ၏။ ထိုသို့ပြုရာသည်ဖြစ်သောကြောင့် "ဗုဒ္ဓဂုဏ် အာရုဏ္ဏ"အစရှိသော ပါဠိနှင့်အညီ ဘုရားသခင်ကျေးဇူး စသည်ကိုသာ သက်သက် အာရုံ မတည်တံ့နိုင်ရာ။

မတည်ဖြစ်သောကြောင့် တစ်ပါးသော အာရုံကိုသာလျှင် အာရုံတည်စေသောအားဖြင့် "ကေဂ္ဂတာသမာဓိ"ဟု ပြောအပ်သော ဥပစာရစျာန် စသည် မဖြစ်သင့်။ "ဝိကျေ ပတိပါတတော- အာရုံပျံ့လွင့်ခြင်း အစရှိသော အင်္ဂါကထာ တို့နှင့်လည်း ဆန့်ကျင်၏။

ပွဲလယ်၌ ထိုင်၍ စီးဖြန်းခြင်းသည်လည်း "အာပါထ ဋ္ဌာယီ- (လူမြင်ကွင်း၌ စျာန်ဝင်စား၍ လူအထင်ကြီးအော လှည့်ဖြားခြင်းတစ်မျိုး) မလွတ်။ ထို့ကြောင့် အာရုံ အာရမ္မ ကတို့ကို ပိုင်းခြား၍သိသော၊ အာဇီဝ၏ စင်ခြင်း၊ စျာန်မဂ် ချမ်းသာခြင်းကို အလိုရှိသော၊ ပညာရှိသော ယောဂီ ရဟ မြတ်တို့သည် ကျမ်းဂန်၌ လာသော ကျင့်ထုံးကျင့်နည်း သာလျှင် မှီဝဲရာ၏။ မလာသည်တို့ကို ကြဉ်ရာ၏။

လူတို့သည် ပုတီးကိုင်၍ စီးဖြန်းသည်ရှိသော် နိဗ္ဗာန်မဂ်ဖိုလ်အလို့ငှာ စီးဖြန်းသဖြင့် ကုသိုလ်မျှ ဖြစ်ကော ၏။ ထိုပုတီးဖြင့် အန္တရာယ်ပျောက်ခြင်း အစရှိသော မင် အလို့ငှာ စီးဖြန်းသည်ရှိသော်လည်း ဖြစ်သင့်၏။ သ အလို့ငှာသော်ကား မဖြစ်သင့်ကောင်းတည်း။

## စိပ်ပုတီးနှင့် စိတ်အလုပ်

ထိုအဆိုအမိန့်များမှာ အလွန်မှတ်သားထိုက်ပေ စင်စစ် စိပ်ပုတီးသည်လည်း မည်သည့်ပါဠိတော်၊ အဋ္ဌကထ ဋီကာကျမ်းများတွင်မှ မလာရှိ။ သမာဓိ ထူထောင် ပုဂ္ဂိုလ်များ သာမန်အရေအတွက်သိရုံ အသုံးပြုခြင်းဖြ သချ်ာနိုင်သူသည် ဂရု မလိုချေ။

စိတ်အလုပ်တွင် နှုတ်ကျူခြင်း(ရွတ်ဆိုခြင်း)သည် အနုတ်လက္ခဏာဖြစ်သည်။ လက်ကူရန်ကား သာ၍ပင် အပ်။ စင်စစ်ကား အရေအတွက်သိရန်မျှပင် မလိုလာ ချေ။ သစ်ပင်ခုတ်လှဲသူသည် ပုဆိန်ပေါက်ချက်ကို ရေ ရန် မလိုအပ်သကဲ့သို့တည်း။

စိတ်ထဲက နှလုံးသွင်းရမည့်ကိစ္စတွင် နှုတ်ကူ၊ လ ကူခြင်းဖြင့် "အဘိဓမ္မာ စိတ္တနိယာမ"အရ နှလုံးသွင်းရ စိတ်ကို နှုတ်တွင်၊ သို့မဟုတ် လက်တွင် ဝီထိ အစဉ် များစွာ ဖဲ့၍ပေးနေရခြင်းဖြစ်သည်။

ထို့ကြောင့် (ဆက္ကအင်္ဂုတ္တရ ဓမ္မဝိဟာရီသုတ် "သဠာယ ဗဟုလော နေဝ ဓမ္မဝိဟာရီ - များစွာ ရွတ် သူသည် ဘာဝနာတရားနှင့်နေသူ မဖြစ်နိုင်ချေ"ဟု တိုက် ဟောတော်မူခဲ့၏။ ဘာဝနာသည် ကာယကံ၊ ဝစီကံ မဟုတ်ချေ။



www.burmeseclassic.com

www.burmeseclassic.com

## လိမ်းဆေးနှင့် သောက်ဆေး မှားနေ

မိုးကုတ်ဆရာတော်ဘုရားကြီးကလည်း အရပ်ပံ စသော ဂုဏ်တော်များကို ရွတ်ဆိုခြင်း၊ မေတ္တာပွားပို့တတ်ရန် ကျက်မှတ်ထားရသော မေတ္တာပို့ ပါဠိများကို စိတ်ထဲက မပွားဘဲ နှုတ်က ရွတ်ဆိုခြင်းကို အကြောင်းပြု၍ . . .

"ခင်ဗျားတို့ဟာက လိမ်းဆေးကို သောက်ဆေး၊ သောက်ဆေးကို လိမ်းဆေးလုပ်နေကြတာ။ ရောဂါက ဘယ်လ ပျောက်တော့မလဲ"

ဟု မိန့်တော်မူလေ့ရှိသည်။

မနောကံ(စိတ်)ဖြင့် လုပ်ရမည်ကိုလည်း ဝစီကံ(နှုတ်)ဖြင့် လုပ်၍မရနိုင်ဟု ထောက်ပြတော်မူခြင်းဖြစ်၏။ စက္ခုပသာဒ(မျက်စိအကြည်ဓာတ်)သည် ထက်မြက်၏။ သောတပသာဒ (နားအကြည်ဓာတ်)သည် ထက်မြက်၏။ သို့ရာတွင် ရူပါရုံ-အဆင်းသဏ္ဌာန်ကို နားဖြင့် ထောင်ဖမ်း၍မရ၊ သဒ္ဒါရုံ-အသံကို မျက်စိဖြင့် ယူ၍မရ၊ ကြည့်၍မဖြစ်။

ဤ၌ ရွတ်ဆိုမှုကို အကျိုးမရှိဟု ပြောနေခြင်းမဟုတ် အသံ၏ အင်အားကို အသုံးပြုရသော ပရိတ်၊ ဂါထာ သည်ကို ရွတ်ဆိုပေးရခြင်းသည်လည်း ဘာသာရေးတွင် ပ်ဆောင်ရမည့် အစိတ်အပိုင်းတစ်ခုပင် ဖြစ်သည်။ သို့ သော် မဟာယာနတို့ကဲ့သို့ "ရွတ်ဆိုခြင်း"ကို အရေးကြီး သော အခန်းတစ်ခုအဖြစ် ကျွန်ုပ်တို့ "ထေရဝါဒ"က မယူဆ

ကမ္မဋ္ဌာန်းထိုင်ရင်း စိတ်မကြည်လင်သောအခါ၊ အိပ်ချင် င်းမှိုင်းသောအခါ၊ မင်္ဂလာယူလိုသောအခါ မယည်တို့၌ တ် စသော ဂုဏ်တော်များကို ဌာန်ကရိုဏ်းကျကျ အသံ အသံထားဖြင့် ကြည်ကြည်လင်လင် ရှင်ရှင်ပျပျ ရွတ် ပါ။ ရွတ်ဆိုမှု (အသံ စသည်)၏ အင်အားသည်လည်း လွန်ကြီးမားလှပေ၏။ သို့သော် စိတ်အလုပ်(ဘာဝနာ)ကို ပ်နေချိန်တွင် နှုတ်၏ တာဝန် မရှိတော့ပြီ။ လက်ကူရန် သာ၍မလိုအပ်။

ထိုသို့ပြဆိုခဲ့သော အကျဉ်းချုပ် ကြိုတင်သိမှတ်ဖွယ် ခြုံလိုက်ပါလျှင် ဘုရားရှိခိုး၊ ဘုရားဝတ်တက်ရုံဖြင့် တိကျ သော ဗုဒ္ဓါနုဿတိ ဘာဝနာဂုဏ်တော်ပွားခြင်းကိစ္စ မမည်။ အရပံ အရပံ၊ ဗုဒ္ဓေါ ဗုဒ္ဓေါ"ဟု ရွတ်ဆိုအောက်မေ့ခြင်း င်လည်း ပြည့်စုံမှု မရှိသေးသည်ကို ကြပ်ကြပ်သတိပြုရန် ၏။

## သမထပေါက်မှာ ကြောက်ရ

ဗုဒ္ဓါနုဿတိ စသော ဘာဝနာစခန်းအတွက် ကြိုတင်၍ ရှောင်ကြဉ်ဖွယ်တို့သည် များစွာရှိကုန်၏။ ထိုအလုပ်များသည် အတိုင်းထက်အလွန် တန်ခိုးအာနိသင် စွမ်းအင်သတ္တိကြီးမားကုန်၏။

မိမိထက် သာလွန်သွားမည်ကို မလိုလားသော "လောကီ တန်ခိုးရှင်"တို့ ရှိနေကြသည်။ အမျိုးမျိုးလှည့်စားတတ်ကုန်၏။ ယင်းကိုပင် ကျွန်ုပ်တို့သည် "မာရ"ဟု လည်းကောင်း၊ "လောကမာယာ"ဟု လည်းကောင်း သုံးနှုန်းသည်။

ရှုပွားသူကိုယ်တိုင် ကိုယ်ပိုင်သိခြင်းခြင်း မဟုတ်ဘဲ လျက်ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တထင်လေဟန် ထင်မှားအောင်ပင် မြူဆွယ်၍ အာရုံပြုတတ်သဖြင့် အမြင်အကြားပေါက်ကာ ဒုက္ခရောက်တတ်ကြောင်း သေကျွှတောင်ဆရာတော်မှ မိန့်ဆိုထား၏။

ယင်းသို့ ဖြစ်သည်ကို (ဝါ) ကမ္မဋ္ဌာန်းကျိုးပေါက်" သွားသည်ကိုပင် အကောင်းမှတ်ထင်ကာ "သမထပေါက်သည်" ဟု ထင်မှားကြလေ၏။ ထို မတောက်တခေါက် အသိကလေးမှုဖြင့် ဗေဒင်ဆရာလုပ်သူ လုပ်၊ ဆေးဆရာဖြစ်သူဖြစ်၊ ကိုယ်ကိုယ်တိုင် ဘာမှ မဟုတ်ပါသေးဘဲလျက် သာသနာပြုသူ ပြု၊ အမျိုးမျိုး ခေါင်းပြောင်းနေကြရရှာကုန်၏။

လုပ်ငန်း၏ ပင်ကိုယ်၌ကပင် ကောင်းကင်၌ ရေဒီယိုလှိုင်းကဲ့သို့ ရှုပ်ထွေးနေတတ်သည်ဖြစ်ရာ ထိုအလုပ်မလုပ်ခင်ကပင် ပြဆိုပြီး ကိလေသာ ပါးလျားကုန်ခန်းမှုကို နှစ်သက်ရကောင်းမှန်းမသိဘဲ စည်းစိမ်ဥစ္စာ၊ အာဏာ၊ ရာထူး၊ ကြီးပွားလိုမှု၊ တန်ခိုးရလိုမှုများကို ရှေ့တန်းတင်၍ စိတ်အလုပ်ကို လုပ်ကြပါမူ ဆိုဖွယ်ရာမရှိ။ ရှင်းမရအောင် ရှုပ်ထွေး ပွေလိမ်ကြရရှာသည်။ ရန်သူ၏ရှေ့တွင် မှောက်လျက် လဲကျရကုန်၏ ■

* * *

မဟာစရိယဦးဒွေးလှိုင်

(ဆရာကြီး ဓမ္မာစရိယ ဦးဒွေးလှိုင်၏ "ရတနာသုံးပါးကျေးဇူး" စာအုပ်မှ ကောက်နုတ် ဖော်ပြအပ်ပါသည်။)



www.burmeseclassic.com

www.burmeseclassic.com



သည်နှစ်မိုးက ခါတိုင်းနှစ်လို မဟုတ်။

မိုးဦးလည်း ကောင်း၊ မိုးလယ်လည်း ကောင်း၊ မိုးနှောင်းလည်း ကောင်းသည်။ သို့ရာတွင် အောက်ပြည်အောက်ရွာ၌ မိုးကောင်းသလောက်၊ အထက် အညာဒေသများမှာတော့ မိုးက ဖြိုးဖြိုးဖြောက်ဖြောက်မျှပင် အသံမပေးခဲ့၊ သည်တော့ နှမ်းစိုက် တောင်သူအပေါင်းတို့ အတော်ကလေးပင် ညည်း

www.burmeseclassic.com

www.burmeseclassic.com

# နန္ဒာမိုးကြယ်

## ဂန္ဓာရီဆရာမြ ၊နှင့်၊ ဓါပြန်ကုထုံး



သည့်ကာလမှာပင် မိတ်ဆွေကြီး ဂန္ဓာရီ ဆရာမြထံမှ စကားသံ ထွက်လာသည်။

"ဗျို့ . . . ကိုရင်၊ ကျုပ် အညာဘက် ခရီးထွက်စရာရှိတယ် အဲဒါ ကိုရင် လိုက်နိုင်မလား"

မိုးတွင်းကာလ၏ စွတ်စိုခြင်းကို

www.burmeseclassic.com

www.burmeseclassic.com

ရန် အကြောင်းအရာ အချက်အလက်တို့ ပါးရှားနေသည်က တစ်ကြောင်း၊ မရောက်ဘူးသေးသည့် နယ်ပယ်စိမ်းကို ရောက်လိုသည်က တစ်ကြောင်း၊ အကြောင်းကြောင်းကို အကြောင်းပြု၍ ဟန်ပင်မဆောင်နိုင်တော့ဘဲ…

"ဟာ…လိုက်မယ် ဆရာမြ၊ လိုက်မယ်။ ကျွန်တော်လည်း ခရီးထွက်ချင်စိတ်တွေ တဖွားဖွားဖြစ်နေတာ။ ခုလိုခေါ်တော့ ရေဆာနေတုန်း ရေသန့်ဘူးရောက်လာသလိုပေါ့ဗျာ"

ဟူ၍ မရှက်မကြောက်တမ်း အဖြေပေးလိုက်မိလေ၏။

"ကိုရင်လိုက်မယ်ဆိုရင်တော့ အကောင်းဆုံးပေါ့ဗျာ။ ကျုပ်ကို ဖိတ်ထားတဲ့ မိတ်ဆွေကလည်း ကျုပ် မလာရင် စိတ်ကောင်းမှာ မဟုတ်ဘူး"

"နေပါဦး၊ ဆရာမြရဲ့ မိတ်ဆွေက ဘယ်သူလဲ"

"ကိုကြည်ဝင်းတဲ့ဗျ။ ထန်းပင်သုံးရာလောက်ပိုင်တဲ့သူပေါ့။ ထန်းလုပ်ငန်းနဲ့ပဲ ပြေပြေလည်လည်ဖြစ်နေတာ"

"သူက ထန်းတက်တာလား"

"ဘယ်ကလာ ကိုရင်ရာ၊ ပိုင်ရှင်ပဲဥစ္စာ၊ ထန်းလုပ်မယ့်သူတွေကို ထက်ဝက်စားနဲ့ အငှားချတာပေါ့။ ဒါ့အပြင် စပါးတို့၊ ပဲတို့၊ နှမ်းတို့လည်း လောင်တတ်သေးတယ်။ စီးပွားရေးအကွက်မြင်တော့ ချောင်ချောင်လည်လည်ရှိပေတာပေါ့။ ပြီးတော့ သူက စာကလေးပေကလေးလည်း ဖတ်တဲ့သူ။ ကိုရင့်ကို လူချင်း မသိပေမယ့် ကိုရင်ရေးတဲ့စာတွေ သူ အများကြီးဖတ်ဖူးပါတယ်။ အထူးသဖြင့် ကျုပ်ကို ဇာတ်ဆောင်ထားပြီး ရေးတာတွေဆို သိမ်းတောင်ထားတာဗျာ။ တကယ်လို့ ကိုရင်သာ ကျုပ်နဲ့ ပါလာတာ သိလို့ကတော့ ဘယ်လောက်များ ဝမ်းသာလိုက်မလဲလို့ဗျာ။ မျက်စိထဲတောင်မှ မြင်ယောင်နေပါသေး"

သို့နှင့်ပင် မိမိလည်း ပြင်ဆင်သင့်သည်များကို ပြင်ဆင်၍ မိတ်ဆွေကြီး ဂန္ဓာရီ ဆရာမြ စီစဉ်ထားသည့် ရက်၌ ၎င်းနှင့်အတူ အညာအရပ်ဒေသဆီသို့ လိုက်ပါသွားခဲ့ပါသတည်း။

◈◈◈

ကျောက်ပန်းတောင်းဘူတာရောက်တော့ မိမိတို့နှစ်ယောက်သားရထားပေါ်မှ ဆင်းလိုက်ကြသည်။ မီးရထားစကြံကို ရောက်တော့…

"ဗျို့…ဆရာမြ ဆရာမြ"

ဟူသော အာလုတ်သံနှင့်အတူ ကြေးနီရောင် အသားအရေပိုင်ရှင် ထောင်ထောင်မောင်းမောင်းနှင့် လူငယ်တစ်ဦးသည် မိမိတို့ရှိရာသို့ ရောက်ရှိလာလေ၏။

"ဟာ…ကိုကြည်ဝင်းပါလား၊ စောင့်နေရတာ ကြာပလား"

"သိပ်မကြာသေးပါဘူး ဆရာမြရယ်။ ပုဂံရထားက ရန်ကုန်က ဝင်လာချိန်မှာ မှန်ပါတယ်။ အဲ…ပုဂံက ပြန်ထွက်တော့မှသာ…"

"ဩော်… ကိုကြည်ဝင်းကို မိတ်ဆက်ပေးရဦးမယ်။ ဒါ ကိုကြည်ဝင်း သိပ်တွေ့ချင်နေပါတယ်ဆိုတဲ့ ရန်ကုန်က ကျုပ်မိတ်ဆွေ စာရေးဆရာလေ"

ဆရာမြ၏ မိတ်ဆက်စကားကြောင့် ကိုကြည်ဝင်း၏ မျက်နှာတစ်ပြင်လုံးမှာ ဝင်းလက်သွားသည်နှင့်အမျှ လွန်စွာမှ ဝမ်းမြောက်ဝမ်းသာဖြစ်သွားပုံရလေ၏။

"ဟာ…ဝမ်းသာလိုက်တာ ဆရာရယ်။ ဆရာ့ကို သိပ်တွေ့ချင်နေတုန်းမှာ ဆရာမြနဲ့ ပါလာတယ်ဆိုတော့ ပြောမပြတတ်အောင်ပါပဲ ဆရာရယ်။ ကျွန်တော်က ဆရာ့ရဲ့ စာဖတ်ပရိသတ်ပါ"

"ကိုင်း… ကိုကြည်ဝင်းရေ၊ နောက်မှ စကားတွေ ဖောင်ဖွဲ့ကြပေတော့ဗျို့။ ညတုန်းက တစ်မှေးမှ မရခဲ့လို့ သွားကြရအောင်"

"ဩော်… ဟုတ်ပေသားပဲ။ ကျွန်တော်လည်း သတိလက်လွတ်ဖြစ်သွားတယ်။ ဘူတာအဝင်ဝမှာ ကားရပ်ထားပါတယ် ဆရာ၊ သွားကြတာပေါ့"

ကိုကြည်ဝင်းခမျာ ပါးစပ်က ပြောလည်း ပြော၊ ဆရာမြနှင့် မိမိ၏ ဆွဲအိတ်တို့ကို ယူကာ ရှေ့မှ ဦးဆောင်ထွက်သွားလေတော့၏။

ဘူတာဝမှာတော့ ဂျစ်ကားလေး တစ်စီးရပ်ထား၏။ ကိုကြည်ဝင်းက ထိုဂျစ်ကားပေါ်သို့ ဆွဲအိတ်တို့ကို တင်ရင်း…

"တက်ပါ ဆရာတို့။ အိမ်မှာ စားသောက်ဖို့ နားနေဖို့ စီစဉ်ထားပါတယ်။ လိုအပ်တာတွေလည်း ကြိုတင် ဝယ်ခြမ်းထားပြီးပါပြီ။ ရွာမှာက အကြမ်းထည်လောက်ပဲ ရတာ"

သည်စကား၏ အဓိပ္ပာယ်ကို မိမိ သဘောပေါက်ပါ၏။

"ကျွန်တော် မသောက်တတ်ပါဘူး ကိုကြည်ဝင်း။ သည်လိုဆိုလိုက်တော့ မုသားဖြစ်ချင် ဖြစ်ပါလိမ့်မယ်၊ ဂန္ဓာရီ ဆရာမြနဲ့ မဆုံခင် လွန်ခဲ့တဲ့ ၁၅နှစ်လောက်အထိကတော့ သောက်သောက်စားစား လူမှင်းသားဘဝနဲ့ သူတော်အချင်းချင်း သတင်းလွှေ့လွှေ့လုပ်ခဲ့ဖူးပါရဲ့။ အခုတော့ လုံးဝဆို လုံးဝပါပဲ ကိုကြည်ဝင်း"

"ဟုတ်ကဲ့ပါ ဆရာ။ စောစောက မသိစိတ်နဲ့ ပြောဆိုမိတာကို ခွင့်လွှတ်ပါ"

"ကိစ္စမရှိပါဘူးဗျာ။ စာရေးဆရာလောကမှာလည်း အရက်ဆိုတဲ့ အရိပ်မည်းကြီးက အုပ်ဆိုင်းနေတာဆိုတော့လည်း ပရိသတ်အဖို့ ထင်ယောင်ဝိုးတဝါးဖြစ်ကြတာပဲပေါ့။ ခုတော့ အဲသည်အဖြစ်တွေဟာ ခေတ်တော်လေး ကင်းကုန်ပါပြီ။ အရက်မသောက်



www.burmeseclassic.com

www.burmeseclassic.com

တတ်တဲ့၊ အရက်မသောက်ကြတဲ့ စာရေးဆရာတွေ အများကြီးပါ။ မသောက်ရ မနေနိုင်လို့ သောက်ကြတဲ့ စာရေးဆရာတော်တော်များများဟာ အရက်ကောင်းကြောင်းကို မညွှန်းကြပါဘူးဗျာ"

"ဟုတ်ပါရဲ့ ဆရာရယ်။ သည်တစ်ချက်တည်းနဲ့တင် စာရေးဆရာတွေကို ကြည်ညိုသွားပါပြီ"

အသွားမနှေးသည့် ကားကလေးပေါ်မှာတော့ အိမ်ရှင် ကိုကြည်ဝင်းနှင့် ဆွေသည် မိမိတို့ စကားတွေ ဖောင်ဖွဲ့နေခဲ့သော်ငြား၊ မိတ်ဆွေကြီး ဂန္ဓာရီ ဆရာမြမှာတော့ မီးသေနေသည့် ဆေးပြင်းလိပ်ကြီးကို ခဲလျက် မျက်လွှာချကာ တိတ်ဆိတ်လျက်ရှိပေသည်။ ပတ်ဝန်းကျင် ဝဲ-ယာမှာတော့ အညာ၏ သင်္ကေတဖြစ်သည့် ထနောင်းပင်၊ တမာပင်၊ ကုက္ကိုပင်တွေက အစီရရီ၊ တစ်ခါတစ်ရံ ချိုးကူသံသဲ့သဲ့ကိုပင် ကြားနေရပါသေးတော့။

ဂျစ်ကားကလေးသည် ကတ္တရာလမ်းမှသည် မြေလမ်းသို့ ဖဲ့ဆင်းကာ ဟိုကွေ့ သည်လိမ့် သည်လိမ့် ဟိုကွေ့ဖြင့် ဒယီးဒယိုင်ရွေ့လျားလျက်ရှိပေ၏။ ထန်းပင်တွေက နေရာအနှံ့ အပြိုင်းအရိုင်း။

"သိပ်မကြာတော့ပါဘူး ဆရာ။ ရှေ့တစ်ခေါ်ဆိုရင် ရောက်တော့မှာပါ"

မိမိတို့အဖို့ ကားကလေးရှိ၍သာ တော်ရော့သည်။ ခြေလျင်လျှောက်ရသည်ဆိုပါက ဝန်စည်စလယ်နှင့်အတူ သေချင်စော်နံသွားပေလိမ့်မည်။ စိတ်ထဲမှာလည်း တော်တော်ခေါင်ပေသားဟူ၍ပင် မှတ်ယူထားလိုက်တော့၏။

မကြာမီမှာတော့ သက်တမ်းရင့်ခန်ကျည်း၊ ကုက္ကိုတို့ဖြင့် အုပ်ဆိုင်းလျက်ရှိသော ရွာအတွင်းသို့ ဝင်ကြတော့သည်။ အညာကျေးလက်အိမ်များကား ထန်းလက်မိုး၊ ထန်းလက်ကာဖြင့် အညာသရုပ် ပီလွန်းပါပေစွ။ ထိုစဉ်မှာပင် ဂျစ်ကားကလေးသည် ခြံကျယ်ကြီးအတွင်းသို့ ဝင်ကာ တဲတစ်တဲအနီးတွင် ထိုးရပ်လိုက်လေ၏။

"ကိုင်း…ရောက်ပါပြီ ဆရာတို့"

ကားရပ်လိုက်သည်နှင့် ခေါင်း၌ ပတ်ပေါင်း,ပေါင်းထားသည့် လူတစ်ယောက် ကားအနီးသို့ ရောက်လာ၏။

"ကိုင်း…မောင်တက်ရေ ဧည့်သည်တွေရဲ့ အိတ်တွေကို အိမ်ပေါ်ယူသွားဟေ့"

"ဟုတ်ကဲ့ပါ အာစရိ"

ကိုမောင်တက်ကား ကိုကြည်ဝင်းတို့ မိသားစုအတွက် လွန်စွာမှ ဖင်ပေါ့သည့် လက်တို လက်တောင်းသမားဖြစ်သည်။ ယခုလည်း သွက်လက်ချက်ချာစွာဖြင့် မိမိတို့၏ အိတ်များအား ဆွဲယူလျက် အိမ်ပေါ်သို့ တက်သွားလေပြီ။ ကြီးမားခိုင်ခန့်၍ သစ်ကောင်းတို့ဖြင့် ဆောက်လုပ်ထားကာ ရေနံချည်ဝလျက်ရှိသော အိမ်ကြီးရခိုင်ကို ကြည့်လျက် ကိုကြည်ဝင်းတို့၏ စီးပွားရေးအနေအထားကို ခန့်မှန်းနိုင်ပေသည်။

"ကိုင်း…ဆရာတို့၊ အိမ်ပေါ်မှာ ခေတ္တခဏလောက် အနားယူကြတာပေါ့။ ပြီးတော့မှ ထန်းတောဘက် သွားကြတာပေါ့နော်"

"ကောင်းပါလေ့ ကိုကြည်ဝင်းရယ်"

သည့်နောက်မှာတော့ ကိုကြည်ဝင်းလည်း စီစဉ်စရာရှိသည်တို့ကို စီစဉ်ရန် အိမ်ပေါ်မှ ဆင်းသွားလေတော့၏။

ထိုအခိုက် အသက် ၆၀ ခန့်၊ တုတ်တုတ်ခိုင်ခိုင်၊ နှုတ်ခမ်းမွေးထူထူထဲထဲ၊ အသားခပ်လတ်လတ်၊ ဆံပင်သျှောင်ထုံးနှင့် လူတစ်ယောက်သည် ခြံအတွင်းဝင်လာပြီး မိမိတို့ထိုင်နေရာသို့ လှမ်းအကဲခတ်ရင်း ရေနွေးဖန်းမ,လာသော ကိုမောင်တက်အား စကားစ,လိုက်သည်ကို မိမိတို့ ကြားလိုက်ရချေ၏။

"ဟေ့ကောင်…မောင်တက်၊ ဧည့်သည်တွေ ရောက်နေကြတာလား"

"ဟုတ်တယ် ဆရာကျား။ အာစရိရဲ့ မြို့က ဧည့်သည်တွေပါ။ အပေါ်တက်လေ၊ ရေနွေးကြမ်းလေး ဘာလေးသောက်ရအောင်"

"မတက်တော့ပါဘူးကွာ။ တောင်ဖျားက လူမမာ စံအေးမြင့်ကို သွားကြည့်ရဦးမယ်။ နောက်ရက်ကျတော့ မိတ်ဖြစ်ဆွေဖြစ် လာတာပေါ့ကွာ။ ကိုင်း…သွားပဟေ့"

"ဟုတ်ကဲ့ ဆရာကျား"

ဆရာကျားဆိုသူသည် မိမိနှင့် ဂန္ဓာရီ ဆရာမြအား ဝေ့ဝဲကြည့်ရှုပြီးလေမှ ခြံအပြင်ဘက်သို့ ထွက်ခွာသွားလေတော့၏။ ထိုစဉ်မှာပင် ကိုမောင်တက်လည်း အမြည်းပန်းကန်များနှင့်အတူ ရေနွေးဖန်းကို လာချလေ၏။ မိမိအဖို့ ဆရာကျားဆိုသူ၏ ဟန်ပန်အမူအရာ၊ အပြောအဆိုတို့ အပေါ် အာရုံစွဲနေမိသည့်အတွက် ကိုမောင်တက်အား မနေနိုင် မထိုင်နိုင် စပ်စပ်စုစု မေးမြန်းလိုက်လေ၏။

"ဗျို့…ကိုမောင်တက်၊ စောစောက ဆရာကျားဆိုတဲ့ လူက ဆေးဆရာလား"

"အင်း… ဆရာလေးက မေးလာတော့ ကျွန်တော်လည်း မပြောမပြီး မတီးမမြည်ဆိုသလို ပြောရတော့မယ်။

ဒီလို ဆရာလေးရဲ့။ ဆရာကျားဆိုတာ တစ်နယ်တစ်ကျေးက ရောက်လာပြီး ဒီက ရွာသူနဲ့ အိမ်ထောင်ကျလို့ ပယောဂကုနေတဲ့ ဆရာပါ။ ကြောလက်စနဲ့ပဲ ပြောရဦးတော့မှာပဲ ဆရာလေးရေ။ ဆရာကျားဟာ ရွာထဲမှာ လှည့်လည်လို့ ဆေးကုနေတာပြီး

www.burmeseclassic.com

သူ့မိန်းမ ဒေါ်မြလေးကတော့ အိမ်မှာပဲ နေလေ့ရှိတယ်။ ဘယ်လောက်များ ...ဲ့သဲ့ဆို၊ အိမ်ထဲကနေ အိမ်ပြင်တောင် ထွက်ခဲ့တယ်"

"အင်း . . . မဟုတ်မှလွဲရော၊ လင်မယားနှစ်ယောက် လက်ခုပ်လက်ဝါးလုပ်ထားကြပြီနဲ့တူရဲ့"

"ဆရာလေး ပြောတာ သိပ်မြင်နိုင်တယ်။ ဘာကြောင့်လဲဆိုတော့ ရွာထဲမှာ မကြာခဏဆိုသလို လူအပြုစား ခံရတယ်ဆိုပြီး တစ်လကို လူနာ သုံးလေးယောက်မက ဖြစ်နေတယ် ဆရာ။ အဲသည်မှာ ဆရာကျား က လိုက်မယ်ဆိုရင် ပြုစားခံရပါတယ်ဆိုတဲ့ လူနာမှန်သမျှ ပကတိကို သက်သာ ပျောက်ကင်းသွားပါလေရော ဆရာလေးရော"

မိမိနှင့် ကိုမောင်တက်တို့ စကား အပေးအယူပြုနေမှုအပေါ် ဂန္ဓာရီ ဆရာမြသည် စကားလုံးတစ်ခွန်းမျှပင် ဝင်ရောက် စွက်ဖက်ခြင်းမပြုဘဲ ရေနွေးကြမ်းကို မှုတ်သောက်လျက်က ခေါင်း တဆတ်ဆတ်သာ ညိတ်လျက်နေချေ၏။

"ဆက်စမ်းပါဦး ကိုမောင်တက်"

"အဲဒါနဲ့ပေါ့ ဆရာလေးရာ။ ဆရာကျားဟာဖြင့် ပယောဂကုတာ သိပ်စွမ်းတာပဲဆိုပြီး ကျွန်တော်တို့တစ်ရွာလုံးကသာ မကဘူး။ ရွာနီးချုပ်စပ်ကပါ ပယောဂဖြစ်လာခဲ့ရင် ဆရာကျား· ··ဆရာကျားနဲ့ တစ်ကျားတည်း ကျားနေကြတော့တာပေါ့ဗျာ။

ကျွန်တော့်အထင်ကတော့ ဒေါ်မြလေးဟာ သူတတ်ကျွမ်းတဲ့ စုန်းကဝေပညာနဲ့ အိမ်က နေပြီး လူနာရအောင် ဖန်တီးမယ်။ သည်အခါ သူ့ယောက်ျား ဆရာကျားက သွားပြီးကုပေါ့။ တစ်ခုထူးတာက ဆရာကျားဟာ ကျွန်တော်တို့ရွာနဲ့ ရွာနီးချုပ်စပ်က လွဲပြီး တခြား ဘယ်ရွာက လာခေါ်ခေါ် ဆေးကုမလိုက်တာပဲ"

"ဘယ်လိုက်ပါ့မလဲလေ။ တခြားရွာတွေမှာကလည်း သူ့အဆိုင်စားနဲ့ သူ ပညာရှင် ရှာသူတွေ ရှိနေတာ မဟုတ်လား"

သည်စကားကို ဝင်ပြောလိုက်သူက တစ်ချိန်လုံး ငြိမ်ငြိမ် နှုတ်ပိတ်နေလေသော ဂန္ဓာရီ ဆရာမြပင် ဖြစ်ချေ၏။

◈◈◈

"ကိုင်း···ဆရာတို့ ထန်းတောဘက် သွားရအောင်။ အားလုံး စီစဉ်ခဲ့ပြီးပြီ"

ကိုကြည်ဝင်း၏ စကားသံက လိုက်လာပါသော်လည်း တစ်စုံတစ်ခု ကြောက် အသက်မပါသလိုချည်းဖြစ်နေမှန်း ရိပ်စားမိလိုက်သည်။ ဤတွင် အောင်းပါးလာသော ဂန္ဓာရီ ဆရာမြက-

"ကိုကြည်ဝင်းရေ···ကျုပ်တို့နဲ့ ခင်ဗျားတို့ဆိုတာက ဆေးသည့်နဲ့ အိမ်ရှင် မှန်ပေမယ့် အရေးရှိရင် တကယ်ခဲ့ခဲ့တော် ရဲဘက်တွေပါ။ ခင်ဗျား မှန်တဲ့အတိုင်း ပြောစမ်းပါ။ စိတ်အနှောင့်အယှက်တစ်ခု ခင်ဗျားမှာ ရှိနေတယ်မဟုတ်လား"

"ဟုတ်ကဲ့ ဆရာမြကို ကျွန်တော် မလိမ်ဝံ့ပါဘူး။ စောစောတုန်းကပဲ ကောက်ကာငင်ကာ ဆိုသလို ကျွန်တော့်မိန်းမ မသင်းကြူ ဘာဖြစ်တယ်မှန်း မသိဘူး။ မေးမရ၊ ခေါ်မထူးနဲ့ ငူငူငိုင်ငိုင်ကြီးဖြစ်နေတယ် ဆရာ။ မလှုပ်မရှားဘဲ တောင်ငေး မြောက်ငေးနဲ့ ကျွန်တော်တော့ ပယောဂဝင်တယ် မှတ်တာပဲ။ ဒါပေမယ့် ကိစ္စတော့ မရှိပါဘူး။ ဒါမျိုးဆိုရင် အသေနိုင်တဲ့ ဆရာ ကျွန်တော်တို့ရွာမှာ ရှိပါတယ်။ သူနဲ့ ပြလိုက်ရင် ကောင်းသွားမှာပါ ဆရာမြရယ်"

"ဘာလဲ··· ဆရာကျားဆိုတဲ့ လူကို ပြောတာမဟုတ်လား"

"ဟင်း···ဆရာမြက ဆရာကျားကို သိနေတယ်၊ ဟုတ်လား"

"ဒါတွေ အသာထားလိုက်ပါ ကိုကြည်ဝင်းရယ်။ ခင်ဗျားမိန်းမ မသင်းကြူရဲ့ ဖြစ်နေတဲ့ ဝေဒနာကို ကျုပ်က ပေးမယ်။ အဲဒါကို ခင်ဗျား လက်ခံမလား"

"ဟာ···ဘယ့်နှယ်ပြောလိုက်ပါလိမ့် ဆရာမြရယ်။ ဆရာမြဟာ ဘာသာရေးသမားတစ်ယောက်။ ပြီးတော့ အနယ်နယ်အရပ်ရပ်ကို လှည့်လည်ပြီး ဝိဇ္ဇာခရ ဂန္ဓာရီပညာတွေ ဗဟုသုတတွေ ကြွယ်ဝသူပါပဲ။ သည်တော့ ဝမ်းမြောက်ဝမ်းသာစွာနဲ့ပဲ လက်ခံပါတယ် ဆရာမြရယ်။ လက်ခံပါတယ်"

မိမိအပါအဝင် အားလုံးပင် ဆရာမြ၏ အစွမ်းသတ္တိကို သိလိုနေကြရလေကား လွန်စွာမှ စိတ်ဝင်စားနေကြလေသည်။

"ကိုင်း··· ကိုကြည်ဝင်းရေ ခင်ဗျားမိန်းမ မသင်းကြူကို ကျုပ်ရှေ့ ခေါ်လာခဲ့လိုက်ပါ"

ကိုကြည်ဝင်းတစ်ယောက် နေရာမှ ထသွားချိန်တွင် ဆရာမြလည်း ဘုရားကျောင်းဆောင်ရှေ့သို့ သွားလျက် အေးချမ်းတည်ငြိမ်စွာ ရှိခိုးကန်တော့ရင်းမှ လက်စွဲတော် ဝိတောက်သား ပုတီးကို စိပ်နေလေသည်။

အတန်ကြာသော် ဝတ်ဖြည့်ရာမှ ထလာကာ ကိုကြည်ဝင်းကို ခေါ်လိုက်၍ နှစ်ကိုယ်ကြားစကား ပြောနေလေ၏။ ဤတွင် ကိုကြည်ဝင်းလည်း လက်စွဲတော် ကိုမောင်တက်ကို ခေါ်လိုက်ပြန်၏။

"မောင်တက်ရေ · · ·ဒီမှာက ကလေးမရှိဘူး။ မင်းက ကလေးရှိသူ။ သည်တော့ ဆရာမြ ခိုင်းတာ ဆောင်ရွက်ပေးလိုက်ပါ"

www.burmeseclassic.com

www.burmeseclassic.com

"စိတ်ချပါ အာစရိ"

ကိုမောင်တက်လည်း သူ့ဆရာ ကိုကြည်ဝင်း ပြောသမျှကို ခေါင်း တဆတ်ဆတ်ညိတ်ပြီးသည့်နောက် အိမ်ပေါ်မှ ဆင်းသွားလေ၏။ ထိုအချိန် ဝယ် လူနာ မသင်းကြူ၏ ရှေ့မှောက် ၌ ဆရာမြလည်း အကျအန နေရာယူ ပြီးလေပြီ။

"မသင်းကြူ…ကျုပ်ကို သိလား"

"ဟင့်အင်း နင် ဘယ်သူလဲ။ နင့် ကို ငါ မသိဘူး။ ငါ မသိဘူး။ ဒီကို ဘာလာလုပ်တာလဲ။ ဒီမှာ လူ့စွာလာ မလုပ်နဲ့။ နင်လာတာ ငါ မကြိုက်ဘူး။ အကောင်းဆုံးက အမြန်ပြန်သွားတာပဲ"

ဂန္ဓာရီ ဆရာမြအား မျက်ထောက် နီကြီးဖြင့် ရူးရူးဝါးဝါးကြည့်လျက် ဒေါ် တစ်တစ်အသံဖြင့် စကားပြောဆိုနေ သည့် မသင်းကြူကို တွေ့မြင်ရသည် ကား အကဲမလု။ ကိုကြည်ဝင်းကား ဆရာမြအပေါ် လွန်စွာမှ အားတောင့် အားနာဖြစ်နေပုံရသည်။ သည့်အတွက် ဆရာမြလည်း ဘာမျှမဖြစ်သည့်အနေ အထားဖြင့် ခေါင်းကို ဖြည်းညင်းစွာ ခါရမ်းပြလိုက်သည်။

ထိုအချိန်မှာပင် ကိုမောင်တက် သည် အကြမ်းပန်းကန်တစ်လုံးကိုင် လျက် အိမ်ပေါ်သို့ တက်လာခဲ့၏။

"အဆင်ပြေရဲ့ မဟုတ်လား"

"ပြေပါတယ် ဆရာမြ"

"ဒါဖြင့် ကိုကြည်ဝင်းက မသင်း ကြူကို ပါးစပ်ဖိတင်းဟစေပြီး ဝင် အောင် …ပေတော့"

ဆရာမြ၏ စေစားမှုဖြင့် ကိုကြည် ဝင်းလည်း မသင်းကြူကို အနောက်မှ သိမ်းကြုံးပွေ့ဖက်ကာ ပါးစပ်ကို အတင်း ဟစေ၏။ … ကိုမောင်တက်သည် ဟ,နေသော မသင်းကြူ၏ ပါးစပ် အတွင်းသို့ ပန်းကန်လုံးထဲမှ အရည် များကို တိုက်လေ၏။

ဤတွင် မသင်းကြူသည် ဝက် ရူးပြန်သကဲ့သို့ မျက်ဖြူများ လန်ကာ တခွီးခွီးဖြင့် ခြေကြော လက်ကြောများ ဆွဲလေ၏။ ပြီးနောက် ပါးစပ်တွင်းမှ အမြှုပ်များ စီးကျလာသည်။

"ဝေါ့…အော့…"

စီးကျလာသော အမြှုပ်များနှင့် အတူ ပါးစပ်အတွင်းမှ အစိမ်းရောင်၊ အဝါရောင် ပျစ်ချွဲချွဲအရည်များ ထွက် လာပြန်၏။

"ဝေါ့…"

နောက်ဆုံးမှာတော့ ဆံချည်မျှင် များသည် အထွေးလိုက် ထွက်ကျလာ လေ၏။

"မသင်းကြူ…မသင်းကြူ"

"ရှင်…ကိုကြည်ဝင်း၊ ကျွန်မ ဘာဖြစ်တာလဲဟင်၊ ဘာဖြစ်တာလဲ"

"ဘာမှမဖြစ်ဘူး မဖြစ်တော့ဘူး"

"ကိုင်း…ကိုကြည်ဝင်းရေ အား လုံး ကောင်းသွားပါပြီ။ မသင်းကြူမှာ ဘာ ပယောဂတွေမှ မရှိတော့ပါဘူး။ အနားယူရအောင် အိပ်ရာထဲ ခေါ်သွား ပါတော့"

"ကျေးဇူးတင်လိုက်တာ ဆရာမြ ရယ်၊ ကျေးဇူးတင်လိုက်တာ"

"စိတ်ရင်းခွေ့ရင်းတွေပဲများ ပြော စရာမလိုပါဘူး"

မိမိနှင့်တကွ ပရိသတ်အားလုံး ပင် မသင်းကြူ၏ ပယောဂအား လက် တွေ့ မျက်တွေ့ ကုသပေးနိုင်ခဲ့သည့် ဆရာမြအား တအံ့တသြဖြစ်နေကြ တော့သည်။

◈◈◈

လူ့သတင်း လူချင်းဆောင်ဆို သည့် စကားကား မှန်လှပါပေစွ။

ကိုမောင်တက်၏ သတင်းဖြန့်ဝေ မှုကို အစပြုလျက် ဆင့်ပွားသွားလိုက် သည်မှာ တစ်ရွာလုံးသာမက၊ ရွာနီးချုပ် စပ်တိုင်အောင်ပင်။

"တကယ်စွမ်းတဲ့ ဆရာပဲကွာ"

"အေးကွာ ဥပဓိရုပ်ကလည်း တကယ့်ကို တည်တည်ကြည်ကြည်နဲ့ ဆရာကျားနဲ့များ ဘာမှမဆိုင်ဘူး"

"စွမ်းပုံများ…တော့ ဆေးတစ် ခွက်ပဲ တိုက်လိုက်ရတယ်။ ပယောဂ တိုက်ပြီး အပင်းသွင်းထားသမျှ ဘာ တစ်ခုမှကို မကျန်အောင် စွမ်းလိုက် တာ"

"ဒါမှ တကယ့်ဆရာစစ် ဆရာ မှန်ပဲ"

ချီးမွမ်းဝေဖန်သံတွေကား မိုးသီး မိုးပေါက်တွေအလား။ မိမိတို့ ရှိနေသည့် အိမ်ပေါ်မှာတော့ လူတွေက တရုန်းရုန်း။

ထိုအခိုက် ဆံတောက်ကလေး တဖားဖားနှင့် သူငယ်မတစ်ယောက် ပန်းကန်ပြားတစ်ချပ်နှင့် ရောက်လာ သည်။

"မြို့က ဧည့်သည်တွေ စားဖို့တဲ့။ ဆရာကျားတို့အိမ်က ပို့ခိုင်းလိုက်တာ ပါ"

ဟု ပြောဆိုပေးသွားကာ ချက် ချင်းပင် ပြန်ထွက်သွားလေ၏။ လာ ရောက်ပေးသွားသော ပန်းကန်ပြားထဲ မှာတော့ ကောက်ညှင်းပေါင်းတွေက အုန်းသီးမှုန်တွေနှင့် အဖွေးသား။ မိမိ ကား ကောက်ညှင်းပေါင်း ကြိုက်တတ် သူ။ သည့်အတွက် ရေနွေးကြမ်းနှင့် မြည်းရန် လက်လှမ်းမည်အပြု…

"မျိုး…ကိုရင်၊ မစားနဲ့…မစား နဲ့"

ဟူသော ဆရာမြ၏ အသံပေါ် ထွက်လာ၏။ တစ်ဆက်တည်းမှာပင် ဆရာမြသည် ကောက်ညှင်းပေါင်း ပန်းကန်အား ဝရန်တာမှ အောက်သို့ ပစ်ချလိုက်လေ၏။

"ဟာ…"

"ဟင်…"

"ဟယ်…"



www.burmeseclassic.com

www.burmeseclassic.com

အုံ့ညြဖွယ်ကောင်းလောက်အောင်ပင် ကောက်ညှင်းပေါင်းပန်းကန်လည်း မြေပေါ် ကျသည်နှင့် အမျိုးအမည်ပိုင်ရှင် မသိသော ခွေးနက်ကြီးတစ်ကောင်သည် ကောက်ညှင်းပေါင်းပန်းကန်အား ပြေးဟပ်ကိုက်ချီကာ ခြံအတွင်းမှ ရုတ်ခြည်းဆိုသလို ပျောက်ကွယ်သွားလေတော့၏။ လွန်စွာမှထူးဆန်းအံ့ဩဖွယ်ကောင်းသည့်အနေအထားကြောင့် မိမိအပါအဝင် အိမ်ပေါ်ရှိ လူအပေါင်းတို့မှာ ပါးစပ်အဟောင်းသားဖြစ်နေကြလေ၏။

"ကိုင်း・・・အားလုံးပဲ အံ့အားတသင့်ဖြစ်နေကြလိမ့်မယ်လို့ ထင်ပါတယ်။ သည်တော့ အားလုံး အမြင်ရှင်းသွားပြီ၊ ကိုကြည်ဝင်းရဲ့ ဇနီး မသင်းကြူလို ပယောဂ ဖမ်းစားခြင်း ခံရသူတွေနဲ့ ကြုံတဲ့အခါ သက်သာပျောက်ကင်းစေမယ့် လက်တွေ့ ကုထုံးကလေးကိုပါ' ပြောခဲ့ပါ့မယ်။ သည်ကုထုံးဟာ တန့်ပြန်ကုထုံးဖြစ်ပါတယ်"

ဂန္ဓာရီ ဆရာမြ၏ လေးနက်တည်ကြည်လှစွာသော အသံအောက်ဝယ် ထန်းတက်သမားများအပါအဝင် ရွာသူရွာသားများမှာ ငြိမ်သက် ငုံ့လင့်လျက်ရှိကြ၏။ ထိုအထဲ၌ ကိုကြည်ဝင်း၊ ကိုမောင်တက်နှင့် မိမိလည်း အပါအဝင်။

"သည်နည်းကို မဟာဆေးဝက်ပါ ဆရာတော်ကြီးရဲ့ တရားပွဲတစ်ခုကို ဝင်ရောက် နာယူရင်းနဲ့ ရလိုက်တာပါပဲ။ ဆရာတော်ကြီးက ပယောဂဝင်အောင် ပြုစားခံရသူ၊ အပင်းအဆိပ်သင့်တဲ့သူတွေကို "ချေပြန်"လို့ ခေါ်တဲ့ ကလေးရဲ့ ကျင်ငယ်ရည်ကို တိုက်ပေးလိုက်ရင် သွင်းထားတဲ့ အဆိပ်အပင်းတွေ အကုန်လုံး ပြန့်အန်ထွက်စေတယ်တဲ့။ မှတ်ထားကြပါ"

ဤတွင် တစ်စခန်း ထ,လာသူက အလုပ်အကိုင် ဖင်ပေါ့သကဲ့သို့ နှုတ်သွက် အာသွက်နိုင်လှသော ကိုမောင်တက်ပဲ ဖြစ်သည်။

"ဒါဆို စောစောက အာစရိကတော်ကို တိုက်လိုက်တဲ့ ကျွန်တော့်သားရဲ့ ကျင်ငယ်ရည်ဆိုတာ ချေပြန်ပဲပေါ့နော်"

"မှန်တာပေါ့ ကိုမောင်တက်"

"တကယ်လို့များ ( )လေးရဲ့ ကျင်ငယ်ရည် မရဘဲ၊ လူကြီးရဲ့ ကျင်ငယ်ရည်ကို တိုက်လို့ရော မရဘူးလား ဆရာကြီး"

"ရတာပေါ့ ကိုမောင်တက်ရယ်။ ကျင်ငယ်ရည်ဆိုတာ ရောက ပြန်လာတဲ့ ချေပြန်ချည်းပဲပေါ့။ ဒါပေမယ့် ကလေးရဲ့ ကျင်ငယ်ရည်ဆိုတာက ပိုပြီးသန့်ပါတယ်။ အဲသလို ချေပြန်ကို တိုက်တော့မယ်ဆိုရင် မတိုက်ကျွေးခင် ကိုယ့်အတွက် အရံအတားဖြစ်ရလေအောင် သရဏဂုံ ကိုယ်လုံခြုံတဲ့ ဂါထာကိုလည်း ရွတ်ပေးသင့်တယ်ဗျ"

"အမိန့်ရှိပါဦး ဆရာကြီး"

"အဲသည် ဂါထာကလည်း မဟာဆေးဝက်ပါ ဆရာတော်ကြီး ဦးသုရိယကပဲ စီဖွဲ့ပေးထားတာပါ။ အဲဒါကတော့・・・

ဗုဒ္ဓါမေ သတ္တပါကာရံ ဗုဒ္ဓသရဏံ ဂစ္ဆာမိ။
ဓမ္မာမေ သတ္တပါကာရံ ဓမ္မံသရဏံ ဂစ္ဆာမိ။
သံဃာမေ သတ္တပါကာရံ သံဃံသရဏံဂစ္ဆာမိ။
လာဘံဟေဟိ ဓနံဟေဟိ နမောဗုဒ္ဓါယ သိဒ္ဓံ・・・

ပဲ ဖြစ်ပါတယ်။ အနက်အဓိပ္ပာယ်ကတော့ ဘုရား၊ တရား၊ သံဃာ၊ ရတနာသုံးပါး တံတိုင်းခုနစ်ထပ် ကာရံပတ်စေပြီး လာဘ်လာဘတွေ၊ ဥစ္စာဓနတွေကို ဖိတ်ခေါ်ရင်း ဆည်းကပ်ကိုးကွယ်ပါတယ်ဆိုတဲ့ သဘောပဲ။ သရဏဂုံသုံးပါးတည်တဲ့ အနေနဲ့ ဒုတိယမ္ပိ၊ တတိယမ္ပိဆိုပြီး ရွတ်ပေးသင့်ပါတယ်။

ဂန္ဓာရီ ဆရာမြ၏ အဟောအပြော၌ ပရိသတ်အပေါင်းလည်း မျောနစ်သွားကြသည်။ ပရိသတ်အပေါင်းကဲ့သို့ပင် မိမိမှာလည်း ထိုနည်းလည်းကောင်း။ ကာယကံရှင် ကိုကြည်ဝင်းအဖို့ ဆရာမြအပေါ် လှိုက်လှဲကြည်ညိုမှု ရှိနေသည်က မငြင်းသာလောက်အောင် အမူအရာတွေက ပေါ်လွင်လွန်းလှသည်။

◈◈◈

နောက်တစ်နေ့မှာတော့ မိမိတို့ထံသို့ သတင်းစကားတစ်ခုရောက်လာခဲ့သည်။ သတင်းစကားကို သယ်လာခဲ့သူကား ကိုမောင်တက်မှလွဲ၍ အခြားမည်သူရှိဦးမှာတဲ့နည်း။

"ဆရာလေးရေ・・ ဆရာကျားတို့ လင်မယားတော့ ဒီရွာကနေ ပျောက်ချင်းမလှ ပျောက်သွားပြီဗျို့။ သူတို့အတွက် စားပေါက်ပိတ်သွားပြီဆိုတာသိလို့ ခြေရာဖျောက်သွားတာနေမှာပဲ"

"ဒါပေါ့ ကိုမောင်တက်ရယ်၊ ဘယ်သူမပြု မိမိမှုဆိုတဲ့ စကားလည်း အရှိသားမဟုတ်လား"

မည်သို့ဆိုစေ၊ မိမိအဖို့ရာကား မမျှော်လင့်ဘဲ 'အညာခရီးသို့ လိုက်ပါခဲ့ခြင်းအတွက် စာဖတ်ပရိသတ်နှင့်တကွ အများသူငါ အကျိုးရှိစေမည့် ကုန်ကြမ်းကလေးတစ်ခုရရှိလိုက်လေပြီ။

စာရေးဆရာတစ်ယောက်အတွက် ကုန်ကြမ်းဟူသည့် တန်ဖိုးကြီးမားလှသော အရာဖြစ်ချေသည်မဟုတ်ပါလား။■

* * *

နန္ဒာမိုးကြယ်



www.burmeseclassic.com

www.burmeseclassic.com

( ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ )

# ၁၂-ရာသီခွင်နှင့် သင့်ကံတရား

တက္ကသိုလ် စိုးမိုးနိုင်

## မိဿရာသီ



ARIES

**( မတ်လ (၂၁) ရက်မှ ဧပြီလ (၂၀) ရက်အတွင်း )**

ရင်ထဲမှ အပျော်လေးမှာ ဝိုင်းဖွဲ့ကာ ကခုန်နေမည့်ကာလ။ ရာထူးတိုး အမွေရ ထီပေါက်လာဘ်ရွှင်မှုများ ကြုံရတတ်ပါသည်။ အတွေးစိတ်ကူးကောင်းတစ်ခုကြောင့် ဂုဏ်တယူယူ စီးပွားတက်စရာကြုံရလိမ့်မည်။ တိုးတက်မှုရှိသော ကာလဖြစ်သောကြောင့် ပြိုင်ဆိုင်စရာအချို့နှင့် ကြုံရလိမ့်မည်။ အလစ်မှာ အလဲထိုးချင်သော ပြိုင်ဘက်ကို အသိ၊ သတိဖြင့် အနိုင်ယူရန် လို၏။ အချစ်ရေးမှာ ချစ်ချင်သူက တစ်ယောက်၊ နီးစပ်ရသူက တစ်ယောက်ဖြစ်လိမ့်မည်။ ကျန်းမာရေးအနေဖြင့် ရာသီဥတုအပြောင်းအလဲကြောင့် ချူချူချာချာဖြစ်နေတတ်သည်။ မိမိကိုယ်မိမိ ဂရုစိုက်ပါ။

**ထီထိုးသင့်သောနေ့** - တနင်္လာ၊ ကြာသပတေး။
**ရွေးချယ်ရမည့် ဂဏန်း** - (၀)အစ (၈)အဆုံး။ (၇)အစ (၂)အဆုံး။
**ယတြာ** - တန်ခိုးကြီးဘုရားတစ်ဆူသို့သွားပြီး သီလခံယူကာ အဖြူရောင်ပန်းများ ကပ်လှူ၍ ပရိတ်ကြီး (၁၁)သုတ်ကို ရွတ်ဖတ်ပူဇော်ပါ။

## ပြိဿရာသီ



TAURUS

**( ဧပြီလ (၂၁) ရက်မှ မေလ (၂၀) ရက်အတွင်း )**

လာဘ်ခေါ်မိုးများ ရွာသွန်းဖြိုးမည့် ကာလ။ ကာယသုခ၊ စိတ္တသုခ ပြည့်ဝနေလိမ့်မည်။ ကံအခွင့်သင့်ပြီး ထင်ပေါ်ကျော်ကြားမှု ကြုံရလိမ့်မည်။ ကြွယ်ဝချမ်းသာမှု ကြုံရလိမ့်မည်။ အိမ်ခြံမြေကိစ္စ ညှိနှိုင်းဆွေးနွေးမှုများ အိုကေလိမ့်မည်။ ယာဉ်၊ စက်ပစ္စည်းကိစ္စမှာ အတွေးမှန်ပြီး အရွေးမှန်လိမ့်မည်။ လုပ်ငန်းရည်ရွယ်ချက်သစ်များနှင့် အဆင်ပြေလိမ့်မည်။ အချစ်ရေးမှာ ချစ်သူချောနှင့် ရွှေလက်မြဲမြဲ ခိုင်တွဲခွင့်ရလိမ့်မည်။ ကျန်းမာစေရန် စိုးရိမ်စိတ်ကို လျှော့တွေးပါ။ အကောင်းမြင်၊ အပြုတွေးခြင်းကြောင့် ပိုမိုကျန်းမာလိမ့်မည်။

**ထီထိုးသင့်သောနေ့** - အင်္ဂါ၊ ကြာသပတေး။
**ရွေးချယ်ရမည့် ဂဏန်း** - (၁)အစ (၅)အဆုံး။ (၇)အစ (၀)အဆုံး။
**ယတြာ** - အိမ်ရှိဘုရားတွင် ပန်းအဖြူသုံးပွင့်၊ ရေချမ်းသုံးခွက်၊ ထီးဖြူသုံးလက်၊ ပေါက်ပေါက်ဆွမ်းသုံးပွဲကပ်လှူကာ ပဋ္ဌာန်းဒေသနာတော်ကို ရွတ်ဖတ် ပူဇော်ပါ။

## မေထုန်ရာသီ



GEMINI

**( မေလ (၂၁) ရက်မှ ဇွန်လ (၂၀) ရက်အတွင်း )**

သစ္စာတရားကို ဦးထိပ်မှာ ပန်ဆင်နေမည့် ကာလ။ သမာသမတ်ကျကျနေထိုင် လှုပ်ရှားနေလိမ့်မည်။ ထင်ပေါ်ပြီး စင်တော်ကောက်မှု ကြုံရလိမ့်မည်။ ဂီတနှင့် အနုပညာကိစ္စရပ်တို့ကို ဝါသနာပါနေလိမ့်မည်။ ဝင်ငွေကောင်းပြီး သိက္ခာတက်မှု ကြုံရလိမ့်မည်။ မိသားစုသိုက်သိုက်ဝန်းဝန်း ပျော်ပျော်ရွှင်ရွှင်နေထိုင်ခွင့်ရမည်။ ခရီးသွားလာမှုနှင့် အကျိုးပေးကောင်းသည်။ အချစ်ရေးမှာ စွန့်ပြီး ပစ်ခွာသွားသော ချစ်သူကို ဆက်၍ချစ်နေရလိမ့်မည်။ ကျန်းမာရေးအနေဖြင့် အသက်ကို ဉာဏ်စောင့်သောကြောင့် မိမိကိုယ်မိမိ စောင့်ရှောက်ပါ။ ဣရိယာပုထ်လေးပါးကို မျှမျှတတနေထိုင်သင့်၏။

**ထီထိုးသင့်သောနေ့** - တနင်္ဂနွေ၊ ဗုဒ္ဓဟူး။
**ရွေးချယ်ရမည့် ဂဏန်း** - (၁)အစ (၄)အဆုံး။ (၇)အစ (၂)အဆုံး။
**ယတြာ** - မိတ်ဆွေအပေါင်းအသင်းများကို ကြာဆန်ကြော်ကျွေးမွေးကာ ဒါနပြုပါ။



www.burmeseclassic.com

www.burmeseclassic.com

**ကရကဋ်ရာသီ**



CANCER

( ဇွန်လ (၂၁) ရက်မှ ဇူလိုင်လ (၂၀) ရက်အတွင်း )

အတွေ့အကြုံကို ဆရာတင်ကာ ကြိုးစားနေမည့် ကာလ။ ဆန္ဒနှင့် ဘဝတစ်သားတည်းကျစေ လုပ်ရှားရုန်းကန်နေလိမ့်မည်။ အစီအစဉ်ချကာ ကြိုးစားထားမှုတို့ အကောင်အထည်ပေါ်လာလိမ့်မည်။ အမိုကောင်းတစ်ခုကြုံပြီး စီးပွားကံ ပွင့်လန်းလာလိမ့်မည်။ သင့်အိပ်မက်ကို ဆုံးခန်းတိုင်အောင် အကောင်အထည်ဖော်ခွင့်ရရှိလိမ့်မည်။ အရောင်းအဝယ်ကောင်းပြီး ငွေရှင်မှု ကြုံရလိမ့်မည်။ အိုးအိမ် ပြင်ဆင်မှု၊ တိုးချဲ့မှုတို့ ကြုံရလိမ့်မည်။ အချစ်ရေးမှာ နှလုံးသားဖြင့် ခံစားပြီး ဦးနှောက်ဖြင့် စဉ်းစားတတ်ရန် လိုအပ်သည်။ ကျန်းမာစေရန် အသား၊ ငါး၊ ဟင်းသီးဟင်းရွက်နှင့် ပဲတို့ကို မျှမျှတတစားသောက်ပါ။

**ထီးထိုးသင့်သောနေ့** - အင်္ဂါ၊ စနေ။

**ရွေးချယ်ရမည့်ဂဏန်း** - (၀)အစ (၅)အဆုံး၊ (၇)အစ (၄)အဆုံး။

**ယတြာ** - မေတ္တာ ဘာဝနာပွားများပါ။ ဉာဏ်လတွင် မေတ္တာသုတ်ကို နေ့စဉ်ရွတ်ဆိုပါ။

**သိဟ်ရာသီ**



LEO

( ဇူလိုင်လ (၂၂) ရက်မှ ဩဂုတ်လ (၂၁) ရက်အတွင်း )

သည်းခံမှုကြောင့် အောင်မြင်ချိန်။ ရတနာသုံးပါး၊ မိဘ၊ ဆရာသမားတို့၏ ဂုဏ်ကျေးဇူးကြောင့် သင့်ဘဝမှာ ကြီးမားသော အဆင်ပြေမှု ကြုံမည်။ လူကြီးမိဘများ၏ ကူညီစောင်မမှုကို ရရှိမည်။ ကောင်းမွေဆိုသော ကမ်းလှမ်းချက်တစ်ခုကို ရရှိမည်။ မိသားစုနှင့်အတူ ဘာသာရေးဆိုင်ရာ အလှူ မင်္ဂလာပြုရကိန်းရှိသည်။ မိသားစုကို ဦးဆောင်၍ တာဝန်ယူ လုပ်ဆောင်ပေးရမည်။ ခေတ်မီ အဆင့်မြင့် နည်းပညာရပ်များကို နိုင်ငံရပ်ခြားမှာ သွားရောက် သင်ကြားခွင့်ရရှိမည်။ ကျန်းမာရေးအတွက် အုန်းသီး၊ ကောက်ညှင်း စသော အစာများများကို ရှောင်ပါ။ ကြေညက်လွယ်သော အစာအ[illegible] များကို သုံးဆောင်ပါ။

**ထီးထိုးသင့်သောနေ့** - သောကြာ၊ စနေ။

**ရွေးချယ်ရမည့်ဂဏန်း** - (၂)အစ (၈)အဆုံး၊ (၅)အစ (၀)အဆုံး။

**ယတြာ** - မွေးနေ့မှာ [illegible]န်နိုင်ကြီးဘုရားတစ်ဆူသို့သွားပြီး ပန်း၊ ရေချမ်းကပ်လှူကာ ပဋ္ဌာန်းဒေသနာတော်မြတ်ကို ရွတ်ဖတ်ပါ။

**ကန်ရာသီ**



VIRGO

( ဩဂုတ်လ (၂၂) ရက်မှ စက်တင်ဘာလ (၂၂) ရက်အတွင်း )

ခပ်ဆန်းဆန်း ခပ်ရှုပ်ရှုပ် ပြဿနာတစ်ခုနှင့် ကြုံရတတ်သော ကာလပါ။ ကုသိုလ်ကံအကောင်းအဆိုး ရောထွေးနေတတ်သည်။ လွယ်မည့်ကိစ္စကို ခပ်ပေါ့ပေါ့လုပ်မိခြင်းကြောင့် အခက်ကြုံရတတ်သည်။ ကံမြင့်စေရန် မကောင်းမှုကို ရှောင်၊ ကောင်းမှုကို ဆောင်၊ စိတ်ကို ဖြူစင်အေး[illegible]ထားလျက် ကြိုးစားပါ။ အိပ်ပျော်နေသော ခြင်္သေ့၏ ခံတွင်းသို့ မည်သည့်သားကောင်မှ အလိုအလျောက်ဝင်မလာ နိုင်ပေ။ ကိုယ့်အားကိုယ်ကိုး၍ အစွမ်းကုန် ကြိုးစားလိုက်ပါ။ ရပ်ဝေးဒေသ ပြည်ပနိုင်ငံရပ်ခြား ဆက်သွယ် သွားလာသည့် ကိစ္စ အရာရာ လေ့နှံ့ခြားထစ် ပုံသောကားချပြ၍ မရနိုင်ပါ။ အစားများ၍ လေနာ ဝမ်းနာ ဝေဒနာကြုံရနိုင်သည်။ ဟိတ်ဟန်များသည့် ချစ်သူနှင့် မင်္ဂလာပြုဖွယ်ကြုံမည်။

**ထီးထိုးသင့်သောနေ့** - တနင်္လာ၊ စနေ။

**ရွေးချယ်ရမည့်ဂဏန်း** - (၃)အစ (၉)အဆုံး၊ (၄)အစ (၁)အဆုံး။

**ယတြာ** - အိမ်ရှိဘုရားမှာ သီလခံယူပြီး နှင်းဆီပွင့် (၁၀)ပွင့်၊ အောင်သပြေနှင့် မုန့်လုံးရေပေါ် ကပ်လှူပါ။



www.burmeseclassic.com

www.burmeseclassic.com

| တူရာသီ | ( စက်တင်ဘာလ (၂၃) ရက်မှ အောက်တိုဘာလ (၂၂) ရက်အတွင်း ) |
|---|---|



LIBRA

တည်ငြိမ်အေးဆေးမှု အားနည်းနေသော ကာလ။ ကံပြောင်းလဲမှု မရှိတတ်ပေ။ လူသိများခြင်း လာဘ်ရွှင်ခြင်း၊ ဂုဏ်ကျက်သရေတိုးခြင်း ကြုံရပါလိမ့်မည်။ ပြဿနာအခက်အခဲရှိက ဖြေရှင်းရ လွယ်ကူပေလိမ့်မည်။ ကြီးပွားလမ်း အောင်မြင်လမ်းရှိစေမည့် အခွင့်အရေးကောင်းကြုံမည်။ မေတ္တာစိတ်ကြောင့် အောင်ပွဲရရှိပေလိမ့်မည်။ ဖြစ်ချင်သော အရာကို ဖြစ်နိုင်သည့်နေရာက စတင်လုပ်ကိုင်နေပေလိမ့်မည်။ အတွေး၊ အမြင်၊ အသိ မှန်ကန်နေလိမ့်မည်။ အိုးအိမ်ပြောင်းရွှေ့လိုသော်လည်း ပြောင်းရွှေ့လျှင် အဆင်ပြေမှု မကြုံနိုင်ပေ။ ဇက်ကြောတက်၊ ခေါင်းလေးဝေဒနာမျိုး ခံစားရတတ်သည်။ အချစ်စိတ်ကူးအိပ်မက်ကလေးက လှတပတ ရှိနေလိမ့်မည်။

…ထိုးသင့်သောနေ့ - အင်္ဂါ၊ သောကြာ။
…ရွေးချယ်ရမည့်ဂဏန်း - (၀)အစ (၈)အဆုံး၊ (၂)အစ (၇)အဆုံး။
…တြာ - သံဃာတော်များကို ဆွမ်းလောင်းလှူပြီး ကုသိုလ်ဒါနပြုလုပ်ပါ။

| ဗြိစ္ဆာရာသီ | ( အောက်တိုဘာလ (၂၃) ရက်၊ နိုဝင်ဘာလ (၂၂) ရက်အတွင်း ) |
|---|---|



SCORPIS

ပ်တိလှိုင်းကို တအိအိခံစားရတတ်သော ကာလ။ ကုသိုလ်ကံ ထူးခြားမှု ကြုံမည်။ စီထားသည့်ကိစ္စများ ပြီးပြတ်အောင်မြင်အောင် ဇွဲ၊ ဝီရိယမှန်မှန်လုပ်ကိုင်ပါ။ မျှော်လင့်ချက် ရည်မှန်းချက် မရှိတော့သည့် စီးပွားဥစ္စာများ ဥပဒေဘောင်အတွင်းမှ ကောင်းခံရရှိလာပေလိမ့်မည်။ ယဥ်ကျေးဖော်ရွေပါ။ အငြိမ် မနေသင့်။ လုပ်စရာရှိလျှင် သေးသေးပဲ ဖြစ်ဖြစ်၊ ကြီးကြီးပဲ ဖြစ်ဖြစ်၊ ချက်ချင်း ထလုပ်ပစ်လိုက်ပါ။ ဝီရိယမပါလျှင် မည်သည့်အောင်မြင်မှုမှ မကြုံနိုင်ပေ။ မိမိကိုယ်မိမိ တော်-မော်-ထက်မြက်အောင် လုပ်ရင်းမှ ထိုထက်ပိုတော်အောင် လုပ်နိုင်သေးကြောင်း တွေ့ရပေလိမ့်မည်။ ကျန်းမာရေးကို ဂရုစိုက်ပါ။ လေချုပ်စာများကို မစားပါနှင့်။ ရင်ဝမ်းအောင့်မည်။ အချစ်ရေးက တကယ့်မာနခဲကိုမှ စွဲစွဲလမ်းလမ်း ချစ်မိနေလိမ့်မည်။

…ထိုးသင့်သောနေ့ - ဗုဒ္ဓဟူး၊ စနေ။
…ရွေးချယ်ရမည့်ဂဏန်း - (၃)အစ (၀)အဆုံး၊ (၅)အစ (၈)အဆုံး။
…တြာ - မိမိထက် အသက်၊ ဂုဏ်ဝါကြီးသူများကို ရှိသေလေးစားစွာဖြင့် ပူဇော် ကန်တော့ပါ။

| ဓနုရာသီ | ( နိုဝင်ဘာလ (၂၃) ရက်မှ ဒီဇင်ဘာလ (၂၀) ရက်အတွင်း ) |
|---|---|



SAGITTARIUS

လှေတစ်စင်းနဲ့ ပန်းခူးထွက်ချိန်။ ကျွမ်းကျင်မှု၊ မြော်မြင်မှု အထူးလိုအပ်၏။ ပဲ့ကိုင်ထိန်း မကျွမ်းကျင်လျှင် မှောက်ထိုးမှောက်လှန်ဖြစ်တတ်သည်။ သတိသည် သင့်လိုရာခရီးသွားရန် ပဲ့ကိုင်ဖြစ်၏။ အိမ်နေရာ၊ အလုပ်ဌာနပြောင်းရွှေ့ချင်စိတ် ပေါ်နေမည်။ ကံအားနည်းနေချိန်ဖြစ်သောကြောင့် စိတ်ရှုပ်ထွေးစရာပြဿနာများ မကြာခဏကြုံမည်။ အဂ္ဂိနံပစ္စည်းရောင်းဝယ်မှု အကျိုးပေးကောင်းသည်။ ကျန်းမာရေးကောင်းသည်ထက် ကောင်းမွန်စေရန် လတ်ဆတ်သော ဟင်းသီးဟင်းရွက် အသီးအနှံနှင့် နို့တို့ကို မှန်မှန်တတ စားသုံးပေးပါ။ ချစ်ခြင်းဆိုသည့် တံခါးခေါက်သံသဲ့သဲ့လေးကို ချိုချိုသာသာ ကြားရလိမ့်မည်။

…ထိုးသင့်သောနေ့ - တနင်္လာ၊ ကြာသပတေး။
…ရွေးချယ်ရမည့်ဂဏန်း - (၀)အစ (၅)အဆုံး၊ (၈)အစ (၂)အဆုံး။
…တြာ - မိတ်ဆွေအပေါင်းအသင်းများကို မိမိနှစ်သက်ရာ အစားအသောက်တစ်မျိုးကို ဒါနပြုကျွေးပါ။



www.burmeseclassic.com

www.burmeseclassic.com

**မကာရရာသီ**



CAPRICORN

**( ဒီဇင်ဘာလ (၂၁) ရက်မှ ဇန်နဝါရီလ (၁၉) ရက်အတွင်း )**

အပူရှိန်ပြင်းသော နေလုံးနီကြီးသည် ပင်လယ်ရေအောက်သို့ ငုပ်လျှိုးဝင်ရောက်သွားပါပြီ။ နေကွယ်လျှင် လထွက်ပါလိမ့်မည်။ အေးမြသော လပြည့်ဝန်းကို မကြာခင်ကာလမှာ သင် ကြုံတွေ့ရပါလိမ့်မည်။ ကြည်နူးဖွယ်၊ သာယာဖွယ်ကောင်းသော မိသားစုဘဝလေးကို တည်ဆောက်ခွင့် ရရှိပါလိမ့်မည်။ သင်သည် နူးညံ့သိမ်မွေ့ စိတ်ရည်ကာ အကောင်းမြင်၊ အပြုတွေးနေပါလိမ့်မည်။ အငြိမ့်ပစ္စည်းကိစ္စက သင့်ကို ရေရှည် အကျိုးပြုပါလိမ့်မည်။ ငွေကြေးပူပင်သောက ကင်းဝေးနေမည်။ အချစ်ရေး စိတ်အေးရမည်။ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာနေမည်။

**ထီထိုးသင့်သောနေ့** - ဗုဒ္ဓဟူး၊ ကြာသပတေး။

**ရွေးချယ်ရမည့်ဂဏာန်း** - (၂)အစ (၁)အဆုံး၊ (၈)အစ (၀)အဆုံး။

**ယတြာ** - ဘုရားမှာ သီလခံယူပြီး ပန်း၊ ရေချမ်း၊ ပေါက်ပေါက်ဆွမ်းနှင့် အောင်သပြေ ကပ်လှူပူဇော်ကာ သမ္ဗုဒ္ဓေဂါထာတော်မြတ်ကို သက်စေ့ရွတ်ဖတ်ပူဇော်ပါ။

**ကုမ်ရာသီ**



AQUARIUS

**( ဇန်နဝါရီလ (၂၀) ရက်မှ ဖေဖော်ဝါရီလ (၁၈) ရက်အတွင်း )**

လသာနိုက် ဗိုင်းငင်ပါ။ ယနေ့လုပ်ရမည့်အလုပ်ကို မနက်ဖြန်သို့ မရွှေ့ပါနှင့်၊ လောကတွင် မည်သည့်အရာမှ သူ့အလိုလိုဖြစ်မလာတတ်ကြောင်း သတိရှိရမည့်အချိန်မျိုးပါ။ အချိန်ကို အကျိုးရှိရှိ အသုံးချကြည့်လိုက်ပါ။ လုံ့လ၊ ဝီရိယရှိလေလေ အောင်မြင်လေလေ ကြုံပါလိမ့်မည်။ သင့်အိမ်အနီးမှာ အလှူမင်္ဂလာပွဲလမ်းသဘင်ရှိလျှင် စီးပွားဥစ္စာတိုးတက်မှု ကြုံရပါလိမ့်မည်။ လက်ရှိအခြေအနေထက် ပိုမိုမြင့်မားတိုးတက်မှု ထူးထူးခြားခြားကြုံရပါလိမ့်မည်။ ချစ်သူချောနှင့် ခရီးသွားရတတ်သည်။ ခရီးသွားပြီး ကျန်းမာနေမည်။

**ထီထိုးသင့်သောနေ့** - ကြာသပတေး၊ သောကြာ။

**ရွေးချယ်ရမည့်ဂဏာန်း** - (၆)အစ (၁)အဆုံး၊ (၉)အစ (၆)အဆုံး။

**ယတြာ** - ပွင့်တော်မူခဲ့သော မြတ်စွာဘုရားရှင်များကို အာရုံပြုလျက် သီလခံယူကာ အမိဋ္ဌာန်ပုတီးစိပ်ပါ။

**မိန်ရာသီ**



PISCES

**( ဖေဖော်ဝါရီလ (၁၉) ရက်မှ မတ်လ (၂၀) ရက်အတွင်း )**

အောင်မြင်မှုရေစီးမှာ မျောပါနေတတ်ချိန်။ ခြေစုံရပ်လျက် စိတ်အေးအေးမနေသင့်ပေ။ မိမိစိတ်ကို မိမိ နားလည်ရန်၊ မိမိရည်ရွယ်ချက်ကို မိမိ နားလည်ရန် ပထမဦးစွာ ကြိုးစားကြည့်လိုက်ပါ။ လက်ရှိအခြေအနေသည် သင့်ဘဝအောင်မြင်မှုတစ်ခုကို တည်ဆောက်နိုင်မည်။ ယခုလအတွင်း စတင်လုပ်ကိုင်သည့် လုပ်ငန်း၊ ရည်ရွယ်ချက်ဆန္ဒတို့က တစ်ချိန်မှာ ထူးထူးကဲကဲ အောင်မြင်မှု ရရှိပေလိမ့်မည်။ နှုတ်မဖွာသင့်ပေ၊ နှုတ်ဖွာလျှင် ပရမ်းပတာဖြစ်သွားပေလိမ့်မည်။ ကျန်းမာရေး ဂရုပြုပါ။ စိတ်ထိခိုက်ခြင်း၊ အာရုံကြော အားနည်းခြင်း၊ အဆစ်အမြစ်ကိုက်ခဲခြင်းမျိုး ကြုံရပါလိမ့်မည်။ အိပ်ပျက်မခံသင့်ပေ။ ချစ်သူက သင့်အပေါ် ခပ်စိမ်းစိမ်း ခပ်ပြတ်ပြတ် ဆက်ဆံပြောဆိုနေလိမ့်မည်။

**ထီထိုးသင့်သောနေ့** - ဗုဒ္ဓဟူး၊ စနေ။

**ရွေးချယ်ရမည့်ဂဏာန်း** - (၅)အစ (၀)အဆုံး၊ (၈)အစ (၂)အဆုံး။

**ယတြာ** - တရားတော်များ၏ ဂုဏ်တော်ကို အာရုံပြုလျက် တရားဂုဏ်တော်ခြောက်ပါးကို အဓိဋ္ဌာန်ပုတီးစိပ်ပါ။

* * *



www.burmeseclassic.com

www.burmeseclassic.com

# သဒ္ဓါကြည်လင် ဒါနစင်ရှ်

အရှင်ပညာသြဘာသ



www.burmeseclassic.com

www.burmeseclassic.com



**ကိုယ့်ဖို့ ကိုယ့်သာ**
**ရှာတော်မမူ**
**လူ့ခပ်သိမ်းတို့**
**ငြိမ်းမည့် ကောန်**
**မှန်လျှင်ဆက်ဆက်**
**ကိုယ့်အသက်ကို**
**ရေတွက်မရှေ့**
**ပေးစွန့်ဝံ့သော • • •။**

ဝေဿန္တရာဇာတ်တော်ကြီး
မင်းဘူးဆရာတော် ဦးဩဘာသ

"ကျောက်ကပ်အလှူခံလိုပါသည် ဘုရား။

ရန်ကုန်မြို့နေ ကျောက်ကပ်ဝေဒနာရှင်တစ်ဦးမှာ ကျောက်ကပ် အစားထိုးကုသရန် အလျင်အမြန်လိုအပ်နေပါသည် ဘုရား။ အင်္ဂပရိစ္စာဂအလှူ လှူဒါန်းလိုသော ရဟန်းတော်များအနေဖြင့် အောက်ဖော်ပြပါ လိပ်စာအတိုင်း ဆက်သွယ်လှူဒါန်းတော်မူပါရန် လေးမြတ်စွာ လျှောက်ထားအပ်ပါသည် ဘုရား"

ဦးအာဒိစ္စ
မိုးကောင်းကျောင်းတိုက်၊ မန္တလေးမြို့။

◈◈◈

မန္တလေးမြို့ ငွေချိုတိုက်၊ မုခ်ပေါက်အဝင်ဝမှာ ကပ်ထားတဲ့ ကြော်ငြာစာရွက်ကို ဆွမ်းခံပြီး ပြန်လာတဲ့ အရှင်ဇဝနက ခေတ္တရပ်ပြီး ဖတ်လိုက်ပါတယ်။ စဉ်းစားစရာ၊ တွေးတောစရာ၊ ဆုံးဖြတ်ချက်ချစရာ အတွေးပေါင်းစုံနဲ့ မိမိ သီတင်းသုံးရာ ဂန္ဓာရုံကျောင်းအတွင်း ကြွလှမ်းခဲ့ပါတော့တယ်။

နေ့ဆွမ်း ဘုဉ်းပေးအပြီး အိပ်ရာပေါ်မှာ ခဏလှဲလျောင်းရင်း အမျိုးမျိုးတွေးပေ... အရှင်ဇဝနတစ်ပါး ဆုံးဖြတ်ချက်တစ်ခုကို ခိုင်ခိုင်မာမာချပြီးခဲ့ပါပြီ။

"ငါဟာ ငယ်ငယ်ကတည်းက သဒ္ဓါတရားကြည်ကြည်လင်လင်နဲ့ ပြုပြုံစင်စင် အလှူကြီးတစ်ခုပေးလှူဖို့ အမျိုးမျိုးစိတ်ကူးမိခဲ့တယ်။ မပြည့်စုံတဲ့ ဘဝမှာ ဆန္ဒကို အကောင်အထည်မဖော်နိုင်ခဲ့ဘူး။ ဒီတစ်ခါမှာတော့ ငါ့ဆန္ဒ အောင်မြင်ပြီထင်ပါရဲ့"

မိမိကိုယ်ခန္ဓာထဲက ကျောက်ကပ်တစ်ခြမ်းကို ပေးလှူဖို့ ဆုံးဖြတ်လိုက်ချိန်မှာတော့ တစ်ကိုယ်လုံး ပီတိတွေ လှိုက်ဆူသွားရဲ့။ အချိန်မဆိုင်းတော့ဘဲ ငွေချိုတိုက်နဲ့ မလှမ်းမကမ်းမှာ ရှိနေတဲ့ မိုးကောင်းကျောင်းတိုက်ကို ကြွခဲ့ပါပြီ။

◈◈◈

"တပည့်တော်••ကျောက်ကပ်လှူလိုပါတယ် ဘုရား"

ဆရာတော် ဦးအာဒိစ္စနဲ့ ဦးသာသနာ့ကို ဝတ်ပြုပြီး လျှောက်ထားလိုက်ပါတယ်။

"သာဓု• • •သာဓု• • •သာဓု၊ ဘုန်းကြီးရဲ့ ဒါယကာ၊ ဒါယိကာမကြီးတို့ရဲ့ သားမှာ ကျောက်ကပ်ဝေဒနာခံစားနေရပြီး ကျောက်ကပ်လဲမှ ရတော့မှာဆိုတော့ ဘုန်းကြီးလည်း မနေသာတော့လို့ မန္တလေးကို ကြွခဲ့ရတာ"

"မှန်လှပါ။ တပည့်တော်မတို့ရဲ့ သားလေးအသက်က ကျောက်ကပ်အလှူခံ ရ,မရအပေါ်မှာ မူတည်နေပါပြီ။ ဦးပဉ္ဇင်းလှူမယ်ဆိုလို့ ဝမ်းသာအားရဖြစ်မိပါတယ် ဘုရား"

ဝေဒနာရှင်ကို မမြင်ရသေးပေမယ့် မိခင်နဲ့ ဖခင်တို့ရဲ့ ပူလောင်နေမှုကို မြင်ရတဲ့ ဦးဇဝန ချက်ချင်းထပြီး လှူလိုက်ချင်ပါရဲ့။

"ဦးပဉ္ဇင်းရဲ့ ခမည်းတော်၊ မယ်တော်တွေကို တိုင်ပင်ဖို့များ လိုဦးမလားပဲ"

ဆရာတော် ဦးသာသနက နှိုင်းနှိုင်းဆဆ မိန့်တော်မူလိုက်ပါတယ်။

"တပည့်တော် ဆုံးဖြတ်ပါပဲ ဘုရား။ အားလုံးအဆင်ပြေပါတယ်"

"ကဲ••ဒါဲသလိုဆို ဦးပဉ္ဇင်း အဆင်သင့် ပြင်ပေးထားပါ။ ရန်ကုန်ကို အမြန်ကြွရအောင်"

◈◈◈

မန္တလေးမြို့ ရေဝတီမြစ်အနောက်ဘက်ကမ်း ကျွန်း(၁၂)ရွာအပိုင်းမှာ တန်ပိုကျွန်းရွာကလေး တည်ရှိပါတယ်။

အရှင်ဇဝနအလောင်းလျာကို တန်ပိုကျွန်းကျေးရွာမှာ ခမည်းတော် ဦးဝင်းမောင်၊ မယ်တော် ဒေါ်မြသောင်းတို့မှ ၁၃၃၇ ခု၊ သီတင်းကျွတ်လဆုတ် ၁၃ရက်နေ့မှာ ဖွားမြင်တော်မူခဲ့ပါတယ်။ မွေးချင်း ၆ယောက်အနက် ပဉ္စမမြောက် သားရတနာဖြစ်ပါတယ်။

မန္တလေးမြို့ ပိုက်ကျုံ့ရပ် အ•ထ•က(၂၁)မှ ဆယ်တန်းစာမေးပွဲကို ဖြေဆိုအောင်မြင်ခဲ့ပြီး အမရပူရမြို့နယ် မိကျောင်းတက်ရွာ၊ ကျောင်းတော်ကျောင်းမှာ ရဟန်းဘောင်သို့ ဝင်ရောက်ခဲ့ပါတယ်။ ပျဉ်းမနားမြို့ မိုးကုတ်ရိပ်သာ၊ တက်ကျွ



www.burmeseclassic.com

www.burmeseclassic.com

ကျောင်း။ ဗန်းမော်မြို့ သိမ်တော်ကျောင်းတို့မှာ ဝါဆိုတော်မူ၍ ပရိယတ္တိစာပေကို လေ့လာသင်အံခဲ့ရာ ပထမကြီးတန်းကို ဖြေဆိုအောင်မြင်တော်မူခဲ့ပါတယ်။

အကြီးတန်း အောင်မြင်တော်မူပြီး မန္တလေးမြို့ ငွေချိုကျောင်းတိုက်၊ ဂန္ဓာရုံကျောင်းတွင် ဆက်လက် သီတင်းသုံးခဲ့ပါတယ်။

◈◈◈

ရန်ကုန်မြို့ မြောက်ဥက္ကလာပနေ ဦးကံညွန့် + ဒေါ်ငွေမြင့်တို့ရဲ့သား မောင်ရဲကျော်စွာလတ်မှာ ကျောက်ကပ်ဝေဒနာ ခံစားနေရသူဖြစ်ပါတယ်။ အရှင်ဇဝနမှာ ဆရာတော် ဦးသာသနနဲ့ သာသနာ့ဂုဏ်ရည်ကျောင်းတိုက်မှာ ခေတ္တ သီတင်းသုံးလျက် လှူနာနဲ့ ကိုက်ညီ,မညီ ဆေးစစ်ခံယူခဲ့ရပါတယ်။

ကျောက်ကပ်လှူသူနဲ့ အလှူခံသူတို့မှာ အမျိုးအစားတူ,မတူ အမျိုးမျိုးစစ်ဆေးရပါတယ်။ အာရုတော်ဝင်၊ SSC၊ ပင်လုံဆေးရုံတို့မှာ အမျိုးမျိုးစစ်ဆေးခဲ့ပြီး နောက်ဆုံးတစ်ရှူးကို စင်ကာပူဆေးရုံသို့ ပို့၍ စစ်ဆေးခဲ့ရပါတယ်။ စစ်ဆေးချက်အဖြေ ၆ချက်အနက် အနည်းဆုံး ၅ချက်ကိုက်ညီမှသာ ကျောက်ကပ်အစားထိုးလို့ ရမှာပါ။

ကံ-ကံ၏ အကျိုးအတိုင်း ဆေးစစ်ချက်အဖြေအရ လဲလှယ်ခွင့်ရှိတဲ့ အချက်နဲ့ မပြည့်စုံခဲ့ပါ။ လဲလှယ်တပ်ဆင်လို့ မရနိုင်ကြောင်း ပြန်ကြားချက် ရခဲ့ပါတယ်။ လှူနာရှင်များအနေနဲ့ နောက်ထပ်လှူဒါန်းဖို့ လူထပ်မံရှာဖွေခဲ့ရပြန်ပါရော။

အရှင်ဇဝနကိုယ်တော်မှာလည်း လှူချင်ပါလျက်နဲ့ လှူဒါန်းခွင့်မရခဲ့။ သာသနာ့ဂုဏ်ရည်ကျောင်းတိုက်၊ ဒဂုံမြို့သစ် မြောက်ပိုင်းမှာ ခေတ္တသီတင်းသုံးရင်း မန္တလေးပြန်ဖို့ စီစဉ်ရပါတော့တယ်။

◈◈◈

တစ်နေ့···

"အရှင်ဘုရား···သူက တပည့်တော်တို့ ကျောင်းအထက(၃) မင်္ဂလာတောင်ညွန့်က ကျောင်းအုပ်ဆရာမကြီး ဒေါ်ယုယုတင်ဖြစ်ပါတယ် ဘုရား။ ဆရာမကြီးရဲ့ ခင်ပွန်း ဦးသိုက်ထွန်းမှာ ကျောက်ကပ်ဝေဒနာ ခံစားနေရလို့ အရှင်ဘုရားထံ အကူအညီတောင်းဆိုလို့ပါ ဘုရား"

သာသနာ့ဂုဏ်ရည်ကျောင်းတိုက် ဆရာတော် ဦးသာသနထံ ဒွမ်းဒါယိကာမတစ်ဦးဖြစ်တဲ့ အထက်တန်းပြဆရာမတစ်ဦးနဲ့ အမျိုးသမီးကြီးနှစ်ဦး ရောက်ရှိလာပြီး ဆရာတော်ကို လျှောက်ထားနေတာပါ။

"မှန်လှပါ ဘုရား။ တပည့်တော်မရဲ့ ခင်ပွန်းက ထိုင်း



နိုင်ငံ၊ ဘန်ကောက်မြို့ကို သွားပြီး မကြာခဏ ကျောက်ကပ်ကို ဆေးနေရပါတယ် ဘုရား။ ကျောက်ကပ်လဲလှယ်ဖို့ လိုအပ်နေလို့ တပည့်တော်မကို တတ်စွမ်းသမျှ အကူအညီပေးပါရန် လျှောက်ထားအပ်ပါတယ် ဘုရား"

"အင်း··· ဘုန်းကြီးကျောင်းမှာတော့ မန္တလေး ဦးပဥ္စင်းတစ်ပါး ကျောက်ကပ်လှူဖို့ ရောက်နေတယ်။ လှူနာ တိုက်ဆိုင်စစ်ဆေးလိုက်တော့ အခန့်မသင့်လို့ မလှူရသေး ဒကာမကြီးရဲ့ ခင်ပွန်းကို လှူ မလှူကတော့ သူ့သဘော နေ့ပ်။ ဘုန်းကြီးခေါ်မေးပေးမယ်လေ"

"တင်ပါ့ ဘုရား"

"မောင်ကျောင်းသား··· သိမ်ကျောင်းပေါ်က ဦးဇ ကို သွားပင့်စမ်း"

ဆရာတော်က ကျောင်းသားတစ်ယောက်ကို လှမ်း လိုက်ပါတယ်။ ခဏအကြာ···

"အရှင်ဘုရား··· တပည့်တော်ကို ခေါ်တယ်ဆို လက်အုပ်ချီပြီး လျှောက်ထားနေတဲ့ ဦးဇဝနကို··

"ဦးပဥ္စင်း ထိုင်ပါဦး။ ဒါက ကျောင်းအုပ်ဆရာမကြီး ဒေါ်ယုယုတင်။ ခင်ပွန်းဖြစ်တဲ့ ဦးသိုက်ထွန်းရဲ့ ကျောက် ဝေဒနာအတွက် အရှင်ဘုရားထံက ကျောက်ကပ်အ ချင်လို့ ဦးပဥ္စင်းသဘောထား သိချင်တာပါ"

"တပည့်တော်က သဒ္ဓါတရားကြည်ကြည်လင်လ

www.burmeseclassic.com

စင်ကြယ်တဲ့ အဂ်ပရိက္ခရာအလှူ လှူဒါန်းလိုတာပါ ဘုရား။ ပုဂ္ဂိုလ်စွဲ မရှိပါဘူး။ အပ်စပ်တဲ့ ဘယ်သူ့ကိုမဆို လှူရန် အသင့်ပါ ဘုရား"

"ကဲ…ဒကာမကြီးတို့ ကြားတဲ့အတိုင်းပါပဲ။ အခွင့် ပြေပြီပေါ့။ ပိုပြီးအဆင်ပြေတာက ဒီ ဦးပဥ္စင်းရဲ့ စစ်ဆေးစရာ ကိစ္စအဝဝကို စင်ကာပူအထိပို့ပြီး စစ်ဆေးပြီးသား စာရွက် စာတမ်းတွေ ရှိနေတယ်။ ဆက်သာ ဆောင်ရွက်ကြတော့ ပေါ့"

ကဲ-ကဲ၏ အကျိုးအတိုင်းပါ။ ကာယကံရှင် သူနာနဲ့ ဦးဇဝနတို့ အမျိုးမျိုးစစ်ဆေးကြပြန်ပါတယ်။ နောက်ဆုံး ရလာတဲ့ အဖြေက လိုအပ်တဲ့ အချက်အလက်အားလုံး ကိုက်ညီပါတယ်။ ကျောက်ကပ်လဲလှယ်တပ်ဆင်လို့ ရတယ် ပေါ့"

◈◈◈

ကျောက်ကပ်လဲလှယ်လို့ရကြောင်း သိပြီးချိန်က စ,လို့ လိုအပ်တဲ့ နိုင်ငံရေးလက်မှတ်အပါအဝင် စာရွက်စာတမ်း အမျိုးမျိုးအတွက် နေပြည်တော်-ရန်ကုန် လူးလားတုံ့ခေါက် ဆောင်ရွက်ကြတာ တစ်လကျော် ကြာမြင့်ခဲ့ပါတယ်။ အဲဒီ အချိန်မှာ လူနာကလည်း ကျောက်ကပ်ဆေးချိန်ရောက်ပြန် လို့ ဘန်ကောက်ဆေးရုံရောက်နေပြန်ပါရော။

အားလုံးပြီးတော့ ဆရာတော် ဦးသာသန၊ ဦးပဥ္စင်း ဦးဇဝနတို့ လူနာကို စောင့်ရှောက်ပေးမယ့် အဖော်တစ် ယောက်နဲ့အတူ ဘန်ကောက်မြို့ကို ထွက်ခွာခဲ့ကြပါတယ်။

ဘန်ကောက်ကို ရောက်ပြီး တစ်ပတ်လောက်အတွင်း မှာပဲ လိုအပ်ချက်တွေကို စစ်ဆေးပြီးခဲ့ပါရော။ နောက်ဆုံး အခက်အခဲအမျိုးမျိုးကို ကျော်လွှားပြီး ကျောက်ကပ်လဲလှယ် တပ်ဆင်ခဲ့ကြပါတော့တယ်။

ဦးဇဝနကိုယ်တော်မှာ ဆေးရုံတစ်ပတ်ခန့် တက်ခဲ့ရ ပါတယ်။ အခြေအနေအားလုံး ကောင်းမွန်ပြီး ခွဲစိတ်မှုမှာလည်း ရာနှုန်းပြည့် အောင်မြင်ခဲ့ပါတယ်။ လူနာ ဦးသိုက်ထွန်းက တော့ ဆေးရုံဆင်းခွင့်မရသေးပေမယ့် အရှင်ဇဝနက အရင် ဆင်းခဲ့ရပါတယ်။

ခွဲစိတ်မှု အောင်မြင်ပြီးချိန်မှာ ဆရာတော် ဦးသာသန က မြန်မာပြည်ကို အရင်ပြန်ကြွပြီး ကျန်းမာရေးအခြေအနေ စိတ်ချရချိန်မှာ ဦးဇဝနတစ်ပါးတည်း ရန်ကုန်ပြန်ကြွခဲ့ပါ တယ်။ ကျောင်းအုပ်ဆရာမကြီး ဒေါ်ယုယုတင်ကိုယ်တိုင် လေဆိပ်မှ ကြိုပြီး သာသနာ့ဂုဏ်ရည်ကျောင်းတိုက်ကို ပို့ ဆောင်ပေးခဲ့ပါတယ်။

"ဘုန်းဘုန်းဘုရား… တပည့်တော်တို့အိမ်ကို မနက် ဖြန် အရုဏ်ဆွမ်းကြွတော်မူပါ ဘုရား"

နောက်တစ်နေ့ ရန်ကင်းမှာ ရှိတဲ့ ဆရာမကြီး ဒေါ်ယုယုတင် နေအိမ်မှာ ဦးသာသနနဲ့ ဦးဇဝနတို့ ဆွမ်းဘုဉ်း ပေးခဲ့ပြီး ဆရာတော်အတွက် သင်္ကန်းတစ်စုံနဲ့ စာအိတ် တစ်လုံး။ ဦးဇဝနအတွက် သင်္ကန်းတစ်စုံ၊ လက်ဆွဲ စက္ကူပုံး တစ်ခု လှူဒါန်းလို့ အသီးသီးအလှူခံပြီး ပြန်ကြွခဲ့ကြပါတယ်။ ကျောင်းရောက်လို့ ဦးဇဝနက သူ့အတွက် လှူထားတဲ့ စက္ကူပုံးကို ဖွင့်ကြည့်တဲ့အခါ များပြားလွန်းလှတဲ့ ငွေစက္ကူ များ။

ဦးဇဝနဘဝမှာ တစ်ကြိမ်မှ မပိုင်ဆိုင်ဘူးတဲ့၊ တစ်ခါမှ မကိုင်ခဲ့ဖူးတဲ့ ငွေတွေ။

တစ်သိန်း… နှစ်သိန်း…သုံးသိန်း…ဆယ်သိန်း။

ဆက်မရေတွက်နိုင်တော့။ ခန့်မှန်းခြေ သိန်း ၅၀၊ ၆၀ လောက် ဖြစ်ပေလိမ့်မယ်။

"အင်း…မနည်းမနောပါလား။ ငါ ဒါတွေကို မျှော်ကိုး လို့ ကျောက်ကပ်လှူခဲ့တာ မဟုတ်ဘူး။ ပါလှူချင်တဲ့ အလှူ ကြီးအတွက် အသက်စွန့်ပြီး ခန္ဓာကိုယ်အစိတ်အပိုင်းကို ဖြူဖြူစင်စင်နဲ့ လှူချင်လို့ လှူထားတာ။ ငါ့အလှူမှာ အစွန်း အထင်း ဘာတစ်ခုမှ မခံနိုင်ဘူး"

◈◈◈

"ဟာ…ဦးပဥ္စင်း၊ ဘာများ ကျန်ခဲ့လို့ပါလဲ ဘုရား"

အိမ်ကို ပြန်ရောက်လာတဲ့ ဦးဇဝနကို ဆရာမကြီး ဒေါ်ယုယုတင်က အံ့အားတသင့် မေးလျှောက်လိုက်တာပါ။

"ဘာမှမကျန်ပါဘူး ဒကာမကြီး"

ဆရာမကြီး ဒေါ်ယုယုတင် ဝတ်ဖြည့်အပြီးမှာ…

"ဒကာမကြီး… ဒကာမကြီး လှူလိုက်တဲ့ ဝတ္ထုတွေ ကို ပြန်လာပေးတာပါ။ ဦးပဥ္စင်း ဒါတွေအတွက် လှူတာ မဟုတ်ပါဘူး"

"ဦးပဥ္စင်း… တပည့်တော်မ လှူတာ နည်းသွား…"

"မဟုတ်ဘူး ဒကာမကြီး။ များခြင်း၊ နည်းခြင်းက အဓိက မဟုတ်ဘူး။ နည်းလည်း မနည်းဘူး။ ဦးပဥ္စင်းတို့က တောသူတောင်သား ဆင်းရဲသားတွေ။ ဒီလောက်များတဲ့ ငွေ ကို ပိုင်လည်း မပိုင်ဘူးပါဘူး။ ကိုင်လည်း မကိုင်ဘူးပါဘူး။

ကျူပ်ကြားဖူးတဲ့ ဆရာတော် သာသနာ့နွယ်ရဲ့ ယုချင် သူတွေများတဲ့ လောကကြီးထဲက ကိုယ်က ပေးနိုင်သူဖြစ် အောင် ကြိုးစားပါ။ ပေးတဲ့အခါမှာလည်း မျှော်လင့်ချက် မေတ္တာသက်ဖြစ်ပါစေဆိုတဲ့ ဩဝါဒအတိုင်း လိုချင်



www.burmeseclassic.com

www.burmeseclassic.com

လိုအပ်နေသူတွေအတွက် ဦးပဋ္ဌင်းက လှူနိုင်တဲ့လူ ဖြစ်ချင်နေတာပါ။ လှူတဲ့အခါမှာလည်း ဖြူဖြူစင်စင် မျှော်လင့်ချက်မဲ့ မေတ္တာသက်သက်နဲ့ သဒ္ဓါဖြူဖြူပေးလှူချင်တာက အဓိက ဖြစ်ပါတယ်။

ဦးပဋ္ဌင်းရဲ့ အလှူ့ဒါနမြောက်အောင် ဒီဝတ္ထုငွေတွေကို ပြန်လက်ခံပါ။ ဩော်…ဒါနဲ့ ဦးပဋ္ဌင်း မန္တလေးပြန်ဖို့ စရိတ် မရှိလို့ ဝယ်စရာလေးတွေလည်း ဝယ်ဖို့ ငွေနှစ်သိန်းလောက် အလှူခံပါရစေ"

◈◈◈

လွန်ခဲ့တဲ့ ၅နှစ်လောက် ဖြစ်ရပ်မှန်လေးပါ။

ကျောက်ကပ်လှူသူရော၊ အလှူခံ ပုဂ္ဂိုလ်ပါ ကျန်းမာ ပကာတိ ချမ်းသာစွာ ရှိနေကြပါတယ်။ သဒ္ဓါက ကြည်လင်ပြီး ဒါနက စင်ကြယ်ခဲ့လို့ ထင်ပါရဲ့။ အမည်၊ နေရပ်တွေ လွှဲပြောင်းမထားပါဘူး။ စာရေးသူ သာသနာ့ဗောင်မှာ ဝါဆိုခဲ့စဉ်က အတူသီတင်းသုံးခဲ့ရတဲ့ သာသနာ့ဂုဏ်ရည်ကျောင်းတိုက် ဆရာတော် ဦးသာသန၊ ကျောက်ကပ်အလှူရှင် ဦးဇဝနတို့ရဲ့ ပြောပြချက်အရ သိခဲ့ရတာပါ။ (ဦးဇဝနက မိုးကုတ် ဝိပဿနာသင်တန်းဆရာဖြစ် လာတက်နေတာပါ။)

ဗုဒ္ဓသာသနာတော်မှာ အသွေးအသားအလှူ၊ မွေးသားသမီးအလှူ၊ ဇနီးအလှူတွေကို ဖတ်ခဲ့ရစဉ်က စိတ်ပိုင်းဆိုင်ရာမှာ ထူးထူးခြားခြား ခံစားချက် မပြင်းထန်ခဲ့ပါဘူး။ အခုလို အလှူရှင်ကိုယ်တိုင် အသက်စွန့်လို့ ခန္ဓာကိုယ်အစိတ်အပိုင်းလှူဒါန်းတာကို ကြားသိရတဲ့အခါမှာလည်း အံ့ဩဝမ်းသာစိတ်သာ ခံစားခဲ့ရပါတယ်။ မိမိအလှူအတွက် အစွန်းအထင်းမဖြစ်စေလိုလို့ လှူဒါန်းငွေ သိန်း ၅၀-၆၀ ခန့်ကို ငြင်းဆန်ပြီး ခရီးစရိတ် ကျပ်နှစ်သိန်းသာ အလှူခံခဲ့ကြောင်း သိရတော့ အတိုင်းအတာတစ်ခုထက် ကျော်လွန်တဲ့ ပီတိစိတ်၊ အံ့ဩဝမ်းမြောက်စိတ်တွေနဲ့အတူ ကြက်သီးမွေးညင်း ထ,မိလောက်အောင် ခံစားခဲ့ရပါတယ်။

ဗုဒ္ဓဘာသာဝင် အလှူရှင်များအတွက် အကောင်းဆုံး သာဓကကို ပြသသွားခဲ့တဲ့ အရှင်ဇဝနကို လက်အုပ်ချီမိုး ရှိခိုးလျက်…■

* * *

အရှင်ပညာဩဘာသ


" အာစရိယဂုဏံ အဟံ ဝန္ဒာမိ "

# ဂမ္ဘီရဆရာလှမျိုး (B.Sc) လယ်ပြ(ငြိမ်း)

## ဂမ္ဘီရအမည်ခွဲ - အောင်ကောင်းမြ (သာကေတ)

(၇)နေ့သားသမီးများ ဘဝတစ်သက်တာ ဆောင်ရန် ရှောင်ရန်နှင့် အကျိုးပေးလုပ်ငန်း၊ စီးပွားရေး၊ အိမ်ထောင်ရေး၊ ဇာစ်နှစ်တာဆောင်ရန် ရှောင်ရန်နှင့် လုပ်ငန်းစီးပွားအခြေအနေ ကြိုတင်သိထားစေရန် ဆန်းကျမ်း + သင်္ချာ ပညာရပ်များဖြင့် ညှိနှိုင်းတွက်ချက်ပေးမည်။ ချစ်သူအိမ်ထောင်ဘက်များအတွက် မင်္ဂလာနဝင်းနှင့် မင်္ဂလာအစီအရင်၊ နဝင်းခါတ်ယတြာအဖြေရှာ (ကျန်းမာရေး၊ လူမှုရေး)၊ ကံပွင့်လာဘ်ပွင့် အန္တရာယ်ကင်း အစီအရင်များ အထူးဆောင်ရွက်ပေးသည်။

**(၁)နှစ်စာ ဟောစာတမ်း၊ ကလေး၊ ဆိုင်၊ လုပ်ငန်း အမည်ပေး၊ မင်္ဂလာအခါရွေး (မွေးဖွားမည့်ရက်ရွေးခြင်း) စနစ်တကျတွက်ချက်ရေးသားပေးမည်။ ရပ်ဝေးမှ မေးလိုက ငွေကြိုတင်ပေးပို့ ကိုယ်တိုင်လာလိုပါက ကြိုတင် ဖုန်းဆက်သွယ်ပါ)**

ဟောခန်းလိပ်စာ

အမှတ် (၁၇)၊ အောင်သပြေအနောက် (၁)လမ်း၊ ၇/အရှေ့ရပ်ကွက်၊ သာကေတမြို့။

ဖုန်း - ၀၉၄၂၀၀၄၇၈၆၉

**လမ်းညွှန်**

၃၅၊ ၆၅၊ ၃၂၊ ရွှေညော်သည်(၂)၊ ၄၈(အထူး)၊ ၁၇၃၊ ၂၁၆၊ ၅၇၊ ၁၄၆၊ ၈၉၊ ၄၆(စိမ်း)၊ ၁၈… ကားများစီး၊ ,တာမွေ-သန်လျင်-ကျောက်တန်း-ခရမ်း-သုံးခွကားများစီးပါက (၈)ဂိတ်မှတ်တိုင်ဆင်းပါ။

၃၄၊ ၆၂၊ ၁၀၆ ကားများစီးပါက ဓမ္မာရုံမှတ်တိုင်ဆင်းပါ။

www.burmeseclassic.com

ရန်ကုန်မြို့တော်ကြီးနှင့် ခရီးမဝေးသော ခရမ်းမြို့။

ထိုမြို့၏ အနောက်တောင်ခြမ်းတွင် ရွာငယ်ကလေးများ များစွာရှိကြသည်။

ယခုအချိန်တွင်မူ ထိုရွာကလေးများသည် အလွန်စည်ကားသော ရွာကြီးများ ဖြစ်နေပေလိမ့်မည်။ ၁၉၇၀ ခုနှစ်

# ရွှေဂျေရှင်ကြီးနှင့် တစောက်ကန်း သေနင်း

## လှစံ (ပုသိမ်ကြီး)



www.burmeseclassic.com

www.burmeseclassic.com

ပတ်ခန်းကျင်က ကမာမတ်ရွာ၊ တာပွန်ကြီး၊ တာပွန်လေး၊ စက်၊ ညောင်ပင်ရွာ၊ သမှည့်ချောင်းရွာ စသော ရွာကလေးများသည် တာပွန်ချောင်း၏ ဘေးတစ်ဖက်တစ်ချက်စီတွင် အစီအရီ တည်ရှိနေကြသည်။ ထိုအချိန်အခါက ရန်ကုန်-သန်လျင် မြစ်ကူးတံတားကြီးလည်း မတည်ဆောက်ရသေး။ ခရမ်းအနောက်ဘက်ခြမ်းရှိ ရွာအသီးသီးမှ လာလိုကြသောသူများသည် ခရမ်းမြို့သို့ သွားပြီး ခရမ်း-သန်လျင်ကားကို စီး၍ သန်လျင်သင်္ဘောဆိပ်သို့ လာရသည်။ ထိုနေရာမှ သီတာသင်္ဘောကို စီးပြီး ရန်ကုန် သီတာဆိပ်ကမ်းသို့ လာကြရသည်။

ထိုအချိန်က ခရမ်း-သန်လျင်ကားလမ်းသည် အငွေ့ပွန်ဆိုးဝါးလှသည့် ကတ္တရာလမ်းဟုပင် မခေါ်နိုင်သော လမ်းဖြစ်ပြီး ချိုင့်များ၊ ကျင်းများဖြင့် ဖွဲ့စည်းထားသည့်လမ်း ဖြစ်သည်။ သက်ကြီးရွယ်အိုများ ကားလမ်းခရီးဖြင့် လာရသည်မှာ အဆင်မပြေလှ။ မိုးလေဝသ အခြေအနေကောင်းပါက ရေလမ်းက ပို၍အဆင်ပြေသည်။ ရွာချောင်းနံဘေးမှ ခရီးသည်တင် မော်တော်ထွက်စီးလိုက်ရုံသာ။ လမ်းစရိတ်ငွေ သက်သာသည်။ လူလည်း သက်သာသည်။ တငြိမ့်ငြိမ့်နှင့် ဇိမ်ကျကျ စီးလိုက်လာရုံသာရှိသည်။ မိုးကြီးလေကြီးကျပြီး လှိုင်းထန်သောအချိန် မြစ်သုံးဆိုင်နေရာသို့ ရောက်နေလျှင်တော့ ခရီးသည်များ ဘုရားတ,ရတော့သည်။ သင်္ဘောတစ်စီးလုံး သူ့သူငါငါ ရတတ်သမျှ ဘုရားဂါထာများ ရွတ်ဆိုကြရတော့သည်။ သို့သော် ထိုအဖြစ်မျိုး ဖြစ်ခဲပါသည်။ လှိုင်းလေထန်လျှင် နီးရာကမ်းသို့ ခိုကပ်နေကြရသည်။ ထို့နောက် ရန်ကုန်-ညောင်တန်းဆိပ်ကမ်းမှ တက်၍ ရန်ကုန်မြို့တွင်းသို့ သွားလာကြသည်။ ထိုအချိန်က ညောင်တန်းဆိပ်ကမ်းသည် အလွန်စည်ကားခဲ့သည်။

ခရမ်းအနောက်ခြမ်း ရွာငယ်ကလေးများမှ သင်္ဘောများ၊ လှေများ၊ မော်တော်၊ စက်သမ္ဗန်အားလုံးတို့သည် တာပွန်ချောင်းတစ်လျှောက် ရွာငယ်များကို အစဉ်လိုက် ဖြတ်သန်းပြီး ရွှေလှေရွာသို့ ရောက်ရှိကြသည်။ ဤနေရာတွင် ပဲခူးမြစ်နှင့် သွား၍ဆုံသည်။ ပဲခူးမြို့ဘက်သို့ သွားလိုသူများက ပဲခူးဘက်သို့ သွား၍၊ ရန်ကုန်သွားလိုသူများက သန်လျင်ဆိပ်ကမ်းဘက်သို့ မောင်းရသည်။ သန်လျင်ဆိပ်ကမ်းတွင်လည်း ခရီးသည်အတက်အဆင်းရှိကြသည်။ ထို့နောက်မှ ရန်ကုန်-ညောင်တန်းဆိပ်ကမ်း ခရီးဆုံးသို့ ရောက်ရှိကြသည်။

ထိုလမ်းခရီးမှ သွားကြရသော လှေ၊ သင်္ဘော၊ မော်တော်များသည် ရွှေလှေရှိ "ရွှေလှေရှင်ကြီးနန်း" ကို မဖြတ်ဘဲ သွား၍ မရပေ။ ရွှေလှေရွာမှ အထွက်တွင် အလွန်ထင်ရှားကျော်ကြားသော နတ်နန်းမှာ ရွှေလှေရှင်ကြီးနန်းပင် ဖြစ်သည်။ ထိုနေရာသို့ ရောက်လျှင် သင်္ဘော၊ လှေ၊ မော်တော်ပိုင်ရှင်များက ရွှေလှေရှင်ကြီးကို လက်ဖက်ပွဲ သောက်တော်ရေတို့ဖြင့် တင်မြှောက်ပူဇော် ပ,သပြီး ခရီးလမ်း သာယာစေကြောင်း ဆုတောင်းကြရသည်။ အချို့ခရီးသည်များကလည်း ထိုကဲ့သို့ တင်မြှောက်ပြီး နှုတ်မှ တတွတ်တွတ် ဆုတောင်းသည်ကို တွေ့ရသည်။ မည်သည့် မော်တော်၊ သင်္ဘောမှ ရွှေလှေရှင်ကြီးကို မတင်မမြှောက်ဘဲ မသွားရဲ။ ဤနေရာတွင် ရွှေလှေရှင်ကြီးက အထွဋ်အထိပ်ပင် ဖြစ်သည်။

ခရမ်းမြို့နယ်ရှိ ရွာများသည်
ထိုစဉ်အခါက စပါးစိုက်ပျိုးခြင်းအပြင်
မြေပဲ၊ ပဲ၊ နေကြာ၊ ဖရဲတို့ကို စိုက်ပျိုး
နေသော နှစ်သီးစားရွာများဖြစ်ကြသည်။
ယခုအခါတွင် ကမာမတ်၊ ဂျုံးဂျုံးကျ
စသော ရွာများသည် ငါးမွေးမြူရေး
လုပ်ငန်းကို အကြီးအကျယ်လုပ်ကိုင်
နေကြပြီဖြစ်သည်။ ရွာသူရွာသားများ
အိမ်ရာဆောက်လုပ်ရန် လိုအပ်သော
သစ်သားများကို ပဲခူးမြို့နယ်တစ်ဝိုက်သို့
စက်တပ် လှေကြီးဖြင့် လည်းကောင်း
မော်တော်ဖြင့် လည်းကောင်း သွား
ရောက် ဝယ်ယူကြရသည်။ ဝယ်လာ
သော သစ်များသည် တရားမဝင် သစ်
များလည်း ရှိတတ်သည်။ တရားမဝင်
သစ်များ၊ ပစ္စည်းများကို စစ်ဆေး ဖမ်း
ဆီးနေသော စစ်ဆေးရေးဂိတ်ကို ရွှေ
လှေရွာအနီးတွင် စခန်းချ ထားရှိသည်။

စာရေးသူ၏ ဦးကြီးတော်စပ်သူ
သည် အိမ်ဆောက်ရန်အတွက် တရား
မဝင် ခိုးထုတ်ထားသော သစ်...
ပဲခူးဘက်မှ ဝယ်၍ မော်တော်ဖြင့် သယ်
ယူလာသည်။ ပဲခူးမြစ်မှ ရွာချောင်းသို့
ပြန်အဝင်တွင် ရွှေလှေရှင်ကြီးအား
ပူဇော် ပ,သပြီး ဝယ်ယူလာသော သစ်
များ အဖမ်းဆီးမခံရအောင် စောင့်
ရှောက်ပေးပါရန် ပန်ကြားခဲ့သည်။ စစ်
ဆေးရေးဂိတ်နားသို့ မော်တော်အရောက်
တွင် တာဝန်ကျ ရဲများသည် မော်တော်
ကို တစ်ချက်ကြည့်ပြီး ဆက်မောင်း
အချက်ပြလိုက်သည်။ ကံကောင်းသွား
လေပြီ။ ရွှေလှေရှင်ကြီးကပင် ကူညီ
စောင့်ရှောက်လိုက်ခြင်းပေလော။

ကျမ်းစာများတွင် ဒေဝတာ
နတ်များကို ပူဇော် ပ,သခြင်းဟု ဆို
သောကြောင့် ဘုရားရှင်လက်ထ
တော်ကပင် နတ်များအား ဗလိ
ကျွေးခြင်းများ ရှိခဲ့ကြောင်း သိရသည်
ပူဇော် ပ,သမှုအမျိုးမျိုးရှိခဲ့ပြီး အချို့

www.burmeseclassic.com

ားဖွယ် သောက်ဖွယ်များ၊ မုန့်၊ ာက်ဖက် စသည်ဖြင့် ပူဇော်ကြသည်။ ာသိုလ်ကောင်းမှု ပြုလုပ်သည့်အခါ ိုင်းတွင်လည်း နတ်များကို မေတ္တာပို့ အမျှပေးဝေကြရန် ဘုရားရှင်က မိန့်ဆို ဲကြောင်း သိရသည်။ ဤကဲ့သို့ ပူဇော် ွသ အမျှဝေသူများအားလည်း နတ် ားက စောင့်ရှောက်နိုင်သလောက် စောင့်ရှောက်ပေးကြမည်ဖြစ်သည်။

ရွာကြီးများတွင် ရွာတော်ရှင်၊ တောကြီးတောင်ကြီးများတွင် တောပိုင် ာင်ပိုင်ကြီးများ၊ ကွင်းများတွင် ကွင်း ိကြီးများ စသော အရှင်ကြီးများ၊ နတ် ကြီးများ ရှိကြသည်။ ထိုနတ်များကို ာစ်ရွာလုံးက ပူဇော်ပ,သကြ၊ အားကိုး ကြ ရှိကြသည်။ လူတွေ ကောင်းနေ သာအခါ ထိုနတ်ကြီးများက ဘီလူး ာရဲ့နှင့် အခြား ဘေးအန္တရာယ်အမျိုး ိုးမှ ကာကွယ်ပေးကြသော်လည်း ာတွေက မတရားလွန်လျှင်တော့ ာကွယ်မပေးဟု ယုံကြည်ကြသည်။

ဝေပုလ္လာရာမ ဆရာတော်ဘုရား ကြီးက တောစောင့်နတ်၊ တောင်စောင့် ာ်၊ ဂူစောင့်နတ်၊ ရုက္ခစိုးနတ်၊ ဘုမ္မစိုး ာ်နှင့် နတ်ရဲ သစ်ပင်ကြီးများတွင် ောင့်ကြပ်နေကြသော နတ်ရဲများ၊ အထင်ကရ သစ်ပင်ကြီးများတွင် နေ ာသော နတ်ဘီလူးများတို့သည် အလယ် အလတ်နတ်များ ဖြစ်ကြပြီး စိတ်မထင် ာက ဒေါသကြီးသည်။ ရှိနီလုပ်တတ် ာည်ဟု မိန့်ဆိုရေးသားခဲ့သည်။

◈◈◈

ဤအဆိုအမိန့် မှန်ကန်ကြောင်း ကို တာပွန်ချောင်းဘေး ရွာကလေး ာစ်ခုမှ "တဓောက်ကန်း ငသန်း"ဆိုသူ ၏ ဖြစ်ရပ်များက သက်သေပြခဲ့လေ ာည်။

"ဦးသန်း" ဆိုသူသည် လူရှုတ် တစ်ယောက်ဖြစ်ပြီး အရာရာတွင် အများနှင့် ဆန့်ကျင်ဘက် လုပ်လေ့ရှိ သည်။ ရွာမလေး ရပ်မလေ့ထုံးစံအရ ရေငန်ဝင်ရာအရပ်ဖြစ်သော ဤရွာ ကလေးမှ ရွာသူရွာသားများသည် ရေငန် ပိုင် စောင်းတော်ရှင် ဦးရှင်ကြီးကို ဝါဝင် ဝါထွက် အန္တရာယ်ကင်း ဆွမ်းတင်လေ့ ရှိသည်။

တစ်နေ့တွင် ဦးရှင်ကြီး ဆွမ်းတင် ရန် ပြင်ဆင်လုပ်ကိုင်နေသော တူတော် မောင်၏ နေအိမ်သို့ ဦးသန်း ရောက် လာသည်။ မိုက်ဆာနေ၍ ဆွမ်းတင်ရန် ပြုလုပ်ထားသော ကောက်ညှင်းပေါင်း ကို စားမည်ဟု ပြောသည်။ တူတော် မောင်က ခဏကြာ ဆွမ်းတင်ပြီးလျှင် စားရပါမည်ဟု ပြောသော်လည်း မရ။ ဇွတ်အတင်းနှိုက်စားသဖြင့် ပွဲပျက်ခဲ့ရ သည်။

တိုက်တိုက်ဆိုင်ဆိုင် နောက်နေ့ တွင် ဦးသန်း နွားလှဲညည်းပေါ်မှ ကျ၍ လက်ကျိုးသွားသည်။ ဦးရှင်ကြီးလုပ်တာ မဟုတ်ပါဘူး။ မတော်တဆ လိမ့်ကျ တာပါဟုပင် ပြောသေးသည်။ ထို့ ကြောင့်လည်း "ဦးသန်း"ဟူသောနာမည် ပျောက်ကာ တစ်ရွာလုံး ကလေးက အစ သူ့ကို "တဓောက်ကန်း ငသန်း" ဟု ခေါ်ဆိုခဲ့ကြသည်။

ဦးသန်း၏ မိသားစုများက ရိုးရာ နတ် တင်မြှောက်ရန် ပြောသောအခါ တွင်လည်း...

"မလိုပါဘူးကွာ။ ငါက အိမ်ဦး နတ်ပဲ။ မင်းတို့ တင်မြှောက်ချင်ရင် ငါ့ ကို တင်မြှောက်ကြ"

ဟု ပြောလေ့ရှိသဖြင့် ၎င်းတို့ အိမ်တွင် ရိုးရာနတ်များနှင့် အိမ်တွင်း နတ်အတွက် နေရာမရှိဖြစ်နေသည်။ ရွာဦး သောက်ရေကန်ဘောင်ပေါ်တွင် တည်ထားသော ရွာတော်ရှင် နတ်နန်း တွင် တစ်ခါတစ်ရံ အုန်း၊ ငှက်ပျောပွဲ များ တင်လှူလေ့ရှိသည်။ ထိုအခါမျိုး တွင် တဓောက်ကန်း ငသန်းက...

"ငါ ဗိုက်ဆာနေတာနဲ့ အတော် ပဲ"

ဟု ပြောကာ အုန်းသီးကို ယူ၍ ခွဲစားသည်။ ငှက်ပျောသီးမှည့်နေလျှင် စားပြီး မမှည့်လျှင် အိမ်သို့ ယူသွား တတ်သည်။

ထိုအချိန်က ထိုရွာကလေးတွင် ထင်းရှားလှသည်။ မီးသွေးကိုလည်း မသုံးနိုင်။ ထို့ကြောင့် ဈေးသက်သာ သော လွှစာမှုန့်များ ဝယ်ယူ၍ ထမင်း ဟင်းချက်ကြသည်။ ကုန်သည်များက လွှစာအိတ်များကို ပဲခူးဘက်သို့ သွား ရောက် ဝယ်ယူကြရသည်။ မော်တော် ဖြင့် သယ်ဆောင်လာသော လွှစာမှုန့် အိတ်များကို ရွာတွင် ပြန်လည်ရောင်းချ ကြသည်။ ရွာချောင်းနံဘေးသို့ လွှစာ မှုန့်သယ်လာသော မော်တော်ကပ်လျှင် အပြေးအလွှားဝယ်ယူကြရသည်။ ထင်း ရှားသော ရွာကလေးအတွက် လွှစာမှုန့် က အသုံးဝင်လှသည်။

ကျွန်ုပ်တို့၏ ဇာတ်လိုက်ကြီး တဓောက်ကန်း ငသန်း၏ သားဖြစ်သူ ကိုကျော်သည် မော်တော်ငယ်တစ်စီး ဖြင့် ထိုလုပ်ငန်းကို လုပ်ကိုင်နေသူဖြစ် သည်။ တစ်နေ့ ပဲခူးမှ လွှစာမှုန့်အိတ် များ ဝယ်ယူ သယ်ဆောင်လာသော သဘော်ဦးပိုင်းတွင် ဦးသန်း လိုက်ပါ လာသည်။

ရာသီဥတုက သာယာကောင်း နေသည်။ ညနေဘက် နေဝင် ဆည်း ဆာအလှက အလှပိုနေသည်။ ပဲခူးမြစ် ပြင်ရေပေါ်တွင် တိုက်ခတ်နေသော လေပြည်လေညင်းကလေးများကြောင့် ပေါ်နေသော လှိုင်းကြက်ခွပ်ကလေးများ ၏ အလှက ရှုမဝ။ မော်တော်စက်သံ

www.burmeseclassic.com

ကြောင့် ဖြစ်ပေါ်လာသော ရေလှိုင်းများ ကြားတွင် လှိုင်းကြက်ခွပ်ကလေးများ ပျောက်ကွယ်သွားသလို၊ မျောပါနေသော ဗေဒါပင်များကလည်း မြုပ်လိုက်ပေါ်လိုက်နှင့်။ ကောင်းကင်ပြာတွင် အုပ်စုလိုက် ပျံသန်းလာကြသော ဗျိုင်းအုပ်ကြီးကတော့ အစာဝ၍ ဌာနပြန်ကြပေတော့မည်။

နေဝင်ဆည်းဆာအလှကို တေးကဗျာဖွဲ့၍ ကြည်နူးနေသော ကိုကျော်သည် အတွေးနယ်ချဲ့နေရာမှ မော်တော်ရောက်နေသော နေရာကို သတိထားကြည့်မိသည်။ ရွှေလှေရှင်ကြီး စံမြန်းရာ နန်းဗိမာန်ကို မြင်နေရပြီ၊ ရပ်ခလေ့ ရှာခလေ့ မပစ်ပယ်ကောင်း၊ ရွှေလှေရှင်ကြီးကို ပူဇော် ပ,သရပေဦးမည်။

ကိုကျော်က အဆင်သင့် ပြင်ထားပြီးသော လက်ဖက်ပွဲတစ်ပွဲနှင့် သောက်တော်ရေခွက်ကို လက်တစ်ဖက်စီဖြင့် ကိုင်ကာ မော်တော်ဦးပိုင်းသို့ ထွက်လာခဲ့သည်။ ရွှေလှေရှင်ကြီးကို မော်တော်ဦးပိုင်းမှ တင်မြှောက် ပ,သ ပူဇော်ရန်ဖြစ်သည်။ ရွှေလှေရှင်ကြီးနတ်နန်းသို့ ရောက်လုနီးလေပြီ။ ထိုအခိုက် မော်တော်ဦးပိုင်းတွင် ရှိနေသော ဖခင်ကြီးထံမှ မထင်မှတ်သော ပြောဆိုသံကို ကြားလိုက်ရသည်။

"ဟေ့ကောင်…ဘာမဟုတ်တာတွေ လုပ်ဦးမလို့လဲ။ ကိုယ့်လုပ်အားနဲ့ ကိုယ် စီးပွားရှာစားတာ ဘယ်သူ့ကို တင်မြှောက်နေရမှာလဲ။ မလိုပါဘူးကွာ"

ဟု ပြောဆိုသံဖြစ်သည်။

"အဖေ…အသာနေပါ အဖေရာ။ သားလုပ်နေကျအလုပ် သားလုပ်ပါရစေ"

ဟု တောင်းပန်လိုက်သော်လည်း…

"လျှာမရှည်နဲ့။ မင်း သူ့ကို (ရွှေလှေရှင်ကြီး) ဘာမှ ပူဇော် ပ,သပြီး တင်မြှောက်နေစရာ မလိုဘူး။ ကျွေးစရာရှိရင် ဒီက မင်းအဖေကို ကျွေးရမှာ။ ပေးစမ်း၊ မင်းလက်ထဲက ပန်းကန်"

ဟု ဆိုကာ လက်ဖက်ပန်းကန်ကို လုယူ၍ နှိုက်စားလိုက်သည်။

ရေတွင် ရွှေလှေရှင်ကြီးနတ်နန်းကလည်း ထီးတည်းကြီးပေါ်လာနေပြီဖြစ်၏။ မော်တော်ကလည်း ပဲခူးမြစ်အတွင်းမှ ရွာချောင်းဖြစ်သော တာပွန်ချောင်းထဲသို့ ကွေ့ဝင်လိုက်သည်။ နေလုံးနီနီကြီးကလည်း ပျောက်ကွယ်သွားခဲ့ပြီ။ နွားရိုင်းသွင်းချိန်သို့ ရောက်နေပြီဖြစ်၏။ ငယ်စဉ် ကလေးဘဝက ဆိုခဲ့ကြသော "နွားရိုင်းသွင်းချိန် အပြင်မထွက်နဲ့။ ဖုတ်၊ သဘက်တွေ ခွဲတတ်တယ်"ဆိုသော ကဗျာလင်္ကာကို သတိရနေမိသည်။ ဖခင်၏ အပြောအဆိုအပြုအမူများကြောင့်လည်း စိတ်မသက်မသာဖြစ်မိသည်။ ဘာဖြစ်လာမလဲဟူသော စိုးရိမ်ပူပန်စိတ်များက ရင်ထဲတွင် အပြည့်။ တစ်ခုခုတော့ ဖြစ်တော့မည်ဟု ထင်နေသည်။

"ဆရာ…ဆရာ… လုပ်ပါဦးဆရာ"

ဟု မော်တော်သားတစ်ယောက်၏ အော်သံကြောင့် အတွေးပြတ်သွားပြီး လှည့်ကြည့်မိသည်။

လား…လား…ရွာသို့ ပြန်ရန် ပဲခူးမြစ်ထဲမှ တာပွန်ချောင်းထဲသို့ ကွေ့ဝင်ခဲ့သော မော်တော်သည် ရွာသို့ မပြန်ချင်သည့်အလား၊ မော်တော်ဦးကို မြစ်ဘက်သို့ ထူးခြားစွာ ပြန်လှည့်စေခဲ့သည်။ ထို့ကြောင့် မော်တော်မှာ မြစ်ထဲသို့ ပြန်ရောက်သွားသည်။

"ပဲ့ကိုင်တဲ့ ကောင်၊ ဘာလုပ်နေတာလဲ။ ပြန်လှည့်ဝင်စမ်း"

ဟု ကိုကျော်က အော်ဟစ်ပြောဆိုလိုက်သည်။

ထိုအခါ မော်တော်လေးကို မြ… ဘက် တာပွန်ချောင်းအတွင်းသို့ ကွေ… ဝင်ပြန်စေသည်။ ထိုအခါတွင်လည်… မော်တော်သည် ဦးလှည့်သွားပြီး ရွာ… အဝင်ချောင်းဖြစ်သော တာပွန်ချောင်… ဘက်သို့ လှည့်၍ မရဘဲဖြစ်နေသည်… အကြိမ်ကြိမ်ကြိုးစားကြသော်လည်… မော်တော်ငယ်သည် ချောင်းထဲသို့ မဝ… လိုသော သက်ရှိ သတ္တဝါအလား မြ… ဘက်ကိုသာ ဦးတည်၍နေသည်။ တ… ပွန်ချောင်းဘက်ကို ဘေးလှည့်မကြ… လိုသကဲ့သို့ ရှိသည်။ မိုးကြီးချုပ်တော… မည်။ နောက်ဆုံးတွင် မတတ်သာသည… အဆုံး တာပွန်ချောင်းထဲသို့ မော်တော်… ကို ဖင်ဖြင့် နောက်ပြန် မောင်းဝင်ခဲ… သည်။

မော်တော်ကိစ္စကြောင့် ပတ်ဝ… ကျင်ကို သတိမထားမိခဲ့သော ကိုကျော်… သည် ယခုမှ ဖခင်ရှိရာဘက်သို့ … ကြည့်မိသည်။ ဖခင်ဖြစ်သူ ဦးသန်း… မော်တော်ဦးပိုင်းတွင် လဲကျနေသည… ဝက်ရူးပြန်သလို တွန့်လိမ်ခွေခေါက်… နေသည်။ အကြောများကလည်း … နေသေးသည်။ ပါးစပ်ထဲမှလည်း သ… ၍ မနိုင်အောင် သွားရည်များက ထွ… ကျနေနေသည်။ နှာခေါင်းဝမှာတော… သွေးစအနည်းငယ်နှင့် မျက်လုံးများ… ပြူးထွက်နေပြီး စကားမေးပင် … တော့။ မော်တော်ကလည်း နောက်… မောင်းရင်း ရွှေလှေရှင်ကြီးနန်းကို … လာလေပြီ။ ထိုအချိန်တွင် တွန့်လိ… ကောက်ကွေး ရုန်းကန်နေသော ဦးသ… သည် ငြိမ်သက်သွား၏။ လှေသား… ပါ ရောက်ရှိလာပြီး ရင်ဘတ်ကို … ကြည့်ရာ အသက်မရှူတော့… တစောက်ကန်း သေန်းဖြစ်ယော… သေရွာသို့ မြန်းရလေပြီ။ မော်တော်…

www.burmeseclassic.com

ေလးသည် ေနာက်ပြန်မောင်းရင်း ာသို့ ရောက်ခဲ့ရသည်။

ထိုအကြောင်းကို ကြားသိကြရသော ရွာသူ ရွာသားများထံမှ အသံ ...မျိုးမျိုးထွက်လာသည်။

"တဘောက်ကန်း သေန်းကတော့ သေတာပဲ ကောင်းပါတယ်။ ဘယ်သူ့မျှ မိမိမှုပဲ"

ဟု ပြောသူများ ရှိသလို . . .

"ဒီလိုကောင်မျိုး သေတာတောင် နောက်ကျသေး"

ဟု ပြောသူများလည်း ရှိကြသည်။ တချို့ကတော့ . . .

"မကိုးကွယ်၊ မပူဇော်ချင်ရင် မပူ ဆဲနဲ့ ဘာမှမဖြစ်ဘူး။ စော်ကားမော်ကား တော့ သွားမပြောကြနဲ့"

ဟု သတိပေးသူများကလည်း ပြောကြသည်။

◈◈◈

ကြာတော့ ကြာခဲ့လေပြီ။ ထိုဖြစ်ရပ်သည် ဖြစ်ရပ်မှန်တစ်ခုဖြစ်ပြီး အများသူငါအတွက် သတိပေးသလိုဖြစ်သည်။ တောများ၊ တောင်များ၊ ကွင်းများတွင် စည်းကမ်းများ ရှိကြသည်။ စည်းကမ်းမရှိသည်မှာ လူများပင် ဖြစ်ကြသည်။ မပြောခဲ့အပ်သည်များကို ပြောဆို၊ မလုပ်သင့်သည်များကို ပြုလုပ်ကြသောကြောင့် ဒုက္ခနှင့် ကြုံတွေ့ကြရသည်။

မည်သို့ပင်ဖြစ်စေ၊ လူအချင်းချင်း မေတ္တာထားကြသလို၊ ရောက်ရှိရာ အရပ်ရှိ နတ်များအားလည်း ပူဇော်ပ,သ မေတ္တာပို့ကြလျှင် နတ်များကလည်း စောင့်ရှောက်နိုင်သလောက် စောင့်ရှောက်ကြမည်သာ ဖြစ်ပေသည်■

ကျန်းမာ ချမ်းသာကြပါစေ

* * *

လှစံ(ပညာရေး)

မှီငြမ်း

- လူပုဂ္ဂိုလ်များနှင့် ဒုလ္လဘ ရဟန်းများ၊ သာမဏေများ သိမှတ်ဖွယ်ရာ အဖြာဖြာ။
- ဝိဇ္ဇာမယပညာမှတ်စုကျမ်း (ဘဒ္ဒန္တ ဝေပုလ္လ)။



## ဝမ်းနည်းမှတ်တမ်း

သမိုင်းသုတေသီ၊ စာရေးဆရာ တင်နိုင်တိုးသည် နလုံးသွေးကြောကျဉ်းရောဂါဖြင့် စက်တင်ဘာလ ၁၂ ရက်နေ့တွင် ကွယ်လွန်သွားခဲ့ပါသည်။

ဆရာတင်နိုင်တိုးအား အဖ ဦးညွန့်ထွန်း၊ အမိ ဒေါ်တင်တင်တို့မှ နတ်မောက်မြို့နယ်၊ ဒိုးသည်ကုန်းမြို့၌ ၁၉၆၃ ခုနှစ်တွင်မွေးဖွားခဲ့ပါသည်။

ဆရာတင်နိုင်တိုးသည် တင်နိုင်တိုး၊ ကိုတိုးတိုး(စီမံကိန်း) ကလောင်အမည်များဖြင့် စာပေများကို ရေးသားခဲ့သူ ဖြစ်ပါသည်။

ဆရာတင်နိုင်တိုးမှာ ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်းတွင် ပင်တိုင်ရေးသားနေသော ကလောင်ရှင်တစ်ဦးဖြစ်ပြီး ဆရာ ကွယ်လွန်ခဲ့ခြင်းအတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်း



www.burmeseclassic.com

www.burmeseclassic.com



# ကျိုက်တမော်မြို့တော်အနီးမှ ဇေယျသုခကျောင်းတော်ကြီး

မင်းမဟာ (ကျောင်းကုန်း)

"ကျိုက်တမော်" ဆိုသည်မှာ မွန်တို့ဌာနေ ပုသိမ် မဏ္ဍလတိုင်း၊ ပုသိမ် (၃၂)မြို့တွင် တစ်မြို့ပါဝင်ခဲ့သော ပန်းတောရွာ၊ ကျိုက်တမော်မှ ရေကြည်သို့ ကာလရွေ့လျော ကာ ပြောင်းလဲလာခြင်း ဖြစ်ပါသည်။ ရှေးယခင်က ပုသိမ် မြို့စား သမုဒ္ဒယောသနှင့် ဥမ္မာဒန္တီမင်းသမီးတို့ ကောင်းမှု ကြောင့် နန်းစိုက်ခဲ့သော ကျိုက်တမော်မြို့ ဖြစ်ခဲ့၏။ မြန်မာ ပြည်သာမက ကမ္ဘာ့နိုင်ငံများအသီးသီးသို့ တင်ပို့ခဲ့ရသော လက်မှုပညာ ကြိမ်ထည်ပစ္စည်းများ ပြုလုပ်ဖန်တီးရာ မြို့ ဖြစ်ပါသည်။

သရက်ပင်လှရွာသည်လည်း ကြိမ်လုပ်ငန်းနှင့် လယ် လုပ်ငန်းကို အဓိကထား လုပ်ကိုင်သည်။ သရက်ပင်လှရွာ သည် ရေကြည်မြို့၏ အရှေ့ဘက် ၃မိုင်ခန့်ကွာဝေးပြီး ရေကြည်မြို့မှ သွားမည်ဆိုပါက ရေကြည်ဘူတာအနီး ရထား လမ်းကျော်၍ ဆရာစံရပ်ကွက်၊ သက်န်းဒေါင့်ရွာကို ဖြတ် ကျော်ပြီးနောက် ကွင်းပြင်တန်းနှင့် ရွာအဝင် အလွှန်လ... သော ပန်းချီကားတစ်ချပ်ပမာ ကြည့်ကောင်းပေသည်။ ရွ... သဖွယ် ဆီးကြိုနေသော ရွာကလေးပင် ဖြစ်ပါသည်။ ရွ... အဝင်တွင် မူလတန်းကျောင်းနှင့် ရေချမ်းစင်ကလေးကလည်... မြင်ရသူအဖို့ ရင်ထဲ အေးမြစေပါသည်။ မြန်မာ့ရိုးရာယဉ်ကျေ... မှုတစ်ရပ် ဖော်ကျူးပြသထားပါသည်။

သရက်ပင်လှရွာသို့ ရောက်ခဲ့ရခြင်းမှာ ဆရာတေ... ဒေါက်တာ နန္ဒသီရိနှင့်အတူ ဆရာ မောင်တည်အေး၊ ကာ... ဆရာ အာနိတို့နှင့်အတူ သရက်ပင်လှရွာ ဇေယျသုခကျော... သို့ သွားခဲ့ခြင်းဖြစ်ပါသည်။ ဇေယျသုခကျောင်းတိုက်တော... ကြီး မုခ်ဦးကြီးမှ ဝင်လျှင် နတ်လမ်း၊ ထိုမှ ကျောင်းတိ... ကြီး၊ ဆွမ်းစားကျောင်း၊ ဓမ္မာရုံတော်ကြီး ဒိစိတြ... မဟာသိမ်တော်ကြီးနှင့် ဇေယျသုခသဗ္ဗသိဒ္ဓိစေတီတော်ကြီ... ကို ဖူးမြော်ရပါမည်။ ကျောင်းထိုင် ပဓာန နာယက ဆ...

www.burmeseclassic.com

တော် ဘဒ္ဒန္တဝိစိတ္တသာရအား ဖူးတွေ့ခဲ့ရပါသည်။

"အရှင်ဘုရား… အခု ဧေယျာသုခကျောင်းတိုက်တော်ကြီး စတင်တည်တဲ့ ခုနှစ်နဲ့ ဆရာတော်ကြီးအဆက်ဆက် အကြောင်းကို မိန့်ကြားတော်မူပါ"

"ဒီကျောင်းတိုက်ကြီးရဲ့ ပထမ ဆရာတော်ကြီးက ဦးသုဓဿနတဲ့။ ဒုတိယ ဆရာတော်က ဦးတိဿ၊ တတိယ ဆရာတော်က ဦးဝိမလပါ။ ကျုပ်က ၁၃၄၁ ခုနှစ်က စလို့ ဒီကျောင်းရဲ့ ပဓာန နာယကအဖြစ် ထမ်းဆောင်တာပါ။ ယခင်တုန်းက ခြေတံရှည် သစ်သားကျောင်းကြီး သုံးဆောင် ရှိပါ။ ဖျက်ပြီးတော့ ပြန်လည်ပြီး ၁၃၅၀ ခုနှစ်မှာ ယခုအတိုင်း ထိုက်ပြန်ဆောက်တာပါ။ နောက် ၁၃၅၀ မှာပဲ ဆွမ်းစားကျောင်း။ ၁၃၆၀ ခုနှစ်ကျတော့ ဘုရားတန်ဆောင်းဆောက်ပါတယ်"

"စေတီတော်ကြီးက ဘယ်ခုနှစ်က တည်ထားပါသလဲ ဘုရား"

"မှန်တယ်ကွဲ့။ စေတီတော်က ယခင် စေတီဟောင်းရှိပါတယ်။ ဘယ်တုန်းက တည်တယ်လို့တော့ မသိပါဘူး။ ရှေးခေတ် အုတ်ကြမ်းကြီးများနဲ့ ဟိုးယခင်က ရေဆင်းတံတား နဲ့ အုတ်တံတိုင်းရှိပါတယ်။ နှစ်ကြာလာတော့ ပျက်စီး ယိုယွင်းလာတယ်။ ဥမ္မာဒန္တီမင်းသမီး တည်ထားကိုးကွယ်တဲ့ စေတီလို့ အဆိုရှိတယ်။ ရွှေကြည်မြို့အနီးအနားက ဘုရား





စေတီတွေဟာ ဥမ္မာဒန္တီမိဖုရား တည်ထားကိုးကွယ်တာ များတယ်။ စေတီဟောင်းကို ဒီရွာသား ဦးဖိုးသာကြီးရဲ့ မိဘတွေက မွမ်းမံတည်ထားတယ်လို့ ကြားခဲ့တယ်။ ဘုန်းကြီးလည်း ဒီစေတီကို ပြုပြင်ဖို့ အိပ်မက်အကြိမ်ကြိမ်မက်တယ်။ ဦးစန်းဒွေး + ဒေါ်မော်မော်သန်းနဲ့ ဦးဝင်းငွေး + မလဲ့လဲ့ဝင်း မိသားစုတွေက ၁၃၆၇ ခုနှစ်မှာ ပြန်လည်မွမ်းမံတည်ထားခဲ့တာ ဖြစ်တယ်"

"ဗုဒ္ဓပူဇနီယပွဲတော်ကို ဘယ်အချိန်မှာ ကျင်းပပါသလဲ ဘုရား"

"စေတီရဲ့ ဥာဏ်တော်အမြင့်က ဖိနပ်တော်ကနေ ထီးတော်အထိ ၂၇ တောင်။ ကိုးနှစ်ခန့်ကြာတာပေါ့။ တပေါင်းလပြည့်နေ့မှာ ပဌာန်းရွတ်ပူဇော်ပွဲ၊ သီတင်းကျွတ်မှာ ဆီမီးထွန်းပွဲ၊ တန်ဆောင်မုန်းလပြည့်မှာ ဆီမီးတစ်ထောင်၊ ပန်းတစ်ထောင် ပူဇော်ပွဲနဲ့အတူ ညဘက်ရောက်ရင်တော့ မြန်မာ့ရိုးရာ မီးပုံးလွှတ်ပြိုင်ပွဲတွေ ကျင်းပပါတယ်"

"အခုမြင်ရတဲ့ သိမ်တော်ကြီးကို ဘယ်ခုနှစ်မှာ တည်ခဲ့ပါသလဲ ဘုရား"

"ဝိစိတ္တသာရ သိမ်တော်ကြီးလို့ခေါ်ပြီး ၁၃၆၇ခုနှစ်မှာ အသစ်ပြန်လည်တည်ဆောက်ခဲ့တယ်။ အခုဆောက်နေ ဘုရားတန်ဆောင်းကတော့ မန္တလေးကနေ စကျင်ရုပ်ပွား တော်တစ်ဆူ ပင့်လာတယ်။ ပဥ္စဝဂ္ဂီငါးဦးနဲ့ မြတ်စွာ...



www.burmeseclassic.com

www.burmeseclassic.com

မွေစကြာပဟောတော်မူခန်းအတွက် တန်ဆောင်းကို ဆောက်နေတာ။ ရှေးခေတ် လက်ရာဟောင်းတွေအနေနဲ့ကတော့ ရုပ်ပွားတော်တွေရယ်၊ ဇီရိုကြီးတွေရယ်၊ နောက်ပြီးတော့ ကွမ်းတောင် ပန်းတောင်တွေပဲ ကျန်တော့တယ်"

"ဆရာတော်···ဘူမိရတွေကော စောင့်ရှောက်တော်မူပါသလား ဘုရား"

"မြတ်စွာဘုရားဟောတဲ့ ၃၁ ဘုံဆိုတော့ ဝေမာနိကဆိုတာ ရှိတယ်။ သစ္စာမရှိ သမာဓိမတည်ရင် သူတို့တွေ မစောင့်ရှောက်ပါဘူး။ ကျုပ်တို့ကျောင်းက ဦးဇင်းကြီး အိပ်မက်မက်တာကတော့ ဖိုးသူတော်တစ်ပါးနဲ့ မင်းသမီးလို ဝတ်စားထားတဲ့ ပုဂ္ဂိုလ်လေးဦး ဟိုးနတ်စင်ဂူဘက်ကနေ ဒီကျောင်းတိုက်ကို အမြဲလာကြကြောင်း ပြောတယ်။ ပရိယတ္တိစာသင်တိုက်ဖွင့်ချင်ပေမယ့် လမ်းပန်းဆက်သွယ်ရေးခက်လို့ မဖွင့်နိုင်သေးဘူး။ ကျုပ်တို့ကျောင်းက ကိုရင် ၁၂ပါးနဲ့ ရဟန်း ၄ပါးကို မြို့က တိုက်အသီးသီးမှာ စာသင်ဖို့အတွက် ပို့ထားပေးရတယ်"

"အရှင်ဘုရား···ဗုဒ္ဓဂယာဘုရားဖူးကြွပါသေးလား"

"လွန်ခဲ့တဲ့ ရက် ၂၀ က ကျုပ် အိန္ဒိယနိုင်ငံကို ဗုဒ္ဓဂယာဘုရားဖူးခရီး ကြွရောက်ခဲ့ပါတယ်"

"အရှင်ဘုရားရဲ့ ဘဝဖြစ်စဉ် ထေရုပ္ပတ္တိကို မိန့်ပါဦးဘုရား"

"ကျုပ်က သရက်ပင်လု ဇာတိဖွား။ ဖခမည်းတော် ဦးစံမြိုင်၊ မယ်တော် ဒေါ်တင်မြတို့မှ မွေးချင်း ၆ယောက်အနက် အငယ်ဆုံးသားဖြစ်တယ်။ ၁၃၁၉ ခုနှစ်၊ တပေါင်းလမွေး ဗုဒ္ဓဟူးသားဖြစ်တယ်။ ၁၀နှစ်သားမှာ မိဘများရဲ့ ပဋ္ဌယာနုဂ္ဂဟခံယူပြီး ဆရာတော်ကြီး ဦးတိဿကို ဥပဇ္ဈာယ်ပြုပြီး သာမဏေဘောင်ဝင်ခဲ့ပါတယ်။ အသက် ၂၀မှာ ရဟန်းဘောင်တက်ပြီး သရက်ပင်လု ခဏ္ဍာသိမ်တော်ရှိ ဆရာတော် ဦးဝိမလထံမှာ ဥပဇ္ဈာယ်ပြုခဲ့ပါတယ်။ ပထမ ရန်ကုန်မှာ စာတင်၊ ဒုတိယ ပခုက္ကူ အလယ်တိုက်ကြီးမှာ သင်ပြီး စစ်ကိုင်း နန်းဦးတိုက်သစ်ဆရာတော် ဦးဝိစာရထံမှာ အကြီးတန်းအထိ ပညာသင်ကြားခဲ့တယ်။ နောက်တော့ ၁၃၄၁ ခုနှစ်မှာ အခု ဧယျာသုခကျောင်းတိုက်ရဲ့ ပဓာနနာယက ဆရာတော်အဖြစ် ခန့်အပ် တာဝန်ပေးတယ်။ အခုဆိုရင် သက်တော် ၆၆နှစ်ရှိပါပြီ။ သာသနာ့တာဝန်တွေကို ပေးအပ်သမျှ ဆောင်ရွက်နေပါတယ်။ ကျေးရွာအုပ်စု သံဃနာယက ဥက္ကဋ္ဌတာဝန်လည်း ဆောင်ရွက်ပါတယ်"

"အရှင်ဘုရားရဲ့ ရှေး သာသနာပြုမယ့် လုပ်ငန်းစဉ်များ



ကို သိပါရစေ ဘုရား"

"ရှေး သာသနာပြု လုပ်ငန်းတွေကတော့ ကျုပ် စာသင်တိုက်တည်ထောင်ဖို့၊ တပည့်တွေ စာပေပရိယတ္တိ တတ်မြောက်ဖို့၊ လက်ရှိ နဂါးရုံဘုရားနဲ့ ပဋ္ဌဝဂ္ဂီငါးပါး ဓမ္မ စကြာတရားဦးဟောခန်းဆောက်ဖို့တွေ ရှိတယ်။ နောက်ပြီး ကျုပ်တို့ရွာက တပည့်တွေ အသိအမြင်ကြွယ်ဝဖို့အတွက် စာကြည့်တိုက်လည်း ဖွင့်ပါဦးမယ်။ ဒါတွေဟာ ကျုပ်ရဲ့ လုပ်ငန်းစဉ်တွေပါပဲ"

"မှန်ပါ ဘုရား။ ယခုလို မိန့်ကြားတဲ့အတွက် ဆရာ တော်ဘုရားကို ကျေးဇူးတင်ပါတယ် ဘုရား"

"ဘုန်းကြီးကလည်း ကျေးဇူးတင်ပါတယ်ကွယ်"

"မှန်ပါ ဘုရား"

"ကဲ···ဒကာတို့၊ ဘုန်းကြီး ရေကြည်မှာ ပရိတ်ရွတ် ပေးဖို့ ပင့်ထားလို့ သွားဦးမယ်။ ရောက်တဲ့အခါ လာကြ အမြဲတမ်း ကြိုဆိုနေပါတယ်"

"မှန်ပါ့ ဘုရား"

◈◈◈

သရက်ပင်လုရွာကလေး ရွာလယ်လမ်းအတိုင်း ပြ လာစဉ် ဒီရွာလေး၏ လိုအပ်ချက်က လျှပ်စစ်မီးဖြစ်သည် ဖွံ့ဖြိုးတိုးတက်စ ရွာလေးကို စည်ကားစေချင်၏။ တိုးတ မြင့်မားစေလို၏။ ရွာအထွက် တိုက်ကျောင်းသစ်ကို မ မြန်မာက လှူထားသည်ဟု သိရသည်။ ဒီလို စေတနာ မြတ်တဲ့ အလှူရှင်တွေ၊ လုပ်ငန်းရှင်တွေ များပြားလာပါ ဟုသာ ဆုတောင်းနေမိတော့သည်။

ဗုဒ္ဓသာသန် စိရံ တိဋ္ဌ

* * *

မင်းမဟာ(ကျောင်းကု




www.burmeseclassic.com

www.burmeseclassic.com



ပုဓရာဟိတ်လက္ခဏာဆရာကြီး ဆရာစန္ဒြ၏သား

# ဆရာဒေဝ A.G.T.I (Civil)




လက္ခဏာနှင့် နက္ခတ်ဗေဒင်ပညာရှင်


အမှတ် ၇၅၊ ဓမ္မစေတီလမ်း(တော်လှန်ရေးပန်းခြံရှေ့) *Sweet Centre* နှင့် ကပ်လျက်

မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း -၅၀၅၁၇၁၊

**E.mail; sayadeva@myanmar.com.mm, Internet- http://www.sayadeva.com**


## ဟောစာတမ်းအရထီထိုး ၂၄၈ သိန်းဆုနှင့်တိုး

ဆရာရှင့်                                                                 ၃-၁-၂၀၀၁

လွန်ခဲ့သောနှစ်(၂၀)ကျော်က ဆရာဒေဝထံတွင် ဟောစာတမ်းမေးခဲ့ရာ အသက်(၄၁)နှစ်တွင် ထီဆုကြီးပေါက်မည်။ ငွေတစ်လုံးတစ်ခဲဝင်မည်ဟု ဟောကြားခဲ့ပါသည်။

ယခုအသက်(၄၁)နှစ်တွင် (၁၄၃)ကြိမ်မြောက် အောင်ဘာလေထီ ဖွင့်ပွဲတွင် ဘီကော်လေးထီဆိုင်မှ (၃၄၈)သိန်း (၃၄)မွှာ မင်္ဂလာစုံတွဲဆုကို ပေါက်ခဲ့ပါသည်။ ဤသို့ ဆရာဟောစာတမ်းသည် မှန်ကန်မှုရှိပါသည်။ ကျေးဇူးတင်ပါသည်။

(မြတ်မြတ်စိုး(ခ) မြမြစိုး)

အမှတ်(၃)၊ အနော်မာလမ်း၊ (၂၀)အနောက် ၂-ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။

## ဟောစာတမ်းအရထီထိုး ၃၂ သိန်းဆုနှင့်တိုး

ဆရာရှင့်                                                                 ၂၁-၁၀-၉၃

ကျွန်မသည် (၉၂)ခု (၅)လပိုင်းတွင် ဟောစာတမ်းမေးခဲ့ရာ ထီပေါက်ကိန်းရှိသည်ဟု လအပိုင်းအခြားများဖြင့် ဟောကြားခဲ့ရာတွင် ထောင်ဆု၊ သောင်းဆု (၆)ကြိမ်၊ (၇)ကြိမ် ပေါက်ခဲ့ပြီး ဆရာသတ်မှတ်ဟောကြားပေးခဲ့သော (၁၉၉၃)ခု မေလ(၂၈)ရက်မှ ဩဂုတ်လ (၅)ရက်အတွင်း (၅၃)ကြိမ်မြောက်တွင် (စ-၇၅၆၃၄၅)နံပါတ်ဖြင့် မင်္ဂလာစုံတွဲ (၃၂)သိန်းဆုကြီး ပေါက်ခဲ့ပါသည်။

ဤသို့ ဆရာ့ဟောစာတမ်းက အတိအကျမှန်ကန်ပါသည်။

ဒေါ်စင်လှ

အောင်ချမ်းသာဆန်စက်၊ လမ်းချိုးရပ်၊ ဥက္ကံမြို့၊ ရန်ကုန်တိုင်း

www.burmeseclassic.com

www.burmeseclassic.com




ကျွန်တော် ရှာဖွေနေခဲ့သည်က စိန်တစ်ပွင့်ကို ဖြစ်သည်။ ကျွန်တော် တွေ့ရှိခဲ့သော အရာကား စိန်တစ်ပွင့်ထက် ထူးခြားဆန်းပြားခဲ့ပေသည်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်ဘဝတစ်လျှောက်လုံး ...မလပ် ကြုံတွေ့လေ့ရှိသော ကိစ္စ ... သိပ္ပံနည်းပညာဖြင့်ပင် ရှာမရသော ... များပြားလှသော ဤလောကတွင် ...ကို မည်မျှ ယုံကိုးရနိုင်ပါသည်ဟု ...ခြေအတင် ဆွေးနွေးသုံးသပ်ချက်များ ...ဖြစ်သည်။ ကျွန်တော့်မိတ်ဆွေ ...တော် များများက သဘာဝလွန် ...စ်ရပ်တို့ကို ယုံကြည်ကြသည်။ ...နော့်ဇနီးသည် အယ်လင်နှင့် ...သျှင် ယူအက်ဖ်အိုများမှ ဂါထာ၊ ...န်တို့ဖြင့် ဦးဖွခံ ကုသမှုများ ...ကြောင်း အခြေအတင် ဆွေးနွေး ...လေ့ရှိသည်။ ကျွန်တော်ကမူ သူတို့ ...ကြည်သမျှကို စိတ်ကူးယဉ် ဇာချဲ့ ...န်းချက်များဟု ထင်မြင်ယူဆသည်။ ...နော့်ဇနီး အယ်လင်ကမူ သူတို့ ...ကြည်သမျှကို အင်မတန် စိတ်ဝင် ...ရာကောင်းသော သဘာဝလွန် ...စ်ရပ်ဆန်းများဟု ယူမှတ်သည်။

ဆရာဝန်တစ်ဦး၏ သားဖြစ်သည် ...င့်အညီ ကျွန်တော်သည် သိပ္ပံပညာ ...ကို တန်ဖိုးထားသလို၊ ယင်း၏ စေ့စေ့ ...ပေါက်ပေါက် မှတ်ကျောက်တင်သည့် ...နည်းလမ်းများကို အလေးထားသည်။ ...သို့ကြောင့် ယေဘုယျ ပြောရလျှင် ...ဖြစ်ရပ်တစ်ခုကို တိုင်းတာ တွက်ချက် ...၍ မရလျှင်၊ အတိအကျ ထပ်ကျော့ ...ဆောင်ရွက်မှု မပြုနိုင်လျှင် ထိုဖြစ်ရပ် ...ကို ကျွန်တော် ယုံကြည်ခြင်း မရှိတော့ ...ချေ။ အယ်လင်ကမူ ဤ မဟာစကြ ...ဝဠာလောကကြီးထဲတွင် သဘာဝ ...ကျကျ ရှင်းလင်း၍မရသော ဖြစ်ရပ်မျိုး ...စုံ ယခင်ကလည်း ဖြစ်ခဲ့သည်။ ယခု ...လည်း ဖြစ်နေသည်။ နောင်လည်း ဖြစ် ...ပေဦးမည်ဟု သတ်မှတ်ယုံကြည်သည်။

ဖြစ်ချင်တော့ အင်မတန် ထူးခြားသော ဖြစ်စဉ်တစ်ရပ်က ကျွန်တော်တို့၏ ပုံမှန် ဆိုဆိုပြောပြော အခြေအတင် ငြင်းခုန်ပွဲလေးကို အလေးအနက်ကိစ္စ တစ်ရပ်ဖြစ်သွားစေခဲ့သည်ဟု ဆိုရမည်။ ထိုကာလတွင် ကျွန်တော်တို့သည် နယူးယောက်မြို့တွင် နေထိုင်နေခဲ့ကြသည်။

တစ်မနက်တွင် အယ်လင်၏ မိခင် အဲလစ်စဘက်က သူမ နေထိုင်ရာ ဝါရှင်တန်ပြည်နယ်မှနေ၍ ကျွန်တော်တို့ထံ ဖုန်းလှမ်းဆက်ခဲ့သည်။ ကျွန်တော့်ဇနီးသည်က စကားပြောခွက်ထဲ "ဟဲလို···မေမေ"ဟု ရွှင်ပျစွာ နှုတ်တုံ့ပြန်ပြီးနောက် ထူးထူးခြားခြား ငြိမ်သက်သွားပြီး ဂရုတစိုက် နားစိုက်ထောင်ခဲ့သည်ကို ကျွန်တော်က သတိပြုမိလိုက်သည်။ ကျွန်တော့်ဇနီးသည်၏ မျက်နှာပေါ်တွင် စိုးရိမ်ကြောင့်ကြရိပ်များ ယှက်ဖြာသွားသည်ကို ကျွန်တော် မြင်လိုက်ရသည်။ တစ်ဖက်မှ ဖုန်းဆက်နေသော သူမ၏ မိခင် တစ်စုံတစ်ရာကြောင့် စိတ်အနှောင့်အယှက်ဖြစ်နေသည်ဟု ကျွန်တော် ရိပ်ကဲဖမ်းနိုင်ခဲ့သည်။

ထို့နောက်တွင် အယ်လင်က စကားပြောခွက်ကို လက်နှင့် အုပ်ပြီးနောက် ကျွန်တော့်ကို လှမ်းပြောလိုက်သည်။

"မေမေ့လက်စွပ်က စိန်ပွင့်လေး ပျောက်သွားလို့တဲ့။ စေ့စပ်လက်စွပ်က စိန်ပွင့်။ မိတ်ဆွေတစ်ယောက်ဆီ အလည်အပတ်သွားတုန်း ပျောက်သွားတာတဲ့။ လမ်းခရီးတစ်နေရာမှာ ပျောက်တာတဲ့"

ထို့နောက် သူမက စကားပြောခွက်ထဲသို့ ဆက်လက်ပြောဆိုသည်။

"အို···မေမေရယ်၊ သမီး စိတ်မကောင်းလိုက်တာ။ အဲဒီလက်စွပ်ကို မေမေ ဘယ်လောက် တန်ဖိုးထားတယ်ဆိုတာ သမီးသိပါတယ်"

ကျွန်တော်က အမှတ်တမဲ့ ပြောလိုက်မိသည်။

"မင်းမေမေကို စိတ်မပူနဲ့လို့ ပြောလိုက်။ အဲဒီ စိန်ပွင့်လေး မပျောက်ပါဘူးလို့။ သူမောင်းတဲ့ ကားထဲမှာ ရှိတယ်လို့။ ရှေ့ထိုင်ခုံအောက်မှာ"

အယ်လင်းက ကျွန်တော့်ကို မျက်လုံးပြူးပြူးဖြင့် တအံ့တသြကြည့်လိုက်သည်။ သို့သော်လည်း ကျွန်တော် ပြောလိုက်သည့် စကားကို တစ်ဆင့်ပါးလိုက်သည်။ သူမ၏ မိခင်သည် ချက်ချင်းပင် သူမ၏ စိန်ပွင့်လေးကို သွားရှာသည်။ မိနစ်အနည်းငယ်အကြာတွင် သူမ၏ မိခင်က ဖုန်းပြန်ဆက်သည်။ ကားထဲ ဘယ်နေရာမှ မတွေ့ပါကြောင်း ပြောလေသည်။

"အဲဒီမှာ ရှိပါတယ်"

ကျွန်တော်က ပြောလိုက်သည်။

အယ်လင်းက စကားပြောခွက်ကို ချလိုက်ပြီးနောက် ကျွန်တော့်ကို လှည့်၍မေးတော့သည်။

"နေပါဦး။ ရှင် ဘာတွေ ပြောနေတာလဲ"

အမှန်အတိုင်းပြောရလျှင် ကျွန်တော်ကိုယ်တိုင် ကျွန်တော် ဘာတွေ ပြောနေမှန်း တပ်အပ်သေချာ နားမလည်ခဲ့ချေ။ ထို့ကြောင့် ကျွန်တော် ပခုံးတစ်ချက်တွန့်ပြီး ပြောလိုက်သည်။

"အဲဒီ စိန်ပွင့် ဘယ်ရောက်သွားမှန်း သိသလိုလိုရှိလို့သာ ပြောလိုက်တာပါ။ အင်း··· မင်းပြောသလို လောကရဲ့ သိရခက်တဲ့ အကြောင်းတစ်ခုခုကများ ငါ့ကို ထ,ပြောနေစေလား မသိဘူး"

"ရှင့်လိုလူရဲ့ ပါးစပ်က ပြောမယ်တဲ့လား"

သူမက ဆိုရှုတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

နောက်တွင်မှ ကျွန်တော် ရောင့် နုတ်
ပိတ်နေလိုက်လျှင် ကောင်းပေသားဟု
စိတ်ကူးဝင်မိစေသည်။ အခုတော့ သူမ
၏ အရူးကြည့် အကြည့်မျိုးဖြင့် ကြည့်
လိုက်သည်ကို ခံလိုက်ရသည်။

◈◈◈

ထိုဖြစ်ရပ်ကြုံပြီးနောက် ၂နှစ်
ကာလပင် ကြာမြင့်သွားခဲ့သည်။ မြို့
ပြမှာ ပူပူ ဆယ်ကုဋေနှင့် လူအမှုများ
ရှုပ်ထွေးနေပြီး သားငယ်တစ်ဦး ပျိုး
ထောင်နေရသည့် တာဝန်ကြား၊ မအား
မလပ်မှုကြောင့်ပင်လျှင် အဲလစ်စဘက်
၏ ပျောက်ဆုံးသွားသော စိန်ပွင့်ဆီသို့
အတွေးမရောက်သလောက်ပင် ရှိခဲ့
သည်။ သို့သော် သူမထံသို့ သူမ၏
သမက် တစ်ဦးမဟုတ် တစ်ဦး အလည်
အပတ်ရောက်လေ့ရှိခဲ့ပြီး စိန်ပွင့်နှင့် ထို
စိန်ပွင့်သည် သူမ မောင်းနှင်သည့်
စတေးရှင် ဝက်ဂွန်းစ်ကားထဲတွင် ရှိ
သည်ဆိုသော ကျွန်တော့်ယူဆချက်
ဇာတ်လမ်းသည် မိသားစု ပြောစမှတ်
ဇာတ်လမ်းတစ်ခုအဖြစ် စာရင်းဝင်သွား
ခဲ့သည်။ ထိုသမက်များကလည်း ထို
စတေးရှင် ဝက်ဂွန်းစ်ကားထဲ ရှာသည့်
တိုင်အောင် ထိုစိန်တစ်ပွင့်ကို မတွေ့ခဲ့ရ
ချေ။

ထို့နောက် နွေရာသီတစ်ခုတွင်
ကျွန်တော်တို့သည် အယ်လင်း၏ မိဘ
အိမ်တွင် နေထိုင်ရန် စီစဉ်ခဲ့သည်။
ကျွန်တော်တို့ သူမမိဘအိမ်တွင် တည်း
တိုင်း စိတ်ချမ်းသာ ပျော်ရွှင်ခဲ့ရစမြဲပင်
ဖြစ်သည်။ အယ်လင်း၏ ဖခင်မှာ
အောင်မြင်သော စီးပွားရေးသမားတစ်ဦး
ဖြစ်ပြီး ယခု အငြိမ်းစားယူပြီးနောက်
တွင် အပျော်တမ်း ရေဒီယိုသမား
တစ်ယောက်ဖြစ်နေခဲ့သည်။ အယ်လင်း
၏ မိခင် အဲလစ်စဘက်မှာမူ စာအလွန်
ဖတ်သူတစ်ဦးဖြစ်ပြီး မမှိတ်သွန်ကျကျ
ဆင်ခြင်တွေးတောဉာဏ် ရင့်သန်သူ
တစ်ဦးဖြစ်သည်က အမှန်ပင်။ သူတို့နှင့်
နေရထိုင်ရသည်မှာ အလွန်စိတ်ချမ်းသာ
စရာကောင်းခဲ့သည်။ ထို့အပြင် သူတို့
သမီး အလွန်တရာ စိတ်ဝင်စားသော
မှော်လိုလို၊ ဂမ္ဘီရလိုလို သဘာဝလွန်
ကိစ္စဝိစ္စများကို မယုံကြည်သည့်အနေ
တွင်လည်း ကျွန်တော်နှင့် တူသည်။
ထို့ကြောင့် တစ်ခါတစ်ရံတွင် ထမင်းစား
ဝိုင်း၌ ကျွန်တော်နှင့် ကျွန်တော့်
ယောက္ခထီး၊ ယောက္ခမတို့ ပူးပေါင်းပြီး
ကျွန်တော့်ဇနီးကို တွယ်လေ့ရှိကြ
သည်။ သို့ကိုင်အောင်လည်း အယ်လင်း
သည် သူမ၏ ခံယူချက်ကို ခိုင်ခိုင်မြဲမြဲ
ဆွဲကိုင်ထားတတ်ပြီး ကျွန်တော်တို့
အားလုံးကို "တင်းကျပ်လွန်းသော သိပ္ပံ
လောကအမြင် အနှောင်အဖွဲ့ထဲ မိနေ
သူများ"ဟု သိမ်းကျုံးပယ်ချလိုက်လေ့ရှိ
တတ်သည်။

ကျွန်တော်တို့ ရောက်ရှိသည့်
ပထမညတွင် ညစာ ကောင်းကောင်း
တည်ဖြစ်ခဲ့ကြသည်။ အကြောင်းရပ်
ပေါင်းစုံကို တောင်တောင်မြောက်မြောက်
ပြောဆိုခဲ့ကြသည်။ သို့တိုင်အောင်
ကျွန်တော်က ကားထဲမှာ ရှိပါသည်ဟု
အပြတ် လေပစ်ထားခဲ့သော စိန်ပွင့်ကို
တကယ်ရှာပေးရန် အယ်လင်း မျှော်
လင့်နေမှန်း ကျွန်တော် ရိပ်ကဲဖမ်းမိ
သည်။ ထို့ကြောင့် ကျွန်တော့်သားနှင့်
သူ၏ မိခင်က ထမင်းဝိုင်းကို ကူညီ
သိမ်းဆည်းပေးနေချိန်တွင် ကျွန်တော်
က ကျွန်တော့်ယောက္ခမ အဲလစ်
စဘက်ကို ပြောလိုက်သည်။

"ကျွန်တော် အဲဒီ စိန်ပွင့်ကို
သွားရှာလိုက်မယ်၊ ကျွန်တော့်ကို
ဓာတ်မီးတစ်လက်လောက်ပေးပါ"

ကျွန်တော် ပေါက်ကရပြော
လိုက်မိသည်ဟု ထင်ရသည့်အသွင်မျိုး
ဖြင့် ခေါင်းသုံးလုံးက ကျွန်တော့်ကို
လှည့်ပြန်ကြည့်လာကြသည်။ အယ်
လင်းကသာ မအံ့သြလို ကြည့်လိုက်
သည်။ ကျွန်တော့်သား လုခ်ကမူ ပြော
လိုက်သေးသည်။

"မဟုတ်က ဟုတ်ကတွေ အဖေ
ရယ်"

ထိုစကားက အမှန်ပင်။ ကျွန်
တော် တွေးလိုက်မိသည်။ မဟုတ်က
ဟုတ်ကတွေပဲ။ သို့သော်လည်း ယခု
တော့ နောက်ဆုတ်၍ မရတော့ပြီ။
တောက်လျှောက် ပေါက်ကရပြောခဲ့
သည်ဟုသာ ဖခင်ခံရကိန်းရှိမည်။
နှုတ်ကျွံ-လျှာလွန်၊ မဟုတ်တမ်းစကား
ပြောမိခဲ့သည်ကို မိမိ၏ မမှိတ်သွန်အမြင်
ပြန်တည့်မတ်ရန် အခွင့်အရေးရမည်ဟု
ပင် သတ်မှတ်ရမည်။

အယ်လင်း၏ ဖခင်၊ ကျွန်တော့်
ယောက္ခထီးကြီးကမူ ကျွန်တော့်ကို
ကျွန်တော်ပိတ်မိနေသည့် ချောင် မှ
ထွက်နိုင်အောင် ဟ,ပေးသည့်သဘော
မျိုး ပြောလိုက်သည်။

"၂နှစ်တာ ကာလအတွင်းမှာ
ဒီကားအိုကြီးက ကားပြင်ရုံကို ရောက်
ခဲ့တာ အခါခါရှိနေပြီ။ အဲဒီထဲမှာ သူမ
ရဲ့ စိန်ပွင့်ရှိနေခဲ့တယ်ဆိုရင်တောင် အ
အခါမှာ မရှိနိုင်တော့တာ အသေအချာ
ပဲ"

အဲလစ်စဘက်ကိုယ်တိုင်က
ကျွန်တော် သူတို့ကို အရူးလုပ်နေသည်
ဟု ထင်ပုံဖြင့် ကြည့်လိုက်သည်။ မည်
သို့ပင်ဆိုစေ၊ သူမသည် မီးဖိုချောင်ထဲ
သို့ ဝင်သွားပြီး ဓာတ်မီးတစ်လက်ဖြင့်
ပြန်ထွက်လာသည်။ ကျွန်တော်သည်
လှေကားအတိုင်းဆင်းသွားပြီး ခေ
တံခါးမှနေ၍ ကားဂိုဒေါင်ထဲသို့ ဝင်
သွားသည်။

လျှပ်စစ်မီးခလုတ်၏ အလင်

www.burmeseclassic.com

ဆောင်အောက်တွင် စတေးရင် ဝက်ဝွန်းစ် ကားအဖြူရောင်က လွင်လွင်တောက်ပ နေခဲ့သည်။ ကျွန်တော်သည် ယာဉ် မောင်းဘက် တံခါးကို ဖွင့်လိုက် ပြီး ရှေ့ထိုင်ခုံနားတွင် ငုံ့ကြည့်လိုက် သည်။ ကျွန်တော့်ယောက္ခထီးကြီးမှ ကျွန်တော်ပြုလုပ်နေသည်ကို သဘော တွေ့နေဟန်ဖြင့် ကားဂိုဒေါင် တံခါးဝ တွင် ရပ်နေခဲ့သည်။ ကျွန်တော်သည် ကုလားထိုင်ကို ထိန်းသော လီဗာတံ ကို တွန်းလိုက်သည်။ ကုလားထိုင် နောက်သို့ လန်သွားသောအခါတွင်မှ စိန်ပွင့်ရှိနိုင်ကောင်းသည်ဟု ကျွန်တော် ယူဆသော နေရာတွင် ကြည့်လိုက် သည်။ စိန်ပွင့်ကား ရှိမနေခဲ့ချေ။

ကျွန်တော်သည် မချင့်မရဲဖြင့် အသံထွက် ရွတ်လိုက်မိသည်။

"အား…လာစမ်းပါကွာ… စိန် ပွင့်လေးရယ်"

တစ်ချိန်တည်းမှာပင် ရှေ့ထိုင်ခုံ ဘုရင်ကို မ,တင်လိုက်ရာ အောက်ခံ အယ်လ်(L)သဏ္ဍာန် သံတန်းပေါ်လာ သည်။ ထောင့်တစ်ထောင့်တွင် စနေ သော ဖုန်မှုန့်အလယ်၌ ကျွန်တော့် ယောက္ခမ၏ စိန်ပွင့်လေးကို တွေ့လိုက် သည်။

ကျွန်တော်သည် စိန်ပွင့်လေးရှိ ရာသို့ တအံ့တဩ ပြုံးကြည့်လိုက်မိ သည်။ ကျွန်တော့်ယောက္ခမကြီး မြင် မိလိုသော စိန်ပွင့်လေးမှာ ကျွန်တော် မျှော်လင့်နေရာတွင် ရှိနေခဲ့ခြင်းကား အတော်ပင် တုန်လှုပ်ချောက်ချားစရာ ဖြစ်ခဲ့သည်။

ကျွန်တော်သည် စိန်ပွင့်လေးကို အသာကောက်ယူလိုက်သည်။ ညာ ဘက်ပေါ်တွင် တင်၍ လက်သီးဆုပ် လိုက်သည်။ ကျွန်တော့်ယောက္ခထီးကြီး က ကားဂိုဒေါင်တံခါးဝမှ အထဲသို့ ဝင်



သွားရာ ကျွန်တော်လည်း သူ့နောက်မှ လိုက်၍ မီးဖိုဆောင်သို့ ပြန်တက်ခဲ့ သည်။ အဲလစ်စဘက်သည် ပန်းကန် ဆေးသည့် ရေဇလားနားတွင် ရပ်၍ ပန်းကန်ခွက်ယောက်များကို နေသား တကျ သိမ်းဆည်းနေသည်။ ကျွန်တော် က သူမဘက်သို့ လက်ကို ထိုးပေး လိုက်သည်။ သူမက ကျွန်တော့်ကို နားမလည်ဟန်ဖြင့် ကြည့်လိုက်သည်။ ကျွန်တော်က ဖြည်းဖြည်း လက်သီး ဖြည်ပြလိုက်သည်။

သူမက မည်သို့မျှ တုံ့ပြန်မှု မပြု ခဲ့ချေ။ သူမ၏ ပျောက်ဆုံးနေသော စိန် ပွင့်ကို ကျွန်တော်တွေ့ရှိလိမ့်မည်ဟု သူမ မယုံကြည်ခဲ့သောကြောင့် ကျွန် တော့်လက်ထဲမှ စိန်ပွင့်ကို သူမ မြင် နိုင်ခြင်းမရှိခဲ့ဟု ကျွန်တော် ယူဆမိ သည်။ သူမသည် လုပ်လက်စ အလုပ် များကို ဆက်လုပ်မည်ဟူသော ရည် ရွယ်ဟန်ဖြင့် ပြန်လှည့်မည့်ပုံပြုပြီးကာ မှ ရုတ်တရက် အံ့အားသင့်သွားပုံဖြင့် ကြက်သေသေသွားသည်။ ထို့နောက် ငယ်သံပါအောင် အော်ဟစ်လိုက်သည်။

◈◈◈

အဲလစ်စဘက်က သူမ၏ ပြန် လည် ရှာတွေ့သော ရတနာပစ္စည်းကို လူတကာတို့အား အထပ်ထပ်ပြနေခဲ့ သောကြောင့် အိမ်တွင်း၌ အတော်ပင် ရုတ်ရုတ်သဲသဲဖြစ်သွားသည်။ သူမ လွန်စွာ စိတ်လှုပ်ရှားနေခဲ့သောကြောင့် သူမ ကောက်ကာင်ကာ အသက် ပျောက်ပြီး ထိုစိန်တစ်ပွင့်ကို ကျွန်တော့် ဇနီး ချက်ချင်းလက်ငင်း အမွေခံစားခွင့် ရသွားနိုင်သည်ဟုပင် ထင်ရလောက်ခဲ့ သည်။

သူမသည် အခန်းအလယ်ရှိ ဆိုဖာပေါ်တွင် ထိုင်၍ စိန်ပွင့်ကို တအံ့ တဩကြည့်ရင်း ရေရွတ်နေသည်။

"မဖြစ်နိုင်ဘူးလို့ ငါထင်ခဲ့တဲ့ ကိစ္စတွေကို ငါယုံကြည်ချင်သလိုလို တောင်ရှိလာတယ်။ အခု ဒီစိန်ပွင့်လေး ပြန်ရတာ ငါ့အတွက် ဘယ်လောက် အရေးပါတယ်ဆိုတာ မင်း နားလည်မှာ မဟုတ်ဘူး"

ထိုညနေ၏ တအံ့တဩဖြစ်မှု များ အနည်းငယ် ပါးလျော့သွားချိန်တွင် မှ ကျွန်တော်သည် ထိုစိန်ပွင့်ရှိနေနိုင် သည့် နေရာကို ကျွန်တော် တွက်ဆမိ ရန် မခဲယဉ်းကြောင်း သူတို့ကို ရှင်းပြ လိုက်သည်။

ကျွန်တော်သည် ကျွန်တော့် ယောက္ခမကြီး ကားမောင်းသည်ကို အကြိမ်ကြိမ်မြင်တွေ့ဖူးသည်။ သူမ စတီယာရင်ဘီးကို ကိုင်တတ်ပုံကို ကျွန်တော် နောကျေနေခဲ့သည်။ ဘယ် ကွေ့ - ညာကွေ့ လက်ပြသည့်အခါ သူမ၏ လက်ကောက်ဝတ်ကို ခါတတ် ပုံကိုလည်း ကျွန်တော် ရင်းနှီးနေခဲ့ရာ တံခါးလက်ကိုင်နှင့် သူမလက် ထိမိကာ မိပြီး လက်စွပ်မှ ကျောက် ထွင်ကျ သွားနိုင်ပုံကိုလည်း ခန့်မှန်းနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုဖြစ်စဉ်အားလုံးမှာ ဖြစ်နိုင်ခြေရှိသည့် လက်တွေ့ လောကခွင်အတွင်းတွင် ရှိနေခဲ့သည်။

ကျွန်တော်၏ ရှင်းလင်းချက်ပြီးသောအခါတွင် ကျွန်တော့်စကားကို လုံးဝဥဿုံ အယုံအကြည်ကင်းဟန်ဖြင့် ကျွန်တော့်ကို ပြုံးပြုံးကြီးကြည့်နေသော မျက်နှာလေးခုကိုသာ တွေ့ရသည်။

"ရှင် နားမလည်တာကို ရှင် လက်ခံနိုင်တဲ့ အစွမ်းမရှိဘူးလား"

ဟု အယ်လင်းက မေးလိုက်သည်။

ယောက္ခထီးကြီးကသာလျှင် ကျွန်တော့်ဘက်မှ ဖေးဖေးမမ ပြောသည်။

"အင်း…အဲဒီပုံစံဖြစ်နိုင်တာပေါ့။ မင်းက စေ့စေ့စပ်စပ် လေ့လာတဲ့ နေရာမှာ ပီပြင်ပါ့ကွာ၊ စုံထောက်တစ်ယောက်အတိုင်းပဲ"

သို့တိုင်အောင် သဘာဝလွန်ဖြစ်ရပ်ဟုသာ ယုံကြည်ချင်သည့် အနေအထားများနေကြကြောင်းကို ကျွန်တော် ကောင်းကောင်း သဘောပေါက်ခဲ့သည်။

◈◈◈

နောက်တွင်မူ အဲလစ်စဘက်သည် သူမ၏ စိန်ပွင့်လေး ပြန်ရှာတွေ့ပြီဖြစ်ကြောင်း အာမခံ ကုမ္ပဏီသို့ အကြောင်းကြားလိုက်ပြီး သူတို့ထံမှ ပို့ခဲ့သော အာမခံ လျော်ကြေးငွေကိုလည်း ပြန်ပို့ပေးလိုက်လေသည်။

ဤသို့ ကိစ္စမျိုးတွင် အာမခံငွေရရှိသူက ငွေပြန်ပို့ပေးရိုး မကြုံဘူးသောကြောင့် အဲလစ်စဘက်၏ လုပ်ရပ်သည် သူ့ကို လူသားတို့၏ စိတ်ကောင်းနှလုံးကောင်းကို ယုံကြည်မှုအသစ်ရှိလာစေပြီဖြစ်ကြောင်း အာမခံ ကုမ္ပဏီမှ အကြီးအကဲက အဲလစ်စဘက်ထံ စာပြန်ရေးသားခဲ့သည်။

ထိုပြောစမှတ်ပြုစရာ ညနှင့်ပတ်သက်၍ ကျွန်တော် အမှတ်ရဆုံးအချက်ကား အယ်လင်း၏ မျက်နှာမှ အပြုံးပင် ဖြစ်သည်။ ကျွန်တော် သိပ္ပံနည်းကျကျ အမြင်တို့နှင့် လုံးဝခြားနားစွာပင် ထိုကဲ့သို့သော သဘာဝလွန်ဖြစ်ရပ်များ မုချမလွဲ ဖြစ်နိုင်သည်ကို သူမ သိကြောင်း၊ ထိုအပြုံးက ပြောနေဟန်ရှိခဲ့သည်။ ထိုတန်ဖိုးထားလှသော စေ့စပ်လက်စွပ်မှ ကျောက်ကို ရှာတွေ့မိမှုအတွက် ပေးဆပ်ရသော အခကြီးမားပါပေ့ဟု ကျွန်တော် ခံစားမိသည်။

သို့တိုင်အောင် ကျွန်တော်၏ ရှေ့တွင် ထိုင်၍ ထိုကျောက်မျက်လေးကို ဝမ်းသာပီတိဖြစ်ဟန်ဖြင့် ကြည့်နေသော သူမအသွင်သည် ထိုခံယူချက် စတေးရသည့်အနေနှင့် ထိုက်လျောက် မျှတသော နစ်နာကြေးဟု ကျွန်တော်ယူဆမိခဲ့သည်။

ဤဖြစ်ရပ်ကို မည်သို့ ကောက်ချက်ချရမှန်း ကျွန်တော် မသိပါ။ ကျွန်တော်တို့ စိတ်ကူးဖြင့်ပင် မတွေးမထင်တတ်အောင် ဆန်းပြားသော အံ့ဩဖွယ်ရာ နေရာတွင် ကျွန်တော်တို့ နေထိုင်နေသည်ဟု ယုံကြည်ရမည့် ကိန်းဆိုက်နေသည်။ အဲလစ်စဘက်၏ စိန်ပွင့်ကို ရှာတွေ့ခြင်းက ပတ်ဝန်းကျင်အားလုံးအတွက် မင်္ဂလာရှိစေခဲ့သည်။ သူမအတွက်နှင့် သူမ၏ အသက်အာမခံ ကုမ္ပဏီအတွက်သာမက၊ ကျွန်တော့်အတွက်ပါ ကြည်နူးစရာဖြစ်ခဲ့သည်။

မည်သည့်အကြောင်းကြောင့်ဟု ကျွန်တော် ရှင်းမပြနိုင်ပါသော်လည်း ထိုဖြစ်စဉ်ကြောင့် ဘဝကို ကျွန်တော် ပို၍ကျေနပ်မိသယောင်ရှိလာခဲ့ရသည်။

လက်တွေ့ ယခု ကျွန်တော်သိနေ
သည့်အချက်မှာ အချို့ကိစ္စများ
မျက်စိစုံမှိတ် ယုံကြည်လိုက်ရန်
သည်ဟုပင် ဖြစ်သည်။

ကျွန်တော်တို့ ချစ်မြတ်နိုးသူ
အကြောင်း၊ သို့မဟုတ် ကျွန်တော်
ကိုယ်တိုင်အကြောင်း၊ သို့မဟု
ကျွန်တော်တို့ ဖန်ဆင်းရှင်အကြောင်
လျှင် အမြဲမချေးခါး တစ်ခုမကျန် က
တော်တို့ သိရှိခွင့်မရချေ။ အဆုံးသ
တွင်မူ အဲလစ်စဘက်၏ စိန်တစ်ပွင့်
ရှာတွေ့ခြင်းသည် ကျွန်တော့်ရင်ထဲ
အံ့ချီးစိတ် ကိန်းအောင်းလာစေခဲ့
ထိုခံစားချက်ကို လောကမှ မည်သ
အရာနှင့်မှ ကျွန်တော်လဲလှယ်နိုင်
မဟုတ်ချေ။ ကျွန်တော်သည်
သမားတစ်ဦးဖြစ်သည့်တိုင်အောင်
သဘာဝလွန် ဆန်သော အတွေ့အ
ကို ကျွန်တော် အလေးထားမိ
သည်■

* * *


တိုး

Ref; Reader's Digest
2000 ပါ Secret of the
stone by W.W.Meade
ပြန်ဆိုပါသ



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ယခင်တုန်းကလည်း အပမှီခြင်းနှင့် စပ်လျဉ်းသော တစ်ဆင့်ပြော အဖြစ်အပျက် အကြောင်းအရာတချို့ကို ရေးသားခဲ့ဖူးပါသည်။ မိမိကိုယ်တိုင် မကြုံတွေ့ဖူးခဲ့ပါက ထိုသို့သော အဖြစ်အပျက်များကို အမှန်တကယ်ဖြစ်ပွားနိုင်သည်ဟူ၍ ယုံကြည်မိလိမ့်မည် မထင်ပါ။ "ပြောမယုံ၊ ကြုံဖူးမှ သိ" ဆိုသည့်အတိုင်း ကိုယ်တိုင် နဖူးတွေ့ဒူးတွေ့ခံလိုက်တော့မှပဲ တတွတ်တွတ် ရွတ်ဆိုနေကျဖြစ်၍ အလွတ်ရနေသော သမ္ဗုဒ္ဓေါဂါထာတော်ကိုပင် ဖြောင့်အောင် မဆိုနိုင်တော့၍ ဘုရား…ဘုရားဟူ၍သာ ရေရွတ်ခဲ့ရသည့်အဖြစ်ကို ယခုထက်တိုင် မှတ်မိနေပါသေးသည်။ ထိုအပမှီသော အရုပ်ကလေးအကြောင်း ပြန်ပြောင်းတွေးပြီး ရေးရမည်ဆိုပါလျှင် လွန်ခဲ့သော ၁၀ နှစ်ဝန်းကျင်သို့ သမင်လည်ပြန် ငေးကြည့်ရမည်သာ ဖြစ်ပါတော့၏။

ထိုစဉ်က ကျွန်မ၏ အသက်မှာ ၁၀နှစ်ဝန်းကျင်သာ ရှိသေးသည်။ မိသားစုထဲတွင် အငယ်ဆုံး သမီးကလေးမို့ ထိုအရွယ်သို့ ရောက်သည့်တိုင် ဟိုဟာသည်ဟာ စိတ်မဝင်စားနိုင်ဘဲ ကလေးတစ်ယောက်လို ဘဝကို ကုန်ဆုံးနေသည့်အချိန်။ အသက်က ၁၀ နှစ်ဖြစ်၍ ငါးတန်းတက်ရန် ပြင်ဆင်နေသည့် ကာလဖြစ်၏။ ၂၁ ရာစု၏ ခေတ်ကာလ သမီးပျိုပီပီ မြန်မာပြည်၏ ပညာရေးစနစ်နှင့် လျော်ညီမှုရှိစေရန်အတွက် ကြိုတင် ဘိုကင်စွဲကာ ကျူရှင်တက်နေရသော ကာလလည်း ဖြစ်သည်။

ပွင့်ပွင့်လင်းလင်းပြောရလျှင် ကျွန်မက စာကျက်ပျင်းသော ကလေးမလေး။ စာကျက်သည်ထက် စာဖတ်သည်ကို ပို၍အားသန်ပြီး ပျင်းရိသည့်အခါတိုင်း အရုပ်မလေးများနှင့် ဆော့ကစားကာ အချိန်ဖြုန်းနေတတ်သည်။ ထိုစဉ်က ကျွန်မ၏ မိဘနှစ်ပါးမှာ ငွေကြေးပြည့်စုံခြင်း မရှိ၍ ကျွန်မအတွက် အရုပ်အမျိုးမျိုး လက်ဆောင်ဝယ်ပေးနိုင်ခြင်းမရှိသောကြောင့် ကျွန်မမှာ ရှိရင်းစွဲ အရုပ်ကလေးများနှင့်သာ ဆော့ကစားနေခဲ့ရသည်။

ကျွန်မ၌ အရုပ်များများစားစား မရှိပါ။ သုံးနှစ်သမီးကတည်းက လက်ဆောင်ရထားခဲ့သော မွေးကင်းစကလေးတစ်ယောက်အရွယ်ရှိ ကော်ပတ်ရုပ်မလေးနှင့် ဇွန်ပြည့်မွေးနေ့တုန်းက ဦးလေးတစ်ယောက် လက်ဆောင်ဝယ်ပေးခဲ့သော "အမြွာနှစ်ယောက်" အမည်ရ ပုပုသေးသေး ကော်ပတ်ရုပ်မလေးတို့သာ ရှိ၏။ အရုပ်က စုစုပေါင်း သုံးရုပ်ဖြစ်သော်လည်း ပထမဆုံးအရုပ်က အရုပ်ဟုပင် အမည်မပေးနိုင်လောက်အောင် အချိန်ကြာညောင်းခဲ့မှုကြောင့် အနည်းငယ် ဟောင်းနွမ်းနေရုံမက၊ ကျွန်မငယ်စဉ်က လက်သည်းနီများဖြင့် လက်စွမ်းပြထားမိ၍ အရုပ်မလေး၏ မျက်နှာပြင်တစ်ခုလုံး နီရဲတွတ်ကာ ရုပ်ဆိုးနေသည်။

နာမည်ကြီးလှသည့် နိုင်ငံခြားရုပ်ရှင်ကားတစ်ကားဖြစ်သော Conjuring ဇာတ်ကားထဲက နတ်ဆိုးပူးနေသည့် အရုပ်မလေးကမှ ကျွန်မ၏ ဘိုမထက် ရုပ်လှပါသေးသည်။ ကျွန်မ၏ ဘိုမရုပ်က မျက်နှာပြင်တွင် လက်သည်းနီတို့ ရဲနေရုံသာမက၊ ခေါင်းတွင်လည်း ဆံပင်မွေးများက ကျိုးတိုးကျဲတဲ။ ထိုသို့ဖြစ်အောင်လည်း ကျွန်မကပဲ (မသိ

နားမလည်သည့် အရွယ်တုန်းက
ကတ်ကြေးတစ်လက်နှင့် လက်စော
ထက်ထားခဲ့လေတော့ နဂိုချောလှသ
အရုပ်မလေးခမျာ ကြည့်ရက်စရာ
သို့သော်လည်း ထိုရုပ်ဆိုးမလေး
ကျွန်မ မပစ်ရက်ပါ။ ထိုအရုပ်လေး
ကျွန်မ၏ ဖခင် ပညာတော်သင်သွား
က နိုင်ငံခြားမှ (ရှိစုမဲ့စုကြား ဖခ
မေတ္တာ စေတနာတို့နှင့်) ဝယ်ယူလ
သော အရုပ်လေးတစ်ရုပ်ဖြစ်၍ အ
တရအနေနှင့် အမြတ်တနိုး ထိန်း
ထားခြင်းဖြစ်သည်။ သို့သော်လ
ထိုမြတ်နိုး တန်ဖိုးထားသည့်စိတ်
အရုပ်မလေးကို အပမှီခင်က
နလုံးအိမ်ထဲတွင် တည်ရှိနေခဲ့ခြင်း
ပါ၏။

ကျွန်မ၏ ကစားပုံ ကစားန
ကို ရှင်းလင်းရပေဦးမည်။ ကျွန်မ
၁၀နှစ်သမီးဖြစ်၍ အရုပ်ကလေးမျ
နားကြပ်သေးသေးလေးနှင့် ဟို
သည်စမ်းလုပ်ရင်း "နေကောင်းသွ
ပါ။ ဆေးသောက်"ဟု ဆိုပြီး ဆရာ
အိုက်တင်ဖမ်းကာ ဆော့ကစားခြ
မဟုတ်ပါ။ ကျွန်မကိုယ်တိုင်လည်း
အလွန်ကြောက်တတ်သောကြေ
ဆရာဝန်ဖြစ်ချင်သော စိတ်ကူးမျိုး
စဉ်ကတည်းက မရှိခဲ့ပေ။ ကျွန်မ
ပုံ ဆော့နည်းက အရုပ်မလေးမျ
အဝတ်အစားချုပ်ပေးခြင်း၊ အလှပြ
ခြင်း၊ ခေါင်းဖြီးပေးခြင်းနှင့် တစ်ခါတ
အထီးကျန်သည့်အခါ သူတို့လေး
ကို သက်ရှိပမာ သဘောထား
စကားပြောခြင်းတို့ ဖြစ်ပါသည်။

အပမှီသည့် အကြောင်း
ဦးတည်ပြောရသော် ဇာတ်လမ်း
တည်မည့် အစဆီသို့ ကျွန်မ
ရောက်ကြည့်ရှုရပါလိမ့်မည်။ အပမှီခြ
သဘော သဘာဝမှာ ပြီပမှ မမြင်



www.burmeseclassic.com

www.burmeseclassic.com

သော တစ်စုံတစ်ယောက်၏ မီတွယ် ခြင်း ခံရသည်ကို ဆိုလိုဟန်တူပါသည်။ ထို့ကြောင့် ထိုအရုပ်ကလေးသာ အိမ်အွင်းပုန်းလုပ်နေပါက အပမီစရာ အကြောင်းမရှိ။ သို့သော် ထိုနေ့က ကျွန်မကိုယ်တိုင် ကျူရှင်အိမ်ဆီသို့ အရုပ်ကလေးကို သယ်သွားမိခဲ့ခြင်းဖြစ်၏။

◈◈◈

"ဟယ်…ပါလာပြီပော့၊ ဖြူဖြူရဲ့ အရုပ်လေးက ရုပ်ဆိုးချက်ကွာ"

"အေးဟယ်၊ မျက်နှာကလည်း မဲနေရော။ ကေကလည်း ခေါင်းတုံး ဆံပင်ပေါက်အတိုင်းပဲ၊ ဆိုးလိုက်တာ ဟယ်"

"ဟွန်း…နင်တို့ကလည်း သူများ အရုပ်ကိုများ မှိုချိုးမျှစ်ချိုးပြောနေလိုက်ကြတာ။ နင်တို့မှာရော ဒီလောက်ကြီးတဲ့ အရုပ်မျိုးရှိလို့လား။ ဒါက နယ်နယ် ရရမဟုတ်ဘူးနော်။ နိုင်ငံခြားက ပါလာတဲ့ ဘိုမရုပ်အစစ်"

သူငယ်ချင်းများ၏ ဝေဖန်စကားကို ကျွန်မက ခပ်ကြွားကြွားလေး ချေပလိုက်တော့ သူတို့တစ်တွေ ပါးစပ်ပိတ်သွားကြသည်။ ကျွန်မ၏ ပြောက်ကြွကြွ အပြောလေးကို ကျူရှင်ဆရာမ ဒေါ်သီတာ၏ မိခင် ဘွားမေသန့်က သဘောကျသွားဟန်ဖြင့် တဟင်းဟင်းရယ်မော ရင်း ကျွန်မလက်ထဲက အရုပ်ကလေးကို လှမ်းယူကြည့်၏။

"အမယ်…ပွင့်ဖြူလေးရဲ့ ဘိုမက ရုပ်ဆိုးတာ မဟုတ်ပါဘူး။ ဒါ အင်္ဂလိပ်ချော ချောတာလို့ ခေါ်တယ်။ အသား နီတာရဲလေးနဲ့"

"ဘွားမေ… သမီးရဲ့ ဘိုမလေးကို အင်္ကျီလှလှလေး ချုပ်ပေးနော်"

"အမလေး…စိတ်ချ။ အခုပဲ ချုပ်ပေးလိုက်မယ်။ ဘွားမေမှာ အဝတ်စ ပိုတာတွေ ရှိတယ်။ ဂါဝန်လှလှလေး ချုပ်ပေးမှာ။ သမီးသာ စာသေချာသင်"

"ဟုတ်ကဲ့ ဘွားမေ"

ဘွားမေ၏ ကတိစကားကြောင့် ကျွန်မ ပျော်ရွှင်သွားခဲ့ရပြီ။

ယခင်က ဘွားမေသန့်သည် အပ်ချုပ်ဆိုင်ဖွင့်ထားသူဖြစ်သဖြင့် သူမ တွင် အပ်ထည်များမှ ပိုလျှံသော အစပို များ ရှိနေသည်။ ဟိုတစ်စ သည့်တစ်စ မှ ပိုလျှံ၍ ကျန်နေခဲ့ခြင်းဖြစ်သည် ကြောင့် အနည်းအများ မတူသလို၊ အရောင်အသွေးလည်း မတူပေ။ နောက် ပြီး ပိုလျှံသော အစများက နောက် တစ်ယောက်စာလည်း ချုပ်မရသဖြင့် အလဟဿဖြစ်နေလေရာ ဘွားမေ သန့်က ထိုအစပိုများကို ကျွန်မတို့လို ကလေးများအတွက် အသုံးချပေးရန် စဉ်းစားခဲ့သည်။ ကလေးတွေအတွက် အဝတ်ချုပ်ပေးရန် မဖြစ်နိုင်သော်လည်း အဝတ်ရုပ်လေးများ ချုပ်ပေးခဲ့ရာ ကျွန်မတို့မှာ အလွန်သဘောကျကြ သည်။ ထိုအထဲကမှ ပိုကဲလိုသော ကျွန်မက ကျွန်မ၏ ဘိုမရုပ်လေးကို အင်္ကျီချုပ်ပေးရန် တောင်းဆိုခဲ့သည်။ ကျွန်မတို့အပေါ် ချစ်ခင်နေသော ဘွားမေသန့်က မငြင်းပါ။ အရုပ်မကို ယူလာခဲ့ဖို့ မှာ၍ ယခုကဲ့သို့ သယ်လာ ခဲ့ရခြင်းဖြစ်သည်။

"ကဲ…ရော့… သမီးပွင့်ဖြူ။ သမီးရဲ့ ဘိုမလေး လှမသွားဘူးလား"

ကျူရှင်ဆင်းသည့် ညနေစောင်း အခါတွင် သူငယ်ချင်းများနှင့် စကား တွတ်ထိုးနေသည့် ကျွန်မက အရုပ်မ လေးကိုပင် မေ့နေကာ၊ အိမ်ပေါ်မှ ဆင်းလာခဲ့သည့်အခိုက် ဘွားမေသန့်က ခပ်သုတ်သုတ်လိုက်လာပြီး အရုပ်မ လေးကို ကျွန်မလက်ထဲသို့ ထိုးပေးခဲ့ သည်။

"ဟယ်…လှလိုက်တာ ဘွားမေ ရယ်၊ ဒီလောက် ခဏလေးကို ဘွားမေ ဘယ်လိုချုပ်လိုက်တာလဲ။ သမီးက မနက်ဖြန်မှ ရမယ်ထင်နေတာ"

"အမလေး…သမီးရယ်၊ အရင် ကဆို ဘွားမေက လူတွေအတွက် အဝတ်အစားချုပ်ပေးခဲ့သူပါ။ ဒီအရုပ်မ လေးအရွယ်လောက်တော့ ခဏလေး ပြီးတာပေါ့။ ကဲ…ဘယ့်နှယ့် သဘော မကျဘူးလား"

"သဘောကျတာပေါ့ ဘွားမေရ။ သမီးရဲ့ ရုပ်ဆိုးဆိုး ဘိုမတောင် ပိုချော သွားပြီ…ဟိဟိ"

"ကဲ…ကဲ…မိုးတောင်ချုပ်တော့ မယ်။ အိမ်ကို တန်းတန်းမတ်မတ် ပြန် ကြတော့"

"ဟုတ်ကဲ့ပါ ဘွားမေ"

ဂါဝန် စိမ်းဖန့်ဖန့်လေးနှင့် အမြင် ဆန်းသစ်နေသည့် ဘိုမရုပ်လေးကို စက်ဘီးခြင်းတောင်းထဲသို့ ထည့်ကာ သုံးယောက်သား လမ်းလျှောက်လာခဲ့ ကြသည်။ သုံးယောက်သား ဆိုသည်မှာ ကျွန်မနှင့် ကျွန်မ၏ သူငယ်ချင်းများ ဖြစ်သော ယုဝေနှင့် ခန့်လွင်။ သူတို့ နှစ်ဦးက စက်ဘီးပါမလာကြ၍ ကျွန်မ က ပါလာသော စက်ဘီးကို တွန်းကာ သူတို့နှင့်အတူ လမ်းလျှောက်နေခြင်း ဖြစ်သည်။ ဘွားမေက အိမ်ကို တန်းတန်းမတ်မတ်ပြန်ဟု မှာသည်က အကြောင်းမဲ့မဟုတ်။ ကျွန်မတို့ ကလေးတစ်အုပ်ကလည်း ကျွန်မတို့ ပါပဲ။ ကျူရှင်ဆင်းချိန်ဆို အိမ်သို့ ချက်ချင်းမပြန်ဘဲ ကျူရှင်ရှေ့ တောင်း ကုန်းကမူတစ်ဖက်က မြက်တောထဲ တွင် တူတူပုန်းတမ်း ကစားကြသေး သည်။

ကလေးတစ်ရပ်နီးပါး ရှည်လျား မြင့်မားသော မြက်တောကြီးထဲတွင်



www.burmeseclassic.com

www.burmeseclassic.com

မြွေမကြောက် ကင်းမကြောက် ပြေးလွှားဆော့ကစားကြသည်။ ပြေးရင်းလွှားရင်း ချွေးသံတို့ တရွှဲရွှဲဖြင့် နေလုံးပျောက်သည့်အခါမှ ကျွန်မတို့ သုံးယောက် အိမ်ပြန်ကြသည်။ ယနေ့တော့ ကျွန်မ အိမ်သို့ စောစောပြန်ချင်လှပြီ။ ဘိုမ၏ ဂါဝန်ကို မိဘများ မြင်အောင် ပြချင်လှပြီ။ သို့ကြောင့်...

"ဟဲ့...ဒီနေ့တော့ မဆော့နဲ့တော့ဟာ။ စောပြန်ကြစို့"

ဟု ကျွန်မက နှိုးဆော်လိုက်ပေမယ့် ယုဝေနှင့် ခန့်လွင်က လက်မခံ။

"အာ... မပြန်ပေါင်။ ငါတို့ဆော့ကြဦးမယ်လေ"

"အေးလေဟာ၊ ညနေတိုင်းဆော့နေကျကို"

"ဟယ်...နင်တို့ကလည်း ဒီနေ့က အရင်နေ့တွေနဲ့ မတူဘူးလေ။ ငါ့ဘိုမရဲ့ ဂါဝန်ကို မေကြီးတို့၊ ဖေကြီးတို့ မြင်အောင် ပြချင်လို့ဟာ"

"ဩော်...နင်က နင့်မှာ ဘိုမရုပ်ကြီး ရှိတယ်ဆိုတာနဲ့ ငါတို့ကို အဖက်မလုပ်တော့ဘူး ဆိုပါတော့"

"ဟာ...အဲဒီလိုတော့ ဘယ်ဟုတ်မလဲ။ နင်တို့နဲ့ ဘိုမကို နှိုင်းလို့ ဘယ်ရပါ့မလဲ"

"မယုံဘူးဟာ။ နင်ပြန်ရင် ငါတို့ကတော့ အဲဒီလို သဘောထားမှာပဲ။ နင့်ကို မခေါ်ဘဲ နေမှာ။ ဟုတ်တယ် နော် ယု"

"အေး၊ ခန့်လွင်ပြောတာ ဟုတ်တယ်"

အဆိုးဆုံးက မိန်းကလေး နှစ်ယောက်နှင့်ပင် ယှဉ်ပြိုင်နိုင်လောက်အောင် အပြောင်းသန်သော ခန့်လွင်။ ယခုလည်း ယောကျ်ားလေးတန်မဲ့ စကားနာထိုးနေပြန်ရာ ကျွန်မလည်း သူတို့ကို လိုက်လျောလိုက်ရသည်။ စိတ်မပါလက်မပါဆိုပေမယ့် သူတို့နှစ်ဦးနှင့်အတူ ကမူတစ်ဖက်ရှိ မြက်ချုံကောထဲတွင် တူတူပုန်းတမ်း ကစားလိုက်ကြတာ မည်မျှကြာသွားသည်မသိ။ နေဝန်းကြီး လုံးလုံးပျောက်၍ အလင်းရောင်မှုန်ပြပြသာ ကျန်ရှိတော့မှပဲ အိမ်ပြန်ရန် သတိရတော့၏။

"ဟဲ့...ကောင်မတို့၊ ဟိုမှာ နေမရှိတော့ဘူး"

"အဲဒါ မသိဘူးလား။ အနောက်နိုင်ငံတွေကို ခရီးထွက်သွားတာလေ။ နင်ကလည်း အ,ပါ့"

"ဩော်...ယုရယ်၊ ငါက နေမရှိတော့ဘူး။ မိဘတွေ စိတ်ပူနေတော့မယ့်အကြောင်းပြောတာ"

"အေး၊ ဟုတ်သားပဲ။ တို့ပြန်ကြစို့ ခန့်လွင်"

ထိုအခါမှ သုံးယောက်သားအရောသောပါး အိမ်ပြန်လာခဲ့ကြသည်။

ခန့်လွင်၏ အိမ်က အနီးဆုံးဖြစ်၍ ၅မိနစ်ခန့် လျှောက်လာပြီးနောက် သူ့အိမ်ရှေ့သို့ ရောက်၏။ ခန့်လွင်၏ အမေက စိတ်ပူနေပြီး အိမ်ရှေ့တွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ကာ ခန့်လွင်ကို မျှော်နေသည်။

"ဟယ်...သားရယ်၊ နောက်ကျလိုက်တာ။ ခုပဲ သားဖေဖေ လာကြိုတော့မလို့"

"ဟိုကောင်မလေးတွေပေါ့ မေမေရယ်၊ သားက ပြန်ပါမယ်ဆိုတာကို မပြန်နိုင်းဘဲ အတင်းဆော့ခိုင်းနေလို့"

ခန့်လွင်က သူ့အပြစ်ကို သူများအပြစ်ဖြစ်အောင် လုပ်ပြီ။ ဤသည်က သူ့အကျင့်ဖြစ်နေ၍ ကျွန်မတို့လည်း ရင်းပြမနေတော့ဘဲ သူ့ကိုသာ လက်သီးထောင်ပြပြီး ဆက်လျှောက်လာခဲ့ကြသည်။ ခန့်လွင်၏ အမေကတော့ သူ့သားအကြောင်း ကောင်းကောင်းသိသောကြောင့် မည်သူမည်ဝါကိုမျှ အပြ[...]

တင်မနေဘဲ ပြုံးလျက်နှင့် သားပခုံး[...]

ဖက်ကာ အိမ်ထဲသို့ ဝင်သွားလေ[...]

ယုဝေနှင့် ကျွန်မ၏ အိမ်[...]

အကွာအဝေးအတူတူပင် ဆို[...]

မည်။ လမ်းလေးခု ဆုံရာနေရာ[...]

ရောက်သည့်အခါ ကျွန်မက ကျွန်မ[...]

ရှိသည့် ဘယ်ဘက်လမ်းထဲသို့ [...]

ဝင်သွားရပြီး ယုဝေကတော့ သူ့[...]

တည်ရာ ညာဘက်လမ်းထဲသို့ ချိုး[...]

သွားရသည်။ ကွေ့ဝင်ပြီး မကြာ၊ အိ[...]

ရှေ့သို့ ရောက်ရှိသွားမည်သာဖြစ်သည်[...]

နေရောင်က မှုန်ဖျော့ဖျော့သာ ကျ[...]

တော့သည်။ လမ်းလေးခွသို့ ရောက်[...]

ပြီမို့ သူငယ်ချင်းနှစ်ယောက် တစ်[...]

တာအတွက် ခွဲခွာနှုတ်ဆက်ရတော[...]

မည်။

"ကောင်မခရေ...မနက်ဖြ[...]

တွေ့ကြမယ်"

"အေး...ယု၊ တာ့တာ"

နှစ်ဦးသား တစ်ပြိုင်နက်ဆိုသ[...]

ကျောခိုင်းလိုက်ကြပြီး လမ်းထဲသ[...]

အသီးသီးဝင်ရောက်လာလိုက်၏။ ဤ[...]

သည်မှာ နေ့စဉ် နိစ္စဒူဝအဖြစ်အပျ[...]

ဖြစ်၍ ကျွန်မတို့ သူငယ်ချင်းနှစ်ယော[...]

အဖို့ အဆန်းတကြယ်မဟုတ်။ သ[...]

သော် ယနေ့ကျမှ ယုဝေက မည်[...]

စိတ်ကူးပေါက်သည် မသိ၊ နှစ်ယော[...]

သား ကျောခိုင်းပြီး ခြေနှစ်လှမ်းလော[...]

လှမ်းရုံရှိသေး...

"ဟဲ့...အမလေး...ပွင့်ဖြူ၊ နင်[...]

နောက်မှာ သရဲ...သရဲ"

ဟု လှမ်းအော်လိုက်၍ ကျွန်[...]

မှာ ကြက်သီးတဖြန်းဖြန်းထကာ တ[...]

ကိုယ်လုံးတောင် ဆတ်ခနဲ တုန်သွာ[...]

နောက်ဘက်သို့ အလန့်တကြား လှည့်[...]

ကြည့်မိသည်။ မြင်တွေ့လိုက်ရတာတော[...]

ပြုံးဖြီးဖြီးကြီး ရယ်နေသည့် မိယုဝေ[...]

www.burmeseclassic.com

"ဟဲ့…ဘယ်မှာတုန်း သရဲ"

"ဟီးဟီး…ညည်းကို စ တာပါ ဆောက်မရယ်၊ ညည်းက သရဲကြောက် တတ်သလား"

"ဟဲ့…မကြောက်ဘဲ နေမလား။ မှာ ကြက်သီးတွေတောင် ထကုန်ပြီ"

"ဟီးဟီး…သိဘူးလေ၊ ညည်း အရုပ်မက သရဲထက်တောင် ကြောက် စရာကောင်းသေးတော့ ညည်း သရဲ ကြောက်တတ်တော့ဘူးလို့ ထင်နေ တာ"

"အရူးမ၊ တော်ပြီ၊ နင့်ကို ငါ ခေါ်တော့ဘူး"

"ဟီးဟီး…"

ကျွန်မက စိတ်တိုတိုဖြင့် ယုဝေ ကို ဆဲဆိုပြီး ဆတ်တောက် ဆတ် တောက်နှင့် ထွက်လာခဲ့၏။ ယုဝေက တော့ ကျွန်မ စိတ်ဆိုးသွားသည့်ပုံစံကို ကြည့်ပြီး တဟီးဟီးလှောင်ရယ်နေ တန်း။

◈◈◈

ကျွန်မတွင် အစ်မနှစ်ယောက်ရှိ သည့်အကြောင်း ထည့်ပြောရန် မေ့ခဲ့ သည်။ ကျွန်မက မွေးချင်းထဲတွင် အငယ်ဆုံးလေးဖြစ်ပြီး ကျွန်မအထက် တွင် ရှစ်နှစ်/ ခြောက်နှစ်ကွာသည့် အစ်မနှစ်ယောက်ရှိ၏။ ထိုစဉ်က ကျွန်မ ၏ အစ်မကြီးမှာ (၁၈)နှစ်ခန့်ရှိနေပြီဖြစ် ၍ သူမနှင့် အသက်အတော်ကွာသော လေးသာသာ ညီမငယ်နှင့် ရောနှော ပေါင်းသင်းခြင်း သိပ်မရှိတော့သဖြင့် ကျွန်မမှာ အစ်မလတ်နှင့်သာ တအူအူ ဖြစ်ခဲ့ကြသည်။ အထူးသဖြင့် ကြောက်တတ်သော ကျွန်မ၏ အကျင့် ကြောင့် အသက် ၁၆နှစ်ရှိပြီဖြစ်သော အစ်မလတ်ခမျာ တစ်ကိုယ်တည်း အိပ်စက်ခွင့်မရ၊ ကျွန်မနှင့် အတူလာ အိပ်ပေးရသည်။

ကျွန်မ ရှင်မှအပြန် အိမ်သို့ ရောက် သည့်အခါ ကျွန်မမှာ ခေါင်းကိုက်ခြင်း ဝေဒနာကို ရုတ်ခြည်း ခံစားလာရသည်။ စောစောက မကျီစယ်စဖူး ကျီစယ် လိုက်သော သူငယ်ချင်းမ ယုဝေကြောင့် စိတ်လှုပ်ရှားကာ ခေါင်းကိုက်သွားခြင်း ဖြစ်မည်ဟု တွေးမိကာ ယုဝေအပေါ် ဒေါသထွက်မိသည်။ ခေါင်းကိုက်နေ၍ အရုပ်မ၏ ဂါဝန်လှလှကိုလည်း မိဘ များ မြင်အောင် မပြဖြစ်တော့ဘဲ ရှိုး ကေ့စ်ထဲ ထိုးထည့်ကာ အမေတိုက် သည့် အင်္ဂလိပ်ဆေးကို သောက်ပြီး စောစီးစွာ အိပ်ရာဝင်ခဲ့၏။

◈◈◈

"ပေား…ပွင့်ဖြူ ပေား… ပွင့်ဖြူ…"

အသံက တိုးတစ်လှည့် ကျယ် တစ်ခါ ကြားနေရသဖြင့် ကျွန်မလည်း အိပ်ပျော်နေရာမှ လန့်နိုးလာခဲ့သည်။ နိုးနိုးချင်း မျက်လုံးများကို ဖွင့်လိုက် တော့ ပတ်ဝန်းကျင်က မှောင်မည်းနေ သည်။ အသံဗလံတို့ တိတ်ဆိတ်နေ သည်။ ရုတ်တရက် ကြောင်စီစီနှင့် ငါ ဘယ်ကို ရောက်နေပါလိမ့်ဟု တွေး လိုက်မိသေး။ ဩော်…ငါ အိမ်မှာပဲဟု သတိရလိုက်မှ ဘာကြောင့်မှန်းမသိ တစ်ကိုယ်လုံး စိမ့်ခနဲဖြစ်ကာ ကြက်သီး မွေးညင်းများ ထသွား၏။ ထိုစဉ်…

"ပေား…ပွင့်ဖြူ…ပေား… ပွင့်ဖြူ"

ဆိုသော ကွဲအက်အက်အသံကို တိုးတိုးညင်ညင် ကြားလိုက်ရ၍ ကျွန်မ မျက်လုံးပြူးသွားခဲ့ရသည်။ စောစောက လည်း ထိုအသံကြောင့်ပဲ လန့်နိုးလာ ခဲ့သည် မဟုတ်လား။ ဘယ်သူဘယ်ဝါ ၏ အသံပါလိမ့်။ ဘယ်သူကများ မိမိ ကို ခေါ်နေပါလိမ့်ဟု တွေးကာ နားစွင့် လိုက်မိသည့်အခိုက် အသံက စောစော ကထက် ပို၍ကျယ်လောင်လာသည်။

"ပေား…ပွင့်ဖြူ ပေား…ပွင့်ဖြူ"

ဘယ်သူများလဲ။ တစ်ဖက်ခန်းမှ မိဘများ၏ ယောင်ယမ်းသံလားဟု တွေးမိပေမယ့် ထိုအတွေးမှာ အဖြစ်မှန် မဟုတ်ကြောင်း ကိုယ့်ဘာသာကိုယ် အသိဆုံး။ မနက်မိုးလင်း မအော ဖင်ပုတ် နှိုးမှ ထတတ်သည့် ကလေးက ထို အသံ မတိုးမကျယ်ကြောင့် ဖြုန်းခနဲ လန့်နိုးလာရုံမက၊ ကြောက်စိတ်တို့ ဝင်ကာ ကြက်သီးတဖြန်းဖြန်းထနေခြင်း မှာ သွေးရိုးသားရိုးမဖြစ်နိုင်။ သို့ကြောင့် ခေါ်သံကြားပေမယ့် အသံမပြုသေးဘဲ အသံပျောက်သွားချိန်အထိ တိတ်တိတ် ကလေး စောင့်ကြည့်နေမိသည်။ သို့ သော် အသံက ပျောက်မသွားသည့် အပြင် တစ်စထက်တစ်စ တိုး၍ပင် ဆိုးလာသေး။

"ပေား…ပွင့်ဖြူ ပေား… ပွင့်ဖြူ…"

ဤတစ်ကြိမ်တွင် အသံမှာ သာမန်မကဘဲ အာခေါင်ခြစ်အော်နေ သကဲ့သို့ စူးရှစွာ ထွက်ပေါ်လာခြင်းဖြစ် ရာ ကျွန်မမှာ နေစရာမရှိတော့အောင် ထိတ်လန့်လာရသည်။ တော်ပါသေး၏။ နံဘေးတွင် အစ်မလတ် ရှိနေ၍သာ စိတ်သက်သာတော့၏။ နှိုးမိုးသာဆိုလျှင် ထိုနေရာ၌ပင် ကြောက်စိတ်ကြောင့် ကျွန်မ အသက်ထွက်သွားနိုင်သည်။ အသံက ကျယ်လောင်ရုံမက၊ ဖော်ပြရ ခက်လောက်အောင် ဝိညာဉ်အော်သံ အလား ကွဲအက်အက် ပြာတာတာနှင့် ရင်ခေါင်းသံကြီး။ ဘယ်သူဘယ်ဝါမှန်း မသိပေမယ့် ကျွန်မ ထူးလည်း မထူးရဲ၊ အပြင်လည်း ထွက်မကြည့်ရဲသဖြင့် အစ်မလတ်ကိုသာ ဖက်ကာ ကြိတ်ငို နေမိသည်။ ခေါ်သံနက်ကြီးက အိမ်ပွင့် ထွက်မတတ် ကျယ်လောင်နေသေးသည်



www.burmeseclassic.com

www.burmeseclassic.com

မည်သူတစ်ဦးတစ်ယောက်မျှ လန့်နိုးခြင်း မရှိသည်ကတော့ အံ့အားသင့်စရာ။

"ပေါး…ပွင့်ဖြူ ပေါး…ပွင့်ဖြူ…လာ…ဆော့မယ်လေ။ လာ…ဆော့ကြတာပေါ့"

အသံက သာ၍ဆိုးလာပြီ။ အစတွင် နာမည်ခေါ်ရုံသာဖြစ်သော်လည်း ယခုတော့ အပြင်ထွက်လာကာ သူနှင့်ဆော့ရန်ပါ တောင်းဆိုနေပြီ ရပ်နားခြင်းမရှိဘဲ ဆက်တိုက်ထွက်ပေါ်နေလေရာ ကျွန်မမှာ ငါ စိတ်မခိုင်ဘဲ ထွက်သွားမိရင် ဒုက္ခပဲ တွေးမိပြီး အစ်မလက်ကို ဖွတ်အတင်းလှုပ်ရမ်းကာ အားကိုးရာ ကြည့်သော်လည်း သူမက တုတ်တုတ်မျှ မလှုပ်။

အစ်မလက်ကို နှိုးမရမှန်း သိလိုက်၍ ကျွန်မလည်း ဘုရားကိုသာ သတိရမိသည်။ မေမေပြောပြချက်အရ ဘုရားစာရွတ်လျှင် သရဲပြေးသည်ဟု သိထား၍ သမ္ဗုဒ္ဓေဂါထာတော်ကြီးကို ရွတ်ဆိုရန် စိတ်ကူးမိသော်လည်း နှုတ်က သမ္ဗုဒ္ဓေဟုသာ ရေရွတ်ပြီး ဆက်ဆိုရန် စာသားများမှာ စဉ်းစားမရတော့။ အားလုံး အသိဉာဏ်ထဲမှ ပြေးခွာပျောက်သွား၍ "သမ္ဗုဒ္ဓေ…ဘုရား…သမ္ဗုဒ္ဓေ…ဘုရား"ဟူ၍သာ အထပ်ထပ်အခါခါ ရေရွတ်နေမိသည်။ အသံကတော့ ပျောက်မသွားသေးပါ။ သို့သော် ဘုရားစာကို စတင်ရေရွတ်လိုက်သည်နှင့် တစ်ပြိုင်နက် ဆက်တိုက်ထွက်ပေါ်နေသော ခေါ်သံသည် တစ်စတစ်စ ကြိမ်နှုန်းလျော့ကျသွားပြီး တဖြည်းဖြည်းနှင့် အသံတိုးသွား၍ ကျွန်မ အားတက်သွားမိသည်။ သို့ကြောင့် ဘုရားစာကိုသာ စိတ်အာရုံညွှတ်ကာ ထပ်ခါထပ်ခါ ရွတ်ပွားနေမိ၏။ ကျွန်မတစ်ကိုယ်လုံးလည်း ကြောက်စိတ်တို့ကြောင့် ဇောချွေးတို့ ပြန်ကာ ရွဲစိုနေပြီ။

အသံကိုပင် ဂရုမစိုက်တော့ဘဲ မည်မျှကြာအောင် ရေရွတ်နေမိသည် မသိ။ ကျွန်မ သတိရ၍ နားစွင့်လိုက်သည့်အခါ ခေါ်သံကို မကြားရတော့ပေ။ နောက်ပြီး စောစောက ကျွန်မစိတ်သန္တာန်ကို လွှမ်းမိုးချုပ်ကိုင်ထားသော ကြောက်စိတ်၊ လန့်ဖျားစိတ်တို့သည်လည်း လေနှင်သော ရွက်ကြွေပမာ ဝေးလွင့် ဖယ်ခွာသွားခဲ့ပြီ။ ထိုအခါမှပဲ ကျွန်မ ဆီးသွားချင်နေသည်ကို သတိပြုမိ၏။ သို့ပေမယ့် ကျွန်မတစ်ယောက်တည်း အခန်းပြင် မထွက်ရဲပါ။ နေရာမှ ရွှေ့လိုက်သည်နှင့် တစ်စုံတစ်ရာကို တွေ့လိုက်ရမည်စိုး၍ တစ်လက်မမှ မရွှေ့လျားဘဲ ငြိမ်ငြိမ်ကလေး လှဲနေမိသည်။ အစ်မလက်ကိုလည်း တင်းတင်းကျပ်ကျပ် ဖက်ထားခဲ့။

၅ မိနစ်ကို ကျွန်မ၏ စိတ်တွင် ၅နာရီခန့် ထင်နေမိခဲ့သည်။ ကျွန်မ ငြိမ်နေပြီးမကြာ တစ်ဖက်ခန်းဆီမှ တံခါးဖွင့်သံကြားလိုက်ရ၍ ကျွန်မ လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။ အပြင်မီးချောင်းဖွင့်လိုက်၍ အခန်းတွင်းသို့ မီးရောင်ဖျော့ဖျော့ဝင်လာ၏။ တစ်စုံတစ်ယောက် အိပ်ရာနိုးလာခဲ့ပြီ။ သို့သော် မထွက်ရဲသေးဘဲ မည်သူမည်ဝါလဲဆိုတာ သိရှိရစေရန် ပိတ်ထားသော တံခါးရွက်ကြားမှ ကျွန်မ ချောင်းကြည့်လိုက်တော့ ကျွန်မအခန်းဆီသို့ လျှောက်လာသော မေမေ့ကို တွေ့လိုက်ရသည်။ တံခါးဖွင့်သည်နှင့် တစ်ပြိုင်နက် ကျွန်မ မေမေ့ကို ပြေးဖက်လိုက်သည်။

"ဟဲ့…သမီးငယ် နိုးနေပြီလား။ ဟယ်…တစ်ကိုယ်လုံးလည်း ချွေးတွေ ရွှဲနေတာပဲ။ အကျႌလဲရအောင်"

မေမေက ကျွန်မကို ဆွဲကာ တစ်ဖက်ခန်းထဲသို့ သွားပြီး အဝ[...] အစားလဲပေး၏။ ကျွန်မက ယခုချိန်[...] အတန်ငယ် ကြောက်ရွံ့နေဆဲမို့ မေ[...] လက်ကို ဖွတ်အတင်းဆုပ်ကိုင်ထာ[...] မေမေကတော့ကျွန်မပုံစံကို ကြ[...] ကာ စိုးရိမ်စိတ်ဝင်နေသေးသည်[...] ကျွန်မကတော့ မေမေ မည်ကဲ့သို့ ထ[...] မြင်ပါစေ၊ ဂရုမစိုက်တော့ဘဲ မေ[...] လက်ကိုသာ ဖွတ်အတင်းဆွဲကိုင်ထာ[...] ရင်း ကြောက်ရွံ့သည့်စိတ်ကို [...] ပျောက်နေရသည်။

စောစောက ခေါ်သံနက်ကြီး[...] အော်နေတာ ဘယ်သူများလဲ။ ဘယ်[...] လဲ။ အိမ်ရှေ့ကလို့တော့ ထင်တာ[...] စသဖြင့် တွေးတောနေမိပေမယ့် [...] ဘက်ကြီးဖြစ်၍ သွားမစပ်စုရဲ[...] အချိန်ကလည်း ည ၂နာရီခန့်သာ[...] သေးသောကြောင့် တစ်ရေးပြန်[...] လိုက်ရ၏။

◈◈◈

အကာယ်၍ အဖြစ်မှန်ကိုသာ [...] က သိလိုက်ရလျှင် ကျွန်မ ပြန်[...] ပျော်လိမ့်မည်မထင်။ မနက်မိုးအ[...] တစ်အိမ်လုံး အိပ်ရာထသည့်အ[...] ကျွန်မ အိမ်ရှေ့ထွက်ကြည့်မိတော့ [...] တွေ့လိုက်ရသော မြင်ကွင်းက ကျ[...] ကို အံ့ဩသွားစေခဲ့သည်။

"ဟင်… ဘိုမကို ဘယ်သူ[...] အိမ်ပြင်ထုတ်ထားတာလဲ"

မနက်စာ စားသောက်နေခ[...] သဖြင့် မည်သူကမျှ ကျွန်မ မေး[...] မေးခွန်းကို ဖြေဆိုရန် စိတ်မဝင်စာ[...] ထိုမေးခွန်းက သိပ်အရေးပါလ[...] သူတို့တစ်တွေမှ မသိကြဘဲကိုး။ ကျ[...] လည်း အဆူခံရလျှင် ခံရပါစေ[...] သိရမှ ဖြစ်မည်ဟု တွေး[...] ထပ်ခါအော်ရင်း တစ်ယောက်ချင်း[...] လိုက်မေးမိသည်။

www.burmeseclassic.com

www.burmeseclassic.com

"ဩော်…သမီးငယ်ရယ် အမေ
…သားစရာလား။ သမီး အထားမှား
…နေမှာပေါ့"

"ဖေကြီးလည်း ဘယ်သိပါ့မလဲ။
…က သမီးအရုပ်ကို ကိုင်မလား"

"ဟယ်…ရှုပ်တီးရှုပ်ယှက်၊ နင့်
…ရုပ်စုတ်ကို ငါက အိမ်ရှေ့ဘင်မက
…အမှိုက်ပုံးထဲမှာ ထားချင်တာ"

"ငါ မကိုင်ဘူး။ နင် ကျူရှင်က
…အိမ်ရှေ့မှာ မေ့ကျန်ထားခဲ့တာ
…ပေါ့"

"ဟင့်အင်း။ သမီး မထားဘူး
…တ်။ ဘယ်သူမှလည်း မထားဘဲ
…အရုပ်က ဘယ်လိုလုပ်ပြီး အိမ်ရှေ့
…က်နေရတာလဲ။ သေချာတယ်၊ ည
…သမီး သူ့ကို ရှိုးကေ့စ်ထဲမှာ ထည့်
…ခဲ့တာ"

နောက်ဆုံး တစ်အိမ်သားလုံးသာ
…သွားသည်။ ဘိုမရုပ်ကို ရှိုးကေ့စ်
…ဘက် ထုတ်ယူပြီး အိမ်အပြင်သို့ သွားထားသည့် တရားခံကို ရှာမတွေ့ခဲ့ချေ။ ထိုဖြစ်ရပ်အပေါ် နားလည်နိုင်စွမ်း မရှိသော်လည်း မသိစိတ်က ညက အဖြစ်အပျက်သည် ထိုအရုပ်နှင့် ပတ်သက်မှု ရှိနေသည်ဟု ခံစားမိ၍ ဘိုမရုပ်ကို အစ်မကြီး၏ စိတ်ကူးအတိုင်း အမှိုက်ပုံတွင် သွားလွှင့်ပစ်ခဲ့လိုက်၏။

ထိုစဉ်က ထိုဖြစ်ရပ်အပေါ် နားမလည်ခဲ့ ...မယ့် ယခု အရွယ်ရောက်သည့်အခါ၌ ရေးတေးတေး သဘောပေါက်လာမိသည်က ညနေစောင်းအချိန်တွင် လူသူကင်းမဲ့သည့် ကမူ/မြက်တောထဲမှ ဖြတ်လာသောကြောင့် မမြင်အပ်သူ တစ်စုံတစ်ရာက အရုပ်အပေါ် အမှီသဟဲပြုကာ တွယ်ကပ်လာနိုင်သလို၊ လမ်းလေးခွဆုံရာ၌ သူငယ်ချင်းက ကျွန်မ၏ နောက်ကျောကို ကြည့်ပြီး သရဲ…သရဲဟု အော်လို…ဲ သောကြောင့် မကျွတ်လွတ်သေးသည့် အမှောင့်ယောဂတို့ကို သတိပေးသလို ဖြစ်ပြီး ကျွန်မထံပါးသို့ ပြေးလာကြကာ၊ တွယ်ကပ်၍ ရနိုင်မည့်အရုပ်ဆီတွင် မှီခိုကာ အိမ်ထဲသို့ ဝင်လာခဲ့ကြခြင်းဖြစ်ပေလိမ့်မည်ဟု ကျွန်မ သုံးသပ်မိပါသည်။ အကယ်၍ ကျွန်မသာ ဘုရားစာကို မရွတ်ဆိုမိဘဲ စိတ်ချောက်ချားကာ အပြင်သို့ ပြေးထွက်လာမိခဲ့လျှင်၊ (သို့မဟုတ်) စိတ်မထိန်းနိုင်ဘဲ အိမ်ရှေ့သို့ ထွက်သွားခဲ့လျှင်၊ မည်ကဲ့သို့ ဆက်ဖြစ်မလဲဆိုတာကို ကျွန်မ မမှန်းဆတတ်ပါ။ လောကတွင် လူတို့၏ အသိဉာဏ်ဖြင့် တွေးခေါ်မှန်းဆ၍ မရနိုင်သော ဖြစ်ရပ်ဆန်းကြယ်ကိစ္စရပ်များ အမှန်တကယ် တည်ရှိနေသည့်အကြောင်းကို ဤဖြစ်ရပ်မှန် ဝတ္ထုငယ်လေးနှင့် သက်သေထူလိုက်ရပါတော့၏■

စေတနာရှေ့ထားလျက်…

* * *

ဂါဦးနွန်းကို"

ရွှေကျောက်မား

ဂမ္ဘီရကျောက်မားဆရာကြီးမှ

ထုတ်လုပ်သော အထူးဆေးစွမ်းကောင်းများ

…ကြောပြေဒက်ကြေလိမ်းဆေး
…ရုံကြောအားတိုးဆေး
…လုံးသည်းခြေဆေး

နှိပ်ဝဲထုံးဆောင်ထူအားထုံး
ထျန်းမာချမ်းသာကြပါစေ။

…ပါဆေးဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်၊
…ဘစ်ရောဆေးဆိုင် (မြို့မဈေး၊ နေပြည်တော်)
…ရောဂျဆေးဆိုင် (မြို့မဈေး၊ နေပြည်တော်)
…စုံအောင်ဆေးဆိုင် (မြို့မဈေး၊ နေပြည်တော်)
…မားဆေးဆိုင် (သဲကျွန်း၊ ပျဉ်းမနား)

နံနက်(၁၀:၀၀)နာရီမှ ညနေ(၃:၀၀)နာရီထိ
(တနင်္လာနေ့တိုင်း ပိတ်သည်)

ရွှေကျောက်မားဆေးတိုက်

အမျိုးသမီးတို့၏ ဦးနှောက်နှင့် အသည်းနှလုံး



ဆရာမ ဒေါ်လွင်လွင်ထား
B.A (Psycho:)

အမျိုးသမီးတို့၏ အကြံအစည်၊ အမျိုးသမီးတို့၏ ခံစားချက်တို့မှာ တစ်မျိုးတစ်ဘာသာ ဖြစ်ပါသည်။ အမျိုးသမီးတို့၏ 'ကံသင်္ချေတ'တို့သည်လည်း တစ်သီးတခြား ဖြစ်ပါသည်။ မနောဗေဒင်ပညာရှင် ဆရာမဒေါ်လွင်လွင်ထားနှင့် အမျိုးသမီးတိုင်း ဆွေးနွေးကြည့်လိုက်ပါ။ ဘဝ၏ မိုးကုပ်စက်ဝိုင်းသစ်တစ်ရပ်ကို တွေ့ကြရပါလိမ့်မည်။ ယနေ့ ပညာခေတ်ကြီးတွင် ဘဝသည် ပဟေဠိတွေချည်း မဟုတ်တော့ပါ။

(အမျိုးသမီးသီးသန့် ဗေဒင်ဟောခန်း)

နံနက်(၁၀:၀၀)နာရီမှ ညနေ(၃:၀၀)နာရီအထိ
(တနင်္လာနေ့တိုင်း ပိတ်သည်)

ဆိုင်အမှတ်(၃)၊ မဟာဝိဇယဘုရား အနောက်ဘက်မုခ် (လိပ်ကန်၊ ငါးကန် အနီး)။
☎ ၀၉ ၅၁ ၈၃၃၃၉၊ ၀၉ ၇၃၀ ၂၄၈၉၅၊ ၀၉၄၂၀၀၄၇၃၆၂

www.burmeseclassic.com

www.burmeseclassic.com

# ချောင်းဆိုးရောဂါဟူသမျှ ပျောက်ကင်းချမ်းသာရ

ရဲရဲထွန်း(ဟင်္သာတ)

ယနေ့ လူတို့သည် ချောင်းအလွန်ဆိုးကြ၏။ ဆေးလိပ်သောက်သည့်ဖြစ်စေ၊ အဆီအဆိမ့် အစာများစား၍ဖြစ်စေ၊ လေထုညစ်ညမ်းမှုဖြစ်စေ၊ အဆုတ်ရောဂါကြောင့်ဖြစ်စေ ချောင်းတွေဆိုးနေကြ၏။

လူတို့ ချောင်းဆိုးရခြင်းအကြောင်းမှာ လေပျက်၍သော်လည်းကောင်း၊ သည်းခြေပျက်၍သောလည်းကောင်း၊ သလိပ်ပျက်၍သောလည်းကောင်း၊ အဆုတ်ပျက်၍သော်လည်းကောင်း ချောင်းဆိုးရခြင်းအကြောင်းငါးပါးရှိသည်။

မည်သို့သော အကြောင်းကြောင့် ချောင်းဆိုးသည်ဖြစ်စေ၊ ယခုဖော်ပြပါ သာရကောမုဒီ ဆေးကျမ်းလာ ချောင်းဆိုးရောဂါပျောက်ဆေးများကို မှီဝဲသောက်သုံးပါက ချောင်းဆိုးရောဂါဟူသမျှ ပျောက်ကင်းချမ်းသာမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

ဆေးနည်းများမှာ -

(၁) ပဲနောက်ကိုရေအတန်အသင့် ထည့်၍ လေးပုံတစ်ပုံအရည်ကြိုပါ။ ထိုအရည်တွင် မြေပုံရုံး မြစ်ကို ကျက်အောင်ကြို၍ စစ်ယူရောပါ။ ထို့နောက် ထိုအရည်နှစ်မျိုးတွင်း ဆီးဖြူသီးရည်၊ သံပုရည် စသည်ဖြင့် အတန်ထည့်၍ နေ့စဉ် တစ်နေ့သုံးကြိမ်၊ တစ်ကြိမ်[...] (၅)ကျပ်သားခန့်သောက်ပါ။

(၂) မြေပုံရုံးမြစ်ကို ရေအတန်နှင့် လေးပုံတစ်ပုံ[...] အောင်ကြိုပါ ထိုအရည်တွင် ပိတ်ချင်းသီးမှုန့် အတန်[...] ထည့်၍ နေ့စဉ်သောက်ပါ။

(၃) မန်ကျည်းရွက်ကို ရေအတန်နှင့် လေးပုံ တစ်[...] ကြိုပါ။ ထိုအရည် ရှစ်မူး သိန္ဓောတစ်မူး ရှိန်းနိုင်ငံရွှေချိန်[...] ထည့်၍ နေ့စဉ် ချောင်းဆိုးမပျောက်မချင်း သောက်ပါ။

(၄) သစ်ဆိမ့်သီးအဆံကို နွားချေးမီးဖုတ်[...] ညက်အောင်ကြိတ်ပါ။ ထို့နောက် ထောပတ်ဖြင့်[...] အလုံးများလုံး၍ စားသုံးပါ။

အထက်ပါဆေးနည်း (၄)နည်းအနက် မည်သည့်[...] ဆေးနည်းမဆို ဖော်စပ်၍ သောက်သုံးပါက ချောင်းဆိုး[...] သမျှ ပျောက်ကင်းချမ်းသာရမည်ဖြစ်ကြောင်း ရှေးဟောင်း[...] ကျမ်းလာအတိုင်းဖော်ပြအပ်ပါသည်။

မှီငြမ်း - သာရကောမုဒီဆေးကျမ်း

* * *

ရဲရဲထွန်း(ဟင်္သာ[...]

www.burmeseclassic.com

www.burmeseclassic.com

ဝတ္ထုတို

# နှလုံးလှသူတိုင်း သိစေချင်

## နိယာမ ဆရာအောင်ကျော်မင်း

၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ရက်၊ သောကြာနေ့နံနက် ပိုင်း ညှိုမှိုင်း အုံ့ဆိုင်းနေတဲ့ တစ်နေ့တာအကြောင်းကို ကျွန်တော်ပြောပြချင်ပါတယ်။ ထိုနေ့က ကျွန်တော်ဟာ လှိုင်သာယာမြို့နယ်၊ ရေညက်ကုံသောင်ကြီး ၄ရပ်ကွက်၊ မြတ် သောင်လမ်း၊ ပန်းသဇင်အဆောင်အပေါ်ထပ်တွင် ဗေဒင်ဟော ပြီးနေပါတယ်။

ဆောင်းလေပြည်လေညင်းတွေက တဖြည်းဖြည်းတိုး လာတဲ့ ဒဏ်ကြောင့် ကျွန်တော့်ရဲ့ ခန္ဓာမှာ အေးစိမ့်စိမ့် ဖြစ်နေပါတယ်။ ကျွန်တော် ခတ်ဖူးထဲမှ ရေနွေးကြမ်းကို သောက်ထဲ လောင်းထည့်နေစဉ်မှာ…

"ဦးလေး…ဧည့်သည်လာတယ်"

တူလေးဖြစ်သူ ကောင်းသစ်ကျွန်းရဲ့ စကားမဆုံးမီပင် ဆရာ အောင်ကျော်မင်း၊ မင်္ဂလာပါ ဟူသော အသံကို ဆက်တည်း ကြားလိုက်ရပါတယ်။ လို့နောက် ဖြူဖြူ ည် ထောင်ထောင်မောင်းမောင်း ခန္ဓာကိုယ်ကြီးတစ်ခု ဗေဒင်ဟောခန်းထဲသို့ လှစ်ခနဲရောက်လာပါတယ်။

"ဩော်… အစ်ကို စိုးမြသာ၊ လာ…လာ…ထိုင်၊ ရောက်တာ အတော်ကြာပြီလဲ"

စိုးမြသာနှင့် ကျွန်တော်ဟာ လှိုင်သာယာမြို့နယ်၊ အေဥယျာဉ်ဓမ္မာရုံ ၁၀ရက် တရားစခန်းဝင်တုန်းက ခင်မင် ခဲ့ကြတဲ့ ဓမ္မမိတ်ဆွေတွေ ဖြစ်ပါတယ်။ သူရောက်လာ ၊ သမထကျင့်စဉ်နှင့် ပတ်သက်၍ မေးမြန်းလေ့ရှိပါတယ်။

"ဘာစာတွေ ရေးနေတာလဲ ဆရာ အောင်ကျော်မင်း

"ဗေဒင်ဆရာဆိုတော့ ဟောစာတမ်းတွေ ရေးတာပေါ့ မနက်ဖြန်ကျရင် ကျောင်းဆရာမ ဒေါ်အိအိသွယ်တို့ မောင်နှံ ဟောစာတမ်းလာယူတော့မှာလေဗျာ"

စိုးမြသာက ကျွန်တော့်ရှေ့စာညှိတည့် ကုလားထိုင်ပေါ် တွင် ထိုင်၍ သူ့လက်ထဲတွင် ပါလာသော သားရေအိတ် အနက်ရောင်ကို စားပွဲခုံပေါ် တင်မည်ပြုပြီးမှ မတင်တော့ဘဲ သူ့ပေါင်ပေါ် ပြန်တင်လိုက်ပါတယ်။ ထို့နောက် စိုးမြသာဟာ မြသဇင် လမ်းမပေါ်ဘက်သို့ ငေးမောရင်း စကားစတင်ဆိုပါ တယ်။

"ဆရာ"

"ဗျာ"

"ဆရာ…ကျွန်တော်တို့ တရားစခန်းမှာတုန်းက ဆရာပြောပြခဲ့တဲ့ မဟာဒ္ဒိ ဝိပဿနာ သရဏဂုံကျင့်စဉ်ကို တစ်ဘက်တိ ကျွင့်ကြံအားထုတ်ဖူးပါတယ်။ အရောင်းအဝယ် ကောင်းလာတယ်။ စီးပွားရေးလည်း အလိုလိုအဆင်ပြေလာ တယ်"

စိုးမြသာနှင့် ကျွန်တော် သရဏဂုံကျင့်စဉ်နှင့် ပတ် သက်၍ ဆွေးနွေးနေစဉ်မှာ ဗေဒင်လာမေးမယ့် အမျိုးသမီး နှစ်ဦးရောက်လာတယ်။

"ဆရာ…ဟိုမှာ ဧည့်သည်လာတယ်၊ ပြန်လိုက်ဦးမယ်"

ဟု နှုတ်ဆက်ကာ ကျွန်တော့်ရဲ့ ဓမ္မမိတ်ဆွေဖြစ်သူ စိုးမြသာ ပြန်သွားလေတယ်။ ကျွန်တော်ကိုယ်တိုင်လည်း မဟာဒ္ဒိ ဝိပဿနာ သရဏဂုံကျင့်စဉ်ကို နေ့မနား ညမနား နှစ်ပတ်တိတိ အားထုတ်ခဲ့ဖူးပါတယ်။ အလိုလို ငွေကြေး လာဘ်လာဘကံ ကောင်းလာတယ်။ ဗေဒင်လည်း အတော် များများဟောရလာတယ်၊ အပူအပင်သောကကင်းပြီး ကျွန်တော့်စိတ်နှလုံးဟာ အေးချမ်းလာတယ်။

ဩော်…ကျွန်တော့်ရဲ့ မိတ်ဆွေ စိုးမြသာနှင့် ကျွန်တော် ကံကောင်းသကဲ့သို့ စာဖတ်သူတို့ကိုလည်း ကံကောင်းစေချင် သော စေတနာဖြင့် မဟာဒ္ဒိ ဝိပဿနာကျင့်စဉ်ကို ဆွေးနွေး



www.burmeseclassic.com

www.burmeseclassic.com

တင်ပြလိုပါတယ်။

ပထမဦးစွာ ငါးပါးသီလကို ခံယူရမယ်။

သီလတော်မြတ်ကို မကျိုးမပေါက်အောင် တတ်နိုင်သလောက် စောင့်သိန်းပါ။

မဟိဒ္ဓိ ဝိပဿနာ သရဏဂုံကျင့်စဉ်

* ဇာတိ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
ဇာတိ ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ
ဇာတိ ပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။
* ဇောဂ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
ဇောဂ ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ
ဇောဂ ပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ
* ဇီဝိတ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
ဇီဝိတ ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ
ဇီဝိတ ပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ
* ယာဝဇီဝံ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
ယာဝဇီဝံ ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ
ယာဝဇီဝံ ပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ
* မရဏကာလံ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
မရဏကာလံ ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ
မရဏကာလံ ပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ
* မရဏကာလ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
မရဏကာလ ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ
မရဏကာလ ပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ
* အရဟတ္တကာလံ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
အရဟတ္တကာလံ ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ
အရဟတ္တကာလံ ပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ
* နိဗ္ဗာန်နကာလံ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
နိဗ္ဗာန်နကာလံ ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ
နိဗ္ဗာန်နကာလံပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ
* နိဗ္ဗာန်န ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
နိဗ္ဗာန်န ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ
နိဗ္ဗာန်န ပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ
* အဇ္ဇ တဂ္ဂေပါဏုပေတံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
အဇ္ဇ တဂ္ဂေပါဏုပေတံ ဓမ္မံ သရဏံ ဂစ္ဆာမိ
အဇ္ဇ တဂ္ဂေပါဏုပေတံ သံဃံ သရဏံ ဂစ္ဆာမိ
* ဗုဒ္ဓေါမေနာထေသတ္တုပါကာရံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
ဗုဒ္ဓေါမေနာထေသတ္တုပါကာရံ ဓမ္မံ သရဏံ ဂစ္ဆာမိ
ဗုဒ္ဓေါမေနာထေသတ္တုပါကာရံ သံဃံ သရဏံ ဂစ္ဆာမိ

စာရေးသူဟာ မေတ္တာရှင် (ရွှေပြည်သာ) ရေးသားခဲ့သော သရဏဂုံအစွမ်း အံ့မခန်းဟူသော စာအုပ်ကို ဖတ်ရတော့ သရဏဂုံ၏ ထူးခြားမှုကို သိခဲ့ရတယ်။ ထို့နောက် သရဏဂုံရဲ့ နက်ရှိုင်းလှသည့် အကြောင်းအရာကိုလည် စာအုပ်တော်တော်များများမှာ ဖတ်ရှုရတယ်။ ထွက်ရပ်လမ် ကြွမြန်းတော်မူနေကြတဲ့ အဝိဇ္ဇာတို့သည်လည်း သရဏ တည်မှ ထွက်ရပ်လမ်းကို အောင်မြင်နိုင်ကြပါတယ်။ အထ ပါ သရဏဂုံကျင့်စဉ်ဟာ အင်္ဂတ္တို၏ ဂါထာကြမ်းတွင် ဝိပဿ နာကျင့် ၁၃ဉ်လို့ ညွှန်းဆိုထားပြီး တချို့ချို့သော လောကီကျ တွင် အဝိဇ္ဇာကျင့်စဉ်လို့ ဖွင့်ဆိုထားတာ တွေ့ရှိရပါတယ် ဝီရိယရှိရှိနဲ့ စာဖတ်သူတို့အနေနှင့် ကြိုးစားအားထုတ်ကြ ရန် တိုက်တွန်းအပ်ပါတယ်။

ဤသရဏဂုံကျင့်စဉ် ပွားများအားထုတ်နေသော ပုဂ္ဂိုလ်ဟာ ငရဲ၊ တိရစ္ဆာန်၊ အသူရကာယ်၊ ပြိတ္တာ၊ အပါယ် လေးဘုံမှ လွတ်မြောက်ပါတယ်။ စိတ်နှလုံးအေးချမ်းပါတယ် ဗုဒ္ဓဘုရားရှင်ကိုယ်တိုင်လည်း သရဏဂုံနဲ့ပဲ စတင် သာသ ပြုခဲ့ပါတယ်။ ထို့ကြောင့် ရှိရှိသေသေဖြင့် ကျင့်ကြံပွားမျ အားထုတ်သင့်ပါတယ်။ ကောင်းမြတ်သော မင်္ဂလာဖြင့် ပြ စုံပါတယ်။ အေးချေးတည်ငြိမ်လာတယ်။ အပူအပင်သော ကင်းတယ်။

အတိတ်ဆိုး၊ နိမိတ်ဆိုး၊ လင်းတ၊ ခွေးအ၊ ဖွ မကောင်းသော နိမိတ်ဟူသမျှ ပ,ပျောက်ပါတယ်။ ဘေ အန္တရာယ်ကင်းတယ်။ ဘီလူးဆိုး၊ စုန်းဆိုး၊ ကဝေ၊ တ မြေဘုတ်၊ နာနာဘာဝများ၊ ဝိနာဘာဝများ အဝေးကပင် ဖ ခွာ ထွက်ပြေးသွားလိမ့်မည်။

ဘေးရန်ကင်းလျှင် နေ့စဉ် ၁၆ခေါက် မှန်မှန်ရွတ်ဖ ရမည်။

ငွေကြေးလာဘ်လာဘပွင့်လိုလျှင် နေ့စဉ် ၂၇ခေါ မှန်မှန်ရွတ်ဖတ်ရမည်။

သူတစ်ပါးအတွန်း၊ အတိုက်အခိုက်များ၊ အိမ်တွင်း သာယာလိုလျှင် နေ့စဉ် ၁၂ ခေါက် ရွတ်ဖတ်ရမည်။

အချစ်ရေး မေတ္တာရေး အိမ်တွင်းရေးကိစ္စများ အဆ ပြေလိုလျှင် နေ့စဉ် ၁၅ခေါက် မှန်မှန်ရွတ်ဖတ်ရပါမယ်။

ရွှင်လန်းချမ်းမြေ့ပါ

* * *

နိုယာမဆရာအောင်ဖြေ

ကျမ်းကိုး -

- ပြည်မြို့ ဘဒ္ဒန္တဝေပုလ္လ သရဏဂုံကျင့်စဉ်ကျမ်း။



www.burmeseclassic.com

www.burmeseclassic.com

# ကျေးဇူးတော်ရှင် အုတ်ဖိုဆရာတော်ဘုရားကြီး ချီးမြှင့်ခဲ့သော ဂါထာတော်များ

ရဲလေး (ဟသ်ာတ)

အထက်ပါ အကြောင်းအရာတို့ကို မရေးသားမီ ကျွန်တော်သည် ကျေးဇူးတော်ရှင် အုတ်ဖိုဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိအား စာဖတ်ပရိသတ်များနှင့် အများသူငှာ သိရှိစေရန် အကျဉ်းချုပ်၍ ဦးစွာရေးသားဖော်ပြလိုက်ပါသည်။

ကျေးဇူးတော်ရှင် အုတ်ဖိုဆရာတော်ဘုရားကြီးသည် ကောဇာသက္ကရာဇ် ၁၁၇၉ ခုနှစ်၊ တပေါင်းလဆန်း ၅ရက်၊ တနင်္ဂနွေနေ့တွင် သာယာဝတီမြို့မှ နှစ်မိုင်အကွာ ရွာကလေးရွာတွင် ဖွားမြင်တော်မူခဲ့ပါသည်။ ငယ်မည်မှာ မောင်ညွှင်းဖြစ်လေ၏။

အရွယ်ရောက်သော် ဆရာတော် ဦးဇော်ဂျီ (ဆင်ဖြူကျွန်းဆရာတော်)ထံ အပ်နှံ၍ ပညာသင်ကြားစေခဲ့သည်။ သာမဏေဘွဲ့တော်မှာ ဦးဥက္ကံဝံသမာလာ ဖြစ်လေ၏။

သာမဏေဘဝ တစ်ဝါရချိန်၌ အဝအုတ်ကျောင်းဆရာတော် ဦးမဏိဇောတထံတွင် နှစ်ဝါတိတိ ပညာဆည်းပူးခဲ့ပြီး လောကမှန်ကင်း ဆရာတော်ထံ၌ ၁၂၀၀ ပြည့်နှစ်တိုင် ခိုလှုံခဲ့လေ၏။

သက္ကရာဇ် ၁၂၀၀ ပြည့်နှစ်တွင် ရန်ကုန်မှ သာယာဝတီသို့ ပြန်ကြွ၍ မန်ကျည်းတောဆရာတော်ဘုရားကြီး ဥပဇ္ဈာယ်ပြုလျက် သာယာဝတီကျောင်းတိုက်၊ ဗုဒ္ဓသိမ်တော်၌ မြင့်မြတ်သော ရဟန်းဘဝသို့ ရောက်တော်မူခဲ့လေသည်။

ထို့နောက် မန္တလေးမြို့ ရွှေဂူကျောင်းတိုက်ဆရာတော် ဦးဇောတထံ၌ ၄နှစ်၊ အမရပူရမြို့ ဗားကရာဆရာတော်ထံ၌ ၇နှစ် စသည်အားဖြင့် ပညာရှာမှီးခဲ့လေသည်။

ထို့ပြင် မြသိန်းတန်ဆရာတော်၊ ထူပါရုံဆရာတော်၊ မန်လည်တောရ ဆရာတော်တို့ထံတွင်လည်း ဆည်းကပ်၍ ပညာရှာမှီးခဲ့ပါသည်။ သာသနာအတွက် အကျိုးများစေသော ကျမ်းပေါင်းများစွာကို ရေးသားတော်မူခဲ့ပါသည်။

၁၂၆၇ ခုနှစ်၊ တပေါင်းလဆုတ် ၂ရက်၊ တနင်္ဂနွေနေ့တွင် သာယာဝတီခရိုင်၊ သာယာဝတီတိုက်၊ ရွာကလေးရွာ၌ ကမ္မဇရုပ် ချုပ်ငြိမ်း စံလွန်တော်မူခဲ့လေသည်။

ကျေးဇူးတော်ရှင် အုတ်ဖိုဆရာတော်ဘုရားကြီး ချီးမြှင့်ခဲ့သော ဂါထာတော်များမှာ -

### (က) နေနက္ခတ်သား၊ လနက္ခတ်သားတို့၏ ဘုရားရှိခိုးဂါထာ

နမော တေ ဗုဒ္ဓဝီရတ္ထု၊
ဝိပ္ပမုတ္တောသိ သဗ္ဗဓိ၊
သမ္ဗာဓပ္ပဋိပန္နောသ္မိ၊
တဿ မေ သရဏံ ဘဝ။

**အနက်အဓိပ္ပာယ်**

**ဝီရ** - ကြီးသောလုံ့လရှိတော်မူသော၊ **ဗုဒ္ဓ** - မြတ်စွာဘုရား၊ **တေ** - အရှင်ဘုရားအား၊ **နမော** - ရှိသေမြတ်နိုး ရှိခိုးခြင်းသည်၊ **အတ္ထု၊ ဘဝတု** - ဖြစ်ပါစေသတည်း။

**ဘဂဝါ** - မြတ်စွာဘုရား၊ **တွံ** - အရှင်ဘုရားသည်၊ **သဗ္ဗဓိ** - တဏှာတည်းဟူသော တောင့်တခြင်းမှ၊ **ဝိပ္ပမုတ္တော** - စင်ကြယ်လွတ်ကင်းတော်မူသည်၊ **အသိ** - ဖြစ်ပြီ။

**ဘဂဝါ** - မြတ်စွာဘုရား၊ **အဟံ** - အကျွန်ုပ်သည်၊ **သမ္ဗာဓပ္ပဋိပန္နော** - ကျဉ်းမြောင်းခြင်းသို့ ရောက်သည်၊ **အသ္မိ** - ဖြစ်ပြီ။

**ဘဂဝါ** - မြတ်စွာဘုရား၊ **တွံ** - အရှင်ဘုရားသည်၊ **တဿမေ** - ထိုကျွန်ုပ်၏၊ **သရဏံ** - ကိုးကွယ်လဲလျောင်း ပုန်းအောင်းမှီခိုရာသည်၊ **ဘဝ** - ဖြစ်တော်မူပါလော့။

ဤဂါထာကား လနက္ခတ်သား နေနက္ခတ်သားတို့ကို ရာဟုအသူရိန်က ဖမ်းသဖြင့် ထိုနက္ခတ်သားတို့က ရွတ်ဆိုအပ်သော ဂါထာ (သံယုတ်ပါဠိတော်) ဖြစ်သည်။

### (ခ) မြတ်စွာဘုရားရှင် ရွတ်ဆိုသော ဂါထာတော်

တထာဂတံ အရဟန္တံ၊
စန္ဒိမာ သရဏံဂတော၊

www.burmeseclassic.com

ရာဟု စန္ဒံ ပမုဥ္စသု၊
ဗုဒ္ဓါ လောကာနုကမ္ပကာ။
တထာဂတံ အရဟန္တံ
သူရိယော သရဏံ ဂတော၊
ရာဟု ပမုဥ္စ သူရိယံ၊
ဗုဒ္ဓါ လောကာနုကမ္ပကာ။

**အနက်အဓိပ္ပာယ်**

**ရာဟု** - အသူရိန်၊ **စန္ဒိမာ** - လနတ်သားသည်၊ **အရဟန္တံ** - ပူဇော်အထူးကို ခံယူတော်မူထိုက်သော၊ **တထာဂတံ** - ငါဘုရားကို၊ **သရဏံ** - ကိုးကွယ်လဲလျောင်းပုန်းအောင်း မှီခိုရာဟူ၍၊ **ဂတော** - ဆည်းကပ်လေပြီ။

**ရာဟု** - အသူရိန်၊ **ဗုဒ္ဓါ** - ဘုရားတို့မည်သည်ကား၊ **လောကာနုကမ္ပကာ** - လူသုံးပါးတို့ကို သနားကြင်နာတော်မူတတ်ကုန်၏။ **တသ္မာ** - ထို့ကြောင့်၊ **စန္ဒံ** - လနတ်သားကို၊ **ပမုဥ္စသု** - သာယာနူးညွတ် လွှတ်လေလော့။

**ရာဟု** - အသူရိန်၊ **သူရိယော** - နေနတ်သားသည်၊ **အရဟန္တံ** - ပူဇော်အထူးကို ခံယူတော်မူထိုက်သော၊ **တထာဂတံ** - ငါဘုရားကို၊ **သရဏံ** - ကိုးကွယ်လဲလျောင်းပုန်းအောင်းမှီခိုရာဟူ၍၊ **ဂတော** - ဆည်းကပ်လေပြီ။

**ရာဟု** - အသူရိန်၊ **ဗုဒ္ဓါ** - ဘုရားတို့မည်သည်ကား၊ **လောကာနုကမ္ပကာ** - လူသုံးပါးတို့ကို သနားကြင်နာတော်မူတတ်ကုန်၏။ **တသ္မာ** - ထို့ကြောင့်၊ **သူရိယံ** - နေနတ်သားကို၊ **ပမုဥ္စ** - သာယာနူးညွတ် လွှတ်လေလော့။

(ဂ) **လဗိမာန် ယုန်ရုပ်ရှိနိုး ဂါထာတော်**

ဗုဒ္ဓကိုရော သသရာဇာ၊
ကာယံ အသိဋ္ဌိ-မတ္တနော၊
ပဋိဂ္ဂဟာသ အဂ္ဂမှိ၊
ပတိတ္တာသ ဇိဝကံ၊
ဥလ္လုံရာပေသေသ-ဖ္ဖုတံ၊
နရမရူဟိတာယတံ၊
လိခိတံ-တံ-ဘိဝန္တာမိ၊
မေဒနီယာဝ ဝါသဝေါ။

**အနက်အဓိပ္ပာယ်**

**ဗုဒ္ဓကိုရော** - သစ္စာလေးတန် ရှာကြံရင့်ညောင်း ဘုရားအလောင်းဖြစ်တော်မူသော၊ **သသရာဇာ** - ခြမြွေး၊ ဖျံ မျောက် သုံးယောက်ကုန်သော သတ္တဝါတို့၏ ဆရာအစစ်ဖြစ်လာမယွင်း ရွှေယုန်မင်းသည်၊

**သဇီဝကံ** - အသက်နှင့် တကွသော၊ **အတ္တနော** - မိမိ၏၊ **ကာယံ** - ခန္ဓာကိုယ်ကို၊ **ပဋိဂ္ဂဟာသ** - သိကြားရှေ့ရှု ဖန်ဆင်းတော်မူသော အလျှံခဲ ပုဏ္ဏားအား၊ **အဂ္ဂိမှိ** - ရှောင်တခင်ထိန်ညီး မီးပုံကြီး၌၊ **ပတိတ္တာဝ** - လှံ့လသွန်မင်း စုန်ခါဆင်း၍သာလျှင်၊ **အသဋ္ဌိ** - မကြောက်မရွံ့ စွန့်လွှတ်တော်မူလေပြီ။

**ဝါသဝေါ** - သိကြားနတ်မင်းသည်၊ **တံအဗ္ဗုတံ** - ထိုမီးလျှံမီးငွေ့ မတွေ့ခင်၊ စင်ကြယ်အံ့ဖွယ်သရဲ မဖြစ်ဘူး[...] ဖြစ်လာသော ယုန်မင်းရုပ်ဟန် ပုံသဏ္ဌာန်ကို၊ **နရမရူ ဟိတာယ** - နတ်လူတို့အကျိုးငှာ၊ ဥလ္လုံရာပေသေသ - လဗိမာန်၏ ရောင်လျှံတင့်ရှန်း နံရံဝန်း၌၊ **မေဒနီယာဝ** - ညစ်ကြေးမတင် တောင်ဆီမင်ဖြင့်သာလျှင်၊ **လိခိတံ** - ထင်ထင်ရှားရှား ရေးသားအပ်လေပြီ။ **တံဗိမ္ဗံ** - ထိုယုန်မင်းရုပ်ဟန်ပုံသဏ္ဌာန်ညီ မြတ်စေတီကို၊ **အဟံ** - အကျွန်ုပ်သည် **အဘိဝန္ဒာမိ** - ရိုသေမြတ်နိုး ရှိခိုးပါ၏။

(ဃ) **လဗိမာန် ယုန်ရုပ်ဥပမာ**

**ဆုတောင်းဂါထာတော်**

စိရံ ကာယော ဋ္ဌိတော ဟောတု၊
သမ္ပတ္တိ ဝါ ဝိ သဗ္ဗဒါ၊
ဣမိနာ နဘာဝေနိဟ၊
ကပ္ပဋ္ဌိ ဝါ ဘယံ သမေ။

**အနက်အဓိပ္ပာယ်**

**ဣမိနာ နဘာဝေန** - ဤသို့ ယခုပြုအပ် ရှင်ဖြူ[...] ရှိခိုးပူဇော်သောကြောင့်၊ **သသော သသရာဇဗိမ္ဗော**- ထိုယုန်[...] မင်းရုပ်ဟန် ပုံသဏ္ဌာန်သည်၊ **ကပ္ပဋ္ဌိဝ** - ဝိဝဋ္ဋဋ္ဌာယီ ကပ်[...] ဘည်သကဲ့သို့ **မေ မမ** - ငါ၏ **ကာယောဝါ** - ကိုယ်ခန္ဓာ[...] သည် လည်းကောင်း၊ **သမ္ပတ္တိဝါ** - စည်းစိမ်ချမ်းသာသည် လည်းကောင်း၊ **ဣဟာပိ** - ထင်ရှားကာလ ဤဘဝ၌လည်း[...] **သဗ္ဗဒါ** - အခါခပ်သိမ်း၊ **အဘယံ** - ရန်မာန်ညစ်ကြေး[...] ဘေးမရှိသည်၊ **ဟုတ္ဘ** - ဖြစ်၍၊ **စိရံတော** - ရှည်မြင့်စွာ[...] တည်သည်၊ **ဟောတု** - မဆုတ်မနစ်ဖြစ်စေသတည်း။

သာယာချမ်းမြေ့ပါစေ . . .

* * *

ရဲလေး(မာသီဘ)

ကျမ်းကိုး

- ကျေးဖုံးတော်ရှင် အရှင်အဂ်ပူ ဆရာတော်ဘုရားကြီး၏ "ပဋိ[...] ကာရီ" (သစ်နက်ရေမော်ကွန်း)။
- ဟသ်ာတမြို့ ကျေးဖုံးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ[...]ပြောင် ဆရာတော်ဘုရားကြီး၏ "ဒုတ်ဖိ မဟာ[...]ပ္ပတ္တိ။

www.burmeseclassic.com

# လောကီဝိဇ္ဇာစခန်း အမြန်လှမ်းလိုလျှင်

မောင်အေးနှစ် (ပညာရေး)

"မသိလို့ ကျော်သွား၊ သိလို့ ဖော်စား"ဆိုစကားအတိုင်းပင် ကျွန်တော် မသိခဲ့သဖြင့် နှစ်ပေါင်းအတော်များများကျော်သွားခဲ့မိသည်။ စောစောကသာ သိပြီး ဖော်စားနိုင်ပါက ကျော်သွားခဲ့သော အချိန်ကာလသည် ကျွန်တော့်အား အတိုင်းအတာတစ်ခုလောက်အထိ ရောက်အောင် ပို့ဆောင်နိုင်လိမ့်မည်ဟု ယုံကြည်မိသည်။

နောက်ပိုင်း အသက်ကလည်း ရင့်လာ၊ စာဖတ်အားကလည်း မြင့်လာ၊ ရသ စာပေသာမက သုတစာပေ၊ ဘာသာရေးစာပေများကိုပါ လေ့လာဖတ်ရှုလာသဖြင့် မသိသည်တို့ သိလာ၊ မမြင်သည်တို့ မြင်လာသဖြင့် အချိန်တို့ နှောင်းသွားသည်ကို နမြောတသ နှောင်တရနေမိသည်။ သို့ကြောင့် စာရေးဆရာကြီး ဖေမြင့်က…

* လူသည် မနက်ထက် ညမှာ ပညာပိုရှိရမည်။

* မနေ့ကထက် သည်ကနေ့ ပညာပိုရှိရမည်။

* အသက်ကြီးလာသည်နှင့်အမျှ ဦးနှောက်အလေးချိန် ပိုစီးလာရမည်။ သည်အတွက် ဘယ်လိုလုပ်မည်နည်း။ တစ်နည်းသာ ရှိသည်။ စာဖတ်ပါ…

ဟူ၍ တိုက်တွန်းထားပါသည်။

ကျွန်တော် ယခုလက်ဆင့်ကမ်း ဖော်ပြလိုသည်မှာ ဂန္ဓာရီပညာဖြင့် လောကီ ဝိဇ္ဇာစခန်းသို့ အရောက်လှမ်းလိုသူများနှင့် ဂန္ဓာရီလမ်းစ ပျောက်နေသူများ လမ်းစကို ပြန်တွေ့စေနိုင်သော အဓိဋ္ဌာန်အောင်မြေ လေးဌာနဖြစ်ပါသည်။ သိပြီးသူများ ဖော်စားနေကြပြီဖြစ်သော်လည်း မသိသူများ ကျော်မသွားရန် ဖော်ပြခြင်းဖြစ်ပါသည်။

လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ရင်ပြင်တော်ဝယ် အရန်စေတီများ၊ အခြားစေတီများ၊ အာရုံခံ တန်ဆောင်းနှင့် ရုပ်ပွားတော်များ စသည်ဖြင့် များစွာရှိကြပါသည်။ တန်ဆောင်းတော်များ၊ ရုပ်ပွားတော်များထဲတွင် ရှေးမြန်မာမင်းနှင့် မိဖုရားတို့၏ ကောင်းမှုတော်များလည်း ပါကြပါသည်။ ထိုဆင်းတုရုပ်ပွားတော်များမှာ ဆုတောင်းပြည့်ပြီး အဓိဋ္ဌာန်လည်း အောင်မြင်စေသော တန်ခိုးသိဒ္ဓိအမျိုးမျိုး ရှိကြပါသည်။

## အရှေ့ဘက်မုခ်ဦး အာရုံခံ တန်ဆောင်းနှင့် ကကုသန်ဘုရား

စေတီတော်ကြီး၏ အရှေ့ဘက် အာရုံခံ တန်ဆောင်းတော်ကြီးကို သက္ကရာဇ် ၁၀၉၇ ခုတွင် သာယာဝတီမင်း၏ အိမ်ရှေ့ မိဖုရားကြီးက စတင်လှူဒါန်းခဲ့ပါသည်။ တန်ဆောင်းတော်၏ ဂန္ဓကုဋိတိုက်အတွင်း အကျဆုံးနေရာတွင် စံပယ်နေသော ရုပ်ပွားတော်မှာ ဤဘဒ္ဒကမ္ဘာတွင် အဦးဆုံး ပွင့်တော်မူသော ကကုသန်ဘုရား၏ ရုပ်ပွားတော်မြတ်ဖြစ်သည်။ ရွှေ၊ ငွေ၊ သံ၊ ကြေး၊ ခဲဟူသော သတ္တုငါးမျိုး ပဉ္စလောဟာတို့ဖြင့် သွန်းလုပ်ထားသည့် စဉ့်ကူးမင်း၏ ကုသိုလ်တော်ဟု သိရသည်။

ပုံတော်၏ လက်ျာ လက်တော်ကို အောက်သို့ ဖြန့်ချထားကာ၊ လက်ဝဲပြင်တော်ကို ကြည်ညိုဖူးမြော်သူတို့ဘက်သို့ လှည့်ပြထားသော ဝရဒမုဒြာပုံတော်ဖြစ်သည်။ "လက်ပက်လက်ဘုရား"ဟုလည်း ခေါ်လေ့ရှိသည်။ ပူဇော်သူအား ဆုတောင်းပြည့်ဝစေခြင်း၊ ရာထူးဌာနန္တရ တိုးတက်စေခြင်း၊ အရောင်းအဝယ်ကောင်းစေခြင်း၊ စစ်ချီစစ်တိုက်ရာတွင် အောင်မြင်စေခြင်း၊ ဘာတ်လာဘပေါများစေခြင်း၊ ရွှေရံသင်းပင်းပေါများစေခြင်း၊ သစ္စာအဓိဋ္ဌာန်ပြုရာ၌ အလွန်အစွမ်းထက်စေခြင်း စသည့် အကျိုးထူးများ ရရှိပါသည်။

အထူးသဖြင့် ဂန္ဓာရီပညာဖြင့် လောကီဝိဇ္ဇာလမ်း တက်လှမ်းလိုသူများအတွက် အဓိဋ္ဌာန်ဝင်ရာ အောင်မြေအောင်ဌာနတစ်ခုဖြစ်ပါသည်။

## တောင်ဘက်မုခ်ဦး အာရုံခံ တန်ဆောင်းနှင့် ကောဏာဂုံဘုရား

စေတီတော်ကြီး၏ တောင်ဘက် စောင်းတန်းကြီး၏ အထက်ဆုံး ပြာသာဒ်နှင့် မျက်နှာချင်းဆိုင်တွင် တောင်ဘက်မုခ်ဦး အာရုံခံ တန်ဆောင်းကြီးရှိပါသည်။ တန်ဆောင်းတော်၏ ဂန္ဓကုဋိတိုက်အဝင်းအကျဆုံးနေရာတွင် ဤဘဒ္ဒကမ္ဘာ၌ ဒုတိယမြောက် ပွင့်တော်မူသော ကောဏာဂုံဘုရားရှင်၏ ရုပ်ပွားတော် စံပယ်လျက်ရှိသည်။ လက်ထားတော်ဟန်မှာ မြေကြီးကို သက်သေပြု၍ မာရ်နတ်ကို အောင်မြင်တော်

www.burmeseclassic.com

သော ဘူမိဖဿမုဒြာပုံဖြစ်သည်။ ပဥ္စလောဟာဖြင့် သွန်းလောင်းထားသည့် စဥ့်ကူးမင်း၏ ကုသိုလ်တော်ဖြစ်ကြောင်း သိရသည်။

ဆင်းတုတော်ကို ပူဇော်ခြင်းဖြင့် ရန်သူတို့ကို အောင်မြင်ခြင်း၊ တရားနိုင်ခြင်း၊ အစိမ်းသရဲ၊ သင်းကွဲ ပြိတ္တာ နတ်မိစ္ဆာတို့ကို နိုင်ခြင်း၊ ဆင်ကြမ်း၊ မြင်းကြမ်း၊ မြေကြမ်းတို့ကို အောင်မြင်နိုင်သည်။

အထူးသဖြင့် ဂမ္ဘီရပညာဖြင့် လောကီဝိဇ္ဇာလမ်းတက်လှမ်းလိုသူများအတွက် အဓိဋ္ဌာန်ဝင်ရာ အောင်မြေဌာနတစ်ခုဖြစ်ပါသည်။

**အနောက်ဘက်မုခ်ဦး အာရုံခံ တန်ဆောင်းနှင့် ကဿပဘုရား**

စေတီတော်ကြီးအနောက်ဘက်မုခ် ခြေတော်ရင်းတွင် အနောက်ဘက်မုခ် အာရုံခံ တန်ဆောင်းတော်ကြီးကို တွေ့မြင်ရသည်။ မူလ ဒါယိကာမမှာ သာယာဝတီမင်း၏ အိမ်ရှေ့မိဖုရားဖြစ်သည်။ တန်ဆောင်းတော်အတွင်း ဂန္ဓကုဋီတိုက်အခုံးနေရာတွင် ဘဒ္ဒကမ္ဘာ၌ တတိယမြောက် ပွင့်တော်မူသော ကဿပဘုရားရှင်၏ ရုပ်ပွားတော်ကို ဖူးမြင်ရပါသည်။

ရုပ်ပွားတော်မှာ မင်းမြောက်တန်ဆာ မကိုဋ်သရဖူဆောင်းထားသဖြင့် မာရဝိဇယမုဒြာပင် ဖြစ်သည်။ ရုပ်ပွားတော်အား ပူဇော်ပါက အတွင်းအပြင် ဘေးအန္တရာယ်အသွယ်သွယ်တို့ ကင်းစေနိုင်ခြင်း၊ အထူးသဖြင့် ဂမ္ဘီရပညာဖြင့် လောကီဝိဇ္ဇာလမ်း တက်လှမ်းလိုသူများအတွက် အဓိဋ္ဌာန်ဝင်ရာ အောင်မြေ အောင်ဌာနတစ်ခုဖြစ်ပါသည်။

**မြောက်ဘက်မုခ်ဦး အာရုံခံ တန်ဆောင်းနှင့် ဂေါတမဘုရား**

စေတီတော်ကြီး၏ ခြေတော်ရင်း မြောက်ဘက်တည့်တည့်၌ အာရုံခံ တန်ဆောင်းကြီး ရှိပါသည်။ ထိုတန်ဆောင်းတော်အတွင်း ဂန္ဓကုဋီတိုက်အတွင်းခုံးနေရာတွင် ဘဒ္ဒကမ္ဘာ၌ စတုတ္ထမြောက် ပွင့်တော်မူသော ဂေါတမဘုရားရှင်၏ ရုပ်ပွားတော်ရှိပါသည်။ ပဥ္စလောဟာဖြင့် ဘူမိဖဿမုဒြာပုံဖြစ်သည်။

မာရ်နတ်သားကို အောင်မြင်သော ပုံတော်ဖြစ်၍ တန်ခိုးသိဒ္ဓိနှင့် အလွန်ပြည့်စုံသည်။ ရုပ်ပွားတော်ရှေ့တွင် အဓိဋ္ဌာန်ဝင်၍သော် လည်းကောင်း၊ ပူဇော်သက္ကာရ တစ်ခုခုပြု၍သော် လည်းကောင်း၊ ဘုရားရှင်သည် မာရ်ငါးပါးကို မုချ အောင်မြင်တော်မူပါ၏။ ဤမှန်သော သစ္စာစကားကြောင့် တပည့်တော်လည်း ရန်အပေါင်းကို အောင်မြင်ရပါလို၏ ဘုရားဟု သုံးကြိမ်ရွတ်ဆို အဓိဋ္ဌာန်ပြုပါက ပြည့်စုံ၍ ကြုံတွေ့နေရသော ဘေးအန္တရာယ်အပေါင်းမှ မုချ လွတ်ကင်းပါသည်။

အထူးသဖြင့် ဂမ္ဘီရပညာဖြင့် လောကီဝိဇ္ဇာလမ်းတက်လှမ်းလိုသူများအတွက် အဓိဋ္ဌာန်ဝင်ရာ အောင်မြေ အောင်ဌာနတစ်ခုဖြစ်ပါသည်။

ယနေ့ခေတ်တွင် ဂမ္ဘီရပညာဖြင့် လောကီဝိဇ္ဇာလမ်းသို့ တက်လှမ်းလိုသူများ၊ ဂန္ဓာရီလမ်းစ ပျောက်နေသူများ၊ လမ်းစကို ပြန်တွေ့လိုပါက ထိုရုပ်ပွားတော်လေးဆူရှေ့တွင် ဂုဏ်တော်ကိုးပါးအနက် နှစ်သက်ရာ ဂုဏ်တော်တစ်ပါးပါးနှင့် အဓိဋ္ဌာန်ဝင် ပုတီးစိပ်ရပါမည်။

အဓိဋ္ဌာန်ဝင် ပုတီးစိပ်ရာ၌ ကကုသန်ဘုရားရှင်၏ ရုပ်ပွားတော်ရှေ့မှောက်တွင် တစ်ရက်လျှင် ပုတီး ၄၅ပတ်နှင့် ၄၅ရက်၊ နောက် ကောဏာဂုံဘုရားရှင်၏ ရုပ်ပွားတော်ရှေ့မှောက်တွင် တစ်ရက်လျှင် ပုတီး ၄၅ပတ်နှင့် ၄၅ရက်၊ ပြီးလျှင် ကဿပဘုရားရှင်၏ ရုပ်ပွားတော်ရှေ့မြောက်တွင် တစ်ရက်လျှင် ပုတီး ၄၅ပတ်နှင့် ၄၅ရက်၊ နောက်ဆုံး ဂေါတမ ဘုရားရှင်၏ ရုပ်ပွားတော်ရှေ့မှောက်တွင် တစ်ရက်လျှင် ပုတီး ၄၅ပတ်နှင့် ၄၅ရက်ကို မပျက်မကွက် အဓိဋ္ဌာန်ဝင် ပုတီးစိပ်ပါ။

"ဘုရားရှင်လေးဆူတို့မှာ ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါး၊ စရဏတစ်ဆယ့်ငါးပါးတို့နှင့် ပြည့်စုံတော်မူကြပေသည်။ ဤမှန်သော သစ္စာစကားကို ဆိုရသောကြောင့် ဘုရားတပည့်တော်လည်း ယနေ့ရှာမှီးဆည်းပူးနေသော ဂမ္ဘီရပညာရပ်ကို အပြီးတိုင် ပေါက်မြောက်ရပါလို၏ ဘုရား"

ဟု အဓိဋ္ဌာန် ၄၅ရက်ပြည့်ပြီးတိုင် သစ္စာပြုပါက မိမိတို့လိုရာ လောကီဝိဇ္ဇာစခန်းအမြန်လှမ်းနိုင်ပြီး သိဒ္ဓိအမျိုးမျိုး ပေါက်နိုင်ကြောင်း တင်ပြလိုက်ရပါသည် ■

* * *

မောင်အေးနှစ်(ပညာရေး)

ကိုးကား

- သိင်္ဂုတ္တရ ရွှေတောင်၊ ရွှေတိဂုံသမိုင်း အနှစ်ချုပ် (ဦးထွန်းအေး၊ ဓမ္မာစရိယ-ဘီအေ)။
- ထူးခြားသော ရွှေတိဂုံအောင်မြေမှ အံ့ဖွယ်ကိုးပါး (ဆရာမင်းသော်တာ)။
- မိမိကိုယ်တိုင်လေ့လာ ဆည်းပူးမှုများ။




www.burmeseclassic.com

www.burmeseclassic.com

"ဟင့်အင်း . . . ပြန်မလိုက်ဘ
ပြန်မလိုက်ဘူးကွာ"

ဇော်မင်းရဲ့ အခြေအနေ
သူငယ်ချင်းဖြစ်သူ ဒွေးမောင်က
ထားပြီးပြီ။ မသိသေးတာက ဇော်မင်
မိသားစုများ။

"ဇော်မင်း . . .၊ ဟဲ့-ဇော်
ဘယ်လိုဖြစ်ရတာလဲ။ အလုပ်ကို
သွားမှပေါ့။ ဒီလောက် ပိုက်ဆံ
လွယ်တဲ့ အလုပ်ကိုဟာယ်၊ ခက်
တာပဲ"



www.burmeseclassic.com

www.burmeseclassic.com

ဇော်မင်းရဲ့ အဒေါ်ကတော့ ...အားလို အားမရ၊ ဖခင်ဖြစ်သူကတော့ ...အခြေအနေကိုသာ စူးစမ်းနေ...။ ဇော်မင်းက အိမ်ကို ပြန်ရောက် ...တည်းက မျက်လုံးပြူးကြောင်ကြောင် ... မလှုပ်မယှက်။ စကားလည်း တော် ...တော်နှင့် မပြောပေ။ ငွေမောင်က မခေါ် ...ဖြစ်မှာစိုးလို့ အလုပ်ကို ပြန်သွားခါနီး ...ကို ဆွဲခေါ်တော့ "ပြန်မလိုက်ဘူး၊ ...မလိုက်ဘူးကွာ"လို့ ပြောလို့သာ ...မင်း စကားပြောတတ်သေးတယ်လို့ ...ရတာ။

"အမလေး... ငါ့သားလေး ...ခုဖြစ်လာပြီနဲ့တူတယ်။ ငွေမောင် ...ပြောစမ်းပါဦးဟယ်၊ ပြောစမ်းပါဦး"

ဇော်မင်းရဲ့ အမေက ငိုပြီး မေး...။ ငွေမောင်က ဘယ်လိုပြန်ပြော ...တဲ့လဲ။ မပြောသင့်တဲ့ ကိစ္စ။ တစ်ခုခု ... ပြန်မပြောလို့လည်း မဖြစ်ပြန်ဘူး။ ... အလုပ်ကနေ အိမ်ကို ပြန်ပို့ပေး ...ကောမဟုတ်လား။ သို့ပေမယ့်...

"ဇော်မင်း...တောခြောက်ခံရတာ ... လန့်သွားတာပါ"

လို့ ပြောလိုက်ရတယ်။ ဒီ့ထက် ...ပြောလို့မထွက်ဘူး။ ဖြစ်ပျက်သမျှ ... ငွေမောင် သိပါတယ်။

တကယ်တော့ဗျာ...။

◈◈◈

ဇော်မင်းနဲ့ ငွေမောင်က သည်မြို့ ...လေးရဲ့ မြို့စွန်ခြံဖျား ဆင်းရဲသား ...ကွက်မှာ နေတဲ့ ဘဝတူ ဆင်းရဲသား...။ ကျောင်းပညာလည်း ဟုတ်တိ ...တိ အတန်းမရောက်ဘဲ ကျောင်း ...ထွက်ရတာလည်း တူတာပါပဲ။

မတူတာက ဇော်မင်းရုပ်ကလေး ... ဆင်းရဲသားနဲ့ မတူတာ။ ရုပ်က ...း ခပ်ချောချောရယ်ပါ။ ငွေမောင် ... ဖအေလုပ်သလို ဆိုက်ကားနင်း၊ ကုန်ထမ်း ဝင်လုပ်တာပဲ။ ပင်ပန်းတာပေါ့။ ဇော်မင်းရဲ့ ဖအေလည်း ဒီလိုပဲ ဆိုက်ကားနင်း၊ ကုန်ထမ်းရတာပါပဲ။ ဒါပေမယ့် ဇော်မင်းကိုတော့ သူ့မိဘတွေက မခိုင်းရက်ပြန်ဘူး။ ဖြူဖြူဖျော့ဖျော့လေးကိုး။

ငွေမောင်က အရွယ်ရောက်ပြီဆိုတာနဲ့ ကြုံရာအလုပ် ဝင်လုပ်တယ်။ ဘဝပေးအခြေအနေအရ မလုပ်လို့မှ မရတာ။ ဒီနောက်ပိုင်း ငွေမောင်က နှစ်ဝမ်းကွဲအစ်ကို အင်ဂျင်နီယာနဲ့ ပြန်ဆက်စပ်မိသွားတယ်။ အစ်ကိုက လမ်း တံတား၊ အိမ် ဆောက်လုပ်ရေးကုမ္ပဏီမှာ အလုပ်လုပ်ရင်း အဆင်ပြေနေတာ။ အစ်ကို့ကို အပူကပ်မိတော့...

"လစာလည်း ပိုရ၊ အလုပ်လည်း သက်သာအောင် ကားမောင်းသင်ကွာ၊ အလုပ်သွင်းပေးမယ်"

ဆိုတာကို ဇော်မင်းရှေ့မှာ ပြောတော့ ဇော်မင်းက...

"ကျွန်တော်လည်း အလုပ်ဝင်ပါရစေ"

ဆိုတော့....

"ကဲ...မင်းတို့နှစ်ယောက်စလုံး ကားမောင်းသင်ကွာ၊ ကုန်တင်ကားကြီးတွေကို နိုင်နိုင်နင်းနင်းမောင်းနိုင်ပလေ့စေ"

လို့ ပြောတာနဲ့ သူတို့နှစ်ယောက်စလုံး အလုပ်ရခဲ့တယ်ဆိုပါတော့။

နောက်ပြီး မပြောမဖြစ် ပြောရမှာက ဇော်မင်းရဲ့ ချစ်ရေးချစ်ရာကိစ္စ။ ဇော်မင်းက စန်းပွင့်တယ်ဗျ။ ရပ်ကွက်ထဲမှာတုန်းကလည်း ရပ်ကွက်ထဲ အလျောက်ပဲ။ အခု အလုပ်လုပ်တော့လည်း ရောက်ရာ နေရာမှာ ရည်းစားထားတော့တာပဲ။ နောက်ပြီး ဒီကောင်က လက်ရဲဇက်ရဲနဲ့ အခွင့်အရေးလည်း ယူတတ်တဲ့ကောင်။ ငွေမောင်က ဇော်မင်းကို ငယ်သူငယ်ချင်းမို့သာ၊ စိတ်ဓာတ်ရေးရာကို သဘောမကျဘူး။ ဒီလို လုပ်တာတွေလည်း လုံးဝ မကြိုက်ဘူး။

"မင်း...ဘာလို့ ရည်းစားတွေ ဒီလောက်ထားရသလဲ။ သူများ သားမို့ သမီးပျိုကို မဖျက်ဆီးချင်ပါနဲ့ကွာ"

လို့ မညာမတာပြောတော့...

"ငါက တကယ် လက်မထပ်ခင် အစမ်းချစ်ကြည့်နေတာပါကွာ"

လို့ ရယ်ရယ်မောမောနဲ့ ပြန်ဖြေလေ့ရှိတယ်။

ဇော်မင်းက အဲသလို မိန်းမပွေတဲ့ကောင်။ ငွေမောင်က အလုပ်ထဲမှာ အတူတူမို့ တားတာပဲ။ ဒါပေမယ့် ဇော်မင်းက ဝါသနာနဲ့ အကျင့်ကို မစွန့်ဘူး။ သူတို့အလုပ်ကလည်း နေရာဒေသအစုံကို ကားမောင်းပြီး သွားလာနေရတာ။ ဒီတော့ ဇော်မင်းအတွက် အခွင့်အရေးတွေ ပေါချင်တိုင်း ပေါနေတော့တာ။

◈◈◈

ပဲခူးတိုင်းအတွင်း ပဲခူးရိုးမ ပတ်လမ်းဖောက်လုပ်နေတဲ့ ကာလ။

အစ်ကိုတို့ ကုမ္ပဏီက တောထဲတောင်ထဲမှာ ဖောက်ထားတဲ့ မြေသားလမ်းကို ကတ္တရာခင်းဖို့ ကန်ထရိုက်ရတော့ သူတို့ အဲသည်မှာ ကားမောင်းရတာ။

အဲသည်နေ့ကတော့ ညနေစောင်း မှောင်ရီတရောအထိ လမ်းအတွက် ကျောက်သယ်လို့ မပြီးဖြစ်နေတာ။ သယ်ပို့ပြီးတော့ ည မှောင်နေပြီ။ ဒီတော့ စခန်းချမယ့်နေရာကို ငွေမောင်မောင်းတဲ့ ကားက ရှေ့က၊ ဇော်မင်းရဲ့ ကားက နောက်က၊ တစ်စီးစီ ပြန်မောင်းလာခဲ့တယ်။

မြို့နဲ့ ဝေးတဲ့ နေရာဆိုတော့ ... အထိ ကားကို ပြန်မမောင်းဘူး ... ကလည်း ဆိုးတယ်။ ဒီတော့ ...

www.burmeseclassic.com

ယာရေး၊ ကားသမား၊ အလုပ်သမားတွေပါ တစ်နေရာတည်းမှာပဲ စုပြီး ညအိပ်တယ်။ နေရာကျယ်ကျယ်မှာ ကားတွေ စုရပ်ပြီး ယာဉ်ဘဲမှာ အိပ်တယ်။ ကားသမားတွေကတော့ ကားပေါ်မှာပဲ အိပ်တယ်။

စုရပ်နေရာကို ပြန်ရောက်တော့ တခြားကားတွေ ရောက်နှင့်နေပြီ။ သူတို့ ကားနှစ်စီးက နောက်ကျတော့ ဘေးအစွန်မှာပဲ ကားကို ထိုးရပ်လိုက်ရတယ်။ ဌေးမောင်ရဲ့ ကားပေါ်မှာတော့ အလုပ်သမားတွေ ပါတယ်။ ဇော်မင်းရဲ့ ကားပေါ်မှာတော့ ဘယ်သူမှ မပါဘူး။

ဇော်မင်းက ဘေးအစွန်ဆုံးမှာ ကားရပ်ပြီး ကားပေါ်က ဆင်းလာတော့ ဌေးမောင်ကို လက်တို့ပြီး တိုးတိုးပြောတယ်။

"ဌေးမောင်··· ဘယ်သူ့ကိုမှ မပြောနဲ့။ ကားပေါ်မှာ ကောင်မလေး တစ်ယောက်ပါလာတယ်"

"ဟေ···"

ဌေးမောင် အံ့သြသွားတယ်။ ဒီလို တောကြီးမျက်မည်းထဲမှာတောင်···

"ဘယ်ကနေ ဘယ်လိုခေါ်လာရတာလဲ"

ခုလို လမ်းဖောက်ခါစ မြေလမ်းမကြီးမှာ ဌေးမောင်ကတော့ ကားမောင်းရင်း ဘယ်မိန်းကလေးကိုမှ မမြင်ခဲ့။ ကတ္တရာခင်းနေတဲ့ လုပ်ငန်းခွင်က အလုပ်သမလေးထဲက တစ်ယောက်ကိုပဲ တင်ခေါ်ခဲ့လေရော့သလား။

"မင်းကတော့ လုပ်ပြီကွာ၊ ဘယ်သူဘယ်ဝါမှန်းမသိ"

"တောသူမလေးပါ။ လမ်းမှာ တစ်ယောက်တည်း လမ်းလျှောက်နေတာနဲ့ ကားပေါ် တင်ခေါ်ခဲ့တာ။ မြို့ဘက်ကို သွားချင်တာတဲ့။ အရမ်းဝေးတယ်။ အန္တရာယ်လည်း များပါဘိနဲ့"

"ဒီတော့ ဘယ်လိုလုပ်မလဲ၊ ငါ့အစ်ကို သိရင်တော့ ဆူတော့မှာပဲ။ မင်းကွာ···"

"မပြောနဲ့ပေါ့ကွ။ ငါ့ကားပေါ်မှာပဲ ဘယ်သူမှ မသိအောင် တစ်ညသိပ်ထားလိုက်မယ်။ မနက်ဖြန် မနက်စောစော ငါ့ကားက မြို့ဘက်ကို မောင်းရမယ်လေ။ ဘယ်လောက် အဆင်ပြေလဲ။ နောက်ပြီး ကောင်မလေး ∙∙∙ ချောတယ်ကွ"

"ဟာကွာ···မင်းကတော့···"

ဌေးမောင်ကသာ စိတ်ညစ်နေတာ။ အခန့်မသင့်ရင် ဇော်မင်း အလုပ်ပြုတ်နိုင်တဲ့ ကိစ္စ။ ဒါပေမယ့် ဇော်မင်းကတော့ ပျော်လို့။ ကားပေါ်ကို ဌေးမောင် လှမ်းကြည့်တော့ ကားပေါ်မှာ မိန်းကလေးကို သေချာမမြင်။ ညဘက်ဆိုတော့ အလင်းရောင်က မပိုတဝါး။ အင်းလေ···သူပြောလို့သာ သိရတာ။ ဇော်မင်း သူ့ကို ပြောတာ၊ အသိပေးတာကို ကျေးဇူးတင်ရမလိုလို··

ပြီးတော့ ယာယီတဲထဲမှာ စားကြသောက်ကြတယ်။ စကားတွေ ပြောကြတယ်။ လူ ၁၅ယောက်၊ အယောက် ၂၀ စုနေပေမယ့် တောထဲမှာဆိုတော့ စိတ်အားငယ်ကြတာပဲ။ ဒီတော့ စကားအော်ကြီးဟစ်ကျယ်ပြောသူက ပြော၊ သီချင်းအော်ဆိုသူက ဆို၊ အရက်သောက်သူက သောက်ပေါ့။

အဲဒီအချိန် မိုးရွာချတော့ အိပ်မယ့်နေရာ တဲထဲ ပြေးဝင်သူက ဝင်။ ကားသမားတွေကလည်း ကားပေါ် ပြေးတက်ကြတယ်။ ဇော်မင်းကလည်း ကားပေါ် ပြေးတက်တယ်။ သူ့ကားပေါ်မှာ မိန်းကလေးတစ်ယောက်ရှိနေတယ်လေ။ ဌေးမောင်ရဲ့ ကားနောက်ခန်းမှာ အလုပ်သမားတချို့ တက်အိပ်တယ်။ ကားအမိုး တာလပတ်တွေက မိုးလုံတယ်လေ။ ဌေးမောင်ကတော့ ကားခေါင်းထဲမှာပဲ အိပ်တယ်။

ဇော်မင်းကတော့ ကားကြီးပေါ်မှာ မိန်းကလေးနဲ့ နှစ်ယောက်တည်း။ တခြားကားတွေ၊ တဲတွေဆီက စကားသံတွေ, သီချင်းသံတွေ ကြားနေတယ်။ ဌေးမောင်ကတော့ ညစဉ် ရွတ်ဆိုနေကျ တရားစာကိုသာ ရွတ်နေလိုက်တယ်။ ဇော်မင်းကတော့ တိတ်လို့။

ဇော်မင်းက အချစ်အားကိုး တစ်လောကလုံးကို မေ့နေပြီထင်ရဲ့ ဌေးမောင်ကတော့ အဲဒီ မိန်းကလေး ဟာ သာမန် မိန်းကလေးမှ ဟုတ် လားဆိုတာ ခုမှ တွေးနေမိတယ်။

"ဇော်မင်း···ဟေ့···ဇော်မင်း တစ်ယောက်တည်း အိပ်ရဲလား"

စ,သလို၊ တကယ်လို မေးလိုက် တော့ ဇော်မင်းက···

"ဒီနေ့ ပိုပြီးအိပ်ရဲတယ်ဟေ့"

လို့ ရယ်ရယ်မောမောနဲ့ ပြန် သံကြားရတယ်။ ဒီတော့ ဌေးမောင် လည်း ဘာမှဆက်တွေးမနေတော့ အိပ်ပျော်သွားတယ်။ မိုးကလည်း အလုပ်မှာ တစ်နေကုန် ပင်ပန်းထား တော့ အိပ်ကောင်းတဲ့ ညပါပဲ။

ဒီလိုနဲ့ မနက်မိုးလင်းအားကြီး အချိန်၊ မိုးလည်း တိတ်သွားပြီ။

အဲဒီအချိန်မှာ ရှုးရှုးဝါးဝါး ကျ ကျယ်လောင်လောင် အော်သံကြီး ကြားလိုက်ရတယ်။

"အား···လုပ်ကြပါဦးဗျ"

အိပ်ကောင်းတဲ့အချိန်မို့ အိပ်မ လိုလို ဘာလိုလို။

"ကိုဌေးမောင်···ထ···ထ ကိုဇော်မင်း ဘာဖြစ်တာလဲ မသိ

"ဟင်···"

ကားပေါ်က အလုပ်သမ



www.burmeseclassic.com

www.burmeseclassic.com

ကောင်လေးက နှိုတော့ ကမန်းကတန်း ထ ခိုက်တယ်။

"အား…ကယ်…ကယ်ကြပါဦး ရှ"

ဇော်မင်းရဲ့ အသံ ဘယ်လောက် ကျယ်သလဲဆိုတော့ ရှိသမျှ လူအကုန် နိုးပြီး ဓာတ်မီးတွေ ထိုး၊ အသံကြားရာ ပြေးလာကြတဲ့အထိ။

"ဘာဖြစ်တာလဲဟ"

ကားစက်နှိုးပြီး ကားမီးတွေပါ ဖွင့်လိုက်တယ်။

ဇော်မင်းကို ကားခေါင်းထဲမှာ မတွေ့ရဘူး။ ကားနောက်ခန်း ကားအမိုး အောက်မှာ မျက်နှာအမှူအရာ ပုံပျက် ပန်းပျက် တွေ့လိုက်ရတယ်။ ချွေးသီး ချွေးပေါက်တွေ ဇောချွေးတွေ ပျံပြီး ငယ်သံပါအောင် အော်ဟစ်နေတဲ့ ဇော်မင်း။

ကားပေါ် ပြေးတက်ပြီး ဇော်မင်း အနားကို ဝိုင်းကပ်တော့ ဇော်မင်းအနား မှာ လူ့အရိုးစုကြီး။

"ဟာ…ဒါကြီး ဘယ်သူလာထား တာလဲ"

ဇော်မင်းက ကြောက်ကြောက် ဒန့်လန့်နဲ့ ခေါင်းခါတယ်။

"ဘယ်တုန်းက ဒီအရိုးစုကြီး ရောက်နေတာလဲ"

ဇော်မင်းက ခေါင်းပဲ ခါတယ်။

"ဘာမှမဖြစ်ဘူး ဇော်မင်း။ မကြောက်နဲ့"

ဆိုပြီး အင်ဂျင်နီယာဖြစ်တဲ့ အစ်ကိုက ပြောတယ်။

"ဒီအရိုးစုကြီးကို ဖျက်ဆီးပြီး ဆေးဝေးသွားပစ်လိုက်ကြစမ်းကွာ"

ဇော်မင်းကို မကြောက်ဖို့ အားပေး ပြီး ဇော်မင်းရှေ့မှာပဲ အရိုးခေါင်း၊ ခြေ လက်တွေကို တုတ်နဲ့ ရိုက်တယ်။ ခြေ ထောက်နဲ့ နင်းတယ်။ ပြီးမှ ပီနံအိတ်ထဲ ထည့်ပြီး ယူသွားကြတယ်။

"မကြောက်ပါနဲ့ ဇော်မင်းရာ၊ ဘာမှ မဟုတ်ဘူး"

"ဘာမှမဖြစ်ဘူး ဇော်မင်း။ တို့ တွေရှိတယ်"

ဝိုင်းအားပေးပြီး အနားက ထွက် သွားကြတဲ့တိုင် ဇော်မင်းက ကြောင် တောင်တောင်ဖြစ်ကျန်ခဲ့တာ။ တဖြည်း ဖြည်း နို းပြီ။ တစ်နေ့တာ လုပ်ငန်း ပြန်စဖို့ အားလုံးက ပြင်ဆင်နေကြပေ မယ့် ဇော်မင်းက ဇောချွေးတွေ ပြန် တုန်း။ ငူငူကြီးထိုင်နေတုန်း။

နှစ်ယောက်တည်း ကျန်ခဲ့တဲ့ အချိန်မှာ ဌေးမောင်က မေးတယ်။

"မင်း ညက ဟိုကောင်မလေးနဲ့ ဖြစ်ခဲ့သေးလား"

ဇော်မင်းက တွေတွေလေးလေး နဲ့ ခေါင်းညိတ်တယ်။ ပြီးတော့ ပျော့ လေး အာလေးနဲ့ ပြောလိုက်တဲ့ စကား က…

"ငါ ညက အဲဒီ မိန်းကလေးနဲ့ အတူနေခဲ့မိတယ်။ ပြီးတော့ သူ ငါ့အား မှာ အိပ်ပျော်သွားတာ။ မနက်ကျတော့ အရိုးစုကြီးဖြစ်နေတယ်"

တဲ့။

"ဘုရား…ဘုရား"

ကာယကံရှင် မပြောနှင့်၊ ဌေး မောင်ပါ ဇော်မင်းအစား ကြက်သီးတွေ တဖျန်းဖျန်းထနေမိတယ်။ အဲဒီနေ့က ဇော်မင်း ကားမမောင်းဘူး။ ပြန်မယ်ပဲ တစ်ချိန်လုံး ပြောနေတာ။ ဒါကြောင့် ဌေးမောင်ကပဲ ဇော်မင်းကို အိမ်ပြန်ပို့ ပေးခဲ့တယ်။

◈◈◈

"တောခြောက်ခံရတာ ဒီလိုကြီး ပဲ ဖြစ်နေရလား။ ဇော်မင်းရယ်…နင့် ကြည့်ရတာ ငါ စိတ်မသက်သာလိုက် တာဟယ်။ သား…ဇော်မင်း သတိထား ဦး"

"ကြောက်တယ်၊ ဟင်း…အင်း"

ဇော်မင်းမျက်နှာကြီး ရဲရဲနီပြီး တစ်ကိုယ်လုံး တုန် နေတယ်။ ပါးစပ်က လည်း တဟင်းဟင်းနဲ့။ ဇော်မင်းရဲ့ အ မေကလည်း မျက်ရည်တွေ ကျလို့။ ဌေးမောင်ရော၊ သူ့မိသားစုရော ဇော်မင်း ကို စိတ်မကောင်းစွာ ဝိုင်းကြည့်လို့။

"တောထဲမှာ ပြုစားခံရတာ ဖြစ် မယ်။ ဟဲ့…ဟဲ့…ဒီအတိုင်းမနေကြ နဲ့လေ၊ ပယောဂဆရာကို သွားပင့်ကြ ဦး"

ဇော်မင်းရဲ့ အဒေါ်က ဆော်ဩ တော့မှ ဖအေဖြစ်သူက ဆရာပင့် ထွက် သွားတယ်။ မအေဖြစ်သူက ဇော်မင်းရဲ့ လက်တွေကို ဖျစ်ညှစ်ပေးနေတယ်။ ကျန်သူတွေကတော့ ဇော်မင်းကို အရိပ် တကြည့်ကြည့်။ စုတ်တသပ်သပ်နဲ့။

ဇော်မင်းကို ကြည့်ရင်း ဌေးမောင် လည်း စိတ်မကောင်းဖြစ်မိတယ်။ စိတ် ထိခိုက်နေရတယ်။ သူပြန်ခါနီး နှုတ် ဆက်လိုက်တယ်။

"ဇော်မင်း… ငါသွားလိုက်ဦး မယ်"

ဇော်မင်းက ငူငူကြီးထိုင်၊ ပါးစပ် ကြီးဟ၊ မျက်လုံးပြူးပြူးကြီးနဲ့ နေတာ။ သူ့ကိုလည်း လှည့်မကြည့်ဘူး။

ဌေးမောင် စိတ်မကောင်းဖြစ်စွာ ထပြန်ခဲ့ရင်း တွေးနေမိတာက ဇော်မင်း ကြုံခဲ့ရတဲ့ မိန်းကလေးက နာနာဘာဝ လား။ လူသားစင်စစ်လား။ မကွဲပြား။ ဖြစ်ရပ်ကလည်း ဆန်းဆန်းပြားပြား။ ဘာပဲပြောပြော မိန်းကလေးတွေကို အစမ်း ချစ်တတ်တဲ့ ဇော်မင်း အခုတော့ အချစ်စမ်းခံခဲ့ရတာကား…■

* * *

ဆန်းငယ်ဌေး(ပု ဒ)

www.burmeseclassic.com

## ၂၀၁၄၊ နိုဝင်ဘာလအတွက်

# နာမက္ခရဆန်း အထူးဟောစာတမ်း

(ဂမ္ဘီရ ဆရာလှမျိုး (B.Sc

### တနင်္ဂနွေနံအက္ခရာ

**(အ၊ အာ၊ ဣ၊ ဣ၊ ဤ၊ ဥ၊ ဦ၊ ဧ၊ ဩ) စသည့် "အ"အသံထွက်နှင့် စသော အမည်ပိုင်ရှင်များ . . .**

ဤလတွင် လုပ်ငန်းသစ်တစ်ခု စတင်ရမည်။ လုပ်ငန်းဘိုးချဲ့ရမည်။ စပ်တူရှယ်ယာပြုလုပ်ရမည်။ ငွေဝင်သော်လည် ငွေမမြဲဖြစ်နေမည်။ အမှုပြဿနာဖြစ်နေသူကို ငွေ လုံးဝမချေးပါနှင့်။ အနီးကပ်ရန်သူ လှူယုံ သတိထားပါ။ လူမျိုးခြား နိုင်ငံခြားနှင့် ဆက်နွယ်သောအလုပ် အဆင်ပြေမည်။ စနေနံပစ္စည်းအရောင်းအဝယ် အကျိုးအမြတ်ခံစားရမည်။ စက်ပစ္စည် ဆိုင်ခန်း၊ စိန်၊ ဆေးပစ္စည်းဝင်မည်။ မိမိနေအိမ်သို့ ဘိုးတော်၊ မယ်တော်အတုအယောင်များ ရောက်လာတတ်သည်။ မိ စီးသွားသောကား ပျက်တာကြုံလျှင် ယတြာကျေသည်။ အိမ်ထောင်ရေးကောင်းပြီး အချစ်ရေး အဆင်မပြေဖြစ်နေမည်

**ကောင်းကျိုးပြုယတြာ** - နေအိမ်ဘုရားတွင် အုန်းညွန့် (၆)ညွန့်၊ အုန်းဆွမ်းသုံးပွဲ၊ သီးမီးသုံးတိုင်တို့ကို မွေးနေ့တိုင်းလှူပ

### တနင်္လာနံအက္ခရာ

**(က၊ ခ၊ ဂ၊ ဃ၊ င)နှင့် စသော အမည်ပိုင်ရှင်များ . . .**

ဤလတွင် မိမိပြုလုပ်နေကျအလုပ် ပုံမှန်ဆက်၍ ပြုလုပ်ပါ။ ငွေရင်းနှီးမြှုပ်နှံမှုများ မပြုလုပ်သင့်သေးပါ။ အိုးအိမ်အဆော အဆုံကိစ္စ ဆောင်ရွက်ရမည်။ အိမ်၊ ဆိုင်ခန်း၊ တိုက်ခန်း ပြုပြင်မွမ်းမံရမည်။ စက်ပစ္စည်း၊ ဆိုင်ခန်း၊ ဆန်၊ ဆီ၊ ဆေး၊ ဆ အရောင်းအဝယ်ကောင်းလာမည်။ ကားပျက်မည်။ ကား၊ ခြံမြေ၊ ယာဉ်အမျိုးမျိုး ကျောက်မျက်ရတနာ စသည့် ပစ္စည်းထွက်မည် သားသမီးတစ်ဦးဦး အိမ်မှ ထွက်တတ်သည်။ သားသမီးအတွက် စိတ်ပူနေရမည်။ ယာယီ ခရီးထွက်ရမည်။ ပညာရေးကိစ္စအခ အခဲတွေ့မည်။ ရင်းနှီးသော မိတ်ဆွေနှင့် သဘောထားကွဲလွဲမည်။ ချစ်သူနှင့် ခွဲခွာနေရမည်။ ဝမ်းနှင့်ပတ်သက်သော ရော ခံစားရမည်။ အအေးစာ၊ လေစာများ ရှောင်ပါ။

**ကောင်းကျိုးပြုယတြာ** - ဩဇာညွန့်၊ ဩဇာသီး၊ အုန်း၊ ဆွမ်း၊ အုန်းဆီဘူး တစ်မျိုးမျိုးကို မွေးနေ့တိုင်း လှူပေးပါ။

### အင်္ဂါနံအက္ခရာ

**(စ၊ ဆ၊ ဇ၊ ဈ၊ ည)နှင့် စသော အမည်ပိုင်ရှင်များ . . .**

ဤလတွင် မမျှော်လင့်ဘဲ ငွေအစုလိုက်ဝင်ကိန်းရှိသည်။ အလုပ်နှင့် ပတ်သက်၍ အဆက်အသွယ်ကောင်းရမည် ဝန်ထမ်းဆိုပါက နေရာဌာနအပြောင်းအလဲကြုံမည်။ ပြည်တွင်းပြည်ပခရီးဝေးထွက်ရမည်။ ခင်ပွန်းနှင့်ပတ်သက်၍ လာဘ်ဝ စီးပွားဥစ္စာတိုးတက်မည်။ သားသမီးမင်္ဂလာကိစ္စ မဆောင်ရွက်ပေးသင့်သေးပါ။ လူငယ်များ အချစ်ရေး ပညာရေး ရောထွေးန မည်။ မိန်းမပျိုများ ချစ်သူကို အလိုလိုက်မိပါက ဒုက္ခဖြစ်တတ်သည်။ ဤလတွင် တနင်္လာ၊ ကြာသပတေးနေ့နံ ညှဲ့နေသည် မည်သည့်ကိစ္စမဆို တနင်္ဂနွေနှင့် အင်္ဂါနေ့မှ စတင်ဆောင်ရွက်ပါ။ အကြီးအကဲ၊ ဆရာသမား၏ အကြံဉာဏ်ဖြင့် ပြုလုပ် အောင်မြင်မည်။ ထီဝါသနာပါက (၁)အစ (၃)အဆုံး၊ (၃)အစ (၁)အဆုံး ထိုးပါ။

**ကောင်းကျိုးပြုယတြာ** - နီးစပ်ရာ ဗောဓိညောင်ပင်ရှိ ရက္ခစိုးနတ်မင်းကြီးအား အုန်းသီး ဆားသိပ်လှူပါ။

www.burmeseclassic.com

www.burmeseclassic.com

## ဗုဒ္ဓဟူးနံအကျွရာ

(ယ၊ ရ၊ လ၊ ဝ၊ ဠ) နှင့် စသော အမည်ပိုင်ရှင်များ…

ဤလတွင် လုပ်ငန်းနှစ်ခုပြုလုပ်ရခြင်း၊ တာဝန်နှစ်ခုယူရခြင်းတို့ ကြုံတွေ့ရမည်။ ဟိုဟာလုပ်ရ ကောင်းနိုးနိုး၊ ဒီဟာလုပ်ရ ကောင်းကောင်းနိုးနိုးဖြစ်နေမည်။ မြေစမ်း ခရမ်းပျိုးရမည့် အချိန်ကာလဖြစ်သည်။ ငွေများစွာ ရင်းနှီးမြှုပ်နှံမှု မပြုလုပ်သင့်သေးပါ။ နှီးသည့် ပစ္စည်းပေါင်နှံ ရောင်းချပြီး လုပ်ငန်းမစမိဖို့ အရေးကြီးသည်။ လူယုံ သတိထားပါ။ အကြီးအကဲ၊ ဆရာသမားထံမှ အကူအညီရမည်။ တပည့်သားသမီး၏ ကူညီထောက်ပံ့မှု ရမည်။ ရွှေငွေ ရတနာပစ္စည်း၊ အိမ်ခြံမြေရောင်းထွက်မည်။ မိမိနေအိမ်ရှိ အန်းငုက်ပျောပွဲ၊ အိမ်တွင်းအုန်းမှ အုန်းစို့ထွက်တာ မြင်လျှင် နိမိတ်ကောင်းသည်။

ကောင်းကျိုးပြု ယတြာ - မိတ်ဆွေအပေါင်းအသင်းများအား လက်ဖက်ရည်နှင့် ကိတ်မုန့်ကျွေးပါ။

.....................................................................

## ကြာသပတေးနံအကျွရာ

(ပ၊ ဖ၊ ဗ၊ ဘ၊ မ) နှင့် စသော အမည်ပိုင်ရှင်များ…

ဤလတွင် မိမိပြုလုပ်နေကျအလုပ်ကို ပုံမှန်ဆက်လက်လုပ်ကိုင်ပါ။ ဝန်ထမ်းဆိုပါက အလုပ်ထွက်၊ ပြောင်း မပြုလုပ်သင့်သေးပါ။ စပ်တူရှယ်ယာ၊ ပူးတွဲပေါင်းစပ်လည်း မကောင်းပါ။ လက်ရှိအလုပ်ကို တိုးချဲ့ဆောင်ရွက်နိုင်သည်။ အကြီးအကဲ၊ စစ်ဘက်ဆိုင်ရာ ပုဂ္ဂိုလ်ထံမှ အကူအညီရမည်။ ခင်ပွန်းသည်နှင့် ပတ်သက်၍ သတင်းကောင်း ကြားရမည်။ ရပ်ဝေးမှ ဆွေမျိုးသားချင်းရောက်လာမည်။ အမှုဖြစ်နေသူအား ငွေချေး၊ အာမခံ၊ သက်သေလိုက်ခြင်းများ ရှောင်ပါ။ လူငယ်များ ချစ်သူနှင့် စိတ်သဘောထား ကွဲလွဲနေမည်။ အအေးစာ၊ လေစာရှောင်ပါ။

ကောင်းကျိုးပြုယတြာ - ရေသတ္တဝါအား အစာကျွေးပါ။ တနင်္လာနေ့တိုင်း ခွေး၊ ခို၊ ငါး အစာကျွေးပါ။

.....................................................................

## သောကြာနံအကျွရာ

(သ၊ ဟ) နှင့် စသော အမည်ပိုင်ရှင်များ…

ဤလတွင် ပြည်တွင်းပြည်ပ ခရီးထွက်ရမည်။ ယာယီခရီးလည်း သွားလာရမည်။ ပူးတွဲပေါင်းစပ်၊ စပ်တူရှယ်ယာအလုပ် ပြုလုပ်ရမည်။ အလုပ်၊ နေရာဌာနပြောင်းရွှေ့ရကိန်းရှိသည်။ အတွေးအခေါ် ဆုံးဖြတ်ချက်များတတ်သည်။ မည်သည့်ကိစ္စမဆို လူကြီးမိဘ ဆရာသမားနှင့် တိုင်ပင်၍ပြုလုပ်ပါ။ လူငယ်များ တစ်ယူသန် တစ်ဇွတ်ထိုးပြုလုပ်ပါက ပြဿနာတက်မည်။ သားသမီး၏ လူမှုရေး ပညာရေးပြဿနာဖြေရှင်းရမည်။ ဤလတွင် တနင်္လာနှင့် ကြာသပတေးနံများကို အထူးရှောင်ပါ။ ထီဝါသနာပါက (၁၃ ၊ ၃၁)အတွဲ ကံစမ်းပါ။

ကောင်းကျိုးပြုယတြာ - မွေးနံထောင့်တွင် နှင်းဆီပန်း (၁၀)ပွင့်လှူပြီး လိုရာဆန္ဒ ဆုတောင်းပါ။

.....................................................................

## စနေနံအကျွရာ

(တ၊ ထ၊ ဒ၊ ဓ၊ န၊ ဌ) နှင့် စသော အမည်ပိုင်ရှင်များ…

ဤလတွင် လူမျိုးခြား၊ နိုင်ငံခြားနှင့် ဆက်နွယ်သောအလုပ် ပူးတွဲပေါင်းစပ် ဆောင်ရွက်ရမည်။ ပြည်ပအလုပ်၊ သင်္ဘောသား အလုပ် ပြုလုပ်ရမည်။ မိတ်ဆွေဆရာသမား အကြီးအကဲထံမှ အကူအညီရမည်။ ကွဲကွာနေသော ချစ်သူ၊ အိမ်ထောင်ဖက်နှင့် ပြန်လည်ဆုံတွေ့ရမည်။ အိုးသစ်အိမ်သစ်ဝင်ခြင်း၊ အိုးအိမ်အဆောက်အအုံ ပြုပြင်မွမ်းမံခြင်း၊ ကန်ထရိုက်ပေးခြင်းတို့ ဆောင်ရွက်ရမည်။ စာပေ၊ ဂီတ၊ အနုပညာလုပ်ငန်း ကောင်းကျိုးပြုမည်။ မိမိနေအိမ်သို့ လူလိမ်၊ အကျင့်ပျက်သူ၊ ဟန်ဆောင်မိတ်ဆွေ၊ ဘိုးတော်၊ မယ်တော်တို့ ရောက်လာတတ်သည်။ နေအိမ်တွင် ပန်းကန်ကွဲ၊ မီးချောင်းပျက်ရှိက စွန့်ပစ်ပါ။ ထီဝါသနာပါက (၁၃၇)ဂဏန်းကို ပတ်လည်ထိုးပါ။

ကောင်းကျိုးပြုယတြာ - မွေးနံထောင့်တွင် အုန်း (၆)ညွန့်နှင့် ထီးနီ (၇)လက်လှူလိုက်ပါ။

.....................................................................

ကောင်းကျိုးလိုရာဆန္ဒ ပြည့်ဝကြပါစေ

*****

www.burmeseclassic.com

www.burmeseclassic.com

အချိန်ကား မိုးဖြိုင်ဖြိုင်ရွာသွန်းသော နေ့တစ်ခု၏ နံနက်ခင်းစ ဖြစ်သတည်း။ ကျွန်တော်၏ ဗေဒင်လက္ခဏာ ဟောပြောခန်းရှိရာ အမှတ် (၂၀/၂၂၅)၊ မြင်စိုင်းလမ်း၊ ရွှေပေါက်ကံနေအိမ်သို့ တစ်ရပ်တည်းနေ အသက် ၂၀မှ ၂၅နှစ် အရွယ် မိန်းကလေးသုံးယောက်တို့ ရောက်လာကြလေ၏။ ယင်းတို့သည် ကျွန်တော်၏ ဗေဒင်လက္ခဏာ ဟောက်သည်များ ဖြစ်ကြလေ၏။ အမည်ကား ကြေးမုံမြင့်၊ သီရိသဇ္ဈာနှင့် ခင်နှစ်မြင့် ဟူ၍ ဖြစ်လေ၏။



# ခေါင်ဦးတိုက်

အဂ္ဂမျိုး ကြမ်းဦးတိုက်

www.burmeseclassic.com

www.burmeseclassic.com

ဆင်းတို့ကို နေရာထိုင်ခင်းပေးကာ လာရင်းကိစ္စကို မေးရလေ၏။ ကြေးမုံ မြင့်မှ စ၍ ...

"သမီးတို့သုံးယောက်စလုံး သိချင်ခဲ့ကြတဲ့ လေ့ဦးတိုက်၊ လှည်းဦးတိုက်မှာရှိတဲ့ အဆောက်အအုံ ဈေးဆိုင်ခန်းတွေဟာ လုပ်သမျှ အကြံစည်ပျက်၊ စီးပွားပျက်၊ မိသားစုထွန်းမာရေး ယိုယွင်းတတ်တယ်ဆိုတာကို သိချင်သလို၊ ထုစားတဲ့ နည်းစနစ်လည်း သိချင်ပါတယ်ရှင့်"

ကျွန်တော်က ...

"မင်းတို့လေးတွေကို ငါ သိသလောက် ရှင်းပြပေးပါ့မယ်။ တကယ်တော့ လေ့ဦးတိုက်၊ လှည်းဦးတိုက်သာမကဘူးကွဲ့။ လူဦးတိုက်၊ ကြမ်းဦးတိုက်၊ ခေါင်းဦးတိုက်၊ လမ်းဦးတိုက်ရယ်လို့ ရှိသေးသကွဲ့။ သစ်ဦးတိုက်ဆိုတာက မင်းတို့နေအိမ်အဆောက် အအုံရဲ့ ထွက်ပေါက်တည့်တည့်မှာ အီးထီးမားမားနဲ့ သစ်ပင်ကြီးတစ်ပင်လည်း ရှိတာကို ပြောတာကွဲ့။ နောက်တစ်မျိုးက ခေါင်းဦးတိုက်။ ဒါကတော့ မင်းတို့ မျက်နှာချင်းဆိုင်အိမ်ရဲ့ အိမ်ခေါင်မိုးက ကိုယ့်အိမ်ဘက်ကို တည့်တည့်လှမ်းပြီး ညွှန်ပြနေသလိုမျိုး။ ခေါင်မိုးနဲ့ ထမ်းဟာ ကန့်လန့်ဖြစ်နေတာမျိုးကွဲ့။ နောက် လှည်းဦးတိုက်ကို ရှင်းပြမယ်။ လှည်းဦးတိုက်ဆိုတဲ့အထဲမှာ ကားဦးတိုက်ရော၊ လေ့ဦးတိုက်တာရော အကျုံးဝင်ပါတယ်ကွဲ့။ ကိုယ်နေတဲ့ နေအိမ်အဆောက်အအုံဘက်ကို မျက်နှာပြုပြီးထားတဲ့ လှည်းဂိတ်၊ မော်တော်ယာဉ်ဂိတ် စတာတွေ၊ စက်လှေတို့၊ သမ္ဗန်တို့ သင်္ဘောတို့ဟာ ကိုယ်နေတဲ့ နေအိမ်အဆောက်အအုံဘက်ဆီကို ဦးတိုက် ဆိုက်ကပ် ရပ်နားတဲ့ နေရာမျိုးကို ဆိုလိုတာကွဲ့"

ဟု ရှင်းပြကာ ရေနွေးတစ်ခွက်ငှဲ၍ သောက်ရလေ၏။ သည်ချောင်းကို ရှင်းသည့်အနေဖြင့် ချောင်းတစ်ချက်ဟန့်လိုက်ရသေး၏။ ထိုတွင် ကြေးမုံမြင့်က ...

"ကျန်တဲ့ ဦးတိုက်အနေအထားလေးတွေ ပြောပါဦး ဆရာကြီးရှင့်"

"မင်းတို့လေးတွေရဲ့ စိတ်ပါဝင်စားမှုကို ငါ မချိုးကျူးဘဲကို မနေနိုင်တော့ပါဘူး။ ကဲ ... ဒါဆို ဆက်ပြီး မှတ်လိုက်ကြ ပြောလိုက်ကြစို့ရဲ့"

ယင်းတို့က မှတ်ယူရန် မှတ်စုနှင့် ဘောလ်ပင်ကို တစ်ဖန် အသင့်ပြင်ကြလေ၏။

"လူဦးတိုက်ဆိုတာဟာ လူသေ ရုပ်အလောင်းကို ဆေးရုံ၊ ရေခဲတိုက် စတဲ့ နေရာက ထုတ်ယူ သယ်ဆောင်တဲ့ နေရာဟာ ကိုယ့်နေအိမ်အဆောက်အအုံကို ဦးတိုက် အနေအထားဖြစ်နေတာမျိုးနဲ့ ကြမ်းဦးတိုက်ကဖြင့် အဆင့်တစ်ခု၊ အထစ်တစ်ခုခုကို တက်ကြရတဲ့အခါမှာ ခင်းထားတဲ့ ကြမ်းပြင်ရဲ့ အလျားနဲ့ ကိုယ့်ခြေထောက် အပြိုင်ဖြစ်နေတာမျိုးပဲကွဲ့"

ဟု ရှင်းပြပြီး ကျွန်တော်က ကွမ်းတစ်ယာထုတ်ယူ၍ ဝါးလေ၏။ ယင်းတို့က အချင်းချင်း မမီသည့်အချက်တို့ကို ကူးယူမှတ်ကြလေ၏။ ကျေနပ်လောက်အောင် တိုက်ဆိုင်စစ်ဆေးကူးမှတ်ပြီးသည်နှင့် ဦးတိုက်အနေအထားကြောင့် ဖြစ်ပေါ်လာမည့် အန္တရာယ်ကို ကာကွယ်ရန် နည်းလမ်းကို တစ်ညီတစ်ညွတ်တည်း မေးကြပြန်လေ၏။ ထို့ကြောင့် ကျွန်တော်က ...

"သည်လို ဦးတိုက်အနေအထားကြုံနေခဲ့ရင် နေအိမ်အဆောက်အအုံရဲ့ ခြံဝင်းမှာ သံပန်းတွေ တပ်ဆင်ထားရတယ်။ သံပန်းရဲ့ အချွန်ကို ခြံရဲ့ အပြင်ဘက် လှည့်ထားရတယ်။ ခြံရဲ့ ရှေ့မှာ အရွက်စိုင်းစိုင်းနဲ့ အစိမ်းရောင်ရှိတဲ့ အပင်ပုလေးတွေကို ရိုက်ပေးထားရတယ်။ အိမ်၊ အဆောက်အအုံရဲ့ အဝင်အဝမှာ လမ်းဘက်ကို မျက်နှာပြုပြီး မှန်ဝိုင်းလေးတစ်ချပ် ချိတ်ဆွဲထားရတယ်။

နောက် ခေါင်းဦးတိုက်နဲ့ သစ်ဦးတိုက်အနေအထားဖြစ်ခဲ့ရင် ခြံဝင်းတံခါးကို နေရာပြောင်းလိုက်ရမယ်။ ဒါမှမဟုတ် အနီရောင် တောက်ပတဲ့ ဖဲပြားကြိုးနဲ့ သစ်ပင်ကို စည်းထားလိုက်ရတယ်။ အဲဒီအပင်မှာပဲ သောက်ရေအိုးစင်တစ်စင် ဆောက်ထားပေးရင် ပိုကောင်းတယ်။ ညနေပိုင်းတွေမှာ အပင်စောင့်တဲ့ ရုက္ခစိုးကို နံ့သာတိုင်ထွန်းပြီး မေတ္တာပို့သ ဆုတောင်းပေးရတယ်။

ကြမ်းဦးတိုက်နဲ့ ကြုံရင်တော့ ခြေချမယ့် နေရာမှာ ကော်ဇောစလေး ခင်းလိုက်ရုံပဲ။ လူဦးတိုက်မှာကတော့ ဝေးဝေး ကောင်းလေပေါ့။ ဩော် ... ပြောရင်းဆိုရင်း သတိရလာတယ်။ စေတီဦးတိုက်ဆိုတာ ရှိတယ်ကွဲ့။ ကိုယ်နေတဲ့ နေအိမ်အဆောက်အအုံက စေတီ၊ ပုထိုး၊ ကျောင်းကန်တွေထက် ပိုမြင့်ပြီး နီးကပ်နေခဲ့ရင် စေတီဦးတိုက်လို့ ခေါ်တယ်။ အဲ့သလို ကြုံခဲ့ရင်တော့ ဘုရားကျောင်းကန်မှာ ကျောက်ပြားတို့၊ အခင်း ကော်ဇောတို့ လှူပေးရတယ်"

ဟု ဆိုရာ ယင်းတို့က ကျေးဇူးတင်စကားပြောပြီး နှုတ်ဆက်ကာ ပြန်သွားခဲ့ကြပါတော့သည်■

* * *

အနုစုံ



www.burmeseclassic.com

www.burmeseclassic.com

မောင်ဝေအေး


# သတင်းပုံရိပ်များ



ပထမဦးဆုံး ကျွန်တော်ရှာတွေ့ခဲ့တဲ့ "မာဆူလဲလ်" ဆိုတဲ့ လှပသာယာလွန်းတဲ့ တောင်ပေါ်ရွာလေးအကြောင်းပါ။ ဒီရွာလေးဟာ အီရန်နိုင်ငံမှာ တည်ရှိပါတယ်။ အလွန်လှပပြီး ဆန်းပြားတဲ့ ရွာလေးပါ။ အိမ်တွေကို အဝေးကနေ ကြည့်လိုက်မယ်ဆိုရင် လှေကားထစ်ကလေးများသဖွယ် ထင်ရလောက်အောင် အံ့မခန်း ဆန်းကြယ်လှပါတယ်။

ဒီရွာလေးဟာ ရှေးနှစ်ပေါင်းများစွာကတည်းက ဒီနေ့အထိ တည်ရှိနေတဲ့ ရွာလေးပါ။ အီရန်နိုင်ငံအတွက်တော့ နာမည်ကျော်ကြားလွန်းတဲ့ ရွာလေးပါ။ လူဦးရေ (၅၄၀) လောက် စုပေါင်းနေထိုင်ကြပါတယ်။

◈◈◈



နောက်သတင်းပုံရိပ်ကတော့ ကျွန်တော်တို့ မြန်မာနိုင်ငံ တွင်းမှာ ဖြစ်ပျက်တဲ့ သတင်းပုံရိပ်လေးပါပဲ။ ထူးဆန်း အံ့သြဖွယ်ရာဖြစ်စေဖို့ ဝေမျှပေးလိုက်ပါတယ်။

ရှောဝတီတိုင်းဒေသကြီး၊ ကြံခင်းမြို့နယ်၊ ကြို့ပင် အုပ်စု၊ ကိုင်းသာကျေးရွာ ဘုန်းကြီးကျောင်းမှာ ထူးဆန်းဖွယ် တွေ့ရှိတာပါ။ ဘုန်းတော်ကြီးကျောင်းအတွက် ရေတွင်းကင် တူးကြပါတယ်။ ရေတူးလို့ ထွက်လာတဲ့ ရေတွေဟာ ငါးရက် တစ်ကြိမ် အရောင်တွေ ပြောင်း‚ပြောင်းသွားပါတယ်။

ရေအခက်အခဲရှိလို့ ၂၀၁၄၊ ဇွန်လမှာ ရေတွင်းကင် တူးရာကနေ ထူးဆန်းဖွယ်ရာတွေ တွေ့ခဲ့တာပါ။

လူတွေကတော့ ဒီသတင်းကို ကြားပြီး အရောင် ပြောင်းတဲ့ ရေဟာ ရောဂါဝေဒနာတွေ ပျောက်ကင်းတယ်လို့ သတင်းပျံ့သွားပြီး သူ့ထက်ငါ ဦးအောင်ခပ်ယူကြပါတယ်။ ပိတ်ပင်ထားလိုက်တာတောင်မှ ခိုးယူခပ်တဲ့အထိ ဖြစ်ခဲ့ကြ ပါတယ်။ ဒါကြောင့် နေ့ရော ညပါ အစောင့်တွေ ချထားရ တယ်တဲ့။

အဲဒီ ရေတွင်းကင်တွင်းကို အိမ်မက်အရ တူးဖော်ခဲ့တာ ဖြစ်ပြီး အနက်ပေ ၈၅ပေအရောက်မှာ ထူးဆန်းတဲ့ရေတွေ ထွက်လာခဲ့ခြင်းဖြစ်ပါတယ်။

◈◈◈



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါမှာတော့ သခင်ဖြစ်သူကို မီးဘေးကနေ
ယ်တင်ပေးခဲ့တဲ့ ကြောင်မလေး "ဆယ်လီ" အကြောင်းပဲ
ပါတယ်။

ဩစတြေးလျနိုင်ငံ၊ မဲလ်ဘုန်းမြို့ရဲ့ နေအိမ်မှာ မီး
ာင်မှု ဖြစ်ပွားခဲ့ပါတယ်။ မီးလောင်ချိန်မှာ သခင်ဖြစ်သူဟာ
ပျော်နေပါတယ်။ မီးလောင်တာကို လုံးဝ မသိပါဘူး။
ကြောင်မလေး ဆယ်လီဟာ အိပ်မောကျနေတဲ့ သခင့်ခေါင်း
ကို ခုန်တက်ပြီး အော်ဟစ်လှုပ်ရှားခဲ့ပါတယ်။ ကြောင်မ
သာ ဒီလို မကယ်ခဲ့ဘူးဆိုရင် "ခရေ့ချ်ကျီးပ်စ်" ဟာ
ပါသွားမှာ သေချာပါတယ်။ ကြောင်မလေးကြောင့်သာ
အသက်ချမ်းသာရာရခဲ့တယ်။ ဒီသတင်းကို ကမ္ဘာ့သတင်း
အသီးသီးကနေ ဖော်ပြရတဲ့အထိ ဟိုးလေးတကြော်
ဖြစ်ခဲ့ရပါတယ်။

သခင်အပေါ် သစ္စာရှိလွန်းတဲ့ ကြောင်မလေး ဆယ်လီ

◈◈◈

နောက်ဆုံး သတင်းပုံရိပ်ကတော့ အိန္ဒိယနိုင်ငံမှာ နှစ်ပေါင်း ၈၃၀ နီးပါး ပိတ်ထားခဲ့ရတဲ့ နာလန်ဒါ တက္ကသိုလ် ပြန်လည်ဖွင့်လှစ်တဲ့ သတင်းပုံရိပ်ဖြစ်ပါတယ်။

နာလန်ဒါ တက္ကသိုလ်ဟာ ကမ္ဘာပေါ်မှာ ရှေးအကျဆုံး တက္ကသိုလ်လည်း ဖြစ်ပါတယ်။ အေဒီ ၅ရာစုမှာ တည်ဆောက်ခဲ့ပြီး အေဒီ ၁၁၉၃ ခုနှစ်လောက်မှာ တာခ်လူမျိုးတွေ ဖျက်ဆီးခြင်းကို ခံခဲ့ရပါတယ်။


နာလန်ဒါ တက္ကသိုလ်ပြန်ဖွင့်ဖို့ အိန္ဒိယ သမ္မတဟောင်းတစ်ဦးဖြစ်တဲ့ အဗ္ဗဒူလာကာလမ်က ၂၀၀၆ ခုနှစ်မှာ စတင်ပြီး အဆိုပြုခဲ့တာပါ။

အခုတော့ ပြန်လည် ဖွင့်လှစ်နိုင်တော့မှာပါ။

အိန္ဒိယနိုင်ငံ၊ ဘီဟာပြည်နယ်အတွင်းမှာ ရှိပြီး အတိတ်ကာလတုန်းက အတိုင်းတိုင်းအပြည်ပြည်ကနေ ပညာရှင်တွေ၊ အတွေးအခေါ်သမားတွေ လာရောက် ပညာသင်ယူသလို ပညာတွေ ပို့ချပေးခဲ့တဲ့ တက္ကသိုလ်ကြီးတစ်ခုလည်း ဖြစ်ပါတယ် ■

* * *

မောင်ဝေအေး





www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

ဂျပန်ခေတ်က ဝဲမပေါက်တဲ့သူ မရှိသလောက်ပါပဲ။ ကျွန်တော်တို့လည်း ဝဲပေါက်ခဲ့တယ်။ တော်တော်နဲ့ မပျောက်ဘူး။ ဆူးပုပ်ရွက်ကို ပြာချပြီး ရေနံချေးနဲ့ ဖျော်လိမ်းတာ ပျောက်တယ်။

ဂျပန်ခေတ်ကပဲ ကျွန်တော့်ညီ ဝမ်းတွင်း သက်တန့်ပေါက်တယ်။ ခု အခေါ်တော့ မြစ်ပွားနာ။ အင်္ဂလိပ်ကတော့ ကင်ဆာပေါ့။ အဲဒီ မြန်မာတိုင်းရင်းဆရာသမားတော်ကြီးက ဝမ်းတွင်းက သက်တန့်ရောဂါကို ပေါင်ရင်းရွှေ့တယ်ဗျာ။ ဘယ်လောက် အံ့ဩစရာကောင်းသလဲလို့။ ပေါင်ရင်းရောက်တော့မှ ခွဲကုတယ်။

ခွဲကုတာကတော့ ဒီခေတ်မှာ အင်္ဂလိပ်ဆရာဝန်တွေ၊ သမားတော်ကြီးတွေ၊ ပါရဂူတွေ ကျွမ်းကျင်ကြပါတယ်။ ကျောက်ကပ်အစားထိုးကုတာတို့၊ ရင်ချင်းဆက်၊ ခေါင်းချင်းဆက်တွေ ခွဲစိတ်ကုတာ အလွန်အံ့ဩစရာကောင်းလှပါတယ်ဗျာ။ ဂျပန်ခေတ်က ကျွန်တော့်ညီကို ကုခဲ့တဲ့ မြန်မာတိုင်းရင်းဆေးဆရာကြီးမျိုးကိုတော့ ခုခေတ်မှာ မတွေ့တော့ပါဘူး။ ဝမ်းတွင်းက သက်တန့်မြစ်ပွားနာရောဂါ ကင်ဆာကို ပေါင်ရင်းရွှေ့ပြီး ဘယ်သူ ကုနိုင်သလဲ။ ဆေးပညာတွေ၊ သိပ္ပံပညာတွေ တိုးတက်နေတဲ့ ဒီခေတ်မှာ မတွေ့သေးပါဘူး။

ကျွန်တော်ခရီးသွားရင်း သဘော်ဆိပ်တို့၊ ရထားဘူတာတို့၊ ရထားပေါ်၊ သင်္ဘောပေါ်တွေမှာ လိုက်ပြီး အော်ဟစ်ရောင်းတဲ့ မြန်မာဆေးမျိုးစုံကို တွေ့ရတယ်။ ချောင်းဆိုးပျောက်ဆေး၊ ဆီး၊ ဝမ်း၊ လေဆေး၊ အဲဒါတွေကို ကျွန်တော် ယုံယုံကြည်ကြည် ဝယ်သုံးတယ်။ မြန်မာဆေးမြီးတို့၊ ပွေး၊ ဝဲ၊ နှင်းခူဆေးတို့ဆိုလည်း ကိုယ့်မှာ ဒီရောဂါတွေ မရှိပေမယ့် ဝယ်လာတာပဲ။ ရှိတဲ့လူတွေကို ကုသိုလ်လုပ်တယ်။ နောက်မေးကြည့်တော့ တကယ်ပျောက်တယ်တဲ့။ ကြုံရင် ဝယ်ခဲ့ပါလို့လည်း မှာလို့ ဝယ်,ဝယ်ပေးရတယ်။

တစ်ခါ ကျွန်တော် ဟသ်ာတ-သာရဝေါ မော်တော်ပေါ်မှာ အော်ရောင်းနေတဲ့ လေဆေးကို ကျွန်တော် ကြုံတာနဲ့ လေးငါးပုလင်းဝယ်လိုက်တယ်။ ကျွန်တော့်မှာ ငယ်ငယ်တုန်းက လေရောဂါရှိတယ်။ အဲဒီလူက ကျွန်တော့်မေးတယ်။ နောင်ကြီးက ဘယ်ကလဲတဲ့။ ကျွန်တော်က ဟသ်ာတထောင်က ထောင်မှူးပါ။ ကျွန်တော့် နာမည်က ဦးစိန်ငွေးပါဆိုတော့ သူ မှတ်သွားတယ်။

မကြာဘူး။ သတင်းစာကြော်ငြာမှာ ပါလာတယ်။ ဟသ်ာတက ထောင်မှူး ဦးစိန်ငွေးဟာ သူ့ရဲ့ လေဆေးကြောင့် ယခုအခါ နှစ်ပေါင်းများစွာ စွဲကပ်လာတဲ့ လေရောဂါဟာ လုံးဝ ပျောက်ကင်းသွားကြောင်း ပါလာတယ်။ ကျွန်တော့်မိတ်ဆွေအပေါင်းအသင်းတွေက ဝိုင်းဟားကြတယ်။ ကျွန်တော်ကတော့ ယုံယုံကြည်ကြည်နဲ့ သုံးခဲ့တယ်။

သတင်းစာထဲ ဆေးကြော်ငြာမှာ ပါတာက တစ်ရက် နှစ်ရက်။ အမြဲပါနေတာက အဲဒီ ဟသ်ာတ-သာရဝေါ မော်တော်ပေါ်မှာ သူ့ရဲ့ လေဆေးကြောင့် ဟသ်ာတထောင်က ထောင်မှူး ဦးစိန်ငွေးဟာ ကြာရှည်စွာ စွဲကပ်လာတဲ့ လေရောဂါ လုံးဝ ပျောက်ကင်းသွားကြောင်း၊ မယုံရင် ဟသ်ာတထောင်က ထောင်မှူး ဦးစိန်ငွေးကို သွားမေးနိုင်ကြောင်း နေ့စဉ် အော်ဟစ်ပြီး ဆေးရောင်းနေသတဲ့ဗျာ။

ကျွန်တော့်မိတ်ဆွေတွေက ပြန်ပြောကြတယ်။ ကျွန်တော် မရှက်ပါဘူး။ ကျွန်တော် ဂုဏ်တောင်ယူမိပါတယ်။ မြန်မာတိုင်းရင်းဆေးကို ကျွန်တော် ယုံကြည်တယ်။ အားကိုးတယ်။ အားလည်းပေးတယ်။ ကျွန်တော် ဟသ်ာတထောင်က ပုသိမ်ထောင် ပြောင်းသွားတော့ ဆေးပြတ်သွားတယ်။ အစားအသောက်မမှန်ဘူး။ မနက်အစောကြီး ထောင်ထဲဝင်ရတယ်။ နေ့လယ် ၁၂ နာရီမှ ထမင်းစားထွက်ခဲ့ရတယ်။ မနက်အစောကြီးဝင်တော့ ဘာမှစားမသွားရဘူး။ နေ့လယ် ၁၂နာရီ ထမင်းစားထွက်လာတော့ လေခံပြီး ထမင်းမစားချင်တော့ဘူး။ ဒီကနေ နဂိုမူလဓာတ်ခံ လေရောဂါပြန်ထလာတယ်။

ပုသိမ်ထောင်မှာ ကျွန်တော်က အလုပ်ရုံတာဝန်ခံ ထောင်မှူး။ ကျွန်တော့်သစ်ဂိုဒေါင်မှာ အကျဉ်းသားသုံးယောက်ရှိတယ်။ ယုံကြည်ရတယ်။ စိတ်ချရတယ်။ ကျွန်တော် မသိဘဲ သစ်တိုတစ်ချောင်း၊ သစ်စတစ်စ ဘယ်သူလာတောင်းလို့မှ မရဘူး။ အဲဒီအထဲမှာ ဓားပြမှုနဲ့ ထောင်ကျလာတဲ့ မြောင်းမြထောင်က အကျဉ်းသားတစ်ယောက်ရှိတယ်။ သူက အဲဒီ အကျဉ်းသားသုံးယောက်ထဲမှာတော့ ဗာရာတန်းစီးပေါ့။

တစ်နေ့ ကျွန်တော် အန့်,အန့်နေတာ တွေ့တော့ သူက ကျွန်တော့်ကို . . .

"ဆရာ . . . ဘာတွေ အန့်နေတာလဲ၊ ဆရာ့မှာ လေရောဂါရှိသလား"

လို့ မေးတယ်။ ဒါနဲ့ ကျွန်တော်က ပြောပြလိုက်တယ်။

"အေးကွ၊ ငါ့မှာ လေရောဂါ



www.burmeseclassic.com

www.burmeseclassic.com

တယ်။ ငါ ဟသာ်တထောင်မှာတုန်းကတော့ ငါစွဲသောက်တဲ့ ဆေးရှိတယ်၊ အဲဒီဆေးက ဒီမှာ မရတော့ဘူး။ ဒါကြောင့် ငါ လေရောဂါပြန်ထနေတယ်ကွ"

ဆိုတော့···

"ဒီလိုဆို ဆရာရယ်၊ ကျွန်တော့်မှာ ဆေးနည်းကောင်းကောင်းရှိပါတယ်၊ ကျွန်တော် ဖော်ပေးပါ့မယ်။ ခဲရာခဲဆစ် မဟုတ်ပါဘူး။ အဲဒီပစ္စည်းတွေသာ ဝယ်ပေးပါ"

တဲ့။ ကျွန်တော် သူပြောတဲ့ ဆေးတွေ ဝယ်ပေးလိုက်တယ်။ အဲဒါတွေကတော့ အဖုံးနဲ့ မြေအိုးတစ်အိုး၊ ဆား (၅၀)သား၊ တရုတ်စကားအခေါက် (၅၀)သား၊ ဖုံးမသိန် (၅၀)သား၊ သိန္ဓော (၅၀)သား အဲဒါတွေကို မြေအိုးထဲထည့်၊ ရေမြုပ်အောင် အဖုံးဖုံး၊ ရွှံ့နဲ့ အိုးကို သုတ်ပြီး အကျဉ်းသားတွေ ထမင်းချက်တဲ့ ဖိုကြီးမှာ ပြာပူနဲ့ လုံအောင် ဖုံးပြီး ဖုတ်တော့တာပဲ။

အချိန်တန်တော့ အိုးထုတ်ပြီး အဖုံးဖွင့်လိုက်တော့ ရေတွေလည်း ခန်း တရုတ်စကားနဲ့ ဖုံးမသိန်တွေလည်း ညေ်းပြီးနေကာပဲ၊ အေးတော့မှ ငရုတ်ဆုံနဲ့ အမှုန့်ထောင်းတော့တာပဲ။ ပြီးတော့မှ···

"ရော့···ဆရာ၊ အဲဒီအမှုန့်ကို ကြွေဇွန်းနဲ့ တစ်နေ့ကို သုံးကြိမ်သောက်ပါတဲ့၊ ရှောက်ရည်နဲ့ ဖြစ်ဖြစ်၊ သံပရာရည်နဲ့ဖြစ်ဖြစ် ရောသောက်ရင် ပိုကောင်းပါတယ်တဲ့။

အဲဒီအကျဉ်းသား ဖော်ပေးတဲ့ ဆေးကို ယုံယုံကြည်ကြည်နဲ့ ကျွန်တော် သောက်တယ်။ တစ်ခါတလေကျတော့ ဆေးမသောက်မိဘူး။ ဆေးသောက်မိပေမယ့် သံပရာရည်၊ ရှောက်ရည်ထည့်မသောက်မိပြန်ဘူး။ အဲဒီ



အကျဉ်းသားက···

"ဆရာ···ဆေးမှန်မှန်မသောက်ရင် မဖြစ်ဘူး။ ဒီတော့ ဒီလိုလုပ်၊ ကျွန်တော် ဆရာ့ကို ဆေးမှန်မှန်တိုက်မယ်၊ ဆေးနဲ့ သံပရာသီး၊ ရှောက်သီးတွေသာ အထဲယူခဲ့ပါ"

ဆိုတာနဲ့ အားလုံး သူ့ကို ပေးထားလိုက်တယ်။

ဒီတော့မှ ကျွန်တော် ဆေးမှန်မှန်သောက်ရတော့တယ်။ ဆေးသောက်တာ တစ်ပတ်လောက်ရှိတော့ လေအန်တာ သက်သာလာတယ်။ အစာစားချင်တဲ့စိတ်လည်း ရှိလာတယ်။ တစ်လလောက်ရှိတော့ ကျွန်တော် လေရောဂါ လုံးဝပျောက်သွားတယ်။ ရောဂါပျောက်သွားပေမယ့် ဆေးကို မပြတ်စွဲသောက်ရင် ရပါတယ်။ ကျွန်တော်တို့ မြန်မာတိုင်းရင်းဆေးဟာ ဘေးထွက်ဆိုးကျိုး မရှိပါဘူးဆိုတာနဲ့ ကျွန်တော် ဆေးမပြတ် စွဲသောက်လာတာ လေးငါးလရှိတော့ လေနဲ့ ပတ်သက်တဲ့ ရောဂါလုံးဝမရှိတော့ပါဘူးဗျာ။

◈◈◈

ကျွန်တော် ၁၉၇၇ ခုနှစ်က သရက်ထောင်ကို ရောက်သွားတယ်။ သရက်ထောင်ဟာ ဗဟိုထောင်ကြီး။ ၁၈၆၉ ခုနှစ်က ဆောက်တဲ့ ထောင်။ အခုဆိုရင် နှစ်ပေါင်း ရာကျော်ပြီ။ ဟိုတုန်းက သရက်မြို့မှာ အကျဉ်းဦးစီးက သရက်ထောင်အပြင် လူငယ်ထောင်လို့ခေါ်တဲ့ အများကတော့ လွယ်လွယ်ကူကူ ကလေးထောင်လို့လည်းခေါ်တဲ့ (Borstal Training School) လည်း ရှိတယ်။ ကလေးထောင်ကတော့ မရှိတော့ဘူး။ (၁-၃-၇၄)နေ့က စပြီး အကျဉ်းဦးစီးအောက်က လူမှုဝန်ထမ်းဌာနကို လွှဲပေးလိုက်ရတယ်။

ထောင်မှာ လယ်ကေ (၄၀) လောက် ရှိတယ်။ ငါးမွေးမြူရေးကန်တွေကလည်း လေးကန်ငါးကန်လောက် ရှိတယ်။ ထောင်က သရက်မြို့လယ်ကောင်မှာ။ ဆေးရုံကြီးနဲ့လည်း နီးတယ်။ ကျွန်တော်က စိုက်ပျိုးရေး မွေးမြူရေးဝါသနာပါတဲ့ လူဆိုတော့ သရက်ထောင်ဟာ ကျွန်တော့်အကြိုက်ဖြစ်နေတယ်။ အကျဉ်းသားက (၃၀၀၀) လောက်ရှိတယ်။

သရက်ထောင်ရောက်တော့ ထောင်ဆရာဝန်က ဒေါက်တာ သန်းထွန်း၊ ထောင်မှူးကြီးက ဦးအောင်ခင်လှ၊ ထောင်မှူးတွေကတော့ ဦးတင်ထွင်ဋ္ဌ (ညွှန်မှူး-ငြိမ်း)၊ ဦးမြင့်အောင်နဲ့ ဦးထွန်းရီတို့ ဖြစ်ကြတယ်။ ကျွန်တော် ပြန်ကြည့်စရာမလို။ အစစ စိတ်ချရတဲ့ ထောင်မှူးကြီးနဲ့ ထောင်မှူးတွေပေါ့။

သရက်ထောင်မှာ ဟိုအင်္ဂလိပ်ခေတ်က ထောင်ပုံစံတွေ တွေ့ရတယ်ဗျာ။ ကျွန်တော် ထောင်မှူးပေါက်စ ပုသိမ်ထောင်မှာ တွေ့ခဲ့တဲ့ ခြောက်ထောင်ပိုင်လို့ခေါ်တဲ့ အကျဉ်းသားကို သွားတွေ့တယ်။ ထောင်တွေမှာ ···

www.burmeseclassic.com

လပ်ရေးရှပြီးနေ ိုင်း စံပြထောင်တွေလည်းဖြစ်လာပေတော့ ခြောက်ထောင်ပိုင်တို့ ဘူးပုလိပ်တို့ဆိုတာတွေဟာ တဖြည်းဖြည်း ပျောက်သွားတယ်။ ခြောက်ထောင်ပိုင်တို့၊ ဘူးပုလိပ်တို့ဆိုတာတွေဟာ အကျဉ်းသားတွေပဲ။ ယုံကြည်စိတ်ချရလို့ ထောင်ဥပဒေစည်းကမ်းနဲ့အညီ ခန့်ထားတဲ့ ထောင်အရာရှိတွေရဲ့ လူယုံတော်ကြီးတွေပေါ့။

ခြောက်ထောင်ပိုင်အကျဉ်းသားဆိုတာ အင်္ဂလိပ်လိုကတော့ (Convict Warder)လို့ ခေါ်တယ်။ ထောင်ကြီးတွေမှာပဲ တွေ့ရတယ်။ ထောင်လေးတွေမှာတော့ မရှိဘူး။ သူတို့ဟာ နှစ်ကြီးသမားတွေဖြစ်ကြတယ်။ လူသတ်မှုနဲ့ ထောင်တစ်သက်တစ်ကျွန်း၊ အနှစ် နှစ်ဆယ်၊ အစိတ်ကျနေသူများဖြစ်ကြတယ်။ ဒီလိုနေရာကို ရတာကလည်း လွယ်လွယ်နဲ့ကူကူ မဟုတ်ဘူး။

ပထမ ကတုံးအကျဉ်းသားဘဝကနေ ညကင်းစောင့်အကျဉ်းသားရာထူးကို ရအောင် ကြိုးစားရတယ်။ ညကင်းစောင့်အကျဉ်းသားကို အင်္ဂလိပ်လို C.N.W (Convict Night Watch man) ထောင်စကားအရတော့ ရှစ်မှတ်လို့လည်း ခေါ်တယ်။ ဗာရာလို့လည်း ခေါ်တယ်။ သူ့ထက် တစ်ဆင့်မြင့်တဲ့ အကျဉ်းသားကျတော့ (၁၂)မှတ်လို့ ခေါ်တယ်။ အင်္ဂလိပ်လိုကတော့ (Convict Overseer) ကြီးကြပ်သူကြပ်မတ် ကြီးကြပ်ရတဲ့ အကျဉ်းသားပေါ့။ နောက်ပြီး ထောင်စကားနဲ့ကျတော့ တန်းစီးလို့လည်း ခေါ်ကြတယ်။

သူတို့အထက်မှာတော့ ထောင်ချုပ်ကြီးပေါ့။ အဲဒီ ထောင်ချုပ်ကြီးကို ခြောက်ထောင်ပိုင်၊ ထောင်ကြီးတွေမှာပဲ ရှိတယ်။ နှစ်ယောက်မရှိဘူး။ သူ့အောက်က (၈)မှတ်တို့၊ (၁၂)တို့ဆိုတဲ့ ဗာရာအကျဉ်းသားတွေကတော့ ထောင်အကျဉ်းသား ဦးရေအလိုက် ရှိတယ်။ အဲဒီ ဗာရာ (၈)မှတ်၊ (၁၂)မှတ် အကျဉ်းသားအားလုံးကိုတော့ အကျဉ်းသားအရာရှိ(Convict Officer)လို့ ခေါ်တယ်။

ခြောက်ထောင်ပိုင်အကျဉ်းသားအကြောင်း ဆက်ပြီးတင်ပြချင်တယ်။ ခြောက်ထောင်ပိုင်အကျဉ်းသားကို အင်္ဂလိပ်လိုကတော့(Convict Warder)တဲ့။ အဲဒီရာထူးကို ရဖို့က မလွယ်ဘူး။ အဆင့်ဆင့် ကြိုးစားလို့ ထောင်ပိုင်၊ ထောင်မှူးကြီးတွေအပေါ်မှာ သစ္စာရှိလို့၊ ယုံကြည်စိတ်ချရလို့ ရလာတာ။ ဒါတင် ဘယ်ကမလဲ၊ ဒီရာထူးက ထောင်က လွတ်ခါနီးမှရတာ။ အနည်းဆုံး လွတ်ဖို့ တစ်နှစ်ခွဲ နှစ်နှစ်အလိုမှာ ရတာ။

ဒီ ခြောက်ထောင်ပိုင် (C.W) ရာထူးရဖို့အတွက် ထောင်မင်းကြီးအထိ လျှောက်ရတာ။ ထောင်ထဲမှာလည်း ကောင်းကောင်းနေမှ ထောင်ပိုင်၊ ထောင်မှူးကြီးတွေကလည်း ထောက်ခံမှ ရတဲ့ ရာထူးပါ။

သူ့အဆောင်အယောင် ယူနီဖောင်းကိုလည်း ကြည့်ပါဦး။ ဝိတ်ဖြူခေါင်းပေါင်းနဲ့ အပြာရောင် ကုတ်အင်္ကျီကြီးနဲ့ Overcoat (T-unie) အင်္ကျီရှည်ပေါ့။ ဘောင်းဘီက အဖြူရောင်။ အဲဒီ Overcoat အင်္ကျီမှာ ခါးပတ်က အကြီးကြီး။ ခါးပတ်ခေါင်းက ကြေးခေါင်း။ စာလုံးကြီးနှစ်လုံးလည်း ပြူးလို့ ပြောင်နေအောင် အမြဲတိုက်ထားရတယ်။ Convict Warder ဆိုတဲ့ စာလုံးကို အတိုကောက် C.W ဆိုပြီး ခါးပတ်ခေါင်းမှာ ကပ်ထားတယ်။

သူကလည်း ခေတာမဟုတ်ဘူး။ တစ်ထောင်လုံး ဘယ်နေရာမဆို သွားလို့၊ လာလို့၊ ဝင်လို့၊ ထွက်လို့ရတယ်။ အစိုးရကလည်း သူ့ကို တစ်လ ... ရှစ်ပဲ (ငါးမူး) ပေးတယ်။

သူ့ပါဝါကလည်း မသေးဘူး။ ထောင်အပြင်ကို အစောင့်မပါဘဲ ထွက်လို့ ရတယ်။ အကျဉ်းသားတွေရဲ့ စည်းကမ်းနဲ့ လုံခြုံရေးမှာတော့ ထောင်အာဏာပိုင်တွေပြီးရင် သူ့မှာ တာဝန်အရှိဆုံးပဲ။

ထောင်ပိုင်ကြီးတွေဟာ တနင်္လာနေ့တိုင်း ထောင်ထဲက အကျဉ်းသားအချုပ်သားအားလုံးကို တန်းစီပြီး စစ်ဆေးကြည့်ရှုရတယ်။ သူတို့ရဲ့ ကျန်းမာရေး၊ နေရေးထိုင်ရေး၊ စားရေးသောက်ရေးတွေကိုပေါ့။ ထောင်ပိုင်ကြီးလာရင် သူတို့တင်ပြချင်တာ၊ လျှောက်ချင်တာ ပြောချင်တာအားလုံး ပြောလို့ ဆိုလို့ တင်ပြလို့ ရတယ်။

ထောင်ပိုင်ကြီး တနင်္လာနေ့ တန်းစီစစ်ဆေးတဲ့ နေ့မှာပဲ ထောင်မှာရှိတဲ့ ဗာရာတို့၊ တန်းစီးတို့ (၈)မှတ်တို့၊ (၁၂)မှတ်တို့ဆိုတဲ့ အကျဉ်းသားတွေဟာ သူတို့ပေးထားတဲ့ အဆောင်အယောင်တွေဝတ်ပြီး တုတ်ထမ်းပြီး နောက်ကနေ တစ်သီကြီး လိုက်ကြတယ်။ သူတို့အကျဉ်းသား ဗာရာတန်းစီးတွေရှေ့ကတော့ ခုနက ပြော ခြောက်ထောင်ပိုင် အကျဉ်းသားကြီးပေါ့။

အဲဗျာ... ကျွန်တော် ၅၂ခုနှစ်က ထောင်မှူးပေါက်စ ပုသိမ်ထောင်မှာ အဲဒီ ခြောက်ထောင်ပိုင် အကျဉ်းသား စတွေ့ဖူးတာ။ တွေ့ခဲ့တာ။ နောက် ကျွန်တော်ရောက်ပြီး တစ်နှစ်လောက်ရှိတော့ သူ လွတ်သွားတယ်။ သူ လွတ်သွားကတည်းက ခြောက်ထောင်ပိုင် မရှိတော့ဘူး။ ထပ်မခန့်တော့ဘူး။ ခန့်လို့လည်း မရတော့ဘူး။ အဲဒီအချိန်က


www.burmeseclassic.com

www.burmeseclassic.com

ညသိမ်ထောင်ဟာ စံပြထောင်ဖြစ်နေပါပြီ။

အခု ကျွန်တော် သရက်ထောင်ကို ၁၉၇၇ ခုလောက်က ထောင်ပိုင်နဲ့ ရောက်သွားတော့ ဟိုခေတ်ကအတိုင်း ခြောက်ထောင်ပိုင်တို့၊ ဘူးပုလိပ်တို့ ပြန်တွေ့ရတယ်ဗျာ။ ထောင်ပိုင်ကြီး မစ္စတာ ဂွန်း လုပ်သွားတာတဲ့။ အကျဉ်းသား တွေဆိုတာ ငြိမ်နေတာပဲ။ ထောင်ဟာ ထောင်နဲ့တောင် မတူဘူး။ ဘာသံမှ ကြားရလို့ ဝိပဿနာကမ္မဋ္ဌာန်းကျောင်း ဆိုတောင် ထင်ရတယ်။

အဲဒီထောင်ပိုင်ကြီး မစ္စတာ ဂွန်းဟာ ကျွန်တော်တို့ ဆရာသမား ။ အင်္ဂလိပ်ခေတ်က စပြီး ထောင်မှူး နဲ့ ဝင်ခဲ့တာ ၁၉၈၆ မှာ ပင်စင်သွားပါ တယ်။ အင်းစိန်ထောင်မှာ တော်လှန် ရေးကောင်စီ တက်ကာတည်းက ပင်စင် သွားတဲ့အထိဆိုပါတော့။ လူကြီးတွေနဲ့ ဘင်က မိုလ်မှူးကြီးကြိုက်တဲ့ တစ်ဦး တည်းသော ကုလားထောင်ပိုင်ကြီးပါ။ မာထောင်ပိုင်တွေတောင် သူ့မမီဘူး ဆို ဆိုချင်ပါတယ်။

သရက်ထောင်ကို ဟိုအင်္ဂလိပ် ခေတ်က ပုံစံအတိုင်း လုပ်ပေးသွား တယ်။ အင်္ဂလိပ်ခေတ်က ပုံစံအတိုင်း လုပ်လို့ မဖြစ်တော့ဘူး။ ၁၉၇၅ ခု လောက်က သရက်ထောင်ထဲမှာ ပုဗ်မ (၅) အကျဉ်းသားတွေ၊ ကျောင်းသား တွေ၊ ယူဂျီ ကွန်မြူနစ်အကျဉ်းသား တွေ အများကြီးပဲ။ ထောင်ကို သူတို့ ထိန်းချုပ်နေတယ်။ ဘယ်အထိဆိုး သလဲဆို ထောင်ဆူပြီး ထောင်ကို မီးရှို့ တယ်။ ဒီတော့ ထောင်ကို စည်းကမ်း ပြန်ကိုင်ရတာပေါ့။ ထောင်ပုံစံ အသက် ပြန်သွင်းရတာပေါ့။

အဲဒီထောင်ပိုင် မစ္စတာ မဂွန်း ကို အင်းစိန်ထောင်က လွှတ်ပြီး ပုံစံ ကျအောင် အကိုင်ခိုင်းရတယ်။ သူ သရက်ထောင်ကို ပုံစံကျကျ ရေးမှု မပျက်ကိုင်ပြီး တစ်နှစ်လောက်ရှိတော့ သူ့ကို အင်းစိန်ပြန်ပြီးခေါ်၊ ကျွန်တော့် ကို သရက်ပို့ကြတာ။ ကျွန်တော် ရောက်သွားတော့ ကျွန်တော် ဘာမှ လုပ်စရာမလိုတော့ဘူး။ ချက်ပြီးပြုတ်ပြီး ခူးခပ်ပြီး ထိုင်စားရုံပဲဆိုပါတော့။

ဦး လာက်တော်တဲ့ ရှေးမီ နောက်မီ ထောင်ပိုင်ကြီး မဂွန်းပါဗျာ။

ကျွန်တော် သရက်ထောင်ရောက် ပြီးတစ်နေ့ ထောင်ထဲဝင်ကြည့်တယ်။ ထောင်ပိုင်ဆိုတာ တနင်္လာနေ့တိုင်း တစ်ထောင်လုံးဝင် စစ်ဆေးကြည့်ရှုရ တယ်။ အကျဉ်းသား/ အချုပ်သားတွေ အားလုံးကိုလည်း စစ်ဆေးရတယ်။ ဒါ က တနင်္လာနေ့တိုင်း။ ကြားထဲမှာတော့ တစ်ရက်ခြား နှစ်ရက်ခြားလည်း ဝင်ပြီး ကြည့်ရတယ်။

ကျွန်တော် ထောင်ဆေးရုံကို ရောက်တော့ အသည်းခြောက်ရောဂါ (Liver Cirrhosis) နဲ့ အကျဉ်းသား တစ်ယောက်ကို တွေ့တယ်။ နောက်က ဆရာဝန်နဲ့ ထောင်မှူးကြီး၊ ထောင်မှူး



တွေ ပါကြတာပေါ့။ ဆရာဝန်က ပြော ပြတယ်။ ဆေးရုံရောက်နေတာ တစ်နှစ် လောက်ရှိပြီတဲ့။ ဗိုက်ကြီးကလည်း ဖောင်းလို့။ ကိုယ်ဝန် ၉လ-၁၀လ အရွယ်မျိုး။ ဟိုတုန်းကတော့ လေးငါး လတစ်ခါ ဖောက်၊ ဖောက်ထုတ်ရတယ်။ တစ်ခါဖောက်ရင် ဆယ်ဝင်ပုံးတစ်ပုံး လောက် ရတယ်တဲ့။ မြန်မာကတော့ ရေဖျဉ်းရောဂါ၊ အသည်းခြောက်ရောဂါ ပေါ့။ ဒါကြောင့် ရေတွေ မကြာမကြာ ဖောက်ထုတ်ပေးနေရတယ်လို့ ဆရာဝန် က ရှင်းပြတယ်။

အသက်ရှည်ဖို့ လမ်းကတော့ မရှိတော့ပါဘူးတဲ့။ ဒီလိုနဲ့ပဲ တဖြည်း ဖြည်း လုံးပါးပါးသွားမှာပဲလို့လည်း ရှင်း ပြသေးတယ်။ လူမမာအကျဉ်းသားက အဘိုးကြီး၊ အသက် (၆၀)ခန့်။ သရက် အနောက် မင်းတုန်းဘက်က။ ထောင် ဝင်စာတွေ ဘာတွေရော လာရဲ့လားဆို တော့ သူ့မိန်းမနဲ့ သားသမီးတွေ မကြာ ခဏလာကြပါတယ်တဲ့။

◈◈◈

တစ်နေ့ မင်းဘူးဘက်က ရိုက် မှုနဲ့ ထောင်တစ်နှစ်ကျတဲ့ အကျဉ်းသား တစ်ယောက် သရက်ထောင်ရောက် လာတယ်။ သူ့ကို ထောင်ဆေးရုံမှာ သန့်ရှင်းရေးတာဝန်ပေးထားတယ်။ အဲဒီ အကျဉ်းသားက ဆေးရုံမှာ သန့်ရှင်းရေး လုပ်ရင်းက အဲဒီရေဖျဉ်းရောဂါသည် အဘိုးကြီးကို တွေ့သွားတယ်။ ဒီတော့ သူက အဘ··· အဘရောဂါကို ကျွန်တော်ပျောက်အောင် ကုပေးပါမယ် ပေါ့။ ဒီတော့ လူမမာအဘိုးကြီးက ရောဂါကြောင့် စိတ်တိုနေတာ၊ အင်္ဂလိပ် ဆရာဝန်တွေတောင် ကုလို့ မရတာ၊ သူက လာပြီး ကုပေးမယ်လို့ ပြော မလားပေါ့။ စိတ်တိုတိုနဲ့ ဆော်ပလော် လွှတ်တယ်။





www.burmeseclassic.com

www.burmeseclassic.com

အဲဒီအကျဉ်းသားကလည်း ငွေကောင်းကောင်းနဲ့ တွေ့တိုင်း ဆေးကုပေးပါရစေလို့ ပြော,ပြောနေတာပဲတဲ့။ ကြာတော့ လူမမာအဘိုးကြီးက စိတ်တိုတိုနဲ့ ဒါဆို ကုကွာလို့ ပြောလိုက်တယ်။ ဒီမှာတင် ဆေးဆရာအကျဉ်းသားက ဝမ်းသာအားရဖြစ်သွားပြီး…

"ဒီလိုဆို အဘ ကျွန်တော့်ကို ဘူးသီးနုနု ခပ်တန်တန်တစ်လုံးရှာပေးပါ။ တခြား ဘာမှမလိုပါဘူး၊ ဘူးသီးတစ်လုံးပဲ လိုပါတယ်"

လို့ ထပ်ပြောလိုက်သေးတယ်။ ဘူးသီးဆိုတာ ထောင်ထဲကို အပြင်ကနေ အလုံးလိုက်သွင်းလို့ရတာမဟုတ်ဘူး။ ဘူးသီး၊ ကျောက်ဖရုံသီး၊ ရွှေဖရုံသီး၊ ဖရဲသီးတွေကို ထောင်ထဲ အလုံးလိုက် အသွင်းမခံဘူး။ ဘူးသီး၊ ဖရုံသီးတွေထဲ သံဖြတ်လှံပါးပါးလေး ထိုးသွင်းပြီး အပေါက်ကို လက်မနဲ့ ပွတ်လိုက်ရင် အပေါက်နေရာ အရာကလေး ပျောက်သွားတယ်။ ဒါကြောင့် ဘူးသီးတို့၊ ရွှေဖရုံသီးတို့ကို အလုံးလိုက် အသွင်းမခံတာ ဖြစ်ပါတယ်။ ဒီတော့ ထောင်ပိုင်ကြီးလာရင် ခွင့်တောင်းကြည့်ပါဆိုလို့ ဝိုင်းပြောကြတော့ သူတို့ ကျွန်တော့်အလာကို စောင့်နေကြတယ်။

တစ်နေ့ ကျွန်တော် ထောင်ဆေးရုံကို မနက် ၈နာရီလောက် ရောက်သွားတယ်။ ရောက်တယ်ဆို ဒီအဘိုးကြီးဆီ အရင်ဝင်တယ်။ မေးတယ်၊ မြန်းတယ်ပေါ့။ ဒီတော့ သူက ကျွန်တော့်ကို ရှင်းပြတယ်။ သူ့ရောဂါ မြန်မာ့နည်း မြန်မာ့ဟန်နဲ့ ကုဖို့ ဘူးသီးတစ်လုံးသွင်းခွင့်ပြုပါတဲ့။

ကျွန်တော်က မြန်မာ့တိုင်းရင်းဆေးကို ယုံလည်း ယုံတယ်။ အားလည်း ကိုးတယ်။ ကျွန်တော်လည်း မြန်မာ့တိုင်းရင်းဆေးနဲ့ ကြီးလာတဲ့ လူဆိုတော့ ကျွန်တော်နဲ့ အတူပါလာတဲ့ ထောင်မှူးကြီး ဦးအောင်ခင်လှကို စီစဉ်ပေးလိုက်ပါလို့ ပြောလိုက်တယ်။

ကျွန်တော်လည်း ဒီရေဖျဉ်းရောဂါ အသည်းခြောက်ရောဂါကို ဘူးသီးနဲ့ ကုမယ်ဆိုတာကို အလွန်စိတ်ဝင်စားနေတယ်။ အင်္ဂလိပ်ဆေးနဲ့ မရတဲ့ ဒီရောဂါ ဘူးသီးနဲ့ ပျောက်ရင်တော့ ကမ္ဘာမှာ မြန်မာ့တိုင်းရင်းဆေးဟာ ကျော်ကြားပြီပေါ့။

ဒါကြောင့် သုံးလေးရက်ရှိတော့ ထောင်ဆေးရုံကို တစ်ခါသွားကြည့်တယ်။ အဲဒီ လူမမာဗိုက်ပေါ်မှာ ဘူးသီးအလုံးလိုက်တင်ပြီး အဝတ်နဲ့ ပြုတ်မကျအောင် ပတ်ထားတယ်။ ဗိုက်နဲ့ အမြဲထိနေရမယ်၊ ကွာမသွားရဘူးတဲ့။ အဲဒါ ခုနစ်ရက်တိတိထားရမယ်တဲ့။

ဒါနဲ့ ကျွန်တော်က အဲဒီ ဆရာအကျဉ်းသားကို ခေါ်ခိုင်းပြီးမေးတယ်။ ဆရာကလည်း အသက် ၃၀ လောက်၊ ငယ်ငယ်ဆိုတော့ ဟုတ်မှဟုတ်ပါ့မလားလို့။ သူက ကျွန်တော် မန်းမှုတ်ပြီးတဲ့ ဘူးသီးဟာ လူမမာဗိုက်နဲ့ ခုနစ်ရက်တိတိ ထိနေရမယ်။ ခုနစ်ရက်ပြည့်ရင် အဲဒီဘူးသီးကို ဆေးရုံ မီးဖိုပေါ်မှာ တွဲလောင်းချိတ်ဆွဲထားရမယ်။ ဘူးသီးဟာ တဖြည်းဖြည်းခြောက်ပြီး ရှုံ့တွန့်ပြီး ပိန်ပိန်လာမယ်။ အဲဒီအချိန်မှာ အဘရဲ့ ဗိုက်ဟာလည်း တဖြည်းဖြည်း ပိန့်ပိန့်ပြီး ရှုံ့တွန့်တွန့်သွားမယ်။ နောက် လုံးဝပျောက်သွားမယ်လို့ ရှင်းပြတယ်။

ဘူးသီးကို မန်းမှုတ်ရုံပဲလား။ တခြားရော ဘာတွေ ရှိသေးသလဲ ဆိုတော့ တခြား ဘာမှမရှိပါဘူး။ အဘရဲ့ ဗိုက်ပေါ်မှာ ဘူးသီးအလုံးလိုက်တင်တဲ့ နေ့က စပြီး သက်သတ်လွတ်စားပါတယ်။ ခုနစ်ရက်လုံးလုံးကိုလည်း

ဥပုသ်စောင့်ပါတယ်လို့ ပြောပြတယ်
ဘယ်နှယောက်လောက် ကုဖူးသ
ထပ်မေးတော့ ရွာမှာ သုံးလေးယော
ကုဖူးပါတယ်လို့ ရှင်းပြတယ်။ မ
ဒီဆေးပညာကို ဘယ်လို ရသလဲ
မေးတော့ ကျွန်တော့်ဘိုးအေကလည်
ဆေးဆရာကြီးပါပဲ၊ ကျွန်တော့်အဖေ
လည်း ဆေးဆရာကြီးပါပဲလို့ ရှင်း
တယ်။

ကျွန်တော်က…

"မင်းနဲ့ ငါ ဆွေးနွေးဦးမယ်၊ မ
မလွတ်သေးဘူး မဟုတ်လား"

ဆိုတော့…

"ကျွန်တော် ထောင်တစ်နှစ်
ပါတယ်၊ ခုမှ သုံးလပဲ ရပါသေးတယ်"

ဆိုတာနဲ့ ကျွန်တော်လှည့်ပ
စစ်ဆေး ကြည့်ရှုပြီး ပြန်ထွက်ခဲ့တယ်

ခုနစ်ရက်စေ့တော့ ကျွန်တော်
ဆေးရုံ တစ်ခါရောက်သွားပြီး ကြ
တယ်။ လူမမာအကျဉ်းသားဗိုက်ပေါ်
ဘူးသီး မရှိတော့ဘူး။ ဆေးရုံက မီ
ပေါ်မှာ အဲဒီဘူးသီး ချိတ်ဆွဲထား
တွေ့ခဲ့ရတယ်။

ဟိုတုန်းက ဗိုက်ဖောက်ပြီး
တွေ ထုတ်ပြီးရင် တစ်ရက် နှစ်ရက်
ရေတွေ ပြန်ဝင်လာတယ်။ ခုတော့
ပြန်ဝင်လာတဲ့ လက္ခဏာ မတွေ့ရ
လို့ ဆရာဝန်က ရှင်းပြတယ်
ကျွန်တော်လည်း ဝမ်းသာသွားတယ်
စောင့်ကြည့်ရဦးမှာပေါ့လို့လည်း ဆ
ဝန်ကို ပြောခဲ့တယ်။

◈◈◈

နောက် ကျွန်တော် ရန်ကုန်
အစည်းအဝေးရှိတာနဲ့ ဆင်းသွားခဲ့တယ်
ရန်ကုန်မှာ တစ်ပတ်လောက် ြ
တယ်။ သရက်ပြန်ရောက်ပြီး နော
တစ်ရက် နှစ်ရက်လောက် ရှိတေ



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ဆေးရုံကို ရောက်သွားတယ်။ လူမမာအခြေအနေ ဝင်ကြည့်တယ်။ ဆရာဝန်လည်း ပါတာပေါ့။ ဘယ်လိုလဲ ဆရာဆိုတော့ ဆရာဝန်က···

"ဟိုတုန်းက ကျွန်တော်တို့ ဗိုက်ထဲက ရေတွေ ဖောက်ထုတ်လိုက်ရင် မကြာဘူး၊ တစ်ရက် နှစ်ရက်ဆို နည်းနည်းချင်း ပြန်ရောက်လာတာပဲ။ ခုတော့ နှစ်ပတ်ကျော်ကျော်ရှိသွားပြီး ဗိုက်ဖောင်းလာတာ မတွေ့ရဘူး၊ စမ်းသပ်ကြည့်တော့လည်း ရေမဝင်ဘူး။ ထူးတော့ ထူးပါတယ် ထောင်ပိုင်ကြီးရယ်"

တဲ့။ ကျွန်တော်လည်း အတော်ဝမ်းသာသွားတယ်။

"ကဲ··· ခေါ်စမ်းပါဦး အဲဒီဆရာကို"

ဆိုတော့ ပါလာတဲ့ ထောင်မှူးကြီးက···

"ဆရာကြီး ရန်ကုန်သွားနေတုန်း အယူခံနိုင်လို့ လွတ်သွားပြီ"

တဲ့။ သေလိုက်ပါတော့ဗျာ။ သူ့ဆီက ဆေးနည်းသိချင်တာ။ ဘူးသီးပါမှန်းတော့ သိတာပေါ့။ တခြားဘာတွေ ပါသေးသလဲလို့ မေးပြီး ယူမထားလို့ဗျာ။ ခုတော့ သွားပြီပေါ့။

တိုတိုနဲ့ လိုရင်းချုပ်ရရင် အဲဒီ အသည်းခြောက်ရောဂါ (Liver Cirrhosis) ရေဖျဉ်းရောဂါဟာ အမှတ်မထင် ဘာမဟုတ်တဲ့ ဘူးသီးနဲ့ ကုလို့ လုံးဝ ပျောက်သွားတယ်။ လူမမာအကျဉ်းသားအဘိုးကြီးလည်း ဝမ်းသာအားရနဲ့ မိန်းမနဲ့ သားသမီးတွေဆီ လှမ်းအကြောင်းကြားတော့ သားသမီးတွေလည်း ဝမ်းသာအားရဖြစ်ကြ ပျော်မဆုံး မော်မဆုံးနဲ့ပေါ့။ မိတ်ဆွေအပေါင်းအသင်းတွေ ကြားရတဲ့ လူတွေကလည်း တအံ့တသြနဲ့ ဖြစ်ကြလို့။



◈◈◈

နောက် တစ်ပတ်၊ ဆယ်ရက်လောက်ရှိတော့ သူ့မိန်းမနဲ့ သားသမီးတွေ မင်းတုန်းက လိုက်လာကြတယ်။ လေးငါးဆယ်ယောက်လောက် ရှိတယ်။ ထောင်ဝင်စာ တွေ့ချင်လို့တဲ့။ လူမမာအကျဉ်းသား ဆေးရုံပေါ်မှာဆိုရင် အထဲထိပေးဝင်တယ်။ ဆေးရုံမှာ တွေ့ခွင့်ပြုတယ်။ အဲဒါက ထောင်ပိုင်ကသာ ခွင့်ပြုလို့ရတယ်။ ဒါကြောင့် ကျွန်တော့်ဆီ လာပြီး ခွင့်တောင်းတယ်။ ခွင့်ပေးလိုက်တယ်။

ထောင်ဝင်စာတွေ့ပြီး ပြန်လာကြတော့ ကျွန်တော့်ဆီ ဝင်ပြီး လက်အုပ်ချီ ကန်တော့ကြတယ်။ ကျွန်တော့်ကို ကျေးဇူးတင်ကြလို့တဲ့။ ကျွန်တော်က···

"ကျွန်တော့်ကို ကျေးဇူးမတင်ကြနဲ့၊ ခင်ဗျားတို့ ကျေးဇူးတင်ရမှာက သူ့ကို ကုတဲ့ ဆရာကို တင်ရမှာ"

ဆိုတော့···

"ဟုတ်ပါတယ် ဆရာကြီးရယ်၊ အဲဒီဆရာကိုလည်း ကျေးဇူးတင်ပါတယ်။ ဆရာကြီးက ဘူးသီးသွင်းခွင့်မပြုရင် ဘယ်သူ့ ရောဂါကုလို့ ရမလဲ။ ခုတော့ ဆရာကြီးရဲ့ ဘူးသီးကြောင့် ကျွန်မတို့အဖေကို ကျန်းကျန်းမာမာနဲ့ တွေ့ရလို့ပါ"

တဲ့။ နောက်လေးငါးလ ကြာတော့ ကျွန်တော့်လက်ထက်မှာပဲ အဲဒီ အကျဉ်းသားဟာ သူ့ရဲ့ အသည်းခြောက် ရေဖျဉ်းရောဂါ လုံးလုံးပျောက်ကင်းပြီး ကျန်းမာပကတိ ချမ်းသာစွာနဲ့ ထောင်က လွတ်မြောက်သွားကြောင်းပါခင်ဗျာ။

◈◈◈

ယုံကြည်ကြရင်တော့ လုပ်ကြည့်ကြပေါ့ဗျာ။ ဘာမှလည်း ကုန်တာ မဟုတ်ပါဘူး။ ကိုယ့်ခြံထဲ ဘူးပင်ရှိရင် တစ်ပြားမှ ကုန်စရာမလိုပါဘူး။ ဘူးသီး ဗိုက်ပေါ် တင်ထားလို့လည်း ဘာ အန္တရာယ်မှ မရှိပါဘူး။ မပျောက်တော့ ရော ဘာဆုံးရှုံးမှာမို့လဲ။ အရှုံးမရှိရင် အမြတ်ရှိမယ်ဆိုပါတော့။ အရှုံးလည်း မရှိ၊ အမြတ်လည်း မရှိဘူးဆိုရင်တော့ အရင်းအတိုင်းပဲပေါ့။ ကိုယ်တွေ့မို့ အခုလို တင်ပြနေတာပါဗျာ ■

သတ္တဝါမှန်သမျှ ကျန်းမာချမ်းသာကြပါစေ···

* * *

ဒေါင်းမင်းစား ထောင်အရာရှိတစ်ဦး



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့တစ်တွေဟာ အမေ့ဝမ်းထဲက ထွက်လာလို့ ကျန်းကျန်းမာမာရှိကြတယ်ဆိုရင်ပဲ "ငါ့သားလေး ကြီးလာပြီ၊ ငါ့သမီးလေး ကြီးလာပြီ" လို့ပဲ မြင်ကြပါတယ်။ အရွယ်လေးရောက်လာ



ကျော်လင်းထွန်း (ရွှေသင်း)

# ကျွန်တော် လူကြီးလား



www.burmeseclassic.com

www.burmeseclassic.com

တော့ "နင်ကလေးမဟုတ်တော့ဘူး၊ လူကြီးဖြစ်နေပြီ"လို့ ကြပါတယ်။ ကျွန်တော်တို့ရဲ့ ဝန်းကျင်အသိုင်းအဝိုင်း သည်း ကျေးရွာလူကြီး၊ ရပ်ကွက်လူကြီး၊ ကုမ္ပဏီလူကြီး၊ ဆောင်လူကြီး စသည်ဖြင့် "လူကြီး…လူကြီး"ဆိုတဲ့ ဘာရ စကားလုံးကို အမြဲပင် ကြားနေရပါတယ်။ ယ်အားဖြင့် စစ်ကြည့်ပြန်တော့ လူငယ်၊ လူလတ်၊ ကြီးဟူသည့် အပိုင်းသုံးပိုင်းကို တွေ့ရပါတယ်။ အစဉ် ာအားဖြင့်လည်း မိမိထက် တစ်နေ့ တစ်ရက် နက်အသက်အရွယ်၊ ဂုဏ်သိက္ခာ၊ ဝါကြီးသူ များကို ရမယ်။ လူကြီးလို့ ခေါ်ရမှာဖြစ်လို့ ခေါ်လည်း နေကြပါတယ်။ မင်္ဂလာတရားတော်နှင့် ကြည့်ပြန်ချေ ည်း မိမိတို့ထက် အသက်ဂုဏ်ဝါကြီးမားတဲ့ ပုဂ္ဂိုလ်များ အရိုသေအပြု ဆက်ဆံကြမယ်ဆိုရင် အရိုအသေပြု ရတဲ့ ပုဂ္ဂိုလ်အတွက် ဂါရဝ နိဝါတ မင်္ဂလာနဲ့ ပြည့်စုံပါ တယ်။

ဒါပေမယ့်လည်း လူငယ်အချို့ရဲ့ ပါးစပ်ဖျားမှာ စကား လူကြီးပါကွာ၊ လူကြီးမပီသဘူး"ဟူသော စကား သည်း ကြားဖူးကြမှာပါ။ ကိုယ်တိုင်လည်း ပြောခဲ့ ဆိုခဲ့ တွေလည်း အများကြီးရှိကြမှာပါ။ ဒီနေရာမှာ လူကြီး ယောက်ဖြစ်ဖို့အတွက် သတ်မှတ် စံချိန်စံညွှန်းတွေက တွေလဲ၊ ဘယ်လိုအချက်အလက် အကြောင်းအရာပြည့် တွေကို လူကြီးလို့ ခေါ်တာလဲ၊ သတ်မှတ်တာလဲဟု ယျှင်လည်း အတိအကျပြောနိုင်သူ ရှိမယ်မထင်ပါဘူး။

ဒီနေရာမှာ မြတ်ဗုဒ္ဓဟောကြားခဲ့တဲ့ ဓမ္မပဒ အဋ္ဌကထာ ာတဲ့ "လကုဏ္ဍကဘဒ္ဒိယမထေရ်" ဇာတ်ဝတ္ထုတော်မှာ ကြီးတစ်ယောက်ရဲ့ စံချိန်စံညွှန်း ၅မျိုးကို ဖတ်မှတ်သိရှိခဲ့ ဆို ထပ်ဆင့် မျှဝေချင်ပါတယ်။

◈◈◈

ဘုရားရှင်လက်ထက်တော်ခါက "လကုဏ္ဍက ယ"လို့ ခဲ့အမည်တွင်တဲ့ ရဟန်းတစ်ပါးရှိခဲ့ပါတယ်။ ာမည်က "ဘဒ္ဒိယ"ဖြစ်ပြီး ခန္ဓာကိုယ်က ပုပုကွကွ သေးလေး ဖြစ်နေပါတယ်။ ထိုသို့ ဖြစ်ရခြင်းကလည်း ဘဒ ထိတိုင်းရှ"စကားအတိုင်း နှုတ်ဝစီနဲ့ ပြစ်မှားခဲ့လို့ ပါတယ်။ သူဌေးသူကြွယ်မျိုးရိုးဖြစ်ပြီး စည်းစိမ်ချမ်းသာ ယ်ဝသူလည်း ဖြစ်ပါတယ်။ အရွယ်ရောက်လာတဲ့အခါ ဗုဒ္ဓရဲ့ သာသနာတော်ကို ရောက်ပြီး အာသဝေါကုန်ခန်း ာတစ်ပါးဖြစ်လာပါတယ်။ သို့သော်လည်း မထေရ်ရဲ့ ကိုယ်က သေးငယ်လွန်းပြီး ကိုရင်(သာမဏေ)အရွယ် ဖြစ်နေတာကြောင့် ပုထုဇဉ် ရဟန်းတွေနှင့် လူအများက ရဟန္တာအဆင့်ရှိ တရားရှင်မှန်း မသိကြပါဘူး။ ရဟန်းတော် အများ ခွမ်းခံကြွသွားရာမှာလည်း နောက်ဆုံးကပဲ လိုက်ပါ လေ့ရှိပါတယ်။ အချို့သော ရဟန်းတော်များက "ဟဲ့… ကိုရင်လေး"ဟို့ လှောင်ပြောင် ခေါ်ဝေါ်မှုများကို ခံရပါတယ်။ ဒါပေမယ့် တရားရှင်ဖြစ်နေတော့ ဘယ်လိုပဲ ခေါ်သည်ဖြစ်စေ ထူးထူးခြားခြား ခံစားမှု မရှိခဲ့ပါဘူး။

တစ်နေ့သောအခါမှာ တောရ ဆောက်တည်နေတဲ့ ရဟန်းအပါး သုံးကျိပ်တို့ဟာ မြတ်စွာဘုရားထံ လာရောက် ဖူးမြော်ကြပါတယ်။ ရဟန်းတော်အများရဲ့ ရဟန္တာဖြစ်နိုင်သော တရားအဆင့်အတန်းကို မြင်တော်မူတဲ့ မြတ်စွာဘုရားရှင်က အမေးထုတ်လိုက်ပါတယ်။

"ချစ်သားတို့… ဒီနားက ဖြတ်သွားတဲ့ မထေရ်ကြီး တစ်ပါးကို မြင်လိုက်ကြပါသလား"

"မမြင်ပါဘူး ဘုရား"

"သင်တို့ ဘာကို မြင်တွေ့ခဲ့ကြပါသလဲ"

"ကိုရင်ငယ်တစ်ပါးကိုသာ မြင်ခဲ့ကြပါသည် ဘုရား"

"ချစ်သားတို့…အဲဒီပုဂ္ဂိုလ်ဟာ ကိုရင်ငယ်မဟုတ်ဘူး။ ရဟန္တာမထေရ်တစ်ပါးသာလျှင် ဖြစ်ပေတယ်"

"အရှင်ဘုရား…အရွယ်ငယ်လွန်းပါတယ် ဘုရား"

"ချစ်သားတို့ အသက်အရွယ်ကြီးတယ်ဆိုပြီး လူကြီး နေရာမှာ ထိုင်ရုံမျှဖြင့် လူကြီးဟု ငါဘုရား မသတ်မှတ်ဘူး။ သစ္စာလေးပါးတရားကို သိပြီး လူအပေါင်းကို မညှင်းဆဲ မနှိပ်စက်၊ ဆင်းရဲဒုက္ခမရောက်စေသော ပုဂ္ဂိုလ်ကိုသာ လူကြီးဟု ငါဘုရား သတ်မှတ်တယ်"

ဒါနဲ့ပဲ လူကြီးဖြစ်ကြောင်း အကြောင်းတရားငါးပါးကို ဟောပြပါတယ်။

(၁) သစ္စာလေးပါးဖြစ်တဲ့ ဒုက္ခ၊ သမုဒယ၊ နိရောဓနှင့် မဂ္ဂသစ္စာတို့ကို သိမြင်ခြင်းသည်လည်း တစ်ပါး၊
(၂) မဂ်လေးပါး၊ ဖိုလ်လေးပါး၊ နိဗ္ဗာန်ဟူသည့် လောကုတ္တရာတရားကိုးပါးတို့နဲ့ ပြည့်စုံခြင်းသည် လည်း တစ်ပါး၊
(၃) လူတစ်ဖက်သားကို မညှဉ်းဆဲ၊ မနှိပ်စက်ခြင်း၊ ကိုယ်ချင်းစာစိတ် ထားရှိခြင်းသည်လည်း တစ်ပါး၊
(၄) ကိုယ်၊ နှုတ်၊ စိတ်တို့ဖြင့် မပြစ်မှား၊ မကျူးလွန် မိအောင် စောင့်ထိန်းခြင်းသည်လည်း တစ်ပါး၊
(၅) မိမိတို့၏ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် တည်းဟူသော အာရုံခြောက်ပါးတို့ကို စောင့်


www.burmeseclassic.com

www.burmeseclassic.com

ခုံးမ ထိန်းသိမ်းခြင်းသည်လည်း တစ်ပါး စသည့်တို့ ဖြစ်ပေတယ်။

◈◈◈

သင်္ဂလောဝါဒသုတ်လာ လောကနီတိမှာတော့ "ထကြွ နိုးကြား၊ သနားသည်းခံ၊ ဝေဖန်ထောက်ရှု၊ ဤခြောက်ခု၊ ကြီးသူ့ ကျင့်ဝတ်တာ"လို့ ဆိုထားပါတယ်။

လူတစ်ယောက်ရယ်လို့ ဖြစ်ပေါ်လာခဲ့လို့ အချိန်တန် အရွယ်ရောက်ပြီး လူငယ်၊ လူလတ်၊ လူကြီးဆိုပြီး တစ်ဆင့်ပြီးတစ်ဆင့် ပြောင်းလဲလာပါတယ်။ ဒါပေမယ့် ကိုယ့်ကိုယ်ကို တကယ် လူကြီးအင်္ဂါရပ်တွေနဲ့ ပြည့်စုံလားလို့တော့ စဉ်းစားမိတဲ့လူ နည်းမှာပါ။ "လူကြီးလား" "လူချီးလား"ဆိုတဲ့ အဓိပ္ပာယ်သဘောကို ကြည့်လို့ရပါတယ်။ "လူချီး" ဆိုတာကတော့ မိမိဟာ လူတွေကြားမှာ အလဲဟာသ အချည်းနှီးဖြစ်နေတဲ့ လူ။ လူတွေက ပေါင်းသင်းဆက်ဆံရမှာကို ကြောက်နေကြတဲ့ မစင်အညစ်အကြေးကဲ့သို့သော လူလို့ ပြောရင် ရမယ်ထင်ပါတယ်။ "လူကြီး"ဆိုတာကတော့ အသက်၊ သိက္ခာဂုဏ်ကြီးသူ၊ လောကီအရေးအရာကိစ္စတွေမှာ အကြံဉာဏ်၊ အကူအညီပေးနိုင်သူ၊ အဆိုးအကောင်း အကျိုးအကြောင်းကို ဝေဖန်ပိုင်းခြားပေးနိုင်သူ၊ လောကုတ္တရာရေးရာ သီလ၊ သမာဓိ၊ ပညာတို့နဲ့ ပြည့်စုံနေသူလို့ အဓိပ္ပာယ်ဖော်လို့ရမယ်ထင်ပါတယ်။

လောကရေးရာအမြင်မှာတော့ အသက်အရွယ်ကြီးလို့ လူကြီးဖြစ်နေသူ၊ ဥစ္စာပစ္စည်းတွေ ချမ်းသာနေလို့ လူကြီးဖြစ်နေသူ၊ လူကြီးလူကောင်းဟန်ဆောင်ကောင်းလို့ လူကြီးဖြစ်နေသူ၊ နေရာဌာနတစ်ခုအတွင်းမှာ ရာထူးကြီးလို့ လူကြီးဖြစ်နေသူ၊ ကျင်လည်ရာအသိုင်းအဝိုင်းအတွင်းမှာ လူကြီးလို့ သတ်မှတ်ပေးလို့ လူကြီးဖြစ်နေသူတွေ အများကြီးပါ။ မြတ်ဗုဒ္ဓရဲ့ လူကြီးဆိုတဲ့ စံထား သတ်မှတ်ချက်တွေနဲ့ ကိုက်ညီမယ်ဆိုရင်တော့ လူကြီးအစစ်သဆုံး လူကြီးဖြစ်မှာပါ။ ဒီနေရာမှာ ကျွန်တော့်အမြင်ပြောရရင်တော့ လူကြီးတစ်ယောက်က စာများများဖတ်ဖို့လည်း လိုပါလိမ့်မယ်။ ဒါမှလည်း အကြားအမြင် ဗဟုသုတ အတွေ့အကြုံများစွာနဲ့ လူငယ်တွေကို သွန်သင်ပြောပြနိုင်မှာ ဖြစ်ပါတယ်။ အတွေ့အကြုံများနေရုံနှင့်လည်း လူကြီးမဖြစ်နိုင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ အတွေ့အကြုံဆိုတာက သူကျင်လည်ရာ ပတ်ဝန်းကျင်နဲ့လည်း အများကြီး သက်ဆိုင်ပါတယ်။ အမှုထမ်းတစ်ဦးဟာ တောသူတောင်သားတွေရဲ့ တောင်ယာလုပ်ငန်းကို မကျွမ်းကျင်နိုင်ပါဘူး။ ထိုနည်းတူစွာပဲ ဆရာဝန်

တစ်ယောက်ဟာ ကုန်သည်တစ်ယောက်ရဲ့ အတွေ့အကြုံ
မရှိနိုင်သလို၊ ကုန်သည်တစ်ဦးဟာလည်း ဆရာဝန်တစ်
ယောက်ဟာ ကုန်သည်တစ်ယောက်ရဲ့ အတွေ့အကြုံမရှိနိုင်
သလို၊ ကုန်သည်တစ်ဦးဟာလည်း ဆရာဝန်ရဲ့ ဆေးကုသမှု
အတွေ့အကြုံမျိုး မရှိနိုင်ပါဘူး။

ကျွန်တော့်ရဲ့ အနေအထားကို ပြောချင်ပါတယ်။
ကိုယ်စီရထားတဲ့ သားတစ်ယောက်၊ သမီးတစ်ယောက်ရှိ
တယ်။ အသက်အားဖြင့်တော့ ခေတ်စကားနဲ့ ပြောရင်
၃၅(R)အရွယ်ပါ။ လက်ရှိ ထမ်းဆောင်နေရတဲ့ အဖွဲ့အစည်း
အတွင်းမှာတော့ သင့်တဲ့ ရာထူးရာခံရှိပါတယ်။ ကျွန်တော်
ထက် ရာထူးအားဖြင့်၊ အသက်အရွယ်အားဖြင့် ငယ်သူတွေ
နဲ့ အတူအလုပ်လုပ်ရပါတယ်။ ကျောင်းကန်ဘုရားနဲ့ သာရေး
နာရေး၊ လူမှုရေးတွေမှာလည်း ထိုက်သင့်တဲ့ နေရာပေး
အရေးပေးမှုတွေကို ခံရပါတယ်။ ဒါပေမယ့် မြတ်ဗုဒ္ဓဟော
တဲ့ လူကြီးဖြစ်ကြောင်း အကြောင်းတရားတွေထဲက နံပါတ်
(၁)အချက်ဖြစ်တဲ့ သစ္စာလေးပါးကို သိမြင်ခြင်းဆိုတဲ့ နေရာ
မှာတော့ လုံးဝ(လုံးဝ)ပါပဲ၊ လေးပါးဝေးလို့ တစ်ပါးတောင်
ကောင်းကောင်းမသိသေးပါဘူး။

တစ်ခါ နံပါတ်(၂)အချက်ဖြစ်တဲ့ လောကုတ္တရာတရား
ကိုးပါးနဲ့ ပြည့်စုံခြင်း။ ဒီ ကိုးပါးနဲ့ ပြည့်စုံဖို့လည်း (အဝေး
အဝေးကြီးမှာပါ။ နံပါတ် (၃)(၄)(၅) အချက်တွေနဲ့ လော
နီတိလာ ကြီးသူ့ကျင့်ဝတ်ဝတ္တရားတွေနဲ့တော့ ၇၀ ရာခိုင်
လောက် ပြည့်မီမယ်လို့ ထင်ပါတယ်။ ကိုယ့်ကိုယ
သာသာထိုးထိုး အမှတ်ပေးတာလည်း ပါချင် ပါမှာပေါ့

အချုပ်အားဖြင့် ပြောရရင်တော့ မြတ်စွာဘုရားလ
ထက်တော်ကပင် အရွယ်ငယ်သော်လည်း လူကြီးဖြစ်
(ဝါ) ရဟန္တာမထေရ်ကြီးဖြစ်နေတဲ့ လကုဏ္ဍက ဘဒ္ဒိ
မထေရ်ရှိခဲ့သလို၊ ဒီနေ့ခေတ်အခါမှာလည်း လူငယ်
လည်း လူကြီးဂုဏ်အင်္ဂါတွေ တော်တော်များများနဲ့ ပြည့်
နေတဲ့ လူငယ်တွေလည်း ရှိမှာပါ။ လူကြီးသော်လည်း လူ
ဂုဏ်အင်္ဂါမပြည့်စုံသေးတဲ့ လူကြီးတွေလည်း နည်းမှာမဟု
ပါဘူး။ အထက်မှာ ဆိုခဲ့တဲ့ အချက်တွေကို စဉ်းစားတွေး
မိရင်းနဲ့ ကျွန်တော်ကိုယ် ကျွန်တော်လည်း ဆင်ခြင်
နေမိပါတယ်။ အဲဒါကတော့···

"ကျွန်တော် လူကြီးလား···?"

"ကျွန်တော် လူကြီးလား···?"■


* * *

ကျော်လေးထွန်း(ရွှေ



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ကာ-ကားလေးသည် အနည်း
အရှိန်လျှော့ကာ အမှတ်(၅)
ဘက်သို့ ကွေ့ဝင်လိုက်၏။ ထို
ကားဆရာက မေးသည်။

"ဆရာ . . . ၅ရပ်ကွက်တော့
လာပြီ။ ဘယ်ဆက်မောင်းပေးရ

"အေးမြရိပ်သာခြံကြီးကိုကွ။
လောက်မှာ ဖြစ်မယ်။ ငါလည်း
တာ ကြာတော့ ဝေတေတေ
တယ်"

ကားဆရာက အနေးဂီယာဖြင့်
မောင်းသည်။ ဟုတ်သည်။ လမ်း
လေးနှစ်ခုကျော်လိုက်သည်နှင့်
ရိပ်သာခြံကြီးရှေ့သို့ ရောက်
ခြံရှေ့တွင် ကုလားထိုင်ဖြင့် ထိုင်
သော (ညှော်ကြို) ကောင်းလေး
ယောက်ကိုလည်း တွေ့ရသည်။

ညှော်ကြို ကောင်လေးသည် ဖတ်
အားကစားစာစောင်ကို ကုလား
ပေါ် တင်ထားခဲ့ကာ ခပ်သုတ်သုတ်
လျှောက်လာပြီး ကားတံခါးကို
သည်။ ထို့နောက် ကောင်လေး
ဦးဆောင်ပြီး ခြံထဲသို့ မောင်အေး
အား ခေါ်လာခဲ့သည်။

သည်နေ့ကား မြို့နယ်လုံးဆိုင်ရာ
အဝေးရှိသည်။ မြို့နယ်လုံးဆိုင်
အစည်းအဝေးကို နှစ်စဉ် ပြုလုပ်
သော်လည်း အစည်းအဝေးပြုလုပ်
နေရာကို ပုံသေသတ်မှတ်၍ မရှိ
အဆင်ပြေမည့် နေရာတစ်ခုကို
သော ပြုလုပ်လေ့ရှိကြသည်။
နှစ်တွင် ရွာမှ ပြောင်းလာပြီး
မြို့မှာ အခြေချနေထိုင်သော
ကြီး ဦးကျော်ဇောဦး၏ အေးမြ
ရိပ်သာ ခြံကျယ်ကြီးကိုပင် ရွေးလိုက်
ကြသည်။

အိမ်ရှေ့ မြက်ခင်းပြင်ကြီးတွင်
ခုံများ ခင်းနေကြသည်ကို တွေ့ရသည်။
အနည်းငယ် အချိန်စောနေသေး၍ ထင်
သည်။ လူများများ မရောက်ကြသေး
ပေ။ ရောက်နေကြသော လူအချို့တို့
သည်လည်း အခမ်းအနားကိစ္စများ
လိုက်လုပ်နေကြသည်ကိုသာ တွေ့နေ
ရသည်။

ထိုင်ခုံ၊ စားပွဲခုံများကို နေရာ
တကျခင်းသူက ခင်းပေးနေကြပြီး
တချို့က ရေနွေးဓာတ်ဘူးများ ရေခဲရေ
ပုလင်းများကို လိုက်ချပေးကြနေသည်။
အသံချဲ့စက်/ ဘောက်များကို တပ်ဆင်
သူများကလည်း ဆင်နေကြသည်။ ထို
အထဲတွင် တစ်သျှူးနှင့် စနိုးတာဝါများ
လိုက်ချပေးနေသော အမျိုးသမီးတစ်ဦး
ကို မောင်အေးချမ်း အာရုံစိုက်၍ ကြည့်
မိသည်။

ယခင်က မြင်ဖူးသလိုလိုတွေ့
သည်။ မြင်ဖူးရုံသာမက၊ ရင်းနှီးဖူးသလို
ပင် တွေ့နေမိသည်။

မောင်အေးချမ်းသည် ရန်ကုန်မှာ
အခြေချပြီးနောက် နှစ်စဉ် ရွာကို
တစ်ခေါက် ပုံမှန်ရောက်သော်လည်း
ရွာမှာ ကြာကြာနေလေ့မရှိပေ။ စာရေး
ပျက်မည်စိုး၍ အလွန်ဆုံး ငါးရက်
တစ်ပတ်မျှသာ နေလေ့ရှိသည်။ ရွာသူ
ရွာသားများမှာ သုံးရာသီပတ်လုံး
လယ်တော၊ ယာတောများမှာသာ နစ်
မြုပ်နေကြရ၍ ထိုမျှလောက် ရက်တို
အတွင်း၌လည်း ရွာမိတ်ဆွေများကို
စုံစေအောင် တွေ့ဆုံရန် မလွယ်ပေ။

ထို့ကြောင့် ဤအမျိုးသမီးသည်
မောင်အေးချမ်း၏ ရွာမိတ်ဆွေများထဲ
က တစ်ယောက်တော့ ဟုတ်လောက်
သည်။ ရင်းရှင်းနှီးနှီးရှိခဲ့ဖူးသည်ဟု
(အတိအကျ) ထင်နေသော်လည်း
မည်သူမည်ဝါဟု မမှတ်မိဖြစ်နေသည်။
မောင်အေးချမ်းက စိုက်ကြည့်နေသလို
သူလည်း မောင်အေးချမ်းအား နှစ်ကြိမ်
သုံးကြိမ်မျှ လှည့်လှည့်ကြည့်သည်။
သို့သော် အကြည့်ချင်းဆုံမိရာတွင် သူ
က အရင် မျက်လွှာချသွားသည်။ သူ
ဘယ်သူပါလိမ့်။

ထိုအခိုက်မှာပင် ထိုအမျိုးသမီး
မောင်အေးချမ်း၏ ရှေ့နားမှ ဖြတ်သွား
၏။

"ခင်သန်းကြည်"

"ဩော် . . . စာရေးဆရာ"

မောင်အေးချမ်းက ရမ်းခေါ်ကြည့်
လိုက်ရာ တည့်သွားလေ၏။ ခင်သန်း
ကြည်သည် မောင်အေးချမ်း၏ စကား
အဆုံးမှာပင် နောက်သို့မျှ လှည့်မကြည့်
ဘဲ မောင်အေးချမ်းအား ပြန်ခေါ်လိုက်ခြင်း
ဖြစ်သည်။ ထို့နောက် မောင်အေးချမ်း
၏ အနားသို့ လျှောက်လာပြီး ပြုံးပြုံး
ရယ်ရယ်ဖြင့်ပင် ခုံတစ်လုံးကို ဆွဲကာ
ထိုင်သည်။

"ငါကြည့်နေတာတော့ ကြာပြီ။
ဒါပေမယ့် နင့်ကို ပြန်းခနဲ မမှတ်မိဖြစ်
နေတယ်"

ဟု မောင်အေးချမ်းက ပြော
လိုက်၏။

"ငါလည်း ကြည့်ဖြစ်ပါတယ်။ ဒါ
ပေမယ့် အဲဒီမျက်လုံးကြီးက ပြူးကြည့်
နေတော့ အသေချာ မှတ်မိအောင်
မကြည့်ဖြစ်ပါဘူး။ သိသလိုလိုလည်း ရှိ
နေတယ်။ ဒါကြောင့် ခေါ်သံကို ကြား
လိုက်ရတာနဲ့ မှတ်မိသွားတာ"

ဟု ပြောပြီး ရယ်လိုက်ကြ၏။

"ဒီတော့ အခု ခင်သန်းကြည်
ဘယ်မှာနေတုန်း။ ရွာမှာလည်း မတွေ့
ပါလား"

"ကျောင်းဆရာမ လုပ်နေတော့

www.burmeseclassic.com

နယ်တကာလှည့်နေရတာပေါ့။ အခုတော့ ကျောက်ဖြူမှာပဲ။ ဒီတော့ စာရေးဆရာကော ဘယ်မှာနေတုန်း"

"ဒီ ရန်ကုန်မှာပဲလေ"

"ရန်ကုန်ဆိုတော့ ကောင်းတာပေါ့။ တို့လည်း အလတ်မ ဘွဲ့ယူမလို့ ရန်ကုန် ခဏလာရင်း မြို့နယ်အစည်းအဝေးနဲ့ ကြုံတာပါ"

ခင်သန်းကြည်က ဦးကျော်ဇော်ဦး၏ တူမဖြစ်သည်။ နယ်က ဆွေမျိုးများ ရန်ကုန်လာကြတိုင်း ဦးကျော်ဇော်ဦး၏ အိမ်မှာပင် တည်းခိုကြ၍ ယခု ခင်သန်းကြည်လည်း ဦးကျော်ဇော်ဦး၏ အိမ်မှာပင် တည်းဟန်ရှိသည်။

"နေစမ်းပါဦး၊ ခုက အလတ်မ ဘွဲ့ယူဖို့ လာတာဆိုတော့ နောက် အကြီးတွေ အငယ်တွေ တော်တော်များသေးသလား"

"အင်း···ရွှေငွေကို မစုဘူး။ စုလောက်အောင်လည်း မရှာတတ်ဘူး။ ဒါကြောင့် ရတနာတွေပဲ စုထားတာ"

ဟု ပြောပြီး သူ့ဘာသာ တီးတိုးရယ်၏။ မောင်အေးချမ်းက ပြုံးရုံမျှသာ ပြုံးပြီး ဆက်မေးသည်။

"ဒီတော့ ပန်းထိမ်ဆရာ ဘယ်မှာတုန်း၊ ငါ မမြင်သေးဘူး"

ခင်သန်းကြည် တစ်ချက်တွေဝေသွားပြီး···

"ဪ···ဟိုမှာ"

ဟု ဘောက်ဆင်နေသော သူ့ယောက်ျားကို မေးထိုးပြသည်။ ထိုနောက် တစ်ချက်ရယ်ပြီး သူ့လက်သီးဆုပ်ဖြင့် မောင်အေးချမ်း၏ လက်မောင်းကို လှမ်းထုသည်။

ထိုနောက် စကားပြောနေကြရင်း ပရိသတ်များ တစ်သုတ်ပြီး တစ်သုတ် ရောက်လာကြ၍ စကားဆက်ပြောရန် အဆင်မပြေတော့။

"ကဲ - စာရေးဆရာ၊ စကားပြောလို့တော့ ကောင်းတယ်။ ဒါပေမယ့် လူတွေက တဖွဲဖွဲရောက်လာနေကြတော့ အဆင်မပြေဘူး။ ဒီတော့ အလတ်မ ဘွဲ့ယူမယ့်နေ့ လာခဲ့ပါလား။ အဲဒီနေ့ဆို ရတနာတွေလည်း စုံမယ်။ ပန်းထိမ်ဆရာနဲ့လည်း မိတ်ဆက်ပေးမယ်လေ"

ဟု ပြောပြီး ရယ်ကာ ခင်သန်းကြည် ထ,သွားလေသည်။

ခင်သန်းကြည်ကား ငယ်စဉ်ကပင် မောင်အေးချမ်းနှင့် ရင်းနှီးကြ၏။ ယခုကဲ့သို့လည်း ပြောဆိုနေကြမြဲဖြစ်၏။ တစ်ဦးနှင့် တစ်ဦး မတွေ့မဆုံဖြစ်ကြသည်မှာကား ကာလအားဖြင့် ကြာလာခဲ့ပြီဖြစ်သည်။

◈◈◈

မောင်အေးချမ်း ရှင်လူထွက်ဖြစ်ခဲ့ရသည့်အကြောင်းကို မဂ္ဂဇင်းစာစောင်တွင် မိတ်ဆက်သဘောမျှ ရေးခဲ့ဖူးသည်။ မိတ်ဆက်သဘော ရေးပြမှ နောက်ကြောင်း စာသားများ အသက်ဝင်မည်ဖြစ်သောကြောင့်ဖြစ်သည်။ ထိုအချိန်က မောင်အေးချမ်းနှင့် ရင်းနှီးခဲ့ဖူးသော မိန်းကလေးများစွာတို့အထဲတွင် ခင်သန်းကြည်လည်း တစ်ယောက် အပါအဝင်ဖြစ်ခဲ့ဖူးသည်။

သို့သော်လည်း ယခင်ရေးသားခဲ့ဖူးသည့် အကြောင်းအရာများထဲတွင် ခင်သန်းကြည်သည် နာမည်မျှသာ ပါဝင်ခဲ့ပြီး ယခုရေးသားမည့် ခင်သန်းကြည်၏ အကြောင်းအရာကိုမူ တစ်စွန်းတစ်စမျှပင် ရေးသားခဲ့ခြင်းမရှိပေ။ နောင်တစ်ချိန်တွင် ခင်သန်းကြည်၏ အကြောင်းအရာသက်သက်သည်ပင် စာတစ်ပုဒ်ဖြစ်လာနိုင်သည်ကို တွေးမိသောကြောင့်လည်း တမင်(ကွက်ပြီး) ထားခဲ့ခြင်းဖြစ်သည်။ ယခု ခင်သန်းကြည်ကိုယ်တိုင် လိုလိုလားလား ခွင့်ပြုသောကြောင့် သတ္တိခဲမလေး ခင်သန်းကြည်၏အကြောင်းကို ရေးသား... ရပေသည်။

◈◈◈

ထိုအချိန်က မောင်အေးချမ်း... အရပ်တွင် အဖြူအမည်း သိပ်ပြီးမ... သေး။ ထို့ကြောင့် အတိုက်အခို... အဖြစ်အပျက်များကို မကြာခဏ ခံနေ... ရလို့ သူ့သတ်မှု လူသေမှုများလည်း မကြာခဏဖြစ်ပြီး ထိုထိုသတင်းဆိုး... ကိုလည်း ကြားနေကြရမြဲပင်ဖြစ်သည်။

ထို့ကြောင့် ရွာသူရွာသားများ... ရွာလုံခြုံရေးကို အထူးဂရုစိုက်ပြီး ... ကြရသည်။ ရရာ လက်နက်ကိရိယာ... များကိုလည်း စုဆောင်းထားကြရသည်။ ရွာလုံခြုံရေးတွင် လူပျို ကာလသား... သည် အထူးအရေးပါ၏။ တောရွာ... ၌ အပျိုလှည့်ခြင်းတည်းဟူသော... အလေ့အထရှိနေသောကြောင့်ပင်... ၏။ အပျိုလှည့်ခြင်းဟူသည်မှာ လူ... သည် ညအခါတွင် အပျိုအိမ်သော... ကို သွား၍ ထရံပေါက်မှ တုတ်သေး... သေးဖြင့် ထိုးနှိပ်နှိုးပြီး ရည်းစားစ... ပြောရခြင်းပင် ဖြစ်၏။

မောင်အေးချမ်းတို့ရွာ... မောင်အေးချမ်းသည် လူပျိုခေါင်းဆော... ဖြစ်၏။ လူပျိုခေါင်းဆောင်ဖြစ်သော်... လည်း ထိုအချိန်က မောင်အေးချမ်း... အသက်သည် ၁၇နှစ်မျှသာ ရှိသေး... မောင်အေးချမ်းထက် အသက်ကြီးသော... လူပျိုကြီးများလည်း ဆယ်ယောက်မ... ရှိသေး၏။ သို့သော်လည်း ကျောင်း... ဆရာတော်နှင့် ရွာသူကြီးက ခန့်... လိုက်သောကြောင့် မောင်အေးချမ်း... လူပျိုခေါင်းဆောင်ဖြစ်လာခဲ့ရ၏။

စင်စစ်တွင် မောင်အေးချမ်းသည်... ရှင်လူထွက်ကလေးဖြစ်၏။ မောင်အေး... ချမ်း၏ အသက် ၁၇နှစ်အရွယ်...



www.burmeseclassic.com

www.burmeseclassic.com

ဆောကွယ်လွန်သွား၍ ခေါင်းမူးရောဂါ သော အမေ့အား ပြုစုလုပ်ကျွေး ခိုင်ပြန်ခဲ့ရ၏။

မောင်အေးချမ်း၏ အဖေသည် ည်း အသက် ၁၇နှစ်အရွယ်ကပင် ျခေါင်းဆောင်လုပ်လာခဲ့ရကြောင်း သိရ၏။ အမေနှင့် အိမ်ထောင်ကျ ောက်လည်း ရပ်ရေးရွာရေးကို တနာပါပါဖြင့် ဆောင်ရွက်ဟတ်ပြီး သဘောကောင်းလွန်းသောကြောင့် ျခေါင်းဆောင်တာဝန်ကို ဆက်ခန့် ကြသည်ဟု ဆို၏။ ထို့ကြောင့် ယ်မှာ (အသက် ၄၇နှစ်အရွယ်) ယ်လွန်သည်အထိ လူပျိုခေါင်းဆောင် ဝန်ကို ထမ်းဆောင်သွားခဲ့ရ၏။

ထိုထိုအဖေ၏ ဘဝကောင်း ကြောင်းကလေးများ ရှိခဲ့ဖူး၍ပင် ဆရာ ာ်နှင့် ရွာသူကြီးတို့က ယခု ာင်အေးချမ်းကိုသည်း ရှင်လူထွက် ည့်နေ့မှာပင် လူပျိုခေါင်းဆောင် ဝန်ကို ခန့်အပ်လိုက်ကြခြင်းဖြစ်၏။ ရာတော်နှင့် ရွာသူကြီးမှ ညွှန်ကြား သော ရပ်ရေးရွာရေးအလုပ်များကို ာင်အေးချမ်းက အပျို လူပျိုများအား ဆောင်ပြီး လုပ်ကိုင်ပေးရ၏။ ဤ ည်မှာ မောင်အေးချမ်းတို့၏ အရပ် လေ့များပင်ဖြစ်၏။

ထိုအထဲတွင် ရှင်လူထွက်ဖြစ် ာ မောင်အေးချမ်းမှာ သူများထက် ပြီး ခေါင်းတုံးပြောင်ဖြင့် တစ်မူဆန်း ၏ ကျေးကို သွားပြီး စားလိုက်၊ ာ်ရွတ်လိုက်၊ ပုတီးစိပ်လိုက်၊ တရား တ်လိုက်နှင့် ရွယ်တူ အပျို လူပျို အဖို့ ရယ်ချင်စရာဖြစ်နေ၏။

ထို့ကြောင့် အပျိုကြီး မသန္တာခိုင် ရှင်လိင်ပြန် ကိုရင်လူထွက် ာင်အေးချမ်း၏ ကိုရင်စိတ်များ ောက်သွားအောင် လူပျိုစိတ်သွင်းပေး



၏။ ရွယ်တူ ကောင်မလေးများနှင့် မိတ်ဆက်ပေးခြင်းဖြစ်၏။ ထို့ကြောင့် ရွယ်တူ ကောင်မလေးများစွာတို့အထဲ တွင် ခင်သန်းကြည်သည် မောင်အေး ချမ်းနှင့် အရင်းနှီးဆုံးဖြစ်လာခဲ့၏။ အတွေ့အကြုံ ရင့်ကျက်နေကြသော လူပျိုကြီး၊ အပျိုကြီးများကပင် ရပ်ရွာ သာရေးနာရေးအလုပ်များ ပေါ်ပေါက် လာတိုင်း တမင်တကာ ဖန်တီးပြီး မောင်အေးချမ်းနှင့် ခင်သန်းကြည်တို့ အား နီးစပ်မှုရှိလာကြစေရန်အတွက် တွဲခိုင်း(တွေ့ပေး)နေကြသောကြောင့် ဖြစ်၏။

သို့သော်လည်း စိတ်ထဲတွင် မည်မျှအထိပင် အဖုအထစ်ကလေးများ ရှိလာနေကြသည့်တိုင်အောင် ပွင့်လင်း စွာဖြင့် ဖွင့်ဟ ပြောဆိုရဲခြင်းကား မရှိ ကြပေ။ တစ်ယောက်နှင့် တစ်ယောက် ခိုးကြောင်ခိုးဝှက် ခိုးကြည့်အဆင့်မျှ သာရှိကြသည်။

လမ်းဖို့နေကြချိန်တွင် ဖြစ်စေ၊ ဘုန်းကြီးကျောင်းခြံထဲတွင် မြက်ရှင်းနေ ကြစဉ်တွင် ဖြစ်စေ၊ မြက်တောင်း အမှိုက်တောင်းများကို မပြီး သယ်ကြ ရာ၌ ကိုယ်ချင်း၊ လက်ချင်း တို့ထိမိ လျှင် ဓာတ်လိုက်သည်ထက်ပင် ပို သည်ဟု ပြောရမည်ဖြစ်၏။ ထိုအခိုက် မှာပင် တစ်ယောက်နှင့် တစ်ယောက် ခိုးကြည့်မိကြခြင်းလည်း ရှိ၏။

သို့သော်လည်း မောင်အေးချမ်း တို့ရွာသည် အထက်ရွာ၊ အောက်ရွာ၊ ဂါရာတောင်ရွာဟု သုံးရွာဖြစ်နေသည်။ ဂါရာတောင်ရွာသည် အိမ်ခြေ (၈)အိမ် မျှသာရှိပြီး မောင်အေးချမ်းတို့ အောက်ရွာနှင့်လည်း လယ်ကွင်းလေး တစ်ကွင်းခြားသည်။ ထိုရွာသည် ခင်သန်းကြည်၏ ဇာတိရွာကလေးဖြစ် သည်။

ထို့ကြောင့် မောင်အေးချမ်းနှင့် ခင်သန်းကြည်တို့မှာ နေ့စဉ်တော့ မတွေ့ဖြစ်ကြပေ။ ရပ်ရွာ သာရေးနာရေး ရက်များမှာသာ ဆုံတွေ့ဖြစ်ကြသည်။ ထိုရက်များသည်လည်း တစ်ပတ်တွင် နှစ်ရက်ခန့်တော့ ရှိသည်။

တစ်ခုသော ည ၉နာရီခန့်အချိန် တွင် မောင်အေးချမ်းတို့ လူပျိုတစ်စု သီချင်းဆိုရင်း ရွာကြားထဲတွင် လမ်း လျှောက်နေကြရာ ခင်သန်းကြည်၏ အဖေ ဦးကြည်အောင်သည် အမြေး အလွှားရောက်လာပြီး…

"ဟိုက်… ကောင်လေးတွေ တို့အိမ်ကို ဓားပြဝင်တယ်ကွ။ မင်းတို့ အသင့်ပြင်ထားကြစမ်း။ ဆူဆူညံညံ တော့ ဘာမှမလုပ်ကြနဲ့ဦး။ ငါ ရွာသူ ကြီးအိမ်ကို ပြေးလိုက်ဦးမယ်"

ဟု ပြောထားခဲ့ပြီး ဆက်၍ ဒုန်း စိုင်းပြေးသွားပြန်လေသည်။

ထို့ကြောင့် မောင်အေးချမ်းတို့ လူစုမှာလည်း ချက်ချင်း အိမ်ကို ပြေးပြီး ရရာလက်နက်များကို ယူကာ ရွာထဲ



www.burmeseclassic.com

www.burmeseclassic.com

သရက်ပင်ကြီးအောက်မှာ ပြန်စုလိုက်ကြ၏။ ထိုအချိန်၌ ရွာသူကြီးနှင့် ရွာသားများလည်း ရရာ လက်နက်များကို စွဲကိုင်ပြီး ရွာလယ် သရက်ပင်ကြီးအောက်သို့ ရောက်လာကြလေသည်။ ဤရွာလယ် သရက်ပင်ကြီးအောက်သည်ကား ရွာသားများ အရေးပေါ် စုဝေးလေ့ရှိကြသော နေရာလည်း ဖြစ်သည်။ သည်အချိန်၌ ရွာသားများလည်း မအိပ်ကြသေးပေ။ ထို့ကြောင့်လည်း ချက်ချင်း လူစုမိနိုင်ကြခြင်းဖြစ်သည်။

ထိုအပြင် လွန်ခဲ့သော တစ်လခန့်ကလည်း ဦးကြည်အောင်၏ အိမ်ကို ဓားပြတိုက်ခံရဖူးသည်။ ထိုအချိန်က ဦးကြည်အောင် ဓားနှင့် ဆီးခုတ်သဖြင့် ဓားပြတစ်ယောက်သေပြီး ရွာသားများ ဝိုင်းလိုက်ကြ၍ ကျန်သော ဓားပြများ ထွက်ပြေး လွတ်မြောက်သွားကြသည်။ ထို့ကြောင့်လည်း ယနေ့အချိန်ထိ ရွာသားများကို တပ်လှန့်ထားသကဲ့သို့ ဖြစ်နေကြ၍ နာရီတစ်စိတ်ခန့်အချိန်အတွင်းမှာပင် ရွာသားများ စုမိနိုင်ကြခြင်းဖြစ်သည်။

ရွာသူကြီးမှာ စစ်ပြန်ကြီးဖြစ်၍ သူကိုယ်တိုင် အခြား စစ်ပြန်ကြီး သုံးလေးယောက်တို့အား ဦးစီးကာ ရွာသားများနှင့် ပေါင်းစပ်ဖွဲ့စည်းပြီး ဓားပြများအား ဝိုင်းဖမ်းသတ်ဖြတ်ရန် စီမံလေသည်။

ဓားပြများကလည်း ဦးရေ သိပ်ပြီးမများဘဲ လေးငါးယောက်တည်းသာဟု ဦးကြည်အောင်က ပြောပြသည်။ ဦးကြည်အောင်တို့၏ ဂါရာတောင်ရွာမှာ ပင်မ,ရွာကြီး နှစ်ရွာနှင့် လယ်သုံးခွက်(တစ်မိုင်ကျော်)မျှ ခြားသည့် တောင်ပူစာလေးတွင် သီးသန့်ဖြစ်နေ၍ပင် ဓားပြများ ဦးရေနည်းနည်းဖြင့် လာတိုက်ကြခြင်းဖြစ်ပေလိမ့်မည်။

သို့တည်းမဟုတ်၊ လွန်ခဲ့သော တစ်လခန့်က ဦးကြည်အောင်၏ အိမ်ကို ဓားပြတိုက်ကြရာ မအောင်မြင်သည့်အပြင် ဦးကြည်အောင်က ဓားပြတစ်ယောက်ကို သတ်ဖြတ်လိုက်သဖြင့် ထိုရန်ကြွေးကို ပြန်ဆပ်ရန်ပင် ထိုဓားပြအဖွဲ့ ပြန်လာကြလေသလားဟုလည်း ယူဆရသည်။

ရွာသားများလည်း ချက်ချင်းဆိုသလိုပင် ထွက်ပေါက်တစ်ပေါက်ထားပြီး ရွာကို ဝိုင်းလိုက်ကြသည်။ ရွာရှိ တူမီးသေနတ်၊ ရွာသူကြီး၏ နှစ်လုံးပြူးသေနတ်နှင့် ဂျပန်လက်ကျန် ပုန်းသေနတ်အချို့ကို စစ်ပြန်ကြီးများက ကိုင်ဆောင်ထားကြသည်။ သေနတ်ကိုင် တစ်ယောက်လျှင် ရွာသားများထဲက ဓားကိုင်၊ လှံကိုင် ကိုးယောက်၊ ဆယ်ယောက် စသည်ဖြင့် သင့်သလို ဖွဲ့စည်းပြီး ဦးကြည်အောင်၏ အိမ်ကို ချဉ်းကပ်ကြသည်။

ဓားပြများက ဦးရေနည်း၍ ရွာကို မဝိုင်းနိုင်ကြဘဲ ဦးကြည်အောင်၏ အိမ်ကိုမျှသာ သီးသန့်ဝိုင်းတိုက်ကြဟန်ရှိသည်။ ရွာထဲကို ဝင်ကြရာတွင်လည်း ရွာဦး၊ ရွာမြီး၊ ရွာလယ် မည်သည့်နေရာမှာမှ ဓားပြများကို မတွေ့ကြရပေ။

ဦးကြည်အောင်၏ ခြံကို ဦးစွာချဉ်းကပ်ကြသည့်အဖွဲ့မှာ စစ်ပြန်ကြီးလည်း ဖြစ်၊ ဓားခုတ်ပွဲလည်း အကြိမ်ကြိမ်နွှဲဖူးသော သတ္တိခဲကြီး ဦးကြည်အောင် ဦးစီးသော မောင်အေးချမ်းတို့အဖွဲ့ ဖြစ်သည်။ ခပ်လှမ်းလှမ်းကပင် "ဘောင်း...ဒိုင်း...ဂွမ်း..." စသော အသံများကို ကြားရသည်။ သေတ္တာများကို ရိုက်ဖွင့်နေကြသော အသံမျိုးဖြစ်သည်။

ထို့နောက် အယုတ္တ အနတ္တ ဆဲဆိုနေကြသံများကိုလည်း ကြား[...] သည်။ ယခင်တစ်ကြိမ်က သူတို့ [...] တစ်ယောက်သေကျန်ခဲ့သည်ကို လ[...] စားချေမည်၊ ခင်သန်းကြည်အား မု[...] ကျင့်မည်၊ ဗလက္ကာရပြုမည်ဟူသော[...] ဖရုသဝါစာဖြင့် အော်ကြီးဟစ်ကျ[...] ဟိန်းဟောက်ပြောဆိုနေကြသံများ[...] လည်း နားနှင့် မဆံ့အောင်ပင် ဆ[...] ကာ ဆက်ကာ ကြားနေရသည်။

"ကောင်မလေးက ဖြူဖြူ[...] ချောလေး။ ဒီနေ့တော့ ငါ့အစာဖြစ်[...] အရိုးနုနုလေးကို ညက်ညက်[...] အောင် ဝါးပြီလို့သာ မှတ်ပေ[...] ကိုင်း..."

(.......)

"အောင်မလေး...အင့်..."

"အောင်မလေးဗျ၊ သေပါပြီ[...]"

"ဝုန်း...ဒုန်း...ဒုန်း...ရှ[...] .. ဗုန်း..."

ဓားပြနှစ်ယောက်တို့၏ ငယ်[...] ပါအောင် အော်ဟစ်သံကို ကြားလို[...] ရပြီးနောက် တစ်ယောက်သော ဓား[...] သည် အိမ်ပေါ်မှ ဒယီးဒယိုင်ဖြင့် [...] ဆင်းလာကာ ခြံထောင့်တစ်နေရာ[...] ထိုးလဲပြီး တစ်လိမ့်နှစ်လိမ့် လိမ့်[...] ငြိမ်ကျသွားသည်ကို တွေ့လိုက်ရသည်[...]

ဦးကြည်အောင်လည်း တစ်ဆ[...] တည်းလိုပင် သေနတ်ကို မိုး[...] ထောင်ဖောက်ပြီး...

"ဟေး...လိုက်ကြ၊ ဝိုင်း[...] သတ်ကြ၊ ဖြတ်ကြ"

ဟု သရက်ပင်ကြီးအကွယ်[...] အော်လိုက်သဖြင့် အခြားနေရာအ[...] သီးမှလည်း သေနတ်ပေါက်သံမျ[...] ဆဲဆို ဟိန်းဟောက်သံများ၊ ငရဲ[...] သကဲ့သို့ ဆူညံသွားလေသည်[...] ကြောင့် ဓားပြနှစ်ယောက်ထိုးယော[...] တို့မှာ တောင့်မခံရဲကြတော့ဘဲ တ[...]



www.burmeseclassic.com

www.burmeseclassic.com

သောဖြင့် သေနတ်တစ်ချက် ပစ် က်ပြီး ဆဲဆိုဟိန်းဟောက်ကာ ပေါက်ပေးထားသော ရွာဦးလမ်းမ တိုင်း ပြေးထွက်သွားကြလေသည်။

ရွာသားများလည်း တူမီး နှစ်လုံး သော သေနတ်များဖြင့် ဓားပြများ မောင်းထုတ်သောအဖွဲ့က ထုတ် ဦးကြည်အောင် ဦးစီးသောအဖွဲ့က ခြေအနေအရပ်ရပ်ကို ကြည့်ပြီး ပေါ်ကို တက်လိုက်ကြသည်။ လှေ ထစ်တွင် ဓားပြ(ဗိုလ်)တစ်ယောက် က်လဲပြီး သွေးများ အလူးလူးဖြင့် သက်ထွက်နေသည်ကို တွေ့ကြရ ည်။

ညှော်ခန်းတွင် သေတ္တာနှစ်လုံး င်းလင်းပွင့်ပြီး အဝတ်အထည်များ ကြနေသည်။ အိမ်ထဲတွင်မူ ဘာသံ ကြားရဘဲ တိတ်ဆိတ်နေ၏။ အိမ် င်ဝင်ဝ တစ်နေရာတွင် ခင်သန်း ည်၏အမေ ကြိုးတုပ်ခံထားရသည် တွေ့ရသည်။

အိမ်ပေါ်သို့ တက်လာကြသော ဖွဲ့တွင် ခင်သန်းကြည်၏ အဖေမပါ ခင်သန်းကြည်၏ အဖေသည် က်ပြေးသွားကြသည့် ဓားပြများ နောက်သို့ လိုက်သွားကြသောအဖွဲ့နှင့် သွားလေသည်။

ခင်သန်းကြည်၏ အမေသည် ကြောက်လွန်းပြီး ပြူးကြောင်နေရာမှ သားများကို မြင်လိုက်ရသောကြောင့် ကြောက်ပြေပြီး အားတက်သွားဟန် သည်။ လှုပ်လှုပ်ရှားရှားဖြစ်လာသည်။ သော်လည်း သူ့ကိုယ်က အဝတ်များ ဓားပြများ ဖယ်ဆွဲထားခဲ့ကြ၍ထင် စုတ်ပြဲကာ ဖရိုဖရဲဖြစ်နေသည်ကို တွေ့ရသည်။

ထိုအဖြစ်ကို မြင်၍ပင်လည်း သော်၊ ဦးကြည်အောင်အပါအဝင် လူကြီးများ တစ်ယောက်မျှ အနားသို့ မကပ်ဘဲ အဝေးကသာ အံ့သြသော အမူအရာဖြင့် ရပ်ကြည့်နေကြသည်။

ခင်သန်းကြည်၏ အမေက မောင်အေးချမ်းအား အမူအရာဖြင့် ခေါ်၍ မောင်အေးချမ်းအနားသို့ ကပ်သွား၏။ ထို့နောက် သူ့ကိုယ်မှ ကြိုးများကို ဖြုတ်ခိုင်းသည်။ ထဘီကို ပြင်ဝတ်သည်။ အင်္ကျီကို ဆွဲတင်သည်။ ဆံပင်ကိုလည်း ဖြေပြီး ပြန်ထုံးသည်။ ထို့နောက် မျက်ရည်ကို သုတ်ပြီး မောင်အေးချမ်းအား တိုးတိုးပြော၏။

"သားလေး... မင်းတို့ အချိန်မီရောက်လာကြလို့ပေါ့။ အချိန်မီသာ ရောက်မလာကြရင် ဓားပြတွေလက်မှာ အရီးတို့ ပစ္စည်းဥစ္စာတွေ အကုန်ပြောင်မှာ ဖြစ်သလို၊ အရီးတို့ သားအမိကို လည်း မုဒိမ်းကျင့် သတ်ဖြတ်ပြီး အိမ်ကိုပါ မီးရှို့ထားခဲ့မှာတဲ့။ အဲဒါ ဓားပြဗိုလ်နှစ်ယောက်က သားလေးရဲ့ သူငယ်ချင်း ခင်သန်းကြည်ကို မုဒိမ်းကျင့်ဖို့ ကြိုးစားနေကြတုန်းမှာပဲ ခင်သန်းကြည်က ခေါင်းဆောင် ဓားပြဗိုလ်ရဲ့ ဓားမြှောင်ကို ဆွဲလုပြီး နှစ်ယောက်စလုံးကို ထိုးသတ်လိုက်တာလေ"

"ဗျာ..."

ခြံထောင့်မှာ လဲပြိုပြီး အသက်ထွက်သွားသော ဓားပြဗိုလ်နှင့် လှေကားတက်မှာ အသက်ထွက်နေသည့် ဓားပြဗိုလ်နှစ်ယောက်စလုံးကို ခင်သန်းကြည် သတ်လိုက်တာ ဆိုပါလားဟု တွေးကာ မောင်အေးချမ်း တအံ့တသြ ဖြစ်ပြီး မျက်လုံးပြူးသွားရလေ၏။

ခင်သန်းကြည်၏ အမေက ဆက်ပြောပြသည်။

"နားနဲ့ မနာ၊ ဖဝါးနဲ့ နာ ဆိုသလိုပဲ သားလေးရယ်၊ အရီး အဖြစ်မှန်ကို ပြောပြမယ်။ ဓားပြဗိုလ်နှစ်ယောက်က မိခင်ရှေ့မှာပဲ သမီးလေးကို အရင်မုဒိမ်းကျင့်မယ်လို့ ပြောပြီး အနိုင်ကျင့်ဖို့ ကြိုးစားနေကြတုန်းမှာပဲ သမီးလေး ဓားပြဗိုလ်ရဲ့ ခါးမှာ စိုက်ထားတဲ့ ဓားမြှောင်ကို ဆတ်ခနဲ ဆွဲနုတ်ပြီး နှစ်ယောက်လုံးကို ဆောင့်ထိုးချလိုက်တာပါ။ ဟိုမှာ သားလေးရဲ့ သူငယ်ချင်းကို ကြည့်လိုက်ပါဦး"

ဟု ပြောပြီး အိမ်တွင်းထဲကို လက်ညှိုးထိုးပြ၏။

"ဟင်..."

မောင်အေးချမ်း အံ့သြတုန်လှုပ်သွားရလေ၏။ ခင်သန်းကြည်သည် ရေနံဆီ မီးရောင်မှိန်မှိန်လေးအောက်တွင် တစ်ပေနီးပါးခန့်ရှိသော ဓားမြှောင်ကြီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားပြီး မျက်နှာကြီး မာင်းမာလျက် တွေတွေကြီး ရပ်တောင့်နေသည်ကို တွေ့လိုက်ရသည်။ ကိုယ်မှာလည်း သွေးများဖြင့် ပေကျံနေသည်။ ကိုယ်ဝတ် ထဘီသည် ရှေ့နားမှာ ပုံနေပြီး ခါးတွင် အတွင်းခံ ဂါဝန်ကလေးမျှသာ ရှိသည်။ အပေါ်အင်္ကျီလည်း အစိတ်စိတ်အမွှာမွှာ ဖြစ်နေပြီး အတွင်းခံသည်ပင် ကြိုးတစ်ဖက်ပြတ်ကာ ဆံပင်များ ဖရိုဖရဲ ဖြစ်နေသည်ကို စိတ်မကောင်းစွာဖြင့် တွေ့ရသည်။

"သားလေး... မင်းသူငယ်ချင်းကို နှုတ်ဆက်လိုက်ပါဦးကွယ်။ ငါ့သမီးလေး စိတ်မှ မှန်ပါတော့မလား"

ဟု ခင်သန်းကြည်၏ အမေက ငိုသံပါကြီးနှင့် ပြောသည်။

မောင်အေးချမ်းလည်း ခင်သန်းကြည်၏ အနားသို့ မကပ်ရဲဘဲ ဖြစ်နေမိသည်။ ခင်သန်းကြည်သည် နဂိုစိတ် နဂိုရုပ်မှုမဟုတ်တော့၊ ဖြူဖြူဖွေးဖွေး နုနုသွယ်သွယ် ယဉ်ကျေးသိမ်မွေ့သော ရုပ်လက္ခဏာမျိုး လုံးဝ မရှိတော့

www.burmeseclassic.com

ဓားပြဗိုလ်နှစ်ယောက်ကို တစ်ပြိုင်တည်းဓားနှင့် ထိုးသတ်ထားသော ရုပ်ကြမ်းစိတ်ကြမ်း သွေးရူးသွေးတန်းဖြစ်နေချိန်သာ ဖြစ်သည်။ ဤသည်ကို လျှော့တွက်ရန် မသင့်ပေ။

"သားလေး… မင်းသူငယ်ချင်းကို သွားပြီး နှုတ်ဆက်လိုက်လေ။ ငါ့သမီးလေးက မင်းကိုတော့ ရန်မရှာလောက်ပါဘူး။ တကယ်လို့ ရန်ရှာမယ်ဆိုရင်လည်း သားလေးက သိုင်း၊ လက်ဝှေ့တွေ တတ်တာပဲ၊ ခံ ကာကွယ်နိုင်မှာပါ။ အခုလိုအဖြစ်မျိုးနဲ့ ကြုံတွေ့ခံစားနေရချိန်မှာ သားလေးမှ လွဲလို့ အခြားလူတစ်ဦးတစ်ယောက် သမီးလေးနားကို ကပ်ရဲသူ၊ ပြောဆိုဖျောင်းဖျနိုင်သူလည်း ရှိမယ်မထင်ပါဘူး။ ငါ့သမီးလေးက သားလေးကိုလည်း သံယောဇဉ်ရှိနေတာပဲ။ ဒါကြောင့် ရန်မရှာလောက်ပါဘူးကွယ်။ သွားလေး အနားကပ်သွားပြီး နှုတ်ဆက်လိုက်ပါ"

မောင်အေးချမ်း သတိထားပြီး အိမ်တွင်းသဲသို့ ဝင်လိုက်၏။ ထို့နောက် စကားဆိုကြည့်လိုက်သည်။

"ခင်သန်းကြည်…ငါလေ၊ ငါ အေးချမ်းပါ။ ငါ့ကို သိတယ်မဟုတ်လား"

ခင်သန်းကြည်သည် ခဏကြာမျှ တွေတွေကြီး ရပ်ကြည့်နေရင်းက ဆတ်ခနဲ ခေါင်းညိတ်ပြ၏။

"ဒါဆိုရင် လက်ထဲက ဓားမြှောင်ကြီးကို ပစ်ချလိုက်လေ၊ ဘာမှမစိုးရိမ်နဲ့။ ငါရှိတယ်။ ဓားမြှောင်ကြီးကို ပစ်ချလိုက်ပါ"

မောင်အေးချမ်း၏ စကားအဆုံးမှာပင် ခင်သန်းကြည်က ဓားမြှောင်ကြီးကို ပစ်ချလိုက်လေ၏။ မောင်အေးချမ်းက ဓားမြှောင်ကြီးကို ခြေထောက်နှင့် အပြင်သို့ ခတ်ထုတ်မစ်လိုက်၏။ ထို့နောက် စောင်ဖြင့် ခင်သန်းကြည်ကို ပတ်ပေးလိုက်သည်။ ဤတွင် ခင်သန်းကြည်က မောင်အေးချမ်းအား ဖက်ငိုလေသည်။

"ဟင်…ခင်သန်းကြည်၊ ဘာလို့ ငိုတာလဲ၊ မငိုနဲ့လေ"

"ငါ လူသတ်ကောင်မ ဖြစ်သွားပြီ။ ငါ့ကို ဖမ်းပြီး ကြိုးစင်ပို့ကြတော့မှာ"

ဟု ပြောပြီး ရှိုက်၍ ရှိုက်၍ ငိုလေသည်။

"ဘာလို့ ပို့မှာလဲ။ မပို့ရပါဘူး။ ငါ တာဝန်ယူတယ်၊ ခင်သန်းကြည် ဘာမှမဖြစ်အောင် ငါလုပ်တတ်ပါတယ်"

ဟု ပြောပြီး မောင်အေးချမ်းက ခင်သန်းကြည်၏ မျက်ရည်များကို သုတ်ပေးလိုက်သည်။

"ဒီခေတ်မှာ ဒါမျိုးတွေ မဆန်းပါဘူး။ လုပ်တတ်ရင် လွယ်ပါတယ်။ ဒါကြောင့် ခင်သန်းကြည် ဘာမှမစိုးရိမ်နဲ့နော်"

ခင်သန်းကြည်က ဆတ်ခနဲ ခေါင်းညိတ်၏။

ထိုအခိုက်မှာပင် ခင်သန်းကြည်၏ အဖေနှင့် ဆွေမျိုးများ အိမ်ထဲသို့ ပြေးဝင်လာကြသည်။ ခင်သန်းကြည်၏ အမေက သူ့ယောက်ျား၏ လက်မောင်းကို ဖမ်းဆွဲထားလိုက်၏။ ထို့နောက် စကားသုံးလေးခွန်းမျှ တိုးတိုးပြောပြီး တစ်ယောက်မကျန် အပြင်သို့ ထွက်စေကာ…

"သားလေး…စကားပြောနှင့်ကြဦးနော်"

ဟု ပြောထားခဲ့ပြီး သူလည်း အပြင်သို့ ပြန်ထွက်သွားလေသည်။

အင်မတန် ပါးနပ်လိမ္မာသော မိခင်ကောင်းတစ်ယောက်ဟူ၍ပင် ဆိုရပေတော့မည်။ ယခုအချိန်၌ ခင်သန်းကြည်၏ စိတ်ကို ပြန်လည် ကြည်လင်လာအောင် ပြောဆိုနိုင်စွမ်းမည့်သူမှာ မောင်အေးချမ်းမှတစ်ပါး အခြားသူ တစ်ဦးတစ်ယောက်မျှ မရှိနိုင်ဟု ခင်သန်းကြည်၏ မိခင်မှ အပြည့်အဝ နားလည်နေလေသည်။

မောင်အေးချမ်းလည်း ထိုနည်းတူပင် သဘောပေါက်သည်။ အသက် ၁၆နှစ်အရွယ် နုနယ်သော မိန်းကလေး တစ်ယောက်သည် ဘဝနှင့် အသက်ကို လုရင်း လူကြမ်း လက်နက်ကိုင် ဓားပြ ဗိုလ်နှစ်ယောက်တို့အား ဓားမြှောင်ဖြင့် တစ်ပြိုင်တည်း ထိုးသတ်လိုက်သည့် အဖြစ်သည်ကား ထင်သလောက် မလွယ်ပေ။ သည်အဖြစ်မျိုးနှင့် ကြုံလျှင် လူကျယ်၊ လူမိုက်ကြီးများသည်ပင် ဦးနှောက်ခြောက်ခြားမဆောင်နိုင် ဖြစ်သွားတတ်ကြ လျှင်၊ ဤမိန်းမပျိုလေးအဖို့ အဘယ် သို့ ဖြစ်သွားနိုင်သည်ကို နားလည် သည်သာဖြစ်၏။

ထို့ကြောင့် မောင်အေးချမ်း လည်း ကြိုးစားပြီး ခင်သန်းကြည်အား ပြောဆိုဖျောင်းဖျ၏။ ဤလူသတ်မှုကြီး ကို ဖုံးကွယ်ဖျောက်ဖျက်၍ မရနိုင်လျှင် နှစ်ကိုယ်တူ ဘဝစွန့်ပြီး ဇာတိနှင့် ဝေး ရာ အေသတစ်ခုသို့ ရှောင်ထွက်သွားကြ မည်ဟူ၍ပြောဆိုရလေ၏။ ထို့နောက် အခြား ခင်သန်းကြည် နားလည်နိုင်မည့် စကားများ၊ သောကနှင့် နေဝင်တတစ်မိ မဖြစ်ရမည့် အကြောင်းအရာများကို ညသန်းခေါင်ကျော်သည်အထိ ပြောဆို ထားခဲ့ပြီးမှ မောင်အေးချမ်း ပြန်လာခဲ့ လေသည်။

ရွာသားများကလည်း ထိုအချိန်၌ တိုက်ရာပါ ရွှေငွေများကို ခင်သန်းကြည် ဓားနှင့် ထိုးသတ်လိုက်သည့် ဓားပြ ခေါင်းဆောင်နှစ်ယောက်၏ အိတ် ထဲမှ ရှာဖွေယူခြင်း၊ ဓားပြဗိုလ်၏



www.burmeseclassic.com

www.burmeseclassic.com

ကောင်းနှစ်လောင်းကိုလည်း ညတွင်း ည်ပင် ကျောက်ထုပ်ဆွဲပြီး မြစ်ထဲသို့ ခြင်းကိစ္စများကို မနားတမ်းလုပ်နေ ကြသည်။ (ခင်သန်းကြည် ထိုးသတ် က်သော ဓားပြနှစ်ယောက်တို့၏ အထဲရာများမှာ အသည်းနေရာကို စ်ယောက်၊ ဆီးခုံကို တစ်ယောက် ဖြစ်၏။ ထို့ကြောင့် ချက်ကောင်းထိ၍ င် အသက်ထွက် မြန်သွားခြင်း ဖြစ် ၏)

◈◈◈

မိုးလင်းသည်နှင့် ဘုန်းကြီး ကျောင်းမှာ လူစုပြီး ဘာဆက်လုပ်ရ ည်ကို တိုင်ပင်ကြပြန်သည်။ ထွက်လာ သည့် အဖြေသည်ကား ဦးစွာ ရွာကို ပြတိုက်သည့်အကြောင်း ရဲကို သွား င်ရမည်ဖြစ်ပြီး ခင်သန်းကြည်ကို ည်း ရွာမှာ မထားတော့ဘဲ သင့်တော် တစ်နေရာသို့ ပို့ထားရမည်ဟူ၍ င် ဖြစ်လေသည်။

ရဲကို သွားတိုင်သော်လည်း က်ချင်းလိုက်လာလေ့ မရှိပေ။ ရွာကို ပြောက်ကျားဝင်လျှင် ဖြစ်စေ၊ ဓားပြဝင် လျှင် ဖြစ်စေ၊ သွားတိုင်ပြီး ငါးရက်၊ စ်ပတ် စသည်ဖြင့် ကြာပြီးသာ ရောက်လာတတ်လေသည်။ လူကြီးများ ပြောကြသည်က ရဲများ အင်အား ကောင်း၍ ပြောက်ကျား၊ ဓားပြ သည်များနှင့် ရင်မဆိုင်ရဲ၍သာ ထိုကဲ့ သို့ အချိန်ဆွဲနေပြီးမှ လာကြခြင်းဖြစ် သည်ဟု ဆိုသည်။

ရဲများက ချက်ချင်းရောက်မလာ ကြ၍လည်း ရွာသားများအဖို့ ကြိုတင် ပြင်ဆင်ချိန်ရကြသည်။ ဓားပြများ၏ အလောင်းကို ဖျောက်ဖျက်ခြင်း၊ ဖြစ် စဉ်၏ လက်ရာခြေရာများကို ဖျောက် ဖျက်ခြင်း၊ ခင်သန်းကြည်ကိုလည်း စိတ်ငြိမ်အောင် ပြောဆိုချော့မော့ပြီး တစ်နေရာသို့ ပို့ထားလိုက်ခြင်းများကို ရဲများ မလာမီ ပြုလုပ်လိုက်ကြသည်။ (ထိုကဲ့သို့ လုပ်လိုက်နိုင်ကြ၍လည်း ခင်သန်းကြည်၏ မှုခင်းဖြစ်စဉ်ကြီးသည် ယနေ့အချိန်ထိ ပ,ပျောက်သွားခြင်းဖြစ် ၏။)

ခင်သန်းကြည်ကို အခြားတစ်ရွာ သို့ ပို့ပေးရမည့်ကိစ္စသည်ကား မိတ်များ အပြင် ရွာသားများနှင့်ပါ ပတ်သက်နေ ၏။ ခင်သန်းကြည်၏ လူသတ်မှုသည် ဓားပြများကို သတ်ဖြတ်မှုသာဖြစ်၏။ ဓားပြဟူသည်မှာ တစ်အိမ်တည်းကို သော် လည်းကောင်း၊ သုံးလေးအိမ်ကို သော် လည်းကောင်း၊ တစ်ရွာလုံးကို သော် လည်းကောင်း ဒုက္ခပေးတတ်၏။ ထို့ကြောင့် ဓားပြမှန်လျှင် တစ်ရွာလုံး နှင့် ပတ်သက်နေသည်သာ ဖြစ်၏။ ထို သို့ သဘောရှိ၍ မိတ်ချွမ်းသာသည့် တိုင်အောင် ရွာကလည်း ခင်သန်းကြည် အတွက် ကောက်ပေးကြရဦးမည်ဖြစ် ၏။

သည်အတွက်လည်း အရေးပေါ် ဖြစ်နေ၍ ဘုံကျီ၊ ဘဏ်ကျီ ငွေကြေး များထဲမှ ထုတ်ပေးလိုက်လျှင် အဆင် ပြေလောက်၏။ ဘုံကျီ ဘဏ်ကျီဟူ သည်မှာ ရှေးအခါက ဘိုးဘွားတို့သည် သူတို့ပိုင်ဆိုင်ကြသော လယ်ယာများ ထဲမှ ကျောင်းအတွက်၊ ရွာအတွက်ဟု လယ်ယာများကို လှူဒါန်းထားခဲ့ကြ၏။ ယခုခေတ်တွင်လည်း ထိုကဲ့သို့ လယ် ယာအလှူများ ရှိနေဆဲဖြစ်၏။

ကော်မတီဖွဲ့ပြီး ထိုလယ်များကို အငှားချခြင်း၊ အနီးကောက်ခြင်း၊ ကြိတ် ခွဲ ချေးငှား၊ ရောင်းချခြင်း ပြုလုပ်ကြရ ၏။ ရွာသားများကလည်း လယ်ကော အလိုက် (နှစ်စဉ်/ သင့်သလို) ဘုံကျီ ဘဏ်ကျီထဲသို့ ထည့်ဝင် လှူဒါန်းကြ ရသေး၏။

ဝမ်းစာဆန် မလုံလောက်သော အိမ်ထောင်စုများက သတ်မှတ်ရက်လ အတွင်း ဘုံကျီ ဘဏ်ကျီထဲမှ အတိုး နှုန်းချိုသာစွာဖြင့် ချေးယူနိုင်၏။ ထိုနည်း လည်းကောင်း၊ ကာလပေါက်စျေး အောက် စျေးနှုန်းချိုသာစွာဖြင့်လည်း ဝယ်ယူနိုင်သည်။

တစ်ဆင့်ရောင်းချလိုသူ ဆန် ကုန်သည်များကမူ ဝမ်းစာဆန် မဖူလုံ ကြသော ရွာသားများမှ အတိုး၊ အဖိုး နှုန်း ချိုသာစွာဖြင့် ချေး/ ဝယ်ပြီးမှ ကာလပေါက်စျေးဖြင့် ချေး/ ဝယ်ခွင့်ကို ရရှိကြ၏။

ရွာ သာရေးနာရေးအတွက် အရေးတကြီး လိုအပ်လာလျှင် ဘုံကျီ ဘဏ်ကျီထဲမှပင် ထုတ်သုံးရ၏။ ဘုံကျီ ဘဏ်ကျီ၏ အရေးပါခြင်းသည်ကား ကျယ်ပြန့်၏။ အလွန်မှ ကောင်းသော အလေ့အထဟု ဆိုနိုင်၏။ ရွာတိုင်းမှာ ပင် ဘုံကျီ ဘဏ်ကျီထားရှိသင့်၏။

ယခု ခင်သန်းကြည်အတွက် လည်း ဘုံကျီ ဘဏ်ကျီထဲမှ ငွေ ၈၀၀ ထုတ်ပေးရန် ဆုံးဖြတ်ကြ၏။ သုံးရက် အတွင်း ခင်သန်းကြည်ကိုလည်း ရွာမှ ထွက်သွားနိုင်ရန် စီစဉ်ကြ၏။

မောင်အေးချမ်းမှာလည်း ထိုသုံး ရက်အတွင်း၌ ခင်သန်းကြည်ထံသို့ သွားပြီး အားပေးစကားများ ပြောနေရ ၏။ နှစ်သိမ့်ပေးရ၏။ ရှေ့ရေး ကောင်းရန် အတွက် ဘဝတက်လမ်းများကိုလည်း ပြောပြရ၏။ လူငယ်ရေးရာထက် ဘဝ ၏ ရှေ့ရေးသည်သာ အဓိကကျသည့် အကြောင်းကိုလည်း ခင်သန်းကြည် လက်ခံ နားလည်အောင် ပြောပြရ၏။ သုံးရက်မြောက်သောနေ့တွင် မောင်အေး ချမ်းကိုယ်တိုင် လေ့ဆိပ်သို့ ပေးလိုက်၏။

သူ့မိတ်ဆွေများက ခင်သန်းကြည်



www.burmeseclassic.com

www.burmeseclassic.com

ကို တောင်ကုတ်မြို့နယ်၊ ရွာမ ရွာကြီးသို့ ပို့ထားလိုက်ကြ၏။ ထိုအချိန်က ခင်သန်းကြည်သည် ကိုးတန်းကျောင်းသူဖြစ်၏။ ရွာမရွာကြီးမှ ကိုးတန်းအောင်ပြီးနောက် ကျောက်ဖြူမြို့ကို ပြောင်းနေပြီး ကျောက်ဖြူမှ ဆယ်တန်းအောင်လျှင် မိဘများက ရန်ကုန်သို့ ပို့ပေးလိုက်ကြ၏။ ရန်ကုန်တက္ကသိုလ်မှ ဘီအေအောင်ကြောင်းလည်း ကြားသိရ၏။

မောင်အေးချမ်းနှင့်မူကား လေဆိပ်မှာ နောက်ဆုံးတွေ့လိုက်ကြရသည့်နောက်ပိုင်းတွင် တစ်ကြိမ်တစ်ခါမျှ ပြန်မဆုံကြတော့ပေ။ တစ်စုံတစ်ခုသော အဆက်အသွယ်လည်း မရကြတော့။ သို့သော်လည်း ခင်သန်းကြည်၏ ကောင်းသတင်းများကိုမူ တစ်ခုပြီး တစ်ခု၊ တစ်နှစ်ပြီး တစ်နှစ် ကြားနေရမြဲဖြစ်၏။

ခင်သန်းကြည် ကိုးတန်းအောင်ပြီးနောက် ကျောက်ဖြူသို့ ပြောင်းသွားပြီ၊ ကျောက်ဖြူမှ ဆယ်တန်းအောင်၍ ရန်ကုန်သို့ ပြောင်းသွားပြီ၊ တက္ကသိုလ်ကျောင်းတော်ကြီးမှာ အဆင့်မြင့် ပညာရပ်များကို သင်ယူနေပြီ၊ ဘီအေဘွဲ့ရပြီ . . . စသည်ဖြင့်။

ထို့ကြောင့် ယခုတစ်ဖန် ခင်သန်းကြည်နှင့် ပြန်ဆုံပြီးနောက် သူ၏မိသားစုနှင့်ပါ တွေ့ရရန် အကြောင်းရှိလာသဖြင့် မောင်အေးချမ်းမှာ ဝမ်းမြောက်ဝမ်းသာဖြစ်ရလေ၏။ သူတို့မိသားစုများကိုလည်း တွေ့ချင် မြင်ချင်နေ၏။ (မပြောသင့်သော စကားများကို ဖယ်၍) ရှေးဟောင်း နှောင်းဖြစ်အကြောင်းများကိုလည်း ပြောချင်[…]၏။

ထို့ကြောင့် မောင်အေးချမ်း[…] ခင်သန်းကြည် ပြောထားသော သူ[…] ဘွဲ့ယူမည့် နေ့ရက်ကို ရောက်[…] ကကာတစ်စီးငှားကား ဦးကျော်[…] အေးမြရိပ်သာခြံကြီးဆီသို့ ဦးတည်[…] ထွက်လာခဲ့လေသတည်း ■

* * *

မင်းဟိန်း[…]


ချစ်သူရည်းစား စုံတွဲများအတွက်

သီးသန့် အထူးဟော

▶ ချစ်သူဘဝမှာ ရေရှည်ခိုင်မြဲနိုင်ကြသလား ▶ ကိုယ့်ချစ်သူနဲ့သာ လက်ထပ်ပေါင်းရမယ့် ကံမျိုးရှိကြသ[…] ▶ စေ့စပ်လက်ထပ်ကိစ္စ ဘယ်တော့လောက်ဖြစ်နိုင်သလဲ ▶ နှစ်ဖက်မိဘသဘောတူ ကြည်ဖြူနိုင်ပါ့မလား ▶ ခိုး[…] ခိုးရာလိုက်၊ နှစ်ဦးသဘောတူ ရုံးတက်လက်မှတ်ထိုးဖြစ်တတ်တဲ့ ကံကြမ္မာမျိုးရှိကြသလား ▶ ကြီးကျယ်ခန်းနား[…] မင်္ဂလာပွဲကျင်းပရမည့် ကံမျိုးရှိလား ▶ အိမ်ထောင်ပြုဖြစ်ရင် သာယာပျော်ရွှင် ခိုင်မြဲနိုင်သလား ▶ ကြီးပွားတိုးတ[…] ချမ်းသာနိုင်သလား . . . . စသည်ဖြင့် သိသင့်တာတွေ သိရဖို့။

ဆရာကြီးဦးအောင်မြိုင်(ဥပဒေဘွဲ့)

(လက္ခဏာဗေဒင်ပညာသုတေသီ)

အမှတ်(၈၄၃)၊ ဦးဝိစာရလမ်း၊ (၃၄)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။

☎ - ၀၁-၅၈၆၇၀၄၊

- ၀၉ ၃၀၁ ၇၈၀၇၅၊ ၀၉ ၇၃၀ ၀၅၉၂၄၊ ၀၉ ၅၀ ၆၂၈၄၃၊ ၀၉ ၅၁၇၇၆၂၂




www.burmeseclassic.com

www.burmeseclassic.com

၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလအတွက်

# လိုအင်ဆန္ဒပြည့်ဝ အောင်မြင်စေမည့်

# (ကာ၊ ကု၊ ဖွင့်) နဝင်းယတြာအစီအရင်များ

ဆရာ မြတ်ထွင့်ခေါင် (မြန်မာ့ရိုးရာဗေဒင်ပညာရှင်)

## တနင်္ဂနွေသားသမီးများအတွက်

**ချစ်သူနှင့် အဆင်ပြေစေရန်** - ဗုဒ္ဓဟူးနေ့ နံနက် ၉နာရီမှ ၁၀နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် သီဟိုဠ်(၉)ညွန့်ကို သွားရောက်လှူဒါန်း၍ ဒိဝါတပတိဂုဏ်တော်ကို (၉)ခေါက် ရွတ်ဆို၍ မိမိလိုရာဆုကို တောင်းပါ။

**အိမ်ထောင်ရေးအဆင်ပြေစေရန်** - စနေနေ့ ညနေ ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ကံ့ကော် (၉)ညွန့်ကို သွားရောက်လှူဒါန်း၍ မိမိလိုရာဆုကို တောင်းပါ။

**ငွေကြေးအခက်အခဲအတွက်** - စနေနေ့ နံနက် ၉နာရီမှ ၁၁နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ပျဉ်းမ (၉)ညွန့်၊ ထီးနီ (၉)လက်ကို သွားရောက်လှူဒါန်း၍ မိမိလိုရာဆု တောင်းပါ။

**အလုပ်အကိုင်အခက်အခဲအတွက်** - အင်္ဂါနေ့နံနက် ၁၀နာရီခွဲမှ ၁၂နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ပဲပေါင်မုန့် (၅)ခု၊ ကြက်လျှာ (၅)လက်နှင့် ရေသက်စေ့တို့ကို သွားရောက်လှူဒါန်းပြီး လိုရာဆုကို တောင်းပါ။

**ကျန်းမာရေးအတွက်** - ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ကိတ်မုန့်တစ်ခု၊ ကြိုပ်တံခွန် (၉)လက်တို့ကို သွားရောက်လှူဒါန်း၍ မိမိလိုရာဆုတောင်းပါ။

**နိုင်ငံခြားခရီးအတွက်** - မွေးနေ့တွင် ရဟန်းတစ်ပါးကို ဆပ်ပြာ (၅)တုံးလှူပါ။

**စီးပွားရေးလုပ်ငန်းများအတွက်** - တနင်္ဂနွေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် သရက်သီး (၅)လုံးလှူဒါန်း၍ ဂုဏ်တော်ကိုးပါးကို (၉)ခေါက်ရွတ်ဆိုပါ။

**အိမ်/ ကားရောင်းလိုလျှင်** - ဗုဒ္ဓဟူးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း ပျဉ်းမ (၁၉)ညွန့်ကို ဖလားတစ်ခုအတွင်း ထည့်၍ မိမိရောင်းလိုသော ကုန်ပစ္စည်းများသို့ ပက်ဖျန်းပါ။

**ထီကံကြမ္မာ** - (၅)ထိပ်စီး၊ (၅)နောက်ပိတ်နှင့် (မ)အက္ခရာပါသောထီကို ရွေးထိုးပါ။



www.burmeseclassic.com

www.burmeseclassic.com

## တနင်္လာသားသမီးများအတွက်

ချစ်သူနှင့် အဆင်ပြေစေရန် - တနင်္လာနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထော င့်တွင် သရက်သီး(၂)လုံးနှင့် ဆူးတံခွန်(၁)လုံးတို့ကို သွားရောက်လှူဒါန်း၍ မိမိလိုရာဆုတောင်းပါ

အိမ်ထောင်ရေးအဆင်ပြေစေရန် - ဗုဒ္ဓဟူးနေ့ နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း ရဟန်းတစ်ပါးအား နန်းကြီးသုပ်လှူဒါန်းပါ

ငွေကြေးအခက်အခဲအတွက် - ကြာသပတေးနေ့ ညနေ ၄နာရီခွဲမှ ၆နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထော တွင် နှင်းဆီ (၉)ပွင့်နှင့် ငြိုပ်တံခွန် (၉)လက်တို့ကို သွားရောက်လှူဒါန်းပါ။

အလုပ်အကိုင်အခက်အခဲအတွက် - တနင်္ဂနွေနေ့ ညနေ ၄နာရီခွဲမှ ၆နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွ ဆီး (၈)ညွန့်နှင့် တံခွန်ကုက္ကားတစ်စုံပဲ့ကို သွားရောက်လှူဒါန်းပြီး မိမိလိုရာဆုတောင်းပါ

ကျန်းမာရေးအတွက် - တနင်္လာနေ့မနက် ၉နာရီခွဲမှ ၁၀ ရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွ သခြေ (၆)ညွန့်ကို သွားရောက်လှူဒါန်းပြီး မိမိလိုရာဆုတောင်းပါ။

နိုင်ငံခြားခရီးအတွက် - မွေးနေ့တွင် ရဟန်း စ်ပါးကို ဆန်(၉)လုံးလှူဒါန်းပါ။

စီးပွားရေးလုပ်ငန်းများအတွက် - ကြာသပတေးနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေး ထောင့်တွင် လက်ဖက် (၉)ကျပ်သား၊ တံခွန်လုံးအဝါ (၉)လုံးတို့ကို သွားရောက်လှူ ၍ မိမိလိုရာဆု တောင်းပါ။

အိမ်/ကားရောင်းလိုလျှင် - ဗုဒ္ဓဟူးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း ဇော်စိမ်း (၈)ညွန့်ကို ဖလားတစ်ခုအတွင် ထည့်၍ မိမိရောင်းလိုသော ကုန်ပစ္စည်းပေါ်သို့ ပက်ဖျန်းပါ။

ထီကံကြမ္မာ - (၂)ထိပ်စီး (၄)နောက်ပိတ်နှင့် (တ)အက္ခရာပါသောထီကို ရွေးထိုးပါ။

## အင်္ဂါသားသမီးများအတွက်

ချစ်သူနှင့် အဆင်ပြေစေရန် - အင်္ဂါနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွ နှမ်းဆီ (၉)ကျပ်သား၊ နှုးရင်းယို (၉)ကျပ်သားတို့ကို သွားရောက်လှူဒါန်းပြီး လိုရာ တောင်းပါ။

အိမ်ထောင်ရေးအဆင်ပြေစေရန် - သောကြာနေ့နံနက် ၄နာရီခွဲမှ ၆နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွ ရေသက်စေ့နှင့် ဆီမီး (၉)တိုင်ကို သွားရောက်လှူဒါန်း၍ လိုရာဆုကို တောင်းပါ

ငွေကြေးအခက်အခဲအတွက် - တနင်္လာနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွ အုန်းယို(၉)ခုနှင့် ရေသန့်ဘူးတစ်ဘူးကို သွားရောက်လှူဒါန်းပြီး လိုရာဆုတောင်းပါ

အလုပ်အကိုင်အခက်အခဲအတွက်- ကြာသပတေးနေ့နံနက် ၁၀နာရီခွဲမှ ၁၂နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေး ထောင့်တွင် သရက် (၁၀)ညွန့်၊ ဆီမီး (၉)တိုင်နှင့် ရေသက်စေ့တို့ကို သွားရောက်လှူ ၍ မိမိလိုရာဆုတောင်းပါ။

ကျန်းမာရေးအတွက် - တနင်္လာနေ့ညနေ ၄နာရီခွဲမှ ၆နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွ ခရေ (၆)ညွန့်နှင့် ရေသက်စေ့ကို လှူဒါန်းပြီး ဂုဏ်တော်ကိုးပါးဖြင့် ပုတီး(၉)ပတ်စိပ်

နိုင်ငံခြားခရီးအတွက် - သောကြာနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ သောကြာထော တွင် သရက်သားနှင့် ပြုလုပ်ထားသော ပုတီးတစ်ကုံး လှူဒါန်း၍ မိမိလိုရာဆု တောင်း

စီးပွားရေးလုပ်ငန်းများအတွက် - တနင်္လာနေ့နံနက် ၆နာရီမှ ၇နာရီအတွင်း မိမိအိမ်ရှေ့တွင် ဖြတ်လာသော အလှူခံပုဂ္ဂိုလ် တစ်ဦးကို အလှူငွေ (၉၀၀)ကျပ်လှူဒါန်းပါ။

အိမ်/ကားရောင်းလိုလျှင် - ကြာသပတေးနေ့ နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း နေအိမ်ရှိ ဘုရားတွင် နှင်းဆီပန်း(၉)ပွင့်ကို လှူဒါန်းပါ။

ထီကံကြမ္မာ - (၇)ထိပ်စီး (၇)နောက်ပိတ်နှင့် (တ)အက္ခရာပါသောထီကို ရွေးထိုးပါ။



www.burmeseclassic.com

www.burmeseclassic.com

## ဗုဒ္ဓဟူးသားသမီးများအတွက်

ချစ်သူနှင့် အဆင်ပြေစေရန် - ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ဒန်း (၉)ညွန့်ကို သွားရောက်လှူဒါန်း၍ ဒိဝါတပတိဂုဏ်တော်ကို (၉)ခေါက်ရွတ်ဆိုပါ။

အိမ်ထောင်ရေးအဆင်ပြေစေရန် - စနေနေ့ညနေ ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ရေသက်စေ့လှူဒါန်းပြီး ဂုဏ်တော်ကိုးပါးဖြင့် ပုတီး(၉)ပတ်စိပ်ပါ။

ငွေကြေးအခက်အခဲအတွက် - စနေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ကံ့ကော် (၁၅)ညွန့်လှူဒါန်းပြီး အရဟံဂုဏ်တော်ဖြင့် ပုတီး (၁၈)ပတ်စိပ်ပါ။

အလုပ်အကိုင်အခက်အခဲအတွက် - အင်္ဂါနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္လာထောင့်တွင် ကိတ်မုန့် (၉)ခု လှူဒါန်းပြီး ဒိဝါတပတိဂုဏ်တော်ကို (၉)ခေါက်ရွတ်ဆိုပါ။

ကျန်းမာရေးအတွက် - ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ စနေထောင့်တွင် မေမြို့ပန်း (၉)ညွန့်၊ ထိုးနှံ (၉)လက်၊ အမွှေးတိုင် (၉)တိုင်တို့ကို သွားရောက်လှူဒါန်း၍ လိုရာဆုတောင်းပါ။

နိုင်ငံခြားခရီးအတွက် - သောကြာနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ဗိုတောက် (၂၉)ညွန့်နှင့် တံခွန်ကုက္ကား (၃)စုံတို့ကို သွားရောက်လှူဒါန်း၍ လိုရာဆုတောင်းပါ။

စီးပွားရေးလုပ်ငန်းများအတွက် - စနေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် ပဲပေါင်းမုန့် (၅)လုံးလှူဒါန်း၍ ဂုဏ်တော်ကိုးပါးကို (၉)ခေါက်ရွတ်ဆိုပါ။

အိမ်/ကား ရောင်းလိုလျှင် - ဗုဒ္ဓဟူးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း သီဟိုဠ် (၆)ညွန့်ကို ဖလားတစ်ခုအတွင်းထည့်၍ မိမိရောင်းလိုသော ကုန်ပစ္စည်းပေါ်သို့ ပက်ဖျန်းပါ။

အိတ်ကြိုးမှာ - (၃)ထိပ်စီး (၄)နောက်ပိတ်နှင့် (နံ)အက္ခရာပါသောထီကို ရွေးထိုးပါ။

## ကြာသပတေးသားသမီးများအတွက်

ချစ်သူနှင့် အဆင်ပြေစေရန် - ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ကံ့ကော် (၁၅)ညွန့်ကို သွားရောက်လှူဒါန်းပြီး ဒိဝါတပတိဂုဏ်တော်ကို (၉)ခေါက်ရွတ်ဖတ်ပူဇော်ပါ။

အိမ်ထောင်ရေးအဆင်ပြေစေရန် - စနေနေ့ ညနေ ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ စနေထောင့်တွင် သီဟိုဠ် (၆)ညွန့်ကို သွားရောက်လှူဒါန်း၍ ဂုဏ်တော်ကိုးပါးဖြင့် ပုတီး (၉)ပတ်စိပ်ပါ။

ငွေကြေးအခက်အခဲအတွက် - ကြာသပတေးနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ဇော်စိမ်း (၈)ညွန့်ကို သွားရောက်လှူဒါန်းပြီး မိမိလိုရာဆုတောင်းပါ။

အလုပ်အကိုင်အခက်အခဲအတွက် - တနင်္ဂနွေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် ဆီးယိုနှင့် ကိတ်မုန့်ဆွမ်းလှူဒါန်းပြီး မိမိလိုရာဆုတောင်းပါ။

ကျန်းမာရေးအတွက် - ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ စနေထောင့်တွင် လောက်သေ (၉)ညွန့်၊ အမွှေးတိုင် (၉)တိုင်တို့ကို လှူဒါန်း၍ မိမိလိုရာဆုတောင်းပါ။

နိုင်ငံခြားခရီးအတွက် - တနင်္ဂနွေနေ့ ညနေ ၄နာရီခွဲမှ ၇နာရီခွဲအတွင်း အင်ကြင်း (၂၁)ညွန့်ကို တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် သွားရောက်လှူဒါန်းပြီး မိမိလိုရာဆုတောင်းပါ။

စီးပွားရေးလုပ်ငန်းများအတွက် - တနင်္ဂနွေနေ့ နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် ပဲပေါင်းမုန့် (၉)လုံးလှူဒါန်း၍ ဂုဏ်တော်ကိုးပါးကို (၉)ခေါက်ရွတ်ဆိုပါ။

အိမ်/ ကားရောင်းလိုလျှင် - ဗုဒ္ဓဟူးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း ဆီး (၈)ညွန့်ကို ဖလားတစ်ခုအတွင်းထည့်၍ မိမိရောင်းလိုသော ကုန်ပစ္စည်းများပေါ်သို့ ပက်ဖျန်းပါ။

အိတ်ကြိုးမှာ - (၅)ထိပ်စီး၊ (၅)နောက်ပိတ်နှင့် (ခ)အက္ခရာပါသောထီကို ရွေးထိုးပါ။



www.burmeseclassic.com

www.burmeseclassic.com

## သောကြာသားသမီးများအတွက်

ချစ်သူနှင့် အဆင်ပြေစေရန် - သောကြာနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေး ထောင့်တွင် ထန်း (၁၀)ညွှန့်လှူဒါန်းပြီး ဒိဝါတပတိဂုဏ်တော် (၉)ခေါက်ရွတ်ဖတ်ပူဇော်ပါ။

အိမ်ထောင်ရေးအဆင်ပြေစေရန် - တနင်္လာနေ့ ညနေ ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေး ထောင့်တွင် မီးသက်စေ့လှူဒါန်းပြီး ဂုဏ်တော်ကိုးပါးဖြင့် ပုတီး (၉)ပတ်စိပ်ပါ။

ငွေကြေးအခက်အခဲအတွက် - တနင်္ဂနွေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ဆီး(၈)ညွှန့် သွားရောက်လှူဒါန်းပြီး အရဟံဂုဏ်တော်ဖြင့် ပုတီး (၂၇)ပတ်စိပ်ပါ။

အလုပ်အကိုင်အခက်အခဲအတွက် - ကြာသပတေးနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ အင်္ဂါထောင့် တွင် ရေသန့်ဘူး (၄)ဘူး သွားရောက်လှူဒါန်းပြီး ဒိဝါတပတိဂုဏ်တော်ကို (၉)ခေါက်ရွတ်ဆိုပါ။

ကျန်းမာရေးအတွက် - တနင်္လာနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ စနေထောင့်တွင် ထန်းလျက် (၉)ကျပ်သား၊ နင်းဆီ (၉)ပွင့်၊ ထီးနီ (၉)လက်၊ အမွှေးတိုင် (၉)တိုင်တို့ကို သွားရောက်လှူဒါန်း၍ မိမိလိုရာဆုတောင်းပါ။

နိုင်ငံခြားခရီး - ကြာသပတေးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေး ထောင့်တွင် ဇီဇဝါ (၇)ညွှန့်နှင့် တံခွန်ကုက္ကား (၃)စုံကို လှူဒါန်း၍ မိမိလိုရာဆုတောင်းပါ။

စီးပွားရေးလုပ်ငန်းများအတွက် - တနင်္ဂနွေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့် တွင် ဆီ (၉)ကျပ်သားကို သွားရောက်လှူဒါန်းပြီး ဂုဏ်တော်ကိုးပါးကို (၉)ခေါက်ရွတ်ဆိုပါ။

အိမ် / ကား ရောင်းလိုသော် - တနင်္ဂနွေနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း ရှက်လှ(၄)ညွှန့်ကို တရော်ကင်ပွန်းနှင့် ဖလား တစ်ခုအတွင်းထည့်၍ မိမိရောင်းလိုသော ကုန်ပစ္စည်းပေါ်သို့ ပက်ဖျန်းပါ။

ထီကံကြမ္မာ - (၆)ထိပ်စီး၊ (၆)နောက်ပိတ်နှင့် (အ)အက္ခရာပါသောထီကို ရွေးထိုးပါ။

## စနေသားသမီးများအတွက်

ချစ်သူနှင့် အဆင်ပြေစေရန် - ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့် တွင် မေမြို့(၉)ညွှန့်ကို သွားရောက်လှူဒါန်းပြီး ဒိဝါတပတိဂုဏ်တော်ကို (၉)ခေါက်ရွတ် ဖတ်ပါ။

အိမ်ထောင်ရေးအဆင်ပြေစေရန် - စနေနေ့ ညနေ ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့် တွင် မီးသက်စေ့သွားရောက်လှူဒါန်းပြီး ဂုဏ်တော်ကိုးပါးဖြင့် ပုတီး(၉)ပတ်စိပ်ပါ။

ငွေကြေးအခက်အခဲအတွက် - စနေနေ့နံနက် ၉နာရီမှ ၁၁နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ကံ့ကော် (၁၅)ညွှန့်လှူဒါန်း၍ အရဟံဂုဏ်တော်ကို ပုတီး(၉)ပတ်စိပ်ပါ။

အလုပ်အကိုင်အခက်အခဲအတွက် - အင်္ဂါနေ့နံနက် ၁၀နာရီခွဲမှ ၁၂နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္လာထောင့်တွင် ပေါင်မုန့် (၉)ခုကို သွားရောက်လှူဒါန်းပြီး ဒိဝါတပတိဂုဏ်တော်ကို (၉)ခေါက်ရွတ်ဆိုပါ။

ကျန်းမာရေးအတွက် - ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ စနေထောင့်တွင် ပုလဲပန်း (၉)ညွှန့်၊ ထီးနီ (၉)လက်၊ အမွှေးတိုင် (၉)တိုင်တို့ကို သွားရောက်လှူဒါန်း၍ လိုရာဆုတောင်းပါ။

နိုင်ငံခြားခရီး - ကြာသပတေးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေး ထောင့်တွင် ပိတောက် (၂၉)ညွှန့်နှင့် တံခွန်ကုက္ကားတစ်စုံလှူဒါန်း၍ လိုရာဆုတောင်းပါ။

စီးပွားရေးလုပ်ငန်းများအတွက် - တနင်္ဂနွေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့် တွင် ပဲပေါင်မုန့် (၅)လုံးလှူဒါန်း၍ ဂုဏ်တော်ကိုးပါးကို (၉)ခေါက်ရွတ်ဆိုပါ။

အိမ်/ ကားရောင်းလိုလျှင် - ဗုဒ္ဓဟူးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း သီဟိုဠ် (၂၁)ညွှန့်ကို ဖလားတစ်ခုအတွင်းထည့် ၍ မိမိရောင်းလိုသော ကုန်ပစ္စည်းများပေါ်သို့ ပက်ဖျန်းပါ။

ထီကံကြမ္မာ - (၇)ထိပ်စီး၊ (၉)နောက်ပိတ်နှင့် (မ)အက္ခရာပါသောထီကို ရွေးထိုးပါ။

*****



www.burmeseclassic.com

www.burmeseclassic.com




ဝိသုတာရာမကျောင်းကြီးအတွင်းရှိ ရုပ်ပွားတော်
မြစ်ငြေမြို့။

www.burmeseclassic.com

www.burmeseclassic.com

# မြစ်ခြေမြို့မှ
# ဘုန်းတော်ကြီးသင် ပညာရေးအလယ်တန်းကျောင်း

ကျော်လင်း (မြစ်ခြေ)



ဇာတိမှာ ရှိသည့် ရွှေစောလူးဘုရားကြီး၏ အာရုံခံတန်ဆောင်းတော်ကြီးတွင် ကြွေပြားအလှခင်းခြင်း၊ မျက်နှာကြက်ကျောက်ပြားတပ်ဆင်ခြင်း၊ စောင်းတန်းတွင် ကြွေပြားခင်းခြင်း၊ မိမိတစ်ဦးတည်း၏ ကောင်းမှုသိမ်တွင် ကြွေပြားခင်းခြင်း စသည့်လုပ်ငန်းများကို ယခင် နှစ်ဦးပိုင်းမှ စ,လျက်ဆောင်ရွက်စေခဲ့ရာ လုပ်ငန်းအားလုံးပြီးစီးပြီဖြစ်သည့်အတွက် ရေစက်ချ အမျှအတန်းပေးဝေရန် (၁၉-၁၁-၂၀၁၃)နေ့က ဇာတိသို့ ပြန်ဖြစ်သည်။ စာရေးသူအနေဖြင့် မိမိဇာတိနှင့် ပတ်ဝန်းကျင်ရှိ ဘုရားပုထိုးတော်များ၏ အကြောင်းကို မဂ္ဂဇင်းအချို့တွင် ရေးသားဖော်ပြခဲ့ပြီးဖြစ်သည်။ ယခုတစ်ခေါက်သွားလျှင် မိမိတို့ ဇာတိမြို့တွင် ရှိသည့် တစ်ခုတည်းသော သီလရှင်စာသင်တိုက်အကြောင်းကို သွားရောက်လေ့လာပြီး ဆောင်းပါးတစ်ပုဒ်ရေးရန် အညာသို့ မသွားမီကတည်းက အစီအစဉ်ဆွဲထားခဲ့ပြီးဖြစ်သည်။

ထိုအစီအစဉ်အတိုင်း အဆိုပါ သီလရှင်စာသင်တို သို့ သွားရောက်ခဲ့ရာ အသက်အရွယ်ငယ်ရွယ်သော သီလ ကလေးများအား လောကီပညာတတ်မြောက်သင်ကြား စေရန်အတွက် ဘုန်းတော်ကြီးသင် ပညာရေးကျောင်း အတန်းပညာ ရှစ်တန်းအောင်မြင်သည်အထိ သင်ယူ ကြောင်းကို သိရှိရသည်။

သို့ဖြစ်၍ သီလရှင်ငယ်များ သွားရောက် ပညာသ ကြားရသည့် ဘုန်းတော်ကြီးသင် ပညာသင်ကျောင်း သွားရောက်ခဲ့ရပြန်ပါသည်။ ဘုန်းတော်ကြီးသင် အလယ်တ အဆင့် ပညာသင်ကျောင်းမှာ ပခုက္ကူမြို့နယ်အနေဖြ



www.burmeseclassic.com


www.burmeseclassic.com



ကျောင်းအမှတ် (၁၀)ဖြစ်သည်။ မြစ်ခြေမြို့ ထနောင်းကုန်းရပ်အရှေ့ဖျားရှိ ဆရာတော် ဦးရာဇိန္ဒ၏ ဝိသုတာရာမကျောင်းတွင် တည်ရှိသည်။ ဝိသုတာရာမကျောင်းကြီးကို လွန်ခဲ့သည့်နှစ်ပေါင်း (၁၁၀)ကျော်၊ ကောဇာသက္ကရာဇ် ၁၂၆၄ ခုနှစ်က မြစ်ချေဘုရားဒါယကာ ဦးအောင်တုပ်၊ ဘုရားအမ ဒေါ်သဲ သားသမီးတစုတို့က ဆောက်လုပ်လှူဒါန်းခြင်းဖြစ်သည်။ (မြစ်ခြေကို မူလအလှူရှင်တို့ ကမ္ပည်းထိုးထားခဲ့သည့်အတိုင်း ယ,ပင့်နှင့် ချေထားပါသည်။)

လက်ရှိဆရာတော် ဦးရာဇိန္ဒ မတိုင်ခင်က ဆရာတော် ဦးတေဇဝန္တ ကျောင်းထိုင်တော်မူခဲ့သည်။ ၎င်းဆရာတော်၏ ရှေ့ဆရာတော်များကိုမူ ပြောပြနိုင်သူ မရှိတော့ပါ။ ကျောင်းကြီး၏ ဘုရားဆောင်မှာ အောက်ဘက်က အုတ်တိုက်ခံပြီး အပေါ်တွင် ပြာသာဒ်ဆောင် ဖောက်ထားပါသည်။ ဘုရားဆောင်ပတ်လည်တွင် လှေကား သုံးဘက်ဖောက်ထားပါသည်။ ထိုပြာသာဒ်တော်ကြီးမှာ ကာလကြာမြင့်လာသည့်အတွက် ယိုယွင်းပျက်စီးလာသဖြင့် ထနောင်းကုန်းသူထနောင်းကုန်းသားတို့က စုပေါင်းပြီး ၁၃၅၄ ခုနှစ်တွင် ပြာသာဒ်နေရာ၌ တင့်တယ်သပ္ပာယ်လှသည့် စေတီပုံတည်ဆောက်ခဲ့ရာ ၁၃၅၇ ခုနှစ်ကျမှ ပြီးစီးသည်။ ပြီးခဲ့သည့်နှစ်က ထီးတော်အသစ် တင်လှူခဲ့သည်။


ဘုရားကျောင်းဆောင် အတွင်းပလ္လင်တော်ပေါ်၌





www.burmeseclassic.com

www.burmeseclassic.com



ဉာဏ်တော် (၈)ပေခန့်ရှိ တင့်တယ်သပ္ပာယ်လှသည့် ကျောက်ဖြူရုပ်ပွားတော်တစ်ဆူ ကိန်းဝပ် စံပယ်လျက်ရှိပါသည်။ ဘုရား၏ ဘွဲ့တော်မှာ "မဟာအတုလသကာရီ မြတ်စွာဘုရား" ဟူ၍ ဖြစ်သည်။ အရပ်ဒေသ၏ အစဉ်အလာအရ ဘုရားဆွမ်းချပွဲကို နှစ်စဉ် သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက်နှင့် ၁၂ရက်နေ့များတွင် ကျင်းပလေ့ရှိပါသည်။ ဤရက်များတွင် အနယ်နယ်အရပ်ရပ်သို့ ရေ ာက်ရှိနေကြသည့် ထနောင်းကုန်းသူ ထနောင်းကုန်းသားများ ဒေသရပ်သို့ ပြန်လည်စုဝေးဖြစ်ကြသည့်အတွက် အလွန်တရာ ပျော်ရွှင်ကြည်နူးကြသည့်အချိန်ပင် ဖြစ်သည်။

ဝိသုတာရာမတိုက်မှာ မြေနေရာကျယ်ဝန်းခြင်း၊ အခြေခံအဆောက်အအုံများ ပြည့်စုံခြင်း စသည့် အင်္ဂါရပ်များကြောင့်

မြစ်ခြေနယ်တွင် ဘုန်းတော်ကြီးသင် ပညာရေးကျော
တစ်ကျောင်း။ နိုင်ငံတော်အစိုးရမှ ခွင့်ပြုသောအခါ
ကျောင်းမှာပင် အလယ်တန်းကျောင်းအဖြစ် ၁၉၉၀ ခု
စတင်၍ သတ်မှတ်ဖွင့်လှစ်လိုက်ပါသည်။ ကျောင်း၏ ပ
နာယကဆရာတော်မှာ လက်ရှိဆရာတော် ဦးရာဇိန္ဒပင်
သည်။ ဆရာတော်ကို သက္ကရာဇ် ၁၃၀၄ ခုနှစ်တွင် ထ
ကုန်းရပ် အဖ ဦးအုန်းမှိန်၊ အမိ ဒေါ်စိန်သစ်တို့မှ ဖွာ
သည်။ အသက် ၂၃နှစ်အရွယ်တွင် ထနောင်းကုန်း
ကျောင်းဆရာတော် ဦးသောမနထံတွင် ဥပသမ္ပဒါပြု၍
မြတ်သော ရဟန်းဘဝကို ရောက်ရှိတော်မူသည်။ ဝါတေ
စဉ်အခါက ကံဦးကျောင်းတွင် နေထိုင်ခဲ့သည်။ စာပေ
များကို ပခုက္ကူ မဟာဝိသုကာရာမ အလယ်တိုက်ကြီး






www.burmeseclassic.com

www.burmeseclassic.com





သုလာဆည်းပူးခဲ့သည်။

ဆရာတော်သည် လွန်ခဲ့သည့် ၁၉၉၂ ခုလောက်က ာစာရီ စာသင်တိုက်မှ ရှင်တစ်ရာပြုအလှူတွင် ရေစက်ချ ရားဟောခဲ့သည်။ ထိုကဲ့သို့ ဟောကြားပြီး ကျောင်းသို့ အလာတွင် ဆရာတော်၏ တရားဟောမှုကို နှစ်ခြိုက် ည်ညိုလှသဖြင့် မိုးကောင်း၊ လုံးခင်းနေ ဒေါ်မမကြီး ရောင်လင်း၊ ဒေါ်စန်းစန်းတို့ ကျောင်းသို့ လိုက်လာကြသည်။ တို့က သိန်းသုံးရာကျော် အကုန်အကျခံလျက် အလျား ပေ၊ အနံ ၄၅ပေရှိ ကျောင်းဆောင်ကြီးတစ်ဆောင်ကို က်လုပ်လှူဒါန်းကြပါသည်။ အလားတူပင်၊ ရှိုင်းဟုတ် မ္ပဏီကလည်း စာသင်ဆောင် နှစ်ဆောင်ကို သိန်းနှစ်ရာ ကျော်အကုန်ခံလျက် တည်ဆောက်ပေးသည့်အပြင် ရေသန့် တိုင်ကီများကိုလည်း လှူဒါန်းခဲ့ပါသည်။

ကျောင်းတွင် ဆရာမ ၁၄ ဦးရှိသည်။ ရှိုင်းဟုတ်ကုမ္ပဏီ ခင်ရီမှ တစ်လလျှင် ဆရာမတစ်ဦးကို ကျပ်လေးသောင်း ခ ချီးမြှင့်ပါသည်။ ထို့အပြင် ဆယ်နှစ်ပြည့်အောင် လုပ်လုပ်သည့် ဆရာမတစ်ဦးကို ရွှေတစ်ကျပ်သားတိတိ မြှင့်လေ့ရှိသည်။ ဤသို့ လှူဒါန်းခြင်းကို ဒကာတစ်ဦးတည်း ဖြစ်စေ၊ သို့မဟုတ် အလှူရှင်တစ်ဦးလျှင် ကျပ်သုံးသောင်း ထောင်နှုန်းစု၍ ရွှေတစ်ကျပ်သားဖိုးပြည့်အောင် ပေးကြ ခြင်းဖြစ်သည်။ ၂၀၁၃-၂၀၁၄ ပညာရေးနှစ်မှ စတင်၍ ရာမများအား နိုင်ငံတော်မှ လစာပေးပါသည်။

ကျောင်းတွင် သီလရှင် ၃၂ပါးအပါအဝင် ကျောင်းသူ ကျောင်းသားပေါင်း (၅၇၁)ဦးရှိသည်။ အားလုံးမှာ ဆင်းရဲ န်းပါးသည့် မိဘများမှ မွေးဖွားသည့် ကလေးငယ်များဖြစ် ကြသည်။ သာမန် ကျောင်းစရိတ်မျှလောက်ကိုပင် မတတ် ကြသူများ ဖြစ်ကြပါသည်။ သို့ဖြစ်၍ အာဒရာ(ADRA) မြန်မာ) (ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့) မှ ကလေးတစ်ဦးလျှင် တစ်လကို ဆန် ၅ပြည်နှုန်း ထောက်ပံ့ပါသည်။ ပြီးခဲ့သည့် နှစ်က ကျောင်းသူ၊ ကျောင်းသားတစ်ဦးလျှင် ဝတ်စုံနှစ်စုံကျ ရှိုင်းဟုတ်ကုမ္ပဏီမှ ထောက်ပံ့ခဲ့သည်။ အလွန်မွန်မြတ်လှ သည့် အလှူဖြစ်သည်။

ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတွင် ကျောင်း သားဦးရေ ၄၂ ဦးခန့်မှာ ကျောင်းဆရာမတစ်ဦးနှုန်းသာ ရှိ နေသည့်အတွက် ဆရာအလုံအလောက် ရှိသေးပါ။ ရပ်ရွာ အလှူရှင်များမှ လည်းကောင်း၊ ာမ္ဘာ့အဖွဲ့အစည်းတို့မှ လည်းကောင်း၊ ရှိုင်းဟုတ်ကဲ့သို့သော ပုဂ္ဂလိက အလှူရှင်တို့ မှ လည်းကောင်း၊ သင့်တင့်လျောက်ပတ်သော ပံ့ပိုးမှုများ ကြောင့် ကောင်းစွာ ရှင်သန်ရပ်တည်နေနိုင်ခြင်းဖြစ်သည်။ မြန်မာနိုင်ငံတစ်ဝှမ်းလုံးအနေဖြင့်မူ ထိုကဲ့သို့ ချို့တဲ့ဆင်းရဲ နွမ်းပါးသည့် ကလေးများ သန်းနှင့်ချီ၍ ရှိနေမည်မှာ မလွဲပါ။ စာရေးသူအနေဖြင့် အနာဂတ်၏ အဖူးအငုံကလေးများဖြစ် သည့် ဤကလေးငယ်များအား ဘဝတစ်လျှောက်လုံးတွင် ရွှင်လန်းစွာ ပွင့်လန်းစေလိုလှပါသည်■

* * *

ကျော်လင်း(မြစ်ခြေ)




www.burmeseclassic.com

www.burmeseclassic.com

# ထူးဆန်းထွေလာ ဤကမ္ဘာ

.မောင်လင်းအောင်




### နဂါးရဲတိုက်

အခုတစ်လော ဓမ္မစေတီမင်း ခေါင်းလောင်းကြီးနှင့် ဆက်စပ်ပြီး နဂါးများ အတော်သတင်းကြီးနေသည်။ လူအများကို နဂါးသတင်းက ဖမ်းစားနိုင်သည်။ ဂျာမနီနိုင်ငံ (Schloss Drachenburg)မြို့တွင် "နဂါးရဲတိုက်"ဟု ခေါ်သော ရဲတိုက်တစ်လုံးကို တွေ့ရှိထားပြန်သည်။ နဂါးနေ့မနေ ကတော့ ကိုယ်တိုင်သွားရောက် လေ့လာကြည့်မှပင် သိနိုင်ပေမည်။

### ကောင်းကင်ပေါ်တွင် လမ်းလျှောက်ခြင်း

ကနေဒါနိုင်ငံ Nim bus တောင်ထိပ်ရှိ ကြိုးတံ တစ်စင်းပုံဖြစ်ပါသည်။ တံတား၏ အမည်ကို "ကောင်း လျှောက်လမ်း"(Sky Walking) ဟု စိတ်ဝင်စားဖွယ် တွင်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com

### သမ္မတ

ဥရုဂွေးသမ္မတကြီး Jose Mujica နှင့် ပတ်သက်ပြီး ယခင်လများတွင် အလျဉ်းသင့်သလို ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ သူသည် သူ၏ လစာငွေ ၉၀ ရာခိုင်နှုန်းကို ဆင်းရဲနွမ်းပါးသူများထံ ပြန်လှူသည်။ ဖောက်ဝက်စ်ဂွန်းကားစုတ်လေးကိုသာ စီးသည်။ သူ့ကို ကမ္ဘာ့အဆင်းရဲဆုံး သမ္မတအဖြစ် ဖော်ပြကြသည်။ လူသာ ဆင်းရဲပေမည်။ စိတ်ဓာတ်ကတော့ မြင့်မားလှသည်။ ယခုအခါလည်း သမ္မတကြီးသည် ကျန်းမာရေးကုသမှု ခံယူရန် ပြန်သူ့ဆေးရုံတွင် သာမန်ပြည်သူများနည်းတူ အလှည့်ကျတန်းစီ ထိုင်စောင့်နေသည်ကို လေးစားဖွယ် မြင်တွေ့ရသည်။



osé Mujica " President " of Uruguay
waiting his turn in a public hospital !!!

### အပြာရောင် လမင်း

တရုတ်နိုင်ငံရှိ အပြာရောင် လမင်းတောင်ကြား (Blue Moon Valley) ဟု ခေါ်တွင်သော သဘာဝ အလှတရားကို ခံစားကြည့်ရှုနိုင်ပါသည်။



### သမုဒ္ဒရာထက်မှ မုန်တိုင်း

သမုဒ္ဒရာအတွင်း တိုက်ခတ်နေသော မုန်တိုင်းကြီးတစ်ခုပုံကို ကောင်းကင်ယံမှ မြင်တွေ့နေရပုံ ဖြစ်ပါသည်။



### ရိန်းနီးယားတောင်

အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ရှိ ရိန်းနီးယားတောင်(Mt. Rainier) ကို ခန့်ညားစွာ မြင်တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



## ဖန်သားလျှောက်လမ်း

တရုတ်နိုင်ငံတွင် အမြင့်ပေ ၄၆၉၀ ပေရှိ တောင်တ ပေါ်တွင် မှန်များဖြင့် တည်ဆောက်ထားသော (တစ်နည်းအ ဖြင့် မှန်ချပ်များ ခင်းထားသော) လျှောက်လမ်းတစ်ခု ဖန်တီးခဲ့ကြသည်။ ထိုအပေါ် ဖြတ်လျှောက်သူများမှာ အသ ထွေယားယားဖြင့် ခြေလှမ်းရမည်မှာ အမှန်ပင်။



## ခင်တွယ်ရာ

ကြောင်နှင့် ခွေးသည် ကမ္ဘာ့ရန်သူများသဖွယ် တည့် လေ့မရှိပေ။ သို့သော် မြင်တွေ့ရသော ကြောင်လေးများသည် ခွေးထီးကြီးကို ခင်တွယ်နေကြသည်။ ခွေးထီးကြီးကလည်း ကြောင်လေးများကို အလိုလိုက်၍ အနွံတာခံသည်။ ကြောင် လေးများသည် ခွေးထီးကြီးသွားရာသို့ တကောက်ကောက် လျှောက်လိုက်ကြပြီး မျက်စိအောက်မှလည်း အပျောက်မခံ ကြပေ။



## သူ့ရဲကောင်းသုံးယောက်

မှုရင်း အင်တာနက်စာမျက်နှာတွင် 'Three Mus teers' သူ့ရဲကောင်းသုံးယောက်ဟု အမည်ပေးထား ချစ်စရာအလွန်ကောင်းသည်။



## ချစ်စရာ့အရွယ် သမင်ငယ်

ချစ်စဖွယ် သမင်သားပေါက်လေး တစ်ကောင်ကို ကြုံတောင့်ကြုံခဲ မြင်တွေ့ရပုံလေးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



**ဦးစိတ်တို**

အရောင်အသွေးတောက်ပြောင်ပြီး တစ်သွေးတစ်မွေး လှုပနေသော ကျားသစ်တစ်ကောင်ကို အနီးကပ် မြင်တွေ့ရပုံဖြစ်သည်။ စိတ်ကလည်း တိုနေသေးသည်။



**ဒေါင်းပျံ**

ခွပ်ဒေါင်း၊ ကချေဒေါင်းများကိုသာ မြင်တွေ့ခဲ့ရဖူးသည်။ ပျံနေသော ဒေါင်းပုံကို ထူးခြားစွာ မြင်တွေ့ရသည်။

**ပါရီမှာ သာသောလ**

ပါရီမြို့တော်တွင် အီဖဲလ်မျှော်စင်နှင့် အလှချင်းပြိုင်နေသော လမဟာ 'Super Moon' ကို စိတ်ကြည်နူးဖွယ် ခံစားမြင်တွေ့ရသည်။





www.burmeseclassic.com


www.burmeseclassic.com



**ငှက်အိမ်တွင်းမှ ကြွက်ငယ်လေးများ**

သူတို့နှစ်ကောင်ကတော့ ငှက်အိမ်ထဲမှာ အေးအေးလူလူပင်။ ငှက်အိမ်မှာ ကြွက်မနေရဟု မည်သူမျှ မပြဋ္ဌာန်းထားပေ။ သဘာဝ လောကကြီးသည် နေတတ်လျှင် ကျေနပ်စရာချည်းသာ။





**ကမ္ဘာမြေကို လှမ်းမျှော်ကြည့်ခြင်း**

ကမ္ဘာမြေပြင်မှ နေ၍ ဖိုးလမင်းကြီးကို လပြည့်ည
နှင့် လသာသောညများတွင် မြင်တွေ့နိုင်သည်။ ယခု
တွင် လပေါ်မှနေ၍ ကျွန်ုပ်တို့၏ ကမ္ဘာကို ပြန်မြင်နေရ
ဆန်းကြယ်စွာ မြင်တွေ့နိုင်သည်။

**မိုးပွင့်ပုံလှိုင်း**

"မိုးပွင့်ပုံလှိုင်း" ဟု ခေါ်သည်။ လှိုင်းနှစ်ခု ဆောင်းမိုး
တွင် ဖြစ်ပေါ်လေ့ရှိသည်။ ထူးဆန်းပေစွ။




www.burmeseclassic.com

www.burmeseclassic.com



### ဆင်ကျောက်ဆောင်

အိုက်စ်လန် (Iceland) ကျွန်းအနီးရှိ ဆင်ပုံသဏ္ဍာန်ကျောက်ဆောင်ကြီးကို ဆန်းကြယ်စွာ မြင်တွေ့ရသည်။



### ပုံရိပ်နှင့် အမြင်

လောကကြီးတွင် တစ်ခါတစ်ရံ အမြင်အာရုံတစ်ခုတည်းဖြင့် အမှန်အမှားကို ဝေဖန်ပိုင်းခြား၍ မရနိုင်ပေ။ အထင်နှင့် အမြင်သည် လွဲမှားနေတတ်သည်။ ပုံတွင် ထိုအယူအဆကို သွက်သောခ်ပေးနေသည်။

### အနုပညာ၏ ဆန်းကြယ်မှု

ဆည်းဆာချိန်တွင် မြင်ရသော လှိုင်းကြက်ခွပ်လေးများအလား အသက်ဝင်လှသည်။ အနုပညာမြောက် လက်ရာတစ်ခုဖြစ်သည်။ Mattew W.Cornell ဆိုသူက ဖန်တီးရေးဆွဲနေသည်။





### ဇီးကွက်ကြီး အမောက်ထောင်

အမောက်ပါသော ဇီးကွက်တစ်ကောင်ကို ရှားပါးစွာ မြင်တွေ့ရပုံဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com




**ကမ္ဘာ့အကျဉ်းဆုံးအိမ်**

ပိုလန်နိုင်ငံရှိ ကမ္ဘာ့အကျဉ်းဆုံးအိမ်မှာ သတ်မှတ်ထားသော အိမ်ပုံဖြစ်သည်။ ထိုအိမ်တွင် လူသားတစ်ဦး အဆင်ပြေပြေ နေထိုင်နိုင်ပုံကိုပါ လက်တွေ့သရုပ်ဖော်ပြသထားသည်။

**သစ်ခွပန်း**


ကမ္ဘာပေါ်တွင် သစ်ခွမျိုးကွဲပေါင်းများစွာရှိသည်။ ထိုမျိုးကွဲပေါင်းများစွာအနက်မှ လွန်စွာရှားပါးသော သစ်ခွပန်းများကို မြင်တွေ့ လေ့လာနိုင်သည်။





www.burmeseclassic.com

www.burmeseclassic.com




**ပုရွက်ဆိတ်မရှိသော ဒေသ**

ပုရွက်ဆိတ်သည် အိမ်ရှင်မများကို အလွန်ဒုက္ခပေးတတ်သော သတ္တဝါဖြစ်သည်။ အစားအစာများကို ဖုံးအုပ်၍ မထားမိပါက သူတို့ ရောက်နေပြီဖြစ်သည်။ လေ့လာတွေ့ရှိချက်များအရ အိုက်လန်၊ အန္တာတိက ရေခဲပြင်ဒေသနှင့် ဂရင်းလန်းဒေသတို့တွင် ပုရွက်ဆိတ် လုံးဝမရှိဟု သိရသည်။ ပုရွက်ဆိတ် မနှစ်သက်သူများ ပြောင်းရွှေ့နေကြပါကုန်။

**ဧတော်ဘယ်ရီ့သိပ်ပြာ**



သိပ်ပြာပုံ သဏ္ဌာန် ဧတော်ဘယ်ရီသီးလေးကို ဆန်းပြားစွာ တွေ့မြင်ရသည်■

* * *

မောင်လင်းအောင်



www.burmeseclassic.com

www.burmeseclassic.com

# အမည်မှည့်လျှင် သတိပြုရမည့် သရဟောကိန်းများ

ညွှန့်ခိုင်မာ (ကျောက်ဆည်)

မြန်မာအမည်များတွင် အမည်မှည့်လျှင် ဗျည်းနှင့် သရ နှစ်မျိုးထည့်၍ မှည့်လေ့ရှိပါသည်။ သရတိုင်းသည် အမည်ရှင်ကို အကျိုးမပြုပါ။ ထို့ကြောင့် ကောင်းသည့် သရနှင့် ဆိုးသည့် သရများကို ခွဲခြား နားလည်ရန် လိုပါသည်။

**သရ ကောင်း၊ သင့်၊ ဆိုး ဇယား**

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ကောင်း | —း | ော် | [ြ] | -ျ | ု | ူ | ူး | ှူး |
| သင့် | ေ- | -င် | -န် | -မ် | -က် | -စ် | -ပ် | -တ် |
| ဆိုး | ိ | ီ | ဲ | -ါ | ံ | ွ | ့ | ှ |

**ကောင်း-သရ၏ အဓိပ္ပာယ်ဟောကိန်း**

(၁) ဝစ္စပေါက် (—း) - ထွန်းကား ပေါက်ရောက်သည်။

(၂) သဝေထိုးရေးချရှေ့ထိုး (ော်) - ဘဝမှာ တက်လမ်းရှိသည်။

(၃) ယရစ် ([ြ]) - လုံခြုံအေးချမ်းသည်။

(၄) ယပင့် (-ျ) - ဘဝတွင် မြင့်မားရန် အခွင့်အလမ်းများသည်။

(၅) တစ်ချောင်းငင် (ု) - ပက်ပက်စက်စက် မနိမ့်ကျတတ်ပါ။

(၆) နှစ်ချောင်းငယ် (ူ) - ရောက်သည့်ဘဝတွင် မြင့်မားသည်။

(၇) နှစ်ချောင်းငယ် ဝစ္စပေါက် (ူး) - ကျော်ကြားထက်မြက်သည်။

(၈) ဟထိုးနှစ်ချောင်းငယ် ဝစ္စပေါက် (ှူး) - အဆိုးနည်း၍ အကောင်းများ၏။

**သင်-သရ၏ အဓိပ္ပာယ်ဟောကိန်း**

(၁) သဝေထိုး (ေ—) - မရေမရာလုပ်ငန်းများတွင် ပျော်တတ်သည်။

(၂) င သတ် (—င်) - ထိန်းသိမ်းတတ်လျှင် ကောင်းစားမည်။

(၃) န သတ် (—န်) - စိတ်ကူးယဉ်မှု များတတ်သည်။

(၄) မ သတ် (—မ်) - အလွန်အကျွံကြိုးစားရမည်။

(၅) က သတ် (—က်) - အောင်မြင်မှုရရန် ခက်ခဲသည်။

(၆) စ သတ် (—စ်) - တိုးတက်ရန် ခက်ခဲသည်။

(၇) ပ သတ် (—ပ်) - ထင်ရာလုပ်တတ်သည်။

(၈) တ သတ် (—တ်) - ပင်ပန်းပြီးမှ အောင်မြင်မည်။

**ဆိုး-သရ၏ အဓိပ္ပာယ်ဟောကိန်း**

(၁) လုံးကြီးတင် (ိ) - အများက နှိမ်တတ်သည်။

(၂) လုံးကြီးတင်ဆန်ခတ် (ီ) - မိမိဘာသာ ရပ်တည်၍ မရပါ။

(၃) နောက်ပစ် (ဲ) - ကျဆင်းခဲ့လျှင် နလံမထူတတ်ပါ။

(၄) ရေးချ (—ါ) - အောက်သို့ ဆွဲချတတ်သည်။

(၅) သေးသေးတင် (ံ) - ထိပ်ဆုံးရောက်ရန် သိပ်ခက်သည်။

(၆) ဝဆွဲ (ွ) - လုပ်ရသည့်အလုပ်များက ပင်ပန်းလွန်းသည်။

(၇) အောက်ကမြင့် (့) - ကံဆိုးတတ်သည်။

(၈) ဟထိုး (ှ) - မျက်နှာမရတတ်ပါ။ အရှက်ကွဲတတ်သည်။

အထက်ပါ သရများတွင် ကောင်း၊ သင့်၊ ညံ့ သရများကို ရွေးချယ်၍ နာမည်မှည့်ရာတွင် အသုံးပြုနိုင်ပါသည်။

သတိပြုရမည့်အချက်မှာ ဗျည်းနှင့် သရ ပေါင်းစပ်သည့်အခါတွင် အဓိပ္ပာယ် တခြားပြောင်းသွားတတ်ပါသည်။ အကောင်းသည် ပို၍ကောင်းတတ်သကဲ့သို့၊ အဆိုးသည် ကောင်းသွားတတ်သည်လည်း ရှိပါသည်။ အကောင်းသည်လည်း ညံ့သွားတတ်သည်မျိုးလည်း ရှိပါ၏။ သတိပြုနိုင်ရန် တင်ပြအပ်ပါသည်။ ■

* * *

ညွှန့်ခိုင်မာ(ကျောက်ဆည်)



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာခေါင်းပါး တိုင်းရင်းဆေးဝါးမှတ်ပုံတင် 1111YR 007860
ထုတ်လုပ်ခွင့်လိုင်စင် 2/2009 တဆထလ(တိုး) ၁၀၂၄

# ဆီးရောဂါမှန်သမျှ သက်သာပျောက်ကင်းချမ်းသာစေရမည် ကိန္နရီ

# ကိန္နရီ အမှတ်တံဆိပ် ကြက်လည်ဆံဆီးဆေး




လဆန်းပိုင်းရောက်တိုင်း လေထန်ကုန်းတွင် ရေးဖော် စာရေးဆရာများ ဆုံကြသည်။ ကိုမင်းဆွေ၊ ကိုသီဟ၊ ကိုကျော်လှိုင်ဦးတို့ကို တစ်ဝိုင်းတည်းတွင် တွေ့လိုက်ရသည်။ ကိုမင်းဆွေက…

"လာ…ထိုင်၊ ကိုဇော်ရဲနိုင်။ မတွေ့ရတာ ကြာပြီ၊ ခုပဲ ခင်ဗျားအကြောင်းပြောနေကြတာ။ ခင်ဗျားက တိုင်းရင်းဆေးတွေအကြံရှိသူဆိုတော့ ကျွန်တော်တို့သုံးယောက် ခံစားနေရတဲ့ ဝေဒနာအတွက် အကူအညီတောင်းချင်လို့ပါ"

"ဘဝတူ ရေးဖော်တွေအတွက် တတ်နိုင်သလောက် လိုအပ်တဲ့ အကူအညီပေးဖို့ အသင့်ပါပဲဗျာ"

"ဒီလိုပါ၊ ကျွန်တော်တို့သုံးယောက် ဆီးနဲ့ ပတ်သက်တဲ့ ဝေဒနာတွေ ခံစားနေရတယ်။ ဒါပေမဲ့ ဖြစ်စဉ်တူသလိုလိုနဲ့ မတူညီ နည်းကွဲပြားနေတယ်ဗျ"

"ဒါဖြင့် ကျွန်တော့်ဆီးရောဂါနဲ့ ပတ်သက်တဲ့ ဖြစ်စဉ်လက္ခဏာတွေ ပြောပြမယ်။ ဘယ်သူက ဘယ်လိုလက္ခဏာတွေ ရှိတယ်ဆိုတာ ကျွန်တော့်ကို ပြောပြပြီးမှ ဘာဆက်လုပ်ရမယ်ဆိုတာ ပြောပါမယ်။ နေပူမိုးရွာမရှောင်သွားတဲ့သူတွေ အပူအစပ် အဆိမ့် ချဉ်စာတွေ လွန်ကဲစွာ စားတဲ့သူတွေ၊ မေထုန်မှု လွန်ကဲသူတွေ၊ အညောင်းထိုင်မှု များတဲ့သူတွေဟာ ဆီးပူညောင်းကျ ရောဂါဖြစ်တတ်တယ်။ ဆီးပူညောင်းကျရောဂါလက္ခဏာတွေက ကျင်ချောင်းအတွင်း ပိုးကောင်လေးများ သွားနေသလို ရွစိရွစိဖြစ်ပြီး ပူအားတတ်တယ်။ တစ်ပတ်ခန့်ကြာရင် ဆီးထဲမှာ ကစီရည်လို ကျလာတတ်တယ်။ ရေသောက်နည်းတဲ့သူတွေ၊ အပူအစပ်စားလွန်းတဲ့သူ၊ သုက်ထိန်းတဲ့သူတွေ ဆီးကျိတ်ရောင်ရောဂါဖြစ်တတ်တယ်။ ဆီးကျိတ်ရောင်ရောဂါလက္ခဏာတွေက ဆီး မကြာခဏ သွားပေမယ့် ဆီးတစ်စက်တစ်စက်ကျတတ်ပြီး ဆီးသွား အားမရခြင်း၊ ဆီးကျန်ခြင်း၊ ကျင်ချောင်း ယားယံခြင်း လက္ခဏာတွေ ခံစားရတတ်တယ်။ ဆီးအောင့် ဆီးချုပ်ရောဂါကို အခြေခံပြီး သည်းခြေ၊ လေ ဒေါသနှစ်ပါးကြောင့် သလိပ်ဒေါသလွန်ကဲတဲ့ ကျင်ငယ်နဲ့ သုက်ဓာတ်တွေဟာ ကျောက်ကပ်က စပြီး ဆီးအိမ်တိုင်အောင် တော်ရည်လိုဖြစ်တဲ့ရောဂါကို ဆီးကျောက်ရောဂါလို့ ခေါ်တာပဲ။ ကျောက်တည်ရောဂါဖြစ်တော့မယ့်သူရဲ့ ဆီးဟာ ဆိတ်ကျင်ငယ်ရည်လို အနံ့ဆိုးခြင်း၊ ဝမ်းဗိုက်တင်းရောင်ခြင်း၊ ခက်ခဲစွာ ဆီးသွားရခြင်း၊ ဆီးသွားစဉ် နာကျင်ခြင်း၊ အစားအစာစားချင်စိတ်မရှိခြင်း စတဲ့ လက္ခဏာတွေရှိနေတတ်တယ်။ ကဲ- ခင်ဗျားတို့ ဘယ်လိုခံစားနေကြရတယ်ဆိုတာ ပြောပြကြပါ"

ကိုမင်းဆွေက ဆီးပူညောင်းကျရောဂါလက္ခဏာနဲ့ တူကြောင်း၊ ကိုသီဟက ဆီးကျိတ်ရောင်ရောဂါလက္ခဏာနဲ့ တူပြီး ကိုကျော်လှိုင်ဦးက ဆီးကျောက်တည်ရောဂါလက္ခဏာနဲ့ တူကြောင်း ပြောပြကြပြီး …

"ကဲ - ကျွန်တော်တို့ ဘယ်ဆေးစားပြီး ဘာဆက်လုပ်ရမယ်ဆိုတာ ကိုဇော်ရဲနိုင် ညွှန်ပြပေးပါဦး"


"ခုလောလောဆယ်တော့ ကိန္နရီအမှတ်တံဆိပ်ကြက်လည်ဆံဆီးဆေးပြားကို နီးစပ်ရာ မြန်မာဆေးမျိုးစုံဆိုင်များမှာ ဝယ်ယူသောက်လိုက်ပါ။ ကိန္တရဝတီဆေးတိုက်က ထုတ်တဲ့ ကိန္နရီအမှတ်တံဆိပ် ကြက်လည်ဆံ ဆီးဆေးပြားဟာ ဆီးချိုရောဂါ၊ ဆီးကျောက်တည်ရောဂါ၊ ဆီးဝါ၊ ဆီးနီခြင်း၊ ဆီးအလွန်နည်းခြင်း၊ ဆီးအလွန်များခြင်း၊ ဆီးမထိန်းနိုင်ခြင်း၊ ဆီးကျဉ် ဆီးအောင့်ခြင်း၊ ဆီးလမ်းကြောင်းပိတ်ပြီး ဆီးမသွားနိုင်ခြင်း၊ ဆီးပူညောင်းကျဖြစ်ခြင်း၊ သုက်လွှတ်မြန်ခြင်း၊ ဆီးရောဂါကြောင့် နောက်ဆက်တွဲ ဖြစ်တတ်တဲ့ ကျောက်ကပ်ရောဂါနဲ့ ခါးနာခြင်း တို့ကို သက်သာပျောက်ကင်းစေတယ်ဗျ။ ကျွန်တော့်မိတ်ဆွေ ဆရာ ဦးလှိုင်မြင့်က ကြက်လည်ဆံ ဆီးဆေးထုတ်လုပ်တဲ့အပြင် အကြောရောဂါနဲ့ ဆီးရောဂါတွေကို ဦးစားပေးကုသနေတာဆိုတော့ အဲဒီ ဆရာ ဦးလှိုင်မြင့်ရှိတဲ့ ကန္တရဝတီဆေးတိုက်ကို သွားပြီး ဆရာနဲ့တိုင်ပင်၊ ဆေးစား ဆေးကုသရင် ခင်ဗျားတို့ ခံစားနေရတဲ့ ဝေဒနာတွေ ထိထိရောက်ရောက် သက်သာပျောက်ကင်းသွားမှာပါ။ ကိန္နရီအမှတ်တံဆိပ် ကြက်လည်ဆံ ဆီးဆေးရဲ့ ခေါင်းပုန်းလည်း မှတ်ထားဦးဗျို့။ ဆီးရောဂါမှန်သမျှ ပျောက်ကင်းချမ်းသာစေရမည်… ကိန္နရီ…တဲ့ဗျာ"

**ပင်ရင်းဌာန- ကန္တရဝတီဆေးတိုက်**

အမှတ် (၇၄၁)၊ ဓနသိဒ္ဓိလမ်း၊ (၇)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် (ကမ္ဘာအေး)၊ ရန်ကုန်မြို့။ ဖုန်း- ၀၁-[illegible]

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

စာရေးသူ ခရီးထွက်နေသဖြင့် နက်ခင်း လမ်းမလျှောက်ဖြစ်တာ ပတ်နီးနီးရှိသွား၏။ ဒီကနေ့မနက် တော့ မီးရထားလမ်းဘေးတစ်လျှောက် မ်းလျှောက်ရင်း "ဝင်းကတောင်" တားထိပ်တွင် ရပ်ကာ လယ်ကွင်း ပြင်ကို ရှပ်တိုက်ပြေးလာသော လေနု အေးလေးကို ရှူရှိုက်ရင်း ကိုယ်လက် လှုပ်ရှားလိုက်၏။

နံနက်ခင်း နေခြည်နွေးနွေး အောက်မှာ လမ်းလျှောက်ရတာ စိတ် ကြည်နူးစရာကောင်းလှ၏။ သဘာဝ ရှုခင်းတွေကို ခံစားရင်း ပြန်လာခဲ့၏။ စံအတိုင်း "စိတ်ကြိုက် ကဖီး"တွင် ကြာကွေးနှင့် လက်ဖက်ရည်မှာ သောက်ပြီး ရေနွေးကြမ်းငုံ့နေစဉ် ဆိုင် ဆိုင်သို့ မောင်မှတ် ရောက်လာ၏။

"ဟာ···မောင်မှတ်၊ လာလေ ဘာသောက်မလဲ၊ မှာလိုက်လေ"

"မနေ့က ကျွန်တော် ဒီရောက် သေးတယ်။ ဆရာ့ကို မတွေ့တာနဲ့ ဆိုင်ရှင်ကို မေးကြည့်တော့ မလာတာ တစ်ပတ်ကျော်ပြီလို့ ပြောလို့ ဆရာ များမကောင်းဘူးလားဆိုပြီး သတင်း သွားမေးတော့မလို့။ အခုတောင် ဖိတ် လိုက်ဖိတ်ရင်း ဆရာ့ကို တွေ့လိုက် ဝင်လာတာ"

ပြောပြောဆိုဆို အနီးရှိ ကုလား ထိုင်တွင် ဝင်ထိုင်လိုက်၏။

"နေကောင်းပါတယ်ကွာ။ ပဲခူးကို သွားရင်း ဒေးဝွန်ပါကိုလည်း မရောက် တာ ကြာပြီမို့ လှည့်ဝင်တာနဲ့ နှစ်ပတ် လောက် ကြာသွားတယ်။ နို့··နေပါဦး တ်စာဆိုလို့ ဘာတွေလဲကွ"

စာရေးသူက တစ်ဆက်တည်း မေးလိုက်၏။

"ဒီလိုပါ ဆရာ၊ ကျွန်တော်တို့ ရပ်ကွက်ထဲက ဦးမင်းဇော်ရဲ့ သား ဇော်ထူး နာရေးဖိတ်စာပါ ဆရာ။ ဒါပေ မယ့် ရိုးရိုးသေတာမဟုတ်ဘဲ ဥစ္စာ စောင့်သိုက်က ပြန်ခေါ်တာလို့ ပြောကြ တယ်။ အဲဒါ ဖြစ်နိုင်ပါ့မလား ဆရာ"

မောင်မှတ်ကတော့ စ,ပြီ။ သူသိ ချင်တာဆို ထုံးစံအတိုင်း မေးတော့တာ ပဲ။

"အင်း····ဘယ်က စ,ပြောရ မလဲ။ ဥစ္စာစောင့်ဆိုတာ စာထဲမှာတော့ ဝေမာနိက-ပြိတ္တာတစ်မျိုးပေါ့။ တစ်နည်း ပြောရရင် ဥစ္စာစောင့်တို့၊ သိုက်နန်းရှင် တို့ဆိုတာ ရှိတယ်။ သူတို့က ကမ္မစိတ္တ ရှိတယ်။ အမျိုးမျိုးလည်း ဖန်ဆင်းလို့ ရတယ်။ ဒါပေမယ့် နတ်တို့လို မတင့် တယ်ဘူး။ အရောင်အဝါမရှိဘူး။ လူ တွေကို ပူးလို့၊ ခွာလို့ ရတယ်။ လူပြေ နဲ့လည်း နီးနီးကပ်ကပ်ရှိတယ်"

"ဒါဆို ဆရာ၊ ဥစ္စာစောင့်တွေ ဟာ လူတွေနဲ့ အတူနေလို့ မရဘူး လား"

"အဲဒီလိုကြီးတော့ နေလို့ မရဘူး လေ။ လူ့ဘဝကို ပြောင်းပြီး ပြန်ပါရစေ လို့ အကြီးအကဲတွေထံ ခွင့်ပန်ပြီး လူ ထဲ ဝင်စားပြီး နေကြရင် ရတယ်။ နှစ် စေ့တော့ ပြန်ခေါ်တာလည်း ရှိတာပေါ့"

မောင်မှတ်က စာရေးသူ ပြောနေ တာကို မျက်မှောင်ကလေး ကုပ်ပြီး နားထောင်ရာမှ သိချင်တာလေး ထပ် မေးလိုက်၏။

"ဆရာ တကယ်ကြုံဖူးလားဟင်။ တကယ်ရော တွေ့ဖူးလား"

"တွေ့ဖူးတယ်လို့လည်း ပြောလို့ ရတယ်။ ကြုံဖူးတယ်လို့လည်း ပြောလို့ ရတယ်။ ဆရာတို့နဲ့ တစ်နယ်တည်းသား ကိုလှကြိုင်ဆိုတာ ရှိတယ်။ သူ့မိန်းမက သထုံသူ။ မထွေးတဲ့။ သူတို့ မင်္ဂလာ ဆောင်ပြီး ကိုလှကြိုင်က သထုံလိုက် နေတယ်။ တိုတိုပြောရရင် အိမ်ထောင် ကျပြီး ၂နှစ်လောက်ကြာတော့ ကလေး တစ်ယောက်ရခဲ့တယ်။ အဲဒီမှာ ပြဿနာ တက်တော့တာပဲ။ မထွေးက သိုက်နန်း က လာတာတဲ့။ ကလေးတစ်ယောက် ရရင် ပြန်ခေါ်မယ်ဆိုပြီး လျှပြည်လွှတ် လိုက်တာဆိုပဲ။ အခု ပြန်ခေါ်တယ်ဆို ပါတော့ကွာ"

ပြောလက်စကို ရပ်လိုက်စဉ်··

"ဒီတော့ ဘာဖြစ်လဲ ဆရာ"

သိလိုဇောနှင့် မေးလိုက်၏။

"ကိုလှကြိုင်က မြေစာရင်းဌာန က လက်ထောက်ဦးစီးမှူး ဝန်ထမ်း တစ်ယောက်ဆိုတော့ ဝင်ငွေကလည်း သိပ်မရှိတော့ စိတ်ညစ်တာပေါ့။ ရှာဖြန် ပြီး ငွေရှာတယ်ဆိုပေမယ့်လည်း စိတ် သောကတော့ ဖြစ်ရတာပေါ့။ ဒါနဲ့ ဆရာ ကောင်းကောင်းနဲ့ (ချွတ်လွှဲ) လိပ်ပြာ ခွဲရင် လျှပြည်မှာ ဆက်နေရမယ်ဆိုတာ နဲ့ ကုသကြတယ်ဆိုပါတော့"

"ဘယ်···ဘယ်လိုနေလဲဟင်။ အဲဒီ ဒေါ်ထွေးကရော အသက်ဆက်ရှင် နေသလားဟင်"

မောင်မှတ်က အလောတကြီး မေးလိုက်သဖြင့် စာရေးသူ စကားကို ခေတ္တနားပြီး စားပွဲပေါ်မှ ရေနွေးကြမ်း ကို ငုံ့သောက်လိုက်၏။ ပြီးတော့မှ စကားဆက်လိုက်၏။

"အင်း··· မထွေးကတော့ အသက်မရှင်ဘူးလို့ ဆိုရမှာပဲ"

"ဟင်···ဆရာပြောတော့ ဆရာ နဲ့ လိပ်ပြာခွဲတယ်ဆို၊ မရဘူးလား"

"မရလို့ သေတာပေါ့ကွ။ သူတို့ လူလိုမှ မဟုတ်တာ။ တောင်းပန်လို့ လည်း မရဘူး။ ဒါကြောင့် လိပ်ပြာနတ် သွားတာ။ နောက်တော့လည်း ကို ကြိုင်ဟာ သမီးလေးတစ်ယောက်နဲ့



www.burmeseclassic.com

www.burmeseclassic.com

ရွာကို ပြန်ခဲ့တယ်။ သမီးလေးကို သူ့အမေဆီမှာ အပ်ပြီး ဘုန်းကြီးဝတ်သွားလေရဲ့"

မောင်မှတ်က နားထောင်နေရာမှ မကျေနပ်ဘဲ ပြန်မေးလိုက်၏။

"ဒါဆို လူ့ဘဝမှာ အသက်ရှည်ရှည် မနေရတော့ဘူးပေါ့နော်"

"အေး ဒါပေမယ့် တစ်ခုတော့ ရှိတယ်။ ဆရာတို့ ရွာနားက ဇုတ်ကလိဆိုတဲ့ ရွာမှာ တကယ့်အဖြစ်အပျက် တစ်ခု ပြောပြမယ်"

"လုပ်ပါဦး ဆရာ၊ ကျွန်တော် စိတ်ဝင်စားတယ်"

ပြောပြောဆိုဆို မောင်မှတ်က စာရေးသူအနားသို့ တိုးထိုင်လိုက်၏။

"ဆရာတို့ အထက်တန်းကျောင်းသားဘဝတုန်းက ဘကြီးရှိရာကို အလည်သွားရင်း ကြုံခဲ့ရတဲ့ အဖြစ်အပျက်ပေါ့။ အဲဒီရွာမှာ ဦးအေးမောင်၊ ဒေါ်ကျော့မေဆိုတဲ့ ဇနီးမောင်နှံတို့မှာ သားတစ်ယောက်ရှိတယ်။ မောင်သက်ထွေးတဲ့။ မြို့ကျောင်းမှာ ကျောင်းသွားထားတယ်။ ရွာရဲ့ အရှေ့ဘက်မှာ ဇုတ်ကလိတောင်ပေါ်ဘုရားရှိတယ်။ အဲဒီမှာ ဘုရားသိုက်ရှိတယ်။ ရေးတုန်းက စာဆိုတောင်ရှိတယ်ကွ။ "ဇုတ်ကလိတောင်ပြုရင် ကလေးငိုတောင် လှည့်မကြည့်နဲ့"တဲ့။ အဓိပ္ပာယ်ကတော့ သိုက်နန်းတွေ ပေါ်တော့ တောင်ပြိုရင် ရတနာတွေ တွေ့မယ်ပေါ့လေ။ သွားယူဖို့ ကလေးငိုတောင် လှည့်မကြည့်နဲ့ မြန်မြန်သွားဆိုတဲ့ သဘောပေါ့။

ဇုတ်ကလိတောင်ရဲ့ အနောက်ဘက်အခြမ်းမှာ ပင်လယ်ကမ်းခြေရှိတယ်။ ရွာက လူတွေကတော့ ပင်လယ်နီးတော့ ငါးရှာ ဖားရှာပြီး အသက်မွေးကြတယ်။ တစ်နည်းပြောရရင် ပင်လယ်ပျော်တွေပေါ့ကွာ။ ဒီလိုနဲ့ တစ်နေ့နွေရာသီ ကျောင်းပိတ်ရက်မှာ သက်ထွေး ရွာပြန်လာတယ်။ လူငယ်သဘာဝအတိုင်း သူငယ်ချင်းတစ်စုနဲ့ တောင်ပေါ်သွား၊ ဘုရားတက်၊ ညနေဘက်ဆိုလည်း ပင်လယ်ရေခင်းကူး၊ လှေစီး၊ ဒီလှိုင်းခံနဲ့ ပျော်နေတာပေါ့။

တစ်နေ့ညနေ တစ်ယောက်တည်း လှေစီးနေတုန်း မိန်းမချောလေးတစ်ယောက်နဲ့ တွေ့ဆုံခဲ့တယ်။ အသားအရေ ပြေပြစ်ချောမောလှပပုံကတော့ မြို့သူ ရှုံးလောက်တယ်။ ဆံပင်ကလည်း နက်မှောင်ပြီး ဒူးအောက်တံကောက်ကွေးထိ ရှည်တယ်။ ထူးခြားတာက စူးရှတဲ့ မျက်လုံးနဲ့ မျက်တောင်မခတ်ဘဲ စိုက်ကြည့်တတ်တယ်ဆိုတာပဲကွ"

◈◈◈

"မောင်ကြီး…လှေလိုက်စီးချင်တယ်၊ လိုက်လို့ရမလားဟင်"

မျက်လုံးရွဲကြီးနဲ့ စိုက်ကြည့်ပြီး ပြောလိုက်ပုံက မြင်ရသူကို ဘဝင်ခုလောက်အောင် ညှို့ဓာတ်ပြင်းတော့ သက်ထွေးလည်း ဘာမှမငြင်းဘဲ…

"လိုက်လေ၊ လိုက်လို့ရပါတယ်"

ပြောပြောဆိုဆို လှေကို ကမ်းကပ်ပေးလိုက်၏။ လှေပေါ်သို့ လေ၏ လျှပ်မြန်ခြင်းမျိုးဖြင့် ခွေ့ခနဲ တက်လိုက်ရာ လှေလူးသွားသဖြင့် သက်ထွေး ထိတ်လန့်သွားပြီး…

"ညီမ ထိုင်လိုက်၊ နို့မို့ လှေမှောက်သွားလိမ့်မယ်"

"ရပါတယ် မောင်ကြီးရဲ့ မြမျိုးက လှေကြုံလိုက်စီးနေကျပါရှင့်၊ ဟင်းဟင်း"

ရယ်ကျဲကျဲနှင့် ပြန်ပြောပြီး ထိုင်လိုက်ကာ လှေနံကို ကိုင်ထားလျက် မျက်လုံးရွဲကြီးနှင့် ကြည့်လိုက်ပုံက ပြစ်မျိုးမဲ့မထင်။ လှမျိုးယဉ်သူကလေး မို့ မျက်စိထဲက မထွက်နိုင်အော[...] သက်ထွေး ခံစားမှုသက်သွား[...] ၏။

"ဟိုး…ဆရာကြီး၊ လူကို ကြ[...] လှချည်လား။ လှေလော်တော့လေ [...] ချင်လှပြီ"

ဒီတော့မှ သက်ထွေးတစ်ယော[...] သတိရပြီး လှုပ်လှုပ်ရှားရှားဖြစ်[...] လှေကို ကုန်းလှော်တော့၏။ သူမ[...] တော့ ရေကို လက်ဖျားကလေး[...] ဆော့ကစားရင်း ပျော်နေပုံရ၏။

"ဪ…ဒါနဲ့ မောင်ကြီး[...] ဒီရွာမှာ တစ်ခါမှ မတွေ့ဘူးပါဘူး။ [...] သည်လားဟင်"

"ဧည့်သည်မဟုတ်ပါဘူး။ [...] ကပါ။ ငယ်ငယ်တုန်းကတော့ ဒီရွာ[...] နေတယ်။ လေးတန်းအောင်တော့ [...] တက် ကျောင်းနေတယ်။ အခု ကျော[...] ပိတ်လို့ ပြန်လာတာ။ ညီမကရော [...] ကပဲလား"

"ဟုတ်တယ်။ ဟိုး ဘုရား[...] မှာ နေတယ်။ ညနေဘက် ဖျင်[...] လှေကြုံလိုက်စီးတယ်။ တစ်ခါတ[...] လှည်းကြုံလိုက်စီးတယ်။ သိပ်ပျော်[...] ကောင်းတာ။ မောင်ကြီးရော မပျော်[...] လားဟင်"

အမှတ်မထင် မေးလိုက်သ[...] သက်ထွေး ရောယောင်ပြီး…

"ပျော်တာပေါ့၊ မောင်ကြီးလည်[...] ပျော်တာပေါ့"

အမှန်အတိုင်းပြောရရင် မျက်[...] စိမ်း မိန်းကလေးနှင့် လှေအတူစီးရ[...] အလိုလိုပျော်နေမိ၏။ တဖြည်းဖြည်[...] လှေလှော်ခဲ့ရာ ရွာနှင့်အတော်လှမ်း[...]

"ဪ…ညီမ၊ ဟို…မြ[...] နော်"

"ညီမနာမည်အပြည့်အစုံက [...] မျိုးနွယ်ပါ။ မြမျိုးလို့လည်း ခေါ[...]





www.burmeseclassic.com

www.burmeseclassic.com

ယ်။ မောင်ကြီးနာမည်ကရော"

"မောင်ကြီးနာမည်က သက်ပေါ့။ လမ်းမှာ တွေ့ရင် ခေါ်ပေါ့"

"ခေါ်ရှာင် မကာဘူး၊ ညနေတိုင်းမှာ လေ့လာစီးမယ်။ နောက်ပြီး ချာန်ဆီကို သွားချင်တယ်၊ လိုက်ပို့ခဲ့"

"ဟာ…ပို့မှာပေါ့။ ကဲ…ဒီနေ့ ဒီက လှည့်ပြန်ရအောင်၊ ရေ ာတော့မယ်"

"မောင်ကြီး…ဒီလိုင်းစီးဖူးလား"

"စီးဖူးတာပေါ့။ သိပ်ပျော်ဖို့ ကောင်းတာ။ နောက်နေ့ ဒီလိုင်းစီးကြ ရဲ"

"တကယ်လား"

"တကယ်မကာဘူး၊ နှစ်ကယ် ယ်"

"ဟေး…ဒါမှ ဦးမောင်ကြီးကွ။ ကောင်းလိုက်တာ…အဟိ"

ကလေးတစ်ယောက်လို ခုံလက်ခါးတီးပြီး လက်ညှိုးလေး ကာ ပြုံးပြုံးလေး ပြောလိုက်ပုံက ထွေးအတွက် ဒီတစ်သက် မမေ့ ရာ သင်္ကေတတစ်ခု။ အသည်း အကွဲ့ာတင်သွားတော့၏။

သက်ထွေးတစ်ယောက် လေ့ ရင်း သက်ပြင်းအခါခါချမိတော့

"ဘာလဲ…မောင်ကြီးက မြမျိုး လိုက်စီးလို့ စိတ်ညစ်ပြီး သက်ပြင်း တာလား"

"မဟုတ်ရပါဘူး မြမျိုးရယ်။ အခု လေ့စီးရတာ စိတ်မညစ်တဲ့ ပြင် ပျော်တောင် ပျော်သေးတယ်"

ပြောပြောဆိုဆိုနဲ့ ပြန်လာခဲ့ရာ ဆိပ်အရောက်တွင် ကုန်းပေါ်တက် …

"အခုလို လေ့စီးခွင့် ပြုတဲ့ အတွက် မောင်ကြီးကို ကျေးဇူးတင်ပါတယ်။ နောက်နေ့မှ ပြန်ဆုံကြတာပေါ့ နော်၊ သွားပြီ"

လက်ပြ နှုတ်ဆက်ကာ ဘုရားကုန်းဘက် လျှောက်သွားရင်း မြင်ကွင်းက ပျောက်ကွယ်သွားတော့၏။ သက်ထွေးသည် မည်မျှကြာကြာ လက်ပြနှုတ်ဆက်နေမိသည် မသိ၊ နေမင်းကြီးလည်း ဝင်နေတာအတွက် လက်ပြနှုတ်ဆက်သလို ပုစွန်ဆီရောင်သမ်းပြီး ဝင်ရောက် ပျောက်ကွယ်သွားတော့၏။ ထိုအခါမှ သက်ထွေးသည် သတိရပြီး သက်ပြင်းရှည်ကြီး ချကာ ရင်မောစွာဖြင့် အိမ်သို့ ပြန်ခဲ့တော့၏။

အိမ်သို့ ရောက်သော် ခြေလက်ဆေးပြီး အိပ်ရာထဲ တန်းဝင်သွားသည့် သားကို တွေ့ရသော မိခင် ဒေါ်ကျော့မေက စိုးရိမ်စွာဖြင့် သားထံ လာမေး၏။

"သား…ရေမချိုးတော့ဘူးလား၊ ထမင်း တော့လေ"

"သား နည်းနည်းစိမ့်နေလို့၊ ရေမချိုးတော့ဘူး။ ထမင်းလည်း မဆာလို့ မစားတော့ဘူး။ အိပ်တော့မယ်"

သက်ထွေးတစ်ယောက် အမူရုပ်ကို ဟန်လုပ်ပြီး ပြောနေပေမယ့် မိခင်ဖြစ်သူကတော့ မသိရှာပေ။

"ဒါဆိုလည်း အိပ်ရေးဝဝအိပ်လိုက်။ ရေပြောင်း မိုးပြောင်းနဲ့ ဖျားတတ်တယ်"

သက်ထွေး တစ်ညလုံး အိပ်မပျော်ဘဲ လူးကာလွန့်ကာဖြင့် ညနေက လေ့အတူစီးခဲ့ကြတဲ့ မိန်းမချော လေးကို ပြန်မြင်ယောင်ပြီး ရင်မောနေမိသည်။

သူမရဲ့ အပြော၊ သူမရဲ့ အပြုံး၊ ဟန်အမူအရာတွေက မျက်စိထဲက မထွက်။ နှုတ်ဆက်ပြန်သွားတော့လည်း ရင်ထဲမှာ ဟာ့တာတာနဲ့ တစ်မျိုးကြီး ခံစားနေရ၏။

◆◆◆

တစ်ညလုံး အတွေးနယ်ချဲ့နေမိသည့်အတွက် အိပ်ရာထ နေမြင့်သွား၏။ မျက်နှာသစ်၊ ရေမိုးချိုးပြီး မိခင်ဖြစ်သူ ဒေါ်ကျော့မေ ပြင်ထားပေးသော နံနက်စာကို စားပြီး မြမျိုးနွယ်ကို သတိရနေသဖြင့် ရွာထိပ်သို့ ထွက်လာခဲ့၏။

ဘုရားကုန်းမှာ နေတယ်လို့ ပြောသွားတာကြောင့် တွေ့လို တွေ့ငြား ထွက်လာခဲ့၏။ ဘုရားကုန်းက ရွာနှင့် နည်းနည်းလှမ်းတော့ ပတ်ဝန်းကျင်ကို အကဲခတ်ရင်း ညောင်ပင်ရိပ်တွင် ထိုင်နားလိုက်၏။ ခဏအကြာတွင် စူးရှတဲ့ ရနံ့တစ်ချက်ရပြီး…

"မောင်ကြီးရောက်နေတာ ကြာပြီလားဟင်။ ဘယ်က လှည့်လာတာလဲ"

ပြုံးပြုံးလေးပြောရင်း မျက်လုံးရွဲကြီးနှင့် စိုက်ကြည့်လိုက်သဖြင့် သက်ထွေးရင်ထဲ လှုပ်ခတ်သွားတော့၏။

"မကြာသေးပါဘူး။ ဟို…မြမျိုးကို သတိရတာနဲ့ ဒီဘက်ကို လျှောက်ခဲ့တာ။ လာ…ထိုင်လေ"

ပြောပြောဆိုဆို ညောင်မြစ်ပေါ် ထိုင်ရာက နေရာရွှေ့ပေးလိုက်၏။ မြမျိုးနွယ်လည်း သက်ထွေးဘေးတွင် အသာ ဝင်ထိုင်လိုက်၏။

လေပြည် လေညင်းကလေး လှုပ်ခတ်လိုက်တော့ မြမျိုးနွယ်၏ နဖူးမှ ဆံနွယ်စလေးက ယိမ်းကသွားသလို မြမျိုးရဲ့ ကိုယ်သင်းရနံ့ကလေးက သက်ထွေးရဲ့ ဘဝင်နှလုံးကို သိမ်းကျုံးကိုင်လှုပ်လိုက်သလို ခံစားနစ်မြောသွား၏။ ရင်ထဲကလည်း တလှုပ်လှုပ်နှင့်။

"အို…လှလိုက်တဲ့ မိန်းကလေးရယ်။ ဟိုဘဝက ဘာတွေ အကြောင်းပြုပြီး ဘာဆုတွေများ တောင်းခဲ့သလဲကွယ်…ဟင်"

www.burmeseclassic.com

သက်ထွေးတစ်ယောက် သက်ပြင်းကိုသာ အခါခါချမိတော့၏။

"သက်ပြင်းချလှချည်လား မောင်ကြီးရယ်။ လှကို ကြည့်နေလိုက်တာလည်း စားတော့ ဝါးတော့မလိုဘဲ။ မြမျိုးတောင် ရှက်လာပြီ…ဟင်းဟင်း"

မှုန့်နှံ့လေး ပြောလိုက်ပုံက သက်ထွေး၏ စိတ်ကို ဆွပေးလိုက်သလိုဖြစ်သွားပြီး…

"မြမျိုးက သိပ်လှတော့ မျက်စိအောက်က ပျောက်သွားမှာစိုးလို့ ကြည့်နေမိတာပါ"

"တကယ်"

မြမျိုးနွယ်က မယုံသလို ပြောလိုက်စဉ်…

"တကယ်ပါ မြမျိုးရယ်။ ဟိုလေ အစ်ကို မြမျိုးကို စားစားသွားသွား အမြဲသတိရနေတယ်။ ညကလည်း တစ်ညလုံး အိပ်လို့ မရဘူး။ မြမျိုးကိုပဲ မြင်ယောင်နေတယ်၊ မေ့လို့လည်း မရဘူး။ အဲဒါ ဘာဖြစ်လို့လဲဟင်"

သက်ထွေးက မရဲတရဲနှင့် မေးလိုက်၏။

"သိဘူးလေ"

ရှက်စနိုးနှင့် ခေါင်းကလေး ငုံ့ပြီး လက်ကလေးကို ကိုက်ကာ ဖြေလိုက်၏။

"တကယ်မသိဘူးလား။ အစ်ကိုလေ မြမျိုးကို သိပ်ချစ်တာပဲ"

"ရှင်…"

မြမျိုးနွယ်က ရုတ်တရက် ကြားလိုက်ရတော့ မျက်နှာကလေး နီမြန်းသွား၏။

"ဘာလဲ၊ အစ်ကို့ကို စိတ်ဆိုးသွားလား။ တကယ်ပါ၊ အစ်ကို မြမျိုးကို သိပ်ချစ်တယ်ကွယ်"

ပြောပြောဆိုဆို မြမျိုးနွယ်၏ ကိုယ်လေးကို ရင်ခွင်ထဲ ဆွဲဖက်ထားလိုက်၏။ နှစ်ဦးသား အချစ်စိတ်ကြောင့် ရင်ခုန်သံ စည်းချက်မှန်သွားတော့၏။ တစ်ဦးကို တစ်ဦး အပြန်အလှန်ဖက်ထားရာက သတိဝင်လာသူက မြမျိုးနွယ်။ သာသာလေး ရုန်းထွက်လိုက်၏။

"စိတ်မဆိုးပါနဲ့ မြမျိုးရယ်၊ အစ်ကိုလေ သတိလက်လွတ်ဖြစ်သွားတယ်"

"ရပါတယ် မောင်ကြီးရယ်။ မြမျိုးလည်း မောင်ကြီးလိုပဲ ညက တစ်ညလုံး အိပ်လို့ မရဘူး။ ဘဝက ရေစက်ကြောင့်ပဲ ထင်ပါတယ်။ မြမျိုးလည်း မောင်ကြီးကို ချစ်ပါတယ်"

"ဟား…ဝမ်းသာလိုက်တာ မြမျိုးရယ်"

သက်ထွေးတစ်ယောက် မြမျိုးနွယ်၏ ကိုယ်လုံးကလေးကို ရင်ခွင်ထဲ ထွေးပွေ့ထားလိုက်စဉ် မြမျိုးနွယ်က လည်း အလိုက်သင့် ပြန်လှန်ဖက်ထားလိုက်တော့၏။

◈◈◈

အချိန်တို့က ကုန်မြန်သလို ထင်ရ၏။ ထိုအချိန်တွင် လယ်ထဲက ပြန်လာသော ဦးအေးမောင်၏ သူရင်းငှားကိုတာတီးက ညောင်ပင်အောက်တွင် တစ်ယောက်တည်း စကားပြော၍ ရယ်မောနေသော သက်ထွေးကို တွေ့လိုက်ရ၏…

"မောင်သက်ထွေး…မင်းတစ်ယောက်တည်း စကားပြော ရယ်မောနေတာ တွေ့ရတော့ အရူးတစ်ယောက်နဲ့ တူလိုက်တာ။ ဘယ်သွားမလို့လဲ၊ ပြန်မယ်ဆိုလည်း လာလေကွာ"

သူခိုး လူမိသလို ဖြစ်သွားသော သက်ထွေးက…

"ဘယ်မှ မသွားပါဘူး။ ပျင်းလို့ တစ်ယောက်တည်း ဒီမှာ လာထိုင်နေတာပါ။ ကိုတာတီး သွားနှင့် ကျွန်တော် နောက်မှ လိုက်ခဲ့မယ်"

"ဟြော်…အေးအေး စော
ပြန်နော်။ ဒီနေရာက လူပြတ်တယ်

ကိုတာတီးက ပြောပြီး သ
ထွေးကို နားမလည်သလို ကြည့်
ထွက်သွားတော့၏။

သက်ထွေးနှင့် မြမျိုးနွယ်
နှစ်ယောက် မျက်စိအောက်
အပျောက်မခံနိုင်အောင် တစ်ဦးသ
ကို တစ်ဦးဆုပ်ထားပြီး မခွဲနိုင်အေ
ဖြစ်နေကြ၏။ နေမင်းကြီးလည်
အနောက် ဂေါ်ရာကျွန်းဆီမှ မိုး
စက်ဝိုင်းအတွင်း ငုပ်လျှိုး ကွယ်ပျေ
သွား၏။

"ကဲ…မိုးချုပ်တော့မယ်။ အစ်
ပြန်တော့မယ်နော်။ မနက်ဖြန် လို
ရအောင် လှေဆိပ်မှာ စောင့်နေ
လာခဲ့နော်"

"ဟုတ်"

ခေါင်းကလေး ညိတ်ကာ
မြ နှုတ်ဆက်ရင်း ဘုရားကုန်းဘ
ထွက်ပြေး ပျောက်ကွယ်သွားတေ
သက်ထွေးလည်း သက်ပြင်းချ
လေးတွဲ့သော ခြေလှမ်းများနှင့် ရွာ
သို့ ပြန်ခဲ့လေတော့၏။

◈◈◈

နောက်ရက်များတွင် မိုးလင်
နှင့် နံနက်စာစားပြီး မြမျိုးနွယ်နှင့်
လှေဆိပ်မှာ လှိုင်းစီး၊ ဘုရားကုန်
ညောင်ပင်အောက်မှာ ထိုင်ပြီး
စကားတွေ မနားတမ်း ပြောကြ
တစ်နေ့ကုန်လေ၏။ သက်ထွေ
လှေဆိပ်မှာ တွေ့ရ၊ လှေတစ်စ
လှိုင်းစီးနေတာ တွေ့ရ၊ ညော
အောက်မှာ တစ်ယောက်တည်း စ
တွေပြော၊ ရယ်မောနေတာတွေ
များတော့ တစ်စတစ်စနှင့်
သဖြင့် ဦးအေးမောင်နှင့်ဒေါ်ကြေ

www.burmeseclassic.com

www.burmeseclassic.com

ကို သိသွားတော့၏။

မနက်မိုးလင်းက ထွက်သွား၊ ညနေမှ ပြန်လာ၊ မေးတော့လည်း ရေရေရာရာမရှိ။ သက်ထွေး မှုပျက်နေတာကြာပြီ။ မိဘများကလည်း အလုပ်တွေနှင့် သက်ထွေးကို ဂရုမစိုက်မိပေ။ ကြာတော့ စိတ်ပူလာတော့၏။

"အဖေကြီး…သားကို သတိထားမိရဲ့လား။ အိမ်ကပ်တယ်ကို မရှိဘူး။ နည်းနည်းပါးပါး သတိထားပြီး လိုက်ကြည့်ဦး"

ဒေါ်ကျော့မေ ပြောသောကြောင့် ဦးအေးမောင် သက်ထွေးနောက်သို့ ယောင်မလည် လိုက်ချောင်းရာ ညောင်ပင်အောက်၌ တစ်ယောက်တည်း စကားပြောနေတာကို တွေ့ရတော့ အများပြောတာ မှန်လေမလား။ တစ်နေ့တော့ ဦးအေးမောင် သက်ထွေးကို မေးကြည့်၏။

"သား…တစ်နေ့လုံး ဘယ်တွေသွားနေတာလဲ။ ကျောင်းအားရက်မှာ တစ်နေ့တလေ နားပါဦး သားရယ်"

သက်ထွေးကို အကဲခတ်သလို ကြည့်ပြီး မေးလိုက်၏။

"သား ဘယ်မှမသွားပါဘူး။ သူငယ်ချင်းတစ်ယောက်ဆီ သွားတာပါ။ ညနေ ပျင်းတဲ့အခါ လေ့လိုက်စီးတယ်လေ"

"သားသူငယ်ချင်းက ယောကျ်ားလေးလား၊ မိန်းကလေးလား"

ဖခင်၏ အမေးစကားကြောင့် သက်ထွေး ဖြေရန် ခက်ခဲသွား၏။

"ငါ့အကြောင်းတွေ အဖေသိနေလား မသိဘူး"ဟု စိတ်ထဲက တွေးနေစဉ်၏။ ထိုအချိန်တွင် ရွာထဲမှ ပြန်လာသော ဒေါ်ကျော့မေက လှမ်းမေးလိုက်၏။

"ဒီသားအဖ ဘာတွေများ ပြောနေကြတာလဲ"

ဟု ပြောပြောဆိုဆိုဖြင့် ဦးအေးမောင်အနားတွင် ထိုင်လိုက်ပြီး…

"မင်းသားကို မေးကြည့်နေတာ၊ တစ်နေကုန်သွားပြီး ညနေမှ ပြန်လာ။ အဲဒါကို မေးတာ။ ဝေ့လည်ကြောင်ပတ် ဖြေနေတယ်လေ"

"ဟာ…အဖေကလဲဗျာ၊ သူငယ်ချင်းဆီ သွားပါတယ်လို့ ပြောနေတာကို။ ဘာလဲ…မယုံဘူးလား။ မယုံလည်း မတတ်နိုင်ဘူးဗျာ"

ဟု ပြောပြီး ဆောင့်ကြီးအောင့်ကြီးနှင့် ထွက်သွား၏။ ဦးအေးမောင်လည်း ဒေါသထွက်ပြီး…

"တယ်လေ…ငါ့ မင်းသားတွေလား။ မိဘက စိတ်ပူလို့ မေးတာကို ဘုဆတ်ဆတ်နဲ့"

"ကိုအေးမောင်ရယ်၊ ရှင့်မလဲ ဒေါသကြီးပဲ။ ကျုပ် ချော့ပြီး မေးပါဦးမယ်"

"အခု မင်းသားလေ သူများတွေ ပြောသလို တစ်ယောက်တည်း စကားပြောတယ်။ ဘုရားကုန်းက ညောင်ပင်အောက်မှာ တစ်ယောက်တည်း စကားပြောလိုက်၊ ရယ်လိုက်နဲ့ ငါတွေ့ခဲ့တယ်။ ကြည့်လည်း လုပ်ဦး။ တော်ကြာ ရူးသွားလိမ့်မယ်၊ ဟင်း…"

"ဟောတော်…"

ဒေါ်ကျော့မေခမျာ သောကကို ရင်မှာ ပိုက်ပြီး ရယ်ရမလို၊ ငိုရမလိုဖြစ်ပြီး ကျန်ခဲ့၏။

"မဖြစ်ပါဘူး။ သားလေးကို ဒီအတိုင်း လွှတ်ထားလို့တော့ မဖြစ်တော့ဘူး"

အဲဒီနေ့က စပြီး သက်ထွေး တစ်ယောက် အပြင်မထွက်ရအောင်နှင့် တွေ့တော့၏။ သွားနေကျ နေရာတွေနှင့် မြမျိုးနွယ်၏ မျက်နှာလေးကို တရေးရေးမြင်ယောင်နေမိ၏။ မစားနိုင် မအိပ်နိုင်၊ တမှိုင်မှိုင် တတွေတွေနှင့်။ ကြာတော့ လူပါ ထိခိုက်လာတော့သည်။ ဒေါ်ကျော့မေမှာတော့ တစ်ဖက်က လင်ယောကျ်ား၊ တစ်ဖက်က သား။ ဘယ်လိုလုပ်ရမှန်းတောင် မသိတော့ပေ။ တချို့ကလည်း ပယောဂ ထိထားတယ်။ တချို့ကျတော့လည်း ဘုရားကုန်းမှာ ဥစ္စာစောင့်ရှိတယ်၊ သိုက်နန်းရှင်တွေနဲ့ ပတ်သက်နေတယ်၊ စသည့် အရပ်ပြောကြောင့် ရတက်မအေးနိုင်ပေ။

ကံအကြောင်းအားလျော်စွာ ဌေးစွန်ပါမှ ဆရာ သိန္ဒိအောင် ရောက်နေကြောင်း။ ပယောဂ ကုရာတွင် တော်ကြောင်း သတင်းရသဖြင့် ဆရာ သိန္ဒိအောင်နှင့် သွားရောက် စုံစမ်းခဲ့၏။

"ဆရာ…ကျွန်မသားလေးကို ကယ်ပါဦး။ ဘုရားကုန်းမှာ တစ်ယောက်တည်း စကားပြောတယ်၊ ရယ်တယ်၊ ထမင်းမှန်း ဟင်းမှန်းလည်း မသိတော့ဘူး။ လူလည်း တဖြည်းဖြည်း ပိန်လိုလာတယ် ဆရာရယ်။ ကျွန်မသားလေး ရေတိမ်နစ်တော့မယ် ထင်တယ်။ ဟီးဟီး…"

ဒေါ်ကျော့မေလည်း ဆရာ သိန္ဒိအောင်ကို ပြောပြပြီး ငိုချလိုက်ပါတော့သည်။

"အင်း…သားသမီးဇော တအားကြီးမောနေပါပေါ့လား။ မပူပါနဲ့၊ ကျုပ်နှမကြီးရာ၊ ကယ်တဲ့ရှိရင် ကယ်ရမှာပေါ့။ ဒီအတိုင်းဆိုရင် သိုက်နန်းရှင်တွေနဲ့ ပတ်သက်နေပြီ"

"ဟင်…ကျွန်မသားလေးကို ကယ်ပါဦး ဆရာရယ်။ အိမ်ကိုလည်း ကြွပါ။ ပင့်ပါတယ်"

◈◈◈

နောက်နေ့တွင် ဒေါ်ကျော့မေ



www.burmeseclassic.com

www.burmeseclassic.com

ဘုရားခန်း၌ ဆရာ သိဒ္ဓိအောင် အလုပ်ရှုပ်နေတော့၏။ ပွဲစုံထိုးထားပြီး ဖယောင်းတိုင်၊ အမွှေးတိုင် ထွန်းထား၏။

"ကဲ…အိမ်သားတွေအားလုံး ခေါ်လိုက်"

ဦးအေးမောင်၊ ဒေါ်ကျော့မေ၊ သက်ထွေးအပြင် သူရင်းငှား တာတီးတို့ ပါဝင်လာပြီး ထိုင်လိုက်ကြ၏။ လူစုံသည်နှင့် ဆရာ သိဒ္ဓိအောင်က သစ္စာဆိုလိုက်တော့သည်။

"ကျွန်ုပ်သည် မှတ်မိသည့်အရွယ်က စပြီး သူတစ်ပါးအသက်ကိုလည်း မသတ်ပါ။ သူ့ပစ္စည်းကိုလည်း မခိုးပါ။ သူ့အိမ်ရာကိုလည်း မပြစ်မှားပါ။ အရက်သေစာလည်း သောက်စားခြင်းမှ ရှောင်ကြဉ်ခဲ့ပါသည်။ ကျွန်ုပ်တတ်ထားသော ပညာနှင့် သတ္တဝါ ဝေနေယျများအား မေတ္တာဖြင့် ကယ်တင်ခဲ့ပါသည်။ မိမိပညာနှင့် သူတစ်ပါးအပေါ် အနိုင်အထက်ပြုခြင်း၊ နှိပ်စက်ခြင်း မပြုခဲ့ပါ။ ဆိုခဲ့သောသစ္စာ မမှန်ကန်ပါက ဆရာအဆက်ဆက် သောက်ထားသော အင်း-စမတို့သည် ဓားလုံလက်နက်အဖြစ် ပေါက်ထွက်ပါစေသား။ ထိုမှတစ်ပ သွေးပွက်ပွက်အန်ပါစေသား။ ကျွန်ုပ်သစ္စာ မှန်ကန်ပါက ခုနစ်ရက်သားသမီးအပေါ် ရေပေး ဆေးဖြစ်ရပါလို၏။ ယခု ခံစားနေရသော သောကြာသား၏ သွေးပယောဂ၊ လေပယောဂ၊ အမှောင့်ပယောဂတို့သည် ကင်းစင်လွင့်ပျောက် ချမ်းသာခြင်းရောက်ရပါစေသတည်း"

ဆရာ သိဒ္ဓိအောင်မှ ထိုသို့သစ္စာဆိုလိုက်ပြီး…

"ကဲ…သောကြာသားကို နှောင့်ယှက်ထားတာရှိရင် အခုလာခဲ့ ဝင်ခဲ့ပါ"

ဆရာ သိဒ္ဓိအောင်မှ ခေါ်လိုက်တယ်ဆိုရင်ပဲ ဖြန်းဆို သက်ထွေးထိုင်ရာက လဲကျသွားတော့၏။ ဒေါ်ကျော့မေမှာ မျက်လုံးပြူး မျက်ဆန်ပြူးနှင့်…

"သားလေး ခုကွပါပဲ လုပ်ပါဦး ဆရာ၊ ခေါ်လို့လည်း မရပါလား"

"အသာနေ ကျူပ်နမကြီး။ ပယောဂ ဆိုတာ လာလိမ့်မယ်"

ထိုစဉ် သက်ထွေးက သတိပြန်ရပြီး ပုဆစ်တုပ်ထိုင်ကာ…

"သမီးတို့ရဲ့ ချစ်ခြင်းကို မခွဲပါနဲ့ ဆရာကြီးရယ်။ တောင်းပန်ပါတယ်။ မောင်ကြီးနဲ့ မခွဲနိုင်ဘူး။ သမီးတို့က ချစ်သူတွေပါ ဆရာကြီးရယ်"

"မင်းတို့က ဘယ်ကလဲ၊ ဘာကြောင့် သောကြာသားကို နှောင့်ယှက်ထားတာလဲ"

"နှောင့်ယှက်တာ မဟုတ်ပါဘူး။ သမီးတို့က မြန်နဲ့ ရွှေ သိုက်နန်းကပါ။ ဟိုးဘဝတွေထဲက ချစ်သူတွေပါ။ ဒါကြောင့် သမီးတို့ချစ်ခြင်းကို မခွဲပါနဲ့ ဆရာကြီးရယ်"

လက်အုပ်ကလေးချီပြီး တောင်းပန်ရှာ၏။

"ဘယ်ဖြစ်မလဲ၊ မင်းက သိုက်နန်းရှင်၊ သူက လူသား။ ဘယ်ပေါင်းလို့ဖြစ်မလဲ။ မဖြစ်နိုင်တာကို မလုပ်ချင်ပါနဲ့"

"သမီးတို့က လိပ်ပြာချင်းဆက်၊ စိတ်ချင်းဆက်နေပါပြီ ဆရာကြီးရယ်။ သမီးတို့ကို ချမ်းသာပေးပါနော်"

သက်ထွေးကို ပင်ပူးပြီး လက်အုပ်ကလေးချီကာ ခယယ တောင်းပန်နေသည်မှာ သနားစရာကောင်းလှ၏။ သို့သော် ဆရာ သိဒ္ဓိအောင်က လူသားနှင့် သိုက်နန်းရှင် မဖြစ်နိုင်ကြောင်း၊ ဒါကြောင့် မနှောင့်ယှက်ရန် တရားချနေ၏။ ဒီလိုနှင့် တစ်ရက် နှစ်ရက် ချော့မော့ တရားချနေခဲ့၏။ သုံးရက်မြောက်နေ့တွင် သိဒ္ဓိအောင် ဆုံးဖြတ်လိုက်၏။

"လိပ်ပြာခွဲမယ်၊ သိုက်ကြိုးဖြတ် မယ်"

◈◈◈

ဆရာ သိဒ္ဓိအောင်လက်တွင် ကိုင်ထားသော သစ္စာရေဖြင့် သက်ထွေး အား သောက်စေ၏။ လိပ်ပြာကြိုး လိပ်ပြာပွဲဖြစ်သော ငှက်ပျောသီး၊ အုန်း သီး ကန်တော့ပွဲအပေါ် အနီအဖြူ နှစ်ချောင်း တန်းလန်းဆွဲထားပြီး လိပ် ပြာခေါ်လိုက်၏။

"ကဲ…သောကြာသား လိပ်ပြာ ရောက်ရာအရပ်၊ နားခိုရာအရပ်အပြင် အရပ်ဆယ်မျက်နှာတွင် စိတ်လွင့်ကာ ခရီးလွန်ကာ ပြန်လည်မလာသိ၊ သတိကင်း ကွာ၊ နှောင့်ယှက်ထားပါက မကြာ ချက်ချင်း အနှောင့်အယှက်ကင်းကွာ လာခဲ့ပါလော့။ ဟေ့…ဟေ့…ချဉ်ခြေ ချဉ်။ ကပ်ခြောကပ်"

သိဒ္ဓိအောင် မန်းမှုတ်ပြီး လိပ်ပြာ ကြိုးကို လှမ်းကြည့်ရာ အနည်းငယ် လှုပ်လာပြီး ရပ်တန့်သွားပြန်၏။

"ဟေ့…ဟေ့၊ လာလော့… လာလော့။ အနှောင့်အယှက်ကင်းကင်း နဲ့ လာခြင်းကို လိုလား၏။ နွားခြေရာ ခွက်၊ ကျွဲခြေရာခွက်ထဲပါ မှားယွင်း ရောက်သွား၊ လိပ်ပြာများပါမကျန် ဤ ဆရာထံ အရောက်ပြန်လာလော့"

ဆရာ သိဒ္ဓိအောင်က ကြမ်းပြင် ကို လက်နှင့် ခေါက်ပြီး ခေါ်လိုက်ရာ လိပ်ပြာကြိုးနှစ်ချောင်း သက်ဝင် လှုပ် ရှားလာတော့၏။

"ကြမ်းကြမ်းလွှဲစမ်း၊ လွှဲပါတော့ လား။ ဟုတ်ပြီ ပူးပါတော့လား ပူးစမ်း"

လိပ်ပြာကြိုးနှစ်ချောင်းလွှဲရာက



www.burmeseclassic.com

www.burmeseclassic.com

[ ]သွားတော့ သက်ထွေးလည်း ထိုင်ရာ
[ ]မှ ဖြုန်းဆို လဲကျသွားတော့၏။
[ ]ဒေါ်ကျော့မေလည်း ထိတ်လန့်ပြီး…
"လုပ်ပါဦး ဆရာရယ်၊ လုပ်ပါဦး"
"ဘာမှမဖြစ်ဘူး၊ လိပ်ပြာခေါ်နေ[ ]တာ၊ မကိုင်နဲ့၊ အသာကြည့်နေ"
ပူးသွားသော လိပ်ပြာကြိုးကို [ ]အရဆုပ်ကိုင်ထားပြီး ဦးအေးမောင် [ ]ကို မေးလိုက်၏။
"ဖြတ်လိုက်ရတော့မလား"
"ဖြတ်လိုက်တော့"
သုံးကြိမ်မေးပြီး လိပ်ပြာကြိုးကို [ ]နှင့် ဖြတ်လိုက်ရာ သွေးတွေ ထွက်[ ]လာသည်ကို အံ့သြစွာ တွေ့လိုက်ရ[ ] သည်တော့မှ သက်ထွေးလည်း [ ]သတိရလာကာ…
"ဟင်…မေမေ၊ သား ဘာဖြစ်[ ]လဲဟင်"
ဒီတော့မှ ဒေါ်ကျော့မေလည်း စိတ်သက်သာရာ ရသွားပြီး…
"သားလေး…သားလေးရယ်၊ ဘာမှမဖြစ်တော့ဘူးနော်"
ဆရာ ဒသိန္နအောင်ဘက်သို့လည်း လှည့်ပြီး…
"ကျေးဇူးတင်လိုက်တာ ဆရာရယ်၊ သားလေးကို ဆရာပေးတဲ့ အသက်ပဲ ရှိတော့တယ်ရှင်"
သက်ထွေးကို ကြင်ကြင်နာနာ ယုယုယယဖြင့် ရင်ခွင်ထဲ ထွေးပွေ့ထား လိုက်တော့၏။

◈◈◈

ပြောသမျှကို မျက်မှောင်ကလေး ကုပ်ပြီး စိတ်ဝင်တစား နားထောင်နေသော မောင်မှတ်တစ်ယောက် ငြိမ်နေရာမှ သက်ဝင်လှုပ်ရှားလာပြီး…
"ဆရာ…ဒါနဲ့ သက်ထွေးရော နောက် ဘာဖြစ်သေးလဲ၊ မြို့မျိုးနွယ်က ရော လာမနှောင့်ယှက်တော့ဘူးလား။ ဆရာပြောတာ နားထောင်ရတာ ရင်ကို မောနေတာပဲ"
"ဆရာနဲ့ လိပ်ပြာခွဲလိုက်(သိုက်ကြိုးဖြတ်လိုက်) မှတော့ ဘယ် လာနှောင့်ယှက်မလဲ၊ သက်ထွေးလည်း ကျန်းကျန်းမာမာနဲ့ ပညာတတ်ကြီးဖြစ်ပြီး အရာရှိကြီးတောင် ဖြစ်သွားသတဲ့"
"အင်း…နားထောင်ရတာ စိတ်ဝင်စားစရာကောင်းလိုက်တာ၊ ကဲ… ဆရာ ပြန်လိုက်ပါဦးမယ်၊ ကျွန်တော့်ကို ခွင့်ပြုပါဦး"
နှုတ်ဆက် ထွက်ခွာသွားသော မောင်မှတ်၏ နောက်ကျောကို ကြည့်ပြီး…
"လောကကြီးမှာ မင်း မသိသေးတာတွေ အများကြီး…အများကြီး" ■

* * *

မြင့်မိုရ်စွေ(ရာမည)


## ဆရာ ဦးပိုင်ဇအောင် (ဝိဇ္ဇာဘွဲ့) (လက္ခဏာဗေဒင်ဟောခန်း)

- မိမိချစ်ခင်နှစ်သက်သူနဲ့ အမြန်ဆုံး အတူနေရဖို့။
- မချစ်မနှစ်သက်သူနဲ့ မပေါင်းသင်းရဖို့။
- မိမိချစ်သူ၊ မိမိအိမ်ထောင်ဖက် သွားလေရာ မိမိကို အပါခေါ်သွားစေဖို့။
- သူ့ရာထူးရှိသမျှ ငွေကြေးဥစ္စာ မိမိကိုသာ အကုန်ပြန်အပ်နှံစေဖို့။
- မိမိချစ်သူ၊ အိမ်ထောင်ဖက်က မိမိကို အမြန်ဆုံး ပြန်ခေါ်စေဖို့။
- အဆက်အသွယ်ပြတ်နေသူနဲ့ အမြန်ဆုံး အဆက်အသွယ်ပြန်ရဖို့။
- ငါ့မိကို အဆက်အသွယ် အမြန်ဆုံး ပြန်လုပ်ဖို့။

(နည်းလမ်းကောင်းရှိပါတယ်)

## ဆရာကြီး ဦးပိုင်ဇအောင် (ဝိဇ္ဇာဘွဲ့)(လက္ခဏာဗေဒင်ဟောခန်း)

ဟောခန်းလိပ်စာ - တိုက်(၄၀)၊ (B-1)-မြေညီထပ်၊ မဟာမြိုင်အိမ်ရာ၊
ဦးဝိစာရလမ်း၊ (၄၁)ရပ်ကွက်၊ မြောက်ဒဂုံ။
- ၀၉-၇၃၁၄၇၀၂၄၊ ၀၉-၅၀၉၃၈၉၁၊ ၀၉-၂၅၀၇၇၃၆၃၆




www.burmeseclassic.com

www.burmeseclassic.com



# ပဲခူးမြို့မှ ရှေးဟောင်းသမိုင်းဝင်

# မဟာစေတီတော်မြတ်ကြီး

မြမဥ္ဇူဝေ (ကျုံမငေး)


သာသနာနှစ် ၂၅၀၀ ကျော်ကာလတွင် ဗုဒ္ဓဘာသာ သာသနာ၏ အမွေခံ စေတီ၊ ဘုရားများသည် ပုံဟန်သဏ္ဌာန် အမျိုးမျိုးဖြင့် များစွာတည်ရှိ စံပယ်နေပြီးဖြစ်ပါသည်။ စေတီတည်ထားမှုများ ကွာခြားသော်လည်း စေတီတစ်ဆူ၏ ရှိအပ်သော အစိတ်အပိုင်းများကို ပြည့်စုံစွာ တည်ထားရှိကြပါသည်။

အများအားဖြင့် စေတီများသည် ပစ္စယံသုံးဆင့်မှ ငါးဆင့်အထိ ရှိတတ်ကြ၏။ ပုဂံခေတ်နောက်ဆုံးလက်ရာ မင်္ဂလာစေတီသည် ပစ္စယံငါးဆင့်တည်ထားပြီး မင်းကွန်းမြသိန်းတန်စေတီသည် ပစ္စယံအစား အာလိန် (၇)ဆင့်ဖြင့် တည်ထားသော စေတီဖြစ်ပါသည်။ ဤကဲ့သို့ ပုံဟန် ထူးခြားစွာ တည်ထားသော စေတီဘုရား များသည် မြန်မာနိုင်ငံအတွင်းမှ များ စွာသော စေတီဘုရားများထဲ၌ တည် နေပါသည်။

ထိုကဲ့သို့ ပုံဟန်ထူးသော စေ ဘုရားမှာ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့ "မဟာစေတီ"ဖြစ်ပါသည်။ မဟာစေ ကဲ့သို့ ဘွဲ့မည်တူ ပုံဟန်စေတီများလည်

www.burmeseclassic.com

www.burmeseclassic.com



ပါသည်။ သို့ ပါ၍ လေ့လာလိုက်သောအခါ မြန်မာနိုင်ငံမှ
ကိုင်းမြို့၊ ထိုင်းနိုင်ငံ ဇင်းမယ်မြို့၊ သီရိလင်္ကာနိုင်ငံ
တွင်လည်း တည်ရှိ ကိန်းဝပ်နေပါသည်။

ပဲခူးမြို့မှ မဟာစေတီသည် ဗုဒ္ဓဘုရားရှင်၏ သရီရ
တ်တော်များကို ဌာပနာ၍ တည်ထားသည်ဟု ကြားဖူး
ရှိခဲ့ရာမှ၊ ယခုနှစ် နွေရာသီတွင် ပဲခူးမြို့သို့ ဘုရားဖူး
ရန် အကြောင်းဆုံလာသောကြောင့် မဟာစေတီသို့
ရောက်ဖူးမြော်ခဲ့ရပါသည်။


ဘုရားဖူးရင်း လေ့လာမေးမြန်းလိုက်သောအခါ မဟာ
တီကြီးသည် အမြင့်ဥာဏ်တော် (၃၃၃)ပေမြင့်ပြီး အဝန်း
၀၀ ဖြင့် စည်မျက်နှာပြင်ကဲ့သို့ ညီညာပြန့်ပြူး၍ စတုရန်းပုံ
တိုင်းဝန်းရံလျက် ဧက (၆၀)ကျော် ကျယ်ဝန်းသော
ပြင်တွင် တည်ရှိ ကိန်းဝပ်နေပါသည်။

မဟာစေတီတော်ကြီးတွင် အာလိန် ၈ဆင့်၊ ကြည်ဝန်း
ဆင့်၊ ခေါင်းလောင်းတော်ကြီး၊ ဖောင်းရစ် ၅ရစ်၊ ကြာမှောက်
ပ်၊ အထက်ရွှဲ ကြာလှန် ၃ထပ်၊ ငှက်ပျောဖူး၊ ထီးတော်၊
မြတ်နား၊ စိန်ဖူးတော် စသည်ဖြင့် အဆင့်ဆင့်တည်ထား
သာ စေတီဖြစ်ပါသည်။ စေတီတော်ကြီးတွင် ထူးခြားမှု
ချက်ရှိပါသည်။ ထိုထူးခြားချက်များမှာ -

* ပထမ ထူးခြားချက် - ပစ္စယံအဆင့်များ၊ အာလိန် အဆင့်များ တည်ရှိနေမှု၊
* ဒုတိယ ထူးခြားချက် - အာလိန်နှင့် ကြည်ဝန်း ဆက်သွယ်ထားမှု၊
* တတိယ ထူးခြားချက် - နတ်လေှကား၊ ပြာသာဒ်နှင့် တံတိုင်းများ ကာရံထားမှု၊
* စတုတ္ထ ထူးခြားချက် - အဆင့်ဆင့်တည်ထားမှု မြန်မာပန်းတမော့ လက်ယာများ ပြောင်မြောက်မှု၊
* ပဥ္စမ ထူးခြားချက် - ဗုဒ္ဓဝင် ရုပ်လုံးရုပ်ကြွများ၏ ထူးခြားမှု၊
* ဆဋ္ဌမ ထူးခြားချက် - ဟင်္သာရုပ်၊ လင်းမြီးခွဲရုပ်၊ ကြက်ရုပ်၊ ကြက်တူရွေးရုပ်များဖြင့် တံခွန်တိုင်တည်ထားမှု...

ဟူသော ထူးခြားချက် (၆)ချက်ကိုလည်း တွေ့ရမှာ ဖြစ်ပါသည်။


စေတီတော်ကြီး၏ မူလ ဒါယကာမှာ ဒုတိယ မြန်မာနိုင်ငံကြီးကို ထူထောင်ခဲ့သော ဟံသာဝတီ ဆင်ဖြူများရှင် ဘုရင့်နောင်မင်းတရားကြီး ဖြစ်ပါသည်။ မင်းကြီးသည် ဟံသာဝတီရွှေနန်းကို သိမ်းပိုက်ပြီး ၇နှစ်အကြာတွင် မဟာစေတီကြီးတည်ရန် ကြိုးစားခဲ့၏။ သက္ကရာဇ် ၉၂၁ခုနှစ်တွင် စတင်ခဲ့ရာ အချိန်ကာလ (၆)လကြာခဲ့၏။





www.burmeseclassic.com

www.burmeseclassic.com



စေတီတော်ကြီးတွင် သရီရဓာတ်တော်များ များစွာ ဌာပနာပြုထားသည်ကိုလည်း ဤသို့ မှတ်သားခဲ့ရပါသည်။

(၁) ရွှေအဆင်းနှင့် တူသော ဓာတ်တော် ၆၀ ဆူ။

(၂) ပုလဲအဆင်းနှင့် တူသော ဓာတ်တော် ၈၂၁၈ ဆူ။

(၃) မြတ်လေးပုံအဆင်းနှင့်တူသော ဓာတ်တော် ၁၂၉၁၆ ဆူ။

စုစုပေါင်း ၂၁၁၉၄ ဆူဖြစ်သည်။

ထိုဓာတ်တော် (၂၁၁၉၄) ဆူကို ပတ္တမြားစေတီတွင် ထည့်သွင်းတော်မူ၏။ ပတ္တမြားစေတီကို ရွှေစေတီမျိုပြီး ရွှေစေတီကို မိုးကြိုးစေတီမျိုးစေ၏။ မိုးကြိုးစေတီကို ငွေစေတီမျိုစေပြီး ငွေစေတီကို ကြေးနီစေတီမျို၍ ဌာပနာသွင်းတော်မူခဲ့ပါသည်။

မဟာစေတီကြီးတွင် ထီးတော်တင်လှူမှုများနှင့် ဒါယကာကို စုံစမ်းမှတ်သားလိုက်သောအခါ၌လည်း ဤသို့ တွေ့ရပြန်ပါသည်။

**ပထမအကြိမ် ထီးတော်တင်ခြင်း**

ဟံသာဝတီ ဆင်ဖြူများရှင် ဘုရင့်နောင်မင်းတရားကြီးသည် မူလပထမ ဒါယကာဖြစ်ပြီး၊ စေတီတော်ကြီး တည်ထားပြီး တစ်နှစ်ကျော်ကြာမှ ရွှေထီးတော်တင်နိုင်ခဲ့ပါသည်။

**ဒုတိယအကြိမ် ထီးတော်တင်ခြင်း**

သက္ကရာဇ် ၉၂၈ ခုနှစ်၊ တပေါင်းလဆန်း ၅
သောကြာနေ့တွင် ဘုရင့်နောင်မင်းတရားကြီးမှ ထီး
အသစ်ကို တင်လှူခဲ့၏။

**တတိယအကြိမ် ထီးတော်တင်ခြင်း**

ဘုရင့်နောင်မင်းတရားကြီး၏ သားတော် နန္ဒ
သည် သက္ကရာဇ် ၉၅၀ ခုနှစ်၊ ဝါဆိုလဆန်း ၁၁ရက်၊ စ
တွင် စေတီတော်ကြီး၏ ထီးတော်အသစ်ကို တင်လှူ

**စတုတ္ထအကြိမ် ထီးတော်တင်ခြင်း**

ဘုရင့်နောင်မင်းတရားကြီး၏ မြေးတော် မဟာဓမ္မ
ဘွဲ့ခံ အနောက်ဘက်လွန်မင်းသည် သက္ကရာဇ် ၉၇
တပေါင်းလပြည့်နေ့တွင် ထီးတော်နှင့် ၁၃နှစ်ကြာ
နေသော မဟာစေတီကြီး၏ ထီးတော်ကို အသစ်တင်လှူ
သည်။

**ပဉ္စမအကြိမ် ထီးတော်တင်ခြင်း**

အင်းဝဘုရင် မင်းရဲကျော်စွာ၏ တာဝန်ပေးမှုဖြင့် ပ
ဝတီအခွန်ဝန် သီဟယောဓာသည် သက္ကရာဇ် ၁၀၂
ဝါဆိုလဆန်း ၈ရက်၊ အင်္ဂါနေ့တွင် မင်းကိုယ်စား ထီး
အသစ် တင်လှူခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



**ဥ္စမအကြိမ် ထီးတော်တင်ခြင်း**

သက္ကရာဇ် ၁၂၄၄ ခုနှစ်တွင် အာတ်ဖိုဆရာတော်ကြီး
၏ တပည့်ကြီး ဦးဝါယမသည် ပျက်စီးယိုယွင်းနေသော
ဟာစေတီတော်ကြီးကို အရပ်ရပ်ပြုပြင်ရင်း ထီးတော်လည်း
သစ်တင်လှူခဲ့ပါသည်။

ဤသို့ဖြင့် စေတီတော်ကြီးအဖို့ နှစ်ကာလ ကြာလာ
ည်နှင့် ယိုယွင်းပျက်စီးမှုများ ရှိလာသောကြောင့် ထီးတော်
ည်း ၆ကြိမ်တိုင် လစ်လပ်မှု ရှိသည်ကို ဖြည့်ဆည်းလဲလှယ်
သည်မှာ သဘာဝဘေးဖြစ်သော ငလျင်ဘေးကြောင့်လည်း
၏။ ထို့ကြောင့် ငလျင်ဘေးသင့်မှုကိုလည်း လေ့လာလိုက်
သာအခါ...

**ထမအကြိမ် ငလျင်ဘေး**

သက္ကရာဇ် ၉၂၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၉ရက်၊
ဒ္ဓဟူးနေ့တွင် လှုပ်ခဲ့သော ငလျင်ဘေးကြောင့် မဟာစေတီ
ကြီး ပြိုကျခဲ့ရ၏။

**တိယအကြိမ် ငလျင်ဘေး**

သက္ကရာဇ် ၉၄၄ ခုနှစ်၊ သီတင်းကျွတ်လဆန်းတွင်
ှုပ်ခဲ့သော ငလျင်ဘေးကြောင့် ထီးတော်ပြိုကျခဲ့၏။

**တတိယအကြိမ် ငလျင်ဘေး**

သက္ကရာဇ် ၁၀၅၈ ခုနှစ်၊ တပေါင်းလဆန်း ၆ရက်၊
တနင်္လာနေ့တွင် လှုပ်ခဲ့သော ငလျင်ဘေးကြောင့် မဟာစေတီ
၏ ထီးတော်ရိုး ကျိုးခဲ့၏။

**စတုတ္ထအကြိမ် ငလျင်ဘေး**

သက္ကရာဇ် ၁၁၉၂ ခုနှစ်၊ ကဆုန်လဆန်း ၅ရက်၊
တနင်္လာနေ့တွင် လှုပ်ခဲ့သော ငလျင်ဘေးကြောင့် သံထည်
ထီးတော်ကြီး ရင်ပြင်တော်ပေါ်သို့ ပြိုကျခဲ့ရ၏။

ဤသို့ဖြင့် သဘာဝဘေးသင့်ခြင်း၊ နှစ်သက်တမ်း
ကြာလာခြင်းများကြောင့် စေတီတော်ကြီးသည် ဟောင်းနွမ်း
လာခဲ့ရ၏။ ပြုပြင်သူ ဝေးကွာနေခဲ့ရသောကြောင့် ချုံနွယ်များ
ပင် ဖိတ်ဖုံးနေခဲ့ရ၏။ သို့သော် စေတီတော်ကြီးအား ပြုပြင်
ထိန်းသိမ်းမည့်သူများ ထပ်မံ ပေါ်ပေါက်ခဲ့ရပြန်ပါသည်။ သို့
ပါ၍ ပြုပြင်မှုများဖြင့် စေတီတော်ကြီး ပြန်လည်တင့်တယ်
လာခဲ့ရသည်။ ယနေ့ယခု စာရေးသူတို့ ဖူးမြော်ရသော ပုံဟန်
များသည် သစ်လွင်တောက်ပသော အနေအထားနှင့် ဖူးတွေ့
ရကြောင်း ဝမ်းသာစကား ဆိုရမည်ဖြစ်ပါသည်။

အသစ်တည်ထား ဖြည့်စွက်မှုများနှင့်အတူ လူ့ခြား



www.burmeseclassic.com

www.burmeseclassic.com


ဖူးမြင်ကြရဦးမည့် အဆောက်အဦနှစ်ခုမှာ "မဟာအာနု
ကျောက်စေတီ"နှင့် "ဂဝံအာရုံခံ တန်ဆောင်းတော်ကြီ
ဖြစ်ပါသည်။ ကျိုက်ထီးဆောင်းအငွေ့အသက်များ ဖြစ်နေ
မေးမြန်းမိသောအခါ ထိုအဆောက်အဦနှစ်ခု၏ အလှူ
ဒါယကာမှာ ဆံတော်ရှင် သာသနာပြု ဆရာတော်တစ်
ဖြစ်သော အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညာ
အရှင်မြတ်ဖြစ်ပါသည်။ ထူးခြားမြင့်မြတ်သော ဤသာသ
မြေမြတ်တွင် ထူးခြားမြင့်မြတ်မှု ဆင့်ပွားရှိနေခြင်းမှာ ဂုဏ်
စရာ၊ ကြည်နူးဝမ်းမြောက်စရာဖြစ်နေပါသည်။ ဒါယကာ
ကာသိုလ်ရှင်၊ အလှူရှင်များ၏ စေတနာဒါနစွမ်းအားထူးမျာ
လည်း သာဓုအခါခါခေါ်ခဲ့မိပါသည်။ ■


* * *

မြမဥ္ဇူဝေ(ကျုံမော

ရှိငြမ်း

- စာရေးသူ၏ (၂၄-၅-၂၀၁၃)၊ ကဆုန်လပြည့်နေ့၌ ပဲခူး
  တွင်း ဘုရားဖူးမှတ်တမ်း။
- ပဲခူးမြို့ မဟာစေတီတော်မြတ်ကြီးသမိုင်းအကျဉ်း (စာ
  တော် မင်းဘွား-နဝဒေး (လက်ဝဲမင်းညို)။
- ဒေသခံ မိတ်ဆွေများ၏ မှတ်တမ်းပြု ဆိုစကားများ







www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

"ပုဏ္ဏက တိုက်တာတဲ့ဟေ့"

အဲဒီစကားကို အရင်တုန်းကသာ ကြားရင် ကျွန်တော် မယုံပါဘူး။ လုံးဝ လက်မခံပါဘူး။ ဟားတိုက်ရယ်ပစ် လိုက်မှာပါပဲ။ ပြောတဲ့သူကို အားနာလို့ မရယ်ရင်တောင် ပြုံးမိမှာတော့ သေချာ တယ်။

ခုတော့ ကျွန်တော် တကယ်ယုံ ပါပြီ။ ဘာလို့ဆိုတော့ ကျွန်တော့်ကိုယ် တွေ့ ဖြစ်လို့ပါပဲ။

◈◈◈

ကျွန်တော် ဘွဲ့ရတော့ သိပ္ပံဘွဲ့နဲ့။ ကျောင်းဆရာ စ,လုပ်တော့ မူလတန်း ပြဆရာ။ နောက်တော့ အလယ်တန်းပြ ဆရာ။ ခုတော့ အထက်တန်းပြဆရာ ဖြစ်နေတာ ကြာပါပြီ။

ဘာမဆို ကျွန်တော်က လက် တွေ့မှ ယုံခဲ့တာ။ ဥစ္စာစောင့်ဆိုတာက မိန်းမချောချောလှလှတဲ့။ အဲဒီ ဥစ္စာ စောင့်တွေကို သူတို့ကိုယ်တိုင် မြင်ဖူး တာတဲ့။ လသာညမှာ ဘယ်ဘုရား စေတီနားက ထွက်လာတာ၊ ဆံပင်တွေ အရှည်ကြီးကို ဖြန့်ထားတာ၊ ချောင်းရိုး ထဲကို ရေအိုးကိုယ်စီနဲ့ ရေဆင်းခပ်ကြ တာ၊ ဥမ္မာဒန္တီမင်းသမီးရဲ့ ဆံပင်အလှကို စာဆိုတော်ကြီး ဦးပုန်းက "ဖြေသော် ပျံ့တက်၊ ဖနောင့်ထက်ဝယ်၊ ကော့နက် တောင်ပံ၊ ပိတုန်းပျံသို့" လို့ ဖွဲ့ဆိုထား တာမဟုတ်လား။ ဥစ္စာစောင့်တွေရဲ့ ဆံပင်အလှကိုသာ ဆရာပုန်းကြီး မြင် တွေ့ရရင် ဘယ်လိုစာဖွဲ့မလဲ မသိဘူး။ အဲဒီလို ဥစ္စာစောင့်တွေကို မြင်တယ်ဆို တဲ့ သူငယ်ချင်းတွေက ကျွန်တော့်ကို ဥစ္စာစောင့်နဲ့ ပတ်သက်လို့ ညွှန်းကြတာ။ သူတို့ ဘယ်လောက်ညွှန်းညွှန်း ကျွန် တော် မယုံပါဘူး။

"မင်းတို့ ငါ့ကို ဥစ္စာစောင့် တစ်ယောက်လောက် ပေးတွေ့ပေးပါ။ ဒါဆို ငါယုံမယ်"ဆိုတော့ သူတို့ပါးစပ် တွေ သော့ခတ်ကုန်ကြရော။

အပေါင်းအသင်းတချို့ကတော့ တစ္ဆေ သရဲနဲ့ ပတ်သက်လို့ ပြောဖူး တယ်။

"သိပ်ကြောက်စရာကောင်းတာပဲ။ အသားတွေက မည်းမည်းနက်နက်နဲ့၊ လက်တွေ ခြေတွေကလည်း အရှည် ကြီး။ ကိုးရိုးကားယားနဲ့။ နားရွက်ကြီး တွေက ဆန်ကောလောက်၊ မျက်လုံး တွေက ဟောက်ပက်၊ ပြူးထွက်နေတဲ့ သရဲတွေ တစ္ဆေတွေလည်း ရှိတယ်။ ကလေးတွေ သေလို့ဖြစ်တဲ့ မှင်စာ လေးတွေဆိုတာလည်း ရှိတယ်"တဲ့။

အဲဒီတော့ ကျွန်တော်က…

"မင်းတို့ အဲဒီ တစ္ဆေ သရဲ တစ်ကောင်လောက် ငါ့ကို ပြပေးနိုင် မလား"

လို့ မေးတော့ သူတို့က…

"မင်းကွာ…ကတ်ကတ်သတ် သတ်မေးတယ်" တဲ့။

အဲဒီလို ကျွန်တော် မယုံခဲ့တာ အလယ်တန်းပြဆရာကနေ အထက် တန်းပြဆရာလုပ်သက် တစ်နှစ်နီးပါးရ တဲ့အထိ။

◈◈◈

အလယ်တန်းပြဆရာ ကာလ ဆုံးတဲ့ အချိန်ထိ ကျွန်တော်က တော လက်ဒေသ ကျေးရွာတွေက မူလတန်း ကျောင်းတွေနဲ့ အလယ်တန်းကျောင်း တွေမှာ ရှိခဲ့တာ။ ပညာပို့ချခဲ့တာ။ အထက်တန်းပြဆရာ ရာထူးတိုးတော့ တောမြို့လေးကို ရောက်လာပြီ။

တောမြို့လေးလို့ ပြောတာက အဲဒီအချိန်ကာလတုန်းက မြို့တွင်းသွား ကားတွေ မရှိလို့။ ဆိုက်ကားတွေ၊ ဆိုင်ကယ်တွေ မရှိလို့။ အဲဒီတုန်း… ရန်ကုန်သွားရ ပြန်ရတာတောင်မှ … လမ်းတစ်လမ်းတည်းကိုသာ အား… ခဲ့ရတာ မဟုတ်လား။

ကျောင်းသွား ကျောင်းပြ… ကျွန်တော်ဖြတ်သန်းသွားရတဲ့ အိမ်… ထဲမှာ အဲဒီ ပုဏ္ဏကအတိုက်ခံရတဲ့ အိ… ဆိုတာ ပါတယ်။ အဲဒီအိမ်က လမ်း… လေးခွမှာ ရှိတယ်။ လမ်းလေးခွမှာ … တဲ့ အိမ်လေးအိမ်ထဲက တစ်အိမ်…

အိမ်ရှင်ဖြစ်တဲ့ အိမ်ထောင်ဦး… အမျိုးသားကြီးကတော့ မရှိရှာတော့… ဘူး။ အဲဒီအချိန်မတိုင်မီ နှစ်ပေါင်းများ… စွာကတည်းက ကွယ်လွန်ခဲ့ပြီးပါပြီ… ဇနီးသည်ကတော့ သမီးနှစ်ယောက်… သမီးတစ်ယောက်က ကျောင်းဆရာမ… တစ်ယောက်က ဆရာဝန်မ။ ဆရာဝန်… ဆိုပေမယ့် ဆေးရုံမှာ တာဝန် မထမ်း… ဆောင်ရသေးပါဘူး။ မြို့လေးရဲ့ လူစည်… ကားတဲ့ အဓိက လမ်းမကြီးဘေး… အိမ်တစ်အိမ်ကို ငှားပြီး ကိုယ်ပိုင်ဆေး… ခန်းဖွင့်နေတဲ့ အချိန်ပါ။ ကျောင်းဆရာမ… ကတော့ နယ်မှာ တာဝန်ကျနေ… တယ်။

ဆရာဝန်မက သူ့ကိုယ်ပိုင်ဆေး… ခန်းမှာ သူနဲ့ အဖော်ရအောင်၊ သူ့… အကူအညီပေးရအောင် ကောင်မလေး… တစ်ယောက်ကို အကူအညီတောင်းပြီး… ခေါ်ထားတယ်။ ကောင်မလေးလို့ ပြော… တာက အလွန်ဆုံးမှ အသက် ကိုးနှ… ကျော်လို့ ဆယ်နှစ်ထဲ ဝင်ရုံကလေးဖြ… လို့။

အဲဒီကလေးမလေးရဲ့ တာဝန်က… ဆေးခန်းကို နံနက် ၇နာရီအရောက်… လာ၊ ဆရာဝန်မက ဆေးခန်းတံခါး… သော့ဖွင့်ပေး၊ ကောင်မလေးက ဆေး… ခန်း သန့်ရှင်းရေးလုပ်၊ စားပွဲနဲ့ ထိုင်… တွေ၊ လူနာစမ်းသပ်ခုတင်တွေ သန့်…

www.burmeseclassic.com

ချင်းရေးလုပ်၊ ဆရာဝန်မနဲ့ အတူတူ ဆေးခန်းပိတ်ပြီးချိန်အထိ ရှိနေ မုန့်စားတာ၊ လက်ဖက်ရည်သောက်တာ၊ နေ့က်စာ၊ ညစာစားတာပါ ဆရာဝန်မနဲ့ အတူတူ။ အိပ်တော့ ကောင်မလေးက သူ့အိမ်ကို သူပြန်အိပ်၊ ကောင်မလေး ထိုင်သားစုက လူများတယ်။ ဆရာဝန်မ ရဲ့ အိမ်နဲ့ ကောင်မလေးရဲ့ အိမ်က တော်တော်ဝေးတယ်။ ဆေးခန်းက တော့ အဲဒီအိမ်နှစ်အိမ်ရဲ့ အလယ် လောက်မှာ။

အိမ်အပြန် ညနေဆို ကောင်မလေးကို ဆရာဝန်မက အမြဲတမ်း တစ်နေ့ သုံးလေးထောင်ပေးတယ်ဆိုတဲ့ စကားကိုလည်း ကျွန်တော် ကြားဖူးခဲ့ပါ တယ်။

◈◈◈

တစ်နေ့တော့ ဆရာဝန်မက ကောင်မလေးကို မှာတယ်တဲ့။

"ညီမလေး… နင့် ငါတို့အိမ်မှာ လာညလာအိပ်နိုင်မလား"

ဆိုတော့ ကောင်မလေးက…

"ဘာဖြစ်လို့လဲ ဆရာမ"

"ငါ ကိစ္စရှိလို့ ရန်ကုန်ကို နှစ်ည အိပ်သွားရမယ်။ အိမ်မှာ အမေ တစ် ယောက်တည်းကျန်နေမှာစိုးလို့။ ညီမ လေးကို အကူအညီတောင်းတာ"

လို့ ဆရာဝန်မက ပြောတော့…

"ကျွန်မ အမေတို့ကို ပြောပြီး လာအိပ်ပေးပါ့မယ်"

အဲဒီလိုနဲ့ အဲဒီ ကောင်မလေးက သူ့မိဘတွေကို ပြောပြီး ဆရာဝန်မတို့ အိမ်မှာ အဲဒီညကတည်းက လာအိပ် တာ။ ဒါပေမယ့် အိပ်ဖို့ လာတဲ့ ည တောင် မရောက်သေးဘူး ညနေ ၆နာရီ ခွဲကျော်ကျော်လောက်ကတည်းက အဲဒီအိမ်ကို ခဲပေါက်ခံရတာပါပဲ။ ခဲ ပေါက်ခံရတဲ့အချိန်က မီးထွန်းချိန်

ရောက်နေပြီ၊ နေဝင်ပြီးနေပြီ။ ပေါက် တဲ့ ခဲက ကျစ်စာခဲသေးသေးလေးတွေ။

ဆရာဝန်မတို့ အိမ်ရှေ့မျက်နှာ စာကို ကာထားတာက သံဆန်ခါနဲ့။ သံဆန်ခါကွက်အသေးလေးတွေနဲ့။ အလယ်မှာ ဆန်မန်းပေါက်ပေါက်ကြဲ သလို၊ ပန်းကြဲသလို ကျစ်စာခဲလေး တွေ အိမ်ထဲဝင်လာတာ။

ဖိနပ်ချွတ်လည်း ဖိနပ်ချွတ်မို့၊ ဧည့်ခန်းလည်း ဧည့်ခန်းမို့၊ အိပ်ခန်း လည်း အိပ်ခန်းမို့၊ ထမင်းစားခန်း လည်း ထမင်းစားခန်းမို့ အိမ်ပြင်ကနေ အိမ်ထဲကို ကျစ်စာခဲတွေ ပစ်သွင်း သလို တဖြောဖြောဝင်လာကြတာ။

ပထမတော့ အိမ်ရှင်အမျိုးသမီး ကြီးက သည်းခံပါသေးတယ်။ အိမ်က ပြောခဲ့သလို၊ လမ်းလေးခွဆိုင်ဆိုတော့ လမ်းနှစ်ဖက်နဲ့ သိပ်မဝေးဘူး။ မှောင်နေ ပြီ။ လမ်းထိပ် စာတိုက်ရဲ့ မီးလုံး အလင်းရောင်က သိပ်မရှူဘူး။ အားသိပ် မပြင်းဘူး။ ဒါပေမယ့် အိမ်ရှေ့မှာ၊ ဒါမှ မဟုတ် အိမ်ဘေးမှာ လူတစ်ယောက် ထိုင်နေပြီး ကျစ်စာခဲတွေ ပစ်သွင်းနေ တာဆိုရင် မြင်ရမှာ သေချာတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဆရာဝန်မရဲ့ အိမ်ထဲက မီးရောင်က အိမ်ပြင်ကို ဖြန့် ထွက်နေတာဆိုတော့။ ပြီးတော့ အိမ် ရှေ့နဲ့ အိမ်ဘေးနှစ်ဖက်မှာ အလုစိုက် ထားတဲ့ ပန်းဆိုလို့ ပုဏ္ဏရိက်ပင်လေး တွေပဲ ရှိတာ။ အဲဒါလည်း ကျိုးတိုး ကြဲတဲပဲ။

အိမ်ရှင် အမျိုးသမီးကြီးက တစ်မိနစ် တစ်ကြိမ်လောက် အိမ်ထဲ ရောက်လာတဲ့ ကျစ်စာခဲတွေကို ကောင်မလေးနဲ့အတူ ကောက်ပြီး အိမ် ပြင်ကို လွှင့်ပစ်လိုက်၊ အိမ်ပြင်က အိမ် ထဲကို ပြန်ပစ်နဲ့။ ကြာတော့ အိမ်ရှင် အမျိုးသမီးကြီးက စိတ်ဆိုးပြီး…

"အိမ်ကို ခဲတွေနဲ့ မပစ်ကြပါနဲ့။ ဒီအိမ်က မင်္ဂလာဆောင်အိမ် မဟုတ်ပါ ဘူး"

လို့ အော်တော့တာပါပဲ။ ဒါပေ မယ့် ကျစ်စာခဲလေးတွေကတော့ ဝင် လာမြဲ။ အိမ်အပြင်က အိမ်ထဲကို ပစ် သွင်းနေတုန်း။ ဒါကြောင့် အိမ်ရှင် အမျိုးသမီးကြီးက…

"အိမ်ထဲကို ခဲတွေနဲ့ ပစ်သွင်းတာ ရပ်ပါ။ မရပ်ရင် ရဲစခန်းတိုင်မယ်"

လို့ အော်ပြန်တာပေါ့။ ဒီတော့မှ လမ်းထိပ်က မီးကင်းတဲကို ရောက်နေ တဲ့ လူတွေနဲ့ ရပ်ကွက်ထဲက အိမ်နီး ချင်းတွေ၊ ရပ်ကွက်အတွက် တာဝန်ရှိ သူတွေ ရောက်လာပြီး စောစောက သူတို့ သတိမထားမိတဲ့ အကြောင်း၊ ဘာဖြစ်တာလဲဆိုတာ မေးကြတယ် လေ။

ဘာဖြစ်တာလဲဆိုတာ အိမ်ရှင် အမျိုးသမီးကြီးကတောင် အဖြေမပေး ရသေးပါဘူး၊ အိမ်ထဲ ဝင်လာတဲ့ ကျစ် စာခဲလေးတွေကို မြင်တာနဲ့ သတင်းမေး လာသူတွေ သိသွားကြပါတယ်။

ရပ်ကွက် မီးကင်းစောင့်တဲ့ထဲမှ လူကြီးတစ်ယောက်က…

"ဟေ့… ခဲနဲ့ ပေါက်နေတာ ဘယ်သူတွေလဲ၊ ရပ်"

လို့ အသံမာမာနဲ့ အော်ပြီး သတိပေးနေပေမယ့်လည်း အိမ်ပြင်က ဝင်လာတဲ့ ကျစ်စာခဲတွေကတော့ ဝင် လာနေတုန်းပဲ။ ဒီတော့ ရပ်ကွက်လူ ကြီးက…

"ခဲနဲ့ ပစ်တဲ့သူတွေကို တွေ့ အောင်ရှာပြီး ဖမ်းကြ"

လို့ အမိန့်ပေးတာနဲ့ လက်နှိပ် ဓာတ်မီးတဝင်းဝင်းနဲ့ အိမ်ရှေ့ လမ်းဘေး ဝဲယာတွေမှာရော၊ အိမ်အောက်မှာရော ဘေးအိမ်တွေရဲ့ အိမ်ရှေ့တွေ အိမ်



www.burmeseclassic.com

www.burmeseclassic.com

အောက်တွေ၊ အိမ်ပေါ်တွေ၊ အပေါ်ထပ်တွေ၊ အောက်ထပ်တွေသာမက၊ အိမ်ခေါင်မိုးတွေပေါ်နဲ့ အုန်းပင်တွေ၊ သရက်ပင်တွေ၊ မာလကာပင်တွေအထိ တက်ရှာကြတာပေါ့။

ရှာတဲ့သူတွေက ရှာနေတုန်း၊ ပစ်တဲ့သူတွေကလည်း အိမ်ထဲကို ပစ်နေတုန်း။ အိမ်ထဲကလည်း အိမ်ပြင်ကို ပြန်ပစ်နေရတုန်း။ ဆူညံနေတာပါပဲ။ ခွေးတွေကတောင် ဆူလို့၊ ဟောင်လို့။

အိမ်ရှင် အမျိုးသမီးကြီးက ရပ်ကွက်လူကြီးကို တိုင်ပါတယ်။

“ကျွန်မတို့ တစ်အိမ်ကျော်က လူငယ်လို့ ထင်တယ်။ အခု သူ့ကို မတွေ့ရဘူး။ တစ်နေရာကနေ သူ ခဲနဲ့ ပစ်နေတာ ဖြစ်ရမယ်။ သူက သမီးတို့ကို နောက်ပြောင်ခဲ့ဖူးလို့ သူ့ကို ရဲလက် အပ်ချင်ပါတယ်”

အဲဒီအချိန်မှာ အဲဒီ လူငယ်ကလည်း တကယ်ပဲ အိမ်မှာ ရှိမနေပါဘူး။ သူက လူပျိုလူရွယ်ဆိုတော့ အပြင်ထွက် သွားလာနေတုန်းဖြစ်မှာပေါ့။

လူငယ်ရဲ့ မိဘတွေကလည်း သူတို့ရဲ့ သား မလုပ်ရကြောင်း၊ ခဲနဲ့ မပစ်ရကြောင်းကို ရှင်းပြပါတယ်။

ဒီအချိန်မှာပဲ တိုက်တိုက်ဆိုင်ဆိုင် အဲဒီလူငယ်က အိမ်ကို ပြန်လာတယ်။

“မင်း ဘယ်သွားနေတာလဲ”

သူ့အဖေက မေးတော့ လူငယ်က မြို့ထဲ လက်ဖက်ရည်ထွက်သောက်တာတဲ့။

ဒါကို ခဲနဲ့ အပစ်ခံနေရတဲ့ အိမ်ရှင်အမျိုးသမီးကြီးက မကျေနပ်ဘူး။ ရပ်ကွက်လူကြီးက လူငယ်ကို ဖမ်းမချုပ်ထားရင် ရဲစခန်းသွားပြီး တိုင်မယ်တဲ့။

ဒါနဲ့ပဲ ရပ်ကွက်လူကြီးက အဲဒီ လူငယ်နဲ့ လူငယ်ရဲ့ မိဘတွေကို နားလည်အောင် တိုးတိုးပြောပြီး အိမ်ရှင် အမျိုးသမီး စိတ်ကျေနပ်အောင် လူငယ်ကို ရဲစခန်းခေါ်ပြသွားရတယ်။ ပိုရောက်တော့ စခန်းမှူးကို ပြောပြီး သူနဲ့ ရင်းနှီးတဲ့ ဒုမြို့နယ်မှူးအိမ်မှာ တစ်ည အိပ်ပေးပါလို့ မေတ္တာရပ်ခံရတယ်။ လူငယ်ရဲ့ မိဘတွေကလည်း လူယဉ်ကျေးတွေ ဖြစ်သလို၊ လူငယ်ကလည်း ပျော်ပျော်နေတတ်တာက လွဲရင် မိုက်မဲရမ်းကားသူ မဟုတ်ပါဘူး။



ဒါပေမယ့် လူငယ် ရဲစခန်းက ဒုမြို့နယ်မှူးအိမ်မှာ တစ်ညအိပ်လည်း အဲဒီအိမ်က ကျစ်စာခဲတွေနဲ့ အပစ်ခံနေရတုန်း။ လူငယ် ပြန်ရောက်လာတော့လည်း အပစ်ခံနေရတုန်းပါပဲ။

အဲဒီမှာ လူငယ်ရဲ့ ဒေါသကလည်း မီးဟုန်းဟုန်းနဲ့။

“ခဲနဲ့ ပေါက်တဲ့ကောင်ကို မိရင် ငါကိုယ်တိုင် လက်သီးနဲ့ မျက်နှာကို တစ်ဝကြီးထိုးမယ်”

လို့ ကြိမ်းဝါးတယ်။ သူကလည်း ဘယ်ကျေနပ်မလဲ၊ ရဲစခန်းမှာ အပြစ် မရှိဘဲ နေခဲ့ရတာကို။

◈◈◈

ကျစ်စာခဲနဲ့ ပေါက်တာက ည မဟုတ်ဘူး။ နေ့လည်း ပေါက်တာ နေ့ရော ညပါ ပေါက်တာ။ ညဘက် ပဲ ပေါက်တယ်ဆိုရင်တော့ တစ်နေ ရာက ခိုးကြောင်ခိုးဝှက် ပေါက်နေတာ လို့ ထင်စရာရှိပါတယ်။ နေ့ဘက် ပေါက်တာဆိုတော့ စုံထောက်ကြီး ဦး ရှား ရှိရင်တောင်မှ ခဲနဲ့ ပစ်တဲ့ တရား ကို ဖမ်းမိဖို့ ဘယ်လွယ်မလဲ။

အဲဒီလိုဖြစ်တော့ အိမ်ကို ခဲ ပစ်တဲ့သူဟာ လူငယ်မဟုတ်ဘူးဆိုတာ အိမ်ရှင်အမျိုးသမီးကြီး သိသွားတယ်။ ဒါကြောင့် သူ့အမှားအတွက် လူငယ် တောင်းပန်တယ်။ လူငယ့်မိဘတွေ လည်း တောင်းပန်တယ်။ လူငယ် လူငယ့်မိဘတွေကလည်း ကျေ နပ်နပ်နဲ့ နားလည် ခွင့်လွှတ် တယ်။

ဒီလို အပစ်ခံနေရရင်းနဲ့ပဲ နှစ် အလွန်၊ သုံးရက်အရောက်မှာ ဆရာ ပြန်ရောက်လာတယ်။ သူပြန်ရော လာတော့လည်း အပစ်ခံနေရတုန်းပါ ကျွန်တော် ကျောင်းသွားတော့လည် အဲဒီအိမ်ထဲ ခဲပစ်တာနဲ့ ကြုံ၊ ကျောင်း က ပြန်လာတော့လည်း ကြုံတာပါပဲ

အဲဒီအိမ်ထဲကို ကျစ်စာခဲပစ်သွင် တာ ခုနစ်ရက်တိတိ ကြာခဲ့ပါတယ် အဲဒီရက်ထဲမှာ ထိုအဖြစ်အပျက် ကိုယ်တိုင်လေ့လာကြတဲ့ လူကြီး လူငယ်၊ လူရွယ်တွေ အများကြီးပါ အဲဒီထဲမှာ ကျွန်တော်လည်း ပါတာပေ ကျွန်တော်ကလည်း ဆရာဝန်လို သိ သမားလေ။

ခုနစ်ရက်ပြည့်ပြီးတော့ ကျ စာခဲနဲ့ ပေါက်တာ ရပ်သွားတယ်။ သူ



www.burmeseclassic.com

www.burmeseclassic.com

အလိုလိုရပ်သွားတာ မဟုတ်ပါဘူး။ ဆရာတော်ကြီးတစ်ပါးရဲ့ စကားကို နား ထောင်ပြီး သူပြောတဲ့အတိုင်း လိုက်နာ ပြီး လိုက်လုပ်လို့ အဲဒီအိမ်ထဲ ကျစ်စာ ခဲ အပယ်မခံရတော့တာ။"

◈◈◈

သိပ္ပံသမားဖြစ်တဲ့ ကျွန်တော်က အရာရာကို ရှုစမ်းတယ်၊ လေ့လာတယ် ဆိုပေမယ့် လျှော့သွားတယ်၊ ညံ့သွား တယ်။ မစေ့စပ်၊ မသေချာခဲ့ပါဘူး။

ကျွန်တော့်ထက် စေ့စပ်သေချာ တဲ့ လူနှစ်ယောက်က ပုဏ္ဏာရိက်ရွက် နှစ်ရွက်ကို ဖင်ပြန် ခေါင်းပြန်ထပ်ပြီး ပန်းစည်းကြိုးအနီးနဲ့ စည်းထားတာကို မြင်သွားတယ်။ အဲဒီအစည်းကို ပုဏ္ဏာ ရိက်ရွက်တွေကြားမှာ ထောင်လိုက် အနေအထား ထည့်ထားတာ။ အဲဒီ အိမ်ဘက်ကို မြားပြထားသလိုမျိုးဖြစ် အောင် သေသေသပ်သပ်လုပ်ထားတာ ဒါ ဒါ တစ်စုံတစ်ယောက်က လုပ်ထား တာ အသေအချာပါပဲ။

"တွေ့ပြီ…တွေ့ပြီ"

တွေ့တဲ့ လူနှစ်ယောက်ရဲ့ အသံ က ပြိုင်တူ ကျယ်ကျယ်လောင်လောင် ။ တွေ့တဲ့အချိန်က ညနေ နေဝင်ရီ တရော။

"ဟဲ့…ဘာတွေ့တာလဲ၊ ဘာတွေ့ တာလဲ"

အိမ်ရှင်အမျိုးသမီးက သိချင်စိတ် နဲ့ မေးတဲ့ စကားသံက အလောတကြီး။

"ဒီမှာ…"

တွေ့တဲ့ လူနှစ်ယောက်က ပုဏ္ဏာ ရိက်ရွက်အစည်းကို ကိုင်မပြဘဲ အပင် ကြားမှာ ရှိနေတဲ့အတိုင်း လက်ညှိုးညွှန် ပြပါတယ်။

"ဘာလဲ…ဘာလဲ…ဘာတွေ့ တာလဲ"

ဆိုတဲ့ မေးခွန်းတွေနဲ့ လူတွေ ဝိုင်းအုံရောက်လာပြီး ကြည့်ကြတယ်။ ဒီတော့ ထုံးစံအတိုင်း လူတွေက ထင် ကြေးပေးကြတယ်လေ။

"ဒါ တိုက်ထားတာ"

"ဟုတ်တယ်၊ တစ်ယောက် ယောက်က သေသေချာချာလုပ်ပြီး တိုက်ထားတာ"

"ဘာတိုက်တာလဲ"

"ပုဏ္ဏာကတိုက်တာ ဖြစ်မှာပေါ့"

"ဘာဖြစ်လို့လဲ"

"ပုဏ္ဏာရိက်ပင်ထဲမှာ ပုဏ္ဏာရိက် ရွက်တွေကို စည်းထားတာ မမြင်ဘူး လား"

"စည်းထားတဲ့ ကြိုးက ပန်းစည်း ကြိုးအနီရောင်"

"ပန်းစည်းကြိုးအနီက ရိုးရိုးကြိုး မဖြစ်နိုင်ဘူး"

အဲဒီအချိန်မှာပဲ ခဲနဲ့ ပစ်တာ ခံရ ပါတယ်။ ပစ်နေတာမှ ခါတိုင်းထက် ပိုပြီးပစ်တယ်တောင် ထင်ရပါတယ်။ ရပ်ကွက်ထဲက သက်ကြီးရွယ်အို လူ ကြီးတစ်ယောက်က…

"အဲဒီ ပုဏ္ဏာရိက်အစည်းကို ဘယ်သူမှ မကိုင်နဲ့။ အဲဒီ ပုဏ္ဏာရိက်ပင် ကိုလည်း မကိုင်နဲ့"

တခြားတစ်ယောက်ကလည်း…

"နောက်ဆုတ်ကြပါ။ အနည်းဆုံး ပုဏ္ဏာရိက်ပင်နဲ့ သုံးလံကွာလောက် ဆုတ်ပေးကြပါ"

"ဒီလိုတွေ့တဲ့အကြောင်း မြို့လယ် ဘုန်းတော်ကြီးကျောင်းက ဆရာတော် ကြီးကို သွားလျှောက်ထားပြီး ဆရာ တော့်စကားအတိုင်း လိုက်လုပ်ရင် ကောင်းမယ်ထင်တယ်"

လို့ ရပ်ကွက်ထဲက လူကြီး တစ်ယောက်က ပြောတော့ အားလုံး က…

"ဟုတ်တယ်"

"မှန်တယ်"

"ကောင်းတယ်"

ဆိုတဲ့ စကားသံတွေ ထွက်လာပါ တယ်။ အဲဒီတုန်းက ကျွန်တော်လည်း အနားမှာ ရှိနေပါတယ်။ လေ့လာသူ ဆိုပါတော့။

◈◈◈

ဆရာတော့်ဆီ သွားပြီး လျှောက် ထားမေးမြန်းသူတွေထဲမှာ အိမ်ရှင် အမျိုးသမီး၊ ရပ်ကွက်လူကြီး၊ နောက်ပြီး ရပ်ကွက်ထဲက လူနှစ်ယောက်နဲ့ ကျွန် တော်။

ဖြစ်စဉ်အစကနေ ပုဏ္ဏာရိက်ရွက် အစည်းကို တွေ့တဲ့အထိ လျှောက်တင် တာကို ဆရာတော်က ဂရုတစိုက်နဲ့ နားထောင်ပြီး…

"ဇာတ်တော်ကြီး ဆယ်ဘွဲ့မှာ ဝိဓူရ ဇာတ်တော်ပါတယ်။ ဝိဓူရ ဆိုတဲ့ ပညာရှိ အမတ်ကြီးကို တောင်စဉ် ခုနစ်တန်းနဲ့ တိုက်ပြီးသေအောင် မြင်း အမြီးကို ဆွဲခိုင်းပြီး မြင်းစီးတဲ့ နတ်ဘီ လူးက ပုဏ္ဏက။ ပုဏ္ဏက ဆိုတာ ဘီလူး။ တစ်နည်းအားဖြင့် ပြိတ္တာအကြီး စားပဲ။ ဒကာမကြီးရဲ့ အိမ်ကိုလည်း မလို တဲ့သူက ပုဏ္ဏက တိုက်ထားတာ။ ပုဏ္ဏကတိုက်နည်းတွေ အများကြီး ရှိ တယ်။ တစ်နည်းမှ ကောင်းကျိုးဖြစ် ထွန်းစေတာ မဟုတ်ဘူး။ လူကို ကျန်း မာရေး၊ လူမှုရေး၊ ပညာရေး အားလုံး ထိခိုက်စေတယ်။ အရှင်တကွဲ အကျိုး နည်းဖြစ်စေတယ်။ အသက်တောင် သေစေတယ်။ ဒီရက်ပိုင်းလောက်နဲ့ သိ ရတာ တော်သေးတယ်။ အချိန်မီ ကလေးပဲ။

ဘာပဲဖြစ်ဖြစ် ကိုယ့်အပေါ် ကိုယ့်မိသားစုအပေါ် ဘယ်လောက်ပဲ စိတ်ယုတ်မာထားထား အတုံ့အလှည့် သဘောမထားနဲ့။ ရန်ငြိုးမထားနဲ့ ကိုယ်



www.burmeseclassic.com

www.burmeseclassic.com

နဲ့ ကိုယ့်မိသားစုကို အန္တရာယ်ဖြစ်အောင်၊ ပျက်စီးဆုံးရှုံးအောင် ပုဏ္ဏားက တိုက်တဲ့လူ အပါအဝင်၊ သုံးဆယ့်တစ်ဘုံသားအားလုံး ကောင်းကျိုးလိုရာဆန္ဒ ပြည့်ဝကြပါစေ၊ ကိုယ် နှုတ် နှလုံး သုံးပါးစလုံး ကျန်းမာ ချမ်းသာကြပါစေ၊ ဆင်းရဲနဲ့ ငရဲကင်းပါစေလို့သာ မေတ္တာပို့၊ စေတနာသန့်သန့်နဲ့ မေတ္တာပို့။

ပုဏ္ဏာရိုက်ရွက် ခုနစ်ရွက်ကလည်း ရိုးရိုးပုဏ္ဏာရိုက်ပင်က ရတာလို့ မထင်နဲ့၊ သင်္ချိုင်းမြေက ရတာ။ အသုဘမှာ ပန်းခွေလုပ်တဲ့ဟာလည်း ဖြစ်နိုင်တယ်၊ ဒါမှမဟုတ် သင်္ချိုင်းမှာ စိုက်တဲ့ ပုဏ္ဏာရိုက်ပင်ကလည်း ဖြစ်နိုင်တယ်၊ စည်းတဲ့ ပန်းစည်းကြိုးအနီကလည်း ရိုးရိုးကြိုးမဟုတ်ဘူး။ လူသေတော့ ခြေမ၊ လက်မတွေ ပူးချည်တဲ့ ကြိုး။

ဒီတော့ ဒယ်အိုးအသစ်ကလေး တစ်လုံးနဲ့ သံယောက်မလေးတစ်ချောင်း ဝယ်ပြီး အဲဒီ ပုဏ္ဏာရိုက်အစည်းတွေ့တဲ့ ပုဏ္ဏာရိုက်ပင်နားမှာ အုတ်ခဲကြီးသုံးခဲကို မီးဖိုဖြစ်အောင် ဖိုခနောက်ဆိုင်လုပ်၊ ဒယ်အိုးကို တင်၊ ဝါးခြမ်းသေးသေးလေးကို မီးညှပ်လိုလုပ်ပြီး ပုဏ္ဏာရိုက်စည်းကို ညှပ်ယူ၊ ဒယ်အိုးထဲ ထည့်၊ လက်နဲ့ မကိုင်နဲ့၊ သစ်ရွက်ခြောက်တွေနဲ့ မီးမွှေးပြီး သံယောက်မနဲ့ ဘယ်ညာမွှေပြီး လှော်၊ ပုဏ္ဏာရိုက်ရွက်တွေ နွမ်းလိပ်တဲ့အထိ မွှေ၊ ပြီးရင် အဲဒီ ပုဏ္ဏာရိုက်စည်းရော၊ သံယောက်မရော၊ ဒယ်အိုးရောကို သင်္ချိုင်းမှာ သွားစွန့်ပစ်၊ စွန့်ပစ်ရင်းနဲ့ လွတ်ရာကျွတ်ရာသွားပေတော့၊ သင်နဲ့ ငါဟာ ရန်သူမဟုတ်ဘူး၊ ငါ့ကုသိုလ်ကောင်းမှုတွေကို အမျှဝေပါတယ်၊

သာဓုခေါ်ပါဆိုပြီး အမျှ...အမျှ...အမျှလို့ အမျှဝေပြီးမှ ပြန်လာခဲ့၊ ဒါ[illegible] ပြီးပြီ"

အဲဒီလို ဆရာတော်ကြီး အမိ[illegible] ရှိတဲ့အတိုင်း လုပ်တော့မှ အဲဒီအိမ်[illegible] ကျစ်တာခဲတွေ အပစ်ရပ်သွားတော့တ[illegible] အဲဒါ ကျွန်တော့်ကိုယ်တွေ့၊

ဒါကြောင့် ပုဏ္ဏားက တိုက်တယ်[illegible] ဆိုတာကို ယုံတာ။

◈◈◈

သိပ္ပံဆရာ ဆရာ ဦးစော[illegible] အောင်၏ စကားအဆုံးတွင် ဘ[illegible] အုန်းက ပြုံးလိုက်မိတော့သည်■

* * *

ပန်းတစနော်နောင်လ[illegible]


ဆရာမကြီး နိယာမ ဒေါ်စန်းမေ၏ တပည့်ရင်း

# နိယာမ ဆရာအောင်ကျော်မင်း

**သာဓိတ္တအန်းဗေဒင်**

- သင့်ကလေးကို အစစအောင်မြင်၍ ပွင့်သည့်ပန်းတိုင်းမွှေးသည့်အလား ကံကောင်းပျော်ရွှင်စေသူ ဖြစ်စေလိုပါသလား၊ ဆရာထံလာပြီး အမည်တောင်းခံပါ။
- စာမေးပွဲအောင်ဖို့၊ ကျန်းမာဖို့၊ ချမ်းသာဖို့၊ အိမ်ထောင်ရေးသာယာဖို့၊ အမှုအခင်းအနိုင်ရစေဖို့၊ ဘေးအန္တရာယ်အနှောင့်အယှက်ကင်း၍ နိုင်ငံခြားခရီး အမြန်ရောက်စေဖို့၊ မိမိချစ်သူ နွေးထွေးသော မေတ္တာဖြင့် သံယောဇဉ်ကြီးစေဖို့၊ ဆေးရုံတက်၍ ခွဲစိတ်ကုသရာ၌ အောင်မြင်ရွှင်လန်းကျန်းမာ၍ မှချ အသက်ရှည်စေဖို့ စသည်တို့ကို ယတြာအစစ ပြုလုပ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

ရေဥက္ကံ၊ သောင်ကြီးလေးရပ်ကွက်၊ ချယ်ရီဦးလက်ဖက်ရည်ဆိုင်ရှေ့၊ မြသဇင်လမ်း၊
ပန်းသဇင်အဆောင်(အပေါ်ထပ်)၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။

■ ဆက်သွယ်ရန်ဖုန်း - ၀၉ ၃၁၅၉၃၉၈၂ ■




www.burmeseclassic.com

www.burmeseclassic.com

# ဆီးချိုသွေးချို စိတ်ပူစရာမလို

ဝင်းငဇာ် (သုံးဆယ်)

ရှေးရှေးက တိုင်းရင်းဆေးဆရာကြီးများ ထားခဲ့သော ...ပြီးတိုများစွာ ရှိပါသည်။ တိုင်းရင်းဆေးဆရာအဆက် ...် လက်ဆင့်ကမ်းပညာကို ထိန်းသိမ်းခဲ့ကြသည်။ ဆေးမြီး ...သည့် တန်ဖိုးနည်းသော်လည်း အစွမ်းထက်ကြပါသည်။

ကျွန်တော်လေ့လာထားသလောက် တင်ပြရလျှင် ...ချိုရောဂါဆိုသည်မှာ အနောက်တိုင်း ဆေးပညာအရ ...TABOLISM) ဆိုသည့် ခန္ဓာကိုယ်၏ သွေးလေလည် ...မှုများ ဖောက်ပြန်မှုကြောင့်ဖြစ်သည်။ ရောဂါတိုင်း ...ိုသည့် ထိုနည်းအတိုင်း ဖြစ်ပေါ်လာကြခြင်းဖြစ်သည်။

ထိုကဲ့သို့ (METABOLISM) ဖောက်ပြန်လာသော ...ြောင့် ခန္ဓာကိုယ်အတွင်း၌ ရှိကြသော မြန်မာအခေါ် ...က်ရွက်ခေါ် PANCREAS သည် ၎င်း၏တာဝန်ကို မထိန်း ...နိုင်သဖြင့် လိုအပ်သော သကြားဓာတ် (ဝါ) အချိုဓာတ် ...ို ခန္ဓာကိုယ်အတွင်းသို့ ပုံမှန် မပို့ဆောင်နိုင်တော့ဘဲ ...ောက်ကမတွေ ဖြစ်လာတော့သည်။ ထိုအခါ ခန္ဓာကိုယ် ...င် ဆီးချိုရောဂါ (DIABETES) ဖြစ်ရသည်။

လူ့ခန္ဓာကိုယ်အတွင်းရှိ သရက်ရွက်ကသာ သကြား ...တ်များကို ပုံမှန် လိုအပ်သလောက် မပို့နိုင်ခဲ့လျှင် ဆီးချို ...ဂါဖြစ်ပွားရခြင်းဟု မှတ်သားရသည်။ ထိုသို့ ဆီးချိုရောဂါ ...ာရာမှ ကြာမြင့်လာသည့်အခါ သွေးချိုရောဂါ ထပ်၍ဖြစ် ...လာသည်။

ဘယ်လိုပဲ ဆီးချို သွေးချိုရောဂါဖြစ်နေပါစေ၊ ကြောက် ...မလိုပါ။ ကျွန်တော်က အဘိုး တိုင်းရင်းဆေးဆရာ၊ အဖေ ...ိုင်းရင်းဆေးဆရာတို့ထံမှ ရရှိခဲ့သော (ဝါ) သင်ယူခဲ့သော ...ိုင်းရင်းပညာကို တတ်မြောက်ထားသူဖြစ်ရာ ထိုရောဂါများ ...တွက် တိုင်းရင်းဆေးရှိပါသည်။

ဆီးချိုရောဂါဖြစ်လာသူသည် ခေါင်းချာချာလည်မတတ် မူးဝေ မောပန်းလာတတ်သည်။ ထိုအခါ မိသားစုတွေက စိုးရိမ်ပြီး ဆရာဝန်ထံသို့ ခေါ်သွားကာ ပြသသည်။ ဆရာဝန်က ဝေဒနာရှင်ကို စစ်ဆေးပြီး ဆီးကို စစ်ဆေးခိုင်းသည်။ သွေးစစ်ခိုင်းသည်။ ထိုအခါ ဆီးချို သွေးချိုဟု အဖြေပေါ်လာသည်။ ဆရာဝန်က ဓာတုဗေဒဆေးတွေပေးပြီး သောက်ခိုင်းသည်။ အချိုကို မစားပါနှင့်ဟု တားမြစ်သည်။ ဆန်ကိုလည်း အဆီအဆိမ့်မပါသော ဆန်ကြမ်းကို ထမင်းရည်ငှဲ့ချက်ခိုင်းပြီး စားသုံးစေသည်။ ဟိုဟာ မစားပါနှင့်၊ သည်ဟာ မစားပါနှင့်ဟု သတိပေးသည်။

ဆီးချိုရောဂါဖြစ်နေသောသူသည် ကိုယ်အလေးချိန် လျော့ကျသွားတတ်ပါသည်။

တိုင်းရင်းဆေးနည်းကတော့ နံ့သာနီကို ဆန်ဆေးရည်နှင့် သွေးသောက်ရပါသည်။

ဆေးသောက်နည်းမှာ နံ့သာနီကို ဆန်ဆေးရည်နှင့် သွေးပါ။ နံ့သာနီသွေးရည် ဟင်းခပ်ဇွန်း တစ်ဇွန်းရသည့်အခါ ဖန်ခွက်ထဲတွင် ထည့်ပါ။ ဆန်ဆေးရည် အနည်းငယ်ထပ်ထည့်ပြီး သောက်ရပါသည်။ နံနက်၊ နေ့လယ်၊ ည တစ်နေ့ သုံးကြိမ်သောက်ရပါမည်။ ရောဂါအခြေအနေသက်သာလျှင် တစ်နေ့ နှစ်ကြိမ် (နံနက်နှင့် ည) သောက်ပါ။ ပုံမှန်သောက်နေလျှင် ဆီးချိုတက်ခြင်း မရှိတော့ပါ။ ဆီးချိုတက်နေသည်ဟု ထင်သည့်နေ့များတွင် တစ်နေ့ သုံးကြိမ် ပုံမှန်သောက်သွားရပါမည်။ ဆီးနှင့် သွေးကို ပြန်လည် စစ်ဆေးကြည့်ပါ။

ထိုဆေးကို သောက်သုံးလျှင် ဆီးချိုရောဂါ၊ သွေးချိုရောဂါ လုံးဝ ပျောက်ကင်းသွားပါလိမ့်မည်။

* * *

ဝင်းငဇာ်(သုံးဆယ်)



www.burmeseclassic.com

www.burmeseclassic.com



# မိုးတစ်ညရဲ့

ရောင်မြူထွန်းထွန်း

ဖားအော်

ထက်ကောင်းကင်ဝဲ့ဆီမှ တကျိမ်းကျိမ်းမြည်သံနှင့်အတူ မိုးစက်မိုးပေါက်တို့ တဖြောက်ဖြောက် တပေါက်ပေါက်မြည်သံနှင့်အတူ မြေပြင်ပေါ်သို့ ကျရောက်လို့လာပေသည်။ နယုန်မိုးသွေး မြက်သားမွေးဆိုသည့်အတိုင်း မိုးဦးကာလ နယုန်လသို့ ရောက်ရှိလို့ လာပေပြီ။

မိုးဦးကာလသို့ ရောက်ရှိပြီဆိုလျှင် လွန်ခဲ့သော အနှစ် ၃၀ခန့်က အဖြစ်အပျက်ကလေးတစ်ခုကို စာရေးသူ သတိရနေမိသည်။

စာရေးသူမှာ ဟသ်ာတမြို့တွင် နေထိုင်သူဖြစ်ပြီး မြို့နှင့်အတူ ကျေးလက်ဒေသများမှာ လယ်သ ခြံသမားနှင့် တံငါသည်အလု အသက်မွေးဝမ်းကျောင်း၍ နေ ကြသူများ ဖြစ်၏။ ဧရာဝတီသို့



www.burmeseclassic.com

www.burmeseclassic.com

ဆိုလျှင် လယ်သမားများကလည်း နွားများနှင့်အတူ လယ်ထဲသို့ ကာ လယ်ထွန်သူက ထွန်၊ ပျိုးကြဲ ကြဲနှင့် အလုပ်နဲ့ လက် မပြတ် ရလေတော့သည်။ ခြံစိုက်ပျိုးသူများ လည်း သခွား၊ ရေတ်၊ ခရမ်း စသည့် ဆွက် သီးနှံပင်တို့ကို စိုက်ပျိုးကြရ၏။ ငါးသည်များကလည်း မြှုး၊ ပိုက်၊ တို့ဖြင့် ငါးများကို ရှာဖွေကြရသည်။

စာရေးသူတို့ နေထိုင်သော သာတမြို့သည် ယခင်က စည်ကားမှု ရှိသေးပေ။ ဟသာ်တဘူတာ၏ နောက်ဘက် ၁မိုင်ခန့်တွင် လူနေသူ ပါးပြီး လယ်ကွင်းများ၊ ချောင်းများ ယ်များ ထူထပ်စွာ ရှိလေသည်။ သီအလိုက် မိမိတို့ရဲ့ ကျွမ်းကျင်ရာ လုပ်များဖြင့် မိသားစု၏ စားဝတ်နေ ကို ဖြေရှင်းကြရ၏။

အပင်အိုတို့တွင် ရွက်ဟောင်း ကြွေ၊ ရွက်သစ်များ ဝေဆာပြီး ပင်နှင့် တစ်ပင် အလှချင်း ပြိုင်နေ ပြီး သရက်ပင်တို့တွင် အဖူးများ နေပြီး အပြိုင်အဆိုင် အသီးသီးရန် ပေါ်ခဲ့ကြလေသည်။ ထိုအချိန် က်တိုင်း စာရေးသူ၏ ဖခင် (ကွယ် ) ပြောစကားကို အမှတ်ရနေဆဲပါ။

"ဟောကောင်···လူလေး၊ သစ် တွေ အပင်တိုင်း အပင်တိုင်းမှာ နုတွေ ဝေဆာနေပြီ၊ အထူးသဖြင့် ရက်ပင်တွေမှာ အဖူးတွေ ထွက်နေ ပြီဆိုရင် သိပ်မကြာခင်မှာ မိုးဦး လရောက်တော့မယ်ကွ။ ကျေးငှက် ရှာန်တွေဆိုရင် အသိုက်အမြုံတွေ ပ်နေကြပြီ။ နောက်ပြီး လေတိုက် ကို ကြည့်၊ တောင်အရပ်ဘက်က က်စပြုပြီ။ အဲဒါဆိုရင် မိုးရွာတော့ ။ မိုးဦးကျတော့မယ်လို့ လူတွေကို ကိပေးနေတာ၊ မင်းမှတ်ထား"

ဟု ပြောခဲ့ဖူးသည်။

အခုလည်း သစ်ပင်တွေမှာ ရွက် သစ်ဝေနေပြီး သရက်ပင်တွေမှာ သရက်ဖူးတင် မဟုတ်၊ အသီးကင်းတွေ တောင် သီးနေပြီ။ မိုးဦးကာလသို့ ရောက်ရှိရန်အတွက် မကြာတော့ပေ။ ထက်ကောင်းကင်ဆီမှ လျှပ်ပန်းလျှပ် နွယ်များနှင့်အတူ တဂျိမ်းဂျိမ်းမြည်သံ ပေးကာ မိုးစက်များသည် တဖြောက် ဖြောက်ဖြင့် မြေပေါ်သို့ ကျရောက်လို့ လာလေပြီ။ ထိုစဉ် စာရေးသူ စဉ်းစား မိသည်မှာ ဖခင် ပြောတဲ့ စကားဟာ မှန်ပေတယ်ဟု တွေးမိသည်။ သစ်ပင် တွေ၊ ငှက်တိရစ္ဆာန်တွေရဲ့ လှုပ်ရှားမှုကို ကြည့်ပြီး မိုးဦးကာလ မရောက်မီ မိမိ တို့ နေအိမ်အား ပြုပြင်မှုကို ပြုလုပ်ရန် သတိထားရပေမည်။

မိုးရွာပြီဆိုလျှင် ဖားများ၏ အော် ဟစ်သံမှာ ဆူညံနေသဖြင့် တော်တော် နဲ့ အိပ်မရပေ။ လယ်ကွင်း၊ ချောင်း မြောင်းတို့တွင် ဓာတ်မီးတဝင်းဝင်းနဲ့ ဖားရိုက်သူများကလည်း မနည်းပေ။ ဖားရိုက်တယ်ဆိုပေမယ့် မြွေဆိုးရန်ကို လည်း ကြောက်ရ၏။ ဖားသည် မြွေ၏ အစာမဟုတ်လား။ လူတို့အတွက်ကျ တော့ ဖားသည် ငွေဖြစ်ပေသည်။ အစာ ရှာသူနှင့် ငွေရှာသူဟာ ရန်သူပေတည်း။ ဦးသူက အသက်ကိုပင် ပေးဆပ်ရပေ မည်။ ဒါတင်မကသေး၊ ကွင်းကြိုကွင်း ကြား ချောင်းမြောင်းတို့တွင် သရဲ တစ္ဆေ နာနာဘာဝ ပရလောကသား တွေနှင့် တိမ်တိုက်တွေကလည်း အသက်အန္တရာယ်ရှိပေတယ်။ မသေ ရင် တောင် ဆရာကောင်းနှင့် မနည်း နာနပ်ယူရသည်အထိ ရှိခဲ့ဖူး၏။

စာရေးသူလည်း ထိုစဉ်က အသက် ၁၀ နှစ်ကျော်ခန့်သာ ရှိသေး သည်။ မိုးဦးကျရဲ့ တစ်နေ့သော လမိုက် ညတွင် ဖားအော်သံများ ဆူညံနေသည့် ကြားမှ ကျွန်ုပ်တို့ မိသားစု အိပ်ပျော် သွားခဲ့လေသည်။ မည်မျှ အိပ်ပျော်ခဲ့ သည် မသိ၊ နေအိမ်ရှေ့မှ "ဗျို့··ဆရာ၊ ဗျို့···ဆရာ၊ ဆရာ ဦးတင်လှ"ဟု အော်ခေါ်သံများ ကြားရသဖြင့် ကျွန်ုပ် တို့ မိသားစုများ နိုးကြရပြီး နေအိမ်ရှေ့ တံခါးဖွင့်ကာ "ဘယ်သူတွေလဲ"ဟု ဖခင်မှ မေးလေရာ···

"ဆရာ···ကျွန်တော်တို့ပါ"

"ဘယ်သူလဲကွ"

"ကျွန်တော်တို့ နောက်လမ်းက မောင်အောင်မြင့်ပါ"

"ဘာကိစ္စရှိလို့လဲ"

"ဆရာ အိမ်ကို ခဏလောက် ကြွပါ။ ကျွန်တော့်ရဲ့ အစ်ကို ဖားရိုက်က အပြန်မှာ ပိုးထိလို့ ဆရာလိုက်ကြည့် ပေးပါဦး"

ဟု ကိုအောင်မြင့်၏ စကားသံ အဆုံးတွင် ဖခင်ဖြစ်သူမှ···

"အေးအေး၊ ငါလိုက်ခဲ့မယ်။ လို အပ်တဲ့ ဆေးပစ္စည်းတွေ ယူလိုက်ဦး မယ်"

ဟု ပြောကာ ဖခင်က ဆေး လွယ်အိတ်ကို ယူပြီး ကိုအောင်မြင့်နှင့် အတူ လိုက်သွားလေသည်။

နံနက် ၈နာရီခန့်တွင် ကိုအောင် မြင့်မှ ဖခင်အား နေအိမ်သို့ ပြန်လိုက် ပို့လေသည်။

"ကဲ··မောင်အောင်မြင့်၊ ရေနွေး ကြမ်းလေး သောက်သွားပါဦး။ လူနာက လည်း သက်သာသွားပြီပဲကွာ"

"ဆရာရယ်··မသောက်တော့ ပါဘူး။ ကျွန်တော်လည်း လယ်ထဲ သွားရဦးမယ်။ ဆရာ နေ့ခင်းကျ တစ်ခါ လောက် လာကြည့်ပေးပါဦး"

"အေးပါကွာ၊ လာခဲ့ပါ့မယ်"

"ဒါဆို ကျွန်တော် ပြန်လိုက်ဦး





www.burmeseclassic.com

www.burmeseclassic.com

မယ်"

ဟု ပြောကာ ကိုအောင်မြင့် ပြန်သွားလေသည်။

မိခင်ဖြစ်သူမှ…

"တင်အောင် ဘယ်လိုနေသေးလဲ"

ဟု ဖခင်အား မေးရာ…

"သက်သာပါတယ်။ တကယ်တော့ မြွေကိုက်တာ မဟုတ်ဘူး။ ကင်းထိုးလိုက်တာ ဖြစ်မယ်။ ကြောက်စိတ်ကြောင့် အပဝင်ပြီး လဲနေတာ တွေ့လို့ သူတို့အသိတွေက အိမ်လိုက်ပို့တာ။ ဒီကောင် ကံကောင်းတယ်။ အချိန်နည်းနည်းလေး နောက်ကျရင် သေမှာ"

ထိုစဉ်က ကျေးလက်ဒေသတွေမှာ ဆေးရုံ၊ ဆေးခန်း မရှိချိန်၊ နည်းပါးချိန်ဖြစ်၍ ဗိန္ဒောဆရာ (တိုင်းရင်းဆေးဆရာ)တွေ၊ မြွေကုတဲ့ ဆရာတွေကို ခေါ်ပြီး ကုသရတဲ့ အချိန်ဖြစ်၏။

"ငါလည်း လူနာရဲ့ ခြေထောက်ကို ကြည့်လိုက်တော့ ခြေမျက်စိအောက်မှာ ဒဏ်ရာက တစ်ချက်တည်း။ စကားလည်း မပြောနိုင်ဘူး။ ဒီတော့ ဒူးရဲ့ အထက်ကနေ ကြိုးနဲ့ စည်းပြီးတော့ ဒဏ်ရာကို ဓားနဲ့ ခွဲ၊ မြွေဆိပ်ဖြေဆေးထည့်ပြီးမှ အပကို အရင်ထုတ်ရတယ်"

ကျွန်တော်က…

"အဖေ…အပမိတယ်ဆိုတာ ဘာလဲ"

ဟု မေးလိုက်မိ၏။ ထိုအခါ ဖခင်မှ…

"အပဆိုတာ တစ္ဆေ သရဲကို ပြောတာ။ မြွေကိုက်သူတိုင်းကို အဲဒီ မကောင်းဆိုးဝါး တစ္ဆေ သရဲတွေက ဝင်ရောက်ကပ်တော့တာပဲ။ ဆရာလုပ်တဲ့သူက ဂရုမထားဘဲ ပိုးထိတဲ့ ဒဏ်ရာကိုပဲ မဲကုနေလို့ အချိန်ကြာသွားရင် လူနာဟာ သေဆုံးရတယ်ကွ။ မင်းမြဲမြဲ မှတ်ထား"

မိခင်မှ…

"လူနာရဲ့ အခြေအနေကို ဆက်ပြောပါဦး"

"ဩော်…အေး၊ ဒီကောင်ကို ကပ်တဲ့ တစ္ဆေက အကောင်အထော်ကြီးနေပြီ။ လက်မှာလည်း အမွေးတွေ ပေါက်နေတယ်။ ပါးစပ်နားလည်း အစွယ်တောင် ထွက်နေတယ်ကွ။ ဒါကို မနည်းထုတ်ရတယ်။ ဒါတောင် မထွက်ချင်ဘူး။ ဆရာသမားတွေရဲ့ ဂုဏ်ကျေးဇူး မြတ်ဗုဒ္ဓရဲ့ ဂုဏ်ကျေးဇူးတွေကြောင့် ဒီကောင်ကြီးကို ထွက်သွားနိုင်အောင် လုပ်ခဲ့ရတာ။ အဲဒီကောင် ထွက်သွားမှ တင်အောင်လည်း သတိလည်လာပြီး မျက်လုံးပြူးနဲ့ ဟိုဒီကြည့်ပြီး ကြောက်ကြောက်နဲ့ ထ,ထိုင်တော့တယ်။ သူ့ရဲ့ မိသားစုတွေက မနည်းဝိုင်းဆွဲပြီး တင်အောင်…တင်အောင်နဲ့ ခေါ်မှ ဟီးဟု သက်ပြင်းတစ်ချက်ချပြီး စကားပြောနိုင်တာ။ ငါလည်း ရေမန်းတွေနဲ့ ခေါင်းကနေ တစ်ကိုယ်လုံး ပက်ဖျန်းပြီး ဂါထာတွေ ရွတ်လိုက်ရတာ အမော။ သူ့ကိုလည်း ရေမန်းတွေ တိုက်ပြီးမှ "ကဲ…တင်အောင်၊ မင်းဘာဖြစ်ခဲ့လဲ၊ ပြောပါဦးကွ"လို့ မေးရတယ်။ အဲဒီတော့မှ သူပြောတာက…

"ကျွန်တော် ညနေစောင်းမှောင်ရီပျိုးစအချိန်မှာ ထုံးစံအတိုင်း ရွာလယ်ပိုင်းက ဒေါ်ပုမအရက်ဆိုင်ကို အရက်သွားသောက်ပါတယ်။ အဲဒီအရက်ဆိုင်မှာ အောင်ပုနဲ့ တွေ့လို့ အတူသောက်ဖြစ်တယ်။ အရက်အတူသောက်နေရင်း မိုးမှောင်ကလည်း ကျလာပြီး မိုးဖွဲဖွဲကျတော့ အောင်ပုက ဖားရိုက်သွားဖို့ ခေါ်တယ်။ ကျွန်တော်ကလည်း အဖော်ကောင်းရင် ငရဲပြည်

လည်း လိုက်ရဲတယ်ကွဟု ပြော
ကျွန်တော်တို့ အရက်ဆိုင်က ပြန်
ခဲ့ကြပါတယ်။

လယ်ကွင်းပြင်တစ်ခုလုံးမှာ
ရိုက်သူတွေရဲ့ မီးများက ဝင်းလက်
နေပါတယ်။ ဖားအော်သံကြားရာ
အနံ့ကို ရှာဖွေရင်း တဖြည်းဖြ
အနောက်စု သုသာန်နားမှာ ရှိတဲ့
ချောက်ထဲကို ရောက်လာပါတယ်။
ကိုလည်း ရှာ၊ ပိုးမွှားလည်း ကြည့်
ပတ်ဝန်းကျင်ကို သတိမထားမိလော
အောင် ရိုက်မိသား ဖားသေမျာ
ပလိုင်းထဲ ကောက်ယူထည့်ပါတ
ကိုတင်အောင်…ရှေ့ဆက်မသွားနဲ့
လို့ ပြောတဲ့ အောင်ပုရဲ့ သတိ
စကားသံကြားမှ ပတ်ဝန်းကျင်ကို
ကြည့်လိုက်မိပါတယ်။ အဲဒီအခါမှာ
အဖွေးသားနဲ့ အုတ်ဂူဖြူများကို
လိုက်ရပါတယ်။ တခြား ဘာမှ
မတွေ့ရပါဘူး။ အဲဒီအချိန်မှာ လူ
လက်ပြီး မိုးခြိမ်းသံ ထွက်ပေါ်လာ
ကြောင့် အောင်ပုက ကြောက်လ
ခြေဦးတည့်ရာကို ထွက်ပြေးပါတ
ကျွန်တော်က အောင်ပု…မပြေ
မပြေးနဲ့၊ ငါလာပြီ၊ စောင့်နေလို့
ပေမယ့် အောင်ပုက ကြောက်စိတ်
မနားတမ်း ပြေးနေပါတယ်။

အဲဒီလို ပြေးနေရင်းနဲ့ ဦးကြီး
တို့ လယ်ထဲအရောက်မှာ နားထဲ
ဒုတ်ခနဲ အသံကြားလိုက်ရပြီး ကျွန်
ခြေထောက်ကို ဓာတ်မီးနဲ့ ထိုးကြည့်
ပါတယ်။ အဲဒီမှာတင် ပါးစပ်ကလည်
ဟာ…ပိုးထိပြီလို့တောင် အသံ
ထွက်သွားခဲ့ရပါတယ်။ ဒါပေမယ့် အ
အနားကို လှည့်ပတ်ရှာတော့
ဘာမြွေတစ်ကောင်မှကို မတွေ့ရပါ
ခြေထောက်ကလည်း ဖျဉ်းဖျဉ်း
ကိုက်တတ်လာပါတယ်။ ကျွန်တေ



www.burmeseclassic.com

...ကို အမြန်ပြန်ပြေးရင်း လမ်း ...ဝက်ရောက်တော့ အဝတ်ဖြူဝတ် ...ထားတဲ့ အမျိုးသမီးတစ်ဦးက ...ကို... ဘာဖြစ်လို့လဲလို့ မေးပါ ...ယ်။ ကျွန်တော်က ပိုးထိလာလို့ ...ရေလို့ ဖြေရင်းနဲ့ ဆက်ပြေးလာ ...မှာပဲ ခေါင်းက အရမ်းမူးဝေပြီး ...သွားတော့တာပါပဲ"

လို့ သူ့အဖြစ်ကို ပြောပြတယ်။ ...နဲ့ ငါကလည်း "အေး တင်အောင်၊ ... ကသိုလ်ကံကောင်းပေလို့သာပေါ့။ ...က် နာရီဝက်လောက် ကြာသွားရင် ... မကယ်နိုင်တော့ဘူး။ မင်းတို့လိုပဲ ...ကြိုကြွင်းကြားမှာ သွားလာနေတဲ့ ...တွေ မမြင်နိုင်တဲ့ ပရလောကသား ...တွေ သရဲတွေဟာလည်း ရှိနေကြ ...ယ်။ ပိုးထိတဲ့ လူတွေတိုင်း အပမှီ ကြတာ များတယ်။ မင်းကို လမ်းမှာ မေးတဲ့ အမျိုးသမီးက လူမဟုတ်ဘူး။ ပရလောကသား တစ္ဆေဖြစ်တယ်။ မင်းကို သူပဲ ဝင်ရောက်ပူးကပ်ခဲ့တာ။ အမှန်တော့ ရှေ့က ပြေးတဲ့ အောင်ပုနောက်ကို လိုက်ရင်း ကန်သင်းရိုးပေါ်မှာ အသင့်ရှိတဲ့ ကင်းသတ္တဝါကို တက်နင်းမိလို့ ကင်းထိုးခံရတာ။ ဒါကို မင်းက ပိုးထိတယ်လို့ ပြောမိလို့ အခုလိုဖြစ်တာ။ ပိုးထိတဲ့သူမှာ မိုးကြိုးထိမှန်ခံရသလိုမျိုး ဒိန်း... ဒိန်းမြည်သံနဲ့အတူ ဦးခေါင်းတွေ ကွဲကြေမတတ် ခံစားရတတ်တယ်။ နောက်တစ်ခုက မြွေကိုက်တဲ့ နေရာကို ကြည့်တော့ အစွယ်ရာက တစ်ခုတည်း။ ထွက်နေတဲ့ သွေးက နီနီရဲရဲပါပဲ။ အဆိပ်သိပ်မရှိလှဘူး။ အဆိပ်ရှိတဲ့ သွေးက ညိုပုပ်ပုပ်အရောင်ရှိတယ်။ ဒါကို ကြည့်ပြီး ပိုးထိတယ်၊ မထိဘူးဆိုတာကို ဆုံးဖြတ်ရတယ်။ ဗဟုသုတ ရတာပေါ့၊ မှတ်ထားကွလို့ သူ့ကို ပြောပြလိုက်ရတယ်"

ထိုသို့ပြောရင်း ဖခင်ဖြစ်သူက အသင့်ထည့်ထားသော ရေနွေးခွက်ကို ကောက်ယူ သောက်လိုက်ပြီး သူ့စကားကို အဆုံးသတ်လိုက်သည်။

◈◈◈

မိုးရာသီရဲ့ ဖားအော်သံတွေ ကြားတိုင်း ဖခင် ဦးတင်လှ ပြောပြသော ကိုတင်အောင်၏ အကြောင်းကို ယနေ့ထက်တိုင် ကြားယောင်နေမိပါတော့သတည်း ■

* * *

ရော်မြေထွန်းထွန်း



www.burmeseclassic.com

“အဘ…သားတို့ ဒီနေ့ ကျောင်း ပိတ်တယ်၊ ပုံပြောပြပါ”

တနင်္ဂနွေ ကျောင်းပိတ်ရက်ဖြစ်၍ မြေးတစ်စုရောက်လာပြီး အဘဖြစ်သူ ဦးမှိုင်းကို ပုံပြောခိုင်းကြသည်။

အဘတွင် သားတစ်ယောက်၊ သမီး တစ်ယောက်ရှိပြီး မြေး ၉ယောက်ရှိ၏။ ကျောင်းပိတ်ရက်တိုင်း နေ့လယ်ချိန်တွင် မြေးများ စုဝေးရောက်လာကြပြီး

ရာဇဝင်၊ ပုံပြင်၊ ဒဏ္ဍာရီ တ… တစ်ခု ပြောခိုင်းလေ့ရှိ၏။

“အဘ…တစ္ဆေပုံ…

“ဟုတ်တယ် အဘ… တစ္ဆေအကြောင်းပြောပါ”

“တစ္ဆေအကြောင်း… တို့ သတ္တိရှိရဲ့လား”





www.burmeseclassic.com

www.burmeseclassic.com

ဝေး
၊ ၆ ၇ ၀ မိုး ၊

# လူကိုခုတ်းလှပ်တဲ့ တစ္ဆေ



ပါတယ်”

အလင်းရောင် အားကိုးနှင့်
ယ်တူ ထ,အော်သံကြောင့်
ပြုံး၏။

. . . ကဲ . . . ဒါဆိုလည်း နား
တစ္ဆေအကြောင်းဆိုပေ
င်မဟုတ်ဘူးကွဲ၊ ကိုယ်တွေ့
တစ်ခုပေါ့ကွယ်”

◈◈◈

သုံးနီနီက အနောက်ရိုးမ
တောင်စွယ်တောင်တန်းတို့



www.burmeseclassic.com

www.burmeseclassic.com

ကို အကာအကွယ်ယူ၍ ပျောက်ကွယ်သွားခဲ့ပြီ။ လိမ္မော်ရောင် နေလုံးဆီမှ ဖြာထွက်လာသော ရောင်စဉ်တန်းတို့က အရောင်စုံ၊ အသွေးစုံ ဖြန့်ကျက်၍ ညနေခင်းအလှကို ဆည်းဆာအဖြစ် တန်ဆာဆင်နေဆဲ။ နေ့တစ်နေ့၏ နေဝင်ချိန်ကို "မှိုင်းဝေ" ခံစားဖို့ စိတ်ကူးမရှိ။ အမှောင်ထု မကြီးစိုးခင် သူနေထိုင်ရာ အင်္ဂပူမြို့သို့ ရောက်ဖို့ရာ သူ့အားသွန်လျှောက်နေရ၏။

အိပ်တန်းပြန် ငှက်များ တစ်အုပ်ပြီး တစ်အုပ် သူ့ခေါင်းပေါ်မှ ဖြတ်သန်းပျံနေ၏။ သူတို့၏ နားခိုရာသို့ အဖွဲ့လိုက်၊ အုပ်စုလိုက် ပျံနေကြချိန်တွင် မြေပြင်မှာ လမ်းလျှောက်နေရတာ သူတစ်ဦးတည်း။ ယောက်ျားမို့ စိတ်ကို တင်းထားရပေမယ့် အားတော့ ငယ်မိသည်။ သံပွရာတိုင်းမြစ်မှ ကူးပြီး သူလျှောက်ခဲ့ရာ နောက်မီးရွာသို့ ဝင်ချိန်တွင် နေဝင်သွားပြီဖြစ်သည်။

အင်္ဂပူမြို့သို့ ရောက်ရန်မှာ ၇မိုင်ခန့် လိုသေးသည်။ မြစ်နားမှ ရွာစဉ်တစ်လျှောက် စပါးဖိုး ငွေများ တောင်းလာခဲ့ရာ နောက်မီးရွာအရောက်တွင် စုံလင်စွာရပြီဖြစ်၍ သူ့ဘေားလွယ်အိတ်ထဲ၌ ငွေအပြည့်ပါသည်။ အပြန်တွင် အချိန်နှောင်းခဲ့ပြီ။

မှိုင်းဝေက စပါးကုန်သည်တစ်ဦးဖြစ်ပြီး ပေါင်းသင်းဆက်ဆံရေး ပြေပြစ်သည်ဖြစ်၍ မုန်းသူမရှိ၊ ခင်မင်သူပေါ၏။ ငွေထုပ်ပါလာသော်လည်း လူဆိုးဓားပြကို သူ မကြောက်၊ သူကြောက်သည်က တစ္ဆေဖြစ်၏။

နောက်မီးရွာမှ ဇီးဖြူကွင်းရွာအထိ လမ်းတွင် ရွာစဉ်ရှိပြီး ဇီးဖြူကွင်းမှ အင်္ဂပူမြို့သို့ ၃မိုင်ခရီးမှာ ရွာစဉ်မရှိ၊ တောလမ်းဖြစ်၏။ တစ္ဆေအခြောက်ကြမ်းသည်ဟု နာမည်ကြီးနေတာ သူသိသည်။ ဇီးဖြူကွင်းချောင်းကို ကူးရန် ကူးတို့ စောင့်ချိန်တွင် အချိန်က ညီအစ်ကို မသိတသိအချိန်ဖြစ်နေပြီး တစ်ဖက်ကမ်းသို့ ရောက်တော့ မိုးက စုန်းစုန်းချုပ်ခဲ့ပြီ။ ရွာအဝင် ကုက္ကိုတန်းက ထွက်တော့ မှောင်နှင့် မည်းမည်း။ ဒီလမ်းတွင် ယာခင်း၊ သက်ကယ်ကျင်းစောင့်သူ တစ်ဦးစ နှစ်ဦးစသာရှိသည်။ ညစောင့်အိပ်သူ မရှိ။ မိုးမချုပ်ခင် ရွာပြန်ကြသည်။ မအိပ်ဝံ့သည့်အကြောင်းကလည်း ရှိ၏။

ဇီးဖြူကွင်းရွာမှအထွက် မိုင်ဝက်မျှ ရောက်လျှင် သပြုရိုးတံတားရှိသည်။ ထိုတံတားဘေးတွင် အင်းရှိသည်။ ညဘက် လူမနေ။ တစ္ဆေအခြောက်ကြမ်းသည်ဟု သတင်းကြီးလေသည်။ အစောင့်အရှောက်ရှိသော အင်းဖြစ်၍ သရဲအလွန်ခြောက်ကြောင်း အင်္ဂပူတစ်မြို့နယ်လုံး သတင်းကြားပြီးဖြစ်သည်။

ညအချိန် သပြုရိုးတံတားမှ ဖြတ်မည့်သူတိုင်း ကျောစိမ့်ကြသည်။ တစ်မျိုးမဟုတ် တစ်မျိုး၊ ပုံစံအမျိုးမျိုးနှင့် အခြောက်ခံရ၏။

ဘာမှ မကြာသေး၊ ဇီးဖြူကွင်းရွာ ကရင်တောမှ ကရင်ကြီးတစ်ယောက် ည ၈နာရီအချိန် ဟင်းတွဲဖြင့် တံတားမှ အဖြတ်တွင် တစ္ဆေမှ ဟင်းတွဲလုစား၍ နပန်းသတ်ခဲ့ရ၏။ ဟင်းတွဲဆုံးသည့်အပြင် တစ္ဆေ၏ ဗိုက်လိမ်ဆွဲခြင်းကို ခံလိုက်ရသည်။ အိမ်ရောက်တော့ အပြင်းဖျား၍ မနည်းကုယူကြရ၏။ အသက်မသေခဲ့သော်လည်း စိတ်နောက်သွားခဲ့၏။ ဒီသတင်းက တစ်ဆင့်စကား တစ်ဆင့်နား ကြားကြသည်။

ဒီအကြောင်းကို သိထားသော မှိုင်းဝေမှာ သပြုရိုးတံတားကို ဖြတ်ဖို့ ခပ်တွန့်တွန့်။ တစ်လမ်းလုံးလည်း သမ္ဗုဒ္ဓေဂါထာကို ရွတ်ရင်း လျှောက်ခဲ့၏။ လမိုက်ညဖြစ်၍ လူသွားလူလာမရှိတော့။ အိပ်တန်းပြန် ငှက်တို့ပင် မိမိတို့ အသိုက်ရှိရာတွင် အေးချမ်းစွာ အိပ်စက်ကြပြီထင့်။ ငှက်သံပင် မကြားရ။ ကြယ်ရောင်မှိန်မှိန်လေးများက မလင်းတလက် လင်းတလက်နှင့် မှိုင်းဝေကို လမ်းပြနေသကဲ့သို့။ ခုချိန်မှာ ပိုးစုန်းကြူးလေးတစ်ကောင်တွေ့ခဲ့လျှင်တောင် အလင်းပြမည့်အဖော်ရဦးမည်။ လက်နှိပ်မီး မပါသည်ကို ခုမှ နောင်တရမိသည်။ မကြာမီ သပြုရိုးကို ရောက်တော့မည်။

◈◈◈

"ဖျပ်...ဖျပ်...ဖျပ်..."

သူ့နောက်မှ ခြေသံ တဖျပ်ဖျပ် ကြားလိုက်ရသည်။ ခေါင်းက ပုတ်လောက် ကြီးသွားသလို ထင်ရ၏။ နောက်မှ ခပ်သုတ်သုတ်လှမ်းလာနေသော အသံကို ကြားနေရ၏။ ညသံက တိတ်ဆိတ်နေ၍ ခြေသံတဖျပ်ဖျပ်က ပိုကျယ်လာသည်။ လူလား၊ တစ္ဆေလား။ လူဆိုးဆိုလျှင် သူ့ငွေအိတ်ကို ကျစ်ကျစ်ပါအောင် ဆုပ်၍ စိတ်ကို တင်းပြီး ခုခံရန် အားမွေးလိုက်သည်။ လက်သီးကို တင်းတင်းဆုပ်ထားမိ၏။

"အင်း...လူဆိုးဆိုလည်း လာခဲ့၊ ခံချမယ်"

ဟု စိတ်မှာ တွေးမိ၏။

တစ္ဆေ သရဲဆိုလျှင် သူ့မှာ ခုခံစရာ သမ္ဗုဒ္ဓေဂါထာတော်ကြီး ရှိသည်။ ၂၄ ပစ္စာန်းရွတ်၍ စည်းချလိုက်သည်။ တစ္ဆေဆိုလျှင် သူ့အနား မကပ်ရဲဟု ယုံကြည်မိပေမယ့် စိုးရိမ်ကြောက်လန့်စိတ်ဖြင့် ဂုဏ်တော်က တောင်ရောက် မြောက်ရောက် ရွတ်မိနေတာ သတိမထားမိ။

"ဟော့လူ...ဟော့လူ...ခဏနေ





www.burmeseclassic.com

www.burmeseclassic.com

[illegible]ဦးဗျ"

ခပ်သွက်သွက်ပြေးလိုက်သံနှင့်အတူ ခေါ်သံပါ ကြားရ၏။ သူ လှည့်ကြည့်၏။ ကြည့်လျှင်လည်း အကာလညအခါမို့ ဘာမှမြင်ရမည်မဟုတ်။ ခပ်ညြေးမည်း အရိပ်တစ်ရိပ် သူ့အနားရောက်လာပြီး...

"ဟေ့လူ...နေပါဦးဗျ၊ ကျုပ် လူဆိုးမဟုတ်ပါဘူး။ လူကောင်းပါ။ အင်ပူမြို့အဝင်ကို သွားမလို့ပါ။ လမ်းခရီးမှာ မိုးချုပ်နေလို့ ခင်ဗျားကို တွေ့လိုက်တာနဲ့ အမီလိုက်လာတာ။ ခင်ဗျားကလည်း အသွားမြန်လိုက်တာ"

လူတစ်ယောက်၏ စကားသံပါ ကြားလိုက်ရ၍ သူ သွေးတိုးစမ်းသလို စကားခွန်းတုံ့ပြန်လိုက်သည်။

"ခင်ဗျားက ဘယ်က ပြန်လာတာလဲ"

"ကျွန်တော်ကလား၊ ပြောမယ်ဗျာ။ ခင်ဗျား တတွတ်တွတ်ရွတ်နေတာလေး ခဏရပ်လိုက်ဗျာ"

ထိုသူက ပြောသဖြင့် သူ ဂုဏ်တော်ရွတ်ခြင်းမှ ရပ်လိုက်သည်။ ထိုသူက ဘေးမှ ပါလာတာ ရိုးတိုးရိပ်တိပ်တွေ့ရ၏။ လူကောင်းဖြစ်မှာပါဟု တွေးရင်း စိုးရိမ်စိတ်လျော့၏။ ခရီးသွားဖော်ရပြီဖြစ်၍ ကြောက်စိတ်ပြေ၏။ ထိုသူကပင် ဆက်၍...

"ကျွန်တော်က မြစ်နားက ပြန်လာတာဗျ။ မြစ်နားမှာ မိသားစုရှိတယ်လေ"

"အဲ..ကျွန်တော်လည်း မြစ်နားက ပြန်လာတာပါ။ အလုပ်ကိစ္စရှိလို့ မိုးချုပ်သွားတယ်"

"အင်း...ကျွန်တော်သိပါတယ်။ မြစ်နားက အိမ်တစ်အိမ်၊ အဲ..ဒေါ်အေးမေတို့အိမ်မှာ ခင်ဗျား စပါးဖိုး ကြွေးတောင်းတော့ ကျွန်တော်လည်း အနားမှာ ရှိတယ်ဗျ။ ဒေါ်အေးမေက ကျွန်တော့်အဒေါ်လေ"

"ဟာ...အဲဒါဆို ခင်ဗျားကလည်း အဲဒီမှာကတည်းက ကျွန်တော့်ကို ခေါ်ပါလား။ အဖော်ရအောင်လေ"

"အဲဒီက ခင်ဗျားပြန်တော့ ကျွန်တော် လိုက်လာတာ ခင်ဗျား မမြင်လို့ပါ"

"ဒါဆို ခင်ဗျားက ဘာလို့ ခုမှ ဒီရောက်တာလဲ။ ကျွန်တော်က နောက်မီးရှာဝင်နေတာလေ"

"ကျွန်တော်က တမင် မိုးချုပ်အောင်နေပြီးမှ လာရတာလေ"

"ဟင်...ဘာဖြစ်လို့..."

"မစိုးရိမ်ပါနဲ့ဗျာ၊ ကျွန်တော့်အကြောင်းနဲ့ ကျွန်တော်ပါ။ လူကောင်းဆိုတာတော့ ယုံပါ"

"ဟုတ်ပါပြီ။ ကဲ..ခု ကျွန်တော်နဲ့ ခင်ဗျား အဖော်ရပြီပဲ၊ အတူသွားကြမယ်လေ။ ကျွန်တော်က မှိုင်းဝေပါ။ အင်ပူမြို့ပမှာ နေပါတယ်"

"ဟုတ်ကဲ့၊ ကျွန်တော်က ကိုခင်စိုးပါ။ မြစ်နားဇာတိပါ။ ခုတော့ အင်ပူမြို့ဝင်မှာ နေပါတယ်။ ဒါနဲ့ ခင်ဗျားက တတွတ်တွနဲ့ ရွတ်နေတာပဲနော်"

"ဘုရားဂုဏ်တော်ရွတ်တာပါ"

"သိပါတယ်။ ခု ကျွန်တော်နဲ့ အဖော်ရပြီဆိုတော့ ခင်ဗျားရွတ်တာလေး နားဦးဗျာ"

"အေးဗျ၊ ခုမှ အဖော်ရတော့တာ။ ဝမ်းသာတယ်ဗျာ။ ဒါနဲ့ ကိုခင်စိုး၊ ခင်ဗျား တစ္ဆေ သရဲကို ယုံကြည်လား"

အဖော်ရ၍ ကြောက်စိတ်ပြေသွားသောကြောင့် ကိုခင်စိုးကို မေးလိုက်သည်။ မှိုင်းဝေမှာ လူပြောသူပြောများ၍ တစ္ဆေကြောက်နေခြင်းဖြစ်ပေမယ့် တစ်ခါမှ အခြောက်မခံရဘူးပါ။

"ယုံတယ် ကိုမှိုင်းဝေ။ ကိုယ်တွေ့ဗျ။ ရေနွားမှာ ရှိတဲ့ သပြုရိုးတံတားမှာ သရဲရှိတယ်။ အရပ်က ဂပေလောက်ရှိမယ်။ ကိုယ်မှာ အမွေးအမျှင်တွေနဲ့ အစွယ်တွေ့တောင် ပေါက်လို့။ အခြောက်လည်း ကြမ်းပါ့။ တခြား ဝိညာဉ်တွေလည်း ရှိတယ်။ အင်းဆိုတော့ အစောင့်အရှောက်လည်း ရှိတယ်။ ဟို သဘက်၊ မကောင်းဆိုးဝါးကြီးက ခေါင်းဆောင်ကြီးဗျ"

"ကိုခင်စိုးက အဲဒီ မကောင်းဆိုးဝါးကြီးကို တွေ့ဖူးလို့လား"

"တွေ့ဖူးပါကောဗျာ။ ဟိုတစ်လောက ကျွန်တော် မြစ်နားက မိတ်တွေကို သတိရလို့ သွားတာ၊ သပြုရိုးတံတားရောက်တော့ အဲဒီကောင်ကြီးက တားတယ်ဗျ။ သူ့ပိုင်နက် မကျော်ရဘူးတဲ့။ တောင်းပန်လို့လည်း မရဘူး။ အာဏာကလည်း ကြီးပါ့။ အဲ...နောက် ကရင်ကြီးတစ်ယောက်ရောက်လာရော၊ ဝက်သားတွဲကြီးနဲ့ဗျ။ အဲဒီမှာ ဒီကောင်ကြီး အစားငမ်းနေတုန်း ကျွန်တော် အလစ်ဖြတ်လာခဲ့ရတာ"

"အဲဒီ ကရင်ကြီး ရှုံးသွားတယ်ဗျ"

"သြော်...ဟုတ်လား။ အင်း...သွေးပျက်သွားမှာပေါ့။ ခု ကျွန်တော် အပြန်မှာ ဒီကောင်ကြီးနဲ့ တွေ့ရမယ့်ရန်က ရှိတယ်ဗျ။ ကိုမှိုင်းဝေ ကျွန်တော့်ကို ကူညီပါနော်။ ဒီကောင်ကြီးရဲ့ စည်းက ကျော်အောင် ကျွန်တော့်ကို ခေါ်သွားပေးပါဗျာ"

ကိုခင်စိုး ပြောသည်ကို နားထောင်ပြီး မှိုင်းဝေ ပြုံးမိ၏။ သူ့ထက်ကြောက်သည့် လူပါလား။

"ခင်ဗျားကြောက်ရင် ဂုဏ်တော်ရွတ်ပါလား"

ဟု ပြန်ပြောမိ၏။

"ကျွန်တော် ရွတ်လို့ [illegible]

www.burmeseclassic.com

သပြုရိုးတံတား ရောက်တော့မယ်။ ခင်ဗျား ဂုဏ်တော်ရွတ်ပြီး စည်းချ။ အဲ . . .စောစောကလို အမြီးအမောက် မတည့်တဲ့ နေဦးမယ်။ သေချာရွတ်နော်။ ကျွန်တော့်ကို စောင့်ခေါ်ပါနော်"

ဩော် . . . ကြောက်လည်း ကြောက်တဲ့လူ။ တစ္ဆေကြောက်သူ နှစ်ဦး ညမှောင်မှောင်မှာ သရဲခြောက်သော တံတားနား ရောက်တော့မည်။ တောတန်းကို ဖြတ်၍ ကွင်းပြင်မှာ ဝေ့ဝဲတိုက်ခတ်နေသော လေနအေးကြောင့် စိမ့်ခနဲ အေးသွား၏။ ကိုင်းချုံပုတ်နှင့် သက်ကယ်ကျင်းကို လေတိုး၍ တရှဲရှဲမြည်သံကို ကြားရည်။

"အူ . . . ဝူး . . . ဝူး . . . ဝူး"

သက်ကယ်ကျင်းတဲငယ်မှ ခွေးအူသံကို အသည်းငုနဲ့အောင် ကြားလိုက်ရသည်။ ဇီးလွတ်ငှက် အော်သံကိုပင် ကြောက်စရာအသံလိုလို ထင်နေမိသော စိတ်တစ္ဆေက လမိုက်မိုက် ညမှောင်မှောင်တွင် အစွမ်းကုန် ဖြခြောက်နေသကဲ့သို့။

"ကိုမှိုင်းဝေ . . . ရှေ့မှာ တံတား၊ ရွတ် . . . ရွတ်တော့၊ ဟိုကောင်ကြီး ရှိတယ်။ တခြားကောင်တွေရောပဲ။ ရွတ် . . . ရွတ်၊ စည်းချ"

ကိုခင်စိုးက တီးတိုးတီးတိုးပြော နေသည်။ သူ ဂုဏ်တော်ရွတ်ရင်း တံတားပေါ် ဖြတ်နေစဉ် ပတ်ဝန်းကျင်ကို ဝေ့ဝဲကြည့်မိတော့ ဘာမှမမြင်။ လေသယာမ်း၍ ခပ်ကြမ်းကြမ်းလှုပ်ခါနေသော နှစ်ချို့ ကုက္ကိုပင်ကြီးများ၏ တယမ်းယမ်းအရိပ်ကို မထင်မရှားမြင်နေရ၏။

"ဗုန်း . . . ခွပ် . . . ခွပ် . . . အုန်း"

သူ တံတားကို ကျော်မိသည်နှင့် သူ့နောက်ကျောနားကပ်၍ ရန်ဖြစ်သံလိုလို အသံမျိုးစုံကို ကြားလိုက်ရ၏။



တစ္ဆေခြောက်ခံလိုက်ရပြီဟု သိလိုက်၏။ ကြောက်စိတ်ကြောင့် ခပ်သွက်သွက်ခြေလှမ်းမှ အပြေးတစ်ပိုင်းဖြစ်ပြီး ကိုခင်စိုးကို တဒင်္ဂမေ့သွားမိသည်။ တံတားနှင့် အတန်ငယ်လှမ်းပြီး အသံတွေ တိတ်သွားမှ ခြေလှမ်းကို နှေးဖြစ်ရင်း အသက်ဝဝရှူ၍ အမောဖြေရ၏။ ကိုခင်စိုးကို သူ သတိရသွားမိပြီး နောက်ခြေသံနှင့် အရိပ်တစ်ခု အနားရောက်လာ၍ . . .

"ကိုမှိုင်းဝေရေ . . တံတားတော့ ကျော်လာပြီ။ ဟိုကောင်ကြီးက ခင်ဗျား ရွတ်တဲ့ ဂုဏ်တော်ကြောင့် အနားမကပ်ရဲဘူးဗျ။ ကျေးဇူးတင်ပါတယ်ဗျာ။ ခင်ဗျားသာ မပါရင် ဒီကောင်ကြီးက ရစ်နေဦးမှာ။ အဲ . . . အကောင်ခပ်ငယ်ငယ်တစ်ကောင်နဲ့တော့ ဆော်ပလော် တီးခဲ့ရတယ်၊ ဒါက အသေးအဖွဲပါ။ ကျွန်တော်က ဟို နှစ်ချို့ သရဲကြီးပဲ ကြောက်တာ"

ကိုခင်စိုးက သရဲနှင့် နပန်းလုံးသည်ဟု ပြောသည်။ ယုံရခက်ခက်ပေမယ့် အသံတွေ ကြားခဲ့ခြင်းကတော့ အမှန်ဟု သူတွေးမိသည်။ ဒီလူ စိတ်နောက်နေတာလားဟု စဉ်းစားပြီး ခြေလှမ်းကို သွက်ရပြန်သည်။

"ကိုမှိုင်းဝေ . . . ဖြည်းဖြည်းသွားပါဗျ။ နောက်ထပ် ကြောက်စရာမရှိတော့ပါဘူး။ ဟိုရှေ့ခို တာကွေ့ပဲ ရောက်တော့မယ်"

သူ စကားပြန်ပြောချင်စိတ်မရှိသော်လည်း ပြန်ပြောရသည်။

"ကိုခင်စိုးရေ . . .သပြုရိုးကျော်ပေမယ့် တာကွေ့ ရှိသေးတယ်၊ တာကွေ့ ထန်းပင်မှာလည်း သရဲရှိသတဲ့။ သရဲအရပ်က ထန်းပင်လောက် ရှည်ထွက်လာတယ်တဲ့။ ထန်းပင်ပေါ်ကို တစ်လှမ်းနဲ့ တက်တယ်ဆိုပဲ၊ အလကားပါဗျာ၊ ဒါတော့ မယုံပါဘူး"

"ကိုမှိုင်းဝေက မယုံဘူးပေါ့။ ထန်းပင်မှာ သရဲ တကယ်ရှိတယ်ဆို ခင်ဗျား ဘယ်လိုလုပ်မလဲ"

"မယုံဘူး ကိုခင်စိုးရေ မယုံဘူး။ သပြုရိုးတံတားက နှစ်ချို့ ကောင်ကြီးကိုလည်း ကျွန်တော် မမြင်ခဲ့ရဘူး။ ထန်းပင်က သရဲကိုလည်း ကျွန်တော့်ကို လက်တွေ့ပြစမ်းပါ။ ကမ္ဘာ့အရပ်ရှည်ဆုံး သရဲဆိုပြီး ရုံသွင်းပြလိုက်လို့ကတော့ ရလိုက်မယ့် ငွေတွေ . . . ဟားဟားဟား . . .။ ဟော့လူ ကိုခင်စိုး ထန်းပင်အရပ်နဲ့ သရဲကိုတော့ သွားမပျော့ဦးနဲ့နော်၊ ရှုံးလိမ့်မယ်။ ဟားဟားဟား . . ."

"ခင်ဗျားကလဲဗျာ"

ကျယ်လောင်သော သူ့ရယ်သံကြောင့် လမ်းဘေး သစ်ကိုင်းပေါ်မှ ဇီးကွက်နှစ်ကောင် ထပြန်သွားသည့် "ရှဲ" ဆိုသည့် အသံကို ကြားလိုက်ရ၏။

"ငှက်ပျံသံပါ ကိုခင်စိုးရ"

သူ့စိတ်တွေ စောစောကလို ကြောက်စိတ်မရှိတော့ခြင်းမှာ မြို့ဝင်



www.burmeseclassic.com

www.burmeseclassic.com

သွားမည်ဖြစ်ပြီး အင်္ဂလိပ် တောင်ဘက် သိုင်းဝင် "စက်စက်ယိုစေတီတော်" မီးရောင်ကို လှမ်းမြင်နေရပြီဖြစ်သည်။

ညဉ့် အစုန်ရထားသံကို အားရှိ ကြားနေရပြီဖြစ်၏။ ကိုခင်စိုးက မြို့ဝင်မှာ နေတာဆိုတော့ အေးဇာတီ ချက်ကွက်တွင် ဖြစ်နိုင်သည်။ တာကွေ့ ထန်းပင်နှင့် နီးလာခဲ့ပြီ။ ကိုခင်စိုးက သူ့ကို ကျော်တက်၍ ရှေ့မှ သွားနှင့် သည်မို့ ကိုခင်စိုးအရိပ်ကို မည်းမည်း မည်းမည်းနဲ့ တွေ့နေရသည်။ ထန်းပင် အရပ်ကိုလည်း သူ ကြောက်ပုံပဲဟု တွေး မိ၏။ ရှေ့မှ ကျော်တက်သွားသော ကိုခင်စိုးက စကားမဆို။

"ဟေ့လူ···ကိုခင်စိုး၊ စကား ပြောပါဦးဗျ"

ဟု သူ လှမ်းအော်လိုက်သည်။

"ကိုမှိုင်းဝေ···တံတားကျော် အောင် အဖော်လုပ်ပေးတာ ကျေးဇူး ပါတယ်။ ကျွန်တော် သွားတော့ မယ်နော်"

"ဟင်···ကိုခင်စိုး၊ မြို့ဝင်ဖို့ ဝင်ဝက်လောက် လိုသေးတယ်လေ။ ခင်ဗျားက ဘယ်မှာ နေလို့လဲ"

ကိုခင်စိုးက စကားမတုံ့ပြန်။ သမ်းမှ ဖယ်ခွာကာ လမ်းဘေးဆင်းချ သွား၏။ ကိုခင်စိုး ဆင်းသွားသောနေရာ မှာ ထန်းပင်တည့်တည့်ဖြစ်၍ ဒီနေရာ မှာ ကိုင်းလုပ်သူ၊ သက်ကယ်ကင်း စောင့်သူဟု ထင်လိုက်၏။

ရုတ်ခြည်းရက် စူးရှရှ အပုပ်နံ့က ထောင်းထောင်းထသွား၏။ လမ်းဟု သီးသန့်မရှိပါဘဲ ကိုင်းပင် ချုံပုတ်ကြီး များကို ကျော်ခွ ဆင်းသွားသော ကိုခင် စိုးအရပ်က တဖြည်းဖြည်းရှည်လာပြီး ကြည့်နေရင်းမှာပင် အရိပ်မည်းကြီးက ထန်းပင်လောက် ဖြစ်လာကာ ထန်းပင် ပေါ်သို့ တစ်လှမ်းတည်း လှမ်း၍ တက် သွားလေတော့သည်။

"အင်"

မမျှော်လင့်သော မြင်ကွင်းမို့ ရုတ်တရက် ကြက်သေသေသွားပြီး ခေါင်းမွေးများပင် ထောင်ထကာ၊ ကြက် သီးတဖြန်းဖြန်းထ၍ မီးရောင်မြင်နေရ သော စက်စက်ယိုစေတီတော်ကို လက်အုပ်ချီပြီး "ကယ်တော်မူပါ ဘုရား"ဟု တ,ရင်း ခြေကုန်သုတ် ပြေး ခဲ့သည်မှာ ငွေထုပ်ပါသော လွယ်အိတ် ဘယ်ကျကျန်ခဲ့မှန်းကို သတိမရပါလေ တော့။ မြို့ဝင်ပြီး အိမ်ရှေ့အရောက် အမောဆို့ပြီး လဲကျသွားခြင်းကိုသာ နောက်ဆုံး သိလိုက်ရလေသည်။

◈◈◈

မှိုင်းဝေတစ်ယောက် ဆေးကု၍ မတိုးအောင်ပင် ဖျားလေသည်။ ငွေ အိတ်အကြောင်းလည်း သတိမရ။ စိတ် ကစဉ့်ကလျားဖြစ်ဆဲပင်။ ဆရာတော် ကြွလာပြီး ပရိတ် ပဋ္ဌာန်းရွတ်လျက် ကြောက်စိတ်ကို တရားနှင့် ဖြေခိုင်း၏။ မှိုင်းဝေ၏ ဖခင်က···

"ငါ့သား မင်း သွေးမပျက်နဲ့။ ဒီတစ္ဆေက မင်းကို ခြောက်တာမဟုတ်ဘူး။ မင်းကို ခုတုံးလုပ်ပြီး သူ့အန္တရာယ် သူကာကွယ်တာ"

"ဘာ···ဘာဖြစ်လို့လဲ အဖေ"

"သရဲတစ္ဆေဘဝမှာ တစ်နေရာနဲ့ တစ်နေရာ ကူးရင် သူ့ခွင့်၊ ကိုယ့်စည်း မကျော်ရဘူးလို့ မှတ်ဖူးတယ်။ ခွင့် တောင်းရတယ်။ လူတွေလိုပေါ့။ တစ် နေရာနဲ့ တစ်နေရာသွားရင် ကားလက် မှတ်၊ ရထားလက်မှတ်ယူရတယ်။ အိမ် တစ်အိမ်ကို ဝင်ရင် ဝင်ခွင့်တောင်းရ တယ်လေ။ ခု မင်းပြောသလိုဆိုရင် မင်းတစ္ဆေက သပြုရိုးတံတားက ကောင်ကြီးကို ကျော်နိုင်ဖို့ ဂုဏ်တော် ရွတ်ပြီး စည်းချခိုင်းတယ်။ သူက မင်း စည်းနားက ကပ်လိုက်တာကွ။ ဒု ဘုန်းကံကို မှီပြီး သူ့အန္တရာယ်က လွတ်အောင် ကြံတာပါ။ ခုကွမ်းပေးဖို့ မဟုတ်ပါဘူးကွာ"

"ဒါဆို အရပ်က ထန်းပင် လောက် ရှည်ပြီး ထန်းပင်ပေါ်ကို တစ်လှမ်းတည်းနဲ့ လှမ်းတက်တာက ရော၊ ကျွန်တော့်ကို ခြောက်တာပေါ့ နော်"

"မင်းက မယုံမကြည့်ပြောတာကို မခံချင်ဘူးထင်ပါရဲ့။ မင်းက ရုံသွင်းပြ မယ်ဆိုတော့ သူက တကယ်ရှိကြောင်း သူ့ဘဝကို သိအောင် ပြလိုက်တာပါ"

သူ ပြောမှ လောင်မိသည်များကို တွေးမိ၏။ ကြောက်စိတ်ပြေလာတော့ ငွေထုပ်ပျောက်သွားခြင်းကို နမြော၍ မဆုံး။

ထိုနေ့ည အိပ်မက်တွင် မှောင် မိုက်သောည၏ ခရီးသွားဖော် ကိုခင်စိုး တစ္ဆေကို တွေ့ရ၏။

"ကိုမှိုင်းဝေ···ကျွန်တော့်ကို ခွင့်လွှတ်ပါ။ ခင်ဗျားကို မိတ်ဆွေလို သဘောထားပါတယ်။ ခင်ဗျားကို မခြောက်ချင်ပါဘူး။ ကျွန်တော့်ဘဝကို ကယ်တင်ပါဦးဗျာ။ အဲဒီညက ကိုမှိုင်း ဝေ လန့်ပြီး ထွက်ပြေးသွားတော့ ငွေ ထုပ်ကျန်ခဲ့တယ်။ ထန်းပင်အောက်က ချုံပုတ်ထဲမှာ လာယူပါ"

မနက်လင်းတော့ မိဘတွေကို ပြောပြပြီး ငွေထုပ်ကို သွားရှာရာ ပြန် တွေ့ခဲ့ပါသည်။ ကျေးဇူးသိသော တစ္ဆေ ဟု သူငယ်ချင်းများက စ,ကြသည်။

"မှိုင်းဝေ···မင်းမိတ်ဆွေ တစ္ဆေ က ဘယ်သူလဲ"

"ကိုခင်စိုးတဲ့၊ မြစ်နားက"

"ဟာ···အဲဒါ ဒီ တာကွေ့ ရေ ချိုင့်ထဲမှာ ခြေထောက် ရေဆေးရင်း လိမ့်ကျပြီး ရေနစ်သေတဲ့သူကွ။ သူ





www.burmeseclassic.com

www.burmeseclassic.com

နေတာက မြစ်နားမှာ။ ဒါပေမယ့် ရေကြောက်လို့ ရေမကူးတတ်ဘူးတဲ့။ အင်း…အဆက်ပါတော့လည်း ရေချိုးထဲ ကျသေရတယ်လေ"

မှိုင်းဝေ ဇာတ်ရည်လည်သွားခဲ့ပါပြီ။ မြစ်နားမှ လာ၍ တာကွေ့ ရေချိုးမှာ သေရသူ ကိုခင်စိုး တစ္ဆေက ရေချိုးနား ထန်းပင်ကို အမှီပြုနေရသူဖြစ်လေသည်။ မိသားစုရှိရာ သွားပြီး ပြန်အလာ၊ သူနှင့် ခရီးသွားဖော် မိတ်ဆွေဖြစ်ခဲ့ရခြင်းပင်။ ကိုခင်စိုးတစ္ဆေ (ထန်းပင်တစ္ဆေ) ပြန်ပေးငွေများထဲမှ ကိုခင်စိုးကို ရည်စူး၍ အလှူဒါနပြုပေးခဲ့ပါ၏။

◈◈◈

"အဘ…ဒီတစ္ဆေက လူကို ခုတုံးလုပ်တယ်ဆိုတော့ တော်တော်လည်တာပေါ့နော်"

"အင်းပေါ့ ငါ့မြေးတို့ရယ်။ ဒီတစ္ဆေက လူ့ရဲ့ ဘုန်းကံကို မှီပြီး သူ့ဘေးက လွတ်အောင် ကြံတာလေ။ ဒါပေမယ့် သူ စိတ်ကောင်းရှိပါတယ်။ ခရီးသွားဖော် မိတ်ဆွေကောင်းပေါ့ကွယ်"

"အဘ…အဘက ဘာဖြစ်လို့ ဒီလောက် သိနေရတာလဲဟင်"

"သိဆို တစ္ဆေကြောက်လို့ ဂဏ်တော်ရွတ်တဲ့၊ ဂဏ်တော်ရွတ်လို့ တစ္ဆေရဲ့ တုံ့ပြန်ကျေးဇူးပြုခြင်း ခံရတဲ့ မှိုင်းဝေဆိုတာ အဘမှိုင်းပဲကွဲ့"

"ဩော်…"

"ဟောဗျာ…"

မြေးများအားလုံး အံ့ဩသံတွေ ဝေစည်လို့။ မြေးများထဲမှ ၁၁နှစ်အရွယ် စာရေးသူက…

"အဘရဲ့ ဖြစ်ရပ်မှန် တစ္ဆေနဲ့ ရင်ဆိုင်ကြုံတွေ့ရတဲ့ ဒီအဖြစ်ကို လူ တွေ သိစေချင်လိုက်တာ"

ဟု ပြောမိ၏။

ယခုတော့ အဘ မှိုင်းဝေ မရှိ တော့ပေ။ တစ္ဆေ ဗိုက်လိမ်ဆွဲ၍ စိတ် နောက်နေသော ကရင်ကြီးလည်း မရှိ တော့ပါ။ ဦးဖြူကွင်းလမ်းမှ ထန်းပင် တစ္ဆေအကြောင်းလည်း နောက်ပိုင်း မကြားရတော့ပါ။ သပြုရိုးတံတား တော့ ယခုတိုင် သတင်းကြီးနေဆဲပင် ဖြစ်၏ ■

* * *

ဝေး(ဇရာဝင်



www.burmeseclassic.com

တ က္ကသိုလ် စိုး မိုး နိုင်

# ဘဝဖွံ့ဖြိုး အဖြေရှာကဏ္ဍ

အောင်ဇွဲမာန်
ကျော်ချိုရပ်ကွက်၊ ဖဟန်း။

မေး ။ ငွေကြေးအခက်အခဲမှ လွတ်မြောက်လိုပါသည်။

ဖြေ ။ တနင်္ဂနွေသား မောင်အောင်ဇွဲမာန်သည် တနင်္ဂနွေ နေမင်းကြီးရဲ့ လွှမ်းမိုးခြင်း ခံရသောကြောင့် ရဲစွမ်းသတ္တိရှိသူ၊ အစွမ်းထက်မြက်သူဖြစ်သည်။

ထို့အပြင် မောင်အောင်ဇွဲမာန်သည် ဂဏန်းဗေဒင်ပညာရပ်အရ (၈)ဂဏန်းသမားဖြစ်သောကြောင့် ဗုဒ်မိ သဲတိုင်းတိုင်နိုင် ဖျားရောက် ကြိုးစားတတ်သူတစ်ဦးလည်း ဖြစ်သည်။ သေ မြေကြီး၊ ရှင် ရွှေထီး စိတ်ထားမျိုးလည်းသည်။ အဆုံးအဖြတ်ကောင်းသည်။

တရုတ်ဂမ္ဘီရဝေဒဗေဒင်ပညာရပ်အရ မောင်အောင်မာန်သည် မြင်း(ရေဓာတ်)နှစ်ဖွား ဇာတာရှင်ဖြစ်၏။ ထို့ကြောင့် စိတ်ရင်းစေတနာကောင်းသူ၊ ဖော်ရွေသူ၊ ပါရမီဓာတ်ကောင်းသူ၊ ဘဝတိုးတက်မှုကို အမြဲလိုလိုရှာဖွေတတ်သူတစ်ဦးလည်း ဖြစ်သည်။

ရာသီခွင်အရ မေထုန်ရာသီဖွားဖြစ်ခြင်းကြောင့် အရာကို ယထာဘူတကျကျ ဆန်းစစ် ဝေဖန်ပြီးမှ လက်ခံတတ်သော သဘောထားရှိသူလည်း ဖြစ်၏။

တနင်္ဂနွေသား မောင်အောင်ဇွဲမာန်အနေနဲ့ ဖြစ်ချင်တဲ့ အရာကို မဖြစ်ဖြစ်အောင် အကောင်အထည်ဖော်လျှင် အောင်မြင်မှုကို မလွဲကေန် ရရှိပါလိမ့်မည်။

တနင်္ဂနွေသား မောင်အောင်ဇွဲမာန်အတွက် ငွေကြေးအခက်အခဲ ပျောက်စေမည့် ယတြာကတော့···

တနင်္ဂနွေနေ့တွင် မွေးနံထောင့်၌ နံနက် ၆နာရီမှ ၈နာရီအတွင်း မွှေးသောပန်း ၅ပွင့်၊ အောင်သပြေ တစ်စည်းကပ်လှူလျက် သီလခံယူပြီး ငွေကြေးအခက်အခဲပြေပျောက်စေရန် ဆုမွန်ကောင်း တောင်းပါ။

အထက်ပါ ယတြာကို မောင်အောင်ဇွဲမာန်က စိတ်ရှည်ရှည် လေးလေးစားစားလုပ်မည်ဆိုပါက ငွေကြေးပူပင်သောက ကင်းဝေးသောဘဝကို ပိုင်ဆိုင်ပါလိမ့်မည်။

နီလာ
ဖဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

မေး ။ ဘဝအောင်မြင်ရေးအတွက် ကျင့်စဉ်တစ်ရပ်ကို သိလိုပါသည်။

ဖြေ ။ နီလာသည် တရုတ်ဂမ္ဘီရဝေဒပညာရပ်အရ ကြွက်(သစ်သား)နှစ်ဖွား ဇာတာရှင်ဖြစ်ပြီး အနောက်တိုင်းဗေဒင်အရ ဓနုရာသီဖွားဖြစ်သည်။ ဂဏန်းဗေဒင်ပညာရပ်အရ (၅)ဂဏန်းသမားဖြစ်ခြင်းကြောင့် အခွင့်အရေးကြုံလာလျှင် အရယူတတ်သူဖြစ်သည်။ သို့သော် အနန္တော အနန္တ ငါးပါးကို ရိုသေကိုင်းရှိုင်းမှုရှိသည်။ မည်သည့်ကိစ္စတွင်မဆို မျှတမှုကို မြတ်နိုးသည်။

နီလာအတွက် ဘဝအောင်မြင်ရေးကျင့်စဉ်တစ်ရပ်မှာ -

(၁) လက်ရှိအချိန်က အကောင်းဆုံးအချိန် ဖြစ်သည်။ လက်ရှိအချိန်မှာ ကုသိုလ်၊ ပညာ၊ ဥစ္စာရအောင် ရှာဖွေပါ။
(၂) ပျင်းရိခြင်း ခြောက်ပါးကို ရှောင်ရှားလျက် ဒီနေ့ပြီးနိုင်သောအလုပ်ကို ဒီနေ့ပြီးအောင်လုပ်ပါ။
(၃) သင့်ကိုယ်ကျင့်တရားကို ဘာသာတရားဖြင့် ထိန်းချုပ်ပါ။
(၄) ဝင်ငွေနှင့် ထွက်ငွေ မျှတအောင် နေထိုင်ပါ။
(၅) မွေးနေ့နံနက်စောစောတွင် ရွှေတိဂုံစေတီတော်မြတ်သို့သွားပြီး မိမိ၏ မွေးနံထောင့်တွင် ရေသပ္ပာယ်ကာ ပန်း၊ ရေချမ်း၊ ဆွမ်း ကပ်လှူပြီး ငါးပါးသီလခံယူကာ အောက်ပါ "ဆယ်တော်မူဘုရားဂါထာ"ကို ကိုးခေါက် ရွတ်ဆိုပွားများပါ။

**ဆယ်တော်မူဘုရားဂါထာ**

ကကုသန္ဓော ကောဏာဂမနော၊
ကဿပေါ ဂေါတမော
မုနိဆယ်ထား အောင်တော်မူမြတ်စွာဘုရား



www.burmeseclassic.com

www.burmeseclassic.com

မေဌွေ့ယျာ ပဋ္ဌဗုဒ္ဓေါတော
သိီသေမေသန္တ သဗ္ဗဒါ
ဇောတသံ အာနုဘာဝနေ
ရက္ခဒေါ မဟိဒ္ဓိကာ
သမ္ဗေသုခိတာ ဟောန္တုမေတ္တာ
သဟာယကာ။

မနီလာအနေဖြင့် ပွင့်တော်မူပြီးသော ဘုရားလေးဆူနှင့် နောင် ပွင့်လွှန်းလာမည့် ဘုရားမြတ်စွာတို့၏ ဂုဏ်တော်များကို အာရုံပြုလျက် "ဆယ့်တော်မူဘုရားဂါထာတော်"ကို ရွတ်ဆိုပေးပါ။ ထိုသို့ ရွတ်ဆိုပေးခြင်းအားဖြင့် မနီလာ၏ ဘဝတွင် လူချစ်လူခင်ပေါများခြင်း၊ အခက်အခဲများမှ ကံဆယ်တော်မူခြင်း၊ ကျန်းမာချမ်းသာခြင်း၊ ရန်သူမျိုးငါးပါးမှ ကင်းဝေးခြင်း၊ ပြောဆိုစကားများ အောင်မြင်ခြင်း၊ လာဘ်လာဘပေါများခြင်း၊ ထီပေါက်ခြင်းတို့ ကြုံရပေလိမ့်မည်။

ကံမြင့်
ပဲခူးမြို့

မေး ။ ဘဝအောင်မြင်မှုအတွက် ကျင့်စဉ်တစ်ရပ်ကို သိချင်ပါသည်။

ဖြေ ။ ကံမြင့်သည် တရုတ်ဂမ္ဘီရဝေဒပညာရပ်အရ ကြွက်နှစ်ဖွားဇာတာရှင်ဖြစ်ပါသည်။ ဆရာကြီး ကိုင်ရိုး၏ ဂဏန်းဗေဒင်ပညာရပ်အရ (၁)ဂဏန်းသမားဖြစ်ပြီး အနောက်တိုင်းဗေဒင်ပညာရပ်အရ ဗြိစ္ဆာရာသီဖွား[illegible]ခြင်းကြောင့် မည်သည့်ကိစ္စကွင်မဆို ဦးစီးဦးဆောင်လုပ်တတ်သူ၊ အကောင်းကြိုက်သူ၊ အစားအသောက်ကောင်းကို မက်မောသူဖြစ်သည်။

ဘဝအောင်မြင်မှုကို ရရှိလိုသူ ကိုကံမြင့်အနေဖြင့်...

(၁) မိမိဘဝတိုးတက်ကြီးပွား အောင်မြင်အောင် ဆောင်ရွက်ရမည့် အလုပ်နှင့် တာဝန်မှာ မိမိ၏ အလုပ်၊ မိမိ၏ တာဝန်သာ ဖြစ်သည်။
(၂) မှန်ကန်သော အတွေးအခေါ်သနက သင့်ဘဝကို မြင့်မားစေလိမ့်မည်။ မှန်ကန်သော အတွေးအခေါ်သနကို မွေးဖွားပေးမည့် စာကောင်းပေမွန်များကို ဖတ်ရှုပါ။
(၃) အတ္တာဟိ၊ အတ္တနော နာထော - မိမိကိုယ်သာ ကိုးကွယ်ရာအစစ်ဖြစ်သည်ဟု ဂေါတမ ဗုဒ္ဓမြတ်စွာဘုရား ဟောကြားခဲ့သည်။ ထို့ကြောင့် ကိုယ့်ဒူးကိုယ်ချွန်လျက် ကြိုးစား အားထုတ်ပါ။
(၄) ခေတ်ကို မျက်ခြေမပြတ်စေရန် အိုင်တီပညာရပ်များ[illegible] သင်ယူပါ။ တစ်ဖန် မိမိကိုယ်တိုင် ဆန်းသစ် [illegible] ကြိုးစားပါ။ အသစ်တီထွင် ဖန်တီးနိုင်မှုကသာ[illegible] မိမိဘဝ အမှန်တကယ် မြင့်မားတိုးတက် အောင်[illegible] နိုင်ပေလိမ့်မည်။
(၅) မိမိဘဝတိုးတက်အောင်၊ ချမ်းသာအောင် ကြိုးပမ်း[illegible] တွင် ကလျာဏမိတ္တသမ္ပဒါ မိတ်ကောင်း ဆွေကော[illegible] နှင့် ပေါင်းဖော်ခြင်းဟူသောအချက်သည် အရေးကြီး[illegible]
(၆) "ပေါ်မှ်နေသော ကျောက်တုံးသည် ရေညှိမကပ်နိုင်[illegible] သကဲ့သို့ အလုပ်တစ်ခုမှ တစ်ခုသို့ အပြောင်းအလဲ[illegible] လွန်းခြင်းသည်လည်း ဘဝမြင့်မားမှုကို အဟန့်အတား[illegible] ဖြစ်စေလိမ့်မည်။ ဘဝတိုးတက်စေရန် မည်သည့်[illegible] ကိုပဲ လုပ်လုပ်၊ ဇောက်ချလုပ်ကိုင်ပါ။
(၇) သင် စိုက်ပျိုးထားသော အပင်၏ အသီးကိုသာ စား[illegible] ရလိမ့်မည်။ ထို့ကြောင့် ဒါန၊ သီလ၊ ဘာဝနာ တရား[illegible] များကို တတ်နိုင်သရွေ့ ပွားများ အားထုတ်ပါ။

ထိုအချက်များအပြင် နံနက်တိုင်း စောစော[illegible] အိမ်ရှိ ဘုရားမှာ ပန်း၊ ရေချမ်း၊ ပေါက်ပေါက်ဆွမ်းနှင့် [illegible] လှူပြီး သီလခံယူပါ။ သာသနာစောင့်နတ်နှင့် နတ်ကောင်း[illegible] နတ်မြတ်များကို ပင့်ဖိတ်ပြီးလျှင် သမ္ဗုဒ္ဓေဂါထာတော်ကြီး[illegible] ရွတ်ဖတ်ပါ။ ထို့နောက် မေတ္တာပို့ကာ အမျှအတန်းပေးဝေ[illegible]

သမ္ဗုဒ္ဓေဂါထာတော်ကြီး

သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ၊ ဒွါဒသဉ္စ သဟဿကေ၊
ပဉ္စသတ သဟဿာနိ၊ နမာမိ သိရသာမဟံ၊
အပ္ပကာ ဝါဠုကာ ဂင်္ဂါ၊ အနန္တာ နိဗ္ဗုတာ ဇိနာ၊
တေသံ ဓမ္မဉ္စ သံဃဉ္စ၊ အာဒရေန နမာမဟံ၊
နမက္ကာရ နုဘာဝေန၊ ဟိတွာ သဗ္ဗေ ဥပဒ္ဒဝေ၊
အနေကာ အန္တရာယာပိ၊ ဝိနဿန္တု အသေသတော[illegible]

ကံမြင့်အနေဖြင့် နံနက်တိုင်း ဤသို့ ဒါန၊ သီ[illegible] ဘာဝနာအမှုများကို မပျက်မကွက် လုပ်ဆောင်ပေး[illegible] စိတ်ကြည်လင် ရွှင်လန်းမှု၊ အနှောင့်အယှက် အန္တရာယ်[illegible] ဝေးမှု၊ ကံကောင်းမွန်မှုများကို မလွဲမသွေ ခံစားရရှိပါ[illegible] မည်။ ထို့အပြင် မိမိလိုလား တောင့်တနေသော ဘဝအော[illegible] မြင့်မှုကို ဆက်ဆက်ရရှိပါလိမ့်မည် ■

* * *

တက္ကသိုလ်စိုး[illegible]



www.burmeseclassic.com

www.burmeseclassic.com

# ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်း၏လက်ဆောင်မွန်

# ဆရာတက္ကသိုလ်စိုးမိုးနိုင်၏ ဘဝပုစ္ဆာအဖြေရှာကဏ္ဍ

ဘဝရဲ့အောင်မြင်မှုမှာ အရေးအကြီးဆုံးက ဒဿနနဲ့ မှန်ကန်တဲ့ အသိတရား ရှိဖို့လိုပါတယ်။ ရေလိုက်လွဲရင် အောင်မြင်မှုနဲ့ ဝေးလိမ့်မယ်။ တစ်ခါတစ်ခါ ယောင်ဝါးဝါးနဲ့လျှောက်နေရင်း ဘဝခရီးထဲမှာ မောပန်းသမ်းပျောက်နေမှုတွေ ရှိတတ်ပါတယ်။

ဒါကြောင့် . . . ဒဿနိကဗေဒ၊စိတ်ပညာပိုင်းဆိုင်ရာ၊နက္ခတ္တဗေဒအမြင်၊ဂဏန်းဗေဒင်ပညာ၊ ဘိုင်းရင်းဆေးပညာအမြင် ရှုထောင့်စုံမှ သင့်ဘဝအောင်မြင်ရေးအတွက် ဆရာနိုင်သမျှ သင့်ကိုကူညီမှာပါ။

အောက်ဖော်ပြပါ အချက်အလက်များထဲမှ သင်နှစ်သက်ရာတစ်ခုကိုသာ မေးခွင့်ရှိပါသည်။

- **A** = ဒီနှစ်ထဲမှာ ကံကောင်းမလား။
- **B** = ကံကောင်းခြင်းရဲ့လက်ဆောင်၊ ယတြာတစ်ခု လိုချင်ပါသည်။
- **C** = ကျန်းမာရေးဓာတ်စာကို ပေးပါ။(ခံစားနေရမှု ဝေဒနာကို ဖော်ပြရန်လိုသည်။)
- **D** = ကျန်းမာရေးကောင်းစေရန် ယတြာကိုပေးပါ။
- **E** = အချစ်၏ ပုစ္ဆာတစ်ပုဒ်ကို အဖြေထုတ်လိုပါသည်။ (ချစ်သူ၏ မွေးနေ့ရက်၊လ၊ ခုနှစ်၊ မွေးဒေသနှင့် လူမျိုးတို့ကို ဖော်ပြရန်လိုပါသည်။)
- **F** = ဘဝအောင်မြင်ရေး ကျင့်စဉ်တစ်ရပ်ကို သိလိုပါသည်။(အမည်၊ မွေးနေ့ရက်၊လ၊ခုနှစ်၊အချိန်၊ မွေးဒေသ၊ အရပ်အမြင့်၊ ကိုယ်အလေးချိန်၊ ပညာအရည်အချင်းတို့ကို ဖော်ပြရန် လိုပါသည်။
- **G** = အပ်စပ်သော အမိဋ္ဌာန်တစ်ရပ်ကို သိလိုပါသည်။

## ဆရာတက္ကသိုလ်စိုးမိုးနိုင်၏ ဘဝပုစ္ဆာအဖြေရှာကဏ္ဍ

အမည် ။ ။ ____________________

မွေးခုနှစ်၊လ၊ရက် ။ ။ ____________________

နေရပ်လိပ်စာ ။ ။ ____________________

____________________

____________________

သိမေးလိုသည့် ။ ။ ____________________

မေးခွန်းအကြောင်းအရာ ____________________

သင်သိလိုသောမေးခွန်းတစ်ခု၏အက္ခရာကိုအမှန်(✓)ခြစ်၍ ဖော်ပြပါ။

A ( ) B ( ) C ( ) D ( ) E ( ) F ( ) G ( )

---

ဤပုံစံတွင် ဖြည့်စွက်၍ဖြတ်ပြီးလျှင် အောက်ပါလိပ်စာသို့ပို့လိုက်ပါလေ။ (သို့မဟုတ်)

ဤပုံစံအတိုင်း မိမိလက်ဖြင့်ရေး၍လည်း ပေးပို့လို့ရပါတယ်။

ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်း

ဘဝပုစ္ဆာအဖြေရှာကဏ္ဍ

အမှတ် - ၁၇၉ (ဒုတိယထပ်/ဝဲ)၊ ၃၁ - လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၃၇၄၄၈၅



www.burmeseclassic.com

www.burmeseclassic.com

# ရေစီးကမ်းပြိုအတွက် ဆေးတစ်နည်း

သင်းနေနွယ်ဦး (ဘီးလင်း)

စာရေးသူတို့ ဖေဖေနှင့် တိုင်းရင်းဆေးပညာအကြောင်းနှင့် ဗုဒ္ဓဝင်စာအုပ်များတွင် ပါရှိသော ဇာတ်နိပါတ်တော်များ အကြောင်းတို့ကို ဆွေးနွေးဘက်ဖြစ်သော တိုင်းရင်းဆေးဆရာကြီး ဘိုးဘိုး ဦးငွေမောင်သည် ရွှေလေှကျေးရွာတောင်ပိုင်း၌ နေထိုင်သည်။ ဘိုးဘိုး ဦးငွေမောင်သည် ပါဠိစာပေကျွမ်းကျင်နှံ့စပ်၍ ဖေဖေနှင့် ဆွေးနွေးရသည်မှာ ပျော်ရွှင်ဖွယ်ဖြစ်သည်ဟု ပြောတတ်သည်။ ရွှေလှေကားကျေးရွာသည် ဘီးလင်းမြို့၏ တောင်ဘက် ၇မိုင်ခန့်ဝေး၍ အိမ်ခြေ ၁၅၀၀ ခန့်ရှိပြီး ရှေးဟောင်းရွာကြီးဖြစ်၍ အထက်တန်းကျောင်းနှင့် ကျေးလက် ကျန်းမာရေးဌာနခွဲ၊ ဈေးတို့ ရှိသည်။

"ဆရာ့ကို တွေ့ရတာ ဝမ်းသာပါတယ်။ ဆရာ ဘယ်အချိန်ရောက်လာသလဲ။ ကျွန်တော့်ဇနီးတောင် မေးနေသေးတယ်။ ဆရာ့တွေ့တာနဲ့ အကူအညီတစ်ခုလောက် တောင်းချင်တယ်။ ကိုယ့်ဆရာသမားဆိုတော့ အကူအညီရမယ်လို့လည်း ထင်တယ်"

ဟု ပြောသည်။ ဖေဖေက…

"ဒီမနက် ရနာရီခွဲလောက် ရောက်တယ်။ သမီးကြီးပါ ခေါ်လာခဲ့တယ်။ မောင်အောင်လွင်တို့ ညီအစ်ကိုတွေနဲ့ မိဘတွေရော နေကောင်းကြရဲ့လား။ မောင်အောင်လွင်က သားသမီးတွေ ဘယ်နှယောက်တောင်လဲ။ အလုပ်တွေရော လုပ်နေကြပြီလား"

စသည်ဖြင့် ပြန်မေးသည်။ ဦးအောင်လွင်မှ …

"ဟုတ်ကဲ့ ဆရာ၊ သားသမီးသုံးယောက်ပါ။ မိန်းကလေးက တစ်ယောက်တည်း။ ယောက်ျားလေးက နှစ်ယောက်ပါ။ သားကြီးကတော့ အိမ်ထောင်ကျသွားပြီ။ အခု သားအငယ်ကောင်က သွားအရင်းမှာ ပြည်တစိုစိုနဲ့ အနာလိုလိုဖြစ်နေတာ တစ်ပတ်ကျော်ပြီ။ ကောင်းနီးရာရာလေးတွေကိုသည်း လုပ်ပေးနေတယ်။ သိပ်တော့ မထူးခြားသေးဘူး။ တချို့က ပြောကြတယ်။ ကြာကြာထားရင် သွားအရင်းတွေ ပဲ့ထွက်တတ်တယ်ဆိုတာ၊ ဟုတ်လား ဆရာ"

ဟု မေးသည်။ ဖေဖေက…

"အဲဒါ ရေစီးကမ်းပြို၊ ဒန္တစိုလို့ ခေါ်တယ်။ သွားအ… မှာ ပြည်တစိုစိုနဲ့ အနာဖြစ်နေရင် ကြာလာရင် သွားအ… တွေ ပဲ့ထွက်တတ်တယ်ဆိုတာ သိပ်မှန်တာပေါ့"

ဟု ပြောပြသည်။ ဦးအောင်လွင်မှ…

"အဲဒါဆိုရင် ဆရာရယ်၊ ကျွန်တော်တို့ရွာမှာ အ… တကူရရှိနိုင်တဲ့ ဆေးနည်းကောင်းတစ်လက်လောက် … ပေးပါ"

ဟု အကူအညီတောင်းသည် ဖေဖေက ခဏစဉ်း… ပြီး…

"ဒီအချိန်ဟာ သစ်တိုသီးတွေ ပေါတဲ့အချိန်ပဲ။ သ… သီးအကင်းလေးတွေကို လိုက်ရှာနိုင်ရင်တော့ ပိုကော… တယ်။ ငါးပ်နံ့မှာ သစ်တိုပင်တွေလည်း ပေါပါတယ်။ သ… သီးအကင်း ငါးလုံးလောက်ရရင် ရေဆေးပြီး လေ… စိတ်ရမယ်။ မြေအိုးထဲကို ရေသင့်တော်ရုံထည့်ပြီး သုံး… တစ်ခွက်တင် ပြုတ်ရမယ်။ အဲဒီ ပြုတ်ရည်ပူပူနွေးနွေး… ငုံပြီး ထွေးထုတ်ရမယ်။ မကြာခဏ ငုံပြီး ထွေးထုတ်ရ… သုံးရက်လောက်ကြာရင် အဲဒီ ရေစီးကမ်းပြို ဒန္တစိုေ… ဟာ အချိန်တိုတိုနဲ့ သက်သာပျောက်ကင်းသွားမယ်"

ဟု ပြောပြပေးလိုက်သည်။ ဦးအောင်လွင်မှ…

"ဆရာရယ်… အခုလို ပြောပြပေးတာ ကျေးဇူးတ… တယ်။ ကျွန်တော် အိမ်ပြန်ပြီး သစ်တိုသီးအကင်းလေ… လိုက်ရှာလိုက်ဦးမယ်။ သစ်တိုသီးရတာနဲ့ ချက်ချင်းလုပ်… လိုက်ပါ့မယ်"

ဟု ပြော၍ နှုတ်ဆက်ပြီး ပြန်သွားတော့သည်။ … သူတို့သားအဖလည်း တစ်ညဉ့်အိပ်ပြီး အလှူပြီးတ… ဘီးလင်းမြို့သို့ ပြန်လာခဲ့တော့သည် ■

* * *

သင်းနေနွယ်ဦး…



www.burmeseclassic.com

www.burmeseclassic.com

# မသိသူကျော်သွား သိသူဖော်စား ဆေးတစ်ပါး

မိုးဟိန်းကျော်

နာမည်ကျော် နာဂစ်မုန်တိုင်းကြီး ပြီးခဲ့သည့်ကာလ၊ စာရေးသူတို့ ဝါးခယ်မမြို့နယ်နှင့် ရွှေလောင်းမြို့နယ်အကြား မှန်ချောင်းကမ်းဘေး လယ်ကွင်း၌ နေစဉ်ကာလဖြစ်သည်။ လပွတ္တာမြို့နယ်သား ဇုဦးကို ဝါးခယ်မမြို့နယ်၊ ကနစိုးကုန်း၊ အက်သလစ် သာသနာမှ ကယ်ဆယ်နေရာချထားပေးသော အေသတွင် ဖြစ်သည်။ နေထိုင်ရန် အိုးအိမ်မှအစ၊ လုပ်ကိုင်စားသောက်ရန် လယ်ယာမြေ၊ ငွေကြေးအထောက်အပံ့များဖြင့် ကယ်ဆယ် ကူညီပေးထားခြင်းကြောင့် စာရေးသူအပါအဝင် လပွတ္တာမြို့နယ်သား ဇုဦးတို့သည် အိမ်စုလေးအဖြစ် ပေါင်းကာ ထိုမှန်ချောင်းဘေးရှိ လယ်ကွင်းထဲ၌ နေထိုင်ကြသည်။ ကရင်ရော ဗမာပါ ရောနှောနေထိုင်ကြပြီး ကိုယ့်တစ်နယ်တည်းသားချင်းတွေမို့ အချင်းချင်း ရိုင်းပင်းကူညီခင်မင်စွာ နေကြသည်။

"အား…ကျွတ်…ကျွတ်…"

တစ်နေ့ခင်း စာရေးသူတို့ ထမင်းစားပြီးခါစ၊ အိမ်ရှေ့ခန်းတွင် ထိုင်ကာ ရေနွေးကြမ်းသောက်ရင်း စကားစမြည်ပြောဆိုနေကြစဉ်၊ အထက်ပါ ညည်းသံနှင့်အတူ စာရေးသူတို့နှင့် ခင်မင်ရင်းနှီးသော ဒေသခံ ကရင်အမျိုးသမီးတစ်ဦးဖြစ်သူ နော်အဲမူသည် စာရေးသူတို့အိမ်သို့ အလည်လာရင်းက သူ့ဝမ်းဗိုက်ကို နှိပ်ရင်း မျက်နှာရှုံ့မဲ့ ညည်းညူလိုက်ခြင်းကြောင့် စာရေးသူတို့ လင်မယားက လှမ်းကြည့်လိုက်ကြပြီး…

"ဟော…နော်အဲမူပါလား၊ ဘယ်လိုဖြစ်လာတာလဲ၊ လာ…လာ၊ တက်…တက်"

ဟု စာရေးသူဇနီး မရွှေအေး(ာ အရေးတယူ ဆင်းတွဲခေါ်ယူလာသည်။ အလည်လာသူ နော်အဲမူက သူ့ဝမ်းဗိုက်ကို နှိပ်ရင်း ခါးကုန်းကာ ရှုံ့မဲ့လျက် ဇနီးဖြစ်သူ တွဲခေါ်ရာသို့ အလိုက်သင့်ပါလာပြီး ဝင်ထိုင်လိုက်သည်။

"ကဲ…နော်အဲမူ၊ ဘာဖြစ်လာတာလဲ"

"မသိပါဘူး ဆရာရယ်၊ ဗိုက်ထဲက အောင့်, အောင့်နေတာ ခဏခဏပါပဲ။ ဆေးခန်းကလည်း ဝေးတော့ သွားမပြနိုင်ဘူး။ ဒါနဲ့ သူပြောငါပြောဆေးတွေပဲ သောက်လိုက်၊ လိမ်းလိုက်လုပ်နေတာ မသက်သာပါဘူး။ ပျောက်လည်း ခဏပဲ။ အဲဒါ ဆရာက နည်းနည်း နားလည်းတယ်ဆိုလို့ လာခဲ့တာပါ"

"အင်း… ကျုပ်ကလည်း သိပ်ကျွမ်းကျင်တဲ့ ဆေးဆရာကြီးတော့ မဟုတ်ပါဘူးဗျာ။ ဒါပေမယ့် တိုင်းရင်းဆေးမြီးတိုနည်းက လွယ်သလောက် သိဖို့ ခက်တယ်ဗျ။ အခု ခင်ဗျား ဗိုက်ထဲက အောင့်တာ ဘယ်လိုအောင့်တာလဲ၊ ပြောစမ်းပါဦး"

"အင်း… ဟောဒီ (အစာအိမ်နေရာကို ဖိပြရင်း) နေရာက ဆစ်ခနဲ ဆစ်ခနဲ အောင့်တာပါပဲ။ အစာစားပြီးရင် ပိုဆိုးတယ်"

"အင်း… ဒါဆို ခင်ဗျားဝမ်းထဲမှာ အနာတစ်ခုခုဖြစ်ချင်နေပြီ။ ဒီတော့ ကျုပ်ဆီကို ညနေ ဘာမှ မစားရသေးခင် လာခဲ့၊ ကျုပ် ဆေးတိုက်ကြည့်မယ်။ အနာနဲ့ ဆေးတည့်ရင် ကောင်းသွားမှာပါ"

နော်အဲမူက ခေတ္တနားနေပြီး ပြန်သွားသည်။ စာရေးသူဇနီး မရွှေအေး (ဒါက စာရေးသူခေါ်သော နာမည်။ သူ့မနာမည်က မမြင့်မြင့်အေး) က စာရေးသူကို ကြည့်ပြီး…

"ဟို… ကိုက ဘာဆေးမှလည်း ဖော်ထားတာ မရှိဘဲနဲ့၊ ဘာနဲ့ ကုမှာလဲ"

"မင်းသိပါတယ်၊ ကိုယ်တို့က တိုင်းရင်းမြန်မာဆေးမြီးတိုသမားဆိုတော့ နီးစပ်ရာ အပင်၊ အသီး၊ အရွက်၊ အမြစ်၊ အခေါက်တွေဟာ ကိုယ်တို့ရဲ့ ဆေးပစ္စည်းတွေပဲလေ။ သိနားလည်ဖို့ပဲ လိုတာပါ။ သိသူ ဖော်စား၊ မသိသူ ကျော်သွားပေါ့ကွာ"

"အင်းလေ… ကိုက ဟုတ်တယ်ဆိုရင်လည်း ပြီးတာပါပဲ"

မရွှေအေးက မယုံတစ်ဝက် ယုံတစ်ဝက်နှင့် ပြောသည်။ စာရေးသူ စိတ်တွင်းမှ…

"ဒီမိန်းမကတော့ လုပ်ချလိုက်ပြန်ပြီ"

ဟုသာ မြည်တမ်းမိရသည်။

◈◈◈

စာရေးသူတို့အတွက် ပေးထားသော လယ်မြေများကို ဇနီးဖြစ်သူကသာ ဦးဆောင်လုပ်ကိုင်သည်။ စာရေးသူကတော့ ထိုလုပ်ငန်းများကို မလုပ်နိုင်သော်လည်း [illegible] ဆေးကုခြင်း၊ ဗေဒင်ဟောခြင်း၊ စာရေးခြင်း[illegible] ကိုယ်ကျွမ်းကျင်ရာ လုပ်နေသည်။ ဇနီးဖြစ်သူ [illegible] မနက်ဆိုလျှင် လယ်ထဲဆင်းသွားသည်နှင့် [illegible]

www.burmeseclassic.com

လုပ်သင့်လုပ်ထိုက်သော အိမ်မှုကိစ္စများကို လုပ်ကိုင်ပြီး အားလျှင် စာရေး၊ တစ်ခါတစ်ရံ အိမ်စုလေးများသို့ သွားရောက်လည်ပတ်ခြင်း၊ ဗေဒင်မေးသူရှိလျှင် ဟောပြောပေးခြင်း စသော အလုပ်များကို လုပ်သည်။ ယခုလည်း မနက်က ရောက်လာသော နော်အဲမူအတွက် ဆေးပင်များ ယူရန် စာရေးသူတို့နေသော မွန်ချောင်းတစ်ဖက်ကမ်း ကားလမ်းဘေးသို့ ထွက်လာခဲ့သည်။ လိုအပ်သော ဆေးပင်များက ကားလမ်းမဘေးတွင် တောထနေသည်။ ထိုအပင်များကို ဆေးဖက်ဝင်သည်၊ မည်သို့သုံးရသည်ဟု မသိကြသောကြောင့် နီးလျက်နှင့် ဝေးနေကြရသည်။

စာရေးသူက ဆေးပင်များကို ခူးယူခဲ့ပြီး အိမ်ရောက်သည်နှင့် ရေစင်စင်ဆေးကာ အရွက်များကို ထောင်းထုနယ်ဖတ်လျက် အရည်ညှစ်ယူထားလိုက်သည်။ စွပ်ကျယ်နှင့် အသေအချာစစ်ယူထားပြီး လေလုံသော ပုလင်းတစ်ခု၌ ထည့်ထားလိုက်သည်။

ညနေ ၄နာရီခန့်တွင်၊ နော်အဲမူက ချိန်းဆိုထားသည့်အတိုင်း ရောက်လာသည်။ စာရေးသူက ကြိုတင်ပြင်ဆင်ထားသော ဆေးရည်ကို တိုက်လိုက်သည်၊ အဝင်ဆိုးသော ဆေးရည်ကို နော်အဲမူတစ်ယောက် ရှုံ့မဲ့မဲ့နှင့် သောက်ပြီး ပြန်သွားသည်။

သည်လိုနှင့် နော်အဲမူတစ်ယောက် မနက်စောစော အစာမစားခင် တစ်ခါ၊ ညနေပိုင်း အစာမစားခင် တစ်ခါဖြင့် တစ်နေ့ နှစ်ခါ အချိန်မှန် လာရောက်၍ စာရေးသူတိုက်သော ဆေးရည်ကို ရက်သတ္တပတ်ပြည့်အောင် သောက်ပြီးသော အခါ သူမ ခံစားနေရသော ဝမ်းတွင်းမှ နာနေသည့် ဝေဒနာသည် ကောင်းစွာ သက်သာလာသည်ဟု ပြောရင်း စာရေးသူကို ကောက်ညှင်းဆန်များ လာရောက် လက်ဆောင်ပေးသွားသည်။

ဤသည်ကို အလွန်စပ်စုတတ်သော မစပ်စု· ·အဲ၊ မရွှေအေးက တစ်နေ့ ညနေခင်း ထမင်းစားသောက်ပြီး စကားစမြည်ပြောဆိုနေကြစဉ်· · ·

"ဩော်· ·ဒါနဲ့ ဟို နော်အဲမူတစ်ယောက် ဗိုက်အောင့်နေတာ ဘယ်လိုနေသေးလဲ။ ကို ဆေးတိုက်ပေးတယ်မဟုတ်လား၊ ကောင်းသွားပြီလား"

"အေးကွ၊ တစ်ပတ်လောက် ဆေးမှန်မှန်တိုက်ပြီး ဆေးတိုက်တဲ့ ရက်ထဲမှာ အပူစာ၊ အစပ်စာနဲ့ အစာမာတွေကို ရှောင်နိုင်းပြီး ကုပေးလိုက်တာ ပျောက်သွားလို့ ဟောဟိုမှာ ငါတို့ စားဖို့တဲ့၊ ကောက်ညှင်းဆန်တွေ လာပေးသွားတယ်လေကွာ"

"အလဲ့· · · တယ်ဟုတ်ပါလား။ ငါ့ယောက်ျား ဆေးကုလည်း စွံတယ်နော်။ ဒါနဲ့ အဲဒီဆေးလေး ပြော ပါလား။ မှတ်ထားရတာပေါ့"

"လွယ်လွယ်လေးပါကွာ။ လူတွေက တိုင်းရင်းဆေး ပညာကို အထင်သေးကြလို့ ခုလိုဖြစ်နေကြရတာပေါ့ကွာ လောကမှာ ဘယ်အပင်၊ အသီး၊ အပွင့်၊ အရွက်၊ အခေါက် အမြစ်မှ ဆေးဖက်မဝင်တာ မရှိဘူးကွ။ နားမလည်လို့ရယ် လေ့လာမထားလို့ရယ်၊ သင်ကြားမထားလို့ရယ်ကြောင့် မသိ ကြတာ။ နီးရက်နဲ့ ဝေးနေကြတာကွ။ အခု နော်အဲမူ ကို တိုက်လိုက်တဲ့ ဆေးက တခြားဟုတ်ရိုးလား။ မင်း အစာအိမ်နာတုန်းက သောက်ဖူးတဲ့ ကုန်းဗေဒါပင်ရဲ့ အရွက် ကို အရည်ညှစ်တိုက်လိုက်တာပဲကွ။ အဲ· ·တိုက်ပုံတိုက်နည်း ကုထုံးတော့ လိုတယ်ပေါ့ကွာ။ မင်းတုန်းကတော့ တစ်နေ့ သုံးကြိမ်၊ အပူအစပ်နဲ့ အစာမာတွေ ရှောင်ခိုင်းပြီး တစ်ပတ် လောက် သောက်လိုက်ရုံနဲ့ ပျောက်သွားခဲ့တာပဲ မဟုတ်လား အေး ခုလည်း အဲဒီနည်းနဲ့ အဲဒီဆေးပဲကွ။ ဒီဆေးက ဝမ်းတွင်း အနာ၊ အနာစိုး အနာဟောင်း၊ ပြည်တည်နာတွေကို ပျောက် တယ်ဆိုတာ မင်းကိုယ်တိုင် လက်တွေ့ပဲလေ"

"ဩော်· · · ဟုတ်လား၊ ဒါဆို ဟိုဘက် ကားလမ်း ဘေးမှာ တောထအောင် ပေါက်နေကြတဲ့ ကုန်းဗေဒါပင် ခေါ်တဲ့ ဝိပ်ပင်တွေပေါ့နော်။ အဲဒီအပင်တွေက ရိုးတံစိမ်း ရှည်ရှည်မှာ အရွက်ချွန်ချွန်တွေ ရှိပြီး အပင်လုံးက ခဲတံ လောက်ရှိတယ်။ နှစ်တောင် သုံးတောင်လောက် ရှည် တယ်နော်"

"အေးပေါ့ကွ။ အဲဒီအပင်မျိုးက တို့အောက်ဘ ဒေသမှာ နေရာအနှံ့ပေါက်တတ်ကြတယ်ကွ။ နွေ မိုး ဆောင်း ရာသီသုံးမျိုးစလုံးမှာ နေရာမရွေးပေါက်တယ်ကွ အပင်ပွားမျိုးမို့လို့ တချို့နေရာတွေမှာ တောထအောင် ရှိ တယ်ကွာ"

"အေးနော်၊ စောစောက မသိလို့၊ နို့မို့ဆိုရင် ကျွန် တောင် ကုပေးလို့ရတယ်· · ·ဟင်း· · ·၊ ဆရာမ မလုပ်လိုက် ရတာ နာတယ်ကွာ"

ဟု မရွှေအေးက မခံချိမခံသာ ပြောသည်ကြောင့် စာရေးသူရင်တွင်းမှ · · ·

"အင်း· · · မရွှေအေးကတော့ လုပ်ချလိုက်ပြီ ဟူ၍သာ အသံတိတ် မြည်တမ်း ရေရွတ်လိုက်ရပါတော့ သည်။ ■

နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ

* * *

မိုးဟိန်းကျော်(လှပွား

www.burmeseclassic.com

# ဥသျှစ်တစ်ပင်လုံး လိုရာသုံး

**တင့်ထူး (ဇေယျဝတီ)**

နွေနှောင်းပိုင်းကာလဖြစ်၍ ကျေးလက်ဒေသတို့မှာ ဟင်းချက်စရာက ရှားပါးလှ၏။ အမေကတော့ ရရာအသီး အရွက်ကလေးများနှင့် ကြံဖန်ကာ ဟင်းချက်ကျွေးပါသည်။

တစ်နေ့ခင်း ထမင်းစားချိန်တွင် အရွက်နုကလေးများ ည့်ထားသော အတို့အမြှုပ်အရွက်များကို မြင်တွေ့၍ မေး တော့သည်။

"အမေ··· ဒီအရွက်နုလေးတွေက ဘာရွက်တွေ လဲဟင်"

"အို··· သားရယ်၊ အဲဒါ ဥသျှစ်ရွက်နုတွေလေး ငံပိရည်နဲ့ တို့မြှုပ်ပြီး စားရတယ်"

"ဘာကောင်းလို့လဲ အမေရာ"

"ဟဲ့··· အခုလို ပူအိုက်တဲ့အချိန်မှာ ဥသျှစ်ရွက်နု မြှုပ်စားရင် အပူကောင်းတယ်ကွယ့်"

အမေပြောပြ၍ တို့မြှုပ်စားကြည့်ရာ ဥသျှစ်သီးအနံ့ မွှေးမွှေးလေးလေး ရကာ စား၍ကောင်းလေသည်။

စာရေးသူတို့ ငယ်ငယ်က စားခဲ့ရသည့်အဖြစ်ကို ပြန် တွေးမိခဲ့ခြင်းပင်ဖြစ်သည်။ တကယ်တော့ ဥသျှစ်ပင်သည် ဆေးပင်ကြီးမျိုးဖြစ်သည်။ ချွန်ထက် မာကျောသောဆူးများ ရှိ၏။ ရွက်ညှာတံတစ်ခုတစ်ခုတွင် သုံးရွက် သုံးရွက်ထွက်၏။ အသီး လုံး၏။ အပေါ်ခွံ မာ၏။ အတွင်း၌ အစေးလိမ်းကျံသော အစေ့များရှိ၏။ ကဆုန်၊ နယုန်လထဲမှာပင် သီးကင်းများထွက် လေသည်။

**ဆေးဖော်နှင့် စွမ်းရည်**

အာယုဗ္ဗေဒအလိုအားဖြင့် အသီးမှည့်သည် ချို၏။ နှလုံးကို အားပေး၏။ ပူ၏။ ဖန်၏။ နှုတ်ကို မြိန်စေ၏။ ဝမ်းမီးကို တောက်စေ၏။ တွန့်ရှုံ့စေ၏။ ခြောက်၏။ သည်းခြေ ကို ပြုတတ်၏။ ဝမ်းဖောရောင်ခြင်းကို ပြုပြင်တတ်၏။ အဖျားကို နှိပ်နင်းတတ်သည်။

**အသီးနု၏ ဂုဏ်**

အသီးနုသည် နူးညံ့၏။ လေး၏။ နှုတ်ကို မြိန်စေ၏။ ဝမ်းမီးကို တောက်စေ၏။

**အသီးရင့်**

ဥသျှစ်သီးရင့်သည် တွန့်ရှုံ့စေတတ်၏။ နှုတ်ကို မြိန်စေ ၏။ ကြေကျက်လွယ်၏။ ဝမ်းမီးတောက်၏။ နှလုံးကို အကျိုးပြု၏။ လေနှင့် သလိပ်ကို နိုင်သည်။

**အသီးမှည့်**

ဥသျှစ်သီးမှည့်သည် အပူကို ဖြစ်ပွားစေ၏။ ချို၏။ ကြေကျက်ခဲ၏။ ဖန်၏။ လေကို ချုပ်စေ၏။ [illegible]



www.burmeseclassic.com

www.burmeseclassic.com

ပျက်စေ၏။ လေကို ပွားစေတတ်၏။ ဝမ်းမီးကို နှံစေ၏။

### အမြစ်

ဥသျှစ်ပင်၏ အမြစ်သည် ချိုး၏။ ဒေါသသုံးပါးနှင့် အော့အန်ခြင်း၊ ထိုးအောင့်ခြင်းတို့ကို ပယ်ဖျောက်တတ်၏။ ကြေလွယ်၏။ ဆီးအောင့်ခြင်းကို ပျောက်ကင်းစေသည်။

### အရွက်

ဥသျှစ်ရွက်သည် သလိပ်၊ လေ၊ ဒေါသ သုံးပါးတို့ကို နိုင်၏။ တွန့်ရှုံ့စေ၏။ ခံတွင်းကို သန့်ရှင်းစေ၏။

### အပွင့်

ဥသျှစ်ပွင့်သည် ဝမ်းသွားရောဂါ၊ ရေငတ်ခြင်း၊ အော့အန်ခြင်းတို့ကို တားမြစ်တတ်သည်။

### ဥသျှစ်စေ့အဆီ

ဥသျှစ်စေ့၏ အဆီသည် ပူ၏။ လေရောဂါကို နိုင်သည်။

### ဥသျှစ်သီး၏ အသားခြောက်

အသားခြောက်သည် လေသလိပ်နှင့် ဒေါသတို့ကို နိုင်နင်း၏။ ထိုးအောင့်ခြင်းကို ပယ်ဖျောက်တတ်သည်။

အသီးဟူသမျှသည် မှည့်သောအသီး၌သာ ဂုဏ်၊ သတ္တိ၊ စွမ်းရည်များ တည်ရှိကြသော်လည်း ဥသျှစ်သီးမှာမူ အသီးစိမ်း၌သာ ဂုဏ်၊ သတ္တိ၊ စွမ်းရည်များ တည်ရှိနေခြင်းက ထူးခြားမှုတစ်ခုဖြစ်သည်။

### ရောဂါများအလိုက် အသုံးပြုပုံများ

ဥသျှစ်ရွက်ကို သူငယ်နာ၊ ဝမ်းပျက်၊ မျက်စိနာ၊ အဖျားတို့အတွက် သုံးသည်။

ဥသျှစ်မြစ်ကို သုတ်ရည်ကျဲခြင်း၊ အဆိပ်ရှိ သတ္တဝါများ ကိုက်ခဲခြင်းတို့တွင် သုံးသည်။

ဥသျှစ်မှုန့်ကို သူငယ်များ အန်၍ ဝမ်းသွားရာတွင် သုံးသည်။

ဥသျှစ်သီးမှည့်ကို ဖျော်ရည်ပြု၍ သောက်လျှင် ဝမ်းမီးနှံ့၍ ဓာတ်ချုပ်ခြင်း၊ လွန်ခြင်းများတွင် သုံးသည်။

နှာတာရည်ဝမ်းသွားလျှင် ဥသျှစ်သီးအနုကိုလည်းကောင်း၊ နှာတာရည် ညောင်းကျရောဂါအတွက် ဥသျှစ်သီးအသားကို လည်းကောင်း၊ သုံးသည်။

ဥသျှစ်ရွက်ကို မျက်ရည်ယိုခြင်း၊ ပန်းနာရင်ကျပ်ခြင်း၊ အနာပေါက် အုံဆေးအဖြစ် သုံးနိုင်သည်။

ဥသျှစ်သီးမှည့်ကို သည်းခြေဦးစီးသော ဝမ်းရောဂါ၊ အန်၍ ဝမ်းသွားခြင်း၊ သွေးဝမ်းသွားခြင်းတို့တွင် အသုံးပြုသည်။

ဥသျှစ်မြစ်ကို မြွေဆိပ်ဖြေဆေး၊ အနာအုံဆေး နှ... တုန်ခြင်း၊ အော့အန်ခြင်းတို့၌ အသုံးပြုသည်။

ဥသျှစ်ရွက်ကို ကိုယ်ရည်ဝါရောဂါ၊ မျက်စိနာခြင်း၊ သန်ထခြင်း၊ သန်ကလီခြင်း၊ အစာမကြေ လေချဉ်အန်ခြင်း၊ ကိုယ်နံ့မကောင်းခြင်း၊ ဖောရောင်ခြင်း၊ ဆီးချိုရောဂါတို့တွင် သုံးသည်။

ဥသျှစ်သီးအကင်းကို ကာလဝမ်းရောဂါ၊ ဆီးလွန်ရော... တို့၌ သုံးသည်။

ဥသျှစ်သီးအနုကို ကျောက်ဝမ်းတန့်ဆေး၊ ကျောက်ဝမ်း... သွားရောဂါတို့၌ သုံးရသည်။

ဥသျှစ်မြစ်ကို ဒူလာ၊ ပါဒရက်၊ ထုံနာကျင်နာ၊ ကိုက်... တို့တွင် သုံးသည်။

အပူငုပ်ပြီး အတွင်းချုပ်လျှင် ဥသျှစ်ဖျော်ရည်၊ ဥသျှ... ရွက် ဟင်းချက်စားရသည်။

ဥသျှစ်ရွက်ကို သွေးဆုံးရောဂါ၊ ခြေလက်အဆစ်ရော... မီးယပ်ဝမ်းပျက်ရောဂါတို့အတွက်လည်း သုံးနိုင်သည်။

ဥသျှစ်အမြစ်ကို မီးယပ်ကျိုးချည့်၊ ဒူလာကျိုး... သွေးလေအားနည်းရောဂါတို့တွင် သုံးနိုင်သည်။

အထက်တွင် ဖော်ပြခဲ့ပြီးသော ရောဂါများအတွ... ဥသျှစ်အပွင့်၊ အရွက်၊ သီးကင်း၊ ဥသျှစ်သီးမှည့်၊ အမြစ်... အားလုံးသည် သူ့ရောဂါနှင့်သူ ထည့်သွင်းအသုံးပြုနိုင်သ... ဥသျှစ်တစ်ပင်လုံးမှာ လူသားတို့အတွက် အကျိုးပြုလျ... လေသည်။

ထို့ကြောင့် လူတို့တွင် ဖြစ်ပေါ်လာခဲ့သော ရောဂါ... များအလိုက် ဥသျှစ်ပင်၏ အစိတ်အပိုင်းအားလုံးက သူ့... နှင့်သူ အသုံးဝင်လှသောကြောင့် ဥသျှစ်တစ်ပင်လုံး... လိုရာ အသုံးပြုနိုင်ပါကြောင်း ရေးသားဖော်ပြအပ်ပါသည်...

* * *

တင့်ဆွေ(ဗေဒ...



www.burmeseclassic.com

www.burmeseclassic.com



ညဦးပိုင်း၏ လေပြည်နုနုလေး များက အေးမြစွာ ရှေ့တိုက်နေသည်။ လကွယ်ညဖြစ်သော်လည်း တိမ်မြူ ကင်းစင်နေ၍ ကြယ်လေးများ၏ အလင်း ရောင်က မဟူရာညကို အသာအယာ

www.burmeseclassic.com

www.burmeseclassic.com

ဖြည့်စွက်ပေးထားသည်။ ကြယ်များ၏ အလင်းရောင်ကြောင့် ပတ်ဝန်းကျင်ကို မှုန်ဝါးဝါးမြင်တွေ့နေရသည်။

တောရွာလေး၏ မဟူရာည အလယ်တွင် ပုရစ်လေးများက ပျော်ရွှင်စွာ အော်မြူးနေကြသည်။ ညအမှောင်၏ အနက်ရောင် သစ်ပင်ကြီးများက လေပြည်နုနုလေးများနှင့်အတူ လှပစွာ ယိမ်းနွဲ့နေ၏။ ပိုးစုန်းကြူးလေးများကို လည်း ဝေးဝေးမှာ တစ်ကောင်မြင်တွေ့နေရသည်။

ထိုမြင်ကွင်းများသည် ကျွန်တော် ညစဉ် ညတိုင်း ငေးမောကြည့်ရှုနေကျ မြင်ကွင်းများ ဖြစ်သော်လည်း တောဓလေ့ကို နှစ်သက်သည့် ကျွန်တော့်အဖို့ ရိုးအီသွားခြင်း မရှိခဲ့ပါ။ ညစဉ် ညတိုင်း ထိုမြင်ကွင်းများက တိတ်ဆိတ်သည့် ပတ်ဝန်းကျင်ကြီးအောက်တွင် ကျွန်တော့်ကို ရသတစ်မျိုးစီ ပေးစွမ်းနိုင်ခဲ့ပါ၏။

ကျွန်တော် ထိုသို့ ငေးကြည့်ရင်း အမှောင်ထဲတွင် လက်၌ ပတ်ထားသည့် နာရီကို လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်လိုက်သည်။ ၁၀နာရီ ၃၅မိနစ် ညွှန်ပြီးယံမှ သန်းခေါင်ယံသို့ ကူးပြောင်းတော့မည်။ မစောတော့သည့် အချိန်ကြောင့် လူလည်း အနည်းငယ် ငိုက်မြည်းစ ပြုလာသည်ဖြစ်၍ အိမ်ထဲဝင်ပြီး အိပ်ရန် ထိုင်ရာမှ ထလိုက်သည်။ ထိုစဉ် ကျွန်တော်၏ ခြေထောက်ကို တစ်စုံတစ်ရာ လာပွတ်တိုက်သော အထိအတွေ့ကြောင့် ကျွန်တော့်တစ်ကိုယ်လုံး ကြက်သီးဖြန်းဖြန်းထသွားခဲ့သည်။ ထို့နောက် လျှင်မြန်စွာပင် ဓာတ်မီးဖြင့် ခြေထောက်အောက်ကို ထိုးကြည့်လိုက်သည်။

"ဩော်…လာန့်တာ အောင်နက်ရာ၊ မင်းကလဲကွာ…"

အမှီးနန့်ကာ ကျွန်တော့်အား မော့ကြည့်နေသော ခွေးအောင်နက်ကို တွေ့လိုက်မှ ကျွန်တော် အလန့်ပြေသွားသည်။

"ဘာလဲ…မင်း ထမင်းဆာလို့လား။ ကဲ…ကျွေးမယ်ကွာ၊ လာ"

ကျွန်တော် မီးဖိုချောင်ထဲမှ ထမင်းနှင့် ဟင်းကို နယ်ကာ အောင်နက်အား ကျွေးလိုက်သည်။ ထို့နောက် ထမင်းကို အငမ်းမရ စားနေသော အောင်နက်ကို ဓာတ်မီးဖြင့် ထိုးကြည့်နေမိသည်။

ထိုစဉ် အောင်နက်က ထမင်းစားနေရာမှ ရုတ်တရက်ရပ်ကာ အနောက်ဘက် ခြံစည်းရိုးကို ကြည့်ပြီး အဆက်မပြတ် ဟောင်နေ၏။ ကျွန်တော်သည်လည်း အောင်နက် ဟောင်ရာအရပ်ဆီသို့ ဓာတ်မီးဖြင့် ထိုးကြည့်လိုက်သည်။ လူတစ်ယောက်မှာ ကျွန်တော့်ထံသို့ အမောတကော ပြေးလာ၏။ ကျွန်တော့်ရှေ့သို့ ရောက်သောအခါ အတော်ပင် မောပန်းနေသည်။ ကျွန်တော် ထိုသူ၏ မျက်နှာကို ကြည့်၍ လူကောင်းကောင်း တစ်ယောက်ဖြစ်မည်ဟု ရိပ်စားမိလိုက်သည်။ တစ်ဆက်တည်းမှာပဲ ထိုသူက-

"ကျွန်တော်က လူကောင်းတစ်ယောက်ပါဗျာ။ ကျွန်တော် ဒုက္ခရောက်လာလို့ ကျွန်တော့်ကို ကူညီပါဦး"

"ဝူး…ဝူး…ဝူး…"

"အောင်နက်…တိတ်စမ်း"

ဟောင်နေသော အောင်နက်ကို ကျွန်တော် ဟောက်လိုက်တော့ အောင်နက်ဟောင်ရာမှ ရပ်သွားပါသည်။ ထို့နောက် ထိုသူအား…

"ဘာဖြစ်လာတာလဲ အစ်ကို"

ဟု မေးလိုက်သည်။ ထိုသူမှာ မောလွန်း၍ စကားပင် မပြောနိုင်ပေ။

"ကျွန်တော့်ကို သူကြီးအိမ်အရင် လိုက်ပို့ပေးပါဗျာ။ သူကြီးမင်းအိမ်ရော… မှ ကျွန်တော် ဖြစ်ကြောင်းကုန်စင်… အကုန်ပြောပြပါ့မယ်"

"အင်း… ကောင်းပါပြီ… ကျွန်တော် လိုက်ပို့ပေးပါ့မယ်"

သူကြီးအိမ်နှင့် ကျွန်တော့်အ… မှာ အတော်ပင် နီးပါသည်။ သို့ဖြစ်… မကြာသော အချိန်မှာပင် သူကြီးအ… သို့ ရောက်ရှိခဲ့ပါသည်။ သူကြီးအိမ်… မအိပ်ကြသေး၍ တော်ပါသေး၏။ … မှ ကာလသားတချို့လည်း ရှိနေ… ဘုရားပွဲအတွက် အစည်းအဝေး… နေ ကြဟန်ဖြစ်ပါသည်။ ထို့နော… ကျွန်တော်တို့ကို မြင်သောအခါ…

"ဟော…မောင်တက်လူပါ… လာလေ"

"ဟုတ်ကဲ့ သူကြီး၊ ဒီမှာ … တစ်ယောက်ပါလာတယ်။ ဒုက္ခရော… လာလို့တဲ့"

ထိုသူမှာ အမောမပြေသေး… တစ်စုံတစ်ခုကို ကြောက်လန့်နေ… သူ့မျက်နှာအား ကျွန်တော်တို့အား… သတိထားမိကြသည်။ ထိုသူမှာ လူ… ကြားထဲ တိုးဝင်ကာ သူကြီးဘေး… အမြန်ပြေးထိုင်လိုက်သည်။ ထို့နော… ကြောက်နေသလို တံခါးပေါက်… လှည့်ကြည့်ပြန်သည်။ ထို့ကြော… သူကြီးက…

"ဘယ်လိုဖြစ်တာလဲ"

"သူကြီး… ကျွန်တော် … အခြောက်ခံလာရလို့ပါဗျာ"

ထိုသူ၏ စကားကြောင့် ကျွ… တော်တို့အားလုံး အတော်တုန်… သွားကြသည်။ ထိုသူမှာလည်း ကြော… လွန်း၍ တဆတ်ဆတ်တုန်နေ… ကြောင့် သူကြီးက ရွာကာလသား… ဖိုးဇော်အား…

"ကဲ…ဖိုးဇော်၊ ဒီလူကြည်…

www.burmeseclassic.com

www.burmeseclassic.com

ဘာ အရမ်းလန့်နေတဲ့ပုံပဲ။ ရေတစ်ခွက်လေ ၄ တိုက်လိုက်ပါ။ မြန်မြန်လုပ်"

"ဟုတ်…ဟုတ်…သူကြီး"

ဖိုးဇော်က ပျာပျာသလဲ ရေတစ်ခွက်ခပ်တိုက်လိုက်သည်။ ရေသည်ဆေးတစ်ပါးဟူသည့်အတိုင်းပင် ရေသောက်ပြီးသောအခါ ထိုသူ အတော်ငြိမ်သွားသည်။ ကျွန်တော်တို့အားလုံးသည်လည်း ထိုသူအပေါ်အာရုံရောက်နေကြသည်။ ထို့နောက် သူကြီးက ထိုသူအား…

"မင်း…စိတ်ငြိမ်ငြိမ်ထားပါကွာ။ ဒါတို့ဆီ ရောက်လာပြီပဲ။ မင်း ဘာမှကြောက်စရာမလိုတော့ပါဘူး။ ဒါနဲ့ မင်းသရဲအခြောက်ခံလာရတာ ဘယ်မှာလဲ"

"ဟို… သူကြီးတို့ရွာရဲ့ အရှေ့ဘက် ရွာအစွန်က ညောင်ပင်ကွေ့နားပါဗျာ"

"ဟော…"

ကျွန်တော်တို့အားလုံး အာမေဋိတ်သံထွက်ကာ ထိုသူ သရဲခြောက်ခံဘာရသည်ကို ယုံကြည်သွားကြသည်။ ညည်သို့ဆိုသော် ထိုညောင်ပင်နှင့် အနီးတစ်ဝိုက်တွင် ပရလောကသား၊ တစ္ဆေသရဲများ နေထိုင်သည်ကို ကျွန်တော်တို့တစ်ရွာလုံး *သိကြပြီးဖြစ်သည်။* ထိုညောင်ပင်အောက်တွင် တစ္ဆေခြောက်ခံ၍ ညအခါ မည်သူမှ မကပ်ရဲကြပေ။ ထို့နောက် ကျွန်တော်က သိချင်သောဖြင့်…

"ဘယ်လို အခြောက်ခံလာရတာလဲ အစ်ကို"

ဟု မေးလိုက်သည်။ ထို့နောက် သူကြီးမှလည်း…

"အင်း…ဟုတ်တယ်။ မင်းကို ဘယ်လို ခြောက်တာလဲ။ နောက်ပြီး မင်း ဒီအချိန် ညောင်ပင်အောက် ဘယ်သို့ရောက်ခဲ့တာလဲ"

"ဒီလိုပါ သူကြီးရယ်။ ကျွန်တော်ရောက်ခဲ့တာတော့ ည ၇နာရီကျော်ကျော်လောက်ကပါပဲ။ ဘယ်လိုလုပ်ပြီး ဒီအချိန်ရောက်သွားမှန်း ကျွန်တော်လည်း မသိပါဘူးဗျာ"

ထိုသူ ရှင်းပြနေသည်ကို ကျွန်တော်တို့ ဆိတ်ငြိမ်စွာ နားထောင်နေကြသည်။

"ကျွန်တော်က အနောက်ပိုင်း သရက်ပင်ကုန်းရွာက အောင်ဝင်းပါ။ ကျွန်တော့်မှာ ဇနီးနှင့် သားသမီး ၃ယောက်ရှိပါတယ်။ အသက်ကတော့ ၄၂နှစ်ရှိပါပြီဗျာ"

ဟူ၍ အစချီကာ ဖြစ်ကြောင်းကုန်စင်အားလုံးကို ပြောပြသဖြင့် ထိုသူ၏ တစ္ဆေအခြောက်ခံရပုံကို ကျွန်တော်တို့ သိခဲ့ရပါသည်။

◈◈◈

ကိုအောင်ဝင်းသည် ကလေး နေမကော ်းသည့်အတွက် နေ့လယ် ၂နာရီလောက်တွင် ရွာမှ ဦးလှမြိုင်၏ ထော်လာဂျီနောက် လိုက်ကာ ရှိသလောက် သီးနှံများ ရောင်းချရန်အတွက် မြို့သို့ လိုက်လာခဲ့သည်။ မြို့နှင့် ကိုအောင်ဝင်း နေထိုင်သော *သရက်ပင်ကုန်းရွာသည် ၉မိုင်ကျော်* ဝေးပါသည်။

ဦးလှမြိုင်၏ စက်အိုရဲ့ နှေးကွေးစွာ ဆွဲနှင်မှုကြောင့် ညနေ ၃နာရီမှ မြို့သို့ ရောက်ရှိသည်။ မြို့သို့ ရောက်သော် ရောင်းနေကျ ပွဲရုံတွင် ပါလာသော သီးနှံများအား ရောင်းချပြီး ဈေးသို့ဝင်ကာ အိမ်အတွက် လိုအပ်သော ပစ္စည်းအနည်းငယ်နှင့် ဖျားနေသော ကလေးအတွက် ဆေးဝယ်ကာ ဦးလှမြိုင်ရှိနေသည့် အရက်ဆိုင်သို့ လိုက်လာခဲ့သည်။ ထိုဆိုင်သို့ ရောက်ချိန်တွင် ညနေ ၅နာရီပင် ရှိချေပြီ။

ကိုအောင်ဝင်းက သောက်စားတတ်သူ မဟုတ်သည့်အတွက် ဦးလှမြိုင်၏ ထော်လာဂျီပေါ်၌သာ နေပြီး အရက်ဝိုင်းပြီးမည့်အ ်နိကို ထိုင်စောင့်နေသည်။ အရက်ဝိုင်းမှာ ညနေ ၆နာရီ ထိုးချိန်ထိပင် မပြီးသေးပေ။ အချိန်လည်း အတော်လင့်လာပြီဖြစ်၍ ဖျားနေသော ကလေးအတွက် စိုးရိမ်လာခဲ့လေသည်။

ထို့ကြောင့် ထော်လာဂျီပေါ်မှ ဆင်းကာ ဦးလှမြိုင်တို့ရှိရာ အရက်ဆိုင်သို့ လိုက်သွားခဲ့သည်။ ဦးလှမြိုင်တို့မှာ ရေချိန်ပင် လွန်နေပြီဖြစ်သည်။ အရက်ရှိန်ကြောင့် စကားလုံးများပင် မပီတော့။

"ဦးလှမြိုင်…မပြန်သေးဘူးလားဗျ"

ဦးလှမြိုင်က ငိုက်စိုက်ကျနေသော ခေါင်းကို ယိုင်နဲ့နဲ့ မော့ကာ မပီပြင်သော စကားလုံးဖြင့် ပြန်ပြောလာသည်။

"ငါ မူးနေပြီကွာ။ ဒီည မြို့မှာပဲ ငါအိပ်တော့မယ်။ မပြန်နိုင်တော့ဘူး"

"ဗျာ…"

ဦးလှမြိုင်၏ စကားကြောင့် *ကိုအောင်ဝင်း အတော်ပင် စိတ်ညစ်* သွားရသည်။ ယခုချိန်မှ ပြန်လျှင် ရွာသို့ ၈နာရီကျော်လောက်မှ ပြန်ရောက်နိုင်မည်။ မည်သို့ပင် ဖြစ်စေ၊ ဖျားနေသည့် ကလေးကို စိတ်မချ၍ ကိုအောင်ဝင်း အိမ်ပြန်ရန် ဆုံးဖြတ်လိုက်သည်။ ထို့နောက် ဦးလှမြိုင်အား…

"ကဲ…ဦးလှမြိုင်၊ ကျွန်တော့်ကလေး နေမကောင်းလို့ ကျွန်တော်တော့ ပြန်မှဖြစ်မယ်ဗျာ။ ကဲ…သွားပြီဗျာ"

ကိုအောင်ဝင်းက ပြောပြီးဆို



www.burmeseclassic.com

www.burmeseclassic.com

အိမ်သို့ ပြန်ရန် ဆိုင်ထဲမှ ထွက်လာခဲ့သည်။ ဖျားနေသော ကလေးအတွက် လမ်း၌ သမင်းဆိုင်တစ်ဆိုင်သို့ ဝင်ကာ အမဲသားကြော်ဝယ်လိုက်သေး၏။ ထို့နောက် သွက်လက်သော ခြေလှမ်းများကို အားကုန်လှမ်းကာ ရွာသို့ အပြေးနှင်ခဲ့သည်။ (ထိုအချိန်က ဆိုင်ကယ်များ မပေါ်သေး၍ ကယ်ရီဟူ၍ မရှိပါ။)

ဤသို့ဖြင့် ကိုအောင်ဝင်း တစ်ယောက် ည ၇နာရီလောက်တွင် ကျွန်တော်တို့ရွာထိပ်သို့ ရောက်ရှိလာခဲ့ပါသည်။ လပြည့်ကျော် ၉ရက်ရှိပြီ ဖြစ်သောကြောင့် လ,မထွက်သေးပါ။ စောက်မီးလည်း မပါလာသောကြောင့် ကြယ်များ၏ အလင်းရောင်ဖြင့်သာ ခရီးနှင်လာခဲ့သည်။

လမ်း၌ လူသူဟူ၍ တစ်ယောက်မှ မတွေ့ရချေ။ ပုရစ်လေးများ၏ အော်သံတွေသာ ဆူညံလို့နေ၏။

ကိုအောင်ဝင်း ဤသို့ လျှောက်လာရင်း ခဏအကြာတွင် ပတ်ဝန်းကျင်မှာ အနည်းငယ် လင်းလာသလို ခံစားမိသည်။ ထို့နောက် လမ်းမှာလည်း အတော်ပင် ဖြောင့်ဖြူးလာသည်။ လေအေးများ တိုက်ခတ်လာသောကြောင့် လူမှာလည်း အနည်းငယ် လန်းဆန်းသွား၏။

ကိုအောင်ဝင်းသည် ခြေလှမ်းများကို ကျဲကျဲလှမ်းကာ ယာခင်ထက် သွက်အောင် လျှောက်လာလိုက်သည်။ စိတ်ထဲ၌ အိမ်ကို အမြန်ပြန်ရောက်ချင်စိတ်သာ ကြီးစိုးလို့နေသည်။ ကိုအောင်ဝင်းသည် ညီညာပြန့်ပြူးသော လမ်းအတိုင်း လျှောက်လာရင်း ညောင်ပင်ကြီးတစ်ပင်အောက်သို့ ရောက်ရှိလို့ လာလေသည်။ ထိုအခါ ကိုအောင်ဝင်းသည် မိမိလာစဉ် လမ်း၌ ထိုအပင် မတွေ့ရှိခဲ့သည်ကို စဉ်းစားမိလာသည်။ သို့သော် ဆက်



စဉ်းစားမနေဘဲ ဖြောင့်ဖြူးသော လမ်းအတိုင်းပင် ဆက်လက်လျှောက်လာခဲ့ပြန်သည်။

ထိုညောင်ပင်ကြီး၏ အလွန်တွင် ကိုအောင်ဝင်းတစ်ယောက် ရှေ့မှ သွားနေသော လူတစ်ယောက်ကို လှမ်းမြင်လိုက်ရသည်။ ကိုအောင်ဝင်းသည် အဖော်တစ်ယောက်ရပြီဟူသည့် အသိဖြင့် ဝမ်းသာသွားသည်။ ထို့နောက် ထိုလူကြီးထံသို့ အမီပြေးလိုက်သွား၏။ ကိုအောင်ဝင်း ပြေးလိုက်လာသံ ကြားသောအခါ ထိုလူကြီးသည် ကိုအောင်ဝင်းအား လှည့်ကြည့်လာပါသည်။

ပတ်ဝန်းကျင်မှ အနည်းငယ် လင်းနေသော အလင်းရောင်ကြောင့် ထိုလူကြီး၏ ရုပ်သွင်ကို မှုန်ဝါးဝါးမြင်လိုက်ရသည်။ အသက် ၅၀ ကျော်ဝန်းကျင်အရွယ် ထိုလူကြီးမှာ တည်ကြည်ခန့်ညားသော ဥပဓိရုပ်အသွင်ရှိပါသည်။ ထို့နောက် ထိုလူကြီးသည် ကိုအောင်ဝင်းအား…

"ငါ့ညီ…ဘယ်သွားမလို့လဲ"

"ကျွန်တော် အိမ်ပြန်မလို့ပါ… ကျွန်တော်က သရက်ပင်ကုန်း… မှာ နေပါတယ်"

"ဟုတ်လား။ ငါလည်း အဲ… အနောက်ပိုင်းဘက်ကို သွားမလို့ကွ"

ထိုလူကြီး၏ စကားကြောင့် ကိုအောင်ဝင်းသည် အဖော်ရပြီ… သည့်အသိဖြင့် လွန်စွာ ပျော်ရွှင်သွား… လေသည်။ ထို့နောက် ဝမ်းသာအား… ဖြင့်…

"ဒါဆို အဖော်ရတာပေါ့… အတူတူသွားကြမယ်လေ"

"အင်း…သွားကြတာပေါ့"

ထိုအချိန်မှ စ၍ ထိုလူကြီးသည် စကားတစ်ခွန်းမှ မပြောတော့… လမ်းအတိုင်းပင် ကိုအောင်ဝင်း၏ ရှေ့… မှ သွားနေသည်။ ကိုအောင်ဝင်းသည်… လည်း စကားတစ်ခွန်းမှ မေးမနေ… ထိုသူ၏ နောက်မှ နှုတ်ဆိတ်၍သာ… လိုက်လာခဲ့သည်။

ခဏအကြာတွင် ထိုလူကြီး… သည် ကိုအောင်ဝင်းဘက် လှည့်… ရှေ့မှ ပိတ်ရပ်လိုက်သည်။ ကိုအောင်… ဝင်းက နားမလည်သလို ကြောင်အ… အမ်းဖြစ်သွားသည်။ ထိုလူကြီး… မျက်နှာမှာ ကိုအောင်ဝင်းအား ရန်… သလို တင်းမာခက်ထန်သည့်အသွင်… ဆောင်နေပါသည်။ ထို့နောက် ထိုလူ… ကြီးသည် အသံသြော်သြော်ကြီးဖြင့်…

"မင်းလွယ်အိတ်ထဲမှာ ပါလာတဲ့… အမဲသားကြော်ထုပ် ငါ့ကို ပေးစမ်း"

ကိုအောင်ဝင်းသည် သူ အမဲ… သားကြော် ဝယ်လာကြောင်း ထိုလူ… သိနေ၍ အလွန်အမင်း အံ့ဩသွား… သည်။ ထို့နောက်…

"ကျွန်တော် အမဲသားကြော်… ပါလာတာ ခင်ဗျား ဘယ်လိုလုပ်သိတာ… လဲ"

"လျှာမရှည်နဲ့ ပေးဆို ပေး"

ထိုလူကြီး၏ တင်းမာ ခက်ထန် … စကားကြောင့် ကိုအောင်ဝင်း …ယောက် အတော်ပင် စိတ်တိုသွား …ည်။ ထို့နောက်…

"မပေးနိုင်ဘူးဗျာ။ ကျုပ်မယားနဲ့ …ျပ်သားအတွက် ဝယ်လာတာ။ …အတွက် ဝယ်လာတာ မဟုတ် …"

ဟု ဘုဆတ်ဆတ်ပြောလိုက် …သည်။

ထိုလူကြီးက ပြောပြောဆိုဆို …အောင်ဝင်း၏ လွယ်အိတ်ကို ပြင်း…စွာ ဆွဲလေ၏။ အားပြင်းလှသော …ကြီး၏ ဆွဲအားကြောင့် ကိုအောင် …၏ လွယ်အိတ် ထိုသူ့ထံ ပါသွား၏။ …အောင်ဝင်းသည် လွန်စွာ ဒေါသ …လာကာ ပြင်းထန်လှသော လက် …ဖြင့် ထိုသူအား အားကုန်ထိုးလိုက် …သည်။ ထိုသူမှာ မြေပေါ်တွင် …ကလျက်သားဖြစ်သွား၏။

ထို့နောက် ကိုအောင်ဝင်းသည် …အား ဝင်လုံးကာ လုံးထွေးသတ် …လိုက်သည်၊ ထိုလူကြီးသည် မိမိ …ပေါ်တွင် တက်ခွထားသော …အောင်ဝင်းအား ပြင်းထန်စွာ ကန် …လိုက်သည်။ အားပြင်းလှသော …ကြီး၏ ကန်ချက်ကြောင့် …အောင်ဝင်းသည် တစ်လံလောက် …သို့ လွင့်စဉ်သွားသည်။ ထို …က် ထိုလူကြီးသည် ကိုအောင်ဝင်း …သို့ ခုန်အုပ်ကာ ကိုအောင်ဝင်း၏ …ပင်းကို လက်နှစ်ချောင်းဖြင့် …ကိုယ်ထား၏။

ထိုလူကြီး… လက်နှစ်ချောင်း …သာ ထောက်ထားသော်လည်း …အောင်ဝင်းမှာ မည်သို့မျှ ရုန်းမထွက် …အောင် လေးလံသွားခဲ့သည်။ ထို နောက် အနီးမှ ရယ်သံတစ်ခုသည် ကိုအောင်ဝင်းနားထဲ ဝင်ရောက်လာလေသည်။

"ဟားဟားဟား…ကောင်းတယ်၊ ကောင်းတယ်"

ကိုအောင်ဝင်းသည် ခန္ဓာကိုယ်တစ်ခုလုံး ထိုသူ ဖိထား၍ လေးလံနေရာမှ အသံလာရာဆီသို့ မျက်လုံးဖြင့် ဝေ့ကြည့်လိုက်သည်။ အမျိုးသမီးတစ်ဦးမှာ ဆံပင်ဖားလျားချ၍ ကိုအောင်ဝင်းကို ကြည့်ကာ သဘောကျစွာ ရယ်နေလေသည်။ ထိုမြင်ကွင်းကြောင့် ကိုအောင်ဝင်းတစ်ယောက် သွေးပျက်မတတ် တုန်လှုပ်ချောက်ချားသွားသည်။

ထို့နောက် မိမိအပေါ် တက်ခွထားသော လူကြီးအား ကြောက်နေသည့်ကြားက ကြည့်မိသည်။ ထိုလူကြီး၏ တောင့်တင်း ခိုင်မာသော ခန္ဓာကိုယ်ကြီးမှာ အဝတ်အစားမပါ၊ မည်းနက်နေ… ယခင်က တည်ကြည် ခန့်ညားသော ရုပ်အသွင်မှာ ရုတ်ချည်း ပျောက်ကွယ်သွားလေသည်။

ကိုအောင်ဝင်းသည် ပရလောကသား ခြောက်လှန့်ခြင်းဖြစ်သည်ကို သိပြီး သွေးပျက်မတတ် ကြောက်လန့်ကာ ငယ်သံပါအောင် အော်လိုက်လေသည်။

"အား…"

ကိုအောင်ဝင်း အော်လိုက်သည့် တစ်ချိန်တည်းမှာပင် ထို ပရလောကသားနှစ်ဦးသည် အဝေးဆုံးသို့ လွင့်စဉ်ပျောက်ကွယ်သွားလေသည်။ ကိုအောင်ဝင်းတစ်ကိုယ်လုံးလည်း ချွေးများဖြင့် စိုရွှဲကုန်၏။

ထို့နောက် ကိုအောင်ဝင်းသည် ကမန်းကတန်း ထ,ရပ်ကာ ပြေးပြည်အပြုတွင် ပတ်ဝန်းကျင်တစ်ခုလုံး ရုတ်တရက် မှောင်အတိလွှမ်းသွားသည်။ ထိုအချိန်ကမှ ကိုအောင်ဝင်းသည် ယခင်က လ…နေသည်ဟု ထင်ရခြင်းမှာ ပရလောကသား ဖန်ဆင်းထားခြင်းဖြစ်မည်ဟု …လိုက်သည်။ ထို့နောက် တစ်…မှ ဗိုလ်တို့ရှိ၍ကြောက်လာကာ ဦးတည်ရာမဲ့ ပြေးလိုက်သည်။ ထိုသို့ ပြေးချိန်တွင် ကိုအောင်ဝင်းသည် ညောင်ပင်ကြီး၏ အနီးမှ မြက်ရိုင်းချုံများထဲတွင် ပြစ်နေသည်ကို တွေ့လိုက်ရသည်။ သူလာစဉ်က ညီညာပြန့်ပြူးသော လမ်းမှာလည်း ပျောက်ချင်းမလှ ပျောက်သွားလေသည်။

ကိုအောင်ဝင်းသည် ချုံများထဲသို့ တိုးဝင်ကျော်ဖြတ်သွားကာ ကြောက်အားလန့်အားဖြင့် တစ်ရှိန်ထိုး ပြေးတော့သည်။ တစ်လံလောက်ရှိသော ချောင်းများကိုလည်း မည်သို့ ခုန်လိုက်မှန်းပင် မသိအောင် ကျော်သွားသည်။ မောလွန်း၍ နဖူးမှ ချွေးများ တဒီးဒီးကျနေသော်လည်း ဂရုမစိုက်နိုင်အောင် ပြေးနေမိလေသည်။ ခြေထောက်ကို စူးသည့် ဆူးများမှာလည်း အချောင်းပေါင်းပင် ရောက်နိုင်တော့မည်မသိ။

ကိုအောင်ဝင်းသည် …ပန်းစွာ ပြေးနေရင်းမှ ရွာအစွန်ရှိ ကျွန်တော့်အိမ်မှ ကျွန်တော်၏ ဓာတ်မီးရောင်ကို အမှောင်အောက်တွင် ထင်ရှားစွာ တွေ့မြင်လိုက်ရ၍ ပင်ပန်းခြင်းခဲ့ ကောက်ရသည့်အလား လွန်စွာဝမ်းသာ ပျော်ရွှင်သွားရလေသည်။ ထို့နောက် ဓာတ်မီးရောင်ရှိရာသို့ တစ်ရှိန်ထိုး ပြေးကာ ကျွန်တော့်ထံသို့ ရောက်ရှိလာခဲ့ပါ…သည်။

◈◈◈

ကိုအောင်ဝင်း၏ ပရလောကသားနှင့် တိုက်ခိုက်လာရခြင်းအတွေ… ကျွန်တော်တို့အားလုံး ကိုအောင်ဝင်းကိုယ်စား သည်းထိတ်ရင်…

www.burmeseclassic.com

ပါသည်။ ကိုအောင်ဝင်းသည် ပြောပြီး ချိန်ထိပင် ကြောက်စိတ်များ အရှိန် မသေသေးပေ။ ကျွန်တော်တို့အားလုံး သည်လည်း ကိုအောင်ဝင်းကို ကိုယ် ချင်းစာမိကြပါသည်။ ထို့နောက် သူကြီး က...

"ဒါဆို မင်းလွယ်အိတ် အဲဒီမှာ ကျန်ခဲ့တာပေါ့၊ ဟုတ်လား"

ဟု သူကြီးက မေးလိုက်ရာ ကိုအောင်ဝင်းက...

"ဟုတ်ပါတယ် သူကြီး။ ကျွန် တော့်ရဲ့ လွယ်အိတ်ထဲမှာ ကလေး အတွက် ဆေးရယ်၊ နောက် သီးနံ ရောင်းထားတဲ့ ငွေခုနစ်သောင်း ငါး ထောင်ရယ်၊ အိမ်အတွက် ပစ္စည်းတချို့ ရယ် ပါပါတယ်"

ကိုအောင်ဝင်းသည် သူ၏ ငွေ နှင့် ပစ္စည်းများကို စိတ်မချနိုင်ဖြစ်နေသည်။ ထို့ကြောင့် သူကြီးက အလိုက်သိစွာ ဖြင့်...

"မင်း... အဲဒီလွယ်အိတ်ကို အခုသွားယူချင်လား"

လို့ မေးလိုက်သည်။

"ဟုတ်ကဲ့၊ သွားယူချင်ပါတယ် သူကြီး။ ကျပ်ငွေတွေကိုလည်း စိတ် မချဘူး။ နောက် ကလေးရဲ့ ဆေးလည်း လိုနေလို့ပါ သူကြီး"

"ကဲ...ကဲ...ဒါဖြင့်လည်း သွားယူကြတာပေါ့"

ဤသို့လျှင် သူကြီးနှင့် ကျွန် တော်တို့သည်လည်း ထိုသူ ဦးဆောင် ခေါ်သွားရာနေရာသို့ ဓာတ်မီးကိုယ်စီဖြင့် လိုက်ခဲ့ကြပါသည်။

ကျွန်တော်တို့ ကိုအောင်ဝင်း ခေါ် သွားရာ ညောင်ပင်ကြီးသို့ ရောက်သော် ချုံနွယ်များ အတော်ပင် ထူထပ်နေ သည်။ ချုံနွယ်များကို ဓားဖြင့် ရှင်း ကာ သွားရင်းမှ ကိုအောင်ဝင်း လှဲလိမ့် ထား၍ မြက်ပင်များ ပြားနေသော နေရာသို့ ရောက်ရှိခဲ့ကြသည်။ ၎င်း နေရာ၏ အနီးတစ်ဝိုက်တွင် လွယ်အိတ် ကို တွေ့ရသည်။ လွယ်အိတ်ထဲတွင် ငွေခုနစ်သောင်းငါးထောင်မှာ တစ်ကျပ် မှ မလျော့ဘဲ ရှိနေသည်။

လွယ်အိတ်ဘေးတွင်တော့ ကိုအောင်ဝင်း ဝယ်လာသည့် ကလေး ဆေးဘူးများနှင့် အိမ်သုံးပစ္စည်းတချို့နှင့် ဟင်းခတ်ပစ္စည်းတချို့ကို တွေ့ရသည်။ ထို့နောက် ထိုနေရာနှင့် အနီးတစ်ဝိုက် ချုံစပ်တွင်တော့ အိတ်များ ပေါက်ပြ ကာ ဖိတ်စင်နေသည့် အမဲသားခြောက် ထုပ်ကို တွေ့ရသည်။

ကိုအောင်ဝင်းသည် မိမိပစ္စည်း များကို ပြန်ရသောအခါ အတော်ဝင် ဝမ်းသာသွားသည်။ အမဲသားခြောက် ထုပ်ကိုတော့ ကြည့်ပင် မကြည့်ရဲတော့ ပေ။ ထို့ကြောင့် သူကြီးက...

"ကဲ...အောင်ဝင်း၊ ဒီအမဲသား ခြောက်ထုပ်ရော မင်း မယူတော့ဘူး လား"

ဟု စ,မေးမေးလိုက်ရာ ကိုအောင်ဝင်းမှာ ပျာပျာသလဲ...

"ဟာ...မ...မယူရဲတော့ပါဘူး သူကြီးရယ်"

ဟု ဆိုသဖြင့် ကျွန်တော်တို့ အားလုံးရယ်လိုက်ကြသည်။ ထို့နောက် သူကြီးက...

"အင်း...ဟုတ်ပြီ၊ သူတို့လိုချင် တဲ့ အမဲသားခြောက်ထုပ်ကို ငါတို့ သူတို့ အတွက် ထားပေးခဲ့မယ်၊ ဟုတ်ပြီလား"

"ဟုတ်ကဲ့ပါ သူကြီး"

ဟု ကျွန်တော်တို့အားလုံးပြော လိုက်ကြသည်။

ထို့နောက် ထိုအမဲသားခြောက် ထုပ်ကို ထားခဲ့ကာ ကျွန်တော်တို့ ရွာ သို့ ပြန်ခဲ့ကြသည်။ ရွာသို့ ရောက်သော် ကိုအောင်ဝင်းက သူကြီးအား...

"သူကြီး...ကျွန်တော့်ကလေး နေမကောင်းလို့ ကျွန်တော် ဒီည အရောက်ပြန်မှ ဖြစ်မယ်ဗျာ"

"ကဲ...ဟုတ်ပါပြီ၊ ငါတို့လည်း ကူညီလက်စနှင့် ကူညီလိုက်ပါမယ်"

ဟု ဆိုကာ သူကြီးက ကျွန် အား...

"ကဲ...မောင်တက်လူ... တို့ ကိုအောင်ဝင်းကို ပို့ပေးလိုက်ကြ ကွာ။ သရက်ပင်ကုန်းရွာက လောက်မှ မလိုတော့တာ။ နာရီ ကျော်ကျော်ဆို ရောက်ပြီပဲ"

"ဟုတ်ကဲ့ သူကြီး"

ကျွန်တော်နှင့် ရွာမှ ကာလ သုံးယောက်တို့သည်လည်း ဖခင် ၏ ကလေးအပေါ်ထားသော ကို ဝင်း၏ မေတ္တာကို လေးစား ကိုအောင်ဝင်းအား အိမ်အရော လိုက်ပို့ပေးကြပါသည်။

ထိုညသည် ကိုအောင်ဝင်း ကျွန်တော်တို့အတွက် အမှတ် သည်းထိတ်ရင်ဖိုဖွယ်ရာ ညတစ်ည ဖြစ်ပါတော့သည်။ ■

* * *

ညီလေးမေ(လယ်



www.burmeseclassic.com

www.burmeseclassic.com

အရေးအကြီးဆုံး မှာချင်တာ တစ်ခုက ဟန်လင်းရောက်ရင် မြို့ဟောင်းက တွေ့သမျှ ဘာပစ္စည်းကိုမှ ယူမလာကြဖို့ပါပဲ”

# ပျူမြို့ဟောင်း လူရိုးတစ်ချောင်းနှင့် ဟန်လင်းမြေ

ဝင်းကိုဇော်



www.burmeseclassic.com

www.burmeseclassic.com

ပါမောက္ခ ဆရာကြီး ဒေါက်တာ စံရွှေစကားကို အားလုံးက စိတ်ဝင်စားစွာ နားထောင်နေကြသည်။ ရှေးဟောင်းသုတေသနပညာဘွဲ့လွန် ဒီပလိုမာသင်တန်းသားများ၏ ပျူမြို့ဟောင်း ကွင်းဆင်းခရီး မစတင်မီ ပါမောက္ခဆရာကြီးက ရန်ကုန်တက္ကသိုလ်၊ ရှေးဟောင်းသုတေသနပညာဌာန၌ ခရီးစဉ်တွင် လိုက်ပါကြရမည့် ကျောင်းသား ကျောင်းသူအားလုံးကို ခေါ်ယူမှာကြားနေခြင်း ဖြစ်ပါ၏။

ပျူမြို့ဟောင်းဆိုင်ရာ အချက်အလက်များကို ရောင်စုံ ဆလိုက်၊ ဓာတ်ပုံများဖြင့် ရှင်းလင်းပြောကြားအပြီးတွင် သင်တန်းသားတို့ လိုက်နာသင့်သည့် အဓိက အချက်များကို ပြောကြားသည်။

"လွန်ခဲ့တဲ့ နှစ်ပေါင်း ထောင်ချီကြာခဲ့တယ်ဆိုပေမယ့် ရှေးဦး လူသားတွေရဲ့ ကြွင်းကျန်ရစ်နေတဲ့ ပစ္စည်းတွေက ခုထိ အသက်ဝင်နေသလိုပဲလို့ မှတ်ယူထားကြပါ။ ဟိုရောက်ရင် အရိုးတွေ၊ အိုးခြမ်းကွဲတွေ၊ အုတ်ကျိုးတွေ၊ ကျောက်လက်နက်အပိုင်းအစတွေ တွေ့ရပါလိမ့်မယ်။ အထူးသဖြင့်ကတော့ အရိုးတွေကို လူရိုးပဲဖြစ်ဖြစ်၊ တိရစ္ဆာန်ရိုးပဲဖြစ်ဖြစ်၊ ရှေးဟောင်းပစ္စည်းတွေပဲဆိုပြီးတော့ ကောက်ယူ သိမ်းဆည်းတာမျိုး ရှောင်ကြဉ်ကြပါ။ မမြင်နိုင်တဲ့ ခြောက်လှန့်မှုတွေ ရှိခဲ့တာကို ဆရာတို့ အတွေ့အကြုံတွေ အများကြီးရှိထားပါတယ်"

ခရီးစဉ်တွင် ကြီးကြပ်သူအဖြစ် လိုက်ပါလာမည့် ဆရာ ဦးကျော်မျိုးဆက်က…

"တကယ်လို့ ရှေးဟောင်းပစ္စည်းမို့ တန်ဖိုးရှိတယ်ထင်ပြီး ယူချင်ရင်တောင် ကိုယ့်အိမ်ကို မယူတဲ့နဲ့ ဌာနက ပြတိုက်ကိုပဲ ပို့ကြပါလို့ မှာချင်ပါတယ်"

ဟု ဆိုကာ လူစုခွဲလိုက်ကြသည်။

အပြင်ရောက်တော့ သင်တန်းသားတွေက…

"ဆရာကြီးပြောတာ ဘာအဓိပ္ပာယ်လည်း မသိဘူးနော်"

"ဂမ္ဘီရဆန်တယ်လို့ ပြောချင်တာနေမှာပေါ့"

"ကျိန်စာသင့်တာတွေ ဘာတွေ ရှိနိုင်မယ်ထင်တယ်"

သင်တန်းသားများ တစ်ယောက်တစ်ပေါက်ပြောကြရင်း လူစုကွဲသွားခဲ့ကြသည်။

စစ်ကိုင်းတိုင်း၊ ဝက်လက်မြို့နယ်အတွင်းရှိ ရှေးပျူမြို့ဟောင်း ဟန်လင်းသည် လွန်ခဲ့သော နှစ်ပေါင်း ၁၇၀၀ ကျော်ကျော်၊ ခရစ်နှစ် သုံးရာစုလောက်က ဖွံ့ဖြိုးခဲ့သော မြို့ဟောင်းတစ်ခုဖြစ်သည်။ ပညာရှင်တို့ တူးဖော်လေ့လာမှုပြုရာတွင် ပုတီးစေ့များ၊ အိုးခြမ်းစများ၊ ကျောက်လက်နက်၊ သံလက်နက်များ၊ ကျောက်ကွင်းများ စသည့် ရှေးဟောင်းသုတေသနနှင့် ယဉ်ကျေးမှုဆိုင်ရာ အထောက်အထားပစ္စည်းများကို တွေ့ရှိ ရသကဲ့သို့ လူအရိုးစုများနှင့် အရိုးပြာအိုးများကိုလည်း တွေ့ရှိခဲ့ကြရပေသည်။

လူအရိုးစုများတွင် အပြည့်အစုံ အကောင်လိုက် အလောင်းကောင်များကို တွေ့ရသကဲ့သို့၊ တစ်နေရာတွင် အရိုးများကို စုပုံ မြှုပ်နှံထားသည်ကိုလည်း တွေ့ရှိကြရပေသည်။

ရှေးဟောင်း သုတေသနကျောင်းသားများကား စိတ်ဓာတ်တွေ တက်ကြွနေကြသည်။

"ကျိန်စာတွေ ဘာတွေဆိုတာက ယုံနိုင်စရာ မရှိပါဘူးကွာ"

"ဟိုရောက်တော့ ကိုယ်တွေ့ကြုံရင်လည်း ကြုံကြရမှာပေါ့"

◈◈◈

ဟန်လင်းသို့ ရောက်ချိန်ဝယ် နေအတော်မြင့်နေပြီဖြစ်သည်။ ကားရပ်ထားသည့် နေရာဘေးတွင် အုတ်ခေ ကန်တစ်ခုကို တွေ့ကြရသည်။ ကျွန် တော်တို့အား ကြိုဆိုနေကြသော ဒေသခံများအနက် ဦးမြင့်စိုးအောင်က

"ဒါ ဟန်လင်း ရေပူတွင်းသော မနက်စောစောဆို ဆင်းစိမ်လို့ ရတယ် သဘာဝအလျောက် ရေက အမြဲပူနေ တာ"

ဟု ပြောရာ ကျွန်တော်တို့ထဲ တွင် ပါလာသော ကျော်မင်းထွန်းက

"အခုစိမ်ရင်ရော မရဘူးလား"

ဟု မေးလိုက်သည်။

"ဒီအချိန် ဘယ်စိမ်နိုင်မှာတုန်း အရမ်းပူမှ ပူပဲလေး။ အပူချိန်က ၇၁ ဒီဂရီလောက် ရှိတယ်ဗျ"

ဦးမြင့်စိုးအောင်၏ စကားဒ တွင် ကျွန်တော် ရေပူကန်အတွင်းဆင် သည့် အုတ်လှေကားအတိုင်း ဆင်းသွာ ပြီး ရေကို စမ်းကြည့်လိုက်သည်။ အတော်လေး ပူနေသည်ကို တွေ့ သည်။ ကျွန်တော် လက်ကို ရေထဲသို့ ဖြည်းဖြည်းချင်း နှစ်ကြည့်လိုက်သည်။ လက်ကို တံတောင်ဆစ်နားအထိ ရေ ထဲတွင် နှစ်ထားလိုက်ရာ ကျွန်တော့် လက်တစ်ချောင်းလုံး နီရဲလာပြီး မခံနိုင် လောက်အောင် ပူလာသဖြင့် ရေထဲမှ ပြန်နှုတ်လိုက်ရသည်။

ဦးမြင့်စိုးအောင်က ရယ်နေ ရင်း…

"ဘယ့်နှယ့်လဲဗျ"

"ဘယ်လိုမှ မခံနိုင်ဘူးဗျို တော်တော်ပူတာပဲနော်"

"မနက်စောစော ရေစိမ် လာ လို့ရမှာ၊ နေ့ပိုင်းကတော့ အရမ်းပူ



www.burmeseclassic.com

www.burmeseclassic.com

ဘယ်"

ကျွန်တော်တို့အားလုံး အထုပ် အပိုးများ သယ်ကာ ဦးမြင့်စိုးအောင် အိမ်တွင် စတည်းချကြပါသည်။ အိမ်က နှစ်ထပ်အိမ်ကြီးဖြစ်ပေရာ အပေါ်ထပ် တွင် ယောကျ်ားလေးများ နေကြသည်။ မိန်းကလေးများကို ရှေ့အိမ်ကြီးတွင် နေရာချထားပေးပြီး ထမင်းစားတော့ ဦးမြင့်စိုးအောင်အိမ်မှာပင် စားကြ သည်။

ရောက်သည့်ညတွင် ဦးမြင့်စိုး အောင်နှင့် စကားတွေ အများကြီးပြော ကြသည်။ ကျွန်တော်တို့အဖွဲ့ထဲတွင် ပါလာသော ယောကျ်ားလေးများက ငယ်လေးများပီပီ ဘာကိုမှ အကြောက်အရွံ့မရှိ၊ ပြောချင်ရာတွေ ပြောကြ၊ နောက်ချင်တာတွေ နောက် ပြီဖြင့် ပျော်နေကြတော့သည်။

ကျွန်တော်ကတော့ ဂမ္ဘီရကို စိတ် ဝင်စားသူမို့ အမေးတစ်ခုကို မေးမိသည်။

"ဒီမှာက ပျူခေတ် ရှေးသင်္ချိုင်း ဟောင်းတွေက လူအရိုးစုတွေ၊ အရိုး အိုးတွေရှိတော့ ခြောက်တာ လှန့်တာ တွေများ ကြုံဖူးလားဗျ"

"သင်္ချိုင်းဟောင်းတွေ ရှိပေမယ့် သရဲခြောက်တယ်တော့ မကြားမိပါဘူး"

"ဟုတ်ကဲ့"

"ဒါပေမယ့် ဟိုးတုန်းကတော့ သင်္ချိုင်းကို လာနိုးတူးကြတဲ့ သိုက်သမား တွေကတော့ ညဘက် နိုးတူးသို့ ရ အောင် သရဲခြောက်တယ်။ တစ္ဆေလှန့် တယ်လို့တော့ သတင်းလွှင့်ဖူးတယ်"

"ဟုတ်ကဲ့"

"ဒါပေမယ့် ပရလောက ဆိုတာ က ပြောရတော့ ခက်သားပဲလေ။ ကျွတ်မလွတ်သေးတဲ့ လူတွေက တော့ ရှိနေနိုင်သေးတာပေါ့ဗျာ။ နှစ် ထောင် သုံးထောင်ဆိုတာက



ကျွန်တော်တို့ လူ့ဘုံမှာသာ အရမ်းရှည် ကြာတာကိုးဗျ။ ပရလောကမှာတော့ ခဏပဲကိုးဗျ"

ဦးမြင့်စိုးအောင် ပြောနေသည်ကို နားထောင်နေကြသည်။

"ရှေးဟောင်းနယ်မြေထဲကို ည ဘက်ဆို ဘယ်သူမှလည်း မသွားကြ တော့ ဘာမှမသိနိုင်ကြဘူးပေါ့"

"ဆရာကြီးကတော့ အရိုးတွေ ဘာတွေ ကောက်မလာဖို့ ကျောင်းသား တွေကို မှာလိုက်ပါတယ်"

"ဆရာကတော့ အတွေ့အကြုံ တွေ များတယ်လေ"

ထိုညက အတော်လေး ညဉ့် နက်အောင် စကားတွေ ပြောဖြစ်ခဲ့ကြ သည်။

◈◈◈

နောက်နေ့နံနက်တွင် အားလုံး စောစောထကြကာ ရှေးဟောင်းနယ်မြေ အတွင်းသို့ သွားကြရန် ပြင်ကြရသည်။ အားလုံးက တောစီး ဖိနပ်များ၊ ဘောင်း ဘီရှည်များ ဝတ်ကာ၊ ဦးထုပ်များ ဆောင်းကြရသည်။ ကွမ်းခေါင်ခေါင် နေကလည်း အတော်ပူသဖြင့် ကျောင်း

သားတစ်ယောက်က ထီးအတော်ကြီး ကြီးတစ်ချောင်းယူလာသည်။ ဆရာမ လေးများအားလုံးကလည်း ဘောင်းဘီ ရှည်တွေ ဝတ်ထားကြသဖြင့် ကျောင်း သူများနှင့် မခွဲခြားနိုင်ပါပြီ။

"မွန်းမတည့်ခင် အိမ်ပြန်ရောက် အောင် စောစောထွက်ကြမယ်"

ပါမောက္ခဆရာကြီး စီစဉ်သည့် အတိုင်း ကျွန်တော်တို့ တည်းအိမ်မှ စောစောထွက်ခဲ့ကြသည်။ ဦးမြင့်စိုး အောင်လည်း လိုက်ပါလာသည်။ သူက ဟန်လင်းကျေးရွာမှ ရှေးဟောင်း သုတေသီတစ်ဦးဖြစ်လေရာ ကျောင်း သား၊ ကျောင်းသူများ သိလိုသမျှကို ရှင်းပြပေးနိုင်သူတစ်ဦးလည်း ဖြစ်ပေ သည်။ ကွမ်းဆင်းအဖွဲ့နှင့်အတူ ရှေး ဟောင်း သုတေသနဌာနမှ အရာရှိများ ပါ လိုက်ပါလာခဲ့ကြသည်။

ရွာ၏ မြောက်ဘက်စူးစူးသို့ ကျွန်တော်တို့ ဦးတည်ကာ ထွက်လာခဲ့ ကြရပါသည်။

အဖွဲ့တွင် ယောကျ်ားလေးက ၆ယောက်သာ ပါဝင်ခဲ့ပြီး၊ ကျန်သူများ က မိန်းကလေးများသာ ဖြစ်ကြသည်။ မိန်းကလေးတွေဖြစ်သော်လည်း ရှေး ဟောင်း သုတေသနကျောင်းသူတွေမို့ လားမသိ၊ သွက်လက် မြန်လှသည်။ သူတို့ တွေက စာအုပ်ကိုယ်စီနှင့် ရှေ့ဆုံးမှာ အမြဲရှိနေတတ်သည်။ လက်ကိုင်ဖုန်း များဖြင့် မြင်မြင်သမျှကို ဓာတ်ပုံရိုက်ကြ သည်။ တက္ကသိုလ်သို့ ပြန်ရောက်လျှင် စာတမ်းတင်ကြရမည်ဖြစ်သောကြောင့် အချက်အလက်တွေ ရသမျှ စုဆောင်း ကြရသည်။

ကျွန်တော်တို့ ယောကျ်ားလေး အဖွဲ့တွင် သုံးယောက်က ရှေ့ဆုံးမှ သွား ကြပြီး၊ ကျန်သုံးယောက်က နောက်ဆုံး မှ ဖြည်းဖြည်းလျှောက်ကာ လိုက်ကြ



www.burmeseclassic.com

www.burmeseclassic.com

သည်။

နွေရာသီဖြစ်သောကြောင့် ကွင်းက ခြောက်နေသော်လည်း ရိုးပြတ်များကြားတွင် ဆူးပင်များ ရှိနေလေရာ အားလုံး၏ ဘောင်းဘီများတွင် ဆူးစများကို တွေ့ရသည်။

ဆရာ ဦးကျော်မျိုးဆက်နှင့် ဆရာမများက ဦးဆောင်ကာ ရှေ့ဆုံးမှ သွားကြပြီး ဆရာကြီးက နောက်ဆုံးမှ လိုက်ပါလာသည်။ ကုန်းတစ်ခုသို့ ရောက်တိုင်း တိုင်းကြထွာကြ ဓာတ်ပုံရိုက်ကြ ရှင်းပြသမျှကို လိုက်မှတ်သားကြဖြင့် အားလုံး အလုပ်များကြရသည်။

ကွင်းထဲတွင် ဖြတ်လျှောက်လာကြရင်း အောက်ကိုလည်း ကြည့်ကြရသည်။

"ပုတီးစေ့တွေရှင် ကောက်နော်၊ ပျူပုတီးစေ့ သိပ်တန်ဖိုးရှိတယ်"

"ပုတီးစေ့တော့ မတွေ့ဘူးကွ။ ပဲစေ့တွေတော့ တွေ့တယ်ဟေ့"

"အေး၊ မျှားမျှားတွေ့ရင် ကောက်ကွာ။ ပြုတ်စားလို့ ရတာပေါ့ကွ"

"နောက်ချေးပုံတွေ တွေ့တယ်။ ကောက်ရမလား"

"မင်း ဟင်းချိုချက်သောက်ရအောင် ယူခဲ့လေ"

"မင်းကို အရင်တိုက်မယ်"

ရဲဝင်းနိုင်၊ ကျော်မင်းထွန်း၊ နေလင်းထွန်း၊ ချောဝင်းအောင်၊ ဇော်မင်းဦးနှင့် ကျွန်တော်။

ကျွန်တော်လည်း ကလေးတွေနှင့်အတူ လိုက်လာရင်း သူတို့ ဗရုတ်ကျလာကြသည်ကို ကြည့်ကာ အပျော်တွေ ကူးစက်လာတော့သည်။ ရယ်ကြမောကြ ပျော်ကြပါးကြ။

တစ်နေရာအရောက်တွင် နေလင်းထွန်းက အရိုးကြီးတစ်ချောင်းတွေ့သဖြင့် ကောက်ယူလာ ကျွန်တော့်ကို ပြသည်။

"ဒယ်ဒီ…ဘာရိုးကြီးလဲဗျ"

ကလေးတွေက ကျွန်တော့်ကို ဒယ်ဒီဟု ခေါ်ကြသည်။

"ဟော့ကောင်…အဲဒါယူထား။ ပျူခေတ်က နွားရိုးကြီးကွ၊ ပျူနွားဖြစ်မယ်"

ကလေးတွေကြားမှာ ကျွန်တော်လည်း နောက်ပြောင် ရယ်မောနေမိသည်။

"ဟုတ်ကဲ့၊ စွပ်ပြုတ် ပြုတ်လို့ ရဦးမယ်ထင်တယ်"

"ရတာပေါ့ကွ။ ပျူနွားစွပ်ပြုတ်ဆိုတာ တို့ ဟန်လင်းရောက်မှ သောက်ဖူးတော့မှာ"

ဆရာကြီးလည်း မနေနိုင်တော့၊ ကျွန်တော်တို့အပျော်တွေ ကူးစက်ကာ ပြုံးနေရင်း…

"ဦးဝင်းဇော် လျှောက်နောက်နေတာ၊ နွားရိုးခြောက်ကြီးပါကွာ၊ လွှင့်ပစ်လိုက်"

ထိုနေ့က မွန်းတည့်ခါနီးအထိ တစ်ကုန်းဝင် တစ်ကုန်းထွက်ဖြင့် ဟန်လင်း ရှေးဟောင်းနယ်မြေအတွင်း



ကျွန်တော်တို့ ကွင်းဆင်းခဲ့ကြသည်။

တည်းခိုဆောင်ပြန်ရောက်တော့ အားလုံး မောပန်းနေကြချေပြီ။

ဦးမြင့်စိုးအောင်၏ အိမ်ပေါ်တွင် ကျွန်တော်တို့ ယောက်ျားလေး ခြောက်ယောက် ပက်လက်လန်နေကြလေပြီ အင်္ကျီတွေ ချွတ်ကာ အမောဖြေနေကြ စဉ် နေလင်းထွန်းက…

"ဒယ်ဒီ… ကျွန်တော် ဆရာကြီးပြောတာ မယုံလို့ စမ်းကြည့်ရ အောင် လူရိုးကြီးတစ်ချောင်းတွေ့တာနဲ့ ယူလာခဲ့တယ်"

ဟု ပြောကာ သူ့ကျောပိုးအိတ် ထဲမှ လူရိုးဟု ယူဆရသည့် အရိုး တစ်ချောင်းကို ထုတ်ပြသည်။

"ငါတို့ မသိလိုက်ပါလားကွ ဘယ်နားက ယူလာတာလဲ"

"ဟို… သင်္ချိုင်းဟောင်းနားက ဖြတ်လာတုန်းကလေ"

"ဆရာကြီး ပြောထားရဲ့သား ဘာလို့ ယူလာတာလဲကွာ"

"ဩော်…စမ်းကြည့်ရအောင် ဆို"

"မင်းအရိုးကလည်း ဟိုး ပျူ ခေတ်က အရိုးတော့ ဟုတ်မယ်မထင် ပါဘူးကွာ။ ဒီခေတ် လူတစ်ယော ယောက်ရဲ့ အရိုးပဲ ဖြစ်မှာပါ"

"ဟုတ်ကဲ့"

"ဘာပဲဖြစ်ဖြစ်ပေါ့ကွာ၊ ယူမလာ တာ ကောင်းတာပေါ့"

"ဘာဖြစ်လို့လဲ ဒယ်ဒီရ။ ဒယ် ကြောက်လို့လား"

"ကြောက်လို့ မဟုတ်ပါဘူး ဆေးကျောင်းသားတွေ လူရိုးတွေ ဒီ ပဲ ကိုင်ကြတာပဲ။ ငါတို့က ဆေးကျော သားမှမဟုတ်တာ၊ ဘာလုပ်မှာလဲ"

"ရှေးဟောင်း ပျူလူသား တ ယောက်ယောက်ရဲ့ အရိုးဖြစ်နေရင်"



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် သူ့ကို ဘာမျှ ဆက်မပြောတော့ပါ။ သူက ကျွန်တော့်ကို ကြည့်ပြီး ပြုံးနေသည်။

"ကာဗွန်ဓာတ်ခွဲကြည့်လို့ ပျူရိုးဖြစ်နေရင် အဖိုးတန်ပြီပေါ့"

ကျန်သူများကတော့ စိတ်ဝင်စားကြပုံမပေါ်။ ကျွန်တော်တို့နှစ်ယောက် ပြောဆိုနေကြချိန်မှာပင် ကျော်မင်းထွန်းနှင့် ချောဝင်းအောင်တို့ အိပ်ပျော်ကုန်ကြပြီဖြစ်ပါသည်။

◈◈◈

ဟန်လင်းညသည် ညဦးပိုင်းက အိုက်နေသော်လည်း ညဉ့်နက်ပိုင်းတွင် အေးလာသည်။

တည်းခိုအိမ်အပေါ်ထပ်တွင် ပါမောက္ခဆရာကြီးနှင့် ဆရာများက ခေါင်းရင်းဘက်တွင် အိပ်ကြသည်။ ဆရာကြီးတို့ဘေးတွင် ကျွန်တော်နှင့် ခင်နိုင်တို့ အိပ်ကြသည်။

ခြေရင်းပိုင်းတွင် လူငယ်များဖြစ်ကြသည့် ကျော်မင်းထွန်း၊ နေလင်းထွန်း၊ ချောဝင်းအောင်နှင့် ဇော်မင်းဦးတို့ အိပ်ကြသည်။ ညဦးပိုင်းက အိုက်သဖြင့် ကျွန်တော်တို့ တော်တော်နှင့် မအိပ်နိုင်ကြသေးဘဲ သန်းခေါင်နီးမှ အိပ်ပျော်ခဲ့ကြပါသည်။

ညဉ့်နက်ချိန် တစ်ရွာလုံး ဆိတ်ငြိမ်နေပြီး အားလုံးအိပ်မောကျနေချိန်မှာ...

"မြွေ...မြွေ...မြွေကြီးဗျ"

အလန့်တကြား အော်သံကြောင့် ကျွန်တော်တို့ အိပ်ပျော်နေရာမှ လန့်နိုးသွားကြပါသည်။ အသံက ကျွန်တော်တို့ အိပ်နေသည့် ခြေရင်းပိုင်းမှ ထွက်လာခြင်းဖြစ်ပြီး နေလင်းထွန်းအသံဟု သိလိုက်သည်။

အားလုံး အိပ်ရာမှ ထလိုက်ကြချိန်ဝယ် မီးတလည်း မှောင်နေသည်။



မီးစက်က ည ၁၁နာရီလောက်ကတည်းက ပိတ်သွားခဲ့ပြီးဖြစ်ရာ ကျွန်တော်က အသံထွက်လာရာဆီသို့ လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်လိုက်ပါသည်။ ဇော်မင်းဦးက ဖယောင်းတိုင်ထွန်းလိုက်သည်။

နေလင်းထွန်း ငုတ်တုတ်ထိုင်နေသည်ကို တွေ့လိုက်ရသဖြင့်...

"ဘာဖြစ်တာလဲကွ၊ မြွေက ဘယ်မှာလဲ"

ဟု ကျွန်တော် လှမ်းမေးလိုက်ပါသည်။

သူက ရုတ်တရက် ဘာမှ ပြန်မပြော။ နေလင်းထွန်း ငူငူကြီးထိုင်နေသည်။

"အိပ်မက် မက်တာလား"

"ဟုတ်ကဲ့၊ အိပ်မက်ထဲမှာ ကျွန်တော့်ကို မြွေလာပေါက်လို့ဗျ"

"အိပ်မက်ထဲ မြွေပေါက်ခံရတော့ လန့်သွားတာပေါ့ကွာ။ ရေတစ်ခွက်လောက် သောက်လိုက်။ ပြီးမှ ဘုရားဂုဏ်တော်ရွတ်ပြီး ပြန်အိပ်လိုက်တော့၊ ဟုတ်လား"

ချောဝင်းအောင် ခပ်ပေးသော ရေခွက်ကို ယူကာ နေလင်းထွန်း သောက်ပြီး အိပ်ရာပေါ် ပြန်လှဲချလိုက်တော့သည်။

"ဒါကြောင့်မို့ မင်းအရိုးကြီးကို နေ့ခင်းကတည်းက လွှင့်ပစ်လိုက်ပါလို့ ပြောတာပေါ့ကွ"

ကျော်မင်းထွန်းက မကြည်လင်သော အသံဖြင့် ပြောလိုက်သည်။

"ကဲ...ကဲ၊ အိပ်ကြတော့ကွာ။ မနက်ကျမှ ဆက်ပြောကြတော့။ ဟုတ်ပြီလား"

ခဏနေတော့ ဇော်မင်းဦးလည်း ဖယောင်းတိုင်မီးကို ငြိမ်းလိုက်သည်။ နေလင်းထွန်းအသံကို ထပ်မကြားရတော့ပါချေ။

ကျွန်တော်လည်း မအိပ်နိုင်တော့ဘဲ အတွေးတွေ ဝေနေမိတော့သည်။

ရန်ကုန်တွင် ရှိစဉ်က ရှေးဟောင်းသုတေသနဌာနမှ ဆရာ ဦးစိုးမင်းအောင် ပြောပြဖူးသည်ကို ပြန်တွေးနေမိသည်။ စစ်ကိုင်းတိုင်းအတွင်း ခင်ဦးဒေသမှ ညောင်ကန်ရှေးဟောင်းဒေသသို့ ကွင်းဆင်းရာတွင် ကြုံခဲ့ရသည့် အဖြစ်အပျက်လေးတစ်ခုက နေလင်းထွန်း ဖြစ်သည်နှင့် ဆင်တူနေသည်။ ထိုခရီးစဉ်တွင် ဆရာမများလည်း လိုက်ပါလာခဲ့ကြရာ၊ ဒဂုံတက္ကသိုလ်မှ ဆရာမလေးနှစ်ယောက်လည်း ပါခဲ့ကြသည်။ ထိုဆရာမလေးနှစ်ယောက်တို့သည် လုံးဝ အကြောက်အရွံ့မရှိသော မိန်းကလေးများဖြစ်ကြသည်ဟု ဆိုပါသည်။

ညောင်ကန်တွင် ကွင်းဆင်းစဉ် လူအရိုးခေါင်းတစ်ခုနှင့် ကျောက်လက်နက်ပေါင်းတစ်ခုတို့ကို တွေ့ရှိသဖြင့် ကောက်ယူလာခဲ့ကြသည်။ ညအိပ်ကြတော့ သူတို့အနီးတွင် အရိုးခေါင်းနှင့် ကျောက်လက်နက်ပေါင်းကြီးကို ထားပြီး အိပ်စက်ခဲ့ကြရာ၊ ညအချိန်မတော်တွင် အိပ်မက်ဆိုးကြောင့် သူတို့နှစ်

www.burmeseclassic.com

ယောက်လုံး မအိပ်နိုင်ဖြစ်ခဲ့ကြရသည်။ အိပ်မက်ထဲတွင် တင်းပုတ်ကိုင်ထားသော လူကြီးတစ်ယောက်က သူတို့ဆီလာကာ "ငါ့ပဲခွပ် ပြန်ပေး"ဟု လာတောင်းရာမှ အလန့်တကြားဖြစ်ကာ ညတွင်းချင်း အရိုးခေါင်းနှင့် ကျောက်သက်နက်ကို အိမ်အောက်ထပ်သို့ ချထားပြီး နောက်မနက်တွင် ယူလာခဲ့ရာ နေရာသို့ ပြန်ပို့ခဲ့ရသည်ဟု ဆရာက ပြောပြပါသည်။

ပရလောကသည် အမှန်ပင် ရှိနေပါသလော။

လူသားတို့သည် ပရလောကကို ဆက်သွယ်နိုင်ကြပါပြီလော။

ပရလောကသားဆိုသူတွေနှင့် ကြုံတွေ့နိုင်ကြပါမည်လော။ တောင်တောင်မြောက်မြောက် တွေးတောရင်း ကျွန်တော် အိပ်ပျော်သွားခဲ့ပါသည်။

◈◈◈

ဟန်လင်းမှ ရှေးဟောင်း ရေလှောင်ကမ်ပေါင်းကြီးတစ်ခုအတွင်း လှေတစ်စင်းပေါ်တွင် နေလင်းထွန်း၊ ကျော်မင်းထွန်းနှင့် ဦးဝင်းဇော်တို့ စီးလာကြသည်။ လှေကို မြစ်ဝကျွန်းပေါ်သား ဦးဝင်းဇော်က လှော်ခတ်ခဲ့သည်။ ရှေးဟောင်း သုတေသနကျောင်းသား သုံးယောက် အဘယ်ကြောင့် လှေတစ်စီးဖြင့် ထွက်ခဲ့ကြသည်ကို မသိ။

လှေကို လှော်ခတ်လာရင်းဖြင့် ရေပြင်က ပိုကျယ်ဝန်းလာသည်။

"ဟိုတွေ ပြန်ကြရင် ကောင်းမယ်ကွ။ မိုးတွေ မှောင်လာပြီ"

ဟု ဦးဝင်းဇော်က လှေလှော်နေရင်း ပြောလိုက်ရာ နေလင်းထွန်းက ကန့်ကွက်သည်။

"ဟာ…ဒယ်ဒီကလဲ၊ နွေခေါင်ခေါင်ကြီး ဘယ်လိုလုပ် မိုးမှောင်မှာလဲဗျ"

"ဟိုမှာလေကွာ အနောက်တက်မှာ မိုးညှို့နေတယ်ကွ"

"တိမ်အုပ်တာ နေမှာပါ ဒယ်ဒီရာ၊ ဆက်သာ လှော်ပါဗျ"

လူငယ်နှစ်ယောက်ကို ဦးဝင်းဇော် ဘာမှ ပြန်မပြောဖြစ်တော့ဘဲ လှေကိုသာ ဆက်လှော်ခဲ့သည်။ တစ်ခဏအတွင်းမှာပင် ရုတ်တရက် မိုးမှောင်ကျလာရာ ကျော်မင်းထွန်းက· ·

"ဟေ့ကောင်၊ ဒယ်ဒီပြောတာ ဟုတ်တယ်ကွ။ ပြန်ကြမှ ဖြစ်မယ်"

လှေကို နောက်ကြောင်းပြန်လှည့်စဉ်မှာ မိုးတွေ ရွာသွန်းချလာကာ လှေက လူးလွန့်လာတော့သည်။ ဦးဝင်းဇော်လည်း လှေကို လာရာဘက်သို့ ပြန်လှည့်ကာ အပြင်းလှော်ခတ်လေတော့သည်။

လှေဦးတွင် နေလင်းထွန်း၊ အလယ်တွင် ကျော်မင်းထွန်းတို့ လိုက်လာခဲ့ကြသည်။

နေလင်းထွန်းကို သူ့လက်နှစ်ဖက်ကို ရေတွင် နှစ်ကာ လှော်တက်သဖွယ် ရေများကို ယက်ပေးနေသည်။ မိုးရေကြားတွင် လှေက လေးတွဲစွာ ပြေးနေစဉ်မှာပင် ရေပြင်တွင် မြွေတစ်ကောင်ကို နေလင်းထွန်း တွေ့လိုက်ရသည်။ မြွေခေါင်းက ထူးဆန်းစွာ လူဦးခေါင်းဖြစ်နေသည်ကို တွေ့လိုက်ရသဖြင့် နေလင်းထွန်း လန့်သွားမိသည်။

ထိုမြွေက လှေရှိရာသို့ ကူးလာနေသည်ကို နေလင်းထွန်း တွေ့နေရသည်။ လှေပေါ်တက်လာမည် စိုးသဖြင့် နေလင်းထွန်းက သူ့လက်များကို ရေထဲမှ နုတ်လိုက်ပြီး မြွေကို မောင်းထုတ်လိုက်စဉ်မှာပင် မြွေက လျှင်မြန်စွာ ကူးခတ်လာပြီး သူ့အား ပေါက်လိုက်လေတော့သည်။

နေလင်းထွန်း ပြောပြနေသမျှကို ကျွန်တော်တို့ စိတ်ဝင်တစား ...း ထောင်နေကြသည်။

"မြွေက ကျွန်တော့်ကို ပေါက်လိုက်တော့ ကျွန်တော်လည်း ကြောက်လန့်ပြီး အော်လိုက်မိတာပေါ့ဗျာ။ ဦးဝင်းဇော်တို့အသံတွေ ကြားရတော့မှ အိပ်မက်မက်နေမှန်း သိရတော့တယ်"

သူ့ကို ကြည့်နေရင်း မနေ့က သူယူလာခဲ့သည်ဆိုသော အရိုးကို ကျွန်တော် သတိရလိုက်ပါသည်။

"မြွေက ဘာလို့ လူခေါင်းနဲ့ ဖြ... နေတာလဲ"

"ကျွန်တော်လည်း မသိဘူးလေ... အိပ်မက်ထဲမှာဆိုတော့"

သူ့စကားက အံ့ဩစရာ။

"မြွေက ကျွန်တော့်ကို ပေါ... လိုက်ချိန်မှာ မြွေပြောလိုက်တဲ့ စကား... ကို ကျွန်တော် သေသေချာချာကြ... လိုက်ရသည်။ ခေါင်းက လူခေါင်း... လားမသိဘူး။ လူ့အသံနဲ့ ပြောတာ"

"ဟုတ်လား၊ အိပ်မက်ထဲမှာ... မြွေက စကားပြောတာဖြစ်မှာပေါ့"

"ဟုတ်မယ် ဒယ်ဒီ၊ ငါ့အရိုးပြ... ပေးလို့ ပြောသွားတယ်" ~

ဤလောကတွင် ကျွန်တော်... မသိနိုင်သော အကြောင်းအရာများသ... များစွာကျန်ရှိနေသေးသည်သာ... တကား ■

* *. *

ဝင်းကို...



www.burmeseclassic.com

www.burmeseclassic.com



မျိုးသက်နိုင် (ရွှေပြည်သာ)

# ပုဏ္ဏားတော်ပြောတဲ့ ဘုရားရှိနိုး

ကျွန်ုပ်သည် တစ်နေ့သ၌ ကျွန်ုပ်၏ မိတ်ဆွေလည်း ဖြစ်၊ ဆရာသမားလည်းဖြစ်သော ပုဏ္ဏားတော်ဆရာကြီး ဦးကျော်ခင်ဆီသို့ သွားရောက်လည်ပတ်လေ၏။

"လာဗျို့…ကျောင်းဒကာကြီး။ ကျုပ်လည်း အခုပဲ ဘုရားရှိနိုး ပုဇော်စိပ်ပြီးတယ်ဗျာ။ ကျောင်းဒကာကြီးလည်း ဘုရားလေး ……လား ဦးတိုက်ပါဦးလား့ဗျ"

ကျွန်ုပ်လည်း ဘုရားဦးချရန် မော်၍ ဖူးလိုက်သောအခါ ဘုရားစင်သည် လူတစ်ရပ်ကျော်အမြင့်၌ တည်ရှိလေသဖြင့်-

"ဘုရားစင်က အမြင့်ကြီးပဲဗျနော်"

ပုဏ္ဏားတော်ကြီးသည် ခေါင်းတစ်ချက်ခါလိုက်ပြီး သက်ပြင်းတစ်ချက်ချလိုက်ကာ၊ ဤသို့ ရှည်လျားစွာ ပြောပြလေတော့သည်။

"မြတ်စွာဘုရားဆိုတာ ကျွန်တော်တို့ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေရဲ့ အထွတ်အမြတ်ထားရာ အမြင့်မြတ်ဆုံး ရတနာတစ်ပါးပေပဲဗျ။ ဒီတော့ အမြင့်ဆုံးနေရာမှာ ရှိသင့်သပေါ့ဗျာ။ နောက်တစ်ခုက ကိုရင်တို့ ဘုရားစင်…ဘုရားစင်နဲ့ အလွယ်ခေါ်နေကြတာ မဟုတ်သေးဘူးဗျ။ ဗီရိုစင်၊ စာအုပ်စင်၊ ဗီနပ်စင် စတဲ့ စင်အမျိုးမျိုးနဲ့ ခေါ်ဟာရတာ……

www.burmeseclassic.com

ဖြစ်နေတော့ အခေါ်အဝေါ်မမှန်ဘူးပေါ့ဗျာ။ ဘုရားဆောင်ဆိုပါမှ အသုံးအနှုန်းဆီလျော်ပေမပေါ့ဗျာ"

"ဟုတ်ကဲ့၊ ကျွန်တော် သဘောပေါက်ပါပြီ နောင်ကြီးရယ်။ ကျွန်တော်တို့ ငယ်ငယ်တုန်းက ညဘက် ဘုရားမီးပူဇော်ထားတဲ့အခါမှာ အမေက လူလေး‥ဘုရားအလင်းတိုင် အေးလိုက်စမ်းလို့ ပြောလေ့ရှိတယ်ဗျာ။ ဘယ်တော့မှ ဘုရားမီး ငြိမ်းသတ်လိုက်စမ်းလို့ ပြောလေ့မရှိခဲ့ဘူး"

"သာဓု‥သာဓု‥သာဓု၊ မိကောင်းဖခင် သားကောင်းသမီးကောင်းပီပီ ကျက်သရေမင်္ဂလာရှိပါပေတယ် ကျောင်းဒကာကြီးရယ်။ ဒါနဲ့ ကျောင်းဒကာကြီး လက်အုပ်ချီတဲ့ပုံစံလေးကိုလည်း ကျွန်တော့်ကို ပြောပြဦးဗျ"

"ကျွန်တော်တို့ငယ်ငယ်က အိုးဘိုကျောင်းမှာ ပညာသင်ကြားရတဲ့အခါ ဘုရားရှိခိုး ကန်တော့ခန်းနဲ့ စတင်ရပါတယ်။ အဲဒီမှာ ဆရာလုပ်တဲ့သူက မြတ်စွာဘုရားကို ရှိခိုးကန်တော့တဲ့ နေရာမှာ လက်အုပ်ချီတဲ့ ပုံစံကို ကြာဖူးဖြင့် မြတ်စွာဘုရားကို လှူဒါန်းဆက်ကပ်တဲ့ ပုံစံမျိုးဖြစ်အောင် ဖန်တီးရမယ်လို့ သင်ကြားခဲ့ဖူးပါတယ်"

"သာဓု‥‥သာဓု‥‥သာဓု၊ ဆရာကောင်းတပည့်ပန်းကောင်း ပန်ဆိုတာလို ကျက်သရေမင်္ဂလာရှိလိုက်ပါဘိ ကျောင်းဒကာကြီးရယ်။ ဒါနဲ့ အနန္တောအနန္တ ဘယ်နပါးရှိသတဲ့တုန်း"

"အနန္တောအနန္တငါးပါးရှိပါတယ်ခင်ဗျ"

"ကျွန်တော်ကတော့ ခုနစ်ပါးရှိတယ်တောင် ခံယူထားသဗျ။ ကျွန်တော်ရွတ်ပြမယ်။ (၁) ဘုရား၊ (၂) တရား၊ (၃) သံဃာ၊ (၄) သင်ဆရာ၊ (၅) မြတ်ဆရာ၊ (၆) ကြားဆရာ၊ (၇) မိဘရယ်ပေါ့ဗျာ"

"ဒါနဲ့ ကျောင်းဒကာကြီးရယ်၊ ဂုဏ်တော်ကိုးပါး ဣတိပိသောက စပြီးတော့ သေချာရွတ်ပြစမ်းပါဦး"

"ဣတိပိသော ဘဂဝါ။ အရဟံ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏ သမ္ပန္နော၊ သုဂတော လောကဝိဒူ၊ အနုတ္တရော ပုရိသ ဒမ္မသာရထိ၊ သတ္ထာဒေဝ မနုဿာနံ၊ ဗုဒ္ဓေါ ဘဂဝါတိ"

"သာဓု‥သာဓု‥သာဓု၊ ကျက်သရေမင်္ဂလာရှိပါပေ့ဗျာ"

"ကျွန်တော်က တောင်ကျွန်းသမ္ဗုဒ္ဓေတစ်ခုပဲ ရတယ် ဆရာရဲ့"

"ဟုတ်ပါပြီဗျာ။ ကျွန်တော်လည်း တောင်ကျွန်းသမ္ဗုဒ္ဓေပါပဲဗျာ။ အဲဒါလေး ဆိုစမ်းပါဦးဗျာ။ နာရအောင်"

**သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ၊ ဒွါဒသဉ္စ သဟ သသကေ၊**

**ပဉ္စသတ သဟဿာနိ နမာမိ သိရသာမဟံ၊**

**အပ္ပကာ ဝါဠုကာ ဂင်္ဂါ၊ အနန္တာ နိဗ္ဗုတာ ဇိနာ**

**တေသံ ဓမ္မဉ္စ သံဃဉ္စ၊ အာဒရေန နမာမဟံ၊**

**နမက္ကာရ နုဘာဝေန ဟိတွာ၊ သဗ္ဗေ ဥပဒ္ဒဝေ အနေက**

**အန္တရာယာပိ ဝိနဿန္တု အသေသတော။**

"မဟုတ်သေးဘူး ကျောင်းဒကာကြီးရဲ့ ဌာန်ကရိုဏ် မကျဘူး။ ကဲ - ကျွန်တော်ရွတ်ပြမယ်၊ ကျောင်းဒကာကြီး သေသေချာချာ နာပေတော့ဗျာ"

**သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ၊ ဒွါဒသဉ္စ သဟသသကေ၊**

**ပဉ္စသတ သဟဿနိ၊ နမာမိ သိရသာ မဟံ၊**

**အပ္ပကာံ ဝါဠုကာံ ဂင်္ဂါအနန္တံ နိဗ္ဗုတာံ ဇိနံ၊**

**တေသံ ဓမ္မဉ္စ သံဃဉ္စ၊ အာဒရေန နာမာမဟံ၊**

**နမက္ကာရ နုဘာဝေန ဟိတွာ သဗ္ဗေ ဥပဒ္ဒဝေ**

**အနေက အန္တရာယာပိ ဝိနဿန္တု အသေသတော**

"သာဓု‥‥သာဓု‥‥သာဓု"

"ကဲ‥‥ကျောင်းဒကာကြီးကို ကျွန်တော် ကြုံတုန်း ဂုဏ်တော်ကိုးပါးရဲ့ စတုတ္ထအပိုဒ် သုဂတောဂုဏ်တော် အဆီအနှစ်ထုတ်ထားတဲ့ ဂါထာတိုလေးတစ်ပုဒ် ဓမ္မဒါန လိုက်မယ်။ ကျောင်းဒကာကြီး က ကြာသပတေးသားဆိုတော့ နံနက် တစ်ခါ၊ နေ့လယ် တစ်ခါ၊ ညနေ တစ်ခါ၊ တစ် သုံးကြိမ်ကို တစ်ကြိမ်ရွတ်ရင် ၁၉ ခေါက် ရွတ်ဖတ်ပူဇော် ပေတော့ဗျို့။ အလုပ်အကိုင်အရောင်းအဝယ်တွေ အဆင်ပြေ လို့ စီးပွားလာဘ်လာဘတွေ ဖွံ့ဖြိုးတိုးတက်လိမ့်ဗျ"

**သောမ္မာဏာ ကရိတ္တွာဒွေါ**

**သောမ္မာဏာ ကရိတ္တွာဒွေါ**

**သောမ္မာဏာ ကရိတ္တွာဒွေါ**

ရင်ထဲ အသည်းထဲကနေ လှိုက်လှိုက်လှဲလှဲ နှ အိမ်အတွင်း စီးမျောသွားတဲ့အထိ ရွတ်ဖတ် ပူဇော်ပေ ဗျို့။■

( ပုဏ္ဏားတော်ပညာရှိ ဆရာကြီး ဦးကျော်ခင်သို့ စာစုဖြင့် ဂါရဝပြုအပ်ပါသည်။)

* * *

မျိုးသက်နိုင်(ရွှေပြည်

www.burmeseclassic.com

www.burmeseclassic.com

ဖြူသိန်း

# ချောက်ချားဖွယ် ကြောင်အိမ်



၁၉၆၀ ပြည့်နှစ်၊ ဇွန်လ။

အောင်ညွှန့်နှင့် မရွှေကြည်တို့သည် တရားရုံးတွင် နှစ်ဦးသဘောတူ လက်မှတ်ရေးထိုးပြီး လက်ထက်လိုက်ကြသည်။

သူတို့သည် ကျောင်းနေဖက် ငယ်သူငယ်ချင်းများ ဖြစ်ကြသည်။ အောင်ညွှန့်ရော၊ မရွှေကြည်ပါ ဆယ်တန်းအောင်ထားကြရာ ရန်ကုန်တက္ကသိုလ်တွင် ပညာမသင်တော့ဘဲ လခစားအလုပ် လုပ်၍ သက်ကြီး တက္ကသိုလ်သို့ တက်ရောက်နေကြသည်။

အောင်ညွှန့်မှာ [illegible]

www.burmeseclassic.com

www.burmeseclassic.com

ပြီး မရွှေကြည်မှာမူ ပြည်ထောင်စုတာဏ်တွင် အလုပ်လုပ်သည်။ နှစ်ယောက်စလုံးမှာ အောက်တန်းစာရေးများ ဖြစ်ကြသည်။

မရွှေကြည်ကို သူမ၏ မိဘများက မရွှေကြည်ထက် အသက် ၁၀နှစ်ခန့်ကြီးသော ရုံးအုပ်တစ်ယောက်နှင့် ပေးစားရန် စီစဉ်နေသည်ကို သိ၍ သူတို့ချစ်သူနှစ်ယောက်သည် ထိုသို့ ရုံးတက် လက်ထပ်လိုက်ကြခြင်းဖြစ်သည်။

သူတို့နှစ်ယောက်ကို သူတို့၏ ကျောင်းနေဖက် ငယ်သူငယ်ချင်း သောင်းထွန်းက ကူညီသည်။ သူတို့အတွက် အိပ်ခန်းတစ်ခန်းကို သောင်းထွန်းက တာမွေ၊ အနောက်မြင်းပြိုင်ကွင်းလမ်းပေါ်၌ ကြိုတင်ငှားထားပေး၏။

သူတို့အတွက် အိပ်ရာ၊ ခေါင်းအုံး၊ ခြင်ထောင် စသည်တို့ကိုလည်း သောင်းထွန်းကပင် စိုက်ထုတ်၍ ဝယ်ပေးထားသည်။

"မင်း စိုက်ထားတာတွေကို ငါတို့ ဖဲ့ဆပ်ပါ့မယ်ကွာ"

အောင်ညွှန့်က သောင်းထွန်းကို ပြောသည်။

"ဒီအတွက် မင်းတို့ခေါင်းထဲ ထည့်မထားနဲ့ကွာ"

ဟု သောင်းထွန်းက ထိုသို့ပြောသည်။

သောင်းထွန်းသည် အကောက်ခွန်ဌာနတွင် အလုပ်လုပ်သည်။ သူသည် နဝမတန်းသာ အောင်သည်။ တာမွေ (၁၆၆)လမ်းတွင် နေသည်။ မော်တော်ဆိုင်ကယ်နှင့် ရုံးတက်သူဖြစ်သည်။

◈◈◈

အောင်ညွှန့်နှင့် မရွှေကြည် အိမ်ထောင်သက် တစ်လပြည့်ခါနီး တနင်္ဂနွေနေ့ ရုံးပိတ်ရက်တစ်ရက်၌ မရွှေကြည်သည် အိမ်ရှေ့တွင် တံမြက်စည်းလှည်း၍ သန့်ရှင်းရေးလုပ်နေစဉ် အသက် ၄၀ ခန့်ရှိ အမျိုးသမီးတစ်ယောက်သည် ကြောင်အိမ်တစ်လုံးကို ခေါင်းပေါ် ရွက်၍ "ကြောင်အိမ်ရောင်းသည်"ဟု အသံမတိုးမကျယ် အော်၍ ဖြတ်လျှောက်သွားရာ မရွှေကြည်က လှမ်းခေါ်လိုက်သည်။

ကြောင်အိမ်ရောင်းသည့် အမျိုးသမီးသည် အိမ်ရှေ့ ဖိနပ်ချွတ်တွင် ကြောင်အိမ်ကို ထောင်ရက် ချလိုက်သည်။

"ဘယ်လိုရောင်းပါသလဲ"

မရွှေကြည်သည် ကြောင်အိမ်တံခါးကို ဖွင့်၍ ကြောင်အိမ်အတွင်းပိုင်းကိုပါ ကြည့်ရင်း မေးလိုက်သည်။

ဈေးသည်က ဈေးကို ပြောသည်။

ထိုအခိုက် အောင်ညွှန့်က မရွှေကြည်အနားရောက်လာသည်။

"မောင်ရေ…ကြွက်တွေ သောင်းကျန်းလို့ ထားစရာတွေ ထည့်ထားဖို့ ဝယ်လိုက်ရင် ကောင်းမလားပဲ"

မရွှေကြည်က ပြောသည်။

ကြောင်အိမ်မှာ အဆင့်နှစ်ဆင့်ပါသော ကြောင်အိမ်အသေးစားလေးသာ ဖြစ်သည်။ ပေါလစ်သုတ်ထားသည်မှာ ပြောင်လက်နေသည်။

အောင်ညွှန့်နှင့် မရွှေကြည်တို့သည် ကြောင်အိမ်ကို အထပ်ထပ် ကြည့်ကြသည်။ ကြောင်အိမ်မှာ ငယ်သော်လည်း တောင့်တင်းသည်။ လက်ရာ မကြမ်းပေ။

"ဘယ်က လာရောင်းတာလဲ"

အောင်ညွှန့်က မေးသည်။

"အိုးစုက လာရောင်းတာ။ ကျွန်မယောက်ျားက လက်သမားဆရာ။ သူက စိတ်တိုင်းကျ လုပ်ထားတာ။ အိမ်မှာ သုံးဖို့ပဲ။ အခု သူ့ကျန်းမာရေးမကောင်းလို့ ဒါကို ထုတ်ရောင်းတာပါ။ ကျွန်မတို့ လုံးဝ မသုံးရသေးပါဘူးရှင်"

မရွှေကြည်က ဈေးသည်ပြောသည့်ဈေးထက် လေးပုံတစ်ပုံလျှော့ပြီး ဆစ်ရာ နောက်ဆုံးတွင် ဈေးသည်က မရွှေကြည် ဆစ်သောဈေးဖြင့်ပင် ရောင်းလိုက်သည်။

မရွှေကြည်သည် ကြောင်အိမ်ကို သန့်ရှင်းရေးပြုလုပ်ပြီးနောက် သူမတို့၏ ထမင်းစား ပန်းကန်ပြားလေးချပ်၊ လက် ဖက်ရည်ခွက် နှစ်စုံ၊ ဖန်ခွက်တစ်လုံး ဟင်းသောက် ပန်းကန်လုံး သုံးလုံး ဇွန်းများနှင့် ဟင်းချက် အိုးခွက်များ ကြောင်အိမ်ထဲ ထည့်လိုက်သည်။

"အံ့ကိုက်ပဲ မောင်ရေ၊ ညဘက် ဟိုကောင်တွေ မသောင်းကျန်းနိုင်တော့ ဘူး"

ဟု ဝမ်းသာစွာဖြင့် ခင်ပွန်းဖြစ်သူ ကို ပြောလိုက်သည်။

သူတို့တွင် ထမင်းစားပွဲဝိုင်းတစ် ရှိရာ စားသောက်ဖွယ်ရာများကို ည ဘက်၌ ထိုစားပွဲဝိုင်းပေါ်တွင် တစ် သံဆန်ခါအုပ်ဆောင်းဖြင့် အုပ်ထား သည်။

သူတို့ အိပ်ချိန်တွင် ကြွက်မျာ ရောက်လာပြီး သောင်းကျန်းတေ သည်။ သို့နှင့် ကြောင်အိမ်ဝယ်ပြီ သုံးရက်အကြာ နံနက်၌…

"ဟောတော့…ကြောင်အိမ် က ကြက်သားကြော်တစ်တုံး မရှိတော့ ဘူး မောင်။ ညက မောင် ယူစားသေး သလားဟင်"

မရွှေကြည်က ခင်ပွန်းကို မေး သည်။

"ဟင့်အင်း။ မောင် ယူမစားပါ အကြည် အရေမှားလို့ ဖြစ်မှာပါ"

"မဟုတ်ဘူး မောင်။ ကြည် သေသေချာချာ ရေတွက်ပြီး ထည့်ထား တာ။ ကြောင်အိမ်ကို သေသေချာချာ ပိတ်ထားရက်နဲ့ လျော့တာ ထူးဆန်း တယ်"

"ညဘက် မောင်တို့ အိပ်ပျော် တုန်း ကြောင်များ ဝင်ပြီး ခွဲစားသွား လေမလားဘဲ"

www.burmeseclassic.com

"မဖြစ်နိုင်ဘူး မောင်။ ခြေရာလက်ရာပျက်ခြင်း မရှိဘူး"

"ကဲပါ‥နောက်တစ်ခါ ကြောင်အိမ်ကို သေသေချာချာပိတ်၊ မျောက်လက်မှာ သံချောင်းဖြစ်ဖြစ်၊ တုတ်ချောင်းဖြစ်ဖြစ် ခိုက်လိုက်"

မရွှေကြည်သည် ကြောင်အိမ်ထဲမှ ကြက်သားကြော်တစ်တုံးလျော့သွားသည့်အတွက် စိတ်ထဲ ဘဝင်မကျပေ။

◈◈◈

နောက်နှစ်ရက်ခန့်အကြာ၌ မရွှေကြည်သည် ဝက်သားဟင်းကို ချက်ပြီး အတုံးများ ရေတွက်၍ ကြောင်အိမ်ထဲ၌ အိုးလိုက်ထည့်ထားလိုက်သည်။ ခင်ပွန်းဖြစ်သူကိုလည်း ဝက်သားတုံး ဘယ်နှတုံးထည့်ထားကြောင်း ပြောပြီး ညအိပ်ခါနီး၌ ကြောင်အိမ်ကို အသေအချာပိတ်ထားလိုက်သည်။

နောက်တစ်နေ့တွင် ဝက်သားတုံးတစ်တုံးလျော့နေသည်။ လင်မယားနှစ်ယောက် အံ့သြကြရပြန်သည်။

"တစ်ခုခုတော့ တစ်ခုခုပဲ။ ကြောင်အိမ် မဝယ်ခင်က ခုလို မဖြစ်ဘူး။ ကြောင်အိမ်ဝယ်ပြီးမှ ဖြစ်တာဆိုတော့ ကြောင်အိမ်ကြောင့်ပဲ"

နောက်တစ်နေ့တွင် မရွှေကြည်သည် ငါးကြော်များကို ဒယ်အိုးထဲ၌ပင် ထား၍ ယခုတစ်ခါတွင် ကြောင်အိမ်ထဲ မထည့်ဘဲ ထမင်းစားပွဲပေါ်တွင် ဒယ်အိုးလိုက် တင်ထားပြီး အပေါ်မှ သံဆန်ခါအုပ်ဆောင်းဖြင့် အုပ်ထားလိုက်သည်။

နောက်တစ်နေ့တွင် ငါးကြော်များ တစ်တုံးမှ မလျော့။

"ဟုတ်ပြီ၊ ကြောင်အိမ်ကြောင့်ပဲ။ ဒီကြောင်အိမ်ကို အိမ်ပြင်ထုတ်ထားမှဖြစ်မယ်။ ကြောင်အိမ်ထဲ စားစရာတွေထားလို့ မဖြစ်ဘူး"

အောင်ညွှန့်က ပြောသည်။

"ကျွန်မ ကြောက်တယ်"

မရွှေကြည်က ပြောသည်။

"မကြောက်ပါနဲ့၊ အကြောင်းတစ်ခုခုတော့ ရှိရမယ်"

ကြောင်အိမ်သည် အိမ်နောက်ဖေး ကပြင်သို့ ရောက်သွားသည်။

နောက်တစ်နေ့ ရုံးပိတ်ရက်၌ သောင်းထွန်းသည် မော်တော်ဆိုင်ကယ်နှင့် ရောက်လာ၏။

"သူငယ်ချင်း‥ပျောက်ချက်သား ကောင်း"

အောင်ညွှန့်က ပြောသည်။

"ငါ ပင်လယ်ဝမှာ တာဝန်ကျနေလို့"

ထို့နောက် သူငယ်ချင်း သုံးယောက် ထိုင်စကားပြောရင်း ကြောင်အိမ်အကြောင်း ရောက်သွားသည်။

"ဘယ်က ဝယ်တာလဲ"

သောင်းထွန်းက မေးသည်။

မရွှေကြည်က အကျိုးအကြောင်း ပြောပြလိုက်သည်။

"အိုးစုက ဆိုတော့၊ အိုးစုဟာ တာမွေ သင်္ချိုင်းနားက ရပ်ကွက်ပဲ"

သောင်းထွန်းသည် ခေတ္တစဉ်းစားပြီးနောက်…

"ငါ‥သေသေချာချာကြည့်မယ်"

သောင်းထွန်းသည် ကြောင်အိမ်ရှိရာသွား၍ အတွင်းအပြင်ကို သေသေချာချာကြည့်ပြီးနောက်၊ အောင်ညွှန့်ထံမှ ဓားတောင်း၍ ကြောင်အိမ်အလယ်ရှိ ပျဉ်ပြားတစ်ချပ်အောက်ပိုင်းကို ကြည့်ပြီး ဓားဖြင့် ပေါ်လစ်များကို ခြစ်ထုတ်ရာ ခဏအကြာတွင် ခြစ်သည့်အလုပ်ကို ရပ်တန့်ပြီး ပျဉ်ပြားကို အသေအချာကြည့်ပြီး တစ်စုံတစ်ရာကို တွေ့လိုက်ရသဖြင့် အောင်ညွှန့်ကို ခေါ်ပြလိုက်သည်။

"ဒေါ်မြင့် - အသက် (၆၀)နှစ်"

ဟူသော စာများ ထွင်းထားသည်ကို အောင်ညွှန့် ဖတ်လိုက်ရသည်။

"တာမွေသုသာန်ထဲက ခေါင်းပျဉ်တွေ။ ကျွန်းသားနဲ့ လုပ်ထားတဲ့ ပျဉ်ပြားတွေကို သင်္ချိုင်းထဲ နေတဲ့သူတွေက အခေါင်းဖော်ပြီး ပျဉ်ပြားတွေကို ပြန်ရောင်းလေ့ရှိတယ်။ အခု ဒီကြောင်အိမ်ထဲက ပျဉ်ပြားတစ်ချပ်ဟာ အခေါင်းပျဉ်ပဲ။ သေသူရဲ့ မကျွတ်မလွတ်တဲ့ ဝိညာဉ်က ပျဉ်ချပ်နဲ့ ပါလာပြီး အခုလို စားနေတာပဲ"

အောင်ညွှန့်ကို သောင်းထွန်းက တီးတိုးပြောလိုက်သည်။

"ဘယ်လိုလုပ်မလဲ"

အောင်ညွှန့်က မေးသည်။

"အိမ်အောက်ချထားလိုက်ပေါ့ကွာ"

သောင်းထွန်းက အကြံပေးသည်။ ထို့နောက် သူငယ်ချင်းနှစ်ယောက်သည် ကြောင်အိမ်ကို အိမ်နောက်ဖေးရှိ ကွက်လပ်တွင် ချထားလိုက်သည်။

သောင်းထွန်း ပြန်သွားသောအခါ အောင်ညွှန့်က ဇနီးဖြစ်သူကို ပြန်ပြောပြသည်။

"ကြောက်တယ်"

မရွှေကြည်က ပြောသည်။

ထိုနေ့ညနေတွင် ရေလာပို့သော ရေထမ်းသမား ကုလား ဆွာမိက ကြောင်အိမ်ကို ဘာဖြစ်လို့ အောက်ချထားသလဲဟု မေးရာ အောင်ညွှန့်က-

"ကြောင်အိမ်က ဟင်းတွေ ခိုးစားလို့ အောက်ချထားတယ်"

ဟု ပြောသည်။

"ဒီလိုဆိုရင် ငါ့ကို ပေး"

ဟု ဆွာမိက တောင်းသည်။

"ယူသွားပါ…ယူသွားပါ။ ပေးတယ်"

ဟု မရွှေကြည်က ဝမ်းသာစွာ ပြောလိုက်ရာ ကြောင်အိမ်သည် ဆွာမိထံသို့ ရောက်သွားလေတော့၏ ■

* * *

ခြသိန်း



www.burmeseclassic.com

www.burmeseclassic.com




# ၂၀၁၄၊ နိုဝင်ဘာလ၊ ကောင်းကင်ဂြိုဟ်ရပ်တည်မှု

၂၀၁၄၊ နိုဝင်ဘာလ၏ ကောင်းကင်ထက်၌ တူရာသီရောက် တနင်္ဂနွေဂြိုဟ် နိုဝင်ဘာ ၁၇ရက်နေ့တွင် ဗြိစ္ဆာရာသီ ပြောင်းရွှေ့ဝင်ရောက်မည်ဖြစ်ပြီး နိုဝင်ဘာ ၂၈ရက်နေ့၌ အင်္ဂါဂြိုဟ် မကာရရာသီသို့ ပြောင်းရွှေ့ရပ်တည်ပါမည်။ ကန်ရာသီ ဗုဒ္ဓဟူးဂြိုဟ် နိုဝင်ဘာ ၅ရက်နေ့၌ တူရာသီ၊ နိုဝင်ဘာ ၂၅ရက်နေ့၌ ဗြိစ္ဆာရာသီသို့ ပြောင်းရွှေ့ဝင်ရောက်ပါလိမ့်မည်။ ကြာသပတေးဂြိုဟ် ကရကဋ်ရာသီ၌ တည်ရှိနေပြီး တူရာသီမှ သောကြာဂြိုဟ် နိုဝင်ဘာ ၁၃ရက်နေ့၌ ဗြိစ္ဆာရာသီ ပြောင်းရွှေ့ရပ်တည်ပါလိမ့်မည်။ တူရာသီ၊ စနေဂြိုဟ် နိုဝင်ဘာ ၃ရက်နေ့တွင် ဗြိစ္ဆာရာသီသို့ ပြောင်းရွှေ့ရပ်တည်ပါမည်။ ရာဟုနှင့် ကိတ်ဂြိုဟ်များ ကန်နှင့် မိန်ရာသီများအတွင်း တည်ရှိနေပါလိမ့်မည်။ ယူရေးနပ်စ်ဂြိုဟ် မိန်ရာသီအတွင်း ဖောက်ပြန်နေပြီး ကုမ်ရာသီ၌ ဖောက်ပြန်နေသော နက်ပ်ကျွန်းဂြိုဟ် နိုဝင်ဘာ ၁၇ရက်နေ့၌ အတည့်ပြန်သွားပါလိမ့်မည်။ ပလူတိုဂြိုဟ် ဓနုရာသီအတွင်း ရပ်တည်နေပါမည်။

နိုဝင်ဘာလ ၉ရက်၊ မြန်မာစံတော်ချိန် နံနက် ၁နာရီ ၂၈မိနစ်၌ မြန်မာနိုင်ငံ၏ မွန်းတည့်မိုးကောင်းကင်၌ လ ရောဟဏီနက္ခတ်ကြယ်(Star Aldebaran)နီးကပ်စွာ ပူးယှဉ် ထွင်းဖောက်မှုဖြစ်စဉ် ဖြစ်ပေါ်လာပါလိမ့်မည်။ အ လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၁မိနစ်နှင့် မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၅၃မိနစ်ထွင် ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့ ဖြစ်စဉ်ဖြစ်ပေါ်မည်။ အဆိုပါ ရောဟဏီနက္ခတ် ထွင်းဖောက်မှုဖြစ်စဉ်သည် ပြီးခဲ့သော ၂၀၁၃ ခုနှစ်နှောင်းပိုင်း၌ ထိုင်းနိုင် အတွင်းတွင် ဖြစ်ပေါ်ခဲ့ပြီး ထိုင်းတို့၏ ကြီးမားသော နိုင်ငံရေးပြောင်းလဲမှုတိုက်ပွဲများ ပေါ်ထွန်းခဲ့ပါသည်။ မြန်မာနိုင် ဇရိယာ၌ ဖြစ်ပေါ်မည်ဖြစ်သည့်အတွက် တိုင်းပြည်၏ အုပ်ချုပ်သူအကြီးအကဲများနှင့် အစိုးရအဖွဲ့အစည်းများအနေဖြ လုပ်ငန်းတာဝန် အမှားအယွင်းများ နည်းပါးရေးအား အထူးသတိပြု ဂရုစိုက်သင့်ပေသည်။ မြန်မာ့မိုးကောင်းကင်၌ မျက် ကိုယ်တွေ့ လေ့လာနိုင်ပြီး အလင်းအား ၉၀ရာနှုန်းခန့်ရှိသော လမင်းအနီး၌ ရောဟဏီနက္ခတ်ကြယ်အား နီးကပ်စွာ တွေ့ မြင်နိုင်ပေလိမ့်မည်။

www.burmeseclassic.com


နိုဝင်ဘာ ၁၈ရက်နေ့၌ နေ၏ အနောက်ဘက်၌ သောကြာနှင့် စနေဂြိုဟ်များ ပူးယှဉ်သောဖြစ်စဉ် ဖြစ်ပေါ်ပါလိမ့်မည်။ တစ်နည်းအားဖြင့် သောကြာနှင့် စနေဂြိုဟ်များ တနင်္ဂနွေ(နေမင်း)ဖြင့် နီးကပ်စွာ ပူးယှဉ်ပါလိမ့်မည်။

ရွှေဈေးနှုန်းများ ကျဆင်းတတ်ပြီး မတ်ပဲဈေးနှုန်းများ အကျဘက်တွင် ဆက်ရှိနေမည်။ ဒေါ်လာဈေးနှုန်းများ မြင့်တက်အပြီးမှ ပြန်လည်ကျဆင်းတတ်ပြီး စက်သုံးဆီဈေးနှုန်းများ မြင့်တက် (သို့) ကျဆင်းမှုများ အချိန်ကာလကြာရှည်တတ်သည်။

နိုဝင်ဘာလ ၂၆ရက်၊ မြန်မာစံတော်ချိန် နေ့လယ် ၃နာရီ ၁၀မိနစ်၌ ဗုဒ္ဓဟူးနှင့် စနေဂြိုဟ်များ တူရာသီ၌ ပူးယှဉ်စစ်ထိုးရာတွင် စနေဂြိုဟ်မှ အနိုင်ရရှိပါလိမ့်မည်။ အရှေ့လောင်ဂျီတွဒ် ၃၂ ဒီဂရီ ၃၅မိနစ်နှင့် တောင်လတ္တီတွဒ် ၁၇ ဒီဂရီ ၅၅မိနစ်၊ အာဖရိကတိုက် မိုဇမ်ဘစ်နိုင်ငံအတွင်း၌ ဖြစ်စဉ် ဖြစ်ပေါ်ပါလိမ့်မည်။ အာဖရိကတိုက်အရှေ့ဘက် ကမ်းရိုးတန်းဒေသများတွင် မုန်တိုင်းဖြစ်စဉ် တွေ့ကြုံရနိုင်သည်။ တိုင်းပြည်၌ ငွေကြေး၊ ဘဏ္ဍာရေးပိုင်းဆိုင်ရာ အနှောင့်အယှက်ပြဿနာများ ဖြစ်ပေါ်နိုင်သည်။



သောကြာနှင့် စနေဂြိုဟ်များ နေ၏ အနောက်ဘက်တွင် ပူးယှဉ်နေပုံ



ဗုဒ္ဓဟူးနှင့် စနေဂြိုဟ်များ ပူးယှဉ်နေပုံ



www.burmeseclassic.com

www.burmeseclassic.com

## ၂၀၁၄ နိုဝင်ဘာလ (၁၂)ရာသီ လက်ပိုင်ရှင်တို့၏ နက္ခတ်ကံကြမ္မ

### ARIES



### မိဿလက်

ကံဇာတာ ကောင်းမွန်သောအခြေအနေဆီသို့ ဦးတည်နေသော ကာလဖြစ်သည်။ လုပ်ငန်း၌ ရာထူး ဘုန်းကံအရှိန်အဝါများ မြင့်မားတိုးတက်၍ ကြံဆောင် ကြိုးပမ်းမှုများ၌ ပင်ပန်းရသော်လည်း အကျိုး ခံစားရမည်။ လုပ်ငန်းကိစ္စနှင့် ပတ်သက်၍ စပ်တူစပ်ဖက် ဆောင်ရွက်ရန် အခွင့်အရေးသစ်များ ပေါ်ပေါက်လာမည်။ ယခင်ဆုံးရှုံးထားသော အခွင့်အရေးများ မထင်မှတ်ပဲ မိမိထံ ပြန်လည်၍ရောက် လာတတ်သည်။ အသုံးအဆောင်ပစ္စည်းများ လက်ဆောင်ရရှိတတ်သည်။ ငွေကြေးကံကောင်းသော် လည်း ဝင်ရောက်လာသည့်ငွေများ လက်ထဲ မမြဲတတ်ပါ။ မိသားစုကျန်းမာရေးကိစ္စများအတွက် ငွေကုန်ကျမှု များပြားတတ်သည်။ လုပ်ငန်းရှင်များ လုပ်ငန်းတွင် ကုမ္ပဏီပိုင်းဆိုင်ရာ အဖွဲ့အစည်းများ၏ အကြောင်းပြု၍ အကျိုးရှိ ကြီးပွားမည်။ ပညာသင်ကြားသူများ အဖက်ဖက်မှ တိုးတက်အောင်မြင်မည်။ အိမ်ထောင်ရှင်များ ငွေကြေးကိစ္စများနှင့် ပတ်သက်၍ ပဋိပက္ခကြုံတတ်သည်။ ချစ်သူများ သိမ်မွေ့ ငြိမ်းချမ်းသော ချစ်ခြင်းတရားများဖြင့် အကောင်းဆုံး မေတ္တာလမ်းခရီးထက် ပျော်ရွှင်ရသော ကာလ ဖြစ်သည်။

### TAURUS



### ပြိဿလက်

ငွေကြေးကံ ထူးထူးခြားခြား ကောင်းမွန်နေတတ်ပြီး ကြံစည်ကြိုးပမ်းမှုတွေမှာ အလွယ်တကူ ပြည့် အောင်မြင်လာပါလိမ့်မယ်။ ကံကောင်းတိုးတက်မှုများ ပြန်လည်တည်ဆောက်နိုင်၍ အကောင်းဆုံး အခွင့် အရေးများ မိမိနှင့် မိသားစုလက်ဝယ် ရောက်ရှိမည်။ လုပ်ငန်းတွင် အတိုက်အခံများ လျော့ပါး၍ ကျည် စောင့်ရှောက်မည့်သူများဖြင့် ဆုံတွေ့ခွင့်ရှိမည်။ မိသားစုခရီးဝေးများ၊ အလုပ်ကိစ္စအတွက် ခရီးဝေးများ သွားလာရပြီး အကျိုးရှိမည်။ ထီကံစမ်းသင့်သော ကာလဖြစ်ပြီး တရားမဝင် ငွေကြေးရရှိမှုကံ ထူးထူးခြားခြား ကောင်းမွန်နေတတ်သည်။ ဆုံးရှုံးမည်ဟု ထင်ထားသော ငွေကြေးကိစ္စ၊ လုပ်ငန်းကိစ္စများအတွက် ပြန်လည်၍ အခွင့်အရေးပေါ်ပေါက်လာမည့် ကာလဖြစ်သည်။ လုပ်ငန်းနှင့် ပတ်သက်၍ ကောင်းမွန်သော တိုးတက်ပြောင်းလဲမှုများ ပေါ်ပေါက်လာမည်။ လုပ်ငန်းရှင်များ လုပ်ငန်းသစ်များ တိုးချဲ့ရမည်။ ပညာသင်ကြား နေသူများ လုံလဝီရိယအကျိုးခံစားရမည်။ အိမ်ထောင်ရှင်များ အလုပ်ကိစ္စနှင့် အိမ်တွင်းရေး အဆင်ပြေ သဖြင့် အေးချမ်းတည်ငြိမ်မည်။ ချစ်သူများ ချစ်ခြင်းမေတ္တာတိုးတက်မှု ဖန်တီးနိုင်မည်။

### GEMINI



### မေထုန်လက်

အခက်အခဲအချို့ ယှဉ်တွဲနေသော ကာလဖြစ်ပြီး လုပ်ငန်းခွင်တွင် အောက်လက်ကြောင့် စိတ်အနှောင့် အယှက်ကြုံမည်။ မထင်မှတ်ပဲ ရောက်ရှိလာသည့် ပြဿနာအခက်အခဲများ ရုတ်တရက် ပြင်းထန် ကြီးထွားသွားတတ်သည်။ လုပ်ငန်းအတွက် ကောင်းမွန်သော အဆက်အသွယ်သစ်များကြောင့် ကြီးပွား အောင်မြင်မှုများ မိမိအနီး တည်ရှိနေမည်။ လုပ်ငန်းကြီးများ ဆက်သွယ်ဆောင်ရွက်ရန် အခွင့်အရေးများ ပေါ်ပေါက်လာတတ်ပြီး အကျိုးရှိမည်။ ထီပေါက်သကဲ့သို့ ငွေကြေးရရှိမှုကံ ကောင်းမွန်၍ နိုင်ငံခြား ငွေကြေးကံကောင်းမှုများ ပေါ်ပေါက်လာမည်။ မိသားစု၌ အိမ်ခြံမြေယာဉ်တို့နှင့် ပတ်သက်၍ ထူးခြား အကျိုးရှိမည်။ ခါးနာဝေဒနာများ၊ ဆီး၊ ကျောက်ကပ်ဝေဒနာများ ဖြစ်ပွားတတ်သည်။ မတော်တဆ ထိခိုက်မှုအန္တရာယ်များ သတိပြုပါ။ လုပ်ငန်းရှင်များ နိုင်ငံခြားနှင့် ပတ်သက်၍ လုပ်ငန်းပိုင်း အကျိုး ရှိသောကာလဖြစ်သည်။ ပညာသင်ယူနေသူများ ကျန်းမာရေးအညံ့ကြောင့် လွဲချော်မှုများ တွေ့ကြုံ အိမ်ထောင်ရှင်များ ပြဿနာအသေးအဖွဲ့များ ရင်ဆိုင်ရမည်။ ချစ်သူများ ပြင်းထန်စွာ သဘော ကွဲလွဲမည်။

### CANCER



### ကရကဋ်လက်

ကောင်းသော အခြေအနေသစ်တစ်ရပ် ဖန်တီးပုံဖော်ခွင့်ရရှိမည်။ ခရီးဝေး မကြာခဏ သွားလာမှုများသော ကာလဖြစ်သည်။ မိမိလုပ်ငန်းတာဝန်များအတွက် အရာရာကို ပူပန်ကြောင့်ကျစိတ် များပြားသောကာလ ဖြစ်သည်။ အိမ်ခြံမြေယာဉ်ဝယ်ယူရန် ကြိုးပမ်းသူများ၊ ရောင်းချရန် ကြံစည်ထားသူများ အကျိုးရှိ အဆင် ပြေမည့် ကာလဖြစ်သည်။ လုပ်ငန်းတွင် ကောင်းမွန်သော အဆက်အသွယ်၊ အထောက်အပံ့ကောင်းများ ကြုံ၍ မိမိကြံစည်လုပ်ဆောင်မှုများ အကျိုးရှိ အဆင်ပြေမည်။ အလုပ်ကိစ္စများအတွက် ငွေကြေး ကောင်းမွန်သည့် ကာလဖြစ်ပြီး အဆင့်အတန်းအခြေအနေ တိုးတက်မြင့်မားမည်။ ဘာပဲလုပ် အုပ်ချုပ်သူ အကြီးအကဲများနှင့် သဟဇာတဖြစ်နေတတ်ပြီး ဂုဏ်သိက္ခာပိုင်း တိုးတက်မြင့်မားမည်။ လုပ်ငန်းရှင်များ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကြောင့် အကျိုးရှိ ကြီးပွားမည်။ ပညာသင်ယူသူများ ကြိုးစား အောင်မြင်မှုများ အလွယ်တကူ ပိုင်ဆိုင်ရမည်။ အိမ်ထောင်ရှင်များ မောင်နှမသားချင်းကိစ္စများကြောင့် အဆင်မပြေဖြစ်ရတတ်သည်။ ချစ်သူများ အရင်ထက် ပိုမိုသော မေတ္တာတရားများ ရှင်သန်ခွင့်ရရှိမည်။



www.burmeseclassic.com

www.burmeseclassic.com

## LEO



## သိဟ်လက်

ပါးနပ်စွာ ကြံစည် ကြိုးပမ်းမှုများသည် အရာရာအတွက် အောင်မြင်မှုများ ဆွတ်ယူနိုင်မည့်ကာလဖြစ်သည်။ ကောင်းသောအခွင့်အလမ်းများအတွက် မှန်ကန်တည်ငြိမ်သော ဆုံးဖြတ်မှုများဖြင့် လိုအပ်ချက်များ ဖန်တီးရယူပါ။ ခရီးဝေးသွားရခြင်း၊ နိုင်ငံရပ်ခြားခရီးစဉ်ပေါ်ပေါက်မှုများ ကြုံလာမည်။ လူမျိုးခြား၊ နိုင်ငံရပ်ခြားနှင့် ပတ်သက်သည့် လုပ်ငန်းကိစ္စများအတွက် အခွင့်အရေးကောင်းတစ်ခုရရှိလာမည်။ ငွေကြေးပိုင်း အကျိုးရှိ အဆင်ပြေပြီး မထင်မှတ်ဘဲ ငွေကြေးအများအပြားရရှိနိုင်သည်။ ထီဆု အလယ်အလတ်ပေါက်တတ်ပြီး နိုင်ငံခြားငွေကြေးများရရှိနိုင်သည်။ လုပ်ငန်းကိစ္စများအတွက် ပင်ပန်းမှုများယှဉ်တွဲနေသော်လည်း မိမိအတွက် အကျိုးအမြတ်ရရှိမည်။ အခြားသူတို့၏ အကြောင်းကိစ္စများ၌ ကြားဝင် ဆောင်ရွက်လုပ်ကိုင်မှုများအတွက် ရှောင်ကြဉ်ပါ။ လုပ်ငန်းရှင်များ ပင်ပန်းမှုများယှဉ်၍ ကြီးပွားတိုးတက်မည်။ ပညာသင်ယူသူများ စိတ်ပင်ပန်းရသော်လည်း အောင်မြင်ခွင့်ရယူ ဖန်တီးနိုင်မည်။ အိမ်ထောင်ရှင်များ ငြိမ်းချမ်းသော မိသားစုဘဝရရှိမည်။ ချစ်သူများ မကြာမကြာ စိတ်ဆိုး စိတ်ကောက်နေလိမ့်မည်။

## VIRGO



## ကန်လက်

အရာရာအတွက် ဆန့်ကျင်လိုစိတ် ပြင်းထန်နေတတ်သည်။ စိတ်ဆိုးဒေါသဖြစ်ရသော အကြောင်းကိစ္စများ မကြာခဏ တိုက်ဆိုင်လာတတ်၍ သည်းခံစိတ်မွေးမြူရန် အခြေအနေမပေးသော ကာလဖြစ်သည်။ ရုတ်တရက် ကံကောင်းမှုများ မိမိထံ အလျှဉ်စလိုရောက်လာတတ်ပြီး ဘုန်းကံအရှိန်အဝါ မြင့်မားတိုးတက်မည်။ အတိုက်အခံများ ယှဉ်တွဲနေသော်လည်း မိမိအတွက် အောင်မြင်တိုးတက်မှုများ ဖန်တီးခွင့်ရှိမည်။ ကျန်းမာရေးအညံ့နှင့် ခွဲစိတ်ကုသမှုများ တွေ့ကြုံနိုင်သောကာလဖြစ်သည်။ စိတ်ရှုပ်ထွေးရသော အကြောင်းကိစ္စရပ်များကြောင့် စိတ်ညစ်နွမ်းမှုများ ကိန်းအောင်းနေတတ်သည်။ အကောင်းဆုံး မျှော်မှန်းချက်များ လွဲချော်နေပြီး မထင်ထားသောအရာများမှ ကောင်းကျိုးတရားဖြစ်ပေါ်လာတတ်သည်။ လုပ်ငန်းရှင်များ စိတ်လိုက်မာန်ပါ ဆုံးဖြတ်ချက်များ သတိပြုပါ။ ပညာသင်ကြားသူများ အခွင့်အရေးကောင်းများကြောင့် ပညာရေးအကျိုးခံစားခွင့်ရရှိမည်။ အိမ်ထောင်ရှင်များ အကောင်းဆုံး ချစ်ခြင်းမေတ္တာများဖြင့် မိသားစုအတွင်း နားလည်မှု ရရှိမည်။ ချစ်သူများ အချစ်ရေးကံ မြင့်မားတည်ငြိမ်၍ အကောင်းဆုံးနေ့များ တွေ့ကြုံနိုင်သည်။

## LIBRA



## တူလက်

အခက်အခဲအတိုက်အခံများ ပြန်လည်ပေါ်ပေါက်လာမည့် ကာလဖြစ်သည်။ မိမိဆောင်ရွက်သော လုပ်ငန်းပိုင်း၌ ဆုံးဖြတ်ယူဆချက်များ လွဲချော်၍ နစ်နာဆုံးရှုံးမှုများ ပေါ်ပေါက်တတ်သည်။ အစစအရာရာ ပြောင်းလဲသော အနေအထားများကြား မိမိအခွင့်အရေးများ ဆုံးရှုံးနစ်နာတတ်သည်။ ကျန်းမာရေးအညံ့ အထူးသတိပြုသင့်သည်။ အစားအသောက်အပြောအဆို ဂရုစိုက်ပါ။ မိမိကြံစည် ကြိုးပမ်းမှုများအတွက် အဖက်ဖက်မှ အတိုက်အခံကြုံတတ်သည်။ မိသားစုအတွင်း လုပ်ငန်းပိုင်း၊ စီးပွားရေးပိုင်းကိစ္စများ၌ လိမ်လည်လှည့်ဖြားမှုများ တွေ့ကြုံတတ်သည်။ လူမှုရေးကိစ္စအမျိုးမျိုးအတွက် ငွေကြေးသုံးစွဲကုန်ကျမှုများပြားနေတတ်ပြီး ရွှေရတနာပစ္စည်းများ ပျောက်ရှပျက်စီး ဆုံးရှုံးတတ်သည်။ ဘာသာရေးကိစ္စများအား အလေးအနက်ထား ဆောင်ရွက်လုပ်ကိုင်သင့်သည်။ လုပ်ငန်းရှင်များ ကြီးကြီးမားမား ဆုံးရှုံးလွဲချော်နိုင်သော ကာလဖြစ်သည်။ ပညာသင်ကြားသူများ အခက်အခဲအမျိုးမျိုးကြား သောကများမည်။ အိမ်ထောင်ရှင်များ လူမှုရေးအရှုပ်အရှင်းကိစ္စ တွေ့ကြုံနိုင်သည်။ ချစ်သူများ ကံခေမှုအမျိုးမျိုး ရင်ဆိုင်ရမည်။

## SCORPIO



## ဗြိစ္ဆာလက်

ပါးနပ်စွာ ကြံစည်ကြိုးပမ်းမှုများသည် အရာရာအတွက် အောင်မြင်မှုများ ဆွတ်ယူနိုင်မည့် ကာလဖြစ်သည်။ ကောင်းသော အခွင့်အလမ်းများအတွက် မှန်ကန်တည်ငြိမ်သော ဆုံးဖြတ်မှုများဖြင့် လိုအပ်ချက်များ ဖန်တီးရယူပါ။ ခရီးဝေးသွားရခြင်း၊ နိုင်ငံရပ်ခြားခရီးစဉ်ပေါ်ပေါက်မှုများ တွေ့ကြုံလာမည်။ လူမျိုးခြား နိုင်ငံရပ်ခြားနှင့် ပတ်သက်သည့် လုပ်ငန်းကိစ္စများအတွက် အခွင့်အရေးကောင်းတစ်ခု ရရှိလာမည်။ ငွေကြေးပိုင်း အကျိုးရှိ အဆင်ပြေပြီး မထင်မှတ်ပဲ ငွေကြေးအများအပြားရရှိနိုင်သည်။ ထီဆု အလယ်အလတ်ပေါက်တတ်ပြီး နိုင်ငံခြားငွေကြေးများ မထင်မှတ်ပဲ ရရှိနိုင်သည်။ လုပ်ငန်းကိစ္စများအတွက် ပင်ပန်းမှုများ ယှဉ်တွဲနေသော်လည်း မိမိအတွက် အကျိုးအမြတ်ရရှိမည်။ အခြားသူတို့၏ အကြောင်းကိစ္စများ၌ ကြားဝင် ဆောင်ရွက်လုပ်ကိုင်မှုများအတွက် ရှောင်ကြဉ်ပါ။ လုပ်ငန်းရှင်များ ပင်ပန်းမှုများယှဉ်၍ ကြီးပွားတိုးတက်မည်။ ပညာသင်ယူသူများ စိတ်ပင်ပန်းရသော်လည်း အောင်မြင်ခွင့် ရယူဖန်တီးနိုင်မည်။ အိမ်ထောင်ရှင်များ ငြိမ်းချမ်းသော မိသားစုဘဝရရှိမည်။ ချစ်သူများ မကြာမကြာ စိတ်ဆိုး စိတ်ကောက်နေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com

## SAGITTARIUS



**ဓနုလဂ်**

ခေါင်းခဲရသော လုပ်ငန်းတာဝန်များကြောင့် ဝန်လုပ်ဝန်ပိုးဖြစ်နေတတ်သည်။ ငွေကြေးကိစ္စအခက်အခဲ
များ ကြုံရသော်လည်း အဆင်ပြေစွာဖြေရှင်းဆောင်ရွက်နိုင်မည်။ စီးပွားရှာဖွေရလွယ်ကူပြီး
သည်ထက် ပိုမို၍အကျိုးဖြစ်ထွန်းမည်။ ဆောင်ရွက်ကြိုးပမ်းမှုများ ရှေ့တွင် အခက်အခဲတစ်
ပေါ်ပေါက်ပြီးမှ အကျိုးရှိမည်။ မိသားစု၌ အိမ်ခြံမြေယာဥ်တို့နှင့် ပတ်သက်၍ အနှောင့်အယှက်ပြဿနာ
များ ကြုံမည်။ နိုင်ငံရပ်ခြား ခရီးရှည်များ လုပ်ငန်းအတွက် ခရီးရှည်သွားလာမှုများ တွေ့ကြုံလာတတ်
သည်။ ကျန်းမာရေးတွင် ခေါင်းကိုက် မူးဝေမှု၊ သွေးတိုးပိုင်းဆိုင်ရာ ရောဂါဝေဒနာများအတွက်
အထူးသတိပြုပါ။ အတိုက်အခံပြဿနာများ ရင်ဆိုင်ဖြေရှင်းပြီး ဆုံးရှုံးနစ်နာမှုများ ပေါ်ပေါက်တတ်သည်
လုပ်ငန်းရှင်များ အမှုပြဿနာနှင့် ငွေကြေးကိစ္စများ အထူးသတိပြုပါ။ ပညာသင်ကြားနေသူ
ပညာရေးပိုင်းဆိုင်ရာ ငွေကြေးအထောက်အပံ့ချီးမြှင့်မှုများ ရယူခွင့်ရှိမည်။ အိမ်ထောင်ရှင်မျ
အိမ်ထောင်မှုကိစ္စအဝဝအတွက် စိတ်ပင်ပန်းမည်။ ချစ်သူများ ငွေကြေးကိစ္စများကြောင့် ပဋိပက္ခကြုံမည်

---

## CAPRICORN



**မကာရလဂ်**

ကံကောင်းသော အကြောင်းကိစ္စများကြုံရတတ်ပြီး လူမှုရေးပိုင်း ထင်ရှားအောင်မြင်မည်။ မိသားစု
အမွေအနှစ်ရရှိခြင်း၊ အိမ်ခြံ ...နှင့် ပတ်သက်၍ ငွေကြေးအကျိုးရှိမှုများ ပေါ်ပေါက်လာမည်
လုပ်ငန်းတွင် မိမိဖန်တီးပုံဖော်မှုများ ထူးခြားစွာ ပြည့်ဝအောင်မြင်မည်။ အသုံးအဆောင်ပစ္စည်
အသစ်အဆန်းများ စိတ်တိုင်းကျ ရရှိပိုင်ဆိုင်သုံးစွဲရမည်။ လုပ်ငန်းတာဝန်များ ထမ်းရွက်ရာတွ
စီးပွားရေးပိုင်း အကျိုးပြုသော နေရာဌာနများ၌ ပြောင်းရွှေ့တာဝန်ထမ်းရွက်ရမည်။ ကိုယ်ပိုင်လုပ်ငန်း
များ အလုပ်အတွက် ကြီးမားသော မြတ်စွန်းမှုများ တွေ့ကြုံလာမည်။ အခြေအနေအရပ်ရပ်အတွက်
မိမိကံဇာတာ မြင့်မားတိုးတက်သောဘက်တွင် ရပ်တည်နေပြီး ကြီးပွားမှုအမျိုးမျိုး ရယူဖန်တီးနိုင်မည်
လုပ်ငန်းရှင်များ လုပ်ငန်းပိုင်း ထူးခြားသောအခွင့်အရေးပေါ်ပေါက်လာမည်။ ပညာသင်ကြားသူမျ
ထူးချွန်ထက်မြက် ကံကောင်းမှုများ ရယူခွင့်ရှိမည်။ အိမ်ထောင်ရှင်များ အိမ်ထောင်ဖက်အ
အလျှော့ပေး အနစ်နာခံရမည်။ ချစ်သူများ အချစ်အတွက် ကံကောင်းမှုများ ဖန်တီးတည်ဆောက်နိုင်မည်

---

## AQUARIUS



**ကုမ်လဂ်**

စိတ်ပင်ပန်း၊ လူပင်ပန်းမှုများ ယှဉ်တွဲနေသည့် ကာလဖြစ်သည်။ ...လုပ်လုပ် နှောင့်နှေးကြန့်
မှုများ တွေ့ကြုံလာနိုင်သည်။ အကောင်းဆုံး အနေအထားများအတွက် အချိန်ကာလတစ်ခု စော
ဆိုင်းပြီးမှ အကျိုးရှိ အောင်မြင်မည်။ ကြားဝင် ဆက်သွယ်ဆောင်ရွက်မှုများ မထင်မှတ်ပဲ ထူးထူးခြား
အကျိုးရှိသွားတတ်သည်။ မိသားစုအတွင်း ငွေကြေးကံ ကောင်းမွန်သော်လည်း ငွေကြေးဆုံး
နစ်နာမှုများ ပေါ်ပေါက်တွေ့ကြုံမည်။ မိမိလုပ်ငန်းကိစ္စများအတွက် စကားအတိုက်အခံပြောဆိုရတ
ပြီး ...သားစုနှင့် လုပ်ငန်းကိစ္စများအတွက် သဘောထားကွဲလွဲမည်။ ခရီးဝေးသွားလာမှုများ ကြ
အတိုက်အခံကိစ္စများ ပေါ်ပေါက်လာနိုင်သည်။ ရွှေရတနာများနှင့် ပတ်သက်၍ ငွေကြေးအကျိုးရှိ
ကာလဖြစ်ပြီး လုပ်ငန်းရှင်များ အလုပ်အတွက် ကြန့်ကြာမှုများအား စိတ်ရှည်ရန် လိုအပ်သ
ပညာသင်ကြားသူများ လုံ့လပြင်းထန်စွာ စိုက်ထုတ်ကြိုးပမ်းပြီး မိမိလိုအင်ဆန္ဒ ပြည့်ဝမ
အိမ်ထောင်ရှင်များ မိသားစု ပဋိပက္ခပြဿနာ ရင်ဆိုင်ရမည်။ ချစ်သူများ ဆုံးနိုင်ခွင့် နည်းပါးချိန်ဖြစ်သ

---

## PISCES



**မိန်လဂ်**

မရည်ရွယ်ထားသော ပြဿနာများ ဘစ်နှုပြီးတစ်ခု မိမိထံသို့ ရောက်ရှိလာတတ်သည်။ မိမိထ
ရွက်သော ရာထူးတာဝန်များအတွက် ပြဿနာအနှောင့်အယှက် ပေါ်ပေါက်တတ်သည်။လူမှု
ပြဿနာများအတွက် ဦးနှောက်စားနေရမည်။ ကျန်းမာရေးအညံ့ကြုံတတ်ပြီး အပူ-အဖျားနှင့် မျ
ရောဂါများ သတိပြုပါ။ မိမိဆောင်ရွက်သော အကြောင်းကိစ္စများ၌ အောင်မြင်လုနီးမှ ပြန်လ
ပျက်စီးသွားတတ်သည်။ လုပ်ငန်းပိုင်း လုံ့လစိုက်ထုတ်မှု အားကောင်းသည့်အတွက် ငွေကြေ
ကောင်းမည့်အခွင့်အရေးများ ကြုံလာမည်။ မထင်မှတ်ဘဲ ထီပေါက်သကဲ့သို့ ငွေကြေးအများအ
ရရှိတတ်သည်။ လုပ်ငန်းတွင် ကုမ္ပဏီပိုင်းဆိုင်ရာ အဖွဲ့အစည်းများကို အကြောင်းပြု၍ အနှောင့်အယ
ကြုံမည်။ လုပ်ငန်းရှင်များ၊ လုပ်ငန်းတွင် အတိုက်အခံများကြောင့် အမှုပြဿနာများ ပေါ်ပေါက်နိုင်သ
ပညာသင်ကြားသူများ ပညာရေးကိစ္စများအတွက် ငွေကုန်ကြေးကျ များပြားနေမည်။ အိမ်ထောင်ရှ
ပြင်းထန်သော အိမ်ထောင်ရေးတိုက်ပွဲများ ဆင်နွှဲရင်ဆိုင်ရမည်။ ချစ်သူများ ရန်ဖြစ်လိုက် ပြန်ချစ်လိုက်
ဖြင့် မတည်ငြိမ်သော ကာလဖြစ်သည်။




www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄၊ နိုဝင်ဘာလ၊ မွန်းတည့်နက္ခတ်ဝင်ထွက်ချိန်များ

ကမ္ဘာကြီးပေါ်၌ လက် (၁၂)လက်ဖြင့် လူတန်းစား (၁၂)ပိုင်းခွဲခြားပြီး မိမိတို့မွေးဖွားချိန် အကောင်းဆုံးမွန်းတည့်အရ အလင်းအား ထွန်းတောက်သော နက္ခတ် (၁၂)လုံးဖြင့် မိမိတို့၏ အရေးကြီးကိစ္စများ စီရင်ဆောင်ရွက်လျှင် ထူးခြားစွာ အကျိုးဖြစ်လာလိမ့်မည်ဟု အကြွင်းမဲ့ ယုံကြည်ချက်ကြောင့် နက္ခတ်သိပ္ပံအဖွဲ့မှ လက်တွေ့ သုတေသနပြုလုပ်ပြီး အကျိုးရှိရှိ အသုံးပြုနိုင်ရန် ရည်ရွယ်၍ ဖော်ပြအပ်ပါသည်။ နေ့သိဒ္ဓိနက္ခတ်တစ်လုံးတည်းအား လူသားအားလုံးမှ အသုံးပြု ဆောင်ရွက်နေခြင်းသည် အခြားသော နက္ခတ်များကို လျစ်လျူရှုထားသည်နှင့် တူနေပါသည်။ အဘိဇိနက္ခတ်အပါအဝင် နက္ခတ်အသီးသီးတို့သည် ကောင်းကျိုးများ ဖန်တီးပေးနိုင်ပြီး မိမိတို့မွေးဖွားချိန်အတိအကျဖြင့် စစ်ဆေးတွက်ချက်ပါက လူအသီးသီးအတွက် နက္ခတ် (၂၈)လုံးအား တန်ဖိုးရှိရှိ အသုံးချနိုင်ပါလိမ့်မည်။ ယခုဖော်ပြချက်တွင် မွေးဖွားချိန် နှစ်နာရီကို လက်တစ်လက်အဖြစ် သတ်မှတ်၍ လက် (၁၂)လက်အတွက် နက္ခတ် (၁၂)လုံးဖြင့် တွက်ကိန်းဆင်ထားပါသည်။ နက္ခတ် (၁၂)လုံးသည် လက်တစ်ခုချင်းအလိုက် စွမ်းအားအမြင့်မားဆုံး မွန်းတည့်နက္ခတ်များသာဖြစ်ပြီး သိပ္ပံနည်းကျ **(Modern Astrology)** နက္ခတ်ပညာရပ်စနစ်တွင် ဖော်ပြထားသော နက္ခတ္တသိပ္ပံပညာရှင်များ၏ စံနှုန်းပြုထားသည့် အလင်းအားကို စံပြုထားပါသည်။ နက္ခတ်တစ်လုံးပိုင်ဆိုင်မှုကို ၁၃ ဒီဂရီ ၂၀မိနစ် သတ်မှတ်ထားသော်လည်း ခြွင်းချက်အနေဖြင့် အဆိုပါ နက္ခတ်၏ ရှေ့နောက် ၄ ဒီဂရီအတွင်း ကျရောက်မည့်အချိန်များကို မွန်းတည့်နက္ခတ်၏ ဝင်ချိန်၊ ထွက်ချိန်များအဖြစ် သတ်မှတ်ထားပါသည်။




မိမိတို့မွေးဖွားချိန်လက် အလွယ်တကူရှာဖွေနိုင်ရန်အတွက် လက်ရှာဖွေနည်း ယေားအား ထည့်သွင်းဖော်ပြပေးထားပြီး လအလိုက်အလိုက် မြန်မာ နေထွက်ချိန်များအပေါ် မူတည်၍ နှစ်နာရီလျှင် လက်တစ်လက်နှုန်းဖြင့် လက် (၁၂)လက်အတွက် အလွယ်တကူ ကောက်ယူနိုင်ပါသည်။ ဥပမာ - ဧပြီ ၁၃ မှ မေ ၁၃ အတွင်း နံနက် (၅:၄၅) မှ (၇:၄၅) နာရီအတွင်း မွေးဖွားသူတစ်ဦးသည် မိဿလက်ပိုင်ရှင်ဖြစ်ပြီး ယင်းနေ့နံနက် (၉:၄၅) မှ (၁၁:၄၅) နာရီအတွင်း မွေးဖွားပါက မေထုန်လက်ပိုင်ရှင်ဖြစ်သွားပါလိမ့်မည်။ လက်သတ်မှတ်ရာတွင် ၁၂ရာသီစက်ဝန်းအတွင်း မိဿမှ မိန်အထိ အစဉ်အတိုင်း သတ်မှတ်ထားပါသည်။

မိမိတို့၏ မွေးဖွားချိန်လက်များအား လက်ကောက်ယူမှု ဇယားတွင် ဦးစွာရှာဖွေ၍ မွန်းတည့် နက္ခတ်တို့၏ နေ့စဉ်မွန်းတည့်မတ်ချိန်များတွင် လောကီ၊ လောကုတ္တရာအရေးကိစ္စများ ကြံစည်ဆောင်ရွက် လုပ်ကိုင်ခြင်းဖြင့် အကျိုးထူးများ ရရှိလာပါလိမ့်မည်။ လစဉ် မွန်းတည့်နက္ခတ်များအပေါ် စန်း(တနင်္လာ) ဖြတ်သန်းသည့်နေ့များအား မျဉ်းသားပေးထားပြီး အဆိုပါ နေ့ရက်တို့သည် လတစ်လအတွင်း အနည်းဆုံး တစ်ရက်မှ အများဆုံး နှစ်ရက်ထိ ကြုံတွေ့နိုင်ပါသည်။ လက်အသီးသီးအတွက် မွန်းတည့်နက္ခတ်များ မွန်းတည့်ချိန်နှင့် စန်း(တနင်္လာ) မွန်းတည့်ချိန်များ ထပ်တူဖြစ်သည့်ရက်များသည် တစ်လအတွက် အကောင်းဆုံး နေ့ရက်အချိန်အခါများဖြစ်ကြသည်။ အဆိုပါ နေ့ရက်အချိန်အခါများ၌ ထီကံစမ်းခြင်း၊ ထပ်ငန်းသစ်များ ဖွင့်ခြင်း၊ အရေးကြီးကိစ္စ စီမံဆောင်ရွက်ခြင်း၊ အိမ်ခြံမြေယာဉ်ကား ဝယ်ယူရန် စာချုပ်များ ချုပ်ဆိုခြင်းတို့အား ဉာဏ်ရှိသလို အကျိုးရှိရှိ အသုံးပြုနိုင်ပါသည်။

ဦးဇေယျာကို (B.Sc)(B.S.A)
နက္ခတ်သိပ္ပံ



www.burmeseclassic.com

www.burmeseclassic.com

| ဧပြီ၁၃ရက်မှ မေ၁၃ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅း၄၅မှ ၇း၄၅ | မိဿ |
| ၇း၄၅မှ ၉း၄၅ | ပြိဿ |
| ၉း၄၅မှ ၁၁း၄၅ | မေထုန် |
| ၁၁း၄၅မှ ၁၃း၄၅ | ကရကကဋ် |
| ၁၃း၄၅မှ ၁၅း၄၅ | သိဟ် |
| ၁၅း၄၅မှ ၁၇း၄၅ | ကန် |
| ၁၇း၄၅မှ ၁၉း၄၅ | တူ |
| ၁၉း၄၅မှ ၂၁း၄၅ | ဗြိစ္ဆာ |
| ၂၁း၄၅မှ ၂၃း၄၅ | ဓနု |
| ၂၃း၄၅မှ ၁း၄၅ | မကာရ |
| ၁း၄၅မှ ၃း၄၅ | ကုမ် |
| ၃း၄၅မှ ၅း၄၅ | မိန် |

| မေ၁၄ရက်မှဇွန်၁၄ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅း၂၅မှ ၇း၂၅ | ပြိဿ |
| ၇း၂၅မှ ၉း၂၅ | မေထုန် |
| ၉း၂၅မှ ၁၁း၂၅ | ကရကဋ် |
| ၁၁း၂၅မှ ၁၃း၂၅ | သိဟ် |
| ၁၃း၂၅မှ ၁၅း၂၅ | ကန် |
| ၁၅း၂၅မှ ၁၇း၂၅ | တူ |
| ၁၇း၂၅မှ ၁၉း၂၅ | ဗြိစ္ဆာ |
| ၁၉း၂၅မှ ၂၁း၂၅ | ဓနု |
| ၂၁း၂၅မှ ၂၃း၂၅ | မကာရ |
| ၂၃း၂၅မှ ၁း၂၅ | ကုမ် |
| ၁း၂၅မှ ၃း၂၅ | မိန် |
| ၃း၂၅မှ ၅း၂၅ | မိဿ |

| ဇွန်၁၅ရက်မှဇူလိုင်၁၅ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅း၂၀မှ ၇း၂၀ | မေထုန် |
| ၇း၂၀မှ ၉း၂၀ | ကရကဋ် |
| ၉း၂၀မှ ၁၁း၂၀ | သိဟ် |
| ၁၁း၂၀မှ ၁၃း၂၀ | ကန် |
| ၁၃း၂၀မှ ၁၅း၂၀ | တူ |
| ၁၅း၂၀မှ ၁၇း၂၀ | ဗြိစ္ဆာ |
| ၁၇း၂၀မှ ၁၉း၂၀ | ဓနု |
| ၁၉း၂၀မှ ၂၁း၂၀ | မကာရ |
| ၂၁း၂၀မှ ၂၃း၂၀ | ကုမ် |
| ၂၃း၂၀မှ ၁း၂၀ | မိန် |
| ၁း၂၀မှ ၃း၂၀ | မိဿ |
| ၃း၂၀မှ ၅း၂၀ | ပြိဿ |

| ဇူလိုင်၁၆ရက်မှဩဂုတ်၁၆ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅း၃၀မှ ၇း၃၀ | ကရကဋ် |
| ၇း၃၀မှ ၉း၃၀ | သိဟ် |
| ၉း၃၀မှ ၁၁း၃၀ | ကန် |
| ၁၁း၃၀မှ ၁၃း၃၀ | တူ |
| ၁၃း၃၀မှ ၁၅း၃၀ | ဗြိစ္ဆာ |
| ၁၅း၃၀မှ ၁၇း၃၀ | ဓနု |
| ၁၇း၃၀မှ ၁၉း၃၀ | မကာရ |
| ၁၉း၃၀မှ ၂၁း၃၀ | ကုမ် |
| ၂၁း၃၀မှ ၂၃း၃၀ | မိန် |
| ၂၃း၃၀မှ ၁း၃၀ | မိဿ |
| ၁း၃၀မှ ၃း၃၀ | ပြိဿ |
| ၃း၃၀မှ ၅း၃၀ | မေထုန် |

| ဩဂုတ်၁၇ရက်မှစက်၁၆ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅း၄၀မှ ၇း၄၀ | သိဟ် |
| ၇း၄၀မှ ၉း၄၀ | ကန် |
| ၉း၄၀မှ ၁၁း၄၀ | တူ |
| ၁၁း၄၀မှ ၁၃း၄၀ | ဗြိစ္ဆာ |
| ၁၃း၄၀မှ ၁၅း၄၀ | ဓနု |
| ၁၅း၄၀မှ ၁၇း၄၀ | မကာရ |
| ၁၇း၄၀မှ ၁၉း၄၀ | ကုမ် |
| ၁၉း၄၀မှ ၂၁း၄၀ | မိန် |
| ၂၁း၄၀မှ ၂၃း၄၀ | မိဿ |
| ၂၃း၄၀မှ ၁း၄၀ | ပြိဿ |
| ၁း၄၀မှ ၃း၄၀ | မေထုန် |
| ၃း၄၀မှ ၅း၄၀ | ကရကဋ် |

| စက်၁၇ရက်မှအောက်၁၆ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅း၅၀မှ ၇း၅၀ | ကန် |
| ၇း၅၀မှ ၉း၅၀ | တူ |
| ၉း၅၀မှ ၁၁း၅၀ | ဗြိစ္ဆာ |
| ၁၁း၅၀မှ ၁၃း၅၀ | ဓနု |
| ၁၃း၅၀မှ ၁၅း၅၀ | မကာရ |
| ၁၅း၅၀မှ ၁၇း၅၀ | ကုမ် |
| ၁၇း၅၀မှ ၁၉း၅၀ | မိန် |
| ၁၉း၅၀မှ ၂၁း၅၀ | မိဿ |
| ၂၁း၅၀မှ ၂၃း၅၀ | ပြိဿ |
| ၂၃း၅၀မှ ၁း၅၀ | မေထုန် |
| ၁း၅၀မှ ၃း၅၀ | ကရကဋ် |
| ၃း၅၀မှ ၅း၅၀ | သိဟ် |

| အောက်၁၇မှနို၁၅အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅း၅၅မှ ၇း၅၅ | တူ |
| ၇း၅၅မှ ၉း၅၅ | ဗြိစ္ဆာ |
| ၉း၅၅မှ ၁၁း၅၅ | ဓနု |
| ၁၁း၅၅မှ ၁၃း၅၅ | မကာရ |
| ၁၃း၅၅မှ ၁၅း၅၅ | ကုမ် |
| ၁၅း၅၅မှ ၁၇း၅၅ | မိန် |
| ၁၇း၅၅မှ ၁၉း၅၅ | မိဿ |
| ၁၉း၅၅မှ ၂၁း၅၅ | ပြိဿ |
| ၂၁း၅၅မှ ၂၃း၅၅ | မေထုန် |
| ၂၃း၅၅မှ ၁း၅၅ | ကရကဋ် |
| ၁း၅၅မှ ၃း၅၅ | သိဟ် |
| ၃း၅၅မှ ၅း၅၅ | ကန် |

| နို၁၆ရက်မှဒီ၁၅ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၆း၁၀မှ ၈း၁၀ | ဗြိစ္ဆာ |
| ၈း၁၀မှ ၁၀း၁၀ | ဓနု |
| ၁၀း၁၀မှ ၁၂း၁၀ | မကာရ |
| ၁၂း၁၀မှ ၁၄း၁၀ | ကုမ် |
| ၁၄း၁၀မှ ၁၆း၁၀ | မိန် |
| ၁၆း၁၀မှ ၁၈း၁၀ | မိဿ |
| ၁၈း၁၀မှ ၂၀း၁၀ | ပြိဿ |
| ၂၀း၁၀မှ ၂၂း၁၀ | မေထုန် |
| ၂၂း၁၀မှ ၂၄း၁၀ | ကရကဋ် |
| ၂၄း၁၀မှ ၂း၁၀ | သိဟ် |
| ၂း၁၀မှ ၄း၁၀ | ကန် |
| ၄း၁၀မှ ၆း၁၀ | တူ |

| ဒီ၁၆မှဇန်၁၃အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၆း၃၀မှ ၈း၃၀ | ဓနု |
| ၈း၃၀မှ ၁၀း၃ | မကာရ |
| ၁၀း၃၀မှ ၁၂း၃၀ | ကုမ် |
| ၁၂း၃၀မှ ၁၄း၃၀ | မိန် |
| ၁၄း၃၀မှ ၁၆း၃၀ | မိဿ |
| ၁၆း၃၀မှ ၁၈း၃၀ | ပြိဿ |
| ၁၈း၃၀မှ ၂၀း၃၀ | မေထုန် |
| ၂၀း၃၀မှ ၂၂း၃၀ | ကရကဋ် |
| ၂၂း၃၀မှ ၂၄း၃၀ | သိဟ် |
| ၂၄း၃၀မှ ၂း၃၀ | ကန် |
| ၂း၃၀မှ ၄း၃၀ | တူ |
| ၄း၃၀မှ ၆း၃၀ | ဗြိစ္ဆာ |

| ဇန်၁၄ရက်မှ ဖေ၁၂ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၆း၄၀မှ ၈း၄၀ | မကာရ |
| ၈း၄၀မှ ၁၀း၄၀ | ကုမ် |
| ၁၀း၄၀မှ ၁၂း၄၀ | မိန် |
| ၁၂း၄၀မှ ၁၄း၄၀ | မိဿ |
| ၁၄း၄၀မှ ၁၆း၄၀ | ပြိဿ |
| ၁၆း၄၀မှ ၁၈း၄၀ | မေထုန် |
| ၁၈း၄၀မှ ၂၀း၄၀ | ကရကဋ် |
| ၂၀း၄၀မှ ၂၂း၄၀ | သိဟ် |
| ၂၂း၄၀မှ ၂၄း၄၀ | ကန် |
| ၂၄း၄၀မှ ၂း၄၀ | တူ |
| ၂း၄၀မှ ၄း၄၀ | ဗြိစ္ဆာ |
| ၄း၄၀မှ ၆း၄၀ | ဓနု |

| ဖေ၁၃မှ မတ်၁၃ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၆း၃၀မှ ၈း၃၀ | ကုမ် |
| ၈း၃၀မှ ၁၀း၃၀ | မိန် |
| ၁၀း၃၀မှ ၁၂း၃၀ | မိဿ |
| ၁၂း၃၀မှ ၁၄း၃၀ | ပြိဿ |
| ၁၄း၃၀မှ ၁၆း၃၀ | မေထုန် |
| ၁၆း၃၀မှ ၁၈း၃၀ | ကရကဋ် |
| ၁၈း၃၀မှ ၂၀း၃၀ | သိဟ် |
| ၂၀း၃၀မှ ၂၂း၃၀ | ကန် |
| ၂၂း၃၀မှ ၂၄း၃၀ | တူ |
| ၂၄း၃၀မှ ၂း၃၀ | ဗြိစ္ဆာ |
| ၂း၃၀မှ ၄း၃၀ | ဓနု |
| ၄း၃၀မှ ၆း၃၀ | မကာရ |

| မတ်၁၄ရက်မှဧပြီ၁၂ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၆း၁၀မှ ၈း၁၀ | မိန် |
| ၈း၁၀မှ ၁၀း၁၀ | မိဿ |
| ၁၀း၁၀မှာ ၁၂း၀ | ပြိဿ |
| ၁၂း၁၀မှ ၁၄း၁၀ | မေထုန် |
| ၁၄း၁၀မှ ၁၆း၁၀ | ကရကဋ် |
| ၁၆း၁၀မှ၁၈း၁၀ | သိဟ် |
| ၁၈း၁၀မှ ၁၀း၁၀ | ကန် |
| ၂၀း၁၀မှ ၂၂း၁၀ | တူ |
| ၂၂း၁၀မှ ၂၄း၁၀ | ဗြိစ္ဆာ |
| ၂၄း၁၀မှ ၂း၁၀ | ဓနု |
| ၂း၁၀မှ ၄း၁၀ | မကာရ |
| ၄း၁၀မှ ၆း၁၀ | ကုမ် |



www.burmeseclassic.com

www.burmeseclassic.com

| | မိဿလက် | | ပြိဿလက် | | မေထုန်လက် | | ကရကဋ်လက် | | သိဟ်လက် | | ကန်လက် | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ရက် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် |
| ၁ | ၁၈ း ၂၂ | ၁၈ း ၅၄ | ၁၉ း ၅၉ | ၂၁ း ၂၉ | ၂၂ း ၂၁ | ၂၂ း ၅၀ | ၀၀ း ၁၃ | ၀၀ း ၄၅ | ၀၁ း ၀၀ | ၀၁ း ၃၄ | ၀၄ း ၄၈ | ၀၅ း ၂၂ |
| ၂ | ၁၈ း ၁၈ | ၁၈ း ၅၀ | ၁၉ း ၅၆ | ၂၁ း ၂၅ | ၂၂ း ၁၇ | ၂၂ း ၄၆ | ၀၀ း ၀၉ | ၀၀ း ၄၁ | ၀၀ း ၅၆ | ၀၁ း ၃၀ | ၀၄ း ၄၄ | ၀၅ း ၁၈ |
| ၃ | ၁၈ း ၁၄ | ၁၈ း ၄၆ | ၁၉ း ၅၂ | ၂၁ း ၂၁ | ၂၂ း ၁၃ | ၂၂ း ၄၂ | ၀၀ း ၀၅ | ၀၀ း ၃၇ | ၀၀ း ၅၂ | ၀၁ း ၂၆ | ၀၄ း ၄၀ | ၀၅ း ၁၄ |
| ၄ | ၁၈ း ၁၀ | ၁၈ း ၄၂ | ၁၉ း ၄၈ | ၂၁ း ၁၇ | ၂၂ း ၀၉ | ၂၂ း ၃၉ | ၂၃ း ၅၇ | ၀၀ း ၃၃ | ၀၀ း ၄၈ | ၀၁ း ၂၂ | ၀၄ း ၃၆ | ၀၅ း ၁၀ |
| ၅ | ၁၈ း ၀၆ | ၁၈ း ၃၈ | ၁၉ း ၄၄ | ၂၁ း ၁၃ | ၂၂ း ၀၅ | ၂၂ း ၃၅ | ၂၃ း ၅၃ | ၀၀ း ၂၉ | ၀၀ း ၄၅ | ၀၁ း ၁၈ | ၀၄ း ၃၂ | ၀၅ း ၀၆ |
| ၆ | ၁၈ း ၀၂ | ၁၈ း ၃၄ | ၁၉ း ၄၀ | ၂၁ း ၁၀ | ၂၂ း ၀၀ | ၂၂ း ၃၀ | ၂၃ း ၄၉ | ၀၀ း ၂၅ | ၀၀ း ၄၀ | ၀၁ း ၁၄ | ၀၄ း ၂၉ | ၀၅ း ၀၂ |
| ၇ | ၁၇ း ၅၈ | ၁၈ း ၃၀ | ၁၉ း ၃၆ | ၂၁ း ၀၆ | ၂၁ း ၅၇ | ၂၂ း ၂၇ | ၂၃ း ၄၅ | ၀၀ း ၂၁ | ၀၀ း ၃၇ | ၀၁ း ၁၀ | ၀၄ း ၂၅ | ၀၄ း ၅၈ |
| ၈ | ၁၇ း ၅၄ | ၁၈ း ၂၆ | ၁၉ း ၃၂ | ၂၁ း ၀၂ | ၂၁ း ၅၃ | ၂၂ း ၂၃ | ၂၃ း ၄၁ | ၀၀ း ၁၇ | ၀၀ း ၃၃ | ၀၁ း ၀၆ | ၀၄ း ၂၁ | ၀၄ း ၅၄ |
| ၉ | ၁၇ း ၅၀ | ၁၈ း ၂၂ | ၁၉ း ၂၈ | ၁၉ း ၅၈ | ၂၁ း ၄၉ | ၂၂ း ၁၉ | ၂၃ း ၃၇ | ၀၀ း ၁၃ | ၀၀ း ၂၉ | ၀၁ း ၀၂ | ၀၄ း ၁၇ | ၀၄ း ၅၀ |
| ၁၀ | ၁၇ း ၄၇ | ၁၈ း ၁၈ | ၁၉ း ၂၄ | ၁၉ း ၅၄ | ၂၁ း ၄၅ | ၂၂ း ၁၅ | ၂၃ း ၃၃ | ၀၀ း ၀၉ | ၀၀ း ၂၅ | ၀၀ း ၅၈ | ၀၄ း ၁၃ | ၀၄ း ၄၇ |
| ၁၁ | ၁၇ း ၄၃ | ၁၈ း ၁၄ | ၁၉ း ၂၁ | ၁၉ း ၅၀ | ၂၁ း ၄၁ | ၂၂ း ၁၁ | ၂၃ း ၂၉ | ၀၀ း ၀၅ | ၀၀ း ၂၁ | ၀၀ း ၅၄ | ၀၄ း ၀၉ | ၀၄ း ၄၃ |
| ၁၂ | ၁၇ း ၃၉ | ၁၈ း ၁၀ | ၁၉ း ၁၆ | ၁၉ း ၄၆ | ၂၁ း ၃၇ | ၂၂ း ၀၇ | ၂၃ း ၂၅ | ၂၃ း ၅၈ | ၀၀ း ၁၇ | ၀၀ း ၅၀ | ၀၄ း ၀၅ | ၀၄ း ၃၉ |
| ၁၃ | ၁၇ း ၃၅ | ၁၈ း ၀၆ | ၁၉ း ၁၂ | ၁၉ း ၄၂ | ၂၁ း ၃၃ | ၂၂ း ၀၃ | ၂၃ း ၂၂ | ၂၃ း ၅၄ | ၀၀ း ၁၃ | ၀၀ း ၄၆ | ၀၄ း ၀၀ | ၀၄ း ၃၅ |
| ၁၄ | ၁၇ း ၃၀ | ၁၈ း ၀၃ | ၁၉ း ၀၈ | ၁၉ း ၃၈ | ၂၁ း ၂၉ | ၂၁ း ၅၉ | ၂၃ း ၁၈ | ၂၃ း ၅၀ | ၀၀ း ၀၉ | ၀၀ း ၄၂ | ၀၃ း ၅၇ | ၀၄ း ၃၀ |
| ၁၅ | ၁၇ း ၂၇ | ၁၇ း ၅၉ | ၁၉ း ၀၄ | ၁၉ း ၃၄ | ၂၁ း ၂၅ | ၂၁ း ၅၅ | ၂၃ း ၁၄ | ၂၃ း ၄၆ | ၀၀ း ၀၅ | ၀၀ း ၃၈ | ၀၃ း ၅၃ | ၀၄ း ၂၇ |
| ၁၆ | ၁၇ း ၂၃ | ၁၇ း ၅၅ | ၁၉ း ၀၀ | ၁၉ း ၃၀ | ၂၁ း ၂၂ | ၂၁ း ၅၁ | ၂၃ း ၁၀ | ၂၃ း ၄၂ | ၂၃ း ၅၇ | ၀၀ း ၃၅ | ၀၃ း ၄၉ | ၀၄ း ၂၃ |
| ၁၇ | ၁၇ း ၁၉ | ၁၇ း ၅၁ | ၁၈ း ၅၇ | ၁၉ း ၂၆ | ၂၁ း ၁၈ | ၂၁ း ၄၇ | ၂၃ း ၀၆ | ၂၃ း ၃၈ | ၂၃ း ၅၃ | ၀၀ း ၃၁ | ၀၃ း ၄၅ | ၀၄ း ၁၉ |
| ၁၈ | ၁၇ း ၁၅ | ၁၇ း ၄၇ | ၁၈ း ၅၃ | ၁၉ း ၂၂ | ၂၁ း ၁၄ | ၂၁ း ၄၄ | ၂၃ း ၀၂ | ၂၃ း [illegible] | ၂၃ း ၅၀ | ၀၀ း ၂၇ | ၀၃ း ၄၀ | ၀၄ း ၁၅ |
| ၁၉ | ၁၇ း ၁၁ | ၁၇ း ၄၃ | ၁၈ း ၄၉ | ၁၉ း ၁၈ | ၂၁ း ၁၀ | ၂၁ း ၄၀ | ၂၂ း ၅၈ | ၂၃ း ၃၀ | ၂၃ း ၄၆ | ၀၀ း ၂၃ | ၀၃ း ၃၇ | ၀၄ း ၁၁ |
| ၂၀ | ၁၇ း ၀၇ | ၁၇ း ၃၉ | ၁၈ း ၄၅ | ၁၉ း ၁၅ | ၂၁ း ၀၆ | ၂၁ း ၃၆ | ၂၂ း ၅၄ | ၂၃ း ၂၆ | ၂၃ း ၄၂ | ၀၀ း ၁၉ | ၀၃ း ၃၃ | ၀၄ း ၀၇ |
| ၂၁ | ၁၇ း ၀၃ | ၁၇ း ၃၅ | ၁၈ း ၄၁ | ၁၉ း ၁၁ | ၂၁ း ၀၂ | ၂၁ း ၃၂ | ၂၂ း ၅၀ | ၂၃ း ၂၂ | ၂၃ း ၃၈ | ၀၀ း ၁၅ | ၀၃ း ၃၀ | ၀၄ း ၀၃ |
| ၂၂ | ၁၆ း ၅၉ | ၁၇ း ၃၁ | ၁၈ း ၃၇ | ၁၉ း ၀၇ | ၂၀ း ၅၈ | ၂၁ း ၂၈ | ၂၂ း ၄၆ | ၂၃ း ၁၈ | ၂၃ း ၃၄ | ၀၀ း ၁၁ | ၀၃ း ၂၆ | ၀၃ း ၅၉ |
| ၂၃ | ၁၆ း ၅၅ | ၁၇ း ၂၇ | ၁၈ း ၃၃ | ၁၉ း ၀၃ | ၂၀ း ၅၄ | ၂၁ း ၂၄ | ၂၂ း ၄၂ | ၂၃ း ၁၄ | ၂၃ း ၃၀ | ၀၀ း ၀၇ | ၀၃ း ၂၂ | ၀၃ း ၅၅ |
| ၂၄ | ၁၆ း ၅၂ | ၁၇ း ၂၃ | ၁၈ း ၂၉ | ၁၈ း ၅၉ | ၂၀ း ၅၀ | ၂၁ း ၂၀ | ၂၂ း ၃၈ | ၂၃ း ၁၀ | ၂၃ း ၂၆ | ၂၃ း ၅၉ | ၀၃ း ၁၈ | ၀၃ း ၅၂ |
| ၂၅ | ၁၆ း ၄၈ | ၁၇ း ၁၉ | ၁၈ း ၂၅ | ၁၈ း ၅၅ | ၂၀ း ၄၆ | ၂၁ း ၁၆ | ၂၂ း ၃၄ | ၂၃ း ၀၆ | ၂၃ း ၂၂ | ၂၃ း ၅၅ | ၀၃ း ၁၄ | ၀၃ း ၄၈ |
| ၂၆ | ၁၆ း ၄၄ | ၁၇ း ၁၅ | ၁၈ း ၂၁ | ၁၈ း ၅၁ | ၂၀ း ၄၂ | ၂၁ း ၁၂ | ၂၂ း ၃၀ | ၂၃ း ၀၂ | ၂၃ း ၁၈ | ၂၃ း ၅၁ | ၀၃ း ၁၀ | ၀၃ း ၄၄ |
| ၂၇ | ၁၆ း ၄၀ | ၁၇ း ၁၁ | ၁၈ း ၁၇ | ၁၈ း ၄၇ | ၂၀ း ၃၈ | ၂၁ း ၀၈ | ၂၂ း ၂၆ | ၂၂ း ၅၈ | ၂၃ း ၁၄ | ၂၃ း ၄၇ | ၀၃ း ၀၆ | ၀၃ း ၄၀ |
| ၂၈ | ၁၆ း ၃၆ | ၁၇ း ၀၇ | ၁၈ း ၁၃ | ၁၈ း ၄၃ | ၂၀ း ၃၄ | ၂၁ း ၀၄ | ၂၂ း ၂၃ | ၂၂ း ၅၅ | ၂၃ း ၁၀ | ၂၃ း ၄၃ | ၀၃ း ၀၂ | [illegible] |
| ၂၉ | ၁၆ း ၃၂ | ၁၇ း ၀၄ | ၁၈ း ၀၉ | ၁၈ း ၃၉ | ၂၀ း ၃၀ | ၂၁ း ၀၀ | ၂၂ း ၁၉ | ၂၂ း ၅၀ | ၂၃ း ၀၆ | ၂၃ း ၃၉ | ၀၂ း ၅၈ | [illegible] |
| ၃၀ | ၁၆ း ၂၈ | ၁၇ း ၀၀ | ၁၈ း ၀၅ | ၁၈ း ၃၅ | ၂၀ း ၂၆ | ၂၀ း ၅၆ | ၂၂ း ၁၅ | ၂၂ း ၄၇ | ၂၃ း ၀၂ | ၂၃ း ၃၆ | [illegible] | [illegible] |

www.burmeseclassic.com

| | တူလဂ် | | ပြိဿာလဂ် | | ဓနုလဂ် | | မကာရလဂ် | | ကုမ်လဂ် | | မိန်လဂ် | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ရက် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် |
| ၁ | ၀၆ း ၀၈ | ၀၆ း ၄၀ | ၀၇ း ၁၇ | ၀၇ း ၄၇ | ၁၀ း ၃၇ | ၁၁ း ၀၇ | ၁၀ း ၃၉ | ၁၁ း ၀၉ | ၁၃ း ၀၉ | ၁၃ း ၄၂ | ၁၆ း ၁၂ | ၁၆ း ၄၇ |
| ၂ | ၀၆ း ၀၄ | ၀၆ း ၃၆ | ၀၇ း ၁၃ | ၀၇ း ၄၃ | ၁၀ း ၃၃ | ၁၁ း ၀၃ | ၁၀ း ၃၅ | ၁၁ း ၀၅ | ၁၃ း ၀၅ | ၁၃ း ၃၈ | ၁၆ း ၀၈ | ၁၆ း ၄၃ |
| ၃ | ၀၆ း ၀၀ | ၀၆ း ၃၂ | ၀၇ း ၀၉ | ၀၇ း ၃၉ | ၁၀ း ၂၉ | ၁၀ း ၅၉ | ၁၀ း ၃၀ | ၁၁ း ၀၀ | ၁၃ း ၀၁ | ၁၃ း ၃၄ | ၁၆ း ၀၄ | ၁၆ း ၃၉ |
| ၄ | ၀၅ း ၅၆ | ၀၆ း ၂၈ | ၀၇ း ၀၅ | ၀၇ း ၃၆ | ၁၀ း ၂၅ | ၁၀ း ၅၆ | ၁၀ း ၂၇ | ၁၀ း ၅၇ | ၁၂ း ၅၇ | ၁၃ း ၃၀ | ၁၆ း ၀၀ | ၁၆ း ၃၅ |
| ၅ | ၀၅ း ၅၂ | ၀၆ း ၂၄ | ၀၇ း ၀၁ | ၀၇ း ၃၂ | ၁၀ း ၂၀ | ၁၀ း ၅၂ | ၁၀ း ၂၃ | ၁၀ း ၅၃ | ၁၂ း ၅၃ | ၁၃ း ၂၇ | ၁၅ း ၅၇ | ၁၆ း ၃၀ |
| ၆ | ၀၅ း ၄၈ | ၀၆ း ၂၀ | ၀၆ း ၅၇ | ၀၇ း ၂၈ | ၁၀ း ၁၈ | ၁၀ း ၄၈ | ၁၀ း ၁၉ | ၁၀ း ၄၉ | ၁၂ း ၄၉ | ၁၃ း ၂၃ | ၁၅ း ၅၃ | ၁၆ း ၂၇ |
| ၇ | ၀၅ း ၄၄ | ၀၆ း ၁၆ | ၀၆ း ၅၃ | ၀၇ း ၂၄ | ၁၀ း ၁၄ | ၁၀ း ၄၄ | ၁၀ း ၁၅ | ၁၀ း ၄၅ | ၁၂ း ၄၅ | ၁၃ း ၁၉ | ၁၅ း ၄၉ | ၁၆ း ၂၃ |
| ၈ | ၀၅ း ၄၀ | ၀၆ း ၁၂ | ၀၆ း ၄၉ | ၀၇ း ၂၀ | ၁၀ း ၁၀ | ၁၀ း ၄၀ | ၁၀ း ၁၁ | ၁၀ း ၄၀ | ၁၂ း ၄၀ | ၁၃ း ၁၅ | ၁၅ း ၄၅ | ၁၆ း ၁၉ |
| ၉ | ၀၅ း ၃၆ | ၀၆ း ၀၈ | ၀၆ း ၄၅ | ၀၇ း ၁၆ | ၁၀ း ၀၆ | ၁၀ း ၃၆ | ၁၀ း ၀၇ | ၁၀ း ၃၇ | ၁၂ း ၃၇ | ၁၃ း ၁၁ | ၁၅ း ၄၀ | ၁၆ း ၁၅ |
| ၁၀ | ၀၅ း ၃၂ | ၀၆ း ၀၄ | ၀၆ း ၄၀ | ၀၇ း ၁၂ | ၁၀ း ၀၂ | ၁၀ း ၃၂ | ၁၀ း ၀၃ | ၁၀ း ၃၃ | ၁၂ း ၃၄ | ၁၃ း ၀၇ | ၁၅ း ၃၇ | ၁၆ း ၁၁ |
| ၁၁ | ၀၅ း ၂၈ | ၀၆ း ၀၀ | ၀၆ း ၃၈ | ၀၇ း ၀၈ | ၀၉ း ၅၈ | ၁၀ း ၂၈ | ၀၉ း ၅၉ | ၁၀ း ၂၉ | ၁၂ း ၃၀ | ၁၃ း ၀၃ | ၁၅ း ၃၃ | ၁၆ း ၀၇ |
| ၁၂ | ၀၅ း ၂၅ | ၀၅ း [illegible] | ၀၆ း ၃၄ | ၀၇ း ၀၄ | ၀၉ း ၅၄ | ၁၀ း ၂၄ | ၀၉ း ၅၅ | ၁၀ း ၂၆ | ၁၂ း ၂၆ | ၁၂ း ၅၉ | ၁၅ း ၂၉ | ၁၆ း ၀၄ |
| ၁၃ | ၀၅ း ၂၀ | ၀၅ း ၅၃ | ၀၆ း ၃၀ | ၀၇ း ၀၀ | ၀၉ း ၅၀ | ၁၀ း ၂၀ | ၀၉ း ၅၀ | ၁၀ း ၂၂ | ၁၂ း ၂၂ | ၁၂ း ၅၅ | ၁၅ း ၂၅ | ၁၅ း ၅၉ |
| ၁၄ | ၀၅ း ၁၇ | ၀၅ း ၄၉ | ၀၆ း ၂၆ | ၀၆ း ၅၆ | ၀၉ း ၄၆ | ၁၀ း ၁၆ | ၀၉ း ၄၈ | ၁၀ း ၁၈ | ၁၂ း ၁၈ | ၁၂ း ၅၀ | ၁၅ း ၂၀ | ၁၅ း ၅၆ |
| ၁၅ | ၀၅ း ၁၃ | ၀၅ း ၄၅ | ၀၆ း ၂၂ | ၀၆ း ၅၂ | ၀၉ း ၄၂ | ၁၀ း ၁၂ | ၀၉ း ၄၄ | ၁၀ း ၁၄ | ၁၂ း ၁၄ | ၁၂ း ၄၇ | ၁၅ း ၁၇ | ၁၅ း ၅၂ |
| ၁၆ | ၀၅ း ၀၉ | ၀၅ း ၄၁ | ၀၆ း ၁၈ | ၀၆ း ၄၈ | ၀၉ း ၃၈ | ၁၀ း ၀၈ | ၀၉ း ၄၀ | ၁၀ း ၁၀ | ၁၂ း ၁၀ | ၁၂ း ၄၃ | ၁၅ း ၁၃ | ၁၅ း ၄၈ |
| ၁၇ | ၀၅ း ၀၅ | ၀၅ း ၃၇ | ၀၆ း ၁၄ | ၀၆ း ၄၄ | ၀၉ း ၃၄ | ၁၀ း ၀၄ | ၀၉ း ၃၆ | ၁၀ း ၀၆ | ၁၂ း ၀၆ | ၁၂ း ၃၉ | ၁၅ း ၀၉ | ၁၅ း ၄၄ |
| ၁၈ | ၀၅ း ၀၁ | ၀၅ း ၃၃ | ၀၆ း ၁၀ | ၀၆ း [illegible] | ၀၉ း ၃၀ | ၁၀ း ၀၀ | ၀၉ း ၃၂ | ၁၀ း ၀၂ | ၁၂ း ၀၂ | ၁၂ း ၃၆ | ၁၅ း ၀၆ | ၁၅ း ၄၀ |
| ၁၉ | ၀၄ း ၅၇ | ၀၅ း ၂၉ | ၀၆ း ၀၆ | ၀၆ း ၃၇ | ၀၉ း ၂၆ | ၀၉ း ၅၇ | ၀၉ း ၂၈ | ၀၉ း ၅၈ | ၁၁ း ၅၈ | ၁၂ း ၃၂ | ၁၅ း ၀၂ | ၁၅ း ၃၆ |
| ၂၀ | ၀၄ း ၅၃ | ၀၅ း ၂၅ | ၀၆ း ၀၂ | ၀၆ း ၃၃ | ၀၉ း ၂၃ | ၀၉ း ၅၃ | ၀၉ း ၂၄ | ၀၉ း ၅၄ | ၁၁ း ၅၄ | ၁၂ း ၂၈ | ၁၄ း ၅၈ | ၁၅ း ၃၂ |
| ၂၁ | ၀၄ း ၄၉ | ၀၅ း ၂၀ | ၀၅ း ၅၈ | ၀၆ း ၂၉ | ၀၉ း ၁၉ | ၀၉ း ၄၉ | ၀၉ း ၂၀ | ၀၉ း ၅၀ | ၁၁ း ၅၀ | ၁၂ း ၂၄ | ၁၄ း ၅၄ | ၁၅ း ၂၈ |
| ၂၂ | ၀၄ း ၄၅ | ၀၅ း ၁၇ | ၀၅ း ၅၄ | ၀၆ း ၂၅ | ၀၉ း ၁၅ | ၀၉ း ၄၅ | ၀၉ း ၁၆ | ၀၉ း ၄၆ | ၁၁ း ၄၆ | ၁၂ း ၂၀ | ၁၄ း ၅၀ | ၁၅ း ၂၄ |
| ၂၃ | ၀၄ း ၄၀ | ၀၅ း ၁၃ | ၀၅ း ၅၀ | ၀၆ း ၂၀ | ၀၉ း ၁၁ | ၀၉ း ၄၀ | ၀၉ း ၁၂ | ၀၉ း ၄၂ | ၁၁ း ၄၂ | ၁၂ း ၁၆ | ၁၄ း ၄၆ | ၁၅ း ၂၀ |
| ၂၄ | ၀၄ း ၃၇ | ၀၅ း ၀၉ | ၀၅ း ၄၆ | ၀၆ း ၁၇ | ၀၉ း ၀၇ | ၀၉ း ၃၇ | ၀၉ း ၀၈ | ၀၉ း ၃၈ | ၁၁ း ၃၈ | ၁၂ း ၁၂ | ၁၄ း ၄၂ | ၁၅ း ၁၆ |
| ၂၅ | ၀၄ း ၃၃ | ၀၅ း ၀၅ | ၀၅ း ၄၂ | ၀၆ း ၁၃ | ၀၉ း ၀၃ | ၀၉ း ၃၃ | ၀၉ း ၀၄ | ၀၉ း ၃၄ | ၁၁ း ၃၅ | ၁၂ း ၀၈ | ၁၄ း ၃၈ | ၁၅ း ၁၂ |
| ၂၆ | ၀၄ း ၃၀ | ၀၅ း ၀၂ | ၀၅ း ၃၉ | ၀၆ း ၁၀ | ၀၈ း ၅၉ | ၀၉ း ၂၉ | ၀၉ း ၀၀ | ၀၉ း ၃၀ | ၁၁ း ၃၀ | ၁၂ း ၀၄ | ၁၄ း ၃၄ | ၁၅ း ၀၈ |
| ၂၇ | ၀၄ း ၂၆ | ၀၄ း ၅၈ | ၀၅ း ၃၅ | ၀၆ း ၀၅ | ၀၈ း ၅၅ | ၀၉ း ၂၅ | ၀၈ း ၅၆ | ၀၉ း ၂၇ | ၁၁ း ၂၇ | ၁၂ း ၀၀ | ၁၄ း ၃၀ | ၁၅ း ၀၄ |
| ၂၈ | ၀၄ း ၂၂ | ၀၄ း ၅၄ | ၀၅ း ၃၀ | ၀၆ း ၀၁ | ၀၈ း ၅၁ | ၀၉ း ၂၀ | ၀၈ း ၅၃ | ၀၉ း ၂၃ | ၁၁ း ၂၃ | ၁၁ း ၅၆ | ၁၄ း ၂၆ | ၁၅ း ၀၀ |
| ၂၉ | ၀၄ း ၁၈ | ၀၄ း ၅၀ | ၀၅ း ၂၇ | ၀၅ း ၅၇ | ၀၈ း ၄၇ | ၀၉ း ၁၇ | ၀၈ း ၄၉ | ၀၉ း ၁၉ | ၁၁ း ၁၉ | ၁၁ း ၅၂ | ၁၄ း ၂၂ | ၁၄ း ၅၇ |
| ၃၀ | ၀၄ း ၁၄ | ၀၄ း ၄၆ | ၀၅ း ၂၃ | ၀၅ း ၅၃ | ၀၈ း ၄၃ | ၀၉ း ၁၃ | ၀၈ း ၄၅ | ၀၉ း ၁၅ | ၁၁ း ၁၅ | ၁၁ း ၄၈ | ၁၄ း ၁၈ | ၁၄ း ၅၃ |



www.burmeseclassic.com

www.burmeseclassic.com

# ဂျာနယ်ရှာခဝန်းကြယ် စာအုပ်စင်

သုတအုံ



## အရှင်ဉာဏဝရ (သာပေါင်း)

## ဥပမာလေးနဲ့ တရားနာမယ်

အရှင်ဉာဏဝရ (သာပေါင်း) ရေးသားသည့် ဥပမာလေးနဲ့ တရားနာမယ် ဓမ္မရသ စာအုပ် ထွက်ရှိလာသည်။ "အသိစွမ်းအား" စာပေက ဒုတိယအကြိမ် ဖြန့်ချိထားခြင်းဖြစ်သည်။

ဥပမာလေးများဖြင့် တရားနာသူ၊ ဖတ်သူ ရှင်းလင်း၍ ဝိပါဒကွဲပြားစေရန် ဆရာတော်က ကြိုးစားအားထုတ်မှု ပြုထား၏။ ထူးခြားသော ဥပမာပြလေးများကြောင့် ဖတ်မိ၊ နာမိသူများ အကျိုးများပေမည်။

"မိုးလေးမျိုး ဥပမာ၊ အိုးလေးမျိုးဥပမာ၊ သရက်သီးလေးမျိုး ဥပမာ၊ ရေပြင်ကျယ် ဥပမာ၊ ကလေးငယ်ဥပမာ၊ လမ်းပြသမားဥပမာ အစရှိသဖြင့် ဆင်ခြင်နှာကြား၊ တရားပီတိပွားများမှု ရစေမည့် ဓမ္မရသ စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

"အသိစွမ်းအား" စာပေ၊ လောကာ လက်ာရာကျောင်းတိုက်၊ ဗိုလ်အောင်ကျော်လမ်းမှ ဖြန့်ချိပြီး ရောင်းဈေးမှာ ၁၀၀၀ ကျပ်ဖြစ်သည်။

---



## ဘဒ္ဒန္တကောသလ္လ

## သမိုင်းနှင့် သမိုင်းကို ဖန်တီးသူများ

ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တကောသလ္လ ရေးသားပြုစုသည့် စာအုပ်ဖြစ်သည်။ သမိုင်းနှင့် သမိုင်းကို ဖန်တီးသူများဟု အမည်ရ၏။ သမိုင်းကို ဝါသနာပါ၍ လေ့လာလိုသူများအတွက် အဆင်ပြေ၏။ စာတမ်းပြုစုရန်အတွက် အချက်အလက်ရှာဖွေကြသူများအတွက် အကူညီရစေမည့် စာအုပ်ဖြစ်သည်။

ရှေးဟောင်းခေတ် အိန္ဒိယနိုင်ငံ၏ နိုင်ငံရေးနှင့် ဘာသာရေးအကြောင်း၊ ရှေးဟောင်းခေတ် သုဝဏ္ဏဘူမိတွင် ပါဝင်သော မလေးရှား၊ အင်ဒိုနီးရှားတို့ကို ချဉ်းကပ်လေ့လာခြင်းတို့အပြင်၊ မြန်မာနိုင်ငံသမိုင်းနှင့် သမိုင်းကို ဖန်တီးသူများ။ သမိုင်းစာမျက်နှာပေါ်က ...ာနိုင်ငံ၊ မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံတို့၏ ဆက်ဆံရေးသမိုင်း စသည်ဖြင့် အကြောင်းအရာစုံကို လေ့လာဖတ်ရှုရမည် ...သည်။

ဓမ္မရောင်ခြည် ဓမ္မဒါနလုပ်ငန်း သိမ်ကြီးဈေးမှ ဖြန့်ချိပြီး တန်ဖိုးမှာ ၉၀၀ ကျပ်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



## ဒေါက်တာ ဒဂုန်
## ဂင်္ဂါမြစ်ဝှမ်းတစ်လျှောက်မှ ဆာဓုးကြီးများ

ဆရာ ဒေါက်တာ ဒဂုန် စုစည်းရေးသားထားသည့် လက်ရာကောင်း စာအုပ်တစ်အုပ် ထွက်ရှိလာသည်။ ဂင်္ဂါမြစ်ဝှမ်းတစ်လျှောက်မှ စိတ်ဝင်စားဖွယ်ရာ ဆာဓုးကြီးများအကြောင်းကို ရေးသားထား၏။

ဆာဓုးနဲ့ ထူးဆန်းအံ့ဩစရာကောင်းတဲ့ ဖြစ်ရပ်တွေကို ရေးပြထားတာမျိုးမဟုတ်ဘူး။ ဆာဓုးတစ်ဦး မွေးဖွားကြီးပြင်းလာပုံ၊ ဆာဓုးနဲ့ ပတ်သက်တဲ့ သမိုင်းကြောင်းတွေနဲ့ အတူ လူတွေ သိချင်နေတဲ့ အကြောင်းတွေကို မကွယ်မဝှက်ဘဲ ပွင့်လင်းစွာ ရေးသားထားကြောင်း ဆရာ ဒဂုန်၏ မိတ်ဆက်စကားက ဆိုထား၏။

ဆာဓုးတို့ရဲ့ အစ၊ အတွင်းမီး၊ သီဝနတ်ဘုရား၊ ဗိဿနိုးနတ်ဘုရား၊ ဆာဓုးတို့ရဲ့ ရေချိုးတဲ့ ပွဲ၊ ကျင့်စဉ်၏ သားကောင်မျာ အစရှိသဖြင့် ခေါင်းစဉ်ခွဲများဖြင့် ပြည့်ပြည့်စုံစုံ ရေးသားတင်ပြထား၏။

ဆာဓုးများအကြောင်းကို စိတ်ဝင်စားသူများအနေဖြင့် အားရကျေနပ်စေမည့် စာအုပ် ကောင်းဖြစ်၏။

ဇောတိကစာပေမှ ဖြန့်ချိပြီး ရောင်းဈေးမှာ ၅၀၀၀ ကျပ်ဖြစ်သည်။

---




## ယောဂီ စောလွင်
## အငိုတိတ်ချင်ပြီလား

"ရွှေခြေရာစာစဉ်"မှ စီစဉ်ထုတ်ဝေလိုက်သော ယောဂီ စောလွင် ရေးသားသ ဗုဒ္ဓဓမ္မစာအုပ်ထွက်ရှိလာသည်။ စာအုပ်ခေါင်းစဉ်အား "အငိုတိတ်ချင်ပြီလား"ဟု အ ပေးထား၏။

တရားအကျင့်ဆိုင်ရာ ရှစ်ပါးမဂ္ဂင်နဲ့ ဆက်စပ် နီးကပ်သွားစေရန် စာရေးသ လုံ့လစိုက်ထုတ်ထား၏။ စာရေးသူ ပစ်မှတ်ထားသောအရွယ်မှာ တူ၊ တူမလေးများအရွ ဟု ဆိုသော်လည်း ဗုဒ္ဓဓမ္မနှင့် နီးကပ်နေသူ ကျား/မ အရွယ်မရွေး ဖတ်ရှုသင့်သော စာအုပ်တစ်အုပ်ဖြစ်သည်။

မဂ္ဂင်ရှစ်ပါး အကျင့်တရားများကို သူတကာ နားလည်လွယ်အောင် တစ်ခါဖတ်မိ ရုံဖြင့် ရင်ထဲစွဲငြိ မှတ်မိသွားစေ ဓမ္မရသအပြည့်ဖြင့် ပုံဖော်ရေးသားထားသည်ကို ဖတ်ရှုရသည်။

ဂန္ထိရဆန်းကြယ် ပရိယတ်ကြီးနှင့် မစိမ်းသော စာရေးသူ ယောဂီစောလွင်၏ "အငိုတိတ်ချင်ပြီလား"ကို အားပေးဖတ် ကြပါဟု တိုက်တွန်းလိုက်ပါသည်။


"ရွှေခြေရာစာစဉ်"မှ ထုတ်ဝေဖြန့်ချိပြီး ရောင်းဈေးမှာ ၁၅၀၀ ကျပ်ဖြစ်ပါသည်။

*****



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ရန်သူကို ခုခံရာတွင် ဒေါသနှင့် ခုခံသူက ပိုများ၏။ မေတ္တာနှင့် ခုခံသူက အလွန်နည်း၏။ ဒေါသနှင့် ခုခံခြင်းသည် နိုင်မယောင်နှင့် ရှုံး၏။ မေတ္တာနှင့် ခုခံခြင်းသည် ရှုံးမယောင်နှင့် နိုင်၏။

အဘ ရသေ့သည် ထိုစကားကို အမြဲပင် ရွတ်ဆိုနေ၏။

မင်းခိုင်က ၁၀နှစ်ကျော် ၁၃နှစ် မပြည့်သေးသည့်အရွယ်။ အဖေ ဦးဟန်မောင့်နှင့် အမေ ဒေါ်စိန်မေတို့က အဘရသေ့ကို ဟိုယခင် သက်နီးဝတ် ဦးပဉ္စင်း ရဟန်းဘဝကပင် ဆွမ်းကွမ်းလောင်းလှူ၍ ကိုးကွယ်ကြသည်။ ထိုစဉ်က ဦးပဉ္စင်း ဦးတိလောကဝံသသည် သက်တော် ၄၀ကျော်၊ ဝါတော် ၂၀ နှင့် ရဟန်းဘဝတွင် သီတင်းသုံးပြီး ဓူတင်အကျင့်ကို ကျင့်ကြံ၍ ဘုရားကျောင်းစေတီများကို လှည့်လည်ဂန္ဓာရီထွက်သည်ဟု မိဘများက ပြောဖူးကြသည်။

မင်းခိုင်က ဘရသေ့ကို စတွေ့စဉ်က ဦးဇင်းကြီး "ဦးတိလောကဝံသ"ဟု မထင်။ ရသေ့ဝတ်ဖြစ်၍ တခြားက ရသေ့ကြီးဟုပင် ထင်သည်။

"ကဲ…ဒကာကြီး ကိုဟန်မောင်နဲ့ ဒကာမကြီး မစိန်မေရဲ့ သား၊ ဘရသေ့နဲ့ လိုက်ခဲ့"

"ဗျာ…"

"ဘာယူစရာရှိလဲ၊ မရှိလည်း မယူနဲ့ကွာ"

"ဘရသေ့…ကျွန်တော်…"

ဘရသေ့နှင့် မင်းခိုင်တို့၏ ပြောဆိုနေမှုကို ဘေးမှ ဝိုင်းထိုင်နေကြသော ရွာမှ လူကြီးများ၊ ရွာသူရွာသားများက ကြည့်နေကြသည်။

"အေး၊ မောင်မင်းခိုင်…မင်း ဘရသေ့နဲ့ပဲ လိုက်သွားတာ ကောင်းတယ်"

"ဟုတ်ပါတယ် လူလေးရယ်။ ကြီးမေတို့ကလည်း ခေါ်ထားချင်ပေမယ့် အိုကြီးအိုမတွေဖြစ်နေတော့…"

"မောင်ခိုင်…ငါနဲ့က နေလို့ မဖြစ်ဘူး။ မင်း ထန်းသမားဖြစ်သွားမှာ"

အဘွားညွှက်ရော၊ လေးပေါက်ကြီးကပါ ပြောကြသဖြင့် မင်းခိုင် မျက်ရည်ကျရသည်။

ရွာကို ဓားပြတိုက်စဉ်က လယ်ပိုင်ရှင်၊ ကုန်စုံဆိုင်ရှင် ဦးပိလော၏အိမ်။

ဦးဟန်မောင်နှင့် ဒေါ်စိန်မေတို့က ဘရသေ့ကို နံနက်အရုဏ်ဆွမ်းချက်ကပ်ရန်အတွက် ဈေးဝယ်ရန် ဦးပိလော၏ အိမ်သို့အရောက်…

"ဓားပြ…ဓားပြဗျို့"

ဟု အော်လိုက်သည့် ဦးပိလော၏ အသံနှင့်အတူ ဦးပိလော၏ ကိုယ်ပေါ်သို့ ဓားပြတို့၏ ဓားချက်များ ကျရောက်သွားလေသည်။ ထို့အပြင် ဈေးဝယ်သွားသည့် အဖေနဲ့ အမေပါ ဓားပြတွေရဲ့ လက်ချက်ကြောင့် မရှုမလှသေဆုံးခဲ့ရ၏။

ထိုအခါ တစ်ယောက်တည်း ကျန်ခဲ့ရသည့် မင်းခိုင်။ အရွယ်က ငယ်ငယ်၊ ပစ္စည်းဉစ္စာက မကျန်ခဲ့လေတော့ ရှေ့ဘဝခရီးက အမှီအတွယ်မဲ့လို့ စမ်းတဝါးဝါးဖြစ်နေရသည်။

ထို့ကြောင့် တဲအိမ်ကလေးကို ပိတ်၊ ရှိသည့် အဝတ်အစားလေးများကို လွယ်အိတ်နှင့် ထည့်၍ ဘရသေ့ခေါ်ရာနောက်သို့ လိုက်ပါခဲ့ရလေတော့၏။

မွေးရပ်ရွာကို ကျောခိုင်း၊ ငယ်ပေါင်းကစားဖော်တွေကိုပင် နှုတ်မဆက်နိုင်ဘဲ ခြေလှမ်းနှေးနှေးနှင့် ထွက်လာခဲ့ရသည်။

ရွာတွေကို ကျော်ဖြတ်၊ ဘုရားတန်းဆောင်း ကျောင်းဇရပ်တို့မှာ ဘရသေ့ဘေး ကပ်အိပ်ပြီး ဘရသေ့ရဲ့ ကျောင်းသင်္ခမ်းကို ရောက်အောင် …
ရသည်။

◈◈◈

အဖော်သဟာလည်း မရှိ …
ရသေ့ခိုင်းသမျှ လုပ်ရပြီး သစ်ပင် …
ဝါးပင်အုံနှင့်သော မိုးလင်း မိုးချုပ် …
သည်။

ဘရသေ့က ရွာတွေထဲကို …
လျှင် လွယ်အိတ်လွယ်၍ လိုက် …
လူနာများကို ဆေးဝါးကုသပေးသည် …
ကူလုပ်ပေးရသည်။ ဘရသေ့ကို …
ကြည် ကိုးကွယ်ကြသူတွေက …
သဖြင့် အစားအသောက်က ပေါသည် …

"မင်းခိုင်…"

"ဗျာ…ဘရသေ့"

"ဒီနေ့ ဆေးမြစ်ရှာဖို့ ဟို …
တောင်ညှိုဘက်ကို သွား။ ကိုရင် …
ငယ်ကို တွေ့ရင် လက်ဆွဲ၊ …
ထွက်ပြေးရင် မလိုက်နဲ့၊ ပြန် …
ကြားလား"

"ဟုတ်ကဲ့ပါ ဘရသေ့"

ရေဗူးနှင့် စားစရာများ …
ဘရသေ့ကို ဦးချ၍ ထွက်လာခဲ့သည် …
"ဆေးမြစ်ရှာ၊ ကိုရင်ငယ်ငယ်ကို …
ရင် လက်ကို ဆွဲဆိုတော့ ဆေးမြစ် …
အဲဒီ ကိုရင်က ပေးမှာလား"ဟု …
လျှောက်ရင်း တွေးလာမိသည်။ …
တောင်ညှိုတောတန်းက ဘရသေ့ …
မကြာခဏရောက်ဖြစ်သည်။ အေး …
တိတ်ဆိတ်သည်။ လေးငါးနှစ်ကာ …
ကို ကျော်လွန်လာတော့ မင်း …
တစ်ယောက် တောပျော်ဖြစ်လာသည် …
ဆေးပင်ဝါးပင်များကိုလည်း အတော် …
သိ၍ ဂမုန်းပင်အမည်များကိုပါ သိ …
အပင်ပါ ခွဲခြားတတ်လာသည်။ …
ဆောင်းမှာလည်း တစ်ခါမှ နာ …
ချောင်းဆိုး၊ အဖျားအနာမဖြစ်။ …
က ရာသီပြောင်းလျှင် ဆေးတ …
တိုက်သည်။



www.burmeseclassic.com

အပင်ပေါ်မှ ငှက်ကလေးများ၏ အသံက မင်းခိုင်ကို ကြည်နူးစေသည်။ ရှေ့ကို ကြည့်၊ သောဘယ်ညာကို ကြည့်၍ လျှောက်လာရာ နောက်မှ ခြေသံကြားသဖြင့် လှည့်ကြည့်လိုက်ရာ မိန်းမပျိုနှစ်ယောက်ဖြစ်နေ၏။

"ဟယ်…မောင်လေးက ဆေးမြစ်လာရှာတဲ့ ဆေးဆရာပေါက်စနဲ့ တူတယ်၊ ဟုတ်လားဟင်"

"ဗျာ…ဟို ဆေးမြစ်ရှာတာတော့ ဟုတ်ပါတယ်။ ဒါပေမယ့် ဆေးဆရာတော့ မဟုတ်ပါဘူး။ အစ်မတို့က…"

"အစ်မတို့က အသီးအနှံရှာရင်း ရောက်လာတာပါ"

"ဟို…ကျွန်တော့်ကို ဆေးမြစ်ရှာတာလို့ ဘာလို့ ပြောတာလဲ"

"အဟင်း…ငါ့မောင်က ပလိုင်းနဲ့ လေးမြှားလည်း မပါဘူး၊ ခြေလှမ်းလည်း မှန်လို့ ပြောနိုင်တာပါ"

မိန်းမပျိုနှစ်ယောက်က တစ်လှည့်စီ ပြောနေကြသည်။ မင်းခိုင်က တောထဲတွင် သည်လောက် ချောလှသည့် မိန်းကလေးများဖြစ်၍ ကြားဖူးနားဝအတိုင်း ဥစ္စာစောင့်တွေလားဟု ကြည့်၍ တွေးလိုက်မိသည်။

"ဟယ်…မောင်လေး၊ ဟိုမှာ ကိုရင်နှစ်ပါး…လိုက်…လိုက်"

"ဟင်…"

အမျိုးသမီးနှစ်ယောက်၏ အပြောကို အံ့ညြမိပေမယ့် ကိုရင်တွေက အဓိကဖြစ်သည်။ ဒါကြောင့် ဘရသေ့ မှာလိုက်သည့်အတိုင်းပင် ကိုရင်နှစ်ပါး၏ နောက်ကို လိုက်ရာ ကိုရင်နှစ်ပါးမှာ ဖြည်းဖြည်းသွားနေကြပေမယ့် လိုက်မမီနိုင်အောင် ဖြစ်ရသည်။

နောက်သို့ ပြန်လှည့်ကြည့်လိုက်ရာတွင်လည်း အမျိုးသမီးနှစ်ယောက်ကို မတွေ့ရတော့ပေ။ ဘယ်ရောက်သွားမှန်း မသိတော့။ ရှေ့ကို ပြန်ကြည့်ရာတွင်လည်း ကိုရင်တို့မှာ ဘယ်ရောက်သွားမှန်း မသိတော့ပေ။

သို့ဖြင့် ကိုရင်တို့ကို ရှာရင်း ကြည့်ရင်းနှင့် တောစပ်ကို ပြန်ရောက်လာသည်။ သစ်ပင်အောက်တွင် ခဏထိုင်နားပြီး ရေသောက်၊ အစာစား၍ ထိုနေရာမှ လှည့်ပြန်လာခဲ့တော့သည်။

ဘရသေ့၏ တဲကျောင်းကို ပြန်ရောက်တော့ ဘရသေ့က တရားထိုင်နေသည်။ အတော်ကြာမှ တရားဖြုတ်ပြီး ဘရသေ့မှ ပြုံး၍…

"မင်းခိုင်…ကိုရင်တွေလည်း ပျောက်သွားတယ်၊ မိန်းကလေးတွေလည်း ပျောက်သွားတယ်"

"ဗျာ…ဘရသေ့"

"အေး၊ အဲဒါတွေက ဂမုန်းပင်တွေပဲ။ ကိုရင်တွေက သူငယ်ဂမုန်းပဲ။ မိန်းကလေးတွေက အဲဒီနားမှာ ရှိတဲ့ လောကသားတွေပဲ"

မင်းခိုင်မှာ ဘာကိုမှ တွေးမရဘဲ မှိုင်ချပ်သည်တွင် ဘုရားရှိခိုး၊ ဘရသေ့ကို ရှိခိုး၍ အိပ်ရာဝင်ခဲ့သည်။ တစ်နေ့လုံး သွားထားရသဖြင့် ပင်ပန်းပြီး အိပ်ပျော်သွားလေသည်။

◈ ◈ ◈

အဝင်လမ်းမှ ကျောက်ရောင်စုံကလေးတွေက နံရံမှ မီးတိုင်များ၏ အလင်းရောင်ကြောင့် ဖျိုးဖျိုးဖျပ်ဖျပ်နှင့် တောက်ပနေသည်။ ညည်းသည့်ကျောက်ဟူ၍ မသိပေ။ သောတစ်ဖက်ကစ်ချက်မှ လက်မောင်းကို ကိုင်၍ လိုက်လာကြသော မိန်းမချောနှစ်ယောက်က ပြုံးရွှင်သော မျက်နှာနှင့်။ စိတ်ထဲတွင် မြင်ဖူးသည်ဟု အောက်မေ့နေသည်။ အမှတ်ရဲရန် တွေးလာခဲ့သည့်မှာ ကျောက်ဂူလို အဆောက်အအုံထဲ စ,ဝင်ကတည်းကပင် ဖြစ်သည်။

"မောင်ငယ်က အစ်မတို့ကို မြင်ဖူးတယ်လို့ တွေးနေတာလား"

"မြင်ဖူးတာကို မြင်ဖူးမှန်း သိအောင် ပြောလိုက်ပါ အစ်မတော်ရယ်"

"အင်း…ညီမတော်ရော ပြောပါလား။ ကဲ…ကဲ…ဟိုတောင်ညိုတောထဲမှာ ဆေးမြစ်ရှာတုန်းက၊ ကိုရင်လေးနှစ်ပါးကို မြင်တဲ့အချိန်က အစ်မတော်တို့က မောင်ငယ်ကို ပြောမလို့ ကိုရင်တွေက ပျောက်သွားလို့ပါ။ အဲဒီကတည်းက မောင်ငယ်ကို ဒီနေရာခေါ်လာမလို့၊ ဘရသေ့ကရော အဘိုးကပါ အချိန်မကျသေးဘူးဆိုလို့ အခုမှ ခေါ်ဖြစ်တာ"

"ဟုတ်တယ် မောင်ငယ်၊ အစ်မတော်ကြီးက မြရောင်ခြယ်၊ အစ်မလေးက မြရောင်သွယ်၊ မောင်ငယ်က ဘုန်းရောင်ဝင်းတဲ့၊ မောင်နှမသုံးယောက်ရှိတဲ့ ရွှေမြမျှော်စေတီရဲ့ ဥစ္စာရတနာတွေကို စောင့်နေကြရတာ"

"မောင်ငယ်က လူ့ဘဝကို သွားချင်တယ်လို့ ခွင့်တောင်းလို့ အဘိုးက လွှတ်လိုက်တာ။ မောင်ငယ် သာမထောစတ်နိုင်တယ်။ အဲဒါမှ အစ်မတော်တို့လည်း ကုသိုလ်ရ ဘဝပြောင်းကြမှာ"

ညီအစ်မနှစ်ယောက်၏ တစ်လှည့်စီ ပြောသံမျှကို နားပဲ ထောင်နေမိသည်။ ဒါပေမယ့် ဘာကိုမှတော့ အဓိပ္ပာယ်မပေါက်၊ မသိတာ အမှန်ဖြစ်သည်။

အစ်မတော်များဆိုသူက ရှေ့နန်းဟန်နှင့် ဘဝအစ၏ ဖြစ်ပျက်မှုတို့ကို ပြောပြရာတွင် သူ့အား အိပ်ရာခုတင်ပေါ်တွင် ထိုင်ခိုင်းပြီး အအေး အသောက် သစ်သီးမျိုးစုံတို့ တားဝေပြီး ပြောပြကြသည်။

◈ ◈ ◈

ဘုန်းတော်ဘုရား ခေါ် ဗဒုံမင်းကြီး နှင့် ညီအစ်ကိုတော် [illegible] မောင်ရိုးက ထီးရေးနန်းရာကို [illegible]

www.burmeseclassic.com

စား။ စာပေနှင့် ဗေဒင်၊ ဆေးပညာများကိုသာ လုံ့လထုတ် အားသန်ပြီး မင်းကွန်းရှားယောင်းရွာတွင် အခြေအရံတချို့နှင့် နေလေသည်။ ထိုအခြေအရံထဲတွင် "သစ်စည်"ဆိုသည့် ဆေးသမားအမှုထမ်းသည်လည်း မိသားတစ်စုနှင့် လိုက်ပါလာခဲ့သည်။

သစ်စည် ဆေးသမား၏ သားငယ် ရွှေပေါင်းစင်နှင့် ရှားယောင်းရွာသူ မသင့်နော်တို့ အကြောင်းဆက်ခဲ့၏။ ထို့နောက် ပခန်းမင်းသား မောင်စိုး အနိစ္စရောက်ပြီး ရွှေပေါင်းစင်က ရှားယောင်းရွာသူကြီးအရာကို ယူလိုက်၏။

ပင်းတလဲမင်းသား မောင်ရွှေစင်က ဗဒုံမင်းကို လုပ်ကြံရာတွင် မအောင်မြင်သဖြင့် ရေချ၍ ကွပ်မျက်လိုက်သည်။ ပင်းတလဲမင်းသား၏ ယော်ကျွန်တော် မင်းဇကြီးက ပစ္စည်းဥစ္စာများကို ယူပြီး ရှောင်တိမ်းထွက်ပြေးရင်း မင်းကွန်းရှားယောင်းရွာကို ရောက်လာခဲ့သည်။ ရွာအစွန် တဲငယ်တွင် မထင်မရှားနေပြီး ပခန်းငယ်မင်းသား မောင်စိုး၏ သတင်းကို စုံစမ်းရာ ရွာသူကြီး ရွှေပေါင်းစင်က သိပြီး ခေါ်တွေ့သဖြင့် မင်းဇကြီးက နန်းမြို့မှ ပါလာသည့် ရတနာပစ္စည်းများ၊ မင်းသားအဆောင်အယောင်များကို ရွာထိပ်မှ တဲဘေးတွင် မြှုပ်နှံထားခဲ့ပြီး ရွာသူကြီးနှင့် လာတွေ့သည်။

ရွာသူကြီး ရွှေပေါင်းစင်နှင့် ဇနီးမိသားစုက ညှော်ခံ၏။ မင်းဇကြီးမှာ ပင်းတလဲ မင်းသား၏ ရတနာများကို ခိုးဝှက်လာသူဖြစ်၍ မလုံမလဲဖြစ်ပြီး သူကြီး ရွှေပေါင်းစင်ကို ဓားဖြင့် ပိုင်း၏။ သူကြီးကို မထိဘဲ ကလေးသုံးယောက်ကို ထိ၏။ မင်းဇကြီးကို ရွာသားများ ဝိုင်း၍ ထိုးခုတ်ကြသဖြင့် နေရာမှာပင် မင်းဇကြီး သေဆုံးခဲ့၏။

ရှားယောင်းရွာသူကြီး ဇနီးမောင်နှံနှင့် ရွာသူရွာသားများက မောင်နှမသုံးယောက်အတွက် ရည်စူးပြီး ရှားယောင်းရွာအလွန်တွင် "ရွှေမြမျှော်စေတီ"ကို တည်ကြသည်။

"အဲဒီ သူကြီးရဲ့ သားသမီးတွေက မောင်ငယ်နဲ့ အစ်မတော်တို့ပဲကွဲ့"

အကြောင်းစုံ ပြောပြရင်းမှ ညီအစ်မနှစ်ယောက် မျက်ရည်ကျကြသည်။

◈◈◈

"မင်းခိုင်···မင်းခိုင်၊ ကဲ···ထ···ထ၊ သစ်ပင်အောက်မှာ အိပ်ပျော်ရတယ်လို့ကွယ်"

"ဟို···ဘရသေ့ တ···တရားထိုင်နေလို့ စောင့်ရင်းနဲ့···"

"ကဲ···ထ၊ ရွာထဲကို သွားမယ်။ လူနာတစ်ယောက်ကို မင်း ဆေးကုရမယ်"

"ဟုတ်ကဲ့၊ ဘရသေ့"

တောစပ်မှ ထွက်၍ ရွာထဲကို ဝင်ရောက်ကြပြီး အိမ်တစ်အိမ်ကို ဝင်လိုက်သည်။ အိမ်ရှေ့ခန်းတွင် အဘွားအိုတစ်ယောက်က လှဲနေပြီး အနားမှ ခြေစုပ်လက်နယ်ပြုပေးနေသူများ ဝိုင်းအုံနေသည်။

"ဟော··· ဘရသေ့ ကြွလာတယ်"

လှဲအိပ်နေသော အဘွားကြီးဘေးမှ လူတွေ နောက်ဆုတ်သွားသည်။ ဘရသေ့က ခေါင်းရင်းမှ ထိုင်ပြီး···

"မင်းခိုင်က လူနာကို သွေးစမ်းကြည့်စမ်း"

မင်းခိုင်က လူနာ အဘွားကြီး၏ လက်ကောက်ဝတ်ကို တစ်ချက်စမ်းပြီး လက်ချောင်းထိပ်ကလေးများကို ကြည့်လိုက်ပြီး လည်ပင်းကို လက်ခုံနှင့် ကပ်ကြည့်လိုက်သည်။

"ဘရသေ့··· လူနာက အအေးပတ်ပြီး အပူငုပ်တာပါ။ အခိုးပွင့်ဆေးတိုက်ရင် ရပါတယ်"

"အေးလေကွယ်၊ မင်းလုပ်ပေး လား၊ ငါ့ကို မပြောနဲ့လေ"

မင်းခိုင်က လွယ်အိတ်ထဲမှ ဆေး ပုလင်းလေးကို ထုတ်ပြီး ဆေးမှု အနည်းငယ်ကို ရေနွေးနှင့် တိုက် ပြောပြီး ဆေးမှုန့်တစ်မျိုး လူးပေး ဆိုပြီး ပေးသည်။ ဘရသေ့နှင့် အိမ်သား များက စကားပြောနေကြသည် အသက်ကြီးသူဖြစ်၍ အပူလွန်ပြီး သတိပင် လစ်သွားသည်။ ဘရသေ့ ရောက်လာသဖြင့် အားလုံး ဝမ်းသာ သွားသည်။ ဘရသေ့ကို ပင့်ခေါ်ကြ ပြောနေချိန်တွင် ရောက်လာ၍လည်း ဝမ်းသာအံ့ဩဖြစ်ကြသည်။

ညနေစောင်းမှ တောစပ်ရှိ ဘရသေ့၏ ကျောင်းသခမ်းသို့ ပြန်လာခဲ့ကြသည်။

◈◈◈

ဘရသေ့က တရားထိုင်နေသည် ရှေ့မှ ကွပ်ပျစ်တွင် ထိုင်နေသော မင်းခိုင်မှာ အားရပါးရ သမ်းဝေလိုက်ပြီး ကိုယ်ကို ဆန့်လိုက်သည်။ ခေါင်းထဲတွင် ရီဝေမူးနောက်သွားပြီး ကွပ်ပျစ်ပေါ်မှ ပြုတ်ကျသွားသည်။ လူးလဲထပေမယ့် ထမရဘဲ နားထဲတွင်···

"မောင်ငယ်···မောင်ငယ်ရေ··· အစ်မတော်တို့ကို ကယ်ပါဦး"

ပြိုင်တူအော်လိုက်သော အသံကို ကြားလိုက်ရသည်။ လဲနေရာမှ ထလိုက်သည်တွင် အော်သံကို ထပ်၍ ကြားရပြန်သည်။

"မောင်ငယ်၊ ဘရသေ့···ကယ်ပါဦး"

ဘရသေ့က တရားဖြုတ်ပြီး မေတ္တာပို့ အမျှဝေနေသည်။ အော်သံနှင့် အမျှဝေသံက လုံးနေသည်။ မင်းခိုင်မှာ ထိုင်မရ ထမရဖြစ်နေသည်။

"ဟဲ့···မင်းခိုင်၊ မင်းအမျိုးတွေ



www.burmeseclassic.com

www.burmeseclassic.com

ကွဲရောက်နေတယ်၊ လာ…လာ”

ဘရသေ့က ခေါ်လည်း ခေါ်၊ ဒုတ်ကို ယူပြီး အောက်သို့ ဆင်းလိုက်သည်။ မင်းခိုင်က နားမလည်စွာ ဖြင့် ဘရသေ့၏ နောက်မှ လိုက်လာသည်။ ရေမှ ခပ်သွက်သွက်လျှောက်သွားသော ဘရသေ့ကို မီအောင် တော်ပင် လိုက်ရသည်။ ကျောင်းသင်္ခမ်းနှင့် တော်တော်ကြီး ဝေးလာခဲ့သည်။

မင်းခိုင်မှာ သစ်ကိုင်း၊ ချုံတို့နှင့် ခိုက်မိသည့်အတွက် နာပေမယ့် ဘရသေ့ သွားရာကို လိုက်ခဲ့သည်။ မီး ရောင်ကို မြင်လိုက်ရသည်။ မင်းခိုင်က သည်နေရာများကို ရောက်ဖူးသည်ဟု စိတ်က ထင်လိုက်သည်။ ရှေ့တွင် အရိပ်များက လှုပ်ရှားနေသည်။ ဘရသေ့က…

“ဟိတ် …ဒကာတို့၊ မလုပ်ကောင်းတာကို လုပ်နေကြတယ်။ ရပ်ကြစမ်း။ မင်းခိုင်… ဖယောင်းတိုင်ကို မြန်မြန် အားလုံးဖျက်လိုက်”

“ဟာ…ရသေ့ကြီး၊ ပြေး…ပြေး”

“ငါ့ကို စောင့်ပါဦးကွ”

လူသုံးယောက်က ထိုနေရာမှ ပြေးထွက်သွားသည်။ မင်းခိုင်က ဖယောင်းတိုင်မီးများကို ငြိမ်း၍ ကန်တော့ပွဲနှင့် ဝါးကပ်စင်ကို ဖျက်လိုက်သည်တွင်…

“ဝေါ…”

“ဟူး…”

“ဟေ…လွတ်ပြီ…ကျွတ်ပြီ ဟေ့”

သစ်ပင်များကြားမှ အလင်းရောင်များ ဖျိုးဖျိုးဖျပ်ဖျပ်နှင့် ဖြစ်ပြီး ပြန်၍ ငြိမ်သက်သွားသည်။ ဘရသေ့က…

“လာ…မင်းခိုင်၊ ပြန်မယ်”

“ဟုတ်ကဲ့၊ ဘရသေ့”

တောတန်းထဲမှ ပြန်လာခဲ့ကြသည်။ ရှေ့မှ သွားနေသော ဘရသေ့ကို ကြည့်၍သာ လိုက်ခဲ့ရသည်။ မင်းခိုင်မျက်လုံးထဲတွင် ဘာမှမမြင်ရပေ။

ကျောင်းသင်္ခမ်းကို ပြန်ရောက်တော့ ဘရသေ့က ကွပ်ပျစ်ပေါ်တွင် ထိုင်လိုက်သည်။ မင်းခိုင်က သောက်ရေခပ်၍ လက်နှစ်ဖက်နှင့် ဘရသေ့ကို ပေးလိုက်သည်။ ဘရသေ့ ရေသောက်ပြီး မင်းခိုင်က ရေကို အားပါးတရ သောက်လိုက်သည်။

“မင်းခိုင်…လာထိုင်၊ မင်းတို့ အဖြစ်ကို ပြောပြမယ်”

ဘရသေ့က မင်းခိုင်ကို ပြောပြရာတွင် သိုက်ဆက်အကြောင်း၊ ဂန္ဓာရီလောကအကြောင်း၊ ရှေးဟောင်းပစ္စည်း ဥစ္စာများ၊ ဥစ္စာစောင့်များ၊ ကိုယ်ပိုင်ဥစ္စာ သိုက်၊ ဘုရားကို ရည်စူး လှူဒါန်းထားသော ပစ္စည်းသိုက်များ၊ သဘာဝ သဘာဝတသိုက်များအကြောင်းကို ပြောပြပြီး…

“မင်းက သိုက်ဆက်ရှိတယ်။ ဒါကြောင့် မင်းမိဘတွေ ဆုံးတော့ ငါခေါ်လာတာ။ မင်းက ကုသိုလ်တစ်ခုခုပြုမှ မင်းဆွေမျိုးတွေ ကျွတ်ကြ လွတ်ကျမယ်”

ဘရသေ့ ပြောပြသည်များထဲတွင် တစ်လောက အိပ်မက်လိုဖြစ်သည့်ကိစ္စတချို့ဝင်ပါနေသည်။ ထိုညက မင်းခိုင် အိပ်မပျော်တော့ပေ။

◈◈◈

နောက် နှစ်ရက် သုံးရက်တွင် ဘရသေ့ ရွာထဲသို့ သွားရာ မင်းခိုင်ပါ လိုက်ပါရပြီး ရက်အတော်ကြာကြာက နေမကောင်းဖြစ်သည့် အဘွားကြီး၏ အိမ်ကို ဝင်ရာ အဘွားကြီးမှာ နေကောင်း၍ လန်းလန်းဆန်းဆန်းဖြစ်နေသည်။

အိမ်ပေါ်သို့ ထိုင်ပြီးချိန်တွင် ရွာထဲမှ လူနှစ်ယောက်က အိမ်ပေါ်တက်လာပြီး ဘရသေ့ကို ကန်တော့၍…

“ဘရသေ့…ကျွန်တော့်အိမ်မှာ ညီသည်တစ်ယောက် နေမကောင်းဖြစ်လို့ ဆေးဝါးများ ကပေးပါ ဘရသေ့”

အိမ်ရှင်များက လာခေါ်သူများမှာ တစ်ရွာတည်းသားများဖြစ်၍ ဘာမှ မပြောဘဲ ကြည့်နေကြသော်လည်း အိမ်ရှေ့တွင် ကစားနေသော ကလေးများထဲမှ ကလေးမလေးတစ်ယောက်က…,

“မလိုက်နဲ့ မကုပေးနဲ့ မောင်ငယ်၊ မလိုက်နဲ့…မကုပေးနဲ့”

ဟု မင်းခိုင်ကို လက်ညှိုးထိုးပြီး အော်နေသည်။ အိမ်ပေါ်မှ လူကြီးများက…

“ဟဲ့…မိပုံ၊ ဘာတွေ အော်နေတာလဲ။ သွား…ဟိုဘက်သွားကစား”

လူကြီးတွေ ပြောသဖြင့် အော်လိုက်သော မိပုံဆိုသည့် ကလေးမလေးက မျက်မှောင်ကုတ်၍ ကြည့်နေသည်။ မင်းခိုင်က ထိုကလေးမလေးကို သေချာစွာ ကြည့်နေမိသည်။ ဘရသေ့က ခေါင်းညိတ်ပြီး…

“ကဲ…ကဲ…ရှေ့က သွားကြ၊ လိုက်ခဲ့မယ်။ ဒကာမကြီးတို့ ခွင့်ပြုဦး”

ဘရသေ့ကို အိမ်ရှင်များက ကန်တော့ကြသည်။ ဘရသေ့က ရှေ့မှ သွားသော လူနှစ်ယောက်၏ နောက်မှ လိုက်ပြီး ဆေးလွယ်အိတ်ဖြင့် မင်းခိုင်က ခပ်နေးနေးပင် နောက်ဆုံးမှ လိုက်လာသည်။

“အား…ကြောက်ပါပြီဗျို့ အား…အီး…လုပ်ကြပါဦး”

အိမ်တစ်အိမ်မှ အော်ဟစ် ညည်းညူသံက ကျယ်လောင်စွာ ထွက်ပေါ်လာသည်။ ရှေ့မှ လူနှစ်ယောက်ဝင်သွားသောအိမ်ကို ကြည့်ပြီး မင်းခိုင်က တွန့်သွားသည်။ ဘရသေ့က…



www.burmeseclassic.com

www.burmeseclassic.com

"လာ…မင်းခိုင်၊ အကြောင်းသိရတာပေါ့"

"ကြွပါ ရသေ့ကြီး၊ အိမ်ပေါ်ကို ကြွပါ"

ဘရသေ့က အိမ်ဦးခန်းတွင်ထိုင်လိုက်ပြီး လူနာကို ကြည့်လိုက်သည်။

မင်းခိုင်ကလည်း လူနာကို ကြည့်လိုက်မိပြီး စိတ်ထဲတွင် တစ်မျိုးခံစားရသည်။ ဘာရယ်လို့တော့ အမည်မဖော်နိုင်ပေ။ လာခေါ်သော လူနှစ်ယောက်က…

"ဘရသေ့ကြီး အဲဒီလူပါပဲ၊ အနာပေါက်နေတာ၊ အနာဝမှာ မြွေခေါင်းလို ပေါ်ပေါ်လာလို့ ဓားနဲ့ ဖြတ်ဖြတ်ပေးတာ လေးခါရှိပါပြီ"

တုံးလုံးလဲ၍အော်နေသော လူ၏ ညာဘက် နံစပ်တွင် ပြည်တို့နှင့် အသားနီရဲရဲဖြစ်နေသော အနာကို ကြည့်ပြီး ဘရသေ့က…

"ဒကာတို့…ဒီလူနာဟာ မလုပ်သင့်တဲ့ ဘုရားပစ္စည်းကို ယူဖို့ ကြိုးစားရင်း ဖြစ်တာ။ ဟို လွန်ခဲ့တဲ့ ခုနစ်ရက် တစ်ပတ်က တောင်ညှိစပ်က ဘုရားမျိုးမှာ သိုက်တူးကြတယ်။ ရသေ့နဲ့ ဒီတပည့်သွားမှ ထွက်ပြေးသွားကြတယ်။ အဲဒီက ရခဲ့တဲ့ ဒဏ်ရာပဲ။ ဒါကြောင့် အနာဝက မြွေခေါင်းလို ထွက်ထွက်လာတာ။ ကျုပ်ကုပေးပေမယ့် မရနိုင်တော့ဘူး ဒကာတို့"

ဘရသေ့ကို လာခေါ်သူ ရွာသားနှစ်ယောက် လူနာ၏ အကြောင်းကို ယခုမှ သိကြပြီး…

"မှန်ပါ့ ဘရသေ့။ ကျွန်တော်တို့ ထင်းတိုက်သွားရင်း လမ်းမှာ လဲနေတာ တွေ့လို့ ခေါ်လာမိတာပါ"

"အိမ်း…ဒကာတို့က ကိုယ်ချင်းစာတရားနဲ့ ကူညီစောင့်ရှောက်ပေးမယ့် သူ့အတွက်က လွန်နေပြီ။ ကဲ…ကဲ ကျုပ်သွားမယ်"

ဘရသေ့နှင့် မင်းခိုင်တို့ ထိုအိမ်ကလေးမှ ထွက်လာခဲ့ကြသည်။ ပြောစကားများအား ကြားသိရပြီး မင်းခိုင် သဘောပေါက်လိုက်သည်။ ငြိမ်သက်စွာနှင့် ဘရသေ့၏နောက်မှ လိုက်လာခဲ့သည်။

◈◈◈

"မောင်ငယ်…အစ်မတော်တို့ ဘရသေ့နဲ့ တွေ့ချင်လို့ပါ"

"ဟုတ်ကဲ့ အစ်မ။ ခဏလေးနော်၊ ဘရသေ့ တရားထိုင်နေတယ်"

"အင်းအင်း မောင်ငယ်က အစ်မတော်တို့ကို မှတ်မိပါတယ်နော်။ အခုလာတာလည်း မောင်ငယ်အတွက်ပါ"

"ဗျာ…"

ဘရသေ့က အပြင်ကို ထွက်လာသည်။ ကျောင်းလေးရှေ့တွင် မင်းခိုင်နှင့် စကားပြောနေသည့် မိန်းကလေးနှစ်ယောက်က မြေပြင်တွင် ထိုင်ပြီး ဘရသေ့ကို ရှိခိုးကြသည်။

"အိမ်း… သာခု…သာခု…သာခု၊ ဘေးရန်ကင်းကြတယ်မို့လား။ အခုက မောင်ဆီကို လာကြတာလား"

"မှန်ပါ ဘရသေ့။ မောင်ငယ်အတွက် ဘရသေ့ကို အကူအညီ တောင်းခံချင်လို့ပါ"

"အိမ်း…ပြောကွဲ့"

"မောင်ငယ်ကို ရှင်သာမဏေပြုပေးပါ ဘုရား။ ဒီပစ္စည်းများနဲ့ ပြုပါ။ အဲဒါဆိုရင် သာခုခေါ်နိုင်မှာပါ ဘရသေ့"

ဘရသေ့က ညီအစ်မနှစ်ယောက် ပေးသည့် အဝတ်ထုပ်နှင့် ပစ္စည်းများကို မင်းခိုင်အား ယူခိုင်းလိုက်သည်။ ညီအစ်မနှစ်ယောက်က ဘရသေ့ကို ရှိခိုး၍ မောင်ဖြစ်သူ မင်းခိုင်ကို မျက်ရည်များနှင့် နှုတ်ဆက်ပြီး ပြန်သွားကြသည်။

မင်းခိုင်ကလည်း ဝမ်းပန်းတနည်း ကျန်ခဲ့သည်။ ဘရသေ့က မောင်နှမ သုံးယောက်ကို ကျောခိုင်း၍ တောတန်းဘက်သို့ ဝင်သွားသည်။

◈◈◈

နောက်တစ်နေ့တွင် ဘရသေ့…
ရွာထဲမှ လူကြီးများကို ပြောပြီး မင်း…
ကို ရွာဦးကျောင်းမှာပင် ရှင်ပြုရန် စီ…
ကြသည်။ ဘရသေ့၏ နိုင်းစေမှုကြော…
ရွာဦး ဘုန်းတော်ကြီးကျောင်းတွ…
ချက်ပြုတ်ကြပြီး ဝိုင်းဝန်းလုပ်ကိုင်ပေး…
ကြသည်။

အလှူက စည်ကားသည်။ ရွ…
လုံးကျွတ်ပင် လုပ်ကိုင်ပေးခြင်းကြော…
လည်းဖြစ်သည်။ လှူဖွယ်ပစ္စည်း…
အကျွေးအမွေးပြည့်စုံမှုများက တခြ…
အလှူများနှင့် မတူအောင် စည်ကား…
သည်။

ဘုန်းတော်ကြီးကျောင်းပေါ်တွ…
ရေစက်ချက် အမျှဝေရန် တရားနာ…
များ ပြည့်နေသည်။ ဘရသေ့…
ကျောင်းပေါက်ဝမှ ရပ်ပြီး…

"မောင်မင်းခိုင်ကို သာသန…
တောင်သို့ သွတ်သွင်းပြီး ရှင်သာမဏေ…
ပြုပေးပါသည်။ ဘဝဆက်က အစ်မ…
ဖြစ်သည့် မြရောင်ချယ်နှင့် မြ…
သွယ် သိုက်နန်းရှင်များကို အမျှပေး…
မှာဖြစ်လို့ သာခုခေါ်ဆိုရန် လာကြ…
အားလုံးသော ပုဂ္ဂိုလ်ဝေနေယျများ…
လည်း သာခုခေါ်ဆိုကြပါ"

ဘရသေ့၏ အောင်မြင်သော…
ဖိတ်ခေါ်သံအဆုံးတွင် ကျောင်းခန်း…
၌ မွှေးပျံ့ ကြိုင်သင်းသော အနံ့…
တရားနာမည့်သူများ ရရှိလိုက်သည်။

ဘုန်းတော်ကြီးကျောင်းပေါ်တွ…
တရားတော်ကို ဆရာတော်က ဟော…
ကြားပေးနေသည်။ မင်းခိုင်က ကို…
ဝတ်ဖြင့် အစ်မတော်များကို ဘယ်…
နေပြီး သာခုခေါ်မည်လဲဟု ဘရ…
ဘေးမှထိုင်ပြီး လှည့်ပတ်၍ ကြည့်…
ပေးသည်။

* * *

စိုးမောင်…



www.burmeseclassic.com

www.burmeseclassic.com

ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ ရှေး-သု)


# ဘုရားကိုးဆူ ပူဇော်ခြင်းဝလေ့




မြတ်စွာဘုရားနှင့်ရဟန္တာသျှမြတ်ကြီး ရှစ်ပါး

ဘုရားကိုးဆူပူဇော်ပွဲ (The Ceremony for the Nine Divinities)များသည် လွတ်လပ်ရေးခေတ်များတွင် အကော်တွင်ကျယ် ခေတ်စားခဲ့သည်။ မိမိအိမ်တွင်ပင် ကျင်းပသည့် ညပွဲများဖြစ်သဖြင့် စိတ်အေးလက်အေး သွားလာ စားသောက်ကာ ဘုရားဖူးရင်း ဆွေမျိုးမိတ်သင်္ဂဟများနှင့် မိတ်ဆက်တွေ့ဆုံနိုင်ကြသည်။ ဧည့်သည်များ

www.burmeseclassic.com



ဂယာမြို့ နိုင်ငံတကာဗုဒ္ဓဘာသာရပ်ကွက်မှ


ဂျပန်ဆင်းတုတော်ကြီးနှင့်သာဝကများ

ကိုလည်း မုန့်ဟင်းခါး၊ ခေါက်ဆွဲ၊ လက်ဖက်၊ မြန်မာမုန့်မျိုးစုံဖြင့် ကျွေးမွေးညှော်ခံနိုင်လေသည်။ ငှက်ပျောပင်မှ ဆင်စွယ်ရောင် ငှက်ပျောလက်များဖြင့် ယာယီပြုလုပ်ထားသော ဘုရားကျောင်းဆောင်(Miniature Monastery) ကလည်း လတ်ဆတ်လှပကာ ရိုးရာလက်မှုပညာတစ်ရပ်ကို ဖော်ကျူးနေလေ၏။ ကပ်လှူပူဇော်ခြင်းများကို ဖက်ရွက်စိမ်းများဖြင့် ပြုလုပ်ထားသော ဆွမ်းခွက်များဖြင့် ကပ်လှူသည်ကလည်း အမြင်ဆန်းနေ၏။ ဘုရားကိုးဆူဆရာ၏ ရွတ်ဖတ်ပူဇော်သံကလည်း တစ်ညလုံး ဝေဝေစီစီဖြင့် နားထောင်လို့ ကောင်းလှသည်။ မိတ်သစ် မိတ်ဟောင်းအားလုံး ဝတ်ကောင်းစားလှများ ဝတ်ဆင်ကာ ပျော်ပျော်ပါးပါး စားသောက်ကြသည်ကလည်း ပျော်စရာ။ ဘုရားကိုးဆူ ပူဇော်ပြီးသည်နှင့် မိမိတို့ အိမ်ဂေဟာတွင် ကောင်းသော ဂြိုဟ်စီးဂြိုဟ်နင်းများ ကင်းပ ပျောက်ကွယ်သွားကာ သန့်စင်သော အိမ်အဖြစ် စိတ်ချ လက်ချနေနိုင်လောက်အောင် စိတ်ခွန်အားများလည်း ရရှိသွားတော့သည်။ ထို့ပြင် ယင်းသို့ ပူဇော်ခြင်းဖြင့် ဘေးအန္တရာယ်များ ကင်းငြိမ်းကာ အကြံအစည်များ အောင်မြင်ခြင်း၊ ဘုန်းတန်ခိုးကြီးခြင်း၊ လာဒ်လာဘပေါများခြင်းနှင့် မလိုသူတို့ မကောင်းမကြံနိုင်ခြင်း စသည့် အကျိုးတရားများလည်း ရရှိလာသည်ဟုယုံကြည်ကြလေ၏။

## မြတ်စွာဘုရားလက်ထက်တော်မှ စခဲ့သည့် ဘုရားကိုးဆူ ပူဇော်ခြင်းဓလေ့

သို့ဖြင့် ဘုရားကိုးဆူ ပူဇော်ပွဲသည် ဗုဒ္ဓဘာသာယဉ်ကျေးမှုနယ်ပယ်တွင် အရေးပါသော အခန်းကဏ္ဍတစ်ခုဖြစ်လာခဲ့လေသည်။ ထိုပူဇော်ပွဲများကို မြန်မာနိုင်ငံအနှံ့အပြားတွင် အချိန်မရွေး ကျင်းပခဲ့ကြ၏။ ၁၉ ရာစုနှစ်များအတွင်းတွင် မြန်မာဘုရင်များသည် အထူးကျွမ်းကျင်သော ပုဏ္ဏားများ (Hindu - Court Brahmin)များဖြင့်ပင် ထိုပူဇော်ပွဲကို နန်းတော်ထဲ၌ ကျင်းပခဲ့သည်။ နန်းတော်သစ်ဆောက်လုပ်ခြင်း၊ နန်းတက်ပွဲများနှင့် စစ်ချီစစ်ထိုးပြုလုပ်ခြင်းများ မပြုလုပ်မီ ကာလများတွင် ဤပူဇော်ပွဲများကို ကျင်းပခဲ့ခြင်းဖြစ်၏။ အိန္ဒိယဓလေ့များ မွန်တို့မှတစ်ဆင့် မြန်မာနိုင်ငံသို့ ရောက်ရှိကာ ဂြိုဟ်များနှင့် မိတ်ဆက်ခဲ့သည့်ကာလများကပင် ထိုပူဇော်ပွဲများလည်း ရောက်ရှိခဲ့ရာ ရာစုနှစ်ပေါင်းများလှပြီဟုလည်း ဆိုကြသည်။ ၁၉ ရာစုနှစ်အကုန်တွင်ကား ဘုရားကိုးဆူပူဇော်ပွဲများသည် လူထုနှင့် ပိုမိုနီးကပ်လာခဲ့၏။ ကိုယ်ခန္ဓာကျန်းမာရေးချို့ယွင်းသည့်အခါ၊ စိတ်လက် လေးပင်သည့်အခါ၊ မကောင်းဆိုးဝါးများ ကင်းပ,စေလိုသည့်အခါ၊ ဘေးကင်း, အန္တရာယ်ကင်းလိုသည့်အခါ၊ အိမ်သစ်တက်ပွဲ၊ မွေးနေ့ပွဲများ ကျင်းပလိုသည့်အခါများတွင် မိမိတို့ အားထားရာ ဗေဒင်ဆရာနှင့် တိုင်ပင် ရက်ရွေးကာ ထိုပူဇော်ပွဲများကို ပြုလုပ်လာကြ၏။ သို့ဖြင့် ထိုပွဲများကို အိမ်တွင်း၊ အထူးသဖြင့် အိမ်ဦးခန်း၊ ဘုရားစင် (Buddha Altar)ရှေ့တွင်ပင် ပြုလုပ်လာကြသည်။

အချို့ကလည်း ယင်း ဘုရားကိုးဆူ ပူဇော်ခြင်းအလေ့သည် မြတ်စွာဘုရားရှင် သက်တော်ထင်ရှားရှိစဉ်ကတည်းက ရှိခဲ့သည်ဟု ဆိုကြပါသည်။ ဘုရားရှင်လက်ထက်တော်မှစ၍ ယခုတိုင်အောင် ပြုလုပ်နေကြဆဲဖြစ်သည့် ဘုရားကိုး



ဂယာမြို့နိုင်ငံတကာဗုဒ္ဓဘာသာရပ်ကွက်မှ

ဂျပန်လက်ရာရဟန္တာကြီးများ



www.burmeseclassic.com

www.burmeseclassic.com

ဆွမ်းကပ်ခြင်းဓလေ့ ဖြစ်ပေါ်လာပုံ သမိုင်းကြောင်းကို
သိထားသင့်ပေသည်။

ဘုရားကိုးဆူဖြစ်ပေါ်လာပုံ သမိုင်းအစကား မြတ်စွာ
ရားလက်ထက်တော်က "အာယုဝပုန် သတို့သားဝတ္ထု"မှ
ညွှန်းဆိုကြ၏။ ထိုဝတ္ထုကို ကောက်ရှုလျက် ဘုရားကိုးဆူ
ဇော်ပွဲများသည် ဘုရားရှင်လက်ထက်တော်ကြီးကပင်
တင်ပေါ်ပေါက်နေပြီဟု ယူဆကြလေသည်။ မြန်မာနိုင်ငံသို့
မဒေသမှ ဗုဒ္ဓဘာသာ ရောက်ရှိလာသောအခါ ဘုရား
ဆူပူဇော်ခြင်းဓလေ့လည်း ပူးတွဲပါလာဟန်တူ၏။



ဂယာမြို့နိုင်ငံတကာဗုဒ္ဓဘာသာဝင်ပိုက်ကွက်မှ

ဂျပန်လက်ရာ ရှင်သာရိပုတ္တရာ

**ဓမ္မပဒ အဋ္ဌကထာကျမ်းလာ**

**အာယုဝပုနကုမာရဝတ္ထု**

ဓမ္မပဒအဋ္ဌကထာကျမ်းလာ "အာယုဝပုနကုမာရဝတ္ထု"
တ်ကြောင်းကား ဤသို့ဖြစ်လေ၏။ တစ်နေ့သောအခါတွင်
လိကရွာသား ပုဏ္ဏားဇနီးမောင်နှံသည် သူတို့၏ တစ်ဦး
ည်းသော သားငယ်ကို ခေါ်ဆောင်ကာ ဆရာ ရသေ့ထံ
ရောက် ဖူးမြော်ကန်တော့ကြသည်။ ထိုအခါ ရသေ့က
ားမောင်နှံကိုသာ အသက်ရာကျော်ရှည်ပါစေကြောင်း
ာင်းပေးပြီး သားငယ်ကိုကား ချန်လှပ်ထားခဲ့၏။
များက အကြောင်းရင်းကို မေးမြန်းလျှောက်တင်သော
ရသေ့က ထိုသူငယ်သည် နောက်ထပ် ခုနစ်ရက်မျှသာ
က်ရှင်တော့မည်ဟု ဆိုလိုက်လေသည်။ ထိုသောအခါ
ားတို့လည်း သားငယ်အပေါ်တွင် ကျရောက်လာမည့်
အန္တရာယ်ကို တားမြစ်ဟန့်တားပေးပါရန် ရသေ့အား
င်းပန်ကြ၏။ ရသေ့လည်း သူ မတတ်နိုင်ပါကြောင်းနှင့်



ဂယာမြို့နိုင်ငံတကာဗုဒ္ဓဘာသာဝင်ပိုက်ကွက်မှ

ဂျပန်လက်ရာရုပ်ထုကြီးများ

ဘုရားရှင်ထံသို့သာ သွားပါရန် အကြံပြုလေသည်။ ဘုရား
ရှင်ထံ ရောက်ကြသောအခါတွင်လည်း ဘုရားရှင်က ပုဏ္ဏား
တို့အား အသက်ရှည်ပါစေဟု ဆုပေးပြီး သားငယ်မှ ရှိနိုး
သောအခါ ဆိတ်ဆိတ်ပင် နေလေ၏။ ပုဏ္ဏားတို့လည်း
ဘုရားရှင်အား လျှောက်မေးကြရာ ယခင်အတိုင်းပင် သား
ငယ်၏အသက်သည် ခုနစ်ရက်မျှသာဟု သိလိုက်ရပြန်သည်။
မိဘတို့လည်း သား၏အသက်ကို ကယ်မ,ပါမည့်အကြောင်း
ဘုရားရှင်ထံ တောင်းလျှောက်ကြပြန်၏။

ဘုရားရှင်က ဇနီးမောင်နှံအား မိမိတို့၏ အိမ်တံခါးဝတွင်
မဏ္ဍပ်တစ်ဆောင်ဆောက်လုပ်စေ၏။ မဏ္ဍပ်အလယ်တွင်
အင်းပျဉ်ထိုင်ခုံတစ်ခုပြုလုပ်၍ ယင်းအား ဝန်းရံကာ နေရာ
ရှစ်ခု သို့မဟုတ် ဆယ့်ခြောက်ခုခင်းစေလျက် ရဟန်းသံဃာ
တို့အား ပင့်ဖိတ်၍ ပရိတ်တရားတော်များကို ရွတ်ဖတ်
သရဇ္ဈာယ်စေလျှင် အသက်ချမ်းသာရာရမည်ဟု မိန့်ကြား
လေသည်။

ပုဏ္ဏားမောင်နှံလည်း အိမ်သို့ပြန်ကာ ဆိုသည့်အတိုင်း
စီစဉ်လေ၏။ ထို့နောက် ရဟန်း သံဃာတော်များအား



www.burmeseclassic.com

www.burmeseclassic.com

ဖိတ်လေသော် သူငယ်အား အလယ်အင်းပျဉ်တွင် ထားလျက် ခုနစ်နေ့ ခုနစ်ညပတ်လုံး အဆက်မပြတ် ပရိတ်တရားတော်များကို ရွတ်ဖတ်ပေးလေသည်။ ခုနစ်ရက်မြောက်နေ့တွင်ကား ဘုရားရှင်ကိုယ်တော်တိုင် ကြွရောက်လာတော်မူကာ အန္တရာယ်ကင်း ပရိတ်တရားတော်များကို ရွတ်ဖတ်ချီးမြှင့်ပေးပြန်၏။

ထိုသို့ ပြုလုပ်ပေးခြင်းဖြင့် ကလေးငယ်ကို စားခွင့်ရသော အဝရုဓ္ဓက ဘီလူးသည် ကလေးငယ်ကို ယူဆောင်ရန် လာသောအခါ ဘုရားရှင်နှင့် သံဃာတော်များ ရှိနေသော မဏ္ဍာပ်အနီးသို့ မကပ်နိုင်ဘဲ ရှိလေသည်။ ခုနစ်ရက်မြောက်သောအခါတွင်ကား ဘီလူးလည်း သူငယ်အား မယူဆောင်နိုင်သဖြင့် ပြန်သွားလေတော့သည်။ ရှစ်ရက်မြောက်သောနေ့ အရုဏ်တက်ချိန်တွင်ကား ပုဏ္ဏားမောင်နှံလည်း အသက်မသေဘဲ ကျန်ရစ်သော သား‌ငယ်ကို ယူဆောင်ကာ ဘုရားရှင်အား ရှိခိုးကန်တော့စေ၏။ ဘုရားရှင်လည်း "ဒီဃာယုကော ဟောတိ-အသက်ရှည်သည် ဖြစ်ပါစေသတည်း"ဟု ဆုပေးတော်မူလေသည်။ ထိုအခါမှစ၍ ကလေးငယ်လည်း "အာယုဝဍ္ဍနကုမာရ"ဟု အမည်တွင်လေသည်။

ခုနစ်ရက်သက်တမ်းမျှဖြင့် သေဆုံးရတော့မည့် သူငယ်လေးအား မြတ်စွာဘုရားက ရဟန္တာရှစ်ပါး ဝန်းရံလျက် ပရိတ်တရားတော်များ ရွတ်ဖတ်ပေးခဲ့သောကြောင့် ကလေးငယ်မှာ အသက်မသေတော့ဘဲ အာယုဝဍ္ဍန သတို့သားအဖြစ် သက်တမ်းအနှစ် (၁၂၀)တိုင် ရှည်ခဲ့ရ၏။ ထိုဝတ္ထုတွင် လာသည့်အတိုင်း ဘေးအန္တရာယ်များ ကင်းပကာ မင်္ဂလာအပေါင်း ခ,ညောင်းစေရန် ဘုရားရှင်နှင့်တကွ ရဟန္တာကြီးရှစ်ပါးကို ပူဇော်ခြင်းများ ပြုလုပ်လာခဲ့ခြင်းဖြစ်သည်။ မြတ်စွာဘုရား (The Buddha)တစ်ပါးနှင့် သာဝက ရှစ်ပါး (Eight of His most important disciples)ကို ပေါင်းလျက် ဘုရားကိုးဆူဟု ခေါ်တွင်ခဲ့ခြင်းပင်။ ဝတ္ထုတွင် ရဟန္တာ(Arahats)-ရှစ်ပါး(ဆယ့်ခြောက်ပါး)ဟုသာ အမည်မပါဘဲ ပြဆိုထားသည်။ ယခုအခါတွင်မူ လက်ျာတော်ရံ အဂ္ဂသာဝက အရှင်သာရိပုတ္တရာ(Sariputta)၊ လက်ဝဲတော်ရံ အဂ္ဂသာဝက အရှင်မဟာမောဂ္ဂလာန် (Moggallana)၊ အရှင်ကောဏ္ဍည (Kodanna)၊ အရှင်အာနန္ဒာ(Ananda)၊ အရှင်ဥပါလိ (Upali)၊ အရှင်ဂဝံပတိ (Gavampati)၊ အရှင်ရာဟုလာ (Rahula)နှင့် အရှင်ရေဝတ (Revata) ဟု အမည်များနှင့်တကွ ဖော်ပြလာကြသည်။ ဗုဒ္ဓသည် သူ၏ သံဃာအဖွဲ့အစည်းတွင် အကြီးအမှူးဖြစ်သည်။ ရှင်သာရိပုတ္တရာသည် ဒုတိယအမြင့်ဆုံးနေရာတွင် ရှိ... သူသည် ပညာစွမ်းအားကြီးမားသဖြင့် ပညာအရာ၌ ကော... ရ၏။ ဗုဒ္ဓပြီးနောက် ဒုတိယ ပညာဉာဏ်ကြီးမားသူဖြစ်သည်... ဟုပင် ဆိုကြသည်။ ဗုဒ္ဓဟောကြားတော်မူသော ခက်ခဲနက်... ကျယ်ဝန်းသည့် အဘိဓမ္မာတရားတော်ကို ရဟန်းရှင်လူ... လွယ်ကူစွာ သိနားလည်အောင် ကောင်းစွာ ဟောကြားတော်... မူနိုင်ခဲ့၏။ ထို့ကြောင့်လည်း ဘုရားရှင်က ဓမ္မသေနာပတ... (တရားစစ်သူကြီး)ဘွဲ့ကို ချီးမြှောက်ခြင်းဖြစ်သည်။ ထိုသံဃာ... အဖွဲ့အစည်းတွင် ဗုဒ္ဓပြီးလျှင် အဂ္ဂသာဝက နှစ်ပါး၊ ထို့နောက် မဟာသာဝက-၈၀၊ ထို့နောက် ပကတိသာဝက များဟူ... အဆင့်ဆင့်ရှိခဲ့လေသည်။

ထို့ပြင် ယနေ့ခေတ် ဘုရားကိုးဆူ ပူဇော်ပွဲများ... ဖော်ပြပါ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် ကိုးပါးအပြင်၊ နတ်ကြီး... (Five Divinities)နှင့် ဂြိုဟ်ကြီး ကိုးလုံး (the Nine Planets)ကိုလည်း ထည့်သွင်းကာ တွဲဖက်၍ ပူဇော်... သည်ကိုလည်း တွေ့လာရပါသည်။

### မြန်မာရာဇဝင်လာ ဘုရားကိုးဆူပူဇော်ခြင်းဓလေ့...

မြန်မာရာဇဝင်တွင်လည်း သက္ကရာဇ် ၉၄၀ ခန့် ဘု... နောင်မင်းတရားကြီးလက်ထက်၊ သားတော် အနော်ရထာ... စော ယိုးဒယားနိုင်ငံ ဇင်းမယ် (Chiang Mai)ကို အုပ်... စဉ်က မြန်မာဘာသာနာပြု ဆရာတော်ကြီးများသည် ဇင်း... တွင် နတ်ကြီးကိုးပါးပူဇော်ပွဲများကို ဘုရားကိုးဆူအစား... လုပ်ခဲ့ကြဖူးသည်။ ထိုသို့ ပြုရာမှ ဘုရားကိုးဆူ ပူဇော်... အစဉ်အလာများ ပြန်လည်ပေါ်ထွန်းလာသည်ဟု န... ပူဇနီယကျမ်း၊ သဒ္ဓနဝိလာသိနီကျမ်းတို့တွင် ဖော်ပြထား...

မင်္ဂလာကျက်သရေတိုးပွားစေရန်အတွက် လည်းကော... အန္တရာယ်ကင်း ဘေးရှင်းစေရန်အတွက် လည်းကောင်း ... လုပ်ကြသော ဘုရားကိုးဆူပွဲများမှာ ဘုရားရှင်အား ပူဇော်... သာဖြစ်ရာ မဟာကုသိုလ်ပင်ဖြစ်ပါသည်။ သို့သော် နတ်... ဂြိုဟ်ရုပ်များ ပါနေခြင်းကမူ ထေရဝါဒနှင့် မကိုက်ညီ... မြင့်မြတ်သန့်ရှင်းသော လောကုတ္တရာကိစ္စများတွင် လော... အစီအရင်များ ဝင်ရောက်စွက်ဖက်လာခြင်းသည်ကား ... တစ်ဖက်၊ ရေမှုတ် တစ်ဖက်ဖြစ်နေလေသည်။

### ဘုရားကိုးဆူအပေါ် ဆရာတော်ကြီးများ၏ အမြင်...

ဘိုးတော်ဘုရား (၁၇၈၂-၁၈၁၇) ခေတ်တွင်၊ ... ဒေါင်ဆရာတော်က "အာယုဝဍ္ဍနကုမာရဝတ္ထု၌ အ...



www.burmeseclassic.com

www.burmeseclassic.com

# ကံပွင့် လာဘ်ပွင့်စေသော အရောင်များ၏ စွမ်းအင်

ကိုရွှေမြသန်း (သမိုင်း)

ထိုနေ့က မိမိ စီစဉ်ဆောင်ရွက်နေသည့် ဘာသာရေးစာပေ တည်တံ့ပြန့်ပွားရေးစာစဉ် (၂)အတွက် စာရေးဆရာ၊ အဆ ဒိတာ ပေရယ်နွေ့(ကို)ထံ ရောက်သွားစဉ် လေးငါးနှစ်ခန့်က သိကျွမ်းခဲ့ဖူးသည့် ပန်းချီဆရာ ကိုမြင့်မောင်နှင့်လည်း ဆုံဖြစ်ခဲ့၏။

ခုံပုပုလေးတွေနှင့် ထိုင်ရသည့် လက်ဖက်ရည်ဆိုင်စကားဝိုင်းမှာ စာအုပ်အကြောင်း စကားစသတ်သွားတော့ မိမိနှင့် ပန်းချီဆရာတို့ အရောင်များအကြောင်း စကားရောက်သွားသည်။

မိမိမှ အရောင်များ၏ စွမ်းအင်သတ္တိနှင့် နေ့အလိုက် လာဘ်ပွင့် ကံကောင်းစေသော အရောင်များအကြောင်းကို ပြောပြဖြစ်ခဲ့၏။ ပြောပြဖြစ်ခဲ့သည်များမှာလည်း သစ်တံခါး ဆရာတော် ဘဒ္ဒန္တမဃဒေဝတ (ယော)၏ စိတ်အကြံအောင်မြင်အောင် အမိဋ္ဌာန်ကျင့်စဉ် ဆောင်မှ ဖြစ်ကြောင်းကိုလည်း ဝန်ခံစကားဆိုခဲ့ရသေး၏။




အပြန်ခရီးတွင်တော့ စာတစ်ပုဒ်အဖြစ် ရေးသားလိုက်လျှင် ကောင်းမှာပဲဟု အတွေးပေါ်မိသဖြင့် မိမိပြောပြဖြစ်ခဲ့သည့် အရောင်များ၏ စွမ်းအင်သတ္တိနှင့် နေ့အလိုက် လာဘ်ပွင့် ကံကောင်းစေသော အရောင်များ၏ သဘောအဓိပ္ပာယ်တို့ကို ဖော်ပြပေးလိုက်ပါသည်။

◈◈◈

## အရောင်များ၏ စွမ်းအင်သတ္တိနှင့် ထူးခြားချက်များ

### (၁) အဖြူရောင်

အဖြူရောင်သည် ယင်ကာလာဖြစ်၍ ယင်ချိုစွမ်းအင်များရှိသည်။ တစ်နေ့တာကုန်ဆုံး၍ ညအချိန်သို့ ကူးပြောင်းသော ကာလဖြစ်သည်။ လမင်း၏ အရောင်လည်းဖြစ်သည်။ အေးချမ်းမှုကို ဖြစ်စေသည်။ သန့်ရှင်းစင်ကြယ်၍ သူတော်


www.burmeseclassic.com

www.burmeseclassic.com

စင်များ သုံးဆော(င်)သော အရောင်ဖြစ်သည်။ ကျစ်လျစ်သိပ်သည်းသော၊ သိမ်မွေ့နူးညံ့၍ အေးချမ်းသာယာတည်ငြိမ်သော သဘောကို ဆောင်သည်။ ကျန်းမာရေးကို များစွာအထောက် အကူပြုသည်။ ထို့ကြောင့် ဆရာဝန်၏ ဝတ်စုံများနှင့် ဆေးရုံ ဆေးခန်းများ၏ ခုတင် အိပ်ရာခင်းများကို အဖြူရောင်သုံးခြင်း ဖြင့် မြင်တွေ့ရသော လူမမာများအဖို့ စိတ်ချမ်းသာ၍ ရောဂါ များ သက်သာရာရစေပြီး သောကဒုက္ခပြေပျောက်မှုကို ဖြစ် စေပါသည်။

ရှေးလူကြီးသူမများကလည်း ခေါင်းအုံးစွပ်ဖြူဖြူလေးနှင့် အိပ်လျှင် အိပ်မက်လှလှမက်တတ်ပြီး အရောင်တောက်သော ခေါင်းအုံးစွပ်နှင့် အိပ်လျှင် အိပ်မက်ဆိုးများ မက်တတ်သည်ဟု ပြောဆိုခဲ့ဖူးပါသည်။ နိုင်ငံတကာ ဘောလုံးပွဲများတွင် အသုံးပြုသော ဘောလုံး၏အရောင်သည် အဖြူရောင်ဖြစ်ပါသည်။

## (၂) အနီရောင်

ယန်ကာလာဖြစ်သည်။ ယန်ချီစွမ်းအင်များ ရှိသည်။ နေမင်းဖြစ်သော တနင်္ဂနွေဂြိုဟ်၏ အရောင်လည်း ဖြစ်သည်။ ထက်မြက်သော စွမ်းအင်များ ရှိသည်။ ရဲရင့်ခြင်း၊ ခြေမြန်လက်မြန်ရှိခြင်း၊ သွက်လက်ဖျတ်လတ်ခြင်း၊ ရမ္မက်ပြင်းထန်ခြင်း၊ အာဏာကို မက်မောတတ်၍ သည်းခံခြင်းတရား နည်းပါးခြင်း၊ တစ်ကိုယ်ကောင်းဆန်၍ အနိုင်ရလိုသောစိတ် ရှိခြင်း၊ အကောင်းကြိုက်တတ်ပြီး စိတ်ပြောင်းလွယ်တတ်ခြင်း စသော သဘောများကို ဖြစ်ပေါ်စေသည်။ စိတ်ကို တက်ကြွအောင် သွေးထိုးလှုံ့ဆော်ပေးပြီး တိုက်ခိုက်လိုသော အရောင်ဖြစ်သည်။ နှလုံးခုန်ခြင်းကို မြန်စေပြီး ဆာလောင်မှုကို ဖြစ်စေသည်။

ငွေကြေးဥစ္စာရရှိရန်အတွက် ကံကောင်းစေသော အရောင်ဖြစ်သည်။ အနီရောင်ကို ဝတ်ဆင်ထားသူသည် ဖျတ်လတ် တက်ကြွမှုရှိပြီး စွမ်းအင်များလည်း တိုးပွားစေသည်။ ကစားသည့်အခါတွင် အနီရောင်ဝတ်ဆင်ပြီး ကစားပါက မိမိ၏ စွမ်းအင်များကို တိုးတက်စေပြီး ကံကောင်းစေနိုင်ပါသည်။

အရောင်များထဲတွင် အနီရောင်သည် တန်ခိုးအကြီးဆုံးဖြစ်သည်။ နဝရတ်ကိုးပါးတွင် အလယ်မှ ကျောက်ဖြစ်
...ျောက်၏ အရောင်သည် အနီရောင်ဖြစ်
...ါး၏ ဂုဏ်သတ္တိများမှ "ပတ္တမြား ဘုန်း
...အေးချမ်း၊ စိန်စွမ်းဂုဏ်ရောင်" စသည်ဖြင့် ဆိုထားရာ အနီရောင် ပတ္တမြားသည် ဘုန်းတန်ခိုးတောက်စေကြောင်း ထင်ရှားလှပါသည်။

## (၃) အနက်ရောင်

အနက်ရောင်သည် စနေဂြိုဟ်၏ အရောင်ဖြစ်သည်။ တည်ကြည် ရင့်ကျက်ခြင်း၊ ဝမ်းနည်းခြင်းသဘောကို ဆောင်သည်။ ခက်ထန်မာကျောခြင်း၊ လေးနက်ခြင်း၊ မာနကြီးတတ်ခြင်း၊ ဝမ်းနည်း၍ မျက်ရည်ကျရန် ဝန်လေးတတ်ခြင်း စသော သဘောဆန္ဒများ ရှိနေတတ်သည်။ ဆက်ဆံရေးတွင် ပြေပြစ်မှုမရှိဘဲ သီးခြားနေလိုသော စိတ်ရှိသည်။

အနက်ရောင်သည် လိင်စိတ်ဖြစ်ပေါ်စေရန် ဆွဲဆောင်မှုအပြည့်ရှိသည်။ ထို့ကြောင့် ညပိုင်း ညစာစားပွဲများ၊ ထမင်းစားပွဲများ သွားမည်ဆိုပါက အနက်ရောင်ဝတ်စုံကို ဝတ်ဆင်ထားခြင်းဖြင့် လိင်မတူသူများကို ဆွဲဆောင်မှုအပြည့်အဝရှိသည်။

တရုတ်လူမျိုးများ၏ ထုံးစံအရ အချိန်ကာလကို တိရစ္ဆာန် ၁၂ကောင်နှင့် ပိုင်းခြားရာမှာ နောက်ဆုံးနှစ်တွင် နေရာယူထားသော ဝက်သည် အနက်ရောင်၏ တိရစ္ဆာန်ဟု သတ်မှတ်ခြင်းခံရသည်။ ၎င်းသည် လူတို့၏ မိတ်ကောင်းဆွေမွန်ဖြစ်သောကြောင့် ဝက်ပုံလေးကို ဆောင်ထားခြင်းဖြင့် စာမေးပွဲအတွက် ကံကောင်းစေမည့် အောင်မြင်မှုလည်း ရရှိလာတတ်သည်။

ဝက်ဖြူတစ်ကောင် ဝပ်နေသည့်ပုံကို ဆောင်ထားနိုင်ပါက ပိုကောင်းပါသည်။

## (၄) အပြာရောင်

ယင်ကာလာဖြစ်သည်။ ယင်ချီစွမ်းအင်များ ရှိသည်။ မိုးကောင်းကင်၏ အရောင်ဖြစ်သည်။ အောင်မြင်မှုများကို ရရှိစေသည်။ အေးချမ်းစွာ နေလိုသော ပျော်ရွှင်မှုကို မက်မောတောင့်တတတ်သော၊ ထိခိုက်ခံစားလွယ်သော ခံစားမှုမျိုးကို ထိန်းချုပ်လွယ်သော သဘောရှိသည်။

ယုံကြည်စိတ်ချခြင်း၊ ကူမြှော်ခြင်း၊ သိက္ခာရှိခြင်း စသော အရည်အချင်းများ ရှိသည်။ ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေမှုကို ဖြစ်ပေါ်စေပြီး စိတ်ပြေပျောက်မှုအသွင်ကို ဖန်တီးပေးနိုင်သည်။

အသက်ရှင်သန်မှုကို အားပေးသည်။ အလုပ်အကိုင်ရရှိစေရေးအတွက် လူကြီးများနှင့် တွေ့ဆုံပြောဆိုရန် သွားပါက အကောင်းဆုံးဖြစ်ပြီး သေချာပေါက် အလုပ်အကိုင်ရရှိမည်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ချစ်သူနှင့် တွေ့ဆုံရန် သွားလာလည်ပတ်သည့် အချိန်အခါများတွင် အပြာနုနု (သို့မဟုတ်) မိုးပြာရောင်များကို ဝတ်ဆင်သွားပါက ချစ်ခရီးတစ်လျှောက် သာယာမှုကို ရရှိစေနိုင်သည်။

## (၅) အစိမ်းရောင်

အစိမ်းရောင်သည် ယန်ကာလာဖြစ်သည်။ ယန်ချို့စွမ်းအင်များ ရှိသည်။ ဟင်းသီးဟင်းရွက်အရောင်ဖြစ်၍ နုပျိုလန်းဆန်းခြင်း၊ ပေါ့ပါးသွက်လက်ခြင်း၊ ရှင်လန်းမှုကို ဖြစ်စေခြင်း၊ အိုမင်းရင့်ရော်မှုကို ဆန့်ကျင်တိုက်ဖျက်သော၊ သစ္စာရှိသော၊ ကတိတည်ကြည်သော၊ ကြင်နာ၍ ကရုဏာတရားကြီးမားတတ်သော၊ သူတစ်ပါးကို ကူညီတတ်သော၊ ချိုသာရည်မွန်သော သဘောထားရှိတတ်သည်။

သားသမီးရတနာ ရရှိစေရန်အတွက် ကံကောင်းစေသော အရောင်ဖြစ်သည်။ ကြည်လင်အေးချမ်းသော သဘောကို ဆောင်သည်။ လေအေးပေးစက် တပ်ဆင်ထားသော အခန်းအတွင်းတွင် အနီရောင်သုတ်ထားပေးခြင်းထက် အစိမ်းရောင်သုတ်ပေးခြင်းက အအေးဓာတ်ကို ပိုစေနိုင်ပါသည်။

လယ်ကွင်းပြင်စိမ်းစိမ်းကို ကြည့်ရခြင်းသည် ခြောက်သွေ့နေသည့် ကန္တာရကို ကြည့်ရခြင်းထက် သာယာပျော်ရွှင်ချမ်းမြေ့မှုကို ရရှိနိုင်မည်ဖြစ်သည်။ ထို့ပြင် နိုင်ငံတကာဆေးရုံများတွင် လူမမာများအတွက် ထားရှိသော ခြံစောင်ကာလာသည် အစိမ်းရောင်ဖြစ်သည်။ အစိမ်းရောင် ခြေအိတ်ကို ဝတ်ဆင်၍ထားပါက ပေါ့ပါးရွှင်လန်းမှုကို ရစေတတ်ပြီး အသွားအလာပေါ့ပါးစေလိုပါက အစိမ်းရောင် သဲကြိုးဖိနပ်ကို စီးကြည့်ပါ။ ပို၍ပေါ့ပါးနေပါမည်။ သွက်လက်နေပါမည်။

## (၆) ခရမ်းရောင်

ခရမ်းရောင်သည် ယန်ကာလာဖြစ်သည်။ ယန်ချို့စွမ်းအင်များ ရှိသည်။ စိတ်ကူးယဉ်တတ်သော အရောင်ဖြစ်သည်။ အနုပညာ၊ မျက်လှည့်ပညာများကို လိုက်စားလိုစိတ်များ ဖြစ်ပေါ်တတ်သည်။

ဆွဲဆောင်မှုအပြည့်ရှိသော်လည်း ကိစ္စရပ်များအတွက် အာရုံနယ်ယူလိုစိတ် လုံးဝ မရှိပေ။ ပြဿနာတစ်ခုကို ရင်ဆိုင်ရန်အတွက် ဝန်လေးတတ်သည့်စိတ်ရှိသည်။

အလှအပများကို နှစ်သက်မက်မောတတ်သည်။ ရင်ခွင်းကို ငြိမ်းအေးသက်သာစေသော အရောင်ဖြစ်ပြီး စိတ်ကူး အိပ်မက်ဆန်ဆန်အတွေးများ ဖြစ်ပေါ်စေတတ်သည်။

ငွေကို ကန်ထုတ်စေနိုင်သောအရောင်ဖြစ်သောကြောင့် ငွေကြေးနှင့် ပတ်သက်သော ကိစ္စများကို ဆောင်ရွက်လုပ်ကိုင်သည့် အချိန်ခါမျိုးတွင် ၎င်းအရောင်ကို ဝတ်ဆင်ခြင်းရှောင်သင့်သည်။ ငွေကြေးရစရာကိစ္စများကို ဆောင်ရွက်ချိန်၌ ဖြစ်နိုင်လျှင် ခရမ်းရောင်ပါသော မရမ်းသီးစားခြင်းကိုပင် ရှောင်ကြဉ်ပါ။

## (၇) လိမ္မော်ရောင်

လိမ္မော်ရောင်သည် ယန်ကာလာဖြစ်သည်။ ယန်ချို့စွမ်းအင်များ ရှိသည်။ လိင်မတူသူများကို ဆွဲဆောင်နိုင်စွမ်းရှိပြီး အများ၏ အာရုံစိုက်ခြင်းကို နှစ်သက်တတ်၏။ အပျော်အပါး ဝါသနာပါပြီး ပေါ့ပေါ့တန်တန် နေလိုစိတ်၊ စေတနာကောင်း၍ ရက်ရောတတ်သောစိတ် ရှိသည်။

ရုတ်တရက် စိတ်ဓာတ်ကျဆင်းမှုများ ဖြစ်ပေါ် ခံစားရတတ်သည်။ အပေါ်ယံပြောကောင်းသူများ ဖြစ်တတ်၏။ လိမ္မော်ရောင်သည် တက်ကြွပျော်ရွှင်မှုကို ပေးတတ်သည်။ ၎င်းအရောင်ကို အသုံးချရာတွင်လည်း လိုအပ်သည့်နေရာတွင် လိုအပ်သလို အသုံးချနိုင်လျှင် ကောင်းပါသည်။ အသုံးချမှားလျှင် ကြောင်တောင်တောင်ဖြစ်တတ်ပါသည်။ လိမ္မော်ရောင်သည် သစ်လွင်တောက်ပမှုကို အားပေး၏။

## (၈) အညိုရောင်

အညိုရောင်သည် ယင်ကာလာဖြစ်သည်။ ယင်ချို့စွမ်းအင်များ ရှိသည်။ ၎င်းအရောင်ကို သော့ခလောက်ဟုလည်း ခေါ်ဆိုနိုင်သည်။ စိတ်ထဲတွင် လုံခြုံသည်ဟု စိတ်တွင်ထင်ရသည်။ အညိုရောင်ကို ဝတ်ဆင်ထားခြင်းဖြင့် ၎င်းအညိုရောင်စွမ်းအင်များ၏ လှိုင်းအလျားသည် မိမိ၏ စိတ်ကို လာရိုက်ခတ်ပြီး စိတ်ချစမ်းပါ၊ မပူပါနဲ့၊ အရာရာဟာ စိတ်ချရပါတယ်ဟု လှမ်းပြောနေသကဲ့သို့ ဖြစ်နေလိမ့်မည်။

ထို့ကြောင့် ငွေကြေးများကို သိမ်းဆည်းရာတွင် အညိုရောင်အိတ်၊ အညိုရောင် သေတ္တာဘူးများဖြင့် သိမ်းဆည်းထားသင့်သည်။ အမြဲတမ်း ကိုင်ဆောင်သည့် ပိုက်ဆံအိတ်အရောင်သည် အညိုရောင်ဖြစ်သင့်သည်။

ဇော်ဂျီ၏ အထင်ရှားဆုံး အရောင်သည် အညိုရောင် (နီညိုရောင်)ဖြစ်သည့်အပြင် သူတော်စင် ယောဂီများ ခရီးလျှောက် ဘိုးတော်များ၏ အသုံးအဆောင်ပစ္စည်းများသည် အညိုရောင်သာ ဖြစ်သည်။ ထို့ကြောင့် အညိုရောင်သည် အေးချမ်းမှုကို လိုလားဖြစ်စေသော အရောင်ဖြစ်သည်



www.burmeseclassic.com

www.burmeseclassic.com

### (၉) အဝါရောင်

အဝါရောင်သည် ယန်ကာလာဖြစ်သည်။ လူထုဆက်သွယ်ရေးအရောင်ဖြစ်သည်။ အတူတကွ ပူးပေါင်းဆောင်ရွက်လိုသောစိတ်ကို ဖြစ်ပေါ်စေသည်။ စုစည်းညီညွတ်၍ သဘောတူညီမှု ရရှိသောအရောင်ဖြစ်သည်။

ပရဟိတ အများကောင်းကျိုးဆောင်ရွက်လိုသော စိတ်ကို ဖြစ်ပေါ်စေသည်။ အတွေးသစ်၊ အမြင်သစ်၊ စိတ်ကူးသစ်၊ အကြံဉာဏ်သစ်များကို စိတ်ထဲ၌ ပေါ်ပေါက်စေသည်။ ဉာဏ်အလင်းကို ပွင့်စေနိုင်သည်။

ကြိုဆိုခြင်း၊ လက်သင့်ခံခြင်း၊ အပြောင်းအလဲကို နှစ်သက်စေသော သဘောရှိသည်။ နှစ်လိုဖွယ်ရှိခြင်း၊ ရောင်ပြန်ဟပ်ခြင်း၊ တုံ့ပြန်ခြင်းဟူသော သင်္ကေတကို ဖော်ညွှန်းသည်။

အသက်ရှည်ခြင်းအတွက် ကံကောင်းစေသော အရောင်ဖြစ်သည်။ စားသောက်ဆိုင်များရှိ ပစ္စည်းများကို အနီရောင်နှင့် အဝါရောင်တွဲပြီး ဆင်ယင်ထားသင့်ပေသည်။ အဝါရောင်က စုစည်းစေသည့် သဘောရှိသည့်အပြင် လူထုဆက်ဆံရေးအရောင်ဖြစ်၍ ဆိုင်ကို လူများ လာရောက် စားသောက်စေသည်။ အနီရောင်က လာရောက် စားသောက်သူများ၏ အစာချေနှုန်းကို မြှင့်ပေးသောကြောင့် ထိုဆိုင်သည် အရောင်းသွက်စေနိုင်၏။

အဝါရောင်သည် ဂုဏ်သိန်ကြီးမြင့်သော အရောင်ဖြစ်၍ မင်းခမ်းမင်းနားများနှင့် ပွဲလမ်းသဘင်များတွင် သုံးသင့်သော အရောင်ဖြစ်သည်။

◈◈◈

ဤသို့ သိသင့် သိထိုက်သော အရောင်များ၏ စွမ်းအင်နှင့် ထူးခြားချက်များကို သိထားပါက မိမိဆောင်ရွက်သော ကိစ္စကြီးငယ် (သို့မဟုတ်) ဆောင်ရွက်ဖွယ်တို့ကို ဆောင်ရွက်ရာ၌ ဆောင်သင့်တာ ဆောင်၍၊ ရှောင်သင့်တာ ရှောင်ရှားပါက ဘေးဒုက္ခဖြစ်မှု ကင်းဝေးပြီးလျှင် အောင်မြင်မှုများ ရေ့တန်းရောက်လာမည်ဖြစ်ပါသည်။

◈◈◈

ထို့အပြင် အရောင်များနှင့် စပ်လျဉ်း၍ မိမိတို့၏ တစ်နေ့တာအတွက် လာဘ်ပွင့်၍ ကံကောင်းစေသော အရောင်များကို ရွေးချယ်အသုံးပြုကြည့်ကြမည်ဆိုလျှင်…

**တစ်နေ့တာအတွက် လာဘ်ပွင့်၍ ကံကောင်းစေသော အရောင်များ**

လူတစ်ဦးတစ်ယောက်မှာ အရောင်အသွေးသည် သူငါသတ္တဝါတို့၏ စိတ်ကို ဖမ်းစားချုပ်ကိုင်နိုင်သော အရာဖြစ်သည်။ စိတ်ဓာတ်ကို လေးလံထိုင်းမှိုင်းစေနိုင်သလို၊ တက်ကြွလန်းဆန်းအောင်လည်း ဖန်တီးပေးနိုင်စွမ်းရှိ၏။

မြန်မာစကားပုံတွင် တောင်းမှာ အကွပ်၊ လူမှာ အဝတ် ဟူသည့် ဆိုစကားရှိပါသည်။ အဝတ်အစားဝတ်ဆင်ရာတွင် သူ့နေရာနှင့်သူ အရောင်တွေကို ရွေးချယ်ဝတ်ဆင်လျှင် အလိုရှိရာ အောင်မြင်ပြီး လာဘ်ရွှင် ကံကောင်းနိုင်သကဲ့သို့ အညံ့အဆိုးများကိုလည်း ကျော်လွှားပစ်နိုင်ပါသည်။

သို့ဖြစ်ပါ၍ မြန်မာ့ရိုးရာထုံးတမ်းစဉ်လာအရ ကံကောင်းခြင်း၊ လာဘ်ပွင့်ခြင်းကို စွမ်းဆောင်ပေးနိုင်သော နေ့အလိုက် အရောင်ရွေးချယ် ဝတ်စားဆင်ယင်မှုကို ဖော်ပြလိုက်ပါ၏။

(၁) တနင်္ဂနွေနေ့၌ အဝါရောင်ကို ရွေးချယ်ဝတ်ဆင်ပါ။

(၂) တနင်္လာနေ့၌ အဖြူရောင်ကို ရွေးချယ်ဝတ်ဆင်ပါ။

(၃) အင်္ဂါနေ့၌ အနီရောင်၊ ကြက်သွေးရောင်၊ လိမ္မော်ရောင်တို့ကို ရွေးချယ်ဝတ်ဆင်ပါ။

(၄) ဗုဒ္ဓဟူးနေ့၌ ငွေရောင်တောက်ပသော အရောင်တို့ကို ရွေးချယ်ဝတ်ဆင်ပါ။

(၅) ကြာသပတေးနေ့၌ အပြာရောင်၊ ခရမ်းရောင်တို့ကို ရွေးချယ်ဝတ်ဆင်ပါ။

(၆) သောကြာနေ့၌ အစိမ်းရောင်၊ စိမ်းနုရောင်တို့ကို ရွေးချယ်ဝတ်ဆင်ပါ။

(၇) စနေနေ့၌ အနက်ရောင်၊ အပြာရောင်တို့ကို ရွေးချယ်ဝတ်ဆင်ပါ။

ဖော်ပြပါ နေ့ရက်များ၊ သက်ဆိုင်ရာအရောင်တို့ ပါဝင်သည့် အဝတ်အစားများကို ရွေးချယ်ဝတ်ဆင်ခြင်း၊ လက်ကိုင်ပဝါ၊ လက်ကိုင်အိတ်၊ လွယ်အိတ်၊ ဖဲကြိုး၊ ခေါင်းစည်းကြိုး၊ ဖိနပ် အစရှိသော အသုံးအဆောင်များကိုလည်း နေ့ရက်အလိုက် သတ်မှတ်ထားသော အရောင်များ ရွေးချယ်သုံးခြင်းဖြင့် အလုပ်အကိုင်များ အဆင်ပြေခြင်း၊ လူချစ်လူခင်များခြင်း၊ ကြံစည်တိုင်း အောင်မြင်ခြင်း၊ လာဘ်ရွှင်ခြင်း၊ ငွေဝင်ခြင်း၊ အခက်အခဲများ ပြေလည်ခြင်း၊ စန်းတက်ခြင်း၊ မျက်နှာပွင့်ခြင်း စသည့်ကံများ အထူးပင် ကောင်းမွန်စေမည်ဖြစ်ပါသည်။

အထူးအားဖြင့် ကံဆိုး ကံညံ့များ ကွယ်ပျောက်လျက် အထူးကံပွင့်၍ လာဘ်ပွင့် စန်းတက်ကာ ကြံစည်သမျှ အောင်မြင်နိုင်သော၊ လုပ်ကိုင်သမျှ အဆင်ပြေနိုင်သော အကြောင်း ဆောင်ရွက်သင့်ကြောင်းကို မေတ္တာ ... ထား၍ တိုက်တွန်းရင်းဖြင့်… ■

* * *

ကိုရွှေမြသန်း(သ…



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

■

ညွန့်မိုး၊ ချစ်ဝေ၊ လှထူးတို့သည် အလွန်ချစ်ခင် ရင်းနှီးကြသည့် သူငယ်ချင်းများ ဖြစ်ကြသည်။ သို့တိုင် သူတို့ သူငယ်ချင်း သုံးဦးသည် တစ်ဦးနှင့် တစ်ဦး မေးထူးခေါ်ပြောအဆင့်ပင်မကာ၊ ရန်သူများ ဖြစ်သွားကြသည်က အလွန် တရာပင် အံ့သြစရာဖြစ်ခဲ့ချေပြီ။

သူငယ်ချင်းသုံးဦးစလုံး ကောလိပ် ကျောင်းအပြီး၌ ညွန့်မိုးက ဌာနတစ်ခု တွင် အလုပ်ဝင်ခဲ့သလို၊ ချစ်ဝေက လည်း မိဘလုပ်ငန်းဖြစ်သည့် ကုန်သည် ပွဲစားအလုပ်ကို လုပ်ကိုင်ခဲ့သည်။ ထို အခါ လှထူးက ကျောင်းပြီးသော်လည်း ရာထူးရာခံ မလုပ်သလို၊ ကုန်သည်ပွဲ စားအလုပ်ကိုလည်း မလုပ်ခဲ့။ လှထူး လုပ်နေသည့်အလုပ်က ထူးထူးခြားခြား ပန်းချီရေးဆွဲသည့် အနုပညာလုပ်ငန်း ပင် ဖြစ်သည်။

သူတို့သုံးဦးသည် မိမိတို့ ဝါသနာ ပါရာ လုပ်ငန်းများကို အသီးသီးလုပ် ကိုင်ကြရင်း တစ်ဦးနှင့် တစ်ဦး ဆက် သွယ်ခြင်းမရှိတော့ဘဲ ကင်းပြတ်စွာ နေ ထိုင်ခဲ့ကြလေသည်။

နှစ်ပေါင်းများစွာ ကြာမြင့်သော အခါ ဌာနတစ်ခုတွင် ဝင်ရောက်လုပ် ကိုင်သည့် ညွန့်မိုးသည် "ကြွယ်ကြွယ်" ဆိုသည့် အမျိုးသမီးနှင့် အိမ်ထောင်ပြု ပြီး အရာရှိကြီးဘဝဖြင့် ပင်စင်ယူကာ မဟာမြိုင်မြို့လေးတွင် နေထိုင်လျက် ရှိသည်။

ထိုနည်းတူ ချစ်ဝေကလည်း ကုန်သည်ပွဲစားအလုပ် လုပ်ကိုင်ရင်း "သွယ်သွယ်"ဆိုသည့် အမျိုးသမီးနှင့် အိမ်ထောင်ကျပြီး ကြီးပွားချမ်းသာကာ သားသမီးများအား ကုန်သည်ပွဲစား အလုပ်ကို လွှဲအပ်ပေးပြီး မဟာမြိုင်မြို့ လေးတွင် အေးအေးလူလူ နေထိုင် လေသည်။

◈◈◈

တစ်နေ့ နံနက်စောစောတွင် ဦးညွန့်မိုးသည် မဟာမြိုင်မြို့လေးအစွန် ရှိ မြို့ပတ်လမ်းပေါ်တွင် ကျန်းမာရေး အတွက် လမ်းလျှောက်ထွက်လာခဲ့ သည်။ ထိုအတူ ဦးချစ်ဝေကလည်း ထူးထူးခြားခြား မြို့ပတ်လမ်းပေါ်သို့ လမ်း လျှောက်ထွက်ခဲ့သည်။

ဦးညွန့်မိုး မြို့ပတ်လမ်းပေါ်၌ လမ်းလျှောက်နေစဉ် တဖြည်းဖြည်းချင်း လမ်းမပေါ်သို့ မကျစဖူး လွှမ်းခြုံကျလာ သည့် နှင်းမှုန်၊ နှင်းစက်များနှင့် အအေး ဒဏ်ကြောင့် လမ်းဘေးတွင် အသင့် တွေ့မြင်ရသည့် လက်ဖက်ရည်ဆိုင်အို လေးအတွင်းသို့ ဝင်ရောက်ပြီး ထောင့် ကျကျ စားပွဲခုံတွင် ဝင်ထိုင်ကာ လက် ဖက်ရည်တစ်ခွက်မှာယူကာ သောက် နေလေသည်။

ထို့အတူ ဦးချစ်ဝေကလည်း လမ်းလျှောက်ထွက်လာရင်း လမ်းပေါ် သို့ နှင်းမှုန် နှင်းစက်များ ထူထပ်စွာ ကျလာ၍ လမ်းဘေးရှိ လက်ဖက်ရည် ဆိုင်အိုလေးထဲသို့ ဝင်ရောက်ပြီး လက် ဖက်ရည်တစ်ခွက်မှာကာ ထောင့်ကျကျ စားပွဲခုံတွင် ထိုင်သည်။

လက်ဖက်ရည်ဆိုင်အိုလေး အတွင်းတွင် အလွန်အားနည်းလွန်းသည့် မီးသီးတစ်လုံးထွန်းထားသည်ကို တွေ့ မြင်ရသည်။ ထို ထွန်းထားသည့် မီးသီး အလင်းရောင်က လက်ဖက်ရည်ဆိုင် အတွင်းသို့ အလင်းရောင် လုံလောက် စွာ မဖြန့်ကျက်နိုင်၍ မှုန်ဝါးဝါးသာဖြစ် နေသည်။ ထို့ကြောင့် လက်ဖက်ရည် ဆိုင်အိုလေးအတွင်းသို့ လက်ဖက်ရည် ဝင်ရောက်သောက်သူတိုင်း တစ်ဦးနှင့် တစ်ဦး ကွဲကွဲပြားပြား မမြင်မတွေ့… မှုန်ဝါးဝါးအဖြစ်သာ မြင်တွေ့နေ… သည်။

ထိုလက်ဖက်ရည်ဆိုင်အို… အခင်းအကျင်းနှင့် အလွန်လို… သည့်အဖြစ်ကို စားပွဲခုံတစ်လုံး… ထိုင်ပြီး လက်ဖက်ရည်သောက်… သည့် ဦးညွန့်မိုးနှင့် ဦးချစ်ဝေတို့… စလုံး စိတ်ထဲ၌ အင်မတန် နံ့… သည့် လက်ဖက်ရည်ဆိုင်ဟု မ… နိုင်တော့ဘဲ စကားသံဖြင့် မှတ်… အသီးသီးပြုလိုက်မိကြသည်။

"ဒီ လက်ဖက်ရည်ဆိုင်… အတော့်ကို စုတ်ချာလွန်းတဲ့ ဆိုင်… မီးသီးလေးတစ်လုံးထွန်းရတာ… အတော့်ကို တွန့်တိုနေပုံရတယ်"

ဦးညွန့်မိုးက လက်ဖက်ရည်… လေး၏ အဖြစ်ကို မမျိုသိပ်နိုင်… တစ်ကိုယ်တည်း ပြောသလို… စကားသံ ထွက်ပေါ်သွားလေသည်… ဆိုင်ထောင့်ရှိ စားပွဲခုံတွင် ထိုင်နေ… စကားသံကို ကြားလိုက်ရ၍ ဦးချ… ကလည်း မမျိုသိပ်နိုင်ဘဲ စကားသံ… ပြန်ပေါ်လာသည်။

"ခင်ဗျားပြောတာ ဟုတ်သ… ပဲဗျ။ ဒီ လက်ဖက်ရည်ဆိုင်က အ… ကြီး နွမ်းပါးချို့တဲ့တဲ့ ဆိုင်ပဲဗျာ။ မီး… အလင်းရောင်က ဖယောင်းတိုင်… လောက်တောင် မလင်းနိုင်ရှာဘူး။ … များ လက်ဖက်ရည်ဆိုင်ဖွင့်ပြီး ရော… တယ်လို့ဗျာ"

"ဟုတ်တယ် မိတ်ဆွေရေ။ … မှာ အထူးကောင်းမွန် လတ်ဆတ်… သန့်တဲ့ လက်ဖက်ရည်ဆိုင်တွေ … တယ်။ ဒီနေ့ကျမှ ဒီလက်ဖက်ရည်… ကို ဝင်ထိုင်မိလို့ အခက်တွေ့နေတာ… ပြီးတော့ နှင်းကလည်း မကျစဖူး ကျ… တာဆိုတော့ တော်တော်နဲ့ နှင်း…

www.burmeseclassic.com

ဆည့်ပုံ မပေါ်ဘူး"

"ဟုတ်ပါ့ဗျာ၊ ဟုတ်ပါ့၊ ကျုပ်သိရသလောက် ပြောရရင် ဒီနှင်းက ဒီမြို့လေးမှာ မကျစဖူး ကျတာဗျ။ စောစောက မိတ်ဆွေပြောခဲ့သလို ကျုပ်လည်း ဒီလက်ဖက်ရည်ဆိုင်ကို ဝင်မိတာ မှားပြီထင်တယ်"

ဦးညွန့်မိုးနှင့် ဦးချစ်ဝေတို့သည် နှစ်ပေါင်းများစွာ ကင်းကွာခဲ့၍ တစ်ဦးနှင့် တစ်ဦး မမှတ်မိဘဲ ချောင်ကျကျ စားပွဲခုံတစ်ခုစီတွင် ဝင်ထိုင်ရင်း မိတ်ဆွေသင်္ဂဟ မပြုဘဲ ကိုယ့်အတွေးနှင့် ကိုယ် စကားဖလှယ်နေကြခြင်းဖြစ်သည်။

သူတို့နှစ်ဦးပြောသလိုပင် မဟာမြိုင်မြို့လေးတွင် နှင်းများ မကြုံစဖူး သူးကဲစွာ ကျဆင်းနေ၍ လက်ဖက်ရည်ဆိုင်လေးရှေ့ရှိ လမ်းမပေါ်တွင် နှင်းသီးနှင်းပွင့်များ ထူပိန်းစွာ ရှိနေသည်။ ထို့အတူ လက်ဖက်ရည်ဆိုင်လေးရှေ့ရှိ သစ်ပင်များပေါ်တွင်လည်း နှင်းသီးများ ခိုတွဲလျက်ရှိနေသည်။

"ဒီအတိုင်း နှင်းက ဆက်ကျနေရင် အတော့်ကို ပျင်းရိစရာကြီးဖြစ်နေမှာ သေချာတယ်။ ဒီဆိုင်ကလည်း စိတ်အပန်းဖြေဖို့ တူရိယာအဆောင်အယောင်လည်း မရှိဘူးဗျာ။ ကျုပ်တော့ ဒီနေ့ လမ်းလျှောက်ထွက်လာမိတာ မှားပြီထင်ပါရဲ့"

"ဟုတ်တယ်ဗျို့။ ကျုပ်လည်း ဒီမြို့လေးမှာ နေလာတာ နှစ်အတော်ကြီး ကြာခဲ့ပြီဗျ။ ခုလို နှင်းကျတာမျိုး တစ်ခါမှ မဆုံဘူးခဲ့ဘူး။ ခင်ဗျားပြောသလို လက်ဖက်ရည်ဆိုင်က သောက်စရာတစ်ခုက လွဲလို့ ဘာမှမရှိတော့ စိတ်ပျက်စရာ။ နံနက်ခင်းတစ်ခုဖြစ်နေပြီ နှင်းက ဘယ်အချိန် သိမ်းမယ်မသိပါဘူးဗျာ"

ဦးညွန့်မိုးနှင့် ဦးချစ်ဝေတို့သည် မိမိရင်တွင်းစကားများကို ပြောဆိုဖလှယ်ရင်း နှင်းသိမ်းမည့်အချိန်ကို မှန်းဆပြီး လက်မှာ ပတ်ထားကြသည့် နာရီကို အသီးသီးကြည့်ပြီး ခန့်မှန်းပြောဆိုနေကြသည်။ သို့တိုင် လက်ဖက်ရည်ဆိုင်လေးအတွင်း ချောင်ကျသည့် စားပွဲခုံတွင် ထိုင်နေမိ၍ လည်းကောင်း၊ အလင်းရောင် အားနည်းလွန်းသည့် မီးသီးတွန်းထား၍ လည်းကောင်း တစ်ဦးနှင့် တစ်ဦး စကားတီးတိုးပြောဆိုနေကြသော်လည်း မှုန်ဝါးဝါးအဖြစ်သာ မြင်တွေ့နေရခြင်းဖြစ်သည်။

ထူထဲသိပ်သည်းစွာ ကျနေသည့် နှင်းသီး နှင်းစက်များက လက်ဖက်ရည်ဆိုင်အိုလေးပေါ်ရှိ သွပ်ပြားပေါ်သို့ တပေါက်ပေါက်မြည်သံနှင့် ကြားနေရသလို၊ တစ်ခါတစ်ရံ ပြင်းပြင်းရှရှ တိုက်ခတ်လိုက်သည့် လေပြင်းနှင့်အတူ ပါလာသည့် နှင်းငွေ့များက လက်ဖက်ရည်ဆိုင်လေးအတွင်းသို့ ဝင်ရောက်လာသည်။ ဦးညွန့်မိုးနှင့် ဦးချစ်ဝေတို့ နှစ်ဦးစလုံး စကားဆက်မပြောနိုင်ဘဲ အလိုလို တိတ်ဆိတ်သွားပြီး နှင်းသိမ်းမည့်အချိန်ကိုသာ စောင့်မျှော်ရင်း ကိုယ့်အတွေးနှင့် ကိုယ် ငြိမ်သက်စွာ ထိုင်နေမိကြသည်။

"ဘယ်လိုလဲ မိတ်ဆွေကြီးတို့ရဲ့ မကျစဖူး ကျနေတဲ့ နှင်းတွေကြောင့် အအေးဒဏ်ကို အတော်ကြီး ခံစားနေရပုံထောက်တယ်။ အေးဗျာ၊ ခုလိုအချိန်မှာ ကျုပ်လက်ဖက်ရည်ဆိုင်လေးကို ဝင်ရောက်ပြီး အားပေးတာ ကျုပ် ဝမ်းသာပါတယ်။ မိတ်ဆွေကြီးတို့ နှင်းမသိမ်းမချင်း လွတ်လပ်စွာ နေထိုင်လို့ရပါတယ်"

ဦးညွန့်မိုးနှင့် ဦးချစ်ဝေသည် စားပွဲခုံတွင် ထိုင်ပြီး အတွေးကိုယ်စီဖြင့် ငြိမ်သက်နေစဉ် ရုတ်တရက် ဆိုင်အတွင်းဆီမှ ထွက်ပေါ်လာသည့် စကားသံကို ကြားလိုက်ရလေသည်။ ထို့ကြောင့် နှစ်ဦးသား အသံကြားရာဆီသို့ ပြိုင်တူ လှမ်းကြည့်မိလျက်သား ဖြစ်သွားလေသည်။

မီးသီးအလင်းရောင် မှုန်ဝါးဝါးအောက်တွင် သူတို့နှစ်ဦးကို ကြည့်ပြီး ပြောဆိုနေသည့် လက်ဖက်ရည်ဆိုင်ရှင်ကို ဖြုန်းစားကြီး တွေ့မြင်လိုက်ရခြင်းဖြစ်သည်။ ထိုလက်ဖက်ရည်ဆိုင်ရှင်၏ ရုပ်သွင်ကို ပိုးတဝါးတွေ့မြင်လိုက်မှ ဦးညွန့်မိုးက မိမိအဖြစ်ကို ပြန်တွေးမိရင်း ရှက်ရွံ့ အားနာစိတ်ဖြစ်သွားမိလေသည်။ ထို့အတူ ဦးချစ်ဝေကလည်း အားတုံ့အားနာဖြစ်သွားမိလေသည်။

"မိတ်ဆွေကြီးတို့ . . စောစောက ပြောတဲ့ စကားသံကို ကျုပ် ကြားပါတယ်။ မိတ်ဆွေကြီးတို့ ပြောတဲ့ စကားက မှန်ပါတယ်။ ကျုပ်လက်ဖက်ရည်ဆိုင်က ထည်ဝါမှု မရှိသလို အင်မတန်စုတ်ပြတ်နွမ်းပါးတဲ့ ဆိုင်ပါ။ ဒါပေမယ့် မိတ်ဆွေတို့ ကျုပ်ဆိုင်မှာ လက်ဖက်ရည်သောက်တာကို တွေ့ရတော့ ကျုပ် ကျေနပ်ပါတယ်။ ကျုပ် သွားစရာလေး ရှိလို့ ခွင့်ပြုပါ"

လက်ဖက်ရည်ဆိုင်ရှင်ဆိုသူသည် ဦးညွန့်မိုးနှင့် ဦးချစ်ဝေကို စကားပြောဆိုပြီး ဝတ်ရုံကြီးကို ခြုံလွှမ်းကာ လက်ဖက်ရည်ဆိုင်လေးရှေ့ရှိ နှင်းမှုန်များ တဖွဲဖွဲကျနေသည့် လမ်းမပေါ်သို့ တရွေ့ရွေ့ထွက်သွားသည်ကို ထူးဆန်းစွာ တွေ့မြင်လိုက်ရလေသည်။

"ဒီဆိုင်ရှင်ရဲ့ ပွင့်လင်းတဲ့ စကားသံကို ကြားရတော့ ကျုပ်စိတ်ထဲမှာ အတော်ကြီး ရှက်ရွံ့မိတယ်ဗျာ။ တကယ်ဆို ကျုပ်က လက်ဖက်ရည် ဆိုင်လာတာက လက်ဖက်ရည်သောက် ဖို့ပဲဗျ။ ဒီတော့ ကျုပ်ပြောသင့်တာ

www.burmeseclassic.com

ကျုပ်သောက်တဲ့ လက်ဖက်ရည်ကောင်း မကောင်းပဲ ပြောသင့်တာမဟုတ်လား"

"ဟုတ်ပါရဲ့ဗျာ။ ကျုပ်လည်း ဆိုင်ရှင်ကို အားနာမိတာ အမှန်ပဲဗျာ။ ကျုပ်တို့ လက်ဖက်ရည်သောက်ခဲ့ပေမယ့် နှင်းတွေ ကျနေလို့ နှင်းခိုခွင့်ရတဲ့ ဒီလက်ဖက်ရည်ဆိုင်ကို ကျေးဇူးတင်ရမှာဗျ"

ဦးညွန့်မိုးနှင့် ဦးချစ်ဝေတို့သည် နှင်းမှုန်များ တဖွဲဖွဲကျဆင်းနေသည့် လမ်းမပေါ်ရှိ မြင်ကွင်းကို ကြည့်ရင်း အသီးသီး စကားသံတွေပျောက်သွားမိပြန်လေသည်။

"ကျုပ်တော့ နှင်း ဆက်မကျလည်း အိမ်ကို မပြန်သေးဘူးဗျာ"

"ဘာဖြစ်လို့လဲ မိတ်ဆွေ။ မိတ်ဆွေရဲ့ စကားက ထူးခြားလွန်းပါလား။ နှင်းတွေ ကျနေလို့ ကျုပ်နဲ့ မိတ်ဆွေ နှင်းခိုနေရတာ။ နှင်းတွေ ဆက်မကျရင် အိမ်ကို ပြန်ကြရမှာလေ"

"မိတ်ဆွေပြောတာ ဟုတ်ပါတယ်ဗျာ။ ကျုပ် လောလောဆယ် တောင်းပန်ဖို့ သင့်တာက ဒီလက်ဖက်ရည်ဆိုင်ရှင်ပဲဗျာ"

ဦးညွန့်မိုးက တစ်ဖက်သတ် အမြင်ဖြင့် ပြောဆိုမိသည့် စကားကို ဆိုင်ရှင်နှင့် တွေ့ခဲ့ပြီး တောင်းပန်ချင်သည့် ဆန္ဒကို မမျိုသိပ်နိုင်ဘဲ ပွင့်အန်သွားမိလေသည်။

"အင်း...မိတ်ဆွေပြောသလို ကျုပ်လည်း ပြောမှားဆိုမှားခဲ့တာ ကျေအေးအောင် ဆိုင်ရှင် ပြန်အလာကို စောင့်ပြီး ရှင်းပြချင်တယ်ဗျာ"

"ဒါဆို ကျုပ်တို့နှစ်ယောက်က ဒီဆိုင်ရဲ့ အမိုးအကာအောက် ရောက်ပြီး အတူတူ လက်ဖက်ရည်သောက်ရင်း နှင်းစဲတဲ့အထိ စောင့်နေခဲ့တာ မဟုတ်လား။ နေပါဦး။ မိတ်ဆွေရဲ့



နာမည်ကို ကျုပ်သိခွင့်မရှိဘူးလား"

ဦးညွန့်မိုးက စကားပြောရင်း ချောင်ကျကျ စားပွဲခုံတွင် ရေနွေးကြမ်းသောက်နေသူကို လှမ်းကြည့်ပြီး မေးလိုက်သည်။

"ကျုပ်နာမည်ကိုတော့ ဒီမြို့လေးမှာ သိကျွမ်းတဲ့သူ အတော်နည်းပါးကြတယ်ဗျ။ ကျုပ်က အေးအေးဆေးဆေးပဲ နေချင်လို့ လူသိမခံဘဲ နေခဲ့တာ နှစ်တွေ ကြာခဲ့ပြီ။ ခုလို မိတ်ဆွေနဲ့ မမျှော်လင့်ဘဲ သိကျွမ်းရတာ ကျုပ် ဝမ်းသာပါတယ်။ ကျုပ်နာမည်က ချစ်ဝေလို့ ခေါ်ပါတယ်"

"ဗျာ...၊ ခင်...ခင်ဗျားနာမည်က ချစ်ဝေ...ဟုတ်လား"

"ဟုတ်ပါတယ်ဗျာ။ ဒီမြို့လေးမှာ ကျုပ်နာမည်နဲ့ တူတာ တစ်ယောက်မှ မရှိကြဘူး။ မိတ်ဆွေက ကျုပ်နာမည်ကို သိရလို့ အံ့အားသင့်နေပါလား"

"အံ့ဩစရာပဲဗျာ။ လွန်ခဲ့တဲ့ နှစ်ပေါင်း ၄၀ လောက်က ကျုပ်နဲ့ ရင်းရင်းနှီးနှီးရှိခဲ့ဖူးတဲ့ ချစ်ဝေ ဆိုတဲ့ လူတစ်ယောက်ရှိခဲ့ဖူးတယ်ဗျ။ ဒါပေမယ့် အဲဒီ ချစ်ဝေကို ကျုပ် မတွေ့မမြင်ချင်တာ အမှန်ပဲဗျ"

ဦးညွန့်မိုးထံမှ မမျှော်လင့် ကြားလိုက်ရသည့် စကားသံကြော ဦးချစ်ဝေ ရင်တမိန်းမိန်းခုန်သွားမိ သည်။ ထို့ကြောင့် တစ်ဖက် ချော ကျကျ စားပွဲခုံတွင် ထိုင်နေသည့် အကဲခတ်ပြီး ကြည့်လိုက်မိသည် လက်ဖက်ရည်ဆိုင်လေးအတွင်းသို့ ဖောက်ဝင်လာသည့် အေးစက်သော နှင်းရိပ် နှင်းငွေ့များနှင့်အတူ မှုန် သာ တွေ့မြင်နေရသဲဖြစ်သည်။

"အဲဒီလူကို ခင်ဗျား ဘာကြော မတွေ့ချင်ရတာလဲဗျာ။ ခင်ဗျားပဲ ခဲ့တယ်မဟုတ်လား။ အဲဒီလူက ခင် နဲ့ ရင်းရင်းနှီးနှီးရှိခဲ့တာ မဟုတ်လာ"

ဦးချစ်ဝေက တုံ့ပြန်ပြောဆို စိတ်ထဲတွင် အခါခါစဉ်းစားနေမိ သည်။ ဦးချစ်ဝေ၏စိတ်တွင် ရင်းရင်းနှီး အရှိဆုံးဖြစ်သည့် ညွန့်မိုး။ လုထူး သည့် သူငယ်ချင်းနှစ်ယောက်က စဉ်းစားမရနိုင်အောင် ဖြစ်သွားမိ သည်။

"ဒါ...ဒါဆို...ခင်...ခင်ဗျား ညွန့်မိုးမဟုတ်လား"

ဦးချစ်ဝေ၏ အထစ်ထစ်အ ဝေါ်ဖြင့် အံ့ဩတကြီးထွက်လာမိသ စကားသံကို ကြားလိုက်ရ၍ ဦးညွန့် ရင်ခုန်သွားမိလေသည်။

"ခင်ဗျားပြောတာ မှားပါဘူးဗျာ ခင်ဗျားက ကျုပ်သိထားတဲ့ ချစ် မဟုတ်လား"

ဦးညွန့်မိုးနှင့် ဦးချစ်ဝေတို့ နှစ် စလုံး မယုံနိုင်အောင် ဖြစ်မိသွား သည်။ ဆိုရလျှင် ရင်းရင်းနှီးနှီး ပြောမ ဆိုမနာ သူငယ်ချင်းတွေ ဖြစ်ခဲ့ကြ လည်း မခေါ်မပြောနိုင်ဘဲ နှစ်ပေါင်းမျာ စွာ လမ်းခွဲခဲ့ကြခြင်းဖြစ်သည်။ ခုတော တိုက်တိုက်ဆိုင်ဆိုင် ဘာမြို့ငယ်လေး

www.burmeseclassic.com

သမ်းဘေး လက်ဖက်ရည်ဆိုင်လေး
ွင် ပြန်ဆုံမိကြသည်က အံ့သြစရာ
ခဲ့သည်။

"ငါလည်း ဗွာနဆိုင်ရာက ပင်စင်
ပြီး ဒီမြို့လေးမှာ နေခဲ့တာ ကြာပြီ
ချစ်ဝေ"

"ငါလည်း ပွဲစားအလုပ်က
နားယူပြီး ဒီမြို့လေးမှာ အခြေချခဲ့
။ အေးလေ၊ တို့အသက်အရွယ်
ကလည်း မငယ်ကြတော့ဘူး။ ငါတို့
ယောက် တစ်ဦးကို တစ်ဦး စဉ်းစား
ခြင်မှုကင်းမဲ့ပြီး သံသယစိတ်တွေ
သမ်းခွဲခဲ့ကြတာ နှစ်တွေ ကြာခဲ့ပြီ
တ်လား"

ဦးညွန့်မိုးက ဦးချစ်ဝေ ထိုင်နေ
သည့် စားပွဲခုံတွင် ဝင်ထိုင်ပြီး ဝမ်းသာ
စိတ်ဖြင့် တစ်ဦးလက်ကို တစ်ဦး
ကိုင်ထားကြလေသည်။

"ညွန့်မိုး··· မင်းကို မေးရဦး
လုထူးရော"

ဦးချစ်ဝေ၏ အမေးစကားကြောင့်
ညွန့်မိုးသည် လုထူးမျက်နှာကို
ိုလိုမြင်ယောင်သွားမိလေသည်။

"အင်း··· ငါတို့သုံးယောက်
ခွဲပြီးကတည်းက ငါ လုထူးကို
တွေ့မမြင်ရတော့ဘူး ချစ်ဝေ"

"ငါလည်း လုထူးကို မတွေ့ရဘူး
မိုး။ သတင်းကြားရတာကတော့
မှန်တော့ မသိရဘူး။ လုထူး ဆုံး
ပြီးလို့ သိရတယ်"

ဦးချစ်ဝေ၏စကားကြောင့် ဦးညွန့်
စိတ်မကောင်းကြီးစွာ ဖြစ်သွားမိရင်း
တိတ်က ဖြစ်ရပ်များကို ပြန်၍သတိရ
မိကြလေသည်။

"လုယူးအဖြစ်ကို ခုလို ကြားရ
တော့ ငါ စိတ်မကောင်းဖြစ်မိတယ်
လေ။ တကယ်ဆို ငါတို့သုံးယောက်
ခွဲခဲ့ရတဲ့ ဇာရေးခံအစစ်က နွယ်နွယ်
ဝင်းဆိုတဲ့ မိန်းမလုတစ်ယောက်ကြောင့်
မဟုတ်လား"

ဦးညွန့်မိုးစကားကြောင့် ဦးချစ်ဝေ
မျက်စိထဲတွင် နွယ်နွယ်ဝင်း၏ ထူးခြား
လွန်းသည့် အလှအပကို အလိုလိုမြင်
ယောင်သွားမိပြန်သည်။

နွယ်နွယ်ဝင်းက လှသည်။ ယဉ်
သည်။ ချောသည်။ အလှအပတို့ ပေါင်း
စုပြီး ပြစ်မျိုးမှည့်မထင်။ ပြီး နွယ်နွယ်
ဝင်း၏ ဆန်းကြယ်လွန်းသည့် အကြည့်
အပြုံးများက ပုရိသ ယောက်ျားများ၏
နှလုံးသားကို သိမ်းကျုံးညှို့ငင်နိုင်စွမ်းရှိ
သည်။ နွယ်နွယ်ဝင်း၏ ညှို့မျက်ဝန်းထဲ
တွင် ညွန့်မိုး၊ ချစ်ဝေ၊ လုထူး ဆိုသည့်
သူငယ်ချင်းသုံးယောက်ပါရှိခဲ့လေသည်။

◈◈◈

လက်ဖက်ရည်ဆိုင်လေးရှေ့ရှိ
လမ်းမပေါ်တွင် နှင်းမှုန် နှင်းငွေ့များက
တဖွဲဖွဲဖြင့် ကျဆင်းနေဆဲဖြစ်သည်။
ဦးညွန့်မိုးနှင့် ဦးချစ်ဝေတို့ နှစ်ဦးသား
ပြန်ဆုံတွေ့ကြ၍ ဝမ်းသာမိသော်လည်း
သူငယ်ချင်း လုထူးအဖြစ်ကို သိခွင့်ရခဲ့
၍ စိတ်မကောင်းဖြစ်နေကြလေသည်။

"ချစ်ဝေ··· ခုလို မင်းနဲ့ ငါ
ပြန်ဆုံတွေ့တာကို လုထူး သိရင် ဝမ်း
သာရှာမှာကွာ။ တကယ်တော့ ငါတို့
ထက် လုထူးက နွယ်နွယ်ဝင်းကို ပိုပြီး
သံယောဇဉ်ကြီးမားတယ်ဆိုတာ ငါ ယုံ
တယ်။ ဒါပေမယ့် လုထူး အသေစော
လို့ နွယ်နွယ်ဝင်းနဲ့ ဘဝချင်း မဆုံတွေ့
ဖြစ်ခဲ့တာ စိတ်မကောင်းစရာပဲကွာ"

ဦးညွန့်မိုးနှင့် ဦးချစ်ဝေတို့ နှစ်ဦး
စလုံး အခင်မင်ဆုံးဖြစ်ခဲ့သည့် လုထူး
၏ အကြောင်းအရာများက ဖုံးလွှမ်းနေ
သည်။ ဟိုစဉ်က သူငယ်ချင်းသုံးယောက်
အတူသွား၊ အတူစားပြီး ဘဝကို ပျော်ပါး
စွာ ဖြတ်သန်းခဲ့ရသည့် အဖြစ်များကို
ပြန်တွေးနေမိကြလေသည်။

"ချစ်ဝေ··· ငါ ဆိုင်အပြင်ဘက်
ကို ထွက်ပြီး နှင်းအခြေအနေကို ကြည့်
ဦးမယ်"

ဦးညွန့်မိုးက ဦးချစ်ဝေကို ပြော
ပြီး စားပွဲတွင် ထိုင်နေရာမှ မတ်တတ်
ရပ်လိုက်စဉ် စားပွဲခုံဘေးရှိ နံရံတွင်
ချိတ်ဆွဲထားသည့် မှန်ဘောင်တစ်ခုနှင့်
တိုက်မိပြီး ကြမ်းပြင်ပေါ်သို့ ပြုတ်ကျ
သွားသည့်အသံက ထွက်ပေါ်သွားလေ
သည်။

ဦးညွန့်မိုးသည် ကမန်းကတန်း
ကြမ်းပြင်ပေါ်တွင် ကျနေသည်က မှန်
ဘောင်ကို ယူပြီး စားပွဲခုံပေါ်သို့ တင်ကာ
လက်ဖက်ရည်ဆိုင်အတွင်းမှ အလုပ်
သမလေးကို လှမ်းခေါ်ပြီး ပြသလိုက်
လေသည်။ လက်ဖက်ရည်ဆိုင်အလုပ်
သမားလေးက ဦးညွန့်မိုး ပြသသည့်
အစိတ်စိတ်ကွဲနေသည့် မှန်ဘောင်လေး
ကို တွေ့လိုက်ရ၍ အံ့သြထိတ်လန့်သွား
လေသည်။

"ဒုက္ခပါပဲဗျာ ပန်းချီကား ထည့်
ထားတဲ့ မှန်ဘောင်ကွဲသွားတာကို
ဆိုင်ရှင်သိရင် ကြေကွဲနေရှာမှာ။ ဒီ
ပန်းချီကားကို ဆိုင်ရှင်က အမြဲတမ်း
ကြည့်ကြည့်နေတာဗျ"

လက်ဖက်ရည်ဆိုင်အလုပ်သမား
လေး၏ ထူးထူးခြားခြား ထွက်ပေါ်လာ
သည့် စကားသံကို ကြားလိုက်ရ၍
ဦးညွန့်မိုးသည် မှန်အစိတ်စိတ်ကွဲနေ
သည့် ပန်းချီကား သေချာစွာ ကြည့်
လိုက်မိသည်။ မှန်ကွဲများကြားတွင်
ဝိုးတဝါးတွေ့မြင်လိုက်ရသည့် မြင်ကွင်း
ကြောင့် ဦးညွန့်မိုးမှာ မယုံနိုင်သည့်
အကြည့်ဖြင့် အံ့အားသင့်သွားမိလေ
သည်။

ဦးညွန့်မိုးအဖြစ်ကို [illegible]
တွေ့လိုက်ရ၍ ဦးချစ်ဝေသည် [illegible]
ဘဲ အစိတ်စိတ်အမွှာမွှာကွဲနေသည် [illegible]



www.burmeseclassic.com

www.burmeseclassic.com

ကားကို စူးစိုက်စွာ ကြည့်ရင်း အသံထွက်သွားမိလေသည်။

"ဒါ . . . ဒါ . . . နွယ်နွယ်ဝင်းရဲ့ ပုံတူ ပန်းချီကားပါလား ညွန့်မိုး။ ဒီပန်းချီကားဆွဲတာ လုထူးတစ်ယောက်ပဲ ရှိတာ"

အဖြစ်အပျက်က မယုံနိုင်စရာပင်။ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီး ဦးညွန့်မိုး၊ ဦးချစ်ဝေတို့နှင့် ကင်းကွာခဲ့သော်လည်း နွယ်နွယ်ဝင်း၏ သက်ဝင်လှုပ်ရှားနေခဲ့ဖြစ်သည့် အကြည့် အပြုံးများက လုပနေခဲ့ဖြစ်သည်။ ဘာကြောင့် နွယ်နွယ်ဝင်း၏ ပုံတူပန်းချီကားသည် လက်ဖက်ရည်ဆိုင်လေး အတွင်းသို့ ရောက်ရှိနေပါလိမ့်။ ဦးညွန့်မိုးနှင့် ဦးချစ်ဝေတို့သည် စကားမဆိုနိုင်ဘဲ အတန်ကြာ တိတ်ဆိတ်ပြီး တစ်ဦးမျက်နှာ တစ်ဦးကြည့်ကာ ပဟေဠိတစ်ပုဒ်နှယ် အဖြေရှာနေမိသည်။

"ညီလေး . . . ဒီပန်းချီကားထဲက အမျိုးသမီးကို သိလား"

"ကျွန်တော် မသိပါဘူး။ ဆိုင်ရှင်ကတော့ ဒီပန်းချီကားကို အမြတ်တနိုးနဲ့ ချိတ်ဆွဲထားခဲ့တာ ကြာခဲ့ပါပြီ။ ဒါပေမယ့် ဆိုင်ရှင်က တစ်ခါတလေ ပန်းချီကားထဲက အမျိုးသမီးကို စကားတွေ ပြောပြောပြီး မြို့စွန်ဘက်ကို သွားသွားနေတာတော့ တွေ့ရတယ်"

လက်ဖက်ရည်ဆိုင်အလုပ်သမားလေး၏ စကားသံနှင့်အတူ ဦးညွန့်မိုးနှင့် ဦးချစ်ဝေတို့ နှစ်ဦးသားသည် နှင်းမှုန်များ ကျနေသည့် လမ်းမပေါ်သို့ အပြေးထွက်သွားလေသည်။

◈◈◈

ဦးညွန့်မိုးနှင့် ဦးချစ်ဝေသည် မြို့ကလေးလမ်းမအတိုင်း လာခဲ့စဉ် နှင်းမှုန်စက်များက တဖွဲဖွဲကျဆင်းနေခဲ့ဖြစ်သည်။ ဦးညွန့်မိုးနှင့် ဦးချစ်ဝေတို့ နှစ်ဦးသား လေပြင်းနှင့် ရွေ့လျား အေးစက်သည့် အအေးဒဏ်ကိုပင် မမှုနိုင်တော့။ သွက်လက်သည့် ခြေလှမ်းများဖြင့် လှမ်းနေမိသည်။

မကြာမီ နှင်းမှုန်များ တဖွဲဖွဲကျဆင်းနေသည့် မြင်ကွင်းနှင့်အတူ ဝိုးတဝါးတွေ့မြင်နေရသည့် သစ်ခြောက်ပင်ကြီးနှင့် အုတ်ဂူလေး နှစ်လုံးကို တွေ့မြင်လိုက်ရလေသည်။ ထိုအုတ်ဂူလေး ဘေးတွင် မလှုပ်မယှက် ရပ်နေသည့် လူတစ်ယောက်သည် နှင်းမှုန် နှင်းစက်များ တဖွဲဖွဲကျဆင်းနေသည်ကို မသိဟန်ဖြင့် အုတ်ဂူလေးကို ကြည့်နေသည်က အံ့ဩစရာဖြစ်နေသည်။ ဦးညွန့်မိုးနှင့် ဦးချစ်ဝေတို့ နှစ်ဦးသား အပြေးကလေးသွားရင်း မေးလိုက်သည်။

"ခင်ဗျားက လုထူးမဟုတ်လား"

ဦးညွန့်မိုး မေးလိုက်သံကြောင့် ထိုလူသည် ရုတ်တရက် လှည့်ကြည့်လိုက်သည်။ ဦးညွန့်မိုးနှင့် ဦးချစ်ဝေတို့ နှစ်ဦးသား တွေ့မြင်လိုက်ရသည့် မြင်ကွင်းကြောင့် ထိတ်လန့်သွားလေသည်။ ထိုလူ၏ မျက်နှာပြင်တစ်ခုလုံးတွင် ပုပ်ပွက်ဆင်းပျက် ဒဏ်ရာက ကြောက်လန့်စရာအဖြစ် တွေ့မြင်လိုက်ရခြင်း ဖြစ်သည်။

"ကျုပ် . . . လုထူးမဟုတ်ဘူး"

ထိုလူ၏ တင်းပြတ်လွန်းသည့် စကားသံကို ကြားလိုက်ရ၍ ဦးညွန့်မိုးနှင့် ဦးချစ်ဝေတို့ နှစ်ဦးသား အံ့ဩသွားမိလေသည်။

"ဒါဆို ခင်ဗျား လုထူးကို သိလား။ သိရင် ကျုပ်တို့ကို ပြောပြပါ။ ကျုပ်တို့နှစ်ယောက်က သူ့ကို လိုက်ရှာနေတာပါ"

"တောက် . . ."

ထိုလူ့ထံမှ ထပ်ဆင့်ပေါ်လာသည့် တက်ခေါက်သံကို ကြားလိုက်ရ၍ ဦးညွန့်မိုးနှင့် ဦးချစ်ဝေတို့နှစ် ဇဝေဇဝါဖြစ်သွားမိလေသည်။

"ခင်ဗျားတို့ ရှာနေတဲ့ လုထူး ဒီမှာ"

ထိုလူ့စကားကြောင့် ဦးညွန့်မိုး ဦးချစ်ဝေ ပြိုင်တူ အုတ်ဂူလေး အကြည့်ရောက်သွားမိသည်။ နှင်း တဖွဲဖွဲအောက်တွင် တွေ့မြင်နေရ လုထူး၏ အုတ်ဂူလေး။ ဦးညွန့်မိုး ဦးချစ်ဝေ နွယ်နွယ်ဝင်းနှင့် ပတ်သက် သံသယစိတ်ဖြင့် သူငယ်ချင်းအဖြ ကင်းကွာခဲ့ကြသော်လည်း လုထူး ကို ဖြူနီးစားကြီး မြင်တွေ့လိုက် နောင်တ အငိုလိုလိုရနေမိကြလေ

"ကျုပ် . . . ကျုပ်က လု အစ်ကိုပါ။ ကျုပ်ညီလေးဘဝက တယ်ဗျာ"

ထိုလူက ဝမ်းနည်းကြေ ပြောနေ၍ ဦးညွန့်မိုး လုထူး နော စိုနားရာ အုတ်ဂူလေးကို ကြည့် သည်။ ဦးညွန့်မိုး လုထူး အုတ်ဂူ ကို ကြည့်ရင်း နွယ်နွယ်ဝင်း၏ ပန်းချီကားလေးကို အမှတ်ရသွား သည်။

"ကျုပ်တို့ ခင်ဗျားရဲ့ လက် ရည်ဆိုင်လေးမှာ တွေ့ခဲ့ရတဲ့ နွယ် ဝင်းဆိုတဲ့ အမျိုးသမီး ပုံတူပန်းချီ ကြောင့် လုထူးကို ဒီမှာ တွေ့လိမ့် ထင်ပြီး လိုက်ခဲ့ကြတာပါ"

"ခင်ဗျားတို့ထင်တာ ဟုတ် တယ်ဗျာ။ တကယ်တော့ ကျုပ်ညီ လုထူးက အဲဒီ နွယ်နွယ်ဝင်း အမျိုးသမီးကြောင့် လူ့ဘဝကို နိုင်းထွက်သွားခဲ့ရတယ်ဆိုရင် မ ဘူးဗျာ။ ကျုပ်လည်း ကျုပ်ညီ အတွက် ကျုပ်ရင်ထဲမှာ ခံစားခဲ့ရတဲ့သူပါ"



www.burmeseclassic.com

www.burmeseclassic.com

ကိုလှက ဆို့နင့်စွာ ပြောရင်း နှင်းမှုန်တဖွဲဖွဲကျနေသည့် မြင်ကွင်းကို ငေးကြည့်နေသည်။ ဦးညွန့်မိုးနှင့် ဦးချစ်ဝေတို့ နှစ်ဦးသား သူငယ်ချင်း လုထူး၏ အုတ်ဂူဖြူဖြူလေးကို ကြည့်ပြီး စကားမဆိုနိုင်ဘဲ ငြိမ်သက်စွာ ရပ်နေမိသည်။

"ခင်ဗျားတို့ တွေ့ခဲ့ရတဲ့ ပန်းချီကားထဲက နွယ်နွယ်ဝင်းကို စွဲစွဲလမ်းလမ်းဖြစ်ခဲ့တဲ့ ကျုပ်ညီလေးအတွက် ကျုပ် နွယ်နွယ်ဝင်းရဲ့ မိဘတွေကို သွားတွေ့ပြီး ကျုပ်ညီလေးနဲ့ လက်ထပ်ခွင့်ပေးဖို့ တောင်းခံခဲ့ပါတယ်။ နွယ်နွယ်ဝင်းဘက်က လုံးဝ လက်သင့်မခံခဲ့ဘူး။ နောက်ဆုံး ကျုပ်အမျိုးမျိုးတောင်းပန်ခဲ့လို့ ကျုပ်ညီလေးနဲ့ တွေ့ခွင့်ရတာပါ။ ကျုပ်ညီလေးလည်း အနှစ်နှစ် အလလက ရှန့်ပယ်ထားခဲ့တဲ့ ပန်းချီပညာနဲ့ နွယ်နွယ်ဝင်းရဲ့ ပုံတူပန်းချီဆွဲခဲ့တာပါ။ ခင်ဗျားတို့ တွေ့ခဲ့တဲ့ ပန်းချီကားက ကျုပ်ညီလေး နောက်ဆုံး ရေးဆွဲခဲ့တဲ့ ပန်းချီလက်ရာပဲ"

ထိုလူက အဆက်မပြတ်ပြောဆိုပြီး ကြေကွဲစွာ ခံစားနေရသည့်အဖြစ်က အထင်သား ပေါ်လွင်နေသည်။ ဦးညွန့်မိုးနှင့် ဦးချစ်ဝေတို့သည် သူငယ်ချင်း လုထူး၏ အဖြစ်မှန်ကို သိခွင့်ရလိုက်၍ တစ်ဦးမျက်နှာ တစ်ဦးကြည့်ရင်း နွယ်နွယ်ဝင်း၏ မေတ္တာတရားကို ရရှိရန် သူငယ်ချင်းသုံးဦး ကြိုးပမ်းမှုကို မြင်ယောင်သွားမိကြသည်။

"နွယ်နွယ်ဝင်းရဲ့ ပုံတူပန်းချီကားဆွဲပြီးတဲ့ ညမှာ ကျုပ်ညီလေးနဲ့ နွယ်နွယ်ဝင်း အချင်းများကြတယ်လေ"

"ဗျာ...၊ လုထူးက နွယ်နွယ်ဝင်းနဲ့ စကားများခဲ့တယ်၊ ဟုတ်လား"

ဦးညွန့်မိုးနှင့် ဦးချစ်ဝေတို့ နှစ်ဦးသား လုထူးအဖြစ်ကို ထပ်ဆင့်သိလိုက်ရ၍ မယုံနိုင်အောင် ဖြစ်သွားမိသည်။ လုထူး နွယ်နွယ်ဝင်းကို ချစ်တဲ့အချစ်က နူးညံ့သန့်စင်သည့် မေတ္တာနှလုံးသားအချစ်ဖြစ်သည်။ ခုတော့ လုထူး နွယ်နွယ်ဝင်းအပေါ် ချစ်ခဲ့သည့် မေတ္တာတရားက အံ့ဩစရာဖြစ်ခဲ့ရသည်။

"ကျုပ် ညီလေးနဲ့ နွယ်နွယ်ဝင်း စကားများသံကြားလို့ ကျုပ် အိမ်ကြီးအပေါ်ထပ်ကို တက်ခဲ့ပေမယ့် တံခါးပိတ်ထားလို့ ကျုပ် ဘယ်လိုမှ တက်ခွင့်မသာခဲ့ဘူး။ အဲဒီအချိန်မှာ အိမ်ကြီးအပေါ်ထပ်က နွယ်နွယ်ဝင်းရဲ့ သဘောကျ ရယ်သံတွေကို ကြားပြီး သိပ်မကြာခင် မီးလောင်နေတာ တွေ့ခဲ့ရတယ်။ ကျုပ်လည်း မီးလောင်နေတဲ့ အိမ်ကြီးအပေါ်ထပ်ကို တက်ဖို့ ကြိုးစားရင်း ဟောဒီ မျက်နှာတစ်ခုလုံး မီးသင့်ပြီး လူ့လောကထဲကို မတိုးရဲခဲ့တဲ့ ဘဝအဖြစ်ဆိုးနဲ့ ကြုံတွေ့ခဲ့ရတယ်"

"ဒါဆို လုထူးနဲ့ နွယ်နွယ်ဝင်းက အိမ်ကြီး မီးလောင်တဲ့အထဲမှာ ပါသွားခဲ့တာပေါ့"

"ဟုတ်ပါတယ်ဗျာ။ အဲဒါကြောင့် ကျုပ်ညီလေးရဲ့ ဆန္ဒပြည့်ဖို့ ဟောဒီနေရာလေးမှာ ကျုပ်ညီလေးနဲ့ နွယ်နွယ်ဝင်းကို အုတ်ဂူသွင်းထားခဲ့တာပါ"

ဦးညွန့်မိုးနှင့် ဦးချစ်ဝေသည် စိတ်မကောင်းကြီးစွာဖြင့် သူငယ်ချင်း လုထူး၏ အုတ်ဂူလေးကို နောက်ဆုံးကြည့်ပြီး ကျောခိုင်းလိုက်သည်။ အတန်ငယ်လှမ်းမှ သဘောကျ ရယ်သံကို ကြားလိုက်၍ ဦးညွန့်မိုးနှင့် ဦးချစ်ဝေတို့ ပြန်ကြည့်လိုက်မိသည်။ အုတ်ဂူဘေးတွင် ရပ်နေသည့် လုထူးအစ်ကိုသည် အုတ်ဂူနှစ်လုံးကို ကြည့်ပြီး အားရပါးရ ရယ်မောနေသည်ကို တွေ့လိုက်ရလေသည်။

"လုထူးအစ်ကိုဆိုတဲ့သူကို ငါကြည့်ရတာ မသင်္ကာဘူး ညွန့်မိုး။ သူဘာကြောင့် ဒီလောက် နှင်းတွေ ကျပြီး အေးစက်နေတဲ့ အချိန်မှာ လုထူးနဲ့ နွယ်နွယ်ဝင်းတို့ အုတ်ဂူကို ကြည့်ပြီး ရယ်မောနေတာလဲ။ ထူးခြားတယ်ကွ"

"ကဲပါ ချစ်ဝေရာ၊ ငါတို့သူငယ်ချင်း လုထူးအတွက် မင်းနဲ့ ငါ နောက်ဆုံး အမှတ်တရအဖြစ် ကုသိုလ်ပြုကြရအောင်"

ဦးညွန့်မိုးနှင့် ဦးချစ်ဝေ စကားဖြတ်ပြီး နှင်းမှုန်ဖွေးဖွေးကျနေဆဲဖြစ်သည့် လမ်းမပေါ်တွင် အတွေးကိုယ်စီဖြင့် လျှောက်လှမ်းနေဆဲဖြစ်သည်။

◈◈◈

"သြော်...ကျုပ်တူလေး လုထူးရဲ့ သူငယ်ချင်းတွေ ထင်ပါရဲ့"

ဦးညွန့်မိုးနှင့် ဦးချစ်ဝေ လက်ဖက်ရည်ဆိုင်လေးထဲသို့အဝင် ရုတ်တရက် စကားသံကြားလိုက်ရ၍ ကြည့်လိုက်မိသည်။ ဆိုင်အတွင်းတွင် အဘိုးကြီးတစ်ယောက်ကို ထူးထူးခြားခြားတွေ့မြင်လိုက်ရ၍ အံ့ဩသွားမိလေသည်။

"ကဲ...ထိုင်ကြပါကွယ်၊ ထိုင်ကြပါ။ လက်ဖက်ရည်လည်း သောက်ပါဦး"

ဦးညွန့်မိုးနှင့် ဦးချစ်ဝေသည် လက်ဖက်ရည်ဆိုင်အတွင်းဆီသို့ ရှုစမ်းကြည့်ရှုနေသည့်အဖြစ်ကို အဘိုးကြီးက အကင်းပါးစွာ စကားဆိုလိုက်သည်။

"ငါ့တူတို့က ဒီလက်ဖက်ရည်ဆိုင်ရှင်ကို အတော်စိတ်ဝင်စားနေကြပြီနဲ့ တူတယ်"

"ဟုတ်ပါတယ် ခင်ဗျာ။ ဒီလက်ဖက်ရည်ဆိုင်ရှင်ရဲ့ အဖြစ်ကို သိချင်လို့ လာခဲ့တာပါ။ ဦးလေးက ဘယ်သူပါလဲ"

"အင်းလေ၊ ငါ့တူတို့က [illegible] ခုမှ တွေ့မြင်ရတဲ့ [illegible]

www.burmeseclassic.com

တော့ မေးသင့်တဲ့ စကားပါ။ ကျုပ်က ငါ့တူတို့သူငယ်ချင်း လုထူးရဲ့ ဦးလေး အရင်းပါကွယ်။ သူတို့ငယ်စဉ်ကပဲ မိဘတွေ ဆုံးပါးခဲ့လို့ ကျုပ်ပဲ မိရင်းဖရင်း သဖွယ် ပြုစုစောင့်ရှောက်ခဲ့ရတာကွဲ့။ အင်း . . . ငါ့တူတို့က သူငယ်ချင်းကို တွေ့ချင်ပေမယ့် ကျုပ်တူလေး လုထူး က မမှတ်မိတော့ဘူးကွဲ့"

"လု . . . လုထူးက ဆုံးသွားပြီ မဟုတ်လား ဦးလေး"

ဦးညွန့်မိုးနှင့် ဦးချစ်ဝေသည် လွန်ခဲ့သည့် ရက်များက တွေ့ကြုံခဲ့ရသည့် လုထူးအစ်ကိုကို မြင်ယောင်မိရင်း အံ့အားသင့်သွားမိလေသည်။

"ငါ့တူတို့သူငယ်ချင်း လုထူး အစ်ကို တွေ့မြင်ခဲ့ရပေမယ့် လုထူးရဲ့ အဖြစ်မှန်ကို မသိရလို့ လုထူးကို ဆုံးပါးခဲ့ပြီလို့ ထင်ခဲ့ကြတာကိုး။ တကယ်တော့ ငါ့တူတို့ကိုယ်တိုင် တွေ့ခဲ့ရတဲ့သူက လုထူးအစ်စ်ပဲကွဲ့"

"ဗျာ… လုထူးအစ်စ်…ဟုတ်လား"

လုထူး ဦးလေး၏ စကားသံကို ကြားလိုက်ရ၍ ဦးညွန့်မိုးနှင့် ဦးချစ်ဝေတို့ နှစ်ဦးသား နားမလည်နိုင်အောင် ဖြစ်သွားမိလေသည်။

"ကျုပ်တူလေး လုထူးအဖြစ်က သနားစရာပါကွယ်။ ကျောင်းပြီးကတည်းက သူ ဝါသနာပါတဲ့ ပန်းချီ ပညာနဲ့ အသက်မွေးဝမ်းကျောင်းပြုမယ်လို့ ကျုပ်ကို ခဏခဏပြောရှာပါတယ်။ ဒါပေမယ့် ကျုပ်တူလေး ဘာတွေဖြစ်ခဲ့တယ် မသိပါဘူးကွယ်၊ သူ ခုံမင်မြတ်နိုးတဲ့ ပန်းချီကို မရေးဆွဲတော့ဘဲ ပစ်ပယ်ခဲ့တာ နှစ်အတန်ကြာခဲ့တယ်ကွဲ့"

လုထူးအဖြစ်ကို သိရှိလိုက်ရ၍ ဦးညွန့်မိုးနှင့် ဦးချစ်ဝေတို့ မျက်စိထဲ



တွင် လုထူး နွယ်နွယ်ဝင်းနှင့် ပတ်သက်ပြီး ခံစားခဲ့ရသည့် အဖြစ်များကို မြင်ယောင်သွားမိလေသည်။

"ကျုပ်တူလေး ပိုပြီးခံစားနေရတာက သူ့အစ်ကို လုဦးကို ကျုပ်သဘောတူ ပေးစားခဲ့တဲ့ မိန်းကလေး ရောက်လာပြီးကတည်းက သူနေတဲ့ အခန်းလေးထဲက ဘယ်မှမထွက်ဘဲ နေခဲ့တဲ့အဖြစ်ပါပဲ"

ဦးညွန့်မိုးက လုထူးအဖြစ်ကို မယုံကြည်နိုင်အောင် ဖြစ်သွားမိလေသည်။ ဦးညွန့်မိုးနှင့် ဦးချစ်ဝေသည် လုထူးနှင့် ပြောမနာ ဆိုမနာ သူငယ်ချင်းတွေ ဖြစ်ခဲ့ကြသော်လည်း လုထူးတွင် အစ်ကိုတစ်ယောက်ရှိကြောင်းကို လုံးဝ မသိခဲ့ရချေ။

"လုထူးနဲ့ လုဦးက အမြွှာညီအစ်ကိုတွေပါ။ အမြွှာညီအစ်ကိုအရင်း ဖြစ်ပေမယ့် စိတ်သဘောထားချင်းက မြေဒါးတစ်လမ်း သံတစ်လမ်းလို ကွာခြားတယ်။ လုထူးက နူးညံ့သိမ်မွေ့တဲ့ စိတ်ထားရှိပေမယ့် လုဦးက ခက်ထန်မာကျောတဲ့ စိတ်ဓာတ်ရှိတယ်။ ပြီး

တော့ လုဦးက လုထူး အင်မတန် ခုံမင်တဲ့ ပန်းချီအလုပ်ကို မလုပ်စေချင် ဘူး။ အဲဒါကြောင့်လည်း လုထူးနဲ့ လုဦး မကြာခဏ အချင်းများခဲ့ကြတယ်"

လုထူး ဦးလေး၏ စကားကြောင့် လုထူး ပန်းချီမရေးဆွဲဘဲ ပစ်ပယ်ခဲ့ သည့်အဖြစ်ကို သိလိုက်ရ၍ ဦးညွန့်မိုး နှင့် ဦးချစ်ဝေ စိတ်မကောင်းဖြစ်သွား မိလေသည်။

"နောက်တော့ ဦးလေး သိခဲ့ တာက ဦးလေး သဘောကျပြီး လုဦးနဲ့ လက်ထပ်ပေးစားခဲ့တဲ့ မိန်းကလေးဟာ လုထူးနဲ့ သိကျွမ်းခဲ့ဖူးတဲ့၊ လုထူး သံယောဇဉ်ကြီးခဲ့တဲ့ နွယ်နွယ်ဝင်းဆိုတဲ့ မိန်းကလေးဖြစ်နေရှာတယ်"

"နွယ် . . . နွယ်နွယ်ဝင်း . . . ဟုတ်လား"

ဦးညွန့်မိုးနှင့် ဦးချစ်ဝေတို့ နှစ်ဦး သား မတိုင်ပင်ဘဲ နွယ်နွယ်ဝင်းနာမည် ကို ပြိုင်တူအသံထွက်သွားမိလေသည်။

နောက်ဆုံးတော့ လုထူးက သံယောဇဉ်ကြီးမားခဲ့တဲ့ နွယ်နွယ်ဝင်း ကို အမြဲမြင်တွေ့နေရတော့ အသည်း ကြေမွမတတ် ခံစားရပြီး စိတ်မထိန်း နိုင်ရှာဘူးနဲ့ တူပါရဲ့ကွယ်၊ သူ့အခန်း လေးထဲမှာပဲ နွယ်နွယ်ဝင်းရဲ့ ပုံတူကို စိတ်မှန်းပြီး ပန်းချီရေးဆွဲခဲ့တယ်"

ဦးညွန့်မိုးနှင့် ဦးချစ်ဝေတို့နှစ်ဦး စလုံး လက်ဖက်ရည်ဆိုင်လေးအတွင်း ပထမဆုံးတွေ့ကြုံခဲ့ရသည့် နွယ်နွယ် ဝင်း၏ ပုံတူပန်းချီကားကို သတိရသွား မိကြလေသည်။

"ဒါဆို နွယ်နွယ်ဝင်းရဲ့ ပုံတူပန်းချီ ကားကရော ဦးလေး"

"အင်း . . . အဲဒီ နွယ်နွယ်ဝင်း ပန်းချီကားကို လုဦးက တွေ့ပြီး နွယ်နွယ်ဝင်းကို မသင်္ကာလို့ မေး တယ်။ နွယ်နွယ်ဝင်းက သူ့အခန်း



www.burmeseclassic.com

www.burmeseclassic.com

ဘိုတုန်းကတည်းက လုထူးဘက်က ရွှဲ..လမ်းရှိခဲ့တာ မှန်ပေမယ့် သူ့ဘက်က လုထူးကို မေတ္တာမမျှခဲ့ကြောင်းကို ပွင့်ပွင့်လင်းလင်းပဲ ဝန်ခံခဲ့တယ်"

"လုထူးနဲ့ နွယ်နွယ်ဝင်းက အိမ်ကြီး မီးလောင်တုန်း ပါသွားခဲ့တာ မဟုတ်လား ဦးလေး"

ဦးညွှန့်မိုးက မြို့စွန်တွင် ကြုံတွေ့ခဲ့ရသည့် လုဦး ပြောပြခဲ့သည့် အဖြစ်ကို သိရ၍ ထပ်ဆင့်မေးလိုက်သည်။

"အိမ်ကြီးကို မီးလောင်တော့ လုထူးက နွယ်နွယ်ဝင်းအသက်ကို မီးလျှံကြားထဲက ကယ်တင်ရှာတာကွဲ့။ လုထူးရဲ့ သံယောဇဉ်ကို နွယ်နွယ်ဝင်း သိခွင့်ရပေမယ့် မီးလောင်တဲ့ ဒဏ်ရာနဲ့ပဲ နွယ်နွယ်ဝင်းဟာ ဆုံးပါးသွားခဲ့ရှာတယ်"

"ဒါဆို လုဦးကရော ဦးလေး"

"လုဦးအဖြစ်ကို ပြောရရင်တော့ လုဦးက နွယ်နွယ်ဝင်းနဲ့ သူ့ညီ လုထူး အဖြစ်ကို သံသယစိတ်တွေ ဝင်ပြီး စိတ်မထိန်းနိုင်ဘဲ တိတ်တဆိတ် အိမ်ကြီးကို မီးရှို့ရင်း မီးသင့်ပြီး ဆုံးပါးခဲ့ရှာတယ်။ အဲဒီက စပြီး လုထူးရဲ့ မသိစိတ်ထဲမှာ သူ့ဘေးမှာ နွယ်နွယ်ဝင်း အမြဲရှိနေတယ်ထင်ပြီး တစ်ယောက်တည်း စကားတွေ ပြော့ပြောနေတာ။ ပြီးတော့ သူ မီးလောင်ထားတဲ့ မျက်နှာကို ကြည့်ပြီး သူ့ကို နွယ်နွယ်ဝင်း တွေ့မြင်ခဲ့ရင် မုန်းတီးသွားမှာကို စိတ်ထဲက ထင်ပြီး သူ့ကိုယ်သူ လုထူးလို့ မထင်တော့ဘဲ သူ့အစ်ကို လုဦးလို့ ထင်မြင်ပြီး နေလုံးသားဝေဒနာဖိစီးခဲ့တာပါပဲ"

"လုထူးကို ဆေးဝါးမကုဘူးလား ဦးလေး"

"ဦးလေးလည်း လုထူးအဖြစ်ကို ဆရာမျိုးစုံနဲ့ ကုသပေးခဲ့ပေမယ့် သူ့ဝေဒနာက ကျွမ်းနေလို့ ကုသလို့ မရခဲ့ဘူး။ သူ့အတွက် စိတ်ပြေပျောက်ဖို့ ဒီလက်ဖက်ရည်ဆိုင်လေး ဖွင့်ပေးထားခဲ့တာပါ"

လုထူး၏ ဘဝအဖြစ်မှန်ကို သိခွင့်ရလိုက်၍ ဦးညွှန့်မိုးနှင့် ဦးချစ်ဝေ ကြေကွဲစွာ ခံစားနေမိလေသည်။

"လုထူး…ဘယ်မှာလဲ ဦးလေး"

"လုထူး မနက်စောစောကြီး ကတည်းက နွယ်နွယ်ဝင်း ပုံတူပန်းချီကားကို ပိုက်ပြီး ထွက်သွားတာ တွေ့လိုက်ရတယ်ကွဲ့"

ဦးညွှန့်မိုးနှင့် ဦးချစ်ဝေသည် အလျင်စလိုပင် လက်ဖက်ရည်ဆိုင်လေးထဲမှ ထွက်ခဲ့ကြသည်။ တိုက်တိုက်ဆိုင်ဆိုင်ပင် ယခင်ရက်များက နှင်းကျသလိုမျိုး ယခုလည်း နှင်းများ ထူထပ်စွာ ကျဆင်းနေသည်။ ဦးညွှန့်မိုးနှင့် ဦးချစ်ဝေတို့သည် ထူထပ်စွာ ကျဆင်းနေသည့် နှင်းပွင့်၊ နှင်းမှုန်ထဲတွင် ဝိုးတဝါးတွေ့မြင်နေရသည့် ခုံတန်းလေး နှစ်လုံးဆီသို့ အပြေးကြည့်လိုက်မိသည်။

လုထူးသည် မှန်အစိတ်စိတ် အမွှမ်းကွဲနေသည့် နွယ်နွယ်ဝင်း၏ ပုံတူပန်းချီကားလေးကို ရင်ခွင်တွင် ပိုက်ထားရင်း ခုံတန်းဘေးတွင် လဲနေသည်ကို တွေ့လိုက်ရလေသည်။

"လုထူး…လုထူး…သူငယ်ချင်း"

ဦးညွှန့်မိုးနှင့် ဦးချစ်ဝေက လဲနေသည့် လုထူးကို ပွေ့ထူရင်း အခါခါခေါ် နေမိသည်။ လုထူးခန္ဓာကိုယ်တစ်ခုလုံး အေးစက်တောင့်တင်းပြီး ဘယ်အချိန်က ဆုံးပါးခဲ့သည် မသိချေ။ လုထူး ရင်ခွင်ထဲတွင် ပိုက်ထားသည့် နွယ်နွယ်ဝင်း၏ ပုံတူပန်းချီကားလေးက နှင်းမှုန် နှင်းစက်များ ထိပါးပြီး ပန်းချီဆေးသား အရောင်များ လွင့်ပြယ်နေသည်ကို တွေ့မြင်လိုက်ရလေသည်။

"ဖြစ်ရလေ သူငယ်ချင်းရယ်။ မင်း နွယ်နွယ်ဝင်းအပေါ် စွဲစွဲလမ်းလမ်း သံယောဇဉ်ကြီးခဲ့မှု ငါတို့ မယုံကြည်ခဲ့တာ မှားတယ် သူငယ်ချင်း။ ငါတို့ နှစ်ယောက် မင်းအတွက် ဆုတောင်းပေးပါတယ်ကွာ။ ဖြစ်လေရာ ဘဝတိုင်း ခုလို ကံကြမ္မာဆိုးနဲ့ မဆုံမတွေ့ဘဲ မင်း သိပ်ချစ်ခဲ့တဲ့ နွယ်နွယ်ဝင်းနဲ့ မင်း ဘဝချင်း ဆုံတွေ့နိုင်ပါစေကွာ"

ဦးချစ်ဝေက မချိတင်ကဲ ပြောရင်း လုထူးရင်ခွင်ထဲတွင် ပိုက်ထားသည့် နွယ်နွယ်ဝင်း၏ ပုံတူပန်းချီကားကို ကြည့်လိုက်မိသည်။


နွယ်နွယ်ဝင်း၏ ပုံတူပန်းချီကားသည် နှင်းမှုန် နှင်းစက်တို့ ထိပါးပြီး ဆေးသားပျက်ယွင်းနေသော်လည်း နွယ်နွယ်ဝင်း၏ မနိုတရိအပြုံးနှင့် ညှို့ငင်နိုင်စွမ်းရှိနေသည့် မျက်ဝန်းမာယာ အကြည့်ကို ဦးညွှန့်မိုးနှင့် ဦးချစ်ဝေတို့ နှစ်ဦးစလုံး တွေ့မြင်လိုက်ရလေတော့သည်။■

* * *

ဇေယျနိုင်ကျော်ဦး

www.burmeseclassic.com





ကုသိနာရုံမဟာပရိနိဗ္ဗာနဆင်းတုတော်ကြီးဘေးမှာငိုကြွေးနေသော ရှင်အာနန္ဒာ

ဘေးအန္တရာယ်ပျောက်ခြင်းအမှုကိစ္စကို ဘုရားရှင်နှင့် ရဟန္တာရှစ်ပါးက ပရိတ်တော် ရွတ်ဖတ်ပေးခဲ့၏။ ယင်းကြောင့် ပုဂ္ဂိုလ်မြတ်ကိုးပါးကို ရည်လျက် ဘုရားကိုးဆူ ပူဇော်ခြင်းဟု ဖြစ်ပေါ်လာ၏။ ဘုရားကိုးဆူနှင့် ဂြိုဟ်ကိုးလုံးအပြင် ရတနာသုံးပါးကိုလည်း ပူဇော်ကြ၏။ ဘုရားကိုးဆူအမှတ်အသားနှင့် ဂြိုဟ်ကိုးလုံးအရေအတွက်ကို ပူဇော်ရိုးကား ထုံးစံလိုဖြစ်လာသည်"ဟု မိန့်ဆိုခဲ့ဖူးသည်။

မင်းတုန်းမင်း (၁၈၅၃-၁၈၇၈) လက်ထက်တွင် ကျီးသဲလေးထပ်ဆရာတော်က "ဘုရားကိုးဆူပူဇော်နည်း"ကို စီရင်ခဲ့သည်။ ယင်း၏ နိဒါန်းတွင်ကား အောက်ပါအတိုင်း ဖော်ပြထား၏။ သက္ကရာဇ် ၇၆၇ ခုနှစ်လောက်တွင် ဇင်းမယ်ပြည်၌ ရက်ဘရက် သူပုန်ဘေးကြီးဖြစ်ပေါ်လာ၏။ ထိုအခါ ရှင်သီလဝံသ မထေရ်က "**ဥပ္ပါတသန္တိကျမ်း**" ကို စီစဉ်ရေးသား၍ ရွတ်ဖတ်နာယူစေရာ သူပုန်ဘေးကြီး ငြိမ်းအေးသွားလေသည်။ ထို ဥပ္ပါတသန္တိကျမ်း ပေါ်ပေါက်လာစဉ်ကပင် ဘုရားကိုးဆူပူဇော်ခြင်းဓလေ့ ဖြစ်ပေါ်လာသည်ဟုလည်း ယူဆနိုင်၏။ အကြောင်းမှုကား ယခင်က ဘုရားကိုးဆူပူဇော်ရာတွင် ဥပ္ပါတသန္တိကျမ်းကို ရွတ်ဖတ်ပူဇော်သောကြောင့်ပင် ဖြစ်သည်ဟု ဆိုခဲ့လေသည်။

အရှင်ဩဘာသာဘိဝံသ (သုတေသန သရုပ်ပြ အဘိဓာန်ကျမ်းပြုဆရာတော်)ကမူ "ဘုရားကိုးဆူကွေ့တာဟာ အမည်က စပြီးလွဲနေတယ်။ ဘုရားက ဂေါတမဗုဒ္ဓ တစ်ဆူတည်း။ ဘေးက ရှင်သာရိပုတ္တရာ စတဲ့ ရဟန္တာရှစ်ဆူ ရံထားတာကိုပဲ ဘုရားကိုးဆူခေါ်ဆိုနေကြတယ်။ နတ်ရုပ်တွေ၊ ဂြိုဟ်ကောင်တွေပါ ရှပ်လို့။ သူတို့အတွက်လည်း ဖက်ရွက်စိမ်းတွေနဲ့ ထည့်ပြင်ထားရသေးတယ်။ ဘုရားကို ဖက်ခွက်နဲ့ ကပ်ကောင်းလို့လား။ ကိုယ်ပိုင်ဉာဏ်နဲ့ ဆင်ခြင်ကြည့်လေ"ဟု မိန့်ကြားဖူးပြန်ပါသည်။

## ဘုရားကိုးဆူ ပူဇော်ပွဲဓလေ့နှင့် ဟိန္ဒူနတ်ကြီးငါးပါး

ယခုခေတ် ဘုရားကိုးဆူပွဲများတွင်လည်း ဘုရား ရဟန္တာရှစ်ပါးအပြင် ဂြိုဟ်ကြီးကိုးလုံး၊ နတ်ကြီးငါးပါးလည်း ပါရှိလာလေပြီ။ နတ်ကြီးငါးပါးမှာ ဟိန္ဒူနတ်ကြီးများ (Five major Hindu divinities) ဖြစ်ကြသည်။ ထိုနတ်ကြီးငါးပါးအပြင် အစောင့်အရှောက်နတ် (the four Guard-

www.burmeseclassic.com

(…an Spirits)များဖြစ်သော အာကာသစိုးနတ် (Ahkarthazo)၊ ဘုမ္မစိုးနတ် (Bhonmazo)၊ ရုက္ခစိုးနတ် (Yokkhazo)နှင့် အိမ်စောင့်နတ်များ (Nats of the sky-space, land, the trees-forest and home)ကိုပါ ဖြည့်စွက် အားဖြည့် ပြီး နတ်ကြီးကိုးပါးအဖြစ် ဘုရားကိုးဆူပူဇော်ပွဲတွင် ထည့်သွင်း ပူဇော်ကြသေးသည်။ ထိုသို့ စကြဝဠာ၊ တောတောင်ရေမြေ စောင့်စိုးသည့် နတ်ကြီးများ၊ အိမ်စောင့်နတ်များအပါအဝင် နတ်မင်းကြီးများအားလုံးကို မကျန်ရလေအောင် ပူဇော် ပသ ခြင်းဖြင့် မကောင်းမှုများ ကင်းဝေး ပပျောက်ပြီး ကောင်းကျိုး ချမ်းသာအထွေထွေကို မလွှတ်တမ်း ရရှိခံစားစေနိုင်မည်ဟု ယုံကြည်ကြလေ၏။

ဟိန္ဒူနတ်ကြီးငါးပါးတို့ကား ပရမေသွာ၊ စန္ဒီ၊ မဟာ ပိန္နဲ၊ သူရဿတီနှင့် ဗိဿနိုးတို့ ဖြစ်ကြ၏။ ဗုဒ္ဓဘာသာဝင် အများစုသည် ပရမေသွာ-သျှိဝ (Paramaythwa-Siva) နတ်ကြီးကို ကောင်းကျိုးချမ်းသာဖြစ်စေပြီး အခက်အခဲများ ကို ကျော်လွှားအောင်မြင်စေသူ၊ စန္ဒီနတ်သမီး (Sandi)ကို ဖူဆ်ကျက်သရေ တိုးမြှင့်စေသူ၊ သူရဿတီနတ်သမီး (Thurathadi-Sarasvati)ကို ပညာနတ်သမီး၊ ဘုရား ဟော ပိဋကတ်သုံးပုံကို စောင့်ရှောက်သူ၊ ဗိဿနိုးနတ်ကြီး (Visnu-Gawramanta)ကို စီးပွားဥစ္စာတိုးတက်မှု၊ လိမ္မာ သဥ်ကျေးမှုနှင့် သုံတော်ကောင်းတရား ပြန့်ပွားစေမှုကို ဆောင်ရွက်သူများအဖြစ် မှတ်ယူ နားလည်ထားကြသည်။

## မဟာပိန္နဲ

မဟာပိန္နဲ (Mahapeinne-Ganesh)ကိုကား လူ သားတို့အပေါ် ကျရောက်မည့် အနှောင့်အယှက်ဘေး အန္တရာယ်မှန်သမျှကို တားဆီးကာကွယ်ပေးသူ၊ အလုပ် အကိုင်အကြံအစည် အောင်မြင်ခြင်းနှင့် ရာထူးဌာနန္တရ၊ ငွေ့စီးစိမ်အာဏာတိုးပွားစေသူအဖြစ် ယုံကြည်ထားကြ၏။ မဟာပိန္နဲကား ဟိန္ဒူအယူအဆအရ နတ်တော်လတွင် ပူဇော် ရသော "မဟာဝိနာယက"နတ် ဖြစ်သည်။ မဟာဝိနာယကမှ (ဝ)ကို (ဗ)ပြုကာ ဗိနာယက၊ ၎င်းမှ ပိန္နဲဖြစ်လာပြီး၊ မြန်မာ တို့က "မဟာပိန္နဲနတ်"ဟု ခေါ်ခဲ့ကြခြင်းပင်၏။

မဟာပိန္နဲနတ် (ခေါ်) ဂနေသျှသည် ဟိန္ဒူဘာသာ သိဝ (Shiva)နတ်မင်းကြီးနှင့် ပါပဝတီမိဖုရား (ပရမီသွာ နတ်ဘုရားနှင့် ဥမ္မာဒေဝီ)တို့မှ ဖွားမြင်သော သားတော်ဖြစ် သည်။ ယက္ခမျိုးနွယ်ဝင်ဖြစ်၏။ အခက်အခဲများကို အောင် နိုင်သူဟူသော အဓိပ္ပာယ်ဖြင့် "ဗိဃနေဆွာရ" ဟုလည်း



သံတွဲမြို့မောစိကုန်းမှ ရဟန္တာဆင်းတုတော်များ

အမည်တွင်သည်။ ထိုနတ်သည် လေမိုးရာသီဥတု မှန်၍ စပါးသီးနှံကြွယ်ဝကာ တိုင်းပြည် သာယာဝပြောအောင် ဖန်တီး နိုင်စွမ်းရှိ၏။ ခပ်သိမ်းသော ဘေးရန်အန္တရာယ်မှ ကာကွယ်ပေး ၏။ ထို့ပြင် ဉာဏ်ပညာနှင့်ဆိုင်သော နတ်ဟုလည်း သဘော ထားကြသည်။ ပုံပန်းသဏ္ဌာန်မှာ ဆင်ဦးခေါင်း၊ ဝမ်းဗိုက် ဖောင်းဖောင်းနှင့် ဖြစ်၏။ လက်လေးဘက် ရှိသည့်အနက် အထက်လက်ျာလက်တွင် ပုဆိန်၊ အထက်လက်ဝဲလက်တွင် ချွန်းတောင်းကို ကိုင်ထားပြီး၊ နှာမောင်းနှင့် ရတနာ၊ (သို့မဟုတ်) ဆန်ထည့်ထားသော ခွက်ကို ပိုက်ထားတတ် သည်။ စီးတော်ယာဉ်မှာ ကြွက်ဖြစ်လေသည်။

မြန်မာနိုင်ငံတွင်လည်း မဟာပိန္နဲနတ်ကို ဗုဒ္ဓသာသနိက အဆောက်အဦများနှင့် မင်းခမ်းမင်းနားများ၊ ရိုးရာပွဲများတွင် ထည့်သွင်း ပူဇော်တတ်ကြလေသည်။ အနော်ရထာမင်းကြီး ကုသိုလ်တော် ရွှေဆံတော်စေတီတွင် မဟာပိန္နဲနတ်ရုပ်၊ ကျန်စစ်မင်းလက်ထက် အပယ်ရတနာ ဘုရားနံရံများတွင် မဟာပိန္နဲ နတ်ဆေးရေး ပန်းချီများ ရှိနေ၏။ ရွှေစည်းခုံဘုရား ဇရပ်ရှိ မဟာပိန္နဲရုပ်တုကို နတ်တော်လဆန်းတွင် လူနှင့် သဘင်ခံသည်။ အချိုအဆိမ့်၊ နွားနို့၊ ထောပတ်တို့ဖြင့် ပူဇော်ကြလေ့ရှိသည်။

## ဘုရားကိုးဆူ အင်အားဖြည့် ဂြိုဟ်ကြီးကိုးလုံး

ဘုရားကိုးဆူပူဇော်ရာတွင် ဘုရား၊ ရဟန္တာနှင့် နတ်တို့ အပြင် အားဖြည့် ပူဇော်လိုက်သည်ကား ဂြိုဟ်ကြီးကိုးလုံးပင် ဖြစ်၏။ ထို ကိုးလုံးမှာ တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ စနေ၊ ကြာသပတေး၊ ရာဟု၊ သောကြာနှင့် ကိတ် ခေါ်သော ဂြိုဟ်ကြီးများပင်ဖြစ်လေသည်။ မူရင်း မြန်မာနက္ခတ်ကျမ်း အလိုအရမူ ဂြိုဟ်ကြီးခုနစ်လုံးသာ ရှိပါသည်။ သို့သော်



www.burmeseclassic.com

www.burmeseclassic.com

ရာဟုနှင့် ကိတ်ဂြိုဟ်များကို ထည့်သွင်း ရေတွက်ထားရာ ကိုးလုံးဖြစ်လာတော့သည်။ ဟိန္ဒူအယူအဆအရ ရာဟုဂြိုဟ်သည် နဂါး၏ ဦးခေါင်းဖြစ်ပြီး၊ ကိတ်ဂြိုဟ်သည် နဂါး၏ အမြီးဖြစ်၏။ မြန်မာ့အယူအဆတွင်မူ ကိတ်ဂြိုဟ်ကို ဂြိုဟ်အားလုံး၏ အကြီးအမှူးဟု လက်ခံ ယုံကြည်ကြသည်။ ဂြိုဟ်ကြီး ကိုးလုံးပူဇော်ခြင်း ဓလေ့ထုံးစံကား ဟိန္ဒူလူမျိုးတို့ စတင်ကျင့်သုံးသော အလေ့ဖြစ်ပါသည်။ သို့သော် မြန်မာများက လွယ်လွယ်ကူကူပင် ဂြိုဟ်ကြီးကိုးလုံးကို ထည့်သွင်း ပူဇော်ခြင်းဖြင့် မကောင်းစရာမရှိ ကောင်းကျိုးချမ်းသာ ရှိမည်ဟု ယုံကြည်လိုက်ကြပြန်၏။

သို့ဖြင့် ဘုရားကိုးဆူပွဲတက်ပြီး ပူဇော်ရှုတ်ဖတ်လိုက်ခြင်းဖြင့် ငြိုးသူ ရန်ဘက်များ၊ သူခိုးသူဝှက်များကို ကာကွယ်နိုင်ခြင်း၊ အိပ်မက်ယာမက် မကောင်းအောင် နှောင့်ယှက်တတ်သော နတ်မိစ္ဆာများရန်မှ ကင်းဝေးကာ ကောင်းစွာ အိပ်ပျော်နိုင်ခြင်း၊ ငှက်ဆိုး, သရဲသဘက်, တစ္ဆေတို့ကို ဟန့်တားနိုင်ခြင်းများ ဖြစ်ပေါ်ရရှိသည်ဟုလည်း ယုံကြည်ကြသည်။

## ဘုရားကိုးဆူပူဇော်ပွဲတွင် လိုအပ်သည့် အဆောင်အယောင်များ


ထီး၊ ယပ်၊ တံခွန်၊ ကုက္ကား၊ ဖယောင်းတိုင်၊ ကြက်လျှာ၊ ပန်းအိုး၊ သပိတ်နှင့် ခွက်တို့ကား ဘုရားကိုးဆူပူဇော်ပွဲအတွက် မပါမရှိ ပစ္စည်းပင်ဖြစ်ကြပါသည်။

ထီးကိုးလက်(Parasol) လိုအပ်ပြီး ဘုရားရှင်အတွက် ထီးတော်မှာ အကြီးဆုံးဖြစ်ရ၏။ ကျန် ရဟန္တာရှစ်ပါးအတွက်ကား ပိုမိုသေးငယ်သော အရွယ်တူ ရှစ်လက်လိုအပ်ပါသည်။ ထို့အတူ ပန်းအိုး(Vase)ကိုးလုံးကိုလည်း ဘုရားရှင်အတွက် သီးသန့် ပန်းအိုးကြီးသုံးရပြီး ကျန် ပန်းအိုးရှစ်လုံးကား ပိုသေးသော အရွယ်တူ ရှစ်လုံးဖြစ်ရပါမည်။ ပန်းသုံးမျိုးစီကို ထိုပန်းအိုးများတွင် ထိုးစိုက်ရပါသည်။ သပိတ်ကိုးလုံးကိုလည်း ဘုရားရှင်နှင့် ရဟန္တာတို့အတွက် ထို့အတူပင် သုံးရပါမည်။ ဂြိုဟ်နတ်များအတွက်မူ သပိတ်အစား ခွက်ရှစ်ခွက်သာ သုံးရသည်။ ကိတ်ဂြိုဟ်အတွက် သုံးစရာမ... ပါ။

## ဘုရားကိုးဆူပူဇော်ပွဲအတွက် ခင်းကျင်းပြင်ဆင်ပုံ

ဘုရားကိုးဆူပူဇော်ပွဲအစအဆုံးကို ဘုရားကိုးဆူဆရာ (Specialist-Master of the Phayakosu)က သူ၏ တပည့်တပန်းနှင့်အတူ ဦးဆောင် ပူဇော်ပေးသွားပါသည်။ အလှူ့ရှင်ကိုယ်တိုင်ကား တိုက်ရိုက်ပူဇော်ရန် မလိုဘဲ ညှော်သည်များကိုသာ ညှော်ခံရင်း ဘုရားကိုးဆူဆရာမှသာ တစ်ဆင့်ပူဇော်ရပါသည်။ ပူဇော်ပွဲကို အမှောင်မသန်းမီ ညဦးပိုင်းတွင် အစပြုပြီး ဘုရားကိုးဆူဆရာက ဦးဆောင်ရှုတ်ဖတ်ကာ တစ်ညလုံး ကျင်းပရသည်။ ညဦးယံလွန်မြောက်သောအခါ ခွမ်းကပ်ကြပြီး မနက်အရုဏ်တက်ချိန် ပထမဆုံး ရောင်ခြည်မသမ်းမီတွင် ပွဲကို အဆုံးသတ်ရလေသည်။ ဘုရားကျောင်းဆောင်ကို အိမ်ရှိ ကျောင်းဆောင်အစား ဝါး၊ ငှက်ပျောပင်များဖြင့် ပြုလုပ်သော ကျောင်းဆောင်ကိုသာ သုံးရ၏။ ယခုအခါတွင်ကား ဘုရားကိုးဆူဆရာ အသင့်ယူဆောင်လာသော သစ်သားကျောင်းဆောင်များကိုသာ သုံးလေ့ရှိလာကြပေပြီ။ ပူဇော်ပွဲ မစမီ စက္ကူဖြူ၊ ရောင်စုံစက္ကူများဖြင့် ထီး (Paper Umbrella) ကိုးလက်၊ ယပ်(Fan) ကိုးချောင်း၊ တံခွန် (Banner) ကိုးခု၊ ကုက္ကား-ကိုးခု၊ ကြက်လျှာ (Flag) ကိုးခုတို့ကို ဘုရားရှင်အတွက် သီးသန့် ပိုကြီးမားသော အရွယ်နှင့် ကျန် ရဟန္တာရှစ်ပါးတို့အတွက် ပိုသေးသော အရွယ်များကို ကြိုတင် စီမံပြုလုပ်ထားရပါသည်။ ဖယောင်းတိုင် ကိုးတိုင်၊ ပန်းနှင့် အမွှေးတိုင်ကိုလည်း အသင့်ပြင်ထားရ၏။

ဘုရားကိုးဆူပွဲကို ညနေချမ်းအချိန်တွင် စတင်လေ့ရှိသည်။ ရေမိုးချိုး၍ သန့်ရှင်းပြီးသောအခါ အိန္ဒိယဟန် (Indian Manner) အတိုင်း သပ်ရပ်သော ဝတ်စုံအဖြူ ဝတ်ဆင်ကာ၊ ခေါင်းပေါင်းဆင်တူ ပေါင်းထားသည့် ဘုရားကိုးဆူဆရာနှင့် နောက်လိုက်တို့က အိမ်ဦး၊ အရှေ့ခန်းတွင် အသုံးပြုမည့် အသင့်ပြုလုပ်ထားသော သစ်သားကျောင်း



သံတွဲမြို့ဇောခိကုန်းမှ ရဟန္တာဆင်းတုတော်များ




www.burmeseclassic.com

www.burmeseclassic.com

ဆောင် (Miniature Monastery)များကို နေရာချလေ ည်။ ကိုယ်တို့ ငယ်ငယ်ကမှု ငှက်ပျောလက် လတ်လတ် ဆတ်ဆတ် (the trunk of a fresh banana tree)များ ကို ဆစ်ကာပိုင်းကာ ကျောင်းဆောင် ဖန်တီးပြုလုပ်နေသော ဘုရားကိုးဆူဆရာ၏ လက်မှုပညာကို ကြည့်ကောင်းကောင်း နှင့် ငေးကြည့်နေရလေ့ရှိပါသည်။ ငှက်ပျောအူမှ အလက်တွေ ကို ခွာထုတ်၊ လိုသလောက် ဆစ်ပိုင်း၊ ငှက်ပျောလက် အသားလေးများကို ဓားဖြင့် လွှသွားပုံ၊ ထစ်,ထစ်ပြီး အချွန်အတက်တွေ လုပ်သွားပုံမှာ အံ့ဩစရာဖြစ်၏။ ကျောင်း ဆောင်ငယ် (A Miniature Pavilion)ကို နန်းတော် အဆောင်ဆောင်၊ ကျောင်းအဆောင်ဆောင် (the Royal or Monastic Pavilion)နယ် ဘုံအဆင့်ဆင့်ဖြင့် ပြုလုပ် ကြသည်။ ဘုံအဆင့်များကို မ-ဂဏန်းပြုလုပ်၏။ ကျောင်း ဆောင်များမှာ ပါမြေမြေ ငှက်ပျောလက်များကြောင့် ဆင်စွယ် နန်းတော်ပမာ ကျက်သရေရှိလှသည်။ သစ်ပင်မှ ဖြစ်သော သက်ရှိအရာမို့ လောလောလတ်လတ် ဆစ်ပိုင်းထားသော ငှက်ပျောလက်မှာ လတ်ဆတ် အသက်ဝင်နေသလို ခံစားရ သည်။ သစ်ပင်များသည် အေးငြိမ်းခြင်းနှင့် လန်းဆန်းခြင်းကို ပေးနိုင်စွမ်းလေ၏။ ထို့ပြင် ငှက်ပျောဖောင်များကိုကား အမြဲ အသုံးပြုရသော သစ်သားကျောင်းဆောင်များလို ဖောတ်ဘဲ၊ ပွဲတော်ပွဲပြီးသော နောက်နေ့မနက်စောစောတွင် မြစ်ဆိပ်၊ ချောင်းမြောင်းများတွင် မျှောချနိုင်သေးသည်။ ဤသို့ ပြုလုပ်ခြင်းဖြင့် မကောင်းသောအရာများကို လွှင့်ပစ် လိုက်ရသလိုလည်း ခံစားနိုင်သေး၏။ ခုတော့ ငှက်ပျောလက် ကျောင်းဆောင်ကို ပြုလုပ်တတ်သူ ရှားသွား၍လား၊ ကရိ ယာထဲများ၍လား၊ ကုန်ကျစရိတ်ပို၍လား မသိ၊ သိပ်မလုပ် ကြတော့ပေ။

ဘုရားကိုးဆူဆရာသည် ရွှေချထားသော သစ်သား ဆင်းတုရုပ်တုငယ် (Gilded wooden statuettes)များ လည်း ပင့်ဆောင် ပါရှိလာရသည်။ အလယ်တည့်တည့် ကျောင်းဆောင်ကြီးတွင် ပရိသတ်ဘက်သို့ မျက်နှာမူထား သော ဘုရားရှင်ဆင်းတုတော် ရှိရလေသည်။ ထို့နောက် ဒူးထောက်ထိုင်(Kneeling)လျက်ရှိသော ရဟန္တာကြီးရှစ်ပါး ရုပ်တုတော်များကို ဘုရားရှင်ဘက်သို့ မျက်နှာမူလျက် အရပ်ရှစ်မျက်နှာ (the Eight Cardinal Points) သတ် မှတ်ထားသော နေရာအသီးသီးတွင် တစ်ဆင့်နိမ့်ပြီး နေရာချ ထားရပါသည်။ လက်ဝဲရံ သာဝကကို လက်ဝဲဘက်တွင် လည်းကောင်း၊ လက်ျာရံ သာဝကကို လက်ျာဘက်တွင်



သံတွဲမြို့ဗောဓိကုန်းမှ ရဟန္တာဆင်းတုတော်များ

လည်းကောင်း ချထား စံပယ်စေခြင်းဖြစ်၏။ ထို့နောက် ဂြိုဟ်နတ်များကိုလည်း ရဟန္တာများ၏နောက် လက်ဝဲဘက် တွင် ဘုရားရှင်ဘက်သို့ မျက်နှာမူလျက်ပင် ချထားရပါ သည်။ ဂြိုဟ်နတ်များသည် သူတို့၏ နေ့နံများအတိုင်းရှိပြီး သက်ဆိုင်ရာစီးတော် ယာဉ်များပေါ်တွင် ဒူးတုပ်လျက်သော် လည်းကောင်း၊ ရပ်လျက်သော် လည်းကောင်း ရှိနေကြ သည်။ ကိတ်ဂြိုဟ်နတ်ကို အလယ်ကောင်တွင် ထားကာ ဆိုင်ရာ အရပ်မျက်နှာများအလိုက် နေရာချရ၏။ ထို့ပြင် နတ်ကြီးငါးပါးမှာ သီဝနတ်မင်းအား အလယ်မှာ ထားပြီး ဘုရားကျောင်းဆောင်ရှေ့ ခုံတန်းငယ် နှစ်တန်းတွင် စီတန်း ကာ နေရာချထားလေသည်။ ထို ဟိန္ဒူနတ်ရုပ်များသည်ကား ယင်းတို့၏ စီးတော်ယာဉ် (Vehicle-mounts)များပေါ်တွင် ထလျက်သော် လည်းကောင်း၊ ဒူးတုပ်လျက်သော် လည်း ကောင်း၊ သူတို့၏ ကိုယ်နေဟန်ထားအတိုင်းရှိနေကြသည်။ တောတောင်ရေမြေ ပိုင်စိုးသည့်နတ်များ၊ အိမ်စောင့်နတ် များကမူ စီးတော်ယာဉ် မပါရှိချေ။ သူတို့ကို ကျောင်းဆောင် တော်၏ လက်ျာဘက်တွင် နေရာပေးရသည်။ ထိုသို့ ပုဂ္ဂိုလ် အသီးသီးအား နေရာချထားပြီးနောက် မူလက အဆင်သင့် ပြုလုပ်ထားသော ထီး၊ တံခွန်၊ ကုက္ကားတို့အနက် အကြီးဆုံး တစ်ခုစီကို ဘုရားရှင်ပေါ် အုပ်မိုးလိုက်၏။ ကျန် ရွယ်တူ ရှစ်ခုစီကို ရဟန္တာတို့အပေါ် အုပ်မိုးရပါသည်။ ပြီးနောက် ပန်းအိုးကိုးလုံးနှင့် သပိတ်ကိုးလုံးကို ဘုရားရဟန္တာများရှေ့ တွင် ကပ်လှူရသည်။ ခွက်ရှစ်ခွက်ကို ကိတ်ဂြိုဟ်မှအပ ဂြိုဟ်ရှစ်ခုရှေ့တွင် နေရာချကာ ဖယောင်းတိုင် ကိုးကိုင်ကို နေရာ ကိုးနေရာတွင် ထွန်းညှိပူဇော်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## ဘုရားကိုးဆူပူဇော်ပွဲ ကျင်းပပုံ ကျင်းပနည်း

ဘုရားကိုးဆူပွဲဆင်ယင်ကျင်းပပုံမှာ နှစ်ပိုင်းဖြစ်၏။ ညဉ့်သန်းခေါင်မတိုင်မီနှင့် အရုဏ်ဦးပိုင်းတို့ ဖြစ်သည်။

ဘုရားကိုးဆူဆရာသည် မြတ်စွာဘုရားကို အရင်ဆုံး ပင့်ဖိတ်ပါသည်။ ထို့နောက် ရဟန္တာကြီးရှစ်ပါးကို ပင့်ဖိတ်ရသည်။ ဘုရားကိုးဆူဆရာသည် ဘုရားပင့်ဂါထာတော်များကို ညဉ့်ဦးယံမှ သန်းခေါင်ယံတိုင်သည်အထိ ပါဠိဘာသာ၊ မြန်မာဘာသာတို့ဖြင့် ရောစပ် ရွတ်ဖတ်ပူဇော်ပြီး၊ ခရသင်းမှုတ်ကာ၊ ကြေးစည်သံ တဝေဝေထုကာဖြင့် ပွဲကို အသက်ဝင်စေလေ၏။ ဘုရားဖူး ပရိသတ်က သံပြိုင်ဝင်ရွတ်ရသည့် အခါများလည်း ရှိသည်။ ဧည့်သည်များ၊ အလုပ်မရှိသော အိမ်သည်များ အိပ်ရာဝင်သည့်အချိန်တွင်လည်း ဘုရားကိုးဆူဆရာသည် ဆက်လက်ရွတ်ဖတ်နေရလေသည်။

တစ်ချိန်တည်းမှာပင် အလှူရှင်ကလည်း ဆွမ်းကို စည်းကမ်းချက် ၁၂ချက်နှင့်အညီ ချက်နေရပါသည်။ ဂြိုဟ်နတ်များအတွက် ဆွမ်းကို သီးသန့် အိုးသစ်နှင့် ချက်ပြုတ်ရ၏။ ဆွမ်းချက်ပြီးလျှင် ဆွမ်းပွဲ (၁၂)ပွဲ (ဘုရားနှင့် ရဟန္တာ ၉ပွဲ၊ နတ်ကြီးငါးပါး ၅ပွဲ၊ ရက္ခစိုး, အာကာသစိုး, ဘုမ္မစိုး, အိမ်စောင့်နတ် တစ်ပွဲစီနှင့် ဂြိုဟ်စောင့်နတ် ၉ပွဲ) ကို ပြင်ဆင်ရပြန်ပါသည်။ ထိုစဉ်ခိုက်တွင် ဆွမ်းခဲဖွယ်များကိုလည်း ပြင်ဆင်သူများက ပြင်ဆင်နေရ၏။

နံနက် တစ်နာရီခန့်မှစပြီး တနင်္ဂနွေမှ တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ စနေ၊ ကြာသပတေး၊ ရာဟု၊ သောကြာ၊ ထိုမှ ကိတ်(Ketu)ဂြိုဟ်ဟု အစဉ်အတိုင်း ပင့်ဖိတ်ရပြန်သည်။ ထိုသို့ နေ့သစ်ကူးသော သန်းခေါင်ကျော်တစ်ချက်တီးတွင် အသင့်ချက်ပြုတ်စီမံပြီးသော ဆွမ်း၊ ယိုသုံးမျိုး၊ သစ်သီးသုံးမျိုး (အုန်း၊ ငှက်ပျောနှင့် သင်္ဘောသီး စသော အခြားအသီးတစ်မျိုးမျိုး)၊ ကောက်ညှင်းဖြင့် လုပ်ထားသော မုန့်ဆီကြော်သုံးမျိုး (မုန့်ဖြူ၊ မုန့်နီ၊ မုန့်ဝါ)တို့ကို ဖြည့်ပြီး ကပ်လှူကြပါသည်။ အားလုံးကား သက်သတ်လွတ်သာ ဖြစ်ရ၏။ အချို့ကမူ ကွမ်း၊ လက်ဖက်များလည်း ထည့်ကြပါသည်။ အရင်ဦးဆုံး ဘုရား၊ ရဟန္တာများကို ကပ်လှူပူဇော်ကာ လိုရာဆုကို တောင်းကြသည်။ ထို့နောက်တွင် နတ်ကြီးများနှင့် ဂြိုဟ် (Planet) နတ်များကို ဗလိနတ်စာကျွေးပြီး ဆုတောင်းကြပြန်၏။ ဆွမ်းကိစ္စအပြီးတွင်ကား ပင့်ဖိတ်ထားသော ဂြိုဟ်နတ်များနှင့် နတ်ကြီးငါးပါးကို ပြန်ပို့ရလေသည်။ ထိုအခါတွင် တနင်္ဂနွေဂြိုဟ်၊ အင်္ဂါဂြိုဟ်၊ ရာဟုဂြိုဟ်နှင့် ကြာသပတေးဂြိုဟ် စသော ပါပဂြိုဟ်(Papagyot) လေးပါးကို အရင်ပို့ရ၏။ နောက်မှ သောမဂြိုဟ်(Bhomagyot)လေးပါး (တန ဂြိုဟ်၊ ဗုဒ္ဓဟူးဂြိုဟ်၊ ကြာသပတေးဂြိုဟ်နှင့် သောကြာဂြိုဟ်)ကို ပို့ရ၏။ နောက်ဆုံးတွင်ကား ကိတ်ဂြိုဟ်ကို ပြန်ပို့ရလေသည်။

ကျန်သော ခဲဖွယ်ဘောဇဉ်တို့ကို ငှက်ပျောရွက်ပြ သေချာစွာ ထုပ်ပတ်ကာ ရေ၌ လည်းကောင်း၊ မီး၌ လည်းကောင်း စွန့်ကာ ရေစက်ချပြီး အမျှအတန်းပေးဝေလိုက်ခြင်းဖြင့် ဘုရားကိုးဆူပူဇော်ပွဲ ပြီးဆုံးသွားပါသည်။ ငှက်ပျော ကျောင်းဆောင်ဖြစ်ပါက နီးစပ်ရာ ရေကြောင်းတွင် မျော လိုက်ကြ၏။

## ဘုရားကိုးဆူပူဇော်ခြင်း အလေ့အထ

အထက်ဖော်ပြပါ တင်ပြချက်များကို လေ့လာကြ ကြပါ။ ထို့နောက် ဘုရားကိုးဆူပူဇော်ခြင်းလေ့သည် ကျမ်း များနှင့် ညီ, မညီ၊ ဗုဒ္ဓဝါဒ ဟုတ်, မဟုတ် ချင့်ချိန်ကြည့် ပါသည်။ ထို့ပြင် ဘုရားကိုးဆူ ပူဇော်ပွဲများတွင် ကျော ဆောင် ပြင်ဆင်ပုံ၊ ပွဲပြင်ပုံ၊ ဘုရားနှင့် ရဟန္တာပင့်ဖိတ်ပုံ ကတော့ဖြင့် မြန်မာ့ယဉ်ကျေးမှုအစဉ်အလာတစ်ခုဖြစ်သ ကို လည်းကောင်း၊ မြန်မာ့လက်မှု အနုပညာတစ်ရပ် သည်ကို လည်းကောင်း သတိပြုမိမည်ဖြစ်ပါသည်။ အခြား ဘာသာများနှင့် ရောထွေးနေသော အချက်များ၊ နတ်မင်း နှင့် ဘုရားကို အတူပူဇော်ပုံများကိုမူ ကြိုက်နှစ်သက်သ ယူဆကာ ခံစားနိုင်ကြပါကြောင်း။

* * *

ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ ရှေး-

စာကိုး

- မြတ်မင်္ဂလာ (၂၀၀၁၊ မေ စာ-၃၁)(အရှေ့တိုင်း ယဉ်ကျေ ဘာသာရပ်၊ ရန်ကုန်တက္ကသိုလ်သင်ခန်းစာ)
- (Catherine Raymond, The Phayako Myanmar Histirical Commission, Golden Jubilee Interntional Conferen 2008)



www.burmeseclassic.com

www.burmeseclassic.com

ဗြိတိသျှတို့ မြန်မာနိုင်ငံကို မတရားသိမ်းပိုက် အုပ်ချုပ်နေသော ကာလဖြစ်သည်။ နယ်ပိုင် မစ္စတာ စမစ်သည် သပြေတောရွာသို့ တစ်ပတ်တစ်ခါ လာရောက်လေ့ရှိသည်။ သပြေတောရွာသည် အနောက်ရိုးမနှင့် နီးပြီး တောတောင်စိမ့်စမ်း ရေတံခွန်များ ရှိသဖြင့် အလွန်သာယာပါသည်။ ရွာထိပ်တွင် ဘန်ဂလိုတစ်ခုဆောက်ပြီး စနေ နေ့ညနေတွင် လာရောက် ညအိပ်ပြီး



ကောင်းဆော်

# မိုးကြိုးသွား

www.burmeseclassic.com

www.burmeseclassic.com

တနင်္ဂနွေနေ့ညနေမှ ပြန်လေ့ရှိသည်။ ဘန်ဂလိုတွင် အရက်သောက်ရင်း အနားယူလေ့ရှိသည်။ အရက်ကို အမြည်းကောင်းကောင်းနှင့် သောက်နေရပါက ကျေနပ်နေသူဖြစ်သည်။ ရှီးမနှင့် နီးသဖြင့် တောကောင်တို့၏အသားများကို စားရသဖြင့် ပျော်နေတတ်သည်။ စမစ်မှာ ကောင်းကွက်ရှိသလို ဆိုးကွက်များလည်း ရှိပါသည်။ စမစ်သည် အခြားအရာရှိကြီးများကဲ့သို့ မိန်းမကိစ္စတွင် ဝါသနာမပါသဖြင့် ကျေးရွာက ကြည်ဖြူကြပါသည်။ မကောင်းသည့်ကိစ္စမှာ ငွေကြေးကို မက်မောလွန်းခြင်းဖြစ်သည်။ ကျေးရွာ အာဏာပိုင်များထံမှ ရသမျှငွေကို နည်းလမ်းမျိုးစုံဖြင့် တောင်းခံလေ့ရှိသည်။ ကျေးရွာလူကြီးများက စုဆောင်းပေးသောငွေဖြင့် တင်းတိမ်ခြင်းမရှိဘဲ နည်းလမ်းတီထွင်၍ ငွေလမ်းဖောက်တတ်သည်။

ဘန်ဂလိုရှေ့ မြေတလင်းတွင် ကျေးရွာတစ်ရွာနှင့် တစ်ရွာ ဘောလုံးကန်စေသည်။ သူ့ကို ဖျော်ဖြေရလည်း ရောက်အောင် လူငယ်များက ဘောလုံးပွဲများ ပြုလုပ်ခဲ့ကြသည်။ ထိုဘောလုံးပွဲတွင် စမစ်က တစ်ဖက်နေပြီး ကျန်တစ်ဖက်ကို ရွာသားများ နေစေပြီး ငွေကြေးလောင်းကြသည်။ သူနိုင်လျှင် ငွေရ၍ ပျော်နေသလောက်၊ သူ ရှုံးပါက ငွေမပေးချင်သဖြင့် အားလုံးကို အပြစ်ရှာ၍ ဆူပူကြိမ်းမောင်းတတ်သည်။ နောက်ပိုင်းတွင် ရွာလူကြီးများက သူနိုင်စေရန် ဖန်တီးပေးကြရသည်။ တနင်္ဂနွေနေ့ မြို့အပြန် ငွေထုပ်ပါသွားပါက ကျေကျေနပ်နပ်ရှိတတ်ပါသည်။ ဘောလုံးပြိုင်ပွဲများ ရှိသွားသောအခါ မြန်မာ့ရိုးရာလက်ဝှေ့ပွဲများကို ကျင်းပစေပါသည်။ မြန်မာ့ရိုးရာလက်ဝှေ့ပွဲကို နှစ်သက်သည်ဆိုသည်ထက် လောင်းကြေးထပ်၍ အမြတ်ငွေရသည်ကို သဘောကျနေခြင်းဖြစ်သည်။

ကျေးရွာများမှ ဝါသနာရှင်များကို ဖိတ်ခေါ်၍ လက်ဝှေ့ပွဲများ ကျင်းပရာတွင် ကျေးရွာလူကြီးများက စမစ်ကျေနပ်စေရန်၊ ပတ်ဝန်းကျင်ကျေးရွာများအပေါ် အမြင်ကြည်လင်ပြီး အကာအကွယ်ပေးရန် ရည်ရွယ်၍ ရန်ပုံငွေရှာပြီး ကျင်းပရခြင်းဖြစ်ပါသည်။

လက်ဝှေ့ပွဲမှာ အပတ်စဉ် ပွဲကျင်းပနိုင်ရန် ဝါသနာရှင်ရှာမရသောအခါ မီတာတစ်ရာ၊ မီတာနှစ်ရာ အပြေးပြိုင်ပွဲများ ကျင်းပပေးရသည်။ မည်သည့်ပြိုင်ပွဲဖြစ်စေ မစ္စတာ စမစ်က ကျေနပ်ပါသည်။ ပြိုင်ပွဲလည်း ကြည့်ရ၊ လောင်းကြေးလည်း ရသဖြင့် သပြေတောရွာနှင့် ပတ်သက်လာလျှင် ရွာမှ တင်ပြတောင်းဆိုချက်မှန်သမျှ ခွင့်ပြုပေးခဲ့ပါသည်။

ဘန်ဂလိုရှေ့တွင် အပတ်စဉ် တနင်္ဂနွေနေ့တိုင်း လူစည်ကားလျက်ရှိရာ ဈေးသည်များ ဝင်ရောက် ရောင်းချလာကြပါသည်။ အညာစောင်များ၊ နီးချေဖျာများ သင်ဖြူးဖျာများနှင့် ပစ္စည်းမျိုးစုံ ရောင်းချရာ လူစည်ကားသဖြင့် အရောင်းအဝယ်ဖြစ်ကြပါသည်။ ဘန်ဂလိုစောင့် မောင်ထွေးက ဈေးသည်များ၏ ရောင်းချရသည့် တန်ဖိုးအပေါ် ဈေးကောက် ကောက်၍ သခင်ကြီးထံ ပေးသဖြင့် သခင်ကြီးက ဈေးရောင်းချခြင်းအပေါ် ကန့်ကွက်ခြင်းမရှိပါ။ ဈေးရောင်းချသူ များလာသည်နှင့် ဈေးကောက်ငွေများလာသောကြောင့် သခင်ကြီးက ကျေနပ်နေပါသည်။ တစ်ခါတစ်ရံ နွားများ ကျွဲများ မြင်းများကိုပင် လာရောက်ရောင်းချကြပါသည်။ ကျောက် စသည့် ရတနာများလည်း ရောင်းချတတ်ပါသည်။

တစ်နေ့တွင် ထူးဆန်းသော ပစ္စည်းတစ်ခုရောင်းချရန် ဖြစ်ပေါ်လာ သည်။ အထူးအဆန်းပစ္စည်းဖြစ်၍ များ စိတ်ဝင်စားနေကြသည်။ လူမှား လှုပ်လှုပ်ရှားရှားဖြစ်နေသည်ကို မြင်၍ သခင်ကြီးက မောင်ထွေးကို သွား ရောက် စုံစမ်းရန် လွှတ်လိုက်သည်။ မကြာမီ မောင်ထွေး ပြန်ရောက်လာ သူမြင်ခဲ့ရသည်ကို ပြန်လည်တင်ပြ သည်။

“မိုးကြိုးသွား ရောင်းဖို့ ရော လာတာပါ သခင်ကြီး”

သခင်ကြီးမှာ မိုးကြိုးသွား မမြင်ဘူး၍ ပြန်မေးလိုက်သည်။

“မိုးကြိုးသွားဆိုတာ ဘာလဲ”

“ကောင်းကင်က ကျလာ ပစ္စည်းပါ။ အလွန်ရှားပါးပြီး အစွမ်းထာ ပါတယ်”

“ဘယ်လိုအစွမ်းထက်တာ”

“ဒီပစ္စည်းက ဆေးကုသလို့ သလို၊ အဆောင်ပစ္စည်းအဖြစ် အသုံး လို့လည်း ရပါတယ်။ မိုးကြိုးသွားစ တန်ဖိုးကြီးပါတယ်။ ကိုယ်နဲ့မကွာ ဒီပစ္စည်းကို ဆောင်ထားရင် တု ရိုက်ရင် မနာမကျင်ဘူး။ ဓားနဲ့ ထိ မပေါက်မပြဲဘူး။ သေနတ်နဲ့ ပစ် ကျည်မထွက်ဘူး”

“မောင်မင်းပြောတာ အမှန် ပဲလား”

“မှန်ပါတယ် သခင်ကြီး”

“ဒါဆို တို့သွားကြည့်ရအောင်”

မောင်ထွေးသည် သခင်ကြီး ခေါ်ကာ လူစုလူဝေးရှိရာသို့ ထွ သည်။ လူအုပ်ထဲသို့ မဝင်ဘဲ ကုန်းမြင့်ပေါ်မှ ကြည့်နေကြသည် ဘောင်းဘီဝတ်ဆင်ပြီး လွယ်အိတ် စီနှင့် အသက် ၃၀ခန့် လူရွယ် က လွယ်အိတ်ထဲမှ ပစ္စည်းကို ထ



www.burmeseclassic.com

www.burmeseclassic.com

ပြီး အကျိုးအကြောင်းရှင်းလင်းပြောပြ ပါသည်။

"ဒီမှာ ကြည့်ကြပါ၊ ဒါ မိုးကြိုးသွားအစစ်ပါ။ မမြင်ဘူးတဲ့ လူတွေ လည်း ကိုယ်တွယ်ကြည့်နိုင်ပါတယ်"

ကျောက်ခဲနက်သဏ္ဍာန် အရှည် ပုံးကလေးကို ထုတ်၍ ပြသပါသည်။ လူအုပ်ထဲက လူတစ်ယောက်က ပုဏ္ဏားကို ကိုင်ကြည့်ပြီး မေးလိုက် သည်။

"ဘယ်ဈေးနဲ့ ရောင်းမှာလဲ"

"ကျုပ်က ဈေးမသတ်မှတ်ရ သေးပါဘူး။ ဒီနေရာမှာ ရောင်းရင် ဈေး ကောင်းရမယ်ထင်လို့ လာခဲ့တာပါ။ ကျုပ်တို့က လေလံပစ်သလို ဈေး အများဆုံးပေးတဲ့ လူကို ရောင်းဖို့ စိတ် ကူးထားပါတယ်"

"ဒါဆို ကျုပ်က အရင်စ,ပေး မယ်။ သုံးရာပေးတယ်ဗျာ"

ထိုလူက စိတ်ဝင်စားစွာဖြင့် ပထမဆုံး ဈေးစ,ပေးလိုက်ပါသည်။ ထို နေ့ ပရိသတ်ထဲမှာ သျှောင်တစ်စောင်း နှင့် ပုဂ္ဂိုလ်ကြီးက ချက်ချင်းထ၍ပြော ပါသည်။

"ကျွန်တော်က ခြောက်ရာပေးပါ တယ်"

ဒုတိယလူက ခြောက်ရာပေး သဖြင့် ပထမလူမှာ မလိုက်နိုင်သော ကြောင့် စိတ်ပျက်စွာ ပြောလိုက်သည်။

"ကျုပ် မလိုက်နိုင်ပါတော့ပါဘူး။ ပေးနိုင်တဲ့လူ ဆက်ပေးကြပါ"

ထိုလူ နောက်ဆုတ်သွားသည်နှင့် လူဝကြီးတစ်ဦးက ထ,လာပြီး ပြောပါ သည်။

"ကျုပ် တစ်ထောင်ပေးမယ်"

မိုးကြိုးသွားပိုင်ရှင်မှာ ပြုံးသွားပါ သည်။ ပတ်ဝန်းကျင်ကို အကဲခတ်ပြီး ဆက်လက်ပြောပါသည်။

"ဒီပုဂ္ဂိုလ်ကြီးက တစ်ထောင်ပေး ပါပြီ၊ နောက်ထပ်ပေးမယ့်လူရှိရင် ပေး ကြပါ"

ပရိသတ်က လှုပ်ရှားမှုမရှိသဖြင့် မိုးကြိုးသွားပိုင်ရှင်က ထပ်မံ ရှင်းလင်း ပြောပြနေပါသည်။

"နောက်ထပ် ဈေးပိုပေးမယ့်လူ မရှိရင် ဘစ်ထောင်ဈေးပေးတဲ့ ပုဂ္ဂိုလ် ကြီးကို ရောင်းရပါ့မယ်။ ကဲ - ကျုပ် အော်ပြီး မေးပါ့မယ်။ ပထမအကြိမ်ပါ၊ ကျုပ်တစ်ထောင်ထက် ပိုပြီးပေးမယ့်လူ ရှိပါသေးသလား"

ပတ်ဝန်းကျင်မှာ ငြိမ်နေသည်။ ပြန်ဖြေမည့်သူ မရှိ။ မည်သည့်အသံမှ ထွက်မလာသဖြင့် ပိုင်ရှင်က ဒုတိယ အကြိမ်မေးရန် ပြင်ဆင်လိုက်သည်။

"ဒုတိယအကြိမ်ပါ၊ ကျုပ်တစ် ထောင်ထက် ပိုပေးမယ့်လူ ရှိပါသေး သလား"

မည်သည့်အသံမှ ထွက်မလာ သဖြင့် ပိုင်ရှင်က တတိယအကြိမ် အော်ရန် ပြင်ဆင်လိုက်သည်။

"ကဲ - ဒါ နောက်ဆုံးအကြိမ်ပါ"

ပိုင်ရှင်၏ အသံမဆုံးမီ လူအုပ်ထဲ မှ အသံတစ်သံထွက်ပေါ်လာသည်။

"ကျုပ် ဈေးပိုပေးပါ့မယ်"

လူများမှာ ထိုလူ့ထံ အာရုံ ရောက်သွားပါသည်။ ထိုလူမှာ အသက် ဖိဝခန့် ယောဂီဝတ်စုံနှင့် လူကြီးတစ်ဦး ဖြစ်ပါသည်။ ထိုလူကြီးက အားလုံးမြင် သာအောင် လက်ညှိုးထောင်၍ အော် ပြောလိုက်သည်။

"နှစ်ထောင်ပေးမယ်"

ပရိသတ်မှာ ဟာခနဲ အံ့အားသင့် သွားပါသည်။ လေလံပစ်ရာတွင် အဆင့် ဆင့် စိစစ်၍ပေးလေ့ရှိရာ တစ်ကျပ် သာရုံ၊ တစ်ရာသာရုံနှင့် လေလံအောင် မြင်တတ်သဖြင့် အနည်းငယ်သာ ပိုပေး လေ့ရှိသော်လည်း ယခု ထိုလူကြီးက နှစ်ဆဈေးတင်ပေးလိုက်သဖြင့် အားလုံး အံ့ဩသွားကြခြင်းဖြစ်သည်။ မစ္စတာ စမစ်ပင် တုန်လှုပ်သွားပါသည်။ ငွေကျပ် နှစ်ထောင်၏ တန်ဖိုးမှာ အလွန်များပြား သဖြင့် ပိုင်ရှင်မှအပ အားလုံး အံ့ဩ နေကြသည်။ ပထမ တစ်ထောင်ပေးခဲ့ သူမှာ ငိုင်ကျသွားပါသည်။ ဘေးမှ လူ များက ဆက်လိုက်ရန် အားပေးကြ သော်လည်း ခေါင်းခါလျက်ရှိပါသည်။

"မလိုက်နိုင်တော့ပါဘူး။ လက် လျှော့လိုက်ပါပြီ"

တစ်ထောင်ပေးသူက လက် လျှော့လိုက်သဖြင့် ပိုင်ရှင် ပရိသတ်ကြီး ကို မေးရပြန်သည်။

"ကဲ - နှစ်ထောင်ထက် ပိုပေး နိုင်သူရှိရင် ထွက်ခဲ့ပါဦး"

မည်သည့်အသံမှ ထွက်မလာ သဖြင့် မိုးကြိုးသွားပိုင်ရှင်က ထုံးစံ အတိုင်း မေးရပြန်သည်။

"သုံးကြိမ်မေးပါမယ်။ ပထမ အကြိမ်ပါ၊ ကျုပ်နှစ်ထောင်ထက် ပိုပေး နိုင်တဲ့လူ ရှိပါသေးသလား"

ပတ်ဝန်းကျင်က ငြိမ်နေသဖြင့် ဒုတိယအကြိမ်မေးရပြန်သည်။

"ဒုတိယအကြိမ်ပါ။ နှစ်ထောင် ထက် ပိုပေးနိုင်တဲ့လူ ရှိပါသေးသလား"

ပရိသတ်ထဲမှ တုံ့ပြန်သံ မကြားရ သဖြင့် ပိုင်ရှင်က နောက်ဆုံးအကြိမ် မေးလိုက်သည်။

"နောက်ဆုံးအကြိမ်ပါ၊ နှစ်ထောင် ထက် ပိုပေးမယ့်လူ ရှိပါသေးသလား"

မည်သည့်အသံမှ ထွက်မလာ သဖြင့် ပရိသတ်ကြီးကို ပြောလိုက် သည်။

"ကျွန်တော် သုံးကြိမ်ကြေညာလို့ ပြီးပါပြီ။ နောက်ထပ် ဈေးပိုပေးမယ့်လူ မရှိတော့တဲ့အတွက် ငွေကျပ်နှစ်ထောင်

www.burmeseclassic.com




ပေးတဲ့လူဟာ အများဆုံးပေးနိုင်တဲ့ လူဖြစ်လို့ အစီအစဉ်အတိုင်း နှစ်ထောင်ပေးတဲ့ ပုဂ္ဂိုလ်ကြီးကို မိုးကြိုးသွားရောင်းရမှာ ဖြစ်ပါတယ်။ အားလုံး သဘောတူကြရဲ့လား"

ပရိသတ်ကြီးကို သုံးကြိမ်အော်၍ မေးလိုက်ရာ သဘောတူကြောင်း သိရပါသည်။

"အားလုံး သဘောတူကြပါသလား"

"တူပါတယ်"

"သဘောတူကြပါသလား"

"တူပါတယ်"

"သဘောတူကြပါသလား"

"တူပါတယ်"

"ကျွန်တော် သုံးကြိမ်မေးပြီးပါပြီ။ အားလုံး သဘောတူတဲ့အတွက် ဈေးအများဆုံးပေးတဲ့ ပုဂ္ဂိုလ်ကြီးကို မိုးကြိုးသွားရောင်းပါ့မယ်။ ပုဂ္ဂိုလ်ကြီး ဒီဘက်ကြွပါခင်ဗျာ"

ကျပ်နှစ်ထောင်ပေးမည့် ယောဂီဝတ်စုံနှင့် ပုဂ္ဂိုလ်ကြီးသည် လူအုပ်ထဲမှ တိုးထွက်ကာ မိုးကြိုးသွားပိုင်ရှင်အနီးသို့ သွားခဲ့သည်။ အနီးရောက်သည်နှင့် ပုဂ္ဂိုလ်ကြီးက ပြောပါသည်။

"ခင်ဗျားရဲ့ မိုးကြိုးသွားကို ကျုပ်နှစ်ထောင်နဲ့ ဝယ်ပါ့မယ်။ မိုးကြိုးသွားစစ်,မစစ်ကို စမ်းသပ်ပြပါ။ မိုးကြိုးသွားစစ်ရင် ချက်ချင်း ငွေချေပါ့မယ်"

"မိုးကြိုးသွားစစ်,မစစ်ကို ဘယ်လို စမ်းသပ်ပြစေချင်သလဲ"

"ကြိုက်သလိုစမ်းပါ"

"အလွယ်ကူဆုံး စမ်းသပ်နည်းကတော့ သေနတ်နဲ့ ပစ်ပြဖို့ပဲ။ မိုးကြိုးသွား စစ်ရင် ကျည်မထွက်စေရပါဘူး။ အဲဒီတော့ ကျွန်တော်တို့မှာ သေနတ်ပါမလာဘူး။ တစ်နေရာက ခဏငှားလို့ရရင် ကောင်းမယ်"

"သခင်ကြီးဆီမှာ ခြောက်လုံးပြူးရှိတယ်ဗျို့"

ပရိသတ်တစ်ဦးက စိတ်ဝင်စားစွာ ပြောလိုက်သည်။ ကျန်လူများကလည်း စမ်းသပ်သည်ကို ကြည့်လိုကြသဖြင့် ဝိုင်းဝန်းပြောဆို အကြံပေးကြသည်။ မိုးကြိုးသွားပိုင်ရှင်သည် သခင်ကြီးကို မပြောဝံ့သဖြင့် မောင်ထွေးအားချဉ်းကပ်၍ ပြောရသည်။ မောင်ထွေးက သခင်ကြီးကို ခြောက်လုံးပြူးကိုအလွယ်တကူ ဖြုတ်ပေးလိုက်သည်။ သေနတ်ပေးလိုက်ပြီး လက်တွေ့စမ်းသပ်သည်ကို အနီးကပ်ကြည့်လိုသဖြင့် သခင်ကြီးနှင့် မောင်ထွေးတို့ပါ ကပ်၍လိုက်ခဲ့သည်။ အနီးရှိ ပင်စည်ကြီးသောသရက်ပင်တွင် မိုးကြိုးသွားကို ကပ်လိုက်ပြီး ယောဂီကြီး၏ လက်သို့သေနတ်ပေးလိုက်သည်။

"ယောဂီကြီး··· သံသယရှင်းအောင် ကိုယ်တိုင်ပစ်ကြည့်ပါ"

သခင်ကြီးမှာလည်း စိတ်ဝင်စားလွန်းသဖြင့် အသက်ရှူရန် မေ့နေသည်ထင်ရသည်။ ယောဂီကြီးက မိုးကြိုးသွားကို သေနတ်ပြောင်းဝတေ့ပြီး ပစ်လိုက်သည်။

"ခြောက်"

ကျည်ဆန် လုံးဝ မထွက်ပါ။ ကြည့်နေသူများမှာလည်း အားရဝမ်းသာလက်ခုပ်တီး အားပေးကြသည်။ သခင်ကြီးက အထူးစိတ်ဝင်စားသဖြင့် ထပ်ပစ်ရန် ပြောလိုက်သည်။

"ထပ်ပစ်ပါဦး။ ကျည်ဆန်ကုန်သည်အထိ ပစ်ပါ။ ကျုပ် ခွင့်ပြုတယ်"

သခင်ကြီး ခွင့်ပြုသဖြင့် နောက်ထပ် ငါးချက် ထပ်မံပစ်လိုက်သည်။

"ခြောက်···"

"ခြောက်···"

"ခြောက်···"

"ခြောက်···"

"ခြောက်···"



www.burmeseclassic.com

www.burmeseclassic.com

"မိုးကြိုးသွားစစ်တယ်ဗျို့"

လူအုပ်ထဲမှ လူတစ်ယောက်က အော်၍ ပြောလိုက်သည်။ ယောဂီကြီးက သူ၏ လွယ်အိတ်ထဲက ငွေသားထုပ်နှစ်ထောင်ကို ထုတ်ပေးလိုက်ပြီး မိုးကြိုးသွားကို ကိုင်လိုက်သည်။ ယောဂီကြီးက ခြောက်လုံးပြူးကို သခင်ကြီးထံ ယုံသေစွာ ကမ်းပေးလိုက်သည်။ သခင်ကြီးမှာ ပွဲကြီးပွဲကောင်းတစ်ပွဲကို ကြည့်လိုက်ရသကဲ့သို့ အားရကျေနပ်လျက် သူ၏ ခံစားချက်ကို နှုတ်က ဖွင့်ဟ ပြောလိုက်သည်။

"သိပ်အံ့ဩဖို့ ကောင်းတယ်။ ကျုပ်တစ်သက်မှာ ဒါလောက် ထူးဆန်းတာ တစ်ခါမှ မတွေ့ခဲ့ဘူး"

မစ္စတာ စမစ်မှာ သူ၏ ခြောက်လုံးပြူးကို သေချာစွာ ပြန်လည်စစ်ဆေးလိုက်သည်။ သူ့သေနတ်တွင် ချို့ယွင်းမှု မတွေ့ရသဖြင့် အားလုံးကြားအောင် ပြောလိုက်သည်။

"ကျုပ်သေနတ်မှာ ကျည်အစစ် အပြည့်ရှိတယ်။ လုံးဝ ချို့ယွင်းချက် မတွေ့ရဘူး။ ကျုပ်သေနတ်က ပစ်တိုင်း ကျည်ဆန်ထွက်တာချည်းပဲ။ အားလုံးရဲ့ ရှေ့မှာ ကျုပ် ပစ်ပြလိုက်မယ်"

သေနတ်ကို ရိုးမတောင်ဆီသို့ လှည့်၍ အပေါ်သို့ ထောင်ကာ ပစ်ပြလိုက်သည်။

"ဒိုင်း…"

"ဒိုင်း…"

"ဒိုင်း…"

"ဒိုင်း…"

"ဒိုင်း…"

သေနတ်သံများ ထွက်ပေါ်လာပြီး ကျည်ဆန်ရှိကြောင်း အခိုင်အမာပြသလိုက်သဖြင့် အားလုံး ကျေနပ်သွားပါတော့သည်။ အားလုံးလည်း သံသယကင်းရှင်းကာ အရောင်းအဝယ်ကိစ္စလည်း ပြီးပြတ်သွားပြီဖြစ်၍ လူအုပ်ကွဲသွားပါသည်။ မိမိတို့ လိုရာခရီးသို့ ထွက်ခွာသွားကြသဖြင့် ကွင်းပြင်ထဲတွင် လူတစ်ဦးစ နှစ်ဦးစလောက်သာ ကျန်ပါတော့သည်။ သခင်ကြီးမှာလည်း မောင်ထွေးကို ခေါ်ကာ ဘန်ဂလိုပေါ်သို့ ပြန်တက်ခဲ့သည်။ ဘန်ဂလိုပေါ်သို့ ရောက်သည့်တိုင် သခင်ကြီးမှာ အငြိမ်နေ၍မရဘဲ ထိုင်ရမလို၊ ထ,ရမလိုဖြစ်နေပါသည်။ သူ့ရင်ထဲ ခံစားနေရသော ခံစားချက်ကို မထိန်းနိုင်တော့ဘဲ မောင်ထွေးကို မေးလိုက်သည်။

"မောင်မင်း… ပစ္စည်းဝယ်လိုက်တဲ့သူ ရှိသေးသလား"

မောင်ထွေးသည် ပြတင်းပေါက်မှ လှမ်းကြည့်ရာ ယောဂီကြီးကို တွေ့နေရသဖြင့်…

"ရှိနေပါသေးတယ် သခင်ကြီး" ဟု ပြန်ပြောလိုက်ပါသည်။

"အဲဒီလူကို သွားခေါ်လာခဲ့"

မောင်ထွေးသည် ဘန်ဂလိုပေါ်မှ အပြေးဆင်းကာ ယောဂီကို ခေါ်လာခဲ့ပါသည်။

"မောင်မင်း…ဒီမှာ ထိုင်ပါ"

သခင်ကြီးက ယောဂီကြီးကို သူ့ရှေ့တွင် နေရာပေးသဖြင့် ဝင်လိုက်ပါသည်။

"မောင်မင်း…ဘယ်မှာနေသလဲ"

"ဒီက မြင်နေရတဲ့ ကျောက်တစ်လုံးကတောင်မှာ နေပါတယ်"

ဘန်ဂလိုပေါ်က လှမ်းကြည့်ပါက တစ်မိုင်ခန့်အကွာတွင် ကျောက်တစ်လုံးတောင်ကို မြင်ရပါသည်။

"မောင်မင်း ဝယ်လိုက်တဲ့ ပစ္စည်းကို ပြန်ရောင်းမလား"

"အမြတ်ရရင် ရောင်းပါ့မယ်"

"ဘယ်လောက်နဲ့ ရောင်းမလဲ"

"သုံးထောင်ရရင် ရောင်းပါ့မယ်"

"များတာပေါ့။ မောင်မင်းဝယ်တာ နှစ်ထောင်ပဲ ကျုပ်မြင်တယ်"

"ဒီပစ္စည်းက ရှားပါးပစ္စည်းပါ။ မြို့ပေါ် တက်ရောင်းရင် ငါးထောင်ရနိုင်တယ်"

"နှစ်ထောင့်ငါးရာပေးမယ်"

"မရောင်းနိုင်ပါဘူး"

သခင်ကြီးက ပစ္စည်းကို လိုချင်နေမှန်းသိသဖြင့် ယောဂီကြီးက ဈေးမလျှော့နိုင်ကြောင်း အခိုင်အမာပြောလိုက်ပါသည်။ သခင်ကြီးမှာ သူ့စိတ်ကို သူ မတားနိုင်တော့ဘဲ အခန်းထဲသို့ ဝင်ရောက်၍ ငွေသုံးထောင်ယူကာ ယောဂီကြီး၏ လက်သို့ ပေးလိုက်ပါသည်။ ယောဂီကြီးက ငွေစက္ကူများကို ရေတွက်၍ ပြည့်သည်နှင့် လွယ်အိတ်ထဲက မိုးကြိုးသွားကို ထုတ်ယူ၍ စားပွဲပေါ် တင်ပေးလိုက်သည်။ သခင်ကြီးသည် မိုးကြိုးသွားကို အမြတ်တနိုး ပွတ်သပ်ကြည့်နေသည်။

"ကဲ - မောင်မင်း သွားနိုင်ပြီ"

"သခင်ကြီး စမ်းသပ်ဦးမလား"

"မစမ်းတော့ပါဘူး။ ငါ့သေနတ်မှာလည်း ကျည်ဆန်ကုန်သွားပြီ။ မောင်ရင် စမ်းသပ်တုန်းက ကျုပ်ကြည့်ထားပြီးသားပဲ"

"ဒါဆို ကျွန်တော့်ကို ခွင့်ပြုပါ သခင်ကြီး"

ယောဂီကြီးက နှုတ်ဆက်ပြီး ဘန်ဂလိုပေါ်မှ ဆင်းသွားပါသည်။ သခင်ကြီးမှာ မိုးကြိုးသွားကို ရလိုက်သဖြင့် ကျေနပ်မဆုံးအောင် ရှိနေပါသည်။ မိုးကြိုးသွားကို လက်က မချနိုင်ဘဲ ပွတ်သပ်ကြည့်ရင်း ပြုံးနေပါသည်။ ညနေတွင် မြို့သို့ ပြန်ရမည်ဖြစ်၍ မြို့သို့ ပြန်ရောက်ပါက အပေါင်းအသင်းများကို မိုးကြိုးသွား၏ အစွမ်း အံ့မခန်းကို ပြသရင်း ကြွားရန် စိတ်ကူးလျက်ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ညနေတွင် နယ်ပိုင်ကြီးသည် သူ၏ ဂျစ်ကားကို ကိုယ်တိုင်မောင်း၍ မြို့သို့ ပြန်သွားပါသည်။ နယ်ပိုင်ကြီး ပြန်သွားမှ မောင်ထွေးမှာ လွတ်လပ်ရေးရပြီး ဘန်ဂလိုတံခါးများကို အလုံပိတ်၍ ရွာထဲသို့ ထွက်ခဲ့သည်။ တစ်ပတ်အတွက် တော့ တာဝန်ပြီးခဲ့ပြီဖြစ်၍ ရွာထဲ လျှောက်လည်ပြီး ညရောက်မှ ပြန်လာတော့မည်ဖြစ်သည်။

◈◈◈

မောင်ထွေးသည် ညဉ့်နက်မှ ဘန်ဂလိုသို့ ပြန်လာသည်။ မိုးလင်းသော်လည်း မထသေးဘဲ ဇိမ်နှင့် ကွေးကောင်းတုန်း အပြင်မှ တံခါးထုသံ ကြားနေရသည်။ သခင်ကြီး မရှိပါက မည်သူ့ကိုမျှ ကြောက်စရာမလိုသဖြင့် ဆက်အိပ်ရန် စိတ်ကူးထားသော်လည်း နားထဲမှ သူ့ကို ခေါ်သံကြားနေရသည်။

"မောင်ထွေး…မောင်ထွေး"

ဆက်အိပ်၍ မရတော့သဖြင့် အိပ်ရာက ထပြီး တံခါးဖွင့်လိုက်ရာ မမျှော်လင့်ဘဲ ရွာသူကြီးကို တွေ့လိုက်ရ၍ အံ့ဩနေပါသည်။

"မောင်ထွေး…တံခါးတွေ ဖွင့်၊ သခင်ကြီးလာတယ်"

မောင်ထွေးမှ အံ့ဩရင်း တံခါးအားလုံးဖွင့်လိုက်ရသည်။ ဘန်ဂလိုပေါ်သို့ သခင်ကြီးတက်လာသည်ကို မယုံကြည်နိုင်စရာ တွေ့လိုက်ရသည်။

"သခင်ကြီး • • •ဘာကိစ္စရှိလို့ စောစောစီးစီးရောက်လာတာလဲ"

"ဘာကိစ္စလဲ မေးမနေနဲ့၊ ကျုပ်ကို လိမ်တယ်"

"ဘယ်သူလိမ်တာလဲ သခင်ကြီး"

"ဒီပစ္စည်းရောင်းတဲ့ လူပေါ့၊ ဒီလူကို တွေ့အောင်ရှာပါ"

သခင်ကြီးက သူဝယ်သွားသော မိုးကြိုးသွားကို ထုတ်ပြသည်။ စိတ်ဆိုးပြီး ဒေါသကြီးနေသဖြင့် မောင်ထွေး ဆက်မမေးဝံ့တော့ပါ။

"ဒီလူ ဘယ်မှာနေသလဲ"

"ကျောက်တစ်လုံးတောင်မှာ နေတယ်လို့ ပြောသွားပါတယ် သခင်ကြီး"

မောင်ထွေးက ကြောက်ကြောက်နှင့် ပြောလိုက်သည်။

"အဲဒီကောင် လိမ်လို့ ကျုပ်အရှက်ကွဲရတယ်။ ကျုပ်လူတွေရှေ့မှာ ဒီပစ္စည်းကို သေနတ်နဲ့ ပစ်ပြတာ၊ တစ်ချက်ပစ်ရင် တစ်ခါ ကျည်ထွက်တယ်။ ပစ်လိုက်တိုင်း ကျည်ထွက်တယ်။ ဒီပစ္စည်းမှာလည်း ဒဏ်ရာချည်းဖြစ်ကုန်ရော။ ကြေမွပျက်စီးနေပြီ။ သူကြီး… ဒီလူကို သိသလား"

"မနေ့ကမှ မြင်ဖူးတာပါ သခင်ကြီး"

"ပစ္စည်းရောင်းသွားတဲ့ လူကိုရော သိသလား"

"တစ်ခါမှ မတွေ့ဆုံဖူးပါဘူး သခင်ကြီး"

"သူကြီးနဲ့ အဖွဲ့ ကျောက်တစ်လုံးကို ချက်ချင်းလိုက်ကွာ။ သူ့ကို မတွေ့တွေ့အောင်ရှာ၊ ဖမ်းပြီး ဒီကို ခေါ်လာခဲ့"

"ဟုတ်ကဲ့ပါ သခင်ကြီး"

သူကြီးနှင့် အဖွဲ့ ထွက်သွားကြသည်ကို ငေးကြည့်ရင်း သခင်ကြီးမှာ ဒေါသထွက်နေဆဲဖြစ်သည်။

"အလကား…လူလိမ်တွေ"

"ကျုပ်လိုလူကိုတောင် လိမ်ရဲတယ်"

"တွေ့ကြသေးတာပေါ့"

အမျိုးမျိုးကြိမ်းဝါးနေပါသည်။ ထမင်းကျွေးသော်လည်း မစားနိုင်ဘဲ အရက်ကိုချည်း ဖိသောက်နေသည်။ တစ်နေ့လုံး အရက်သောက်ရင်း ဒေါသထွက်နေခဲ့သည်။ နေဝင်ခါနီးမှ သူကြီးနှင့်အဖွဲ့ ပြန်ရောက်လာကြသည်။ သူကြီးက သခင်ကြီးကို တွေ့ပြီး ရှင်းလင်းတင်ပြပါသည်။

"ကျောက်တစ်လုံးတောင်မှာ တရားကျင့်နေတဲ့ ဘုန်းကြီးတွေပဲ ရှိ တယ်။ မနေ့က လာတဲ့ ယောဂီ မတွေ့ရပါဘူး။ သူ့ပုံသဏ္ဌာန်ပြောပြီး မေးပေမယ့် သိတဲ့လူ မရှိပါဘူး။ တောင် ပေါ်မှာ နေရာလပ်မကျန် ရှာပါတယ် မတွေ့ပါဘူး သခင်ကြီး"

"မောင်မင်းတို့လည်း အသုံးမကျ ဘူး။ ကျုပ် ဒုက္ခရောက်ပြီ"

သခင်ကြီးမှာ မျှော်လင့်ချက်မ သဖြင့် အားပြတ်ပြီး ခွေယိုင်လဲကျသွား ပါသည်။ အားလုံးက သခင်ကြီး အတွက် စိတ်မကောင်းဖြစ်ကြရသည်။ သူကြီးနှင့်အဖွဲ့က စိတ်မကောင်းဖြစ်နေ ကြသော်လည်း ကျန်ရွာသားများမှာ စိတ် ထဲက ကျိတ်၍ ကျေနပ်နေကြသည်။ ဒါလောက် ငွေလောဘတက်နေတဲ့လူ အလိမ်ခံရတာ ကောင်းတယ်ဟု၍ တစ်မျိုး၊ နယ်ချဲ့ဗြိတိသျှအပေါ် အနိုင် ယူနိုင်တဲ့လူကို ချီးကျူးရမှာပေါ့ဟု တစ်ဖုံ၊ အမျိုးမျိုးဝေဖန် ပြောကြားနေ ကြပါသည်■


* * *

ကောင်းဆော်



www.burmeseclassic.com

www.burmeseclassic.com



# ယပ်တောင်ယကြာ

ဗေအောင်ဘုန်းမြင့် (ကချင်ဗြေ)

BURMESE CLASSIC

### ယပ်တောင်နိဒါန်း

လူတို့သည် လူ့အသုံးအဆောင်ပစ္စည်းအမျိုးမျိုးကို တီထွင်အသုံးပြုခဲ့ကြရာ၌ ယပ်တောင်သည် တစ်ခုအပါအဝင် ဖြစ်လေ၏။ ယပ်တောင်ကို ရှေး လူ့ရိုင်းဘဝကပင် မီးမွှေးရန် မီးမွှေးကိရိယာအဖြစ် စတင်အသုံးပြုလာခဲ့ကြသည်ဟု သုတေသီတို့က ယူဆကြသည်။

မူလ ပေါ်ကာစ ယပ်တောင်များသည် သဘာဝအတိုင်း သစ်ပင်ကြီးများမှ ရသော အရွက်ဖားဖားကြီးများ ဖြစ်သည်။ လူက လက်ဖြင့် လှုပ်ရှားခတ်ပေးရသော ပဒေသာပင်မျိုး အရွက်အလက်ကြီးများဖြစ်ပြီး ထိုမှတစ်ဆင့် ပေါ်ပါးသော ကျေးငှက်တိရစ္ဆာန်များ၏ အမွေးအတောင်များဖြင့် လုပသေသပ်အောင် မွမ်းမံပြုလုပ်ထားသော အရွက်ပြားကြီးများ ဖြစ်သည်ဟူ၏။ ထို့ကြောင့် ထုထည်ကြီးမားသော ယပ်တောင် အရွက်ပြားကြီးများသည် ကိုင်တွယ်အသုံးပြုရန်နှင့် သယ်ယူဆောင်သွားရန် ခက်ခဲသဖြင့် ယပ်တောင်ကိုင်များက သယ်ဆောင် ထိန်းသိမ်းပေးခြင်း၊ အလိုရှိလျှင် လက်ဖြင့် လှုပ်ရှားခတ်ပေးခြင်း ပြုလုပ်ပေးရပါသည်။

ရှေးအခါက မင်းစိုးရာဇာ၊ အာဏာပိုင်စိုးတေးသူများနှင့် ငွေကြေးချမ်းသာ ပြည့်စုံကြွယ်ဝကြသူများ အစရှိသော အထက်တန်းလွှာ လူကုံထံများသည် အထူးလေ့ကျင့်သင်ကြားပေးထားသော ယပ်တောင်ကိုင် လုလင် (သို့မဟုတ်) ယပ်တောင်ကိုင် ကညာပျိုများကို သီးသန့် ခန့်ထားကြပြီး မိမိတို့နှင့် မိမိတို့ထံ လာရောက်လည်ပတ်ကြသော ဧည့်သည်တော်များကို နောက်နား (သို့မဟုတ်) ဘေးနားမနီးမဝေးမှနေ၍ ယဉ်ကျေးပျူငှာစွာ ယပ်ခတ်အသုံးတော်ခံခြင်းကို ဂုဏ်ယူစွာ စေခိုင်းအသုံးပြုကြသည်ဟု ဆိုသည်။

နောင်အခါ ထုထည်ကြီးမားရှ် ကိုင်တွယ်အသုံးပြုရန်နှင့် တစ်နေရာမှ တစ်နေရာသို့ သယ်ယူသွားရန် ခက်ခဲသော ယပ်တောင်အပြားအချပ်ကြီးများအား သေးငယ်၍ ခေါက်သိမ်းသယ်ဆောင်ရ လွယ်ကူသော ယပ်တောင်ငယ်များကို တီထွင်ကြံဆ အသုံးပြုလာရာမှ တဖြည်းဖြည်း ခေတ်မီ ယပ်တောင်ငယ်များ ဖြစ်လာခြင်းဖြစ်သည်။

ယပ်တောင်ငယ်များ ခေတ်စားလာသဖြင့် အခြေအနေများမှ ယပ်ခတ်ပေးရန် မလိုတော့ဘဲ မိမိတို့ကိုယ်တိုင် ခတ်

www.burmeseclassic.com

ရှိသောအခါ ထုတ်ယူအသုံးပြုနိုင်ပြီး အသုံးမလိုသည့်အခါ ခေါက်၍ သိမ်းဆည်းထားနိုင်သဖြင့် ယပ်တောင်ကိုင်များ အလုပ်ပြုတ်ကြရ၏။ ပန်ကာ၊ လေအေးစက်ခေတ်၌လည်း ယပ်တောင်သည် အသုံးပြုနေရဆဲဖြစ်သည်။

ယပ်တောင်ကို နိုင်ငံတော်ကိစ္စများ၌ လည်းကောင်း၊ မြင့်မြတ်သော ဘာသာရေးအခမ်းအနားများ၌ လည်းကောင်း၊ လောကီရေးရာ အခါတော်ပေး အမှုကိစ္စကြီးငယ် ဆောင်ရွက်ကြရာ၌ လည်းကောင်း အသုံးပြုကြရသည်။

ယပ်တောင်များသည် ယခုခေတ်တွင် အလွန်လူကြိုက်များလာသော ပန်ကာနှင့် လေအေးစက်အမျိုးမျိုး၏ ဘိုးအေဖြစ်ပြီး အပူသောက ဗျာပါဒအမျိုးမျိုးတို့ကို ကင်းဝေး လွတ်ငြိမ်းစေနိုင်သည်။ ဘဝအေးချမ်းသာယာရေးအတွက် ယတြာကောင်းအဖြစ် ဆောင်ကြဉ်းပေးနိုင်သော ယုံကြည်မှု ပစ္စည်းလည်းဖြစ်သည်။

တရုတ်လူမျိုးတို့သည် ယပ်တောင်ကို နှစ်သက်ဖွယ် ပစ္စည်းအဖြစ် အမြတ်တနိုး ကိုင်တွယ် အသုံးပြုခဲ့ကြ၏။ ထီးသွေး နန်းသွေး တရုတ်မင်းသမီးများသည် ယပ်တောင် ကိုယ်စီကိုင်၍ ထွက်ပေါ်မှုကြသည်။ အထူးသဖြင့် မင်းခမ်းမင်းနားနှင့် ရိုးရာပွဲတော်များတွင် ဝင်ရောက်ပါဝင် ဆင်နွှဲကြသည့်အခါ မိမိတို့၏ အဆင့်အတန်းကို အခြားသူများ မသိအောင် မျက်နှာဖုံးတပ်ကြရ၏။ ပွဲဒိုက်မှုဒဏ်ကြောင့် မကြာခဏ မသိမသာ မျက်နှာဖွင့်လှစ်ရသည့်အခါ ယပ်တောင်သည် ရွှေမျက်နှာတော်ကို အကာအကွယ်ပေးနိုင်ရန် လွန်စွာ အသုံးဝင်လှပါသည်။ ယပ်တောင်ကို အမျိုးသမီးထုတစ်ရပ်လုံးက နှစ်သက်မြတ်နိုး ကိုင်ဆောင်အသုံးပြုခဲ့ကြသည်။

◈◈◈

ကျွန်တော်တို့ ရောက်သွားချိန်မှာတော့ မြူတွေ မကွဲတကွဲ။ ကက္ကူအလှကို တစ်ဝကြီး အနီးကပ် ဖူးတွေ့လိုက်ရ၏။ စိတ်ချမ်းမြေ့စရာကောင်းလေစွ။ ကြည်ညိုသဒ္ဓါပီတိအဟုန်ကြောင့်ပင် အားရဝမ်းမြောက်ရှိလှ၏။

"ကက္ကူ"ဆိုသည်မှာ ပအိုဝ်းဘာသာစကားပင် ဖြစ်သည်။ ကက်မှာ စခန်း၊ ကင်းစခန်းဖြစ်သည်။ ကူမှာ နယ်ခြားစခန်းလေးပင်ဖြစ်၏။ ကက္ကူရွာနေရာလေးမှာလည်း ဆီဆိုင်စေတ်ဘုရားပိုင်နက်နှင့် ညောင်ရွှေစော်ဘွားပိုင်နက်စပ်ကြားတွင် တည်ရှိနေပါသည်။

ရှေးဟောင်းစေတီတော်များကို တစ်စုတစ်ဝေးတည်း ဖူးတွေ့ရခြင်းမှာ ကျွန်တော့်ဘဝအတွက်တော့ ပထမဆုံးဖြစ်သည်။ သစ်ရိပ်ဝါးရိပ်များအလယ် ကုန်းမို့မို့လေးမှာ စေတီတော်တွေ စုပေါင်းဝန်းရံထားပုံက အံ့မခန်းပင်။

စေတီပုထိုးပေါင်း အသစ်ရော အဟောင်းပါ ၂၅၀၀ ခန့်လောက်ရှိသည်ဟု ဆို၏။ ဒေါက်တာ သန်းထွန်းနှင့် ဆရာ သိန်းသန်းထွန်းတို့၏ လေ့လာမှတ်တမ်းတင်မှုအရ ၂၀၀၁ ခုနှစ်တွင် (၂၄၇၈)ဆူရှိသည်ဟု သိရသည်။ ၁၉၂၈ မှတ်တမ်းများအရ စေတီ (၂၅၄၈)ဆူကျော်ရှိပြီး၊ ၁၉၁၈ မှတ်တမ်းများအရ (၂၄၀၂)ဆူရှိသည်ဟု သိရသည်။ ပါးစပ်ရာဇဝင်မှတ်တမ်းများအရမှာတော့ "တောင်သူကွမ်းညှပ်(တဖျတ်ဖျတ်)" ဟု ဆိုရိုးစကားရှိပြီး စေတီအဆူပေါင်း (၇၆၂၃)ဆူရှိသည်ဟု ဆိုကြသည်။

## ယပ်တောင်ပရိယာယ်

မြန်မာလူမျိုးတို့အတွက် ယပ်တောင်သည် အထူးအရေးပါသော မြင့်မြတ်သည့် အသုံးအဆောင်ပစ္စည်းတစ်ခုဖြစ်သည်။ အထူးသဖြင့် ဘာသာရေးဆိုင်ရာ အခင်းအကျင်းများ၊ သံကြား၊ ဖြုဟ္မာ၊ နတ်ဒေဝတာများကို ပူဇော်ပသသည့် အခမ်းအနားများ၊ ရိုးရာဓလေ့ ထုံးတမ်းစဉ်လာ အစီအရင်ကိစ္စရပ်များ၊ ကတိသစ္စာတိုင်တည် အဓိဋ္ဌာန်ပြုလုပ်ရသည့်အခါများ၊ လောကီရေးရာအဖြာဖြာ ဆောင်ရွက်ရသည့်အခါ ဓာတ်ရိုက် ဓာတ်ဆင် အခါပေး ဓာတ်ယတြာဆောင်ကြဉ်းကြရသည့်အခါများ၊ အကွင်းအပြင်အပ ရိုးရာနတ်များကို ပ,သ တင်မြှောက်ရသည့်အခါများ၊ ကောင်းသော လာဘ်ပွင့်ကံကောင်း မင်္ဂလာအခမ်းအနားများနှင့် သုဘ၊ အသုဘ အစုံအလင်ကိစ္စရပ်များတွင် မပါမဖြစ် အသုံးပြုရသော ပစ္စည်းတစ်ပါးဖြစ်သည်။

ယပ်တောင်ပရိယာယ်သည် လွန်စွာ များမြောင်လှ၏။ အမျိုးသမီးထုကြီးကို ဣန္ဒြေသိက္ခာတက်အောင် ပရိယာယ်ဝေဝစ် ဆယ်ပေးဆောင်ရွက်နိုင်သော အဖော်မွန်ကောင်းလည်းဖြစ်သည်။ ရှေးခေတ်က အမျိုးသမီးများသည် ယပ်တောင်ဖြင့် မိမိတို့၏ ရွှေမျက်နှာတော်ကို ကွယ်ဝှက်ထား၍ ဥပါယ်တံမျဉ်ပြု ဟန်ဆောင် တိမ်းရှောင်နိုင်ကြသည်။ ယပ်တောင်ပေါ်မှ မျက်လုံးကျော် ကြည့်၍ ပုရိသ ယောက်ျားဆိုသူများကို ပုန်းလျှိုးကွယ်လျှိုး ပရိယာယ်ဉာဏ်ဆင်ကာ သားကောင်များကို မိမိရရ အပိုင်လှည့်စား ဖမ်းယူ ညှို့ယူနိုင်ကြသည်။ ကျားနှင့် မ အချစ်စစ်မြေပြင်ခင်းကျင်းရာ၌ အတောင်စုံဖွင့်၍ အာဏာကုန် အသုံးပြုနိုင်သည်။ နှလုံးသားရေးရာ စစ်ပွဲဆင်နွှဲရာတွင် ယပ်တောင်သည် အမျိုးသမီးများအတွက် အလွန်အားကိုးအားထားပြုရာ အရေးပါလှသော ပွဲသိမ်းလက်နက်ကြီးလည်း ဖြစ်လေသည်။

သို့ဖြစ်၍ အမျိုးသမီးများသည် ဣန္ဒြေရှိစွာဖြင့် ယပ်တောင်၏ အကာအကွယ် ကာဘာယူပြီးလျှင် ယပ်တောင်ပရိယာယ်သုံး၍ အတောင်နှစ်ဆယ်ဝတ်သည်ဆိုသော မင်းယောက်ျားများကို အလွယ်တကူ ဖမ်းယူ သိမ်းချုံသွားနိုင်

www.burmeseclassic.com

သည်။ ယပ်တောင်သည် အစီအမံကိစ္စများ၌ အစွမ်းထက်သော ပစ္စည်းတစ်ပါးလည်းဖြစ်သည်။

### ယပ်တောင်၏ အကျိုးတရား

ယပ်တောင်များကို အစက လေကို အေးစေ၍ အအေးခံခြင်းနှင့် ငြိမ်နေသောလေကို လှုပ်ရှားစေခြင်းဖြင့် ပိုးကောင်မွှားကောင်ယင်များ မကပ်ရောက်နိုင်အောင် မောင်းထုတ်ပေးနိုင်ရန်သာ အသုံးပြုခဲ့ကြသော်လည်း နောင်ခေတ်တိုးတက်လာသည့်အခါ လူသားတို့၏ ဂုဏ်ဒြပ်အဆင့်အတန်းကို ဖော်ပြသော ပစ္စည်းဖြစ်လာခဲ့သည်။ ငွေကြေးချမ်းသာသူများ၏ အထိမ်းအမှတ်ဖြစ်ခဲ့ရသည်။

မည်သို့ပင်ဆိုစေကာမူ ယပ်တောင်သည် ၂၀ ရာစုနှစ်နောက်ပိုင်းကာလတွင် ဆူကြုံနိမ့်မြင့် လူမျိုးဘာသာမရွေး လူသားတိုင်းအတွက် အရေးပါ လိုအပ်သော ပစ္စည်းတစ်ပါးဖြစ်လာရသည်။ မြန်မာ့ရိုးရာနယ်ပယ်အသိုင်းအဝန်း၌ ယပ်တောင်သည် ထီး၊ တံခွန်၊ ကုက္ကား၊ အောင်လံ၊ စကြာ၊ မှလေးပွားများနှင့်အတူ လောကီ-လောကုတ္တရာအစီအမံများ ပြုလုပ်ရသည့်အခါတိုင်း၌ အရေးပါသော ပဓာနအခန်းမှ ပေါ်မဖြစ် ပါဝင်ရစမြဲဖြစ်လေ၏။ ပရိက္ခရာရှစ်ပါးတွင် ယပ်သည်လည်း အပါအဝင်ဖြစ်သည်။

သို့ဖြစ်၍ ဘုရားရှင်အား ယပ်တောင်လှူဒါန်းရပါလျှင် ...ကြောင့်ကြ အပူသောကမှန်သမျှ ငြိမ်းစေ၍ သာယာအေးချမ်းသော ဘဝမျိုး၌ စိတ်ချမ်းသာ ကိုယ်ကျန်းမာနှင့် နေထိုင်သွားကြရမည်။ ဘဝအဆက်ဆက်၌ ဘုရားတည်၊ ကျောင်းကန်ဇရပ် ဆောက်လုပ်လှူဒါန်းနိုင်သော ဘုရားဒါယကာ၊ ဒါယိကာမများအဖြစ်နှင့် သူတော်စင် သူတော်ကောင်းများကြား မျက်နှာပန်းလှလှ နေထိုင်သွားရမည်။

သိကြား မြဟ္မာ နတ်ကောင်း ဒေဝတာအပေါင်းတို့အား ပူဇော်ရလျှင် ပြဿနာအမှုအခင်း အနှောင့်အယှက်အတားအဆီးပေါင်းစုံတို့မှ လွတ်ကင်းကြ၍ အလုပ်ခရီးအကြံအစည်များ အောင်မြင်နိုင်မည်။

### ယပ်တောင်နှင့် ...တ်လူသား

ယပ်တောင်သည် လူသားအကျိုးပြု ပစ္စည်းဖြစ်သည့်အပြင် ခုနစ်ရက်သားသမီးများအတွက် ကံမြင့် ကံသာကံကောင်းစေရန် အထောက်အကူပြုပေးနိုင်သော ဝိဇ္ဇာတန်ခိုးကိန်းဝပ်နေသည့် ဂမ္ဘီရစွမ်းအား ပစ္စည်းလည်းဖြစ်သည်။ အောင်ဓာတ်ဆင်သည့်အခါ ယပ်တောင်ကို အသုံးပြုရပါသည်။

ခရီးသွားသည့်အခါ ယပ်တောင်ကို ဆောင်သွားလျှင် ခရီးသွားပြန် အဆင်ပြေစေနိုင်သည်။ ယပ်တောင်ကို ...ကောင်းနှင့်တွဲ၍ အိပ်မက်မြင်မက်ရလျှင် မင်းအစိုးရ၏ချီးမြှင့်မြှောက်စားခြင်း ခံရမည်။ ရာထူးတက်မည်။ ထီကံကောင်းတတ်သည်။ ကံနိမ့်သူကို ကံမြင့်စေနိုင်ပြီး ကံမြင့်သူကို အလိုဆန္ဒပြီးမြောက်စေနိုင်ပါလိမ့်မည်။

ယပ်တောင် လက်ဆောင်ရလျှင် အပူသောက ကင်းငြိမ်းစေမည်။ အမှုအခင်းများမှ လွတ်ငြိမ်းချမ်းသာရမည်။ အကြီးအကဲများထံမှ အကူအညီ လက်ဆောင်ပဏ္ဏာရရှိနိုင်မည်။ ဆုံးပြီဟု ထင်ရသော ပစ္စည်းများ ပြန်လည်ရရှိမည်။

* ယပ်တောင်ကို တနင်္ဂနွေသားသမီးများက ဘုရားရှင်အား လှူဒါန်းလျှင် အပူသောက ကင်းဝေးစေ၍ လုပ်ငန်း အကြံအစည်များ အောင်မြင်မည်။
* တနင်္လာသားသမီးများက လှူဒါန်းလျှင် မကြောင့်မကြ မတောင့်တရဘဲ သာယာအေးချမ်းစွာ နေထိုင်ရမည်။
* အင်္ဂါသားသမီးများက လှူဒါန်းလျှင် ခပ်သိမ်းသော အခက်အခဲမှန်သမျှ ဖြေရှင်းကျော်လွှားနိုင်မည်။
* ဗုဒ္ဓဟူးသားသမီးများက လှူဒါန်းလျှင် အသိပညာ၊ အတတ်ပညာကြွယ်၍ အခွေခင်ပွန်းကောင်းရမည်။
* ကြာသပတေးသားသမီးက လှူဒါန်းလျှင် အချစ်ရေးနှင့် အိမ်ထောင်ရေးအဆင်ပြေ ချောမွေ့စေနိုင်မည်။
* သောကြာသားသမီးများက လှူဒါန်းလျှင် အချစ်ရေးနှင့် အိမ်ထောင်ရေး အဆင်ပြေ ချောမွေ့စေနိုင်မည်။
* စနေသားသမီးများက လှူဒါန်းလျှင် ဒုက္ခဆင်းရဲလွတ်ကင်း၍ လိုရာဆန္ဒပြည့်ဝနိုင်မည်။
* ရာဟု...သမီးများက လှူဒါန်းလျှင် ရည်ရွယ်ချက်ပန်းတိုင်အောင်မြင်မည်။

သူရဿတီ၊ စန္ဒီ၊ လက်ချမီး၊ ကာလီ၊ ဘိုးတော်၊ မယ်တော်အပေါင်းတို့အား လှူဒါန်းလျှင် သာယာပြည့်စုံသော ဘဝကို တည်ဆောက်နိုင်မည်။ မကောင်းသော ဆိုးကျိုးကင်းဝေး၍ ကောင်းကျိုးဝေဖြာစေနိုင်မည်။ ယပ်တောင်ကို မွှေးနံ့ပန်း သက်စေ့နှင့် အညွန့်ကြိုက်တိုင်ဘုရားတွင် ကပ်လှူပူဇော်ဆုတောင်းလျှင် လတ်တလော ကြုံတွေ့နေရသော အကျပ်အတည်း အခက်အခဲများမှ ဖြေရှင်းလွတ်မြောက်နိုင်မည်။ မျှော်မှန်းချက် ပြည့်စုံအောင်မြင်မည်။ ယပ်တောင် (၁၇)လက် ဘုရားလှူ အဓိဋ္ဌာန်ပြု ဆုတောင်းလျှင် တောင်းဆုပြည့်၍ အလိုဆန္ဒ ပြီးမြောက်စေနိုင်ပါလိမ့်မည်။ ■

ပန်းလို စံ့လို လမင်းလို သာယာချမ်းမြေ့ကြပါစေ

* * *

အောင်ဘုန်းခြိမ့်(...)

www.burmeseclassic.com

# ကြက်ဆီတစ်စက် ကလေးတစ်သက်

## ကိုကိုအေး (ကြို့ပင်ကောက်)

အသက်အရွယ် ဇရာထောင်းလာပေပြီ။ နေခြင်းရယ် သေခြင်းရယ်ရှိတဲ့ ဘဝမှာ သေခြင်းက နီးလာပေပြီ။ နေခြင်းနှင့် ဘဝကို ရပ်တည်နေလျှင် လူသားအကျိုးပြုသော အလုပ်ကို လုပ်ချင်နေသည်။ ထို့ကြောင့် အများသွားသော လမ်းကို ပြင်၍။ ဖုန်ထနေသောလမ်းကို ရေလောင်းပေး၍။ တတ်နိုင်သမျှ ကိုယ်၊ နှုတ်၊ အပြုအမူသည် အများကို အကျိုးပြုကုသိုလ်ရအလုပ်ကို ရွေးချယ်လုပ်ကိုင်ဖြစ်လာပါသည်။ စာရေးသူတို့မြို့တွင် ဗေဒင်ဟောခန်းဖွင့်၍ ဗေဒင်၊ လက္ခဏာ အင်္ဂဝိဇ္ဇာအတတ်ဖြင့် ဗေဒင်ဟောလာသည်မှာ နှစ်ပေါင်း ၂၅ နှစ်ကျော်လာပြီဖြစ်ပါသည်။ အောင်မြင်မှုလည်း ရပါ၏။

စာရေးသူသည် ဗေဒင်လက္ခဏာအပြင် မြန်မာဆေးနည်းတိုများကို တတ်သမျှ သိသမျှ ဆေးဝါးကို ပေးပါသည်။ အားလည်းကိုးပါသည်။ လက်လုပ်လက်စား ဆေးဝါးမကုနိုင်သူများအား ဆေးနည်းကောင်းများကို စာတစ်ရွက်နှင့် တွင်တွင်ထိုင်ပေးနေသူဖြစ်ပါသည်။ စာရေးသူသည် ကလေးငယ်များကို ဆေးဝါးကုသပေးရာတွင် အအောင်မြင်ဆုံး ဆေးဝါးတစ်ခုပေးလိုပါသည်။ ကလေးသည် ကိုယ်ပူခြင်း၊ ဖျားနာခြင်း၊ ရင်ပြည့်ရင်ကယ်ဖြစ်ခြင်း၊ ဝမ်းသွားခြင်း၊ အသက်ရှူကျပ်ခြင်း၊ ရင်ကျပ်ခြင်းဖြစ်ပါက လူးပေးရသော လိမ်းဆေးတစ်မျိုးဖြစ်ပါသည်။

ယင်းလိမ်းဆေးကို လူးပေးခြင်းဖြင့် ၁၅မိနစ်အတွင်း ဖော်ပြပါ ရောဂါသည် သိသိသာသာ ထင်ရှားစွာဖြင့် ပျောက်ပါပြီး ပျောက်ကင်းသွားပါသည်။ ကလေးငယ်များသည် ခရောဂါ တစ်ခုခံစားရပြီဆိုလျှင် ပြင်းထန်စွာ ငိုကြွေးခြင်း၊ ချော့မြှူ၍ မရခြင်းဖြစ်သောအခါ မိဘနှစ်ပါးသည် စိုးရိမ်စိတ်ကြီး၍ နီးရာဆေးခန်းပြနိုင်သူက ပြကြသည်။ ခေတ်မီ ဆေးဝါးကုသတတ်ကြပါသည်။

ယင်းဆေးသည် စာရေးသူမိခင်မှ ဖော်ပြသော ဆေးနည်းဖြစ်ပါသည်။ သူငယ်နာလိမ်းဆေးကုထုံးဖြစ်ပါသည်။ ယင်းဆေးနည်းမှာ ကြက်ဆီတစ်စက်၊ ကလေးတစ်သက်နည်းဖြစ်ပါသည်။

BURMESE CLASSIC ကြက်အကောင်၏ ဝမ်းတွင်း၌ ရှိသော အဆီပြင်ကို ထုတ်၍ အိုးသန့်သန့်ဖြင့် အပူပေးပါ။ အရည်ပျော်သွားပါမည်။ ထို့နောက် ပုလင်းသန့်သန့်တွင် ထည့်၍ သိမ်းဆည်းထားပါ။ အထက်ဖော်ပြပါ ရောဂါများဖြစ်သောအခါ လက်ဖဝါးထဲတွင် ကြက်ဆီတစ်စက်ထည့်ပါ။ အုန်းဆီထည့်ပါ။ ပရုပ်ဆီဖြူထည့်ပါ။ ယင်းသုံးမျိုးကို လက်ဝါးခစ်ဖက်ဖြင့် ပွတ်သပ်ကာ ကလေး၏ ရင်ညွန့်၊ ကျောပြင်ကို လိမ်းပေးပါ။ ခံစားနေရသော ရောဂါဝေဒနာများ သက်သာပျောက်ကင်းပါလိမ့်မည်။ သင်ကိုယ်တိုင် လက်တွေ့ စမ်းသပ်ကြည့်ပါ။ ကလေးအတွက် မည်သည့် အန္တရာယ်မှ မဖြစ်ပါ။ စာရေးသူကိုယ်တိုင် သုံးသော နည်းဖြစ်ပါသည်။

စာဖတ်သူ ပရိသတ်ကြီးမှတစ်ဆင့် ကလေးရှိသော မိခင်တိုင်းကို ပြန်ဝေပေးပါဟု တိုက်တွန်းလိုက်ပါသည်။

* * *

ကိုကိုအေး (ကြို့ပင်ကောက်)



www.burmeseclassic.com

www.burmeseclassic.com

၁ နွေ ၂ လာ ၃ ဂါ ၄ ဟူး ၈ ဟု
၅ တေး ၆ ကြာ ၇ နေ

ဂမ္ဘီရ ဆန်းကြယ်

# ခုနစ်ရက်သားသမီးများအတွက်

၂၀၁၄ - နိုဝင်ဘာ

# ကံကြမ္မာဟောစာတမ်း

သက်နှင်းဒွေး(ပုပ္ပါး)

### ➤ တနင်္ဂနွေသားသမီးများ

ဤလအတွင်း သင် ကြံစည်စိတ်ကူးထားသည့် လုပ်ငန်းများကို စတင်ပြုလုပ်ရတတ်၏။ ခရီးတစ်ခုသွားမည်ဟု ကြံစည်ထားပြီးမှ ပျက်သွားတတ်၏။ စပ်တူရှယ်ယာလုပ်ငန်း၊ အကျိုးဆောင်လုပ်ငန်းလုပ်သူများအဖို့ စိတ်ညစ်စရာအနည်းငယ် တွေ့ကြုံနေရတတ်၏။ နိုင်ငံရပ်ခြားခရီး (သို့မဟုတ်) ပညာတော်သင်(ပြည်တွင်းသင်တန်း) ခရီးတစ်ခု သွားရောက်သင်ကြား လုပ်ကိုင်ရတတ်၏။ ဆွေမျိုးသားချင်းများနှင့် စိတ်ဝမ်းကွဲစရာ ပြဿနာများ ဖြစ်ပေါ်နေတတ်၏။ ကျန်းမာရေးတွင် တစ်ခါတစ်ရံ၌ နလုံးသွေးအားနည်းသော ဝေဒနာများ ဖြစ်ပေါ်နေလိမ့်မည်။

ငယ်ရွယ်သူများ သင်၏ အချစ်ဆုံး သူငယ်ချင်းတစ်ဦးထံမှ လက်ဆောင်ပစ္စည်းတစ်ခုရရှိလိမ့်မည်။ ထိုလက်ဆောင်ရပြီး နောက် သင် မိုးရိပ်ပူပန်နေသောအလုပ်များ မလွဲမသွေ အောင်မြင်မှု ရရှိလာလိမ့်မည်။

သင့်အား အထူးမှာကြားလိုသည့်အချက်မှာ သင်၏ စိတ်ကို လျှော့၍ အနားယူပါ။ သင့်အတွက် ကံဇာတာအနည်းငယ် မှေးမှိန်နေတတ်ပါသည်။ စွပ်စွဲပုတ်ခတ်ပြောဆိုခံရလျှင် ဘာပြဿနာမှ မဖြစ်အောင်နေပါ။ ငွေသုံးတာ၊ ချေးငှားတာ၊ အာမခံတာ၊ ထားတာသိုတာ ဂရုစိုက်ပါ။ ဆင်ခြင်ပါ။

www.burmeseclassic.com

**ယတြာ။** ။ မိမိမွေးနေ့တစ်ရက်တွင် သီလရှင်တို့ကို ဆန်နို့ဆီဘူး (၉)လုံး လှူဒါန်းလိုက်ပါလေ။ ထို့အပြင် ဘုရားတစ်ဆူဆူသို့သွားပြီး တံမြက်စည်းလှည်းပါ။ သုံးကြိမ်တိတိလုပ်ပါ။ အညံ့များ ပြေပျောက်၍ လိုအင်ဆန္ဒများ ပြည့်စုံလာပါလိမ့်မည်။

**ထီကံစမ်းရန်။** ။ ကြုံတဲ့ ဂဏန်းကို (ရွေးချယ်မနေဘဲ) ထိုးပါ။ အရဟံဂုဏ်တော်ကို စွဲမြဲစွာစိပ်၍ ကုသိုလ်ကံဖွင့်ပေးပါ နေ့စဉ် ပုတီး (၇)ပတ်စိတ်ပါ။ ထူးပါလိမ့်မည်။

• • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • •

## ➤တနင်္လာသားသမီးများ

ဤလတွင် ဘဝအတွက် ကံကြမ္မာရေစီးမှ အခွင့်ကောင်းကြုံ နေပါပြီ။ တိုးတက်သော ပြောင်းလဲမှုကြုံမည်။ ဘဝ အတွက် စီမံကိန်းအသစ်တွေချပြီး လုပ်ဖြစ်လိမ့်မည်။ အပြိုင်အဆိုင်တွေ၊ ရန်တွေတော့ ရှိသည်။ ရဲရဲလုပ်ပါ။ အခွင့်ထူးတွေ ရမည်။ အလုပ်တိုးတက်မည်။ ငွေဝင်မည်။ ငွေကြေးပေါ်များစွာ သုံးရမည်။ အခက်အခဲတွေ ပြေပျောက်သွားမည်။ ဆုံး ထားသောငွေတွေ ဝင်လာမည်။ သူတစ်ပါးကို ငွေမချေးမိဖို့ဘဲ သတိထားပါ။ ငွေအာမခံတာ ရှောင်ပါ။

အိမ်ထောင်ရှင်များအဖို့တော့ အနှောင့်အယှက်ရှိသည်။ ဘေးစကားတွေ ကြုံမည်။

ငယ်ရွယ်သူများ အချစ်ရေး၌ ကြားစကားဝင်မည်။ ချစ်သူအပေါ် သစ္စာရှိပါ။ ဤလတွင် ချစ်သူအပေါ် စိတ်မကောက် ပါစေနှင့်။ စိတ်ကောက်မိက ပြတ်စဲသွားပြီး ဘဝတွင် လွမ်း၍မဆုံးဖြစ်သွားတတ်သည်။ သို့အတွက် ချစ်သူအပေါ် မေတ္တာ မေတ္တာမှန်ဖြင့် သစ္စာရှိပါ။

ဤလတွင် တိုးတက်ပါမည်။ အလုပ်ကို စိတ်ပါဝင်စားစွာလုပ်ပါ။ စက်ပစ္စည်းတစ်ခုဝင်မည်။ ထီကံလည်း ပွင့်သည် (၄)ဂဏန်းများများပါသော ထီလက်မှတ်ကို ထိုးပါ။ ဤကာလတွင် ဘာမှပြဿနာမဖြစ်အောင် နေပါ။ ပြဿနာဖြစ်က ကြီးမားသွားတတ်၏။ ကျန်းမာရေးကိုလည်း ဂရုစိုက်ပါ။ ဤလတစ်လလုံး အနက်ရောင် လုံးဝ မသုံးမိပါစေနှင့်။

**ယတြာ။** ။ နှင်းဆီအနီသုံးပွင့်ဝယ်၍ လမ်းမှာချပြီး နှင်းချေပစ်လိုက်ပါ။ ငါ့ဒုက္ခ နင်ခံဟုလည်း ပြောခဲ့ပါ။ ထို့အပြင် ယခုတစ်လလုံး မေတ္တာ ဘာဝနာ များများပွားပါ။ မနက်-ည အိပ်ရာဝင်၊ အိပ်ရာထ မေတ္တာပို့သ

**ထီကံစမ်းရန်။** ။ (၁၊ ၆) ဂဏန်းများဖြင့် ထီကံစမ်းပါ။

BURMESE CLASSIC

• • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • •

## ➤အင်္ဂါသားသမီးများ

ဤလတွင် ကောင်းတာတွေ ဘယ်လောက်ပဲလုပ်လုပ် သူတစ်ပါးရဲ့ မကောင်းပြောခြင်း အကြောင်းမဲ့ ခံရတတ်ပါသည် အလုပ်အကိုင်မှာလည်း ထိခိုက်တတ်သည်။ ငွေကတော့ ဝင်မည်။ စည်းနှင့် ကမ်းနှင့် သုံးပါ။ ခရီးတိုလေးတွေ သွားရမည် ခရီးသွားလျှင် နှစ်ဆင့်ခရီးဖြစ်လိမ့်မည်။ ယခုလ သင့်ကံဇာတာ အနည်းငယ် မှေးမှိန်နေသည်။

အိမ်နားတွင်လည်း သူခိုးအခိုးခံရခြင်းသတင်း ကြားရတတ်သည်။ ငွေတွေ ဘယ်လောက်ရရ အကုန်အကျ များနေဦးမည့်အချိန်ပါ။

ငယ်ရွယ်သူများ ယခုလ အချစ်ရေးတွင် စိတ်သောက ကြုံတွေ့ရတတ်သည်။ အိမ်ထောင်ရှင်များ အိမ်ထောင်ဖက် သဘောထား ကွဲလွဲနေတတ်သည်။

အိမ်တွင် အနေအထားပြောင်းလဲ ပြင်ဆင်ပေးသင့်သည်။ ဘုရားဖူးထွက်လိုက်ပါ။ စိတ်ချမ်းသာမှုများ ရရှိပါလိမ့်မည် ယခုလသည် ကုသိုလ်ကောင်းမှုတွေ များများလုပ်သင့်သည့်လပါ။ ဘာသာရေးဖိလုပ်ပါ။

**ယတြာ။** ။ သပြေပန်း (၇)ညွန့်ကို တန်ခိုးကြီးဘုရား၏ တနင်္ဂနွေထောင့်တွင် တနင်္ဂနွေနေ့ နံနက်စော သွားလှူဒါန်းပါလေ။ ပြီးလျှင် သရဏဂုံသုံးပါးကို ပုတီး (၇)ပတ်စိပ်ပါ။ အညံ့များ ပြေပျောက် ကောင်းကျိုးချမ်းသာများ ရရှိလာပါလိမ့်မည်။

**ထီကံစမ်းရန်။** ။ (၆၊ ၀၊ ၁) ဂဏန်းများဖြင့် ထီကံစမ်းပါ။ ထီလက်မှတ်တွေကို သေတ္တာထဲ ထည့်ထားပါ။

• • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • •



www.burmeseclassic.com

www.burmeseclassic.com

## ➤ဗုဒ္ဓဟူးနှင့် ရာဟုသားသမီးများ

ယခုလတွင် စိတ်ဒွိဟဖြစ်စရာတွေ ကြုံမည်။ ဆုံးဖြတ်ရခက်တာတွေ ကြုံမည်။ သူတစ်ပါးစကားတွေ နားယောင်မိမည်။ ကိုယ်ပိုင်စိတ်ကူးနှင့်ပဲ ဆုံးဖြတ်ပါ။ ဘာပဲဖြစ်ဖြစ်အလုပ်အကိုင်ကောင်းမွန်သည်။ ဘုရားကျောင်းကန်၊ အလှူအတန်းတစ်ခုခုသို့ သွားရင်း (သို့မဟုတ်) မိတ်ဆွေနှစ်ယောက်နှင့် စကားပြောရင်း အကြံဉာဏ်ကောင်းတွေ ပွင့်မည်။ ရပ်ဝေးအဆက်အသွယ်တွေရမည်။

အလုပ်အကိုင်တိုးတက်သလို၊ ငွေဝင် လမ်းပြောင့်မည်။ သူတစ်ပါးကို ကူညီရင်း ငွေဝင်မည်။ ထို့အတူ သူတစ်ပါးကို ငွေကြေးထောက်ပံ့သည့်အတွက်လည်း စေတနာအကျိုးပေး ခံစားရမည်။ တစ်ခုတော့ ရှိသည်၊ အလွန်ရှိသေကျိုးနွံသော ဟန်ပြပြီး ပြောဆိုကာ ငွေလိမ်မည့်သူကို တွေ့မည်။ ရှောင်ပါ။ လာဘ်ရွှင်မည်၊ အဖိုးတန်ပစ္စည်းဝင်မည်။ ရုတ်တရက် ခရီးထွက်ရမည်။

အိမ်ထောင်ရှင်များ အိမ်ထောင်ရေးတွင် ကြားလူအနှောင့်အယှက်ပေါ်မည်။ ကိုယ်က အနေအထိုင်ဆင်ခြင်ပေးရပါမည်။ ငယ်ရွယ်သူများ ချစ်သူနှစ်ဦးကြား ဗျာများရမည်။ ယခင်က ပတ်သက်ခဲ့ဖူးသော ချစ်သူဟောင်း၊ အဆက်ဲဟောင်းနှင့် မထင်မှတ်ဘဲ ပြန်ဆုံမည်။ ကျန်းမာရေးကတော့ ကောင်းပါမည်။ သွားကိုက် သွားနာ၊ ခေါင်းကိုက်တာမျိုးလောက်ပဲ ကြုံမည်။

**ယတြာ။** ။ သင့်အိမ်မှ အပျက်အဟောင်းတချို့ကို စွန့်ထုတ်လိုက်ပါ။ ဘုရားပုံတော်၊ စေတီပုံတော်တွေ ရရှိပါလိမ့်မည်။ စနစ်တကျ ပူဇော်ပေးပါ။ အချစ်ရေး၊ အိမ်ထောင်ရေး ချက်ချင်းသာယာသွားပါလိမ့်မည်။ အလုပ်ကိစ္စအတွက် အရေးတကြီးဆောင်ရွက်ရန်ရှိသူများ ဘုန်းကြီးတစ်ပါးကို စာအုပ်သုံးအုပ်လှူလိုက်ပါ။

**တီကံစမ်းရန်။** ။ မွေးနေ့တွင် (၅)ထိပ်စီး၊ (၅)များများပါသော ထီလက်မှတ်ကို ရှာပြီးထိုးပါ။

**အမိဋ္ဌာန်ကျင့်စဉ်။** ပဋ္ဌာန်းရွတ်ပါ။ တစ်လလုံး ပဋ္ဌာန်း (၂၄)ပစ္စည်း ဥဒ္ဒေသတော်ကြီးကို နံနက်၊ ည တစ်ခေါက်စီ ပွားထုံခြင်းဖြင့် ကောင်းကျိုးထူးပါအံ့။

BURMESE CLASSIC

## ➤ကြာသပတေးသားသမီးများ

ဤလအတွင်း စိတ်ညစ်စရာ ပြဿနာတချို့ ဖြေရှင်းပေးရတတ်၏။ မိသားစုတွင် မြေဝယ်ခြင်း၊ နေရာသစ်တစ်ခု ထပ်မံတိုးတက်ခြင်းများ ပြုလုပ်ရတတ်၏။ မိမိလုပ်ငန်းနှင့် ပတ်သက် ဆက်နွှယ်သော သင်တန်းတစ်ခု တက်ရောက်သင်ကြားခွင့် ရရှိတတ်၏။

ငယ်ရွယ်သူများ မိမိချစ်သူ၏ အသိုင်းအဝိုင်းမှ မိမိအပေါ် အထင်အမြင်လွဲမှားစွာဖြင့် ဆက်ဆံလာတတ်၏။ ပညာရေးတွင် စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်နေသော်လည်း အကူအညီပေးမည့်သူတစ်ဦးဦး သင့်ထံသို့ ရောက်ရှိလာလိမ့်မည်။

သင့်အား အထူးမှာကြားလိုသည့်အချက်မှာ မည်သို့ပင် စိတ်ညစ်စရာတွေ ဖြစ်ပေါ်နေပါစေ၊ သင်၏ စေတနာတရားက သင့်အား အကူအညီပေးလိမ့်မည်မှာ မုချမလွဲဖြစ်ပေ၏။ သို့သော် အစစသည်းခံ စိတ်ရှည်ပေးရမည့် ကာလပါ။ အတတ်နိုင်ဆုံး သီးသန့်နေသင့်သည်။ တန်ခိုးကြီးဘုရားစေတီတော်များသို့ မကြာခဏသွားပြီး ဘုရားဖူးကာ ကုသိုလ်ကံဆက်ပြုပေးသင့်သည်။ ကျန်းမာရေး ဂရုစိုက်ပါ။ ဘာသာရေး ဦးစားပေးပါ။

**ယတြာ။** ။ ဘုန်းတော်ကြီးကျောင်းသို့ တံမြက်စည်း နှစ်ချောင်းလှူဒါန်းလိုက်ပါ။ အညွှန့်များ ပြေပျောက်၍ လိုအင်ဆန္ဒများ ပြည့်စုံလာပါလိမ့်မည်။ အရဟံဂုဏ်တော်ကို နေ့စဉ်ပုတီး (၇)ပတ် ပွားထုံသင့်သည်။

**ထီကံစမ်းရန်။** ။ (၁၊ ၆) ဂဏန်းများဖြင့် ထီကံစမ်းပါ။



www.burmeseclassic.com

www.burmeseclassic.com

## ➢သောကြာသားသမီးများ

ဤလအတွင်း သင် ကြံစည်စိတ်ကူးထားသည့်လုပ်ငန်းများကို စတင်ပြုလုပ်ရတတ်၏။ ခရီးတစ်ခုသွားမည်ဟု ကြံစည် ထားပြီးမှ ပျက်သွားတတ်၏။ အလုပ်အတွက် စိတ်ညစ်စရာ အနည်းငယ်ကြုံမည်။ နိုင်ငံရပ်ခြားခရီးတစ်ခုသွားရောက် ရတတ်၏။ ဆွေမျိုးသားချင်းများနှင့် စိတ်ဝမ်းကွဲစရာပြဿနာများ ဖြစ်ပေါ်နေတတ်၏။ အမှုအခင်းနှင့် ရင်ဆိုင်နေရသူဖြစ်ပါ အမှုမပြီးပြတ်ဘဲ တိုးလိုးတန်းလန်းဖြစ်ပေါ်နေလိမ့်မည်။

ငယ်ရွယ်သူများ သင်၏ အချစ်ဆုံးသူငယ်ချင်းတစ်ဦး (သို့မဟုတ်) အချစ်ဆုံးသူတစ်ဦးထံမှ လက်ဆောင်ပစ္စည်း တစ်ခုရရှိလိမ့်မည်။ ထိုလက်ဆောင်ရပြီးနောက် သင့်တွင် အောင်မြင်မှုတွေ မလွဲမသွေ ရရှိလာစေလိမ့်မည်။

သင့်အား အထူးမှာကြားလိုသည့်အချက်မှာ သင်၏ စိတ်ကို လျှော့၍ အနားယူပါ။ သင့်အတွက် ကံဇာတာအနည်းငယ် ညံ့နေတတ်ပါသည်။ စွပ်စွဲပုတ်ခတ် ပြောဆိုခံရတတ်သည်။ ဘာပြဿနာမှ မဖြစ်အောင် နေပါ။ ငွေသုံးတာ၊ ချေးငှားတာ၊ အာမခံတာ၊ ထားတာ သိတာ ဂရုစိုက်ပါ။ ဆင်ခြင်ပါ။

**ယတြာ။** ။ မိမိမွေးနေ့တစ်ရက်တွင် (သို့မဟုတ်) ဘုရားတစ်ဆူဆူသို့သွားပြီး ဖယောင်းတိုင်ထွန်း၍ ပန်းလှူပါ။ သုံးကြိမ်တိတိ လုပ်ပါ။ အညံ့များ ပြေပျောက်၍ လိုအင်ဆန္ဒများ ပြည့်စုံလာပါလိမ့်မည်။

**ထီကံစမ်းရန်။** ။ ကြိုက်တဲ့ ဂဏန်းကို (ရွေးချယ်မနေဘဲ) ထိုးပါ။ အရဟံဂုဏ်တော်ကို ရွဲမြဲစွာ စိပ်ပါ။

---

## ➢စနေသားသမီးများ

ကုသိုလ်ကံဖွင့်ပေးပါ။ နေ့စဉ် အရဟံဂုဏ်တော်ကို ပုတီး (၇)ပတ်စိပ်ပါ။ မုချ ထူးပါလိမ့်မည်။

ဤလအတွင်း မြေဝယ်ခြင်း၊ နေရာသစ်တစ်ခု ထပ်မံတိုးတက်ခြင်းများ ပြုလုပ်ရတတ်၏။ မိမိလုပ်ငန်းနှင့် ပတ်သက် ဆက်နွယ်သော သင်တန်းတစ်ခု တက်ရောက်သင်ကြားခွင့် ရရှိတတ်၏။

ငယ်ရွယ်သူများ မိမိချစ်သူ၏ အသိုင်းအဝိုင်းမှ မိမိအပေါ် အထင်အမြင်လွဲမှားစွာဖြင့် ဆက်ဆံလာတတ်၏။ ပညာရေး တွင် စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်နေသော်လည်း အကူအညီပေးမည့်သူတစ်ဦးဦး သင့်ထံသို့ ရောက်ရှိလာလိမ့်မည်။

သင့်အား အထူးမှာကြားလိုသည့်အချက်မှာ မည်သို့ပင် စိတ်ညစ်စရာများ ဖြစ်ပေါ်နေပါစေ၊ သင်၏ ကံတရားက သင့်အား အကူအညီပေးလိမ့်မည်မှာ မုချမလွဲဖြစ်ပေ၏။ သို့သော် အစစသည်းခံ စိတ်ရှည်ပေးရမည့် ကာလပါ။ အတတ်နိုင် ဆုံး သီးသန့်နေသင့်သည်။ တန်ခိုးကြီးဘုရားစေတီတော်များသို့ မကြာခဏသွားပြီး ဘုရားဖူးကာ ကုသိုလ်ကံဆက်ပြုသင့်သည်။ ကျန်းမာရေး ဂရုစိုက်ပါ။ ကုသိုလ်ကံ မှေးမှိန်နေသည်။ ဘာသာရေးဖိလုပ်ပါလေ။

**ယတြာ။** ။ ဘုန်းတော်ကြီးကျောင်းကို ဖယောင်းတိုင်နှစ်ချောင်း လှူဒါန်းလိုက်ပါ။ အညံ့များ ပြေပျောက်၍ လိုအင်ဆန္ဒ များ ပြည့်စုံလာပါလိမ့်မည်။ အရဟံဂုဏ်တော်ကို နေ့စဉ်ပုတီး (၇)ပတ် ပွားထုံသင့်သည်။

**ထီကံစမ်းရန်။** ။ (၁၊ ၆) ဂဏန်းများဖြင့် ထီကံစမ်းပါ။

*အားလုံးသတ္တဝါ ချမ်းသာပါစေ*

**သက်နှင်းဆွေ(ပုပ္ပါး)**

*(ဖုန်း-၀၁၅၅၉ ၁၇၇၊ ၀၉ ၇၃၀၂၅၇၇၁)*

* * *



www.burmeseclassic.com